www.burmeseclassic.com

တိုးမြစ်စာအုပ်တိုက်



Burmese revolutionary and statesman
General Aung San (1915 - 1947)
during a visit to England, 1947.
*(Photo by Picture Post/Hulton Archive/Getty Images)*

# အောင်ဆန်းနော် ဗိုလ်ချုပ်နော် တေဇနော်

ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံလွှာကောက်ကြောင်း ဆောင်းပါးစာစုများ

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြု- ၃၁၀၁၁၅၀၆၁၁၊ မျက်နှာဖုံးခွင့်ပြု- ၃၁၀၁၂၀၀၈၁၁
ပုံနှိပ်- ပထမအကြိမ်၊ စက်တင်ဘာလ၊ ၂၀၁၁
စီစဉ်သူ- ဝင်းဇော်မောင်
မျက်နှာဖုံးဓာတ်ပုံ - Getty Image
မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း- အေခ
စာအုပ်ချုပ်- ရွှေတြိဂံ
အုပ်ရေ- ၁၀၀၀၊ တန်ဖိုး- ကျပ် ၈၀၀၀
ဦးမောင်မောင်မြင့်အေး၊ လာဘ်မိုးရွာစာပေ၊ အမှတ် ၂၀၅ - က၊ ပိတောက် ၅ လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မှ ထုတ်ဝေပြီး ဦးကျော်ယဉ်၊ ဖမ္မမော်ပုံနှိပ်တိုက်၊ အမှတ် ၂၈၄၊ ၃၉ လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ပုံနှိပ်သည်။

၈၀၈.၈၄

ကလောင်စုံ
အောင်ဆန်းနော် ဗိုလ်ချုပ်နော် တေဇနော်/ကလောင်စုံ။- ရန်ကုန်၊
လာဘ်မိုးရွာစာပေ၊ ၂၀၁၁။
၃၇၀ - စ၊ ၂၇.၃၃ × ၂၁.၈၈ စင်တီ။
(၁) အောင်ဆန်းနော် ဗိုလ်ချုပ်နော် တေဇနော်
ဗိုလ်ချုပ်အောင်ဆန်း၊ ရုပ်ပုံလွှာကောက်ကြောင်း ဆောင်းပါးစာစုများ

## မာတိကာ

၁။ အာဇာနည်လေးချိုးကြီး ၁၃
သခင်ကိုယ်တော်မှိုင်း
၂။ ဗိုလ်ချုပ်ဆန္ဒနှင့် ဆရာ့ဝါသနာ ၁၅
မင်းသုဝဏ်
၃။ အောင်ဆန်း (သို့မဟုတ်) အရိုင်း ၂၀
ဒဂုန်တာရာ
၄။ ဗိုလ်ချုပ်နှင့် ကျွန်တော် ၂၆
ညိုမြ (မောင်သုမန)
၅။ ကျွန်တော် ငရဲခွေးဆောင်းပါး ရေးခဲ့စဉ်က ၃၃
ညိုမြ
၆။ ဗိုလ်ချုပ်ကိုရည်စူး၍ ငါတို့ဘာတွေလုပ်နေကြသလဲ ၄၃
မောင်ထင်
၇။ သူ့အကြောင်း မှတ်မိသမျှလေး ၄၉
တက်တိုး
၈။ ကိုအောင်ဆန်းရဲ့ကြုံးဝါးသံ ၅၃
ကိုးတက်ရေးအုန်းမြင့်
၉။ မြေအောက်တော်လှန်ရေးအစ သခင်အောင်ဆန်းက ၆၁
ကိုးတက်ရေးအုန်းမြင့်
၁၀။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ စာ - ၁ ၆၇
ကိုးတက်ရေးအုန်းမြင့်
၁၁။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ စာ - ၂ ၇၃
ကိုးတက်ရေးအုန်းမြင့်

www.burmeseclassic.com

www.burmeseclassic.com


၁၂။ လဆန်း (၂) ရက် ၈၀
ဂျာနယ်ကျော်မမလေး

၁၃။ မှတ်မိသမျှ ကိုအောင်ဆန်း၏ကျောင်းသားဘဝ ၉၁
သခင်ကျော်စိန်

၁၄။ ဗြိတိသျှအစိုးရ၏ ရန်သူတော် အမှတ် (၅) သခင်အောင်ဆန်း ၉၄
သခင်ကျော်စိန်

၁၅။ တစ်နှစ်အတွင်း လွတ်လပ်ရေး ၁၀၄
ကျော်အောင်

၁၆။ ကိုအောင်ဆန်း နိုင်ငံရေးထဲအဝင် ၁၁၁
တင်အောင်

၁၇။ ဗိုလ်ချုပ်အောင်ဆန်း ၁၁၄
မိုးမင်း

၁၈။ ငမိုး ၁၂၀
ဗိုလ်ဥတ္တမကျော်

၁၉။ ငမိုးမသေသေး ၁၂၇
ဗိုလ်ဥတ္တမကျော်

၂၀။ ကျွန်တော်တို့ ဤသို့လုပ်ကြခဲ့သည် ၁၃၇
ဗိုလ်ဥတ္တမကျော်

၂၁။ ကိုအောင်ဆန်း၏ အာပတ်ဖြေမှတ်တမ်း ၁၄၂
ဗိုလ်ခင်မောင်ကလေး

၂၂။ တောသားကြီး ကိုအောင်ဆန်း ၁၄၉
ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်)

၂၃။ ဗိုလ်ချုပ် ဒေါသထွက်သောနေ့ ၁၅၁
ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်)

၂၄။ ဗိုလ်ချုပ်နှင့် အာရှအရှေ့တောင်ပိုင်း ၁၆၀
တိုင်း (၄) ရဲဘော်ဟောင်း

၂၅။ အောင်ဆန်းနှင့် စလင်း ၁၆၆
စံအောင်

၂၆။ ကျွန်တော်သိသော သခင်အောင်ဆန်း ၁၇၆
သခင်ဗဟုန်

၂၇။ ဆာစတက်ဖို့ကရစ်နှင့် သခင်အောင်ဆန်း ၁၈၀
သခင်ဗဟုန်

၂၈။ ကျွန်တော်သိသော သခင်အောင်ဆန်း ၁၈၃
ဗိုလ်ခွန်မြို

၂၉။ စနစ်တကျနေထိုင်လာသည့် ဗိုလ်ချုပ်အောင်ဆန်း ၁၉၂
နတ်မောက်လင်းရောင်

၃၀။ မိုးသက်မုန်တိုင်းကျသည့်နေ့ ၁၉၆
ဦးဗဆွေ

၃၁။ ခေါင်းဆောင်ကြီးများကျဆုံးရစဉ်က ၂၀၄
ဦးဗဂျမ်း (ဝန်ကြီးဟောင်း)

၃၂။ ကျွန်တော်သိသော ဦးနောင်ချို ၂၁၀
ရွှေမိုး

၃၃။ ဗိုလ်တေဇနှင့်ကျွန်တော် ၂၁၉
ဗိုလ်ဟသ်ာ

၃၄။ အောင်ဆန်း - ချာချီ + ဝယ်လင်တန် ၂၂၅
ဗမိုး

၃၅။ သဘောကောင်းသူ ၂၂၉
မြဝတီရဲခေါင်

၃၆။ ကျွန်တော် ဗိုလ်ချုပ်အောင်ဆန်းဖြစ်ခဲ့စဉ်က ၂၃၉
နတ်မောက်တေဇ

၃၇။ ရော်ဂျာကေ့စ်နှင့် ဗိုလ်ချုပ်အောင်ဆန်း ၂၄၃
မောင်ဆွဲ

၃၈။ စကားနည်းသော သခင်အောင်ဆန်း ၂၄၆
သခင်မြသန်း

၃၉။ စာရေးဆရာ ဦးအောင်ဆန်း ၂၅၂
မောင်ကျော်သာ

၄၀။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဂျွန်ဦးစော ၂၅၉
မြင့်ဆွေ

၄၁။ ဗိုလ်ချုပ်အောင်ဆန်းကိုဖမ်းရန် ကြံရွယ်ခဲ့စဉ်က ၂၆၄
စိုးရှိန်

၄၂။ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိစာအုပ်များ ၂၇၄
စိုးရှိန်

၄၃။ ကမ္ဘာညီးမထိုးရသေးသောအဖြစ်အပျက်တစ်ခု ၂၇၉
ရဲဘော်ခင်မြ


www.burmeseclassic.com

www.burmeseclassic.com


၄၄။ ဗိုလ်ချုပ်အောင်ဆန်း၊ သဘောထားကြီးလွန်းမိ၍လား ၂၈၄
သာဂဒိုး

၄၅။ နိုင်ငံခြားသားများမြင်သော ဗိုလ်ချုပ် ၂၉၀
သိန်းအောင်

၄၆။ ဂျွန်ဦးစော၏ လုပ်ကြံမှုကြီး ၂၉၇
မြဝတီစာတည်းအဖွဲ့

၄၇။ ရှုလိုင် (၁၉) ၏ မှတ်တမ်းတစ်ခု ၃၀၅
ဘီလူးကျွန်းချစ်ငွေ

၄၈။ နှစ်လေးဆယ် ကြာခဲ့ပေမယ့် ယနေ့တိုင် မမေ့နိုင် ၃၁၆
ရဲဘော်ထွန်းမြိုင်

၄၉။ အိပ်မက်သာ ဖြစ်လိုက်ပါတော့ ၃၂၇
ရှုဝံ

၅၀။ ဗိုလ်ချုပ်အောင်ဆန်းအိမ်သို့ ၃၂၈
မင်းယုဝေ

၅၁။ ဗိုလ်ချုပ်အောင်ဆန်းဘွဲ့ကဗျာများ ၃၃၂
သမိန်သောင်း

၅၂။ အတန်းတင်စာမေးပွဲ၊ လူ့အရည်အချင်းနှင့် အောင်မြင်ကျော်ကြားမှု ၃၄၁
မြဟန်

၅၃။ ယုံကြည်မှုတည်ဆောက်ကြသည်ဆိုရာဝယ် ၃၄၅
မြဟန်

၅၄။ အနိုင်မခံ နောက်ဆက်တွဲ ၃၄၆
ခင်နှင်းဦး

၅၅။ သုတေသနနှင့် စိတ်ခံစားမှု ၃၅၁
ခင်နှင်းဦး

၅၆။ ဗိုလ်ချုပ်အောင်ဆန်း ကျောင်းသားဘဝက
ရေးခဲ့သော ဆောင်းပါးတစ်ပုဒ် ၃၅၄
မြင့်ဆွေဦး

၅၇။ လွတ်လပ်ရေး ရွှေသားမီးတိုင်နှင့်
ကိုလိုနီခေတ်ကာလ (၂၀) ရာစု၏ အလယ်ပိုင်းနှစ်များ ၃၅၉
မင်းကိုခါး (ကွမ်းခြံကုန်း)


# ဆရာဒဂုန်တာရာ၏ အမှာ

စာပေဟူသည်မှာ သူ့ခေတ်တွင် ပေါ်ပေါက်သော သူ့ခေတ်၏ အခြင်းအရာကို ဖော်ပြလေ့ရှိသည်။ ယခုဖော်ပြပါစာစုများမှာ ဗိုလ်ချုပ်အောင်ဆန်း၏မိတ်ဆွေများက သူ့ကိုတွေ့ မြင်သောအခြင်းအရာများကို ဖွဲ့နွဲ့သည်။ ယင်းသို့ ဖွဲ့နွဲ့ရာတွင် ဖွဲ့နွဲ့သူတို့၏ဟန်ကိုလည်း သူ၏ဆောင်ရွက်ချက်များကိုဖော်ပြသောအကြောင်းအရာများမှာ ပါဝင်နေကြသည်။ ယခုရေးသားချက်များမှာ သူ့ခေတ်ကို ကိုယ်စားပြုသော ဖွဲ့နွဲ့မှုများကို တွေ့ရသည်။ ယင်းသည် ဤစာအုပ်၏တန်ဖိုးကိုဖော်ပြရာရောက်သည်။ ကျွန်တော်က ထပ်ပြောရန်မလိုပါ။ ကိုအောင်ဆန်းသည် သူ့ခေတ် သူ့အခါက အမျိုးသားဆိုးနှင့်တိုင်းပြည်အတွက် လုပ်ဆောင်မှုများသော၊ စေတနာထားသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်ဟု သူတို့အမြင်ဖြင့် ဖော်ပြကြသည်။

ယင်းကိုဖတ်ကြည့်သောအခါ နှစ်သက်ဖွယ်ရာများဖြင့် ပြည့်လျှမ်းနေကြောင်း တွေ့ရသည်။ ။

ဒဂုန်တာရာ
၁၈. ၇. ၂၀၁၁
အောင်ပန်းမြို့။

www.burmeseclassic.com

www.burmeseclassic.com

# တိုးမြစ်စာအုပ်တိုက်၏ မှတ်ချက်

ယခုတလော မြန်မာစာပေလောကအတွင်း အပြောင်းအလဲတချို့နှင့်အတူ မြန်မာအမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအကြောင်း စာအုပ်များ ဈေးကွက်အတွင်းအပြိုင်းအရိုင်း ထွက်ပေါ်လာသည်ကို တွေ့နေရပါသည်။ ထိုသို့ ထွက်ပေါ်လာသည်နှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းဖြင့် လုပ်စားကြသည်ဟူသော တီးတိုးစကားများကိုလည်း ဟိုနေရာ ဒီနေရာများမှာ ကြားလာနေရသည်။ စိန်ကောင်းကျောက်ကောင်းရောင်းသည့်အကြား စုန်းပြူးနှင့် ဆေးရိုးသည်တချို့ ကန့်လန့်ပါလာနိုင်သော်လည်း အများစုမှာ စေတနာနှင့် မြတ်နိုးစိတ်တို့၏စေ့ဆော်မှုမှ ဗိုလ်ချုပ်စာအုပ်များကို တခုတ်တရထုတ်ဝေသည်ဟု ကျွန်တော်တို့စာအုပ်တိုက်က ရိုးသားစွာယုံကြည်ပါသည်။ ထိုယုံကြည်မှုဖြင့် ကျွန်တော်တို့သည် ဗိုလ်ချုပ်အကြောင်းဆောင်းပါးနှင့်စာစုများကို ရသရွှေ့စုစည်းကာ စာဖတ်သူများထံ တင်ဆက်လိုက်ပါသည်။

ယခုစာအုပ်၏ မာတိကာကို ကြည့်မိသည့်အခါမှာပင် စာအုပ်ပါ စာရေးသူအများစုမှာ ဗိုလ်ချုပ်အောင်ဆန်း၏ မိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်နှင့် ဗိုလ်ချုပ်အသက်ထင်ရှားရှိစဉ်အခါကပင် သိမီလိုက်သူများဖြစ်ကြောင်း စာဖတ်သူများ တွေ့ရပါလိမ့်မည်။ ဆောင်းပါးအများစုမှာလည်း ယခုနှောင်းလူတို့ ရေးကြသည့် ဗိုလ်ချုပ်အကြောင်းစာစုများတွင် အကိုးအကားပြုမှုအများဆုံး စာမူများဖြစ်ကြပါသည်။

ထိုစာစုများကို ရည်ရွယ်ချက်နှစ်ခုဖြင့် စုစည်းခဲ့ခြင်းဖြစ်ပါသည်။ ပထမနှင့်ပင်မရည်ရွယ်ချက်မှာ ယနေ့လူငယ်များအတွက် ဗိုလ်ချုပ်ကဲ့သို့သော ရိုးသားပြီး တိုင်းပြည်လူထုအတွက် ကိုယ်ကျိုးစွန့်ခဲ့သူတစ်ဦး၏ ဘဝနှင့်လုပ်ရပ်များအကြောင်းကို သိရှိစေရန်နှင့် အတုယူအားကျလိုက အားကျစိတ်ဖြစ်ပေါ်စေရန် ဖြစ်ပါသည်။ ဒုတိယရည်ရွယ်ချက်မှာ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ပြုစုလေ့လာမည့် သုတေသီတို့အနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း လေ့လာရာတွင် လိုအပ်သည့် အချက်အလက်တချို့ကို မပင်မပန်းတစ်နေရာတည်းတွင် ရှာဖွေကိုးကားလိုက ကိုးကားနိုင်စေရန် ဖြစ်ပါသည်။ အဆိုပါရည်ရွယ်ချက်သည်ပင် ယခုစာအုပ်ကို ကျွန်တော်တို့ စာအုပ်တိုက်မှစီစဉ်ခြင်း၏ စေတနာအရင်းခံ ဖြစ်ပါသည်။

ဆောင်းပါးများကို ရနိုင်သမျှရှာဖွေရာတွင် မူရင်း မူလမဂ္ဂဇင်းနှင့် စာစောင်များမှ ကူးယူခဲ့ခြင်းဖြစ်ပြီး မူကွဲနည်းနိုင်သမျှ နည်းစေရန် ရည်ရွယ်ပါသည်။ ရှာဖွေရာတွင် ဗိုလ်ချုပ်အကြောင်းရေးထားသည့် ဆောင်းပါးနှင့်စာစုများမှာ ရာနှင့်ချီရှိနေသည်ဖြစ်ရာ ထိုအမျိုးမျိုးသောဆောင်းပါးများစွာထဲမှ ဗိုလ်ချုပ်နှင့်ခေတ်ပြိုင်သိမီခဲ့ကြသူများ၏ လက်ရာများကို ပထမဦးစားပေးအဖြစ် ရွေးချယ်ပါသည်။

ရေးသူကွဲသော်လည်း အကြောင်းအရာအဖြစ်အပျက်တူသည်များကို တွေ့ရသောအခါ စိတ်ချရသည့်မူကိုသာ ရွေးချယ်ပါသည်။ နောက်ဆုံးတွင် ပြည့်စုံသည်မဆိုသာသော်လည်း ယခုဆောင်းပါးများမှာ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို ထောင့်စုံမှ အနည်းငယ်ပြောပြနိုင်မည်ဟု ယုံကြည်ပါသည်။

ကျွန်တော်တို့ စာအုပ်တိုက်နှင့် စီစဉ်သူများ၏ နောက်ထပ်ရှိသေးသော ရင်တွင်းဆန္ဒတစ်ခုသည်ကား ကျွန်တော်တို့ တိုင်းပြည်တွင် ပြီးပြည့်စုံသော ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိစာအုပ်ကြီး ပေါ်ပေါက်လာစေရန် ဖြစ်ပါသည်။ ဗိုလ်ချုပ်ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်း ၇၀ ပင် နီးလာသော်လည်း တစ်အုပ်တည်းဖတ်ရုံဖြင့် ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို မြန်မာပြည်သူတို့ သိရှိနိုင်စေမည့် အတ္ထုပ္ပတ္တိကောင်းတစ်အုပ် ယနေ့တိုင်မပေါ်ထွန်းနိုင်သေးပါ။ ထိုသို့ မရှိသေးသည့်ကာလပတ်လုံး ကျွန်တော်တို့တိုင်းပြည်တွင် ကွက်လပ်တစ်ခုလိုနေဆဲဟု ခံစားမိပါသည်။ ထိုမူလစိတ်ခံစားမှုသည်ပင် ယခုစာစုများကို စုစည်းထုတ်ဝေရခြင်း၏အကြောင်းတစ်ခုလည်းဖြစ်ပြီး စာအုပ်ပါအကြောင်းအရာများသည် ပြီးပြည့်စုံသော ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိပြုစုနိုင်ရေးအတွက် တစ်စုံတစ်ရာ အကိုးအကားဖြစ်စေရန်လည်း မျှော်လင့်ပါသည်။

ဝေဖန်မှုနှင့် ကဲ့ရဲ့သင်္ဂြိုလ်စကားတင်းဆိုမှုများ အနည်းအကျဉ်းရှိနိုင်သော်လည်း မိမိတို့မှန်သည်ကို နောက်မတွန့်တမ်းလုပ်ဆောင်ရန် အားပေးခဲ့သော မိတ်ဆွေများ၏ စိတ်ဓာတ်ရေးအားပေးမှုများကလည်း ယခုစာအုပ်ဖြစ်ပေါ်လာခြင်း၏ အရင်းခံတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် မိတ်ဆွေရဲဘော်များကိုလည်း ကျွန်တော်တို့ စာအုပ်တိုက်က မမေ့မလျော့ ကျေးဇူးစကားဆိုပါသည်။

ယခုစာအုပ်တွင် အဖိုးတန်စာမူများကို ရေးသားခဲ့ကြသည့် စာရေးဆရာကြီးများ၊ မူလဆောင်းပါးများကို ထည့်သွင်းဖော်ပြခဲ့သည့် မဂ္ဂဇင်းစာစောင်များ၊ စာမူများစုဆောင်းရာတွင် ဝိုင်းဝန်းကူညီခဲ့ကြသည့် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှ စာကြည့်တိုက်မှူး ဒေါ်ခင်နှင်းဦးနှင့် ဝန်ထမ်းများ၏ စေတနာကိုလည်း အထူးဖော်ပြလိုပါသည်။

ထို့ပြင် စာအုပ်အတွက် အမှာစာရေးသားပေးသည့် ဆရာကြီးဒဂုန်တာရာ၊ ဆရာကြီး၏အမှာစာကို အောင်ပန်းမြို့အထိ သွားရောက်ယူပေးသည့်အပြင် စာမူများစုဆောင်းရာတွင် မခွဲမခွာလိုက်ပါဆောင်ရွက်ပေးခဲ့သူ ကဗျာဆရာ ကိုခါး (ကွမ်းခြံကုန်း)၊ အကောင်းဆုံး ဒီဇိုင်းပြုလုပ်ပေးသည့် ဒီဇိုင်းဆရာ ကိုအေခ၊ ပုံနှိပ်ရေးအတွက် တာဝန်ယူခဲ့သူ ဇမ္ဗူမော်ပုံနှိပ်တိုက်မှ ကိုမောင်မောင်၊ စာအုပ်အား အသပ်ရပ်ဆုံးဖြစ်အောင် ပြုလုပ်ပေးသည့် ရွှေကြိုးစာအုပ်ချုပ်လုပ်ငန်းမှ ဦးမြင့်နှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် တဖက်တလမ်းမှ အစစအရာရာ ကူညီပေးသော ကိုဇော်ထွန်းတို့၏ ကျေးဇူးတရားများကိုလည်း တိုးမြစ်စာအုပ်တိုက်မှ အမှတ်တရ မှတ်တမ်းပြုပါသည်။ ။

၈၊ ဩဂုတ်၊ ၂၀၁၁
တိုးမြစ်စာအုပ်တိုက်

www.burmeseclassic.com


www.burmeseclassic.com

ဒေါ်အောင်ဆန်းစုကြည် ရေးဆွဲသည့်
ဖခင် ဗိုလ်ချုပ်အောင်ဆန်း၏
ပုံတူပန်းချီများ

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်း



www.burmeseclassic.com

www.burmeseclassic.com

ဗမာ့တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း



www.burmeseclassic.com

အမျိုးသားခေါင်းဆောင်ကြီး ဦးအောင်ဆန်း



www.burmeseclassic.com

www.burmeseclassic.com

# ဇာဇာနည်လေးချိုးကြီး

## ဿခင်ကိုယ်တော်မှိုင်း

ဩော်. . . အဆောင်ဆောင်နန်းတွေ ကြငှန်းတွေနှင့်နှော၊ အခေါင်မမြန်းခင်က၊ အောင်ဓာတမ်းချို့စေဘို့ အောင်ပန်းညှို့ရရှာတဲ့၊ တောင်တမန်းတို့ဗမာမှာ အဟောင်းသံသရာ အငုတ်တွေနှင့်၊ အောင်ဆန်းတို့မသာ်မယာဟာ ငုင်းကံကြမ္မာ အလုပ်ပေထင့်၊ သောင်းမြန်မရဏာစမုတ်မှာတော့ မျှပ်သနဲ့ယင်းအလိုတွင်၊ ဒေါင်းလံပုဝါအုပ်ပါလို့ ကျုပ်ဖြင့်သဂြိုဟ်ချင်။

ဩော်. . . တပည့်အရင်းတွေမို့ ကဝိမတင်းနိုင်ဘုကွဲ့၊ သတိကင်းကာ မျက်ရည်ကျကျပြီး၊ မက်ကပြီ လက်ဆည်လို့ မရနိုင်ဘု၊ သောကဘလောင်ဆူတော့၊ တောင်ဇမ္ဗူပုဂံခေတ်ဆီက ယခေါင်မူ ယမန်သနစ်တွေပေ့၊ ရန်အဖြစ်မကွဲ့ မနှေးသနော် တသောင်းဒီဇမ္ဗူရမ်းနေကြ၊ ကျန်ရစ်ကဲ့မြေးတော် ဇလောင်းစည်သူရဲ့ နန်းကိုဖြင့်၊ လူကြမ်းဓပြေတွေ ကြမ်းလာ ရမ်းလာတဲ့ အရေးတွင်မှ၊ ဘေးအပေါင်းကြီးစွာ ဝေဒနာအစုံနဲ့၊ သွေးချောင်းစီးကာ သေရှာပုံရဲ့ပြင်၊ ရွှေမြန်မာဘုံမှာ အမင်းမင်းသမ္မတတွေနဲ့၊ သတင်းလှတဲ့ အင်းဝရာဇာအမွန် သာလွန်မင်းကိုမှ၊ သားရင်းရှင်တရုပ်ကယ်က၊ ရှင်ဘုရင် လုပ်မယ် ဇာကျယ်ဇယားတွင်ဖြင့်၊ ဒဝယ်သားတွေ ဗိုလ်ဝင်ခံလို့မို့ ဟိုအရင် ယမန်နန်းတော်စီးစဉ်က၊ အပျက်ကြီးပျက်ကာ အသက်ခန္ဓာတွေဆုံးပုံနဲ့၊ တထုံးနောက် တနဲမှာတော့၊ မင်းရဲနန္ဒမိတ်ခမျာမှာ ညီသနင်းပေပေါ့၊ ပြည်မင်းဂုဏ်ခံလို့ မှုန်မှုန်ဆန်ဆန် ပုန်ကန်တဲ့ အတိုင်းရဲ့ပြင်၊ တလိုင်းနယ် ရွှေပြည်တန်ခိုမတော့၊ ဓမ္မစေတီဘုရင် လက်ထက်တုန်းဆီက၊ လက်ရုံးရည် တသိန်လျှမ်းပေတဲ့၊ သမိန်ဘရင်းဆိုသူ စစ်ဗိုလ်ချုပ်ကိုဖြင့်၊ မဟုတ်တရုတ်အကောင် တေလေတစ္ဆေကိုက်တာနဲ့၊ ဩော်. . . မွှေမွှေရှာရှာ

www.burmeseclassic.com

www.burmeseclassic.com



မပကျေစရာပေဇပ့်ါနော၊ မရေမရာ သေရွာဆိုက်သလိုပ့်၊ အခိုက်အခါတူလို့မို့၊ ဆရာတမူ မကြာမကြာ လွှမ်းရပါတဲ့၊ ဘမရာအဆူဆူ ကြာကြင့်နှန်းတွေနှင့်၊ မြန်မာဇမ္ဗူ အညာမန်းတွင်ဖြင့်၊ ငါတလူ၊ ငါ သရမ်းရော မဟုတ်လို့၊ သာခန်းပလင်ညွန်းပြီး၊ မြင်ကွန်းပိုင် သူပုန်ထစဥ်က၊ ကြုံရသူ မသာတော်နှင့် ပမာတော်တူတယ်လို့ နှိုင်းမိတယ်။ရှိုင်းသနဲ့ အတိတ်ယခင်လိုနော်ကွယ်၊ စကိုင်းတပဲ့ ဂိုဏ်းအဖွဲ့တွေနဲ့ မှိုင်းရဲ့စိတ်ထင်။

နန်းမြို့တည်ရန်၊ မှန်းလို့ရည်ကာသန်တဲ့၊ ညီလာခံဗိုလ်ရှုပွဲတွင်မှ၊ ထိုထို လူခပဲကို မကြည်ညိုတဲ့၊ ဝသီအလို တဖြည်းဖြည်းရှူးမဟုတ်လို့၊ တနွေးနွေးမူးမူးပြီး ခွေး ဘီလူးလိုအကောင်မိုက်တွေက သြော်. . . အမှောင်စရိုက်ကယ်နှင့်၊ ပြောင်ပြောင်ဘဲ မိုက်မပေ့ါလို့၊ ပြောင်ကိုက်သဟာမှာ ယာယီ ယတြာ အချိန်နဲ့ဇာတာ မှိန်လို့မို့၊ ဂဏာမငြိမ် တာဝတိန်ယွန်းကြပေ့ါ၊ ဖြေမကြည်နေရီတော့ လွမ်း စေဘို့၊ မြန်မာ့ပြည်ပေါ်ကို ဓမ္မစည်တော်ရွမ်းချိန်မို့၊ အစွမ်းကုန်သည်တခါဖြင့်၊ ပြည်ရွာညီညာဘို့ အလုပ်ပေပ့ါ၊ သုဿန်တံခွန်စောင်းရရှာတဲ့၊ ရုပ်အကျန်ခုနှစ်လောင်းရယ်နှင့်၊ အလွန်ကောင်းစွာ ကမ္ဘာတည်မည့်၊ အာဇာနည်ဗိမာန်ပုထိုးကိုဖြင့်၊ ပါရမီအဓိဋ္ဌာန်တမျိုးရယ်နှင့်၊ ရှိခိုး ကာ ဆရာကန် တော့ချင်ရဲ့၊ မြန်မာမတော့ ပူစရာဘို့၊ တဗျူဟာအောင်ခမန်းတွင်မှ၊ လူမသမာအမှောင်သန်းချိန်မို့ သောင်ကမ်းမှိုမှိုဆီက၊ ဖောင်နန်းကူးတို့နှင့် အကြေဒဂုန်တည်းဟူသော ရေစုန်မျောလေရဲ့၊ သြော်. . . တောင်နန်းမြောက်နန်း အဆောင်ဆောင်ကြင့်နှန်းနဲ့၊ အခေါင်မမြန်းရခင်က အောင်ပန်းညို့ရရှာတဲ့ အောင်ဆန်းတို့ သေပုံနှမြော။ ။

[မှူရင်းသတ်ပုံအတိုင်း]

# ဗိုလ်ချုပ်ဆန္ဒနှင့် ဆရာ့ဝါသနာ

မင်းသုဝဏ်

"လွတ်လပ်တော့မည်။ ကျွန်တော်တို့ မြန်မာနိုင်ငံ လွတ်လပ်တော့မည်။ ကျွန်တော်တို့ ကျောင်းသားများလွတ်လပ်တော့မည်။ သည်တစ်ခါ တကယ်ပင် လွတ်လပ်တော့မည်။ ကျွန်တော်တို့ မျက်မှောက်တွင်ပင် လွတ်လပ်တော့မည်။ ကျွန်တော်တို့ ကံကောင်းလေစွ။

ကျွန်တော်၏ မိဘက်ဖဘက် အဘိုးအဘွားလေးဦးတွင် တစ်ဦးသောအဘိုးသာလျှင် လွတ် လပ်သောဘဝတွင် မွေးဖွားခဲ့သည်။ ကျန်သုံးဦးကား ကျွန်ဘဝတွင် မွေးဖွား၍ ကျွန်ဘဝတွင်ပင် [illegible]ကုတ်ကြရရှာသည်။ သို့သော်လည်း ကျွန်တော့်မိဘများကား သခင်ဘဝကို တွေ့ကြရတော့မည်။ ကျွန်တော်နှင့်တကွ ကျွန်တော့် သားမယားတို့သည်လည်း သခင်ဘဝကို တွေ့ကြရတော့မည်။"

ဤအတွေးမျိုးကို ကျွန်တော် နေ့စဉ်လိုလိုပင်တွေး၍ ပီတိဖြစ်မိသည်။ ပီတိဖြစ်သောအခါ [illegible] ဝမ်းနည်းချက်တစ်ခုဖြင့် အဆုံးသတ်ရသည်။ ထိုဝမ်းနည်းချက်မှာကား ကျွန်တော်နှင့်ခင်မင်ရုံ [illegible]မက ကျွန်တော်ယုံကြည်ကိုးစားသော ဗိုလ်ချုပ်နှင့်ဆရာတို့အပြင် အခြားခေါင်းဆောင်တို့သည် [illegible]ကောင်းကျိုက်မှ မဖြုတ်ရသေးခင် အသေဆိုးဖြင့် အာဇာနည်ဗိမာန်သို့ ကူးပြောင်းသွားရသည်ကို [illegible]ရမိသော အချက်ပင်ဖြစ်ပါသည်။

ဗိုလ်ချုပ်အကြောင်းကို တွေးမိလိုက်လျှင် ရယ်လည်းရယ်ချင်မိသည်။ အားလည်း ကိုးမိ [illegible]။ ကြည်လည်း ကြည်ညိုမိသည်။ သူ့ကိုစ၍သိရစဉ်အခါက သူမှာ ကျောင်းသား။ ကျွန်တော်က [illegible]မြူပြဆရာပေါက်စ။ တက္ကသိုလ် ကျောင်းတိုက် ပဲခူးကျောင်းဆောင်တွင် အတူနေကြသည်။ သူက

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးဝါသနာပါသော ကျောင်းသား။ ကျွန်တော်က စည်းကမ်းရှိသေသော ကျောင်းဆရာ၊ တစ်နေ့သောအခါတွင် သူနှင့်ကျွန်တော်တွေ့ကြရတော့သည်။ တစ်ညတွင် စာကြည့်ခေါင်းလောင်းထိုးပြီးနောက် ကျွန်တော်သည် အခန်းစေ့ ကျောင်းသားများရှိမရှိ လိုက်ကြည့်စစ်ဆေးရသည်။ ကိုအောင်ဆန်းကား သူ့အခန်းတွင်မရှိ။ ထို့ကြောင့် မရှိသည့်အကြောင်းကို ဒုတိယအဆောင်မှူးထံသို့ အစီရင်ခံလိုက်သည်။ နာရီဝက်ခန့်ကြာသောအခါ ဒုတိယအဆောင်မှူး ဦးခင်ဇော်သည် ကျွန်တော့်အခန်းသို့ အူယားဖားယား ပြေးလာသည်။

"ဟေ့ မောင်အောင်ဆန်းတစ်ယောက် မလာဘူးလား"ဟု သူက မေးသည်။ ကျွန်တော်လည်း စာကြည့်စားပွဲမှထ၍ မလာကြောင်းပြောသည်။ "အေး- ကောင်းပါလေရဲ့ကွာ၊ သူရှိလျက်မရှိဘူးလို့ မင်းကအစီရင်ခံတယ်ဆိုပြီး ဒေါ်တွေ မောတွေနဲ့ ထွက်သွားလို့ မင်းကိုများလာပြီး ထိုးနေမလားလို့ဆိုပြီး လိုက်လာခဲ့တာ။ လမ်းမှာတွင် စိတ်ကျေသွားဟန် တူပါတယ်"ဆို၍ ဒုတိယအဆောင်မှူး ပြန်သွားလေသည်။

အမှန်အားဖြင့်ကား ကိုအောင်ဆန်းမှာ ထိုအခါက ကျောင်းဆောင်တွေကိုလှည့်၍နိုင်ငံရေးဆွေးနွေးနေလေ့ရှိသဖြင့် အချိန်လွန်ညဉ့်နက်မှ အခန်းသို့ပြန်လာလေ့ရှိသည်။

ထို့နောက် ကျွန်တော်လည်း ဘီလပ်သွား၍ ပညာသင်သည်။ ကိုအောင်ဆန်းလည်း သခင်ဖြစ်၍ ခေါင်းဆောင်ဖြစ်လာလေသည်။ ကျွန်တော် တက္ကသိုလ်သို့ ပြန်ရောက်သောအခါ သူသည် တက္ကသိုလ်ကျောင်းတိုက်အုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီးတစ်ဦးဖြစ်နေလေပြီ။ ထိုအခါကကျွန်တော့်အိမ် (ပုဂံလမ်း၊ အမှတ် ၁၄) တွင် သခင်သိန်းအောင် လာနေလေသည်။ သခင်သိန်းအောင်ကို အကြောင်းပြု၍ ကျွန်တော့်အိမ်သို့ နိုင်ငံရေးသမားမိတ်ဆွေများ အတော်အဝင်အထွက်လုပ်ကြသည်။

ကျွန်တော်နှင့်ကား စာမူပေမူယဉ်ကျေးမှုလောက်ကိုသာပြောကြ၍ သူတို့အချင်းချင်းကား ဘာတွေပြောကြမှန်း မသိ၊ ကိုသိန်းအောင်အခန်းတွင် တကျိတ်ကျိတ်ရှိနေကြသည်။ ကျွန်တော်လည်း သူတို့ခေါင်းချင်းရိုက်သောအခါ ရှောင်၍သာပေးလိုက်သည်။ တစ်ညသောအခါ သခင်အောင်ဆန်း ရောက်လာသည်။ ကောလိပ်အုပ်ချုပ်ရေးအဖွဲ့အစည်းအဝေးက ပြန်လာသည်ဟုပြောကာ ကိုသိန်းအောင်နှင့်သာလျှင် တတိုးတိုးတိုင်ပင်တော့သည်။

ကျွန်တော်လည်း ကျွန်တော့်ဘာသာ အိပ်ရာဝင်လေသည်။ မနက်ကျမှ သခင်အောင်ဆန်း ပြန်သွားလေသည်။ ထိုအခါက ဂျပန်စစ်ဖြစ်ခါနီးနေပြီ။ ကျွန်တော်နှင့်ဘီလပ်တွင် ကျောင်းအတူတူနေဖက်ဖြစ်သော အင်္ဂလိပ်မိတ်ဆွေတစ်ဦးမှာ ဘုရင်ခံအိမ်တော်တွင်အရေးပါသော အရာရှိတစ်ဦး ဖြစ်နေသည်။ သူလည်း မကြာခဏ ကျွန်တော့်ဆီအလည်လာသည်။ ထို့ကြောင့် တစ်နေ့သောအခါ ကိုသိန်းအောင်က ထိုအရာရှိနှင့်သူ့ကို မိတ်ဆက်ပေးရန်ခိုင်းသည်။

မိတ်ဖြစ်လိုသောအကြောင်းကတော့ နိုင်ငံရေးပင်ဖြစ်သည်။ သခင်လူငယ်ကလေးများကို အရေးပေးလျှင် ဖက်ဆစ်ဂျပန်ကို အင်နှင့်အားနှင့် ခုခံတိုက်ခိုက်ပေးမည်ဟူသော အရောင်းအဝယ်ကိစ္စဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ အိမ်တော်သို့သွား၍ စကားအရောင်းအဝယ်လုပ်ကြသောသည်။ သို့သော်လည်း မအောင်မြင်ချေ။ သခင်လူငယ်ကလေးတွေကို အစိုးရကဝေးလို့ မြန်မာလူကြီးပိုင်းကဖွင့် အယုံအကြည်မရှိချေ။ ဤအကြံပျက်၍ မကြာမြင့်မီပင် သခင်အောင်ဆန်း ပျောက်သွားပြီ





ဆိုသောသတင်းကို သတင်းစာတို့တွင် တွေ့ရလေသည်။

"ဘယ့်နှယ်လဲကိုသိန်းအောင်၊ ကိုအောင်ဆန်းတစ်ယောက် ဘယ်ရောက်သွားသလဲ"ဟု ကျွန်တော်က မေးသောအခါ "မသိပါဘူးဆရာ"ဟု ကိုသိန်းအောင်က ပြန်ပြောသည်။ သူတို့ကား ဤမျှလျှို့ဝှက်ကြသည်။

ဤသို့ သခင်အောင်ဆန်းအကြောင်းများကို တွေးလိုက်လျှင် တစ်စဉ်တစ်တန်းကြီးပေါ်လေ့ရှိသည်။ ဆရာဦးဘချို့အကြောင်းကို တွေးလိုက်ပြန်လျှင်လည်း ဤသို့ပင် တစ်စဉ်တစ်တန်းကြီးပေါ်လေ့ရှိသည်။ သို့သော်လည်း နောက်ဆုံးအကြိမ် သူတို့နှင့် တွေ့လိုက်ရသည့်အကြောင်းမျှကိုသာ ကျွန်တော်ပြောပါအံ့။

ဗိုလ်ချုပ်တို့တစ်တွေမှာ ဇူလိုင်လ ၁၉ ရက်နေ့တွင် အနိစ္စရောက်ကြရှာသည်။ ၁၄ ရက် တနင်္လာနေ့က ကျွန်တော်သည် ဆရာနှင့်ဗိုလ်ချုပ်ကို တွေ့သေးသည်။ တစ်နာရီကျော်ကျော်ခန့် ဟိုဟိုသည်သည် ပြောဆိုဆွေးနွေးကြသေးသည်။ ထိုနေ့က ကျောင်းဆင်းသောအခါ ဦးခင်ဇော်၊ ကိုထင်ဖတ်နှင့် ကျွန်တော် သုံးယောက်သား အတွင်းဝန်များရုံးသို့ သွားကြသည်။ အကြောင်းမှာ စစ်မဖြစ်ခင်က ကျွန်တော်တို့ ရှာဖွေစုဆောင်းထားသော စာပေဗဟုသုတဆိုင်ရာ ပစ္စည်းများ စစ်အတွင်းတွင် ပျောက်ဆုံးခဲ့ရာ အတွင်းဝန်ရုံးရှိ မိတ်ဆွေတစ်ဦးက သဲလွန်စရထားသည်ကြား၍ လိုက်သွားကြခြင်းဖြစ်ပါသည်။

တိုင်းပြည်ပြုလွှတ်တော်ရှေ့သို့ရောက်သောအခါ ဝရန်တာတွင် ဆရာနှင့် ဗိုလ်ချုပ်တို့ နှစ်ယောက် စကားပြောနေကြသည်ကိုတွေ့၍ ကျွန်တော်တို့လည်း ဝင်စွက်ပြောဆိုကြပါသည်။ ထိုအခါက ဗိုလ်ချုပ်မှာ ဗန်ကောက်လုံချည် နုံ့သာရောင်နှင့် ပိုးအင်္ကျီရင်စေ့ဝတ်ထားသည်။ ညှပ်ဖိနပ်စီးထားသည်။ ဥပုသ်တစ်ပတ်သားခန့် မုတ်ဆိတ်နှင့် နှုတ်ခမ်းမွေး ကျိုးတိုးကျဲတဲကို ဆင်မြန်းထားသည်။ လုံချည်ကိုပင့်ကာ မ,ကာတစ်မျိုး၊ ပါးလွှာသော နှုတ်ခမ်းတို့ကို စူကာ ယော်ကာ တစ်မျိုးစကားပြောသည်။ ကောလိပ်ကျောင်းရောက်ခါစ ကျောင်းသားနှင့်အလွန်တူသည်။

လွန်ခဲ့သောနေ့ (တနင်္ဂနွေ)က သူပြောသောမိန့်ခွန်းကို အသံလွှင့်ရုံက တစ်ဖန်လွှင့်သည်နှင့်စပ်၍ စကားစပြောကြသည်။ သူလက်တန်းပြောသမျှတွင် ထိုနေ့ကပြောသောစကားကို သူအကြိုက် ဆုံးဖြစ်သည်ဟု ပြောသည်။

"ကျွန်တော်က လိုရမယ်ရမှတ်သားထားတဲ့ ဖိုင်တွဲတွေကိုဆွဲလာပြီး ပြောတာကို စီစဉ်ပြီးသားစကားကို ပြောတယ်လို့ထင်ကြမှာပဲ။ အလုပ်ရှုပ်နေလို့ မစီစဉ်အားပါဘူး။ ရေးဖို့တော့ဝေးရော။ ပြောချင်တဲ့အချက်ကလေးတွေကိုသာ တေးပြီးယူလာခဲ့ရတယ်။ ဒါပေမဲ့ မနေ့ကစကားကို ကျွန်တော်လက်တန်းပြောသမျှမှာ အကောင်းဆုံးလို့ ထင်တာပဲ။ ခင်ဗျားတို့ ဘယ်လိုအသံလွှင့်ကြသလဲ"ဟု ကိုထင်ဖတ်ကို ဗိုလ်ချုပ်က မေးသည်။ "ကြမ်းတဲ့ အပိုင်းတွေကိုဖြတ်ပြီး ကောင်းတာတွေကို လွှင့်ပါတယ်"ဟု ပြန်ဖြေသောအခါ ဗိုလ်ချုပ်က "အို . . . အဆီအသားတွေကို ချန်ခဲ့တာကိုးဗျ၊ ဟိုဟာမဟုတ်ဘူး အဆီအသားတွေပဲ။ ဒီလိုပြောမှထိတယ်၊ မိတယ်" ဟု ဆိုကာ သူငယ်စဉ်က တရားဟောခဲ့ရပုံမျှကို ပြောပြလေသည်။

"တစ်ခါတော့ ဆရာကြီးရယ်(ကိုယ်တော်မှိုင်း)၊ သခင်စိုးရယ်၊ ကျွန်တော်ရယ် မန္တလေးမှာ



www.burmeseclassic.com

www.burmeseclassic.com



တရားမဟောကြတယ်။ မန္တလေးသဘောကိုလည်း ကျွန်တော်တို့က မသိဘဲကိုး။ သည်တော့ ကျွန်တော်တို့က အသံချဲ့စက်ကြီးနဲ့ဟောတာပေါ့။ ဆရာကြီးတို့ သခင်စိုးတို့ဟောပြီးမှ နောက်ဆုံးမှ ကျွန်တော်က ဟောရတယ်။ ကျွန်တော်လည်း စိတ်ရှိလက်ရှိဟောတာပေါ့။ ပြီးခါနီးလို့ ပရိသတ်ကို ကြည့်လိုက်တော့ ကျိုးတိုကျဲတဲ နည်းနည်းပဲရှိတာကိုတွေ့ရတယ်။ နောက်မှ မန္တလေးသားတစ်ဦးက ပြောလို့ မန္တလေးသဘောကို သိရတယ်။ မန္တလေးမှာ တရားပွဲစရင် အသံချဲ့စက်နဲ့မစရဘူး။ ရိုးရိုးပဲပြောရ သတဲ့။ သည်တော့မှ ပရိသတ်တွေက တရားဟောတဲ့လူနားကို စုပြီးဝိုင်းလာကြတယ်။ ဝိုင်းလာတဲ့ အခါကျမှ အသံချဲ့စက်နဲ့ဖိပြီးဟောရသတဲ့။

"စစချင်း အသံချဲ့စက်နဲ့ဟောရင် နေရာတကာကကြားရတော့ အဝေးကို ထွက်သွားပြီး အိမ်ကြိုအိမ်ကြား အိမ်ပေါ် အိမ်တွင်းမှ နားထောင်ကြတော့ တရားပွဲမှာ လူမစည်ဘူးတဲ့။ အဲသည် တုန်းက ဆရာကြီးကတော့ စီကာပတ်ကုံးနဲ့ ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောသွားတော့ ပွဲသိပ်ကျတာပေါ့။ သခင်စိုးနဲ့ ကျွန်တော်ကတော့ လေ့လာထားတဲ့အချက်တွေကို ရိုးရိုးပဲပြောကြတော့ ပွဲမကျပါဘူး။ တရားပွဲပြီး တော့ လူတစ်ယောက်ကလာပြောသတဲ့။ သခင်အောင်ဆန်းတို့ သခင်စိုးတို့ ကောင်းတယ် ကောင်း တယ်ဆိုပြီး ဘာများကောင်းတာပါလိမ့်လို့ ပြောသတဲ့။ အဲဒါနဲ့ နောက်တစ်နေ့တော့ မန္တလေးနားက ခပ်ခေါင်ခေါင်အရပ်တစ်ခုကိုသွားပြီးတရားဟောကြပြန်တယ်။ ကျွန်တော့်အလှည့်ကျတော့ ပရိသတ် ငြိမ်ချက်သားကောင်းလွန်းလို့ ပျင်းနေပြီထင်ပြီး ကျွန်တော်က ပြက်လုံးထုတ်လိုက်တယ်။ ဘယ့်နှယ် လဲဆိုတော့ ကျွန်တော်ဟာ သည်အရပ်ကိုမရောက်တာ အတော်ကြာသွားပါပြီ။ ဘယ်လောက်ကြာ ပလဲဆိုရင် မွေးကတည်းကပါပဲလို့ပြောပြီး ပွဲကျမလားလို့ ပရိသတ်ကိုကြည့်ပါတယ်။ ဘယ်သူမှ ရယ်ဖော်မရပါဘူး" ဗိုလ်ချုပ်က ပြောသည်။

ဤတွင် ဆရာဦးဘချိုကဝင်၍ "ဗိုလ်ချုပ်ပြက်လုံးထုတ်တာက ကျင်ခဲပြောသလိုများဖြစ် နေမှာလား။ ရွာတစ်ရွာမှာ အရပ်သားတွေဟာ အင်မတန်ဆိုးသတဲ့။ ပွဲကလျှင် ဆူကြပူကြလုပ်တော့ ပွဲပျက်သွားသတဲ့။ အဲသည်ရွာကို ကိုကျင်ခဲတို့ အငြိမ့်ရောက်သွားတော့ ကိုကျင်ခဲက ကာလသားခေါင်း ကိုပြေးကပ်ပြီး ပွဲကိုငြိမ်အောင် ထိန်းပေးဖို့ တောင်းပန်သတဲ့။ ကာလသားခေါင်းကလည်း အရပ်သား တွေကို မင်းတို့ပွဲကြည့်တဲ့အခါ တုတ်တုတ်မျှမလှုပ်ကြနဲ့။ လှုပ်လျှင် ငါ့အကြောင်းကိုသိရမယ်လို့ ကြိမ်း ထားသတဲ့။ ညကတော့ လူပြက်တွေက ပြက်ကြတာပေါ့၊ တစ်ခါပြက်လည်းမရယ်ကြဘူးတဲ့။ နှစ်ခါပြက် လည်း မရယ်ကြဘူးတဲ့။ တစ်ညလုံးတစ်ချက်မှမရယ်ကြဘူးတဲ့။ ဒါနဲ့ အငြိမ့်အဖွဲ့လည်း စိတ်ပျက်ပြီး မနက်ကျတော့စုံစမ်းကြည့်တော့ ကာလသားခေါင်းကို ကြောက်တာနဲ့ ရယ်ချင်လျက် အောင့်ထားရ တယ်လို့ ပြောကြသတဲ့။ ဗိုလ်ချုပ်ပြက်လုံးထုတ်တုန်းကလည်း ဒီလိုများ ဖြစ်နေရော့သလား"ဟု ပြောရာ ဗိုလ်ချုပ်က ပြုံးနေလေသည်။

ထို့နောက် ဆရာက ဗိုလ်ချုပ်ကိုရှေးရှု၍ "ဆရာလည်း နိုင်ငံရေးကထွက်ပြီး ပညာရေးကို ယဉ်ကျေးမှုတို့ကို လိုက်စားချင်ပါတယ် (ကျွန်တော်တို့ကို လက်ညှိုးထိုး၍) သူတို့တစ်တွေနဲ့ ဒဂုန် အရှေ့တောင်ပိုင်းမှာလှည့်ပြီး ယဉ်ကျေးမှု လေ့လာချင်ပါတယ်"ဟု နှုတ်ဖြင့်ထွက်စာတင်ရာ ဗိုလ်ချုပ် က နှုတ်ခမ်းထော်ပြ လက်ကာပြသည်။ ယဉ်ကျေးမှုကို မနှစ်သက်၍များ လက်ကာလေရော့သလားဟု တွေးမိခိုက် ဗိုလ်ချုပ်က ဆက်၍ "ကျွန်တော်လည်း နိုင်ငံရေးက ထွက်မှာပါပဲဆရာ၊ ထွက်ပြီးတော့



စာရေးမယ်ကြံတယ်။ ကျွန်တော်ကျောင်းမှာနေတုန်းက ပါဠိရော မြန်မာစာကိုပါ သင်ယူခဲ့တယ်။ မြန်မာစာမှာ ကျွန်တော်အမှတ်ကောင်းကောင်းရတယ်။ ကျွန်တော်ကြိုးစားလျှင် ဒစ်စတင်းရှင်း ထောင်ရမှာပဲ၊ ဒါပေမဲ့ ဟိုတုန်းကတော့ အိုင်စီအက်စ်တို့ ဘာတို့ မှန်းနေတာမို့ အင်္ဂလိပ်စာကိုပဲ ဖတ်တာပဲ။ ကျွန်တော်လည်း စာပေပညာကို ဝါသနာ ပါပါတယ်။ အရိုင်းသက်သက်မဟုတ်ပါဘူး" (ထိုအခိုက်တွင် တာရာရေးသော ဆောင်းပါးကို သူတွေးမိဟန်တူသည်)ဟုဆိုကာ သခင်ဘသောင်း၏ မန်းသာမစာဥ၊ မောင်ထင်၏ငဘ၊ ရွှေဥဒေါင်း၏ရတနာသိုက်စသည်တို့အကြောင်းကို ပြော၍ ချီးမွမ်း လေသည်။ နောက် "ကျွန်တော်တို့ဆီမှာ ဘာသာပြန်တွေအများကြီးလိုတယ်။ ဘိုင်အို ဂရပ်ဖီ (အတ္ထုပ္ပတ္တိ)တွေလည်း လိုတယ်။ ဘာ့ကြောင့်မရေးကြသလဲ မသိဘူး"ဟု ဗိုလ်ချုပ်ကပြောရာ ဆရာ ကဝင်၍ "ဗမာမှာခက်တာက ဘုန်းကြီးတွေ ပြန်တော်မူရင် ထေရုပ္ပတ္တိရေးရတယ်။ သည်တော့ ဘိုင်အိုဂရပ်ဖီဆိုရင် လူသေမှရေးရတယ်လို့ အထင်ရောက်နေကြတယ်"ဟု ပြောလေသည်။

ထိုအခါ ဗိုလ်ချုပ်က "ကျွန်တော့်အကြောင်းကိုရေးကြတာ အလွဲချည်းပဲ၊ အေမီလ်လုဒွစ်တို့ လို ရေးတတ်တဲ့လူများရှိလျှင် သိပ်ကောင်းမှာပဲ"ဟုဆိုကာ အနောက်နိုင်ငံ၏ အတ္ထုပ္ပတ္တိများ အကြောင်းကို ဆွေးနွေးကြလေသည်။

ထိုအခိုက် ဦးသိန်းဟန်နှင့်အမတ် ဦးဘသီတို့ရောက်လာကြသည်။ ဦးဘသီက ဆရာ ဦးဘချိုဘက်သို့လှည့်၍ "အစ်ကိုကြီးမှာလိုက်တဲ့ လုံချည်ကို အိမ်ကရက်ပေးလိုက်ပြီ ကိုဘချိုကြိုက်တဲ့ မက်တတ်စင်းပဲ"ဟုပြောရာ ဆရာကကျွန်တော့်ဘက်သို့လှည့်၍ "ဆရာက အသက်ကြီးတော့ ငယ်ငယ် ကကြိုက်တတ်တဲ့ အဆင်ကလေးတွေကို ပြန်ပြီးအောက်မေ့တယ်၊ အနက်မတ်တတ်စင်းမှာ ဘေးက ဖြူစင်းကလေးတွေညှပ်ပြီးရက်တာကို ဆရာက အင်မတန်ကြိုက်တယ်"ဟု ပြောလေသည်။

ထို့နောက် ဗိုလ်ချုပ်က "သည်နေ့ထမင်းစားပြန်တော့ ဂျာနယ်ကျော်မှာပါတဲ့ မန်းတင်ရဲ့ ဆောင်းပါးကိုဖတ်ရလို့ သဘောကျနေတယ်။ ဖဆပလအမတ်တစ်ယောက် တောကိုပြန်ရောက်တော့ မြို့တုပ်မောင်ပြုံးချိုကမေးသတဲ့။ သည်တော့ အမတ်က ကြီးကျယ်ခမ်းနားပုံတွေကို လျှောက်ပြောသတဲ့။

နောက်ပြီး ဥက္ကဋ္ဌကလည်း မိန့်ခွန်းပြောတယ်သာဆိုတယ်၊ စာကိုဖတ်ပြတာပဲလို့ပြောသေး သတဲ့။ အဲဒါနဲ့မောင်ပြုံးချိုက ဘာတွေများဆုံးဖြတ်လိုက်သလဲလို့မေးတော့ ဒါတွေကိုကျုပ်မသိဘူး။ ဟောသည်က စာရွက်စာတမ်းတွေသာ ဖတ်ကြည့်ပေတော့လို့ပြန်ပြောသတဲ့"ဟုဆိုကာလုံချည်ကိုမ၍ ရယ်လေသည်။ ထိုအခိုက် ဆရာဦးဘချိုကဦးခင်ဇော်ဘက်သို့လှည့်၍ "ဗိုလ်ချုပ်အိမ်ကရေဒီယိုကပျက် နေလို့ ကောင်းကောင်းမကြားရဘူးတဲ့။ ရေဒီယိုတစ်လုံးလောက်တော့ပေးမှပဲ"ဟု ပြောလေသည်။

မိုးလည်း သဲလာလေသည်။ ခဏအကြာတွင် ဝန်ကြီး ပျော်ဘွယ်ဦးမြ ကားနှင့်ပေါက် လာ၍ ဗိုလ်ချုပ်အနားသို့ကပ်ကာ "ပြောစရာရှိတယ်"ဟု ပြောသဖြင့် လိုက်သွားလေသည်။ နောက် အခန်းထဲမှထွက်လာ၍ "သခင်နု ရှိသလား"ဟု မေးသည်။ သခင်နုမှာ ဘိလပ်ကပြန်ရောက်ခါစ နေမကောင်းသဖြင့် ရုံးမတက်နိုင်၊ ထို့ကြောင့် ဗိုလ်ချုပ်လည်း ကားစီးကာ ထွက်သွားလေသည်။ ကျွန်တော်တို့လည်း လူစုခွဲလိုက်ကြတော့သည်။ ။

|ငွေတာရီမဂ္ဂဇင်း၊ အမှတ် ၉၇၊ မူလိုင်၊ ၁၉၆၈|

www.burmeseclassic.com

# အောင်ဆန်း သို့မဟုတ် အရိုင်း

ဒဂုန်တာရာ

[ ၁ ]

သူ၏ အောက်မှ လူထုကြီးသည် စည်းကမ်းသေဝပ်ခြင်း အတန့်ငယ်ကင်းမဲ့စွာ နားထောင် လျက်ရှိ၏၊ လူထုကြီးသည် စူးစိုက်ခြင်းမရှိ။ တချို့က ပြုံးရယ်၍နေ၏။ နောက်နားရှိ လူထုအစိတ် အပိုင်းတစ်ခုကား အချင်းချင်းခေါင်းချင်းကပ်ကာ တီးတိုးပြောနေကြ၏။ သို့သော် ပျက်ပြယ်ခြင်း ကားမရှိ၊ လေးစားခြင်းသည် အားလုံး၌ တညီတညွတ်တည်း တည်ရှိ၏။

အစိမ်းရောင် ကတ္တီပါကားကြီးသည် သူ့ကိုနောက်ကားခံ၍ထား၏။ ကားလိပ်ကြီးမှာ ဘာ ရုပ်ပုံ၊ တောတောင်မှ ခြယ်လှယ်ထားခြင်းမရှိ။ ပကတိ ပိန်းပြောင်ပြောင်ဖြစ်၏။ ကတ္တီပါကားသည် အခြားဘာအဓိပ္ပာယ်ကိုမျှ ထူးထူးထွေထွေ မဖော်ပြ၊ သို့သော်မှိုင်းညို့ခြင်းတစ်ခုကိုသာ ရဲဝံ့စွာဆောင် ၍ နေသည်။

သူသည် သည်စိမ်းညိုသော ကားကြီး၏ ရှေ့စင်မြင့်ဇာတ်ခုံပေါ်၌ ရပ်ကာ စကားပြော၍ နေသည်။ သူသည် ဗမာပထဝီမြေကြီးမှ ဗမာဝါဂွမ်းဖြင့်ရက်လုပ်သည့် ပင်နီဖျင်ကြမ်းကြီးကို ဝတ် ထား၏။ လုံချည်မှာနီရဲသော ရွှေတောင်ပိုးလျှံချည်ဖြစ်၏။ ခေါင်းမှာ ပွယောင်းယောင်းနှင့် မသေသပ် မျက်နှာအသွင်အပြင်မှာ အပူပိုင်းဒေသအီကွေတာရှိ ကျွန်းစုများတွင်နေထိုင်သော မွန်ဂိုလီယံ အနွယ်လူမျိုးမျက်နှာနှင့် တူ၏။ သို့မဟုတ် တောင်ပေါ်ချင်းတစ်ယောက် မျက်နှာနှင့်လည်း တူ၏။

တက္ကသိုလ်ကျောင်းသား လူလတ်တန်းစား၏ လက္ခဏာဖြစ်သော ထည်ဝါခြင်း၊ ယဉ်ကျေး



သိမ်မွေ့ခြင်းတို့သည် သူ့တွင် လုံးဝမရှိအောင်း လမ်းပေါ်တွင် နေရာတကာတွေ့မြင်နိုင်သော သာမန် ဆင်းရဲသားတစ်ဦးနှင့်သာတူ၏။ လူထုထဲမှ သူတစ်ဦး၏ အသွင်ပြင်မျိုးသာဖြစ်၏။

သူသည် လက်နှစ်ဖက်ကို ဘေးကိုကား၍ လှုပ်ကာလှုပ်ကာ စကားပြော၏။ သူ၏စကားလုံး များကား ပြေပြစ်ခြင်းမရှိ။ ချောမွေ့ခြင်းမရှိ။ သို့သော် အတွင်း၌ကား အနက်ပါ၏။

သင် ပထမဦးဆုံးတွေ့မြင်သော အောင်ဆန်း၏ပုံပန်းကို ရေးပြပါဆိုလျှင် ကျွန်တော်သည် သည်ပုံကိုရေးပြမည် ဖြစ်ပါပေသည်။

ထိုအခါကား ၁၉၃၆ ခု ပထမဆုံးကျင်းပအပ်သော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား များညီလာခံကြီးကို ရန်ကုန်မြို့ ဂျူဗလီဟောခန်းမတွင် ဆင်ယင်သောအခါ ဖြစ်ပေသည်။ ကျွန်တော် သည် အထက်တန်းကျောင်းတွင် ပညာသင်ကြားလျက်ရှိရာ နယ်မှ ကျောင်းသားကိုယ်စားလှယ် အဖြစ် ကျောင်းသားညီလာခံသို့ တက်ရောက်စဉ် အောင်ဆန်းစကားပြောသည်ကို တွေ့မြင်ရခြင်း ဖြစ်ပေသည်။

၁၉၃၆ ခု သပိတ်မှောက်ကိစ္စ တောက်လောင်တော့မည့်ဆဲဆဲ၊ မီးခိုးများ အူနေသည့်အခိုက် အောင်ဆန်းအမည်ကို သတင်းစာများတွင် ဖတ်ရသောအခါ သူ့ကို သိချင်စိတ်ထက်သန်ခဲ့သည်။ ထိုအခါ အောင်ဆန်းမှာ တက္ကသိုလ်သမဂ္ဂအသင်း၏ကြွေးကြော်သံဖြစ်သော အိုးဝေမဂ္ဂဇင်းအယ်ဒီ တာဖြစ်၏။ ကျွန်တော့်မှာ စာပေဝါသနာပါသူဖြစ်ရာ အောင်ဆန်းကို အိုးဝေမဂ္ဂဇင်းအယ်ဒီတာ အဖြစ် စိတ်ဝင်စား၏။ အားကျ၏။ သူ့အကြောင်းကို သိချင်၏။ တွေ့ဖူးချင်၏။

သို့သော် ဂျူဗလီဟော ကျောင်းသားများညီလာခံတွင် သူ၏ရုပ်သွင်နှင့် သူစကားပြောသည် ကို တွေ့မြင် ကြားနာရသောအခါ အထင်နှင့်အမြင် ကွာနေသည်ကို တွေ့၏။ ကျွန်တော်ထင်ထား သည်မှာ ကောလိပ်ကျောင်းသား၊ ရုပ်ဖြောင့်၊ ဂိုက်ကျ၊ စကားပြောကောင်းဟု ဖြစ်၏။ အယ်ဒီတာ လည်း ဖြစ်သဖြင့် အတော်အထင်ကြီးထားလေ၏။

တွေ့ရသောအခါ ရုပ်ကလည်း မဖြောင့်၊ စကားပြောကလည်း မပြေပြစ်၊ သို့ဖြစ်၍ စိတ်ထဲ က မကျေနပ်။

ထိုအခါ ကျွန်တော့်မှာ အရွယ်နုနယ်သေး၍ စိတ်ကူးယဉ်ယဉ်ဖြင့်သာ အောင်ဆန်းကိုရုပ် ဖြောင့်စေချင်၊ စကားပြော ကောင်းစေချင်နေ၏။ ထိုကြောင့် စိတ်ထဲက မကျေနပ်။

နောက်တစ်နှစ်ခန့်ကြာသောအခါ ကျွန်တော်လည်း တက္ကသိုလ်သို့ရောက်၍နေသည်။ ကျွန်တော် တက္ကသိုလ်ရောက်သည့် ၁၉၃၇-၃၈ ခုနှစ်က ကိုအောင်ဆန်းသည် တက္ကသိုလ်သမဂ္ဂတွင် ဒုဟိယဥက္ကဋ္ဌ၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂတွင် ဥက္ကဋ္ဌဖြစ်၏။ ထိုအခါ ကျွန်တော် သည် ကိုအောင်ဆန်းနှင့်အသိဖြစ်လာ၏။ အသိသာဖြစ်ရုံ ဖြစ်သည် မရင်းနှီးခဲ့ပေ။

သူနှင့်ကား ရင်းနှီး၍မဖြစ်။ သူသည် ရင်းနှီး၍ရသော လူစားမျိုးမဟုတ်။ နိုင်ငံရေးအတူတူ ပွဲဖက်လုပ်လျှင်သာ သူနှင့်ရင်းနှီးမည်ဖြစ်၏။ တက္ကသိုလ်တွင်နေစဉ် ကျွန်တော်သည် သမဂ္ဂနိုင်ငံ ရေးကိုသာ တစ်ဖက်သတ်မလိုက်။ စာပေကဗျာလည်း ရေးချင်၏။ ဂီတကိုလည်း လိုက်စား၏။ သည်လို အစုံလုပ်ချင်သဖြင့် သူနှင့်မရင်းနှီးနိုင်ပေ။ သူကား နိုင်ငံရေးသမားသက်သက်ဖြစ်သည်။

ကိုအောင်ဆန်းနှင့် ကျွန်တော့်ကို သခင်ဗဟိန်းက အသိဖွဲ့ပေးခဲ့၏။ သို့သော် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သည် နိုင်ငံရေးသမားသက်သက်မဟုတ်သဖြင့် သူ၏အသိထက်လွန်မြောက်၍ ရင်းနှီးသောအဖြစ်သို့ မရောက်သွားခဲ့ပေ။

သခင်ဗဟိန်းနှင့်ကား သည်လိုမဟုတ်။ သခင်ဗဟိန်းသည် ယဉ်ကျေးသိမ်မွေ့သူဖြစ်၏၊ စာပေ ကဗျာလင်္ကာကိုနှစ်သက်၏။ ဂီတကိုချစ်၏။ ထို့ကြောင့် ကျွန်တော်နှင့် ခဏနှင့်ပင်ရင်းနှီးချစ်ခင်ကာ သူကွန်မြူနစ်ဖြစ်နေသည့်ဘဝအထိပင် ရင်းနှီးချစ်ခင်ခြင်းမပျက်။ ကျွန်တော်ကား နိုင်ငံရေးသမားလည်းမဟုတ်။ သို့သော် ချစ်ခင်ရင်းနှီး၏။ ကိုအောင်ဆန်းနှင့်ကား သည်ကဲ့သို့မဟုတ်။

ကျွန်တော်သည် စာရေးဝါသနာပါသည်ကို ကိုအောင်ဆန်းသိ၏။ သို့ရာတွင် ကျွန်တော်ရေးခဲ့သော ဒဂုန်မဂ္ဂဇင်းမှ ရတုပိုဒ်စုံ စသောကဗျာများ၊ ဝတ္ထုတို၊ ဆောင်းပါးစသည့် စာပေများကို သူ အကုန်ဖတ်ဖူးလိမ့်မည်မထင်။ ဂရုစိုက်၍ ဖတ်မည့်လူမျိုးလည်းမဟုတ်။

သို့သော် တစ်ခါက သခင်ဗဟိန်းနှင့်အတူ သမဂ္ဂအမှုဆောင်ကော်မတီအခန်းတွင် ပင်းယ မဂ္ဂဇင်း၌ ပုံနှိပ်ထားသော ကျွန်တော်၏ဆောင်းပါးတစ်ခုကိုကား ကျွန်တော့်ရှေ့တွင် ဖတ်သည်ကို တွေ့ရဖူး၏။ ဖတ်ပြီးလျှင် ဝေဖန်ချက်ပေး၏။

ကိုအောင်ဆန်းသည်လည်း အင်္ဂလိပ်-မြန်မာ ဆောင်းပါးရှင်တစ်ဦးဖြစ်ပေသည်။ အင်္ဂလိပ် ဘာသာဖြင့် ရေးသားသော သူ၏ဆောင်းပါးများကို ဂန္ထလောကမဂ္ဂဇင်းတွင် ဖတ်ရဖူးသည်။ သူသည် ဗုဒ္ဓဘာသာတရားတော်နှင့်ပတ်သက်သော ဆောင်းပါးများကို ရေး၏။ ကျောင်းသားများ အဝတ် အစားဝတ်ဆင်ရေးပြဿနာကို သူသည် ဂန္ထလောကတွင် ပန်းတနော် ဦးသန့်နှင့်အပြန်အလှန်ရေး သည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများမဂ္ဂဇင်းအသင်း၏ ကြွေးကြော်သံ 'မျိုးညွန့်' မဂ္ဂဇင်းတွင် ပါသော သူ၏'လောကဝိဟာ' အမည်ရှိဆောင်းပါးတိုကလေးကိုကား သဘောကျခဲ့၏။ ကမ္ဘာ လောကကြီးကို ကိုယ်တွေ့ပညာဗဟုသုတအမြင်တို့ကိုပေးသော စာသင်ကျောင်းနှင့် ဥပမာပေး၍ ရေးထားသည်။ ကိုအောင်ဆန်းသည် ဗမာစာ အရေးညံ့သူမဟုတ်ပေ၊ တိတိကျကျရေးတတ်၏၊ ပါဠိကို မှန်ကန်စွာသုံး၏။ တစ်ခါတစ်ရံ ဟာသဉာဏ်ပါ၏။

ပုသိမ်မြို့တွင်ကျင်းပသော ကျောင်းသားများညီလာခံ၌ သူ၏ ဥက္ကဋ္ဌမိန့်ခွန်းတွင် ကင်းဘဲလ် အစီရင်ခံစာကို "ပညာရေးပူရာဏ် ကျမ်းကြီးပေတကား"ဟု ပြောင်လှောင်ထားသည်မှာ သရော် ချက်ပါပေသည်။

ကျောင်းမှထွက်ပြီး တို့ဗမာအစည်းအရုံးသို့ဝင်သောအခါ ငတ်ပြတ်လာ၍လား မပြော တတ်၊ ဒဂုန်မဂ္ဂဇင်းတွင်ရေးလိုကြောင်း ကျွန်တော့်ကိုပြော၏၊ ကျွန်တော်လည်း တိုက်ရှင်တို့နှင့်စီစဉ် ၍ လစဉ် ကိုအောင်ဆန်းဆောင်းပါးကို ပါစေသည်။

ဒဂုန်မဂ္ဂဇင်းက ကိုအောင်ဆန်းရေးသော ဆောင်းပါးများအတွက် ငွေချီးမြှင့်၏။ သူရေး သော ဆောင်းပါးကား 'နိုင်ငံရေးအမျိုးမျိုး'ဟူသောဆောင်းပါးဖြစ်သည်။ ဂရိတ်နိုင်ငံကြီးက အစချီ၍ မျက်မှောက်ဗမာ့နိုင်ငံရေးအခြေအနေထိ ရေး၏။ စာပြောင်၏။ ဖတ်၍ကောင်း၏။

သူလည်း ဒဂုန်တွင်ကြာကြာမရေးရ။ မကြာခင် ဂျပန်ပြည်သို့ ထွက်သွားသဖြင့် သူ့ဆောင်း ပါးလည်း ရပ်၍ သွား၏။ အစိုးရကလည်း ငြိုးထား၍လားမပြောတတ်။ ဒဂုန်မဂ္ဂဇင်းမှာ ထိုနှစ်မှာပင် ပိတ်ခြင်းခံရရှာလေသည်။





သမဂ္ဂဥက္ကဋ္ဌဖြစ်သော ၁၉၃၈-၃၉ ခုနှစ်က သူသည် ဘီအယ်လ်တန်းတွင်ရှိ၍ ပဲခူး ကျောင်းဆောင် အလယ်ထပ်တွင်နေသည်။ သူ၏အခန်းသည် သပ်ရပ်ခြင်းကင်းမဲ့၏။ အခန်းတွင် စာအုပ်များပြည့်နှက်၍နေ၏။ စာအုပ်များသည် စားပွဲပေါ်တချို့၊ ဗီရိုပေါ်တချို့၊ ကြမ်းပြင်ပေါ်တချို့ ပြန့်ကျဲကာ ရှုန်းရင်းဆန်ခတ်ဖြစ်၍နေကြ၏။ သူသည် အင်မတန် စာဖတ်သူတစ်ယောက်ဖြစ်၏။

သူသည်ဒေါသကြီးသူတစ်ဦးဖြစ်၏။ သည်လိုအများကထင်၏။ ကျွန်တော့်အဖို့ကား ဒေါသကြီးသည် မကြီးသည်ကိုမသိ။ သူ့တွင် စိတ်လိုက်မာန်ပါစိတ်တွေရှိသည်ဟု ကျွန်တော်ထင်၏။

နှစ်ကိုကား အသေအချာမမှတ်မိတော့။ သပိတ်မှောက် နှစ်လည်အထိမ်းအမှတ်ပွဲတစ်ခု တက္ကသိုလ်သမဂ္ဂတွင် ကျင်းပ၏။ ပရိသတ်ထဲကထ၍ ဝေဖန်စကားများပြောကြ၏။ ထိုသို့ပြောကြ သည့်အထဲတွင် စစ်ကိုင်းကျောင်းဆောင်မှ ကုလားကျောင်းသားတစ်ဦးက ဥက္ကဋ္ဌဟောင်း မစ္စတာ ရာရှစ်ကိုဝေဖန်ရာ၌ အတော်ထိခိုက်သောအပြစ်တွေကို ဖော်ထုတ်ပြောလေသည်။ ကုလားကျောင်း သားပြောသည့် စကားများသည် အခြေခိုင်သည်မခိုင်သည်ကိုကား မမှတ်မိတော့ပေ။ ကိုအောင်ဆန်း သည် မစ္စတာရာရှစ်အတွက် ဒေါပွကာ ထိုကုလားကို ကြိမ်းမောင်း၍ 'ရဲရင် ထွက်' စသောအသုံးမျိုး သုံး၏။ လက်သီးဆုပ်ကာ ကုလားအပေါ်သို့ တိုး၍သွား၏။ ဘေးက ကျောင်းသားများက ဝိုင်း၍ ဆွဲထားရလေ၏။

သူသည် ဒေါသကြောင့် ဆတ်ဆတ်တုန်လျက်ရှိလေသည်။

ကုလား-ဗမာ အဓိကရုဏ်းအပြီး ဒေါက်တာဘမော်၏ တက္ကသိုလ်ဥပဒေပြင်ဆင်ရေး အဖွဲ့ကြမ်းကို သမဂ္ဂက ငြင်းပယ်လိုက်သည့်ကိစ္စနှင့်ပတ်သက်၍ ညီမြွအမှုရှိသော ကျောင်းသား တစ်စုက မကျေနပ်သဖြင့် သမဂ္ဂကို အယုံအကြည်မရှိ အဆိုတင်သွင်း၏။ ထိုအစည်းအဝေး၌ ကိုအောင်ဆန်းသည် ညီမြွအတင်းကို အတော်ပြောလိုက်လေသည်။

သည်လို စိတ်လိုက်မာန်ပါပြောပြီးနောက် တစ်ပတ်လောက်ကြာသောအခါ ထိုနေ့က ကိုအောင်ဆန်းက ညီမြွအားရှုတ်ချသောစကားများကိုရုပ်သိမ်းလိုက်ကြောင်း ကြော်ငြာစာကို တက္ကသိုလ် ကျောင်းဆောင်အသီးသီးတွင် ထွက်ပေါ်၍လာလေသည်။ တက္ကသိုလ်တွင်ရှိစဉ်က ကိုအောင်ဆန်း သည် ပြုံးသောမျက်နှာထားကို ထားခဲ၏။

သူ၏ မျက်နှာထားသည် သုန်မှုန်၏။ တစ်ခါတွေ့ရဖူးသောသူကို နောက်တစ်ခါတွေ့လျှင် နှုတ်ဆက်ချင်မှ ဆက်၏။ သူ့ကိုသိသူက ပြုံးပြသော်လည်း သူသည် တုံ့ပြန်၍ ပြုံးချင်မှပြုံး၏။ ဥက္ကဋ္ဌဖြစ်သဖြင့် သူ့ကိုကား ကျောင်းသားတိုင်းက သိကြ၏။ သူကလည်း အစဉ်လိုလို နိုင်ငံရေးကို သာ တွေးနေဟန်တူ၏။ ဗမာပြည်၏ လွတ်လပ်ရေးအတွက် စိတ်ပူရ၏။ ထို့ကြောင့် သူသည်သုန်မှုန် လျက်ရှိနေသည်။ သူစကားပြောလျှင်လည်း နိုင်ငံရေးအကြောင်းကိုသာပြောသည်။ သူပြောနေစဉ် ဘေးရှိလူများက နားထောင်နေရသည်။ ဘေးကလူများ၏စကားကို သူမကြား၊ သူပြောချင်တာ တွေကိုသာ စွတ်၍ပြောနေတတ်သည်။

တစ်ခါက ရန်ကုန်ကို ဂျပန်တို့သိမ်းပိုက်စအချိန်၊ ဝိတိုရိယရိပ်သာရှိ အိမ်တစ်အိမ်တွင် သခင်မြနှင့်ရဲဘော်များ နေထိုင်လျက်ရှိကြသည်။ ကျွန်တော့်မှာလည်း တောကရောက်ခါစဖြစ်သည်။ ရည်မွန်းရှိ စန္ဒရားတွင် ကျွန်တော်က ထိုင်ကာတီးနေ၏။ ဘေးမှာ သခင်စံဝေနှင့် တက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားအချို့က ဝိုင်း၍သီချင်းလိုက်ဆိုလျက်ရှိ၏။ ဘီအိုင်အေသမားများမှာ ဂီတ အင်မတန်ဝတ်နေ၍ သီချင်းသံကို တောင့်တနေသဖြင့် အတင်းတီးခိုင်းကြ၏။ စန္ဒရားမှာ အသံတွေပျက်နေ၏။

**ချစ်ခင်မှာလား၊ ကြင်နာမှာလား ခင်ခင်ရယ်**

**ချစ်သဲနွယ်**

**အဟုတ်တို ချစ်တော့မယ်**

**ခင်ရယ် ကြင်မယ်. . . . .**

ဝိုင်း၍ဆိုနေကြရာမှ သည်နေရာသို့ ရောက်သောအခါ ကိုအောင်ဆန်းသည် ဂေါက် ဂေါက် ဂေါက် ဂေါက် နှင့် တစ်ဖက်မှလျှောက်လာကာ စန္ဒရားအပါးတွင် လက်ထောက်ကာ ရပ်လျက်

"ဟေ့ . . . ရပ်ကြ၊ ခုလိုအခါမျိုးမှာ ရဲစိတ်ရဲမာန်တက်စေမယ့် ရဲတင်းသံတို့ကိုသာ ဆိုရမယ်ဗျ။ ဒီ ချစ်မယ် ကြင်မယ် သီချင်းမျိုးက မဟာန်ဘူး . . ."

ရုတ်တရက် ကြောင်၍ကျွန်တော်သည် စန္ဒရားကို ခေတ္တရပ်လိုက်၏။

သူသည် သူပြောချင်တာပြောပြီး၍ ထွက်သွားလေသည်။ ကျွန်တော်တို့လည်း ဆက်လက်သီဆိုကာ ကျန်ရစ်ခဲ့ကြသည်။ သူက သည်လိုလူစားမျိုး။

သမဂ္ဂဥက္ကဋ္ဌ ကိုလှမောင် (ယခု-သံအမတ်) ၏ လက်ထပ်ပွဲသည် ဘီအိုင်အေခေတ်၌ ရွှေတောင်ကြားတွင် ကျင်းပသည်။ သူ၏လက်ထပ်ပွဲသည် ဘီအိုင်အေသမားများတွင် ပထမဦးဆုံးဖြစ်၏။ လက်ထပ်ပွဲပြီးသောအခါ ဧည့်ခန်းဆောင်တွင် မိတ်ဆွေများစုရုံးကာနေကြ၏။ စန္ဒရားဆရာတစ်ဦးက တီးကာဖျော်ဖြေလျက်ရှိသည်။

သည်အတွင်း ကိုအောင်ဆန်းသည် စန္ဒရားဆရာကိုရပ်စေကာ ကျွန်တော့်ကို လူကြားထဲမှ အတင်းဆွဲခေါ်၍ သီချင်းတစ်ပိုဒ်ကို တီးစေ၏။ သူသည် စန္ဒရားကိုလက်ထောက်ကာ မရအရ လိုက်ဆိုနေ၏။ တီးသောသီချင်းမှာ 'ကဠုန'သီချင်းပင်ဖြစ်၏။ တေးဆုံးလျှင် လက်ခုပ်တီးကာ နောက်တစ်ပိုဒ် တီးခိုင်းပြန်၏။

တစ်ခါက ဂျပန်ခေတ်ဝန်ကြီးတစ်ဦး၏ ထမင်းစားပွဲတွင် သူလာ၏။ ထမင်းစားပွဲစမည်ပြုသောအခါ သူ့ကို စစ်သေနာပတိဟု အားလုံးက လေးစားသောအားဖြင့် ထမင်းစားခန်းကြီးထဲသို့ သူ့ကိုအရင်ဝင်စေ၏။ ဧည့်သည်များက အဝတွင်ရပ်၍ သူ့အဝင်ကိုစောင့်လျက်နေကြသည်။ သူသည် စစ်ဝတ်စစ်စားနှင့်ဝင်လာကာ ရုတ်တရက် စားပွဲထိပ်ကုလားထိုင်တွင်ဝင်ထိုင်လိုက်ပြီး ဆတ်ခနဲ ဗယာကြော်တစ်တုံးကို ယူစားလိုက်လေသည်။

သူထမင်းစားနေစဉ် ဧည့်သည်ဝင်လာလို့လည်း ဗမာ့ဧည့်ဝတ်ထုံးစံအရ ထမင်းစားပါဦးဟု ခေါ်ချင်မှခေါ်သော လူစားမျိုးဖြစ်၏။ ဒါတွေကြောင့် သူ့ကို မိတ်ဆွေရင်းများက 'ကြောင်သည်'ဟု မှတ်ထားကြလေ၏။

သူ့တွင် သိမ်မွေ့ခြင်းမရှိ။ အလှအပကို သူမမက်မော။ သူသည် ကြမ်းတမ်းသည်။ ရိုင်းသည်။ ဆက်ဆံပေါင်းသင်းရေးတွင်ရှိသော ဧည့်ဝတ်ထုံးစံယဉ်ကျေးခြင်း စသည်တို့ကို သူသည်လုံးဝဂရုမစိုက်။ ဂီတ၊ ပန်းချီ၊ သဘင်စသော အနုပညာရပ်များကို မလိုက်စား။ သူ့ကိုယ်သူ အတင်းယဉ်ကျေးအောင် မလုပ်။ သူ၏နဂိုအတိုင်း ခပ်ရိုင်းရိုင်း၊ ခပ်ကြမ်းကြမ်းပင် မပြုမပြင်တဲ နေ၏။





သူ့တွင် နိုင်ငံရေးဝိဉာဉ်ကား ပြင်းထန်လှချေ၏။ သူသည် နိုင်ငံရေးတစ်ခုကိုသာ လုပ်သောသူတစ်ဦးဖြစ်၏။

သူသည် ရိုင်း၏။ ကြမ်း၏။ ကြောင်၏။ ကိစ္စမရှိ။ သူသည် ဧည့်ခန်းဆောင်မှ ဂုဏ်သရေရှိလူကြီးလူကောင်း မဟုတ်။ တစ်ခုတည်းသော ယုံကြည်ချက်နှင့် တစ်ခုတည်းကိုသာ မဲ၍လုပ်သောနိုင်ငံရေးသတ္တဝါဖြစ်၏။ ထို့ကြောင့် ကိစ္စမရှိ။

၁၉၄၂-၄၃ ခုနှစ်တွင် သူနှင့်နောက်ဆုံးတွေ့၏၊ သူသည် အနုပညာအကြောင်းကို ပြောပြ၏။

"အနုပညာဆိုတာ ရှိတာပဲ။ လင်မယားဘဝမှာလည်း အနုပညာမဲ့ရင် လင်မယားကွဲမှာပေါ့။ ဒီလိုပဲ တော်လှန်ရေးမှာလည်း အနုပညာရှိတာပဲ၊ အနုပညာမြောက်မှ တော်လှန်ရေးဟာလည်း တကယ့်တော်လှန်ရေးအစစ်ပဲ "

ဆရာမ ဒေါ်ခင်ကြည်နှင့်စေ့စပ်ပြီးစ လက်မထပ်ခင် သုံးလေးရက်အလိုက ကိုဗဟိန်းကိုလာရှာရင်း ကျွန်တော်နှင့် သွားတွေ့၏။

သူသည် ဧည့်ခန်းရှိ အဖုံးပိတ်ထားသော စန္ဒရားတွင် လက်ထောက်ကာ -"ဒီမယ် အိမ်ထောင်ပြုတယ်ဆိုတာ သိပ်စဉ်းစားတွေဝေနေလို့ မရဘူး။ တစ်ခါတည်း ဖွတ်လုပ်လိုက်ရတယ်" ဟု မမေးဘဲ သူ့ဘာသာသူ ပြောနေ၏။

လက်ထပ်ပြီးစက ကျွန်တော်ရေးလျက်ရှိသော လွတ်လပ်ရေးကြိုးပမ်းမှုစာအုပ်နှင့် ပတ်သက်၍ အင်းလျားလမ်း ကန်စောင်းရှိ သူ့အိမ်ကိုရောက်သွား၏။

ဧည့်ခန်းတွင် ခေတ္တစောင့်နေရ၏။ ထွက်လာသောအခါ သူ့နှုတ်ခမ်းတွင် ရဲနေသည်ကိုတွေ့ရ၍ မပြုံးမိအောင် ဟန်ဆောင်နေရ၏။

သည့်နောက် သူနှင့်ကျွန်တော် မတွေ့တော့။ တွေ့ဆုံဖို့လည်းအကြောင်းမရှိဘဲ သူ့ဆီသွားလည်ကလည်း ဖော်ဖော်ရွှေရွှေ လောကဝတ်ပျူငှာခေါ်မည့် လူစားမျိုးလည်းမဟုတ်။

တစ်ခါက ဗိုလ်ချုပ်ဘဝတွင် မော်တော်ကားကြီးထဲ၌ သူ၏ဇနီး၊ ကလေးများနှင့် တစ်ပြုံကြီးကို မြင်လိုက်၏။ ဩော်. . . သားနဲ့ မယားနဲ့မို့ လူစိတ်တော်တော်ပေါက်လာပြီ။ အရင်ကလို ကြောင်မတော့မည်မဟုတ်။ အကြမ်းအရိုင်းမှ ယဉ်ကျေးလာတော့မည်ဟု အောက်မေ့လိုက်၏။ မှန်မမှန်ကားမပြောတတ်။

ဖဆပလဥက္ကဋ္ဌ အမျိုးသားခေါင်းဆောင် ဦးအောင်ဆန်းကိုကား ကျွန်တော်မသိ။ သူ၏နိုင်ငံရေးကို ဝေဖန်ခြင်း မဟုတ်။ သူ၏အဖြစ်သာ ကျွန်တော်သိသည်အထိ ပြောပြခြင်းဖြစ်ပေသည်။

တစ်ခုတော့ ထင်သည်။ သူသည် လူထုထဲမှလူတစ်ဦးဖြစ်၍ လူထုနှင့်ဆက်စပ်နေ၍ လူထုခေါင်းဆောင်ဖြစ်လာသည် ဖြစ်လိမ့်မည်။ ။

[တာရာမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၄၆]



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်နှင့် ကျွန်တော်

ညိုမြ (မောင်သုမန)

ဗိုလ်ချုပ်အောင်ဆန်းနှင့် မောင်သုမနတို့မှာ ကျောင်းနေဖက်သူငယ်ချင်း အရင်းအချာများ ဖြစ်ကြပေသည်။ ကျောင်းနေဖက်ဟုဆိုရာ၌ ပုဆိုးကွင်းသိုင်းလျက် ဖင်မလုံခေါင်းမလုံ ဘုန်းကြီးကျောင်းတွင် ဂုံညင်းထိုးခဲ့ကြခြင်းမဟုတ်ပေ။ မြန်မာပြည်၌အကြီးအကျယ်ဆုံးဖြစ်သော အဓိပတိ ထိပ်သီး ဧရာမရန်ကုန်တက္ကသိုလ်ကြီး၌ စာပေ အတူသင်ကြားနေထိုင်ခဲ့ကြရာမှ သူနှင့်ကျွန်တော် ပူးပေါင်း၍ ထိုကျောင်းတော်ကြီးကိုမီးရှို့ကာ ၁၉၃၆ ခု သပိတ်ကြီးအား လှုံ့ဆော်ပေါ်ပေါက်စေခဲ့သူများ ဖြစ်ကြပေသည်။

ကိုအောင်ဆန်းနှင့်ကျွန်တော် စတင်တွေ့ဆုံပုံကို ယနေ့တိုင်မှတ်မိပါသေးသည်။ ပဲခူးကျောင်းဆောင်အပေါ်ဆုံးအထပ်ရှိ ကျွန်တော်၏ဝမ်းကွဲအစ်ကို ကိုတက်ထွတ်၏နေထိုင်ရာ လက်ယာဘက် အဆောင်မှူး အခန်းရှည်ကလေးအတွင်း တစ်ညသ၌ စကားပြောနေကြစဉ် ကိုအောင်ဆန်း ရုတ်တရက်ဝင်လာလေသည်။ ယောင်လည်လည် မချိုမချဉ်မျက်နှာထားဖြင့် ကျွန်တော့်အား သူက အတန်ကြာကြည့်နေပြီးနောက် "ဒီနှစ်အတွင်း ကိုယ့်လူကို တက္ကသိုလ်သမဂ္ဂမှာ အယ်ဒီတာအဖြစ် ခန့်ထားချင်တယ်" ဟု ပြောလေတော့သည်။

ထိုနေ့မတိုင်မီက သူနှင့်ကျွန်တော် ကောင်းစွာသိကျွမ်းခြင်းမရှိခဲ့ပေ။ ထိုသို့ ရင်းနှီးခြင်းမရှိပါဘဲလျက် ယခုလို အရေးကြီးသောအလုပ်တစ်ခုကို ကျွန်တော့်အား ယုံကြည်စွာလာရောက်ပုံအပ်ခြင်းကြောင့် အတော်ပင်အံ့ဩသွားမိလေသည်။



**သုမန။** ။ "ထိုင်ပါဦးဗျာ။ အခုလို ကျွန်တော့်ကို ရွေးချယ်ချီးမြှင့်တာကတော့ ဟုတ်ပါပြီ။ ဝမ်းသာပါတယ်။ ဒါပေမဲ့ ကျွန်တော်က အိုင်အေတောင် မအောင်သေးဘူးဗျ။ အယ်ဒီတာဆိုတာ ဘီအေအထက်တန်းကျောင်းသားကြီးတွေ ဘာတွေသာ လုပ်ဖို့ကောင်းတယ်"

**ကိုအောင်ဆန်း။** ။ "စာပေဘက်မှာ ဝါသနာပါပြီး ရေးတတ်ဖတ်တတ်တဲ့လူကိုခန့်ရင် အကောင်းဆုံးပဲ။ ခင်ဗျားက ညိုမြကလောင်အမည်နဲ့ ဂန္ထလောကမဂ္ဂဇင်းမှာ ရေးတဲ့စာတွေကို ကျွန်တော်ကြိုက်တယ်"

**သုမန။** ။ "ကျေးဇူးပါပဲဗျာ။ နို့ပေမယ့် အိုင်အေမအောင်သေးတဲ့ ချာတိတ်ကိုခန့်ရင် တက္ကသိုလ်သမဂ္ဂကြီးတစ်ခုလုံး ဂုဏ်ငယ်သွားလိမ့်မယ်"

ထိုအချိန်က တက္ကသိုလ်မှထုတ်ဝေသော ကောလိပ်မဂ္ဂဇင်းနှင့်သမဂ္ဂမှထုတ်ဝေသော မဂ္ဂဇင်းတို့မှာ အပြိုင်အဆိုင်ဖြစ်လေသည်။ ကောလိပ်မဂ္ဂဇင်းအယ်ဒီတာကို ကျောင်းအုပ်ကြီး မစ္စတာ ဆလေ့ကိုယ်တိုင် ရွေးချယ်ခန့်ထားလေ့ရှိသဖြင့် အလိုတော်ရိသံပါလေသည်။ သမဂ္ဂမှာကား လူဆူလူပူတို့၏ စုဝေးရာအရပ်ဖြစ်၍ တော်လှန်ရေးစာပေများ မွေးထုတ်ရာဌာနဖြစ်၏။ ထိုနှစ်အဖို့ သမဂ္ဂဥက္ကဋ္ဌမှာ သခင်နုဖြစ်လေသည်။

ကိုအောင်ဆန်းမှာ ကျွန်တော်နှင့်ရွယ်တူဖြစ်သော်လည်း သူက ကျွန်တော့်ထက် တစ်တန်းမြင့်၏။ ထို့ကြောင့် သူပင် အယ်ဒီတာလုပ်ရန် ကျွန်တော်က တိုက်တွန်းလေသည်။ နောက်ဆုံး၌ သူက အယ်ဒီတာလုပ်၍ ကျွန်တော်က မဂ္ဂဇင်းမန်နေဂျာလုပ်ရန် သဘောတူညီကြ၏။ သမဂ္ဂမဂ္ဂဇင်းဟုခေါ်တွင်ခြင်းကို သူကမကြိုက်သဖြင့် နာမည်အသစ်ရွေးချယ်ကြရာ၌လည်း ကျွန်တော်က အကြံပေးသည့်အတိုင်း 'အိုးဝေမဂ္ဂဇင်း'ဟူသော အမည်ဖြင့် ထိုနှစ်မှစ၍ ထုတ်ဝေခဲ့ကြလေသည်။

**အိုးဝေမဂ္ဂဇင်း**

ကိုအောင်ဆန်းကား စာပေဝါသနာပါ၏။ သူများလို ဝတ္ထုများ၊ ကဗျာများ ရေးချင်ကြောင်း ကျွန်တော့်အား ပြောဖူးပါ၏။ သို့သော် ကျွန်ဘဝမှလွတ်မြောက်ရေးစိတ်ဓာတ်များနှင့် အထူးလွှမ်းမိုးနေသူဖြစ်ရကား ဆန်းသစ်နုယဉ်စာပေများကို ရေးသားလေ့ကျင့်ရန် အချိန်မရဘဲ သမဂ္ဂ၏ဝါဒထုတ်ပြန်ချက်ကြေညာစာတမ်းများကို ရေးရခြင်းဖြင့် အချိန်ကုန်သူဖြစ်သည်။ အိုးဝေမဂ္ဂဇင်းကို အတူတူထုတ်ကြရာတွင် အမြဲနီးကပ်စွာတိုင်ပင်နိုင်ကြရန် ကိုအောင်ဆန်းသည် ကျွန်တော်၏ ထမင်းစားပွဲသို့ ပြောင်းရွှေ့လာကာ ထိုအချိန်မှစ၍ ထမင်းအတူတူစားသောက်ခဲ့ကြလေသည်။

ထမင်းအတူစားကြရာတွင် ကိုအောင်ဆန်းမှာ ကျွဲသမှုဟင်းနှင့် တင်းတိမ်ရောင့်ရဲတတ်သည်။ အခြားသူများအတွက် ဘာမှမကျန်အောင် အစားကြီးသူ မဟုတ်ပေ။ ထိုအခါက သခင်သန်းမြင့်သည် ကုလားကျောင်းတစ်ခု၌ ကျောင်းဆရာလုပ်လျက်ရှိရာမှ ထမင်းဝဝမစားရလားမသိ၊ ကျွန်တော်တို့၏ထမင်းစားပွဲသို့ မကြာခဏလာ၍ စားတော်ခေါ်တတ်ပေသည်။ ထိုသို့ ဧည့်သည်များလာသောအခါ တရုတ်ဆိုင်မှဟင်းများ အပိုမှာယူကာ ကျွန်တော်နှင့် ကိုအောင်ဆန်းတို့က ဝေခွဲ၍ ကျွေးရစမြဲပင်။

(ဘုရားလည်းပြီး-ပြည်ကြီးလည်းပျက်)ဆိုသော စကားပုံကဲ့သို့ ကျွန်တော်တို့မှာဦး တကုပ်



www.burmeseclassic.com

www.burmeseclassic.com



ကုပ်လုပ်ကိုင်ခဲ့ကြသော အိုးဝေမဂ္ဂဇင်းထွက်လာသောအခါ တစ်ကျောင်းလုံး ပွက်လောရိုက်လျက် ရာဇဝင်တွင်သော ၁၉၃၆ ခု၊ တက္ကသိုလ်သပိတ်ကြီးမှောက်သွားတော့၏။

## ကျောင်းသားအုံကြွချိန်

ထိုနှစ်က သမဂ္ဂဥက္ကဋ္ဌရာထူးကို သခင်နုရရှိချိန်မှစ၍ (ဒီနှစ်တော့ သပိတ်မှောက်ကြလိမ့်မယ်)ဟု ကျောင်းသားအများပင် ထင်ကြေးပေးခဲ့ကြ၏။ ကျွန်ပညာနှင့် မျက်နှာဖြူဆရာများကိုလည်း အနှစ်နှစ်အလလက မုန်းတီးခဲ့ကြရာမှ ထိုနှစ်တွင် ကျောင်းသားအများ အုံပွင့်ကာ ရဲရဲပုံ့ပုံ့ အတိုက်အခံပြုလုပ်ကြချိန် ဖြစ်ပေသည်။ နယ်ချဲ့တိုက်ဖျက်ရေးမှာ နိုင်ငံရေးနယ်ပယ်မှ ကျောင်းသားလောကသို့ ကူးစက်လာ၏။ တက္ကသိုလ်၌ အလိုတော်ရိကျောင်းသားများကို အထူးအခွင့် အရေးများပေး၍ မျိုးချစ်စိတ်ရှိသော ကျောင်းသားများကို အထူးဖိနှိပ်သောစနစ်မှာလည်း တစ်နေ့တခြား ဇက်ရဲလာချိန် ဖြစ်ပေသည်၊ တက္ကသိုလ်ပညာကို မရမကဆည်းပူးလို၍ မိဘများက အထူးခြိုးခြံထောက်ပံ့ခဲ့သော ကျောင်းသားအချို့တို့မှာ လူဖြူဆရာအား (ဆာ)ဟု မထူး၍သော်လည်းကောင်း ကျောင်းတက်ရက်မမှန်ဟုဆို၍သော်လည်းကောင်း ဘာမဟုတ်သော ပြစ်ချက်တို့ဖြင့် မတရားအပြစ်ရှာကာ တစ်ချက်လွှတ် ကျောင်းထုတ်ခံကြချိန်ဖြစ်ပေသည်။ နောက်ဆုံး၌ ကျောင်းအုပ်ကြီး ဒီဂျေစလော့နှင့် အထူးမျက်မုန်းကျိုးသူ သခင်နုကိုလည်း ဆရာများကိုပုတ်ခတ်သော မိန့်ခွန်းများပြောသည်ဟုဆိုကာ ကျောင်းထုတ်လိုက်ပြန်လေသည်။ ထို့ကြောင့် ကျောင်းသားများ တလှုပ်လှုပ်တရှုရှုဖြစ်နေချိန်၌ အိုးဝေ မဂ္ဂဇင်းပေါ်ထွက်လာကာ ဒီဂျေစလော့တို့လူစုအား အပြင်းအထန်ဆော်ထည့်လိုက်ရာ တစ်ကျောင်းလုံး ဇောက်ထိုးမိုးမျှော် ဖြစ်သွားခြင်းဖြစ်လေသည်။

မှတ်မိသေးသည်။ အိုးဝေမဂ္ဂဇင်းမထွက်ခင်တစ်ရက်က ကိုအောင်ဆန်းနှင့် ကျွန်တော်တို့သည် စာပုံနှိပ်တိုက်သို့ သွားကာ စာအုပ်များအချိန်မီ ချုပ်လုပ်ပြီးစေရန် ကုလားများကို ချော့မော့လျက် ကူညီလုပ်ကိုင်ပေးကြ၏။ ညနေ ၆ နာရီလောက်တွင် အားလုံးပြီးစီး၏။ ထို့ကြောင့် ကျွန်တော်တို့နှစ်ယောက်မှာ ဝမ်းသာအားရနှင့် မကြုံစဖူး အထူးဇိမ်ခံကား တက္ကစီကားတစ်စီးငှား၍ စာအုပ်ထုပ်များတင်ဆောင်ပြီး လေညင်းခံလျက် ကျောင်းသို့ပြန်ခဲ့ကြလေသည်။ သမဂ္ဂတိုက်သို့ မဝင်မီ ကျွန်တော်တို့နှင့် အလွန်ရင်းနှီးခင်မင်သော အင်္ဂလိပ်စာပါမောက္ခ မစ္စတာရုတ်စ် အိမ်သို့ဝင်ကာ အိုးဝေတစ်အုပ်ကို ဦးဦးဖျားဖျားလက်ဆောင်ပေးကာ သူ့ထံမှ ဘိလပ်ရည်များ တောင်းသောက်ခဲ့ကြသေး၏။

ထိုကားပေါ်တွင် မဂ္ဂဇင်းစာအုပ်များတင်လျက် လေညင်းခံကာ လိုက်ပါလာသော ကိုအောင်ဆန်းနှင့် ကျွန်တော်ကား မနက်ဖြန်မဂ္ဂဇင်းထွက်လျှင် ဗုံးပေါက်ကွဲသလို တစ်ကျောင်းလုံးတစ်ပြည်လုံး ဂယက်ရိုက်သွားမည်ကို လားလားမျှမမျှော်လင့်ခဲ့ကြပေ။ ထိုမဂ္ဂဇင်းစာအုပ်များ တင်ဆောင်လာခြင်းမှာ အမှန်အားဖြင့် လုံးဝပေါက်ကွဲစေတတ်သော လက်နက်ပုန်းများကို ခိုးယူတင်ဆောင်လာသကဲ့သို့ပင် ဖြစ်လေသည်။ သို့သော် ကလောင်တည်းဟူသော လက်နက်ဖြင့် ထိုသို့ပေါက်ကွဲစေမည့်ဆောင်းပါးကို စီစဉ်ရေးသားလိုက်သော တရားခံဖြစ်သူ ကျွန်တော်ပင်လျှင် မိမိ၏လက်နက်ကြောင့် ဤမျှပြင်းထန်စွာပေါက်ကွဲလိမ့်မည်ဟု မထင်မိခဲ့ပေ။





ထိုဆောင်းပါးမှာ အင်္ဂလိပ်ဘာသာဖြင့် တိုတိုတုတ်တုတ်နှင့်နာမည်ဖွက်ကာ ရေးလိုက်သောဆောင်းပါးဖြစ်၏။ ထိုအချိန်က ကျောင်းအုပ်စလော့နှင့်ကပ်ကာ မျိုးချစ်ကျောင်းသားများကို အထူးချောက်တွန်းနေသော ဆရာတစ်ဦးအား ကျွန်တော်က ငရဲခွေးနှင့်နှိုင်းယှဉ်ကာ ပက်ပက်စက်စက်ဆော်ထည့်လိုက်ခြင်း ဖြစ်ပေသည်။

## ပေါက်ကွဲလေပြီ

ထိုဆောင်းပါးကိုရေးရာ၌ ကျွန်တော်သည် တက္ကသိုလ်တွင် ရှုပ်ထွေးနေပုံတို့ကို အတွင်းသိတစ်ဦးဖြစ်သည့်အလျောက် ကလောင်ရှင်တို့၏ ဝတ္တရားအတိုင်း ဆော်သင့်သောသူကို ထုတ်ဖော်ဆုံးမလိုက်ခြင်းဖြစ်ပေသည်။ မည်သူမျှ ကျွန်တော့်အားမြှောက်ပေးခြင်းမရှိပေ။ ကျောင်းသားနှင့်ဆရာတိုက်ပွဲတွင် သခင်နုနှင့်တကွ အများအပြားမျိုးချစ်ကျောင်းသား ၁၁ ဦးတို့မှာ ကျောင်းအုပ်ကြီး၏အာဏာပြင်းထန်မှုကြောင့် ကျောင်းထွက်ရခြင်းတည်းဟူသော ဒဏ်ရာများရရှိလျက် နေလေပြီ။ အခြားကျောင်းသားများလည်း တစ်ဗိုလ်ကျရင် တစ်ဗိုလ်တက်လမ်းစဉ်အတိုင်း စစ်ကြေညာလျက် အလှည့်ကျ ချီတက်တိုက်ခိုက်ကြရန်သာ ရှိတော့၏။ ထိုသို့ အိုးဝေမဂ္ဂဇင်းမှ တင်သွင်းလိုက်သော ထိုဆောင်းပါးမှာ ကျောင်းအုပ်ကြီးရုံးခန်းတွင် နောက်တစ်နေ့ သိုက်မြိုက်စွာပေါက်ကွဲလေသည်။

အယ်ဒီတာဖြစ်သူ ကိုအောင်ဆန်းအား မစ္စတာစလော့က ဆင့်ခေါ်စစ်ဆေးတော့၏။ ထိုဆောင်းပါးရေးသား သူကို အပြင်းအထန်အရေးယူရမည်ဖြစ်၍ ၎င်း၏အမည်ကို ထုတ်ဖော်ပြောရမည်။ မပြောလျှင် ကိုအောင်ဆန်းကို ကျောင်းမှထုတ်ပစ်လိမ့်မည်ဟု စလော့ကဆို၏။ စာနယ်ဇင်းလုံးတမ်းအရ အယ်ဒီတာလုပ်သူက ထုတ်ဖော်ပြောခွင့်မရှိသဖြင့် ထုတ်ဖော်မပြောနိုင်။ လုပ်ချင်ရာလုပ်ပါဟု ကိုအောင်ဆန်းက ဘုပြောခဲ့လေသည်။

ခေါင်ကမိုးမလုံဆိုသကဲ့သို့ ကျောင်းဆရာလုပ်သူများက မတရားလုပ်ခဲ့ကြသဖြင့် ထိုမတရားမှုများကို ပြုပြင်စေရန် ကလောင်ဖြင့် လူထုအား ရေးသားတိုင်တန်းခဲ့ရာတွင် မတရားမှုဖန်တီးသူများကို အရေးမယူဘဲ တိုင်တန်းသူကိုသာ အပြစ်ရှာတတ်ခြင်းမှာ အာဏာပိုင်တို့၏ ထုံးစံလေ့ပင်ဖြစ်ပေသည်။ ကိုအောင်ဆန်းကို ကျောင်းထုတ်လိုက်သောအခါ၌ကား ကျောင်းသားများသည် ထိုဓလေ့ဆိုးကို ကွက်ကွက်ကွင်းကွင်းကြီး သဘောပေါက်ကာ အထူးလှုပ်လှုပ်ရှားရှား မခံမရပ်နိုင်ဖြစ်ကုန်ကြတော့၏။ နောက်တစ်နေ့၌ သမဂ္ဂခန်းမကြီးတွင် မစ္စတာရာရှစ်၊ ကိုထွန်းအုံနှင့် ကိုအုံးအစရှိသော ကျောင်းသား ခေါင်းဆောင်များက မည်သို့အရေးယူသင့်ပုံကို စည်းဝေးဟောပြောကြသောအခါ ကျောင်းလုံးကျွတ်ပရိသတ်များက (သပိတ် သပိတ် မှောက် မှောက်) ဟု သံပြိုင်အော်ကြလျက် အားလုံးပင် တက္ကသိုလ်ကြီးကို စွန့်ပစ်ကာ ရွှေတိဂုံကုန်းတော်ပေါ်သို့ ပြောင်းရွှေ့သပိတ်မှောက်ခဲ့ကြသည်မှာ ရာဇဝင်၌ စာတင်ပြီးဖြစ်၍ အထူးရေးရန်မလိုတော့ပေ။

## အပြောနှင့်အရေး

ထိုအချိန်၌ သခင်နု၊ ရာရှစ်၊ ကိုအောင်ဆန်းစသော ကျောင်းသားခေါင်းဆောင်များက သပိတ်မှောက်ရန် ကျိတ်၍ကြိုးဆွဲ၊ ခြေထိုးစီမံခဲ့ကြသည်ဟု စွပ်စွဲခြင်းခံခဲ့ရ၏။ သို့သော် အမှန်အား



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကျွန်တော်တို့အချင်းချင်း ဘာမျှတိုင်ပင်ခြင်းမရှိခဲ့ပေ။ ကျောင်းသားခေါင်းဆောင်တိုင်း မိမိတို့၏ တာဝန်များကို ခပ်အေးအေးနှင့် မကြောက်မရွံ့ရှက်ဆောင်ကြရာတွင် အခြေအနေမှာလည်း အလိုလို ပင် တစ်ဆင့်ပြီးတစ်ဆင့် ကျွန်ုပ်တို့ဘက်မှ အရေးသာစေဖွယ် ဖြစ်ပေါ်လာခဲ့ရလေသည်။ ရာရှ စသော ကျန်သမဂ္ဂခေါင်းဆောင်များကလည်း တာဝန်အတိုင်း ကျောင်းသားထုကြီးထံသို့ ထို ပြဿနာကို ဆုံးဖြတ်ကြရန် ရှင်းလင်းစွာတင်ပြခဲ့၏။ ကျောင်းသားထုကြီးကလည်း အထိရောက်ဆုံး ဖြစ်သော သပိတ်လမ်းစဉ်ကို ချက်ချင်းစွန့်စားဆုံးဖြတ်ကာ တက္ကသိုလ်မှ ထွက်ခွာခဲ့ကြ၏။

ကျွန်တော်မှတ်မိသလောက်တွင် ထိုမျှအပူတပြင်းအရေးကြီးလှသော ရက်အနည်းငယ် အတွင်း၌ ကိုအောင်ဆန်းသည် ကျွန်တော့်အား ထိုအရေးတော်ပုံကြီးနှင့်ပတ်သက်၍ (အေးအေးနေ ပါ) ဟူသော စကားတစ်ခွန်းသာပြောဖူးလေသည်။ ကျွန်တော်တို့အချင်းချင်း ထို့ထက် နက်နဲရှု ထွေးသော စည်းလုံးရိုက်မှု၊ စက်ပုန်းခတ်မှုများ ဘာမျှမရှိခဲ့ချေ။ ဤမျှရှင်းလင်းပြတ်သားစွာ ခပ် အေးအေးနှင့် တစ်ခုပြီးတစ်ခု အလိုကျဖြစ်မြောက်သွားသောကိစ္စမျိုးကို ယခုတိုင်တစ်ခါမျှ မတွေ့ကြုံ ဖူးပေ။

တက္ကသိုလ်၌ အတူစား၊ အတူသွား၊ အတူတူတိုက်ပွဲဆင်လျက် လေးနှစ်ကြာမျှ ကိုအောင် ဆန်းနှင့်ပေါင်းသင်း နေထိုင်ရာတွင် ကျွန်တော်သည် အောက်ပါအဖြစ်အပျက်ကလေးများကို သတိရ မိ၏။

## ကိုအောင်ဆန်း၏ စိတ်ဓာတ်

ကိုအောင်ဆန်းကား စိတ်တိုတတ်၏။ အပြောအဆို မလိမ္မာသဖြင့် ဓာတ်သိသော သူ ရဲဘော်များမှအပ သူ့အဖို့ မိတ်ဆွေများများမရှိပေ။ သမဂ္ဂ၌လည်း သူနှင့်ဘုမကျသူဟူ၍မရှိပေ။ တစ်ခါက ရွှေတိဂုံသပိတ်စခန်းမှအပြန်တွင် ထိုနှစ်အတွက် သူ့မှာ တခြားအလုပ်ကိစ္စများရှိနေသဖြင့် သူလုပ်ရန်ရှိသော အလုပ်များကို ကျွန်တော်က လုံးဝတာဝန်ယူရန် လွှဲအပ်လေသည်။ ကျွန်တော် လည်း ထိုနှစ်အဖို့ အိုးဝေအယ်ဒီတာအဖြစ် တာဝန်ယူပြီးဖြစ်၍ နောက်ထပ်လက်မခံနိုင်ကြောင်း ပြောသောအခါ ရှုံးရှုံးရှဲရှဲလုပ်သဖြင့် ထသတ်ကြရန်ဟန်ပြင်လေသည်။ အခြားအမှုဆောင်များက ဝိုင်းဝန်းဖျန်ဖြေသဖြင့် ပြီးသွား၏။ ထိုနေ့ညနေ၌ ကျွန်တော့်အခန်းသို့ သူရောက်လာကာ သူ့ စိတ်မကောင်းဖြစ်နေသဖြင့် လွန်ကျူးမိကြောင်းကို ဝန်ချတောင်းပန်လေသည်။ သူက မတောင်း လျှင်လည်း ကျွန်တော်က အကြောင်းသိချင်းဖြစ်၍ ကျေနပ်ပြီးဖြစ်လေသည်။ သို့သော် သူ့ ကလေးသဖွယ် ဖြူစင်သောစိတ်ဓာတ်နှင့် မိမိမှားသည်ကိုသိရှိချိန်၌ အကြွေးမထားဘဲ မာန်မာန ကို လုံးဝပယ်ဖျောက်ကာ ချက်ချင်းဖွင့်ဟပြောဆိုသည်ကို ကျွန်တော်ဝမ်းမြောက်စွာနှင့် မှတ်သား ၏။ ဤကား ကိုအောင်ဆန်း၏ ချီးကျူးဖွယ်အချက်ကြီးတစ်ရပ်ပေတည်း။

ထိုနှစ်က မစ္စတာရာရှစ်သည် သမဂ္ဂဥက္ကဋ္ဌအဖြစ်နှင့် ဆောင်ရွက်ရာတွင် ၎င်းကိုကုလား ၍ မလိုမုန်းထား အပြစ်ရှာသူများ ပေါ်များခဲ့လေသည်။ တစ်ခါက စည်းဝေးပွဲတစ်ခုတွင် ရာရှစ်အား အယုံအကြည်မရှိ အဆိုသွင်းရန်စီစဉ်ကြသည်ကို ကျွန်တော်ကကြိုတင်ကြားသိလေသည်။ ထိုအ ၌ အခြားသော သပိတ်ရဲဘော် ကျောင်းသားခေါင်းဆောင်တို့မှာလည်း နယ်ထွက်နေကြ၏။ ကိုအောင်





ဆန်းမှာလည်း ဖျားနေ၍ ဆေးရုံတက်နေ၏။ ကျွန်တော်ကလည်း အရေး သမားဖြစ်ပြီး စကားမပြော တတ်၍ ထိုစည်းဝေးပွဲတွင် ဝင်ရောက်ပြောဆိုရန် မဖြစ်နိုင်ချေ။ ထို့ကြောင့် နောက်ဆုံး၌ ဆေးရုံတွင် ဖျားတိုးနေသော ကိုအောင်ဆန်းထံသို့ပင် သွားရောက်ကာ (ကိုယ့်လူ ထပါဦး၊ ခင်ဗျားမရှိရင် မဖြစ်ဘူး) ဟုဆိုကာ သူ့ကို ဆေးရုံမှသမဂ္ဂအထိ ဖက်တွဲခေါ်ဆောင်ခဲ့ရလေသည်။ သမဂ္ဂလက်ဖက် ရည်ဆိုင်ခန်းသို့ရောက်မှ ကွီနိုင်နှင့် လက်ဖက်ရည်အနည်းငယ်တိုက်ကာ စည်းဝေးရာခန်းမကြီးသို့ တက်ခဲ့ရလေသည်။ ထိုနေ့အဖို့ ကိုအောင်ဆန်းမှာ နေမကောင်းသော်လည်း ရာရှစ်၏ ကောင်း သောအချက်များကို ဖော်ထုတ်၍ အထူးလေးနက်စွာပြောဆိုရာတွင် အတိုက်အခံလူစုက ၎င်းတို့ အဆိုကို ရုပ်သိမ်းသွားကြလေသည်။ ကိုအောင်ဆန်းသည် ရဲဘော်လူကောင်းများအတွက် မယိမ်း မယိုင်ထောက်ခံကူညီတတ်ခြင်း၊ မိမိကျန်းမာရေးကို ဂရုမစိုက်ဘဲ တာဝန်ရှက်ဆောင်ခြင်းတို့မှာ ကျောင်းသားဘဝ၌ပင် ထင်ရှားခဲ့လေသည်။

## ထောင့်မကျိုးလို့

ရာရှစ်၏ ဥက္ကဋ္ဌသက်တမ်းကုန်ဆုံးခဲ့ပြီးနောက် ဥက္ကဋ္ဌသစ်ရွေးချယ်ရန် အချိန်ကျရောက်ခဲ့ ရာတွင် ဒုတိယဥက္ကဋ္ဌ ဖြစ်သူ ကိုအောင်ဆန်းကို ထုံးစံအတိုင်း တင်မြှောက်ကြရန်ပင်ဖြစ်လေသည်။ သို့သော် ထိုအချိန်၌ သူ့အားအမှုဆောင်အဖွဲ့၌ ထောက်ခံသူမှာ ကျွန်တော်တစ်ယောက်သာရှိလေတော့ ၏။ အဘယ်ကြောင့်ဆိုသော် သူ့အား ထောင့်မကျိုးသူဖြစ်၍ သူရသင့်ရထိုက်သောနေရာတွင် ကိုဘဂျမ်း (ယခု ဝန်ကြီး)အား ရွေးချယ်တင်မြှောက်လိုက်ကြလေသည်။ ဦးထွန်းအုံ၊ ဦးလှရွှေ၊ ကိုသိန်း ဖေ၊ ကိုဗဟိန်းစသည်တို့က သူ့အား တစ်နှစ်လောက်စောင့်ဆိုင်း၍ ပေါင်းသင်းဆက်ဆံရေးလေ့လာ ရန် ပြောဆိုခဲ့ကြလေသည်။ ကိုအောင်ဆန်းသည် သူငယ်ချင်းများ၏ဆုံးမချက်ကို ဘာမျှပြန်မပြောဘဲ ငြိမ်ကမ်းသေဝပ်စွာ ကြိုးစားလိုက်နာခဲ့ပေသည်။ နောင်တစ်နှစ်တွင် ထိုသို့ အများ၏ဆန္ဒကိုမသွေ မဖည်လိုက်နာတတ်သောအရည်အချင်းကိုပင် အထူးထုတ်ဖော်ချီးကျူးကာ ကိုအောင်ဆန်းကို တစ်သံလုံးက ဥက္ကဋ္ဌအဖြစ် ရွေးချယ်လိုက်ကြလေသည်။

## ကိစ္စမရှာသို့

ထိုနှစ်အတွင်း တစ်ညနေတွင် ကိုအောင်ဆန်းနှင့်ကျွန်တော်သည် သထုံ ကျောင်းဆောင် ရှေ့၌ လမ်းလျှောက် လျက်ရှိကြစဉ် သူက ရုတ်တရက် “ကိုယ့်လူ၊ ကိုယ်တော့သွားတော့မယ်၊ ကျောင်းထွက်ပြီး နိုင်ငံရေးထဲကို ခြေစုံပစ်ဝင်တော့မယ်” ဟု ပြော၍ သခင်ပါတီသို့ဝင်ကာ တကယ့် တိုက်ပွဲများတွင် ဝင်နွှဲတော့မည်ဖြစ်ကြောင်းများကို ပြောလေသည်။ သူက ထိုသို့ပြောပြနေစဉ် ကျွန်တော်သည် အထူးဝမ်းနည်းလာ၏။ ကျွန်တော်တို့ သူငယ်ချင်းများ လေးနှစ်ကြာမျှ ဥမကွဲ သိုက်မပျက် နေထိုင်အလုပ်လုပ်ခဲ့ကြသည်မှာ ကမ္ဘာကလေးတစ်ခုကဲ့သို့ပင် မှတ်ထင်ကာ ထိုကမ္ဘာ ငယ် မည်သည့်အခါမျှ ပျက်မည်မဟုတ်ဟူ၍ မှတ်ထင်နေခဲ့ကြ၏။ သို့သော် အချိန်သည် ကုန်ခန်း ၏ ကုန်ဆုံးခဲ့၍ ကိုအောင်ဆန်းကား ဘီအေအောင်ပြီးဖြစ်လျက် ကျွန်တော့်အဖို့လည်း ထိုနှစ်မှာ နောက်ဆုံးနှစ်ပင်ဖြစ်ကြောင်းကို သတိရလေသည်။

www.burmeseclassic.com



ကျွန်တော်တို့နှစ်ဦး ရင်းနှီးခင်မင်စွာ သွားအတူ လာအတူနေထိုင်ခဲ့ကြသော လေးနှစ်ရာသီ ခေတ်ကလေးကား ကုန်ဆုံးလေပြီ။ လောကတွင် အပျော်ဆုံး၊ အရွှင်ဆုံး၊ အရူးဆုံး၊ အမိုက်ဆုံးဖြစ်သော ကျောင်းသားဘဝကား ဆုံးခန်းတိုင်လေပြီ။

ကျွန်တော်က စိတ်ဓာတ်မွန်မြတ်စွာ တိုင်းပြည်အတွက်စွန့်စားရန်အမိဋ္ဌာန်ကို ချီးကျူးမိ သော်လည်း သူ့အတွက် စိုးရိမ်မကင်းရှိမိပုံကိုပြောပြ၏။ "နိုင်ငံရေးလောကဟာ သိပ်ပြီးရှုပ်တယ်၊ ဆိုးတယ်။ ဒီမှာဆိုရင် ကျွန်တော်တို့အချင်းချင်း ခင်ဗျားကို နားလည်တယ်။ အစစအရာရာမှာ သူငယ်ချင်းတွေမို့ ခင်မင်ယုယရှိကြတယ်။ နိုင်ငံရေးထဲကို ခြေစုံပစ်ဝင်ရင် ခြေထိုးတာတွေ ကြမ်းတမ်း ယုတ်မာတာတွေနဲ့တွေ့ပြီး နေရာတကာ ခင်ဗျားပဲ ဒုက္ခရောက်စရာတွေများတယ်ဗျ။ ခင်ဗျားကလည်း ငယ်သေးတယ်"ဟု ကျွန်တော်က ပြောမိလေသည်။ ဗိုလ်ချုပ်ကား ဆည်းဆာချိန် ကောင်းကင်သို့ မော်ကြည့်လျက် "အမေ့အတွက်လည်း ဘာမျှကျေးဇူးမဆပ်ရသေးဘူး။ လခစားလုပ်ဖို့ကိုလည်း စိတ်မရှိတော့ဘူး။ ဘာပဲဖြစ်ဖြစ်လေ သွားမယ့်လမ်းကို သွားရမှာပဲ"ဟု လွမ်းစိတ်နှင့်အမိဋ္ဌာန်စိတ်များ ရောပြွမ်းကာ အသံခပ်မာမာနှင့်ပင် ပြောလေသည်။

"သွားတော့မယ်"ဟု သူကပြောလိုက်သဖြင့် ကျွန်တော့်အဖို့ ထိုသမဂ္ဂကမ္ဘာကလေးနှင့် တကွ တိုတောင်းလှသော တက္ကသိုလ်ကျောင်းသားခေတ်ကလေးကို ကားလိပ်ချလိုက်သလို ဖြစ်သွား တော့၏။ ။

[အိုးဝေမဂ္ဂဇင်း၊ အတွဲ ၁၀၊ ၁၉၅၁]



# ကျွန်တော် ငရဲခွေးဆောင်းပါးရေးစဉ်က

ညိုမြ

[၁]

၁၃၃၀ ခုနှစ် လပြည့်နေ့ထုတ် အိုးဝေဂျာနယ်မှာ ဦးနုရဲ့သဝဏ်လွှာတစ်ခု ပါရှိခဲ့သည်၊ အောက်ပါအတိုင်း. .

ညီလေး ညိုမြ

**တနယ်ဇင်းလုပ်ငန်းဟာ မင်းကို သိပ်အကျိုးပေးတယ်၊ ကျောင်းသားဘဝက (Hell hound at large)ဆိုတဲ့ဆောင်းပါးတိုကလေးတစ်ခုတည်းနဲ့ တက္ကသိုလ်လောကမှာအညတြ ဘဝက ကျော်ဇောထင်ရှားတဲ့ဘဝကို မင်း ရောက်ခဲ့ရတယ်၊ သတင်းစာထောင်ပြန်တော့ လည်း မရပ်မနားရိုက်နေတဲ့စက်တွေဟာ ကျိုးရတဲ့အထိ မင်းသတင်းစာဟာ လူကြိုက်များ ခဲ့ရတယ်၊ အခုဂျာနယ်ထုတ်ပြန်တော့လည်း နှိပ်သမျှရောင်းမလောက်ဘူးလို့ကြားရတယ်၊ တများကြီးဝမ်းသာတယ်၊ မင်းနဲ့ငါဟာ တက္ကသိုလ်မှာ ရင်းရင်းနှီးနှီး ပေါင်းခဲ့တယ်၊ ၁၉၃၆ ခုနှစ် တက္ကသိုလ်သပိတ်အတွင်းကလည်း အတော်ရင်းရင်းနှီးနှီးပေါင်းသင်းခဲ့ရတယ်၊ အဲဒီ အခါတွေတုန်းက မင်းကိုတွေ့ရတိုင်း ငါကြားဖူးတဲ့ဒဏ္ဍာရီကလေးကို ငါပြေးပြီးသတိရ တယ်၊ ဒီဒဏ္ဍာရီက ဒီလို၊ အရပ်တစ်ရပ်မှာ သိပ်ပျင်းတဲ့သူဌေးသားတစ်ဦးရှိတယ်၊ ဖခင် လူဌေးကြီးဟာ တစ်နေ့တျတော့ သူ့သားနဲ့ အပျင်းပြိုင်လို့နိုင်တဲ့လူကို ဆုငွေ တစ်ထောင် ပေးမယ်လို့ ကြေညာလိုက်တယ်၊ ဒီသတင်းကြားရတဲ့ မောင်ပျင်း မယ်ပျင်းတွေဟာ သူဌေး**

www.burmeseclassic.com

www.burmeseclassic.com



**သားနှင့် အပျော်ပြိုင်ရအောင် သူ့သားကိုခေါ်တဲ့အခါ သူ့သားဟာ အိပ်ရာပေါ်က မထဘဲ (အပျော်ပြိုင်ရမှာ ပျင်းတယ် ဖေဖေ)လို့ ပြောပြီး ပြန်အိပ်သွားတယ်။**

**ဒါပေမဲ့ မင်းနဲ့ငါအလှမ်းဝေးသွားတာအတော်ကြာပြီ၊ အဲဒီ အလှမ်းဝေးနေတဲ့ အချိန်အတွင်းမှာ မင်းဟာ အများကြီးပြုပြင်ပြောင်းလဲသွားပြီလို့ငါမျှော်လင့်တယ်။ ပြုပြင်ပြောင်းလဲပါစေလို့လည်း ငါအများကြီးဆုတောင်းပါတယ်၊ အခုလို ဂျာနယ်မှာသာ ရပ်မနေဘဲ မင်းအင်မတန်စိတ်ဝင်စားတဲ့ အိုးဝေဂျာနယ်သတင်းစာကြီးထွက်ပေါ်လာတဲ့အထိ ဆောင်ရွက်ပါစေလို့ အထူးဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ (ပုံ) မောင်နု**

**၁၊ ၁ဝ၊ ၆ဝ။**

အထက်ပါ ဦးနုရဲ့ သဝဏ်လွှာနှင့်ပတ်သက်ပြီး ကျွန်တော်က (အယ်ဒီတာ၏ မှတ်ချက်) အနေဖြင့် ပြန်ကွန့်ရာမှာ အောက်ပါအချက်ပါရှိခဲ့တယ်။ ကိုကြီးနုရေးခဲ့တဲ့ (ငါးနှစ်ရာသီ မြန်မာပြည်) စာအုပ်မှာ အစိုးရလျှို့ဝှက်ချက်များနှင့်ပတ်သက်လို့ အင်မတန်နှုတ်လုံရတယ်။ ဒါကြောင့် ဝန်ကြီးများစည်းဝေးပွဲမှာ ကြားသိခဲ့ရတဲ့ (ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီ)ဆိုတဲ့သတင်းကိုတောင် အိမ်က [illegible] ဇနီးသည် ဒေါ်မြရီကို ပြောသင့်မပြောသင့် ချီတုံချတုံဖြစ်မိပုံများ ရေးသားပါရှိတယ်၊ ယခု ကိုကြီးနုက အိုးဝေကို ချီးမြှင့်ဆောင်းပါးမှာ ကောလိပ်သပိတ်မှောက်ချိန်က ငရဲခွေးကိစ္စကို ရေးသူဟာ [illegible] ညိုမြလို့ ထုတ်ဖော်ထားတယ်။ ဟိုတုန်းက ဗိုလ်ချုပ်အောင်ဆန်းက ဖွင့်မပြောဘဲ ရေငုံခဲ့တဲ့ကိစ္စမှာ ကိုကြီးနုက ခုတော့ ဖွင့်ပြောနေပြီကိုး၊ ဟဲ ဟဲ။ အခုလို ကိုကြီးနုကို ကလိတာကတော့ အ[illegible] မဟုတ်ဘူး။ နှစ်ပရိစ္ဆေဒများ ကြာညောင်းခဲ့ပြီမို့ ဖွင့်ပြောရင်လည်း အရေးမကြီးတော့တဲ့ကိစ္စတွေ အစိုးရလျှို့ဝှက်ချက်တွေကို အိုးဝေဂျာနယ်မှာ (ငါးနှစ်ရာသီ နောက်ဆက်တွဲ)အနေဖြင့် အပ[illegible] ရေးသားပေးစေချင်လို့ပါပဲ။ ကိုကြီးနု ကျန်းမာချမ်းသာပါစေ။ (ပုံ) ညို[illegible]

ဗိုလ်ချုပ်အောင်ဆန်းက ဖွင့်မပြောဘဲရေငုံခဲ့တဲ့ကိစ္စမှာ ကိုကြီးနုက ခုတော့ ဖွင့်ပြောနေပြီကိုး ဟဲ ဟဲ ဆိုတဲ့ ကလိချက်ဟာ အမှန်မှာ ၁၉၃၆ ခုနှစ် တက္ကသိုလ်သပိတ်ဖြစ်ရပ်တစ်ခုရဲ့ သမိုင်းအတိုချုပ်လို ဖြစ်နေပါတယ်။ ထိုအချိန်တုန်းက တက္ကသိုလ် သမဂ္ဂအမှုဆောင်အဖွဲ့မှာ ဥက္ကဋ္ဌက ဦးနု၊ ဒုဥက္ကဋ္ဌက ဦးရာရှစ်၊ ဝါဒဖြန့်ချိရေးဌာနမှာ အယ်ဒီတာက ကိုအောင်ဆန်း (ဗိုလ်ချုပ်)၊ အတွင်းရေးမှူးက ကျွန်တော် ညိုမြတို့ဖြစ်ကြပေတယ်။ ၁၉၃၆ ခုနှစ် သပိတ်ဖြစ်ပေါ်စေတဲ့ အဓိက တရားခံလေးဦးဟာ အဲဒီလူတွေပါပဲ။

(မိုး ဘာကြောင့်ရွာရတယ် ဖားအော်လို့ရွာရတယ်)ဆိုသလို အကျိုးနှင့်အကြောင်း ကွင်းဆက်တွေ ရှိစမြဲပေါ့။

အကြောင်း(၁) ကတော့ အဲဒီနှစ်က ဦးနုကို ကျောင်းထုတ်ပစ်လိုက်တယ်။ ကျောင်းသား အနေဖြင့် ကျောင်းကိစ္စတွေမှာ ဦးဆောင်ရုံသာမဟုတ်ဘဲ နိုင်ငံရေးမိန့်ခွန်းတွေပြောလို့တဲ့၊ ပြင်ပ ဆန္ဒပြပွဲတွေမှာ ပါဝင်လို့တဲ့။ ဦးနုကို ဒါမျိုးတွေ ဘာကြောင့် လုပ်လဲမေးရင်(လွတ်လပ်ရေးလိုချင်လို့ပါ)လို့ ပြောမှာပဲ။ မိုးရွာအောင် ဖားအော်တယ်ပေါ့။





အကြောင်း(၂) ကတော့ အဲဒီနှစ်က (အိုးဝေ)လို့ စတင်နာမည်ပြောင်းပြီး ထုတ်ဝေတဲ့ တက္ကသိုလ် သမဂ္ဂမဂ္ဂဇင်းမှာ ကျွန်တော်က. . .

**(ငရဲခွေးကြီးလွတ်ပြေးနေသည်)**ဆိုတဲ့ ဆောင်းပါးကို ရေးထည့်လိုက်တယ်။ အဝီစိအာဏာပိုင် (ယမမင်း)ရဲ့ ထုတ်ပြန်ကြေညာချက်တစ်ရပ်အနေဖြင့် ရေးလိုက်ခြင်းပဲ။ အင်္ဂလိပ်လိုရေးတဲ့ အဲဒီဆောင်းပါးတိုကလေးရဲ့ အဓိပ္ပာယ်ကတော့ နယ်ချဲ့လက်ကိုင်တုတ်အဖြစ်နှင့် အဝီစိကိုကျရောက်လာတဲ့ ခွေးနက်ကြီးတစ်ကောင်ဟာ ငရဲပြည်က လွတ်ပြေးသွားတယ်။ အဲဒါ သတိပြုကြပါ။ အထူးသဖြင့် တက္ကသိုလ်နယ်မြေမှာ သောင်းကျန်းနေတယ်။ သူ့ကိုတွေ့ရင် ငရဲပြည်ကို ပြန်ပို့လိုက်ကြပါတဲ့။ အတိုချုပ်ကတော့ ဒါပါပဲ။ အဖွဲ့အနွဲ့အစောင်းအထေ့များဖြင့် တန်ဆာဆင်ပြီး တက္ကသိုလ် အာဏာပိုင်များကို တအားပစ်ထုလိုက်တဲ့ နာနတ်သီးကလေးလိုပါပဲ။ နာနတ်သီးနှင့် ဘာကြောင့်ထုရလဲလို့ မေးရင် သမဂ္ဂဥက္ကဋ္ဌကို ကျောင်းထုတ်ပစ်လို့ပေါ့။ အသင်းအဖွဲ့ တစ်စုံတစ်ရာထိပါးရင် အဲဒီအဖွဲ့ရဲ့ ပြန်ကြားရေးဌာနက ဖြေရှင်းခြင်း၊ ပြန်အုပ်ခြင်းများကို လိုအပ်သလို ဆောင်ရွက်ရတယ် မဟုတ်လား။ ကျွန်တော်ကလည်း ဟိုအချိန်က တက္ကသိုလ်သမဂ္ဂ ပြန်ကြားရေးဌာနမှာ အတွင်းရေးမှူး မဟုတ်ပါလား။ အဖွဲ့မှာ ကျွန်တော်က ကလောင်ကိုင်ဖြစ်နေတော့ ရေးစရာရှိရင် ကိုယ့်တာဝန်ပဲပေါ့။ ဘယ်သူ့ကိုမှ လွှဲချလို့မရဘူး။ နှာစေးနေလို့ မဖြစ်ဘူး။ သမဂ္ဂအဖွဲ့မှာ ဥက္ကဋ္ဌတစ်ယောက်လုံးကို ကျောင်းထုတ်ခံရပြီးမှ သမဂ္ဂပြန်ကြားရေးဌာနက ဘာမှပြန်ရေးဖော်မရဘဲ တုံဏှိဘာဝေနေမယ်ဆိုရင် မခက်ပါလား။ မခေပါလား။

အကြောင်း(၃) ကတော့ ကျွန်တော့်လက်ရာပါရှိတဲ့ အိုးဝေမဂ္ဂဇင်းထွက်ပေါ်လာချိန်မှာ ကျောင်းအုပ်ကြီး မစ္စတာစလော့က ကိုအောင်ဆန်း (ဗိုလ်ချုပ်)ကို ခေါ်ပြီး ငရဲခွေးကြီးဆောင်းပါးရှင် (ယမမင်း)ဆိုတာ ဘယ်သူလဲလို့ မေးတယ်။ ကိုအောင်ဆန်းက တာဝန်ခံအယ်ဒီတာပေကိုး။ ဒီတော့ ကိုအောင်ဆန်းက (စာနယ်ဇင်းလောကမှာ ထုံးတမ်းစဉ်လာအရ အဲဒီလိုမေးခွန်းမျိုးကို ဖြေရှင်းလေ့မရှိဘူး။ အရေးယူချင်ရင် ကျွန်တော့်ကိုပဲ အရေးယူပါ)လို့ ပြန်ပြောခဲ့တယ်။ ဒါကြောင့် မကြာမီ သူ့ကိုလည်း ကျောင်းထုတ်ပစ်ပြန်ရော။

အကြောင်း(၄)က အဲဒီလို ဦးနုရော၊ ကိုအောင်ဆန်းရော ကျောင်းထုတ် ပြီးချိန်မှာ တစ်ဗိုလ်ကျ တစ်ဗိုလ်တက်ဆိုသလို သမဂ္ဂဒုဥက္ကဋ္ဌဖြစ်သူ ဦးရာရှစ်က ခေါင်းဆောင်တာဝန်များကို ခံယူတယ်။ ကျောင်းသားထုစည်းဝေးပွဲကြီး ကျင်းပတယ်။ သပိတ်မှောက်ဖို့လှုံ့ဆော်တယ်။ သပိတ်မှောက်တော့လည်း ရှုပ်ရှုပ်ချွံချွံ ခေါင်းဆောင်မှုပေးခဲ့တယ်။ အဲဒီအဓိကသပိတ်တရားခံလေးဦးဟာ ၁၉၃၆ ခုနှစ် တက္ကသိုလ် သပိတ်အရေးတော်ပုံရဲ့ လျှမ်းလျှမ်းတောက်ဇာတ်လိုက်ကြီးတွေလို့ မဆိုလိုပါဘူးခင်ဗျာ။ မျက်နှာ?တက်စည်တီးဝါကြွားခြင်း မဟုတ်ပါခင်ဗျာ။ ဖြစ်ပုံဖြစ်ရပ်ကို အရှင်းဆုံးနားလည်နိုင်အောင်သာ ?ောင်ပြခြင်းပါ။ အမှန်မှာ အဲဒီတရားခံလေးဦးဟာ စစ်ဦးဘီလူးဆိုသလို ပွဲဦးထွက်ဇာတ်ကောင်များ ?မှာ ဖြစ်ပါတယ်။

ဒီ့ပြင်မှာဆိုရင် သပိတ်မှောက်ကောင်စီမှာပါဝင်တဲ့ကိုကျော်ငြိမ်း (အတွင်းရေးမှူး)၊ ကိုအုန်း၊ ကိုသိဟန်၊ ကိုလှဖေ (ဗိုလ်လက်ျာ)၊ ကိုထွန်းအုန်၊ ကိုထွန်းတင်၊ တီကေဘွန်း၊ ကိုအေးချို၊ ကိုသန်းတင်၊ ကိုသာလှစသည်ဖြင့် ကောလိပ်ဇာတ်ကောင်တွေ အများကြီးပါပဲ။ စွန့်စားခန်းမှာဆိုရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ထက်ပိုပြီး အဆင်းရဲခံရတဲ့ ကျောင်းသားတွေ တစ်ပုံကြီးပါပဲ။ သူတို့က နေပူကျဲကျဲ ကတ္တရားစေးလမ်းပေါ်မှာ လှဲအိပ်ပြီးသပိတ်တားတယ်။ ဟိုခေတ်က ပေါ်ကြော့တွေလို့ ယူဆကြတဲ့ တက္ကသိုလ်ကျောင်းတော်သားတွေဟာ အဲသလို ပလက်ဖောင်းသူတောင်းစားများနှင့်မခြား ဆန္ဒပြခဲ့ ကြသဗျ။ ဒို့ပြင်လည်း အမြို့မြို့အနယ်နယ်မှာ ပြိုင်တူသပိတ်မှောက် ဆန္ဒပြတဲ့ ဟိုက်စကူးကျောင်း သား ညီငယ်များလည်း ထောင်သောင်းပါပဲ။ သူတို့အားလုံးဟာ အလေးပြုထိုက်တဲ့ ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ် ဇာတ်လိုက်တွေချည်းပါပဲ ခင်ဗျား။ ဒို့ပြင်လည်း တက္ကသိုလ်ကျောင်းသူတွေ အများကြီးပါကြသဗျ။ မအုံးတို့၊ မအမာတို့၊ မခင်မြတို့၊ မမကြီးတို့စသဖြင့်ပေါ့။ ဟိုအချိန်က ကျွန်တော်တို့ သီဆိုခဲ့ကြတဲ့ သပိတ်သီချင်းဟာ သူတို့ကျောင်းသူများရဲ့ လက်ရာပေပဲ။ "ကျွန်စိတ် မွေးတဲ့ တက္ကသိုလ်ပါ။ မနေလိုလို့ ထွက်ခဲ့တာ တို့တစ်တွေညီညာရုံးစုကာ ရွှေတိဂုံပေါ်မှာ"

[ ၂ ]

ဟိုခေတ်က သပိတ်မှောက်ရာမှာ ပါဝင်ခဲ့သူ စာရေးဆရာ ကိုဌေးမြိုင် ခေါ် ဒဂုန်တာရာက ကိုအောင်ဆန်းနှင့် ကျွန်တော့်အကြောင်းကို စစ်ပြီးခေတ်မှာ သရုပ်ဖော်ဆောင်းပါးစာရေးဖူးပါတယ်။ ကိုအောင်ဆန်းကိုတော့ (အောင်ဆန်း သို့မဟုတ် အရိုင်း)တဲ့။ ကျွန်တော့်အကြောင်းကိုတော့ (ညိုမြ ခေါ် မတုန်မလှုပ်ကျောက်ရုပ်)တဲ့ဗျ။ သခင်ကိုယ်တော်မှိုင်းပြောဖူးတဲ့ ပုံပြင်တစ်ခုမှာ ဆိတ်နှင့်ရွှေ အဆွေခင်ပွန်းဖွဲ့ပြီး အစာရှာထွက်ကြသတဲ့။ အဲသလိုပဲ။ ရန်ကုန်တက္ကသိုလ်မှာ အရိုင်းအောင်ဆန်း နှင့် ကျောက်ရုပ်ညိုမြတို့ ဆုံတွေ့ကြပြီး အိုးဝေမဂ္ဂဇင်းလုပ်ကြရာက သပိတ်မှောက် (ဝါ) ငါးပါးမှောက် ကုန်တယ်လို့ ဆိုချင်ဆိုနိုင်ပါတယ်။

ကိုအောင်ဆန်းဟာ အရိုင်းခွစာကျောင်းသားတစ်ဦးပါပဲ။ ဒါပေမဲ့ (There is method in his madness)ဆိုသလို သူ့အရိုင်းဘဝဟာ ရည်ရွယ်ချက်နှင့်မှီမခေပါဘူး။ ကျွန်တော် ၁၉၃၄ ခုနှစ် လောက်က သူနှင့်စတင်သိရှိချိန်မှာ သူက သမဂ္ဂအမှုဆောင်အဖွဲ့ဝင်ဖြစ်နေပြီး သူက ဘီအေအော တန်းမှာ ကျွန်တော်က အိုင်အေအထက်တန်း။ ထိုအချိန်က ကျွန်တော်ဟာ ချာတိတ်ကျောင်းသားဖြစ် သော်လည်း ထမင်းစားရာမှာတော့ ကျူတာကြီးများဖြစ်တဲ့ ဆရာဇော်ဂျီတို့၊ ဆရာမင်းသုဝဏ်တို့နှင့် တစ်စားပွဲတည်းစားတယ်။ အဲဒီဆရာတွေက ကျွန်တော့်အစ်ကို တင်ထွဋ်၊ ကိုစိုးတင့်တို့ရဲ့ မိတ်ဆွေ တွေမို့ပါ။ တစ်ခါက ကျွန်တော်တို့ ညစာထမင်းစားအပြီးမှာ မင်းသုဝဏ်ရဲ့အခန်းထဲမှာ လေပန်းနေ ကြတယ်။ အဲဒီမှာ ကိုအောင်ဆန်း ရုတ်တရက်ဝင်လာပြီး

"ဒီနှစ် သမဂ္ဂမဂ္ဂဇင်းကို ကိုညိုမြက အယ်ဒီတာ လုပ်စေချင်တယ်"

"ဟောဗျ ဘယ်နှယ့်ဟာတုံး၊ ကျွန်တော် ငယ်ပါသေးတယ်၊ မလုပ်ပါနှင့်"

"ဂန္ထလောကမဂ္ဂဇင်းမှာ ခင်ဗျားရေးတာတွေကို ကျွန်တော် အမြဲဖတ်ပါတယ်။ ခင်ဗျား အယ်ဒီတာလုပ်ရင် ကောင်းမယ်"

"အယ်ဒီတာဆိုတာ ကျောင်းသားကြီးတွေသာ လုပ်စမြဲပါ။ ကျွန်တော်က အိုင်အေတောင် မအောင်သေးဘူး"

"ခက်တယ်ဗျ၊ ဒီနှစ်သမဂ္ဂအဖွဲ့က ကျွန်တော့်ကို ဝါဒဖြန့်ချိရေးမှူးတာဝန် ပေးထားတယ်။



မဂ္ဂဇင်းကိုလဲ ကျွန်တော်ပဲ ကိုင်ရမယ်။ ကျွန်တော်က မိန့်ခွန်းတို့၊ ပြန်တမ်းတို့ ရေးတတ်ပါရဲ့။ ဒါပေမဲ့ အနုစာပေတော့ မလုပ်တတ်ဘူး။ ခင်ဗျားနှင့် ဝိုကိုက်တယ်"

"ချာတိတ်ကို အယ်ဒီတာမြှောက်တော့ သမဂ္ဂမှာဂုဏ်ငယ်မှာပေါ့။ ကောလိပ်မဂ္ဂဇင်းနှင့် ပြိုင်ရာမှာ အပြမကောင်းဘူးပေါ့ . . ."

"ကြီးတာ၊ ငယ်တာထက် ကောင်းတာလိုရင်းပါ"

"ကိုင်း . . . ခင်ဗျား ဒီလိုလုပ်ပါ။ ကိုအောင်ဆန်းက ဘီအေတန်းရောက်နေပြီမို့ ဒီနှစ်တော့ ခင်ဗျားပဲ အယ်ဒီတာလုပ်ပါ။ ကျွန်တော်က မဂ္ဂဇင်းအဖွဲ့မှာ အတွင်းရေးမှူးလုပ်မယ်။ အယ်ဒီတာ လုပ်စေချင်တယ်ဆို ရှေ့နှစ်ခါ လုပ်တာပေါ့"

အဲသလိုနှင့် ကျွန်တော်နှင့်ကိုအောင်ဆန်းတို့ အပေးအယူဖြောင့်သွားတယ်။

အရိုင်း သို့မဟုတ် အောင်ဆန်းဟာ စည်းရုံးရေးမှာ သူ့နည်းသူ့ဟန်နှင့် မခေပါဘူး။ ကျွန်တော်လည်း အဲသလို သူကလာပြီး ချောဆွဲတာနှင့် သမဂ္ဂအဖွဲ့ထဲကို စတင်ရောက်သွားတယ်။ အဲသလို လုပ်ဖော်ကိုင်ဖက်ဖြစ်ရာက နောက်တော့ ကိုအောင်ဆန်းဟာ ကျွန်တော်တို့ထမင်းစားပွဲကို ပြောင်းလာပြီး အတူစားကြတယ်။

ရန်ကုန်တက္ကသိုလ်မှာ မဂ္ဂဇင်းနှစ်စောင်ရှိခဲ့တယ်။ ကောလိပ်မဂ္ဂဇင်းနှင့် သမဂ္ဂမဂ္ဂဇင်းပါပဲ။ ကောလိပ်မဂ္ဂဇင်းက ငွေအားပိုကောင်းတယ်။ တစ်ကျောင်းလုံးနှင့်ဆိုင်လို့ အစောင်ရေ သုံးထောင် လောက်ထုတ်ရတယ်။ ရန်ပုံငွေလည်း ၃၀၀၀ ရှိတယ်။ အယ်ဒီတာကို ကျောင်းအုပ်ကြီး ရွေးချယ်ခန့် တယ်။ ဒါကြောင့် အလိုတော်ရိမဂ္ဂဇင်းပေါ့။ သမဂ္ဂမဂ္ဂဇင်းကတော့ အသင်းဝင်ရှိသလောက်ပဲထုတ်ဝေ တယ်။ သမဂ္ဂအဖွဲ့ထဲကို တစ်ကျောင်းလုံးဝင်လေ့မရှိဘူး။ ဒါကြောင့် အသင်းဝင် ၅၀၀ ရှိတယ်ဆို လျှင် မဂ္ဂဇင်းရန်ပုံငွေ ၅၀၀ ပဲ ရှိတယ်။ အယ်ဒီတာကို သမဂ္ဂအမှုဆောင်အဖွဲ့က ခန့်တယ်။

သမဂ္ဂအသင်းဆိုတာ လူဆူတွေ၊ ခွစာတွေ စုရုံးရာအရပ်မို့ သူတို့မဂ္ဂဇင်းကတော့ အာဘော် မပေါ့။ ဥပမာဆိုရင် ကောလိပ်မဂ္ဂဇင်းက ပညာရေးဝန်ကြီး အတ္ထုပ္ပတ္တိကို ဦးစားပေးပြီးထည့်မယ်။ ကိုအောင်ဆန်းနှင့် ကျွန်တော်တို့ပူးတွဲလုပ်တဲ့နှစ်မှာတော့ (တက္ကသိုလ်နယ်မြေ၏ လေးစားထိုက်သော ပုဂ္ဂိုလ်ကြီးများ) ဆိုတဲ့ခေါင်းစဉ်နှင့် (၁) မြက်ရိတ်တဲ့ မာလီကုလားကြီးပုံ၊ (၂) သမဂ္ဂ ဒရဝမ် ဦးကံသိန်း ပုံတွေကို သမဂ္ဂစာစောင်က ဦးထိပ်ထားတယ်။ ဒါကြောင့် သမဂ္ဂမဂ္ဂဇင်းဟာ အစိုးရက အာမခံငွေ တောင်းတဲ့ အတိုက်အခံစာနယ်ဇင်းစာရင်းမှာ အမြဲပါဝင်တယ်။

ကိုအောင်ဆန်းက သမဂ္ဂမဂ္ဂဇင်းကို နာမည်ပြောင်းချင်တယ်။ မျက်နှာဖုံးမှာ အမြဲသုံးခဲ့တဲ့ နာမည်က (ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂအသင်း မဂ္ဂဇင်း)လို့ ဆိုတော့ အဲဒါကို သူက အင်မတန်ရှည်လျားလွန်းတယ် ထင်တယ်။ ဒါကြောင့် ကျောင်းသားများက နာမည်သစ်ပေးကြဖို့ ဖိတ်ခေါ်လိုက်တယ်။ ရောင်နီတို့၊ ရောင်ဖြူတို့ ရောင်ခြည်သစ်တို့ စသဖြင့် အမျိုးမျိုးအကြံပေးကြ တာကို သူက တစ်ခုမျှမကြိုက်ဘူး။ ဒါကြောင့် နောက်ဆုံးမှာ ကျွန်တော်က အသည်းထဲမှာ လျှို့ဝှက် သိမ်းဆည်းထားတဲ့ နာမည်တစ်ခုကို သူ့ထံဖွင့်ပြောခဲ့တယ်။

"ဒီမှာ ကိုအောင်ဆန်း ကျွန်တော် မန္တလေးမှာ ကျောင်းနေတုန်းက (ဒေါင်းယာဉ်ပျံ)ဆိုတဲ့ စာပင်သမီး ကလေးတစ်ယောက်ကို သဘောကျဖူးတယ်။ သူကတော့ ကျွန်တော်တို့နှင့် ရွယ်တူ

www.burmeseclassic.com

www.burmeseclassic.com



လောက်ပါပဲ။ လေဘာတီမမြရင်လို အစ်မကြီးအရွယ်လဲ မဟုတ်ဘူး"

"ဆိုစမ်းပါဦး . . . ခင်ဗျားက စွံခဲ့ရဲ့လား"

"ဒီလိုလဲ မဟုတ်ပါဘူး။ အဲဒီဒေါင်းယာဉ်ပျံက သီချင်းဆိုတယ်။ (အိုးဝေ . . . အိုးဝေ) တဲ့။ အဲဒီ အိုးဝေကိုပဲ ခုနစ်သံပြောင်းလဲပြီးဆိုတာ နားထောင်လို့မငြီးဘူး"

"ဒီတော့ ဘာဖြစ်သလဲ"

"ဒီတော့ နောင်အခါမှာ ကျွန်တော့်ရဲ့ဝါသနာအတိုင်း စာနယ်ဇင်းလောကကိုရောက်ရင် အိုးဝေဆိုတဲ့နာမည်နဲ့ ထုတ်မယ်လို့ စိတ်ကူးယဉ်မိတယ်။ သဘောကတော့ (မြန်မာပြည်သည် ဥဒေါင်းနိုင်ငံ၊ အိုးဝေသည် ဥဒေါင်းအသံ)ပေါ့။ အဲဒါပါပဲ"

"ဟဲ . . . ဟဲ၊ ကောင်းသားပဲဗျ၊ အဲဒီအတိုင်း ကျွန်တော်တို့ တက္ကသိုလ်သမဂ္ဂမဂ္ဂဇင်းကို (အိုးဝေ)လို့ နာမည်မှည့်လိုက်ရုံပေါ့။ သဘောတရားချင်း အတူတူပါပဲ"

"အလို ဘုရား . . . ဘုရား . . . ဒီလိုဆိုတော့လဲ ကျွန်တော့်မှာ (အရင်းဆုံးပြီး ဆာ လင်းကုန်းရောက်)သလို ဖြစ်နေပြီ။ ကျွန်တော် ကျောင်းထွက်ပြီး သတင်းစာထောင်တော့ ဘာ နာမည်သုံးရမလဲ"

"အိုးဝေလို့ပဲ ခေါ်ပေါ့ဗျာ။ သတင်းစာက နေ့စဉ်ထုတ်ပဲ၊ ကျွန်တော်တို့သမဂ္ဂအသင်းက တစ်နှစ်မှာတစ်ကြိမ်ထုတ်ဆိုတော့ စီးပွားရေးချင်း တခြားစီပဲ"

"ကျွန်တော်ပေးတဲ့ ဒီနာမည်ကို ကျွန်တော်ကပဲ ခိုးချသလို ဖြစ်မနေပါလား"

"ဒါတော့ မပူပါနဲ့၊ အကြောင်းရှိရင် ကျွန်တော်က သက်သေလိုက်မှာပေါ့"

ကိုအောင်ဆန်းက အဲသလိုပြောပြီး သမဂ္ဂမဂ္ဂဇင်းကိုလည်း အဲဒီနှစ်ကစပြီး အိုးဝေလို့ ပြောင်းလဲအမည်တွင်စေခဲ့ပါတယ်။ (ဒီနာမည်ကို ကိုသိန်းတင် ခေါ် ညိုမြက ပေးခဲ့တာပါ)လို့လည်း အင်္ဂလိပ်စာကဏ္ဍမှာ သူက ရေးသားမှတ်တမ်းတင်ခဲ့ပါတယ်။

အဲဒီနှစ်အမျိုးသားနေ့မှာ ဥက္ကဋ္ဌ ကိုနုက တက်ရောက်မိန့်ခွန်းပြောတာနဲ့ ပတ်သက်ပြီး သူ့ကို ကျောင်းထုတ်ခံရတယ်။ အမှန်မှာ ကျောင်းထုတ်ခံရတာ ကိုနုသာမက ကိုစိုးမြင့်ဆိုသူလည်း (ဆာ)မထူးလို့ဆိုပြီး စောစောပိုင်းက ကျောင်းထုတ်ခဲ့တယ်။ ကျောင်းသင်ပုန်းပေါ်က ကြေညာ စာ စက္ကူကိုခွာမိတဲ့ ကိုအောင်မြင့်တစ်ယောက်လည်း ကျောင်းထုတ်ခံရတယ်။ အဲဒါတွေကြောင့် ကျောင်း သားလောကမှာ မခံချိမခံသာ ဖြစ်နေတယ်။

အလိုတော်ရိ ကျောင်းသားများကို အခွင့်အရေးပေးပြီး ရိုးရိုးမှန်မှန်နေသူများ အနိုင်ခံ ဒဏ်ရိုက်ခံရဆိုတဲ့ ကိစ္စမျိုးတွေက မခံချင်စရာ မကြာခဏ ပေါ်ပေါက်နေတယ်။ အပြင်လောကမှာ (သခင်ပေါက်စ ထောင်ခြောက်လ)ဆိုတဲ့ ဖိနှိပ်မှုမျိုး ကြုံတွေ့နေချိန်မှာ တက္ကသိုလ်နယ်မြေတွင်းမှာ လည်း အာဏာပိုင်များက ကျောင်းသားသမဂ္ဂများကို မျက်မုန်းကျိုးနေချိန် ဖြစ်တယ်။

ကိုနုကို ကျောင်းထုတ်ပြီးနောက်မှာ ကိုကျော်ငြိမ်းက ကျောင်းအုပ်ကြီး မစ္စတာစလော့နှင့် သွားရောက်စေ့စပ်တယ်။ တင်းမာမှု လျော့ပါးမသွားဘဲ (မင်းတို့ လုပ်ချင်ရာလုပ်ကွာ ငါလည်း မလျှော့နိုင်ဘူး)ဆိုတဲ့ အပေါက်မျိုး ပြော်လွှတ်လိုက်တယ်။

ကျောင်းမှာ ခပ်အေးအေးစာကျက်လို့၊ စာသင်ဖို့ စိတ်ရင်းကောင်းနဲ့ လာသူတွေဟာ





ဆရာဝတ်၊ တပည့်ဝတ်ကျေပွန်ကြတဲ့ ရင်းရင်းနှီးနှီး မေတ္တာ စေတနာ လောကမျိုးမတွေ့ရဘဲ သခင်နှင့်ကျွန်ဆက်ဆံရေးတွေ၊ မမျှော်လင့်တဲ့ကသိကအောက်တွေသာကြုံတွေ့နေရတယ်။ အာဏာ ပိုင်အဖွဲ့မှာပါဝင်တဲ့ မြန်မာများကလည်း ပြေလည်ရေးကိုအားမပေးဘဲ ကိုယ့်အမျိုးသားတပည့်လူ ငယ်များကို ရန်လုပ်ဖို့၊ အရေးယူဖို့၊ ချောက်တွန်းဖို့ စိတ်ထားမျိုးသာ အံ့ဩစရာ ကြုံတွေ့နေရတယ်။

|၃|

ရှေးခေတ်ဂရိတ်ပြည်က ပြဇာတ်စာရေးဆရာကြီး ယူရီပီဒီးရဲ့ အဆိုမှာ -

**'နတ်ဒေဝါများက သူတို့ အလိုမရှိသူများကို ဖျက်ဆီးချင်သောအခါ ပထမအဆင့်အနေဖြင့် ထိုသူများကို ရူးအောင်လုပ်၏'**တဲ့။ တက္ကသိုလ်အာဏာပိုင်များကို တန်ပြန်တိုက်ပွဲဆင်ဖို့ ဆုံးဖြတ်မိချိန်မှာ ကျွန်တော်ဟာ အထက်ပါထိုးနှက်နည်းကို သတိရမိတယ်။ အာဏာပိုင်များ ဒေါသထွက်ပြီး အလွဲလွဲ အချော်ချော်တွေ လုပ်မိကုန်အောင်၊ အိုးနင်းခွက်နင်းဖြစ်ကုန်အောင် ခပ်ရိုင်းရိုင်း စာပေမျိုး အိုးဝေမဂ္ဂဇင်းမှာရေးပြီး လုပ်ထည့်လိုက်မှပဲလို့ သဘောပိုက်မိတယ်။ ခါတိုင်း ကျွန်တော် ရေးသမျှ စာတိုပေစကို နီးစပ်ရာဆရာသမားများ၊ မိတ်ဆွေများ၊ သူငယ်ချင်းများကို ပြသတိုင်ပင်လေ့ ရှိသော်လည်း 'ငရဲခွေးကြီး'ဆောင်းပါးကိုတော့ ဘယ်သူ့မှမတိုင်ပင်တော့၊ မပြောတော့ဘူး။ သန်းခေါင် ကျော်မှာ အခန်းတံခါးပိတ်ပြီးရေးတယ်။ နောက်တစ်နေ့ မှာ စာပုံနှိပ်တိုက်ကို ပို့လိုက်တယ်။ ကိုအောင် ဆန်းလည်း ပုံနှိပ်တိုက်ရောက်လာပြီး အဲဒီစာကို အလွယ်တကူခွင့်ပြုလိုက်တယ်။

ငရဲခွေးဆောင်းပါးကို အင်္ဂလိပ်လို ရေးလိုက်ခြင်းကလည်း အကြောင်းရှိပါတယ်။ သမဂ္ဂ မှာပါဝင်တဲ့ ကျောင်းသားတွေဟာ အပြင်လောကမှာ သခင်တွေကို ကြမ်းပိုးဆန်ဆန်သတ္တဝါတွေလို အထင်သေးပြီး (ကိုဘီအေ မြို့အုပ်လောင်းများ)သာ အထင်ကြီးတဲ့ ခေတ်မျိုးပေပဲ။ စာမေးပွဲ တဗုန်း ဗုန်းကျသူများသာ သမဂ္ဂမှာ စုဝေးပြီး ဆူလားပူလားလုပ်တတ်တယ် ထင်ကြတယ်။ အဲဒါကြောင့် (သမဂ္ဂအဖွဲ့ဝင်များ အင်္ဂလိပ်လိုလည်း ရေးတတ်ပါတယ်။ မယုံလျှင် ကျောင်းအုပ်ကြီး စလော့ကိုယ် တိုင်သာ ဖတ်ကြည့်ပါလော့)ဆိုတဲ့ ရည်ရွယ်ချက်နဲ့ရေးလိုက်ခြင်းပါပဲ။

ဖေဖော်ဝါရီလမှာ အိုးဝေမဂ္ဂဇင်း ပုံနှိပ်ပြီးစီးတယ်။ အိုးဝေထုတ်လုပ်ရေးအတွက် သမဂ္ဂမှ ကမတော်ငွေ (၅၀) ထုတ်ပေးတယ်။ အဲဒီငွေနဲ့ တစ်နှစ်လုံး ဖူလုံအောင်သုံးစွဲရတယ်။ ကိုအောင် ဆန်းနှင့် ကျွန်တော့်အဖို့ ဘတ်စ်ကားခလောက်သာ ရကြပါတယ်။ မဂ္ဂဇင်းစာအုပ်တွေချုပ်လုပ်ပြီးတဲ့ နေ့မှာတော့ ကျွန်တော်တို့လည်း ဝမ်းသာအားရနဲ့ တက္ကစီ မော်တော်ကား မငှားစဖူးငှားပြီး ကျောင်း ကို ပြန်ကြတယ်။ မဂ္ဂဇင်းစာအုပ်တွေ ကားပေါ်တင်ပြီး ပြည်လမ်းတစ်လျှောက်က ပြန်ခဲ့ကြတယ်။ မော်တော်ကားစီးရင်း လေညင်းခံရတာက ဇိမ်ပါပဲ။ ကျွန်တော်တို့အဖို့ မကြုံစဖူး အမောပြေစေ ပါတယ်။ တစ်နှစ်လုံးလုံးပန်းခဲ့သမျှ ပြီးမြောက်ချိန်ပေပဲ။

ကားပေါ်မှာ အိုးဝေစာအုပ်ထုပ်တွေကလည်း လေကစားလို့ တဖျပ်ဖျပ် တလွင့်လွင့် လှုပ်ရှားလိုက်ပါလာကြတယ်။ ငရဲခွေးဆောင်းပါးပါရှိတဲ့ စာစောင်ဖြစ်လို့မို့ အမှန်မှာ ကျွန်တော် တို့နှစ်ယောက်ဟာ တက္ကသိုလ်ကို မကြာမီပေါက်ကွဲစေမယ့် မိုင်းဗုံးများကို သယ်ဆောင်နေသလို ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အဖို့ ဘာမျှစိုးရိမ်စိတ်မရှိပါ။ နောင်ခါလာ နောင်ခါချေးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သစ္စာတရားကို အခြေခံထားသူများအဖို့ (အသောကာ ဝိရဇ် ခေမံ)ဆိုတဲ့ မင်္ဂလာ တရားတော်အတိုင်း ဘာမှကြောင့်ကြစရာ မလိုပါဘူး။ ကားစီးရင်း မျက်စိမှေးပြီး လေနုအေးကလေးကို တစ်ဝရှူရှိုက်ဖို့ ပိုအရေးကြီးပါတယ်။

(စိတ္တံတမ္ပိ အစိန္တတမ္ပိ) ဂါထာမှာလာတဲ့အတိုင်း (လောကမှာ မကြံစည်ဘဲနှင့်လည်း ဖြစ်မြောက် အောင်မြင်တတ်တယ်။ ကြံစည်လျက်နှင့်လည်း မဖြစ်မြောက်တတ်ဘူး)တဲ့။ ကျောင်းသားတရားခံတစ်ဦးအနေဖြင့် ကျွန်တော် ပြန်လည်သုံးသပ်ကြည့်ရာမှာ ၁၉၃၆ ခုနှစ် ကောလိပ်သပိတ်ဟာ ကြိုတင်ကြံစည်ခြင်းမရှိဘဲ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာပြီး (စည်းလုံးညီညာ အောင်ကြောင်းဖြာ)ဆိုသလို ကျောင်းသားထုရဲ့ ညီညွတ်စွာရပ်တည်မှုကြောင့် ရာနှုန်းပြည့် အောင်မြင်သွားတဲ့ ကိစ္စတစ်ရပ်ပါပဲ။ အရေးကြုံချိန်မှာ မိမိနှင့်သက်ဆိုင်ရာတာဝန်များကို မဆိုင်းမတွ အလှည့်ကျ ဆောင်ရွက်ပြသခဲ့ကြလို့ အောင်မြင်ပြီးဆုံးသွားတဲ့ စံပြအရေးတော်ပုံတစ်ခုပေပဲ။

သမဂ္ဂဥက္ကဋ္ဌ ကိုနုက သူ့ကိုကျောင်းထုတ်တော့ ဘယ်သူ့ကိုမှ ကယ်ပါယူပါလို့ အကူအညီ မတောင်းခဲ့ပါဘူး။ သူ့အတွက် ဆန္ဒပြဖို့ ကျောင်းသားတွေကို မလှုံ့ဆော်ဘဲ သူ့အဖြစ်ကို ငြိမ်ငြိမ်ကလေးခံယူခဲ့တယ်။ သမဂ္ဂပြန်ကြားရေးဌာနကိုလည်း ဘာမျှမရေးခိုင်းပါဘူး။

ကျွန်တော်က ငရဲခွေးဆောင်းပါးနဲ့ အာဏာပိုင်များရဲ့ ပျော့ကွက်ကိုရှာပြီး ပြန်လည်ထိုးနှက်တော့လည်း ဘယ်သူ့ကိုမှသဘောမညှိပါဘူး။ ဒီကိစ္စက အန္တရာယ်ရှိပြီး ကျောင်းထုတ်ခံရဖို့များလို့ အယ်ဒီတာကိုအောင်ဆန်းကလွဲလို့ ဘယ်သူ့ကိုမှအသိမပေးဘဲ ရေးထည့်ခြင်းဖြစ်တယ်။

ဒီကိစ္စနှင့်ပတ်သက်ပြီး ကိုအောင်ဆန်းက (ကိုယ့်လူ အေးအေးနေပါ)လို့ ကျွန်တော့်ကို တစ်ခွန်းတည်း ပြောခဲ့ဖူးတယ်။ ကျောင်းအုပ်ကြီးနဲ့ ရင်ဆိုင်စရာတွေကို သူဟာသူတစ်ယောက်တည်း ကြည့်လုပ်သွားတယ်။ အဲဒီလို ကိုနုရယ်၊ ကိုအောင်ဆန်းရယ်၊ ကျွန်တော်ရယ် သုံးဦးသားဟာ တစ်ယောက် တစ်မျိုးစီ မိမိကောင်းတယ်ထင်သလို စခန်းထပြီးချိန်မှာ အခြားကျောင်းသားများက ကျန်တဲ့တာဝန်များကို ခပ်အေးအေးပဲ ဝေခွဲထမ်းဆောင်သွားကြတယ်။ ၁၉၃၆ ခုနှစ် သပိတ်ဟာ အဲသလောက် ရှင်းလင်းသိမ်မွေ့ပါတယ်။

အလားတူ ထုံးဟောင်းသာဓကကို ရှာဖွေပြသရမယ်ဆိုရင် ဇာကနိပါတ်တော်ထဲက နိဂြောဓ သမင်မင်းဇာတ်ထုပ်နဲ့ ခပ်ဆင်ဆင်ပါပဲ။

အဲဒီမှာ ဗြဟ္မဒတ်မင်းကြီးက သမင်သားစားချင်တယ်ဆိုတော့ သမင်တွေကို အမြဲတမ်းရှာဖွေပစ်ခတ်ရတဲ့ ထိတ်ထိတ်လန့်လန့်အခြေအနေမျိုးက လွတ်ကင်းအောင် သမင်ချင်းခေါင်းချင်းဆိုင် ချိုချင်းထိတိုင်ပင်ကြတယ်။ စားဖိုမှူးရဲ့ခုတ်တုံးမှာ နေ့စဉ်တစ်ကောင်ကျ အလှည့်ကျသွားရောက်ပြီး လည်ပင်းကို လှဲပေးဖို့ ဆုံးဖြတ်ကြတယ်။ ဒါနဲ့ ကိုယ်ဝန်ဆောင် သမင်မအလှည့်ကိုရောက်တော့ တစ်ချိန်တည်းမှာ အသက်နှစ်ခုဆုံးရမှာကြောင့် မီးဖွားပြီးမှ သေပါရစေလို့ တောင်းပန်တယ်။ အဲဒီ တော့ ခေါင်းဆောင်ဖြစ်တဲ့ နိဂြောဓသမင်ကြီးကိုယ်တိုင် သမင်မရဲ့နေရာကို ယူလိုက်တယ်။

အဲဒီအကြောင်းတွေကို ဗြဟ္မဒတ်မင်းကြီးက အချိန်မီကြားသွားလို့ မသတ်ဖြစ်တော့ပါဘူး။ တိရစ္ဆာန်လောကမှာတောင် အဲသလောက်စိတ်ထားနဲ့ စည်းကမ်းကောင်းမွန်ပုံတွေချီးကျူးပြီး မင်းကြီးက သမင်အားလုံးကို ဘေးမဲ့ပေးတော်မူခဲ့တယ်။





ကျွန်တော်ဟာ ငရဲခွေးကြီးဆောင်းပါးရေးသူ တရားခံအဖြစ်နဲ့ ဘာမျှအထူးတလည်ထုချေစရာမရှိပါ။ အဲဒီစာတိုကလေးဟာ အတော်ပဲကြမ်းပါတယ်။ ကြမ်းတာကလည်း အထက်ပါဆရာကြီး (ယူရိုပီးဒီး)ရဲ့ဆောင်ပုဒ်ကို မှတ်ဖွယ်စာပေအဖြစ်သာမက စစ်ပရိယာယ်တစ်ခုအနေနဲ့ အသုံးပြုလိုက်ခြင်းကြောင့် ဖြစ်ပါတယ်။ အယူခံစရာတစ်ချက်တော့ ရှိပါတယ်။ အဲဒါကတော့ ကျွန်တော့်ရေးသားချက်ဟာ ပုဂံခေတ်ကျောက်စာတွေထဲက ကျိန်ဆဲချက်တွေထက် ပိုမဆိုးပါဘူးလို့ ထင်မိတာပဲ။

အဲဒီဆောင်းပါးရဲ့ ဂယက်ကလေးများကို တစ်ဆင့်ဖောက်သည်ချချင်ပါတယ်။

(၁) ဒီဆောင်းပါးဟာ ညစ်ညမ်းချက်ပါစေကာမူ လက်ရှိအခြေအနေနဲ့ ကိုက်ညီတယ်။ ရေးတာနည်းသေးတယ်လို့ သပိတ်မှောက်အင်းလျားကျောင်းသူများက မှတ်ချက်ချခဲ့တယ်။

(၂) အဲဒီဆောင်းပါးတိုကလေးကို ရန်ကုန်နဲ့မန္တလေးကျောင်းသားများက ဟိုတုန်းက အန္တရာယ်ကင်းဂါထာတစ်ခုလို အရကျက်မှတ်ရွတ်ဆိုသူများ ရှိခဲ့တယ်။

(၃) အဲဒီဆောင်းပါးပါရှိတဲ့ သမဂ္ဂအသင်းရဲ့ အိုးဝေမဂ္ဂဇင်းဟာ စောင်ရေ ၅၀၀ သာ ထုတ်ဝေလို့မို့ မလောက်မငဖြစ်ခဲ့တယ်။ ဒါကြောင့် တက္ကသိုလ်အာဏာပိုင်များက ကျွန်တော်လွန်ကျူးပုံကို အစိုးရဌာနအသီးသီးသိရှိကြဖို့ ဝါဒဖြန့်ရန် လက်နှိပ်စက်ဖြင့် နောက်ထပ်စောင်ရေများစွာ ဖြန့်ဖြူးကြတယ်။ ဒုတိယပုံနှိပ်ခြင်းလို့ပဲ ဆိုကြပါစို့။

(၄) တစ်နေ့က ပခုက္ကူအမတ်ဟောင်း ဦးညွန့်က အဲဒီကျွန်တော့်လက်ရာကို အိုးဝေဂျာနယ်မှာ ထပ်မံပုံနှိပ်ပေးပါလို့ အမှာစာပေးပို့တယ်။ ကျွန်တော်က မလိုက်လျောလိုပါ။ တစ်ချိန်က မလွှဲမရှောင်သာလို့ ရေးခဲ့ရတဲ့ အကြမ်းစာပေ ဖြစ်ပါတယ်။ အနုစာပေမဟုတ်တော့ပါ။ ဆူးနှင့်မာလာဆိုသလို ပဒိုင်းသီးစာပေမျိုးဖြစ်ပါတယ်။ ခုချိန်မှာတော့ တက္ကသိုလ်မှာ နှစ် ၅၀ မြောက်ပွဲတော် ကျင်းပနေတယ်။ အဲဒီမှာ ငရဲခွေးဆောင်းပါးကို သမိုင်းဝင်အဖြစ် ဓာတ်ပုံရိုက်ကူးပြသမယ်လို့ ကြားသိရတယ်။ အမတ်မင်း ဦးညွန့်လည်း အဲဒီပွဲသွားကြည့်ပါ။ ဒါမှမဟုတ်လည်း ကောလိပ်ပိဋကတ်တိုက်နဲ့ အစိုးရသမိုင်းဌာနကို သွားကြည့်ပါ။

ကျွန်တော့်အဖို့မှာတော့ တရားခံတစ်ဦးဟာ သွေးစွန်းခဲ့တဲ့သူ့လက်နက်ကို ပြန်မကြည့်ချင်တော့သလို ဖြစ်မိတာပဲ။ မေ့ပစ်ချင်ပြီ။

(၅) ငရဲခွေး ဆောင်းပါးရေးသူအဖြစ်နဲ့ ကျွန်တော်နှစ်သိမ့်စရာတစ်ကွက်တော့ ရှိပါတယ်။ ကျွန်တော်တို့ သပိတ်သမားတွေ ရွှေတိဂုံဇရပ်မှာရှိနေတုန်းက လာရောက်အားပေးကြသူများမှာ ဂျီစီဘီအေသမ္မတကြီး ဦးစိုးသိမ်းလည်း ပါဝင်တယ်။ သူ့ကို ကျွန်တော်မတွေ့ဖူးပါ။ ဒါပေမဲ့ သူဟာ ဂျီစီဘီအေခေတ်မှာ အပြင်းထန်ဆုံးခေါင်းဆောင်တစ်ဦးဖြစ်ပြီး ဘာရာထူးမှမယူဘဲ အားလုံးအတိုက် အခံလုပ်ခဲ့သူဆိုတာတော့ ကြားဖူးပါတယ်။ သူက သပိတ်စခန်းမှာ ကျွန်တော့်ကို အထူးမေးမြန်းရှာ ခဲ့တယ်။ တွေ့ကြတော့ “ဟေ့ ညီမြ မင်းလို ရေးရမယ်ကွ၊ မင်းတို့ အောင်ဆန်းတို့လို လုပ်ရမယ်။ ဒါမှ ငါတို့ ကောင်းမယ်။ တိုးတက်မယ်”တဲ့။ ကျွန်တော့်လက်ကို သမ္မတကြီး ဦးစိုးသိမ်းက အားပါးတရ ဆုပ်ကိုင်ခြင်းဟာ တစ်နည်းအားဖြင့် ဂျီစီဘီအေလက်ထက်က မြန်မာခေါင်းဆောင်ကြီးတွေ တီထွင်ခဲ့တဲ့ ပိသာနုစိတ်ဓာတ် လျှပ်စစ်ဓာတ်အားတွေကို နောင်တစ်ခေတ်အတွက် မီးကြိုးဆက်သွယ်ပေးခဲ့ ဟန် တူပါတယ်။ ကျွန်တော် တုန်လှုပ်မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်မှာ အဲဒီ ဒုတိယတက္ကသိုလ်သပိတ်ပေါ်ပေါက်ခဲ့တာ ၃၄ နှစ်ပေါင်း ကြာရှိခဲ့ပါပြီ။ ဒီအချိန်ကာလအတွင်းမှာ ဟိုတုန်းကဖြစ်ပေါ်ခဲ့တဲ့ အာယာတများလည်း အားလုံးပြေပျောက်သင်ပုန်းချေခဲ့ကြပါပြီ။

ဥပမာဆိုရင် ကျောင်းအုပ်ကြီး ဒီဂျေစလော့ကို စစ်ပြီးခေတ်မှာ သူ့တပည့်ဟောင်း ဦးနုက ဝန်ကြီးချုပ်အနေနဲ့ မြန်မာပြည်ကိုအလည်ဖိတ်ခဲ့ပါတယ်။ သူမလာနိုင်သော်လည်း ခရီးကြုံကြိုက်လို့ ရန်ကုန်လေဆိပ်မှာ ဦးနုက သူ့ကို ဧည့်ခံပြုစုခဲ့ပေတယ်။

ဆရာကြီး စလော့ဟာ ကျွန်တော်တို့ သပိတ်ကိစ္စပြီးတော့ ဟောင်ကောင်တက္ကသိုလ်ကို ပြောင်းရွှေ့သွားတယ်။

အဲဒီမှာ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်များက ဖမ်းချုပ်ထားကာ စစ်ပြီးမှ လွတ်မြောက်တယ်။ ရန်ကုန်ကိုခေတ္တဝင်ရောက်တော့ အင်မတန်ပိန်ချုံးနေသတဲ့။ မြန်မာပြည်ကို ချစ်မြတ်နိုးတဲ့ စိတ်တော့ အပြည့်အဝပဲ ရှိနေပါသတဲ့။

ကျွန်တော်က ငရဲခွေးဆောင်းပါးကိုရေးရာမှာ ဟိုတုန်းက ဆရာကြီးစလော့ရဲ့လက်ထောက် အဖြစ်နဲ့ဆောင်ရွက်သူ မြန်အောင်ဦးတင်ကို စောင်းချိတ်ရေးသားတယ်ဆိုကြတယ်။ အမှန်ကတော့ ပုဂ္ဂလဓိဋ္ဌာန်မဟုတ်ပါ။ နယ်ချဲ့ကို အမိကရည်စူးရာမှာ သူတို့အနီးအပါးကိုရောက်နေသူ မြန်မာများလည်း မလွဲမရှောင်သာ ရောနှောထိခိုက်သွားခြင်း ဖြစ်ပါတယ်။ ဒီလို ကိစ္စမျိုးရှေးခေတ်က မင်းကြီးဦးကောင်းတို့ခေတ်မှာ ကြုံခဲ့ဖူးပါတယ်။

မြန်အောင် ဦးတင်ကို ဗိုလ်ချုပ်အောင်ဆန်းရှိစဉ်ကလည်း ဖဆပလအဖွဲ့ချုပ်မှာ ယုံကြည်စွာ အမှုဆောင်တာဝန်ပေးအပ်ခဲ့ပါတယ်။ ဦးနုလက်ထက်မှာလည်း သူ့ကို ဝန်ကြီးတစ်ဦးအနေနဲ့ မြှောက်စားချီးမြှင့်ခဲ့ပုံများကို ကျွန်တော်က အထူးဝမ်းသာမိပါတယ်။

အများသိချင်မှ သိမယ်ဖြစ်သော်လည်း တစ်ကြိမ်က မြန်အောင်ဦးတင်ကို အိုးဝေတိုက်မှာ ပင့်ဖိတ်ပြီး ကျွန်တော်ကန်တော့ခဲ့ပါတယ်။ "ဆရာ့ကို ကျွန်တော် ရှိခိုးဝတ်ချပါရစေ။ တစ်ချိန်က လွန်သမျှကို ခွင့်လွှတ်ပါ"ဆိုတော့ သူ့ခမျာမှာ မျက်ရည်မဆည်နိုင်ရှာဘူး။ ကျွန်တော် ဒီလိုဝတ်ချတာကိုအားမရသေးဘူး။ အမှတ်တရဖြစ်အောင် ဓာတ်ပုံရိုက်ထားချင်ပါတယ်။ ဓာတ်ပုံဆိုင်ကို သွားချင်ပါတယ်ဆိုလို့လည်း မြေနီကုန်းဓာတ်ပုံဆိုင်ကို လိုက်လာပါတယ်။ ကျွန်တော်က သူ့ခြေဦးခိုက်ဝပ်ချတဲ့ ဓာတ်ပုံတွေကို လိုအပ်သလိုသုံးစွဲနိုင်အောင် သူ့လက်ကိုအပ်နှံခဲ့ပါတယ်။

သံသရာမှာ ရေစက်မကင်းလို့ ဆုံတွေ့သူများဟာ အခိုက်မသင့်ချိန်မှာ တစ်ဖက်တစ်လမ်းစီ ဖြစ်တတ်ကြစမြဲပဲ။ ဒါပေမဲ့ ဗုဒ္ဓဘာသာဝင်အချင်းချင်းအဖို့မှာဆို ဇာတ်ကြီး ဆယ်ဘွဲ့ထဲက ဇာတ်ပေါင်းခန်းတွေကို နမူနာယူ ကျင့်သုံးနိုင်ရင် အကောင်းဆုံးပဲ မဟုတ်ပါလား။

သတ္တဝါအများ ချမ်းသာကြပါစေ . . . ။ ။

**အိုးဝေ၏ရွှေရတုသဘင် လက်ရွေးစင်ဆောင်းပါးများစာအုပ်မှ**
**[နိုဝင်ဘာ၊ ၁၉၇၁ ခုနှစ်၊ အိုးဝေစာပေတိုက်]**



# ဗိုလ်ချုပ်ကိုရည်စူး၍ငါတို့ဘာတွေလုပ်နေကြသလဲ

မောင်ထင်

၁၉၄၅ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးပြီဟု ကြေညာလိုက်သည်နှင့် တစ်ပြိုင်နက် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုအရှိန်အဟုန်သည် အထွတ်အထိပ်သို့ ရောက်လာလေသည်။

ထိုခေတ်သမယသည် မြန်မာပြည်ဖွားတိုင်းရင်းသားလူမျိုးများအားလုံးအတွက် အရေးကြီးဆုံးသောခေတ်သမယဖြစ်သည်။

လွတ်လပ်ရေးကြိုးပမ်းမှု၌ အပိုင်းနှစ်ပိုင်းရှိသည်။ ရှေးခေတ်က ခေါင်းဆောင်ကြီးများသည် ယူတို့ခေတ်၊ သူတို့ အချိန်အခါက ပေးသမျှအခွင့်အရေးကိုယူ၍ ဗြိတိသျှတို့က ဘောင်ခတ်ထားသော အခြေခံဥပဒေအတွင်း လုပ်ကိုင်ဆောင်ရွက်၍ ရနိုင်သမျှကို လုပ်ကိုင်ဆောင်ရွက်ခဲ့ကြ၏။ ထိုစဉ်ထိုအခါက ဗြိတိသျှတို့သည် ဘုန်းမီးနေလ အလွန်တောက်ပနေသော အချိန်အခါဖြစ်လေရာ လွတ်လပ်ရေးကြိုးပမ်းသူတိုင်းရင်းသားတို့သည် မလွန့်သာမလူးသာဖြစ်ခဲ့ကြရ၏။ ဗြိတိသျှတို့ကို လူလုံးချင်းယှဉ်တိုက်ရန်မှာ မည်သည့်နည်းနှင့်မျှမဖြစ်နိုင်ခဲ့ချေ။ မြန်မာဘုရင်မင်းမြတ်၏နိုင်ငံသည် ဗြိတိသျှလက်အောက်သို့ လုံးဝဥသုံကျရောက်ပြီးသည့်နောက် မြန်မာတိုင်းရင်းသားတို့သည် ဟိုမှာတစ်စု ဒီမှာတစ်စုနှင့် ဝါးအစည်းပြေသကဲ့သို့ ဖြစ်နေရသည့် ကာလအတွင်း၌ပင်လျှင် မိမိတို့နည်း မိမိတို့ဟန်ဖြင့် နယ်ချဲ့ကို ကိုယ့်အုပ်စုနှင့်ကိုယ် တော်လှန်တိုက်ခိုက်ခဲ့ကြ၏။ သို့သော် မြန်မာတို့၏ ဌာန်ကြီးမောင်ခါးသည် ဗြိတိသျှတို့၏ရိုင်ဖယ်သေနတ်ကို မတွန်းလှန်နိုင်ခဲ့ချေ။

ပထမကမ္ဘာစစ်ကြီးမဖြစ်ပွားမီ နှစ်အနည်းငယ်ခန့်တွင် မင်းလောင်းမောင်သန့်သည်

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှဖာဆစ်ချုပ်ရေးကိုတော်လှန်ခဲ့ဖူး၏။ သို့သော် မအောင်မြင်ချေ။ ထိုကဲ့သို့ မအောင်မမြင်ဖြစ်ခဲ့ရသော်လည်း မြန်မာတိုင်းရင်းသား တောင်သူလယ်သမားတို့သည် လက်နက်ဖြင့်အပိုင်စီးသူဗြိတိသျှကို လက်နက်ဖြင့်ပင် ခုခံတိုက်ခိုက်မှသာနည်းလမ်းကျလိမ့်မည်ဟူသော အသိတရားကိုများစွာ သဘောပေါက်ခဲ့ကြသည်။

ထို့ကြောင့် ၁၉၂၀ ခေတ်ဝန်းကျင်လောက်တွင် ဗန္ဓကရသေ့စသော တော်လှန်ရေးသမားတို့သည် လက်နက်ဖြင့် ဗြိတိသျှရန်ကို တွန်းလှန်ရန်ကြံစည်ခဲ့ကြသေးသည်။

၁၉၃၀ ပတ်ဝန်းကျင်၌ကား တောင်သူလယ်သမားအရေးတော်ပုံပေါ်ပေါက်၍ ယင်းအရေးတော်ပုံကိုပင် ချက်ကောင်းတစ်ခုဟုမှတ်ယူ၍ ဆရာစံကတော်လှန်ခဲ့သည်။ ဗြိတိသျှတို့၏ ဥပဒေဘောင်အတွင်း၌သာ လွတ်လပ်ရေးကိုကြိုးပမ်းရန် ဆောင်ရွက်နေကြသည့်အထဲမှ ဆရာစံက တော်လှန်လိုက်သောအခါ အံ့ဖွယ်ဘနန်းဖြစ်ခဲ့ရ၏။ သို့သော် ဆရာစံ၏စည်းရုံးမှုသည် တစ်နိုင်ငံလုံးသို့ လွှမ်းမိုးခြင်းမပြုနိုင်သောကြောင့် နယ်ချဲ့တို့၏လက်နက်အင်အားထဲတွင် နစ်မြုပ်၍သွားရလေသည်။ သို့သော် မြန်မာတိုင်းရင်းသားတို့ကား နေသေးသပ ချိုထဲက၊ ချိုသွေးတပ တမြမြဟူသောအတွေးအခေါ်တို့ကို စိတ်ထဲတွင်တေး၍ထားခဲ့သည်။

ဤသည်တို့ကား လွတ်လပ်ရေးကြိုးပမ်းမှု၏ ပထမပိုင်းဖြစ်သော လက်ရုံးရည်ကြိုးပမ်းမှုသာဓကများပင်ဖြစ်၏။

ဤအတွင်း လွတ်လပ်ရေးကြိုးပမ်းမှု ဒုတိယပိုင်းဖြစ်သော ဥပဒေဘောင်အတွင်းမှနေ၍ နှလုံးရည်တိုက်ပွဲဆင်သည့်နည်းကို နိုင်ငံရေးအဖွဲ့အစည်း အသီးသီးတို့က စုပေါင်း၍ဖြစ်စေ တစ်ဦးတပြားဖြစ်စေ ဆက်လက်ကျင့်သုံးခဲ့ကြ၏။ ဂျီစီဘီအေ၏ စည်းရုံးမှုအင်အား အလွန်ကောင်းလာသောအခါ ဗြိတိသျှတို့သည် မြန်မာတိုင်းရင်းဖွားလူမျိုးများကို တကွဲတပြားဖြစ်စေရန် နည်းပရိယာယ်အမျိုးအမျိုးဖြင့်ကြံဆောင်ရာ မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် တရုတ်၊ ကုလား၊ အင်္ဂလိပ်ကပြား၊ ကရင်၊ တောင်တန်းသားစသော အစုအသင်းတို့ ပေါ်ပေါက်လာခဲ့၏။ သို့သော် အရင်းကိုစစ်ကြည့်လျှင် ယင်းတကွဲတပြားကြိုးပမ်းမှုတို့မှာလည်း တိုင်းရင်းသားလူမျိုးများနှင့် ဧည့်သည်လူမျိုးများ အုပ်စုဆိုင်ရာအကျိုးစီးပွားအတွက် နှလုံးရည်ကြိုးပမ်းမှုတစ်ရပ်ဟုပင်ဖြစ်သည်။ ထိုမှတစ်ဆင့် တက်သောအခါကျမှ တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ အကျိုးစီးပွားအတွက် လှုပ်ရှားသော နှလုံးရည်ကြိုးပမ်းမှုများ ပေါ်ပေါက်ခဲ့၏။

ဤကဲ့သို့ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် လက်ရုံးရည်ကြိုးပမ်းမှုနှင့် နှလုံးရည်ကြိုးပမ်းမှုတို့သည် တစ်လှည့်ပြီးတစ်လှည့် စခန်းသွားနေချိန်တွင် မြန်မာတိုင်းရင်းသားအားလုံးနှင့် သက်ဆိုင်သော လက်ရုံးရည်ကြိုးပမ်းမှုကြီး မြန်မာ့ရေမြေတစ်ဝန်းလုံးတွင်ပေါ်ပေါက်စေရန် ဗိုလ်ချုပ်အောင်ဆန်းအမှူးရှိသော ရဲဘော်သုံးကျိပ်တို့က စတင်တည်ထွင်၍ဆောင်ရွက်သည်မှာ မြန်မာ့သမိုင်းတွင် ရှေးက တစ်ခါမျှမကြုံခဲ့ဘူးသေးချေ။ ထိုကြိုးပမ်းမှုကြောင့် ၁၉၄၅ ခုနှစ်တွင် ဖက်ဆစ်တော်လှန်ရေးလုပ်ငန်းပြီးဆုံးပြီဟု ဆိုရလောက်သောအခြေသို့ဆိုက်ရောက်ခဲ့လေသည်။

သို့သော် တော်လှန်ရေးသည် အပြီးသို့ရောက်ပါပြီလော။ စင်စစ်မရောက်သေး။ အရင်းရှင်နယ်ချဲ့တော်လှန်ရေးကိုလည်း ဆင်နွှဲရန်ရှိနေသည်။



ထို့ကြောင့် ၁၉၄၅ ခုနှစ်၏အခြေအနေမှာ ဖက်ဆစ်စနစ်ကိုတော်လှန်ခဲ့ပြီးနောက် ဗြိတိသျှနယ်ချဲ့အရင်းရှင်စနစ်ကို တော်လှန်ရန်ကျန်ရှိနေသေးသော အခြေအနေပင်ဖြစ်သည်။

ထိုအခြေအနေတွင် ကျွန်ုပ်တို့ တစ်မျိုးသားလုံးဆောင်ရွက်ရမည့် လုပ်ငန်းကြီးနှစ်ရပ်ပေါ်ပေါက်သည်။ ပထမလုပ်ငန်းမှာ ဗြိတိသျှနယ်ချဲ့အရင်းရှင်၏ ပယောဂကြောင့် ပေါ်ပေါက်ခဲ့သော တိုင်းရင်းသားလူမျိုးအချင်းချင်း အကွဲအပြားကို ရင်ကြားစေ့အောင်ဆောင်ရွက်၍ ပြည်ထောင်စုစည်းလုံးညီညွတ်မှုကို တည်ဆောက်ရန် ဖြစ်သည်။

ထို့နောက် ထိုညီညွတ်သောအင်အားကိုယူ၍ အရင်းရှင်နယ်ချဲ့စနစ်ကို ဆိုရှယ်လစ်စနစ်ဖြင့် တော်လှန်ရန်ဖြစ်သည်။ ဖက်ဆစ်တို့ကို လက်ရုံးရည်ဖြင့်တိုက်ခိုက်တော်လှန်ပြီးနောက် အရင်းရှင်နယ်ချဲ့စနစ်ကို နှလုံးရည်ဖြင့် ဆက်လက်တိုက်ခိုက်တော်လှန်ရမည့်လုပ်ငန်းကြီးသည် ဗိုလ်ချုပ်အောင်ဆန်းကို စောင့်မျှော်နေဘိသကဲ့သို့ ရှိလေသည်။

ဤအချိန်သည် ဗိုလ်ချုပ်အောင်ဆန်းအတွက် အလုပ်အများဆုံးအချိန် ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးတိုက်ပွဲတစ်ရပ်လုံး စည်းရုံးခဲ့သော ဗမာ့တပ်မတော်ကို ကျစ်လျစ်ခိုင်မာအောင် ဖွဲ့စည်းရန်လုပ်ငန်းကို ဆောင်ရွက်ရသည်။ ထိုအချိန်က မြန်မာနိုင်ငံကိုပြန်လည်သိမ်းပိုက်သော ဗြိတိသျှစစ်အုပ်ချုပ်ရေးသည် မြန်မာနိုင်ငံကို ရှေးယခင်ကကဲ့သို့ အစိတ်စိတ်အပိုင်းပိုင်းဖြစ်အောင်ခွဲစိတ်ရန်ကြံစည်လျက်ရှိရာ ထိုဗေဒဉပါယ်ကို အပြီးတိုင်ချေမှုန်းတိုက်ဖျက်ရန်အလို့ငှာ မြန်မာပြည်မနှင့် တောင်တန်းဒေသများ၌ရှိသော တိုင်းရင်းသားအားလုံးကို အညီအညွတ်တစ်သွေးတစ်သားတည်းဖြစ်အောင် ဆောင်ကြဉ်းရန်လုပ်ငန်းလည်းရှိသည်။ လွတ်လပ်ရေးအတွက် လိုလျှင်လိုသလို ပြည်သူ့ရဲဘော်အဖွဲ့ကိုအသုံးပြု၍ လက်ရုံးရည်တိုက်ပွဲလုပ်ငန်းဆင်နွှဲဖို့ရာ အဆင်သင့်ဖြစ်အောင် ဆောင်ရွက်ရန်လည်းရှိသည်။ သို့ရာတွင် ရှေ့သို့ဆက်လက်ချီတက်ရမည့်လုပ်ငန်းစဉ်မှာ နှလုံးရည်တိုက်ပွဲပင်ဖြစ်သောကြောင့် နိုင်ငံရေး၌စည်းရုံးရန်အလို့ငှာ ဖဆပလကို ခေါင်းဆောင်မှုပေးရသည်။ ဤအတွင်း နှလုံးရည်လုပ်ငန်း၌ အဓိကဖြစ်သော အာဏာလွှဲပြောင်းရေးအတွက် နည်းပရိယာယ်အမျိုးမျိုးနှင့် အရေးဆိုရသည့် လုပ်ငန်းပမာဏသည်လည်း မနည်းလှချေ။ ဤလုပ်ငန်းတို့ကြောင့် ၁၉၄၆-၄၇ ခုနှစ်အတွင်း ဗိုလ်ချုပ်အောင်ဆန်းသည် အားလပ်သည်ဟူ၍မရှိချေ။ မြန်မာနိုင်ငံအရပ်ရပ်သို့ တရစပ်ခရီးထွက်ခဲ့ရသည်။

ထိုစဉ်က သတင်းထောက်ဦးပုကလေးသည် ပြန်ကြားရေးဌာနတွင် လူထုဆက်သွယ်ရေးလုပ်ငန်းများ၌ ဦးစီးဆောင်ရွက်ရသောပုဂ္ဂိုလ်ဖြစ်သည်။ ဦးပုကလေးကား ဒိုင်အာခီခေတ်မှစ၍ ဗိုလ်ချုပ်အောင်ဆန်းခေတ်အထိ အဆက်မပြတ် ဆောင်ရွက်လာသော ဗဟုသုတအကြားအမြင်နှင့် ပြည့်စုံသည့် သတင်းထောက်လက်ဟောင်းကြီးတစ်ဦးဖြစ်သည်။ သဘောသကာယကောင်းမွန်၍ လူကိုလူငယ်မရွေး ဆက်ဆံပေါင်းသင်းရာ၌ ပြေပြစ်သည်။ မြန်မာ့နိုင်ငံရေးအထာကို ကောင်းစွာ သိရှိသူဖြစ်သောကြောင့် နိုင်ငံရေးလှုပ်ရှားမှုများနှင့်စပ်လျဉ်းလာလျှင် ဦးပုကလေးကို မည်သူကမျှ လမ်းညွှန်ကြားပေးရန်မလိုချေ။ ထို့ကြောင့် ကျွန်တော်သည် ဗိုလ်ချုပ်အောင်ဆန်း၏ နယ်ဗိုင်းညှိ ဆောင်ရွက်မှုသတင်းနှင့်စပ်လျဉ်း၍ ဦးပုကလေးကို အလွန်အားကိုးသည်။ အသံလွှင့်ဌာနနှင့် စပ်ဆိုင်သော အကြောင်းကိစ္စများ၌ ဦးပုကလေးနှင့်ပင် တိုင်ပင်ဆောင်ရွက်သည်။ သတင်းပို့ခြင်းကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ဖဆပလတို့၌ သူ့အတွက်အဆင်ပြေအောင် ကြေးနန်း၊ တယ်လီဖုန်းစသော ဆက်သွယ်ရေးပစ္စည်းတို့ကို လွယ်ကူစွာ အသုံးချနိုင်ရန် စီစဉ်ပေးသည်။ အချို့သောသတင်းတို့သည် ဦးပုကလေးက ကျွန်တော့်ထံ တိုက်ရိုက်ပေးပို့သောသတင်းများဖြစ်သည်။

ယခုခေတ်၌ ဗိုလ်ချုပ်၏ဆောင်ရွက်ပုံလုပ်ငန်းတို့ကို သုတေသနပြုလိုကြလျှင် ဦးပုကလေးရေးသော "ငါတို့ ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ" ဟူသောစာအုပ်ကို လေ့လာရန်တိုက်တွန်းပါသည်။

ထိုကာလအတွင်း ဗိုလ်ချုပ်အောင်ဆန်းသည် နယ်လှည့်၍တရားဟောသည်။ တောင်တန်းသားတို့နှင့် ရင်းနှီးစွာဆက်ဆံ၍ တစ်သွေးတည်း တစ်သားတည်းဟူသော သဘောတရားကို လက်တွေ့ထင်ရှားပြခဲ့သည်။ ခရစ်ယာန်ဘာသာဝင် ကရင်အမျိုးသားများရှိရာအရပ်သို့ မရောက်ရောက်အောင်သွားရောက်ပြီးလျှင် ဘာသာအယူဝါဒခြားသော်လည်း ကရင်နှင့်မြန်မာမှာ တစ်မျိုးသားတည်းဖြစ်သည်ဟူသော အမြင်ကိုရအောင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဆွေးနွေးဟောပြောခဲ့သည်။ ဤလုပ်ရပ်တို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းကို တိုင်းရင်းသားလူမျိုးအသီးသီးတို့က သူတို့၏ခေါင်းဆောင်ဖြစ်သည်ဟု ဝမ်းမြောက်ဝမ်းသာ ပြောဆိုလက်ခံကြသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် အနယ်နယ်အရပ်ရပ်သို့ရောက်သောအခါ လွတ်လပ်ရေးအကြောင်း၊ လွတ်လပ်ရေးသဘောတရားအကြောင်း၊ လွတ်လပ်သောနိုင်ငံများ ထူထောင်ပုံအကြောင်းစသည်တို့ကို ပြည်သူတို့သိရှိနားလည်စေရန် ဟောပြောသည်။ အရင်းရှင်နယ်ချဲ့စနစ်ကို တော်လှန်ရသော ဆိုရှယ်လစ်စီးပွားရေးစနစ်အကြောင်း၊ စက်မှုနိုင်ငံ ထူထောင်ခြင်းအကြောင်း၊ လွတ်လပ်သောပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံသူနိုင်ငံသားများဖြစ်သော တောင်သူလယ်သမား၊ အလုပ်သမားတို့က ထမ်းဆောင်ရမည့်တာဝန်များအကြောင်း၊ ခေတ်မီနိုင်ငံများနှင့် တန်းတူလိုက်နိုင်အောင်လုပ်ရမည့် အလုပ်များအကြောင်းစသည်တို့ကိုလည်း ဟောပြောခဲ့၏။ ထိုဟောပြောချက်များကို နိုင်ငံတော်အစိုးရက တိုက်ရိုက်ထုတ်ဝေဖြန့်ချိထားသည်။ ဗိုလ်ချုပ်အောင်ဆန်း၏မိန့်ခွန်းများကို နိုင်ငံရေးဆိုင်ရာအခါကြီးနေ့ကြီးများတွင် အသံလွှင့်ဌာနက အသံလွှင့်သည်ကိုလည်း ပြည်သူအများ မကြာခဏကြားနေကျဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဤကဲ့သို့ကြီးကျယ်မြင့်မြတ်သော သဘောတရားတို့ကိုသာလျှင်ပြောဆိုခဲ့သည်မဟုတ်။ လူတိုင်းလူတိုင်းနှင့်ဆိုင်သော လွတ်လပ်သည့်နိုင်ငံသားတို့၏ ကျင့်ဝတ်ပဋိပတ်များအကြောင်းကိုလည်း ဟောပြောခဲ့သည်။ ဤသို့ဟောပြောရာ၌ မှန်သည့်စကားကိုမှန်သည့်အတိုင်း မထောက်မညှာ တစ်တစ်ခွခွပြောဆိုတတ်သောကြောင့် အချို့သောသူတို့သည် နာသာခက်ဖြစ်ကောင်းဖြစ်ကြလိမ့်မည်။ သို့သော်အများစုမှာကား ထိုအခံရခက်သော ဗိုလ်ချုပ်၏စကားကိုပင်လျှင်သဘောကျလျက်ရှိကြသည်။ ဗိုလ်ချုပ်မကြာခဏပြောလေ့ပြောထရှိသောစကားမှာ လွတ်လပ်ရေးဟုဆိုပြီး စည်းမဲ့ကမ်းမဲ့လွတ်လွတ်လပ်လပ်နေထိုင်ကျင့်ကြံသော အပြုအမူအကြောင်းပင် ဖြစ်သည်။ ထိုအပြုအမူကို လမ်းမကြီးပေါ်မှာ ဆေးရိုးလှန်းသော ဥပမာအားဖြင့် ပြောဆိုသွားသည်မှာ ခေတ်အဆက်ဆက် ဥဒါန်းတွင်၍ကျန်ရစ်ခဲ့လေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် လူပင်ငယ်သော်လည်း အမြော်အမြင်ကြီးမား၍ ဧရာမ အလုပ်ကြီးအကိုင်ကြီးကို ကြံစည်လုပ်ကိုင်တတ်သူဖြစ်သည်။ လွတ်လပ်ရေးရအောင်လုပ်သော လုပ်ငန်း





ထက် ကြီးမားသောလုပ်ငန်းဟူ၍ အဘယ်မှာရှိလိမ့်မည်နည်း။ ဤလုပ်ငန်းမျိုးမှာ အာဇာနည်တို့ လုပ်ဆောင်သောလုပ်ငန်းမျိုးဖြစ်သည်။ ဗိုလ်ချုပ်သည် ဤကဲ့သို့သော ဧရာမလုပ်ငန်းကြီးအတွက် နိုင်ငံသူနိုင်ငံသားများ အဆင်သင့်ပြင်ဆင်နိုင်ကြစေရန် မကြာခဏ "မှာခဲ့မယ်၊ မှာခဲ့မယ်" ဟု ပြောကြားခဲ့သည်၊ ဤသည်ကို အချို့က ဗိုလ်ချုပ်သည် မိမိ၏ကံကြမ္မာကို မိမိကြိုတင်၍သိနေသောကြောင့် မှာခဲ့ခြင်းပေလောဟု ရင်ထုမနာတွေးတော၍ ပြောဆိုလေ့ရှိကြသည်။ သို့သော် ကံအကြောင်းတရားကို ကျွန်ုပ်တို့မြင်နိုင်ကြသည်မဟုတ်။ ကျွန်ုပ်တို့ မြင်ခဲ့သမျှမှာ ဗိုလ်ချုပ်အောင်ဆန်းက မြန်မာ့ထွက်ရပ်လမ်းအတွက် ကာယကံမြောက်ဆောင်ရွက်နေစဉ်၊ ကုသာမစ္ဆရိယ၊ အဘိဇ္ဈာဗျာပါဒတို့၏ လွှမ်းမိုးခြင်းခံနေရသော လူတစ်စုသည် မြန်မာနိုင်ငံ၏ကံကြမ္မာကို မကောင်းအောင် ဖန်တီးခဲ့ပုံကိုသာလျှင် မြင်ခဲ့ကြရ၏။

ဗိုလ်ချုပ်အောင်ဆန်းမူကား ထိုကဲ့သို့ မနာလို ကိုယ့်အကျိုးမရှိသည့်တရားတို့ကို မိမိ၏အဇ္ဈတ္တသန္တာန်၌ စိုးစဉ်းမျှလက်မခံဘဲ လွတ်လပ်သောမြန်မာနိုင်ငံသားဟူသော သိန်သရေနှင့် ကမ္ဘာ့အလယ်မှာ မြန်မာတစ်မျိုးသားလုံး တင့်တောင့်တင့်တယ်ဖြစ်အောင် ကြံစည်တွေးတောပြုမူပြောဆို၊ လုပ်ကိုင်နိုင်စေဖို့ကိုသာလျှင် စိတ်တွင်ရည်မှန်းခဲ့သည်။ ဤစိတ်မျိုး သည် မသူတော်တို့၏ ဝမ်း၌ကိန်းအောင်းတတ်သော စိတ်မျိုးဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၌ ဤစိတ်မျိုးမရှိသည်ကိုအထူးပြောဖွယ်မလို၊ သူပြောသမျှ လုပ်သမျှတို့မှာ နိုင်ငံသူ၊ နိုင်ငံသားတို့ ကောင်းစားဖို့ရာချည်းဖြစ်သည်။ ထို့ကြောင့် "ငါတို့ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ" ဟူသောစာအုပ်ထဲတွင် ဗိုလ်ချုပ်အောင်ဆန်း၏တိုင်းပြုပြည်ပြုစိတ်ဓာတ်အရင်းခံတို့ကို တွေ့ရှိနိုင်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် သူ့အားမကောင်းကြံနေသော သူ၏အပေါ်၌ပင်လျှင် ကိုယ်နှုတ်နှလုံး သုံးပါးစုံဖြင့် မေတ္တာထားခဲ့သည်။ ဤစကားကို ကျွန်တော်ဆိုသည်မှာ နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေဖြင့် ဗိုလ်ချုပ်နှင့် နီးနီးကပ်ကပ်ဆက်ဆံခဲ့ရသည်မှ ရရှိသောအသိတရားဖြင့် ဆိုလိုက်ခြင်းဖြစ်ပါသည်။ ကျွန်တော်ရေးသားခဲ့သော "ဗမာ့တော်လှန်ရေး သုခမိန်" စာအုပ်ငယ်နှင့် နောက်ထပ်ရေးသားခဲ့သောဆောင်းပါးတို့ကို စနစ်တကျလေ့လာဖတ်ရှုသူတို့သည် ဤအချက်ကို သိကြပြီးဖြစ်ပါလိမ့်မည်။

၁၉၄၆-၄၇ ကာလတွင် ဗိုလ်ချုပ်အောင်ဆန်းသည် အလုပ်ကို အပြင်းအထန်လုပ်သည်။ ယခုသူလုပ်ခဲ့သမျှတို့ကို ကျွန်တော်သည် အမွှတ်မျှဆိုခဲ့ပါပြီ။ လွတ်လပ်ရေးရလုဆဲဆဲ လွတ်လပ်ရေးအတွက် တစ်နိုင်ငံလုံး အဆင်သင့်ဖြစ်အောင် ဗိုလ်ချုပ် စီမံကိန်းအမျိုးမျိုးချမှတ်ခဲ့သည်ကို နားလည်လိုလျှင် ဆိုရင်တိုဗီလာစီမံကိန်း မှတ်တမ်းများကို လေ့လာကြည့်ကြပါ။ နှစ်ပေါင်း ၁၂၃ နှစ်မျှလွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက် နှစ်နှစ်အတွင်း လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်အောင် ကြိုးပမ်းရသည်မှာ လုပ်ငန်း၏ထုထည်ပမာဏ မည်မျှကြီးကျယ်သည်ကို စာဖတ်သူတို့ မျှင်ချိန်၍သာကြည့်ကြပါတော့။

ကျွန်ုပ်တို့အတွက် ဗိုလ်ချုပ်အောင်ဆန်း ဆောင်ရွက်ပေးခဲ့သည်တို့ကို စာရင်းတင်ပြဆိုလျှင် သမိုင်းတစ်လျှောက်လုံး၌ မှတ်တမ်းတင်၍ ကုန်နိုင်ဖွယ်မရှိချေ။ ကျွန်ုပ်တို့အတွက် ဗိုလ်ချုပ်လုပ်ဆောင်ခဲ့သမျှကို ကျွန်ုပ်တို့က အပြန်အလှန်အားဖြင့် ကျေးဇူးဆပ်ဖို့ရှိသည်။ ထို့ကြောင့် ဦးပုကလေးက



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ"ဟု မေးမြန်းလိုက်သောအခါ ကျွန်တော်ကလည်း "ငါတို့ ဗိုလ်ချုပ် ကျေးဇူးကိုသိသောအားဖြင့် ဘာတွေလုပ်နေကြသနည်း" ဟု မေးလိုက်ချင်သည်။

ဗိုလ်ချုပ်အောင်ဆန်းက "စည်းကမ်း" ဟုပြောခဲ့၏။ ကျွန်တော်တို့သည် ထို "စည်းကမ်း" တစ်ခုကိုပင်လျှင် ဗိုလ်ချုပ်အောင်ဆန်းမှာသကဲ့သို့ ပြည့်စုံအောင်လုပ်ကိုင်ဆောင်ရွက်ကြပါသလား။

ဗိုလ်ချုပ်အောင်ဆန်းကို လေးစားသည်ဟု ပြောကြဆိုကြ၏။ သို့သော် ကျွန်ုပ်တို့လေးစား သော ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်၊ နာမ်၊ ခန္ဓာတို့သည် မရှိတော့ပြီ။ ဗိုလ်ချုပ်ကိုယ်စား ငွေစက္ကူ အသီးသီးအပေါ်တွင်ရိုက်နှိပ်ထားသော ဗိုလ်ချုပ်၏ပုံသာလျှင် ကျန်ရစ်သည်။ ခေတ်လူတို့သည် ဗိုလ်ချုပ်ပုံကိုသာ လေးစားနေကြလေသလော။ ဗိုလ်ချုပ်မှာခဲ့သော အနှစ်သာရတို့ကို မှတ်မိကြပါ၏ လော။

ဗိုလ်ချုပ်အောင်ဆန်းကို ကြည်ညိုလေးစား၍ သူ၏စကားကိုနာယူကြမည်ဆိုလျှင် ဤ ခေတ်၌ မြန်မာတိုင်းရင်းသားလူထုအများသည် လွတ်လပ်သောနိုင်ငံသားများအဖြစ် ကျက်သရေရှိ ဝေလျက်ရှိပေလိမ့်မည်။

ယုတ်စွအဆုံး ဗိုလ်ချုပ်မှာခဲ့သော "စည်းကမ်း" ကိုပင်လျှင် အမြတ်တနိုးလိုက်နာကြမည် ဆိုပါက ဗိုလ်ချုပ်မျှော်မှန်းသည့်အတိုင်း လုပ်ကိုင်ဆောင်ရွက်နေသော စီမံကိန်းအဝဝတို့သည် နိုင်ငံသူနိုင်ငံသားတို့ကိုကောင်းကျိုးပေးလျက် ရှိနေကြလိမ့်မည်။

စည်းကမ်းဆိုသည်မှာ မရှိဘူးဟု ပြောနေရုံမျှနှင့် ရှိလာနိုင်မည်မဟုတ်။

စည်းကမ်းရှိအောင်ကြံစည်တွေးတော၍ စည်းကမ်းစကားကိုပြောပြီးလျှင် စည်းနှင့်ကမ်းနှင့် အလုပ်လုပ်ကြမှသာ စည်းကမ်းရှိလာလိမ့်မည်။

ဤ၌လည်း သူ့စည်းကမ်းကိုသာ လက်ညှိုးထိုးပြောနေလျှင် အလဟဿဖြစ်လိမ့်မည် ကိုယ့်စည်းကမ်းက အစပြု၍ ကြံစည်ပြောဆိုလုပ်ကိုင်လျှင်မူကား စည်းကမ်းက လှဘောင်တစ်ရပ် ကို ထိန်းသိမ်းသွားလိမ့်မည်။

စီမံကိန်းဆိုသည်မှာ စည်းနှင့်ကမ်းနှင့် အလုပ်ကိုလုပ်ကိုင်ဆောင်ရွက်ခြင်းပင် ဖြစ်သည် စီမံကိန်း၌ စည်းကမ်းသည် မဏ္ဍိုင်ဖြစ်၏။

မိမိကိုယ်တိုင်က စည်းကမ်း၌ ယိမ်းယိုင်နေပါလျှင် စီမံကိန်းသည်လည်း ယိုင်ထိုး၍နေလိမ့် မည်။

ထို့ကြောင့် ဤခေတ်ဤအခါ၌ "ငါတို့ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ" ဟု တွေး၍ဓလေ့ မနေကြပါနှင့်။

ငါတို့ ဗိုလ်ချုပ်ကို ဘာတွေလုပ်နေကြသလဲဟု အပြန်ပြန်အလှန်လှန် စဉ်းစားကြည့်ဖို့သာ ကောင်းသည်။ ။

[စစ်ပြန်မဂ္ဂဇင်း၊ အမှတ် ၁၀၆၊ ဇူလိုင်၊ ၁၉...]



# သူ့အကြောင်း ကျွန်တော်မှတ်မိသမျှကလေး

တက်တိုး

ဇူလိုင်လသို့ တစ်ပတ်လည်လာပြန်ပြီ။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ကြီးများ ကျဆုံးရသောအကြောင်းများကို ပြန်ပြောင်းသတိရကြလေပြီ။ လုပ်ကြံမှုကြီးဖြစ်ခဲ့သည်မှာ နှစ်ဆယ့် နှစ်နှစ်ရှိသွားလေပြီ။ နှစ်လည်တိုင်း ဗိုလ်ချုပ်အောင်ဆန်း၏အကြောင်းများနှင့် အခြားပုဂ္ဂိုလ်ကြီး များ၏အကြောင်းတို့ကို ရေးသားဖော်ပြကြသည်။ ကျွန်တော့်အဖို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကြုံတွေ့ ရသည့် အခိုက်အခါကလေးတချို့ကို မမေ့နိုင်ဖြစ်ခဲ့ရသော်လည်း ရေးသားဖော်ပြမှုမပြုခဲ့မိချေ။

တစ်နေ့ကအိုးဝေတွင် ဗမိုးက ဗိုလ်ချုပ်အောင်ဆန်း အင်္ဂလိပ်စာလေ့လာမှုနှင့်ပတ်သက်၍ ရေးသောဆောင်းပါးတွင် ဗိုလ်ချုပ်အောင်ဆန်း တက္ကသိုလ်ကျောင်းသို့ရောက်စက စကားရည်လု ပွဲတစ်ပွဲ၌ထ၍ အင်္ဂလိပ်လိုပြောရင်း ပါဠိရွတ်ပုံကို ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်း၏စာအုပ်မှ ကောက်နုတ်ချက်တစ်ခုကို ထုတ်ပြထားသည်။

အောင်ဆန်းက ပရိသတ်ထဲတွင် အင်္ဂလိပ်လိုပြောပြီး ပါဠိအညွှန်းကလေးတစ်ခုကို ရွတ်ပြ လိုက်သောအခါ ပရိသတ်က ရယ်မောကြသည်။ ထိုပရိသတ်ထဲတွင် ရှေ့တန်း၌ထိုင်နေသော ပုဂ္ဂိုလ် များကား အခြားသူများမဟုတ်ပေ။ ဒေါက်တာဘမော်၊ ဒေါက်တာဘဟန် အမှူးပြုသော 'တွဲရေးသမား များ'နှင့် ဦးဘဘေ အမှူးပြုသော 'ခွဲရေးသမားများ' ဖြစ်ကြသည်။

၁၉၃၂ ခုနှစ်ဟု ထင်မိပါသည်။ သမဂ္ဂဥက္ကဋ္ဌသစ်၏ ကတိသစ္စာခံယူပွဲကျင်းပလေ့ရှိရာ ပွဲမှာတွင် ဥက္ကဋ္ဌသစ်က ရာထူးလက်ခံမိန့်ခွန်းပြောကြားပြီးသည့်နောက် အခမ်းအနားတစ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



ကနေဖြင့် စကားရည်လုပွဲတစ်ပွဲ ကျင်းပလေ့ရှိသည်။ ထိုနှစ်အတွက် အခမ်းအနားဝင် စကားရည်လု ပွဲ၌ ပြောဆိုချေပကြရမည့်အကြောင်းအရာကို သမဂ္ဂလူကြီးများက ရွေးကြရသည်။ ပြီးလျှင် ပြောဆိုချေပမည့်သူများကို ရွေးကြရသည်။

ထိုနှစ်ထိုအခိုက်တွင် အဓိကရအဖြစ်အပျက်ကြီး တစ်ခုဖြစ်လေသည်။ ယင်းသည်ကား ဂျူဗလီဟောခန်းမဆောင်တွင် ခွဲရေးတရားဟောပွဲတစ်ခု ကျင်းပနေစဉ် ပရိသတ်ထဲမှ စင်မြင့်ပေါ်သို့ ပျံတက်လာသောအရာသည်ကား ဘုန်းကြီးဖိနပ်တစ်ဖက်ဖြစ်လေသည်။ ထိုအခါက ဗြိတိသျှတို့က အုပ်ချုပ်ပုံပြုပြင်ပြောင်းလဲရေးပြုရန် စီစဉ်နေကြသည်။ မြန်မာပြည်ကို အိန္ဒိယပြည်မှခွဲထုတ်၍ သီးသန့်အုပ်ချုပ်ရေးစနစ် ပေးသင့်သလော။ သို့တည်းမဟုတ် မြန်မာပြည်သည် အိန္ဒိယပြည်နှင့်အတူ ပူးတွဲ၍ အိန္ဒိယပြည်အတွက်ပေးသော အုပ်ချုပ်ရေးစနစ်အတိုင်း ခံယူသင့်သလော။ ဤမေးခွန်း ပြဿနာသည် မြန်မာ့နိုင်ငံရေးလောကတွင် အကြီးမားဆုံးဖြစ်နေလေသည်။

မြန်မာ့နိုင်ငံရေးသမားများတွင် 'ခွဲရေးသမား' နှင့် 'တွဲရေးသမား'ဟူ၍ အုပ်စုကြီးနှစ်ခုဖြစ်ပေါ်လာ၏။ ဒေါက်တာဘမော်သည် ဆရာစံ၏အမှုကိုလိုက်ပေးသော ရှေ့နေအဖြစ် လူထုကအသိများလာသည့်အလျောက် နိုင်ငံရေးအကွက်ဆိုက်နေသဖြင့် နိုင်ငံရေးခေါင်းဆောင်အသွင်ကိုယူကာ တွဲရေးဘက်မှလှုပ်ရှားနေလေသည်။ သမားရိုးကျခေါင်းဆောင်ကြီးများဖြစ်သော ဦးဘဘေ၊ ဦးမြ၊ ဦးသိမ်းမောင် စသူတို့သည် ခွဲရေးဘက်မှလှုပ်ရှားကြသည်။

ထိုပဋိပက္ခဂယက်သည် တစ်နိုင်ငံလုံးအနှံ့အပြားရိုက်ခတ်ပျံ့နှံ့လေရာ တစ်အိမ်တည်း အိမ်သူအိမ်သားများတွင် အချို့က ခွဲရေး၊ အချို့က တွဲရေးဟူ၍ ကြားဖူးလိုက်ရလေသေးသည်။ တက္ကသိုလ် ကျောင်းတွင်လည်း ခွဲရေးတွဲရေး အငြင်းပွားကြသည်။ များစွာသောဘုန်းတော်ကြီးတို့သည် ဒေါက်တာဘမော်အပြောကောင်းမှုကြောင့် တွဲရေးဘက်သို့လိုက်ကြသည်။ အချို့မှာ အတော်ပြင်းထန်ကြသည်။

ဂျူဗလီဟောခန်းမဆောင်တွင် ခွဲရေးတရားပွဲကျင်းပခိုက် ဘုန်းကြီးဖိနပ်တစ်ဖက် စင်မြင့်ပေါ်သို့ ပျံတက်လာခြင်းသည် သတင်းထူးတစ်ရပ်ဖြစ်သည့်အလျောက် နောက်တစ်နေ့တွင် သတင်းစာများက ဖိနပ်ပျံကြီး၏သတင်းကို ဝေဝေဆာဆာရေးကြသည်။ နောက်နေ့များတွင် ဘုန်းကြီးများ နိုင်ငံရေးနှင့်သက်ဆိုင်သင့် မသက်ဆိုင်သင့်ဟူသောအချက်ကို သတင်းစာများတွင် ရေးလာကြသည်။ ထိုအခိုက် 'ရန်ကုန်ဂေဇက်' အင်္ဂလိပ်သတင်းစာတွင် 'ဘုန်းကြီးများ နိုင်ငံရေးတွင် မပါဝင်သင့်'ဟူသော ခေါင်းစဉ်တပ် 'အယ်ဒီတာ့ထံပေးစာ' တစ်စောင်ပါလာသည်။ နောက်နေ့များတွင် ထိုသတင်းစာ 'အယ်ဒီတာ့ထံပေးစာ'ကော်လံတွင် အချေအတင်ရေးကြသည်။

ကျောင်းဆောင်တွင်လည်း တက္ကသိုလ်ကျောင်းသားအချို့သည် ထိုအကြောင်းကို ငြင်းကြခုန်ကြသည်။ ထိုစဉ်က ကျွန်တော်သည် ပုဂံဆောင်မှပြောင်း၍ အင်းဝဆောင်တွင် နေလျက်ရှိ၏။ ကျွန်တော့်အနီးအနားတွင် ကိုအောင်ဆန်း (ဗိုလ်ချုပ်အစ်ကို)၊ ကိုဘတင် (ယခု ရှေ့နေကြီး ဒေါက်တာဘတင်)၊ ကိုဟန်တော် (အငြိမ်းစားအတွင်းဝန်)၊ မစ္စတာရာရှစ်၊ ကိုအေးချို (အငြိမ်းစားတိုင်းပညာဝန်) နှင့် အခြားမိတ်ဆွေများ အခန်းအသီးသီး၌နေကြသည်။ ညစာစားပြီး အခန်းသို့ပြန်လာကြပြီးနောက် ဝရန်တာတွင်ထိုင်လျက်ထလျက် အမျိုးမျိုးနေရင်း ထိုအကြောင်းကို ထင်ရာမြင်ရာ ပြောဆိုငြင်း





ခုန်နေကြသည်။ ထိုသို့ ငြင်းခုံနေကြရာ နှစ်ရက်သုံးရက်လောက်ကြာသောအခါ ကိုဟန်တော်က "ဒီအကြောင်းကို ယူနီယံမှာ ဒီဘိတ်လုပ်လိုက်ရင်ကောင်းမယ်" ဟု အကြံပြုသည်။ ထိုအကြံကို သဘောတူကြသဖြင့် သမဂ္ဂဥက္ကဋ္ဌသစ် ကတိသစ္စာခံယူပွဲတွင် အခမ်းအနားဝင် စကားရည်လုပွဲအတွက် ထိုအကြောင်းအရာကို ရွေးချယ်လိုက်ကြသည်။

ရွေးချယ်ရာ၌ ထူးခြားသည့်အချက်ကလေးတစ်ခုရှိသည်။ စကားရည်လုပွဲများတွင် အဆိုက "သင့်သည်" ဟူသော ဖြောင့်ချက်အဖြစ်ထားပြီးလျှင် အချေဘက်က "မသင့်"ဟူသော ငြင်းချက်အဖြစ် ထားလေ့ရှိကြသည်။ ယခု၌မူ ပြောင်းပြန်ပြု၍ "ဘုန်းကြီးများ နိုင်ငံရေးတွင် မပါဝင်သင့်"ကို အဆိုအဖြစ်ထားကာ "ပါဝင်သင့်သည်"ကို အချေအဖြစ် ထားလိုက်ခြင်းဖြစ်သည်။

ပြောမည့်သူများကို ရွေးချယ်မှုမှာ မခက်ခဲလှပေ။ "ကိုယ်ဖော်တဲ့ဆေး ကိုယ်အရင်စား"ဆိုသလို အကြံပြုသူများထဲမှ ရွေးလိုက်ကြသည်။ အဆိုရှင်များအဖြစ် ကိုအောင်ဆန်းနှင့် ကျွန်တော်။ အချေရှင်များအဖြစ် ကိုဘတင်နှင့် ကိုအေးချိုတို့ဖြစ်ကြလေသည်။ အင်္ဂလိပ်လိုပြောကြရမည်ဖြစ်သည်။ သဘာပတိ၊ သမဂ္ဂ ဥက္ကဋ္ဌသစ်မှာ ကိုစံဖေအောင် ဖြစ်သည်။

နိုင်ငံရေးသမားတို့သည် တက္ကသိုလ်ကျောင်းသားများ၏အားကို ယူလိုကြသည့်အလျောက် တက္ကသိုလ်၌ဖြစ်ပေါ်သောကိစ္စများတွင် သူတို့ အမြဲတမ်းဂရုစိုက်၍ လာကြသည်။ ပါဝင်ကြသည်။ ကျောင်းသားခေါင်းဆောင်များကို အကျွမ်းတဝင်ဖြစ်အောင် နည်းအမျိုးမျိုးဖြင့်ကြိုးပမ်းကြသည်။ တက္ကသိုလ်သမဂ္ဂတွင် ထိုအကြောင်းကို စကားရည်လုပွဲကျင်းပမည်ဆိုလိုက်သည်နှင့် နိုင်ငံရေးသမားအုပ်စုများသည် သမဂ္ဂအဆောက်အအုံသို့ စုပြုံတက်ရောက်ကြလေသည်။ ထိုအကြောင်းအရာမှာ ပင်စစ်အားဖြင့် ခွဲရေးတွဲရေးပြဿနာပင်ဖြစ်လေရာ အုပ်စုနှစ်ခုလုံးက အင်အားပြဖို့ ပြင်ဆင်ထားကြသည်။ ပရိသတ်ထဲမှ ဝင်ရောက်ပြောဆိုခွင့်ကိုယူ၍ သူတို့၏ဝါဒကိုဖြန့်ဖို့ အသင့်ရှိကြသည်။ ထိုနေ့ည အစည်းအဝေးပွဲသည် အလွန်လူစည်လေတော့သည်။

ထိုပွဲတွင် ပရိသတ်ထဲမှ ကတုံးဆံတောက်နှင့် လူငယ်တစ်ယောက်ထ၍ အင်္ဂလိပ်လို အနည်းငယ်ပြောပြီး ဘုန်းကြီးများမှာ အမှုကိစ္စမများအပ်ဟူသော "အပ္ပ ကိစ္စောစ" ပါဠိပိုဒ်ကို ကိုးကားပြလေသောအခါ နိုင်ငံရေးခေါင်းဆောင်များက ထိပ်တန်းကနေ၍ ရယ်မောကြလေသည်။ သူတို့သည် ထိုစဉ်က 'ဒီကောင်လေးသည် တစ်နေ့သောအခါတွင် မြန်မာ့ လွတ်လပ်ရေးဖခင်ကြီးဖြစ်လာလိမ့်မည်ဟု ယောင်၍ပင်မတွေးမိကြချေ။ ထိုသူငယ်၏စကားကို ဂရုမထားမိသော်လည်း သူပါဠိကိုးပြပုံကိုကား မှတ်မိကောင်းမှတ်မိကြပေလိမ့်မည်။ အင်္ဂလိပ်လို ပဏာမချီစဉ်က ထစ်ထစ်ငေါ့ငေါ့ နိုင်သလောက် ပါဠိရွတ်ရာတွင် မြန်သောကြောင့် ထူးခြားမှုပေါ်လွင်လာလေသည်။ အောင်ဆန်းသည် ထိုအချိန်အခါမှစ၍ တက္ကသိုလ်တစ်ခွင်တွင် ခပ်ဆန်းဆန်းလူတစ်ယောက်အဖြစ်အသိအမှတ်ပြုခြင်းခံရသည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် အောင်ဆန်း၏အကြောင်းကို ပို၍ပို၍ သိလာကြ၏။

ကျွန်တော် သိရသလောက်မှာ အောင်ဆန်းသည် အင်္ဂလိပ်လိုပြောရာတွင်သာ ထစ်ထစ်ငေါ့ငေါ့ရှိသော်လည်း အရေးအသားတွင် တော်ပေသည်။ ဂန္ထလောကမဂ္ဂဇင်းတွင် ပန်းတနော်သားများသန့် (ယခု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်)နှင့် ကျောင်းဝတ်စုံအကြောင်းကို အချေအတင် အင်္ဂလိပ်လိုရေးသည်။ အင်္ဂလိပ်စာကိုလည်း များစွာဖတ်ကြောင်း သိရပါသည်။



www.burmeseclassic.com


အောင်ဆန်းနှင့်ပတ်သက်သည့် အခြားအကြောင်းရပ်ကလေးတစ်ခု ပြောပြချင်ပါသေးသည်။ အောင်ဆန်းသည် တို့ဗမာအစည်းအရုံးတွင် အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်နေစဉ် ကျွန်တော်သည် ကိုထွန်းတင် ('တိုလီမိုလီ ထွန်းတင်'၊ ဗိုလ်မှူးဟောင်း)နှင့်အတူ သမဂ္ဂအဲဆောက်အအုံအောက်ထပ် ဦးကံသိန်း၏ ဆံပင်ညှပ်ဆိုင်အခန်းနှင့်ကပ်လျက်အခန်းတွင် ခိုကပ်နေသည်။ ကိုထွန်းတင်၏ ဦးလေးနှင့်အဒေါ်တို့က ကျွန်တော်တို့ကို ထမင်းဟင်း ချက်ကျွေးသည်။ ကျွန်တော်တို့အခန်းသည် ကျောင်းသားခေါင်းဆောင်များ မကြာခဏလာ၍ လေကန်သောနေရာ ဖြစ်သည်။ တစ်ခါတစ်ရံ ကြုံကြိုက်သလို စားစရာ သောက်စရာရှိလျှင် ဝင်စားကြ သောက်ကြသောနေရာလည်း ဖြစ်သည်။ အောင်ဆန်းသည် မြို့ထဲတွင်နေသော်လည်း ကျွန်တော်တို့အခန်းသို့ မကြာခဏ ဝင်လာတတ်သည်။

တစ်နေ့တွင် အောင်ဆန်းသည် ည ၁၀ နာရီလောက် ရောက်လာသည်။ ရောက်ရောက်ချင်းပင် "ဟေ့ ထမင်းစားချင်တယ်။ ကျန်သေးသလား"ဟု ဆိုသည်။ ကျွန်တော်နှင့် ကိုထွန်းတင်တို့က မရှိတော့ကြောင်း ပြောပြသည်။ "ကျန်တာပဲ ပေး"ဟု သူကဆိုပြန်လေသောအခါ ကိုထွန်းတင်၏ဦးလေးက အိုးထဲမှကျန်သော ထမင်းခဲကလေးနှင့် ပစ်လိုက်ဖို့ထားသော ငါးဟင်းအကျန် အမိုးအရင်းတို့ကို ထုတ်ပြသည်။ ကျွန်တော်က သမဂ္ဂဆိုင်မှာ ခေါက်ဆွဲဝယ်ကျွေးမည် ကြံလိုက်သေး၏။ အချိန်က နှောင်းနေပြီ။ သို့သော် အောင်ဆန်းက "ဝယ်မနေပါနဲ့" ဟုဆိုကာ ထမင်းကျန် ဟင်းကျန်တို့ကိုပင် အားလုံးစားပစ်လိုက်သည်။ စားပြီးနောက် ဘယ်သူ့ကိုမျှ ဘာမျှမပြောဘဲ ကျွန်တော့်ခေါက်ခုတင် စုတ်ကလေးပေါ်တွင် လှဲလိုက်သည်။ နောက်မိနစ်ပိုင်းတွင် အိပ်မော်ကျသွားလေသည်။

ကျွန်တော့်အဖို့ ထိုညတွင် အိပ်ရာပြဿနာပေါ်လေတော့သည်။ တစ်ဖက်ခန်းက ဆံပင်ညှပ်မှန်ခုံ တစ်ပေလောက်အကျယ်တွင် လိမ့်မကျအောင် သတိထား၍ ခြင်ကိုက်ခံရင်း မေ့ခနဲမျှသာ ပျော်ရလေသည်။ နံနက်မိုးလင်းစတွင် ကျွန်တော်သည် ကျွန်တော်တို့အခန်းဘက်သို့ ကူးဝင်လာပြီးလျှင် ကျွန်တော့်ခုတင်ကိုလှမ်းကြည့်ရာ ခုတင်မှာ ဟာလာဟင်းလင်းဖြစ်နေသည်ကို တွေ့ရတော့သည်။ ။

[မြဝတီမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၆၄]





ကိုကြီးထံ ရေးသည့်စာ

www.burmeseclassic.com



[illegible]

RANGOON UNIVERSITY STUDENTS' UNION

No.

Rangoon University, 193

ဆရာကြီး ခင်ဗျား

[illegible]

အောင်ဆန်း



ဗိုလ်ချုပ်အောင်ဆန်း၏ လက်ရေးမူများ

အောင်ဆန်း

Aung San

11/3/36

From M. A. San

To M. A. Raschid
but
No M. A. after our names
This is one point of resemblance between us - but many others too which you know of course. We two have served together on the Union E.C. and perhaps will have to do so till our last



www.burmeseclassic.com

www.burmeseclassic.com
ဗိုလ်ချုပ်အောင်ဆန်း၏ လက်ရေးမူများ

ဗလ.

[illegible]

[illegible]

Dear U Ba San.

I came over to your room to discuss with you about Arakan. Would you come over to my place to-morrow evening for the same purpose?

Aung San

12/11/47



www.burmeseclassic.com

www.burmeseclassic.com



Shwedaung

My dear Adipadigyi,

I am sorry that I was unable to meet you before I came out here as I had promised you. Conditions were such that I had to do things in a hurry. Sometimes I am afraid you might misunderstand me. I shall be coming back to Rangoon &, if conditions do not worsen so unexpectedly, I hope to meet you again. Meantime I wish to send you some report.

As I said in my speech, I would do my best to save the situation. But as you would also understand, these are



dark days for us. The Japanese troops are withdrawing to all intents & purposes. And I shall not be surprised if, before monsoon, the war in Burma is over. Anyway, I think I don't blame the Japanese too, for from the strategical point of view, if you might understand, this is the only wise & sound course for them to do. Nevertheless there is still hope for us I suppose. Of course, we shall have to be prepared to struggle alone for sometime. But I have every confidence that our cause will win ultimately; War or no war, peace or no peace,

www.burmeseclassic.com


www.burmeseclassic.com



struggle for our national independence
must go on till it ends in victory.
~~Please ... the Japanese authorities~~
~~at~~ And I will do my best. You
might misunderstand me now
perhaps. But believe me, after
sometime, you will see whether
I mean what I say. At present
I have to fix up ~~many things~~
because there are so many angles
to be straightened. Meantime
I wish you to be prepared for
the worst & do whatever possible
in your line.
~~Please pass orders~~ to Ed.
~~Master about granting~~ diploma

Yrs Aung San








www.burmeseclassic.com

www.burmeseclassic.com



[illegible]

၁။ [illegible]

၂။ [illegible]

၃။ [illegible]

၁။ [illegible]
၂။ [illegible]
၃။ [illegible]
၄။ [illegible]
၅။ [illegible]
၆။ [illegible]
၇။ [illegible]
၈။ [illegible]



ဗိုလ်ချုပ်အောင်ဆန်း၏ လက်ရေးမူများ

၉။ [illegible]
၁၀။ [illegible]
၁၁။ [illegible]
၁၂။ [illegible]
၁၃။ [illegible]
၁၄။ [illegible]
၁၅။ [illegible]
၁၆။ [illegible]
၁၇။ [illegible]
၁၈။ [illegible]
၁၉။ [illegible]
၂၀။ [illegible]
၂၁။ [illegible]
၂၂။ [illegible]
၂၃။ [illegible]
၂၄။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



[illegible] Pending [illegible]

[illegible] Aerodal [illegible]

[illegible]



ဗိုလ်ချုပ်အောင်ဆန်း၏ လက်ရေးမူများ

၂.၇.၄၇

[illegible]

[illegible] C.I.D. information [illegible] We have reached the limit of our concession [illegible] State [illegible] North Eastern Frontier Province [illegible] Don't commit yourselves in this matter [illegible] Discuss [illegible]

[illegible]



www.burmeseclassic.com

www.burmeseclassic.com



Dear U Chan Tha,

It might be a good thing if we invite Communist members of the Constituent Assembly and Thakin Than Tun to the Rehabilitation Conference. Could you send invitations to them to-day?

[illegible signature]



ဗိုလ်ချုပ်အောင်ဆန်း၏ လက်ရေးမူများ

[illegible] General Staff [illegible]


[illegible signature]



www.burmeseclassic.com

www.burmeseclassic.com







လွန်ခဲ့သောနှစ်ငါးဆယ်ကသတင်းစာထဲကသတင်း

# ကိုအောင်ဆန်းရဲ့ ကြုံးဝါးသံ

တိုးတက်ရေး အုန်းမြင့်

ချစ်ဒီတာခင်ဗျား -

မြန်မာမင်းများလက်ထက်က သတင်းစာဆရာကြီးဘိုးဝဇီရရဲ့အတ္ထုပ္ပတ္တိကို တိမ်မြုပ်နေရာမှ စာအုပ်တစ်အုပ်အဖြစ် ပြုစုဖော်ထုတ်ပေးခဲ့တဲ့အပြင် မြန်မာ့အမျိုးသား စိတ်ဓာတ်ကို လှုံ့ဆော်ပေးရာမှာ ရှေ့တန်းကဆောင်ရွက်ပေးသူလည်းဖြစ်တဲ့သတင်းစာ ဆရာ၊ စာရေးဆရာကြီး မဟာဆွေရဲ့သမီး စာရေးဆရာမ ခင်ဆွေဦး ဦးစီးတဲ့မဂ္ဂဇင်းမှာ ဖြင့်သလိုအသုံးပြုနိုင်ရန် မြန်မာသတင်းစာဖြတ်ပိုင်းဟောင်းတစ်ခုကိုပေးပို့လိုက်ရပါ တယ်။

လွန်ခဲ့တဲ့နှစ်ငါးဆယ်က မြန်မာ့အလင်းသတင်းစာကြီးရဲ့ပုံသဏ္ဌာန်၊ သတင်းဖော်ပြ မှုတို့ကိုလည်း လေ့လာသိရှိနိုင်ကြစေရန်လည်း ဖြစ်ပါတယ်။

နောက် ဒီသတင်းစာဖြတ်ပိုင်းဟောင်းထဲမှာ အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ် အောင်ဆန်း ကျောင်းသားဘဝက လွတ်လပ်ရေး၊ ပညာအတွက် ကြုံးဝါးသံကိုလည်း ဖတ်ရှုကြရမှာပါ။

လွတ်လပ်ရေး နှစ်လေးဆယ်ပြည့်အချိန်၊ ဗိုလ်ချုပ်အောင်ဆန်းကို သတိတရ

www.burmeseclassic.com



**ရှိနေကြတဲ့ကာလမှာ ငယ်နုစဉ်အခါက လှုပ်ရှားမှုအမှတ်တရကလေးများစွာအနက်မှ တစ်ခုအဖြစ် ပြန်လည်သတိရကြားယောင် မြင်ယောင်ရင်း ဗိုလ်ချုပ်အား လေးစားဂုဏ်ပြု တဲ့အနေနဲ့ အများ လေ့လာမှတ်သားနိုင်ကြစေဖို့ပါရည်ရွယ်ရင်းစွဲဖြင့် ပေးပို့လိုက်ရပါတယ်။**

**ဒီသတင်းစာဖြတ်ပိုင်းဟောင်းဟာ တစ်ချိန်က ကိုအောင်ဆန်းနဲ့အတူတွဲ၍ အမှု ဆောင်အဖြစ် ဆောင်ရွက်ခဲ့ဖူးတဲ့ ကိုဘသန်း (ဦးဘသန်း တရားရုံးချုပ်တရားသူကြီး ငြိမ်း) စုဆောင်းထားတဲ့ တိုးတက်ရေးအုန်းမြင့် ရတနာသိုက်ထဲကရခဲ့တာပါ။**

**အုန်းမြင့်**

## ကိုအောင်ဆန်းရဲ့ ကြုံးဝါးသံ

၁၉၃၆ ခုနှစ်က သပိတ်အင်အားဆုတ်ယုတ်လာ၍ အားပြန်ပြီးဖြည့်တင်းရန် စစ်ကိုဆုံ ခဲ့ရာ ယခု မိမိတို့မှာ ခွန်အားပြည့်လာပြီး ရှေ့နှစ်တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရာ၌ အောင်ဆ သော်လည်းကောင်း ပြုတ်ရမည်၊ အလုပ်သော်လည်းကောင်း အောင်ရမည်ဟုပြောဆိုခြင်း။

## အလွန်အရေးကြီးသော ဆုံးဖြတ်ချက်များ
## [ပုသိမ်မြို့ ကျွန်ုပ်တို့သတင်းထောက်ထံမှ]

သုံးကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအသင်း နှစ်လည်အစည်း အဝေးကြီးအတွက် မြန်မာပြည်အတွင်းရှိ မြို့ပေါင်း ၃၀ကျော်မှ ကျောင်းသားကိုယ်စားလှယ် ခန့်တို့သည် ပုသိမ်မြို့သို့ ဧပြီလ ၁၀ ရက်နေ့ကစပြီး တဖွဲဖွဲရောက်ရှိနေခဲ့ရာ ပထမဆုံးရောက်ရှိသော ကိုယ်စားလှယ်များမှာ မုံရွာမြို့မှဖြစ်ကြောင်း၊ ထိုအစည်းအဝေးကြီး ပြုလုပ်နိုင်စေရန် ပုသိမ် အမျိုးသားကျောင်း ကျောင်းအုပ်ဆရာကြီး ဦးရွှေကျော်နှင့် ကျောင်းအုပ်ချုပ်ရေးကော်မတီတို့ ခွင့်ပြုချက်အရ ကိုလှမောင်အုပ်ချုပ်သော ဧည့်ခံကော်မတီက သုံးထပ်တိုက်ကျောင်းကြီးကို အခ ဆုံးအထပ်တွင် ကိုယ်စားလှယ်များ တည်းခိုရန်၊ အလယ်ထပ်တွင် အစည်းအဝေးပြုလုပ်ရန် အောက်ဆုံးအထပ်တွင် ထမင်းဟင်းကျွေးမွေးရန် ပြင်ဆင်ထားခဲ့ပေကြောင်း။

## အတုယူထိုက်လှခြင်း

ဤအစည်းအဝေးကြီး ထမြောက်အောင်မြင်အောင်ဆောင်ရွက်ရန် နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ၏ သမဂ္ဂအသင်းအကျိုးဆောင် ပုသိမ်မြို့သား တက္ကသိုလ်ကျောင်းသား ကိုမြင့်မြ အသင်းကြီး၏စာရေးတို့က ကြိုတင်လာရောက်လျက် ဧည့်ခံကော်မတီနှင့်အတူ နေ့ညမအား အလုပ် လုပ်ကိုင်နေကြသည်မှာ ယခုမြန်မာပြည်မှ ခေါင်းဆောင်များနှင့် ဥပဒေပြုအမတ်များ၊ နိုင်ငံရေး သမားများ အတုယူထိုက်ကြောင်း၊ ဥက္ကဋ္ဌကိုအောင်ဆန်းသည်လည်း ၁၉ ရက်နေ့က ပုသိမ် ရောက်လာပြီးလျှင် နေ့ရောညပါ အားလပ်ချိန်အလျဉ်းမယူဘဲ လုပ်ကိုင်နေသည်မှာ အိန္ဒိယပြည် နိုင်ငံရေး ခေါင်းဆောင်များထက် အောက်တန်းမရောက်ကြောင်းကို သိရှိနိုင်ကြောင်း။





## ဆရာများအစည်းအဝေးနှင့်မတူ

အစည်းအဝေးပြုလုပ်မည့် ပထမနေ့ဖြစ်သော ဧပြီလ ၂၄ ရက်နေ့ နံနက် ၈ နာရီ လောက်ကပင် ကျောင်းဝင်းကြီးအတွင်းနှင့်မြို့ထဲတွင် မြန်မာစာသင်ကျောင်းဆရာများ၏ အစည်း အဝေးကြီးမှာကဲ့သို့မဟုတ်ဘဲ ပင်နီအင်္ကျီဝတ်ဆင်သော ကျောင်းသူ၊ ကျောင်းသားများ သွားလာ နေသည်ကိုတွေ့ရကြောင်း၊ ၉ နာရီထိုးသောအခါ အစည်းအဝေးခန်းမကြီးတစ်ခုလုံးမှာ ပြည့်ကျပ် သွားတော့ကြောင်း၊ ၎င်းတို့အနက် အမျိုးသားကျောင်းအုပ်ချုပ်ရေးကော်မတီလူကြီးများနှင့် မြို့ပေါ်မှ ဧည့်သည်များမှတစ်ပါး ယောက်ျားမိန်းမ၊ လူကြီးလူငယ်အားလုံး ပင်နီဝတ်ဆင်ကြကြောင်း၊ ရန်ကုန်မှ လာသော စုံထောက်ဘက်မှ အရာရှိသုံးဦးအနက် နှစ်ဦးက ပင်နီအင်္ကျီဝတ်ဆင်ထားကြောင်း၊ ကျောင်းကြီး ဆင်ဝင်ခန်းအောက်မှ စည်တော်ကြီးကိုတီးကြောင်း၊ ၉ နာရီ ၁၅ မိနစ်အချိန်တွင် ဧည့်သည်ကော်မတီဥက္ကဋ္ဌ ကိုလှမောင်က ရှေ့ဆောင်လျက် ဆရာကြီးဦးလွန်း (သခင်ကိုယ်တော်မှိုင်း)၊ ဥက္ကဋ္ဌ ကိုအောင်ဆန်း၊ အသင်းကြီး၏ အလုပ်အမှုဆောင်လူကြီးများ၊ စာရေးများတို့သည် စင်မြင့် ပေါ်သို့တက်ရောက်လာကြကြောင်း၊ ထို့နောက် ပေါင်းတည်မြို့မှ ကိုဘိုးအုံးက တိုင်ပြီးလျှင် အားလုံးမတ်တတ်ရပ်လျက် တို့ဗမာသီချင်းကို စိတ်အားထက်သန်စွာဖြင့် သီဆိုကြသည်မှာ ကျောင်း ကြီးတစ်ခုလုံး ဟိန်းသွားသည့်ပြင် လူများမှာ ကြက်သီးမွေးညင်းထခမန်း ဖြစ်ကြကြောင်း။

သီချင်းဆိုပြီးနောက် ကိုလှမောင်က ကိုယ်စားလှယ်များအား နှုတ်ဆက်၍ ပါဝင်ကူညီသူ အားလုံးအား ကျေးဇူးတင်စကားပြောကြားပြီးလျှင် အလုပ်အမှုဆောင်ကော်မတီက ရှေ့နှစ်အဖို့ အသင်းချုပ်ကြီး၏ဥက္ကဋ္ဌအဖြစ်ဖြင့် ထပ်မံရွေးကောက်ပြီးဖြစ်သော ကိုအောင်ဆန်းအား နာယက အဖြစ်ဆောင်ရွက်ရန်ပြောကြားရာ ကိုအောင်ဆန်းက နာယက နေရာကိုယူပြီးလျှင် မြန်မာပညာရှိ ဆရာကြီးဦးလွန်းအား အစည်းအဝေးကြီးကိုဖွင့်လှစ်ရန် တောင်းပန်ကြောင်း၊ ဆရာကြီး ဦးလွန်းက ၉နာရီ မိနစ် ၂၀မှ ၁၁ နာရီ မိနစ် ၂၀ အထိ ပဏာမစကားပြောကြား၍ အစည်းအဝေးဖွင့်ကြောင်း ပြောကြားချက်တို့ကို ကျွန်ုပ်တို့သတင်းစာတွင် ဖော်ပြပြီးဖြစ်ကြောင်း။

## ကွယ်လွန်သူ ကိုသန်းတင်အတွက် ဝမ်းနည်းသည့်အထိမ်းအမှတ်

ထို့နောက် အစည်းအဝေးနာယက ကိုအောင်ဆန်းက ၂၅ မျက်နှာရှိ နာယကမိန့်ခွန်းကို ဖတ်ကြားသည့်ပြင် အရေးကြီးသောအချက်များတွင် နှုတ်ဖြင့် ရှင်းလင်းပြောပြရာ ကျောင်းကြီး ဟိန်းသွားအောင်ပင် ဩဘာပေးကြကြောင်း၊ နာယကမိန့်ခွန်းကို ၁၁ နာရီ မိနစ်၂၀ မှ ၁၁ နာရီ ၄၅ မိနစ်အထိ ဖတ်ကြားပြောဆို၍ ၁၂ နာရီတွင် အခမ်းအနား ရပ်နားရန်ဖြစ်သဖြင့် အသင်းကြီး နှစ်လည်အစီရင်ခံစာကို ဖတ်ကြားရန် အချိန်မရတော့သောကြောင့် နာယကအသင်းကြီး၏ အလုပ် အမှုဆောင်လူကြီးတစ်ဦးဖြစ်သူ ရန်ကုန်မြို့မကျောင်းသားဟောင်း ကိုသန်းတင် ကွယ်လွန်သဖြင့် ဝမ်းနည်းသော အဆိုကိုတင်သွင်းရာ ပရိသတ်အားလုံးက နှစ်မိနစ်မတ်တတ်ရပ်လျက် ဝမ်းနည်း ကြောင်းပြကြကြောင်း။

www.burmeseclassic.com



### ဆုတောင်းစာများ ဖတ်ပြခြင်း

ထို့နောက် အစည်းအဝေးကို တစ်နာရီအထိရပ်နား၍ နေ့လယ်အစည်းအဝေးပြန်ဖွင့်သော အခါ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ကိုလှရွှေက ၂၇ မျက်နှာရှိ အသင်းချုပ်၏ နှစ်လည်အစီရင်ခံစာကို ဖတ်ကြားကြောင်း၊ ပြီးသောအခါ အကျိုးဆောင် ကိုမြစိန်က အိန္ဒိယခေါင်းဆောင်ကြီး ပဏ္ဍစ်ဂျဝါဟာ လာနေရူး အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ကွန်ဂရက် အသင်းကြီးအတွင်း ဘုံအယူဝါဒကြိုက်သောအဖွဲ့နှင့် ပြင်သစ်ပြည် ပါရီမြို့ရှိ ကမ္ဘာလုံးဆိုင်ရာကျောင်းသားများအသင်းချုပ်မှ အစည်းအဝေးကြီးထမြောက် အောင်မြင်ပါစေဟု ဆုတောင်းသော စာသုံးစောင်ဖတ်ပြကြောင်း၊ ထို့နောက် နာယကက မြန်မာပြည် ကျောင်းသားများထံမှ ပေးပို့သောစာများမှာ များပြားလွန်းသဖြင့် မဖတ်နိုင်တော့ကြောင်း ပြောဆိုပြီးလျှင် နံပါတ် (၂) အဆိုကို ကိုကျော်မြင့် (ဘီအေ)က တင်သွင်းရာ ကိုထွန်းတင်က ထောက်ခံကြောင်း။

### မရမနေ အပြင်းအထန်ဆောင်ရွက်ရန်

ထိုအဆိုမှာ ယခုနှစ်အစည်းအဝေးတွင် တင်သွင်းဆုံးဖြတ်ကြသော အဆိုပေါင်း ဆယ်ခု အနက် အရေးကြီးဆုံးအဆိုဖြစ်ကြောင်း၊ ထိုအဆိုမှာ ရန်ကုန်တက္ကသိုလ် အက်ဥပဒေကြမ်းကို ယခု အထိ အစိုးရတို့က ဘာမျှမလုပ်သေးသဖြင့် ရှေ့လာမည့် ဩဂုတ်လ ဥပဒေပြုအစည်းအဝေးတွင် ကျောင်းသားများ လိုလားတောင်းဆိုချက်များအရ စီမံဆောင်ရွက်မပေးခဲ့လျှင် ထိုအချက်များကို မရမနေ အပြင်းအထန်ဆောင်ရွက်ရန်ဟူ၍ ဖြစ်ကြောင်း။

### ဖွင့်ပြောထိုက် မပြောထိုက်

ထို့နောက် မြောင်းမြမြို့မှ တက္ကသိုလ်ကျောင်းသား ကိုမြရှိန်က အစိုးရက လုပ်မပေးလျှင် ဘယ်ကဲ့သို့ ဆောင်ရွက်မည်ကို အတိအလင်းထုတ်ဖော်ပြောရမည်။ ရှေးက သပိတ်မှောက်ခဲ့ကြ ဘာမျှအကျိုးမရှိဖြစ်သည် စသည်ဖြင့် ပြောဆိုရာ မန္တလေးဥပစာကောလိပ်ကျောင်းသား ကိုတိုး က မိမိတို့အကြံအစည်များကို ထုတ်ဖော်မပြောသင့်ကြောင်းဖြင့် ပြောဆိုကြောင်း၊ နောက်ဆုံး နာယကကိုအောင်ဆန်းက မိမိတို့သပိတ်မှောက်တိုင်း လုံးဝပင် မအောင်မြင်သော်လည်း မိမိတို့အား မှာ တဖြည်းဖြည်းဆုတ်ယုတ်လာသဖြင့် အားပြန်၍ ဖြည့်တင်းရန် ဣန္ဒြေရရ စစ်ကိုဆုတ်ခဲ့ကြောင်း ယခုမိမိတို့မှာ ခွန်အားပြည့်လာပြီဖြစ်ကြောင်း၊ ရှေ့နှစ်တွင် မိမိမှာဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်ရ မည်။ ဤကဲ့သို့ဆောင်ရွက်ရာတွင် အောင်ဆန်းသော်လည်းကောင်းပြုတ်ရမည်၊ အလုပ်သော်လည်း ကောင်း အောင်မြင်ရမည်ဟု စားပွဲကိုလက်သီးနဲ့ထိုးပြီး အော်ဟစ်ပြောဆိုလိုက်ရာ ကျောင်းကြီး တစ်ခုလုံး ဩဘာသံ၊ လက်ခုပ်သံများဖြင့် ဆူညံသွားကြောင်း၊ ထို့နောက် ပြင်ဆင်သူအားလုံးက မိမိတို့ပြင်ဆင်ချက်များကို ရုပ်သိမ်းကြသဖြင့် အဆိုမှာအတည်ဖြစ်သွားကြောင်း။

### ကျောင်းသားတစ်ဦး ဒေါသနှင့်ထွက်သွားခြင်း

နံပါတ် (၃) အဆိုကို ကိုအောင်ဆန်းပင် တင်သွင်းရမည်ဖြစ်သဖြင့် ဒုတိယဥက္ကဋ္ဌကိုလှရွှေ က နာယကအဖြစ်ဖြင့် ဆောင်ရွက်ကြောင်း၊ ကိုအောင်ဆန်းက ဥပဒေပြင်ဆင်ချက်များကို တစ်ခုစီ





တစ်ခုစီ အကျယ်တဝင့်ရှင်းလင်းပြီး အဆိုတင်သွင်းရာ ကိုထွန်းတင်က ထောက်ခံပြီးနောက် နာယက က ဤအဆိုကို သဘောတူကြပါသလောဟုမေးမြန်းရာ ကျောင်းသားများက သဘောတူပါသည်ဟု အော်ဟစ်ပြောဆိုကြသဖြင့် နာယကက ထိုအဆိုကို အတည်ပြုပါပြီဟု ပြောနေစဉ် တက္ကသိုလ် ကျောင်းသား မြောင်းမြမြို့ ကိုမြရှိန်ထလာလျက် ကန့်ကွက်လိုသည်ဟုပြောကြောင်း၊ ထိုအခါ နာယက အတည်ပြုကြောင်း ကြေညာပြီးသဖြင့် မကန့်ကွက်နိုင်ဟုပြောသဖြင့် ကိုမြရှိန်သည် ဒေါသနှင့်စင်မြင့်ပေါ်မှဆင်း၍ အခန်းပြင်သို့ထွက်သွားကြောင်း၊ သို့သော် သခင်မြဘူးက ခေါ်ယူထား ကြောင်း၊ ကိုအောင်ဆန်းက နာယကသည် အဆိုကို ကန့်ကွက်ရန်ရှိမရှိ မမေးခြင်းမှာ လိုသွားသော အချက်ဖြစ်ပါသည်။ သို့သော် အဆိုကိုအတည်ပြုပြီးကြောင်း ကြေညာပြီးသဖြင့် စည်းကမ်းအရ နောက်ထပ်ပြောဆိုခွင့်မပြုနိုင်ကြောင်း ပြောဆိုပြီး အတည်ပြုကြကြောင်း။

### ရေနံမြေကိစ္စ

နံပါတ် (၄) အဆိုကို တက္ကသိုလ်ကျောင်းသား ကိုဘဟိန်းက ရေနံမြေအလုပ်သမားများ ခံစားနေကြရသည့် ဒုက္ခများကို ကြားရသူများ မျက်ရည်ကျလောက်အောင်ပင် အကျယ်တဝင့် ပြောဆိုပြီး တင်သွင်းရာ ပေါင်းတည် ကိုဘိုးအုန်းက ထောက်ခံကြောင်း။

ထိုအဆိုကို ကန့်ကွက်ပြင်ဆင်ရန်ရှိ၊ မရှိမေးမြန်းရာ ပြင်ဆင်လိုသူရှိသဖြင့် အချိန်ကလည်း ၄ နာရီထိုးနေသဖြင့် ၂၅ ရက်နေ့မှ ဆက်လက်စဉ်းစားရန် ပြောဆိုပြီး အစည်းအဝေးကို ရပ်ဆိုင်း လိုက်ကြောင်း။

### ဒုတိယနေ့

၂၅-၄-၃၈ နေ့ နံနက် ၉ နာရီအချိန်တွင် အစည်းအဝေးဆက်လက်ကျင်းပရာ အဆို နံပါတ်လေးကို တစ်ခါတည်း အတည်ပြုလုပ်ကြကြောင်း။

### ကျောင်းသုံးစာအုပ်ရွေးချယ်ရေးအဖွဲ့တွင် ကိုယ်စားလှယ်ပါရှိစေရန်

နံပါတ် (၅) အဆိုကို ကြို့ပင်ကောက် ကိုသန်းစိန်က တင်သွင်း၍ ဇီးကုန်း ကိုထွန်းရှိန်က ထောက်ခံကြောင်း၊ အချို့က ပြင်ဆင်ချက်တင်သွင်းသော်လည်း ပြင်ဆင်ချက်မှာ ၂၄ မဲ၊ ၃၈ မဲ နှင့် ရှုံးကြောင်း၊ ထို့နောက် မြို့မကျောင်း ကိုမောင်မောင်က ကျောင်းသုံးစာအုပ်ရွေးချယ်ရေးအဖွဲ့တွင် အသင်းချုပ်၏အမှုဆောင်အဖွဲ့မှ လူကြီးတစ်ဦးအား ကိုယ်စားလှယ်အဖြစ် ပါဝင်စေရန်ဟူသော စကားကို အဆိုတွင် ဖြည့်စွက်လျက် ထိုအဆိုကို အတည်ပြုကြကြောင်း။

နံပါတ် (၆) အဆိုကို ဒေါင့်ကြီး ကိုဖေသင်က တင်သွင်း၍ မလှိုင် ကိုအောင်တင်က ထောက်ခံကြောင်း၊ တက္ကသိုလ်ကျောင်းသား ကိုဘကလေးက မြန်မာနိုင်ငံတွင် မူလတန်းပညာ မသင်မနေရဟူသော စကားတွင် မြန်မာနိုင်ငံတွင် (အခလွတ်) မူလတန်းပညာမသင်မနေရဟု ဖြည့်စွက်ပြင်ဆင်လျက် အတည်ပြုကြကြောင်း။

နံပါတ် (၇) အဆိုကို မုံရွာ ကိုတင်ဆွေက တင်သွင်းရာတွင် ဥပမာ ဥပမေယျများဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တန်ဆာဆင်လျက် မှတ်သားဖွယ်ရာစကားများဖြင့် ပြောဆိုသော်လည်း မိမိမကျေနပ်နေသော အချက်များအတွက် ဒေါသစကားကလေးများပါသဖြင့် နာယက ကိုအောင်ဆန်းက ခဏခဏသတိ ပေးရကြောင်း၊ ထိုအဆိုကို ရေနံချောင်း ကိုကျော်စိန်ကလည်း စကားပြောကောင်းကောင်းနှင့် ထောက်ခံ ကြောင်း၊ အဆိုရှင်က ၎င်း၏ အဆိုကိုမထောက်ခံလျှင် အမျိုးနှင့်စာကို မချစ်ရာကျမည်ဟု ပြောသွားသဖြင့် မလှိုင် ကိုအောင်တင်က ကန့်ကွက်ကြောင်း၊ အများပင် ဝင်ရောက်ပြောဆိုကြပြီး နောက် မဲယူသောအခါ လေးမဲခုနစ်မဲနှင့် အဆိုကိုပယ်လိုက်ကြောင်း။

နံပါတ် (၈) အဆိုကို ရခိုင်ပြည်နယ် ကိုဘကြိုင်က တင်သွင်း၍ ကိုစံရင်က ထောက်ခံရာ ပြင်ဆင်ဖြည့်စွက်ရန် အများပင် ဝင်ရောက်ပြောဆိုကြသော်လည်း အဆုံး၌ မူလအဆိုအတိုင်း အတည်ပြုကြကြောင်း။

## ရှက်ဖွယ်ဟု အော်ကြခြင်း

နံပါတ် (၉) အဆိုကို ရေနံချောင်း ကိုညွန့်က အဆိုသွင်း၍ ရေနံချောင်း ကိုကျော်စိန်က ထောက်ခံကြောင်း၊ အဆိုသွင်းသူ ကိုညွန့်မှာ လူပင်ငယ်သော်လည်း အပြောအဆို သွက်လက် ပီသခြင်း၊ စကားအသုံးအနှုန်းယဉ်ကျေးခြင်း၊ ရေနံချောင်း အစိုးရကျောင်းအုပ်ဆရာကြီး ဦးလှိုင်ဟုတ် ပြောဆိုလုပ်ကိုင်ချက်တို့မှာ ညောင်ဦးက ကမ်းပြိုတာ စမ္မာနဂိုက နွားပျောက်တာနှင့် ဘာဆိုင်သည် ဆိုသော စကားပုံများ ထည့်သွင်းပြီးပြောဆိုသွားသည်မှာ ချီးမွမ်းဖွယ်ကောင်းကြောင်း၊ ထို့နောက် ကျောင်းသားကိုယ်စားလှယ်တစ်ဦးက ရေနံချောင်း အစိုးရကျောင်းဆရာကြီး ဦးလှိုင်ဟုတ်သည် ထိုကျောင်းသားသမဂ္ဂအသင်းနှင့် ပတ်သက်၍ ပြောဆိုလုပ်ကိုင်ပြုမူချက်တို့မှာ အလွန်စက်ဆုပ်ဖွယ် ဖြစ်သဖြင့် အားလုံးပရိသတ်များက မတ်တတ်ရပ်၍ရှက်ဖွယ်ဟုသုံးကြိမ်အော်ပြီး ထိုအဆိုကို အတည်ပြုရန် တောင်းပန်သည့်အတိုင်း ပြုလုပ်ကြကြောင်း။

ထိုအချိန်မှာ ၁၁ နာရီ မိနစ် ၃၀ ရှိနေသဖြင့် အစည်းအဝေးကိုရပ်ဆိုင်းပြီး နေ့လယ် ၁ နာရီမှ ဆက်လက် ကျင်းပကြောင်း။

## ကျောင်းသားများ နိုင်ငံရေးဆောင်ရွက်သင့်ခြင်း

နံပါတ် (၁၀) အဆိုသည်လည်း ဒုတိယအရေးကြီးဆုံးသော အဆိုဖြစ်သည့်အတိုင်း တက္ကသိုလ်ကိုဘဟိန်းနှင့် မန္တလေးဥပစာကောလိပ်ကိုတိုးရင်တို့က အကျယ်တဝင့်ပြောဆိုပြီး တင်သွင်းထောက်ခံကြကြောင်း၊ ပြီးသောအခါ မြောင်းမြ ကိုမြရှိန်က ကျောင်းသားများနိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုထိုက်ဆိုပြီး ထိုအဆိုကို ကန့်ကွက်ကြောင်း၊ နာယကကိုအောင်ဆန်းက အဆိုကိုသဘောတူသူများက (အိုင်း) ဟုအော်ကြရန် ပြောဆိုသဖြင့် ပရိသတ်အားလုံးလောက်ကပင် အော်ကြ၍ သဘောမတူသူများက (နိုး)ဟု အော်ရန်ပြောရာ နှစ်ယောက်သာ အော်ကြကြောင်း၊ ထိုအခါ နာယက က အဆိုကိုအတည်ပြုကြောင်း ကြေညာလိုက်သည်နှင့်တစ်ပြိုင်နက် အားလုံးက အော်ဟစ်ပြီး ဩဘာပေးကြလျက် ကန့်ကွက်သူအားမျိုးဖျက်ဟု အော်ဟစ်ကြကြောင်း၊ နာယက က ဤကဲ့သို့နစ်နာအောင် မပြောဆိုထိုက်ကြောင်းဖြင့် ဆုံးမပြီးလျှင် အသင်းချုပ်ကြီး၏ ဥက္ကဋ္ဌဟောင်း





မစ္စတာရာရှစ်ဘီအဘီအလ်အား စကားပြောရန်အခွင့်ပေးသဖြင့် မစ္စတာ ရာရှစ်က အင်္ဂလိပ်ဘာသာ ဖြင့် အလွန်မှတ်သားနာယူဖွယ်ကောင်းသော ဆုံးမစကားများဖြင့် မြစ်ကြီးနားနယ်တွင် မိမိကိုယ် တွေ့အစိုးရများက အလွန်ကျပ်တည်းသော ဥပဒေများဖြင့် အာဏာရှင်သဖွယ် အုပ်ချုပ်နေပုံများကို တစ်နာရီခန့် ပြောဆိုကြောင်း။

## အလေးမပွဲတွင် ဆုရရှိသူများ

ပြီးသောအခါ နာယက ကိုအောင်ဆန်း၏တောင်းပန်ချက်အရ ဆရာကြီးဦးလွန်းက အလေးမပွဲတွင် အနိုင်ရသူများအား ငွေဖလားကြီးများ၊ ငွေတံဆိပ်များဖြင့် ချီးမြှင့်ကြောင်း။

ဆုရသူများမှာ ၁-၇ စတုန်တန်း မြောင်းမြမြို့ ကိုချစ်အေးက မြို့မဦးဘလွင်ဖလားကိုရ ကြောင်း။ ၂-၈ စတုန်တန်းတွင် ပထမ မြောင်းမြမြို့မှ မစ္စတာဟာဘီဘူလာ၊ ဒုတိယ ထားဝယ်မြို့ မစ္စတာ အီဘရန်ဟင်၊ ၃-၉ စတုန်တန်းတွင် မြောင်းမြ ကိုအုန်းမောင်က အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလှဖေ၏ ဖလားရ၍ . . . မန္တလေး ကိုကိုကြီးက ဒုတိယ။

၄-၁၀ . . . ပုသိမ် ကိုထွန်းရှိန်က အောက်လွှတ်တော်အမတ် ဦးဘဝင်း၏ ဖလားကိုရ ကြောင်း။

၅-၁၁ . . . မော်လမြိုင် ကိုမောင်မောင်လွင်က ရန်ကုန်မြို့တော်ဝန် ဦးဘကလေး၏ ဖလားကိုရကြောင်း။

၆ အခြားတစ်နည်း အလေးမခြင်းတွင် မစ္စက်ဟာဘီဘူလာက ပထမရကြောင်း။

## ရှေ့နှစ် မော်လမြိုင်မြို့တွင် စည်းဝေးမည်

ရှေ့ ၁၉၃၉ ခုနှစ် နှစ်လည်အစည်းအဝေးပြုလုပ်ရန် မော်လမြိုင်ကျောင်းသား သမဂ္ဂ အသင်းဥက္ကဋ္ဌ ကိုမောင်မောင်လွင်က ၎င်းတို့မော်လမြိုင်မြို့တွင် ပြုလုပ်ရန် ဖိတ်ခေါ်သည့်အတိုင်း ဥက္ကဋ္ဌ ကိုအောင်ဆန်းက ဝမ်းမြောက်ကျေးဇူးတင်စွာနှင့် လက်ခံပြီးလျှင် နာယက၏အဆုံးသတ် မိန့်ခွန်းကို မြွက်ကြားလျက် အစည်းအဝေးကြီးကို တို့ဗမာသီချင်းကို သီဆိုကြလျက် ရုပ်သိမ်းလိုက် ကြောင်း။

၂၅-၄-၃၈ နေ့ညတွင် ကျောင်းသား ၇၀ ခန့်တို့သည် ဟိုင်းကြီးသင်္ဘောတွင်ဆင်း၍ အိပ်စက်ကြပြီး ၂၆-၄-၃၈ နေ့ နံနက် ၆ နာရီခွဲအချိန်တွင် နွေရာသီစခန်းအတွက် မော်တင်စွန်းသို့ ထွက်သွားကြကြောင်း။

## မိုးညှင်းတရားပွဲ

မိုးညှင်းတရားပွဲကို အမျိုးသားကျောင်းဝင်းအတွင်းတွင် ဆောက်လုပ်ထားသောမဏ္ဍပ်ကြီး ကတွင်း၌ ၂၇-၇-၃၈ နေ့ညက စကြောင်း၊ ထိုနေ့ညနေ ၄ နာရီရထားဖြင့် ဟင်္သာတမြို့မှနေ၍ ဦးကောဝိဒကိုယ်တော်နှင့် ရွှေဘိုဦးဇနိယ ကိုယ်တော်တို့ ရောက်ရှိလာကြကြောင်း၊ တရားပွဲပြုလုပ် မည်ဟု ကြော်ငြာသူများက မနှံ့စပ်သဖြင့် ထိုညက တရားနာ ကြွရောက်သူများ ပထမအလွန်နည်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ တရားပွဲကို ည ၈ နာရီခွဲမှစ၍ ဟောအခါမှနေရင်း ဦးကောဝိဒမဟုတ်ဘဲ ရွှေဘိုဦးဇနိယဖြစ်သည်ကို သိရကြောင်း၊ တရားပွဲမှာ တဖြည်းဖြည်းလူများလာရာ ၉ နာရီအချိန်လောက်တွင် ပရိသတ် ၁၀၀၀ ခန့်ရှိလာသော်လည်း ပရိသတ်နည်းသဖြင့် တရားမဟောဟု ဆိုကြောင်း၊ ၂၅-၄-၃၈ နေ့ညတွင်လည်း ဘုရားကုန်းတော်ပေါ်တွင် သခင်များတရားပွဲရှိနေသဖြင့် မိုးညှင်းတရားပွဲမှာ လူများသည် သလောက်မများကြောင်း၊ သို့သော် နေရင်းဦးကောဝိဒကိုယ်တော်က မြတ်စွာဘုရားသခင်သည် ဘုရားဖြစ်ပြီးနောက် ပထမဆုံး (မွေ့စကြာ) တရားဟောသည်မှာ လူပုဂ္ဂိုလ်ငါးဦးတည်းကို ဟောသော ထုံးအရ တရားဟောပြောကြောင်း။

**သခင်တရားပွဲ**

၂၅-၄-၃၈ နေ့ညတွင် ကုန်းတော်ပေါ်တွင် သခင်မြဘူးအား နာယကတင်မြှောက်၍ သခင်တရားပွဲကျင်းပရာ ပရိသတ် ၈၀၀ ခန့်ရောက်ရှိကြောင်း၊ တရားဟောပြောသူများမှာ တို့ဗမာအစည်းအရုံးကြီး၏ ဥက္ကဋ္ဌသခင်သိမ်းမောင်၊ သခင်ကျော်ရင်၊ ဦးဇော်ဝိတ်ကြီး၊ သခင်စိန်ဝင်း၊ သခင်စောမောင်နှင့် တက္ကသိုလ်ကျောင်းသားများဖြစ်ကြောင်း၊ တရားပွဲကို ည ၁၀ နာရီအချိန်အပြီးသတ်ကြောင်း။

[စံပယ်ဖြူမဂ္ဂဇင်း၊ မတ်လ၊ ၁၉၈၈]

# မြေအောက်တော်လှန်ရေးအစ သခင်အောင်ဆန်းက

## …တက်ရေးအုန်းမြင့်

အန်ဒါဂရောင်းယူနစ် ယူဂျီလို့ နားလည်ပြီး ယူနစ်လို့ခေါ်ဝေါ်သုံးစွဲပါတယ်။ မြေအောက်…လို့ တစ်ခါတလေ ပြောပြီးနောက်ပိုင်း တော်တော်ကြာမှ မြေအောက်တော်လှန်ရေးလို့ ခေါ်ဝေါ်…လာပါ။

၁၃၀၀ ပြည့်နှစ် အရေးတော်ပုံအပြီးမှာ ပြန်လည်သုံးသပ်ကြတော့ ပြည်သူလူထုကြီး…လုံး စည်းလုံးတက်ကြွတဲ့ အရှိန်အဟုန်ကို ကျကျနနအသုံးချပြီး တစ်ခါတည်းလုံးဝလွတ်…မှုရအောင် လက်နက်ကိုင်တိုက်ပွဲဆင်ဖို့ ပျက်ကွက်ခဲ့တယ်။ ဒါကြောင့် အခွင့်အရေးလက်လွတ်…တယ်။ ဒါ့ကြောင့် လုံးဝလွတ်လပ်ရေးကို တောင်းယူလို့မရ၊ လက်နက်ကိုင် တိုက်ယူမှရတော့မယ်။ …ကိုယ်ကျိုးစွန့်မယ့် လူတန်းစားအဖွဲ့အစည်း ဖွဲ့ရမယ်။ ဒီပစ္စည်းမဲ့ လူတန်းစားအဖွဲ့အစည်းနဲ့ …တိုင်းချစ်ပြည်ချစ်အဖွဲ့များ၊ တိုင်းရင်းသားလူမျိုးများနှင့်အတူ ညီညွတ်ရေးတပ်ပေါင်းစုကြီး… လက်နက်ကိုင်တိုက်မှုဖြစ်မယ်လို့ သုံးသပ်ဆုံးဖြတ်ပြီး ကွန်မြူနစ်ပါတီကို လျှို့ဝှက်ဖွဲ့စည်းခဲ့ကြ… သခင်အောင်ဆန်းက အထွေထွေအတွင်းရေးမှူးပါ။ ဒါကြောင့် ယူဂျီအစ သခင်အောင်ဆန်း… ပြောတာပါ။

ဒါတင်မကသေး ။ ၁၉၄၀ ပြည့်နှစ် မေလ ၁၁-၁၂-၁၃ ရက်နေ့ တို့ဗမာအစည်းအရုံး…ညီလာခံမှာ ဆန့်ကျင်ရေးအဆိုကို တင်သွင်း၊ ဆုံးဖြတ်ကြတယ်။ နောက် ၁၉၄၀ ပြည့်… ရက်နေ့ ဇလွန်မှာ ဟသ်ာတ စီရင်စုညီလာခံကျင်းပပြီး ဟသ်ာတရာဇဝတ်…ဇဘီးယား



www.burmeseclassic.com

www.burmeseclassic.com



တားမြစ်တဲ့ကြားက စစ်ဆန့်ကျင်ရေး အဆိုတင်သွင်းဆုံးဖြတ်တဲ့အပြင် ချင်းတောင်ဒေသမှာ တိုင်းရင်းသား ချင်းအမျိုးသားများကို ဗြိတိသျှနယ်ချဲ့ လက်ပါးစေအစိုးရက ဖိနှိပ်ချုပ်ချယ် နှိပ်စက် ညှဥ်းပန်းတာတွေ ချင်းအမျိုးသားခေါင်းဆောင်ကြီး ဦးဝမ်သူးမောင်ကို မြင်းလှည်းနောက်မှာ ကြိုးတန်းလန်းဆွဲပြီး ရက်ရက်စက်စက်ညှဥ်းပန်းတဲ့အကြောင်းတွေကို တိုင်းပြည်လူထု အသေးစိတ် တိတိကျကျသိအောင် သခင်အောင်ဆန်းကိုယ်တိုင်ရှင်းလင်းတင်ပြတယ်။ နောက်သခင်အောင် ဆန်း ကိုယ်ရောင်ဖျောက်သွားပြီး ယူဂျီကိုဖွဲ့တယ်။ ဒါကြောင့်လည်းပဲ ယူဂျီအစ အောင်ဆန်းကလို့ ပြောရတာပါ။

ဒီအချိန်မှာ တို့ဗမာအစည်းအရုံးခေါင်းဆောင်အများစုကလည်း ထောင်သွင်းအကျဉ်း ခံကြရတယ်။

အဲဒီမှာ လွတ်လပ်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲဝင်ဖို့ အယူအဆသုံးခု ပေါ်လာ ပါတော့တယ်။

၁။ လက်နက်ရမယ်ဆိုရင် ဘယ်သူနဲ့ပေါင်းရ ပေါင်းရ ကွန်မြူနစ်ဖြစ်ဖြစ်၊ ဖက်ဆစ် ဖြစ်ဖြစ်၊ ဘယ်သူဖြစ်ဖြစ် လက်နက်ရဖို့သာ အဓိက။

၂။ ဂျပန်သည် ဖက်ဆစ်ဖြစ်သည်။ ဒါကြောင့် ဖက်ဆစ်ဂျပန်ထံမှအကူအညီမယူ၊ လုံး မပူးပေါင်း၊ မည်သည့် ဖက်ဆစ်တိုင်းပြည်ဆီကမှ အကူအညီမယူရန်၊ မပူးပေါင်းရန်။

၃။ ဂျပန်နှင့်ဆက်သွယ်၍ အကူအညီယူရန်တို့ ဖြစ်ပါတယ်။

ဒီနေရာမှာ ယူနစ်ခေါ် ယူဂျီရဲ့အခန်းကဏ္ဍပေါ်လာပါတယ်။ ယူနစ်အဖွဲ့မှာ နီးစပ် သဘောတူညီရာ သခင်အောင်ဆန်းနဲ့ ကျောင်းသားခေါင်းဆောင်အချို့၊ ကွန်မြူနစ်အချို့ပါ ပါတယ်။ သခင်အောင်ဆန်းကို မဏ္ဍိုင်ထားပြီး ပေါ်လာတာပါ။ ဆရာထွန်းရွှေ (နဂါးနီသာ ထွန်းရွှေ)၊ ဆရာချစ် (ရေကျော် သမဝါယမ) တို့ကလည်း သူ့အုပ်စုနဲ့သူ တစ်အုပ်စုသတ်သတ် သခင်ဗဟိန်း၊ သခင်လှဖေ (ဗိုလ်လက်ျာ)၊ ကိုလှမောင် (မိတ္ထီလာ)၊ သခင်ခင်အောင်၊ ကိုလှ မွန်ရှီစသူတို့ အဓိကပါဝင်တဲ့အုပ်စုကလည်း သူ့အုပ်စုနဲ့သူ သတ်သတ်တစ်အုပ်စု။ စောစော မှာကတည်းက ကိုထွန်းအုံ(တက္ကသိုလ်သမဝါယမ၊ စကော့ဈေးအနောက်ဘက်အတန်း)ရဲ့ အခန်း မှာ တိတ်တိတ်တွေ့တဲ့ ဆက်သွယ်စခန်းအဖြစ် အများဆုံးအသုံးချကြပါတယ်။ သခင်အောင်ဆန်း နိုင်ငံခြားထွက်သွားပြီး နောက်ပိုင်းကျတော့မှ ဒီအုပ်စုနှစ်ခုတစ်ခုတည်း လုံးလုံးပေါင်းမိတာ။ ကိုကျော်ငြိမ်း (ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်)၊ သခင်တင်ထွန်း (ဗကပခေါင်းဆောင်)၊ ကိုလှမြ (ဗိုလ်ဇေယျ)၊ ကိုသိန်းဖေ (သိန်းဖေမြင့်)၊ ကိုဗဆွေ (ထားဝယ်) စသူတို့ပါဝင်လာကြပါတယ်။ အစောပိုင်းမှာ ကိုဗဆွေ (ဆိုရှယ်လစ်ပါတီခေါင်းဆောင်) က ထားဝယ်ယူနစ်မှာ ကိုဗသိန်းတင်၊ ကိုညွန့်လှိုင် (အင်ဂျင်နီယာ) တို့နှင့် တွဲဖက်ပါ။ ထားဝယ်ယူနစ်ကနေ နောက်ပိုင်း ရန်ကုန်ရောက် လာပြီး လူကြီးပိုင်းမှာ ပါလာပါတယ်။ သခင်မြကိုတော့ ဆရာသမား လူကြီးအဖြစ် အားလုံးက နေရာထား အသိအမှတ်ပြုကြပါတယ်။

ယူနစ်အကြောင်း အပြည့်အစုံအကုန်သိတဲ့သူ နည်းလှပါတယ်။ ဖွဲ့စည်းထားပုံကို လျှို့ဝှက်လွန်းလို့ဖြစ်ပါတယ်။ ယူနစ်တစ်ဖွဲ့လျှင် ဦးဆောင်သူတစ်ဦးနှင့်အဖွဲ့ဝင် သုံးလေးဦးထက်





ဟချို့အဖွဲ့ဝင်ပင်မရှိ၊ အဆင့်ဆင့် ပုံစံဖွဲ့ထားခြင်းဖြင့် ထိပ်ဆုံးခေါင်းဆောင်များ လျှပ်ရှားသူများနှင့် မသိရှိနိုင်စေရန် လျှို့ဝှက်အဆက်ဖြတ်သဘောပင် ဖြစ်တယ်။ ကိုယ့်ယူနစ်ခေါင်းဆောင်ကလွဲပြီး ကခြားဘယ်သူ့ကိုမျှ မသိစေဖို့ပါဘဲ။

အဲဒီကာလမှာပဲ ထောင်ထဲရောက်နေကြတဲ့ တို့ဗမာအစည်းအရုံး ခေါင်းဆောင်များဟာ ဖက်ဆစ်ဂျပန်နဲ့ လုံးဝမပေါင်းရေးဆိုတဲ့ ပြတ်သားတဲ့ နိုင်ငံရေးလမ်းစဉ်၊ လုပ်ငန်းစဉ်ကို ပြဋ္ဌာန်း မှတ်လိုက်ပါတယ်။ အဲဒီနိုင်ငံရေးလမ်းစဉ်ကို ပထမ ထောင်လွှတ် သခင်သန်းမြိုင်နဲ့ပေးလိုက်တာ ထောင်အပြင်ဘက်ရောက်ပေမယ့် ရေစာဆိုပြီး ရေစိမ်တော့လည်း စာသားမပေါ် မီးကင်ကြည့်ပြန် တော့လည်း စာသားမပေါ်။ သခင်တင်မြတို့ မအူကုန်း ဘိုလိမ်းလမ်းအမှတ် ၁၇၆၊ နှစ်ထပ် ပျဉ်ထောင်အိမ်အပေါ်ထပ် ကိုထွန်း၊ အတင် (ဆရာကွန်း၊ ဆရာမမြတင်) တို့အိမ်မှာပါ။ နောက် တစ်ကြိမ် သခင်လှကွန်း ထောင်ကအလွတ်မှာ သခင်ကျော်စိန်ရဲ့လက်ရေးနဲ့ စာရွက်ကလေးတွေကို သက္ကလပ်ဦးထုပ်အပတ်ကြားထဲမှာ လွှာခြင်း ညှပ်ထည့်ပေးလိုက်ပါတယ်။ တွဲဖက်ထောင်ဘူးဝမှ ထောင်မှူးကြီး ဦးသန်းမောင်က ဦးထုပ်ကိုဖျက်ပြီး ရှာမယ်ဆိုလို့ သခင်လှကွန်းက ရှာချင်ရင်တော့ ရှာပါ။ ဒါပေမဲ့ ကျွန်တော့်ဦးထုပ်ပျက်စီးတဲ့အတွက် ဦးထုပ်ဖိုးတော့ လျော်ပေးရမယ်လို့ တင်းတင်း မာမာပြောပါတယ်။ ဒါနဲ့ ပြဿနာရှင်းဖို့ အင်းစိန်ထောင်မကြီးဘက်သွားကြပြီး ထောင်ပိုင်ကြီး ဦးဘတင်ဆီတင်ပြကြတယ်။ ဦးဘတင်တို့က အင်မတန်ပါး၊ အင်မတန်နပ်တာ။ နိုင်ငံရေးသမားတွေ နဲ့ သူနဲ့ထိပ်တိုက် မတွေ့ရအောင် ဦးပန်းမောင်ကိစ္စကို ဦးပန်းမောင်ရှင်းတာကောင်းပါတယ်လို့ ခေါင်း ရှောင်လိုက်တယ်။ ဒါနဲ့ ထောင်မင်းကြီးရုံးကို အကြောင်းကြားတော့ ထောင်မင်းကြီးမက်ကွိုင်း (အိုင်-အမ်-အက်စ်) ရောက်လာပြီး ဦးထုပ်ဖိုး သူလျော်ပါမယ်ဆိုပြီး ငွေတစ်ဆယ် စားပွဲပေါ်တင်ပေး လိုက်တယ်။

ဒါနဲ့ ဦးထုပ်ပတ်ကို ဖြည်လိုက်တော့ စာရွက်ကလေးထွက်ကြလာတာတော့တာပဲ။ ဦးပန်း မောင်ကလည်း အပိုင်ပဲ သခင်လှကွန်းကို ထောင်ထဲပြန်သွင်းမယ် တကဲကဲနှင့် မော်နေတာပေါ့။ ဒီမှာတင် မက်ကွိုင်းက ဘာစာတွေလည်း ဖတ်ပြစမ်းပါဦးလို့ ဆိုလို့ဖတ်ပြရတယ်။ ဖက်ဆစ်ဂျာမနီ ကိုပါ ဆိုဗီယက်နဲ့ မဟာမိတ်နဲ့ပေါင်းပြီဆိုလည်း ဖတ်ရသေးတယ်။ အိုး . . . အောရိုက်၊ အောရိုက်ယူ သွားပါစေ၊ ယူသွားနိုင်တယ်ပြောလို့ သခင်လှကွန်းလည်း ဟင်းချပြီးထွက်လာခဲ့တာပါပဲ။ မနက် ၈ နာရီလောက်ကစတဲ့ပြဿနာ နေ့လယ် ၁ နာရီကျော်မှ ထောင်အပြင်ရောက်တော့ ထောင်အပြင် မှာ လာစောင့်နေတဲ့သခင်တင်မြတို့လည်း တထိတ်ထိတ်တမျှော်မျှော်နဲ့ပေါ့။ နောက်မြေနီကုန်း မြနန်းလမ်းအမှတ် (၁၄)က သခင်ဗဟိန်းအိမ်သွားကြတော့ သခင်ဗဟိန်း မရှိ၊ သူ့ဇနီး မခင်ကြီးနဲ့ တွေ့ရတယ်။ ဒါနဲ့ မြန်မာ့အလင်းသတင်းစာတိုက်ကို လိုက်သွားပြီး ကိုဗဟိန်းလက်ထဲ အဲဒီစာထည့် လိုက်ရတယ်။ အဲဒီစာကတော့ တခြားမဟုတ်ဘူး။ အင်းစိန် စစ်တမ်းလို့ နာမည်ကြီးတဲ့ နိုင်ငံရေး လမ်းစဉ်ပါပဲ။ သခင်ဗဟိန်းကတစ်ဆင့် သခင်တင်မောင် (ပန်းတနော်)၊ သခင်သိန်းအောင် (အမ်-အေ ဒေါ်အုန်း၏မောင်) နဲ့ ဆရာထွန်းရွှေ၊ ဆရာချစ်တို့တစ်တွေဆီကတစ်ဆင့် ရောက်တာပါ။ ကိုဗဟိန်းကတော့ အဲဒီလမ်းစဉ်အတိုင်း ဖက်ဆစ်ဂျပန်နဲ့ လုံးဝမပူးပေါင်းရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး ကို ပြတ်ပြတ်သားသားဆက်လုပ်ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာအလျဉ်းသင့်လို့ ပြောပါရစေ။ သခင်အောင်ဆန်း နိုင်ငံခြားသွားဖို့ကို တက္ကသိုလ် သမဂ္ဂအသင်း အသင်းတိုက်စာရေးရဲ့ အခန်းကလေးထဲမှာလုပ်တဲ့ လျှို့ဝှက်အစည်းအဝေး ဆုံးဖြတ်ခဲ့ပါတယ်။ ဒီအစည်းအဝေးကို သခင်အောင်ဆန်း၊ သခင်လှဖေ၊ သခင်ကျော်စိန်၊ ကိုဗဟိန်း၊ ကိုလှမောင် (မိတ္ထီလာ)၊ သခင်ခင်အောင်၊ ဂိုရှယ်နဲ့မွန်ရှီတို့ တက်ကြပါတယ်။ (နောက်မှ ကိုဗဟိန်း ပြောပြချက်) အဲဒီအစည်းအဝေးလုပ်နေတုန်း သမဂ္ဂအောက်ဘက်မှာ ကိုလှမောင် (ဗိုလ်ဇေယျ) ကိုထွန်းတင် (မဟာဗန္ဓုလထွန်းတင်ခေါ် တိုလီမိုလီ ထွန်းတင်)တို့က ကင်းစောင့်ပေးတယ်လို့ သခင် ကျော်စိန် ပြောပြချက်အရ သိရပါတယ်။ သခင်အောင်ဆန်းနဲ့ သန်လျင် သခင်လှမြိုင် (ဗိုလ်ရန် အောင်)တို့ နိုင်ငံခြားသွားဖို့ သင်္ဘောအစီအစဉ် ငွေကြေးစရိတ်စကတွေကို သခင်လှဖေက ဒိုင် တာဝန်ယူလုပ်သွားတာပါ။ ဒဂုန်မြတ်လေးနွယ်ခေါ် ဗိုလ်အေးငွေရဲ့အစ်ကို ကိုလှဘူး (ဒဂုန်မဂ္ဂဇင်း အယ်ဒီတာမန်နေဂျာ) တောင် ငွေငါးဆယ် သခင်လှဖေကို ပေးလိုက်ရတာ ကိုလှဘူးနဲ့ စကားစပ် ကြပါသေးတယ်။

သခင်အောင်ဆန်း အမှိုင်မှတစ်ဆင့် တရုတ်ပြည်ကွန်မြူနစ်ပါတီနဲ့ဆက်သွယ်ဖို့ မြေ ကုန်း မြေနုလမ်း အမှတ် (၁၁) ကိုဗဟိန်းအိမ်မှာ၊ ကိုဗဟိန်း၊ ဂိုရှယ်၊ မွန်ရှီတို့ဆုံပြီး ဂိုရှယ်က မီး ဆက်စာရေးပါတယ်။ (ဂိုရှယ်က ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဗမာပြည်ကလာပ်စည်းခေါင်းဆော အနေနဲ့ရေး ရေးတာပါ) အဲဒီလို ဆုံနေကြတုန်းမှာ ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်) က အိမ်နဲ့မနီးမဝေး ခါတ်တိုင်အောက်မှာထိုင်ပြီး ကင်းစောင့်ပေးတယ်လို့ သိရပါတယ်။

သခင်အောင်ဆန်းနဲ့ သခင်လှမြိုင် (ဗိုလ်ရန်အောင်) တို့ နိုင်ငံခြားထွက်သွားပြီးနော ယူဂျီယူနစ်မှာအတက်ကြွဆုံး လှုပ်ရှားသူများကတော့ ကျွန်တော်သိသလောက် ၄၉ လမ်း၊ အမှ (၁၈၈) အောက်ထပ်နေ ဆရာကိုထွန်းရွှေ မောင်ဂိုမာရီလမ်းနဲ့ အိမ်ကြီးလမ်းထောင့် ရှမ်း သမဝါယမ မန်နေဂျာလုပ်နေတဲ့ ဆရာချစ်၊ ကိုဗဟိန်းတို့ဖြစ်ပါတယ်။ ဆရာထွန်းရွှေနဲ့ ဆရာ တို့ကိုတော့ သူတို့လှုပ်ရှားနေတဲ့ အရိပ်အကဲကို မြင်တွေ့နေရလို့ ရိပ်မိတာပါ။

အမြင့် (ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်၏ အစီအစဉ်အရ ဗမာပြည်မှာ ပထမဆုံးတ ထောင်တဲ့ မအူကုန်း စက်ရုံလမ်းရှိ နေ့ကလေးထိန်းဌာနမှ ဆရာမကြီး ဒေါ်မြသင်)၊ အကြ (ဒေါ်ကြည်ကြည်) ကိုတုတ်ရွှေ (အာရ်တီစီ) စသူတို့ဟာ အများဆုံးပြေးလွှားလှုပ်ရှားကြရတဲ့ ဆ ထွန်းရွှေ၊ ဆရာချစ်တို့ရဲ့ လက်ရင်းတပည့်တွေပါ။ ရေကျော် နှင်းပန်းလမ်းမှာ ကျွန်တော်နဲ့ တစ်သ တည်းနေဖူးတဲ့ ဗိုလ်ညွန့်မောင်လည်းပါပါတယ်။

ယူနစ်ရဲ့ဝါဒဖြန့်ချိရေးတာဝန်ခံ ကိုဗဟိန်းကတော့ ကျွန်တော်တိုက်ရိုက်ဆက်သွယ်ရ ပါ။

ယူနစ်ရဲ့ကြွေးကြော်သံသဘော ထုတ်ဝေတဲ့အရေးတော်ပုံသတင်းစာကို ကိုဗဟိန်းကဦ ၍ အများဆုံးရေးသားပြီး ကိုကို (စာရေးဆရာကိုကို)၊ သခင်သက်တင် (မြန်မာဆိုရှယ်လစ်လမ်း ပါတီဌာနချုပ်မှ ဗိုလ်ကြီးသက်တင် (အငြိမ်းစား)တို့က ဝိုင်းကူရပါတယ်။ အတွဲ (၁) အမှတ် ( စာစောင်မှာ သခင်ကျော်စိန်ရဲ့ အလုပ်သမားရေးရာ ဆောင်းပါးလည်း ပါပါတယ်။ မျက်နှာဖုံးဒီဇိုင်း ကိုကိုကရေးဆွဲပြီး သခင်သက်တင်က လက်နှိပ်စက်ဖြင့် ဖယောင်းစက္ကူမှာ ရိုက်ပါတယ်။ (လက်နှိ





စက်က သာယာဝတီမှယူလာတဲ့ သခင်မြရဲ့လက်နှိပ်စက်ဖြစ်ပါတယ်)။

ကိုဗဟိန်းနဲ့ ကိုကိုတို့က စာကူးစက်လှည့်ကြပါတယ်၊ ယူနစ်ရဲ့ကြွေးကြော်သံလို့ဆိုပေမယ့် ဗမာပြည်ကွန်မြူနစ်ပါတီအမည်နဲ့ ထုတ်ဝေတာပါ။ ဒီစာစောင် ဒီလိုထုတ်မယ်ဆိုတာ သခင်အောင် ဆန်း နိုင်ငံခြားမသွားခင်ကတည်းက သိရှိသွားပါတယ်။

သခင်အောင်ဆန်း နိုင်ငံခြားထွက်သွားပြီးနောက် ဆရာထွန်းရွှေက ရှေ့ဆောင်ဖြစ်ပေမယ့် လက်တွေ့အသေးစိတ် လုပ်ငန်းဟူသမျှကိုတော့ ဆရာချစ်ကလုပ်သွားတာ စစ်ပညာသင်သွားကြမယ့် အနယ်နယ်အရပ်ရပ်မှ သခင်နဲ့ကျောင်းသားများကို ပုဇွန်တောင် အိုးဖိုရပ်၊ ဦးရွှေဂွန်းလမ်း အမှတ် (၄၂) (ရွှေဘုန်းပွင့်လမ်းထောင့်) အိမ်နဲ့ လိပ်ကန်လမ်းအိမ်တွေမှာ ခေတ္တခဏစခန်းချထားပေးလေ့ ရှိပါတယ်။ ဒါက ကျွန်တော်ရိပ်မိတဲ့နေရာတွေပါ။ တခြားနေရာတွေလည်းရှိမှာပါ။ ဆရာချစ်က နေတော့ ရေကျော်လမ်း မီးရထားသံလမ်း အနောက်ဘက်က တိုက်မှာနေပါတယ်။ အဲဒီစစ်ပညာသင် တွေနဲ့ပတ်သက်လို့ ကိုကျော်ငြိမ်း (ဆိုရှယ်လစ်ပါတီခေါင်းဆောင်)ကို ဗိုလ်ချုပ်အောင်ဆန်းက ဟော့ ကိုကျော်ငြိမ်း ဒီလူတွေ ခင်ဗျားဘယ်လို ဘယ်ကဘယ်လိုရှာပြီး ပို့လိုက်တာလဲလို့ မေးတဲ့အတွက် 'ဟာကျွန်တော့်လူက တစ်ယောက်တည်းပါ'။

**My only candidate is Hla Mg** (ဗိုလ်ဇေယျ)၊ ကျန်တာတွေ ဆရာချစ် လူချည်းပဲလို့ ပြန်ပြောလိုက်ရတယ်လို့ ကိုကျော်ငြိမ်းက သူ့အိမ်မှာ တစ်ခါလုပ်ဖူးတဲ့ သခင်မြအမှတ်တရ ဘာဇာနည်နေ့ဆွမ်းကျွေးမှာ ကျွန်တော်နဲ့တခြားသူတွေဝိုင်းမှာ ပြောဖူးပါတယ်။ အဲဒီဂျပန် စစ်ပညာ သင်တွေကို ရဲဘော်သုံးကျိပ်လို့ မြဒေါင်းညိုက ကင်ပွန်းတပ်လိုက်ပါတယ်။ ဂျပန်စစ်ပညာတော် သင် ဘီ-အိုင်-အေ ဖွဲ့တော့ ၂၇ ယောက်လို့ (ဗိုလ်ချုပ်အောင်ဆန်း အရှေ့အနောက်အသင်း မိန့်ခွန်း မှာပါတယ်) အီဇမိယရီမိနာမိကီကန်စာအုပ်မှာတော့ ရဲဘော်သုံးကျိပ်စာရင်း အပြည့်ပါတာတွေ့ရပါ တယ်။

ယူဂျီရဲ့ကြွေးကြော်သံအဖြစ်ထုတ်တဲ့ အရေးတော်ပုံသတင်းစာဟာလည်း ကွန်မြူနစ်ဝါဒ ဖြန့်ဖြစ်နေတယ်။ ဂျပန်နဲ့ပေါင်းမှာမို့ ဒါကိုလုပ်တာမကောင်းဘူး။ မလုပ်သင့်၊ မထုတ်သင့်ဘူးလို့ စာစောင်အကြောင်း နောက်ပိုင်းကျမှသိတဲ့ ကိုကျော်ငြိမ်းက မကျေမနပ်အတော်ပြင်းပြင်းထန်ထန် ပြောဆိုနေတာလည်း သိရပါတယ်။ ဆရာထွန်းရွှေနဲ့ ဆရာချစ်ကတော့ အစကတည်းက မပြောပါ ဘူး။ သိပ်တော့ဘဝင်ကျပုံမပေါ်ပါ။ ဒီအကြောင်းတွေကို ကိုဗဟိန်းနဲ့ဆက်သွယ်လှုပ်ရှားနေတဲ့ ကိုတင်မြတို့ သိကြပါတယ်။ ဂျပန်ပြည်ရောက်ပြီးမှ သခင်အောင်ဆန်း တိတ်တိတ် ဗမာပြည်ပြန် လာပြီး သယ်န်းကျွန်းလေးထောင့်ကန်လမ်း အမှတ် (၅၃) နေအိမ်မှာ ဗမာပြည်က ယူဂျီ-ယူနစ်ခေါင်း ဆောင်များနဲ့တွေ့ပြီးမှာကြားစီစဉ်သွားပါတယ်။ အဲဒီနောက်ပိုင်းမှ ဂျပန်စစ်ပညာသင်ဖို့ ဒီကလူတွေ အများ လွှတ်ပေးရတာပါ။

ဂျပန်မှာ စစ်ပညာသင်ကြားပြီးနောက် ဗြိတိသျှအစိုးရ လက်နက်ကိုင်တော်လှန်ဖို့ ပြည် တွင်းမှာ စစ်ပညာသင်ကြားပေးဖို့ စစ်ရေးခေါင်းဆောင်အဖြစ် ဗိုလ်နေဝင်း (ယခုမြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး) လျှို့ဝှက်ဗမာပြည်ကို ပြန်ဝင်လာပြန်ပါတယ်။ အဲဒီမှာ စတင်၍ ပြည်တွင်း လူ့ကန်အဖွဲ့ရယ်လို့ ပေါ်ထွန်းလာတာဖြစ်ပါတယ်။ ဗိုလ်နေဝင်းဟာ ရန်ကုန်မှာ စစ်သင်တန်းတွေပေး



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပဲခူးစီးတီးနဲ့ ဗိုင်းဂနိုင်း မြောက်ပိုင်း (၅၁)လမ်း၊ ကိုကြီးနှင့် ( ဘီပီအိုင် အရက်ပျံဌာန-အငြိမ်းစား) ရဲ့ အိမ်မှာစတည်းချပြီး စစ်သင်တန်းများပေးခဲ့ပါတယ်။ အဲဒီတုန်းက ဗိုလ်လင်းယုန်တို့ပါ ပါတယ်။

ဒါကြောင့် (Underground Unit) မြေအောက်လျှို့ဝှက်အဖွဲ့ (U.G)ယူဂျီ၊ (Unit) ယူနစ် ပြည်တွင်းသူပုန် အဖွဲ့ရယ်လို့ အဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်တိုးတက်လာတယ်လို့ဆိုရင်မှား မယ်မဟုတ်ပါဘူး။ ဒါဟာ ယူဂျီရဲ့အကြမ်းဖျင်းပုံသဏ္ဌာန်ပါ။ နောက် အသေးစိတ်အကွက်လေးတွေ ရှိပါသေးတယ်။

ကျွန်တော်သိသမျှ လိုနေတာတွေဖြည့်ကြပါ၊ ဖော်ပြကြပါလို့ မေတ္တာရပ်ခံပါတယ်။

[စံပယ်ဖြူမဂ္ဂဇင်း၊ မေလ၊ ၁၉၈၈]



# ဗိုလ်ချုပ်အောင်ဆန်းရဲ့စာ – ၁

## တိုးတက်ရေးအုန်းမြင့်

နံနက်ခင်းနေ အရုဏ်တက်တွင် အလင်းရောင်များ တစ်စတစ်စ အရှိန်တက်လာ ယလို စစ်မဖြစ်မီကာလက မြန်မာမျိုးချစ်လူငယ်များ၏ လွတ်လပ်ရေး ကြိုးပမ်းအားထုတ်မှု ယည် အရှိန်မြင့်မားလာသည်ထက် မြင့်မားလာလေသည်။ ထိုအရှိန်အဟုန်တွင် ခေါင်း ဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ရှေ့တပ်ဦးမှပါလာသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ ရေးဖြစ်ဟောင်းမှတ်သားဖွယ်၊ တမ်းတဖွယ်၊ လွမ်းဆွတ်ဖွယ်များ တရိပ်ရိပ် ကျန်ရှိခဲ့ပါသည်။ ယခု ဗိုလ်ချုပ်အောင်ဆန်း၏လက်ရေးမူနှင့်စာတစ်စောင်ကို ရှားရှားပါး ပါး မုံရွာ ဦးတင်ရွှေမှတစ်ဆင့် တိုးတက်ရေးဦးအုန်းမြင့်ထံမှ အကြောင်းအားလျော်စွာ ကောင်းထောက်မလျက်ရရှိခဲ့ပါသည်။ စံပယ်ဖြူမဂ္ဂဇင်း လွတ်လပ်ရေးနှစ်ပတ်လည်တွင် ဖတ်သူများအတွက် အထူးရည်သန်လျက် တိုးတက်ရေးဦးအုန်းမြင့် ပေးပို့သောစာနှင့်တကွ လက်ရေးစာမူကို ဖော်ပြအပ်ပါသည်။ တစ်ချိန်တုန်းက ဖြတ်သန်းလာခဲ့သော သမိုင်း ဝတ်အဖြစ်ဟောင်းကို နောင်လာနောက်သားတို့ အကျိုးရှိစွာ မှတ်သားဖတ်ရှုရမည့်ဟူ သော ရည်ရွယ်ရင်းဖြင့် ဤစာကိုဖော်ပြရင်း မုံရွာ ဦးတင်ရွှေနှင့် တိုးတက်ရေးဦးအုန်းမြင့်တို့ ကို စံပယ်ဖြူစာတည်းအဖွဲ့မှ လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

စာတည်းအဖွဲ့

အယ်ဒီတာခင်ဗျား -

အခုပေးပို့လိုက်တဲ့ စာကလေးဟာ လွန်ခဲ့တဲ့နှစ် ၅၀ ကျော်က ကိုအောင်ဆန်း သမဂ္ဂစည်းရုံးရေးလုပ်စဉ်က ဝါးခယ်မကျောင်းသား ကိုစိန်ခိုထံပေးတဲ့စာပါ။ ကိုစိန်ခို (ပုသိမ်အနောက်မြို့နယ် ပိတောက်ချောင်)မှာ ကျောင်းသားလှုပ်ရှားမှု နောက်တို့ဗမာအစည်းအရုံးလွတ်လပ်ရေးတိုက်ပွဲများတွင် ပါဝင်ခဲ့သော သခင်စိန်ခိုအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သူပါ။ စစ်ကြိုခေတ် တိုးတက်ရေးသတင်းထောက်လည်းဖြစ်ပါတယ်။ သခင်စိန်ခိုအသိမ်းကောင်းလို့ အခုလို ကိုအောင်ဆန်း ကျောင်းသားခေါင်းဆောင်ဘဝက စည်းရုံးရေးလုပ်ပုံကလေး တစ်စွန်းတစ်စ မျက်မြင်သိခွင့်ရကြပါတယ်၊ ကိုအောင်ဆန်းဟာ နဂိုစကားနည်းသူဖြစ်ပေမယ့် ကျောင်းသားလုပ်ငန်း၊ တို့ဗမာအစည်းအရုံးလုပ်ငန်းတွေနဲ့ပတ်သက်လာရင် မရပ်မနားအချိန်အကြာကြီးပြောတတ်သူ ပြောလည်းပြောနိုင်သူဖြစ်ပါတယ်။ စာရေးသားရာ၌လည်း ဒီအတိုင်းပါပဲ။ ရေးတဲ့အခါ အလုပ်သဘောလုပ်နည်းကိုင်နည်း အချက်အလက်များ တစ်ဆင့်ပြီးတစ်ဆင့် ဖတ်သူသဘောပေါက် စိတ်ပါလာအောင် အသေးစိတ်ရှင်းလင်းရေးသားလေ့ရှိပါတယ်။ ပြောရာမှာရော ရေးရာမှာပါ တိကျသေချာပြီး အရေးမကြီးတာတွေ အပိုပြောလေ့မရှိတာ ဒီစာကြည့်ခြင်းအားဖြင့် ထင်ရှားပါတယ်။ အလုပ်သဘာပြောတဲ့အပြင် ကျောင်းသားတို့ရဲ့ တာဝန်၊ ကျောင်းသားမိဘတိုင်းရဲ့ ဆန္ဒလည်းပြည့်အောင် စာမေးပွဲအတွက် စာကြိုးစားဖို့ သတိမလစ်ဟင်းရအောင် သတိပေးနှိုးဆော်ထားတာကို သူ့လက်ရေးမူအတိုင်းတွေ့ရမယ်ဖြစ်ပါတယ်။

တိုးတက်ရေးအုန်းမြင့်

**မြန်မာနိုင်ငံလုံးဆိုင်ရာ**
**ကျောင်းသားများသမဂ္ဂအသင်း**
**All BURMA STUDENTS UNION**

နံပါတ် ..........    တက္ကသိုလ်ဝင်း
NO...........    ရန်ကုန်မြို့....
UNIVERSITY ESTATE
Rangoon 9.2.1937

အစီရင်ခံပါသည် ကိုစိန်ခိုခင်ဗျား -

ပေးပို့လိုက်သော စာကိုရရှိပါ၏။ မိတ်ဆွေသည် မူစလင်လူမျိုးဖြစ်သော်လည်း မျိုးချစ်စိတ်ရှိသည်ကိုသိရ၍ အထူးဝမ်းသာပါ၏။ စင်စစ်သော်ကား ဘာသာတရားနှင့်မျိုးချစ်စိတ်သည် အချို့မသက်ဆိုင်။ ငွေအသိန်းအသန်း ကြွယ်ဝ၍ ဘုရားဒကာ ကျောင်းဒကာ အမည်ခံလျက်ရှိသော ရောမလူကြီးများပင်ဖြစ်လင့်ကစား မျိုးချစ်စိတ်မရှိက (ဝါ)ကိုယ်ကောင်းကြံက အချည်းနှီးသာတည်း။ မိတ်ဆွေသမဂ္ဂအသင်းတည်ထောင်ချင်သည်ဟု ပြောသဖြင့် ဝမ်းသာပါ၏။

၁။ မည်သည့်အလုပ်မဆို လူနည်းသည်များသည်မှာ ပဓာနမဟုတ်၊ လူငါးယောက်ရှိလျှင်





ငါးယောက်နှင့်ပင် အရင်းစ၍ တည်ထောင်ပါ။ အလုပ်ကျနစွာလုပ်၍ပြပါ။ နောက် လူကြိုက်များလာမည်။


၂။ အသင်းတည်ထောင်သောအခါ ဝါးခယ်မကျောင်းသားများအသင်းဟု အမည်တပ်၍ တည်ထောင်ပါ။ အခြား ကျောင်းများရှိလျှင် အင်္ဂလိပ်စာသင်ကျောင်း ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ၎င်းကျောင်းများမှ စိတ်ရှိသူများနှင့် တိုင်ပင်၍ အသင်းတည်ထောင်ပါ။ အသင်းမှာ နိုင်ငံရေးဝင်ရောက်စွက်ဖက်ရန်မဟုတ်။ ကျောင်းသားများလူငယ်များ၏ ကျန်းမာရေး၊ ပညာရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေးအတွက်သာ ဖြစ်သည်။ ဘယ်ပါတီကိုမျှ အားမပေးနှင့်၊ ဘယ်ပါတီကိုမျှ မချီးမြောက်နှင့်။ အမျိုးသားနေ့၊ ဦးဝိစာရနေ့များတွင်ကား အောင်ပွဲများကျင်းပနိုင်သည်။ ကျင်းပရန်လည်းတိုက်တွန်းသည်။ စကားပြောဟောပွဲ၊ စကားအချေအတင်ပွဲ၊ သတင်းစာ မဂ္ဂဇင်းများကို ဖတ်ခြင်း၊ စာအုပ်ကောင်းများ စုဆောင်း၍ဖတ်ခြင်း၊ ချေတာရေး ကျောင်းသားများ ငွေစုသောအလေ့အထဖြစ်စေခြင်း၊ တိုင်းရင်းဖြစ်အထည်များ ဝတ်ဆင်ရေး၊ တောဒေသဗဟုသုတဖြစ်ဖွယ်ရာအရပ်များကို သွားရောက်ကြည့်ရှုမှတ်သားခြင်း အစရှိသည့်လုပ်ငန်းများကို ငွေအင်အားရှိသလို ကြည့်လုပ်။ ငွေရအောင် အသင်းဆက်ကြေးငွေကို အများသဘောတူသော နှုန်းအတိုင်းကောက်ခံပါ။ အသင်းစထောင်ရန်အတွက် အချို့သြဇာရှိသော လူကြီးများနှင့်တိုင်ပင်၍ ဘုရားကျောင်းဇရပ်တစ်ခုခုမှာဖြစ်စေ အစည်းအဝေးလုပ်။ ၎င်းအစည်းအဝေးတွင် ကျောင်းသား များကိုသာ ခေါင်းဆောင်အဖြစ်တင်မြှောက်၍ အလုပ်ဆက်လုပ်ပါလေ။ အလုပ်လုပ်ရန်အတွက် အင်္ဂလိပ်လိုရေးထားသော စည်းမျဉ်းဥပဒေကို ပို့လိုက်ပါသည်။ အကယ်၍ နားမလည်လျှင် မိတ်ဆွေတို့မြို့မှာရှိသော နားလည်သူတစ်ဦးဦးအား မေးမြန်းပါ။ အသင်းထောင်၍ ဘယ်သူမှ အပြစ်မရနိုင်။

ယခုအခါ မိတ်ဆွေတို့မှာလည်း စာမေးပွဲနားနီးလာပြီဖြစ်၍ စာမေးပွဲအောင်ရန်လည်း ကြိုးစားကြပါ။ အောင်ပါစေဟူ၍လည်း ဆုတောင်းသည်။

**အောင်ဆန်း**


**[စံပယ်ဖြူ အမှတ် ၃၆၊ ဇီဇင်ဘာ၊ ၁၉၈၇]**

www.burmeseclassic.com


ALL BURMA STUDENTS' UNION

No.


Rangoon, 193


ALL BURMA STUDENTS' UNION

No.

Rangoon, 193

www.burmeseclassic.com




# ဗိုလ်ချုပ်အောင်ဆန်းရဲ့စာ – ၂

တိုးတက်ရေးအုန်းမြင့်

နံနက်ခင်းအရုဏ်တက်တွင် အလင်းရောင်များ တစ်စတစ်စ အရှိန်တက်လာသလို စစ်မဖြစ်မီကာလ မြန်မာမျိုးချစ်လူငယ်များ၏ လွတ်လပ်ရေးကြိုးပမ်းအားထုတ်မှုသည် တရှိန်မြင့်မားလာသည်ထက်မြင့်မားလာလေသည်။ ထိုအရှိန်အဟုန်တွင် ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းနှင့်ပတ်သတ်သည့် ရေးဖြစ်ဟောင်း မှတ်သားဖွယ်၊ တမ်းတဖွယ် လွမ်းဆွတ်ဖွယ်များ တရိပ်ရိပ်ကျန်ရှိခဲ့ပါသည်။ ယခု ဗိုလ်ချုပ်အောင်ဆန်း၏ လက်ရေးမူများကို ဦးတင်ရွှေမှတစ်ဆင့် တိုးတက်ရေးဦးအုန်းမြင့်က ဆက်လက်ပေးပို့လျက်ရှိပါသည်။ တစ်ချိန်တုန်းက ဖြတ်သန်းလာခဲ့သော သမိုင်းခေတ်အဖြစ်ဟောင်းကို နောင်လာနောက်သားတို့ အကျိုးရှိစွာမှတ်သားဖတ်ရှုရမည်ဟူသောရည်ရွယ်ရင်းဖြင့် ဆက်လက်ဖော်ပြလျက်ရှိပါကြောင်း။

စာတည်းအဖွဲ့

ကြယ်ဒီတာခင်ဗျား -

ပြည်ထောင်စုနေ့အထိမ်းအမှတ် ဆင်နွဲနေကြတဲ့အချိန်အခါဖြစ်ပါတယ်။ ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့ရဲ့နောက်တစ်နေ့ ဖေဖော်ဝါရီလ ၁၃ ရက်ဟာ ဗိုလ်ချုပ်အောင်ဆန်း ရဲ့ မွေးနေ့ပါ။ အဲဒီနေ့ဟာ နိုင်ငံတော် ကလေးသူငယ်များနေ့လည်းဖြစ်ပါတယ်။ ယေနာမည်


www.burmeseclassic.com



မောင်ထိန်လင်း၊ နောင် အောင်ဆန်း၊ နောက် သခင်အောင်ဆန်း၊ နောက် ဗိုလ်တေဇ၊ နောက် ဗိုလ်ချုပ်အောင်ဆန်းဟာ မြန်မာတစ်မျိုးသားလုံး ဂျပန်ဖက်ဆစ်စားပြုများရဲ့ ကြမ်းကြုတ်ရက်စက်စွာ နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်ခံနေကြရတဲ့ မြန်မာတစ်မျိုးသားလုံး တော်လှန်လွတ်မြောက်ဖို့ စည်းရုံး ခေါင်းဆောင်ခဲ့ပြီး နောက်ဗြိတိသျှနယ်ချဲ့တို့ရဲ့ စိုးမိုးမှုအောက်မှ မြန်မာတိုင်းရင်းသားအမျိုးသား ပေါင်းစုံ ပြည်သူလူထုကြီးတစ်ရပ်လုံး တစ်သွေးတစ်သားတည်း စည်းလုံးညီညွတ်အောင် စည်းရုံး ခေါင်းဆောင်ပြီး မြန်မာ့လွတ်လပ်ရေးအတွက် ခေါင်းဆောင်ခဲ့တဲ့ အမျိုးသားခေါင်းဆောင်ကြီးအဖြစ် ကမ္ဘာက အသိအမှတ်ပြု လေးစားကြည်ညိုခံရတဲ့ပုဂ္ဂိုလ်ပါ။ မြန်မာပြည်သူ လူထုကြီးတစ်ရပ်လုံး ကလည်း အကြည်ညိုအလေးစားဆုံး အချစ်ဆုံးပုဂ္ဂိုလ်ကြီးဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းကို သတိရ အမှတ်ရတာသ,တဲ့အနေနဲ့ အင်မတန်ရှားပါးလှတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အလုပ်သဘောမှာ ဟာသ စွက်ထားတဲ့ အင်္ဂလိပ်လိုလက်ရေးနဲ့အမျိုးသားလွတ်မြောက်ရေးအတွက် ဆောင်ရွက်ချက်ကလေး တစ်ကွက်ကို သိရှိနိုင်ကြစေဖို့ ပေးပို့လိုက်ရပါတယ်။

စာပါ ကိုမြစိန် (သံအမတ်ကြီး အငြိမ်းစား)ဟာ ၁၉၃၉-၄၀ ကာလပိုင်းမှာ သခင်အောင်ဆန်းရဲ့တိုက်တွန်းချက်အရ ဦးခင်မောင်( မြန်မာ့အသံအင်ဂျင်နီယာအငြိမ်းစား)နဲ့ ဦးတင်အောင် (ယခု ဦးတင်အောင်ဟိန်း၊ ပြည်သူ့တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ) တို့ သုံးယောက်ဟာ မြန်မာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများသမဂ္ဂ စည်းရုံးရေးမှူးများ တာဝန်နဲ့ ဗန်းမော်၊ ကသာ၊ နမ့်ခမ်းဘက်ကိုသွား ကြပါတယ်။ ကသာမှာ စည်းရုံးရေးကောင်းလို့ ကျောင်းသားများ တက်တက်ကြွကြွဖြစ်လာ ကျောင်းသားမိဘ ဆွေမျိုးများက အားပေးလာတာကြောင့် ဗြိတိသျှအစိုးရပုလိပ်များက ကိုမြစိန်၊ ကိုခင်မောင်၊ ကိုတင်အောင်တို့သုံးယောက်ကို ကသာထောင်ကြီးချုပ်ထဲ ပို့လိုက်ပါတယ်။ အဲဒီ အချိန်က ကသာထောင်ပိုင်ကြီး ဦးစံလင်းဟာ ဒီရဲသုံးဘော်ရဲ့ သူငယ်ချင်း ကိုလှကြည် (တက္ကသိုလ် မောင်မျိုးသန့် (ခ) ဂျာနယ်ကျော်၊ မဂ္ဂိုင်၊ ယခုရိုက်တာ ဦးလှကြည်) ရဲ့အဖေဖြစ်နေပါတယ်။ အဲဒါကြောင့် ကိုလှကြည်မိသားစုက ဒီရဲသုံးဘော်ရဲ့ မနက်စာ ညစာမပြတ် ထောင်ထဲပို့ပေးကြပါ တယ်။ ဒီရဲသုံးဘော် ထောင်က လွတ်သွားပြီးနောက် မကြာပါဘူး၊ ထောင်ပိုင် ဦးစံလင်းရာထူး တိုးမြှင့်ခြင်း တစ်နှစ်ရပ်ခံရတဲ့အပြစ်ဒဏ်ဆုလာဘ်ကြီးကို ရသွားရှာပါတယ်။ ဒါကလေးကလည်း မမေ့နိုင်တဲ့ အချက်ကလေးတစ်ချက်အဖြစ် ပြောစမှတ်ကို ဖြစ်ကျန်ခဲ့ပါတယ်။ ဒီအကြောင်း သခင်အောင်ဆန်းသိတော့ တဟားဟားရယ်တာကိုလည်း အခုထိမြင်ယောင်နေမိပါသေးတယ်။

|စံပယ်ဖြူမဂ္ဂဇင်း၊ အမှတ် (၃၈)၊ ဖေဖော်ဝါရီ၊ ၁၉၈၈|


Rangoon
[illegible] dear Ko Mya Sein
It is not my
intention to write to you only when
I have business. I had for long
contemplated communicating with
you, but somehow or other I could
not do, not [illegible]
[illegible] to pressure of work (there was
time and quite a lot, only I
couldn't take it) but due to my
[illegible] sluggishness. Having seen, heard,
experienced so many things important
in my eyes and, [illegible]
all, cheap demagogy most, I
feel rather sick of life and [illegible]
I have been in for a period of [illegible]
[illegible] reaction, so to speak
[illegible] hardly any desire to do anything.
My idealism, what [illegible] there is
in me, is on the verge of collapse



www.burmeseclassic.com

www.burmeseclassic.com



I just want to eat, sleep and do nothing worthwhile. I have gone so far in this respect that even a legend is woven around me, as is the case with every Great Man ~~....~~ the legend of my being a sluggard and glutton. Of course ~~....~~ the Great Man is misunderstood, he simply ~~cannot~~ proves to be a complete enigma to the ordinary common folk. Anyway, I have now got over my inertia and have just started doing things — quiet construction and all that is necessary for post-war period, preparing for a bigger war ~~of course~~ offensive in future.

You know I like not the tumult but the depth of ~~the~~ soul. I hate cheap demagogy, that plays to the gallery business without much weight and substance. I have had so much of it recently that I became completely sick of it, and worn of life and politics. So to say at the start. But as is natural with life, I must have had and must continue to have in future too such sickness a number of times. Well I won't grumble over this. I shall toil on till I reach my destination.

Now to business, because ~~....~~ you must be in a mood to accept me, after all the above little nonsenses. The bearer Ko Tun Shwe (or call him Thakin Tun Shwe, a little gem of our exploitation) is sent on a definite political mission by the Great Dobama Asiayone of which I am the General Secretary. He is to prepare arrangements with you for the reception of our Sayagyi Thakin Kodaw Hmaing, our Great Poet Thakin Hla Baw and our Great

www.burmeseclassic.com



Friend Thakin Hla Pe (Ko Hla Shwe's brother), when they arrive at ~~Rangoon~~ Bassein. We know there is that also That in Nyaban group which is very willing like Burkis. But we want to go through proper procedure. We shall have to examine them on charges of high treason to the Dobama Asiayone before we can accept them and therefore in the meantime they have been "suspended." Officially there is no Dobama Asiayone at Bassein. Some months ago you talked to me of Ko Hla Ling and all these people trying to form an Asiayone to supplant the Nyaban's. I have not heard much since. Well, old fellow, do everything necessary for whatever the bearer will tell you for the Dobama Asiayone, for the Nation, for the Cause (all in capitals), I am

will be enough (it is sufficiently vague to hide my ignorance)

I have ~~been~~ learnt from papers of the fate of your Japan-going business. Now what do you propose to do? Come back to college, man, and try to complete your course. Get at least a degree, no matter whatever its ~~worth~~ actual value, but it means a lot to life and people. Don't be capricious and fanciful. Be a stern sober realist, like Me, the Great Man.

With best wishes to all

Yours friend

Thakin Aung San

www.burmeseclassic.com

www.burmeseclassic.com

# လဆန်း(၂)ရက်

## ဂျာနယ်ကျော်မမလေး

[၁]

၁၃၀၉ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်နေ့။

လဆန်း ၂ ရက်နေ့ဆိုသော ရက်သည် ကျွန်မတစ်သက် မှတ်မှတ်ရရရှိလှသည့် ရက် ဖြစ်သည်။

တန်ခူးလဆန်း ၂ ရက်နေ့၌ ကွယ်လွန်သွားသည့် ခင်ပွန်းဂူသို့ လဆန်း ၂ ရက်နေ့ ရောက်ရ၏။ လဆန်း ၂ ရက်သို့ ရက်ပတ်လည်သည့် နေ့တိုင်း တစ်လမပျက် ဂူသို့ရောက်အော သွားသည်။

ဝါခေါင်လဆန်း ၂ ရက်နေ့၏နံနက်ဦး ကောင်းကင်ပြင်သည် ညိုမည်း၍ ငိုတော့မလို လေသည်။ မိုးသားမိုးရိပ်တို့ဖြင့် ဆို့သီးနေ၏။

ဤနေ့ နံနက်ခင်း၏ ဆောင်ကြဉ်းလျက်ရှိသော ကောင်းကင်သဏ္ဍာန်မှာတစ်ချက် ထေ လိုက်ချေက မျက်ရည်ပြိုက်ပြိုက်ကျမည့်ဟန်။

ကျွန်မသည် ကွယ်လွန်သူအတွက် ဆွမ်းခဲဘွယ်ဘောဇဉ်နှင့် လှူဖွယ်ဝတ္ထုတို့ကို နံ ၆ နာရီတွင် အပြီးစီမံကာ ကိုးထပ်ကြီး မဟာဇေယျကျောင်းတိုက်သို့ ယူဆောင်လာခဲ့သည်။

အိမ်ကအထွက် ကောင်းကင်ကို မော့ကြည့်လိုက်သည်။ အုံ့ကာခဲညစ်နေသော ကောင် ကို ကြည့်လျက် ရင်ထဲနောက်သွားသည်။



နေအိမ်ပန်းဆိုးတန်းမှ ကြည့်မြင်တိုင်သို့အသွား သိမ်ကြီးဈေး၌ ပန်းများဝင်ဝယ်သည်။ သိမ်ကြီးဈေးတွင် ခရီးသွားဘတ်စ်ကားများ ရှေ့မှပိတ်ဆီးထား၍ ကားမှာကျော်လွန်မတက်နိုင်ဘဲ နောက်ကတရွေ့ရွေ့လိုက်နေရ၏။

မမေ့နိုင်ခဲ့သောအခြင်းအရာများသည် မဟောင်းနိုင်ဘဲ အသစ်ဖြစ်လာသည်။ ဆေးရုံ ပေါ်၌ အသက်ထွက်လုလု အသက်ငင်နေသော ပုံပန်းကို ကွက်ခနဲမြင်မိကာ ကြေကွဲရလေသည်။ မျက်ရည်များသည် ပွေ့ကိုင်ထားသောပန်းစည်းကို ဆွတ်ဖျန်းနေသည်။

မဟာဇေယျကျောင်း၌ လှူဖွယ်ဝတ္ထုများကို ရေစက်ချကာ လှူခဲ့ပြီး ကြံတောသချိုင်းသို့ ရောက်လာခဲ့သည်။

မိုးသည်အုံ့လျက်ပင် တဖွဲဖွဲကျလာသည်။ သုသာန်သည် ငြိမ်ဝပ်လျက်ရှိ၏။ သစ်ပင် ထိပ်ဖျားတို့မှ ရော်ဝါသော သစ်ရွက်များသည် လွင့်ကာလွင့်ကာ ကြွေ၍နေကြသည်။ ဂူများမှာ ရရှိတန်းလျက် ဂူပေါ်တွင် သစ်ရွက်ခြောက်များ ဖရိုဖရဲ ဖွာရရာကျဲနေသည်။

ခင်ပွန်းသည်မြှုပ်နှံထားသောဇရပ်ထဲတွင် စဏ္ဍာလနှစ်ယောက်ထိုင်နေကြသည်။ မျက်မှန်း တန်းပြီးသော အသိ စဏ္ဍာလများ ဖြစ်နေသည်။

ဆီး၍ ပြုံးကြသည်။ မြင်တာနှင့် ထလိုက်ကြကာ တစ်ယောက်သော စဏ္ဍာလသည် လည် ပင်းပိုင်းထားသည့် ပုဆိုးညစ်ကို ခေါင်းတွင်ပတ်မည်ပြုရင်း "ဟေ့ကောင် . . . တံမြက်စည်းယူလေ ကွာ" ဟု တစ်ယောက်ကို လှမ်းပြောလိုက်သည်။

အသားမည်းမည်းပုပု လက်ပြင်ကုန်းနေသည့် ကတုံးနှင့် စဏ္ဍာလသည် အုတ်ခုံပေါ်မှ ခုန်ချလိုက်ကာ ရေတွင်းနားတွင် ထောင်ထားသည့် တံမြက်စည်းကို ပြေးယူလာသည်။

ကျွန်မမှာ ပန်းစည်းများပွေ့ထားလျက် ဇရပ်တိုင်ကိုမှီရပ်ကာ ဂူကို လှည်းကျင်း ဖုန်သုတ် နေကြသော လူနှစ်ယောက်ကို ငေးကြည့်နေသည်။

ပုဆိုးခေါင်းပေါင်းထားသည့် စဏ္ဍာလက တံမြက်စည်းလှည်းရာမှ ကျွန်မအား လှမ်း ကြည့်ကာ "ဆရာက ဘာရောဂါနဲ့သေတာလဲ . . ." ဟု လှမ်းစကားပြောသည်။

"ကျောက်ပေါက်တာလား၊ ဝက်သက်လား မပြောတတ်ပါဘူးရှင့်"

"ဩော် . . ."ဟုဆိုကာ ဆက်လက်လှည်းနေရင်း "ကျွန်တော့်ကလေးလည်း ကျောက် ပေါက်ပြီ ဗျ . . .၊ ဟောဟိုနား မြှုပ်လိုက်တယ် . . ."ဟု လက်ညှိုးထိုးပြောလေသည်။

သူသည် သင်္ချိုင်းဇရပ်ထဲ၌နေထိုင်သော သင်္ချိုင်းထဲတွင် အသက်ကုန်သွားသည့် ကလေး ငယ်ကို ပွေ့ချီလျက် မြေလွတ်တစ်နေရာတွင် ကျင်းတူးပြီး ဖို့လိုက်ပုံရသည်။ သူ့အဖို့ လွယ်လွယ်ကူကူ ကလေးဟု အောက်မေ့ရမလောက် ပေါ့ပြက်ပြက်ပြောဆိုနေသည်။

ပန်းတွေကို ဂူပေါ်တွင် ဖုံးတင်နေခိုက် ငြိမ်သက်စွာ ရပ်ကြည့်နေကြ၏။ ပန်းတစ်ဝက်ကို ဂုဏ်ဆောင်ကျော်ဂူတွင်သွားတင်လိုက်သည်။ ဂူခြေရင်း၌ထိုင်၍ဝတ်ချမည်ပြုစဉ် လက်ပြင်ကုန်းကုန်း စဏ္ဍာလက သူ့ပခုံးပေါ်တင်ထားသော ရှပ်အင်္ကျီစုတ်ဖြင့်ထိုင်မည့်နေရာကို သုတ်ပေးလေသည်။

"နေပါစေရှင် . . . နေပါစေ . . ." ဟု တားရကာ သူတို့နေရာတွင် သူ့အဖို့တတ်နိုင် သလောက် ပြုစုနေခြင်းကို စိတ်မကောင်းဖြစ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂူကိုရှိခိုးပြီး ဂူခြေတွင် အင်္ဂတေများ ပျက်လျက် အက်ကွဲကျိုးပဲ့နေတာမြင်သဖြင့် သူတို့အား အင်္ဂတေအသစ် ထပ်ကိုင်ခိုင်းလိုက်သည်။

သူတို့မှာ အလုပ်ရပြီဟု ရွှင်ပျသွားကြကာ ထုံးနှင့်မြေကို ဂူဘေး၌ပုံလျက် အင်္ဂတေ ဖျော်စပ်နေကြ၏။

မိုးဖွဲများလွင့်သွားကာ နေရောင်မှာတိမ်တောင်တိမ်ခဲများကို ဖောက်ထွင်းလျက် ပြူအာဖြာ လင်းလာပေသည်။ အရှေ့ဘက်ဂူတွေမှဖြတ်၍ တိုက်ခတ်လာသော လေဖြင့် သစ်ပင်များမှာ ယိမ်းထိုးနေကြလေသည်။

ကျွန်မမှာ သုသာန်ပတ်ဝန်းကျင်ကို ငေးမျှော်ကြည့်နေ၏။ စဏ္ဍာလသည် သူ့လက်ထဲမှ ဝေါ်ပြားနှင့်ကျင်လည်စွာ သမံတလင်း အချောကိုင်နေသည်။

သင်္ချိုင်းဇရပ်မှဆင်းခဲ့ကာ အနီးအနား ဂူတွေရှိရာလှည့်ပတ်သွားလာ ကြည့်ရှုနေပြီးနောက် ဇရပ်ရှေ့မျက်နှာစာ တည့်တည့်မှရပ်လျက် ဗိုလ်အောင်ကျော်ဂူနှင့် သူ့ဂူမှ ကမ္ပည်းစာတမ်းများကို ယှဉ်ကြည့်မိလေသည်။

'ပြာသိုလဆန်း ၂ ရက်နေ့ အနိစ္စရောက်သည်။

ဗိုလ်အောင်ကျော်'

'တန်ခူးလဆန်း ၂-ရက်နေ့ အနိစ္စရောက်သည်။

ဖဆပလ အမှုဆောင်လူကြီး ဂျာနယ်ကျော် ဦးချစ်မောင်'

လဆန်း ၂ ရက်နေ့၌ တိုက်ဆိုင်ပြီး သေသွားကြသော ပုဂ္ဂိုလ်နှစ်ယောက်၏ ဂူပေါ်သို့ လဆန်း ၂ ရက်နေ့တိုင်း ကျွန်မ ပန်းလာတင်လျက်ရှိသောအဖြစ်ကိုအကြောင်းပြု၍ ထိုအချိန်တွင် လဆန်း ၂ ရက်တိုက်ဆိုင်သေးသောအကြောင်းသာ ထပ်ကာထပ်ကာ စဉ်းစားတွေးတောလျက် ရှိနေမိသည်။

ကျွန်မရှေ့၌ စီရရီနေသော ဂူလေးပေါ်မှာ နိုင်ငံ့အကျိုးကို သယ်ပိုးဆောင်ရွက်သွားကြသူ များအဖြစ် တိုင်းပြည်က သီးသန့်မြှုပ်နှံထားသောသူများဖြစ်သည်။ ဗမာပြည်လွတ်လပ်ရေးရအောင် ကြိုးပမ်းဆောင်ရွက်ကြကာ တိုက်ပွဲဝင်ရင်း အသက်ပျောက်ကုန်ကြသူချည်း ဖြစ်သည်။

သူတို့မှာ သူတို့၏ရည်မှန်းချက် လွတ်လပ်ရေးပန်းတိုင်မရောက်ခင် အသက်ပျောက်ကုန် သော်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံ့ခေါင်းဆောင်များသည် လွတ်လပ်ရေးပန်းတိုင် အရောက် အားတိုက်အင်တိုက်ချီတက်လျက်ပင် ရှိနေကြသည်ဖြစ်၍ ဗိုလ်ချုပ်တို့လည်း လွတ်လပ် ရေးမရမီ သူတို့ကဲ့သို့ အသေမစောကြစေရန် စိတ်ထဲတောင့်တလိုက်သည်။

တောင့်တမဲ့သာ တောင့်တရသည်။ အမှန်စင်စစ် လွတ်လပ်ရေးရဖို့ရန်အချိန်မှာ ကပ်နေ ချေပြီ။ ဘိလပ်အစိုးရတို့သည် ၎င်းတို့ထားရှိခဲ့သောကတိအတိုင်းမြန်မာပြည်အား ၁၉၄၇ ခုနှစ် အတွင်း လုံးဝလက်လွှတ်ကြရပေတော့မည်။ အချိန်သည် အလွန်နီးကပ်၍နေပြီဖြစ်၏။ ထိုအတော အတွင်း သူတို့မသေနိုင်သေးပါဘူးဟု အောက်မေ့လိုက်ရသည်။

လက်ရှိ ဖဆပလခေါင်းဆောင်များအနက် ဆရာဦးဘချိုကို ကွက်ခနဲ မြင်ယောင်လိုက် သည်။ ဦးဘချိုမှာ သူကဲ့သို့ သတင်းစာဆရာတစ်ယောက်ဘဝမှ နိုင်ငံရေးနယ်ထဲသို့ ရောက်နေသူ





ဖြစ်၍ ခေါင်းဆောင်များအနက် ချူချာချင်း ချူချာရင် ဆရာသာလျှင် ချူချာသူဖြစ်၍ ဆရာ့ကျန်းမာ ရေးသာ ပူပန်စရာရှိသည်။

မကြာသေးမီက ဆရာဦးဘချိုနှင့် တွေ့ဆုံကြသည်။ ဗမာ့ဆေးပညာလိုက်စားသည်ကို အားပေးကာ ဆေးပညာနှင့်ပတ်သက်၍ ဆွေးနွေးပြောဆိုကြသည်။ ဆရာသည် စာရေးနေရင်း တစ်ဖက်တွင် ပတ္တလားခေါက်နေသူကို လှမ်းပြောလျက် ကျွန်မကိုလည်း ဆေးပညာအကြောင်း စကားပြောမပျက်။

ယခင်ကထက် နားထင်များကျလျက် အသားရောင်မှာဖျော့နေကာ အသံလည်း ပျော့ဝင်နေ၏။

ကျန်းမာရေးဂရုစိုက်ရန် ကျွန်မက သတိပေးသည့်အခါ ကျန်းမာရေးဂရုစိုက်ဖို့ကို အချိန် မရနိုင်ဘူးဟု ညည်းနေလေသည်။

ကျွန်မသည် ဇရပ်ပေါ်သို့ ပြန်တက်ခဲ့ကာ ဂူရှေ့၌ထိုင်လျက် သမံတလင်းအပြီးကို စောင့် ကြည့်နေသည်။ ၁၁ နာရီလောက်မှ သမံတလင်းအချောကိုင်ပြီး သွားသည်။

စဏ္ဍာလများအား ပိုက်ဆံပေးကာ သင်္ချိုင်းမှအထွက် ဂူတွေကို လှမ်းကြည့်လိုက်သည်။ လဆန်း ၂ ရက် ကမ္ပည်းစာတမ်းနှစ်ခုကို ရင်ထဲသယ်ယူလာခဲ့ကာ သုသာန်မှထွက်ခဲ့လေသည်။ လဆန်း ၂ ရက်အတွေးနှင့် အိမ်ပြန်ရောက်လာသည်။ အခန်းထဲဝင်၍ အဝတ်လဲခိုက် လှေကားမှ ဒုန်းဒုန်းဒုန်း အသံကြားရသည်။

"ဗိုလ်ချုပ်တို့ စည်းဝေးနေတုန်း ဘရင်းဂန်းနဲ့ ပစ်သွားပြီ"

မောင်တင်ဝင်းသည် လှေကားထိပ်ကနေ၍ အိမ်ရှေ့မှအိမ်နောက်ဖေးအထိ တစ်အိမ် သားလုံးကြားလေအောင် သံကုန်ဟစ်အော်ပြောလိုက်သည်။

ကျွန်မမှာ မိုက်ခနဲဖြစ်သွားသည်။ တစ်အိမ်သားလုံး အိမ်ရှေ့သို့ ပြေးထွက်ကြသလို ကျွန်မ လည်း အခန်းထဲမှ ပြေးထွက်ခဲ့သည်။ သူသည် ကြားခဲ့သမျှ သတင်းတွေကို လုံးစေ့ပတ်စေ့ ပြောပြ နေသည်။ ကျွန်မမှာ ဒူးများ ဆတ်ဆတ်တုန်လာကာ အသာထိုင်ချလိုက်ရသည်။

"ဘုရား . . . ဘုရား . . . ဗိုလ်ချုပ်တို့ မသေကြပါစေနဲ့။ ဆရာဦးဘချိုရော ထိသလား"

ကျွန်မမှာ ရင်ခုန်လွန်း၍ မနည်း အားယူပြောရလေ၏။

"ဘယ်သူသေလို့ ဘယ်သူရှင်မှန်းမသိသေးဘူး"

ကျွန်မသည် လှေကားမှပြေးဆင်းခဲ့လျက် ကားပေါ်တက်ကာ "ဆေးရုံ မောင်းစမ်း"ဟု ပြောလိုက်သည်။

ကားသည် တရိပ်ရိပ်ပြေးသွားလေသည်။ ကျွန်မမှာ နှလုံးခုန်လွန်း၍ ရင်ကိုလက်နှင့် ဖိထားရသည်။ သုသာန်တွင် "ဗိုလ်ချုပ်တို အသေမစောကြပါစေနဲ့" ဟု တောင့်တနေချိန်ဝယ် အတွင်းဝန်ရုံးတွင် ဗိုလ်ချုပ်တို့သေနတ်ဒဏ်ရာဖြင့် တုံးလုံးပက်လက်ဖြစ်နေသည့် အခြင်းအရာများ မှာ မယုံနိုင်အောင် ကျွန်မကိုယ်ကျွန်မ ဖြစ်နေလေသည်။

အပြင်လူနာများ ဆေးပေးရုံတွင် လက်နက်ကိုင်ရဲဘော်များ စောင့်နေကြသည်။ ရဲဘော် များကိုကျော်ဖြတ်၍ အပေါ်ထပ်သို့ပြေးတက်သွားသည်။ လှေကားထိပ်၌ ရင်ဘတ်ကို ဆီးကန်လိုက်

www.burmeseclassic.com



သလိုပင် သုံးယောက်သေပြီဟု ဆီးပြောကြရာ ကျွန်မမှာ လှမ်းမီရာကို ဆွဲကိုင်ထားရလေသည်။

ကျွန်မစိတ်မှာ များစွာလှုပ်ရှားလျက်ရှိသည်။

စိတ်လှုပ်ရှားသည့်အထဲမှ ညနေသတင်းစာထွက်ရန်အမီ စီစဉ်နေရသည်။ အယ်ဒီတာချုပ် ဦးစောဦးသည် ကျွန်မထိုင်နေသည့်အခန်းထဲသို့ ပြေးဝင်လာကာ "ဗိုလ်ချုပ်သေပြီ၊ ဝန်ကြီးတွေ လည်း သေတယ်။ ဦးဘချိုတော့ ဒဏ်ရာသိပ်ကြီးတယ်။ မသေသေးဘူးတဲ့"ဟု သတင်းပေးပြီး သတင်း ယူရန် ပြန်ပြေးထွက်သွား၏။

ကျွန်မမှာ စိတ်ကိုငြိမ်အောင် ထိန်းသော်လည်း ထိန်းမရချေ။ မျက်ရည်များ ဝဲလာကာ ဤနေရာတွင် ထိုင်နေရန် မဖြစ်တော့သဖြင့် အိမ်ပြန်လာခဲ့သည်။ ဦးဘချိုပါဆုံးပြီဟု အိမ်မရောက်မီ ကြားခဲ့ရပြန်၏။

လဆန်း ၂ ရက်နေ့၌ တိုက်ဆိုင်သေကြသော ပုဂ္ဂိုလ်နှစ်ယောက်ကို စဉ်းစား၍ အဆုံး မသတ်မီ လဆန်း ၂ ရက်နေ့၌ပင် ဗိုလ်ချုပ်အစရှိသော ခေါင်းဆောင်ကြီး ခုနစ်ဦးတို့ ကွယ်လွန်သွား ကြပြန်လေသည်။

တစ်ယောက်စီသေလျှင် လဆန်း ၂ ရက်နေ့ သေဖို့ရာဖြစ်ချင်မှ ဖြစ်မည်။ ဤလဆန်း ၂ ရက်နေ့တွင်မှ သည်နေ့ကိုချိန်း၍ စုသေကြသလို စုသေကြရလေသည်။ သုသာန်မှ အသည်း လာခဲ့သောလဆန်း ၂ ရက်နေ့သည် အသည်းကို ကလိနေသည့်အတိုင်းပင် နောက်ထပ် လဆန်း ၂ ရက် ကမ္ဘည်းထိုးထားကြဦးမည့်သူများကို မြင်ကြည့်သည့်အခါ ကျွန်မ မျက်လုံးများမှာ မှုန်မှိုင်း သွားလေသည်။

ထိုမှုန်မှိုင်းလာသော မျက်လုံးထဲ၌ ဗိုလ်ချုပ်၏ပုံသဏ္ဌာန်ကို တရေးရေး မြင်မိလျက်ရှိသည်။

[ ၂ ]

လှေကားမှတက်လာသော စစ်ဖိနပ်သံကို ကြားရသည်။

အိမ်ပေါ်ထပ်သို့ မည်သူမျှ ဖိနပ်စီးပြီးမတက်ကြ၍ စစ်ဝတ်စစ်စားနှင့် ဖိနပ်စွပ်ထားမည့် စစ်ဘက်က အရာရှိ တစ်ဦးတစ်ယောက်ဖြစ်ရမည်ဟု တွက်လိုက်သည်။

ကျွန်မတို့မှာ ဂျပန်ခေတ်ရွှေတောင်ကြားလမ်း ဗိုလ်လက်ျာအိမ်သို့ ပြောင်းရွှေ့၍ ထိုင်ကြစဉ် သခင်ဗဟိန်းနှင့် အတူတူ နေထိုင်ကြ၏။ အိမ်ပေါ်ထပ်၌ အိပ်ခန်းသုံးခန်းရှိသည် ကျွန်မတို့ကနှစ်ခန်းယူလျက် သခင်ဗဟိန်းတို့ ဇနီးမောင်နှံက တစ်ခန်းနေကြသည်။

အိမ်အောက်ထပ်၌ ဧည့်ခန်း၊ ထမင်းစားခန်းများရှိသဖြင့် ဧည့်ခန်းရှိလျက်ဧည့်ခန်းထဲ မဝင်ဘဲ ဖိနပ်နှင့် အိမ်ပေါ်တန်းတက်လာသောသူကို ကိုဗဟိန်း၏ ဧည့်သည်ဖြစ်ရမည်ဟု အောက် မေ့မိသည်။

စစ်ဖိနပ်သံမှာ အိမ်ရှေ့ဆင်ဝင်၌ ခေါက်တုံ့ခေါက်ပြန် ထွက်နေ၏။ ကိုဗဟိန်း၏ အခန်းက ခေါက်သံလည်း မကြားမိ၍ ဘယ်သူများပါလိမ့်ဟုတွေးကာ ခုတင်ပေါ်မှမထဘဲ လှဲသာနေ၏။

အချိန်မှာ ညနေ (၄) နာရီခန့်ရှိပြီ။ ကိုဗဟိန်းမှာ ညနေဘက် တင်းနစ်ကစား၍ ဟိုဘက် အခန်းထဲတွင် ကိုဗဟိန်းရှိလိမ့်မည်မဟုတ်ဟု တွေးကြည့်သည်။





ကိုဗဟိန်းဇနီး မခင်ကြီးမှာ ဦးကျော်ငြိမ်း ဇနီး ဒေါ်နွဲ့နွဲ့ရီနှင့် သခင်နု ဇနီး ဒေါ်မြရီအိမ်သို့ နေ့လယ်ကပင် ထွက်သွားကြသည်။

အိမ်ပေါ်ထပ်တွင် ကျွန်မ တစ်ယောက်တည်းရှိနေ၏။ ကျွန်မမှာ ဖျားပြီးစ အိပ်ရာထဲ တွင်ပင် နေရသေး၍ အိပ်ရာမှမထချင်ဘဲ အိမ်ရှေ့ခန်းကဖိနပ်သံကို နားထောင်နေရင်း အိမ်သား ထဲမှ တစ်ယောက်ယောက် အပေါ်တက်လာဖို့ အလိုရှိနေ၏။

အိမ်ဦးခန်းတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်နေသော ဖိနပ်သံသည် ရပ်သွားလျက် ဗီရိုဖွင့်လိုက်သောအသံကို ကြားရသည်။

အိမ်ရှေ့အပြင်ခန်းတွင် အခန်းနံရံနှင့် ကပ်လုပ်ထားသော ဗီရိုထဲ၌ စာအုပ်များ ထည့်ထားသည်။ စာအုပ်ဗီရို ဖွင့်သံကြားတော့မှ စာအုပ်များ မွှေမှာ၊ ဖွမှာ ယူမှာကို စိုးရိမ်တကြီး ဖြင့် ထလိုက်ရသည်။

အခန်းဝလိုက်ကာကိုဖယ်လျက် အပြင်ထွက်ရန်ရွယ်လိုက်သော ခြေလှမ်းမှာ တုံ့သွား လေ၏။

စာအုပ်ဗီရိုရှေ့၌ စစ်သေနာပတိဗိုလ်အောင်ဆန်းသည်စာအုပ်များကိုမွှေဖွနေလေသည်။

နောက်နောက်က ဗိုလ်ချုပ်၏ သခင်အောင်ဆန်းဘဝကို အဝေးကသာ မြင်ဖူးသည်။ နိုင်ငံရေးသမားတစ်စုနှင့် ဖျတ်ခနဲ ဖျတ်ခနဲ မြင်လိုက်ရဖူးသည်။ သခင်အောင်ဆန်းနှင့် နီးကပ်စွာ မတွေ့ဆုံဖူးခဲ့ဘဲ ဗိုလ်ချုပ်အဖြစ်နှင့် ပထမအကြိမ် တွေ့ဆုံရခြင်းဖြစ်၏။

ဗီရိုရှေ့၌ ဘေးစောင်းမြင်ရသော မျက်နှာမှာသုန်မှုန်နေ၏။ စာအုပ်များကို မျက် မှောင်ကုတ်ရွေးချယ်နေလျက် ခပ်ကြမ်းကြမ်းဆွဲယူကြည့်ပြီး ပြန်ထိုးသွင်းလိုက်၏။

ကတုံးထိပ်မြင့်၊ မျက်နှာရှုသိုးသိုး၊ ပါးရိုးပေါ်ပေါ်၊ နားရွက်ပြန့်ပြန့်၊ သူ့ပုံသဏ္ဌာန် အချိုးအစားမကျသလို သူ၏စစ်ဝတ်စုံလည်း အချိုးအစားမကျ၊ သူနှင့်မလိုက်အောင် ပုံပန်းမကျ ပွရောင်းနေပေသည်။

ဒူးလောက်မြင့် သားရေစွပ်စစ်ဖိနပ်ကြီးအထက်တွင် ဘောင်းဘီစိမ်းမှာ ပေါင်နှစ်ဖက်တွင် ဖောင်းထွက်လျက် ရွက်ကဲ့သို့ ပြန့်ကားနေသည်။

စာအုပ်များကို ရွေးချယ်ဆွဲကြည့်နေရာမှ စာအုပ်တစ်အုပ်ကို ကုလားထိုင်ပေါ်ပစ်ချ လိုက်သည်။

ကျွန်မမှာ အခန်းဝကပင် လိုက်ကာကိုဖယ်လျက် ရပ်နေကာ သူလုပ်နေပုံကို လှမ်းကြည့် နေ၏။ ကုလားထိုင်ပေါ်သို့ ပစ်ဖယ်လိုက်သည့် စာအုပ်ကို သူယူမလို့ပဲဟု နားလည်ရသည်။

ကျွန်မ၏အိမ်တွင်ရှိသော စာအုပ်များကို လိုင်ဘရီစာရင်းထားသည်ဖြစ်၍ ကုလားထိုင် ပေါ်ချလိုက်သည့် စာအုပ်ကို ဘာစာအုပ်မှန်းသိဖို့ လိုသည်။ ရွေးချင်သလို ရွေးပါစေဦးဟု အနား မသွား အသံမပြု ရပ်မြဲရပ်ကြည့်နေ၏။

စာအုပ်သုံးအုပ် ရွေးချယ်ပြီးနောက် အပေါ်ဆင့်၌ထောင်စီထားသော စာအုပ်များကို တစ်အုပ်စီလိုက်ကြည့်နေရင်း ဖျတ်ခနဲ ကျွန်မကို လှည့်ကြည့်သည်။

ဖျတ်ခနဲလှည့်ကြည့်လိုက်သော အကြည့်သည် နီးကြားဖျတ်လတ်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ရပ်နေရာနှင့် ကျွန်မအိပ်ခန်းမှာ ကြားတွင် လှေကားနေရာခြားကာ အိမ်နောက်ဘက်အခန်းဖြစ်၍ အိမ်ဦးနှင့် အလှမ်းအနည်းငယ်ကွာဝေးသည်။

အခန်းဝက ကျွန်မရပ်ကြည့်နေမှန်း အသံမပြုလျှင်မသိနိုင်၊ ကျွန်မကို လှည့်ကြည့်လိုက်မည် မထင်ဘဲ ဒက်ခနဲ လှည့်ကြည့်လိုက်ပုံကြောင့် မျက်စိရှင်မှန်း သိရလေသည်။

လှည့်ကြည့်လိုက်တာနှင့် ကျွန်မ၏နှုတ်ဆက်သောအပြုံးမှာ အချိန်မီသွားလေသည်။ ကျွန်မကို လှည့်ကြည့်ပြီး ပြန်လှည့်လိုက်ခြင်းလည်း မဟုတ်၊ ကျွန်မ၏အပြုံးကို ကြည့်လိုက်သေးသည်။ သူ၏ မှုန်သုန်သောမျက်နှာမှ စူးရှတောက်ပြောင်သော မျက်လုံးများဖြင့် ကျွန်မအပြုံးကို ရှုကြည့်သွားပြီးမှ မျက်နှာလှည့်လိုက်သည်။

သူ့မျက်လုံးမလွှဲခင် မျက်နှာမလှည့်ခင်ပင် ကျွန်မ၏မျက်နှာမှ အပြုံးမှ လျော့ပျက်သွားကာ မျက်နှာကို နဂိုနေအတိုင်း ပြန်ထားရလည်းအခက်နှင့် တစ်ပိုင်းတစ်ပျက်ကြီး ဖြစ်နေ၏။

ဗိုလ်ချုပ်လှည့်သွားမှ မျက်နှာမှာ သာအထားရခက်သေးသည်။

ယဉ်ကျေးစွာ ပြုံးနှုတ်ဆက်ခြင်းကို ကြောင်တောင်ကြည့်ပြီး မျက်နှာလှည့်သွားပုံမျိုး ဘယ်လိုလူမျိုးနှင့်မှ (ဝါ) ဘယ်အခါကမှမကြုံဖူး၍ ကျွန်မမျက်နှာမှာ နဂိုနေမရှိဘဲ ထူပူအမ်းနေလေသည်။

သူသည် သူ့ကိုနှုတ်ဆက်သောသူအား ကြောင်တောင်ကြည့်ပြီး မျက်နှာလှည့်ပြကာ စာအုပ်များကိုသာ ဂရုတစိုက် မဲကြည့်ရွေးချယ်နေသည်။

ကျွန်မမှာ ထူအမ်းသောမျက်နှာဖြင့် သူ့အားတွေ၍ကြည့်လျက် ရင်ထဲ၌တဒိတ်ဒိတ်ခုန်နေသည်။

နိုင်ငံရေးသမား လူစုံစုံနှင့် သိကျွမ်းပါသည်။ ကျွန်မ သိကျွမ်းခင်မင်သော နိုင်ငံရေးသမားများမှာ သူ့လို မဟုတ်ကြ။ သူနှင့် မတူကြ။

ဗီရိုရှေ့၌ရပ်နေသော ဗိုလ်ချုပ်နေရာတွင် ဦးကျော်ငြိမ်းသာဖြစ်ပါက ယဉ်ကျေးသိမ်မွေ့စွာ ပြုံးပေလိမ့်မည်။ ဣန္ဒြေရှိသောမျက်နှာတွင် ပြုံးနေသော မျက်လုံး၊ သို့မဟုတ် လေးနက်စူးလက်သော မျက်လုံးဖြင့် ရွှင်ချိုသောမျက်နှာမျိုး အမူအရာဖြင့် ပျူငှာဖော်ရွေပေမည်။

အကယ်၍ ဦးကျော်ငြိမ်းမဟုတ်ဘဲ ဦးနုဆိုပါကလည်း စာအုပ်များကြည့်နေရာက လှည့်ကြည့်လိုက်၍ ကျွန်မ၏ အပြုံးကိုမြင်လျှင် သူ၏ ကြည်လင်သော မျက်နှာနှင့် နူးညံ့စွာပြုံးကာ "နေကောင်းရဲ့လား"ဟု နှုတ်ဖျားက သာယာသော မေတ္တာတေးသံကိုပင် ကြားလိုက်ရပေဦးမည်။

ဤအချိန် ဤအခိုက်အတန့်၌ ကျွန်မသည် ဗိုလ်ချုပ်နေရာတွင် ဦးနု၊ ဦးကျော်ငြိမ်း သခင်သန်းထွန်းစသော နိုင်ငံရေးပုဂ္ဂိုလ်တစ်စုကို တစ်ဦးပြီးတစ်ဦး လူစားထိုးကာ ဗိုလ်ချုပ်နှင့် နှိုင်းယှဉ်ကြည့်နေမိလေသည်။

ဗိုလ်ချုပ်သည် ဗီရိုကိုပိတ်လိုက်ပြီး ကုလားထိုင်ပေါ်မှ စာအုပ်သုံးအုပ်ကို ကုန်းကောက်ယူကာ ချိုင်းတွင်ညှပ်လျက် လှေကားဘက်သို့ လှည့်လျှောက်လာရာ ကျွန်မနှင့်မျက်နှာချင်းဆိုင်တန်းနေသည်။

သူ၏မျက်နှာမှာ နောင်အခါတွင် ကျောက်ရုပ်ထုရမည့်ပုံမျိုး၊ တည်တည်မှုန်မှုန် မျက်လုံး





စိုက်စိုက်၊ ထွင်းဖောက်သည့်အကြည့်၊ ရင်မှာ မြေကတုတ်ကဲ့သို့ကား ပြန့်ဆီးခံထားပုံ။

ကျွန်မကသာ ရုပ်ရှင်ထဲမြင်ရသလိုကြည့်နေလျက် ကျွန်မကို မြင်သလိုလို မမြင်သလိုလို ဆင်းသွားရာ လှေကား သုံးလေးထစ်လောက် ရောက်သွား၏။

သည်တွင် ကျွန်မလည်း အခန်းဝက အလျှင်အမြန်ထွက်ကာ လှေကားဘောင်ကို ကိုင်မှီပြီး ငုံ့ပြောလိုက်သည်။

"ဒီမှာရှင် . . . စာအုပ်တွေ . . ."

သူသည် ခေါင်းကိုမော့၍ "ဟုတ်တယ်၊ ယူသွားတယ်"ဟု ခပ်ပြတ်ပြတ်ပြောကာ တစ်ရှိန်တည်း ဆင်းသွားလေ၏။

ကားပိတ်သံနှင့် ကားထွက်သွားသံ ကြားလိုက်ရသည်။

ကျွန်မမှာ လှေကားလက်ရန်းကို ကျစ်ကျစ်ပါအောင်ဆုပ်ထားကာ "ဘယ်လိုလူပါလိမ့်"ဟု အောက်မေ့ရင်း ရင်ထဲက တလှပ်လှပ်ဖြစ်နေသည်။

ကျွန်မကို အရုပ်လိုမြင်ကာ စာအုပ်များယူသွားပုံကို စိတ်ထဲ တစ်မျိုးတစ်မည်ကြီး ဖြစ်ကျန်ရစ်သည်။

ဘာစာအုပ်တွေယူသွားမှန်း သိချင်သဖြင့် ဗီရိုဖွင့်ကြည့်သည်။ ဘာစာအုပ်ယူသွားမှန်း မသိအောင် အသိရခက်သည်။ ကျွန်မတို့မှာ ဂျပန်ခေတ်၌ ကြိမ်ဖန်များစွာ အိမ်ပြောင်းနေခြင်းကြောင့် စာအုပ်များမှာ ရောနှောလျက် အစီအစဉ်နှင့် မဟုတ်တော့ပေ။

ကျွန်မသည် စိတ်ပျက်ပျက်နှင့် အခန်းထဲဝင်ခဲ့ကာ အိပ်ရာပေါ် လှဲလျက် ဗိုလ်ချုပ်၏ မျက်လုံးစိမ်းစိမ်းကြီးနှင့် လှည့်သွားသောမျက်နှာကို ဖျောက်၍မရ။ ဒါပဲ မြင်နေလေသည်။ ကုပြန်၍မပြုံးနိုင်သော သူ့နှုတ်ခမ်းကို အတောမသတ် ဝေဖန်နေမိ၏။

တင်းနစ်ကစားပြီး ပြန်လာသော ကိုဗဟိန်းသည် သူ့အခန်းမဝင်သေးဘဲ ကျွန်မ အိပ်နေသော အခန်းသို့တန်းလာကာ "အစ်မကြီး . . . နေကောင်းရဲ့လား" ဟု သတင်းလာမေး၏။

အိပ်ရာမှလူးလဲထလျက် ရင်ထဲတွင်မတင်မကျဖြစ်နေခြင်းကိုဖွင့်အန်လိုက်ချင်၍ ကိုဗဟိန်းကို ထိုင်ခိုင်းရသည်။

"ကိုဗဟိန်း . . . ထိုင်ပါဦး၊ ခုနက သခင်အောင်ဆန်း လာတယ် . . ."

"သြော် . . . သြော် . . ."

ကိုဗဟိန်း၏ချိုမြသော အပြုံးကလေးမှာ အားရပါးရကြီး ပြုံးလိုက်သော အပြုံးကြီးသို့ ကူးပြောင်းသွားသည်။

"စာအုပ်ဗီရိုဖွင့်ပြီး စာအုပ်တွေ ရွေးနေတယ်၊ လှည့်ကြည့်လို့ ကျွန်မက ပြုံးလိုက်တယ်။ ပြုံးပြီး သူ့အနားတောင် ရောက်သွားတော့မလို့ဘဲ။ အဲဒါရှင် ကျွန်မပြုံးတာကို ကြည့်ပြီး တစ်ခါတည်း မျက်နှာလှည့်သွားလေရဲ့ . . ."

ကိုဗဟိန်းသည် အားရပါးရ ပြုံးနားထောင်နေရာက အားရပါးရကြီး အော်ရယ်လေသည်။ ဗိုလ်ချုပ်ပေါ်တွင် အခံရခက်သွားသောစိတ်မှာ ကိုဗဟိန်း၏ အော်ရယ်သံဖြင့် လွင့်သွားကာ ကျွန်မပါရော ရယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် ရယ်မောလိုက်ရ၍ ပေါ့ပါးသွားသောကြောင့် ခုတင်ပေါ်မှထကာ ကျွန်မကို ကြည့်သော ဗိုလ်ချုပ်၏အကြည့်မျိုး ဗိုလ်ချုပ်ဟန်အတိုင်း တူအောင်တုလျက် မျက်နှာလှည့်ပြ လိုက်ကာ "အဲသလိုပဲရှင့်" ဟုလုပ်ပြလိုက်သည်။ ကိုဗဟိန်းမှာ ကျွန်မကိုကြည့်ကာ ဟားတိုက်ရယ် နေလေသည်။

ကျွန်မသည် မျက်တောင်များ စင်းကျသွားလျက် ဗိုလ်ချုပ်၏အပြုအမူကို တွေးတော သုံးသပ်နေလိုက်ပြီးနောက် . . .

"အဲဒီလိုဖြစ်ရမယ်ရှင့်၊ ကျွန်မမှန်းဆကြည့်သလောက်လေ သူဟာ သူ့ကိုယ်ထဲသူ့ ဝိညာဉ်ထဲမှာ နိုင်ငံရေးမှတစ်ပါး ဘာမှရှိမယ့်လူမဟုတ်ဘူး။ နိုင်ငံရေးအလုပ်တစ်ခုပဲ အားသွန်ပြီ လုံးလုံးလျားလျား ပြင်းပြင်းထန်ထန်ကြီး ဖြစ်နေတော့ ဒီပြင်ဟာတွေ, လူမှုရေးရာတွေ သူ့ အကုန်လုံးလွတ်နေပြီလို့ထင်တယ်။ သူသေရင်တော့ ကျောက်ဖြစ်သွားဖို့ကောင်းတာပဲ. . ."

ကိုဗဟိန်းသည် ဝါးခနဲရယ်လိုက်ပြန်ပြီးနောက် "မသေခင်ကတည်းက ကျောက်တစ်ပိုင်း ဖြစ်နေပါပြီ"ဟု ဆိုသည်။

"ဘာပြောသွားသေးသလဲ. ."

"မပြောပါဘူး။ စာအုပ်တွေယူပြီး ဆင်းတယ်။ ဘာစာအုပ်တွေလဲ သိချင်တာနဲ့ 'ဒီမှာရှင့် စာအုပ်တွေလို့ ဆိုရပါသေးတယ်' 'ဟုတ်တယ်၊ ယူသွားတယ်'ဆိုပြီး ဆင်းသွားတာပဲရှင့် . . ."

နောက်တစ်ကြိမ် အင်္ဂလိပ်ဝင်စ၊ ဗိုလ်ချုပ်နှင့် တွေ့သည့်အခါ ကျွန်မ မပြုံးတော့ပေ။

အလုပ်တိုက်မှပြန်လာပြီး ဖဆပလ ဌာနချုပ်တွင် ဦးချစ်မောင်ကို ဝင်ကြိုရာ အစည်းအဝေး မပြီးသေး၍ အပြင်က စောင့်နေရ၏။

နောက်ဆုံးမှ ဦးချစ်မောင်နှင့် ဗိုလ်ချုပ်တို့ဆင်းလာကြသည်။ သူ့ကား အဆင်သင့်မရှိ၍ ကျွန်မတို့ကားပေါ်တက်ရန် ဦးချစ်မောင်က ရှေ့တံခါးကို ဖွင့်ပေးလိုက်သည်။

သူသည် ကျွန်မကို မမြင်သလိုလို မြင်သလိုပင် ရှေ့တွင် ဝင်ထိုင်သည်။ အလုပ်ပင်ပန်း သောအသွင် နွမ်းနယ်နေသည်။ ရှပ်လက်ရှည်အဖြူ ဆွယ်တာအင်္ကျီ လက်ပြတ်နှင့် ချည်လုံချည် လျှော့ရဲရဲဝတ်ထား၏။

ဖဆပလမှ တာဝါလိန်း သူ့အိမ်အထိ သူတစ်ယောက်တည်း စကားပြောလာသည်။ ကျွန်မမှာ ကားနောက်တွင် ငြိမ်လျက် သူပြောသောစကားများကို စိတ်ဝင်စားစွာ နားထောင် လာသည်။

မြဝတီမင်းကြီးအကြောင်း ပြောနေသည်။ ဖဆပလအခန်းထဲတွင် ပြောလက်စ စကားကို ကားပေါ်၌ ဆက်ပြောနေပုံရသည်။ ရေတံလျှောက်က ရေကျသလို မရပ်မနား ပြောလာသည်။ သူ့အိမ်ရှေ့ရောက်၍ ကားမှဆင်းသည်အထိ ကားအမိုးကိုကိုင်ကာ စကားအဆုံးမသတ်သေးဘဲ ဆက်ပြောနေသေး၏။

"ရေးစမ်းပါဗျာ. . .၊ ခင်ဗျားရေးမယ့် အိုင်ဒီယာ ကောင်းပါတယ်၊ မြဝတီမင်းကြီးကို ရာဇဝင်ရေးနည်းမျိုးမဟုတ်ဘဲ ဦးချစ်မောင်ပြောသလို ခေတ်အရေးနဲ့ရေးနည်းမျိုးလိုတယ်ဗျ . . ." ဟု နောက်ဆုံးပြောပြီး တစ်ချက်တည်းလှည့်သွားကာ လှေကားကို နင်းတက်သွားလေ၏။





ကျွန်မမှာ သူကွယ်သွားမှ ပြုံးရလေသည်။ တော်တော်စကားပြောနိုင်တာပဲဟု အောက်မေ့လိုက်ကာ ပြုံးရလေသည်။

တတိယအကြိမ် သူ့ကိုတွေ့သည့်အခါ၌ သူ့ကိုမမြင်ခင် သူ၏ရေပက်မဝင်နိုင်သော အသံကို ကျက်မိနေသည်။

ကန်ဘဲ့ ကျွန်မအိမ်ဧည့်ခန်းထဲ၌ စကားထိုင်ပြောနေသော ဗိုလ်ချုပ်ကို အလုပ်ကအပြန် သွားတွေ့ရသည်။ ကျွန်မသည် သူ့အားပြုံးဖို့မလိုတော့၍ ကွေ့ရှောင်ကာ ဧည့်ခန်းနောက်ဘက် ထမင်းစားခန်းတွင်ထိုင်လျက် အသာနားထောင်နေလိုက်သည်။

တစ်ချိန်လုံး ဦးစောအကြောင်းသာ ပြောနေသည်။ ဦးစော ဂျပန်ပြည်သွားခန်း၊ ဦးစော လုပ်ခဲ့သောနိုင်ငံရေးထင်မြင်ချက်တို့ကို စက်သေနတ်ပစ်သလို မရပ်မနားပြောနေ၏။ ဆိုဖာကုလား ထိုင်ကိုမှီထိုင်လျက်ပြောနေရာမှ တဖြည်းဖြည်း ကုလားထိုင်များအစွန်းသို့ လူရောက်လာသည်။

ဦးစောနှင့်သွားတွေ့ဆုံကြောင်း ပြောပြသည့်အခါ ဦးချစ်မောင်မှာ ငြိမ်သက်နေရာမှ မျက်နှာပျက်သွားကာ ဗိုလ်ချုပ်စကားဆုံးအောင် စောင့်နေ၏။ ပြီးမှပြောသည်။

"ဖဆပလအဖွဲ့ကြီးဟာ အဖွဲ့ပေါင်းစုံစုစည်းပြီး ဖွဲ့ထားသလို ကျွန်တော်တို့ ကြေညာပေ မယ့် ဒီအဖွဲ့ထဲမှာ ဦးစောကို ခင်ဗျားထည့်ချင်လို့မဖြစ်ဘူး။ ဦးစောပါရင်မှားမယ် . . ."

ဗိုလ်ချုပ်သည် ခေါင်းကိုဆတ်ညိတ်ကာ ထိုင်ရာမှထလျက် ထွက်သွားရာ ဦးချစ်မောင်က အိမ်ဝသို့လိုက်ပို့သည်။

အိမ်ရှေ့၌ ထိုးဆိုက်ထားသော ဗိုလ်ချုပ်၏ဂျစ်ကားမှာ မရှိတော့ချေ။ ဗိုလ်ချုပ်တို့ ခြံ တံခါးဝနားသို့ရောက်လျှင် စာပုံနှိပ်စက်ရှိက်နေသော မောင်ထွန်းကြည်က ဗိုလ်ချုပ်ကားကို ကျွန်မ သားလေးနှစ်ယောက် စီးသွားကြောင်း ပြတင်းပေါက်က ငုံ့ပြောလိုက်၏။

ကျွန်မမှာ အားနာသွားကာ အိမ်ပြင်သို့ ထွက်လာသည်။ ဦးချစ်မောင်နှင့် ဗိုလ်ချုပ်မှာခြံဝ၌ရပ်ကာ လမ်းဘက်သို့ ကြည့်နေကြ၏။

ကျွန်မလည်း အားနာနာဖြင့် သူတို့နားသွားကာ "ကားကို ကလေးတွေ ယူစီးသွားတယ် ပြောတယ်။ မသိလိုက်ပါဘူး။ အားနာစရာကြီး"ဟု စိတ်မကောင်းစွာ ပြောလိုက်သည်။

ကျွန်မ၏သားနှစ်ယောက် မောင်သိန်းတန်နှင့် မိုဃ်းဟိန်းမှာ လေးနှစ်၊ ငါးနှစ်အရွယ် အတော်လည်ကြလေသည်။ သူတို့သည် ဂျစ်ကားကို အင်မတန် စီးချင်ကြသည်။ အိမ်ဘေး၌ ဂျစ်ကားဆိုက်တာ မြင်တာနှင့် ကားနားသို့ ပြေးကပ်သွားကြသည်။ ဗိုလ်ချုပ်အိမ်ပေါ်တွင် စကား ကောင်းနေတုန်း ကားမောင်းသော ဒရိုင်ဘာကို ကားတစ်ပတ်မောင်းပို့ရန် ပူဆာကြလေသည်။ "မိုယ်းဟိန်း . . . ဦးလေးပါးကို မွှေးမွှေးပေးပါ့မယ်ဗျာ၊ လိုက်ပို့စမ်းပါ"ဟုဆို၍ ဒရိုင်ဘာမှာ မနေသာ တော့ဘဲ ဈေးတစ်ပတ် ပတ်ပို့နေခိုက်ဖြစ်၏။

ကျွန်မမှာ အားနာစွာနှင့် တောင်းပန်ရသည်။ ဗိုလ်ချုပ်မှာ ကိစ္စမရှိ။ ဘယ်လိုအမူအရာ မှမဖြစ်။ ကားမရှိဘူး။ ဒါလောက်ပဲ သိပုံရသည်။ တစ်ခါက ဗီရိုထဲမှ သူလိုချင်သော စာအုပ်များကို မပြောမဆို ထုတ်ယူသွားသလိုပင် ကလေးတွေလည်းမပြောမဆို သူတို့စီးချင်သောကားကို တက်စီး သွားကြမှန်း နားလည်လေသလား မပြောတတ်ပေ။

www.burmeseclassic.com



ကားကို စောင့်နေရသည့်အမူအရာ မတွေ့ရ၊ ကားရောက်တော့လည်း မည်သူ့ကိုမျှ နှုတ်မဆက်ဘဲ တက်စီးသွားလေ၏။

ဦးချစ်မောင်၏ ခေါင်းနောက်တွင် ဗိုလ်ချုပ်သည် ဦးဘချို့နှင့်ယှဉ်လျှောက်ကာ မသာ... နေ၏။ မကြည်သာသော မျက်နှာများကို တွေ့ရသည်။

ကျွန်မ၏ မျက်လုံးထဲတွင် မသာပို့နေကြသော ဗိုလ်ချုပ်နှင့် ဦးဘချိုပုံမှာ မျက်ရည်များ ဝေနေသဖြင့် မှုန်ဝါးနေပေသည်။

မနက်ကပင် သုသာန်၌ သူတို့အား သတိတရ စဉ်းစားမိသည်။ လဆန်း ၂ ရက်နေ့တွင် သူတို့စုသေပုံကား ကျွန်မတစ်သက်တွင် မေ့နိုင်ဖွယ်ရာ မရှိတော့ချေ။

ကျွန်မသည် သူ့အသံကို နားထဲ၌ ကြားနေ၏။ လက်နှစ်ဖက်ကို ဘေးသို့ ကား၍ လှုပ်ကာလှုပ်ကာ ပြောနေသော သူ့ဟန်ကို မြင်နေ၏။

"ဖဆပလ အဖွဲ့ချုပ်ကြီးဟာ အပြောမှားတာလည်း ရှိမယ်၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ဖောက်ပြန်တာလည်းရှိမယ်။ အဖွဲ့အနေနဲ့တော့ ဘယ်တော့မှမဖောက်ပြန်ဘူး။ အင်္ဂလိပ်အစိုးရ... အေးအေးဆေးဆေး အာဏာလွှဲပြောင်းယူလို့မရရင် ရတဲ့နည်းနဲ့လုပ်ဖို့ ပြောထားပြီးသားပဲ။ အပြင်... အထန်လုပ်ဖို့ ခင်ဗျားတို့ အဆင်သင့်ပြင်ထားဖို့ လိုတယ်။ ဆူပူသောင်းကျန်းမှုကို ဗမာပြည်ကပြင်... လိုတယ်။ ဖဆပလအဖွဲ့ချုပ်ဟာ အလုပ်လုပ်တဲ့နေရာမှာ လိုသေးတယ်၊ ရှေ့ဆက်ပြီး တင်းကျ... လုပ်နိုင်မှ အနှစ် ၂၀ လောက်မှ တော်ရုံကျမယ်။ လွတ်လပ်ရေးလိုချင်ရင် စည်းကမ်းသေဝပ်မှု... ထိန်းသိမ်းထားပါ။ စည်းကမ်းရှိပါ။ ပြင်ဆင်သင့်တာတွေ ပြင်ဆင်ဖို့ ခင်ဗျားတို့ သောက်ကျင့်တွေ... ပြင်ဆင်ဖို့ ကျွန်တော်ပြောခဲ့မယ် . . ."

ဗိုလ်ချုပ်သည် ဇူလိုင်လ ၁၃ ရက်နေ့တွင် ကျင်းပသော နိုင်ငံရေးရှင်းပွဲကြီးတွင် "ကျွန်တော်ပြောခဲ့မယ်"ဟူ၍ မှာခဲ့လေ၏။

သူ၏စကားလုံးမှာ ပြေပြစ်ချောမွေ့ခြင်းမရှိသော်လည်း လေးနက်ပါပေ၏။ သူမသေခင် ကျွန်မတို့အား လွတ်လပ်သော လူမျိုးတစ်မျိုး မဖြစ်ကြသေးကြောင်း၊ တစ်မျိုးလုံး စည်းကမ်းသေဝပ်စွာလွတ်လပ်ရေးကိုရသည့်နည်းဖြင့် ယူပါရန် ဦးဆောင်သင်ကြားလမ်းပြပေးသွားပေသည်။

နိုင်ငံဟူ၍ ဖြစ်လာသည်ကအစ တစ်နိုင်ငံလုံး သွယ်တန်းဆက်ချိတ်ထားသော သံကြိုး ကြီးသည် လူသီးသီးတိုင်း ဆက်ကွင်းချိတ်ဆက်များ ဖြစ်ကြကာ အင်အားအညံ့ဆုံးချိတ်ကွင်းဆက် ကွင်းတစ်ခုအနေဖြင့် ဝင်ရောက်နေခဲ့လျှင် သံကြိုးကြီးမှာ တောင့်တင်းခိုင်မာ၍ အဆက်မပြနိုင်စရာ... လိမ့်မည်မဟုတ်ကြောင်း ခေါင်းထဲရောက်အောင် ရိုက်သွင်းပေးသွားခဲ့ပေသည်။

ကျွန်မသည် "ကျွန်တော် ပြောခဲ့မယ်"ဟုမှာသွားသော စကားရပ်များကိုမေ့နိုင်မည်မဟုတ် ဖြစ်ကာကျဆုံးသည့်နှစ်ပတ်လည်လာတိုင်း လဆန်း ၂ ရက်နေ့ကို သတိရပေတော့မည်။

[မြဝတီမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၅၁]



# မှတ်မိသမျှ ကိုအောင်ဆန်း၏ကျောင်းသားဘဝ

သခင်ကျော်စိန်

ဗိုလ်ချုပ်အောင်ဆန်း (ဝါ) သခင်အောင်ဆန်း (ဝါ) ကိုအောင်ဆန်းနှင့် ကျောင်းနေဖက် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်ခဲ့၍ ကျောင်း၌နေစဉ်က မှတ်မိသမျှကို မှတ်တမ်းတင်လိုက် ပါသည်။

ကိုအောင်ဆန်းသည် ကျွန်တော်တို့ထက် နှစ်နှစ်စော၍ တက္ကသိုလ်သို့ရောက်ရှိနေပါ သည်။ ကိုအောင်ဆန်းကို ကျွန်တော်တို့အတန်းဆင်းချိန်နှင့် သူ့အတန်းတက်ရန် သုတ်သီးသုတ်ပျာ လာချိန်တို့တွင် 'အင်းဝ'ဆောင်ရှေ့တွင်မကြာခဏဆုံစည်းမိတတ်ကြပါသည်။နောက် ကိုအောင် ဆန်းနှင့် ကျွန်တော်တို့ ခင်မင်ရင်းနှီးလာခဲ့ကြပါသည်။

ကိုအောင်ဆန်း၏ ကျောင်းသားဘဝ ဝတ်ပုံဆင်ပုံမှာ ကျွန်တော်တို့အဖို့ အထူးအဆန်း မဟုတ်သော်လည်း အများအဖို့ အတော်ကြီး ထူးဆန်းနေသလိုဖြစ်ခဲ့ပါသည်။ ရှပ်အင်္ကျီကို ကြယ်သီးအပြည့်မတပ်ဘဲ ပင်နီအပေါ်အင်္ကျီကို ကပိုကရိုဝတ်၍ မန္တလေးလုံချည်အနွမ်းကိုပင် ဆင်မြန်းကာ ဆံပင်စုတ်ဖွားနှင့် သင်ကြားပို့ချချက်များလိုက်ရန် မှတ်စုစာအုပ်လက်တွင်ကိုင်ပြီး ...က်စိုက်စိုက်စိုက်သွားတတ်သည်ကို ယခုတိုင်ပင် မှတ်မိလျက်ရှိပါသည်။

ကျွန်တော်တို့အသိမိတ်ဆွေ သူငယ်ချင်းများနှင့်တွေ့လျှင် ကိုအောင်ဆန်းသည် ပြုံး၍သာ ...က်ဆက်ပြီး ရှေ့ဆက်စိုက်စိုက်စိုက်စိုက်သွားလေ့ရှိပါသည်။ တစ်ခုခုကို အစဉ်အာရုံစိုက်ပြီးနေ ...သာအသွင်မှာ အမြဲထင်ရှား၍နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ဆန်းသည် ကျောင်းတွင် သူငယ်ချင်းများနှင့် "ဟေးလား - ဝါးလား" စကား[illegible] လေ့မရှိပါ။ သင်ကြားပို့ချသမျှကို အမြဲအာရုံစိုက်ပြီး နားထောင်မှတ်သားလေ့ရှိပါသည်။ ထို့ကြော[illegible]လည်း ကိုအောင်ဆန်း စာမေးပွဲတိုင်းကောင်းစွာအောင်မြင်သည်ချည်းဖြစ်ပါသည်။

ကိုအောင်ဆန်းနှင့် ခင်မင်ရင်းနှီးလာပြီး သူ၏အခန်းသို့သွားရောက်လည်ပတ်သောအ[illegible] သူ၏အခန်းမှာ မသေသပ်ဆုံးအခန်းတစ်ခု အမြဲဖြစ်နေသည်ကို ကောင်းစွာသတိပြုမိသည်။

တစ်ခါတစ်ရံ ကိုအောင်ဆန်းသည် ညလုံးပေါက် စာဖတ်လေ့ရှိပါသည်။ စာသင်ခန်းတွ[illegible] နှုတ်ဆိတ်သလောက် သူ၏အခန်းရောက်၍ စကားစမိလျှင် ကိုအောင်ဆန်းသည် အာပေါ[illegible] အာရင်းသန်သန်ဖြင့် စိတ်ပါလက်ပါပြောလေ့ရှိပါသည်။ မည်သည်ကို လေ့လာလေ့လာ နှိုက်နှို[illegible] ချွတ်ချွတ် အပင်ပန်းခံပြီး လေ့လာတတ်ပါသည်။ ထို့ကြောင့် ကိုအောင်ဆန်းစကားပြောလျှ[illegible] ပိုင်ပိုင်နိုင်နိုင် ပြောလည်း ပြောနိုင်ပါသည်။ သူ၏ ပြောဟန်ထဲမှ "ဒီမယ် - ဒီမယ်"ဟု ပြောပုံမျ[illegible] "ကိုယ့်လူ - ကိုယ့်လူ"ဟု ပြောပုံများမှာ နားထဲတွင်စွဲ၍ ယနေ့တိုင်ရှိနေပါသေးသည်။

တစ်ညနေတွင်သထုံဆောင်၌နေသော ကိုကျော်ငြိမ်း (ယခုဒုဝန်ကြီးချုပ်) ကိုအောင်ဆ[illegible] နှင့် ကျွန်တော်တို့သုံးဦးသား တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းလျားလမ်းထောင့် (ယခု ကုလ[illegible] လက်ဖက်ရည်ဆိုင်နား)တွင် ရောင်းနေသော အကြော်ဆိုင်၌ တစ်ဝစားကြပြီး အင်းလျားကန်[illegible] ကို လျှောက်ကြပါသည်။ ဘင်္ဂါလီလူငယ်များ၏ ခြောက်လှန့်သတ်ဖြတ်ရေးဝါဒ (Terrorism) သူ၍ရှာမှုန်းတီးပုံ အားရပါးရ ပြောပြီးလျှင် သူသည် တစ်ဦးချင်း လူစွမ်းကောင်းဝါဒကို မုန်[illegible] ကြောင်း၊ စုပေါင်းစည်းရုံးလုပ်ကိုင်ခြင်း (organised action) ကိုသာ ယုံကြည်ကြောင်း တစ်[illegible] ကျော် ကျော်ခန့် ပြောနိုင်ခဲ့ပါသည်။

ကိုအောင်ဆန်းစာဖတ်ပုံမှာ အတော်ကြီးစနစ်ကျလှပါသည်။ ပထမ စာအုပ်၏မာတိ[illegible] ကို ကောင်းစွာမှတ်သားပါသည်။ နောက်တစ်ခန်းစီဖတ်လျက် ဖတ်ပြီးသားအခန်းများ၏အ[illegible] သဘောကို မှတ်စုစာအုပ်ဖြစ်စေ၊ စာရွက်လွတ်၌ဖြစ်စေ၊ မာတိကာခေါင်းစဉ်ချ၍ အတို[illegible] (summary) မိမိဘာသာမိမိ ရေးသားလေ့ရှိပါသည်။ ကိုအောင်ဆန်းသည် ကျောင်းစာနှင့် အ[illegible] စာ နှစ်ခုလုံးကို ကျေလည်အောင်ဖတ်နိုင်သော သတ္တိရှိသူဖြစ်လေသည်။

ထိုခေတ်အခါက ပေါ်ပေါက်နေသော ပြဿနာများ၊ အခြေအနေများကို မကြာ[illegible] ဆိုသလို ကိုအောင်ဆန်းနှင့် ဆွေးနွေးကြပါသည်။ ကိုအောင်ဆန်းသည် အဖြီးအဖြန်းမ[illegible] လိုရင်းအချက်များကို ပြတ်ပြတ်သားသား တစ်တစ်ခွခွ ဖော်ထုတ်လေ့ရှိပါသည်။ စာရေးရာတွင်လ[illegible] အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာဖြင့်ဖြစ်စေ ထိထိမိမိထင်ရှားပေါ်လွင်အောင် မ[illegible] နိုင်ပါသည်။ နှစ်ဘာသာစလုံးကို ကောင်းကောင်းကြီး ကျွမ်းကျွမ်းကျင်ကျင် ရေးနိုင်သူများ[illegible] သော်လည်း ကိုအောင်ဆန်းမှာ ထိုသို့ရေးနိုင်သူတစ်ဦးဖြစ်ပါသည်။

ကိုအောင်ဆန်းဥပဒေတန်းပထမနှစ်သင်ကြားနေခိုက် ထိုစဉ်ကကွယ်လွန်သူ[illegible] သိန်းမောင်ဦးစီးသော မြန်မာပိုင်အင်္ဂလိပ်သတင်းစာ "နယူးဘားမား"တွင် အချိန်ပိုင်းအယ်[illegible] အဖြစ်ဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။ ကျွန်တော်လည်း ထိုသတင်းစာတွင်ပင် အချိန်ပိုင်း [illegible] အယ်ဒီတာအဖြစ်လုပ်လျက်ရှိပါသည်။ ကျွန်တော်တို့ နှစ်ဦးစလုံးသည် ညနေ သုံးနာရီခွဲ[illegible]





[illegible]သတင်းစာတိုက်သို့ ရောက်ကြပါသည်။ သတင်းစာတိုက်ရောက်လျှင် ကိုအောင်ဆန်းသည် နောက် [illegible]တစ်နေ့အတွက် သတင်းခေါင်းကြီးကို ကြိုတင်စဉ်းစားလာခဲ့သည့်အတိုင်း ထိုင်ရာမထဆိုသလို [illegible]တစ်ထိုင်တည်းနှင့်အပြီးရေးလေ့ရှိပါသည်။ ကိုအောင်ဆန်းရေးခဲ့သော သတင်းစာခေါင်းကြီးပိုင်း [illegible]များမှာ နယ်ချဲ့ဆန့်ကျင်ရေးများသာ ဖြစ်ကြပါသည်။ အင်္ဂလိပ်စာကိုရေးရာ၌ နိုင်နင်းသည်နှင့်အမျှ [illegible]က်ခဲလှသောပြဿနာတို့ကို ရှင်းလင်းပီသစွာ ဖော်ထုတ်နိုင်ခဲ့သဖြင့် နယ်ချဲ့အစိုးရနှင့် နိုင်ငံရေး [illegible]ကွက်တို့တွင် ကိုအောင်ဆန်း၏ "ခေါင်းကြီးပိုင်း"များကို လေးလေးစားစားရှိခဲ့ကြရလေသည်။

မြန်မာဆောင်းပါးများကိုမူ "မဟာဒဂုန်"မဂ္ဂဇင်းကြီး၌ ရေးလေ့ရှိခဲ့ပါသည်။ မြန်မာ [illegible]ဆောင်းပါးများ ရေးသောအခါတွင်လည်း ကိုအောင်ဆန်းသည် မြန်မာသံပီပီသသနှင့်သာ ရေးလေ့ [illegible]ခဲ့ပါသည်။

ဟောပြောရာ၌မူ ကိုအောင်ဆန်းသည် 'ဒေါ်'များများပါပြီး ပြောချင်ဇောကြီးနေသည်ကို [illegible]ကြားဖူးကြရတတ်ပါသည်။

"အိုးဝေ"မဂ္ဂဇင်းစာတည်းအဖြစ် ကိုအောင်ဆန်း ဆောင်ရွက်နေစဉ်က "ငရဲခွေးကြီးလွတ် [illegible]လေပြီ"ဟူသော အင်္ဂလိပ်စာကဏ္ဍပါ ဆောင်းပါးမှာ တက္ကသိုလ်နယ်မြေသာမက တစ်နိုင်ငံလုံး [illegible]သိမ့်တုန်သွားခဲ့ပါသည်။ ထိုဆောင်းပါးတွင် ဖွင့်ချလိုက်သော အချက်များကို အကြောင်းပြု၍ [illegible]ကျောင်းသားအရေးတော်ပုံပေါ်ခဲ့ရလေသည်။ ဗမာ့နိုင်ငံရေးဖြစ်စဉ်တွင် မှတ်တိုင်ကြီးတစ်ခုဟု [illegible]နိုင်ပါသည်။

သမဂ္ဂကိစ္စများကို ဆောင်ရွက်ရာတွင်လည်း ကိုအောင်ဆန်းသည် အပင်ပန်းခံကာ [illegible]အသောက် အအိပ်အနေကို ပမာမပြုဘဲ လုပ်လေ့ရှိပါသည်။ အလုပ်လုပ်ရမှာကိုဘယ်သော [illegible]မျှ ကြောက်ရွံ့ခြင်းမရှိသူများတွင် ကိုအောင်ဆန်းသည် ထိပ်ဆုံးကအမြဲရှိပါသည်။ ဖွဲ့လည်း [illegible]နပြင်းထန်ပါသည်။ ဘာလုပ်လုပ် စိတ်ရောကိုယ်ပါ လုပ်တတ်၍လည်း သူလုပ်သမျှမှာ [illegible]ရောက်လေ့ရှိပါသည်။

ကျောင်းသားဘဝ၌ဟန်ရေးပြခြင်းကို စက်ဆုပ်ပြီး ထိထိမိမိလေ့လာမှတ်သားကာ ဖွဲ့ရှိရှိ [illegible]လုပ်သားကိုင်သားကျသော ကိုအောင်ဆန်းသည် သခင်အောင်ဆန်းအနေဖြင့်လည်းကောင်း၊ [illegible]ဗိုလ်အောင်ဆန်းအနေဖြင့်လည်းကောင်း နိုင်ငံ့တာဝန်တို့ကို မမောနိုင်မပန်းနိုင် ဆက်လက်ထမ်း [illegible]ပြီး နိုင်ငံ့လွတ်လပ်ရေးမှခ်ဦးသို့ အရောက်ပို့ဆောင်နိုင်ခဲ့ခြင်းမှာ ကျောင်းသား ကျောင်းသူတိုင်း [illegible]ကျနည်းယူဖွယ်ပင် ဖြစ်တော့သည်။

ကျောင်းသား ကျောင်းသူတိုင်း ကိုအောင်ဆန်းနည်းတူ နိုင်ငံအတွက် ကြိုးပမ်းအား [illegible]နိုင်ကြပါစေ ။ ။

**[ရန်ကုန်တက္ကသိုလ်နှစ်လည်စာစောင်၊ အတွဲ ၄၊ အမှတ် ၂၊ ၁၉၆၀-၆၁]**



www.burmeseclassic.com

www.burmeseclassic.com

# ဗြိတိသျှအစိုးရ၏ ရန်သူတော်အမှတ်(၅) သခင်အောင်ဆန်း

## သခင်ကျော်စိန်

နယ်ချဲ့ဗြိတိသျှအစိုးရလက်ထက်က ရန်သူတော်အမှတ်(၅)အဖြစ် လျှို့ဝှက်သတ်မှ… ထားခဲ့သော သခင်အောင်ဆန်း၏ ကိုယ်ရေးဖြစ်စဉ် သမိုင်းမှတ်တမ်း အင်္ဂလိပ်စာမူရင်း… ကျွန်တော် ဘာသာပြန်ထားချက်တို့ကို 'စစ်ပြန်' မဂ္ဂဇင်းတွင်ထည့်သွင်း ဖော်ပြရန်ပေးပို့ပါသည်…

အကြောင်းသင့်၍ ထိုသို့ လျှို့ဝှက်စာရင်းအမှတ်များထိုးထားခဲ့ပုံဆိုင်ရာ အကြောင်းအ… တို့ကို အကျဉ်းအားဖြင့် ဖော်ပြလိုပါသည်။

ဗြိတိသျှနယ်ချဲ့သမားတို့သည် သူတို့ကိုထိထိရောက်ရောက် အန္တရာယ်ပြုနေသူမ… (Effectively Dangerous Persons) ဟု ယူဆသူများကို 'ဗမာနိုင်ငံစာရင်း' (Burma Li… သို့မဟုတ် 'အမှတ်စဉ်ထိုးထားသော ရန်သူတော်များစာရင်း'အဖြစ် လျှို့ဝှက်စွာပြုစုပြီး လျှို့ဝှ… ရှုံးသုံးအဖြစ်ထားရှိခဲ့ကြပါသည်။ ထိုပုဂ္ဂိုလ်တို့ကို ထောက်လှမ်းရေးဌာနမှ ၂၄ နာရီ နေ့စဉ်စောင့်… ကြည့်နေခဲ့ကြပါသည်။

ထိုစာရင်းတွင် ဆရာတော်ဦးဥတ္တမ၊ 'သမ္မတ' ဦးချစ်လှိုင်၊ 'သမ္မတ'ဦးစိုးသိမ်း၊ သခင်ကို… တော်မှိုင်း၊ ရှင်အရိယ၊ သုံးဆယ် ပန်းဆွဲဆရာတော် ဦးဝိလာသ၊ အုတ်ဖိုမှန်ကျောင်းဆရာတေ… ဦးအရိယဝံသ၊ ကြည့်မြင်တိုင် တွံတေးကျောင်းဆရာတော် ဦးကေတု၊ သခင်ဘသောင်း၊ မီးတေ…



…ခင်သိန်းမောင်ကြီး၊ သခင်ဗစိန်၊ သခင်ညီ၊ သခင်ထွန်းအုပ်၊ သခင်အောင်ဆန်း၊ သခင်ခ၊ သခင် …ထွန်းလှ၊ သခင်လှမောင် (တောင်ငူ)၊ သခင်ခင်အောင် (သာယာဝတီ)၊ သခင်လေး (မန္တလေး)၊ …ခင်ဗဟိန်း၊ သခင်ကျော်စိန်၊ နဂါးနီသခင်ထွန်းရွှေ၊ အရှင်ကျော် အစရှိသူတို့သည် တစ်ချိန်မဟုတ် …ချိန်တွင် ပါဝင်ခဲ့ကြပါသည်။

ရန်သူတော်စာရင်းများသည် နှစ်အလိုက်အပြောင်းအလဲရှိသည်ကို တွေ့ရပါသည်။ …ဟက်ကြွစွာလှုပ်ရှားကာ ပြည်သူလူထုအတွင်း ဩဇာကြီးမားလာသူများကို ထိပ်ပိုင်းအမှတ်စဉ် …၌ ပြောင်းလဲထားရှိခဲ့ရာ ဗြိတိသျှအစိုးရသည် မြန်မာမျိုးချစ်ပုဂ္ဂိုလ်တို့၏အန္တရာယ်ကို မည်မျှ …တ်ထားကြောင်း ထင်ရှားလှပေသည်။

ဥပမာ ယခင်က ရန်သူတော် အမှတ်(၅)ဟုသတ်မှတ်ခဲ့သော 'သမ္မတ' ဦးစိုးသိမ်းနေရာတွင် …ခင်အောင်ဆန်း၊ အမှတ် (၉) သခင်ဘသောင်းနေရာတွင် သခင်စိုး စသဖြင့်ပြောင်းလဲသတ်မှတ် …ပါသည်။ ထို့အတူပင် ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ရန်သူတော် အမှတ်(၂) တွံတေး …ကျောင်းဆရာတော် ဦးကေတုနေရာတွင် သခင်ဗဟိန်းကိုလည်းကောင်း၊ အမှတ် (၂၆) နေရာတွင် နဂါးနီသခင်ထွန်းရွှေကိုလည်းကောင်း ပြောင်းလဲသတ်မှတ်ခဲ့ကြပါသည်။

ထိုရန်သူတော်စာရင်းဝင်ပုဂ္ဂိုလ်တို့၏ ကိုယ်ရေးဖြစ်စဉ်သမိုင်းကို နှစ်စဉ်နောက်ဆက်တွဲ …ဖြင့် ဖြည့်စွက်ထားခဲ့ကြပါသည်။ ထိုမှတ်တမ်းများသည် ထိုပုဂ္ဂိုလ်များ၏ သက်ဆိုင်ရာ ကာလ …ပိုင်းအလိုက် ဗမာ့နိုင်ငံရေးသမိုင်းတွင် လှုပ်ရှားလုပ်ဆောင်ခဲ့ချက်များကို မှတ်တမ်းတင်ထားချက် …ဖြစ်လေရာ၊ ပတ်သက်ရာ ကာလအပိုင်းအခြားအလိုက် ဗမာ့နိုင်ငံရေးသမိုင်းကို သုတေသန …ပြုရန် အလွန်အခြေခံကျသောအထောက်အထားများ ဖြစ်ကြပါသည်။ မှတ်တမ်းများမှာ နယ်ချဲ့ကိုလိုနီဘက်မှ အမြင်ဖြင့်ရေးသားထားချက်များ ဖြစ်သော်လည်း အဖြစ်အပျက်များ၊ ဖြစ်ရပ် …၊ နေ့စွဲများသည် အမှန်များပင်ဖြစ်နေ၍ သမိုင်းခြေရာကောက်ရာ၌ အလွန်အထောက်အကူ …ပြုနိုင်မည်ဖြစ်ပါသည်။

ယခု ကျွန်တော်၏လက်၌ရှိသော ဗြိတိသျှအစိုးရ စုံထောက်မှတ်တမ်းဝင် အစိုးရရန်သူ …တော်(၅၀)ကျော်အနက် အချို့ကို ဖော်ပြရပါလျှင်. . . သခင်ကိုယ်တော်မှိုင်း၊ သခင်ဗဟိန်း၊ သခင် …အောင်ဆန်း၊ သခင်ဗစိန်၊ သခင်စံထွန်းလှ၊ သခင်ထွန်းအုပ်၊ သခင်ကျော်စိန်၊ သခင်ဖေအောင်သန်း၊ …ခင်ခင်အောင်(သာယာဝတီ)၊ သခင်တင်ဖေ(အုတ်ဖို)၊ ဦးဝိလာသ (ပန်းဆွဲဆရာတော်)၊ အရှင် …ကျော် (ခေါ်) ဦးကျော်၊ သခင်လှမောင်(တောင်ငူ)၊ ဦးဘလှိုင်(လွယ်အိတ်ကြီး)၊ နဂါးနီသခင် ထွန်းရွှေ …ခေါ်) မောင်ထွန်းရွှေ၊ သခင်လေး (မန္တလေး)၊ ဆရာတော်ဦးဥတ္တမ စသည်တို့ဖြစ်ပါသည်။

စုစုပေါင်းပုဂ္ဂိုလ် ၄၂ ဦးတို့၏ ကိုယ်ရေးမှတ်တမ်း၊ သမိုင်းများရှိသော်လည်း အချို့မှာ …ပြည့်စုံပြီး၊ အချို့မှာ မပြည့်စုံပါ။ ရရှိသမျှကို မြန်မာဘာသာပြန်ထားပါသည်။ ဤသို့ဖြစ်ရခြင်းမှာ …ဗြိတိသျှတို့အိန္ဒိယသို့ဆုတ်ခွာရာ၌ လျှို့ဝှက်မှတ်တမ်းများကို မီးတင်ရှို့ထားသော မီးပုံထဲမှ ကျောက် …ကြည်မှ ရဲဘော်ကြီး သခင်ချမ်းသိမ်း(ကွယ်လွန်) အစရှိသော ရဲဘော်များ ပြန်၍အတင်းဆယ်ယူ …ထားရသောကြောင့်ဖြစ်ပါသည်။

အထက်ပါစာရင်းထဲမှ ယနေ့အထိအသက်မသေ ကျန်ရှိနေသူများမှာ …း-ငါးဦးသာ

www.burmeseclassic.com

www.burmeseclassic.com



ရှိကြပါတော့သည်။ ထိုမှတ်တမ်းများကို မြန်မာပြန်ပြီးလျှင် အင်္ဂလိပ်စာမူများနှင့်အတူ မိတ္တူ... ပွားပြီး နိုင်ငံသမိုင်းဦးစီးဌာန၊ တက္ကသိုလ်များ ပိဋကတ်တိုက်၊ လမ်းစဉ်ပါတီဌာနချုပ် မော်ကွန်း... နှင့် တပ်မတော်မော်ကွန်းတိုက်သို့ပေးပို့ထားမည်ဖြစ်ပါသည်။

သခင်တော်...

မှတ်ချက်။ ။ သခင်အောင်ဆန်းအကြောင်း ဗြိတိသျှအစိုးရ၏စုံထောက်ဌာနက အ... စိတ်မှတ်တမ်းတင်ထားချက်များမှာ အတော်ပင်ရှည်လျားလှပေရာ၊ အချို့အချက်များကို ချန်လှပ်... ဖော်ပြလိုက်ပါသည်။

|အယ်ဒီတာ...

**ထုတ်ပြန်သောနေ့စွဲ၊ ၁ ရက်၊ ဇန်နဝါရီလ၊ ၁၉၄၁**

**အမှတ်(၅) သခင်အောင်ဆန်း**

| | | |
|---|---|---|
| အဖအမည် | ။ | ။ နတ်မောက်မှ ဦးဖာ |
| မွေးရပ် | ။ | ။ နတ်မောက် |
| မွေးနှစ် | ။ | ။ ၁၉၁၆* |
| ယခုနေရပ် | ။ | ။ အမှတ် ၇၆၊ ရေကျော်လမ်း၊ ရန်ကုန် |
| အလုပ်အကိုင် | ။ | ။ မရှိ |

**ပုံသဏ္ဌာန်များ**

| | | |
|---|---|---|
| အရပ်အမြင့် | ။ | ။ ၅ ပေ၊ ၅ လက်မ |
| ကိုယ်နေဟန် | ။ | ။ ပိန်သည်။ ကိုင်းသည်။ |
| ဆံပင် | ။ | ။ နက်၊ ရှည်၊ နောက်ပြန်ဖြီး ဘယ်ခွဲ၊ တစ်ခါတစ်ရံသာ သါ... ရပ်ရပ်ဖြီးထားသည်။ အင်္ဂလိပ်စတိုင် ဆံပင်ညှပ်ထားသည်။ |
| မျက်ခုံး | ။ | ။ သေးသွယ်သည်။ |
| မျက်လုံး | ။ | ။ ညို၍ ကျဉ်းသည်။ |
| နဖူး | ။ | ။ မြင့်၊ ကျယ်၊ နောက်ဘက်သို့ အနည်းငယ်ယိုင်သည်။ |
| အမြင် | ။ | ။ ကောင်းသည်။ |
| နှာခေါင်း | ။ | ။ ဖြောင့်သည်။ နှာဝများကျယ်သည်၊ အတွင်းဘက်သို့ ... ကောက်သည်။ |
| ပါးစပ် | ။ | ။ စိစိပိတ်ထားသည်၊ နှုတ် ခမ်းထော်သည်။ |
| သွားများ | ။ | ။ သန့်ရှင်း၍ ပုံမှန်ဖြစ်သည်။ |
| လက်ချောင်းများ | ။ | ။ ရှည်၍တွဲကျသည်။ |
| နားရွက်များ | ။ | ။ ကြီးသည်၊ ကားသည်၊ နားထင်အသားများသည်။ |





| | | |
|---|---|---|
| မျက်နှာ | ။ | ။ ဘဲဥပုံ မေးကျဉ်းသည်။ |
| အသားအရောင် | ။ | ။ ဗမာတစ်ယောက်အတွက် မမည်း၊ မဖြူ သာမန်ဖြစ်သည်။ |
| မှတ်ဆိတ် | ။ | ။ မရှိ |
| နှုတ်ခမ်းမွေး | ။ | ။ မရှိ |
| ထူးခြားချက်များ | ။ | ။ စကားပြောမြန်သည်၊ ခေါင်းငုံ့ကာ လမ်းမြန်မြန်လျှောက်တတ်သည်။ လုံချည်တိုတိုဝတ်သည်၊ သုန်သုန်မှုန်မှုန် အမူအရာရှိသည်။ |
| ဝတ်နေကျ | ။ | ။ ရိုးရိုးဗမာအဝတ်၊ တစ်ခါတစ်ရံ ဗလေဇာအကျီဝတ်သည်။ |

**ကောင်းစွာမှတ်မိကြသောအရာရှိများ** ။ ။ ရန်ကုန်မြို့ ဗမာပြည် ရာဇဝတ်မှုခင်းစုံစမ်းဌာနမှ အင်စပက်တော်ဦးစိုးမြင့်၊ ဆပ်အင်စပက်တာ ခေါ် ရာဇဝတ်အုပ် မောင်ငွေဆိုင်၊ မောင်မောင်သစ်၊ မောင်လှမောင်၊ အိုင်စီ- မောင်သန်းညွန့်၊ မှုခင်း။

**ကိုယ်ရေးရာဇဝင်အကျဉ်း။** ။ နတ်မောက်မြို့တွင် ၁၉၁၆* ခုနှစ်တွင် မွေးဖွားသည်၊ ၁၉၃၀ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှဘွဲ့ရသည်။ တက္ကသိုလ်တွင်ဆူပူလှုပ်ရှားရာ၌ သူခေါင်းဆောင်ခဲ့သည်။ ၁၉၃၆ ခုနှစ် တက္ကသိုလ်သပိတ်ကို သူစည်းရုံးခဲ့သည်ဟု အကြီးအကျယ်သံသယဖြစ်ခဲ့ရသည်။ ၁၉၃၆-၃၇ ခုနှစ်အတွက် တက္ကသိုလ်သမဂ္ဂ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂ၏ဥက္ကဋ္ဌအဖြစ်လည်း ရွေးကောက်တင်မြှောက်ခံခဲ့ရ၏။ ဤတာဝန်များကို ထမ်းဆောင်နေစဉ် အင်္ဂလန်၊ ဆွစ်ဇာလန်၊ ဘယ်လ်ဂျီယံ၊ ပြင်သစ်စသော နိုင်ငံများမှ ကျောင်းသားသမဂ္ဂများနှင့် အဆက်အသွယ်ရခဲ့သည်။ အမျိုးသားနေ့ဖြစ်ပေါ်ရေးသစ်တိုက်ဖျက်သောနေ့စသော များစွာသောနိုင်ငံရေးဆန္ဒပြပွဲများတွင် အတူတူတွဲဖက်လှုပ်ကိုင်ရင်း သခင်များနှင့် ရင်းရင်းနှီးနှီးဖြစ်လာခဲ့သည်။ သူ၏ဟောပြောချက်များသည် နယ်ချဲ့စနစ်ကို ရှုတ်ချပြစ်တင်ရေးနှင့် အရင်းရှင်စနစ်ကို ရှုတ်ချပြစ်တင်ရေးများသာ ဖြစ်ခဲ့သည်။

၃၀၊ စက်တင်ဘာ၊ ၁၉၃၈ နေ့တွင် သူဥပဒေတန်းတက်ရောက်သင်ကြားနေသော တက္ကသိုလ်ကောလိပ်မှ ထွက်လာခဲ့သည်။ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂဥက္ကဋ္ဌအဖြစ်မှလည်း နုတ်ထွက်ခဲ့သည်။ တိုင်းပြည်အကျိုးစီးပွားအတွက် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်နှင့်ထိုသို့ဆောင်ရွက်ဖို့ အချိန်ပိုရရန် သူတက္ကသိုလ်မှ ထွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းစာတိုက်များသို့ ကြေညာချက်တစ်ခုပို့ခဲ့သည်။ သူသည် ဗဟိုဌာနချုပ်တို့ဗမာအစည်းအရုံး၏ တွဲဖက်အတွင်းရေးမှူးအဖြစ် စတင်ဆောင်ရွက်သည်။ ၁၉၃၈ ခုနှစ်တွင် အထွေထွေအတွင်းရေးမှူးအဖြစ်ဆောင်ရွက်လာခဲ့သည်။

ဇန်နဝါရီလ၊ ၁၉၃၉ ခုတွင် ရန်ကုန်တွင် အထွေထွေမငြိမ်မသက်ရှိမှုနှင့်ပတ်သက်ပြီး ရန်ကုန်မြို့ အရေးပေါ် လုံခြုံရေးဥပဒေအရ ဖမ်းဆီးခံရပြီး ၁၅ ရက် ထိန်းသိမ်းခြင်းခံခဲ့သည်။

၆ ရက်မှ ၉ ရက်၊ ဧပြီလ၊ ၁၉၃၉ နေ့အထိ မော်လမြိုင်တွင်ကျင်းပခဲ့သော ဌာနချုပ်တို့ဗမာအစည်းအရုံး၏ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ၌လုပ်ငန်းကိစ္စများ စီစဉ်



www.burmeseclassic.com

www.burmeseclassic.com



တကျဆောင်ရွက်ရန် သူ့တာဝန်ဖြစ်ခဲ့သည်။ အလုပ်သမားရေးဆိုင်ရာ၊ တောင်သူလယ်သမားရေးဆိုင်ရာဆုံးဖြတ်ချက်များနှင့် စစ်ကြီးတစ်ရပ်ဖြစ်ပေါ်လာခဲ့လျှင် ဗြိတိသျှတို့အားမကူညီရန် ဆုံးဖြတ်ချက်များကို ညီလာခံတွင်ချမှတ်ခဲ့ကြသည်။ ဤညီလာခံတွင် ဌာနချုပ်ဗဟို တို့ဗမာ အစည်းအရုံး၏ အထွေထွေအတွင်းရေးမှူးအဖြစ် သူ့ကိုပြန်လည်ရွေးကောက်တင်မြှောက်ခဲ့ကြသည်။

၁၃ ရက်၊ ဧပြီလ၊ ၁၉၃၉ နေ့တွင် သူသည်ကျိုက္ကမီ၌ အရင်းရှင်စနစ်၊ နယ်ချဲ့စနစ်တို့ကို ပြစ်တင်ရှုတ်ချသည့် တရားတစ်ပွဲဟောပြောခဲ့သည်။ ၂၀ ရက်၊ မေလ၊ ၁၉၃၉ ခုတွင် ကျောက်တန်း၌ တို့ဗမာဝါဒကို သူရှင်းလင်းဖွင့်ပြဟောပြောခဲ့သည်။

မေလ၊ ၁၉၃၉ တွင် သူ့အား 'မီးတုတ်ဗိုလ်'များ၏သင်တန်းတွင်ပို့ချပေးရန် တာဝန်ပေးခဲ့သည်။ မီးတုတ်ဗိုလ်များ၏ တာဝန်များမှာ ဝါဒပြန့်ပွားရေးလုပ်ငန်းများလုပ်ရန်နှင့် စွန့်စွန့်စားစားလုပ်ဖို့အကြောင်းများပေါ်ပေါက်လာပါက လုပ်ကြရန်ဖြစ်သည်။

ဇွန်လ၊ ၁၉၃၉ တွင် သူသည်လုပ်ဖော်ကိုင်ဖက်များနှင့်ညှိနှိုင်းပြီး ဗဟိုဌာနချုပ် တို့ဗမာအစည်းအရုံး၏ "တို့ဗမာဝါဒနှင့် စည်းမျဉ်း" ပြန်လည်ပြုပြင်ရေးသားခဲ့သည်။ ၎င်းကို ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး အမှုဆောင်အစည်းအဝေးတွင် အတည်ပြုခဲ့သည်။

၁၄ ရက်၊ ဇူလိုင်လ၊ ၁၉၃၉ ခုနေ့တွင် နိုင်ငံခြားဆက်ဆံရေးဌာနကိုပါ တာဝန်ခံယူလုပ်ကိုင်ရန် တာဝန်ပေးသည်။

၁၇ ရက်၊ ဩဂုတ်လ၊ ၁၉၃၉ ခုနေ့တွင် မည်သည့်စစ်ပွဲတွင်မဆို ဗမာများက ဗြိတိသျှတို့အားမကူညီရန်နှင့် အကယ်၍ စစ်ကြီးဖြစ်လာခဲ့သော် ဗြိတိသျှတို့ထံမှလွတ်လပ်ရေးကို ပြန်လုယူရန် အလေးအနက်ထပ်မံဖော်ပြသော ကြေညာချက်တစ်ရပ်ထုတ်ခဲ့သည်။

၂၇ ရက်၊ ဩဂုတ်လ၊ ၁၉၃၉ ခုနေ့တွင် ရန်ကုန်မြို့၊ သိမ်ဖြူရပ်ကွက်၌ တောင်သူလယ်သမားများကိစ္စကို ဘာမျှ ဆောင်ရွက်ပေးခြင်းမရှိသည့် ဝန်ကြီးချုပ်ဦးပု၏အစိုးရအဖွဲ့ကို သူပြစ်တင်ရှုတ်ချဟောပြောခဲ့သည်။

၂၉ ရက်၊ ဩဂုတ်လ၊ ၁၉၃၉ ခုနေ့တွင် ဌာနချုပ်ဗဟို တို့ဗမာအစည်းအရုံးအရေးပေါ်အစည်းအဝေးသို့ သူတက်ရောက်ခဲ့သည်။ ဗြိတိသျှတို့အား ဗမာနိုင်ငံကို စစ်အတွင်းသို့ ဆွဲမသွင်းရန် တောင်းဆိုသော ဆုံးဖြတ်ချက်များချခဲ့ကြသည်။

စက်တင်ဘာ၊ ၁၉၃၉ ခုမှစ၍ နိုင်ငံအနှံ့ ဗမာ့လက်ရုံးတပ်(အပျော်တမ်းတပ်)များဖွဲ့စည်းတည်ထောင်ရေးကို သူအထူးအာရုံစိုက်လုပ်ကိုင်ခဲ့သည်။

၂၃ ရက်၊ အောက်တိုဘာ၊ ၁၉၃၉ ခုနေ့တွင် ဗဟိုဌာနချုပ် တို့ဗမာအစည်းအရုံးသည် အဖွဲ့တစ်ခုအဖြစ်ပါဝင်နေသော ဗမာ့ထွက်ရပ်ဂိုဏ်းခေါင်းဆောင်များအစည်းအဝေးသို့ သူတက်ရောက်ခဲ့ပါသည်။ ထိုအစည်းအဝေး၌ ဗမာ့ထွက်ရပ်ဂိုဏ်းဝင်များသည် ရာထူးလက်မခံပါမှု ကတိများပေးကြရန် တိုက်တွန်းကြောင်းဆုံးဖြတ်ခဲ့ကြသည်။

၁၁ ရက်၊ နိုဝင်ဘာ၊ ၁၉၃၉ ခု နေ့တွင် ပုသိမ်ထောင်အတွင်းမှ အထူးလိုလားချက်များမရရှိသဖြင့် အစာငတ်ခံတိုက်ပွဲဝင်နေကြသော သခင်အကျဉ်းသားများ၏တောင်းဆိုချက်တို့ကို မလိုက်လျောဘဲရှိနေသည့်အစိုးရအား ကန့်ကွက်ရန်နှင့် ပြည်သူ့လွတ်လပ်ခွင့်များကို ချုပ်ချယ်





လျက်ရှိခြင်းကို ကန့်ကွက်ရန် မိမိတို့အရပ်ဒေသများ၌ အစည်းအဝေးများပြုလုပ်ဖို့ အစည်းအရုံးခွဲများကို သူညွှန်ကြားချက်တစ်ရပ်ထုတ်ပြန်ခဲ့ပါသည်။

၁၂ ရက်၊ နိုဝင်ဘာ၊ ၁၉၃၉ ခုနေ့တွင် သခင်များသည် ဗမာ့ထွက်ရပ်ဂိုဏ်း၌ပါဝင်နေခြင်းသည် လွတ်လပ်ရေးရရှိရန် အတွက်ဖြစ်ကြောင်း ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၌ ကျင်းပသော အစည်းအဝေးတစ်ခုတွင် သူရှင်းလင်းဟောပြောခဲ့သည်။

၃ ရက်နှင့် ၅ ရက် ဒီဇင်ဘာ၊ ၁၉၃၉ ခုနေ့များတွင် 'ပါတော်မူနေ့' နှင့် 'အမျိုးသားနေ့' များကျင်းပရန်သူစီစဉ်ခဲ့ပါသည်။

ဒီဇင်ဘာ၊ ၁၉၃၉ မှ ဇန်နဝါရီလ ၁၉၄၀ အထိ သူသည် ဗဟိုဌာနချုပ် တို့ဗမာအစည်းအရုံးဝါဒဖြန့်ချိရေးလုပ်ငန်းတို့ကိုအပြင်းလုပ်ခဲ့ပါသည်။ မန္တလေးမြို့၊ မုံရွာမြို့နှင့် အခြားအရပ်များတွင်သူ တို့ဗမာဝါဒကို အကျယ်ဖွင့် ဟောပြောခဲ့ပြီး ကွန်မြူနစ်ဝါဒအတွက်လည်း ဟောပြောပွဲများ ပြုလုပ်ခဲ့ပါသည်။ ဟောပြောပွဲတက်ရောက်ကြသူများအား စစ်ဖြစ်လာလျှင် လွတ်လပ်ရေးရရှိအောင် အခွင့်အရေးကို အရယူကြဖို့ တိုက်တွန်းဟောပြောခဲ့သည်။

၁၃ နှင့် ၁၄ ရက်၊ ဇန်နဝါရီ၊ ၁၉၄၀ နေ့များတွင် တောင်ငူမြို့၌ကျင်းပသော ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံးညီလာခံသို့ သူတက်ရောက်ခဲ့သည်။ လယ်မလုပ်သောလူများလက်ဝယ်ရောက်ရှိနေသောလယ်မြေ အားလုံးကို လျော်ကြေးမပေးဘဲ အစိုးရက သိမ်းယူရေး၊ အချို့သော နိုင်ငံရေးအကျဉ်းသားများအား အစိုးရက 'ခ' အတန်းအခွင့်အရေးများ မပေးဘဲထားသည်ကို ပြစ်တင်ရှုတ်ချရေး၊ မိမိတို့၏အင်အားကိုပြသသည့်အနေဖြင့် ဆန္ဒပြပွဲများ၊ အစည်းအဝေးပွဲများပြုလုပ်ရေး အစရှိသောဆုံးဖြတ်ချက်များကိုချခဲ့ကြပါသည်။ သူ့ကိုလည်း ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး၏ အလုပ်အမှုဆောင်တစ်ဦးအဖြစ် ခန့်ထားခဲ့ကြပါသည်။

၁၄ ရက်၊ ဇန်နဝါရီလ၊ ၁၉၄၀ နေ့တွင် ကိုယ့်မင်းကိုယ့်ချင်း (လွတ်လပ်ရေး)သည် ဌာနချုပ်ဗဟို တို့ဗမာအစည်း အရုံး၏ ပန်းတိုင်ဖြစ်ကြောင်း တောင်ငူမြို့၌ သူကြေညာခဲ့သည်။

၂၂ ရက်၊ ဇန်နဝါရီလ၊ ၁၉၄၀ နေ့တွင် ရန်ကုန်စီရင်စု တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူး သခင်စံထွန်းလှအား ရန်ကုန်တွင် အာဏာဖီဆန်ရေးလုပ်ငန်းများလုပ်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်ရန် သူညွှန်ကြားခဲ့ပါသည်။

၂၆ ရက်၊ ဇန်နဝါရီလတွင် ရန်ကုန်မြို့၊ မြေနီကုန်း၌ ကျင်းပပြုလုပ်သော အစည်းအဝေးတစ်ခု၌ သူဟောပြောခဲ့ပါသည်။ အစည်းအဝေးတက်ရောက်ကြသူများအား ယခုစစ်ကြီးအတွင်း၌ ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးကို ပြန်၍ရယူရန် စည်းလုံးညီညွတ်ကြဖို့ သူမေတ္တာရပ်ခံခဲ့ပါသည်။

၂၆ နှင့် ၃၀ ရက်၊ ဇန်နဝါရီနှင့် ၁ ရက်၊ ဖေဖော်ဝါရီနေ့များတွင် မန္တလေးမြို့၊ သံဃာတော်များ၏ညီညွတ်ရေးကြိုးပမ်းမှုအတွက် ကျင်းပသော အစည်းအဝေးများသို့ အခြားအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များနှင့်အတူ သူတက်ရောက်ခဲ့ပါသည်။

၂၅ ရက်၊ ဖေဖော်ဝါရီနေ့တွင် ဗမာ့ထွက်ရပ်ဂိုဏ်းက ဦးစီးကျင်းပသော လူ ၆၀၀ ခန့်ပါဝင်သော စီတန်းလမ်းလျှောက်ဆန္ဒပြပွဲတွင် သူပါဝင်ခဲ့ပြီး အမိဌာန်စာတမ်းကို ခေါင်းဆောင်များ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စား ဖတ်ကြားခဲ့ပါသည်။ အလုပ်သမားများ၊ တောင်သူလယ်သမားများ၊ ကျောင်းသားများ အမျိုးသမီးများတို့သည် စည်းလုံးညီညွတ်ကြလျက်၊ မိမိတို့၏အသီးသီးသော တိုက်ပွဲငယ်ကလေးများကို လွတ်လပ်ရေးအတွက်တိုက်သည့်တိုက်ပွဲအရေးတော်ပုံကြီးအဖြစ် ပေါင်းစည်းလုပ်ကိုင်သွားကြမည်ဟု အဆိုပါအစီရင်ခံချက်တွင်ဖော်ပြပါရှိလေသည်။

၁၉၄၀ ပြည့်နှစ်၊ မတ်လ ၁၂ ရက်နေ့တွင် ရမ်ဂါးမြို့၌ကျင်းပသော အိန္ဒိယအမျိုးသား ကွန်ဂရက် နှစ်ပတ်လည်အစည်းအဝေး (Indian National Congress,Ramgarh) သို့တက်ရောက်လေ့လာရန် ရန်ကုန်မှ အိန္ဒိယသို့ ထွက်ခွာခဲ့ပါသည်။ ကွန်ဂရက်အစည်းအဝေးပြီးသည့်နောက် အိန္ဒိယပြည်နယ်အသီးသီးသို့ သူခရီးလှည့်လည်ခဲ့ပါသည်။ ၂၉ ရက်၊ မတ်လ၊ ၁၉၄၀ နေ့တွင် ဒေလီမြို့ ဟိန္ဒူကောလိပ်၌ သူစကားပြောခဲ့ပါသည်။ သူအိန္ဒိယသို့လာရောက်ခဲ့ခြင်းမှာ အိန္ဒိယခေါင်းဆောင်များနှင့် အဆက်အသွယ်ရယူပြီးလျှင် အိန္ဒိယနှင့်ဗမာပြည်သူတို့က ဗြိတိသျှနယ်ချဲ့စနစ်ကိုဆန့်ကျင်တိုက်ပွဲဝင်ရာ၌ မိမိတို့နိုင်ငံ၏ လုပ်ငန်းအချင်းချင်း ပေါင်းစပ်ပေးသွားနိုင်ရေးအတွက် နည်းလမ်းကောင်းများ ရှာဖွေရန် ဖြစ်ကြောင်းပြောခဲ့ပါသည်။ ၁၉၄၀ ပြည့်နှစ်၊ မတ်လ ၃၀ ရက်နေ့တွင် အနောက်မြောက်နယ်စပ် ပက်ရှဝါပြည်နယ် (Peshawar) သို့ သူရောက်ခဲ့ပြီး ဆာမိုက်ကယ်အိုဒွိုင်းယား (Sir Micheal O' Dwyer) ကို လုပ်ကြံသတ်ဖြတ်ရန်စေ့ဆော်ပေးသော စိတ်ဓာတ်ကိုသူချီးကျူးကြောင်းထုတ်ဖော်ပြောဆိုခဲ့ပါသည်။ ၁၉၄၀ပြည့်နှစ်၊ ဧပြီ ၂ရက်နေ့တွင် (Lahore)မြို့၌ လွတ်လပ်ရေးကိုအကြမ်းမဖက်ဘဲရနိုင်မည်မဟုတ်ကြောင်းသူပြောခဲ့ပါသည်။

၁၉၄၀ ပြည့်၊ မေ ၁ ရက်နေ့တွင် သူ ရန်ကုန်သို့ ပြန်ရောက်ပါသည်။

ဇွန် ၁ ရက်၊ ၁၉၄၀ တွင် ဟသ်ာတစီရင်စု ဇလွန်မြို့တွင် သူအစည်းအဝေးတစ်ခု၌ဟောပြောခဲ့ပါသည်။ ပြည်သူများ ဆင်းရဲဒုက္ခအတိတွေ့ကြုံနေရခြင်းမှာ ဗြိတိသျှနယ်ချဲ့စနစ်၊ အရင်းရှင်စနစ်တို့ကြောင့်ဖြစ်သည်ဟု ပြောနိုင်ကြောင်းနှင့် ဗြိတိသျှတို့၏ခြယ်လှယ်ညှဉ်းပန်းမှု အကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။ ဗြိတိသျှတို့သည် ဗမာပြည်သူတို့၏ တကယ့်ရန်သူအစစ်ဖြစ်ကြောင်းကိုလည်းပြောပြခဲ့သည်။ စစ်ကြီးနှင့်ပတ်သက်၍ပြောရာ၌ ဂျာမနီသည် စစ်နိုင်ရန်သေချာသလောက်ဖြစ်နေ၍ ဗမာနိုင်ငံသည် မင်းမဲ့နိုင်ငံဖြစ်လာဖွယ်ရှိနေကြောင်း၊ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရန်အခွင့်ကောင်းကြီးပင်ဖြစ်ကြောင်း သူသည်ထောက်ပြခဲ့ပါသည်။ ယခုအခါတွင် အာဏာဖီဆန်ရေး တိုက်ပွဲဝင်ရန် ဆုံးဖြတ်ပြီးဖြစ်၍ ထိုလုပ်ငန်းအတွက် ရန်ပုံငွေများကောက်ခံလျက်ရှိနေပြီဖြစ်ကြောင်းလည်း သူကြေညာပြောဆိုခဲ့ပါသည်။ ဤဟောပြောချက်များအတွက် သူ့အား ရာဇသတ်ကြီးပုဒ်မ၁၂၄(က)အရ တရားစွဲရန်သဘောတူအမိန့်ရယူခဲ့ပါသည်။

သူသည် သီဟိုဠ်နိုင်ငံမှ သမာသမတ် (ကွန်မြူနစ်) ပါတီ (Sri Lanka Samasmajist - Communist Party) ဝင် သီဟိုဠ်အမျိုးသား အေစီဝီရသကေရ (A.C.Weeraskera) နှင့် အဆက်အသွယ်ရရှိပြီး ထိုသူအားဂုဏ်ပြုသည့်အနေဖြင့် ၁ ရက်၊ ဇွန်လ ၁၉၄၀ နေ့တွင် ဌာနချုပ်ဗဟိုတို့ဗမာအစည်းအရုံး၌ လက်ဖက်ရည်ပွဲတစ်ခု တည်ခင်းခဲ့သည်။ ၁၉၄၀ ပြည့်၊ ဇွန် ၁၂ ရက်နေ့တွင် ဝီရသကေရက သီဟိုဠ်နိုင်ငံတော်ကောင်စီဝင်ဖြစ်သော သီဟိုဠ်သမာသမတ်ပါတီ ကော်မတီအဖွဲ့ဝင် ဒီ၊ ပီ၊ အာ ဂုဏဝါဒန (D.P.R. Gunawardana) ထံသို့ စာတစ်စောင်ရေးပို့ရာ၌ သခင်အောင်ဆန်းသည် ဌာနချုပ်ဗဟို တို့ဗမာအစည်းအရုံးမှ အတိုးတက်ဆုံးသော အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။



၂ ရက်၊ ဇွန်၊ ၁၉၄၀ နေ့တွင် ဇလွန်မြို့မှကျင်းပသော တို့ဗမာအစည်းအရုံး နှစ်ပတ်လည်ညီလာခံတွင်မူမိန့်ခွန်းတိုတိုတစ်ခုပြောကြားခဲ့သည်။ ထို့နောက် တို့ဗမာဝါဒကိုသူရှင်းပြပြီးလာရောက်အားထောင်ကြသူများအား တို့ဗမာအစည်းအရုံးကို အားပေးထောက်ခံကြရန် တိုက်တွန်းခဲ့သည်။

ထိုည ထိုနေရာ၌ကျင်းပသော နိုင်ငံရေးတရားပွဲ၌ ပရိသတ်အား တို့ဗမာအစည်းအရုံးကို အားပေးထောက်ခံကြရန် တိုက်တွန်းပြန်ပါသည်။ အစည်းအရုံးဝင်များသည် လုံးဝလွတ်လပ်ရေးရရှိဖို့ အခွင့်ကောင်းကို ထိထိရောက်ရောက်အသုံးချလျက် လုပ်ကိုင်နေကြသည်ဖြစ်ကြောင်းပြောဟောပါသည်။

၁၉၄၀ ပြည့်နှစ်၊ ဇွန် ၃၀ ရက်နေ့တွင် ဟသ်ာတစီရင်စု ဇလွန် ပုလိပ်ဌာနပိုင် ဒေါင့်ကြီးတွင် တရားတစ်ပွဲဟောခဲ့ပါသည်။ မကွေးတိုင်းမင်းကြီး၏ ဒါဘာပွဲ၌(၁) သူတို့၏အရပ်ဒေသကို ဗမာပြည်ထဲထည့်သွင်းရန်၊ (၂) အမျိုးသားများအား အင်္ဂလိပ်-မြန်မာ နှစ်ဘာသာသင်ကြားပေးရန်နှင့် (၃) ဆပ်ဒီဗီဇံအတွင်း တို့ဗမာအစည်းအရုံးများ ထူထောင်ခြင်းကို မနှောင့်ယှက်ရန် တောင်းဆိုရာ၌ ကန်ပက်လက်ဆပ်ဒီဗီဇံမှ ချင်းအမျိုးသားများအဖမ်းခံကြရသည်ဟု ပြောပြပါသည်။

၅ ရက်၊ ဇွန်လ ၁၉၄၀ နေ့တွင် သူ့ကို တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ဝင်အဖြစ်ဖြင့် တက္ကသိုလ်ကျောင်းသားများက အပြိုင်အဆိုင်မရှိ ရွေးကောက်တင်မြှောက်ခဲ့ပါသည်။

၁၅ ရက်၊ ဇွန်လ၊ ၁၉၄၀ နေ့တွင် တက္ကသိုလ်သမဂ္ဂခန်းမ၌ တက္ကသိုလ်ကျောင်းသားများသမဂ္ဂက တင်မြှောက်ထားသော တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ဦးအနေဖြင့် တက္ကသိုလ်ကျောင်းသားသစ်များအားမိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။ ကျောင်းသားသမဂ္ဂ၏ရည်ရွယ်ချက်များကိုရှင်းလင်းပြောပြပြီး မကျေနပ်ချက်၊ နစ်နာချက်များရှိလျှင် သူမှတစ်ဆင့်ပြောပြနိုင်ကြောင်း သူ့အနေဖြင့် ကျောင်းသားများ အကျိုးစီးပွားကို သူအတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပေးမည်ဖြစ်ကြောင်းရှင်းပြခဲ့သည်။

ချောက် သခင်ဖိုးလှကြီး၊ မြင်းခြံ သခင်မေအောင်နှင့် မန္တလေးသခင်လေးတို့ထံမှ နဂါးနက်သခင်း၏ ဌာနချုပ်ကို မြင်းခြံမြို့မှ မန္တလေးမြို့သို့ရွှေ့ပြောင်းခြင်းနှင့်ပတ်သက်၍ စာတစ်စောင်ပေးပါသည်။ သူတို့က တိုင်းပြည်အတွက် အသက်ပေးဆောင်ရွက်မည့် သူရဲကောင်းတစ်ဦးလိုအပ်ရာ သခင်အောင်ဆန်းသည် ထိုသူရဲကောင်းပင်ဖြစ်သည်ဟုယူဆကြောင်း အသင်းအပေါ်မှာစောင့်သော ကျောင်းသား ၅၀ စုပေးမည်ဖြစ်ကြောင်း စာထဲတွင်ဖော်ပြထားပါသည်။ ဗြိတိသျှတို့ကို အင်္ဂလန်သို့ ပြန်ခေါ်ယူမည်ဖြစ်၍ မိမိတို့လုပ်ငန်းကို အပြီးသတ်လုပ်ကိုင်ရန် အချိန်ကျရောက်လာပြီဖြစ်ကြောင်း၊ ထကြွကြရန် အချိန်ကောင်းဆိုက်ရောက်လာပြီဖြစ်ကြောင်းဖြင့် ၎င်းစာကို အဆုံးသတ်ထားပါသည်။

၁၉၄၀ ပြည့်နှစ် ဇွန်လ ၂၉ ရက်နေ့တွင် တို့ဗမာအစည်းအရုံးခွဲများသို့ သခင်ခေါင်းဆောင်များကို ဖမ်းဆီးနေခြင်းကို ကန့်ကွက်သည့်အစည်းအဝေးပွဲများ ဇူလိုင်လ ပထမပတ်အတွင်း လုပ်ကြရန် ညွှန်ကြားချက်တစ်ရပ် ထုတ်ခဲ့ပါသည်။ ဥပဒေပြိုစွန်း၍ သခင်များအပြည့်မအကြိမ်





www.burmeseclassic.com

www.burmeseclassic.com



ညီလာခံ၏ဆုံးဖြတ်ချက်များကို ဖတ်ကြားရန် အသင့်ရှိကြသော လူတစ်ထောင်ခန့် ရှာဖွေစုဆော
ကြရန်လိုကြောင်း၊ ထိုဆုံးဖြတ်ချက်များကို အပျံ့နှံ့ဆုံးပျံ့နှံ့အောင် လုပ်ရန်လိုကြောင်း၊ စွန့်စွန့်စား
အနစ်နာခံပြီးလုပ်ကြမည့် အစည်းအရုံးဝင်များ စည်းရုံးသိမ်းသွင်းရန်လိုကြောင်း၊ ဗမာ့လက်ရုံး
များ ထူထောင်ရန်လိုကြောင်း၊ လွတ်လပ်ရေးရန်ပုံငွေကောက်ခံကြရန်လိုကြောင်း၊ ခေါင်းဆော
မည့်လူများအတွက် သင်တန်းများဖွင့်လှစ်ပေးရန်လိုကြောင်း အစရှိသည်တို့ကိုပါ ထိုညွှန်ကြား
တွင်ဖော်ပြပါရှိပါသည်။

၂၉ ရက်၊ ဇွန်၊ ၁၉၄၀ နေ့တွင် သူ့အား ၁ ရက်၊ ဇွန်၊ ၁၉၄၀ နေ့က ဇလွန်မြို့၌ဟော
ပြောခဲ့သော အစိုးရအရေးယူနိုင်သည့်ဟောပြောချက်အရ ဟင်္သာတမြို့၊ ပထမတွဲဖက် တ
သူကြီးက ဖမ်းဆီးရန် ဝရမ်းထုတ်ခဲ့ပါသည်။ သူချက်ချင်းဆိုသလို ပျောက်ကွယ်သွားပါသည်။ နေ
ပိုင်းတွင်သူ့အားတရားစွဲဆိုရန် အမှုကိုပိတ်လိုက်ပြီး ဖမ်းဆီးရန်ထုတ်ထားသော ဝရမ်းကို ရု
လိုက်ပါသည်။ သူ့ကို အကြီးအကျယ်ထောက်ခံနေကြသော တက္ကသိုလ်ကျောင်းသားများ မ
မနပ်ဆူပူလာမှုများ တိုးတက်လာခြင်းသည် ထိုအမှုပိတ်လိုက်ရခြင်း၏ အကြောင်းတစ်ကြော
ဖြစ်ပါသည်။ သူ့ကို ၁၉၄၀ နှစ်ကုန်အထိ ခြေရာခံ၍မရပါ။ သူတရုတ်ပြည်ရောက်နေကြော
ရရှိသောသတင်းများက ညွှန်ပြခဲ့ပါသည်။ တစ်ဦးသော သတင်းပေးကမူ သူ့အား တရုတ်သ
တစ်ဦးဟု သံသယရှိသဖြင့် အေမွိုင်မြို့တွင်ဂျပန်တို့က ဖမ်းဆီးလိုက်ပြီဟုပြောပါသည်။

၁၉၄၀ နိုဝင်ဘာလထဲတွင် သူသည်တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ဝင်အဖြစ်မှ နုတ်
လိုက်ပါသည်။ ၁၉၄၀ ပြည့်နှစ် နိုဝင်ဘာ ၂၆ ရက်နေ့ သတင်းစာတိုက်များသို့ပေးပို့သော သ
တွင် သူသည် ဤသို့ နုတ်ထွက်လိုက်ခြင်းမှာ နိုင်ငံရေးလုပ်ငန်းများဖြင့် မအားအောင်ဖြစ်နေ
ကြောင့်ဟုဖော်ပြပါသည်။

သူ၏ ရိုးသားဖြောင့်စင်းမှုနှင့်စပ်လျဉ်း၍ သဘောထားများကွဲလွဲကြပါသည်။ သူ၏အ
အဆများသည်မှန်သည်။ အလွန်စိတ်အားသန်စွာ ယုံကြည်သူဖြစ်သည်ဟု အချို့ကပြောကြ
သည်။ တခြားသူများကလည်း သူသည်စိတ်တိုပြီး အပြစ်ပြော၊ ဘုပြော၊ ဘောက်ပြောသာ ပြော
ပြီး ဆူပူလှုံ့ဆော်ရေးသည် အကျိုးရှိသောအလုပ်ဟု ယုံကြည်နေသူဖြစ်သည်ဟု ပြောကြပါသ
မည်သည့်အယူအဆသည် မှန်စေတော့ သူသည်ဌာနချုပ်ဗဟို တို့ဗမာအစည်းအရုံး အထွေ
အတွင်းအရေးမှူးအနေဖြင့် အလွန်ကြိုးစားလုပ်ကိုင်သူဖြစ်သည်။ တို့ဗမာအစည်းအရုံး၏ထုတ်
ချက်များကို သူကိုယ်တိုင်ရေးသားခဲ့ပြီး ၎င်းတို့တွင်ဖော်ပြပါရှိသော သဘောအယူအဆများ
ညွှန်ကြားချက်များမှာ သူ၏လက်ရာများပင်ဖြစ်ရန်ရှိပေသည်။ တို့ဗမာအစည်းအရုံးသည် ယ
ကြောက်စရာကောင်းသော ဖျက်ဆီးရေးလှုပ်ရှားမှုကြီးအဖြစ် ကြီးထွားရောက်ရှိလာခြင်း
အများအားဖြင့် သခင်အောင်ဆန်းနှင့် အခြားသခင်တို့ကြောင့်ပင်ဖြစ်သည်ကို သံသယ
စရာမရှိပါ။

၁၉၄၀ နှစ်ကုန်အထိပြုစုထားသည်။

အမှတ် (၅)၊

ထုတ်ဝေသောနေ့စွဲ ၁ ရက်၊ ဇန်နဝါရီ၊ ၁၉၄၂





## ရန်သူတော်စာရင်းဝင် အမှတ် ၅ ၏ နောက်ဆက်တွဲသမိုင်း

သခင်အောင်ဆန်း

သခင်အောင်ဆန်း ဘယ်မှာရှိသည်ကို ယနေ့အထိ အတိအကျမသိရသေးပါ။ သူသည်
ဂျပန်ပြည်တွင်ရောက်နေပြီဟူသော ခိုင်မာလှသော ကောလာဟလသတင်းများဖြစ်နေပါသည်။
၏။ ။

[စစ်ပြန်မဂ္ဂဇင်း၊ အမှတ် ၁၀၆၊ ဇူလိုင်၊ ၁၉၈၇]

မှတ်ချက် ။ ဖြတ်ထားသည့်ဗိုလ်ချုပ်အောင်ဆန်း၏ မွေးသက္ကရာဇ်မှာ မူရင်းအတိုင်းဖြစ်ပါသည်။

[တိုးမြစ်စာအုပ်တိုက်]



www.burmeseclassic.com

www.burmeseclassic.com

# တစ်နှစ်အတွင်း လွတ်လပ်ရေး

ကျော်အောင်

၁၉၄၇ နှစ်ဆန်းချိန်။

ပခုက္ကူမှ ရဲဘော်များက ကျွန်တော်တို့ကို မျှော်ကြသည်။ ကျောင်းပိတ်သော်လည်း ပခုက္ကူသို့မပြန်သေး။ ကိုကြည်လင်နှင့်အတူ မြစ်ဝကျွန်းပေါ်သို့ ကျောင်းသားသပိတ် စည်းရုံး ဆင်းရာသို့ လိုက်သွားသည်။ ယခုမှ ပခုက္ကူပြန်ရန် စီစဉ်နေသည်။ ဇန်နဝါရီလဆန်းတွင် ကိုကြည် လင်နှင့် ကျွန်တော်တို့ ပခုက္ကူသို့ ပြန်လာကြသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ လန်ဒန်တွင် လွတ်လပ်ရေးအတွက် ဆွေးနွေးနေကြသည်။ လန်ဒန်မြို့ ဝန်ကြီးချုပ်ရုံးစိုက်သည့် အမှတ် (၁၀) ဒေါင်းနင်းလမ်းတွင် ဆွေးနွေးပွဲစသည့်အ ဗိုလ်ချုပ်အောင်ဆန်းက ရိုးရိုးရှင်းရှင်းပြောသည်။ 'ကျွန်တော်သည် စစ်သားဖြစ်ပါသည်။ ရိုးရိုးရှ ရှင်းပွင့်လင်းစွာပြောတတ်ပါသည်။ သံတမန်သုံး သိမ်မွေ့ဝေ့လည်သော စကားကို မပြောတတ် မြန်မာပြည်သူတို့သည် အချုပ်အချယ်ကင်းသော လုံးဝလွတ်လပ်ရေးကို လိုလားတောင်းဆိုကြ သည်။ မြန်မာပြည်သူတို့ဆိုရာဝယ် တိုင်းရင်းသားလူမျိုးအားလုံးကို ဆိုလိုပါသည်။ လုံးဝလွတ်လ ရေးကို အားလုံးအား အဆင့်အတန်း မခွဲခြားဘဲပေးမည်။ ပြင်ပ ပယောဂလည်းကင်းမည်ဆိုလ တိုင်းရင်းသားလူမျိုးများသည် ညီညွတ်စွာ ရပ်တည်ကြပါလိမ့်မည်'ဟု ပြောခဲ့သည်။

လန်ဒန်တွင် ဗိုလ်ချုပ်အောင်ဆန်းစကားပြောနေစဉ် မြန်မာပြည်သူတို့က နားစွင့်နေ သည်။ အသင့်ပြင်နေကြသည်။ လူထုစည်းဝေးပွဲများ တစ်ခဲနက်ကျင်းပသည်။ ဆုံးဖြတ်ချက်



ချပြီး ဘိလပ်သို့ ကြေးနန်းရိုက်အကြောင်းကြားသည်။ မြန်မာ့တပ်မတော် အသင့်ရှိသည်။ ပြည်သူ့ ရဲဘော် အသင့်ရှိသည်။ 'မရလျှင်ချမည်'ဆိုသည်မှာ ကြွေးကြော်သံလည်း ဟုတ်သည်။ တကယ့် စိတ်ဓာတ်လည်း မှန်သည်။

ပခုက္ကူမှ ကျွန်တော့်ကို မျှော်နေသူများတွင် ဆိုရှယ်လစ်ပါတီမှ ကိုကျော်ရှိန် (ကွယ်လွန်) သည် ထိပ်ဆုံးကဖြစ်သည်။ ဖဆပလမှ ကိုသောင်းဖေ (ကွယ်လွန်)တို့လည်းပါသည်။ သူတို့မျှော် သည့်အကြောင်းမှာ ပခုက္ကူခရိုင်အတွင်း သူတို့ရဲဘော်များအား လက်နက်ကိုင်သင်တန်းပေးရန် ဖြစ်သည်။ 'မရလျှင်ချမည်'ဟူသော ဗိုလ်ချုပ်အောင်ဆန်း ကြွေးကြော်သံကို အကောင်အထည်ဖော် ရန်စီစဉ်ခြင်းဖြစ်သည်။ ပခုက္ကူကွန်မြူနစ်ပါတီသည် အလံဖြူကွန်မြူနစ်ပါတီ ဖြစ်သွားသည်။ သူတို့သည် ဖဆပလနှင့်ကင်းလွတ်နေသည်။ သူတို့လမ်းစဉ်အတိုင်း သူတို့စည်းရုံးလှုပ်ရှားနေကြ သည်။ အလံနီပါတီတွင် သူငယ်ချင်းများပါဝင်သည်။

ဆိုရှယ်လစ်ပါတီမှ ကိုကျော်ရှိန်သည် ကျောင်းသားခေါင်းဆောင်ဟောင်းဖြစ်သည်။ သူတို့မှာ လက်နက်ကိုင်တိုက်ပွဲတစ်ခုအတွက် ပြင်ဆင်နေကြသည်။ ဂျပန်တော်လှန်ရေးအပြီး မြန်မာ့တပ်မတော်ကို ဖျက်သိမ်းသည့်အခါ လက်နက်များအပ်ရသည်။ ဆိုရှယ်လစ်အနွယ်များက လက်နက်အချို့ကိုမအပ်ဘဲ ဝှက်ထားသည်။ ကွန်မြူနစ်ပါတီ (သိန်းသန်း) ကမူ ငြိမ်းချမ်းစွာ ဖြစ်ပေါ် ရေးလမ်းစဉ်ကို စောစောက ရှေ့တန်းတင်သည်။ သို့သော်လည်း ဖဆပလမှ ကွန်မြူနစ်ပါတီကို ထုတ်လိုက်သည့်အခါ 'အာဏာသိမ်းပွဲအထိ မဆင်နွှဲဘဲ လမ်းခုလတ်တွင်ရပ်ကာ နယ်ချဲ့အင်္ဂလိပ်ထံ မှ အာဏာဝေစုယူလိုက်ခြင်းဖြစ်သည်။'စေ့စပ်ရေးအချောင်သမားလမ်းစဉ်ဖြစ်သည်။ သစ္စာဖောက် ခြင်းဖြစ်သည်'ဟုဆိုသည်။ ကွန်မြူနစ်ပါတီသည် လယ်သမားထွန်တုံးတိုက်ပွဲ၊ အလုပ်သမားသပိတ် တိုက်ပွဲ၊ ဆန်လုပွဲစသည်တို့ ဆင်နွှဲနေသည်။ ဖဆပလက တစ်နှစ်အတွင်း လွတ်လပ်ရေးကြွေးကြော် သံကိုဆုပ်ကိုင်ထားသည်။

ကိုကျော်ရှိန်သည် ကျွန်တော်တို့ထက် သုံးလေးနှစ်ကြီးသည်။ ဂျပန်ခေတ်တွင် မြိုင်မြို့ အာရှလူငယ်တွင် ဖက်ဆစ်တော်လှန်ရေးအတွက် ပြင်ဆင်နေရာမှ စစ်ပြီးသည်တွင် ဆိုရှယ်လစ် ပါတီနှင့် အဆက်အသွယ်ရသည်။ ပထမအကြိမ် ဆိုရှယ်လစ်ပါတီညီလာခံတက်ရန် သွားသည့်အခါ ကျွန်တော်လည်း ပြည်သူ့ရဲဘော်ညီလာခံတက်ရန် အတူလိုက်ပါသွားသည်။ ယင်းမှာ ၁၉၄၆ နှစ် လယ်တွင်ဖြစ်သည်။ ထိုအချိန်က ပြည်သူ့ရဲဘော်မှ ကိုသိန်းမောင် (ကွယ်လွန်)က ကျွန်တော့်ကို မကျေနပ်။ ကိုကျော်ရှိန်နှင့်ပေါင်းသဖြင့် ဆိုရှယ်လစ်ဖြစ်သွားနိုင်သည်ဟု ယူဆဟန်တူသည်။ ကိုသောင်းဖေသည်လည်း ကျွန်တော်တို့ထက် သုံးလေးနှစ် ကြီးသည်။ သူနှင့် ကိုကျော်ရှိန်တို့မှာ ဆိုရှယ်လစ်ပါတီနှင့် စောစောကပင် အဆက်အသွယ်ရသူများဖြစ်သည်။ ကိုကျော်ရှိန်၏ အစ်ကို ..င်ဗမှုသည် ပကတူးသခင်ဖြစ်ပြီး သခင်လွင်နှင့် အဆက်အသွယ်ရကာ ပခုက္ကူဆိုရှယ်လစ်ပါတီ ..မထောင်သည့်အထဲတွင် ရှေ့တန်းမှပါဝင်သူဖြစ်သည်။

ကိုကျော်ရှိန်နှင့်ကျွန်တော်တို့ မြစ်ခြေသို့သွားကြသည်။ မြစ်ခြေတွင် ပြည်သူ့ရဲဘော် အမာခံ ဖြစ်သည်။ မြစ်ခြေသို့ ကိုကျော်ရှိန်နှင့် ရောက်သွားသည့်အခါ သူတို့မျက်စိလည်သွားသည်။ မြစ်ခြေ မှာ ရွာကြီးတစ်ခုသာသာဖြစ်ရာ လူငယ်များသည် ဖဆပလ၊ ပြည်သူ့ရဲဘော်၊ ဆိုရှယ်လစ်ပါတီတို့



www.burmeseclassic.com

www.burmeseclassic.com



တွင် တက်တက်ကြွကြွပါဝင်ကြသည်။ အဖွဲ့သုံးခုစလုံးတွင် သူတို့သူငယ်ချင်းများ၊ ရဲဘော်များ အတူလုပ်ကိုင်ကြသည်။ တစ်နှစ်အတွင်း လွတ်လပ်ရေးကြွေးကြော်သံက သူတို့ကိုထိန်းထားသည်။

ဗိုလ်ချုပ် ဘိလပ်မှပြန်လာသည်။ ဇန်နဝါရီ ၂၇ တနင်္လာနေ့တွင် အောက်ဆန်းအက်တလီ စာချုပ်ကို လက်မှတ်ရေးထိုးသည်။ ရန်ကုန်မြို့သို့ ပြန်ရောက်သည့်အခါ ဗိုလ်ချုပ်အောင်ဆန်းက "တိုင်းပြည်ပြုလွှတ်တော်ရွေးကောက်ဖို့ လန်ဒန်မှ သဘောတူညီချက်ရခဲ့ပြီ။ လွှတ်တော်တွင် တိုင်းရင်းသားများသာ ပါဝင်၍ လွတ်လပ်သော မြန်မာပြည်၏ အခြေခံဥပဒေကို ရေးဆွဲကြရမည်။ အင်္ဂလိပ်အစိုးရက မြန်မာအစိုးရကို အမျိုးသားအစိုးရ အာဏာများကို အပ်နှင်းရန် သဘောတူသည်။ နယ်ခြားဒေသမှ တိုင်းရင်းသားများက သူတို့နောင်ရေးကို ကြိုက်သလို ဆုံးဖြတ်ကြရန်ဖြစ်သည်။ တိုင်းရင်းသားအချင်းချင်း အေးအတူ ပူအမျှ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် တန်းတူညီတူ လူချင်းအဖြစ် လက်ခံကြိုဆိုရန် အသင့်ရှိသည်"ဟု ပြောသည်။

ဦးစော ပထမဆိုရှယ်လစ်ပါတီ ညီလာခံကျင်းပသည်။ အောင်ဆန်းအက်တလီစာချုပ်ကို လက်ခံရေး၊ လက်မခံရေးကို ဆွေးနွေးငြင်းခုံကြသည်။ ပါတီဥက္ကဋ္ဌသခင်မြသည် ဘိလပ်သို့ ဗိုလ်ချုပ်နှင့်အတူပါသွားသည်။ သခင်မြက ရှင်းလင်းပြမှ လက်ခံကြသည်။ ထိုအချိန်တွင် ဆိုရှယ်လစ်ပါတီသည် မက်ဝါဒ၊ လီနင်ဝါဒကို လက်ခံသည့်ပါတီဖြစ်သည်။

ထို့နောက် ပြည်သူ့ရဲဘော်ညီလာခံကျင်းပသည်။ ပခုက္ကူမှ ကိုသိန်းမောင်၊ ကိုစိုးနိုင်၊ ကိုဘာဘာတို့ တက်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းက အောင်ဆန်းအက်တလီစာချုပ်ကို ရှင်းပြသည်။ ကိုစိုးနိုင်နှင့်တွေ့သည့်အခါ သူတို့ညီလာခံအကြောင်း ကျွန်တော့်ကို ပြန်လည်ပြောပြသည်ချသည်။ ပဲခူးမှ ရဲဘော်တင်အောင်က "ဗိုလ်ချုပ် အဲဒီစာချုပ်ဟာ အင်္ဂလိပ်နဲ့ အပေးအယူ စေ့စပ်လာတာ မဟုတ်ဘူးလား"ဟု မေးသည်။ ဗိုလ်စိန်မှန် (ကွယ်လွန်) မျက်နှာ မည်းခနဲဖြစ်သွားသည်။ ဗိုလ်ချုပ်က အပြုံးမပျက်ဘဲရှင်းပြသည်။ "ငါတို့နိုင်ငံရေးလုပ်တာဟာ လွတ်လပ်ရေးရဖို့ပဲ တယ်။ လွတ်လပ်ရေးကို ငြိမ်းချမ်းတဲ့နည်းနဲ့ရမယ်ဆိုရင် ငြိမ်းချမ်းတဲ့နည်းနဲ့ လုပ်ရမယ်။ ဒါပေမဲ့ မရမှသာ အကြမ်းဖက်တဲ့ လက်နက်ကိုင်နည်းကို သုံးရမယ်။ ငါအခု ရွေးလာတဲ့အနုနည်းဟာ အောင်မြင်မယ်ဆိုရင် ပြည်သူတွေ မသေပျောက်ဘူး။ အလွန်သက်သာမယ်။ ပြည်သူတွေသက်သာ တဲ့လမ်းကို ငါရွေးလာတာပဲ။ အနုနည်းနဲ့မရရင်တော့ ချရမှာပဲ။ အခုဟာက ရဖို့ သေချာသလောက် ရှိပါပြီ။ ဒါပေမဲ့ လွတ်လပ်ရေးမရမချင်း နှစ်မျိုးစလုံး ပြင်ထားရမယ်"ဟု ရှင်းပြသည်။ ပြီးတော့ ပြည်သူ့ရဲဘော်များအား မင်းတို့ တိုင်းပြည်ပြုလွှတ်တော်မှာ အရွေးခံရမည်ဟု ပြောသည်။

"အခုလွှတ်တော်က အရေးကြီးတယ်။ တကယ်လို့ ဖွဲ့စည်းအုပ်ချုပ်ပုံရေးဆွဲပြီးလို့ လွတ်လပ်ရေးမပေးဘူးလို့ အင်္ဂလိပ်ကငြင်းရင် ဒီလွှတ်တော်ကနေပြီး လွတ်လပ်ရေးကြေညာမယ်။ ဒီတော့ဒီလွှတ်တော်ဟာ သူပုန်လွှတ်တော်ဖြစ်သွားမယ်။ လွှတ်တော်အမတ်တွေဟာလည်း သူပုန်အမတ်တွေ ဖြစ်လိမ့်မယ်။ အခြေအနေအရ အမတ်တွေဟာ အဲဒီအခါမှာ စစ်ထွက်တိုက်ရမယ်။ ဒီလိုအလုပ်မျိုး တွေ မင်းတို့လုပ်ရမယ်။ တောင်ရှည်ပုဆိုးဝတ်ပြီး ခေါင်းပေါင်းကြီးစွပ်လာတဲ့ လူကြီးတွေက ဒီ အလုပ်မျိုးတွေ ထလုပ်ချင်ဦး၊ လုပ်ချင်ဦးတော့လည်း သူတို့မလုပ်တတ်ဘူး။ မင်းတို့က စစ်တိုက် အရေးကြုံလာရင် စစ်တိုက်ဖို့ပဲ။ လွှတ်တော်မှာ ဥပဒေကျွမ်းကျင်သူ ၇၀-၈၀ ပါရင် လုံလောက်



တယ်။ ဥပဒေတွေ လွှတ်တော်ထဲ ဝင်လာတဲ့အခါမှ သဘောတူသလားလို့ လွှတ်တော် ဥက္ကဋ္ဌက မေးရင် တူပါတယ်လို့ အော်ရုံပဲ။ တစ်ခါတစ်ရံမှာတူတဲ့လူ လက်ညှိုးထောင်ပါဆိုရင် လက်ညှိုး ထောင်ရုံပဲ။ မင်းတို့ လက်ညှိုးမှမထောင်တတ်ဘူးလား"ဟု မေးသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံတစ်ဝန်းသို့ လှည့်လည်စည်းရုံးသည်။ ပင်လုံညီလာခံတွင် ကိုယ်စားလှယ်များက ပြည်ထောင်စုနိုင်ငံ ထူထောင်ကြမည်ဟု တညီတညွတ်တည်းဆုံးဖြတ်ကာ သဘောတူစာချုပ်ချုပ်ဆိုကြသည်။ ပင်လုံညီလာခံပြီးလျှင် ရွေးကောက်ပွဲအတွက် ပြင်ဆင်ရသည်။

ထိုအချိန်တွင် ပခုက္ကူသို့ ကျွန်တော် ပြန်ရောက်သွားခြင်းဖြစ်သည်။ ကိုလှဝင်းသည်လည်း ကျွန်တော်နှင့် အဆက်အသွယ်မပြတ်။ ကျောင်းပိတ်သည့်အခါ လက်ပံတန်းသို့ သူပြန်သည်။ လက်ပံတန်းတွင် ပြည်သူ့ရဲဘော်၌ ပါဝင်လှုပ်ရှားသည်။ ထို့နောက် ပခုက္ကူသို့ လိုက်လာသည်။

ကျွန်တော်တို့မှာ တက္ကသိုလ်မှပြန်လာကြသည့် တက္ကသိုလ်ကျောင်းသားများဖြစ်သည်။ လူကြီးများက ကျွန်တော်တို့ကို အားကျကြသည်။ သို့သော်လည်း တက္ကသိုလ်ကျောင်းသား ကျွန်တော်တို့မှာ မြို့အုပ်ဝန်ထောက်လုပ်ရန်ထက် မြန်မာနိုင်ငံ လွတ်လပ်ရေးရရန် စိတ်အားထက်သန်နေကြသည်။ လွတ်လပ်ရေးခေတ် တက္ကသိုလ်ကျောင်းသားသည် ကိုလိုနီခေတ် တက္ကသိုလ်ကျောင်းသားနှင့်မတူ။

ပခုက္ကူကျောင်းသားသပိတ်စခန်းသည် ရွှေဂူဘုရားတန်ဆောင်းတွင်ရှိသည်။ ထိုစခန်းသို့ ကျွန်တော်ရောက်သွားသည်။ အမှုထမ်းများ သပိတ်မှောက်ကြသည်။ ကျွန်တော့်အစ်ကိုဝမ်းကွဲတော်သည့် ကိုစိန်ဝင်းသည် ပခုက္ကူအမှုထမ်းသပိတ်ခေါင်းဆောင်ဖြစ်သည်။ သူသည် ပခုက္ကူ ဖဆပလ ခေါင်းရေးမှူးအဖြစ်မှ နုတ်ထွက်ပြီး ထောက်ပံ့ရေးဌာနတွင် ဝင်၍အလုပ်လုပ်နေသည်။ ပခုက္ကူ ဖဆပလမှ ရန်ကုန် ရွှေတိဂုံအလယ်ပစ္စယံညီလာခံသို့ သူတက်သည်။ အပြန်တွင် နိုင်ငံရေးမှခေတ္တ အနားယူသွားသည်။ ပခုက္ကူ ဖဆပလတွင် သူနှင့် ကိုစိန်လှတို့ကို ကွန်မြူနစ်ပါတီက ဝိုင်း၍ တိုက်ခိုက်သည်။ ကိုစိန်လှ (ကိုလှဝင်းအစ်ကို) သည် တက္ကသိုလ်တွင် ဥပဒေတန်းတက်ရန် ရန်ကုန်သို့ ဆင်းသွားသည်။ နောင်တွင် ကိုစိန်လှရော ကိုစိန်ဝင်းပါ ဆိုရှယ်လစ်ပါတီဝင်များ ဖြစ်သွားကြသည်။ ကိုစိန်လှသည် ဆိုရှယ်လစ်လူငယ်၏ ဥက္ကဋ္ဌဖြစ်သွားပြီး ကိုစိန်ဝင်းသည် တီယူစီဘီအမှုဆောင်ဖြစ်သွားသည်။

မြစ်ခြေသည် ပခုက္ကူနှင့် ၁၉ မိုင်ဝေးသည်။ မြစ်ခြေတွင် တစ်ပတ်လောက် လက်နက်ကိုင် သင်တန်းပေးသည်။ ကိုယ်စီတိုက်ပွဲ၊ တပ်စိတ်တိုက်ပွဲတို့အထိ သင်တန်းဆင်းကြသည်။ မြစ်ခြေတောင် ဘက် ဇေပချောင်းရိုးတွင် သင်တန်းပေးကြသည်။ ကိုလှဝင်းလည်း မြိုင်သို့သွားကာ သင်တန်းပေး သည်။

ပင်လုံညီလာခံပြီးလျှင် တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲအတွက် ပြင်ဆင်ကြသည်။ ၁၉၃၅ ခုနှစ် မြန်မာပြည်အစိုးရအက်ဥပဒေက ပြဋ္ဌာန်းသည့် ရွေးကောက်ပွဲယန္တရားကို အသုံးပြုမည်။ အမတ်စုစုပေါင်း ၂၅၅ နေရာတွင် ၂၁၀ ကို ရွေးကောက်တင်မြှောက်မည်။ ကျန်နေရာများကို နယ်ခြားဒေသများအတွက် သီးသန့်ထားမည်။ ဖဆပလက ရွေးကောက်တင်မြှောက်ရမည့် နေရာတိုင်းတွင် ဝင်ရောက်မည်။ ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြည်ပြုလွှတ်တော်သည် သူပုန်လွှတ်တော်ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



နိုင်သည်။ ဖဆပလကို ယုံကြည်ပါ။ ဖဆပလက တင်သွင်းသော အမတ်လောင်းများကိုသာ ရွေးချယ်ပါ။ သစ္စာရှိ၍ တိုက်ရဲခိုက်ရဲသူများကို တိုင်းပြည်အတွက် အလိုရှိကြသည်။ အပြောသမား နိုင်ငံရေးစားဖားကြီးတွေ အလိုမရှိဟု လိုက်လံဟောပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တစ်နိုင်ငံလုံး လိုက်လံဟောပြောစည်းရုံးသည်။ ၁၉၄၇ မတ် ၂၂ နံနက်တွင် မုံရွာမြို့မှ ချင်းတွင်းမြစ်တစ်ဖက်ကမ်း ညောင်ပင်ကြီးဆိပ်သို့ ကူးခဲ့ပြီးနောက် ပခုက္ကူသို့ ခရီးဆက်သည်။ ဗိုလ်ချုပ်အောင်ဆန်းကို ကြိုသည့်အဖွဲ့နှင့် လင်းကတောသို့ ကျွန်တော်လိုက်သွားသည်။ ကိုစိန်ဝင်း၏ဂျစ်ကားတွင် လူအပြည့်ပါ သည်။ လမ်းကားဖုန်ထူသည်၊ လင်းကတောသည် ပခုက္ကူခရိုင်နှင့် မုံရွာခရိုင်နယ်ခြားရွာဖြစ်ပြီး ပခုက္ကူအပိုင်ဖြစ်သည်၊ ညောင်ပင်ကြီးဆိပ်နှင့် သုံးမိုင်ဝေးသည်။ /လင်းကတော ဗိုလ်တဲတွင် ပခုက္ကူအရေးပိုင်နှင့် ရာဇဝတ်ဝန်ကြီးတို့အပြင် ဖဆပလ လူကြီးများ ပြည်သူ့ရဲဘော်များ ကြိုဆိုကြသည်။

ဗိုလ်ချုပ် ခရီးရောက်မဆိုက်ပင် ရေစကြို မဲဆန္ဒနယ်အတွက် ရွေးချယ်ထားသော အမတ်လောင်းများအတွက် သဘောထားကွဲပြားနေသော ရေစကြိုလူကြီးများရောက်လာကြသည်။ ဤပြဿနာကို ဗိုလ်ချုပ်ကြိုတင်သိပြီးဖြစ်သည်။ ဖဆပလဌာနချုပ်သို့ ကန့်ကွက်စာပို့ထားခြင်းဖြစ်ရာ ထိုစာသည် ဗိုလ်ချုပ်နှင့်အတူ ပါလာသည်။ ထိုစာမှာ ဌာနချုပ်ကို အပြစ်တင်ပြီး မိမိတို့၏ လူထုဆန္ဒအရ ရွေးချယ်ခြင်းဖြစ်ကြောင်းပါရှိသည်။ ဗိုလ်ချုပ်သည် စာကိုဖတ်ရင်း ဒေါသဖြစ် လာပြီး စားပွဲကို လက်သီးဖြင့်ထုကာ "သည်ဟာ ဘယ်သူလုပ်တာလဲ"ဟု မေးသည်။

စာပေးသူက လူထုကလုပ်တာပါဟု ဖြေသည်။ ဗိုလ်ချုပ်က "ဘာလူထုလဲ။ ခင်ဗျားတို့ တစ်ယောက်နှစ်ယောက် ကိုယ်ထင်တာလုပ်နေကြတာဟာ လူထုလား။ ကျုပ်သိတယ်။ ဘာလူထုလဲ"ဟု ပြောပြောဆိုဆို စားပွဲကို လက်သီးဖြင့် ခပ်ပြင်းပြင်းထုသည်။ ဗိုလ်ချုပ်အောက်က ကျွန်တော်တို့အတိုင်းသား ကြားနေရသည်။ "ဒီအဆိုကို ဘယ်သူတင်တာလဲ၊ ထောက်ခံတဲ့လူ ဘယ်သူလဲ" ဟုထပ်ဆင့်မေးသည်။ ဖြေသံမကြားရ။ အဖြေပေးနိုင်တော့ဟန်မတူ။ ထိုအခါ ဗိုလ်ချုပ်သည် စားပွဲပေါ်မှကွမ်းအစ်ကြီးကိုဆောင့်ချရင်း "ဒီအဆိုကို ဘယ်သူတင်တာလဲ။ ပြောစမ်း ပြောစမ်း" ဟု မတ်တတ်ရပ်၍ပြောရင်း ရေစကြိုမှ ရောက်လာသူကို စိမ်းစိမ်းကြည့်ကာ ရှေ့သို့တိုးသွားသည်။ ထိုသူသည်လည်း နောက်တွင် ခုန်ချစရာ အပေါက်ရှိသလားဟု လှည့်ကြည့်သော်လည်း အပေါက်မမြင်သဖြင့် ထရံကိုသာ ကပ်၍နေသည်။ ဗိုလ်ချုပ်က "လူထု စကားပြောပြီး ကျုပ်ကို မုန်လာဥလား မလုပ်နဲ့ မရဘူး"ဟု ပြောသည်။

စားပွဲနားမှ ရဲဘော်များ ကြောက်၍ တခြားသို့ ထွက်သွားကြသည်။ အားလုံးငြိမ်သက်ပြီး နားထောင်နေကြသည်။ ဗိုလ်ချုပ်ကထပ်ပြီး "ဘယ်သူတွေ ဘယ်လိုရှုပ်နေတယ်ဆိုတာ ကျုပ်အကုန်သိတယ်။ လူထုအကြောင်းကို ကျုပ်ကောင်းကောင်းနားလည်တယ်"ဟု ပြောပြီး "ကိုင်း သွားမယ်" ဆိုသဖြင့် ရေစကြိုမြို့သို့ ခရီးဆက်ကြသည်။

ရေစကြို ဗိုလ်တဲရောက်လျှင်ရောက်ချင်း "ခုတင်က လူနှစ်ယောက် ခေါ်လိုက်စမ်း"ဟု ပြောသဖြင့် သွား၍ရှာကြ သည်။ သွားရှာနေခိုက် ထမင်းစားရန်တောင်းပန်သဖြင့် ထမင်းစားနေစဉ် ရေစကြို ဖဆပလမှလူကြီးနှစ်ယောက် ရောက်လာကြသည်။ ထိုအခါ ဗိုလ်ချုပ်လည်း ထမင်းဆက်





မစားတော့ဘဲ ထသွားကာ "ခင်ဗျားတို့ ဘယ်လိုလုပ်တာလဲ။ ဖဆပလညွှန်ကြားကို မနာခံတာ ဘာသဘောလဲ" မေးမြန်းသည်။ ထိုပုဂ္ဂိုလ်များက "ဗိုလ်ချုပ်သဘောအတိုင်း စီမံပါတော့၊ နာခံပါတော့မယ်"ဟု ပြောဆိုတောင်းပန်တော့မှ ပြေလည်သွားသည်။ ထိုလူကြီးနှစ်ယောက်မှာ ရေစကြို ဖဆပလဥက္ကဋ္ဌ ရှေ့နေဦးရဲဘနှင့် အဖွဲ့ဝင် ရှေ့နေဦးဘခင်တို့ ဖြစ်သည်။ ရေစကြိုအတွက် ဌာနချုပ်က ရွေးသည့် အမတ်လောင်းနှစ်ဦးကို သဘောမတူဘဲ သူတို့နှစ်ဦးမှာ ရေစကြိုအမတ်လောင်းအဖြစ် ၀သဖဆပလမှ ရွေးချယ်ထားခြင်းဖြစ်သည်။

ရေစကြိုတွင် တရားဟောပြီးနောက် ၂၇ မိုင်ဝေးသည့် ပခုက္ကူမြို့သို့ ဗိုလ်ချုပ်တို့ ခရီးဆက်သည်။ ကျွန်တော်တို့သည် ပခုက္ကူသို့ ကြိုတင်ပြန်နှင့်ကြပြီး တရားပွဲအတွက် ပြင်ဆင်စရာရှိသည်တို့ကို ကူညီပြင်ဆင်သည်။

ပခုက္ကူမြို့သို့ ရွှေချောင်းရွာဘက်မှဝင်လာစဉ် မြောက်ဘက်ဆီမှ 'ဗိုလ်ချုပ်အောင်ဆန်း အောင်မြင်ပါစေ၊ ဖဆပလ တည်မြဲပါစေ'ဟူသောအသံများ ဟိန်းထွက်လာသည်။ ပခုက္ကူ ထောင်ကျွန်းမှ အကျဉ်းသားများ ကြွေးကြော်ကြ ခြင်းဖြစ်သည်။ လမ်းမကြီးနှင့် အကျဉ်းထောင်သည် ကိုက် ၁၀၀ မျှသာဝေးသည်။ ဗိုလ်ချုပ်လာမည်ကို အကျဉ်းသားများ ကြိုတင်သိနေကြသည်။ ညနေမှစပြီး ကြွေးကြော်သည်မှာ ညဉ့်နက်သည်အထိ ပခုက္ကူမြို့ဆီသို့ပင် အသံများ ရောက်လာ သည်။

ပခုက္ကူရောက်သည့်အခါ ညနေ (၅) နာရီခန့်ရှိနေပြီ။ ဖောင်တော်ဦးဘုရား ပရဝုဏ်အတွင်း လူထုပရိသတ်ကြီးက ဗိုလ်ချုပ်ကို စောင့်နေကြသည်။ အရှေ့မြောက်ဘက် ဆယ့်ငါးပေပတ်လည်ရှိ မြေစိုက်ဇရပ်လေးပေါ်မှ နာရီဝက်ခန့် 'တစ်နှစ်အတွင်း လွတ်လပ်ရေး' တရားကို ဟောသည်။ ဟိုးချုပ်ရာတွင် "အင်္ဂလိပ်နဲ့ အဆင်မပြေရင် ယခုလွှတ်တော်ဟာ သူပုန်လွှတ်တော်ဖြစ်မယ်။ ဒါကြောင့် ကျုပ်က ပခုက္ကူအတွက် ကိုဘမူ (သခင်)၊ ကိုဘိုးအောင်၊ ကိုသိန်းမောင်၊ ကိုထွန်း၊ ကိုသောင်းဖေ၊ ကိုဘာဘာ၊ ကိုကျော်ရှိန်၊ ကိုစိုးနိုင်ဆိုတဲ့ လူမိုက်လေးတွေ ရွေးထားတယ်။ အဲဒီ အမတ်လောင်းတွေကို မဲထည့်ကြပါ။ မထည့်ချင်လည်း နေကြပေါ့"ဟု လင်းကတောအရှိန်မပြေသေးဘဲ ဟာဆုံးသတ်သည်။

ထို့နောက် ယခုဗိုလ်ချုပ်လမ်းပေါ်ရှိ ဦးဘထွန်းတိုက်သို့ တည်းခိုရန်သွားကြသည်။ ကျွန်တော်တို့လည်း နောက်မှလိုက်ပါသွားသည်။ ပခုက္ကူဖဆပလအဖွဲ့ဝင်များမှာ ရဲဘော်များဖြစ်သဖြင့် ကျွန်တော်တို့ ခပ်လှမ်းလှမ်းက ဗိုလ်ချုပ်စကားပြောသည်ကို နားထောင်ခွင့်ရသည်။

ညတွင် ဗိုလ်ချုပ်သည် သူ့လက်ကို သူနှိပ်နေသည်။ ထိုအခါ ဦးပုကလေး (သတင်းစာဆရာ)က "ဗိုလ်ချုပ်ဘာဖြစ်လို့လဲ"ဟု မေးရာ "လက်နာလို့"ဟု ပြောသည်။ ပါလာသည့် ဇမ်းဘတ်ဖြင့် လက်ကိုလိမ်းပေးပြီး "ဗိုလ်ချုပ်လင်းကတော့ ဗိုလ်တဲတုန်းက နည်းနည်းများသွားတယ်ထင်တယ်"ဟု ပြောရာ "ဟုတ်တယ်များသွားတယ်"ဟု ဖြေပြီး ပြုံးနေသည်။

ဧပြီ ၉ တွင် ရွေးကောက်ပွဲကျင်းပသည်။ ဗိုလ်ချုပ်အောင်ဆန်းကို အကြွင်းမဲ့ယုံကြည်သော ပြည်သူတို့က ဖဆပလကို အပြတ်အသတ်အနိုင်ပေးကာ ရွေးကောက်တင်မြှောက်လိုက်ကြသည်။

သခင်စိုး၏ အလံနီကွန်မြူနစ်တို့က ရွေးကောက်ပွဲမဝင်။ ဝင်လျှင် ဘုရင်ခံ၏အာဏာကို အသိအမှတ်ပြုရာ ရောက်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဘမော်၏ မဟာဗမာအဖွဲ့နှင့် ဦးစော၏ မျိုးချစ်ပါတီတို့ကလည်း ယှဉ်ပြိုင်
မပြု။ မြန်မာပြည်ကွန်မြူနစ်ပါတီ (ဗကပ)က လက်ရွေးစင်အမတ်လောင်းများကို အချို့သော
များတွင် ယှဉ်ပြိုင်စေသည်။ ပျဉ်းမနားဘက်တွင် ကွန်မြူနစ်တို့နိုင်ပြီး ကွန်မြူနစ်အမတ်ခုနစ်
လွှတ်တော်တက်ရသည်။

ကျွန်တော်ကား ပြည်သူ့ရဲဘော်အဖွဲ့တွင် ခရိုင်အထွေထွေအတွင်းရေးမှူးအဖြစ်မှထွက်
ရန်ကုန်တက္ကသိုလ်သို့ကျောင်းတက်သွားသူဖြစ်သည်။ အကယ်၍သာပြည်သူ့ရဲဘော်တွင်ဆက်၍
နေမည်ဆိုလျှင် ကျွန်တော်လည်း လက်ညှိုးထောင်အမတ်တစ်ယောက်ဖြစ်နိုင်သည်။ ယခု ပ
ခရိုင်အတွက် ရွေးကောက်သည့် ဖဆပလအမတ်လောင်း ရှစ်ဦးတွင် ပြည်သူ့ရဲဘော်အဖွဲ့မှ ကို
မောင်(ကွယ်လွန်)၊ ကိုစိုးနိုင်၊ ကိုဘာဘာ(ကွယ်လွန်)တို့သုံးဦး အမတ်များဖြစ်သွားကြသည်။ ကျွန်
သာ အမတ်အဖြစ်အရွေးခံရလျှင် အသက်အငယ်ဆုံး ဖဆပလအမတ်ဖြစ်ပေလိမ့်မည်။

[နွယ်နီမဂ္ဂဇင်း၊ အောက်တိုဘာ၊ ၁၉

# ကိုအောင်ဆန်း နိုင်ငံရေးထဲအဝင်

မှာင်အောင်

ဤသတိရမှတ်တမ်းရေးသားသူ ကိုတင်အောင်မှာ ကိုအောင်ဆန်း တက္ကသိုလ်ကျောင်းသားဘဝက နိုင်ငံရေးသမားမဟုတ်သော အရင်းနှီးဆုံးသူငယ်ချင်းနှစ်ဦးအနက်တစ်ဦး ဖြစ်ပါသည်။ အခြားတစ်ဦးမှာ ကိုကျော်သိန်း (နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ငြိမ်းစား) ဖြစ်ပါသည်။ ၁၉၃၆ ခုနှစ်ကျောင်းသားမဂ္ဂ အိုးဝေမဂ္ဂဇင်းကော်မတီတွင် ကိုအောင်ဆန်းနှင့်အတူ အယ်ဒီတာအဖွဲ့ဝင်အဖြစ်ဆောင်ရွက်ခဲ့ပါသည်။ ကျောင်းသားဘဝ၊ သခင်ဘဝ၊ ဗိုလ်ချုပ်အောင်ဆန်းဘဝ၊ အစဉ်အဆက်အမြဲ အဆက်အသွယ်ရှိခဲ့ရုံမျှမက ၁၉၄၇-ခုနှစ် ဇွန်လထဲတွင် ဗိုလ်ချုပ်အောင်ဆန်း၏ခယ်မ ဒေါ်အမာ (ခေါ်) ဒေါ်မမကြီးနှင့်အိမ်ထောင်ပြုခဲ့သည်။ ကော်ပိုရေးရှင်း-၁ ဘတ်ဂျက်နှင့် စာရင်းဌာန မန်နေဂျာ ငြိမ်းစားဖြစ်ပါသည်။ ကိုတင်အောင်၏ ဇနီးဒေါ်အမာသည်လည်း ဖက်ဆစ်ဂျပန်အား တော်လှန်ခါနီးတွင် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်နှင့်ရင်သွေးများ၊ ဂျပန်ရန်မှ လွတ်ကင်းတိမ်းရှောင်သွားရာတွင် အတူလိုက်ပါသွားရသူဖြစ်သည်။ ဖက်ဆစ်ဂျပန်ကို တော်လှန်ရန် ဗိုလ်ချုပ်အောင်ဆန်းတပ်ထွက်သွားပြီးနောက် ကိုတင်အောင်အား ဂျပန်ကင်ပေတိုင် ဖမ်းဆီးပြီး၊ ဗိုလ်ချုပ်အောင်ဆန်းဘယ်ပြေးသွားသလဲ၊ ဘယ်ဘက်လမ်းခရီးသွားသလဲ၊ ဘယ်နေ့ဘယ် အချိန်ထွက်သလဲ စသည့် အဒေသားစိတ်မေးမြန်းစစ်ဆေးခြင်းခံရသူဖြစ်သည်။ ရှောင်ရှောင် အလွန်စူးသော အပ္ပရှိန်ပြင်းလှသောဆလိုက်မီးများဖြင့် မျက်နှာရော လူပါ

www.burmeseclassic.com



**ထိုးထားခြင်း၊ မေးခွန်းအဆက်မပြတ်မေးခြင်း၊ အိပ်ချိန်နားချိန်မပေးဘဲ တစ်ယောက်ပြီး တစ်ယောက် ဝင်လာမေးခြင်း(စကားပြန်ဖြင့်)၊ ဆေးလိပ်မီးရဲရဲဖြင့် မျက်စိကိုထိုးမလိုပြီး ခြောက်ခြင်းစသဖြင့်ခံခဲ့ရသူဖြစ်ပါသည်။ ဂျပန်ကင်ပေတ သိပ်မနိုပ်စက်မညှဉ်းပန်းပါ ဟုပြောပေမယ့် ပြန်လွတ်လာတော့ လူကတော်တော်ပျော့နေအောင် ခံလာခဲ့ရသူတစ်ဦး ဖြစ်ပါသည်။**

**ဗိုလ်ချုပ်အောင်ဆန်း၏ အပေါင်းအသင်းရောင်းရင်းများထဲမှ နိုင်ငံရေးသမား မဟုတ်ဘဲ၊ အလွန့်အလွန်ရင်းရင်းနှီးနှီး တတွဲတွဲနေခဲ့ကြသော ဦးတင်အောင်၏ မူလအင်္ဂလိပ် ဘာသာဖြင့် ရေးသားထားသည့်မှတ်တမ်းဟောင်းကလေးတစ်ခုကို မြန်မာပြန်ပြီးထည့်သွင်း ဖော်ပြခြင်းဖြစ်ပါသည်။**

**[အယ်ဒီတာ]**

ကိုအောင်ဆန်းဟာ ကျွန်တော့်အိမ်(အမှတ် ၂၀-ပတ်ကလိန်း)သို့ မကြာမကြာ လာရောက် လည်ပတ်လေ့ရှိပါတယ်။ ကျွန်တော်က စန္ဒရားတီး သီချင်းညည်း၊ သူကနားထောင်လေ့ရှိပြီး မြန်မာ နိုင်ငံရေးအကြောင်း သူ့နိုင်ငံရေး ရဲဘော်များအကြောင်း၊ ပြောလေ့ပြောထမရှိပါ။ ဒါပေမဲ့ ၁၉၄... ခုနှစ်ဦးတစ်နေ့တွင် ကိုအောင်ဆန်းရောက်လာပြီး စကားပြောနေရင်း ကျွန်တော်အစိုးရ အလုပ် လုပ်မယ့်အကြောင်း စကားစပ်မိကြပါတယ်။ အဲဒီမှာတင်ပဲ ကိုအောင်ဆန်းက သူ့နိုင်ငံရေး ခြေလှမ်း ဝင်တော့မယ့်အကြောင်း ကောက်ခါငင်ကာပြောလိုက်ပါတယ်။ အမှန်ကတော့ ကိုအောင်ဆန်း ကျွန်တော်တို့ ဆုံမိကြတိုင်းဘယ်တော့မှ မြန်မာ့နိုင်ငံရေးအကြောင်းမပြောပါ။ သူ့ရဲ့နိုင်ငံရေး ရဲဘော် များအကြောင်းလည်း ပြောလေ့ပြောထမရှိပါ။ ဒီတစ်ခါရောက်လာတော့ ကျွန်တော်အနေနဲ့ အ... အစိုးရအမှုထမ်းအလုပ်လုပ်တော့မယ်ဆိုတာ သိလို့ သူနိုင်ငံရေးလုပ်ဖို့ ဆုံးဖြတ်ချက်ချတာကို ထု... ပြောတာဖြစ်ပါလိမ့်မယ်။ နဂိုကတည်းက ပြောဖို့စိတ်ကူးထားတာလည်း ဖြစ်နိုင်ပါတယ်။ သူထု... ပြောခဲ့တာကတော့ သူ့နိုင်ငံရေးအလုပ်နဲ့ လုံးဝဆန့်ကျင်ဘက်ဖြစ်နေတယ်လို့ဆိုနိုင်တဲ့အစိုးရအ... ကို ကျွန်တော်ဝင်လုပ်ပေမယ့် ကျွန်တော်တို့ချင်း ခင်မင်ရင်းနှီးမှုပျက်မသွား၊ စိမ်းမသွားဘဲ ခါတို... လိုပဲ တစ်ယောက်နဲ့တစ်ယောက် ရင်းရင်းနှီးနှီး ယုံယုံကြည်ကြည် ဆက်လက်ရှိနေမှာပဲဆိုတာ ကျွန်တော် နားလည်သဘောပေါက်စေချင်တဲ့ဆန္ဒနဲ့ပြောသွားတာနဲ့ တူပါတယ်။

သူနဲ့ကျွန်တော်စကားပြောရင်အင်္ဂလိပ်လိုပဲအမြဲပြောလေ့ရှိကြပါတယ်။ ကိုအောင်ဆန်း ... ကျွန်တော်တော့ သခင်ပါတီထဲဝင်ဖို့ ဆုံးဖြတ်ချက်ချပြီးပြီ။ သခင်ပါတီအဖွဲ့ဟာ သဘော... ရည်ရွယ်ချက်နဲ့စည်းရုံးရေးအလုပ်မှာ စိတ်တိုင်းကျလောက်အောင်မဟုတ်တော့မဟုတ်သေးပါ... လုပ်ငန်းစဉ်နဲ့လုပ်ပုံလုပ်နည်းကလည်း သိပ်တိတိကျကျမဟုတ်သေးတာအမှန်ပဲ။ ကျွန်တော်ဆိုလို... က တိကျပြတ်သားတဲ့ နိုင်ငံရေးလုပ်ငန်းစဉ်ကြေညာထားတာ မရှိတာကိုဆိုလိုတာပါ။

ကိုအောင်ဆန်းပြောတဲ့စကားတွေကို ချင့်တွေးလိုက်ရတော့ ဒီသခင်ပါတီအဖွဲ့ဟာ ဗ... ပြည်ဗမာ့လွတ်လပ်ရေးအတွက် ရိုးရိုးသားသားစေတနာကောင်းကောင်းနဲ့ စိတ်ရောကိုယ်ပါတို့တ... ဝင်သွားမယ့် တစ်ခုတည်းသော ပါတီအဖွဲ့အစည်းဖြစ်တယ်လို့ သူယုံကြည်သဘောပေါက်နေတ...





ထင်ရှားနေပါတယ်။

ကိုအောင်ဆန်းပြောတာက အခု လောလောဆယ်တော့ ဒီသခင်ပါတီအဖွဲ့ထဲမှာ ပညာ တတ်လူငယ်အနည်း အကျဉ်းကလေးနဲ့ လုပ်နေကြတာပဲ။ ကျွန်တော် ဒီပါတီထဲဝင်ပြီးရင်တော့ လုပ်သင့်လုပ်ထိုက်တဲ့ အကြောင်းကလေးတွေဖြစ်အောင် ကြိုးစားလုပ်ဖို့ ကျွန်တော်စိတ်ကူးထား တယ်။ ဒီပါတီအဖွဲ့ရဲ့ရည်ရွယ်ချက်တစ်ခုက ကြွေးကြော်သံတွေကို လိုအပ်တာထက်ပိုပြီး အလေးပေး ထားတာဖြစ်နေတယ်။ ဝါဒဖြန့်ပုံကလည်း ဗျူရိုကရက်တွေနဲ့ ပညာရှင်တွေကို ကြမ်းကြမ်းတမ်းတမ်း ခံရသူနာကြည်းစေမယ့် အသုံးအနှုန်းတွေနဲ့ တိုက်ခိုက်တာမျိုးဖြစ်နေတယ်။ ဒါတွေကြောင့် ဒီသခင် ပါတီထဲ ဝင်ချင်ကြတဲ့ လူငယ်တွေတော်တော်များများဟာ ခပ်ဆုတ်ဆိုင်းဆိုင်း ခပ်ခွာခွာဖြစ်နေကြ တာ တွေ့နေမြင်နေရတယ်။

အဲဒီချို့ယွင်းချက်တွေကို ပြုပြင်လိုက်ရင် ဒီသခင်ပါတီအဖွဲ့အစည်းဟာ ပညာတတ်ဗမာ့ လူငယ်တွေရဲ့ စုရုံးရာ စည်းရုံးရာမဏ္ဍိုင်ကြီးဖြစ်လာလိမ့်မယ်လို့ ကျွန်တော်ယုံကြည်တာပဲ။

ဒီသခင်ပါတီအဖွဲ့အစည်းရဲ့ လုပ်ငန်းစဉ်နဲ့လုပ်ပုံလုပ်နည်းတွေအများကြီးထဲမှာ အရေး တကြီးသုံးမျိုးလောက် ချက်ချင်းလုပ်ရမှာပဲ။

(၁) တိကျပြတ်သားတဲ့ နိုင်ငံရေးလုပ်ငန်းစဉ်ကို ချမှတ်ပြီး လူတွေလူများစုသိအောင် လုပ်ရမယ်။ လူများစုကြီး သိရှိသဘောပေါက်လာအောင် ကြိုးစားရှင်းပြရမယ်၊ သဘောကျထောက်ခံ အားပေးလာအောင်လုပ်ရမယ်။

(၂) စည်းရုံးရေးဘက်ကဆိုရင်တော့ ဝါဒဖြန့်ချိရေးဌာနတစ်ခု သီးသီးသန့်သန့်ထားပြီး၊ လူများစုကြီးသတိထားမိ အောင် စိတ်ဝင်စားလာအောင် ကောင်းကောင်းနားလည်လွယ်တဲ့ပုံစံနဲ့ နိုင်မာတိကျတဲ့ ဝါဒသဘောထားကို တင်ပြကြရမယ်။ လွယ်လွယ်ကူကူနားလည်နိုင်တဲ့အသုံးအနှုန်း စကားလုံးတွေ သုံးထားတဲ့ စာရွက်စာတမ်းတွေများများ ဖြန့်ပေးရ ရှင်းလဲရှင်းပြကြရမယ်။

(၃) နောက်ပြီး ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်မျှော်မှန်းချက် နိုင်ငံရေးလက်တွေ့လုပ်ငန်း လက်တွေ့ကြိုးပမ်း လုပ်ကိုင်နေကြပုံတွေကို တစ်တိုင်းတစ်ပြည်လုံး လူများစုသိသွားအောင် သတင်း စာတစ်စောင်ထုတ်ဖို့ ကြိုးစားကြရမှာပဲလို့ ပြောပြီးကိုအောင်ဆန်းဟာ အကြာကြီး သူ့ဘာသာသူ စဉ်းစားခန်းဝင်နေခဲ့ပါတယ်။ ကျွန်တော်လည်း အလိုက်သိစွာပဲ သူ စိတ်ကူးမပျက်အောင် ဘာမျှ စကားမပြောဘဲနေလိုက်ပါတော့တယ်။ နောက်တော်တော်လေးကြာကြာနေပြီးတော့မှ "ပြန်လိုက်ဦး မယ်"လို့ နှုတ်ဆက်ပြီး ပြန်သွားပါတော့တယ်။ ။

**[စံပယ်ဖြူမဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၈၈]**



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း

## မိုးမင်း

နံနက်လင်း၍ အိမ်ပြတင်းတံခါးကိုဖွင့်လိုက်သည်ဆိုလျှင်ပင် ဆင်မဲဘတ်စ်ကားလမ်းဘက်မှ တစ်သုတ်ပြီး တစ်သုတ်၊ တစ်သိုက်ပြီး တစ်သိုက်ဆိုသလို ကျောင်းတက်ရန်လာနေကြသော ကျောင်းသားအမြောက်အမြားကို မြင်တွေ့ရပါသည်။ ကျောင်းသွားသည်ဖြစ်စေ၊ ကျောင်းပြန်သည်ဖြစ်စေ ကျွန်တော်၏ အိမ်ရှေ့လမ်းကိုသာ သူတို့အသုံးပြုကြသည့်အတွက် သူတို့ကိုနေ့တိုင်းပင် အာရုံစိုက်မိပါသည်။ သူတို့တစ်တွေကို ကြည့်ရင်းရှုလို့မဆုံး၊ ကြည့်လို့ မမုန်းဆိုသလိုလည်း စိတ်ထဲတွင်းဝယ် အမြဲတစေ ခံစားမိပါသည်။

တစ်သက်တာအတွင်း ကျောင်းသားဘဝတည်းဟူသော အပိုင်းအခြားကာလသည် သာယာမှုနှင့် အတိုင်းသလို မျှော်လင့်ချက်လည်း အဆုံးမထင်အောင်ရှိနေသည့် ကာလပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျောင်းမှထွက်ခဲ့ပြီးနောက် ဆင်းရဲဒုက္ခအဖုံဖုံကို မျိုးစုံအောင် တွေးလုံးရစ်ပတ်နှင့် အဆက်မပြတ်ခံစားနေရသူများကို မဆိုထားဘိ၊ လူ့လောကအလယ်တွင် တင့်ချင်တိုင်းတင့်၍ ဝင့်ချင်တိုင်း ဝင့်နေနိုင်သူများပင် ဝေးလံစွာကျန်ရစ်ခဲ့ပြီးသော အတိတ်က ကျောင်းသားဘဝကို မမေ့နိုင်၊ မမေ့တတ်ကြောင်း ထုံးဟောင်းသာကေ အနမတဂ္ဂရှိနေပေသည်။ ဤရွေ့ဤမျှအထိ ကျောင်းသားဘဝ၏ သာယာမှုသည် လေးနက်လှပါ၏။

ဤမျှလောက် အရေအတွက်များပြားလှသည့် ကျောင်းသားများအတွင်းမှ တိုင်းပြည်နှင့် လူမျိုးအသရေမည်းအောင် မ,စ, စောင့်ရှောက်မည့် ခေါင်းဆောင်ကြီးတွေ ဘယ်နှယောက်လောက်



ပေါ်ထွက်လာမည်ကိုကား ခန့်မှန်း၍မရနိုင်ပါ။ တွေးတော၍ မသိနိုင်ပါ၊ သို့သော် ခေါင်းဆောင်လောင်းများတော့ ပါရှိနေမည်မှာ မလွဲဧကန်ဖြစ်ပါ၏။

သူတို့ကို ကြည့်ရင်းမှ အနှစ် (၂၀) ကျော်ကာလက ကျောင်းသားဘဝကို ပြန်လည်သတိရမိပါသည်။ မိဘ၏ အရိပ်ကိုခိုလှုံကာ မကြောင့်မကြ မတောင့်မတနေခဲ့ရသည့် ဟိုတုန်းက ရွှေထီးဆောင်းဘဝကို မိုးကလေးက ညှိုညှိုတွင် လွမ်းစိတ်တွေပိုရင်းဖြင့် စားမြုံ့ပြန်နေမိပါသည်။

ကျောင်းသားအချင်းချင်း အတူတူနှင့်အနူနူမို့ ဘယ်သူက ဘယ်သူ့ထက်သာသည်ဟူ၍ ပြောရန်မဖြစ်သေးသည့်အချိန်၊ မိမိတို့ရှိရင်းစွဲ အရောင်အသွေးကိုကြည့်၍ အကဲခတ်ရန် လုံးဝမဖြစ်နိုင်သည့် အချိန်ကာလမျိုးတွင် နောင်အခါ၌ ဗမာတစ်မျိုးသားလုံး၏ ခေါင်းဆောင်ကြီးအဖြစ်နှင့် လူတိုင်း၏ ချစ်ကြည်လေးစားအားကိုးအားထားပြုခြင်းခံရသည့် ပြည်တော်ချစ်ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာမည့် အောင်ဆန်းသည်လည်း ကျွန်တော်တို့နှင့်အတူ ရှိနေခဲ့ပါသည်။

ထိုစဉ်တုန်းက အောင်ဆန်း၏အရောင်အသွေးကိုသာ ကြည့်ရှုအကဲဖြတ်ရမည်ဆိုသော် စာတော်သူတစ်ယောက်အဖြစ်နှင့် အင်္ဂလိပ်အစိုးရ၏ လက်အောက်တွင် မြို့အုပ်၊ ဝန်ထောက်လောက်တော့ သေချာပေါက်ဖြစ်နိုင်မည်ဟု ဆိုရပေမည်။

ကျွန်တော်နှင့်အောင်ဆန်း တစ်မြို့တည်းသားချင်းဖြစ်ကြ၍ ဆွေမျိုးနီးစပ်လည်းတော်သည်။ တစ်ကျောင်းတည်းနေတစ်တန်းတည်းပညာသင်ဖက်လည်း ဖြစ်ခဲ့သည်၊ တစ်အိမ်တည်းနေ၊ ထမင်းတစ်ပွဲတည်းတွင် လက်ဆုံစား၊ စားပွဲတစ်လုံးတည်းတွင် စာကျက်၊ ကျောင်းတက်ကျောင်းဆင်းအတူတူ လမ်းလျှောက်လျှင်မခွဲ၊ ဤသို့အားဖြင့် ကျောင်း နေချိန်မှကျောင်းထွက်ချိန်အထိ ပူးကပ်တွဲလျက်သာရှိခဲ့ကြသည်။ ဤသို့လျှင် ပင်ကိုကရင်းနှီးခဲ့သူချင်းဖြစ်သည့်အလျောက် ဟိုက်စကူးကျောင်းသား အောင်ဆန်း၊ ကောလိပ်ကျောင်းသား ကိုအောင်ဆန်း၊ နိုင်ငံရေးသမား သခင်အောင်ဆန်း၊ ဂျပန်ခေတ်တပ်မတော်မှူးချုပ်ဗိုလ်ချုပ်အောင်ဆန်း၊ အမျိုးသားခေါင်းဆောင်ကြီး ဦးအောင်ဆန်းဟူ၍ တစ်ဖြစ်ပြီးတစ်ဖြစ်၊ တစ်ဘဝပြီးတစ်ဘဝ ပြောင်းလဲတိုးတက်သွားသည့် အောင်ဆန်းအား နောက်မှနေ၍ လှမ်းမျှော်ကြည့်ခဲ့မိပါတော့သည်။

### ကနုင်းကန့်ဖက်သော အောင်ဆန်း

၁၉၂၈ ခုနှစ်တွင် အောင်ဆန်းသည် ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းတွင် လေးတန်းမှစ၍ ပညာသင်ကြားခဲ့သည်။ သို့သော် သူ၏အင်္ဂလိပ်စာအခံမှာ လေးတန်းမကပါ။ နတ်မောက်တွင်ရှိစဉ်က အစ်ကိုဖြစ်သူများ ၏ သင်ပြချက်ကို ခံယူခဲ့သောကြောင့်ဟု သိရပါသည်။

ထိုစဉ်က Candidate, qualify, distinguish, distinction, exhibition, honours စသည့် စကားကြီးစကားကျယ်များကို အသက်အရွယ် အတန်းနှင့်မလိုက်အောင် သိပြီးဖြစ်နေပါသည်။ ယူနီဘာစီတီကောလိပ်မှဆရာများအမည်၊ နာမည်ကြီးကျောင်းသားကျောင်းသူများ၏ အမည်၊ ဘီအေအောင်သူဘယ်နှယောက်၊ အိုင်အေအောင်သူ ဘယ်နှယောက်ဆိုသည်တို့ကိုလည်း မခဲခက်ခဲ ပြောနိုင်ပါသည်။

အောင်ဆန်းသည် ၁၉၃၀ ပြည့်နှစ်တွင် နောက်ဆုံးကျင်းပသည့် အစိုးရစစ်အင်္ဂလိပ်-



www.burmeseclassic.com

www.burmeseclassic.com



မြန်မာအလယ်တန်း စာမေးပွဲကို စကောလားရှစ်နှင့် အောင်မြင်ခဲ့သည်။ ရှစ်တန်းသို့ ရောက်သည့် အခါ အစ်ကိုဖြစ်သူ ဆရာကိုဘဝင်း (ကွယ်လွန်သူ ဝန်ကြီး ဦးဘဝင်း) က (Ivanhoe, Prisoner of Zenda) စသည့် စာမျက်နှာ ၉၀/၁၀၀ ခန့်ရှိ စာအုပ်ပါးကလေး ၁၀ အုပ်လောက်ကို အလွတ် သဘောလေ့လာရန်ဝယ်ပေးခဲ့သောကြောင့် အောင်ဆန်းသည် ရှိသမျှစာအုပ်များကို တစ်လုံးမကျန် အကုန်ဖတ်ပြီး လေ့လာပြီးသည်အထိ အားထုတ်ခဲ့သည်။ စာဖတ်လျှင် အသံကိုဖွင့်၍ ပါးစပ်ကိုမဲ့ကာ ရွဲ့ကာ ဖတ်တတ်သည်။

၁၉၃၂ ခုနှစ် ကျွန်တော်တို့တစ်တွေ အမျိုးသားကျောင်း ၁၀ တန်းတွင် ရှိခဲ့စဉ်က ကျောင်း အုပ်ကြီး ဦးပု (ယခု Chief Inspector of Mines and Explosives) သည် အင်္ဂလိပ်စာပြဋ္ဌာန်း တစ်ခု၌ Treasure Island (ရတနာသိုက်) စာအုပ်ကို သင်ကြားစဉ်ဖြစ်ပါသည်။ ထိုနေ့က အချိ စကားပြောခန်းများများပါသည့်အပိုင်းကို သင်ပြခြင်းဖြစ် ၍ ဆရာကြီးဦးပုက ကျောင်းသားအချို့ မတ်တတ်ရပ်စေကာ သူ့အပိုင်းနှင့်သူ သတ်မှတ်ချက်ပေးပြီး ဖတ်စေပါသည်။ အသွင်အားဖြ အတန်းထဲတွင် ပြဇာတ်ခင်းပြနေသကဲ့သို့ ရှိပါသည်။ ဤအထဲတွင် အောင်ဆန်းနှင့် ကိုမော်သ (အင်းစိန်အင်ဂျင်နီယာကျောင်းမှ မြို့ပြအင်ဂျင်နီယာစာမေးပွဲကို အောင်မြင်ပြီးနောက် အင်္ဂလိ လက်ထက်က ရေနံချောင်းမြို့တွင်ပင် အလုပ်လုပ်ရင်း ကွယ်လွန်ခဲ့သူ) တို့ ပါရှိပါသည်။

အောင်ဆန်းနှင့် ကိုမော်သန်းတို့က အပြန်အလှန်စကားပြောနေသည့်ပမာ တစ်လှည့် ဖတ်ကြရာ၌ အောင်ဆန်း စာဖတ်ပုံကို ဆရာနှင့်တကွ ကျောင်းသားအားလုံး စိတ်ဝင်စားပြီး မ ခဏသူ့အားလှမ်းကြည့်မိကြပါသည်။ အောင်ဆန်းကား အားလုံးက သူ့ကို အာရုံစိုက်နေကြောင်း မသိဘဲ ပါးစပ်ကိုမဲ့ကာ ရွဲ့ကာအသံနေအသံထားနှင့် ဖတ်နေရင်းက "That's all what you are to hear my son" ( ငါ့သား မင်းသိထားဖို့က ဒါတွေပဲကွဲ့ ) ဟူသော စာပိုဒ်သို့အရောက်တွ တစ်တန်းလုံး တဟားဟားနှင့် ပွဲကျသွားခဲ့ပါသည်။ ပွဲကျသွားခြင်းမှာ အောင်ဆန်းက ကိုမော်သန်း ငါ့သားဟု တကယ်ခေါ်ပြီး၊ တကယ်ပြောနေသလို ဖြစ်သွားသည့်အတွက်ပင် ဖြစ်ပါသည်။ ဤဖြစ် ကို ထိုစဉ်က တစ်တန်းတည်း သားချင်းဖြစ်ခဲ့သည့် သခင်ခင်ဇော်နှင့် စစ်ရုံးချုပ်အင်ဂျင်နီယာဌာန ဗိုလ်မှူးရီဇတို့ မှတ်မိကြမည်ဟု ယူဆပါသည်။

ဒီအကျင့် ဒီဝါသနာမှာ ငယ်စဉ်ကပင် ရှိခဲ့သည့်အတွက် အခြားပုဂ္ဂိုလ်တစ်ဦးဦးနှင့် တူ တူနေမည်ဖြစ်သော်လည်း အတုခိုးခြင်းကားမဟုတ်ဟူ၍ ရဲဝံ့စွာပြောလိုပါသည်။ စာဖတ်ရာ၌ ခွဲ လှသော အောင်ဆန်းသည် စာဖတ်နေခိုက်တွင် ခြင်ကိုက်သည်၊ ကြမ်းပိုးထိုးသည်တို့ကို အာရုံမပြု အောင်ပင်ဖြစ်တတ်သည်။ ဖတ်သည့် စာအုပ်တစ်အုပ်လုံး ဆုံးသွားသည်အထိ ထိုင်ရာမှ မထတတ် သည့် သူ့သဘောကို ကောလိပ်တွင် ကျောင်းနေဖက်ဖြစ်ခဲ့ဖူးသူ အချို့က ဖော်ထုတ်ရေးသားခဲ့ ပါပြီ။

အင်္ဂလိပ်စာ အရေးအသားနှင့် ပတ်သက်၍ "ဒီလူက နေရှင်နယ်ကျောင်းကထွက်လို့သ စိန့်ပေါလ်ကများ ဆိုရင် အင်္ဂလိပ်တွေကိုတောင် ပြန်သင်မှာပဲ" ဟု အချို့က အောင်ဆန်းအပေါ်တွင် မှတ်ချက်ချကြသည်။





**ထူးချွန်သူလူတော်များနှင့် ခေါင်းဆောင်ကြီးများကို ကြည်ညိုလေးစားတတ်သူ အောင်ဆန်း**

ထိုခေတ်အတွင်းက အခြားကျောင်းသားများနည်းတူပင် အောင်ဆန်းသည် ပညာဘက်တွင် ထူးချွန်သူ ဒေါက်တာဘမော်နှင့် ဒေါက်တာဘဟန် ညီအစ်ကိုနှစ်ယောက်တို့ကို စိတ်ဝင်စားခဲ့ဖူး၏။ ဤညီအစ်ကိုနှစ်ယောက်မှာ စာဖတ်ရန်အတွက် ရသမျှသော အချိန်တိုင်းကို လက်လွှတ်မခံတတ်ပုံ၊ မော်တော်ရထားစောင့်နေရင်း မော်တော်ရထားမလာမီအချိန်အတွင်း စာအုပ်ကို ဖတ်နေတတ်ပုံ၊ မော်တော်ရထား ပေါ်တွင် စီးနင်းလိုက်ပါနေခိုက်မှာပင် စာအုပ်ကိုပင် အာရုံစူးစိုက် နေတတ်ပုံတို့ကို အောင်ဆန်း များစွာသဘောကျခဲ့၏။ သို့သော် ရေနံချောင်းတွင် အောင်ဆန်းစာသင်နေဆဲကာလတွင် ဒေါက်တာ ဘမော်တို့လည်း ရေနံချောင်းသို့မလာဖူး၊ အောင်ဆန်းလည်း ရန်ကုန်သို့ မရောက်ဖူးသဖြင့် ဒေါက်တာ ဘမော်၊ ဒေါက်တာဘဟန်တို့မှာ ဖြူလေသလား၊ မည်းလေသလားဟုပင် အောင်ဆန်းမသိခဲ့ချေ။

ထိုကဲ့သို့ မသိမမြင်မတွေ့ဖူးသော ပုဂ္ဂိုလ်ကြီးများအပေါ်၌ အားကျလေးစားကာ တတ်နိုင် သမျှ စိတ်ဝင်စားခဲ့သော အောင်ဆန်းသည် ၁၉၄၆ ခုနှစ်က ရွှေတိဂုံဘုရားအနောက်မုခ်တွင် လူထု အစည်းအဝေးပွဲကြီးခေါ်ကာ ကျွန်မြူနစ် ပါတီကို ဖဆပလအတွင်းမှ ဘာကြောင့် ထုတ်ပယ်လိုက်ရ ကြောင်း ရှင်းလင်းပြခဲ့ရာ၌ လူတစ်သိန်းကျော်တက်ရောက် ခဲ့သော်လည်း တစ်ချိန်တည်းတွင် ကန် တော့မင်ဥယျာဉ်အတွင်းကျင်းပသော တစ်ကြိမ်က သူကိုယ်တိုင်လေးစားခဲ့သည့် ဒေါက်တာဘမော်၏ အစည်းအဝေးပွဲသို့ လူအနည်းငယ်မျှသာ တက်ရောက်၍ ပွဲမစည်ခဲ့ကြောင်း တွေ့ခဲ့ရပေသည်။

**ဦးဘဖေနှင့် အောင်ဆန်း**

၁၉၃၂ ခုနှစ်တွင် ကျွန်တော်ရော၊ အောင်ဆန်းပါ ၁၀ တန်းတွင်သင်ကြားနေစဉ်၌ အိန္ဒိယ နှင့် ဗမာခွဲရေး၊ တွဲရေးပြဿနာမှာလည်း အထွတ်အထိပ်သို့ ရောက်နေဆဲအချိန်ဖြစ်လေသည်။

၂၁ ဦးပါတီခေါင်းဆောင် ဦးဘဖေမှာ ခွဲရေးဘက်မှ လုံးပန်းနေခဲ့၏။ ဤကိစ္စအတွက် ဟောပြောဖြန့်ဖြူးရန် ရေနံချောင်းသို့ ဦးဘဖေဆိုက်ရောက်လာသည့်အခါ ကျွန်တော်တို့ တစ်ကျောင်းလုံးသွား၍ ကြိုဆိုခဲ့ကြပါသည်။ ဦးဘဖေမှာ ထိုစဉ်ကာလက ဗမာပြည်တွင် နာမည်အကျော်ကြားဆုံး၊ လူကြည် ညိုမှုအများဆုံးသောခေါင်းဆောင်ကြီးဖြစ်သည့်အတိုင်း ကျွန်တော်တို့ကဲ့သို့ ကြိုဆိုသူ အသင်းအပင်း အဖွဲ့အစည်းများမှာ မြို့ပေါ်တွင် မကျန်သလောက် များပြားလှပါသည်။

ကြိုဆိုရာတွင် မပါဝင်သော်လည်း နာမည်ကြီးသည့် ပုဂ္ဂိုလ်ကြီးအား မြင်ဖူးပါသည်ဟု ပြောဆိုနိုင်ရန် အရပ်ထဲမှထွက်၍ ကြည့်ကြသူများကလည်း ဒုနှင့်ဒေးဖြစ်ပါသည်။ လမ်းတွေပင် ပိတ်နေပါသည်။ သို့နှင့် ဦးဘဖေ၏ကားမှာ ရွှေကြာငုံ ရပ်ကွက်လမ်းထိပ်တွင် ရှေ့မဆက်နိုင်ဘဲ ရပ်နေရပါသည်။

ဦးဘဖေ၏ ကားနောက်မှ လူအုပ်ကြီးနှင့်အတူ နှစ်ယောက်တစ်တွဲစီတန်း၍ လိုက်ပါခဲ့ကြ သည့် ကျွန်တော်နှင့် အောင်ဆန်းသည် စီတန်းနေရာမှ ထွက်ခဲ့ကြပြီး၊ ဦးဘဖေ၏ ကားပတ်ဝန်းကျင် တွင် ကြိတ်ခဲနေသော လူအုပ်ထဲသို့ အတင်းတိုးဝင်ခဲ့ကြသည်။ ကားနားသို့ရောက်မှ နာမည်ကြီး လောက်၊ ဂုဏ်သတင်းမွှေးပျံ့သလောက် ဥပဓိရုပ်ကောင်းသော ဦးဘဖေမှာ အသားဖြူဖြူ နှုတ်ခမ်း မွေးကျင်စွယ်နှင့် နံ့သာရောင်ခေါင်းပေါင်းကို အုပ်ပေါင်း ပေါင်းထားပြီး နံ့သာရောင်ပိုးရင်ဖုံးအကျႌ



www.burmeseclassic.com

www.burmeseclassic.com



ငှက်ပျောနုသွေး ဗန်ကောက်လုံချည်တို့ကို သားနားသပ်ရပ်စွာ ဝတ်စားဆင်ယင်လျက်ရှိသည် တွေ့ရသည့်အတွက် ငေးစိုက်၍နေခဲ့ကြပါ၏။

ထိုသို့ ဖြစ်ပျက်ခဲ့ပြီး၍ ၁၃ နှစ်မျှသော အချိန်ကာလတို့ကို လွန်မြောက်ခဲ့ပြီးသည့် အောင်ဆန်းသည် ဗိုလ်ချုပ်အောင်ဆန်းဟူသောအမည်ဖြင့် ဗမာပြည်တွင်း၌ သာမက နိုင်ငံရေး တိုင်းတစ်ပါးသို့ပင် ဂုဏ်သတင်းပျံ့သင်းလျက်ရှိနေချိန်၊ ဦးဘဖေမှာလည်း ဘဝဟောင်းမှ တစ် ပြောင်းကာ ဘကြီးဘဖေဟူ၍ အားလုံးက ခေါ်ဝေါ်ပညတ်ဆိုစမှတ်ပြုလာသည့် အချိန်ဖြစ် ၁၉၄၅ ခုနှစ်တွင် -

ဗိုလ်ချုပ်အောင်ဆန်းသည် ဖဆပလစည်းရုံးရေးအတွက် နယ်လှည့်တရားဟောထွက် ဗိုလ်ချုပ်သွားလေရာသို့ ဒူးနာကြီးကြောင့် ထော့နဲ့ထော့နဲ့နှင့် ဖြစ်နေရှာသော ဘကြီးဘဖေ ပြောင်းဖူးပြုတ်၊ ငှက်ပျောသီးနှင့် ကန်စွန်းဥတို့ကိုသာ အာဟာရအဖြစ် မှီဝဲသုံးဆောင်ရင်း လိုက်ပါ သည်ကို ကျောက်ဆည်မြို့အရေးပိုင်ရုံးတွင် စာရေးအလုပ်နှင့် အရိုးထုတ်နေရသူ ကျွန်တော် မြင်လိုက်ရ၊ တွေ့လိုက်ရပါသည်။

## နိုင်ငံရေးတွင် စိတ်ဝင်စားခဲ့သည့် အောင်ဆန်း

ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းရှိ ဆရာအားလုံးမှာ ၂၁ ဦးပါတီ လိုလားထောက်ခံနေကြသူများ ဖြစ်ခဲ့ကြ၏။ တစ်ခါတစ်ရံ အလျဉ်းသင့်သည့်အခါ ၁၀ တန်းကျော သားများအား ၂၁ ဦးပါတီအကြောင်း ဦးဘဖေ၏ အရည်အချင်းနှင့် စပ်လျဉ်းသည်တို့ကို ဆရာ က ပြောပြလေ့ရှိသဖြင့် အတော်အသင့်သိထားခဲ့ကြ၏။

ကျောင်းသားသမဂ္ဂကို ဆရာများက ကမကထပြု၍ဖွဲ့စည်းပေး၏။ ကျောင်းသားများ အရည်အချင်းတိုးတက်ရာတိုးတက်ကြောင်း လုပ်ငန်းများကို ဆောင်ရွက်စေခဲ့၏။ ဆရာများက ကူညီခဲ့၏။ အမျိုးသားကျောင်းတွင် ပညာရည်နို့ သောက်စို့ခဲ့ကြသူများဖြစ်သည်နှင့်အညီ အမျိုး စိတ်ရှိခဲ့ကြ၏။

မြို့ပေါ်ရှိ သမ္မတဦးစိုးသိမ်းစသည့် ဝံသာနုနိုင်ငံရေးခေါင်းဆောင်ကြီးများ၏ တရားပွဲ ကလည်း မြို့လယ်ရှိ လယ်ပေါ်ကျောင်းဝိုင်းအတွင်း တစ်ခါတစ်ရံ မြို့မဈေးမြောက်ဘက်ရှိ ရေ မဥ္ဇူဘုရားကုန်းတော်ပေါ်တွင် အပတ်စဉ်ရှိနေခဲ့သည်။ ဤသို့သော ပတ်ဝန်းကျင်များအတွင်း နေ ရှိတွေ့ထိနေခဲ့သည့် အောင်ဆန်းသည် နိုင်ငံရေးကိစ္စများတွင် စိတ်ပါဝင်စားခဲ့၏။ အဖွဲ့အစည်း ရှိခဲ့၏။

ထိုသို့ အခြေခံပါရှိခဲ့ခြင်းကြောင့်လည်း ကောလိပ်သပိတ်စသော ကျောင်းသားလှုပ် များအတွင်း ပါဝင်ကာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရပေသည်။ အထူးမြ ဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၏ အရည်အချင်းမှာ တစ်သက်တာပတ်လုံး ညီညွတ်ရေးစိတ် ကိန်းအောင်းခဲ့ခြင်းဖြစ်၏။ သူ၏ခေါင်းဆောင်မှုအောက်တွင် ကျောင်းသားသမဂ္ဂအတွင်း ကြောင်းမထင်ခြင်းမှာ သူ၏ကြီးမားကြွခိုင်သော နှလုံးရည်ကို ဖော်ပြရာ ပထမဆုံးမှတ် ကျော ဖြစ်တော့သည်။





ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂကို ကျောင်းသားဘဝနှင့်ပင် အကောင်အထည် ဖော်ခဲ့၏။ နောက်မှ ကျွန်ဘဝတွင် ကျောင်းသားလောက၏ ဖွံ့ဖြိုးတိုးတက်မှုကို မျှော်လင့်၍ ကျောင်း သားဘဝနှင့် လုပ်ငန်းဆောင်ရွက်ခြင်းကား အချည်းနှီးသာဖြစ်သည်။ နိုင်ငံရေးလောကထဲ သို့ မြေပြပ်စ်ဝင်ပြီး တိုင်းပြည်နှင့်လူမျိုး လွတ်လပ်သည်အထိ အသက်ပေးဆောင်ရွက်မှသာ ကျောင်းသား အရေးလည်း ပြီးမြောက်နိုင်တော့မည်ဟု ကျောင်းမှထွက်လိုက်သည်။

နိုင်ငံရေးသမားဘဝသို့ ကူးပြောင်းခဲ့ရာ၌ ညီညွတ်ရေးစိတ်ဓာတ်ကိန်းအောင်းနေသူဖြစ် သည့်အတိုင်း ညီညွတ်ရေး၏ အန္တရာယ်ဖြစ်သော ကိုယ်ကျိုးရှာမှု၊ တစ်ကိုယ်ကောင်းကြံမှု၊ ကိုယ့်ကိုယ် ကိုယ် အထင်ကြီးမှု၊ ငါ့ပါတီမှ ငါ့ပါတီဟူသော အယူအဆပြင်းထန်မှု၊ လိမ်လည်မှု၊ ကောက်ကျစ်မှု၊ စဉ်းလဲမှု၊ လျှို့ဝှက်မှု၊ ဟန်ဆောင်မှုစသည်တို့ကို အကြွင်းမဲ့သုတ်သင်ဖယ်ရှားနိုင်ခဲ့သည်။

ထို့ကြောင့်လည်း အဖွဲ့အစည်းတိုင်းကို အသိအမှတ်ပြုသည်။ ဦးဘဖေ၊ ဂဠုန်ဦးစော၊ သခင်စိုး၊ သခင်သန်းထွန်း စသည့် ခေါင်းဆောင်ကြီးများကိုလည်း တန်ဖိုးထား၍ ဖဆပလအတွင်း နေရာပေးခဲ့သည်။ ဖဆပလအဖွဲ့ချုပ်ကို စတင်တည်ထောင်သည့်အခါ၌ ငါသာခေါင်းဆောင် လုပ် မည်ဟူသောသဘောမျိုးကင်းမဲ့စွာဖြင့် သခင်စိုးကြီးကိုပင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရန်ထောက်ခံခဲ့ ၏၊ ကိုယ်တိုင်အဆိုသွင်းခဲ့သည်။ တိုက်တွန်းခဲ့သည်။

ဂိုဏ်းဂဏစိတ်နှင့် ဟိုတကွဲ ဒီတကွဲဆိုသလို အင်အားစုတွေ ဖရိုဖရဲဖြစ်မသွားရေးမှာ ဗိုလ်ချုပ်အောင်ဆန်း၏ အဓိကဆန္ဒဖြစ်၏။ ထိုဆန္ဒနှင့်အညီ အကောင်အထည်ပေါ်ပေါက်လာရန် လည်း ကြိုးစားခဲ့သည်။

ပုလိပ်အရာရှိတစ်ဦးက အောက်ပါအတိုင်း ပြောခဲ့ဖူးသည်ကို အမှတ်ရမိလာသည်။

"ကျွန်တော်အရင်က ဗိုလ်ချုပ်အောင်ဆန်းကို ဘယ်လိုကြည်ညိုရမှန်းမသိခဲ့ဘူး။ သာစည် မှာတုန်းက သူ့တရားသွားနာကြည့်တယ်။ ဟာ ဒီတော့မှ တကယ်ကြည်ညိုစရာကောင်းတဲ့ လူမှန်း သိတော့တယ်ဗျာ။ သူက သူ့ဖဆပလမှ ကောင်းတယ်ဆိုတဲ့သဘောမဟုတ်ဘူး။ အဲဒီနေ့က သူပြော တာက 'ဖဆပလကို ကြည်ညိုရင် ဖဆပလထဲဝင်လုပ်၊ ကွန်မြူနစ်ကိုကြည်ညိုရင် ကွန်မြူနစ်ပါတီထဲ ဝင်လုပ်၊ ဗမာပြည်ဟာ ကျွန်ဘဝကမလွတ်သေးဘူး။ အားလုံးအလုပ်လုပ်ဖို့လိုတယ်။ ဘယ်အထဲဝင် လုပ်လုပ်ကောင်းတာချည်းပဲ။ အေးတော့ ထွက်ထိုင်မနေကြနဲ့၊ ဗမာပြည် လွတ်လပ်ရေးရအောင် ဖဆပလကသာလုပ်နိုင်တယ်ဆိုတဲ့သဘောထားကျုပ်မှာမရှိဘူး။ ကွန်မြူနစ်တွေလုပ်လို့ လွတ်လပ်ရေး ရရင်လည်း ဝမ်းသာတာပဲ။ အဓိကဖြစ်တာက ကျုပ်တို့ရဲ့လွတ်လပ်ရေးပဲ'တဲ့၊ ဒါကြောင့် အခု ထိ ကျွန်တော် ကြည်ညိုလာပြီ"

ပင်လုံကွန်ဖရင့်တွင် တစ်ကြိမ်တစ်ခါတည်းနှင့် ပင်လုံစာချုပ်ကို အကောင်အထည်ဖော် ကာ တိုင်းရင်းသား လူမျိုးစုအားလုံးအား ဗမာပြည်မကြီးနှင့် တစ်သားတည်းဖြစ်အောင် ဆက်စပ် နိုင်ခဲ့ခြင်းမှာ ဗိုလ်ချုပ်အောင်ဆန်းသည် တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေး၏တန်ဖိုးကို အထူး ကောင်းမွန်စွာ သိမြင်ကြောင်းကို ဖော်ပြသည့် အခြားသာဓကတစ်ခုပင်ဖြစ်၏။



www.burmeseclassic.com

**တကယ့်ခေါင်းဆောင်ကြီး ဦးအောင်ဆန်း**

"သူကြီးဖြစ်မယ့်ကောင် သျှောင်ကလေးပြောင်လို့"ဟူသော စကားအတိုင်း ဗမာ့ရာဇ အခန်းကဏ္ဍသစ်ကို ရေးသူအဖြစ် ပေါ်ထွက်လာမည့် အောင်ဆန်းသည် ငယ်စဉ်မှစ၍ မဖြစ်ည ကျယ်လုပ်တတ်သည့်သဘောကင်း၏၊ မရောင်ရာ ဆီလိမ်းခြင်းမျိုးကိုလည်း စက်ဆုပ်၏။ သ မဟုတ်သည့်အရာတွင် အသားယူခြင်း၊ ဂုဏ်ယူခြင်းမျိုး လုပ်တတ်ဖို့ဝေးစွ။ တကယ့်ကြီးကျ မြင့်မြတ်သော အောင်မြင်မှုများအတွက်ပင် ဟိတ်ကြီးဟန်ကြီးမလုပ်၊ ခပ်ကုပ်ကုပ်ပင် နေခဲ့၏။

ပတ်ဝန်းကျင်ကို အလေးမမူသည့် ဟိုက်စကူးကျောင်းသားအောင်ဆန်းသည် တစ်နေ ရာတွင် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေရင်းက ရုတ်တရက် ခါးထောက်ကာရပ်ပြီး ဦးခေါင်း တစ်ဖက်သို့ခပ်စောင်းစောင်းထားလိုက်ကာ အဝေးမှ သဲ့သဲ့မျှသာ ကြားနေရသောအသံတစ်ခု နားစွင့်သည့်ပမာ ငိုင်နေတတ်သည်။

တစ်စုံတစ်ယောက်က အောင်ဆန်းဟု လှမ်းခေါ်လိုက်သော် ရုတ်တရက်မကြားသေး ကြား၍လှည့်ကြည့်ပြန်လျှင်လည်း မေးသည်ကို ပြန်မပြောတတ်။ ပြောပြန်သော် စကားပလ္လင်မခံ လိုရင်းကို တဲ့တိုးပြောတတ်သည်၊ တစ်ခါတစ်ရံ မေးသူကိုကျောပေး၍ ခေါင်းယမ်းပြတတ်သေးသည်

ဤသို့ပင် အူကြောင်ကြောင်အလုပ်မျိုးကိုသာလုပ်ခဲ့သည့် အောင်ဆန်းကို ဗိုလ်ချုပ် အောင် ဆန်းဖြစ်လာသည့်အခါ လူတွေက ကြောက်ကြသည်။ တိုတောင်းသော်လည်း အမှန်ကိုသာပြော တတ်သည့်အတွက် သူ့အား ယုံကြည်ကြသည်။ အားကိုးကြသည်။ နောက်ဆုံးတော့ အူကြော ကြောင်လုပ်တာကိုပင် သဘောကျနေကြတော့သည်။

တကယ်တော့ အူကြောင်ကြောင်လုပ်သည်မဟုတ်ပါ။ ဗမာ့လွတ်လပ်ရေးတာဝန်ကြီး သည့်အလျောက် နည်းကောင်းလမ်းကောင်းတွေကို ရှာဖွေကြံဆနေခြင်းဖြစ်သည့်အတွက် ပေါ့ တန်တန်နှင့် အမှတ်မထင်ကြည်လင်ရွှင်ပျ နေကြသူများလို မနေနိုင်ခြင်းသာ ဖြစ်ပါသည်။

တိုင်းပြည်နှင့် လူမျိုးအကျိုးကိုသာ အစဉ်သဖြင့် စိတ်ဝင်စားသူဖြစ်ခြင်းကြောင့် တ တစ်ဦးအား အငြိုးထား၍ မျက်မာန်တင်းသည့် သဘောမျိုးဖြင့် တမင်ကြည့်ခြင်းမျိုးမဟုတ်နိုင် သူ့အိမ်တွင် အဆင့်အတန်းမရွေး လူတွေခြေချင်း ထပ်အောင် ဝင်ထွက်နေကြသည့်အချက်က ဗိုလ်ချုပ်သည်ကြောက်စရာမဟုတ်ကြောင်းထင်ရှားစေပေသတည်း။ ။

[မြဝတီမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၅



# ငမိုး

## ဗိုလ်ဥတ္တမတော်

[ ၁ ]

ဤဇူလိုင်လအတွင်းသို့ ရောက်ပြီဟုဆိုလျှင် ကျွန်တော်သည် သွားလေသူ (ငမိုး)ကို တကယ့်လှိုက်လှဲစွာပင် လွမ်းမိလေသည်။ အခြားအခြားသော ပုဂ္ဂိုလ်များကလည်း ငမိုးကို လွမ်းဆွတ် တမ်းတကြသည်ကို သိပါ၏။

သို့သော် ကျွန်တော့်အဖို့တွင်ကား ငမိုးကို ဆရာသမားတစ်ဦးအနေဖြင့်လည်း လွမ်းရ၏။ မသွးသား အနေဖြင့်လည်း လွမ်းရ၏။ ကျွန်တော့်ချို့ယွင်းချက်များကို မညှာမတာပြောပြပြီး ဇွတ် ကပြင်ခိုင်းခဲ့သည်။ ခေါင်းဆောင်တစ်ဦးအနေဖြင့်လည်း ကြည်ညိုရှိခိုးရ၏။ အစ်ကိုကြီးတစ်ဦး အနေဖြင့်လည်း လွမ်းရ၏။ သူ ရေတိမ်တွင် နစ်ခဲ့ကတည်းက ကျွန်တော့်မှာလည်း အားကိုးအားထား ကင်းမဲ့ကာ ငမိုးကို လုပ်ကြံသူတစ်စုအား စိတ်အနာကြီးနာမိသည်။ လုပ်ကြံမှုတည်း ဟူသော အကြမ်း ဖက်မှုကို ရှုတ်ချမိသည်။ သူကို တတမ်းတတနှင့် ပိုမိုထူးကဲစွာ လွမ်းမိခဲ့ရပါပေသည်။

ငမိုး . . . ငမိုး . . . ငမိုး . . . ။

သူ့လို ထိပ်သီးကြီးအား ကျွန်တော့်လိုလူက 'ငမိုး'ဟုခေါ်ဝေါ်ရေးသားသဖြင့် ကျွန်တော့်အား မပါသမာန်မာန မထားကြစေလို။ သူ့အား သူ၏တပည့်တပန်း ရဲဘော်များက 'ငမိုး'ဟုပင် ကင်ပွန်း တပ်ထား၏။ ငမိုးဟူသည် သူ့ရဲဘော်များက သူ့အား ချစ်စနိုးခေါ်သည့် အမည်မဟုတ်လော။ ဂျာမန် 'ရှုပ်းလ်' အား သူ့ရဲဘော်များက 'ကန္တာရ မြေခွေး'ဟူ၍ပင် ခေါ်ခဲ့သေးသည်။ သို့ဖြစ်ပါသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလည်း သူ့ရဲဘော်များလေသံအတိုင်းပင် 'ငမိုး' လိုက်ရလေသည်။

ငမိုးနှင့်ကျွန်တော် မမျှော်လင့်ဘဲ နီးစပ်ခဲ့ရလေသည်။

၁၉၄၄ ခုနှစ် နောက်ပိုင်းတွင် ကျွန်တော်သည် ဒုတိယစစ်နယ်မြေဟု သတ်မှတ်ထားသော ဗိုလ်မှူးရန်အောင်နှင့် ဗိုလ်မှူးအောင်တို့အုပ်ချုပ်သော အနောက်တိုင်းစစ်ဌာနချုပ်၌ တွဲဖက် ရုံးအုပ် အဖြစ် တာဝန်ကိုထမ်းနေရသည်။ ထိုအချိန်က ကျွန်တော်တို့တပ်အတွင်းသို့ နိုင်ငံရေး ပယောဂများ ဝင်လာ၍နေလေပြီ။ အချို့က ကွန်မြူနစ်နှင့်ဆက်သွယ်ထား၏။ အချို့က ပြည်သူ့ အရေးတော်ပုံ ပါတီထဲဝင်နေကြ၏။ ဗိုလ်မှူးအောင်နှင့် ကျွန်တော်သာလျှင် ထိုအစုအဝေးများမှ ကင်းဝေးလျက် ဗိုလ်ချုပ်မှ ဗိုလ်ချုပ်ဟု ဗိုလ်ချုပ်အောင်ဆန်းကိုသာ တမ်းတမ်းစွဲဆွဲထားရ၏။

ကျွန်တော်ကလည်း လူတစ်မျိုးဖြစ်၏။ ဆက်ဆံရေးတွင် အေးအေးဆေးဆေးနှင့်ပြေပြစ် အောင်ဆက်ဆံပါ၏။ ဤသို့ဆက်ဆံသည့်အထဲမှပင် ကျွန်တော့်အား တစ်ပတ်ရိုက်လာလျှင် ဘာကြီး ဖြစ်၍သွားသွား ဘယ်သူ့မျှ ဂရုမထားသော စိတ်ဓာတ်မျိုးဝင်လာ၏။ ထင်သလိုလည်း ဇွတ်တရွတ် လုပ်ပစ်တတ်၏။

ဤနည်းဖြင့် နဂိုက အေးဆေးသော ကျွန်တော့်လို လူသည် လူဆိုးဖြစ်ခဲ့ရလေသည်။ ပတ်ဝန်းကျင်ဟောင်းကို စွန့်ချင်၍နေ၏။

မမျှော်လင့်ဘဲ ဆန္ဒပြည့်ဝခဲ့သည်။

၁၉၄၄ ခုနှစ် နိုဝင်ဘာလ ၂၉ ရက် နေ့စွဲဖြင့် ထုတ်ပြန်သော တပ်မတော်ပြန်တမ်းတွင် ... မှူးအုပ်ချုပ်မှု အမိန့်အမှတ် (၁၉)အရ အနောက်တိုင်း စစ်ဌာနချုပ်ရုံး၏ တွဲဖက်ရုံးအုပ် ကျွန်တော့်အား စစ်ဝန်ကြီး၏ သီးသန့်ဌာနကြီးသို့ ပြောင်းရွှေ့ခြင်းခံရ၏။

ၚင်းနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ငမိုးက ကျွန်တော့်အားသူ၏ (A.D.C) ကိုယ်ရံတော် ဗိုလ်အဖြစ်လည်းကောင်း ခန့်အပ်ကာ သူ့အိမ်သို့ အိပ်ရာလိပ်များပါရွှေ့ခဲ့ဟု အမိန့်တော်ချမှတ် လိုက်လေသည်။

ငမိုးကလည်း ခွကျကျ၊ ကျွန်တော်ကလည်း ရွတ်တွတ်တွတ်၊ လူထူးနှစ်ယောက် တွေ့ကြ ရလေပြီ။ ဘာတွေ ဖြစ်ကြသနည်း။

[ ၂ ]

"ဟေ့ကောင် . . . မြို့င်ရုံက ပြဇာတ်သွားကြည့်ကြရအောင် . . ."

အီမဲလ်ဘန်းရေးသော 'ကွန်မြူနစ်ဝါဒဆိုတာ ဘာလဲ'ဟူသောစာအုပ်ကို ကျွန်တော်က အိပ်ရာပေါ်တွင် ပက်လက်လှန်ကာ ဖတ်နေ၏။ ငမိုးသည် အိမ်မကြီးနှင့်ကပ်၍ ဆောက်ထားသော ကျွန်တော့်တဲထဲသို့ ဇွတ်ဝင်လာကာ အထက်ပါအတိုင်း ပြောလေသည်။ အိပ်ရာမှ လူးလဲထပြီး သူ့အားအလေးပြုကာ သူထိုင်မှ ထိုင်လိုက်သည်။

ကျွန်တော်က ငိုင်နေသည်။ သူက ပြောပြန်၏။

"မင်း လိုက်ခဲ့ . . ."

ပြဇာတ်ကို သူဘာ့ကြောင့် ကြည့်ချင်သည်ကို ကျွန်တော်က ဓာတ်သိဖြစ်ပြီးသား ဖြစ်သည်။





သူ့လိုလူတစ်ဦးသည် ဤအထိ နိုင်ငံရေးပြဿနာတွေ အရေးကြီးမားလာသည့်အချိန် ကုပ်ကုပ်နေစေ ချင်၏။ ဟိုသွားဒီသွား မသွားစေချင်။ တစ်ခါနှစ်ခါ ပြောဖူး၏။ အငေါက်ခံရလေသည်။ ကျွန်တော်၏ စိတ်တွင် ပြောမရ၍ ချဉ်စူးလာ၏။ ထိုချဉ်စူးပြီးသား စိတ်ကလေးက ခိုးလိုးခုလုရှိလှသဖြင့် ကျွန်တော် လည်း သူ့အား 'ငေါ့'ချလိုက်မိ၏။

"မလိုက်ချင်ဘူး"

"ဘာလို့လဲကွ . . ."

"ဟာ . . ဒီလောက်အရေးကြီးတဲ့ အချိန်ကာလထဲမှာ ပြဇာတ်သွားကြည့်ကြတယ်ဆိုတာ လူပေါတွေမှ လုပ်တာပဲ . . ."

ငမိုးသည် ကျွန်တော့်အား ရှုသိုးသိုးနှင့်ကြည့်ပြီး ထိုနေရာမှ ထသွား၏။ ကျွန်တော်က အလေးပြုသည်ကိုမျှ စောင်းငဲ့၍ပြန်မကြည့်တော့ချေ။ မြည်တွန်၍ ထွက်သွားလေသည်။

"မလိုက်လဲနေပေါ့ကွ"

ကျွန်တော်လည်း ပြုံးရင်း ကျန်ရစ်ခဲ့၏။

[ ၃ ]

နေသည် လင်း၍ မြေ့ဝင်းနေလေသည်။

ကန်တော်ကြီးရေပြင်မှ ရှုပ်တိုက်ပြီး ပြေးဝင်လာသော လေညင်းနွဲ့နွဲ့ကလေးများသည် ခန်းဆီးအပြာစကို ပုတ်ခတ်၍ ကစားနေသည်။ ကန်တော်ကြီးသရက်အုပ်ဆီမှ တစ်ကောင်တလေ သော ဥသြ၏တွန်သံများကိုပင် သဲ့သဲ့ကြားနေရ၏၊ ကျွန်တော်ကား ကောင်းကင်အပြာကြီးကို ပြတင်းဝမှမော့ကြည့်ကာ စိတ်ကူးယဉ်နေ၏။

"ဝူး . . ."

ကျွန်တော် ရပ်နေသော ပြတင်းပေါက်နှင့် မလှမ်းမကမ်းရှိ မြေနီလမ်းကလေးအတိုင်း ဂက်ဆလေနက်ပြာရောင် ကားကလေးသည် ညင်သာစွာ ပြေးလွှားထွက်ခွာ၍ သွားလေသည်။ ကားပေါ်တွင်ကား ငမိုးနှင့်မမကြည်တို့ ပါ၍သွား၏။ တစ်စုံတစ်ခုကို မြင်လိုက်ရသဖြင့် ကျွန်တော် လည်း စားပွဲပေါ်ရှိ တယ်လီဖုန်းကို ကောက်ကိုင်ကာ ကင်းဂိတ်ဝရှိ ကင်းဗိုလ်ထံ အရေးတကြီးလှမ်း၍ အမိန့်ပေးလိုက်ရလေသည်။

ကားကလေးသည် ပတ်လမ်းရှိ နေအိမ်ခြံဝင်းဝသို့ ထိုးဆင်းထွက်ခွာအံ့ဆဲဆဲ ကင်းရဲဘော် သည် လှံစွပ်တပ်ထားသော သေနတ်ဖြင့် လမ်းမပေါ်တွင်ရပ်ကာ ငမိုး၏ကားကို ဆီး၍ တားဆီးထား လေသည်။

"ဟေ့ . . . ရပ် . . ."

ကားကလေးသည် ရပ်သွားလေသည်။ စကားပြောသံများကို ကျွန်တော့်တဲမှ ကြားနေရ သည်။

"ရဲဘော် ဘယ်သူ့အမိန့်နဲ့ တားရသလဲ . . ."

"တပ်မှူးအမိန့်နဲ့ တားရပါတယ် . . . ဗိုလ်ချုပ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . မင့်တပ်မှူး . . . သွားခေါ်ချေစမ်း . . ."

ရဲဘော်တစ်ဦးလာခေါ်သဖြင့် ကျွန်တော်လိုက်သွားပြီး ကားဘေးတွင်ရပ်ကာ ဗိုလ်ချုပ်အား အလေးပြုလိုက်ပါသည်။ ဗိုလ်ချုပ်မှာ ရှုံးသိုးသိုးတွင် အတော်စိတ်ဆိုးနေပုံရ၏။ ခါးတွင် ဗန်ကောက် လုံချည်တစ်ပတ်နွမ်းနှင့် တီရှပ်လက်ရှည်ကို ဝတ်ထား၏။

"မင်း . . . အတားခိုင်းတယ်ဆို . . ."

"ဟုတ်ပါတယ် . . . ဗိုလ်ချုပ် . . ."

"ဘာလို့လဲကွ . . ."

ကျွန်တော်ကား ပါးစပ်မှပြန်၍ အဖြေမပေးပါ။ ကားထိပ်အလံတိုင်ရှိရာသို့သွားပြီး စစ်ဝန်ကြီးရာထူး၊ စစ်သေနာပတိရာထူး၊ မေဂျာဂျင်နရယ်ရာထူးဟူသော ရာထူးအလိုက် တပ်ဆင်ထားသည့် အလံသုံးဆင့်စလုံးကို ဖြုတ်ယူကာ ပြန်လာပြီး ကားပြတင်းဝမှနေကာ သူ၏လုံချည်အိတ်ထောင်ထဲသို့ ပစ်ချပေးလိုက်ပါသည်။

"ဗမာ့တပ်မတော်ရှိ အရာရှိများသည် မိမိတို့၏ အဆင့်အတန်းအလိုက် ရရှိထားသော မော်တော်ကားအလံများကို စစ်ဘက်ယူနီဖောင်း အဝတ်အစား မဝတ်ဆင်ဘဲနှင့် တပ်ဆင်သွားလာခြင်းမရှိစေရ။ အရပ်သားအဝတ်အစားကို ဝတ်ဆင်သွားလာနေစဉ်အတွင်း မတပ်ဆင်ရ . . ."

တပ်မတော်တစ်ခုလုံးသို့ အထက်ပါအတိုင်း 'ဗမိုး'က အမိန့်ထုတ်ထား၏။ ယခု ကိုယ်ထုတ်ဆင့်ထားသော အမိန့်ကို ကိုယ့်ဘာသာသတိမေ့နေ၍ ဗမိုးသတိမထားဘဲ ခွလုပ်လာ၏။ မော်တော်ယာဉ်ရဲဘော်ကလည်း သတိမေ့နေ၏။ တမင်သက်သက် ပကာသနမလုပ်ကြကြောင်းကို ကျွန်တော် ကောင်းစွာသိ၏။

ဗမိုးသည် အလံများကို ငုံ့ကြည့်လိုက်၊ ကျွန်တော့်အား မော့ကြည့်လိုက်နှင့် အူကြောင်ကြောင်ဖြစ်သွား၏။ နောက်မှ တဖြည်းဖြည်း ပြုံးရယ်လာကာ တဟားဟားဖြင့် သူ့ဘာသာသူ ရယ်မောလေ၏။

"ကဲ . . . ငါသွားနိုင်ပြီလားကွ . . ."

ကျွန်တော်လည်း ပါးစပ်မှ အဖြေမပေး။ ခြေစုံရပ်၍ အလေးပြုလိုက်၏။ ကားကလေးသည် ကတ္တရာစေး လမ်းမကြီးပေါ်သို့ ပိတုန်းပမာ ပြေးလွှား၍ သွားလေသည်။

ဤဖြစ်ရပ်များအတွက်နှင့်ပတ်သက်၍ ကျွန်တော်သည် 'ဗမိုး'အား အသေအလဲ ရိုသေလေးစားမိပေသည်။ တခြား ကြီးကြီးမားမားတစ်ဦးဦးကိုသာ ဤပုံစံကူးချမိမူ ကျွန်တော့်အဖို့ သက်သာဖွယ်ရာမရှိ။

ကျွန်တော်က သူ့အား 'လူပေါ်'ဟုပြောသော စကားတစ်ခွန်းအတွက်နှင့်ပင် ဒုက္ခလှလှကြုံတွေ့နိုင်၏။ သူ့အား ဘာ့ကြောင့် 'လူပေါ်'ဟု၍ ဘုတောသည်ကို 'ဗမိုး'က ကွက်ကျော်မြင်ထား၏။ ထို့ကြောင့် ဆဲသွား၏။

အလံကိစ္စတွင်လည်း ကျွန်တော် ချောက်ကျနိုင်၏။ မည်သို့သော စေတနာနှင့်တားသည်ကို 'ဗမိုး'သိသွား၏။ သူ့အမှားကို သူသိသွား၍ ပြောင်ဝန်ခံသွား၏။ 'ငါ လူ့ထိပ်သီး'ဟူသော မာန်မာန 'ဗမိုး'တွင် မရှိ။ ဟန်ကြီးပန်ကြီးမလုပ်၊ ဘွင်းဘွင်းနှင့်ရှင်းရှင်း ရှိသည်။





အောက်လက်ငယ်သားနှင့် ဆက်ဆံရေးတွင် ဘယ်မျှအထိ 'ဗမိုး' သဘောထားကြီးသည်ကို ဤဖြစ်ရပ်များဖြင့် သိသာနိုင်ပါ၏။ ထိုကြီးမားစွာသော မြင့်မွန်သည့်သဘောထားကို လေးစားလှသဖြင့် ကျွန်တော်တို့၏ အသက်ကို 'ဗမိုး' အား ပေးအပ်ထားခဲ့ခြင်းဖြစ်သည်။

ယခု ဇူလိုင်လ ရောက်ပြန်ပြီ။

တစ်တိုင်းပြည်လုံး မြင်းဖောင်းမကျန် 'ဗမိုး'အား လွမ်းကြပေလိမ့်မည်။ တမ်းတကြပေလိမ့်မည်။ ကျွန်တော်လည်း လွမ်းပါသည်။ မချိတရိပင် လွမ်းမိသည်။ တမ်းတမိသည်။ လူနုပ်ချမ်းသာများကလည်း လွမ်းကြပေမှာပါပဲ။

သို့သော် ကျွန်တော့်လို ခွေးဘဝသာသာမျှ နေရသူက 'ဗမိုး'အား တမ်းတလွမ်းဆွတ်ခြင်းမှာ အခြားသူများကဲ့သို့ ရာဇပလ္လင်နဲ့ မဆိုင်ချေ။

အဲ . . . ကျန်နေတာလေးတစ်ခု ရေးလိုက်ဦးမည်။

"ကျုပ်ကို ဘယ်သူကချောက်ချောက်မကြောက်ဘူး။ ဘယ်လိုမြှောက်မြှောက် မမြှောက်ဘူး"

ဤစကားလုံးမှာ ဗမိုး မကြာခဏပြောလေ့ရှိသော စကားလုံးများဖြစ်သည်။ လူတိုင်း ဤစကားလုံးကို ကြားမိ သိရှိထားကြမည်။ ကျွန်တော်ကား ကြားဖူး၊ သိဖူးရုံမျှသာမဟုတ်၊ ဗမိုးသည် တကယ်ပင် မြှောက်တိုင်း မမြှောက်ခြင်းကို ကိုယ်တိုင်ကိုယ်ကျ သိရှိခဲ့ပြီး ဖြစ်ခဲ့၏။

၁၉၄၅ ခုနှစ် ဒီဇင်ဘာလကုန်ခါနီး ရက်တရက် ကျွန်တော်သည်ဗမိုး၏ (A.D.C) အဖြစ် တာဝန်ရှိသည့် အားလျော်စွာ သူနှင့်မော်တော်ကားတစ်စီးထဲတွင် အတူလိုက်ပါရ၏။ စစ်ဝန်ကြီးနှင့် စစ်သေနာပတိ ရုံးတက်တိုင်း၊ သွားလာတိုင်း ကျွန်တော့်မှာ ဘေးနားမှဒရဝမ်လိုလိုက်နေရသည်။

တစ်နေ့သ၌ ဗမိုးသည် စစ်ဗိုလ်များကိုင်လေ့ကိုင်ထရှိသော သားရေလက်ဆွဲအိတ်ကြီးကို ကိုင်ပြီး သူ၏ရုံးခန်း မှထွက်လာကာ မော်တော်ကားရှိရာသို့ သွားနေ၏။ လက်ဆွဲအိတ်ထဲတွင်ကား စာရွက်စာတမ်းဖိုင်တွဲတွေထည့်ထား၍ ဖောင်းကြွနေ၏။ ဗားကြီးကန့်လန့်၊ လက်ဆွဲအိတ် မနိုင့်တနိုင် ဖြစ်နေသဖြင့် ကျွန်တော်ကပင် သူ့အား အလိုက်သိစွာ တောင်းပန်မိ၏။ အထက်လူကြီးဖြစ်၍ အောက်လက်ကလူဖြစ်သော ကျွန်တော်က အရိုအသေပေးရသည်မှာလည်း ဘာမျှမဆန်းချေ။

"ဗိုလ်ချုပ် ကျွန်တော့်ပေးပါလား"ဟု မနိုင့်တနိုင်ဆွဲလာသော သူ့သားရေအိတ်ကြီးကို ကျွန်တော်က တောင်း၏။ ဗမိုးက ကျွန်တော့်အား စွေစောင်းကြည့်ကာ ဘုကျကျပင် အဖြေပေး၏။

"မင်းအလုပ်က ငါ့ကိုယ်ရုံဗိုလ်အလုပ်၊ မင်းဟာ ငါ့ရဲ့ကူလီမဟုတ်ဘူး။ ငါ့ဘာသာ ငါ သယ်နိုင်သားပဲ။ မင်းကူညီဖို့ မလိုဘူး"

သူ့အဖြေမှာ တကယ်ခွကျသည် ထင်ရသည်။ သူ့စကားကို ဆန်းစစ်ကြည့်လျှင် ကျွန်တော်က သူ့အား မျက်နှာလိုမျက်နှာရလုပ်သလိုထင်၍ စွတ်ပြောလိုက်ဟန်တူ၏။ ကျွန်တော့် စေတနာကလည်း တကယ်သန့်ရှင်းပါသည်။ သူ့အား (ဖလဖ)လုပ်ခြင်းကား မဟုတ်ချေ။

ဤအချက်ကို ကြည့်ခြင်းဖြင့်လည်း ဗမိုးမှာ သူ့အားမျက်နှာလိုအားရလုပ်သည်ဟု ထင်မြင်က ဤသို့ပင် ဘုကျကျ နှက်တတ်လေသည်။ သူ့အား သူရဲကောင်းကြီးဟု ချီးကျူးမိကြသူများအားလည်း "ကျုပ်ဘယ်ကလာ အာဇာနည်ရမှာလဲ။ အာဇာပန်းရောင်တောင်မဖြစ်သေးဘူး"ဟု ခဏခဏ ပြန်မှတ်ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ငမိုးသည် လူပေါ်မဟုတ်။ သူတစ်ပါးမြှောက်ပေးတိုင်း ဘဝင်မြင့်ပြီး အောက်ခြေလွတ်…မဟုတ်ချေ။ ငယ်သားများ၏ ထင်မြင်ချက်နှင့် အကြံဉာဏ်များကိုပါ တကယ်လေးစားညှိနှိုင်းလေ့ရှိ…ဖြစ်၏။ ယခုခေတ်တွင် ငမိုးလောက်မှ မထက်မြက်၊ မသန့်ရှင်းသူတွေက ကိုယ့်ဘာသာကို…အထင်ကြီးနေကြ၏။ အောက်ခြေလွတ်နေ၏။ 'ရဲဘော်စိတ်'တွေ ကင်းဝေးပပျောက်နေကြ…ထိုသို့သော လူတွေကို မြင်တွေ့ရသော ကျွန်တော့်အဖို့မှာ ငမိုးကို ပြေးခေါ်ပြီး လက်ညှိုး ထိုးပြချင်…သည်။ ဆဲလိုက်မယ့်ဖြစ်ခြင်း။

ဤလတွင် ငမိုး ရေတိမ်တွင်နစ်ခဲ့ရပြီ။ ငမိုးကို တကယ်ချစ်ကြသလား။ ငမိုးကို တက…ကြည်ညိုတယ်ဆိုတာ အဟုတ်ပဲလား မေးချင်သည်။

တကယ်ချစ်ကြလျှင် ငမိုးလို စိတ်ဓာတ်မျိုးကိုဘာလို့မမွေးကြတာလဲ။ တကယ် ကြည်ညို…လျှင် ငမိုးလုပ်သလို လုပ်ကိုင်ကြပါ။ ငမိုးလိုချင်သော တိုင်းပြည်မျိုး တည်ဆောက်ပေးပါ…ကျွန်တော် ဆိုချင်၏။

ငမိုးရေ ကျွန်တော်ပြုခဲ့ရတဲ့ကုသိုလ်တွေအတွက် အမျှပေးဝေပါသဗျ။ ။

(မြဝတီမဂ္ဂဇင်း၊ ဇူလိုင်၊ …)

# ငမိုးမသေသေး

## ဗိုလ်ဥတ္တမကျော်

[ ၁ ]

ငမိုးကို လူအများတကာက သေလေပြီဟုပြောကြသည်။

အမှန်မှာကား ငမိုးမသေသေးပါ။ ကျွန်တော်သည် ယခုရက်ပိုင်းအတွင်းမှာပင် သူနှင့်…တွေ့ခဲ့ရပါသေးသည်။ သူ့အား တွေ့ရှိမှုမက စကားပင်ပြောလိုက်ရပါ၏။

ယခု ဇန်နဝါရီလ တစ်ခုသောနံနက်ခင်း ချမ်းချမ်းစီးစီးထဲတွင် တပ်မတော် မော်ကွန်းတိုက်…၏ အောက်ထပ်၌ 'ငမိုး (ခေါ်) ဗိုလ်ချုပ်အောင်ဆန်း'အား အမှတ်မထင်ကျွန်တော်တွေ့ရ၏။ တစ်ဦး…နှင့်တစ်ဦးတွေ့ကြရာ၌ ယခင်တုန်းကလို ဝမ်းသာအယ်လဲမရှိကြ။ သူကလည်း သူ့အတွေးနှင့် သူ…ငိုင်နေ၏။ ကျွန်တော့်မှာလည်း ရင်ထဲမှာ နာနေ၏။ ဘာအတွက် အသည်းနာ ရင်နာဖြစ်ရသည်ကို…ကား ကျွန်တော် ဖွင့်မပြောချင်။ တစ်ခါတုန်းက ငမိုးအကြောင်း 'ဂျာနယ်ကျော်'ထဲတွင် ဖွင့်ပြောဖူး…သဖြင့် ငါးကြော်စားကာ ရန်ကုန်ထောင်ထဲ သုံးလကျော် ဝါဆိုခဲ့ရဖူး၏။ ထို့ကြောင့် နာနေသော…အသည်းကို ကျပ်စည်း၍ထားရမည်။

ငမိုးသည် သူ၏အတ္ထုပ္ပတ္တိကို စီကာစဉ်ကာ ပြသထားသော မှန်ဘီရိုများအား ဦးခေါင်း…ငိုက်စိုက်ဖြင့် တစ်ခုပြီးတစ်ခု လိုက်လံကြည့်ရှုနေ၏။ ထိုမှန်ဗီရို (Show Cases) များထဲ၌ တက္ကသိုလ်…ကျောင်းသားမှ ကြီးမှူးသောပြပွဲတွင် တပ်မတော်မော်ကွန်းတိုက်မှ ငမိုး၏ဓာတ်ပုံ၊ စာရွက်စာတမ်း၊…ဝတ်အစား၊ အသုံးအဆောင်ကလေးများကို စုဆောင်း၍ ပြသထားဖူး၏။ တစ်ဆယ့်သုံးခုမြောက်

www.burmeseclassic.com

www.burmeseclassic.com



မှန်ဗီရိုထဲတွင် ငမိုး၏ စီးကရက်ဘူး၊ မီးခြစ်နှင့် ပလေးယားစီကရက် ခြောက်လိပ်ရှိ၏။ ငမိုးသည် ဘာမပြော ညာမပြော စီးကရက်တစ်လိပ်ကိုယူပြီး မီးညှိသောက်နေလေရာ သူ၏စီးကရက်မှ မီးခိုးငွေ့များသည် တစ်ခဏအတွင်း မော်ကွန်းတိုက်အောက်ထပ်၌ ပြည့်လျှံ၍သွားလေ၏။ စီးကရက် မီးခိုးအနံ့ကြောင့် ကျွန်တော်၏ ဦးခေါင်းသည် ရီဝေမူးနောက်လာ၏။ ကျွန်တော်၏စိတ် သည် ရပ်တည်နိုင်စွမ်းမရှိဘဲ အတိတ်ဆီသို့ ထွက်ပြေးသွားလေသည်။

[၂]

ငမိုးသည် ကျွန်တော့်ထက် အသက်ခြောက်နှစ်ခန့်ကြီးသည်။ ကျွန်တော် ဦးသောဘိတ ကျောင်းရောက်၍ ဆရာဦးသာလင်း၏ သူငယ်တန်းတွင် စာသင်နေချိန်ဝယ် ငမိုးသည် ဆရာ ဦးဘသန်း (ဦးရွှေထိုက်?)၏ တတိယတန်းလောက်တွင် ရောက်နေပေပြီ။ ငမိုးနှင့်ကျွန်တော် အသက်ချင်းကွာခြားသလို စာသင်ရသောအတန်းလည်း ကွာခြား၏။ ကျွန်တော်၏ ဝမ်းကွဲအစ်ကို ကြွက်ကဒိုး (ခေါ်) ကိုဘအေး၊ ယခု ကျွန်တော့်ယောက်ဖ ကိုဘို၊ ကိုဖိုးနီ စသောသူများသာ ငမိုးနှင့် တစ်တန်းတည်းစာသင်ကြရ၏။ ငယ်ရွယ်စဉ်ကလေးဘဝကဖြစ်၍ ရေးရေးသာမှတ်မိတော့၏။

ငမိုးကျောင်းအဆင်း အိမ်အပြန်တွင် လမ်းသွားရင်း လုံချည်ကျွတ်သွားက ပြန်၍မဝတ်၊ လုံချည်ကို ပခုံးတွင်စွပ်၍ မည်သူ့မျှစကားမပြောဘဲ ခပ်သုတ်သုတ်သွားသည်ကို မကြာခဏကြုံရ၏။ ကျွန်တော်တို့ကျောင်းတွင် မျက်နှာကြီး ကျောင်းသားအသိုက်အဝန်းနှစ်စုကွဲနေသည်။ တစ်စုက ယခုအခါ ကာယကံရှင်များ အထင်အရှားရှိ၍ ဖွင့်ဟရေးသားရန် မသင့်။ ကျန်တစ်စုမှာ ငမိုးတို့ ညီအစ်ကိုစုဖြစ်၏။ ကျောင်းအပြန်တွင် ဤကျောင်းသားစုနှစ်စုသည် အမြဲတမ်းရန်မွဲ့ဆင်ရ၏။ တစ်စုနှင့်တစ်စု ပညာဂုဏ်ပြိုင်ဘက်ဖြစ်ကြ၍ လမ်းသွားရင်း ကျောင်းမှသင်ပေးသောစာများကို ငြင်းခုံကြ၏။ ငြင်းခုံရာမှာ လက်သီးချင်းထိုး၊ ကျောက်သင်ပုန်းနှင့်ခုတ်၊ ခဲနှင့်ထုစသဖြင့် ကလေး ဘဝ လက်နက်မျိုးစုံ အသုံးပြုကြ၏။ ထိုရန်ပွဲတွင် ကျွန်တော်တို့သည် ငမိုးတို့ဘက်မှ ပါဝင်ကြသူ ဖြစ်သည်။ ထိုကျောင်းတော်က ရန်စသည် ငမိုးတို့၊ ကျွန်တော်တို့ လူရွယ်ပိုင်းရောက်၍လည်း အငြိုး နည်းနည်းရှိသေး၏။ ငမိုး သခင်ဘဝ၊ နိုင်ငံရေးသမားဘဝအထိ အငွေ့မစဲ။ ငမိုးနှင့်ကျွန်တော်တို့ပါတီ အား ဘယ်တော့မျှအကောင်းမပြောကြပေ။ နောက်ဆုံး ငမိုးသည် (ဗိုလ်ချုပ်အောင်ဆန်း)ဟု နာမည် တဟိုးဟိုးကျော်သည်အထိလည်းကောင်း၊ ကျွန်တော်သည် ငမိုး၏နောက်လိုက် အန္တေဝါသိက ဖြစ်နေ ချိန်အထိလည်းကောင်း တစ်ဖက်မှအကောင်းပြောခြင်းကို မခံကြရ။ "ဒီကောင်တွေ အင်္ဂလိပ် ပြန်လာ ရင် ထောင်ထဲနေရမယ့်ကောင်တွေပါကွာ"ဟု အပြောခံကြရသေး၏။ ကျွန်တော်တို့ငမိုးတို့မှာ တိုင်း ပြည်လွတ်လပ်ရေးရရန် တာဝန်အထုပ်အပိုးကြီးကို ရင်ခွင်တွင်ပိုက်၍ အများတကာနှင့် ပူးတွဲဆောင် ရွက်နေရသဖြင့် ထိုကျောင်းတော်က ကိစ္စများကို ခေါင်းထဲမထားနိုင်၊ ရင်ထဲလည်း မထားနိုင်။

ဂျပန်ခေတ် (စိတ်ထင် ၁၉၄၄ ခုနှစ် နိုဝင်ဘာလ) စစ်ဝန်ကြီးနှင့် စစ်သေနာပတိအဖြစ် ကန်တော်ကြီးပတ်လမ်း (ယခု နတ်မောက်လမ်း)၌ နေထိုင်သောအခါ ကျွန်တော်သည် သူနှင့်အတူ နေရ၏။ ထိုအခါက အလုပ်အလွန်များနေသည့်ကြားမှ တစ်ခါတစ်ခါ နေရပ်ဇာတိအကြောင်း ပြန်ပြောင်းပြောမိကြ၏။

"(      ) ဘာလုပ်နေသတဲ့လဲကွ . ."

"ဒီလူ ကုန်သည်လုပ်နေတယ် ကြားရတာပဲ . ."

"အာရှလူငယ်ထဲ မပါဘူးတဲ့လား . ."

"ပါတယ် မကြားမိပါဘူး . ."

ငမိုးသည် စားပွဲတွင် လက်ချောင်းကလေးများကို တင်ထားပြီး ဗုံတီးသလိုတီးလိုက်သေး၏။ ပြီးနောက် ငြိမ်နေလေသည်။ ငြိမ်နေပြီးမှပြော၏။

"ဒီကောင် ခက်တော့တာပဲ၊ လူတော့ လူကောင်းပဲ။ အရည်အချင်းလည်း အသင့်သား၊ ကြားတတ်တာဆိုးတယ်"

ဤကား သူ့အား တစ်ဘဝတာလုံး အကောင်းဟူ၍ တစ်ခွန်းမပြောသော သူ၏ ကျောင်း နေဖက်အပေါ်တွင် ထားရှိသော သဘောထားပင်တည်း။ ငမိုး၏ ဖြူစင်တိကျသော သဘောထားကို ကျွန်တော်သည် ရုတ်ခြည်းသိ ထိမိပြီး အံ့အားသင့်သွားခဲ့ရ၏။ သူ့ သူငယ်ချင်းအပေါ်တွင် ကြင်နာ ပြီး သူမျှော်မှန်းသလိုမဟုတ်သောကြောင့် ရှုတ်ချခဲ့ခြင်းကား မပြုပေ။

ငမိုးသည် စိတ်ထားကြီးမားပေသည်၊

၁၉၂၉ ခုနှစ်။

ငမိုး စတုတ္ထတန်းအောင်ပြီးသောအခါ အင်္ဂလိပ်ကျောင်းသို့ပြောင်းသွား၏။ အင်္ဂလိပ် ကျောင်းဆိုသည်မှာ ရေနံချောင်း နေရှင်နယ်ကျောင်းကိုဆိုလို၏။ အဲဒီခေတ်တုန်းက အင်္ဂလိပ် ကျောင်းကို တော်ရုံတန်ရုံ ကျောင်းသားများ သွားပြီး ပညာမသင်နိုင်။ မိဘ၊ ဦးလေးသားချင်းများတွင် ငွေကြေးတတ်နိုင်မှသာ အင်္ဂလိပ်ကျောင်းသို့ရောက်နိုင်၏။ ငမိုး၏မိဘများမှာ ငွေစရှိသူများဖြစ်သည်။ ငမိုးအင်္ဂလိပ်ကျောင်းရောက်သွားပြီး ကျွန်တော်တို့ ဦးသောဘိတကျောင်းတွင် ကျန်ရစ်ခဲ့သည်။ ဤတွင် ငမိုးနှင့်ကျွန်တော်တို့ အနေဝေး၍သွား၏။

ဒီလို . . ဒီလိုနှင့် ကျွန်တော်တို့ အိမ်အရှေ့ဘက်က ဇကရာဇ်ပင်ကလေးသည် ဇကရာဇ် ပင်ကြီးဖြစ်လာ၏။ ကျွန်တော့် အစ်ကိုဝမ်းကွဲ ကြွက်ကဒိုးသည် ငယ်နာမည်ပျောက်၍ ဘအေး ဖြစ်လာပြီး မိန်းမပင်ရနေ၏။ ကျွန်တော်လည်း နှာရည်တွဲလောင်းနှင့် ကလေးဘဝမှ လူပျိုပေါက် အရွယ်ဖြစ်လာ၏။ ငမိုးသည်လည်း ကောလိပ်ကျောင်းသားကြီးဖြစ်သွား ပေပြီ။

အဲဒီခေတ်က ကျွန်တော်တို့မြို့မှ ကောလိပ်ကျောင်းတွင် ပညာသင်နေသူ လေးငါးဦးရှိ မည်။ အခြားသူများက တစ်မူ၊ ငမိုးက တစ်ဘာသာ ကျွန်တော်မည်သူ့မျှ ထိခိုက်စေလိုသော စေတနာမထားပါ။ အချို့ ကောလိပ်ကျောင်းသားကြီးများ နွေဉတုကျောင်းပိတ် အိမ်ပြန်လာရာတွင် ဘယ် နေ့ရောက်မည်၊ ဘူတာက ကြိုပါဟု အိမ်သို့ သံကြိုးရိုက်ထားလေ့ရှိကြ၏။ နတ်မောက်သည် တော မြို့ ကလေးဖြစ်၍ မော်တော်ကားနတ္ထိ၊ လှည်းယာဉ်များသာ အသုံးပြုကြရ၏။ ဘူတာနှင့် မြို့စပ် ကြားတွင် "ယင်းသာသာ ကွင်းညာက ရှုလိုက်တော့ . ."ဟူသော ဦးကြော့လေးချိုးတွင်ပါသည့် ယင်းချောင်းကြီးက ခြားထား၏။ မိုးရာသီတွင်ရေရှိ၍ နွေရာသီတွင် ရေမရှိ၊ သဲများပြည့်နေ၏။ ထိုကြိုးစာရသည့် သက်ဆိုင်ရာများက ကောလိပ်ကျောင်းသားကြီးတွေကို လှည်းယဉ်နှင့် သွားကြိုရင်း လှည်းယဉ်ဆိုပေမယ့် မခေလှ။ နှီးပေါင်းမိုးတွင် နံဘေးဝဲယာနှစ်ဖက်၌ ပြတင်းပေါက်ပါပြီး ခန်းဆီး







www.burmeseclassic.com

www.burmeseclassic.com



တပ်ထားကြ၏။ လှည်းဆောင့်သောအခါ ဖင်မနာအောင် မွေ့ရာခင်းထား၏။ နွားတွင် ချူကုံးတွေ တချွင်ချွင်နှင့် စိတ်ကြီးဝင်စရာသိပ်ကောင်း၏။ ရထားကအဆင်း မြို့ထဲအဝင်၌ တစ်စောင် တစ် ပေးရသော (ရန်ကုန်ဂေဇက်) အင်္ဂလိပ်သတင်းစာကြီးကို လှည်းနံရံ ခြေကန်ဖက်ရင်းလိုက်ပါလာလျှင် ကောလိပ် ကျောင်းသားပြန်လာပြီဟု သိကြရ၏။

ငမိုးကား အာဂငမိုး။ သူ နွေကျောင်းပိတ် အိမ်ပြန်လာလျှင် သံကြိုးလည်းမရိုက်၊ ဘယ်သူ လည်း အကြိုမခိုင်း၊ အိပ်ရာလိပ်နှင့်သေတ္တာကို လှည်းကြုံနှင့် ငါးမူးပေးပြီး တင်လွှတ်လိုက်တတ်၏။ ရန်ကုန်ရထားဆိုက်သော နေ့ခင်း ၂ နာရီနေပူပူထဲတွင် ဦးထုပ်မပါ၊ ဖိနပ်မပါ ယင်းချောင်း ဖြတ်ကူးလာတတ်၏။ ချည်လုံကွင်း မီးလောင်ပေါက်နှင့် မြို့ အရှေ့ဘက်က မြောင်းဘောင်အတိုင်း လျှောက်၏။ ထိုကမှ မြို့ထဲဝင်၍ အိမ်သို့သွား၏။ တစ်ခါတလေ စပါးလှေ့နေသော လူသိုက်ထဲ ဘာမျှမပြော ဝင်ထိုင်၏။ မောမောနှင့် ရေနွေးကြမ်းနှစ်ခွက်သုံးခွက်ငှဲ့သောက်ပြီး တန်းထသွားသည် ဟူ၏။ နေပူပူ ခြေကျင်ပြန်လာရာ တစ်ခါက ကျွန်တော် လယ်ကွင်းရေစပ်တွင် စာဝရီးကလေးမှ အား လေးခွနဲ့ လိုက်ပစ်နေစဉ် ကြုံဖူး၏။ ကျွန်တော်တို့က နှုတ်ဆက်၏။ သူက မကြား၊ တစ်ယော တည်း လက်သီးဆုပ် အံကြိတ်ပြီး စကားပြောသွားလေသည်။ ဘာပြောတာမှန်းလည်းမသိ။

[ စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းဘဝတုန်းက အဲဒီရှုကွင်းကို ကျွန်တော်ကပြန်ပြော ၏။ "အဲဒီတုန်းက ကျွန်တော်တို့က ခင်ဗျား စိတ်နောက်နေတယ် ထင်ကြတာ"ဟု ပြောရာ ငမိုး ဘာမျှပြန်မပြော၊ ဟက်ဟက်ပက်ပက်သာ ရယ်လေ၏။ ]

၁၉၃၆ ခုနှစ် ကျောင်းသား သပိတ်ဖြစ်စဉ် ငမိုးသည် နာမည်ထွက်လာ၏။ ငမိုးက မျိုးချစ် စိတ်ဝင်စား၏။ အမျိုးသားလှုပ်ရှားမှုတွင် ပါဝင်နေ၏။ နေရပ်ရှိ သခင်ဗညာဏ်၊ ကျွဲသုံချောင်း ကိုဘိုထွန်းရှိန်၊ မောင်ညွှန့်၊ ကျွန်တော်တို့ လူသိုက်သည် ငမိုးလမ်းစဉ်ကိုလိုက်ကြရင်း သတင်းထော ဘဝနှင့် နယ်အရာရှိဆိုးတွေ နှက်သူကနှက်၏။ သခင်လုပ်ငန်း၊ ကျောင်းသားသမဂ္ဂလုပ်ငန်းတွေ လုပ်သူတွေက လုပ်ကြ၏။ နဂါးနီစာအုပ်တွေဖတ်ပြီး ဆွေးနွေးကြ၏။ သခင်စကား၊ ကျောင်းသား စကားတွေ နားငြီးအောင်ဆွေးနွေးပြောဆိုသဖြင့် အိမ်မှနှင်ချခံရသူခံရ၏။ ငမိုးအစွဲကားပြင်းထန်

ငမိုး နွေကျောင်းပိတ် ပြန်အလာမျှော်ရင်း သူပြန်လာလျှင် တက္ကသိုလ်မဂ္ဂဇင်း၊ အိုး မဂ္ဂဇင်း၊ ဒီးဒုတ်ဂျာနယ်၊ ဘားမားဂျာနယ်စသော စာအုပ်များပါလာလေ့ရှိ၏။ ကျွန်တော်တို့က ယူ ဖတ်၏။ အချို့ အိမ်နီးနားချင်းများ နေ့ခင်းနွားစာပြောင်းရိုးစဉ်းနေစဉ် သွားပြီးဖတ်ပြ၏။ ကျွန်တော် က ဒီလိုလုပ်နေစဉ် ငမိုးက ညလသာသာ ရွာထဲမှ ကလေး တွေစု၊ ပဲကြီးလှော်ဝေပေးပြီး တို သီချင်းသင်ပေး၏။ ဤနည်းဖြင့် ကျွန်တော်တို့မြို့ရှိ လူငယ်တစ်တွေမှာ ဟိုခေတ်က လူကြီးများ အခေါ် အရ ဝံသာနု၊ ထောင်စာကလေးတွေ၊ သူပုန်ကလေးတွေ ဖြစ်လေကုန်၏။

၃၈ ခုနှစ်တွင် ကျွန်တော်၊ မောင်ညွန့်၊ ထွန်းရှိန်တို့သည် ကျောင်းသားသမဂ္ဂခေါင်းဆော များဖြစ်၏။ ငမိုးခေတ္တပြန်လာ၏။ ကျွန်တော်တို့ကျောင်းသားတွေ ထကြွလှုပ်ရှားသည်ကို သူကျေ ၍နေ၏။ ကျောင်းသားသပိတ်ဖြစ်ပြီး ကိုအောင်ကျော်ကျဆုံး၏။ ရန်ကုန်သမဂ္ဂမှ သံကြိုးရလျှ ရချင်း ငမိုးထံသွား၍ပြောပြရာ ငိုင်နေ၏။ နောက် ကျောင်းသားသမဂ္ဂအစည်းအဝေးကျင်းပ သာသနဟိတစာကြည့်တိုက်သို့ လိုက်လာ၏။ နေ့ခင်း (၁) နာရီခန့်ရှိပြီ။ ဦးထုပ်မပါဘဲ လိုက်လာ၏။





ကျောင်းသားအစည်းအဝေးတွင် စကားပြော၏။ နာရီဝက်ခန့်ပြော၍ လုပ်ငန်းစဉ်ချပေးပြီး အိမ်သို့ နေပူကြီး ထဲ၌ပင်ပြန်သွား၏။

အံ့ဖွယ်ကောင်း၏။ တစ်ခါတုန်းက တစ်နေ့ နေ့ခင်း မြို့လယ်ရှိ ကိုအီကွမ်း၏ တရုတ်လက် ဖက်ရည်ဆိုင်တွင် ငမိုးရောက်နေ၏။ ငမိုး၏ပတ်ပတ်လည်တွင် လူစည်ကား၍နေ၏။ အလယ်မှာ ဆရာကိုညို၊ ဘိန်းစားကိုကွက်ကြီး၊ ဘိန်းစား ကိုဘထွန်း၊ ဆိုင်းဆရာ ကိုရေချမ်း၊ ကိုစိုးကြီး၊ ကိုရေအေး စသော ပရိသတ်များရှိ၏။ ကျောက်စားပွဲတွင် ရေနွေးကြမ်းခရားတင်ပြီး ထိုလူသိုက်နှင့် တို့ဗမာ အစည်းအရုံးအကြောင်း၊ ကျောင်းသားသမဂ္ဂအကြောင်းတွေ ဆွေးနွေးနေ၏။ ကိုဘကွမ်း၊ နဘိ- ကိုလှဖေ၊ သံရောင် ထွန်းရှိန်၊ ဘိုနက်၊ ကျွန်တော်တို့လည်း ဆံပင်ညှပ်ဆိုင်တွင် ရေနွေးကြမ်း စု သောက်နေရာမှ သူ့အသံကြား၍ ထ,လာခဲ့ကြခြင်းဖြစ်၏။ ငမိုးက မျိုးချစ်စိတ်ရှိရန်နှင့် အင်္ဂလိပ် မကောင်းကြောင်း များပြော၏။

ဘိန်းစား၊ အရက်သမား၊ ကြက်သမားများမှာ သူတို့၏လုပ်ငန်းတွင် မဖြတ်နိုင်ဘဲ စွဲလမ်း နေသူများဖြစ်၏။ သူတို့သည် သူတို့၏လုပ်ငန်းများမှလွဲ၍ တခြားဘာကိုမျှ စိတ်ပါဝင်စားသူများ မဟုတ်ကြ။ သူတို့အား မျိုးချစ်စိတ်ထားရှိရန် တရားဟောသူသည် ဘာမျှမျှော်လင့်ချက်ထားရန်မရှိ။

သို့သော် ငမိုး နတ်မောက်မှ ရန်ကုန်သို့ပြန်သွားသောအခါ၌ ထိုလူတစ်စုသည် သတင်းစာ ဖတ်သူက ဖတ်၍ သခင်အကြောင်း၊ ကျောင်းသားအကြောင်းများကို အရက်ဆိုင်၊ ဘိန်းခန်း၊ ကြက်ပွဲများတွင် ဆွေးနွေးကြသည်အထိ ဖြစ်သွား၏။ အံ့ဖွယ် စည်းရုံးရေးပါတကား။

[ ၄ ]

အများသိကြသည့်အတိုင်း ငမိုး ဂျပန်သို့သွား၏။ ပြန်လာ၏။ ဗိုလ်တေဇ ဖြစ်လာ၏။ ဘဲဒီ (ဘီအိုင်အေ)တွင် ကျွန်တော် ဒုက္ခလှလှကြီးတွေ့ရ၏။

ထိုစဉ်က ကျွန်တော်သည် ဟသ်ာတဗိုလ်ဗသိန်းတပ်မှတစ်ဆင့် ဗိုလ်မှူးရန်နိုင်၏ တပ် မဟာတွင်ရောက်ရှိနေ၏။ တပ်စခန်းမှာ မန္တလေးဆပ်ပါးမိုင်းနားစ်တွင်ဖြစ်၏။ တပ်စခန်းထဲတွင် စိန်ပန်းပွင့် နီနီရဲရဲတွေက ယခု ရုံးစာရေးမမကလေးတို့၏ နှုတ်ခမ်းလိုနီရဲ၍နေ၏။ အရှေ့ဘက်တွင် ကား စေတီ၊ ပုထိုး၊ ဂူကျောင်း၊ ဇရပ်တို့ဖြင့် ပြည့်နှက်နေသော မန္တလေးတောင် တည်ရှိ၏။

အချိန်အခါကား (ဘီအိုင်အေ) ကို ဖျက်သိမ်း၍ (ဘီ ဒီ အေ)သို့ အပြောင်းအလဲ ကာလ ဖြစ်၏။ (ဘီအိုင်အေ) တွင်ပါလာသော တပ်ဗိုလ်များအား အချို့ကို တိုက်ရိုက်ကော်မရှင် ရာထူးပေး၍ ကျန်အချို့ကို မင်္ဂလာဒုံဗိုလ်သင်တန်း ကျောင်းသို့ ရွေးချယ်တက်ရောက်စေရမည် ဖြစ်၏။ တစ်ညနေ ဂင်း၌ ကျွန်တော်၏အိမ်သို့ ဗိုလ်မှူးရန်နိုင်ထံမှ ဆက်သား ရဲဘော်ရောက်လာ၏။ တစ်ခါတည်း လိုက်ခဲ့ပါဟု မှာကြောင်းပြော၏။ ဘုမသိ၊ ဘမသိ၊ လုံကွင်းနှင့်ပင် လိုက်သွား၏။ တပ်စခန်းမြောက် နားရှိ ဗိုလ်မှူးရန်နိုင်အိမ်အပေါ် ထပ် အရှေ့ဘက်ခန်းသို့ရောက်သွား၏။ ထိုအခန်းထဲ၌ ဗိုလ်မှူးရန်နိုင်၊ ဗိုလ်ချုပ်နေဝင်း၊ ဗိုလ်မှူးဗလ၊ ဗိုလ်မှူးဇေယျနှင့် အခြားကျွန်တော်သိခဲ့ဖူးသော ဗိုလ်မှူးကြီးတို့ စုထိုင်ပြီး စကားပြောနေကြ၏။ ကျွန်တော့်အား ဖော်ဖော်ရွေရွေ နှုတ်ဆက်ကြ၏။ ဗိုလ်မှူးရန်နိုင်က ၎င်းတို့နှင့် မိတ်ဆက်ပေး၏။ ဗိုလ်မှူးရန်နိုင်က ထုံးစံအတိုင်း ပြုံး၍ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား တပ်ကထွက်မယ် ကြံသေးသလား"

"ဟာ . . ဘယ်ထွက်ရမှာလဲ ကျွန်တော် ဆက်လုပ်မှာပါ"

"ခင်ဗျားကို ကျွန်တော်တို့က ဒါရိုက် အပ္ပိုင်မင့်ပေးဖို့ စီစဉ်ထားတာဗျ"

ကျွန်တော်က ဘာမျှပြန်မပြော၊ အားလုံးက ကျွန်တော့်ကို အားနာသောအကြည့်၊ ကြင်နာသောအကြည့်ဖြင့် ကြည့်နေ၏။ ဗိုလ်မှူးရန်နိုင်ကသာ စကားဆက်ပြော၏။

"ဒါပေမဲ့ ကျွန်တော်တို့အစီအစဉ်အတိုင်းတော့ မဖြစ်ဘူး။ ဒီစာသာဖတ်ကြည့်ပါဗျာ" ဟု စာရွက်တစ်ရွက်ကိုပေး၏။ စာရွက်မှာ လက်ဝါးသာသာမျှရှိမည်။ မင်နီနှင့်ရေးထား၏။ စာ၏ဆိုလိုရင်းမှာ နတ်မောက်မှလာသော သခင်ဘုန်းကျော်ဆိုသူ ကျောင်းသားခေါင်းဆောင်တစ်ယောက်ရှိသည်။ ဟသ်ာတဗိုလ်ဗသိန်းတပ်ထဲပါသွားသည်။ သူ့ကို ရှာပါ။ တွေ့လျှင် မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်းသို့ ပို့ပေးပါ။ တိုက်ရိုက်ရာထူးစာရင်းတွင် မထည့်နှင့်ဟူသတည်း။ အောက်တွင် (ဗိုလ်တေဇ) ဟု လက်မှတ်ထိုးထား၏။ ကျွန်တော်က စာရွက်ကိုခေါက်၍ ပြန်ပေးလိုက်၏။ ဗိုလ်မှူးရန်နိုင်သည် စာရွက်ကိုပြန်ယူရင်း မေး၏။

"ဘယ်လိုသဘောရသလဲ"

"သူ့စာအတိုင်းပေ့ါ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ တပ်ထဲဆက်ပါမှာပဲ"

ဗိုလ်မှူးရန်နိုင်က ဝမ်းသာအားရ လက်ဆွဲနှုတ်ဆက်၏။ အားလုံးက လက်ခုပ်တီးလိုက်ကြလေသည်။

ဒီနေရာ၌ ငမိုး၏စာသည် တိုတိုနှင့်ထိ၏။ တစ်မြို့တည်းသားချင်း လူရင်းချင်းပင်ဖြစ်သော်လည်း မျက်နှာသာ မပေး၊ တိုက်ရိုက်ရာထူးစာရင်းတွင် မပေးစေရ။ ကျွန်တော်တို့အပေါ် အခွင့်အရေးမပေး၍ ကျွန်တော်က စိတ်မဆိုး၊ ငမိုး၏ဓာတ်ကြောကို သိပြီးဖြစ်၏။ ဒ. ခမစု၏ လယ်ပေါ်ယာပေါ်စာချုပ်များကို တိတ်တိတ်ယူ၍ မီးရှို့ခဲ့သော ငမိုး၊ အမေ့ပစ္စည်းတောင်မှ လမ်းမကျဘူးထင်လျှင် လမ်းကျအောင် ဖွတ်လုပ်တဲ့ ငမိုး။ ငမိုးတွင် မျက်နှာစိမ်း၊ မျက်နှာကျက် ဟူ၍ ခွဲခြားခြင်းမရှိ၊ တည့်မတ်လိုက်သည်မှာ ချိန်ခွင်လျှာလိုဖြစ်နေ၏။

မောင်မင်းကြီးသားက တည့်မတ်ပါ၏။ ကျွန်တော့်တွင်ကား မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်းတွင် ကိုးလလုံးလုံး ဂျပန်၏ ပါးအရိုက်ခံ၍ ပဲပင်ပေါက်ရေလုံပြုတ်ကိုစားကာ စစ်ပညာသင်ခဲ့ရ၏။ ဒူးနှင့်တတောင်ဆစ်တို့မှာ ကျွဲပခုံးထနေ၏။ မချိမဆံ့ပင်ပန်း၍ လှလှကြီး ဒုက္ခတွေ့ခဲ့ရ၏။

တနင်္ဂနွေနေ့ စစ်ကျောင်းအားလပ်၍ သူ့ထံသွားတွေ့၏။ မန္တလေးတွင် ဖတ်ခဲ့ရသော စာနီရဲ့အကြောင်း ပြောပြသောအခါ ငမိုးက မျက်လုံးစောင်း၍ကြည့်၏။ ပြီးတော့ တစ်ခွန်းချင်း ပြောပြ၏။

"မင်း တိုက်ရိုက်ပေးရင် ဘဝင်မြင့်သွားမှာစိုးလို့ကွ။ ကျောင်းတက်ပြီးမှ ကော်မရှင်ရတော့ ဘယ်သူက ဘာမှ ပြောစရာမလိုဘူး"

ကျွန်တော့်မှာ သင်တန်းတွင် မိကျောင်းသွားတက်ရ၍ရသော ဒူးကအနာရွတ်ကိုသာ လက်နဲ့အသာပွတ်နေ၏။ သူ့အား ပြန်မပြောရဲ၊



| ၅ |

မင်္ဂလာဒုံစစ်ကျောင်းမှဆင်းပြီး နှစ်နှစ်ခန့်အကြာတွင် ကျွန်တော်သည် ငမိုးထံရောက်သွား၏။ သူ၏ ကိုယ်ရံတော်အဖြစ်နေရ၏။ သူနှင့် တော်လှန်ရေးမထွက်မီ သုံးရက်ခန့်အလိုအထိ အတူနေခဲ့ရ၏။

တော်လှန်ရေးအပြီး ကျွန်တော့်အား နိုင်ငံခြားလွှတ်ရန် အစီအစဉ်များအတွက် (ယခု မြန်မာ့စီပယ်စာရင်းကိုင်ချုပ်) ဗိုလ်မှူးထွေးမောင်အား တာဝန်ပေးထား၏။ ကျွန်တော့်အားလည်း ပြောထား၏။ ကျွန်တော်က မနေ၊ နိုင်ငံရေးထဲ ဝဲလည်ရန် တပ်မတော် လူထွက်များနှင့်ဆွေးနွေးပြီး နတ်မောက်သို့ ပြန်သွား၏။ ထိုအခါ ငမိုးသည် ကျွန်တော့်အား 'ငါ'ကိုင်၍ ကြိမ်းဝါးသည်ဟု၏။ ရန်ကုန်သို့လာရင်း သူ့ထံဝင်သွား၏။ ကျွန်တော့်အား အစဦးတွင် စိတ်ဆိုးလွန်း၍ စကားမပြော၊ ကျွန်တော်က ဖွတ်ပြော၏။ ဒီလိုနဲ့ သူစိတ်ပြေသွားသည်။

ကျွန်တော်လည်း သူ့ဝါဒကို နာခံကာ မြို့မှနေ၍ ဆောင်ရွက်ပေး၏။ သူ ဒုတိယ ဘုရင်ခံမြစ်ချိန် ရွေးကောက်ပွဲအတွက် တရားဟောရင်း နတ်မောက်ရောက်လာ၏။ သူ့ထံတွင်လာ နေရန် အတန်တန်ခေါ်၏။ ကျွန်တော်ကငြင်း၏။ နောက်ဆုံး အမေစုက ကြားဝင်ပြန်၏။ "ကဲ . . မင်းတော့ ခေါ်ချင်လည်း ခေါ်သွား၊ မြို့မှာ ကောင်ကလေးမရှိမဖြစ်ဘူး။ တစ်လ နှစ်လနေပြီး ပြန်ပို့"နှင့် နှိုင်းတဲ့ကြ၏။ သူနှင့်ရန်ကုန်လိုက်လာရပြန်၏။ အတူနေရမည်ဟု ဖွတ်ကြိမ်းမောင်းနေ၏။ ကျွန်တော်က အင်းလည်းမလုပ်၊ အဲလည်း မလုပ်။ သူ တောင်ငူသို့ရွေးကောက်ပွဲအတွက် ခဏသွားနေစဉ် ကျွန်တော်လည်း နတ်မောက်သို့ပြန်၍လစ်လာခဲ့၏။ မြို့ကလူကြီးတွေက ပူပန်ကြ၏။ "မင်းမရှိ ဘယ်သူက စောင့်ရှောက်မှာလဲ" ပြောကြ၏။ "အမယ်လေးဗျာ . . မပူကြစမ်းပါနဲ့။ သူ့မှာ တစ်ပုံကြီးရှိပါတယ်၊ ဘာမှလည်း စိုးရိမ်စရာမရှိပါဘူး" ဟု ကျွန်တော်က ပြောရ၏။

သို့သော် ကျွန်တော်ပြန်လာလို့ သုံးလမကြာခင် ငမိုး သေနတ်ပစ်ခံရလေသည်။ အရပ်က လူကြီးတွေက ကျွန်တော့်ကို ဆဲကြ ဆူကြ၏။

"မင်းပြောတဲ့ တစ်ပုံကြီးဆိုတာ ဘယ်မှာလဲဟ ခွေးမသားလေးရ"ဟု ငိုရင်းဆဲကြ၏။ ကျွန်တော်လည်း ထိုင်မှိုင်ရုံကလွဲ၍ ဘာမျှ မကြံတတ်။

ငိုတဲ့လူတွေကငိုကြ၊ ဝမ်းသာတဲ့လူကလည်း ဝမ်းသာ၊ နောက်ဆုံး ငမိုးခမျာ အာဇာနည်ကုန်းတွင် သွားအိပ်နေရှာ၏။ သူ အာဇာနည်ကုန်းရောက်တာ ကိုးနှစ်လောက်ရှိပြီထင်သည်။

ဒီလိုနဲ့ပဲ လူတွေက ငမိုးသေပြီ ပြောကြသည်။ အမှန်ကား ငမိုးမသေသေးပါ။ တပ်မတော် မှော်ကွန်းတိုက်ပြခန်းတွင် အသက်ရှင်လျက်ရှိသေး၏။

| ၆ |

ကိုငမိုးက စီးကရက်မီးခိုးကြားထဲမှနေ၍ စကားပြောသည်။

"မင်းက ဒီမှာ ဘာလာလုပ်နေတာလဲ"

"ပေါင်းဟောင်း သင်းဟောင်းရဲဘော်ကြီးတွေက ခေါ်လို့လာခဲ့တာပဲ၊ တပ်မတော်ရဲ့ ပွဲပုံင်းဆိုလား . . ရာဇဝင် ဆိုလား ရေးရမတဲ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ . . မင်းတို့က ရာဇဝင်ရေးမယ် . ."

"ဟုတ်ပါတယ် . . ရေးကြရမယ် . . ၊ ကျွန်တော်တို့မှမရေး ဘယ်သူက လာရေးမှာလဲ"

"အေး . . ရေးတော့ ရေးပေါ့။ ငါ တစ်သက်လုံးလုပ်လာခဲ့တာကို မင်းတို့က ကလောင်တစ် ချောင်းနဲ့များတော့ မဖျက်ဆီးလိုက်ပါနဲ့။ ဗိုလ်ချုပ်လမ်းစဉ် ဗိုလ်ချုပ်လမ်းစဉ်ဆိုပြီး ငါ့နာမည် ရောင်းစားနေရင် မကောင်းဘူး"

"ကျွန်တော်တို့ကတော့ ရောင်းမစားခဲ့ပါဘူးဗျာ၊ ဘုရားပေးပေး . . ကျမ်းပေးပေး . ."

"ဟော . . မင့်စကားထဲမှာ ကျွန်တော်တို့ကတော့ဆိုတာပါလာတယ်။ ကျွန်တော်တို့ မရောင်း၊ တခြား လူတွေကတော့ ရောင်းစားသလို ပြောစမ်း၊ ဘယ်သူတွေက ရောင်းစားသလဲ"

ကိုငမိုးသည် ဒေါသတကြီး ဝသီအတိုင်း မှန်ဗီရိုမျက်နှာပြင်ကို လက်သီးနှင့်ထု၏။ ပါး ကလည်း သူသိလိုသောအရာကို ထပ်ကာထပ်ကာမေးနေ၏။ ကျွန်တော် စကားပြော မလည်ပတ် ကျွန်တော့်စကားနှင့် ကျွန်တော့်ကို ပြန်အချည်ခံနေရ၏။ ဩော် . . ကိုငမိုး ကိုငမိုး၊ လောကကြီး မဲမဲမြင်တိုင်း ကြောက်နေရသော ကျွန်တော့်ဘဝကို သူမသိ။ ကျွန်တော် ခင်ဗျားကို အကုန်ပဲဖွင့်ခ ချင်ပါသည် ကိုငမိုး။ ဒါပေသည့် မပြောရဲပါ။

"ဟော့ကောင် . . ငါမေးနေတာ မကြားဘူးလား"

"ကြားပါတယ်၊ ဒါတော့ မပြောပါရစေနဲ့။ ခင်ဗျားကျွန်တော့်ကို သံနားရင် ဒါ မမေးပါနဲ့ဗျာ . ."

"ငါမေးတာသာ ဖြေစမ်းပါကွာ . . မြန်မြန်ဖြေစမ်း"

ကျွန်တော့်မှာ ကိုငမိုးကို အသေအလဲကြောက်ရသူဖြစ်သည်။ ဒို့အပြင် မည်းမည်းမြင်တိုင်း ကြောက်နေရသူလည်း ဖြစ်သည်။ မဖြေလည်းခက် ဖြေလည်းခက်။ ဤနေရာတွင် ကျွန်တော်တ တည်း လူမိုက်လုပ်လို့ဟန်မရ၊ နီးစပ်ရာတွေ ကို သူခိုးသေဖော်ညှိပြီးမှ ဖြေမည်။

"ကျွန်တော်က တောမှာနေခဲ့ရတော့ သိပ်ပြီးမသိပါဘူး။ ရန်ကုန်မှာအမြဲနေတဲ့ ဆရာ တို့၊ ဆရာမောင်ထင်တို့၊ မြန်မာ့အလင်းက သာကဒိုးတို့က ကျွန်တော့်ထက်ပိုပြီး သိပါတယ် သူတို့မေးပါ။ သူတို့ဖြေပါလိမ့်မယ်"

"ဒါဖြင့် ဒီလူတွေပြောလိုက်။ ငါ့နာမည် ဘယ်သူတွေ ရောင်းစားတယ်ဆိုတာ ငါ့ဆီ ပြောလှည့်လို့"

"ဟုတ်ကဲ့ . . ပြောလိုက်ပါ့မယ်"

ကဲ . . ဆရာတို့ . . ၊ ခင်ဗျားတို့ကြားတဲ့အတိုင်းပဲ ကြည့်သာပြောကြပေတော့။ အဲဒီတာ ခင်ဗျားတို့ ဖြေပြီးမှ ကျွန်တော် ဆက်ပြီးဖြေမည်။

"ငါ သဲ့သဲ့သတင်းကြားပါတယ်။ မင်းက ငါ့အတ္ထုပ္ပတ္တိရေးတယ်ဆို"

"ကျွန်တော်တစ်ဦးတည်းမဟုတ်ပါဘူး။ ဗိုလ်မှူးဘိုရယ်၊ ကိုမေအောင်ရယ်၊ ကျွန်တော် ရေးတာ စုထုတ်တာပါ။ တခြား စာရေးဆရာတွေလည်းပါပါတယ်"

"အေး . . အိန္ဒိယမှာ ဂန္ဓီသေပြီး ခုနစ်ရက်မှ မရှိသေးဘူး၊ ဂန္ဓီအတ္ထုပ္ပတ္တိထွက်လာ ချီးမွမ်းသကွာ"





"အချီးမွမ်းမစောပါနဲ့ ကိုငမိုး။ ဒီစာအုပ်ကလေးဖြစ်အောင် ဘယ်အထိ အငေါက်အငမ်း၊ ဟကြိမ်းအမောင်း သောက်မြင်ကတ်ခံခဲ့ရတာတွေကိုသာ ခင်ဗျားသိရင် ဟောဒီ မှန်ဗီရိုကွဲလိမ့်ဦးမည် ထင်သည်။ ဒါတောင်မှ အတ္ထုပ္ပတ္တိဆိုလို့သာ အတ္ထုပ္ပတ္တိလိုက်ရ မိုးကြိုးပစ်ကြိမ်ပြောရမယ့် အတ္ထုပ္ပတ္တိ ပါ။ ဒါကလေးရေးတုန်းကအဖြစ်တွေ ခင်ဗျားမသိ၊ ခင်ဗျားသူငယ်ချင်း လုပ်ဖော်ကိုင်ဖက်တွေဆီသွား မေး။ မှတ်တမ်းကလေးတင်တာတောင်မှ ခင်ဗျားလူတွေက ဘာပြောတယ်ထင်သလဲ။ "မင်းပဲ မမောမပန်း ဒုက္ခရှာလို့"ဟု ငေါက်လွှတ်တာတွေ ခင်ဗျားမသိ။ အဲဒီလို စေတနာထားကြမှ ဩော် . . ငါလည်းမိုက်လို့ လုပ်မိသကိုး . . လို့ ကိုယ့်ကိုယ်ကိုယ် တရားချပြီး ပထမတွဲနဲ့ပဲ ဘရိတ်အုပ် ထားရတာ ခင်ဗျား မသိ။ ပြောပြချင်တယ် ကိုမိုး။ ဒါပေမဲ့ လည်ချောင်းထဲက မထွက်ဘူး"

"ဒါထက် ငါ့အကောင်တွေ ဘယ်သွားနေသလဲ"

"ခင်ဗျားလူတွေ တောခိုကြသတဲ့ . . ၊ ကွန်မြူနစ်လည်း ပါသဗျ"

"ကွန်မြူနစ်ကို အသာထား၊ ငါ့ကောင်တွေသာ ငါမေးနေတာ"

"တောခိုပါတယ်လို့ ပြောပါပကော"

"အင်း . . ဒုက္ခပဲ၊ ငါ့အစကတည်းက မြင်သားပဲ။ စတုတ္ထအကြိမ်ညီလာခံမှာ ငါဘာပြော တုန်း။ မတ်ဇစ်လိဂ်ဖွဲ့ပါ၊ ညီညွတ်ပါ။ မညီညွတ်ရင် နှစ်ဖက်စလုံး ဖင်စုတ်ကုန်မယ်လို့ အပြောခဲ့ သား၊ ဘယ်လိုဖြစ်ကြရတာလဲကွ"

"ဒါတွေမမေးပါနဲ့ဗျာ၊ ပြောရင် ခင်ဗျားလည်း စိတ်ညစ်၊ ကျွန်တော်လည်း စိတ်ဆင်းရဲ ရမှာပဲ။ အဲဒီတုန်းက ခင်ဗျား စာရေးဆရာလုပ်မယ်ဆို၊ ဘာလို့ ဒါတွေ တဖွဖွမေးနေရတာလဲ"

"စာရေးဆရာလည်း လူထဲကလူပဲ။ ကိုယ့်နိုင်ငံအကြောင်းတော့ အနည်းဆုံး လေ့လာ ထားရမပေါ့။ အေးပါ မင်းစိတ် ဆင်းရဲမယ်ဆို ငါမမေးတော့ဘူး။ ငါ့အတ္ထုပ္ပတ္တိကို မင်းဆက်မရေး တော့ဘူးလား"

"အခြေအနေက မပေးဘူးဗျာ။ ဒါပေမဲ့ ရဲဘော်တစ်ယောက်ကတော့ အောင်ဆန်းဝါဒ ဆိုပြီး စာတစ်အုပ်ရေး မလို့တဲ့"

"ကောင်းသားပဲ၊ ဂန္ဓီဝါဒ စာအုပ်လိုပေါ့"

"ဟုတ်ပါတယ်"

"ကဲ . . ငါသွားတော့မယ်၊ မင်းလည်းသတိထားနေကွ။ ငါရှိတုန်းကလို မိုက်ကန်းကန်း မလုပ်နဲ့၊ ဒါပဲ သွားမယ်"

သွားမယ့်သွားတော့လည်း ကိုမိုးအသံသာကြားလိုက်ရ၊ လူကိုပင်မမြင်လိုက်ပေ။ စီးကရက် ပါးနိုးငွေ့များလည်း တစ်စ, တစ်စ လွင့်၍သွား၏။ ပြခန်း မှန်ဗီရိုများအတွင်းရှိ ကိုမိုး၏အသုံး အဆောင်ပစ္စည်းအတိုအစကလေးများလည်း ဝမ်းနည်းသော အသွင်ဖြင့် တိတ်ဆိတ်စွာ ကျန်ရစ်ကြ လေသည်။

ကျွန်တော်လည်း ကိုမိုး သေ၊ မသေ စဉ်းစား၍နေ၏။ မံသစက္ခုတွင်ကား လူတွေက သေပြီ ဟုပြောသည်။ ဉာဏ စက္ခုတွင်ကား ကိုမိုး၏ဝါဒ၊ ကိုမိုး၏စကားတွေ တည်ရစ်သမျှ၊ တည်တံ့နေ သမျှ ကိုမိုးတကယ်မသေနိုင်ပါတကား။



www.burmeseclassic.com

www.burmeseclassic.com



ကိုမိုးကိုချစ်သူ ရှိသေသူတွေ အများကြီးရှိသည်။ အဘယ်သူသည် ကိုမိုးအား ဆက်လက် အသက်သွင်းမည်နည်း။

ကျွန်တော်တို့ စောင့်ကြည့်ကြဦးစို့။ ။

[မြဝတီမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၅၅]



# ကျွန်တော်တို့ ဤသို့လုပ်ကြံခဲ့သည်

ဗိုလ်ဥတ္တမကျော်

အောက်ပါအကြောင်းအရာများသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံတော် ခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်မှုတွင် ကိုယ်တိုင်ကိုယ်တျပါဝင်ခဲ့သော တရားခံ 'ရန်ကြီးအောင်' (ခေါ်) မောင်လှထွန်း၏ ပြောပြချက်များဖြစ်၏။ ဗိုလ်ချုပ် အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ ထိုစဉ်က မည်သို့ ရေတိမ်တွင် နစ်မွန်းဆုံး ရှုံးခဲ့ရကြောင်း ပြန်ပြောင်းသတိရနိုင်စေရန် ဤအချက်ကို ဖော်ပြလိုက်ရခြင်းဖြစ်ကြောင်း။

| | | |
|---|---|---|
| အမည် | ။ ။ | ရန်ကြီးအောင် (ခေါ်) မောင်လှထွန်း |
| အသက် | ။ ။ | ၁၈ နှစ် |
| လူမျိုး | ။ ။ | မြန်မာ |
| ကိုးကွယ်သည့်ဘာသာ | ။ ။ | ဗုဒ္ဓဘာသာ |
| အဘအမည် | ။ ။ | ကိုမောင်ထွန်း |

ဗိုလ်ချုပ်-ဦးအောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်မှုတွင်ပါဝင်သော ကျွန်တော်သည် ခွေးလောက်နီးပါး မိုက်တွင်းနက်မိပါသည်။ ကျွန်တော်တို့ မည်သို့ကြံစည်ဆောင် ရွက်ခဲ့သည်ကို သိရှိနိုင်ရန် ကျွန်တော်၏ အဖြစ်အပျက်များကို ပြောပြလိုပါကြောင်း။

ကျွန်တော်သည် အုတ်ဖိုမြို့အရှေ့ အလယ်ကုန်းရွာတွင် လွန်ခဲ့သည့် ကိုးနှစ် ဆယ်နှစ် လောက်ကစပြီး နေထိုင်ပါသည်။ ကျွန်တော်မွေးသည့်အရပ်မှာ အုတ်ဖိုမြို့ဖြစ်ပါသည်။ ငယ်စဉ်က

www.burmeseclassic.com



ကျွန်တော်သည် အုတ်ဖိုမြို့ ဦးစံလှ၏ မြန်မာစာသင်ကျောင်းတွင် တတိယတန်းအထိ စာသင်ဖူး
သည်။ လွန်ခဲ့သည့် လေးလလောက်က ဇွန်ဦးစော အုတ်ဖိုမြို့သို့လာ သောအခါ မင်းတိုင်ပင်အမ
ဟောင်း ဦးဘရင်၏နေအိမ်တွင် တည်းခိုပါသည်။ ဦးစော၏ နှမဝမ်းကွဲတော်သူ မတင်ညို
ကျွန်တော့်အား "နင့်ဦးလေး ဦးစောရောက်နေတယ်၊ တစ်ခါမျှ မင်းကို မမြင်ဖူးသေးဘူး၊ သွားကြည့်
ဦး"ဟု ပြောပါသည်။ ကျွန်တော်လည်း ဦးဘရင်၏နေအိမ်သို့သွားရာ ဦးစောကိုတွေ့ရပါသည်။
ဦးစောက မင်းဘယ်ကလဲဟု မေးပါသည်။ ထိုအခါ ကျွန်တော်က အလယ်ကုန်းက ကိုမောင်ထွန်း
သားဖြစ်သည်ဟုပြောရာ ဦးစောက မင်း ငါ့ဆီလိုက်နေမလားဟု မေးပါသည်။ ကျွန်တော်ကလည်း
လိုက်နေပါမည်ဟု ပြောလိုက်ပါသည်။ နောက်တစ်နေ့တွင် ဦးစော မင်းလှမြို့သို့ တရားဟော
သွားပါသည်။ ညနေကျတော့ ဦးစောသည် မော်တော်ကားနှင့် အုတ်ဖိုမြို့သို့ ပြန်လာပါသည်။
နောက်တစ်နေ့ နံနက် ဝေလီဝေလင်းတွင် အုတ်ဖိုက ကားသုံးစီးနှင့် ဦးစော ရန်ကုန်မြို့သို့ ပြန်
လာသည်။ ကျွန်တော်လည်း သူနှင့်အတူလိုက်လာပါသည်။ ကျွန်တော်တို့သည် ဦးစော၏ အေ
လမ်းရှိ နေအိမ်သို့ ညနေဘက်တွင်ရောက်ရှိပါသည်။ ထိုအိမ်တွင် ကျွန်တော်လည်း ကိုစိန်၊ စိန်မော
မြအုန်း၊ တင်ရွှေ၊ ကိုစိုး၊ ကိုကြီးငွေ၊ ရင်ဖေ၊ ရင်မောင်၊ ခင်မောင်ရင်တို့ကို တွေ့ရပါသည်။ ၎င်းတို့နှ
အတူနေရပါသည်။ နောက်တစ်နေ့တွင် ရင်ဖေမှာ သူ့အိမ်သူပြန်သွားပါသည်။ တစ်လလော
ဦးစော အိမ်တွင်နေပြီးလျှင် ကျွန်တော်သည် ကျွန်တော်၏ရွာ (အလယ်ကုန်း)သို့ ခေတ္တပြန်ပါသည်
ရွာတွင် သုံးရက်ခန့်နေပြီး အပြန်တွင် ရန်ကြီးနိုင် (ခေါ်) မောင်ထွန်းရှိန်အား အတူလိုက်နေရ
ခေါ်လာခဲ့ပါသည်။ နောက်တစ်လမျှ ကြာသောအခါ ကိုသက်နှင်း၊ ကိုသုခတို့ ရောက်လာပါသည်
ကိုဘညွန့်လည်း လာပါသည်။ ထိုအခါက ကိုဘညွန့်သည် ဦးစော၏အိမ်တွင် ကြာကြာမနေ
သွားချည်လာလှည့်နေပါသည်။ ကိုသက်နှင်းနှင့် ကိုသုခက ကျိုက်လတ်ကဟု ပြောပါသည်
ကိုဘညွန့်ကတော့ အိုးသည်ကုန်းက ဖြစ်သည်။ ရန်ကြီးနိုင်၊ စိန်မောင်နှင့် ကျွန်တော်တို့သည် ဦးစော
အိမ်နောက်ဖေး အဖီကလေးမှာနေရပါသည်။

ကျွန်တော်တို့ ဦးစောအိမ်ရောက်ပြီး--- လလောက်ကြာသောအခါ ဦးစောက ကျွန်တော်
နှင့်တကွ ကိုသက်နှင်း၊ ကိုသုခ၊ ရန်ကြီးနိုင်၊ ကိုစိုး၊ ကိုစိန်၊ ခင်မောင်ရင်၊ တင်ရွှေ၊ စိန်မော
မောင်မြအုန်းတို့အား ဘုရားကျောင်းဆောင်သို့ ခေါ်သွားပြီးလျှင် ငါးပါးသီလခံယူစေပါသည်။
နောက် ကိုသုခဆိုသည့်အတိုင်းလိုက်ဆိုရပါသည်။ အတိုချုပ်ကတော့ တိုင်းပြည်၊ ဘာသာ၊ သာသ
အတွက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ပါမည်။ သစ္စာဖောက်က ငရဲပြည်ရောက်ပါစေဟု ပါပါသည်
ကိုသုခ ရှေ့မှချပေးသည့်အတိုင်း လိုက်ဆိုပြီးလျှင် ကျွန်တော်တို့အားလုံး သစ္စာရေသောက်ရပါသည်
၎င်းနောက် ကျွန်တော် သစ္စာဖောက်မိသဖြင့် ကျွန်တော်၏ကိုယ် ကျွန်တော် အဆုံးစီရင်လိုက်သည်
ကျွန်တော်ကိုယ်တိုင်ရေးပြီး လက်မှတ်ထိုး၍ ဦးစောလက်သို့ ပေးအပ်ရပါသည်။ *ဤကိစ္စမျ
ပြီးသည့်နောက် ဦးစောကိုယ်တိုင် ကျွန်တော့်အား စတင်းဂန်း၊ နှစ်လုံးပူး၊ ခြောက်လုံးပူး သေနတ်
အပစ်သင်ပေး ပါသည်။ ကိုခင်မောင်ရင်နှင့် အခြား သေနတ်ပစ်တတ်သည့် လူများကိုလ
ဦးစောက ထပ်မံသင် ကြားပေးပါသည်။ ကျွန်တော်သည် အစမ်းသဘောနှင့် ခတ်ဆီပုံး၊ ရေ
ပုံးလွတ်တို့ကိုချိန်ပြီး စတင်းဂန်း၊ နှစ်လုံးပူး၊ ခြောက်လုံးပူးတို့ကို အစမ်းအပစ်လေ့ကျင့်ရပါသ





** လွန်ခဲ့သည့် တစ်လလောက်က နံနက် ၉ နာရီခွဲလောက်တွင် ကိုဘညွန့်၊ မောင်စိန်၊ မောင်နီ၊ ရန်ကြီးနိုင်၊ တင်ရွှေ၊ လှထွန်းနှင့် ထွန်းရှိန်တို့သည် လော်လီတစ်စင်းနှင့် အေ-အို-ဒီသို့ သွားရောက်ပြီး ဘရင်းဂန်း အလက် ၂၀၀ လောက် ထုတ်ယူလာသည်ကို တွေ့ရပါသည်။ ထိုအခါက ကိုဘညွန့်သည် ကာကီအကျီနှင့် ကာကီဘောင်းဘီများကို ဝတ်၍ ပခုံးတွင် ပုလိပ်တံဆိပ်များတပ်ထားသည်ကိုတွေ့ရပါသည်။ မောင်စိန်ကလည်း ပုလိပ်အဝတ်အစား ဘောင်းဘီ၊ အကျီများကိုဝတ်၍ လက်မောင်းတွင် အရစ်အဖြူ သုံးတန်းတပ်ထားပါသည်။ ကျန်လူများကလည်း ယူနီဖောင်းဝတ်ထားပါသည်။ ထိုလူများယူလာသည့် ဘရင်းဂန်းများ တင်ထားသော လော်လီကားကြီးကို ဦးစောအိမ်ရှေ့ သရက်ပင်အောက်တွင် ထားပါသည်။ နောက်ထိုကားမှ ဘရင်းဂန်းများကို ဦးစောအိမ်၏ ခြင်ဝင်တွင် ချထားပါသည်။ ၎င်းနောက် ကျွန်တော်တို့သည် ဘရင်းဂန်းသေနတ်များကို အမဲဆီသုတ်လိမ်းရပါသည်။ အချို့ဘရင်းဂန်းသေနတ်များကို အသင့်ရှိသော သံစည်များတွင်ထည့်၍ ည၉ ၈-နာရီလောက်တွင် ဦးစောအိမ်အနီး ရေကန်ထဲသို့ ချထားကြပါသည်။ နောက်တစ်နေ့တွင် ကျန် ဘရင်းဂန်းသေနတ်များကို စိတ်အထင် ထင်းရှူးသေတ္တာ ခုနစ်လုံးခန့်ထဲတွင် ထည့် သွင်းထားသည်ကို တွေ့ရပါသည်။ ၎င်းသေတ္တာများကို အိမ်တွင်ထားရှိပြီး နောက်ထပ် ကျန်သေးသော ဘရင်းဂန်းသေနတ်များကို လည်း နောက်ထပ်ရောက်ရှိလာသော ထင်းရှူးသေတ္တာများတွင် ထည့်ကြရပါသည်။ ထင်းရှူးသေတ္တာများတွင် ဘရင်းဂန်းသေနတ်များကို ထည့်ပြီး နောက်တစ်နေ့တွင် မောင်စိန်က လော်လီကားကိုမောင်းလျက် တင်ရွှေ၊ ထွန်းရှိန်၊ မောင်စိုးတို့က ကားပေါ်တွင် စီးလိုက်လျက် ဘရင်းဂန်းထည့်ထားသော သေတ္တာ ၁၅-လုံးခန့်ကို လော်လီကားကြီးနှင့် တင်ယူသွားပါသည်။ ခင်မောင်ရင်ကလည်း ဖို့ဒ်ဆင်းကား မောင်းလျက် ကိုထွန်းရင်နှင့်အတူ လော်လီကားနောက်က လိုက်သွားပါသည်။

၎င်းဘရင်းဂန်းများကို ပြည်လမ်းတစ်လျှောက်ရှိ ဂျွန်တပ်ခွဲများသို့ သွားရောက်ပို့ဆောင်ထားကြောင်း နောင်သောအခါတွင် ကျွန်တော်သိရပါသည်။

နောက် ၁၀ ရက်လောက် ကြာသောအခါတွင်လည်း ပြည်လမ်း ၁၆ မိုင်ရှိ အင်္ဂလိပ်စစ်တပ် ခဲယမ်းမီးကျောက် သိုလှောင်ရေးဌာနမှ ယမ်းတောင့်သေတ္တာများကို သွားရောက်ထုတ်ယူလာကြပါသည်။ ၎င်းယမ်းတောင့်သေတ္တာများကို စိန်မောင်၊ ရန်ကြီးနိုင်နှင့် ကျွန်တော်တို့ ဦးစော၏ အမိန့်အရ ရေကန်ထဲသို့ ချထားရပါသည်။

*** ဇူလိုင်လ ၁၈ ရက်နေ့ ညစာထမင်းစားပြီး ၇ နာရီခန့်အချိန်တွင် ဦးစောက ကျွန်တော့်အား သူ့အိပ်ခန်းသို့ ခေါ်သွားပါသည်။ ၎င်းနောက် ဦးစောက "မင်းကို ကိုစိုး၊ ကိုစိန်တို့နဲ့ ညည့်လိုက်မယ် လိုက်သွားပါ။ သူတို့က အပစ်ခိုင်းသည့်အခါ မင်းကပစ်ရမယ်။ မင်းလိုက်သွားတဲ့ အခါ တော်မီဂန်းတစ်လက်ယူသွား"ဟု ပြောပါသည်။ ကျွန်တော်လည်း "ဟုတ်ကဲ့"ဟုပြော၍ ကျွန်တော်၏ အိပ်ရာသို့ ပြန်ပြီးအိပ်ပါသည်။

ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၉ နာရီလောက်တွင် ဦးစောသည် ကျွန်တော်၏အိပ်ရာတွင် လာပြီး ကျွန်တော့်အား ယူနီဖောင်းဘောင်းဘီနှင့်အကျီတို့ကို ဝတ်ခိုင်းပါသည်။ ကျွန်တော်လည်း ရန်ကြီးနိုင်၏ ယူနီဖောင်းအစိမ်းတစ်ခုကို အနီးရှိ ကြိုးတန်းပေါ်မှ အဆင်သင့်ခဲ့ပြီး ဝတ်ဆင်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့နောက် ဦးစောက အိမ်ရှေ့အင်းယားကန်စပ်သို့ ခေါ်လာပါသည်။ ကန်စပ်တွင်ရှိသော သဲစည်ထဲမှ စတင်းဂန်းတစ်လက်ကို ထုတ်ယူခိုင်း၍ထုတ်ယူပြီး ဦးစောနှင့်အတူ အိမ်ဘက် တစ်ဖန်ပြန်သွားကြပါသည်။ ဦးစော၏ အိမ်ရှေ့ခန်းတွင် ကိုစိုး၊ ကိုသက်နှင်း၊ ကိုစိန်၊ ကိုသုခ၊ ကိုဘညွန့် ကိုနီတို့ကို တွေ့ရပါသည်။ ကိုစိုး၊ ကိုသက်နှင်း၊ ကိုစိန်၊ ကိုသုခတို့မှာ ကျွန်တော်ကဲ့သို့ ယူနီဖောင်း အစိမ်းဝတ်ထားပါသည်။ ကိုဘညွန့်နှင့် ကိုနီတို့ကတော့ ရိုးရိုးအရပ်ဝတ် အရပ်စားဝတ်ဆင်ထား ပါသည်။ ကျွန်တော်ဝတ်ဆင်ထားသော ကာကီအစိမ်းယူနီဖောင်းသည် ယခုတရားသူကြီးရှေ့ သက်သေခံပစ္စည်း အမှတ်(၄)နှင့်တူပါသည်။ ကျွန်တော့်ကိုယ်ပိုင်ပစ္စည်းမဟုတ်၍ သေချာ မပြောနိုင်ပါ။

ထို့နောက် ကိုစိုးက ကျွန်တော့်အင်္ကျီ ပခုံးတစ်ဖက်တစ်ချက်တွင် ခြသေ့်တံဆိပ်ပါရှိသော အဝတ်စကို တပ်ဆင်၍ပေးပါသည်။ ကိုစိုး၊ ကိုစိန်၊ ကိုသက်နှင်းတို့၏ အင်္ကျီပခုံးများ၌လည်း ထိုကဲ့သို့ ခြသေ့်တံဆိပ်တပ်ထားပါသည်။ ကိုသုခ၏ ယူနီဖောင်းတွင် ခြသေ့်တံဆိပ်မတွေ့မိပါ။ ခြသေ့်တံဆိပ် တပ်ပြီးနောက် ကိုစိုးက ဦးထုပ်အပျော့တစ်လုံးကို ဆောင်းပေး ပါသည်။ ကျွန်တော့်ကို ဆောင်းပေး သော ဦးထုပ်သည် ယခု တရားသူကြီးရှေ့တွင် သက်သေခံပစ္စည်း အမှတ် (၅)နှင့် ဆင်တူပါသည်။

ထို့နောက် ဦးစော၏အမိန့်အရ ဦးစော၏အိမ်ခန်းထဲသို့ဝင်၍ ဦးစော၏ အင်္ကျီ အောက်က မဂ္ဂဇင်းဘောက် နှစ်ခုကို ယူလာပြီး အိမ်ရှေ့ခန်းသို့ ပြန်လာပါသည်။ အိမ်ရှေ့ခန်း ကျွန်တော်ပြန်ရောက်သောအခါ ကိုစိုး၊ ကိုစိန်နှင့် ကိုသက်နှင်းတို့မှာ တော်မီဂန်းတစ်လက် ကိုင်ဆောင်ထားသည်ကို တွေ့ရပါသည်။ ကျွန်တော်က သူတို့အား 'ဘယ်သွားမလဲ'ဟုမေးရာ ကို က "မြို့ထဲလိုက်ခဲ့ရမယ်။ ဟိုကျတော့ ငါ အပစ်ခိုင်းတဲ့အတိုင်း ပစ်ရမယ်"ဟု ပြောပါသည်။ နံနက် (၁၀)နာရီအချိန်လောက်တွင် ဦးစောက ကျွန်တော်တို့အား (အချိန်စေ့ပြီ သွားကြ သွားကြ) ပြောပါသည်။ ထိုအခါ ကိုသုခ၊ ကိုစိုး၊ ကိုစိန်၊ ကိုသက်နှင်းနှင့် ကျွန်တော်တို့သည် ဂျစ်ကားပေါ် တက်ပါသည်။ ဂျစ်ကားကို ကိုသုခကမောင်း၍ ကိုစိုးက ကိုသုခ၏ဘေးတွင် ထိုင်ပါသည်။ ကိုသက်နှင်း၊ ကိုစိန်နှင့် ကျွန်တော်က နောက်မှထိုင်ပါသည်။ ဂျစ်ကားပေါ်သို့ရောက်သောအခါ ကိုစိုး၊ ကိုစိန်၊ ကိုသက်နှင်းတို့ သုံးယောက်က မိုးကာအင်္ကျီကို ခြုံလိုက်ပါသည်။ ကျွန်တော်က ကိုစိုး၊ ကိုစိန်နှင့် ကိုသက်နှင်းကြားထိုင်နေ၍ မိုးကာအင်္ကျီမခြုံပါ။ ထိုအချိန်လောက်တွင် ကိုဘညွန့် ကိုမောင်ညို၊ ခင်မောင်ရင်တို့သည် မြို့ထဲသို့ရောက်ရှိနေကြပြီးလျှင် ဗိုလ်ချုပ်အောင်ဆန်းတို့ အစည်း အဝေးထိုင်နေကြကြောင်း ဦးစောထံ တယ်လီဖုန်းဖြင့် သတင်းပေးပို့သည်ဟု နောင်သော အခါက ကျွန်တော်သိရှိရပါသည်။

ကျွန်တော်တို့ဂျစ်ကားထွက်လာမည်လုပ်သောအခါ ဦးစောက (ဂွတ်ဒ်လပ်)ဟု နှုတ် ဆက်ပါသေးသည်။ ကိုစိုးကလည်း ပြန်၍ နှုတ်ဆက်ပါသေးသည်။ ထို့နောက် ဂျစ်ကားကို ကိုသုခက မြို့ဘက်သို့ မောင်းလာပါသည်။ မြို့ထဲသို့ ဂျစ်ကားရောက်သောအခါ ကိုစိုး၊ ကိုစိန်၊ ကိုသက်နှင်း တို့သည် မိုးကာအင်္ကျီများကို ချွတ်လိုက်ကြပါသည်။ ကျွန်တော်တို့လည်း သေနတ်နှင့်ပစ်ရမည့် ရုံးတွင်းသို့ ဂျစ်ကားနှင့် ဝင်လာပါသည်။ ရုံးလှေကားအနီးတွင် ဂျစ်ကားရပ်၍ ကိုစိုး၊ ကိုသက်နှင်း ကိုစိန်နှင့် ကျွန်တော်က ကားပေါ်မှဆင်းပါသည်။ ထို့နောက် ရုံးပေါ်သို့ ကိုစိုးက ရှေ့ဆောင်၍တက်





သည်။ ကိုစိုးနောက်ကပ်လျက် ကိုစိန်က လိုက်ပါသည်။ ကိုစိန်၏ နောက်တစ်လံလောက်တွင် ကိုသက်နှင်းကလိုက်၍ ကိုသက်နှင်း၏နောက်မှ ကျွန်တော်က လိုက်လာပါသည်။

ဝန်ကြီးတွေ စည်းဝေးသောအခန်းသို့ရောက်သောအခါ ကိုစိုးနှင့် ကိုစိန်တို့က ရှေ့ဆုံးမှ ဝင်သွားပါသည်။ ကျွန်တော်နှင့် ကိုသက်နှင်းကလည်း နောက်က ထက်ကြပ်မကွာလိုက်သွားပါသည်။ ကိုစိုးနှင့် ကိုစိန်က အခန်းထဲသို့ဝင် လျှင်ဝင်ချင်းစ၍ ၎င်းတို့တွင် ပါလာသော တော်မီဂန်းများနှင့် အခန်းထဲရှိ ဝန်ကြီးများကိုပစ်ပါသည်။ ကျွန်တော်နှင့် ကိုသက်နှင်းကလည်း ကျွန်တော်တို့လက်တွင်ပါ လာသော သေနတ်များနှင့်ပစ်ပါသည်။ ကျွန်တော်ကထိုင်ပြီး စတင်းဂန်းနှင့် ဝပ်နေသောသူများကို ပစ်ပါသည်။ ထို့နောက် အခန်းတွင်းမှ ကျွန်တော်တို့ ထွက်လာကြပါသည်။

ဝရန်တာတွင် ခြောက်လုံးပူးနှင့်ရပ်နေသော လူတစ်ယောက်တွေ့ရပါသည်။ ထိုအခါ ကျွန်တော်တို့အထဲက လူတစ်ယောက်က ပစ်ပစ်ဟုပြောရာ ကျွန်တော်က ကျွန်တော်၏စတင်းဂန်း နှင့် တစ်ချက်ဆွဲလိုက်ပါသည်။ ကျည်ဆန်နှစ်ခု၊ သုံးခုထွက်ပြီး ထိုလူအား ထိသွားပါသည်။ ထို့နောက် ကျွန်တော်တို့လည်း ရုံးပေါ်က ပြေးဆင်းလာကာ အသင့်ရပ်ထားသော ဂျစ်ကားပေါ်သို့ တက်စီးပြီး ဝင်းအတွင်းမှ မောင်းထွက်လာခဲ့ပါသည်။

ဦးစော၏ နေအိမ်သို့ပြန်ရောက်ကြသောအခါ အိမ်ဝင်းတံခါးကို မောင်တင်ရွှေက ဖွင့်ပေး နေစဉ် ကိုစိုးက မြန်မြန်ဖွင့် မြန်မြန်ဖွင့်ဟု ကြိမ်းပါသည်။ အိမ်တွင်ဦးစော အသင့်စောင့်နေသည်ကို တွေ့ရပါသည်။ ဦးစောက ကိစ္စပြီးပလားဟုမေးရာ ကျွန်တော်တို့အားလုံးက ပြီးပါပြီဟု ပြန်ပြော လိုက်ပါသည်။ ထို့နောက် ကျွန်တော်တို့အားလုံး အဝတ်လဲရန် ကိုယ့်နေရာ အသီးသီးသို့ ပြန်သွားကြ ပါသည်။ လက်နက်များနှင့်အင်္ကျီများကို ဂျစ်ကားပေါ်တွင် ထားခဲ့ပါသည်။ အင်္ကျီများကို မောင်မြ ...း လာယူသွား၍ လက်နက်များကို စိန်မောင်က ဘုရားကျောင်းဆောင်သို့ ယူသွားပါသည်။ ဦးထုပ်များတော့ ဘယ်သူယူသွားသည်ဟုမသိပါ။ ကျွန်တော်တို့အင်္ကျီလဲပြီးနောက် ကိုစိန်၊ ကိုစိုး၊ ကိုသက်နှင်း၊ ကိုသုခတို့က အဖြစ်အပျက်ကိုပြောပြပါသည်။ ဤကဲ့သို့ ပြောနေစဉ် ကိုခင်မောင်ရင် နှင့် ကိုဘညွန့်တို့လည်း အိမ်သို့ပြန်ရောက်လာပါသည်။ နေ့ခင်း (၁) နာရီကျော်တွင် ကျွန်တော်တို့ အားလုံး အဖမ်းခံရပါသည်။ ။

**[မြဝတီမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၆၀]**

ဤသို့အပျော်တမ်း စစ်တပ်တစ်ခုသဖွယ် တဒိုင်းဒိုင်း သေနတ်ပစ်ခတ်သံများကို ထိုအခါက တာဝန်ရှိသူများ မကြားရလေသလား။ သိလျှင်ထိုကတည်းက ဘာကြောင့် အရေးမယူကြသနည်း။

လက်နက်များကို (Capt-Bivian) ၏အကူအညီနှင့်ဘညွန့်က (L.P.) ယူနီဖောင်းဝတ်လျက် ထုတ်ယူခဲ့သည်။

ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီတွင် ဝန်ကြီးအဖွဲ့အစည်းအဝေးကျင်းပမည်ကို ဦးစောက ကြိုတင်သတင်း ကြားပြီးဖြစ်နေ၏။ ထိုသတင်းမည်သို့ရရှိပါသည်ဟူ၍လည်း ဦးစောက ဖွင့်ဟမသွားခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com

# ကိုအောင်ဆန်း၏ အာပတ်ဖြေမှတ်တမ်း

## မိုလ်ခင်မောင်ကလေး

၁၉၃၅ ခုနှစ် ဒီဇင်ဘာလအတွင်း တစ်နေ့ခင်းက ကျွန်တော်သည် ရန်ကုန်တက္ကသို သမဂ္ဂအသင်းတိုက်သို့ ဘီလိယက်ထိုးရန်သွားသည်။ ဘီလိယက် ထိုးဖက်မရှိ၍ အသင်းတိုက်အ ဘက်သို့ တက်သွားသည်။ အသင်းတိုက်စာကြည့်ခန်း၌ ကိုအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)သ စာအုပ်ဖတ်နေသည်ကို တွေ့ရသည်။ ကျွန်တော်လည်း သူနှင့် မျက်နှာချင်းဆိုင်၌ထိုင်လျက် စ ပေါ်ရှိ မဂ္ဂဇင်းစာအုပ်များကို လှန်လှောနေသည်။ တစ်အောင့်လောက်ကြာသည့်အခါ၌ ကိုအော ဆန်းသည် စာရွက်စတစ်စနှင့် စာမျက်နှာကို မှတ်ထားလိုက်ပြီးလျှင် စာအုပ်ကို ချထားလိုက်သ သူသည် ခဏမျှတွေးနေသည်။ ထို့နောက် သူက 'ကိုခင်မောင်ကလေး'ဟု ကျွန်တော့် အား လှမ်း လိုက်ပြီးလျှင် ကျွန်တော်တို့ ကောလိပ်ကျောင်းသူတွေဟာ တိုင်းပြည်အတွက် စွန့်ရဲကြပါ့မလား မေးသည်။

"ခင်ဗျားက ဘာများတွေး မေးလိုက်တာလဲ" ဟု ကျွန်တော်က ပြန်မေးလိုက်သည်။

### ကတော်ဖြစ်ချင်လို့

ကိုအောင်ဆန်းက "ကျောင်းသူတွေ ကြည့်ရတာ တယ်မျိုးချစ်စိတ်ရှိပုံမရဘူး၊ သူတို့ စာတတ်ချင်လို့ လာ ကြတာမဟုတ်ဘူး။ ဘွဲ့လိုချင်လို့ လာကြတာဗျာ။ ပြောရရင် ပကာသနစာ တာ၊ ကတော်ဖြစ်ချင်ကြလို့"ဟုပြောနေစဉ် ကျွန်တော်က သူ့စကားကိုဖြတ်ပြီး "အားလုံးတော့ 



ဘယ်ဟုတ်မလဲ။ သက်သက်ဘွဲ့လိုချင်တာလည်း ရှိမယ်။ ခင်ဗျား ပြောသလိုကတော်ဖြစ်ချင်လို့လည်း ဖြစ်မယ်။ တစ်ခုတော့ရှိတယ်၊ ဒီခေတ်မှာ မိန်းကလေးတွေ ကတော်ဖြစ်ချင်တာကိုတော့ ပြောကြ တယ်။ ယောကျ်ားကလေးကကော အိုင်စီအက်စ်၊ ဘီစီအက်စ်၊ မြို့အုပ်၊ ဝန်ထောက်၊ အရေးပိုင် ဖြစ်ချင်နေကြတာပဲမဟုတ်လား။ ကဲဗျာ ပြောကြစို့ဆိုရင် ခင်ဗျားတောင် ဘီအေအောင်ချင်သေး တာ"ဟု ကျွန်တော်ကပြောလိုက်သည်။

ကိုအောင်ဆန်းက "ဟုတ်တယ်ဗျာ"ဟု ဝန်ခံလိုက်ပြီးလျှင် သူကဆက်၍ "ဒါပေမဲ့ ယောကျ်ားကလေးတွေထက် မိန်းကလေးတွေက ပိုပြီး ကဲတယ်။ ကတော်လုပ်ချင်တာက များတယ်" ဟု ထပ်၍ စွဲချက်တင်လိုက်ပြန်သည်။

### အရေးကြုံလာမှ

"ဒါထက် ကိုအောင်ဆန်း၊ ခင်ဗျား ရည်းစားစာပေးတဲ့ မိန်းကလေးက အိုင်စီအက်စ်ရမှ လက်ခံမယ်လို့များ စာပြန်လိုက်လို့ ခင်ဗျားက ကောလိပ်ကျောင်းသူတွေကို ဝါးလုံးနဲ့သိမ်းပြီး မျက်မုန်း ကျိုးနေတာလား"ဟု ကျွန်တော်က ကိုအောင်ဆန်းကို နောက်လိုက်သည်။

ကိုအောင်ဆန်းက "ကိုယ့်လူရာ၊ စကားကောင်းပြောနေတာ မနောက်စမ်းပါနဲ့။ ကျွန်တော် ဒါလောက် သတ္တိမရှိဘူး။ မျက်စိကျနေတာလည်း မရှိဘူး။ ကျွန်တော်က သူတို့ကိုကြည့်ပြီး အားမလို အားမရဖြစ်နေတာပါ။ ဆိုပါတော့ဗျာ။ အမျိုးသားရေးကိစ္စတစ်ခုခု လုပ်ကြရင် ယောကျ်ားတွေချည်း ပဲ လုပ်လို့မဖြစ်ဘူး။ မိန်းမတွေလည်း ပါသင့်သလောက် ပါရမယ်။ ဒါမှ အောင်မြင်မှာ။ မိန်းမတွေပါ လာရင် မိန်းမတွေမှာလည်း ခေါင်းဆောင်ရှိရမယ်။ ခေတ်ပညာတတ်တွေဆိုရင် ပိုမကောင်းဘူးလား" ဟု ပြောသည်။

ယောကျ်ားရင့်မကြီးတွေကကော ဘယ်လောက်များ စွန့်စွန့်စားစားလုပ်ကြလို့ မိန်းမတွေကို ဒီလောက်အထင် သေးနေရတာလဲ။ မန္တစ်တုန်းကသပိတ်မှောက်ဖို့ စီစဉ်နေကြတယ်။ စိုင်းပြင်းကြ တယ်။ ခင်ဗျားတို့ ဘာဖြစ်သလဲ။ ဘာမှ မဖြစ်ခဲ့ဘူးလို့ သိရတယ်။ ဒါလည်း သတင်းသိုးသိုးသန့်သန့် ကြားရတာပါ။ ကျွန်တော်တို့က မန္တလေးမှာဆိုတော့ အတိအကျတော့ ဘယ်သိမလဲဗျာ။ အဲဒါ ဟုတ်ဘူးလားလို့ ကျွန်တော်ကမေးလိုက်တော့ ကိုအောင်ဆန်းက ဟုတ်ပါတယ် ဟု ဝန်ခံသည်။

"ဒီမယ် ကိုအောင်ဆန်း. . . လူဆိုတာ သူ့အခြေအနေနဲ့သူ၊ သူ့အချိန်အခါနဲ့သူ စွန့်တာပဲ။ လုပ်တာပဲ။ ကိုယ်က ထင်နေသလောက်လည်း လုပ်နိုင်ချင်မှ လုပ်နိုင်ကြမယ်။ ကိုယ်က ထင်ထား တာထက်လည်း လုပ်ချင်လုပ်ကြမယ်။ ဒါက အရေးကြုံလာမှ သိရမှာပါ"

"အင်း . . . ဆိုပါတော့" ဟု ကိုအောင်ဆန်းက အောင့်သက်သက်နှင့် ဝန်ခံလိုက်ပြန်သည်။

### ဒီလောက်ကလေးနဲ့များ

"အင်းလျား ကျောင်းဆောင်က ဒီနှစ်သမဂ္ဂ ကိုယ်စားလှယ်တွေဟာ တော်တော်တက်ကြွ တာပဲ ပြောကြတယ်။ ကြည့်ရတာတော့ သူတို့ဟာပေမီတယ်လို့ ထင်တာပဲ။ ဒါလည်း ကျွန်တော့် ကို မီတာပြောတာ။ ခင်ဗျား ပေကို မီသလားတော့ မပြောတတ်ဘူး"ဟု ကျွန်တော်က သူ့အားပြော



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုအောင်ဆန်းက "ခင်ဗျားပေက ဘာလဲ" ဟု မေးသည်။ "ရွှေတိဂုံဘုရား အနောက်မုခ်
ကျင်းပတဲ့ ဒီနှစ်အမျိုးသားနေ့အစည်းအဝေးကို ကောလိပ်ကျောင်းသူတွေ ပထမဆုံးအကြိမ် တက်
တယ်။ သူတို့ အခုလို တက်ကြတာဟာ မမကြီး၊ မခင်မြ၊ မအမာနဲ့ မသိန်းကြည်တို့ကြောင့်ဆိုတာ
တော့ အသိအမှတ်ပြုရမှာပဲ။ မမကြီး (ခြင်းကြား မြူနီစီပယ် မင်းကြီးဟောင်း ဦးထွန်းအုံ၏
မခင်မြ (ပဲခူးပီအိပ်ချ်ဒီ၊ ကထိက ပညာရေးတက္ကသိုလ်)၊ မအမာ (လူထု)၊ မသိန်းကြည် (ပု
ယခုဖဟာသာ်တအစိုးရ အလယ်တန်းကျောင်းအုပ်)၊ မအုန်း (ပါဠိပါမောက္ခဟောင်း၊ မန္တလေး)၊ မခင်
(ပဲခူးကွယ်လွန်)၊ မရီရီ(ပဲခူးအမ်အေ)၊ မစောညွန့် (အိသထုံ)၊ မသန်းစိန် (ဦးလေးကြီး ပြည်)၊ မစိ
(ကျော် ဗန်းမော်)၊ မအေးချစ်စိန် (ဖျာပုံ)၊ မစိုးမြင့် (ပုသိမ် လှဲလှဲဝင်း၊ ယုဒသန်ကောလိပ်)၊ မအုန်း
(ယုဒသန်ကောလိပ်)တို့နဲ့ ကျောင်းသူ တော်တော်များများဟာဆိုရင် မြို့ထဲလှည့်တော့ လ
လိုက်ကြသေးတယ်။ ဒါဆိုရင် သူတို့တစ်ဆင့်တက်လာတာပဲ မဟုတ်လား"ဟု ကျွန်တော်က ရှင်းပြ
စဉ် ကိုအောင်ဆန်းက "ဒါလောက်ကလေးနဲ့များဗျာ"ဟု ငေါ့တော့တော့ ဝင်ထောက်လိုက်သ

"ခင်ဗျားအနေကတော့ ဒါလောက်ကလေးပဲပေါ့။ သူတို့လောကထဲမှာဆိုရင် သူတို
ခပ်ဖယ်ဖယ် ခပ်ပယ်ပယ်နဲ့ သူတို့နောက်ကွယ်မှာ နှုတ်ခမ်းရွဲ့ မျက်နှာရှုံ့မဲ့ပြီး အတင်းနက်ကြတာ
သူတို့ဟာ ငုံ့ခံနေကြရတယ်။ ခင်ဗျားပြောသလို "ကတော်လောင်း"တွေအတွက်ကတော့ ကတ
စွန့်စားခြင်းပဲဗျ။ ဒါလောက်ဆိုရင် ကျွန်တော့်ပေကို သူတို့မီကြတယ်" ဟု ကျွန်တော်က အဖြေ
လိုက်သည်။

## လိပ်ပြာလေးလိုပဲ

"ကိုခင်မောင်ကလေး ခင်ဗျားပြောတဲ့အထဲက မခင်မြတစ်ယောက်ကိုတော့ ကျွန်တော်
သိပ်ပြီး အထင်မကြီးဘူး။ ကြည့်လို့လည်း မရဘူး။ သူက တယ်လှချင်ပချင်တာပဲ။ လိပ်ပြာ က
လိုပဲ"ဟု ကိုအောင်ဆန်းကပြောသည်။

"လှချင်ပချင်တာနဲ့ လိပ်ပြာကလေးနဲ့ တူတာနဲ့စိတ်ထက်တာနဲ့ မျိုးချစ်စိတ်ရှိတာနဲ့ 
ဆိုင်သလဲဗျာ။ အချိန်အခါ အခြေအနေတန်တော့သာ လုပ် မလုပ် မျိုးချစ်စိတ်ရှိမရှိကို သိရမှာ
ကျွန်တော် ဒါလောက်တော့ လူကဲခပ်မည့်ဘူးလို့ ထင်တယ်"ဟု ကျွန်တော်က ပြန်ပြောသည်။

"ကဲဗျာ စောင့်ကြည့်ကြသေးတာပေါ့"ဟု ပြောရင်းက သူ့ဖတ်လက်စစာအုပ်ကို ကောက်
လိုက်ပြီးလျှင် "ဆာတယ်ဗျာ တစ်ခုခုဝယ်ကျွေးစမ်းပါဗိုက်ပြည့်တဲ့ဟာမှစားချင်တယ်"ဟု ကိုအော
ဆန်းက ပြောသည်။

ကျွန်တော်တို့နှစ်ယောက်တည်း ကျောင်းဝင်းအတွင်းရှိ တရုတ်ဆိုင်သို့သွား၍ ခေါက်
ကြော်စားကြပြီးနောက် လူချင်းခွဲလိုက်ကြသည်။

## လူကဲခတ်မှားပြီ

၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်ကို လှန်ရန်အတွက် ၁၉၃၆ ခုနှစ် မေလ ပထမပ
အတွင်းလောက်၌ ကျောင်းသားခေါင်းဆောင်များသည် လက်သိပ်ထိုး ဆွေးနွေးကြသည်။ တစ်





ညနေခင်း၌ ကိုအောင်ဆန်းသည် ကျွန်တော့်အား ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ်သို့ လက်တို့၍ခေါ်
သွားသည်။ ဘုရားရင်ပြင်တော် စနေထောင့်ရှိ ဗောဓိညောင်ပင်အောက်၌ ထိုင်ကြပြီးနောက်
ကိုအောင်ဆန်းက သပိတ်လှန်မှ ဖြစ်တော့မည့်အကြောင်းကို စ၍ပြောပြီးလျှင် "ခင်ဗျား မခင်မြက
သပိတ်မလှန်ဖို့ လိုက်စည်းရုံးနေတယ်လို့ ကြားရတယ်။ လူက စိတ်လည်းထက်တယ်။ စကားပြော
လည်း ကောင်းတယ်။ သူ့ကိုထိန်းပေးမှ ဖြစ်မယ်" ဟု ပြောသည်။ "ဟုတ်ရဲ့လား ကိုအောင်ဆန်း"ဟု
ကျွန်တော်က မေးလိုက်သည့်အခါ၌ ကိုအောင်ဆန်းက "ကျွန်တော် လူကဲခတ်မှားတယ်ဗျ။ မြန်မာ
မိန်းကလေးတွေကို အထင်သေးမိတာလည်း မှားတယ်ဗျ" ဟု သူ့ဘာသာသူ ပြောနေသည်။

"ဟင်း ခင်ဗျားက သူ့ကိုစိတ်ဝင်စားနေပါလား။ ဘယ်လိုလဲ"ဟု ကျွန်တော်က ထပ်မေး
လိုက်သည်။

"အေးဗျာ စိတ်ဝင်စားတာကတော့ ရှိုးရိုးပါ။ သပိတ်မှောက်တဲ့ညနေက သူက ထဘီနီနီကြီး
ဝတ်လာပြီး သမဂ္ဂရှေ့မှာ ကျောင်းသူတွေကို ကြပ်ကြပ်မတ်မတ်နဲ့ ကားပေါ်တင်နေတာကို သတိ
ထားမိလိုက်တယ်။ နောက်ပြီးတော့ အင်လျားဆောင်ထဲကိုဝင်သွားပြီး ကျောင်းသူတွေကို သူ ခေါ်ချ
လာတယ်လို့ သူများပြောသံကြားရပြန်တော့ ဟန်ပဲလား တကယ်ပဲလားလို့ သူလုပ်တာတွေကို
ကျွန်တော် မဝေခွဲနိုင်ဘူး။ သို့လော သို့လောပဲ။ နောက် ရွှေတိဂုံဘုရား ရောက်တော့ လည်း သူ့ရော
ကျောင်းသူတွေရောကို သတိထားတယ်'

## ရင်ပေါင်တန်း

သပိတ်မှောက်တဲ့ညက မော်လမြိုင်ဇရပ်မှာ ငါးသေတ္တာတွေဖောက်၊ ကြက်သွန်တွေလှီး၊
ပေါင်မုန့်တွေလှီးပြီး ကျောင်းသားတွေကို ကျွေးလိုက်ကြတာ သူတို့တစ်တွေဟာ အခိုင်းအစေတွေကျ
နေတာပဲ။ နောက်ပြီးတော့ သူတို့ ကျောင်းသူတွေဟာ နောက်ဆုံးကျမှ မလောက်မင မဝတဝ စား
ကြရတာကိုမြင်ရပြန်တော့ ကျွန်တော် စိတ်အတော်ထိခိုက်တယ်။ အဲဒီညကဆိုရင် သူတို့ဟာ ပုံပျက်
ပန်းပျက်ပဲ။ အိပ်ရတော့လဲ ဖြစ်သလို အိပ်ကြရတာကိုး။ သူတို့တစ်တွေ အင်းဝကျောင်းဆောင်ရှေ့
မှာ သပိတ်တားကြတဲ့ အဖြစ်အပျက်ကို ပြန်ကြားရတော့ ကျွန်တော် ယုံတောင်မယုံဘူး။ သတင်းစာ
ထဲမှာ ဓာတ်ပုံတွေကိုမြင်ရတော့ ကျွန်တော့်စိတ်ဟာ တုန်လှုပ်သွားတယ်။ သူတို့တစ်တွေ နေပူကျဲကျဲ
မှာ ယောကျ်ားလေးတွေနဲ့ ရင်ပေါင်တန်းပြီး သပိတ်တားကြတယ်။ အလိုတော်ရိတွေက မကြား
တကြား သရော်ကြတာတွေကို သူတို့ခေါင်းငုံ့ခံနေရတယ်။ ပရိုဖက်ဆာပီးကောက်က ကုလားထိုင်ထိုး
ပေးတော့ မခင်မြက ကျေးဇူးတင်ပါတယ်ဆရာကြီး၊ ကျွန်မတို့ မောင်ကြီးတွေနဲ့ပဲ အတူတူမတ်တတ်
ရပ်နေပါမယ်လို့ စကားချိုချိုနဲ့ သတ္တိပြလိုက်တယ်။ အလိုတော်ရိတွေနဲ့ ဘောင်းဘီဝတ် ကပြားတွေက
သူတို့ကိုအတင်းတိုးသွားမယ် လုပ်ကြတယ်ဆိုတာတွေကိုကြားရတော့ ငါထင်တာတွေဟာ အမှား
ချည်းပဲလို့ မြင်လာတယ်ဗျာ"ဟု ကိုအောင်ဆန်းသည် သူ၏ စိတ်ဖြစ်စဉ်ကို ပြန်၍ ပြောပြသည်။

"အထင်နဲ့အမြင်ဟာ တူတာလည်းရှိတယ်၊ ကွဲတာလည်းရှိတယ်။ အခု ခင်ဗျားအထင်နဲ့
ခင်ဗျားအမြင်ဟာ တခြားစီဖြစ်နေတာပေါ့"ဟု ကျွန်တော်က ကိုအောင်ဆန်းကို စကားထောက်
လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ဆန်းသည် သူ့စကားကိုပြန်၍ဆက်ပြန်သည်။ 'မမကြီးရယ်၊ မအမာရယ်၊ မခင်မြ ရယ် သပိတ်မှောက်တဲ့ညက ဘုရားရင်ပြင်ပေါ်မှာပြောကြတဲ့စကားတွေဟာ ကျွန်တော်တို့ ယောက်ျား လေးတွေကို ရဲဆေးထိုးပေးလိုက်တာပဲ။ ရှင်တို့ယောကျ်ားတွေ ကျွန်မတို့လို ကတော်လောင်းတွေ လောက်မှ လိုက်မလုပ်နိုင်ကြရင် ရှင်တို့ဟာမိန်းမလျာတွေပဲ၊ ထဘီဝတ်ထားကြလို့ မမကြီးပြောတာကို ကျွန်တော် နားထဲက မထွက်ဘူး။ ကျောင်းသားတွေကို နေ့စဉ် ထမင်းကျွေး၊ ကာဖီတိုက်ကြတော့ လည်း သူတို့ဟာ ဖပ်ဖပ်ကိုမောလို့။ ဒါလည်း သူတို့ကိုခိုင်းလို့ ဝင်လုပ်ကြတာ မဟုတ်ဘူးလို့ မစ္စတာ ဘွန်း (မစ္စတာတီကေဘွန်း လွှတ်တော်ရှေ့နေကြီး ကွယ်လွန်)က ပြောတယ်။ ဒီအထဲ စောက်မှန်း ကမ်းမှန်း မသိတဲ့ ကျောင်းသာအချို့က ခနဲ့တဲ့တဲ့ ပြောကြသေးတယ်။ သူတို့ဟာ ပေါ်ကြော့နေကြတဲ့ မိန်းကလေးတွေပဲ။ အခုလို စိတ်ထက်သန်သန် စေတနာကောင်းကောင်းနဲ့ လုပ်ကြကိုင်ကြတာတွေကို မြင်ရပြန်တော့ အေးဗျာ သူတို့ကို ကျွန်တော်အထင်ကြီးလာတယ်။ ဒီထက်အရေးကြီးတဲ့ အမျိုးသား ရေးကိစ္စမှာဆိုရင်လည်း တို့မြန်မာအမျိုးသမီးများဟာ တကယ်အားထားနိုင်ပါကလားလို့လည်း မြင် လာတယ်။

## အထင်သေးမိလေခြင်း

တက္ကသိုလ်စုံစမ်းရေး ကော်မတီမှာ အစစ်ခံကြတုန်းက မခင်မြအစစ်ခံချက်ဟာ ရေပေါ် မဝင် အထိခိုက်ဆုံးပဲလို့ ဘိုင်ရှစ်(ကိုရာရှစ်)က ပြောတယ်။ အဲဒီစုံစမ်းရေးကော်မတီမှာ မခင်မြ မမကြီး၊ မအုန်း၊ မသန်းစိန်၊ မအမာ၊ မရီရီစတဲ့ သူတို့ကျောင်းသူတွေသာ အစစ်မခံရင် သပိတ် မကောင်းရင် တစ်ခါတည်း အရှက်ကွဲမှာပဲ။ ကျွန်တော်တို့လည်း မျက်နှာအိုးမဲသုတ်ထားကြရမှာ ဟုတ်တယ်ဗျာ ကျွန်တော် မခင်မြကို လူကဲခတ်မှားတယ်။ မြန်မာမိန်းကလေးတွေကို လူကဲခတ်မှား တယ်။ မြန်မာမိန်းကလေးတွေကို အထင်သေးမိတာ မှားတယ်"ဟု ကိုအောင်ဆန်းသည် သူ့အမှားကို သူဝန်ခံရင်းက ရွှေတိဂုံဆံတော်ရှင်ကြီးကို တွေ၍ ကြည့်နေသည်။

ကိုအောင်ဆန်းသည် သူ့ကိုယ်သူ အတော်မကျေမနပ်ဖြစ်နေပုံရသည်။ အပြစ်တစ်ခုခုကို ကျူးလွန်ခဲ့မိ၍ နောင်တရနေသကဲ့သို့လည်း ဖြစ်နေသည်။ ဟင်း. . ဟု သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ပြီးနောက် "ကိုခင်မောင် ကလေး အောက်ဆင်းကြစို့' ဟု ကိုအောင်ဆန်းက ပြောသည်။

## သက်လုံကောင်းပါဦးလော့

၁၉၃၆ ခုနှစ် မေလ ၈ ရက်နေ့၌ ဂျူဗလီဟောခန်းမတွင် မြန်မာပြည်လုံးဆိုင်ရာ ကျောင်း သားများကွန်ဖရင့်ကို ပထမဆုံးအကြိမ် ကျင်းပသည်။ ထိုကွန်ဖရင့်၌ မခင်မြစကားပြောသည်ကို ကျောင်းသားကျောင်းသူများသည် အံ့အားသင့်ကြသည်။ နှစ်သက်ကြသည်။ ပီတိဖြစ်ကြသည်။

သပိတ်မှောက် ကျောင်းသားကျောင်းသူများသည် မခင်မြ၏ သပိတ်မှောက်မှတ်တမ်း စာအုပ်တွင် သူရဲကိုဗအေး (သရက် ဗကပလူထွက်)က "မခင်မြ၏ ရဲစွမ်းသတ္တိကို စုံစမ်းရေးတွင် ပြလိုက်ကြောင်းကို တစ်ဆင့်စကားကြားသဖြင့် များစွာချီးမွမ်း၏" ဟူ၍လည်းကောင်း၊ သမဂ္ဂဥက္ကဋ္ဌ ကိုနုက 'လွတ်လပ်ရေး အလုပ်ကြီးကို မြမြတို့လူစုစု၍ လုပ်ခဲ့ချေပြီ။ နောက်နောင် အရေးကြုံတဲ့အခါ





သက်လုံကောင်းပါဦးလော့"ဟူ၍လည်းကောင်း၊ အဘိုးကြီး ကိုသိန်းဖေ (စစ်တွေ ကွယ်လွန်)က "သင်နှင့် သင်၏ရဲမေတစ်စုကို ချီးကျူးလိုသည်၊ သင်တို့တစ်စု၏ လုပ်ရည်ကိုင်ရည် စိတ်ထားကို မြင်ရ၍ ကျွန်တော်သည် မြန်မာအမျိုးသမီးများအား လေးစားလာသည်" ဟူ၍လည်းကောင်း၊ သမဂ္ဂ ဗိုလ်ကတ်တိုက်မှူး ကိုထွန်းအုံ (မြူနီစီပယ်မင်းကြီးဟောင်း)က "အဆွေကား တိုင်းပြည်ကို အသက်ပေး ၍ ချစ်ရိုးအမှန်ပင်။ တိုင်းပြည်အတွက် သင့် အသက်ကို လှူလော့"ဟူ၍လည်းကောင်း၊ ကိုကျော်ငြိမ်း (ဒုတိယဝန်ကြီးချုပ်ဟောင်း)က ၁၉၃၆ ခုနှစ် မတ်လ ၂၈ ရက်နေ့နံနက်တွင် စုံစမ်းရေးကော်မတီရှေ့ ၌ မောင်ဆက်ကဲ့သို့သော ရန်သူကြီးပင် ပါးစပ်ဟနေရလောက်အောင် သွက်သွက်လက်လက် ရေရေ လည်လည် ရဲရဲရင့်ရင့်ပြောခဲ့သော မခင်မြ၏စကားများကို ကျွန်တော်၏ နားထဲတွင် အမြဲ ကြား ယောင်မိတော့၏"ဟူ၍လည်းကောင်း၊ ပုသိမ်မြို့မှ အထက်တန်းကျောင်းသူ မခင်ညွန့်က "မြရတနာ (ဝါ) မြသည် တက္ကသိုလ်သပိတ်မှောက် ကျောင်းတော်သား ကျောင်းတော်သူများ၏ စိတ်ဓာတ်ကို လည်းကောင်း၊ အထက်တန်းကျောင်း သပိတ်မှောက် ကျောင်းသားထကျောင်းသူများ၏ စိတ်ဓာတ်ကို လည်းကောင်း၊ ကြည်လင်အေး 'မြ'စေနိုင်သူ ရှင်မကြီး ဖြစ်ပါသည်"ဟူ၍လည်းကောင်း သမဂ္ဂဒုတိယ ဥက္ကဋ္ဌ ကိုရာရှစ်က "နောင်တစ်ခေတ်တွင် မြန်မာပြည်၌ ထူးချွန်သည့် အမျိုးသမီးကြီးတစ်ဦးဖြစ်လာ မည်ဟု မျှော်လင့်ရသည့် သူမထံသို့"ဟူ၍လည်းကောင်း၊ မအမာ(လူထု)က "တို့ဗမာ မခင်မြ မြန်မာ့ တန်ခိုးပြမည့် မခင်မြဟု ယူဆပါရစေတော့"ဟူ၍လည်းကောင်း၊ ကိုစိန်ဘွား (စစ်ကိုင်း သံအမတ် ဟောင်း)က "ကွန်ဖရင့်ကြီး၌ ဟောပြောသော စကားများကြားရ၍ မခင်မြသည် အမိမြန်မာပြည်ကြီး ၏ သမီးကောင်း ရတနာတစ်ယောက်ဖြစ်ပေမည်ဟု ဆိုစမှတ်ပြုသင့်၏" ဟူ၍လည်းကောင်း၊ မမကြီး (ခြင်းကြားမြူနီစီပယ် မင်းကြီးဟောင်း ဦးထွန်းအုံ၏ဇနီး)က "မြမြရေ. . . ခြင်းကြားကို ဘယ်တော့မှ မမေ့နဲ့နော်၊ မြမြရဲ့ ရဲရင့်ခြင်း စိတ်ရှည်ခြင်းနှင့် ဖွဲ့သန်ခြင်းကိုကား ခြင်းကြားအစဉ်ပဲသတိရမယ်။ တွေ့သမျှလူအပေါင်းကိုလည်း မြမြရဲ့သတ္တိနဲ့ အာဇာနည်သွေး၊ အာဇာနည်စိတ်ကို အတုယူဖို့ ပြောပြမယ်နော်။ ခြင်းကြားလည်း စိတ်နည်းနည်းအားငယ်တဲ့အခါမှာ မြမြကိုပဲသတိရပြီး ကိုယ့်ကိုယ် ကိုယ် ဆုံးမမယ် မြမြရေ"ဟူ၍လည်းကောင်း၊ ရေးသားလိုက်ကြသည်။

## မှတ်တမ်းစာစောင်ဝယ်

သပိတ်လှန်ရန် အစည်းအဝေးလုပ်မည့်နေ့က ကိုအောင်ဆန်းသည် မခင်မြ၏ သပိတ် မှောက်မှတ်တမ်း၌ ဤကဲ့သို့ ရေးသားလိုက်သည်။

**သပိတ်အတွင်း၌ သပိတ်မှောက်ကျောင်းသူများ၏ လုပ်ရည်ကိုင်ရည် အစွမ်းသတ္တိနှင့် ကိုတွေ့ မြင်ခဲ့ရသဖြင့် မြန်မာအမျိုးသမီးများသည် မြန်မာပြည် လွတ်လပ်ရေးတိုက်ပွဲ၌ တစ်တပ်တစ်အား စွမ်းစွမ်းတမံပါဝင်နိုင်ကြမည်ဟု ကျွန်တော်ယုံကြည်သည်။**

**အောင်ဆန်း**

**၁၀-၃-၃၆**

ကိုအောင်ဆန်းသည် မခင်မြနှင့်တကွ ကောလိပ်ကျောင်းသူများ မြန်မာအမျိုးသမီးများအား ဝေါကဲ့ဖြင့် လည်းကောင်း၊ မနောကဲ့ဖြင့်လည်းကောင်း ပြစ်မှားမိခဲ့သည်ကို ဤကဲ့သို့ မှတ်တမ်းရေးသား



www.burmeseclassic.com

www.burmeseclassic.com



လျက် အာပတ်ဖြေလိုက်လေသည်။ ကိုအောင်ဆန်းသည် သူ၏အစွဲမှားကြီးလည်း ကျွတ်သွားသည်
ကိုအောင်ဆန်းသည် ပြောရဲသည်။ အမှားကို ဝန်ခံရဲသည်။ ထို့ကြောင့် ယောကျ်ားပီသသည်။

ရဲဘော်ကြီး ကိုအောင်ဆန်း ကျွန်ုတော်သည် ရဲဘော်ကြီးအား ဤဆောင်းပါးဖြင့် ဂါရဝ
လိုက်ပါသည်။ ။

အိုးဝေ၏ရွှေရတုသဘင် လက်ရွေးစင်ဆောင်းပါးများစာအုပ်
[နိုဝင်ဘာ၊ ၁၉၇၁ ခုနှစ်၊ အိုးဝေစာပေထိုက်



ရန်ကုန်တက္ကသိုလ်
ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ
ကိုအောင်ဆန်း
[၁၉၃၈-၃၉]

www.burmeseclassic.com


www.burmeseclassic.com



အိုးဝေမဂ္ဂဇင်း အယ်ဒီတာ ကိုအောင်ဆန်း [၁၉၃၅




ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂအလုပ်အမှုဆောင်များ [၁၉၃၅
(ရှေ့တန်းဝဲမှယာ)-ကိုသိဟန် (အတွင်းရေးမှူး)၊ မစ္စတာအမ်အေရာရှစ် (ဒု-ဥက္ကဋ္ဌ)၊ ကိုနု
ကိုအုန်း (ငွေထိန်း)၊ ကိုအောင်ဆန်း (အိုးဝေမဂ္ဂဇင်းအယ်ဒီ
(နောက်တန်းထိုင် ဝဲမှယာ) ကိုဘဆက်၊ ကိုသာလှ (နိုင်ငံခြားဆက်သွယ်ရေး)၊ ကိုထွန်းအုံ (ပိဋကတ်တိုက်မှူး)၊ ကိုကျော်



ဦးရာရှစ်ဥက္ကဋ္ဌလုပ်သည့် ၁၉၃၆-၃၇ ခုနှစ် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂအမှုဆောင်အဖွဲ့ဝင်များ။

www.burmeseclassic.com

www.burmeseclassic.com





သိုလ်ကျောင်းသား ကိုသိမ်းဟန်၊ ကိုသာလှ၊ ကိုအောင်ဆန်း



ဒ်ကျောင်းသားဘဝက ကိုအောင်ဆန်း


www.burmeseclassic.com



သခင်အောင်ဆန်း



ဂျပန်နိုင်ငံရောက် သခင်အောင်ဆန်းနှင့် သခင်လှမြိုင်
(နောင်အခါ ဗိုလ်ရန်အောင်အမည်တွင်သူ)




အိန္ဒိယနိုင်ငံ၊ ရမ်းဂါးမြို့ အိန္ဒိယအမျိုးသားကွန်ဂရက် နှစ်ပတ်လည်ညီလာခံသို့ တက်ရော…
တို့ဗမာအစည်းအရုံးဝင်ခေါင်းဆောင်တချို့ [မတ်၊ …
ဝဲမှယာ - ဦးဘာလှ (နယူးဒေလီအသံလွှင့်ဌာန)၊ သခင်အောင်ဆန်း၊ သခင် ခင်အောင် (သာ…
ကိုဝင်းဖေ (နယူးဒေလီ အသံလွှင့်ဌာန)၊ သခင်ထွန်းမြင့် (တိုးတက်ရေး)၊ သခင်…



သွားတုတစ်ကာ ရုပ်ဖျက်ထားသည့်
သခင်အောင်ဆန်း [၁၉၄၁]
[ဂျပန်နိုင်ငံတွင် စစ်ပညာသင်ရန်
မြန်မာလူငယ်များအားခေါ်ယူရေးအတွက်
မြန်မာခေါင်းဆောင်များနှင့်
ဆွေးနွေးရန် ရန်ကုန်သို့ ရုပ်ဖျက်ကာ
ခေတ္တပြန်လာခဲ့သည်။]

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်နိုင်ငံစစ်ပညာသင်အဖွဲ့

ဝဲမှယာ - ဗိုလ်လက်ျာ (သခင်လှဖေ)၊ ဗိုလ်စကြာ (သခင်အောင်သန်း)၊ ဗိုလ်ဇေယျ (သခင်အောင်ဆန်း) နှင့် သခင်



သုံးကျိပ်အဖွဲ့ဝင်များ။

(ဝဲ မှ ယာ) - ဗိုလ်ဇေယျ၊ ဗိုလ်အောင်၊ ဂျပန်ဘုန်းကြီး၊ ဗိုလ်တေဇ၊ ဗိုလ်မိုးကြိုး၊ ဗိုလ်နေဝင်း၊ ဗိုလ်လရောင်။

တန်း (ဝဲ မှ ယာ) - ဗိုလ်ရန်နိုင်၊ ဗိုလ်မင်းရောင်၊ ဗိုလ်မြင့်အောင်၊ ဗိုလ်စောနောင်၊ ဗိုလ်ကျော်ဇော၊

တန်း (ဝဲ မှ ယာ) - ဗိုလ်တာရာ၊ ဗိုလ်မင်းခေါင်၊ ဗိုလ်လင်းယုန်၊ ဗိုလ်ဇင်ယော်၊ ဗိုလ်ရဲထွဋ်။




ရဲဘော်သုံးကျိပ် တပ်စု (၃) အဖွဲ့ဝင်များနှင့် ဂျပန်သင်တန်းနည်းပြဆရာများ

နောက်တန်း (ဝဲမှယာ) - ကာတိုး၊ ဗိုလ်ဇေယျ (ကိုလှမောင်)၊ ဗိုလ်နေဝင်း (သခင်ရှုမောင်)၊ ဗိုလ်မြင့်ဆွေ (သခင်ထွန်းခင်)၊ တပ်ကြပ်

ရှေ့တန်း (ဝဲမှယာ) - ဒိုးအိ၊ ဗိုလ်လက်ျာ (သခင်လှဖေ)၊ ဗိုလ်ကြီး ကာဝါရှိမ၊ သခင်ထွန်းအုပ်၊ ဗိုလ်တေဇ (သခင်အောင်ဆန်း)၊ နို



www.burmeseclassic.com





ဗိုလ်တေဇနှင့်
မစ္စတာကီတဂျိမ
[ဗမာ့လွတ်လပ်ရေးတပ်မတော် အကြံပေးအရာရှိ]




www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်း၏ ကျောင်းဆင်း
စစ်ဝန်ကြီးဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောစဉ်။ [ဘဂျ] မတ်



ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) တပ်ဖွဲ့ဝင်များအား ဗိုလ်ချုပ်အောင်ဆန်း စစ်ဆေး



ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်လက်ထပ်ပွဲ [၆၊ စက်တင်ဘာ၊ ၁၉၄၂]

www.burmeseclassic.com

www.burmeseclassic.com



ဖခင် ဦးအောင်



ဗိုလ်ချုပ်အောင်ဆန်း၏
မိခင်ကြီးဒေါ်စု၊
ဒေါ်ခင်ကြည်နှင့် ရင်သွေးများ။



ချုပ်အောင်ဆန်းနှင့် သားသမီးများ
မ - ကောင်ဆန်းဦး၊ အောင်ဆန်းလင်းနှင့်
သမီး - အောင်ဆန်းစုကြည်]

www.burmeseclassic.com

www.burmeseclassic.com



# တောသားကြီး ကိုအောင်ဆန်း

ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်)

ညနေ ကျောင်းဆင်းခါနီး နောက်ဆုံးအချိန်ဖြစ်၍ ကျွန်တော်တို့ နဝမတန်းကျောင်းသူ ကျောင်းသားများ၏ အတွင်းစိတ်ဓာတ်သည် အတော်လှုပ်ရှားနေသည်။ တစ်နေ့လုံး ကျောင်းစာများ ကို သင်ကြားခဲ့ရခြင်းကြောင့် စိတ်ပန်း ကိုယ်ပန်း ပန်းနေကြပါပြီ။

သို့ရာတွင် ကျွန်တော်တို့အားလုံးသည် ကျောင်းအုပ်ဆရာကြီးကိုယ်တိုင် သင်ကြားနေသော ရှိတ်စပီးယား ပြဇာတ်ကိုမူကား သတိကြီးစွာဖြင့် နားထောင်နေရပေ၏။

မကြာမီ ကျွန်တော်တို့၏ နဝမတန်းသားများ အဝင်အထွက်ပြုရာ တံခါးပေါက်ကြီး အလယ်တည့်တည့်တွင် အမှတ်မထင် ယောကျ်ားတစ်ဦးလာ၍ ခြေစုံရပ်ကာ ကျွန်တော်တို့ကို …တည်တည်ကြည့်လိုက်ပါသည်။

နီတွတ်တွတ် ဂင်တိုတို ညှပ်ထားသည့် ခေါင်းတုံးဆန်ထောက် ဖိုးရိုးဖားရား အောက်ဝယ် …ဖြူးဖြူးမျက်နှာကို တွေ့လိုက်ရသည်။ သူ၏မျက်နှာသည် ဝက်ခြံအနည်းငယ်ပေါက်ကာ ပွရောင်း …ရောင်းတွေ့ရပြီး မသေမသပ် မျက်နှာမျိုး ဖြစ်ကြောင်း မှတ်မိလိုက်၏။ သို့ရာတွင် သူ၏မျက်လုံး များက ကျွန်တော်တို့ကို စူးစူးစိုက်စိုက် ရဲရဲရင့်ရင့်ကြည့်ကာ ပြုံးနေသည်။

သူသည် ရှပ်လက်ရှည်အဖြူရောင်ပေါ်တွင် ဖျင်ကြမ်းတိုက်ပုံ အင်္ကျီထူကြီးကို ဝတ်ဆင် ထား၏။ ရှပ်အင်္ကျီဖြူမှာလည်း ညစ်ထပ်ထပ် တွေ့နေရလေသည်။ ခါးတွင် ပုဆိုးအရောင်မှာလည်း …လွင်လွင် မဟုတ်လှချေ။ ခြေသလုံး တစ်ပတ်ရစ်ပေါ်အောင် ဝတ်ဆင်ထားသည်။ ပိန်းထန်း

www.burmeseclassic.com



ဖိနပ်ဟောင်းတစ်ရန်ကို စီးနင်းထားသည်။ ယာဘက်လက်တွင် ရှမ်းလွယ်အိတ်တစ်လုံးကို ဆွဲထ… သေးသည်။ သူသည် ကျွန်တော်တို့ကို ပိုင်စိုးပိုင်နင်းကြည့်ကာ တံခါးဝတွင် မလှုပ်မယှက် တန့်ရပ်… ပါသည်။

ကျွန်တော်၏ စိတ်ထဲဝယ် တောနယ်မှယောကျ်ားတစ်ဦး၊ အရပ်စကားပြောရလျှင် … သားတစ်ဦးဟူ၍ မှတ်ထင်လိုက်မိသည်။

ဆရာကြီးသည် စာသင်ရာမှပါးစပ်ကြီး အဟောင်းသားဖြစ်သွားကာ ဟေ့ မင်းရောက်… ကိုးဟု အသိအမှတ်ပြုလိုက်ရင်း ကျွန်တော်တို့ဘက်လှည့်၍-

'ကိုင်း ကြုံကြိုက်တုန်းမှာ မင်းတို့ကျောင်းသားတွေနဲ့ မိတ်ဆက်ပေးရဦးမယ်' ပြောလိုက်… ဖျင်ကြမ်းအကျီနှင့် ပုဂ္ဂိုလ်၏လက်ကိုဆွဲ၍ဝင်ကာ အခန်းတွင်းသို့ ခေါ်ယူခဲ့ပြီး -

'မင်းတို့ ကျောင်းသားတွေ အားလုံးမှတ်ထားကြ။ မင်းတို့ကျောင်းသားတွေရဲ့ ခေါင်းဆော… အောင်ဆန်းဆိုတာ သူပါပဲကွာ' ပြောပြလိုက်ပါသည်။

ကိုအောင်ဆန်းသည် ဆရာကြီးနှင့် စကားသုံးလေးခွန်း ပြောဆိုနှုတ်ဆက်လိုက်… ကျွန်တော်တို့ကို 'ပြန်မယ်ဟေ့'ဟု နှုတ်ဆက်ကာ ကျောင်းခန်းထဲမှ ထွက်ခွာသွားသည်။

ညနေ ကျောင်းဆင်းပြီးကာလတွင် တို့ဗမာအစည်းအရုံး (ခရိုင်)တည်ရာ ကျွန်တော်တို့… အိမ်တွင် သခင်အောင်ဆန်း၊ သို့မဟုတ် ကျောင်းသားခေါင်းဆောင်ကိုအောင်ဆန်းနှင့် ဒုတိယအ… ဆုံမိကြပြန်၏။

နိုင်ငံရေး၊ ကျောင်းသားရေးအကြောင်း ဆွေးနွေးရင်း ကျွန်တော်က ကိုအောင်ဆန်း… 'ညနေက ကျောင်းခန်းကို လာကြည့်တုန်းက ကျွန်တော်တို့ အားလုံးက ကိုအောင်ဆန်းကို တော… လူကြီးလို့ ထင်နေတာ။ စကားရိုင်းရိုင်းပြောရရင် တောသားတစ်ယောက်လို့မဲ ထင်မိတယ်' ပြော… ပါသည်။

ကိုအောင်ဆန်းက နှစ်နှစ်ခြိုက်ခြိုက်ရယ်မောရင်း 'ဟုတ်တာပေါ့ကွာ၊ နတ်မောက်က တော… သားပေါ့' ဟု ဝန်ခံသည်။

တောသားကြီး ကိုအောင်ဆန်းနှင့် ကျွန်တော် ဘဝအစခန်းမှ တွေ့ကြုံခဲ့ရမှုကို ယနေ့… မမေ့နိုင်စတမ်း သတိရမိနေပါတော့သတည်း။ ။

[ကြေးမုံသတင်းစာ၊ ၁၉-၇-၁၉…

# ဗိုလ်ချုပ် ဒေါသထွက်သောနေ့

ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်)

ကြီးမားတင့်တယ်လျက် အေးမြသည့် အရိပ်ဆာယာတို့ကို ပေးအပ်သော တစ်ပင်တည်း …သော သစ်ပင်ကြီး၏ သတင်းကား ခိုကိုးရာမဲ့ ပူပြင်းလှသော အရိပ်အာဝါသကင်းမဲ့သည့် ဒေသနှင့် …အချိန်အခါအဖို့တွင် များစွာသတိရတောင့်တ အမှတ်ရစေ၏။

ငြိမ့်ညောင်းသာယာသလောက် ပဲ့တင်ခတ်စေသည့် မင်္ဂလာစည်တော်သံ၏ သာယာမှုသည် …ဝေးကွာသောဒေသမှ နားထောင်မှသာ စည်တော်သံ၏ သာယာကြည်နူးမှုအရသာကို ခံစား…ားသောတဆင်နိုင်မှုကို တန်ဆာဆင်အပ်စေ၏။

လူကြီးမိဘဆရာသမားအစရှိသည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့၏ မေတ္တာစေတနာကား …အရိပ်အာဝါသကောင်းလှသည့် သစ်ပင်ကြီးများထက် အဆပေါင်းများစွာ အေးချမ်းသာယာမှုကို …ပေးစေနိုင်၏။

ခေါင်းဆောင်ကောင်း မျိုးချစ်ပုဂ္ဂိုလ်၊ လွတ်လပ်ရေးဗိသုကာကြီးများ၏ ပြောဆိုဆုံးမဩဝါဒ …စကားများကား မင်္ဂလာစည်တော်သံကဲ့သို့ပင် ဝေးလံကြာမြင့်သော ကာလတို့၌ ပဲ့တင်ခတ်ကာ …ဥဒါန်းစကားများအဖြစ် မှတ်တမ်းတင်စေခဲ့၏။ သူတို့၏ပြောဆိုဆုံးမ ဩဝါဒစကားများသည် ကမ္ဘာ …ကျေသော်လည်း သူတို့၏စကားလုံးများ၊ မိန့်ခွန်းများ၊ ဩဝါဒများကား ဥဒါန်းမကျေနိုင်တော့ပါ …တကား။

ဗိုလ်ချုပ်အောင်ဆန်း (ဝါ) သခင်အောင်ဆန်း၊ ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်း

www.burmeseclassic.com



၏စကား ဩဝါဒများကား မြန်မာ့သမိုင်းဝယ် ကမ္ဘာတည်ရစ်ပေဦးတော့မည်တကား။

ကိုအောင်ဆန်းကို ကျောင်းသား လောကဝယ် အမြင်တစ်မျိုးဖြင့် မြင်ခဲ့ကြ၏။ ကြည့်ခဲ့ကြ၏။ ဝေဖန်ခဲ့ကြ၏။ ဝေဖန်စရာလည်း ကိုအောင်ဆန်း၏ နေပုံထိုင်ပုံတွေက ဖန်တီးပေါ်ပေါက်ခဲ့ပေ၏။

သူသည် တစ်စုံတစ်ရာ ပြဿနာကို အကြောင်းပြု သူ့ခေါင်းထဲဝယ် စဉ်းစားမိခဲ့လျှင် သူ့အဖို့ မတုန်မလှုပ်သော ကျောက်ရုပ်ကြီးကဲ့သို့ ဘယ်သူခေါ်ခေါ်၊ ထူးချင်မှ ပြန်ထူးသည်။ ဘယ်သူ က စကားလာပြောပြော သူက အဖက်ပြန်လုပ်ကာ စကားမပြောခဲ့ချေ။ ထိုင်လျက်၊ ငိုင်လျက်၊ အိပ်လျက် သူ့ခေါင်းထဲမှပြဿနာကို ကြေညက်အောင်သုံးသပ်စဉ်းစားခြင်းဖြင့်သာ အချိန်ကုန် စေ၏။

အကြောင်းသင့်၍ သူကစကားပြောပြန်လျှင်လည်း ပြေပြေပြစ်ပြစ် တယ်မရှိလှချေ။ သူ့ စကားပြောသံများက တိုတိုတောင်းတောင်း ပြတ်ပြတ်သားသားနှင့် စူးစူးဝါးဝါးပြောလေ့ရှိပြန်သည်။

ကြာသောအခါတွင် ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်းကို သူ၏လုပ်ဖော်ကိုင်ဖက် များနှင့် ကျောင်းသားများက 'ခွစာ' 'အရူး' စသည်ဖြင့် နင့်နင့်သီးသီးခေါ်ဝေါ်လာကြသည်။

အာသဝေါမကုန်ခန်းကြသေးသည့် ပုထုဇဉ်မှန်သမျှ အရူးချည်းသာတည်း။ သို့ရာတွင် ကိုအောင်ဆန်း၏ အရူးကား အင်မတန်ဆန်းကြယ် မွန်မြတ်လှပါပေသည်။ သူ့ခေါင်းထဲ၌ ထ တလဲလဲ ပေါ်ပေါက်ရေရွတ်နေစေသည်။ "ဗမာ့လွတ်လပ်ရေး . . . ဗမာ့လွတ်လပ်ရေး" စသည့် စကားလုံးများ ဆောင်ပုဒ်များကို မှောက်လျက်၊ ပက်လက်၊ ထိုင်ရင်း ကျောင်းသားခေါင်းဆော င် ကိုအောင်ဆန်းသည် စဉ်းစားရင်း သူ့ကို ဘေးကဝိုင်း၍ သမုတ်ခဲ့ကြသည့် အရူးအဖွဲ့ထူးထွေ လွတ်လပ်ရေးအရူးကြီးအဖြစ် ကိုအောင်ဆန်းက ဖန်ဆင်းခဲ့ရှာသည်။

"ရူးမှမြတ်မည်။ ထူးမှတတ်မည်" ဟူသော စကားပုံသည် ကိုအောင်ဆန်း သို့မဟုတ် လူ့ခွစာ (ဝါ) လွတ်လပ်ရေး အရူးအတွက် တမင်တကာ တီထွင်ပေါ်ပေါက်ခဲ့လေသလော ဟု ဤအကြောင်းအရာကို ရေးရင်းပင် ကျွန်တော့် ခေါင်းထဲ၌ သံသယတွေဝင်ခဲ့တော့၏။

ကျောင်းသားဘဝမှ သခင်ဘဝသို့တစ်ဆင့် ဗိုလ်ချုပ်ဘဝအထိ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မျက်နှာထား တည်ကြည်စွာ နေထိုင်ခဲ့မှုသာများခဲ့ပြီး ရယ်ရယ်မောမော အခြေအနေကို များစွာမတွေ့ရချေ။ သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဒေါသထွက်နေသည့် အချိန် အခါမျိုးကိုလည်း တွေ့ကြုံရန် အင်မတန်ရှားပါးခဲ့ပေသည်။ သူဒေါသထွက်နေသည့်အခါ၌လည်း အခြားနိုင်ငံရေးခေါင်းဆောင်တွေလို မုသားပရိယာယ်လုပ်ကာ အပြုံးရွှေ့တင်ပြီး နောက်ပိုင်းက ကောက်နေအောင်ချိတ်နေအောင် ဒေါပွဟန်ဆောင်လေ့မရှိခဲ့၊ ပြောင်ပြောင်တင်းတင်းပင် ဒေါသ ထွက်စရာရှိလျှင် ဟန်ပန်ပရိယာယ်မလုပ်တမ်း၊ ရှုးရှုးဒိုင်းဒိုင်းဒေါသထွက်ခဲ့ကြောင်း တွေ့ရပေ၏။ အတွင်းသဘော ဖြူဖြောင့်သော အမျိုးသားခေါင်းဆောင်များ၏ ပွင့်လင်းရိုးသားသော အမြဲမျိုး မျိုးသာ ဖြစ်ပေ၏။

စာရေးသူအနေဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို အနှစ်သက်ဆုံး အမြတ်နိုးဆုံးအချက်များအနက် အချက်တစ်ချက်မှာ ရဲဘော်ရဲဘက်စိတ်ထားတတ်ခြင်းဖြစ်ပေ၏။





ရာထူးအဆင့်အတန်းအနေဖြင့် အခြားပုဂ္ဂိုလ်များထက် သာလွန်ကြီးမားခဲ့သော်လည်း အခွင့်အရေး ကို ပိုမယူခြင်း၊ သူရရှိခံစားစေခဲ့သလို ရဲဘော်ရဲဘက်များ အတွက်လည်း ပထမစဉ်းစားဆောင်ရွက် ပေးပြီးမှ တန်းတူညီမျှရှိစေသည့် စိတ်ဓာတ်ပင်ဖြစ်ပါသည်။ သူသည် တိုင်းပြည်နှင့် လူထုအပေါ် ချစ်မြတ်နိုးနေသလို၊ သစ္စာရှိနေသလို သူ၏ရောင်းရင်းရဲဘော်တိုင်းကို သူ့အဓိဋ္ဌာန်ယုံကြည်ချက်နှင့် ထပ်တူလိုက်နာကျင့်သုံးစေ၏။ သူကိုယ်တိုင်သည်လည်းကောင်း၊ သူ၏ နောက်ပါရဲမက်စစ်သည် များကို သူချစ်မြတ်နိုးနေသည့် တိုင်းသူပြည်သားများနှင့်အတူ အခွင့်အရေးရယူရာ၌ ညီညီမျှမျှ တန်းတူအခွင့်အရေးကို ရယူစေခဲ့၏။ ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော်ရဲဘော်နှင့် ပြည်သူ ပြည်သားများကို ရေနှင့်ငါး ဥပမာအတိုင်း ကျင့်သုံးခဲ့စေ၏။ အနာဂတ်ကာလ ဗမာ့တပ်မတော်ကြီး အတွက် ဦးစီးပဲ့ကိုင်မဏ္ဍိုင်အဖြစ် စစ်သည်တော်ကျင့်ဝတ်၊ အခြေခံစည်းကမ်းများကို ရေးဆွဲသတ် မှတ်ခဲ့၏။

တိုင်းပြည်ငတ်နေသည့်အခါ၌ တပ်မတော်သည် ဘဝတူငတ်နေရမည်။ တိုင်းပြည်ချမ်းသာ လျှင် တပ်မတော်သားများသည် တိုင်းပြည်၏ သားကောင်းများပီပီ ဝဖြိုးသာယာမှုကိုခံရစေမည် စသည့်သဘောတရားများကို မကြာခဏ ဩဝါဒပေးခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း အမုန်းဆုံးအချက်ကား တပ်မတော်သားများသည် တိုင်းပြည်၏ အခြေအနေကို မကိုက်ညီစေဘဲ ပိုမိုအခွင့်အရေးခံခြင်း၊ ရယူစေခဲ့ခြင်း၊ တောင့်တခြင်းစသည့် ပြစ်မှုများပင် ဖြစ်ပေ၏။

ဤအထက်ဖော်ပြပါ ကိစ္စနှင့်ပတ်သက်၍ စာရေးသူသည် ဗိုလ်ချုပ်အောင်ဆန်း၏ အကြီး အကျယ်ဒေါသထွက်ခဲ့ခြင်းကိုအမှတ်မထင်ကြုံကြိုက်သဖြင့် တွေ့ရှိမှတ်သားမိသလိုဇာတ်ကြောင်းပြန် ကာ မှတ်တမ်းတင်၍အစီရင်ခံရတော့သည်။

ရှင်းရှင်းရေးရလျှင် ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ ဘိုးဟေးဂွန်) အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ကျွန်တော်မှစ၍ ဗိုလ်၊ အကြပ်၊ တပ်သား အားလုံးလိုလိုပင် စိတ်ထိခိုက်ကာ စိတ်ဓာတ်ကျဆင်းနေခိုက် ဖြစ်ပါသည်။

စိတ်ထိခိုက်ခြင်း၊ စိတ်ဓာတ်ကျဆင်းခဲ့ရခြင်းအကြောင်းရင်းကား ကျွန်တော်တို့၏ အင်အား ခုံသောင်းမှ ငါးသောင်းအထိ စုစည်းမိခဲ့ တိုက်ပွဲဝင်ခဲ့ကြသည့် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို ဂျပန်အာဏာပိုင်တို့က ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ် အင်အားစုသုံးသောင်းအတွင်း၌ သာ ရှိစေသည့် လက်တစ်ဆုပ်စာခန့်သာရှိတော့သည့် အခြေအနေသို့ ရောက်ရှိသွားအောင် ဖန်တီး ဆောက်ရိုက်ခံခဲ့ရခြင်းကြောင့်ဖြစ်ပေ၏။

သေဖော်သေဖက် ရောင်းရင်းရဲဘော်အချင်းချင်း ရုတ်တရက် ကွဲကွာခဲ့ခြင်း၊ ဂျပန်စစ်တပ် များ၏ အခါအခွင့်ရတိုင်း ရန်စစော်ကားခဲ့ရခြင်းတို့ကြောင့် ရဲဘော်ရဲဘက်တွေ စိတ်ဓာတ်ကျဆင်းရ ခြင်းလည်း ပါဝင်ခဲ့သည်။

ကျွန်တော်တို့တပ်ရင်းသုံးရင်းသည် ပျဉ်းမနားစခန်းသို့ ရွှေ့ပြောင်းစုစည်းရောက်ရှိခဲ့ရသော် လည်း တကယ်အမြဲတမ်း စစ်တပ် (Regular Army) အနေဖြင့် တန်းစီခြင်း၊ စစ်ရေးပြခြင်း၊ လေ့ကျင့်ရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ရသော်လည်း အမြဲတမ်းစစ်တပ်အသွင်အဖြစ်ဖြင့် နေလိုနေခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုချို့ယွင်းချက်ကား စစ်ဝတ်စုံများမရှိခဲ့ခြင်းဖြစ်ပေ၏။

ရဲဘော်အားလုံးကပင် ဗမာ့ကာကွယ်ရေးတပ်မတော်၏ ဂုဏ်သိက္ခာနှင့် ထိုက်သင့်သော စစ်ဝတ်စုံရာထူးတံဆိပ်တွေကို မျှော်လင့်တောင့်တခဲ့ကြသည်။ စစ်ဌာနချုပ်မှလည်း စစ်ဝတ်စုံများ ရေးအတွက် အပြင်းအထန်ကြိုးစားစီစဉ် နေကြောင်း သတင်းပြန်ကြားခဲ့သည်။

ထိုနေ့က ကျွန်တော်သည် တပ်ရင်းတာဝန်မှူးကြီးတာဝန်ကို ဗိုလ်ကြီးဇင်ယော်ထံမှ လွှဲ ယူဝင်ခဲ့ပြီး စာရင်းအင်းများကို ပြန်လည်စစ်ဆေး ကြည့်လိုက်မိသည်။ လူသူလက်နက်စာရင်းမှ စာရင်းအချို့မှားနေကြောင်းကိုတွေ့လျှင် တွေ့ရချင်း တပ်ရင်းမှူးဗိုလ်မှူးဇေယျဆီသို့ အရေးတ သတင်းပို့လိုက်ရပေ၏။ ဗိုလ်မှူးဇေယျအနေဖြင့် အကြောင်းကိစ္စတစ်ရပ်ရှိနေ၍ အပြင်ထွက် သည်ကြောင့် တပ်ရင်းရုံးတွင်ထိုင်စောင့်ခဲ့ရာ ညနေ (၄) နာရီထိုးမှ ဗိုလ်မှူးဇေယျပြန်ရောက်လ တော့သည်။ အခြေအနေကို အစီရင်ခံလိုက်ရာ ယခင်ရုံးမှ ခေတ္တရုံးအုပ်လုပ်နေသူများ၏ ချို့ယွ ချက်များက အစပြု၍ စာရင်းတွေမှားကြောင်းတွေ့ရသဖြင့် ကျွန်တော့်အား တာဝန်ပေးကာ စစ်ဌာ ချုပ်ရှိ စစ်ရေးချုပ်၏ ရုံးအုပ်နှင့် သွားရောက်တွေ့ဆုံခိုင်းလိုက်ပြန်ပါသည်။

ထို့ကြောင့် လက်ပတ်နာရီကိုငုံ့ကြည့်လိုက်ရာ စစ်ဌာနချုပ်ရုံးဆင်းချိန်ဖြစ်နေသည်ကြော မိလိုမီပြေး ဝီရိယကို အားကိုးပြု၍ တွဲဖက်တာဝန်မှူး အရာခံဗိုလ်ဗဟန်ကိုခေါ်ယူပြီး စစ်ဌာနချု တည်ရာ ယခုပျဉ်းမနားသစ်တောရုံးဆီသို့ တစ်ချိုးတည်း ခြေကျင်လစ်ခဲ့ရပေ၏။ ထိုအချိန်အခါ ကျွန်တော်တို့ တပ်မှူးများ၊ ဗိုလ်ကြီးများအတွက် အရေးရှိက စီးနင်းအသုံးပြုရန် ကိုယ်ပိုင်မြင်း ကောင်စီးမှလွဲ၍ မည်သည့်ဆလွန်းကား၊ မည်သည့်ယာဉ်ရထားမှ မရှိခဲ့ချေ။ မြင်းနှင့်ခရီးနှင် မှာလည်း မြင်းကိုပြင်ဆင်ရာတွင် အချိန်ဖင့်နွဲ့မည်ကို စိုးရိမ်မိသောကြောင့်တည်း။ စစ်ဌာနချု သို့အရောက်တွင် တချို့တာဝန်ခံများ ရုံးဆင်းသွားခဲ့ကြပေပြီ။ စာရေးများနှင့် ရုံးစောင့်တာဝ ရဲဘော်များ၊ ကင်းမှူးများသာ လှုပ်လှုပ်ရှားရှားအနေဖြင့် တွေ့ခဲ့ရပေ၏။

ကျွန်တော်သည် စစ်ရေးချုပ်ဌာနမှ ရုံးအုပ်ကို အရေးတကြီးမေးကြည့်လိုက်ရာ အပြင်ခ သွားနေကြောင်း၊ ရုံးမဆင်းသေးကြောင်းသိရသဖြင့် စိတ်အေးသွားပြီး စစ်ဌာနချုပ်ရုံးတစ်ဝိုက် လှည့်၍ကြည့်ရှုခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ရုံးခန်း (ထိုအချိန်အခါက ဗိုလ်ချုပ်အောင်ဆန်း ရာထူးမှာ ဗိုလ်မှူးကြီးအဆင့်အတန်း၌ပင် ဗမာ့ကာကွယ်ရေးတပ်မတော်ကို စတင်တာဝန်ယူဦးစီး ပေသည်) ဆီသို့ မယောင်မလည်ဖြင့် လှမ်း၍ကြည့်လိုက်ရာ ဗိုလ်ချုပ်အောင်ဆန်းကို မတွေ့ရသ ရုံးဆင်းချိန်လွန်ခဲ့ပြီဖြစ်၍ ရုံးဆင်းသွားသည်ဟု သိရှိလိုက်သည်။

ထို့ကြောင့် ကက္ကန္ဒြေရရ ခေတ္တအနားယူရင်း ရုံးအုပ်ကို အသင့်စောင့်ကြိုနေရန်အတွ ဗိုလ်ချုပ်ရုံးခန်းနှင့် ကပ်လျက်ရှိသည့် ကိုယ်ရံတော် ဗိုလ်ကြီး၏ အခန်းဝယ်ကုလားထိုင်တစ်လုံးစီ ယူကာ ကျွန်တော်နှင့် ဗိုလ်ဗဟန်တို့က အနားယူရင်း ရုံးအုပ်တာဝန်ခံကို စောင့်မျှော်နေမိသည်

ရုံးဆင်းချိန်ကျမှပင် ကတ်ကတ်သတ်သတ်ပစ္စည်းသေတ္တာအပြည့်နှင့် ထရပ်ကားကြီးမျ ရောက်ရှိလာပြီး စစ်ဌာနချုပ်စောင့် ရဲဘော်များ၏ အကူအညီဖြင့် ကားပေါ်မှပစ္စည်းတွေကို သယ် နေကြသည်။

ကျွန်တော်နှင့် ဗိုလ်ဗဟန်တို့လည်း တပ်မတော်၏ ရှေ့ရေးနောက်ရေးများကို ပြောကြ





ကာ အချိန်ဖြုန်းနေမိကြလေသည်။ အခြားရုံးခန်းမှ ရုံးစာရေးများ၊ တာဝန်ခံများကလည်း သေတ္တာဖွင့်သူကဖွင့်၊ ပစ္စည်းများကိုလက်ခံစစ်ဆေးသူက စစ်ဆေးနှင့်အတော်ကလေးအလုပ်ရှုပ်နေကြပေပြီ။

နာရီဝက်ခန့်အကြာတွင် ကျွန်တော့်အား ဗိုလ်ဗဟန်ကလက်ကုတ်၍ အရေးတကြီးအချက်ပေးလိုက်သည်ကြောင့် သူမေးငေါ့ပြရာသို့ စောင်းငဲ့၍ကြည့်လိုက်ရာ ရုံးခန်းအတွင်းသို့ ဘယ်အချိန်က ဝင်ရောက်၍ ဟန်ရပန်ရအလုပ် လုပ်နေသည်မသိသော ဗိုလ်ချုပ်အောင်ဆန်းကို တွေ့လိုက်ရပေ၏။ သူသည် ဘယ်ကိုမှမကြည့်ဘဲ စားပွဲပေါ်ဝယ်စာရွက် တွေတစ်ထွေးကြီးခင်းကာ စာကုန်း၍ ရေးနေကြောင်း တွေ့လိုက်ရပေ၏။ သူ၏အဝတ်အစားမှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် တူညီသော စစ်ဝတ်စုံကျကျနနမဟုတ်ချေ။ အစိမ်းရင့်ရောင်ရှပ်လက်တိုကိုဝတ်ဆင်ကာ မြင်းစီးဘောင်းဘီရှည်တွင် စစ်ဖိနပ်ရှည်တစ်ရန်ကိုစီးနင်းထားလျက် ခါးတွင် ဂျပန်ခါးပတ်ပြားကြီးကို ပတ်ထားသည်။ စားပွဲထောင့်တစ်နေရာတွင် သူဗမာ့လွတ်လပ်ရေးတပ်မတော် ခေတ်တစ်လျှောက်လုံးဆောင်းလာခဲ့သည့် ဂျပန်စစ်တပ်အရာရှိများ ဆောင်းလေ့ရှိသည့်ပုံမျိုး စစ်ဦးထုပ်အဟောင်းတစ်လုံးကိုတွေ့ရပြီး အခန်းထောင့်တွင်မူကား သူ၏ ဂျပန်ဓားရှည်တစ်လက်အား ထောင်ထားသည်ကို တွေ့မြင်ရပြန်ပါသည်။ သူ၏ဆံပင်မှာ ဆီနှင့်ဝေးကွာခြင်း၊ ပြုပြင်ခြင်းမရှိခဲ့ခြင်း အထိမ်းအမှတ်အဖြစ်ဖြင့် ရှည်ပြီး ဖားလျားမွှေးတွေထနေအောင် ဖရိုဖရဲနိုင်လှပေ၏။

သူ၏ စစ်ဝတ်စုံများမှာ ရာသီဥတု ဒဏ်သင့်ထားသည့်အတွက် အဖြူရောင်တွေရောနှောကာ အဟောင်းအနွမ်း အခြေသို့ ညွှန်းပြနေတော့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် စိတ်ပါလက်ပါစာတွေရေးနေသဖြင့် အနှောင့်အယှက်မပေးလို၍ ကျွန်တော်တို့ နှစ်ယောက်က ခပ်ကျယ်ကျယ် ပြောဆိုနေမှုကို ချက်ချင်းရပ်တန့်လိုက်ရပေ၏။

သို့ရာတွင် အပြင်က ပစ္စည်းသယ်ချနေသော ရုံးတာဝန်ခံပစ္စည်းထိန်းဌာနအရာရှိများ၊ အကြပ်တပ်သားများအဖို့မှာမူကား စည်းလွတ်ဝါးလွတ် ပြောချင်ရာစကားတွေကို ကျယ်ကျယ်လောင်လောင်ပြောဆိုနေကြသည်။ သူတို့လူစုလည်း ဗိုလ်ချုပ်ရုံးပြန်တက်ပြီး သူ့အခန်းတွင်း၌ ရောက်ရှိနေကြသည်ကို လုံးဝသိကြပုံမရချေ။ သတိပြုမိပုံမရချေ။

အမှတ်တမဲ့ နှစ်ခန်းသုံးခန်းကျော်က သူတို့လူစု အရေးတကြီးဝေဖန်နေကြသည့် ပြောဆိုနေကြသည့် အကြောင်းအရာများကို ကျွန်တော်က ရုတ်တရက်နားစွင့်၍ ထောင်လိုက်မိသည်။

"ဒီလောက် ကြမ်းတမ်းတဲ့ အဝတ်အထည်တွေဝတ်ရမှာ ကျောယားလိုက်ပါဘိကွာ။ အိမ်ကုန်းက တစ်ခါမျှစိတ်မကူးခဲ့တဲ့ ယူနီဖောင်းတွေ၊ လက်တောင်မသုတ်ခဲ့ကြတဲ့ အဝတ်ကြမ်းတွေကွာ"

ကျယ်လောင်ကျယ်လောင်နှင့် ရဲဘော်တစ်ယောက်က ရယ်မောကာ ပြောလိုက်သည်။

ဗိုလ်ချုပ်သည် ရေးလက်စစာရေးခြင်းကို တန့်ခနဲရပ်လိုက်ပြီး မျက်တောင်မခတ်တမ်း၊ တစ်ဖက်ခန်းမှ တပ်မတော်စစ်ဝတ်စုံအကြောင်း ဝေဖန်ချက်ကို နားစိုက်ကာ ထောင်နေတော့သည်။

"ခါးမှပဲ တို့မျှော်လင့်ခဲ့သလို စမတ်ကျကျမဟုတ်ဘဲ လူရယ်စရာအဝတ်ကြမ်းဖျင်ကြမ်းကြီးတွေနဲ့ လာတိုးနေပြီ၊ ကောင်းတယ်ကွာ၊ သိပ် ကောင်းတယ်၊ ကူလီတွေဝတ်တဲ့ အဝတ်မျိုးတွေကွ"

တစ်ယောက်ယောက်က ဝင်၍ပြောလိုက်ပြန်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ မျက်နှာသည် ရုတ်တရက်တင်းမာခက်ထန်သွားတော့သည်။ သူ့မျက်လုံးနှစ်လုံးကလည်း အရောင်တွေတဝင်းဝင်း

www.burmeseclassic.com



တောက်ထွက်ခမန်း ဒေါသထွက်နေကြောင်း တွေ့ရပေ၏။

တစ်ဖက်ခန်းမှ အသံများကလည်း မလျော့တမ်းဟာသစွက်ကာ ပြက်လုံးထုတ်လိုက်ကြ သေး၏။

"ဟေ့ကောင်တွေ ခုထုတ်ပေးခဲ့တဲ့ စစ်ဝတ်စုံဝတ်ပြီး မြို့ထဲသွားရင် ဂျပန်တပ်ကခိုင်းတဲ့ ဟောဟိုးတပ်သားတွေ ထင်ပြီး ဂျပန်တွေက တန်းခိုင်းမှာ သေချာတယ်။ မင်းတို့ကြည့်သာပြောကြ တော့။ ဘယ်လိုအဝတ်အစားတွေမှန်းသိပါဘူးကွာ" ညည်းညည်းညူညူဖြင့် နိဂုံးချုပ်လိုက်ပြန်သည်။

ဗိုလ်ချုပ်သည် တွေဝေ၍ မျက်လုံးကိုစုံမှိတ်ကာ စဉ်းစားနေ၏။ ဒေါသဖြစ်နေရာမှ ဖြန်းခနဲ ဖောင်တိန်ကို စားပွဲပေါ်သို့ ပစ်ချလိုက်သည်။

တစ်ချိန်လုံးက ကျွန်တော်တို့ နှစ်ယောက် သူ့တစ်ခန်းကျော်တွင် ရောက်နေသည် မရောက် သည်ကို အသိအမှတ်လုံးဝမပြုခဲ့သော ဗိုလ်ချုပ်အောင်ဆန်းသည် ဖြုန်းခနဲလှမ်း၍ -

"ဟေ့ တာရာ ဟိုဘက်က စကားပြောနေကြတဲ့အကောင်တွေအကုန်လုံး ငါ့ဆီအမြန်ခေါ် စမ်း၊ သွားစမ်း၊ မြန်မြန်ကွ"

အော်ငေါက်ကာ ကျွန်တော့်ဘက်သို့ လှမ်း၍ အမိန့်ပေးလိုက်၏။

ပါးစပ်သရမ်းနေကြသော ဘသားချောများသည် သူတို့ခေါင်းမီးလောင်တော့မည့် အခြေ အနေကိုလုံးဝမရိပ်မိကြဘဲ ဆက်ပြီး စစ်ဝတ်စုံများ အခြေအနေကို ဝေဖန်ရင်း ပြက်လုံးထုတ်ကာ တဟားဟား တဝါးဝါး ပွဲကျနေတုန်းအချိန်ပင်။

ကျွန်တော့်အဖို့ တစ်ချိုးတည်းသွားရောက်ကာ ထိုအခန်းကျယ်ကြီးအတွင်းဝယ် သေတ္တာ ကြီးများကိုဖွင့်ကာ စစ်ဝတ်စုံများကို ကိုင်တွယ်စာရင်း ယူနေကြသည့် ဗိုလ်အကြပ်တပ်သားအပေါင်း သည့် ဘသားချောအားလုံးကို ဗိုလ်ချုပ်၏အမိန့်အရ တစုတရုံးတည်း အရေးတကြီး ဗိုလ်ချုပ် အောင်ဆန်း၏ အခန်းသို့ ခေါ်ယူခဲ့ရပေ၏။

ဗိုလ်ချုပ်အခန်းအတွင်းခေါ်ယူခဲ့ပြီး ကျွန်တော်က စစ်ထုံးစံအတိုင်း အလေးပြုကာ "အမိန့်အတိုင်း ခေါ်ဆောင်ပြီးပါကြောင်း" သတင်းပို့ကာ အလေးပြုလိုက်ပြီးမဆုတ်မဆိုင်း

"မင်းတို့ ဘာကောင်တွေတုံးကွ။ ဟင် ဟေ့ ငါမေးတာမကြားဘူးလား" စူးစူးဝါးဝါးမေးမြန်း လိုက်သည့် ဗိုလ်ချုပ်၏အသံသည် စစ်ဌာနချုပ်တစ်ရုံးလုံးကို လွှမ်းမိုးသွားပါတော့သည်။

သူတို့သည် ကြောင်၍နေကြပြီး မှင်သက်မိနေသူများပမာ တစ်စုံတစ်ရာအဖြေကို မပေးဝံ့ ကြချေ။ သတိအနေနှင့် ငြိမ်သက်စွာ ရပ်နေကြပါသည်။

"ပြောကြစမ်း . . . မင်းတို့ဘာကောင်တွေတုံး။ ငါမေးနေတာ မင်းတို့မကြားဘူးလား ခုတင်က မင်းတို့ ရယ်လားမောလားနဲ့ ပြောနေကြတာတွေလေ"

ဒုတိယအကြိမ် စူးစူးဝါးဝါးအော်ဟစ်ကာ ဗိုလ်ချုပ်က မေးမြန်းလိုက်ပြန်ပါသည်။

အမေးခံရသူအားလုံးသည် မျက်နှာသေကလေးတွေနှင့် ဣန္ဒြေပျက်ကာ အနည်းငယ်တုန် နေကြသည်ကို သတိရမိမြင်မိပါသည်။

"ကျွန်တော်တို့ စစ်ဝတ်တွေညံ့တာနဲ့ ဝေဖန်မိပါတယ် ဗိုလ်ချုပ်" ဗိုလ်ချုပ်ကို 'ဗိုလ်' အဆင့်ရှိသူ တာဝန်ခံတစ်ဦးက အရဲစွန့်ကာဖြေကြားသတင်းပို့လိုက်ပါသည်။





"ဘာကွ။ စစ်ဝတ်တွေညံ့တယ်ကြမ်းတယ်၊ လက်တောင်မသုတ်ချင်ဘူး ဟုတ်လား။ ငါအကုန် ကြားတယ် မင်းတို့ ဝေဖန်နေကြတာတွေ" ကျယ်လောင်စွာပြောလိုက်ပြီး ဗိုလ်ချုပ်အောင်ဆန်းသည် ကုလားထိုင်မှ ဖြုန်းခနဲထလိုက်ရင်း တန်းစီထားသူများရှေ့သို့ မတ်ခနဲတက်လာရင်း

"မင်းတို့ ငါအုပ်ချုပ်နေတဲ့ တပ်ထဲကထွက်၊ ခုထွက်ကြ အလကားအကောင်တွေ၊ မင်းတို့ကို ငါနည်းနည်းမှ အထင်မကြီးတော့ဘူး။ နွားတွေ၊ တို့ရဲဘော်တွေ ယိုးဒယားက ဒီအထိ ရန်သူတွေကို ရင်ဆိုင်တိုက်ခိုက်လာခဲ့တာ မှတ်မှတ်ရရ ဘယ်စစ်ဝတ်စုံတွေဝတ်ပြီး တိုက်ပွဲဝင်ခဲ့သလဲဟင်၊ ပြောကြ စမ်း" စိတ်လိုက်မာန်ပါ လက်သီးလက်မောင်း ဆန့်တန်းကာ မေးလိုက်ပြန်ပါသည်။

"မင်းတို့အခုမှ ယူနီဖောင်းလေး ဘာလေး စစ်ဝတ်စုံလေးနဲ့ ကြီးကြီးကျယ်ကျယ်လုပ်လို့ကွာ၊ ဟေ့ တိုင်းပြည်နဲ့ လူထုအတွက်ဆိုရင် စစ်ဝတ်စုံမရှိလို့ ခါးတောင်းကျိုက်ပြီး တိုက်ရရော ဘာဖြစ် သေးသလဲကွာ၊ ဟေ့ တိုင်းပြည်နဲ့ လွတ်လပ်ရေးအတွက် ကိုယ်တုံးလုံးချွတ်တိုက်ရရော ဘာဖြစ်သလဲ ပြောကြစမ်း၊ စစ်တိုက်နိုင်ဖို့သာ အဓိကကွ။ ခုတော့ မင်းတို့က ကြီးကြီးကျယ်ကျယ်စကားတွေပြောလို့"

အရမ်းစကားပြောမိကြသည့် အမှုထမ်းတစ်စုကို တစ်ယောက်ချင်းမျက်နှာကိုလိုက်၍ ဗိုလ်ချုပ်က အော်ရင်း ဝေဖန်လိုက်ရင်း

"ခုတော့ တိုက်ပွဲမှာ ကျဆုံးခဲ့ရတဲ့ ရဲဘော်ရဲဘက်အချင်းချင်းတောင် မင်းတို့ပြောပုံသဘော ထားတွေက သစ္စာဖောက်နေတဲ့အကောင်တွေ၊ မင်းတို့ကို ငါတပ်ထဲက ထုတ်ပစ်မယ်၊ ထုတ်ရမယ် မဖြစ်ဘူး၊ အချောင်သမားတွေ" ကြိမ်းဝါးလိုက်ပြန်ပါသည်။

အကြိမ်းခံရသူ အမှုထမ်းများမှာ မျက်ရည်များကျသူကျ၊ ဒူးချင်းရိုက်ခတ်သူ ရိုက်ခတ် အတော်စိတ်ထိခိုက်နေကြောင်း ထင်ရှားနေပါပြီ။ သို့ရာတွင် ကျွန်တော့်အနေဖြင့် ထိုကိစ္စမျိုး၊ ပြဿနာမျိုးနှင့် ထိုအချိန်အခါမျိုးတွင် မည်သို့မျှပင် ဝင်ရောက်စွက်ဖက်ရန်မဝံ့တော့ပါ။ အချိန်အခါ လည်း မဟုတ်တော့ပါ၊ ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ဓာတ်ကိုလည်း ရိပ်မိခဲ့သူပီပီ ဥပေက္ခာထား ကာ အသာရပ်၍စောင့်ကြည့်နေရပါသည်။

ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ရင်း တစ်ချက်တစ်ချက်ပါးစပ်သရမ်းသူတွေကို ခေါင်းငုံ့ ကာ စိတ်ဆိုးမာန်ဆိုးဖြင့်ကြည့်လိုက်လုပ်နေကာ ဗိုလ်ချုပ်အောင်ဆန်းသည်

"ဘာလဲကွ၊ မင်းတို့က ဂျပန်တွေကားစီးပြီး အဝတ်ကောင်းဝတ်တာတွေ အားကျလို့လား . . . ဟေ၊ မင်းတို့မှတ်ထား၊ ငါတို့တပ်မတော်ဟာ ပြည်သူလူထုရဲ့ သားသမီးဆိုတာ၊ ကြည့်လိုက်စမ်း၊ ပြည်သူလူထုတွေဟာ စစ်ဘေးစစ်ဒဏ်သင့်ပြီး တစ်ဖက်က ငပုတွေက တွေ့ကရာဆွဲယူအနိုင်ကျင့် ချက်ကိုင်း အကျင့်ခံနေရတဲ့ဘဝမှာ မင်းတို့လိုအကောင်တွေက ဇိမ်ခံချင်တယ်၊ ကားသစ်ကြီးတွေစီး ချင်တယ်၊ ဒုက္ခရောက်နေတဲ့ ပြည်သူလူထုထက် အခွင့်အရေးပိုယူချင်ကြတယ်၊ အစားကောင်းတွေ စားချင်တယ်၊ လူထုကဝတ်စရာပုဆိုးအကျီမရှိတဲ့ဘဝမှာ မင်းတို့လို အလိုက်ကမ်းဆိုးမသိတဲ့ အကောင် မိုက်တွေက စစ်ဝတ်စုံအကောင်းတွေ ဝတ်ချင်ကြတယ်၊ မှတ်ထား ဒီလိုစိတ်မျိုး၊ အမြင်မျိုး၊ အကျင့်မျိုးတွေရှိသမျှ ငါမျှော်မှန်းလာတဲ့ ပြည်သူ့တပ်မတော်နဲ့တော့ ဝေးပါသေးတယ်ကွာ၊ ရှက်စရာ ကောင်းတယ်၊ မင်းတို့ပြည်သူလူထုအတွက် စစ်တိုက်နေတယ်ဆိုတာ ၊ အလကားပဲ၊ လုံးဝ အဓိပ္ပာယ်မရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ဟောလိုက် ကြိမ်းလိုက်ပြန်ပါသည်။

ဆက်လက်၍ "မင်းတို့နားလည်ရဲ့လား၊ စဉ်းစားမိရဲ့လား၊ မင်းတို့ဘာသာ ဗိုလ်
စစ်သားတွေ၊ ရဲဘော်တွေဆိုပြီး တကယ်စစ်တိုက်ရမယ့်အခါမှာ စစ်ပညာကောင်းကောင်း
နေပြီလား၊ ဘာတစ်ခုမှ မတတ်သေးဘူး။ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးပြီး ဘဝင်မြင့်
အကောင်စားတွေ။ မင်းတို့ ဒီလိုပြည်သူလူထုနဲ့ ကြပ်ကြပ်သွေးခွဲစိတ်တွေထားကြ၊ ငပုတွေက မ
ကိုဆော်ဖို့ အမြတ်မ်းအသင့်ရှိနေတယ်ဆိုတာ မင်းတို့မြင်ရဲ့လား၊ ခွေးကောင်တွေ ဘာမှအသုံးမ
မင်းတို့ကို ငါ့တပ်ထဲက ထုတ်ရမယ်"

ဒေါနှင့်မောနှင့် ကြိမ်းဝါးလိုက်ပြန်ပါသည်။

"မှားပါပြီ ဗိုလ်ချုပ်၊ ကျွန်တော်တို့ နောင်တရပါပြီ ဗိုလ်ချုပ်"

ငိုသံများဖြင့် အရာရှိနှစ်ဦးက ကတုန်ကယင်အသံများဖြင့် တောင်းပန်တိုးလျှိုးလို
သည်။

"ငါဘယ်လိုဝတ်ထားသလဲ၊ ကြည့်ကြစမ်း၊ မင်းတို့နဲ့ ဘာခြားလို့လဲ၊ မင်းတို့က ကြီးကြီး
ကျယ်လုပ်လို့ကွာ" ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏ စစ်ဝတ်စုံအနွမ်းကိုပုတ်၍ ပြသလိုက်
သည်။

"ကျွန်တော်တို့ မှားပါပြီ ဗိုလ်ချုပ်၊ တောင်းပန်ပါတယ်၊ ကျွန်တော်တို့အမှားကို
တောင်းပန်ပါရစေ" မျက်ရည်ဖြိုင်ဖြိုင်နှင့်ဝိုင်း၍ တောင်းပန်ကာ အသနားခံလိုက်ကြပြန်သ

ဗိုလ်ချုပ်အောင်ဆန်းသည် သိမ်းကျုံး၍ ဒေါသထွက်နေသော မျက်လုံးကြီးများ
တောင်းပန်နေသူများကို ဝင့်၍ကြည့်လိုက်ပြီး

"မှတ်ထား၊ ငါ့တပ်ထဲမှာ အခွင့်အရေးယူချင်တဲ့ အကောင်တစ်ယောက်မှ မရှိရဘူး
ရဘူးကွ၊ လူထုငတ်ရင် တို့အားလုံးငတ်ရမယ်၊ လူထုဆင်းရဲရင် တို့ရဲဘော်တွေအားလုံး ဆင်းရဲ
ငါလည်း ဆင်းရဲရမယ်၊ ငါတို့တစ်တွေ တည်ဆောက်ခဲ့တဲ့ တပ်မတော်ကြီးဟာ ဒီဝါဒ၊ ဒီလို
ချိတက်ဖို့ အရေးကြီးတယ်၊ ခုတော့ မင်းတို့ အကောင်တွေကွာ . . . ငါလိုက်ပြီး ကန်လိုက်ရရင်
ကြိမ်းဝါးလိုက်ပြန်ပါသည်။

သူ့ရှေ့၌ ရပ်နေကြသူများမှာ သူပြုသမျှကို သူပေးသမျှ အပြစ်ဒဏ်တွေကို မသွေ
ယူကြမည့် ရဲဘော်များသာ ဖြစ်နေပါပြီ။ အခိုက်အတန့်အတွင်း အပြောများအဆိုများခဲ့ရာ ယ
ဗိုလ်ချုပ်၏ ဩဝါဒဆုံးမချက်အရ အမြင်မှန်မြင်လာခဲ့သည်။ လိမ္မာလာကြပါပြီ။

"သွားကြစမ်းမြန်မြန်၊ ငါ့အခန်းထဲက မြန်မြန်ထွက်သွား၊ အကောင်ရှုပ်တွေ၊ ကြာ
ရင် မင်းတို့ကို ငါဆော်ထည့်မိလိမ့်မယ်" ဗိုလ်ချုပ်က ကြိမ်းဝါးကာ မောင်းနှင်ထုတ်လိုက်

ပါးစပ်သရမ်းမိသူများသည် အရေးတကြီး ဗိုလ်ချုပ်ကိုအလေးပြုကာ သုတ်သီး
နှင့် ကြောက်ကြောက်ရွံ့ရွံ့မျက်နှာများဖြင့် ထွက်ခွာသွားကြပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဟူးခနဲ သက်ပြင်းမှုတ်ထုတ်လိုက်ပြီး ခေါက်တုံ့ခေါက်ပြ
ကို နောက်ပစ်၍ လမ်းလျှောက်နေပြန်ပါသည်။ တစ်ချီတစ်ချီ ခေါင်းကိုမော့ကာ လေးလေး
စဉ်းစားနေပြန်ပါသည်။





ထို့နောက် ဖြုန်းခနဲလှည့်ကာ သူ့စားနှင့် ဦးထုပ်ကိုလှမ်းဆွဲကာ ဦးထုပ်ကိုဆောင်း၍ ဓားကို
ခါးပတ်ပြားတွင် ချိတ်လိုက်ပြီး ရုံးခန်းတွင်းမှ ထွက်ခွာသွားရန် အသင့်ပြင်လိုက်ရာ ကျွန်တော်
သည်လည်း ညာလက်ကိုမြှောက်ကာ ဦးထုတ်နှုတ်ခမ်းတွင် ခပ်တင်းတင်းပစ်၍ကပ်ကာ ခါတိုင်း
စစ်ထုံးစံအရ အလေးပြုခြင်းတို့ထက် အဆပေါင်းများစွာ သာလွန်၍ သူ၏ခေါင်းဆောင်ပီသမှု၊
ပြည်သူလူထုအပေါ် ညာတာမှု၊ ရဲဘော်ရဲဘက်စိတ်ဓာတ်ရှိမှုအတွက် ရောင်ပြန်ဟပ်လာသော ရိုသေ
လေးစားမှု စိတ်ဓာတ်အပြည့်ဖြင့် တကယ့်ခေါင်းဆောင်ကောင်း စစ်သေနာပတိကောင်းပီသလှသည့်
ဗိုလ်ချုပ်အောင်ဆန်းကို နှုတ်ဆက်အလေးပြုလိုက်ပေတော့သတည်း။ ။

[ငွေတာရီမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၆၆]



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်နှင့် အာရှအရှေ့တောင်ပိုင်း

## တိုင်း–၄ ရဲဘော်ဟောင်း

ခံ့ညားသော လှေကားကြီးပေါ်မှ ညင်သာစွာ တစ်ထစ်ပြီးတစ်ထစ် မှန်မှန်ဆင်းလာသော [illegible] ခြေသံကို ကြားသဖြင့် ကျွန်တော်နှင့် တပ်ကြပ်ကြီး တင်ဦးတို့သည် သောက်လက်စ ကိုကိုးပန်း[illegible] များကိုချကာ ခြေသံလာရာ လှေကားကြီးဆီသို့ မော့၍ ကြည့်လိုက်ကြပါသည်။

ထူထဲ၍ နီရောင်ပြေးနေသော ကာကီရှပ်အင်္ကျီလက်တစ်ဖက်ကို အခြားလက်တစ်ဖက်[illegible] လိပ်ခေါက်တင်ရင်း ပြုံးရွှင်သော မျက်နှာနှင့်ဆင်းလာသော ဗိုလ်ချုပ်ကို ကျွန်တော်တို့မှာ အ[illegible] စိတ်ဝင်စားစွာ ငေးကြည့်ကာအလိုလို မတ်တတ်ရပ်ကာ သတိအနေအထားဖြင့် အလေးပြုမိ[illegible] သား ဖြစ်သွားကြပါသည်။ ဗိုလ်ချုပ်ကို မတွေ့ရသည်မှာ ဖက်ဆစ်တော်လှန်ရေး အချိန်တစ်ချိန်[illegible] ဖြစ်ပါသည်။ ယနေ့တွေ့ရသောအခါလည်း နံနက်စောစောရေချိုးပြီး အလွန်လန်းဆန်းနေသ[illegible] အပြင် တွေ့ရခဲ့သော သူ၏အပြုံးနှင့် ကျွန်တော်တို့အဖို့ ကြည်ညိုစိတ်များ ပိုမိုပွားမိပါတော့သည်[illegible]

**ဆာဒေါ်မန်စမစ်ရောက်သည့်နေ့**

လှေကားထက်ဝက်လောက်အရောက်တွင်

"ခင်ဗျားတို့ ဘယ်တုံးကရောက်ကြသလဲ" ဟု သံမှန်နှင့်ပင် မေးပါသည်။

"မနေ့ညကရောက်ပါတယ် ဗိုလ်ချုပ်၊ ဗိုလ်ချုပ် အလုပ်သိပ်များနေတယ်ကြားလို့ ရုံးမ[illegible] တွေ့ရအောင် မနက်အစောကြီး ထလာခဲ့ကြတာပါ"



"တကယ့်နေ့ကြီးမှ လာတာကိုး၊ ဒီနေ့ ဘုရင်ခံရောက်မယ်၊ ဆာဒေါ်မန်စမစ်လေ။ ကျုပ်အား ချင်မှ အားမှာ"

"ကျွန်တော်တို့ တောကလာကြရတာမို့ မသိပါဘူး။ တိုင်းမှူးရဲ့အစီအစဉ်အတိုင်း ဗိုလ်ချုပ်ထံ သတင်းပို့ဖို့ လာကြရတာပါ။ ပြီးတော့ ကျွန်တော်တို့ကိစ္စက သိပ်ကြာမယ်မဟုတ်ပါဘူး"

"ထိုင်ကြပါ၊ ထိုင်ကြပါ" ဟု ပြောပြောဆိုဆို စားပွဲထိပ်က ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပါသည်။ ထိုအချိန်တွင် အစ်မကြီး မခင်ကြည်သည် လင်ပန်းငယ်နှင့် ကိုကိုးတစ်ခွက်၊ ထောပတ်ပုတ်ပျောသီးနှစ်လုံးကို ဗိုလ်ချုပ်ရှေ့တွင် လာချပါသည်။ ကျွန်တော်တို့စားပြီး ငှက်ပျောခွံများနှင့် ကိုကိုးပန်းကန်များကိုတွေ့ရ၍ ကျွန်တော်တို့အား ကျွေးမွေးဧည့်ခံရန် လောကဝတ်စကားကို မပြောမမေးတော့ပါ။ ဗိုလ်ချုပ်လည်း ကျွန်တော်တို့ စားရသလို ငှက်ပျောသီးနှစ်လုံး ကိုကိုးတစ်ခွက် သာရပါသည်။

ကိုကိုးသောက်ရင်း ဗိုလ်ချုပ်သည် ပုံမကျလှ။ ပွရောင်းရောင်းရှိလှသော ကျွန်တော်တို့၏ အစိမ်းရောင် စစ်ယူနီဖောင်းများကို စိတ်ဝင်စားစွာ ကြည့်နေဟန်တူပါသည်။ စစ်ယူနီဖောင်းဆိုသည့် တိုင်အောင် စစ်ခါးပတ်မပါပါ။ ကွတ်ရှပ်အစိမ်းကို ဘောင်းဘီတွင် ထည့်ဝတ်ပြီး ဖောက်ချိတ်များဖြင့် မြဲအောင်တင်းအောင် လုပ်ရသော ခါးပတ်နေရာမှ ကြိုးများကို တစ်ဖက်နှင့်တစ်ဖက် မိန်းမချည်ချည် ၍ ဘောင်းဘီပွကြီးများကို မြဲအောင်ဝတ်ထားကြရသည်ကို ပြန်ပြောင်းသတိရမိပါသည်။

**တိုက်ပွဲမှတ်တမ်း**

"သူက တပ်ကြပ်ကြီး ကိုတင်ဦးပါ။ ကျွန်တော်တို့ တိုင်း–၄ ပြည်သူ့ဆက်ဆံရေးဌာန၊ တိုင်း–၄ သတင်းစာထုတ်ဝေတဲ့ဘက်မှာ ကူညီလုပ်ကိုင်နေပါတယ်"

"ဟုတ်လား၊ ပြောပါဦး ခင်ဗျားတို့ကိစ္စက"

"တိုင်း ၄ အတွင်းမှာ တော်လှန်ရေးတုန်းက တိုက်ခိုက်ခဲ့ရတဲ့ တိုက်ပွဲတွေအကြောင်းနဲ့ စစ်နေ့စဉ် မှတ်တမ်းတွေကို စာအုပ် ရိုက်ထုတ်သင့်တယ်လို့ တိုင်း–၄ ဦးစီးအဖွဲ့က ဆုံးဖြတ်ခဲ့ပါတယ်၊ ဗိုလ်ချုပ်ရဲ့သဘောတူခွင့်ပြုချက်ရဖို့လည်း ဆုံးဖြတ်ကြပါတယ်၊ အဲဒါ ဗိုလ်ချုပ်ရဲ့သဘောတူ ခွင့်ပြုချက်ကိုတောင်းဖို့ ကျွန်တော်တို့ကို လွှတ်လိုက်လို့ပါ"

"တိုင်း – ၄ သတင်းစာတော့ တစ်ခါတစ်ခါ တွေ့မိတယ်၊ ကောင်းသားပဲ။ ဒီတော်လှန်ရေး စစ်ဆင်မှုတွေကို မှတ်တမ်းတင်ထားဖို့ သင့်တယ်။ စနစ်တကျနဲ့ အမှန်ဆုံးဖြစ်အောင်ရေးဖို့ အရေးကြီးတယ်၊ ကျုပ်သဘောတူပါတယ်၊ လုပ်ကြပါ"

"နောက်ပြီးတော့ ပီ၊ ဘီ၊ အက်(ဖ်)ဌာနချုပ်က အကူအညီတောင်းဖို့ မှာလိုက်တာကတော့ စာအုပ်ရိုက်ထုတ်ဖို့အတွက် စက္ကူရရှိရေးပါပဲ"

"ဒါတော့ ကျုပ်မသိဘူး၊ ခင်ဗျားတို့ ဗိုလ်ဇေယျနဲ့ပြောရလိမ့်မယ်၊ ကျုပ်ရုံးသွားတော့ လိုက်ခဲ့ပေါ့"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဗိုလ်ချုပ်၊ ကျွန်တော်တို့ကိစ္စက ဒါပါပဲ"ဟု [illegible]စကားကို [illegible]လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အနေကျုံ့ရသည့်အချိန်

ကျွန်တော်တို့အတွက် ဗိုလ်ချုပ်ရှုံးသွားချိန်ကို စောင့်ရပါဦးမည်၊ သူ့ရုံးကိုလည်း မရောက်ဖူး သေးပါ။ ဗိုလ်ချုပ် ဘီ၊ အက်(ဖ်) ဌာနချုပ်ကို လောင်းပစ်လမ်း၌ဖွင့်ထားကြောင်းတော့သိပါသည်။ တော်လှ ရေးစပြီး ရန်ကုန်သို့ ပထမဆုံးအချိန်ရောက်ခြင်းဖြစ်၍ ဆန်းသလိုဖြစ်နေပါသည်။ အတန်ကြာ စကားမပြောဘဲ ဗိုလ်ချုပ်သည် ကိုကိုးကို သောက်သည်။ ငှက်ပျောသီးများကိုလည်း စားသည် စားသောက်နေစဉ် တစ်စုံတစ်ခုကို လေးနက်စွာ စဉ်းစားနေဟန်တူသည်။ ကျွန်တော်တို့လည်း တိတ် ဆိတ်စွာ အရိပ်အခြည်ကိုကြည့်နေကြသည်။ ဗိုလ်ချုပ်နှင့် တစ်စားပွဲတည်း ထိုင်စားနေရသဖြင့်လည်း ရှိုးတိုးရှန့်တန့်ဖြစ်နေကြသည်။ ဗိုလ်ချုပ်၏ ပြုံးရွှင်ဖော်ရွေမှုကြောင့်သာ ဣန္ဒြေရနေကြခြင်းဖြစ်၏။ သို့သော်လည်း ထိုင်သာနေကြရသည် စိတ်ထဲ၌ကား မဝံ့တဝံ့ဖြစ်နေကြ၏။

ဗိုလ်ချုပ်မှာ ထိုစဉ်က ဘီ၊ ဘီ၊ အက်(ဖ်) သေနာပတိလည်း လုပ်ဆဲ၊ ဖဆပလကိုလည်း ဦး ဆောင်ဆဲဖြစ်သည်ဟု ကျွန်တော်မှတ်မိပါသည်။ ကျွန်တော်တို့မှာ တာဝါလိန်းအိမ်ကြီး ထမင်းစား ခန်းတွင် ထိုင်နေကြရသည်။ ဗိုလ်ချုပ်နှင့် တွေ့ရန် ဧည့်သည်များ ဧည့်ခန်းတွင်းသို့ ဝင်လာသ အစ်မကြီးမခင်ကြည် ဧည့်ခံစကားပြောသံတို့ကို ကြားနေရပါသည်။ ကျွန်တော်တို့ရှိနေသဖြ ဗိုလ်ချုပ်အတွက် အနှောင့်အယှက်ဖြစ်မည်ကို စိုးရိမ်လာကြသည်။ စကားလည်း စမပြောဝံ့၊ ဗိုလ်ချု ကလည်း တုတ်တုတ်မျှမလှုပ်၊ ကျွန်တော်တို့ အနေကျဉ်းကျပ်လာပါသည်။ သို့သော် ဘာမျှမတတ်နိုင် ပါ။ ခေါင်းဆောင်ကြီး၏ရှေ့တွင် ခပ်ကျုံ့ကျုံ့သာထိုင်နေမိကြသည်။ အချိန်မှာလည်း ၈ နာရီဘက်သို့ နီးလာပါပြီ။

## ရေစပ်မြေစပ် နိုင်ငံများကိစ္စ

ကိုကိုးကို နောက်ဆုံးအကြိမ်ကျိုက်ချပြီး ပန်းကန်ကိုချရင်း ကျွန်တော့်ဘက်သို့ ကြည့်လိုက် သောအခါ အရဲစွန့်ပြီး "ကျွန်တော်တို့အပြင်မှာ စောင့်နေကြပါမယ်"ဟု ပြောလိုက်မိသည်။

"နေပါဦး၊ ခင်ဗျားက အရှေ့တိုင်း ရာဇဝင်သင်ဖူးတော့ သိချင်တာလေးတွေ နည်းနည်းမေး ချင်သေးတယ်"

ကျွန်တော်လည်း သိပ်မသိတော့သည့်အကြောင်းပြောမည်ဟု ပါးစပ်ဟလိုက်စဉ်တွင် ကျွန်တော့်အပြောကိုပင် မစောင့်တော့ဘဲနှင့် . .

"ကုလားပြည်တော့ မပါဘူးပေါ့၊ ကျုပ်တို့နိုင်ငံရယ်၊ ယိုးဒယား၊ မလေး၊ ပြင်သစ်၊ အင်ဒိုချိုင် နားဆိုတဲ့ လောတို့၊ ကမ္ဘောဒီးယားတို့၊ အာနန်၊ တုန်ကင်၊ ကိုချင်ချိုင်းနားတို့ရယ်၊ ဒတ်(ချ်) အရှေ့ အိန္ဒိယကျွန်းစုတွေရယ်၊ အဲဒီနိုင်ငံတွေနဲ့သက်ဆိုင်တဲ့အကြောင်းတွေကို လက်ရှိအဖြစ်အပျက်တော သိသင့်သလောက်သိထားပြီပေါ့။ ဒီနိုင်ငံတွေဟာ ကျုပ်တို့နိုင်ငံနဲ့ ရေစပ်၊ မြေစပ်နိုင်ငံတွေပဲ" . . စသည်ဖြင့် ကျွန်ုပ်တို့အိမ်နီးချင်းနိုင်ငံတို့ ပထဝီအနေဖြင့် ဆက်စပ်နေပုံ၊ ဤနိုင်ငံတို့တွင် (ကျွန်း များမှအပ) ဖြတ်စီးသော မြစ်တို့မှာ တစ်နေရာတည်းလိုကပင် မြစ်ဖျားခံစီးဆင်းကြ၍ နိုင်ငံအသီးသီး ရှိ လူတို့မှာ တစ်ရေတည်းသောက်သကဲ့သို့ပင်ရှိနေကြောင်း၊ ထွက်ကုန်ပစ္စည်း စသည်တို့မှာလည်း ထူးခြားသော ကွဲပြားမှုမရှိလှကြောင်း စသည်ဖြင့် ယင်းနိုင်ငံတို့နှင့် စပ်လျဉ်းသည့် ပထဝီစီးပွား





ဆိုင်ရာအကြောင်းတို့ကို ရှည်လျားစွာ ပြောကြားသည်။ စိတ်ဝင်စားဖွယ်ကောင်းလှ၏။ သူသိထား သည့်အကြောင်းများမှာလည်း စုံစေ့များပြားလှတော့သည်။

## အလွန်ကောင်းသော ဟောပြောချက်တစ်ရပ်

ကျွန်တော်တို့ကိုမေးလိုသည်ဟုသာဆိုသည်။ အမှန်မှာ အာရှတိုက်အရှေ့တောင်ပိုင်းရှိ ကျွန်တော်တို့၏ အိမ်နီးချင်းနိုင်ငံများနှင့်စပ်လျဉ်း၍ သူသိထားသောအကြောင်းတို့ကို လိုလိုချင်ချင် ပြောပြနေခြင်းဖြစ်သည်။ သူ၏ထင်မြင်ယူဆချက်များပါ ကြားညှပ်၍ပြောပြသဖြင့် ကျွန်တော်တို့ အဖို့အလွန်ကောင်းမွန်သော ဟောပြောချက်တစ်ရပ်ကို နားထောင်နေရဘိသကဲ့သို့ရှိသည်။ ဗိုလ်ချုပ် သည် သူပြောနေသမျှကို စိတ်ရောကိုယ်ပါ လေးလေးနက်နက် ယုံယုံကြည်ကြည်နှင့် ပြောဆိုနေ ပါသည်။ ဤမျှသိနေပြီးသည်တွင် ဘာကိုများသိလိုနေပါသေးသနည်းဟု ကျွန်တော်သည် လှုပြိုန်းတွေး တွေးမိလိုက်သည်။ ဟုတ်ပါသည်၊ ဗိုလ်ချုပ်ပြောပြသော အကြောင်းရပ်များအနက်အတော်များ များမှာ ကျွန်တော်တို့အတွက် အသစ်အဆန်းဖြစ်နေလေရာ ကိုတင်ဦးနှင့် ကျွန်တော်တို့မှာ ငေးစိုက် ၍သာ နားထောင်နေကြပါသည်။ စိတ်ဝင်စားလာကြသည့်အလျောက် ဗိုလ်ချုပ်၏ ပြောပြချက်တို့ကို တစ်ခါတစ်ခါ ကြားဝင်ထောက်၍ မေးမိပါသည်။

မည်မျှကြာမြင့်စွာ ပြောဆိုနားထောင်နေကြသည်ကို ကျွန်တော်တို့ သတိမထားမိပါ။ အစ်မကြီး မခင်ကြည် ဝတ်စားပြင်ဆင်၍ အပြင်သွားမည့်အကြောင်းလာပြောမှ စကားပြောခြင်းကို ခေတ္တရပ်လိုက်ပါသည်။ ဆာဒေါ်မန်စမစ်ရောက်ပြီဖြစ်၍ ဆုတောင်းအစည်းအဝေးလုပ်မည်ဖြစ်ရာ ထိုအစည်းအဝေးသို့ တက်ရောက်ရန်သွားခြင်းဖြစ်သည်ဟု နားလည်လိုက်ပါသည်။ သူတို့ပြောသည့် အထဲတွင် ဘီရှော့ဝက်(စ်)၏အမည်လည်း ပါပါသေးသည်။

အစ်မကြီးထွက်သွားပြီးသည့်နောက် ဗိုလ်ချုပ်သည် စကားဆက်ပြန်ပါသည်။ ဧည့်ခန်း၌ မည်သည့်ဧည့်သည်များ စောင့်နေသည်ကိုကား မသိကြပါ။ ဤသို့ စကားဆက်ကြမှ ဗိုလ်ချုပ် သိလိုသောအချက်များ ပေါ်လာပါသည်။ ၎င်းတို့မှာ ဤအာရှအရှေ့တောင်ပိုင်းနိုင်ငံများတွင် နေထိုင်ကြသူတို့မှာ ဘာသာစကားအားဖြင့်လည်းကောင်း၊ လူမျိုးရေးအားဖြင့် လည်းကောင်း၊ မည်သို့ဆက်သွယ်ကြသည်၊ ကွဲပြားကြသည်၊ တူညီကြသည်၊ သူတို့၏ယဉ်ကျေးမှုများမှာလည်း မည်သို့ ဆက်သွယ်သည်၊ တူညီသည်၊ ကွဲပြားသည်၊ အလားတူပင်မလေ့ထုံးစံ၊ နှစ်သက်သည့်အချက် များ၊ မနှစ်သက်ချက်များ၊ အစဉ်အလာများစသည်ဖြစ်သော အပေါ်ယံတွင် မမြင်ရသည့် နက်နဲ နက်ခဲသော အကြောင်းရပ်များပင် ဖြစ်ပေသည်။ သူ၏အမေးတို့ကို ကျွန်တော်တို့လည်း သိမီသမျှ ဖြေဆိုကြပါသည်။

## ဆွေမျိုးနိုင်ငံများ သူစိမ်းဖြစ်ခဲ့ရပုံ

ပြဿနာမှာ ကျယ်ပြန့်လှပါသည်။ နိုင်ငံအသီးသီးတို့၏ဖြစ်စဉ်ကို ဆွေးနွေးကြရသည်။ မတ်ဟောင်းက အကြောင်းကိုသာ ကျောင်းတွင်သင်ခဲ့ရသည့်အတိုင်း ကျွန်တော်တို့အနည်းအကျဉ်း သာ ပြောပြနိုင်ပါသည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီအချိန် စစ်အတွင်းနှင့် စစ်ပြီးနောက် ထိုစဉ်က



www.burmeseclassic.com

www.burmeseclassic.com



လက်ရှိ ဖြစ်ပျက်နေချက်တို့ကိုမူ ကျွန်တော်တို့ လုံးဝမသိသလောက်ပင်ဖြစ်ပါသည်။ ဗိုလ်ချုပ်ထံမှ ကြားနာမှတ်ယူရပါသည်။ ဤအာရှအရှေ့တောင်ပိုင်းရှိနိုင်ငံတို့သည် မည်သို့အကောင်းဆုံး အရင်းနှီးဆုံး ဆက်သွယ်နိုင်မည်ကို ဗိုလ်ချုပ် ရှာဖွေလေ့လာနေခြင်းဖြစ်တန်ရာသည်ဟု ကျွန်တော် ထင်မြင်မိပါသည်။ စစ်အရင်ခေတ်က ထိုနိုင်ငံတို့သည် ရင်းနှီးစွာဆက်သွယ်မှုမရှိခဲ့ကြ၊ သို့မရှိခဲ့ကြ သည်မှာလည်း ကိုလိုနီနိုင်ငံများဖြစ်နေ၍ သခင်နိုင်ငံကြီးများက ချုပ်ချယ်ခဲ့သောကြောင့်ဖြစ်ပေသည် ဟု အထင်ရောက်မိခဲ့ကြသည်။ မူလဗီဇအားဖြင့် အိမ်နီးချင်းနိုင်ငံများသာမက ဆွေမျိုးနိုင်ငံများ ဖြစ်ခဲ့သော ဤနိုင်ငံတို့မှာ ကိုလိုနီစနစ်ကြောင့် စည်းရုံးမှုမရခဲ့၊ ရင်းနှီးမှုမရှိခဲ့၊ သူစိမ်းသွင်သွင်ပင် ရှိခဲ့ရသည်။ ထိုစဉ်ကလည်း အကြောင်းမထူးသေး၊ ယိုးဒယားမှလွဲ၍ လွတ်လပ်ရေးလည်း မရကြသေး တကွဲတပြားစီပင်။

ဗိုလ်ချုပ်မှာထိုစဉ်က နိုင်ငံရေးအာဏာ လက်ဝယ်မရသေးပါ။ ဖဆပလကို စည်းရုံး လွတ်လပ်ရေးအတွက် လုံးပန်းဆဲသာ ဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံလွတ်လပ်ရေးအတွက် ချမှတ် မည့်အခြေခံလမ်းစဉ်များကို ခေါင်းဆောင်ကြီးများနှင့် နှီးနှောချမှတ်ပြီးဖြစ်တန်ရာသည်။ ကျွန်ုပ် နိုင်ငံသာ လွတ်လပ်၍ အိမ်နီးချင်း အခြားကိုလိုနီများ မလွတ်လပ်က မည်သို့ရှိမည်ကိုလည်း တွေး ဟန်တူပါသည်။ တစ်မျိုးတွေးမည်ဆိုပါကလည်း အာရှအရှေ့တောင်ပိုင်းနိုင်ငံတို့ အချင်းချင်း နားလည်စည်းရုံးမိလျှင် ထိုနိုင်ငံသားတို့၏ ဘဝကို အကောင်းဆုံးဖန်တီးပေးနိုင်မည်ဟု ယုံကြည် ပေလောဟု စဉ်းစားမိပါသည်။ ဤသည်တို့ကား ကျွန်တော်၏ အတွေးမျှသာ ဖြစ်ပါသည်။ တပါ သေချာသည်မှာကား ထိုစဉ်ကတည်းကပင် ဗိုလ်ချုပ်သည် အာရှအရှေ့တောင်ပိုင်းနိုင်ငံများအ တွင် စိတ်ဝင်စားနေခြင်း၊ စိတ်ဝင်စားသည်နှင့်အမျှ လေ့လာနေခြင်းပင်ဖြစ်ပါသည်။

## ဗိုလ်ချုပ်နှင့်အတူ နံနက်စာ

အစ်မကြီးမခင်ကြည်ပင်လျှင် ပြန်ရောက်လာပါပြီ။ ကျွန်တော်တို့မှာ မူလကထိုင်နေ စားပွဲ၌ပင်ထိုင်လျက်ရှိပါသေးသည်။ နံနက်စာစားရန်အချိန်ရောက်ပြီဖြစ်ကြောင်းအစ်မကြီးမခင်ကြ ပြောမှပင် အချိန်ကိုခန့်မှန်းမိတော့သည်။ အစ်မကြီး၏ စေတနာကောင်းမှုကြောင့် ကျွန်တော် ဗိုလ်ချုပ်နှင့်အတူနံနက်စာစားရပါသည်။ ဆရာဝန်ဟုသိရသူ အသားဖြူဖြူ ခေညသည်တစ်ယော လည်း အတူဝင်စားပါသည်။ ငါးခူခပ်ကြီးကြီးကို ကင်ပွန်းချဉ်ရွက်နှင့်ချက်ထားသည့်ဟင်းနှင့် အ မြိန်ကြပါသည်။ အခြားဟင်းများလည်း ပါပါသေးသည်။ သို့သော် မမှတ်မိတော့ပါ။ ဗိုလ်ချုပ် သည် ထမင်းဟင်းဆိုလျှင် ဖွယ်ဖွယ်ရာရာ ခမ်းခမ်းနားနားရှိမည်ထင်ခဲ့သည်။ သို့သော် ကျွန်တော် ရဲဘော်များစားသည့်ဟင်းလျာများကဲ့သို့သာရှိသည်ကို လက်တွေ့ကျမှသိခဲ့ရ၏။ ထမင်းစား ကျွန်တော်တို့နိုင်ငံသားများ အာဟာရဓာတ်ကောင်းစွာပါသောဟင်းလျာဟင်းရွက်လူတိုင်းစားနိုင် အခွင့်အရေးရအောင် ဆောင်ရွက်သင့်ပုံ၊ စနစ်တကျ ကြက်မျိုးကောင်း၊ နွားမျိုးကောင်း အ အကျယ် မွေးမြူသင့်ပုံတို့ကိုလည်းပြောပါသည်။ ဆရာဝန်ဆိုသူက ဘာသာရေးကန့်ကွက်မှုရှိမည် ကြောင်း ဝင်ပြောသည်ကိုမှတ်မိပါသည်။ သူများဆီက နိုင်ငံခြားက ဈေးကြီးပေးပြီး ဒီပစ္စည်းမျိုး ဝယ်စားတော့ ဘာသာရေးကန့်ကွက်မှုမရှိဘူးလားဟု မှတ်ချက်ချသည်ကို မှတ်လိုက်ရပါသည်။





## ကျွန်တော်တို့အထဲမှ တစ်ယောက်

ထမင်းစားပြီးသော် ဗိုလ်ချုပ် အပေါ်ထပ်သို့ ပြန်တက်သွားပါသည်။ အတန်ကြာသောအခါ တွင် ပီ၊ ဘီ၊ အက်(ဖ်) စစ်ဝတ်စုံဝတ်နှင့် ဆင်းလာပါသည်။ ထို့နောက် သူ၏ကားနှင့်ပင် ပီ၊ ဘီ၊ အက်(ဖ်) စစ်ဌာနချုပ်ရှိရာ လောင်းဝစ်လမ်းသို့ ထွက်လာခဲ့ကြ၏။ သူ၏ရုံးခန်း၌ မန္တလေးမှ ဆရာကြီး ရာဇတ်နှင့် အခြားတစ်ယောက်စောင့်နေကြသည်ကို တွေ့ရပါသည်။ ဆရာကြီးရာဇတ်မှာ ဥရောပ တိုက်သားဝတ်စုံကို သပ်သပ်ရပ်ရပ်ဝတ်ထား၏။ အခြားတစ်ယောက်ကိုတော့ ကောင်းစွာ မမှတ်မိပါ။ ဆရာကြီးတို့ကို နှုတ်ဆက်ပြီး ခေတ္တစောင့်ရန်ပြောဆို၍ ဗိုလ်ချုပ်သည် ကျွန်တော်တို့နှစ်ဦးအား ဗိုလ်ဇေယျထံ ခေါ်သွားပါသည်။ ကျွန်တော်တို့ကိစ္စကို အတိုချုပ်ပြောပြ၍ လိုအပ်သော အကူအညီ ပေးရန်မှာကြားပြီး ကျွန်တော်တို့ နှစ်ယောက်ကို ဗိုလ်ဇေယျထံ အပ်ထားခဲ့ပါသည်။

သာမန်တော်လှန်ရေးရဲဘော်နှစ်ဦးအား ဟန်ရေးဝါရေးမရှိဘဲ ဤကဲ့သို့ ဖော်ရွေစွာ ဆက်ဆံ ပြောဆို ကျွေးမွေးကူညီသည့်အတွက် ကျွန်တော်တို့နှစ်ဦးမှာ အထူးနှစ်သက်ကျေနပ်ကြပါသည်၊ မ်းမြောက်မိပါသည်၊ ဂုဏ်လည်းယူမိပါသည်။ "ဗိုလ်ချုပ်ဟာတို့များအထဲက တစ်ယောက်ပါလား" ဟူသော အတွေး ကောင်းစွာပေါ်လာပါသည်။ သို့ဖြစ်၍လည်း ကျွန်တော်တို့ သူ့ကို ယခုတိုင်မမေ့နိုင် အောင် ရှိသေမြတ်နိုးစွာ ချစ်ခင်ကြည်ညိုနေကြခြင်းဖြစ်ပါသည်။

## ပြုံချင်စမ်းပါဘိ

အို . . ဗိုလ်ချုပ် . . ၊ ယခုအခါ အာရှအရှေ့တောင်ပိုင်းနိုင်ငံတို့နှင့် ကျွန်တော်တို့နိုင်ငံမည်မျှ ချစ်ခင်ရင်းနှီးစွာ ဆက်ဆံမှုရရှိနေပြီကို ပြချင်စမ်းပါဘိ။ သာသနာရေးကိစ္စသာမက စီးပွားရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုဆက်ဆံရေးတို့တွင် ယင်းနိုင်ငံများနှင့် ကျွန်တော်တို့နိုင်ငံမှာ အိမ်ဦးနှင့်ကြမ်း ပြင်ဆိုသလို ဖြစ်နေသည်ကို ဗိုလ်ချုပ်မြင်လာစေချင်ပါသည်။

ကျွန်တော်တို့မှာ စစ်သားရဲဘော်မျှသာ ဖြစ်ပါသည်။ အထက်လွှာနိုင်ငံရေးကို နားမလည်ခဲ့၊ ပင်ဆံ့ခဲ့၊ နိုင်ငံခြားဆက်သွယ်ရေးတွင် အာရှအရှေ့တောင်ပိုင်းနိုင်ငံတို့နှင့် ရင်းနှီးမှုရအောင် နိုင်ငံ့ ခေါင်းဆောင်တို့နှင့် ဗိုလ်ချုပ်မည်သို့ နှီးနှောခဲ့သည်ကို ကျွန်တော်တို့ မသိခဲ့ရိုးအမှန်ပါ။ မည်သို့ပင် ဖြစ်စေ ဗိုလ်ချုပ်မရှိသည့်နောက် ကျွန်တော်တို့၏ခေါင်းဆောင်ကြီးများ၏ဆောင်ရွက်မှုကြောင့် အာရှ အရှေ့တောင်ပိုင်းနိုင်ငံတို့နှင့် ရင်းနှီးစွာဆက်ဆံရေးတွင် ကျွန်တော်တို့ နိုင်ငံသည် ဂုဏ်ယူထိုက်သော နေရာမှပါဝင်နေရသော ယခုအချိန် ဗိုလ်ချုပ်တို့ကျဆုံးသည့်ကိုးကြိမ်မြောက်နှစ်ပတ်လည်နှင့် ကြုံ ကြိုက်သည့်အခါတွင် စစ်ပြီးတစ်ခေတ် ဆာဒေါ်မန်စမစ်ရန်ကုန်ရောက်သည့်နေ့က အာရှ အရှေ့ တောင်ပိုင်းနိုင်ငံများအကြောင်း ဗိုလ်ချုပ်ပြောပြခဲ့သည်ကို ပြန်ပြောင်းသတိရမိခြင်းဖြစ်ပါသည်။

အရှည်ကို မြော်မြင်တတ်သော ဗိုလ်ချုပ်။

ဗိုလ်ချုပ်အား လွမ်းဆွတ်တသမှုသည် ကျွန်တော်တို့အတွက် အသစ်အသစ်သာ ဖြစ်ရပါ ညီတကား။ ။

[မြဝတီမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၅၇]



www.burmeseclassic.com

# အောင်ဆန်းနှင့်စလင်း

စံအောင်

**စလင်းလိုင်း**

ရန်ကုန်စလင်းလိုင်းဆိုလျှင် ပြည်လမ်းဗိုလ်ရှုံ့ အဆောက်အအုံနှင့် မြောက်ဘက်အ... ခုတ်လမ်း အရှေ့ဘက်တစ်လျှောက်ရှိ စစ်စခန်းကိုခေါ်ကြောင်းအသိများကြမည်ဖြစ်သည်။ သို့... ထိုစခန်းအမည်မှာ ဗြိတိသျှဖီးမာရှယ် တစ်ဦးဖြစ်သော ဆာဝီလျံစလင်းကို ဂုဏ်ပြုသော အားဖြင့်... ထားသော အမည်ဖြစ်ကြောင်းသိသူမများလှပေ။ ဆာစလင်းမှာ ဗြိတိသျှတို့ဂုဏ်ယူကြ... စစ်သူကြီးတစ်ဦး ဖြစ်၍ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှ ထင်ပေါ်လာသူဖြစ်သည်။

ဤဆောင်းပါးမှာ ဗိုလ်ချုပ်ကိုသတိရသောအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖီးမာ... စလင်းတို့ ဆက်ဆံခဲ့ကြပုံ အကြောင်းကို ရေးသားရန်ဖြစ်၏။ ဗိုလ်ချုပ်အကြောင်းကိုမသိသူမ... သည်။ သို့ဖြစ်၍အထူးတလည် မဖော်ပြတော့ပြီ။ ဆာစလင်းအကြောင်းကိုကား အနည်းငယ်ဖေ... ဖြစ်မည်။ သို့မှသာ ဗိုလ်ချုပ်နှင့်ဆက်သွယ်ပုံအကြောင်းကို ပို၍သဘော ပေါက်နိုင်မည်ဖြစ်သ...

**ဖီးမာရှယ်စလင်း**

၁၉၄၂ ခုနှစ် ဂျပန်တို့အခေါ် အရှေ့အာရှစစ်ကြီးစတင်ပြီးနောက် သူ့အား အာ... မြောက်ပိုင်းစစ်မျက်နှာမှ မြန်မာနိုင်ငံသို့ ဘားမားကို (မြန်မာနိုင်ငံတပ်ဖွဲ့ပေါင်းစု) ကိုဦးစီးရန်... ပြောင်းခြင်းခံရသည်။ ရန်ကုန်မြို့ကြီးကို ဂျပန်တို့သိမ်းပိုက်ပြီးနောက်သော် သူဦးစီးသောကပ်...



ကမ္ဘာနှင့် အဆက်အသွယ်ပြတ်ခဲ့ရ၏။ လက်နက်ပစ္စည်းလည်း မစုံမလင်၊ မလုံမလောက်၊ လူအင်အားလည်း မလုံမလောက်၊ လေတပ်အကူလည်းချို့တဲ့၊ ရန်သူအကြောင်း သတင်းထောက်လှမ်းချက်များလည်း ကောင်းစွာမရ။ ဤသို့ ချို့တဲ့လှသောအခြေတွင် သူ့တပ်များကို ခေါင်းဆောင်ခဲ့ရသည်။ တပ်ပျက်တင် ဗိုလ်လုပ်ရခြင်းပင်။ သူ့တပ်တို့မှာ မြန်မာနိုင်ငံမှ တိုက်ခိုက်ပြီး ဆုတ်ခွာခဲ့ရသည်။ ရွကျင်၌ စွန့်စွန့်စားစား သွေးချောင်းစီးအောင်တိုက်၍ အလွတ်ရုန်းခဲ့ရသည်။

ဖွာစလီကြမှူ စုတ်ပြတ်စွာအင်အားချို့တဲ့နေသော တပ်ကြွင်းတပ်ကျန်တို့နှင့် အိန္ဒိယသို့ ရောက်လာသည်။ မြန်မာနိုင်ငံကိုတိုက်ခိုက်၍ ပြန်လည်သိမ်းပိုက်ရန် အိန္ဒိယ၌ ဗြိတိသျှတို့သည် အမှတ် ၁၄ တပ်မတော်သစ်ကို ဖွဲ့စည်း ကြ၍ စလင်းကိုပင် ခေါင်းဆောင်စေခဲ့သည်။ ဂျပန်တို့ကို ချေမှုန်းနိုင်မည့် စစ်အင်အားရအောင် စုဆောင်းဖွဲ့စည်းခဲ့သည်။ မဟာမိတ်သေနာပတိချုပ်လော့(ဒ်) မောင့်ဘက်တန်၏ အကူအညီကောင်းများနှင့် သူ၏ အောင်စစ်ကို စတင် ခင်းကျင်းတော့သည်။ ယင်းတို့ကို မြန်မာနိုင်ငံတိုက်ပွဲများဟု ခေါ်ထားသည်။

အင်ဖာနှင့် ကိုဟီးမားတို့တွင် ဗြိတိသျှ၊ အိန္ဒိယ၊ အာဖရိကနှင့်တရုတ်တပ်မများ ပါဝင်သော အမှတ် ၁၄ တပ်မတော်သစ်သည် တောတွင်းတိုက်ပွဲ၌ မည်သည့်အခါမျှ မရှုံးနိုင်ဟု ယုံကြည်နေကြသော ဂျပန်တပ်တို့အား ဖျက်ဆီးချေမှုန်းခဲ့သည်။ ထို့နောက် သူ၏ တပ်မတော်သည် ချင်းတွင်းမြစ်ဝှမ်းကို ဖြတ်ဆင်းလာ၍ ဧရာဝတီမြစ်ကို ဖြတ်ကူးသည်။ မန္တလေးတစ်ဝိုက် အစိုင်အခဲနှင့်စုရုံးနေသော ဂျပန်တပ်အင်အားစုကြီးကို ဖြိုခွင်းသည်။ သူတို့အခေါ် ဧရာဝတီတိုက်ပွဲနှင့် မိတ္ထီလာတိုက်ခိုက်သိမ်းပိုက်မှုကို တစ်ပြိုင်နက်တည်းပြုလုပ်၍ မြန်မာနိုင်ငံအတွက် လုံးပန်းတိုက်ခိုက်မှုမှာ အတော် အောင်မြင်ပြီး ဖြစ်နေသည်။ အောက်မြန်မာနိုင်ငံသို့ ဆက်လက်ချီတက်တိုက်ခိုက်ရန်နှင့် ရန်ကုန်ကိုသိမ်းရန် ဆက်လက် စီစဉ်ပြန်သည်။ ဤအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ရန် စီစဉ်၍ ပူးပေါင်းဆောင်ရွက်မှုကိုရအောင် ဆောင်ရွက်သည်။ ဤတွင် ဗိုလ်ချုပ်နှင့်သူ တွေ့ဆုံဆက်ဆံခြင်းအကြောင်းကို စရေးရန် ဖြစ်၏။

**အဆက်စီးနင်း**

မကြာသေးမီက ကန္ဒီသဘောတူညီချက်စာချုပ်အကြောင်းကို လေ့လာရန်အတွက် တပ်မတော် မော်ကွန်းတိုက်ရှိ စာရွက်စာတမ်းများကို ဆိုင်ရာတို့၏ ခွင့်ပြုချက်အရ ကြည့်ရှုခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်းထံသို့ ဗိုလ်ချုပ်ကြီးစလင်းက ရေးသားသော စာတစ်စောင်ကို တွေ့ရသည်။ စာမှာ တော်လှန်ရေးဗမာ့တပ်မတော်နှင့် ဗြိတိသျှတပ်တို့ ပူးပေါင်းတိုက်ခိုက်ရာတွင် သဘောတူစေသောအချက်များ၊ ကမ်းလှမ်းချက်များကို ဖော်ပြထားသည်။ ဗိုလ်ချုပ် သူ့ထံသို့ အလိုအလျောက် ရောက်ခဲ့၍ ပူးပေါင်းတိုက်ခိုက်လိုကြောင်း ဆွေးနွေးခဲ့ခြင်းအကြောင်းကိုလည်း ညွှန်းထားသည်။ ဗိုလ်ချုပ်အားလည်း ဗမာ့အမျိုးသား တပ်မတော်၏ ဗိုလ်ချုပ်ဟုခေါ်သော အောင်ဆန်းဟု လိပ်စာ တပ်ထားသည်။ စာမှာ သဘောတူစာချုပ်ပုံစံဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်း လက်မှတ်ထိုးရန် နေရာနှင့် နေ့စွဲများကို အသင့်ပေးထားသည်။

ပါဝင်သောအချက်တို့မှာ သူအသုံးပြုမည့် ကျွန်တော်တို့၏ တော်လှန်ရေးတပ်တို့သည်

www.burmeseclassic.com



သက်ဆိုင်ရာ ဗြိတိသျှအရာရှိတို့၏ အမိန့်ကို ခြွင်းချက်မရှိ လိုက်နာရမည်။ အသုံးပြုသော
များအား သူက ရိက္ခာပေးမည်။ အသုံးမပြုသော တော်လှန်ရေးတပ်သားတို့အား ဖွဲ့စည်းလတ္တံ့သော
မြန်မာတပ်မတော်တွင် တစ်ယောက်ချင်းအနေဖြင့် ဝင်ရောက်လိုက ဝင်ခွင့်ပြုရမည်။ တပ်သစ်
သည်ကို မနှောင့်ယှက်ရ။ တစ်ခုတည်းသော အစိုးရမှာ ဘုရင်ခံကေရာဇ်၏ အမိန့်အရ မဟာမိတ်
ပေါင်းစု သေနာပတိချုပ်က ခန့်အပ်ထားသော မြန်မာနိုင်ငံ စစ်အုပ်ချုပ်ရေးသာဖြစ်၍ တရားဝင်
စည်းမျဉ်းဥပဒေအရ ဖွဲ့စည်းထားသော အခြားမည်သည့်အစိုးရအဖွဲ့မှမရှိဟုလည်း ဖော်ပြ
သည်။

ဤစာကို ဖတ်ပြီးသော် စိတ်စနောင့်စနင်း ဖြစ်မိသည်။ နှိမ်၍ရေးထားသည်။ အထက်စီး
လွန်းသည်။ ယဉ်ကျေးမှုမရှိလှဟုလည်း ထင်မိသည်။

## ဗိုလ်ချုပ်၏ပြန်စာ

ယင်းစာကို ပြန်ကြားသည့် ၁၉၄၅ ခုနှစ် မေလ ၂၀-ရက်နေ့စွဲပါ ဗိုလ်ချုပ်၏စာကိုလည်း
တွေ့ရသည်။ စာတွင် ပူးပေါင်းတိုက်ခိုက်ရေးတွင် အထက်ပါ ကမ်းလှမ်းချက်များကိုလက်ခံ
မိမိသည် အခွင့်အာဏာရရှိပါကြောင်း။ သို့ရာတွင် ၎င်းအသုံးပြုရန် ပေးထားသောတပ်များ
အရေးကြီးကိစ္စများ၌ အသုံးပြုမည်ဆိုက နောက်ဆုံးဆုံးဖြတ်ချက်မချမီ မိမိ (ဗိုလ်ချုပ်)နှင့် တိုင်ပင်
လိုသည့်ဆန္ဒရှိကြောင်းကိုဖော်ပြရန် မိမိအားညွှန်ကြားပါကြောင်း။ မြန်မာပြည်၏ အပသို့ ထွက်
ရေးအတွက် တော်လှန်ရေးတပ်များအား စနစ်တကျဖွဲ့စည်း လက်နက် တပ်ဆင်ပေးစေလို
ဆန္ဒကိုလည်း ဖော်ပြလိုကြောင်း၊ တပ်သစ်ဖွဲ့သည်ကို ကန့်ကွက်ရန် လုံးဝမရှိ။ ဖွဲ့သောအခါတွင်
တော်လှန်ရေးတပ်များနှင့် ဖွဲ့မည်ဆိုသောတပ်များကို အတူတကွ ပူးပေါင်းရေးအတွက် ဆောင်
ပေးရန် ဆန္ဒရှိပါကြောင်း စသည်တို့ကို ယဉ်ကျေးသိမ်မွေ့စွာ ဖော်ပြထားပေသည်။

ထိုစာ နှစ်ခုကို ယှဉ်ကြည့်ပြီးနောက် ဗိုလ်ချုပ်ကြီး စလင်းရေးသောစာကို ရိုင်းစိုင်းသည်
လည်း လုံးဝမဆိုသာ၊ အောင်ပွဲရလာသော တပ်မတော်တစ်ခု၏ ဗိုလ်ချုပ်ကြီးအဖြစ် စစ်သား
ချင်သည်ကို တဲ့တိုးရေးသားခဲ့ဟန်ရှိသည်။ တစ်သက်လုံးစစ်သားလုပ်လာသူဖြစ်သည့်
စစ်သားလိုသာ ရေးလိုက်ခြင်း ဖြစ်တန်ရာသည်။ ဗြိတိသျှအစိုးရကို ကိုယ်စားပြုရသူဖြစ်သည့်
အစိုးရစာအတိုင်းလုပ်ရခြင်းလည်း ဖြစ်ပေမည်။

မည်သို့ပင်ဖြစ်စေ၊ ဤစာ နှစ်စောင်ကိုဖတ်ရပြီးနောက်၊ ဗိုလ်ချုပ်နှင့်စလင်းတို့ မည်
နည်းနှင့် တွေ့ဆုံခဲ့ရသနည်း။ သူ့စာတွင် ဆိုထားသည့်အတိုင်း ဗိုလ်ချုပ်သည် အလိုအလျောက်
သူ့ဌာနချုပ်သို့သွား၍ တပ်ချင်းပူးပေါင်းရန် စတင်ပြောဆိုခဲ့ခြင်းလော။ သူတို့တွေ့စဉ်က ဘာ
ပြော၍ ဘာတွေဖြစ်ခဲ့သနည်း။ အဘယ့်ကြောင့် ပူးပေါင်းတိုက်ခိုက်ရေး သဘောတူစာချုပ်
ဗိုလ်ချုပ်ထံသို့ စလင်းက ပို့ရသနည်းဟူသော အမေးတို့၏အဖြေကို သိချင်လာပါသည်။ ယင်း
အဖြေများကိုမော်ကွန်းတိုက်၌ ရှာမရခဲ့ပေ။

လွန်ခဲ့သော လလောက်ကမှ ဖီးမာရှယ် ဆာဝီလျံစလင်းရေး "အရှုံးမှအနိုင်သို့" (De-
feat Into Victory) စာအုပ်ကို မော်ကွန်းတိုက်၌ပင် တွေ့ရှိဖတ်ရှုခဲ့ရသည်။ သူ့စာအုပ်တွင်





သည် ရှင်းရှင်းနှင့်ဘွင်းဘွင်းရေးထားသည်။ သူ၏အောင်နိုင်မှုများ၊ အောင်မြင်မှုများသာမက မှားယွင်း
မှုနှင့် အရှုံးတို့ကိုလည်း ဖော်ပြထားသည်။ ဗိုလ်ချုပ်အပေါ်တွင် မည်သို့ ထင်မြင်သည်၊ သဘောထား
သည်ကိုလည်း ရှင်းရှင်းပင်ရေးထားသည်။ ၎င်းတို့ကို ဖတ်ရပြီးနောက် သူနှင့်ပတ်သက်၍ ယခင်က
ကျွန်တော် ယူဆချက်များလွဲနေသည်ဟု သိလာခဲ့ရသည်။

## တော်လှန်ရေးအစ

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖီးမာရှယ်စလင်းတို့ ဆက်ဆံခဲ့မှုမှာလည်း ဤစာအုပ်၌ပင်
ကောင်းစွာ ပေါ်ထင်နေသည်ဖြစ်၍ ထိုစာအုပ်မှ ကျွန်တော်ဖတ်ခဲ့ရချက်များကိုမူအတိုင်း အကျဉ်းရုံး
၍ ကောက်နုတ်ဖော်ပြလိုပါသည်။

"ဂျပန်တို့အား အကျပ်အတည်းတွေ့စေ၍ ကျွန်ုပ်တို့အား အကျိုးရှိစေမည့် (မကြီးကျယ်လှ
သောကာမူ) အဖြစ်အပျက်ဖြစ်ပေါ်လာသည်။

၁၉၄၃ ခုနှစ်လောက်ကတည်းကပင် ဂျပန်တို့၏ မိမိတို့၏ ရုပ်သေးဗမာ့အမျိုးသား
တပ်မတော်၏ သေနာပတိဗိုလ်ချုပ်အဖြစ်ခန့်အပ်သော မြန်မာလူမျိုး အောင်ဆန်းသည် သူ့ဆရာ
များကို စိတ်ပျက်ကြောင်း ကျွန်ုပ်တို့ ကြားခဲ့ရသည်။ ချင်းတွင်းမြစ်ကမ်းမှ ကျွန်ုပ်တို့ဖမ်းမိခဲ့သော
ဗမာအမျိုးသား တပ်မတော်သားတစ်ဦးကို ၁၉၄၄ ခုနှစ် နိုဝင်ဘာလတွင် ပဲခူးအနီး လေထီးနှင့်ချပေး
၍ ၎င်းအပြင် အခြားကိုယ်စားလှယ်များမှတစ်ဆင့် မြန်မာပြည်တွင်းရှိ အမျိုးသားတပ်ဖွဲ့များနှင့်
ဆက်သွယ်ခဲ့သည်။ မကြာမီပင် ကွန်မြူနစ်ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့က ငွေ၊ လက်နက်နှင့် ရိက္ခာ
စသည်များ အမြောက်အမြား တောင်းဆိုလာသည်။

၁၉၄၅ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် ဗမာ့အမျိုးသားတပ်များကို စစ်မျက်နှာသို့စေလွှတ်
ရန် စီစဉ်ကြောင်း၊ သို့ရာတွင် အောင်ဆန်းနှင့် သူ၏လူများသည် ကျွန်ုပ်တို့ဘက်သို့ 'တပ်ပြေး'လာရန်
အသင့်ရှိနေကြောင်း ထိုအစောပိုင်းတွင် သတင်းရရှိသည်။ မတ်လ ၂၀ ရက်နေ့တွင် ၁၃၆-တပ်ဖွဲ့မှ
အရာရှိတစ်ဦးကို လေထီးနှင့် ချပေးခဲ့၏။ သို့ရာတွင် မြန်မာခေါင်းဆောင်တို့၏ ရည်ရွယ်ချက်တို့ကို
မရရှိခဲ့ပေ။ မတ်လ ၂၆ ရက် (၂၇-ရက်နေ့ဖြစ်သည်)တွင် ဗမာအမျိုးသားတပ်မတော်သည် ထကြွ
တော်လှန်ခဲ့၏။ ဂျပန်အရာရှိအချို့ကို အငိုက်တွင် သတ်ဖြတ်လိုက်ကြသည်။ ရန်သူတို့၏ ပူပင်
သောကရောက်မှုနှင့် ရှုပ်ထွေးမှုတို့ကို ထပ်လောင်းတိုးပွားစေခဲ့သည်။"

## သဘောကွဲလွဲမှု

"ဤအခြေတွင် ၁၃၆ တပ်ဖွဲ့နှင့် မြန်မာပြည် မြို့ပြအုပ်ချုပ်ရေးအဖွဲ့ကို သဘောကွဲလွဲကြ
သည်။ ၁၃၆-တပ်ဖွဲ့က ဗမာအမျိုးသားတပ်မတော်ကို အဘက်ဘက်မှ ကူညီထောက်ပံ့အားပေးစေ
လိုသည်။ အုပ်ချုပ်ရေးအဖွဲ့က အကူအညီပေးရန်ကို ကန့်ကွက်သည်။ အထူးသဖြင့် မြန်မာပြည်ကို
သိမ်းပိုက်ပြီးသော အချိန်တွင် ဗမာ့အမျိုးသား တပ်မတော်သည် ကျွန်ုပ်တို့အတွက် အသုံးဝင်စေမည်
မဟုတ်ဘဲ ပြဿနာဖြစ်လာမည်ဆိုသည်။ အကြောင်းပြလည်း ကောင်းကြသည်။ ကျွန်ုပ်၏ထင်မြင်
ချက်မှာ ဆက်သွယ်ရေးလမ်းကြောင်းများကို လှည့်လည်တိုက်ဖျက်ခြင်းအားဖြင့် ဗမာ့အမျိုးသား



www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်သည် ဂျပန်တို့အား အနှောင့်အယှက်ပေးနိုင်သည်။ မှောင်သော ညည့်များတွင် ကော စွာ အနှောင့်အယှက်ပေးစေနိုင်သည်။ ကျွန်ုပ်တို့ဘက်လည်း မပါ။ ဂျပန်နှင့်လည်း ဆန့်ကျင်နေသူ သူတို့ကိုလည်း တိုက်ခြင်းဖြင့် ကျွန်ုပ်တို့အဆုံးသတ်ရမည်။ တစ်စုတည်းသော ဗမာ့အမျိုးသာ လက်နက်ကိုင်တပ်ဖွဲ့သည် ကျွန်ုပ်တို့ဘက်မှ တကယ်တိုက်ခိုက်နေခြင်းမှာ နိုင်ငံရေးအရ အလွ အကျိုးရှိသည်ကိုလည်း အထူးဖော်ပြရန်မလိုပေ။ သို့ဖြစ်၍ အောင်ဆန်းအား လက်နက်များ ရိ ပစ္စည်းများထောက်ပံ့သင့်သည်ဟု ကျွန်ုပ်က ထောက်ခံလိုက်သည်။ ကျွန်ုပ်တို့၏ အထွေထွေ အ အစဉ်နှင့် ကိုက်ညီမှုအတွက် သူ၏တပ်များကို စစ်ထိုးမှုတွင် အုပ်ထိန်းချုပ်ကိုင်ရန်လည်း ထောက် လိုက်သည်။ ကျွန်ုပ် ချုပ်ကိုင်ရန်လည်း ထောက်ခံလိုက်သည်။ ကျွန်ုပ်၏ အကြောင်းပြချက်များ သက်ဆိုင်ခြင်းမရှိဘဲလျက် ရေတပ်ဗိုလ်ချုပ် မောင့်ဘက်တန်ကလည်း အလားတူပင် သဘော အောင်ဆန်းအား ကူညီသင့်သည်ဟု ဆုံးဖြတ်ပေသည်။ ကျွန်ုပ်၏ စစ်ဆင်မှုတွင် ဗမာ့အမျိုးသ တပ်မတော်သည် ထူးခြားသော လွှမ်းမိုးမှုကို ပြုလုပ်နိုင်အောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု မမျှော်လ ခဲ့ပါ။ ကျန်နေခဲ့သူများအား ဖြတ်တောက်တိုက်ခိုက်ခြင်း၊ တပ်ဖွဲ့ငယ်များအား နှောင့်ယှက်တို ခိုက်ခြင်း၊ ယာဉ်များအား စောင့်ဆိုင်း ပုန်းလျှိုးတိုက်ခိုက်ခြင်းတို့ကိုသာ ပြုလုပ်ပေးနိုင်လိမ့်မည် ကျွန်ုပ် မျှော်လင့်သည်။ ဤအတိုင်းလည်း တကယ်ပြုလုပ်ခဲ့ကြပေသည်။ သူတို့ထံမှရရှိမည့်အ အညီကို မျှော်ကိုး၍ကား ကျွန်ုပ်၏အစီအစဉ်များကို ပြောင်းလဲခြင်းမပြုခဲ့ပါ။"

ဤသည်တို့ကား ဗိုလ်ချုပ်နှင့်မတွေ့ရမီက ဗိုလ်ချုပ်ကြီးစလင်း၏ ဗမာ့အမျိုးသားတပ် တော်နှင့် စပ်လျဉ်းသည့် ထင်မြင်ယူဆချက်များ၊ ဆောင်ရွက်ချက်များ ဖြစ်ပေသည်။

## ဗိုလ်ချုပ်တို့ တွေ့လိုခြင်း

သူ၏စာအုပ်နောက်ပိုင်းတွင် မြို့ပြအုပ်ချုပ်ရေးအဖွဲ့အတွက် ရှိမည့်အခက်အခဲတို့ ဖော်ပြပြီးနောက် အုပ်ချုပ်ရေး ပြဿနာနှင့်ယှဉ်ပြိုင်လျက်ရှိနေသော ပြဿနာငယ်ဖြစ်ကြော ဆက်လက်ဖော်ပြထား၏။ ဆက်လက်ရေးသာထား သည်မှာ . . .

"မူလက ဂျပန်တို့က ဖွဲ့ပေး၍ ယခုဂျပန်တို့ကို တော်လှန်နေသော ဗမာ့အမျိုးသ တပ်မတော်ကို မည်သို့ သဘောထား ပြုလုပ်ရမည်နည်း။ သူတို့သည် ရန်သူအား အနှောင့်အယှ ဖြစ်စေနိုင်သည့် သူတို့၏ ဆောင်ရွက်တိုက်ခိုက်မှုတို့ကို ကျွန်ုပ်တို့၏ ဆောင်ရွက်တိုက်ခိုက်မှုများ တပူးတပေါင်းတည်း ဖြစ်အောင် မလုပ်နိုင်လျှင် ကျွန်ုပ်တို့ အတွက်လည်း ကြီးမားသော အလာ အနှောင့်အယှက် ဖြစ်စေနိုင်သည်ဟု တစ်ချိန်လုံး ကျွန်ုပ်ယုံကြည်လာခဲ့သည်။ သူတို့အား ကျေ နပ်နပ် အုပ်ထိန်းနိုင်မည့် တစ်ခုတည်းသောနည်းမှာ သူတို့၏ သေနာပတိ အောင်ဆန်းနှင့်တွေ့ ကျွန်ုပ်၏အမိန့်များကို လက်ခံအောင် ပြုလုပ်ရန်ပင် ဖြစ်သည်။ အောင်ဆန်းနှင့်အယူသည်းနေ ဗမာမျိုးချစ်တို့ အကြောင်း ကျွန်ုပ်သိထားရသည့်အတိုင်းဆိုသော် ဤသို့ပြုလုပ်ရန်မှာ ခက်လိမ့်မ ဟု ကျွန်ုပ်ထင်သည်။ သို့သော် ကြိုးစားကြည့်က မှားမည် မဟုတ်ပေ။"



## အောင်ဆန်း၏ဘဝဖြစ်စဉ်

"အောင်ဆန်း၏ဘဝဖြစ်စဉ်မှာ အတော်စုံလှပါသည်။ ၁၉၃၀ ပြည့်နှစ်၊ ဒီဂရီမရသေးသော ကောလိပ်ကျောင်းသားအဖြစ် အခြားအာရှကျောင်းသားများနည်းတူ အောင်ဆန်းသည် နိုင်ငံရေးသို့ ခြေစုံပစ်ဝင်ခဲ့သည်။ တစ်ခါတစ်ရံ အတော်ပြင်းပြင်းထန်ထန် စိတ်ပါခဲ့သည်။ ၁၉၃၉ ခုနှစ်၌သော် အယူသည်း အမျိုးသား အဖွဲ့ငယ်၏ အတွင်းရေးမှူး ဖြစ်ခဲ့၍ ထောင် ၁၇ ရက်ကျဖူးသည်။ ထိုအချိန် တွင် သူ့အား ဂျပန်တို့ကဆက်သွယ်လာသည်။ ၁၉၄၀ ပြည့်နှစ်တွင် အောင်ဆန်း၏အဖွဲ့ကို မတရား အသင်း ကြေညာသောအခါ သူနှင့် ၃၀ မျှသော သူ့အဖွဲ့သားတို့သည် ပုလိပ်ကိုရှောင်၍ ဂျပန်ပြည် သို့ ရောက်ခဲ့သည်။ မြန်မာပြည်ကို ဝင်ရောက်တိုက်ခိုက်သောအခါ အောင်ဆန်းနှင့်သူ၏ အဖော်များ လည်း ပါလာကြသည်။ ဂျပန်တို့က သူတို့ကိုမူတည်၍ အရေးပေါ် မြန်မာတပ်များဖွဲ့ကာ ပဉ္စမံတပ် အဖြစ် တစ်ပြည်လုံးတွင် သုံးခဲ့သည်။ ၎င်းတို့မှာ သူတို့ဆရာများအတွက် အမျိုးမျိုး အသုံးဝင်ခဲ့ပေ သည်။ တစ်ကြိမ်၊ နှစ်ကြိမ်လောက် ကျွန်ုပ်တို့အား ရဲရင့်စွာတိုက်ခိုက်ခဲ့ပေသည်။"

## ၁၉၄၃ ခုနှစ် အစကတည်းက စိတ်ပြောင်းခဲ့ခြင်း

ဂျပန်တို့ကပေးမည်ဆိုသော လွတ်လပ်ရေးမှာ သူထင်သော လွတ်လပ်ရေးနှင့်ဘာမှမဆိုင်၊ ပ်တို့မှာ ဆရာပေါင်းလိုများစွာ ရက်စက်ဆိုးသွမ်းသော ဆရာသစ်နှင့်လဲလှယ်မိကြောင်း မကြာမီ င် အောင်ဆန်းသိလာတော့သည်။ သူ့လက်အောက်ခံ ခေါင်းဆောင်တစ်ယောက်က "ဗြိတိသျှတို့က ကျွန်တော်တို့၏ သွေးကိုသာ စုပ်သည်။ ဂျပန်တို့က ကျွန်တော်တို့၏ အရိုးကို ထုချေကြသည်"ဟု တစ်ခါက ပြောဖူးသည်ဆို၏။ အောင်ဆန်း စိတ်ထားပြောင်းလဲနေပြီ ဖြစ်ကြောင်းကို ကရင်တောင် များတွင် ချန်နေရစ်ခဲ့သော မေဂျာ စီဂရင်က ၁၉၄၃ ခုနှစ် စောစောပိုင်းတွင် သတင်းပို့ခဲ့၏။

၁၉၄၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဟောပြောပွဲတစ်ခု၌ ဂျပန်တို့ပေးသော လွတ်လပ် ရေးကို ရဲဝံ့စွာရှုတ်ချပြောဆိုခဲ့၏။ ဂျပန်တို့က သူ့အားသတ်မပစ်လျှင် ကျွန်ုပ်တို့အတွက် အသုံးကျ မည်မှာ ထင်ရှား၍လာပေပြီ။ သို့ဖြစ်၍ တော်လှန်တိုက်ခိုက်သောအခါတွင် အောင်ဆန်းနှင့်တိုက်ရိုက် ဆက်သွယ်ရန် အချိန်ရောက်ခဲ့လေသည်။

## စလင်းက ဖိတ်ခေါ်ခြင်း

သို့ဖြင့် "ရေတပ်ဗိုလ်ချုပ်မောင့်ဘက်တန်၏ လုံးဝ သဘောတူညီချက်ဖြင့် ၁၃၆ တပ်ဖွဲ့မှ ကိုယ်စားလှယ်တို့သည် ဧပြီလ ၂၁ ရက်နေ့တွင် ကျွန်ုပ်တို့၏ဌာနချုပ်သို့ အန္တရာယ်မရှိ လိုက်လာရန် ဖိတ်ခေါ်သည်။ သဘောတူညီချက် ရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ သူ၏ရဲဘော်ရဲဘက်များထံသို့ အန္တရာယ်မရှိစေဘဲ ပြန်ပို့ပေးပါမည်ဟူသော ကျွန်ုပ်၏ကတိကို ပြောပြသည်။ မေလ ၁၅ ရက်နေ့တိုင်မလာဘဲ ဆိုင်းတွနှောင့်နှေးနေခဲ့၏။ ထိုနေ့တွင် သူနှင့်ဦးစီးအရာရှိတစ်ဦးသည် အောင်လံ တွင် ဧရာဝတီမြစ်ကိုဖြတ်၍ ကျွန်ုပ်နှင့်တွေ့လိုကြောင်းပြောဆိုသည်ဟု သတင်းရရှိသည်။ ကျွန်ုပ် သည် လေယာဉ်ပျံတစ်စင်းလွှတ်ပေး၍ နောက်တစ်နေ့တွင် လေယာဉ်ပျံနှင့် ကျွန်ုပ်၏ဌာနချုပ်ရှိရာ မိတ္ထီလာသို့ သူတို့ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရောက်လာသောအချိန်တွင် အောင်ဆန်းမှာ ဂျပန်စစ်ဝတ်စုံနှင့်တူလှသော ဗိုလ်ချုပ်ဝတ် ကို ဝတ်ဆင်၍ ဆောင်ဓားပါ ပါလာသောကြောင့် သူလာမည့် အကြောင်းကို တင်ကြိုသိမထား ကျွန်ုပ်၏ ရုံးသားများ တထိတ်တလန့် ဖြစ်ကြသည်။ သူသည် အလွန်ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံသည်။ ကျွန်ုပ်တို့ကလည်း ထိုသို့ပင် ဆက်ဆံသည်ဟု ယုံကြည်ပါသည်။ လူရွယ်လူ အရပ်ပုပု ခိုင်ခိုင်ခံ့ခံ့ဖျတ်ဖျတ်လတ်လတ် သပ်သပ်ရပ်ရပ်ရှိ၍ စစ်သားအသွင်ဆောင် အောင်ဆန်းမှာ တည်ငြိမ်သော ဣန္ဒြေလည်းဆောင်နိုင်၍ အသိဉာဏ်နှင့်ဟာသဉာဏ်ကိုလ ဖော်ထုတ်နိုင်သည့် မြန်မာမျက်နှာပုံ မျက်နှာမျိုး ရှိသည်။ အင်္ဂလိပ်စကားကို လည်ဝယ်စွာပြောနိုင် သူနှင့်ပါလာသော ဦးစီးအရာရှိမှာ ဗြိတိသျှအထက်တန်းအရာရှိနှင့်မြန်မာအမျိုးသမီးတို့မှ မွေး ဖြစ်၍ အင်္ဂလိပ်စကားပြောကောင်းသူ ဖြစ်၏။"

**မဟာမိတ်နှင့် လက်အောက်ခံ**

"ကျွန်ုပ်တို့၏ ပထမအကြိမ်တွေ့ဆုံစဉ်တွင် အောင်ဆန်းသည် အထက်စီးနင်း ပြောသည်။ မိမိမှာ ဖဆပလ အဖွဲ့မှတစ်ဆင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံယာယီအစိုးရ ကိုယ်စားလှယ်ဖြစ်ကြောင်း မိမိနှင့်မိမိ၏ အမျိုးသား တပ်မတော်သည် ထိုအစိုးရအတွက် အမှု ထိုအစိုးရ၏ အမိန့်ကို နာခံကြောင်း၊ မိမိမှာ မဟာမိတ်တပ်မှူးတစ်ယောက် ဖြစ်ကြောင်း၊ မဟာ အနေဖြင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း ပြောသည်။ လက်အောက်ခံတပ်မှူးမဟုတ်။ မဟာမိ ၏ အဆင့်အတန်းကိုလည်း တောင်းဆိုသည်။"

**သတ္တိကို ချီးမွမ်းမိသည်**

"ဖဆပလမှာ ဘာဖြစ်သည်၊ ဘယ်သူ့ကို ကိုယ်စားပြုသည်ကို မသိကြောင်း မိမိနှင့် ကမ္ဘာလုံးကသိနေသော တစ်ခုတည်းသော မြန်မာပြည်အစိုးရမှာ အာရှအရှေ့တောင်ပိုင်း မဟာ စစ်သေနာပတိချုပ်မှတစ်ဆင့် အုပ်ချုပ်နေသော ဘုရင်ဧကရာဇ်၏ အစိုးရသာဖြစ်ကြောင်း ယူဆပြောဆိုသကဲ့သို့ သဘောထားပြောဆိုခြင်း မပြုသင့်ကြောင်းနှင့် ကျွန်ုပ်က ပြန်ပြော သူ၏တပ်များကို မလို၊ သူတို့ အကူအညီမပါဘဲနှင့် ဂျပန်တို့ကို ကောင်းစွာချေမှုန်းနေသည်၊ လက်၍လည်း ချေမှုန်းနိုင်သည်။ မည်သည့်ယာယီအစိုးရကိုမျှ အသိအမှတ်မပြုဟူသော သည့် နားလည်ချက်နှင့်သာလျှင် သူနှင့်သူ၏တပ်များ၏ အကူအညီကို လက်ခံမည်ဖြစ်ကြော ကျွန်ုပ်က ပြောပြသည်။ သူသည် ကျွန်ုပ်၏လက်အောက်ခံတပ်မှူးဖြစ်၍ ကျွန်ုပ်၏အမိန့် နာခံရမည့်အပြင် သူ၏အရာရှိနှင့်တပ်သားတို့လည်း သက်ဆိုင်ရာဗြိတိသျှအရာရှိတို့၏ အ နာခံအောင် ပြုလုပ်ရမည်ဖြစ်ကြောင်း ထပ်လောင်းပြောဆိုသည်။ ဤသို့ ပြောသောအခါ သွား၍ မဟာမိတ်တပ်မှူးအဖြစ် သဘောထားဆက်ဆံရမည်ကို ထပ်လောင်းတောင်းဆို

"သူ၏သတ္တိကို အထူးချီးမွမ်းအံ့ဩမိ၍ သို့ချီးမွမ်းအံ့ဩမိသည်ကို သူ့အားပြောပြ ဆက်ပြောကြသည်မှာ

"ဒါပေမဲ့ ဗြိတိသျှလက်အောက်ခံ တစ်ယောက်အနေနဲ့ ဗြိတိသျှအစိုးရကို တော





က်ခဲ့တာကို ထားပါဦး။ ခင်ဗျားကို သက်သေအခိုင်အလုံနဲ့ လူသတ်မှုစွဲနိုင်တယ်လို့ ပြောတဲ့လူတွေ ကျုပ်ဌာနချုပ်မှာရှိနေတယ်။ အဲဒီအတွက် ခင်ဗျားကို တရားစွဲဖို့လဲ ကျုပ်ကို အတင်းပြောနေကြ တယ်။ ပြီးတော့ ခင်ဗျားမိတ်ဆွေတွေဆီကို ပြန်ပို့ပါ့မယ်ဆိုတဲ့ ကျုပ်ကတိကို စာနဲ့ရေးထားတာလဲ မရှိဘူး။ တစ်ဆင့်ပြောပဲရှိတယ်။ ဒီတော့ ဒီကိုလာပြီး ဒီလိုသဘောထားနေတာဟာ အန္တရာယ်များ ယ်လို့ ခင်ဗျား မထင်မိဘူးလား. . ."

"ဟင့်အင်း မထင်ပါဘူး. . "ဟု တိုတိုနှင့် ပြန်ဖြေသည်။

"ဘာပြုလို့လဲ. . ."

"ခင်ဗျားဟာ ဗြိတိသျှအရာရှိတစ်ယောက်မို့လို့ပေါ့" (ဗြိတိသျှအရာရှိဖြစ်လျှင် ကတိတည် ကတိကိုလေးစားသည်ဟု ဆိုလိုခြင်း ဖြစ်သည်။)

ဤစကားတွင် သူကောင်းကောင်းကြီး အနိုင်ရလိုက်ကြောင်း ကျွန်ုပ်ထုတ်ဖော်ဝန်ခံရပါ မည်။ သူဆိုလိုသည်ကိုလည်း သူတကယ်ယုံကြည်၍ပြောခြင်းဖြစ်ပါသည်။ အမှန်မှာ ကျွန်ုပ်၏ကတိ ကားတစ်ခွန်းတည်းနှင့်ပင် သူလိုက်လာခြင်းဖြစ်သည်။ ကျွန်ုပ်သည် ရယ်လိုက်ပြီးလျှင် ဗြိတိသျှ ရာရှိတို့ကို ဤသို့ သဘောထားယူဆလျက်နှင့် ကျွန်ုပ်တို့အား မောင်းထုတ်ရန် အဘယ့်ကြောင့် အားထက်သန်ရပါသနည်းဟုမေးရာ ဗြိတိသျှတို့ကို မနှစ်သက်၍ မဟုတ်ကြောင်း၊ ဗြိတိသျှ မဟုတ် ဂျပန်၊ သို့မဟုတ် မည်သည့် နိုင်ငံခြားသားလူမျိုးကိုမှ သူ့နိုင်ငံကို မအုပ်စိုးစေလိုကြောင်း ကြားပါသည်။

"သူ၏သဘောထားကို ကျွန်ုပ်ကောင်းစွာ နားလည်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့ သားများအတွက် မြန်မာနိုင်ငံ၏ အနာဂတ်အုပ်ချုပ်ရေးအကြောင်းကို ဆွေးနွေးရန် မဟုတ်၊ သျှအစိုးရက ခနသဟာယအတွင်း မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရန် ကြေညာပြီးဖြစ်ရာ ပိုင်အုပ်ချုပ်ရေးရရှိမှုအတွက် နောက်တစ်ဆင့် ခြေလှမ်းဖြစ်သော နိုင်ငံတွင်းမှ ဂျပန်တို့ကို င်းထုတ်ရန်အတွက် အကောင်းဆုံးနည်းလမ်းရရှိမှုကိုသာ ဆွေးနွေးခြင်းပြုရန် သင့်ကြောင်း ပိုက်ပါသည်။

ကျွန်ုပ်တို့လည်း ရွှင်လန်းဖော်ရွေစွာပင် စကားဆက်ကြပြန်၏။

**နိုင်လိုက်ပြန်ပြီ**

"ပထမကတော့ ဂျပန်တွေဟာ တကယ့်လွတ်လပ်ရေးကို ပေးလိမ့်မယ်လို့ မျှော်လင့်ခဲ့ နောက်တော့ မပေးဘူးဆိုတာတွေ့ရတာပဲ။ မပေးတဲ့အပြင် လူတွေကို ချုပ်ချယ်သည်ထက် လာကြတယ်။ ခင်ဗျားတို့ရဲ့ ကတိကို ယုံစားပြီးတော့ ပိုမိုကောင်းတဲ့ မျှော်လင့်ချက်တွေ မယ်ဆိုပြီး ခင်ဗျားတို့ဘက် လှည့်တာပဲ"

"ဆက်ပြောပါဦး အောင်ဆန်း။ ကျုပ်တို့က နိုင်နေလို့သာ ကျုပ်တို့ဆီလာတာ မဟုတ်လား"

"ခင်ဗျားတို့က နိုင်မနေတဲ့အခါမှာ လာလို့ရော အကျိုးထူးနိုင်ပါ့မလား" ဟု ခပ်ရိုးရိုးပင် သည်။

"ဤအချက်၏ အမှားအမှန်ကို ကျွန်ုပ် စောဒကမတက်နိုင်ပါ။ တစ်ချီတော့ နိုင်သွားပြန်ပြီ . .



www.burmeseclassic.com

www.burmeseclassic.com



ဟု ထင်မိပါသည်။ သူ၏ ရိုးသားဖြောင့်မတ်ချက်ကို ကျွန်ုပ်သဘောကျမိသည်။ အမှန်မှာ ကျွန်ုပ်သည် အောင်ဆန်းအား စတင်နှစ်သက်လာပါတော့သည်။"

## တပ်ပြန်လည်ဖွဲ့ရေး

"စစ်ပြီးသောအခါ ကျွန်ုပ်တို့သည် လက်ရှိ ဗမာ့သေနတ်ကိုင်တပ်ရင်းတို့ကို မူတည်၍ ဗမာ့တပ်မတော်ဟောင်းကို ဗြိတိသျှအရာရှိများနှင့် ပြန်လည်ဖွဲ့စည်းမည်။ ထိုအခါတွင် သူ့တပ် အတွက်နေရာရှိမည်မဟုတ်၍ တပ်များကိုဖျက်ပစ် ရလိမ့်မည်ဟု ပြောသောအခါ တပ်မတော်အသစ် တွင် သူ့တပ်များကိုတပ်အလိုက် ပူးပေါင်းဖွဲ့စည်းရမည်ကို အတင်းဖိ၍ ပြောတော့သည်။ ဤသို့ပြော ဆိုခြင်းမှာ ဗိုလ်ချုပ်တစ်ဦးက မိမိတပ်သားများအတွက် စိုးရိမ်၍ပြောခြင်းသက်သက်မဟုတ်၊ နိုင်ငံ ရေးသမား တစ်ဦးကစစ်ပြီးမြန်မာနိုင်ငံတွင် မိမိ၏ ကိုယ်ပိုင်အာဏာကို တည်တံ့စေလိုသောကြောင့် ပြောခြင်းလည်း ဖြစ်သည်မှာ ထင်ရှားပေသည်။" (ဤသို့တပ်လိုက် လက်ခံမည်မထင်၊ တစ်ယောက် ချင်းအနေနှင့်သာ ဝင်နိုင်လိမ့်မည်။ သူ့ဆန္ဒအတွက် မျှော်လင့်ချက်မရှိနိုင်စသည်ဖြင့် ပြောသော အခါ တပ်လိုက်ပင် လက်ခံဖွဲ့စည်းရမည့်အကြောင်းသာ ထပ်၍ပြောဆိုသည်။)

"နောက်ဆုံးဆွေးနွေးပွဲတွင် အောင်ဆန်းသည် သူ၏အခြေအနေမှန်ကို ပို၍ လက်တွေ့ သုံးသပ်နိုင်ခဲ့သည်။ သို့ရာတွင် စကားကျွံအောင် မပြောပေ။ လက်အောက်ခံတပ်မှူးအဖြစ် တာဝန် ဆောင်ရွက်မှုကို လက်မခံမီ သူ၏ 'အစိုးရ' နှင့် တိုင်ပင်လိုသေးသည် ပြောသည်။ ထို့နောက် သူပြန်လိုကြောင်း၊ တစ်ပတ်အတွင်း ထပ်မံတွေ့ဦးမည်ဖြစ်ကြောင်း ပြောဆိုနှုတ်ဆက်သည်။ သူ၏ နောက်ကြောင်းတို့ကိုထောက်ထားလျှင် ဤကမ်းလှမ်းချက်တို့မှာ အလွန်ရက်ရောသည်။ ၎င်းတို့ ငြင်းပယ်လျှင် မည်သို့အခြေအနေ ဆိုးရွားနိုင်သည်တို့ကို သတိပေးလျက် လက်ဆွဲနှုတ်ဆက်ပြီးလျှင် လေယာဉ်ပျံနှင့်ပင် ပြန်ပို့လိုက်သည်။"

## ဗိုလ်ချုပ်၏ရိုးသားချက်

"ကျွန်ုပ်အောင်ဆန်းကို နှစ်မြို့က်လေးစားမိသည်။ ကျွန်ုပ်ထင်မိသကဲ့သို့ မစေ့စပ်မသေချာ အရမ်းကြီးပွားလိုသော ပြောက်ကျားခေါင်းဆောင်မျိုးမဟုတ်။ ကြီးပွားလိုသူဖြစ်သည်မှာ အမှန်ပင်ဖြစ် သော်လည်း စစ်ပြီး မြန်မာပြည်တွင် လွှမ်းမိုးနိုင်သော အခြေကိုရအောင်သာ ရည်ရွယ်ခြင်းဖြစ်သည်။ သူသည် တကယ့်မျိုးချစ်ပုဂ္ဂိုလ်၊ လက်တွေ့ကျသူ၊ ချိန်ဆနိုင်သူ (ဤအရည်အချင်းတို့မှာ အမြဲတမ်း တွဲ၍ရသော အရည်အချင်းများမဟုတ်) ဖြစ်သည်ဟု ကျွန်ုပ်ခန့်မှန်းမိသည်။ ဂျပန်တို့နှင့် ဆက်ဆံ ရရှိသော သူ၏အတွေ့အကြုံတို့သည် ဗြိတိသျှတို့နှင့် စပ်လျဉ်း၍ အမြင်မှန်ကို ပိုမိုရစေခဲ့၏။ မြန်မာနိုင်ငံကို ကယ်တင်ရန်နှင့် ပြန်လည်ထူထောင်ရာတွင် ကျွန်ုပ်တို့နှင့်ကူညီပူးပေါင်းဆောင်ရွက် ရန် အသင့်ရှိသူဖြစ်သည်။ ထိုလုပ်ငန်းများ ပြီးသည့်တိုင်အောင် ဆက်လက်ပူးပေါင်းဆောင်ရွက် ကောင်း ဆောင်ရွက်လိမ့်မည်ဟု ကျွန်ုပ်ထင်သည်။ အောင်ဆန်းအား ကျွန်ုပ်လေးစားအထင်အကြီး ဖြစ်ရသည်မှာ သူ၏ရိုးသားခြင်းပင် ဖြစ်သည်။ ခပ်သွက်သွက် ဝန်ခံချက်မျိုးပေးခြင်းမှ ကင်းလွတ် ခြင်းမရှိသော်လည်း စကားမကျွံအောင် သတိထားသူဖြစ်သည်။ တစ်ခုခုကို လုပ်ရန် သဘောတူလျှင်





ကား ကတိတည်သူဖြစ်ကြောင်းကို ကျွန်ုပ်သဘောပေါက်မိသည်။ အောင်ဆန်းနှင့် ကျွန်ုပ် အလုပ်လုပ်လို့ ဖြစ်ပါသည်။"

## စလင်း၏ကမ်းလှမ်းချက်

ဂျပန်တို့နှင့်စစ်ဆင်မှုမှာ ကျယ်ပြန့်စွာ ဆက်လက်ဖြစ်ပေါ်လျက်ရှိရာ သူ့တပ်များနှင့် ကျွန်ုပ်တပ်များ တိုက်ခိုက်မှုမဖြစ်မီ အောင်ဆန်း၏တပ်များ ထမ်းရွက်ရမည့်တာဝန်ကို ပြတ်ပြတ်သား သား ဖြစ်စေချင်သည်။ ကျွန်ုပ်၏ အထက်အရာရှိများထံ အောင်ဆန်းနှင့် တွေ့ဆုံဆွေးနွေးမှုမှ ရရှိချက်တို့နှင့် သူ့အား ကိုးစားနိုင်ချက်တို့ကို သတင်းပို့ပြီးဖြစ်သည့်အတိုင်း သူပြန်လာမည်ကို မစောင့်တော့ဘဲ ရက်များစွာ မကြာမီအတွင်း တိကျပြတ်သားသော ကမ်းလှမ်းချက်များကို သူ့ထံ ပို့လိုက်ပါသည်။ (ဆောင်းပါးအစတွင် ဖော်ပြထားသော ဖီးမာရှယ်စလင်း၏ စာပင်ဖြစ်သည်။ ကမ်း လှမ်းချက်များနှင့် ဗိုလ်ချုပ်၏ပြန်ကြားချက်တို့ကို ဆက်လက်ဖော်ပြထား၏။)

## ကတိတည်သော အောင်ဆန်း

"မေလ ၃၀ ရက်နေ့တွင် ကျွန်ုပ်၏လက်ထောက်မြို့ပြ အုပ်ချုပ်ရေးအရာရှိချုပ်က အောင်ဆန်းအား ကျွန်ုပ်တို့၏ အစီအစဉ် (သဘောတူချက်)တို့ကို စစ်သေနာပတိချုပ်ထံ အစီရင်ခံ ပြီးဖြစ်၍ ၎င်းတို့အတိုင်း ဆက်လက်လုပ်ကိုင်နိုင်ကြောင်း ပြောပြခဲ့၏။ သို့ပြောပြခဲ့သည့်အတိုင်းပင် ကျွန်ုပ်တို့၏တပ်သားများသည် သူတို့တပ်တွင်းသို့ ဂျပန်စစ်ဝတ်စုံဖြင့် မြန်မာများ၊ အဖွဲ့များ ချီတက် ဝင်ရောက်လာသည်ကို အံ့ဩစွာတွေ့ကြရ၏။ သူတို့၏ အရာရှိများက ဗြိတိသျှတို့နှင့်အတူ တာဝန် ထမ်းရွက်ရန် သတင်းပို့ကြလေသည်။ သူတို့ကား ပထမဦးသော် အတော်မယုံသင်္ကာ ဖြစ်ကြသည်။ စိတ်မချနိုင်ကြပေ။ သို့ရာတွင် ခြွင်းချက်မရှိလောက်အောင်ပင် အမိန့်ကိုရိုသေလိုက်နာကြကြောင်း တွေ့ရ၏။ သတင်းစုဆောင်းရေး၊ ဂျပန်တပ်ဖွဲ့ငယ်များအား ရှင်းလင်းသုတ်သင်ရေးတို့တွင် တကယ် ထိရောက်စွာ အသုံးဝင်သူများဖြစ်ကြောင်း အလုပ်ဖြင့် သက်သေပြကြသည်။ အောင်ဆန်းကား ကတိတည်ပါပေသည်။ ကောင်းမွန်စွာ ဆက်ဆံပြုမူလျှင် အောင်ဆန်းမှာ မြန်မာပြည်၏ 'စမတ်(စ်)' (ဂျင်နရယ် စမတ်(စ်)ကို ဆိုလိုခြင်း ဖြစ်သည်) ဖြစ်လာနိုင်သည်ဟု ကျွန်ုပ်အမြဲထင်မိပါ တော့သည်။

အစက ဗိုလ်ချုပ်ကို ကောင်းစွာမသိခဲ့သော ဖီးမာရှယ်စလင်းသည် ဗိုလ်ချုပ်အား ကမ္ဘာ့ နာမည်ကျော် ဂျင်နရယ်စမတ်(စ်)နှင့်ပင်နှိုင်းယှဉ်သည်အထိ အထင်ရောက်ခဲ့ပေသည်။ ဗိုလ်ချုပ် အသေစောသည်မှာ ကြီးမားသော ဆုံးရှုံးမှုပင် မဟုတ်တုံလော။ နှမြောတသ၍ ဆုံးနိုင်အံ့မည် မထင်။ ။

[မြဝတီမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၅၆]



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်သိသော သခင်အောင်ဆန်း

## သခင်ဗဟုန်

ဒုတိယကမ္ဘာစစ်ဖြစ်ခါနီးခေတ်က တို့ဗမာအစည်းအရုံး၏ လွတ်လပ်ရေးလှုပ်ရှားမှုမှာ အတူတူ လက်တွဲပြီး တက်တက်ကြွကြွ ဆောင်ရွက်ခဲ့ကြတဲ့ သခင်အိုတစ်စုဆုံမိကြတယ်။ ဆုံမိကြတဲ့ နေရာကတော့ ဟိုတုန်းက ဌာနချုပ် တို့ဗမာအစည်းအရုံး အမှုဆောင်တစ်ဦးဖြစ်တဲ့ ဝါးခယ်မ သခင်အုန်းဖေ (ကွယ်လွန်) ရဲ့ ဇနီးလည်းဖြစ်၊ သူကိုယ်တိုင်လည်း လွတ်လပ်ရေးတိုက်ပွဲ ကိုယ်တိုင် ကိုယ်ကျ ရှေ့တန်းမှပါဝင်ဆောင်ရွက်ခဲ့ပြီး ကျုံမငေး လယ်သမားညီလာခံကြီးမှ အောင်မြင်အောင် အဘက်ဘက်မှ လူအား ငွေအားဖြင့် အင်တိုက်အားတိုက် လုပ်အားပေးခဲ့တဲ့ သခင်မ မကျင်ရီ ကျောင်းဇရပ်အလှူမှာ ဖြစ်ပါတယ်။ ဆုံမိကြသူတွေကတော့ သခင်ခင်အောင် (ဌာနချုပ်အလုပ် အမှုဆောင်နှင့် တောင်သူလယ်သမား အစည်းအရုံးအတွင်းရေးမှူး)၊ သခင်ဗ (၁၃၀၀ ပြည့်အရေး တော်ပုံ၊ သန်လျင်ရေနံသပိတ်တွင် သခင်လှဘော်ကြီး၊ သခင်လှ မြိုင် (ဗိုလ်ရန်အောင်) တို့နှင့်အတူ ခေါင်းဆောင်ခဲ့သူ)၊ သခင်မ မခင်လှ (ရန်ကုန်စီရင်စု အမျိုးသမီးခေါင်းဆောင်နှင့် ၁၃၀၀ ပြည့် ရေနံအလုပ်သမားတပ် အသေခံဗိုလ်)၊ သခင်အုန်းမြင့် (တို့ဗမာ အစည်းအရုံးကြီး၏ မကြေညာဘဲ ကြွေးကြော်သံဖြစ်ခဲ့တဲ့ တိုးတက်ရေးသတင်းစာ အယ်ဒီတာ၊ ရေနံတပ်အသေခံဗိုလ်နှင့် ၁၃၀၀ ပြည့်အရေးတော်ပုံ၊ အရေးပေါ် ဌာနချုပ် အလုပ်အမှုဆောင်) နှင့် ဝါးခယ်မသခင်သိန်းမောင် (ကျောင်းသား၊ တို့ဗမာအစည်းအရုံး၊ အာရှလူငယ် ဖျာပုံ)၊ သခင်အုန်းမောင် (ရေနံမြေအသေခံဗိုလ်) နှင့် ကျွန်တော်တို့ ဖြစ်ပါတယ်။



ဆုံမိခဲ့သူများ ဆုံကြတုန်း ၁၃၀၀ ပြည့် အရေးတော်ပုံအကြောင်း၊ ကျုံမငေးလယ်သမား ညီလာခံအကြောင်း၊ အိန္ဒိယပြည်လုံးဆိုင်ရာ အမျိုးသားကွန်ဂရက် ကွန်ဖရင့် (ရမ်းဂါး) ညီလာခံသို့ တို့ဗမာအစည်းအရုံး ကိုယ်စားလှယ်များအဖြစ် သွားရောက်ခဲ့ကြပုံများနှင့် ဌာနချုပ်နှင့် ရန်ကုန်စီရင်စု ကို လှုပ်ရှားဆောင်ရွက်ကြပုံ၊ သခင်အောင်ဆန်း ကိုယ့်ကိုယ်ကိုယ် ဂရုမစိုက် ပစ်စလက်ခတ်နေတတ် ပုံ၊ သခင်လှဘော်ကြီး ဘီအိုစီမှ အလုပ်ထုတ်ခံရပြီး အစည်းအရုံးမှာ ဇောက်ချလုပ်ပုံ၊ သခင်စိုးကြီး ကြီးပုံ၊ အစားကောင်းပုံ၊ သခင်ဗရင်ကြီး ဟန်ရောမာန်ရောအပြည့်နှင့် တရားဟော အပြောကောင်း ပုံ၊ အာဝဇ္ဇန်းရွှင်ပုံ၊ သခင်စံထွန်းလှ စာမရေးတတ်သလောက် အပြော၊ အလုပ်၊ ဘုရား၊ လိုင်း၊ ဂတ်(စ)၊ လန်ချားသမားနဲ့ ဘုရားဈေးသူ ဈေးသားများကို ပိုင်ပုံ၊ သခင်တင်မောင်ကြီး ပျော့ပျော့ ပျော့ပျော့နဲ့ သခင်ဗိုလ်၊ သခင်ကျော်စိန်တို့ကို ဂျပန်ဟာ ဖက်ဆစ်မို့မပေါင်းဘဲ ဂျပန်ဆန့်ကျင်ရေးကို သည်အထိ ပြောဟောကျင့်ကြံသွားပုံ၊ (ပုဏ္ဏက) သခင်ထွန်းစိန် (၁၃၀၀ ပြည့် ရေနံအသေခံဗိုလ်) သခင်ဗသော် (ကျောင်းကြီးလမ်း) တို့၊ တို့ဗမာသီချင်းအဆိုကောင်းပုံ၊ သခင်ဗသာကြီး ဗမာ့လက်ရုံး ဗိုလ်ချုပ်အဖြစ်ခန့်ညားပုံ စသဖြင့် ပြန်ပြောင်းပြောဖြစ်ကြပါတယ်။

အဲဒီလို ပြောကြရင်းနဲ့ ဟိုတုန်းက တကယ့်တိုက်ပွဲဝင်တွေ တော်တော်များများ သေကုန်ကြ ပြီ မသေကျန်သေးတဲ့သူတွေက တစ်ဆင့်စကားတစ်ဆင့်ကြားမဟုတ်တဲ့ တကယ့်ကိုယ်တွေ့လေး တွေကို ရေးသားပြီး သမိုင်းမှာ ဖြည့်ပေးဖို့လိုကြောင်း၊ ဒါကြောင့် ရေးသားပေးဖို့သမိုင်း သုတေသန ဌာန၊ ပါတီ၊ မိတ်ဆွေသတင်းစာဆရာ၊ စာရေးဆရာများ၊ သမိုင်း သုတေသီ စသူတို့က တိုက်တွန်း ကောင်းဆိုကြောင်း သခင်ခင်အောင်နဲ့ သခင်ဗတို့က ပြောပြတိုက်တွန်းပါတယ်။ ဒါကြောင့် ကိုယ်တိုင် ကိုယ်ကျ ပါဝင်ခဲ့တဲ့ အခန်းကဏ္ဍလေးတွေကို အသီးသီးရေးပေးဖို့ သဘောတူကြပါတယ်။ ကျွန်တော် က စာရေးနေကျမဟုတ်လို့ တော်တော်ကြိုးစားရမှာပဲလို့ ပြောတာကြောင့် ဒီလိုဆိုရင် အချက် အလက်လေးတွေ မှတ်မိသလောက် ပထမဆုံး ရေးချ၊ နောက်မှ ပြန်ပြီး အစီအစဉ်ချ၊ ပထမဆုံးချ ကြတဲ့အထဲက သခင်အောင်ဆန်းအကြောင်းကလေးကို ခုနပြောသလိုပဲရေးချလိုက်ဗျာ။ မဂ္ဂဇင်း စောင်ကို အာဇာနည်နေ့ထုတ်အမီ ပို့လိုက်ကြရအောင်ဆိုလို့ ရေးတတ်သမျှ အစပျိုးလိုက်ပါ တယ်။

သခင်အောင်ဆန်းအကြောင်းကတော့ ရန်ကုန်မြို့ ရေကျော်လမ်း အမှတ် (၇၆)တွင် ဌာနချုပ် တို့ဗမာအစည်းအရုံးနှင့် ရန်ကုန် စီရင်စု တို့ဗမာအစည်းအရုံးနှင့် ရန်ကုန် စီရင်စု တို့ဗမာ အစည်းအရုံးတို့ ပူးတွဲဖွင့်လှစ်ထား၏။

ခေါင်းရင်းခန်းတွင် ဌာနချုပ် အစည်းအရုံးဖွင့်ပြီး ခြေရင်းခန်းတွင် စီရင်စုအစည်းအရုံး ဖွင့်ထား၏။

ဌာနချုပ် ဥက္ကဋ္ဌကား သခင်လှဘော်ကြီးဖြစ်၍ အထွေထွေအတွင်းရေးမှူးကား သခင် အောင်ဆန်းဖြစ်၏။

စီရင်စုဥက္ကဋ္ဌကား သခင်ဗရင်ကြီး ဖြစ်ပြီး အထွေထွေအတွင်းရေးမှူးကား ကျွန်တော်ဖြစ်၏။

သို့နှင့် သခင်အောင်ဆန်းကို နီးနီးကပ်ကပ်တွေ့ထိခွင့်ရ၏။

www.burmeseclassic.com



ဌာနချုပ်တွင်ပင် နေထိုင်ကာ အချိန်ပြည့် အလုပ်လုပ်နေသူဖြစ်၏။ အစည်းအရုံးတာဝန်နှင့် ကျောင်းသားလုပ်ငန်းများကိုသာ အမြဲမပြတ်တွေးတောဆွေးနွေးပြောဆို လုပ်ကိုင်နေသူ အတွက် အနေအထိုင် အဝတ်အစား အစားအသောက် ဘာမျှ ဘယ်တော့မှဂရုမစိုက်။ မည်သည်တွေ

တစ်နေ့ သခင်အောင်ဆန်းက ဆန်အိုးထဲ ဆန်ဘယ်လောက်ရှိသလဲဟု ကျွန်တော့်အား မေးရာ နို့ဆီဘူးတစ်လုံးရှိသည်ဟု ပြန်ဖြေရာ တစ်လုံးတည်းရှိရင် ဆန်ပြုတ်ဟုပြော၍ ရေထည့်ပြီး ဆန်ပြုတ်လိုက်၏။ ဆားခတ်စရာမရှိ၍ အစည်းအရုံးအနီးရှိ ကုန်စုံဆိုင်အနီးသို့သွားကာ ယောင်ယောင်ပေ လုပ်နေရ၏။ ထိုဆိုင်မှ အမျိုးသမီးကြီးက ဒီသခင်ကလေး ဘာလိုချင်သလဲဟုမေးရာ ဆားလိုချင်ကြောင်း ပြောရာ ဆားလက်တစ်ဆုပ်ပေးလိုက်၏။ ထိုစဉ်က ဆားတစ်ပြားဖိုးပင် ဝယ်သုံးရ၏။ တစ်ပြားဖိုးပင် မဝယ်နိုင်ပေ။

ထိုနေ့က ထိုဆန်ပြုတ်နှင့်ပင် တင်းတိမ်ရောင့်ရဲလိုက်ကြရ၏။ သခင်အောင်ဆန်းကတော့ ထုံးစံအတိုင်းပင် မညည်းမညူ ဆန်ပြုတ်ကိုပဲ အားရပါးရသောက်လိုက်ကာ ဟီးဟီး ဗိုက်တောင့်သွား၏။ အလုပ်လုပ်လုပ်ဦးမယ် ပြောပြီး စာတွေ ဆက်ရေးလေတော့၏။

တစ်နေ့ သခင်အောင်ဆန်းသည် ဝတ်ကောင်းစားလှနှင့် ပြန်လာ၏။ တက္ကသိုလ်ကျောင်း အစည်းအဝေးတက်ပြီး ပြန်လာခြင်းဖြစ်၏။

၎င်းသည် ကောင်စီဝင်တစ်ဦးဖြစ်၏။ ယင်းအစည်းအဝေးတက်ရန် သခင်မြ (သာယာဝတီ အမတ်)က ဗန်ကောက်လုံချည်ဝယ်ပေး၏။ ထိုစဉ်က လေးပင်လိမ် အကောင်းဆုံးမှ တစ်ထည် ခြောက်ကျပ်ပေးရ၏။ သခင်လွန်းဘော် (ထားဝယ်အမတ်)က အယ်ပါတ်ကား အပေါ်အင်္ကျီ ဝယ်ပေး၏။ သခင်အုံကြီး (ပခုက္ကူအမတ်)က ခေါင်းပေါင်းဝယ်ပေး၏။ သခင်စိုးထင် (သထုံအမတ်) ကတ္တီပါပိန်းတန်း ဖိနပ်ဝယ်ပေး၏။ သခင်အောင်ဆန်း အစည်းအဝေးမှ ပြန်လာချိန် အစည်းအရုံး ပေါ်တွင် သခင်တွေ တော်တော်များများရှိကြ၏။ သခင်တွေကား ၎င်းအစည်းအဝေးတွင် ဘာတွေ ပြောသည်ဆိုသည်တို့ကို ကြားချင်ကြ၏။ စိတ်ဆန္ဒစောနေကြ၏။ သခင်အောင်ဆန်းကား ဘာမျှ မပြောနိုင်သေးပေ။ ရေချိုးခန်းထဲသို့ တန်းဝင်သွားပြီး တဗွမ်းဗွမ်း ရေချိုးနေ၏။ သခင်မြကြီးက ၎င်းဝယ်ပေးသော ဗန်ကောက်လုံချည် အသစ်စက်စက်ကြီးကို ရေဝတ်ချိုးနေပြီ ထင်တယ်ဟု ညည်းညူစိတ်ပူနေ၏။ ကျွန်တော်က "ချိုးမှာ မဟုတ်ပါဘူး။ ဗလာချိုးချင်ချိုးမှာပါ"ဟု နှစ်သိမ့်နေ၏။ ရေချိုးခန်းထဲမှ သခင်အောင်ဆန်း ထွက်လာလေပြီ။ လားလား သခင်မြကြီး ထင်သည့်အတိုင်း သခင်အောင်ဆန်းသည် ဗန်ကောက်လုံချည်ဝတ်ပြီး ရေချိုးလိုက်လေပြီ။ သခင်မြကြီးကား မျက်ခုံးပြုံး ဖြစ်သွားကာ 'ဟင် သခင်အောင်ဆန်း ဘယ်နှယ့် ဘန်ကောက်လုံချည်ဝတ်ပြီး ရေချိုးတာလဲ' မေးရာသည်။ သခင်အောင်ဆန်းက 'ဟာ ကျွန်တော် ဗန်ကောက်လုံချည် အသစ်စက်စက်ကြီး မဝတ်ချင်ဘူးဗျာ'ဟု ပြော၏။ သခင်အောင်ဆန်းကား တောက်တောက်ပပ သစ်သစ်လွင်လွင်ကြီး ထိုမျှပင် မုန်းရှာ၏။

ထို့နောက် အစည်းအဝေးတက်ခဲ့သည့်အကြောင်း ပြောလိုက်၊ တဟားဟားရယ်လိုက်နှင့် ဆက်တိုက်အားရပါးရ ပြောပြီး သမဂ္ဂအတွက် ရေးလိုက်ဦးမယ်ဆိုပြီး ဗြန်းခနဲထကာ ရှုပ်ပွနေသော သူ့စားပွဲမှာ သွားထိုင်တော့၏။





တစ်နေ့ သခင်အောင်ဆန်းက မန်နီအော်ဒါလည်း မလာဘူး။ နယ်သခင်တွေလည်း မလာဘူးဟုညည်းရှာ၏။ အစည်းအရုံးဝင် ကတ်ပြားလက်မှတ်အတွက် တစ်မတ်(ဆယ့်ခြောက်ပြား) ရ၏။ ထိုရင်စုက တစ်မူးယူ၍ ကျန်တစ်မူး ဌာနချုပ်မှရ၏။ ကျွန်တော်လည်း မက်သဒစ်ကျောင်းထောင့် ကရစ်လမ်းနှင့် မောင်ဂိုမာရီ (ဗိုလ်ချုပ်လမ်းထောင့်) ရှိ ထမင်းရောင်းသူ မအုန်းမြိုင်ထံ ညနေ ၃ နာရီ ၄ နာရီလောက်တွင်သွားပြီး သခင် သုံး၊ လေးယောက် ထမင်းလာစားမည်ဖြစ်ကြောင်း၊ ထမင်းဖိုးပေးပြီးပြီလားဟု ဘယ်သူကမေးမေး ပေးပြီးကြောင်းပြောပါ ထမင်းဖိုး မနက်ဖြန် လာပေးပါမည်ဟု သူမကို စည်းရုံးရ၏။ ညနေ ၅ နာရီ ၆ နာရီလောက်တွင် သခင်အောင်ဆန်း (အထွေထွေအတွင်းရေးမှူး)၊ သခင်သန်းထွန်း (လယ်သမားရေးတာဝန်ခံ)၊ သခင်စိုး (အလုပ်သမားရေးတာဝန်ခံ)၊ သခင်လှမောင် ခုနစ်ထောင်စံ (ဝါဒ ဖြန့်ပွားရေးမှူး)နှင့် ကျွန်တော်တို့ ထမင်းစားသွားကြ၏။ ငါးယောက် အဝစားသည်ပင် ငါးမတ်မျှကျ၏။ အတော် အဆင့်အတန်းမြင့်၏။ ထိုခေတ်က အဝစား ခြောက်ပြားဆိုင်ပင်ရှိ၏။ ဆူးလေ ဘုရားလမ်း အကောင်းဆုံး "အဒေါ်ကြီး ထမင်းဆိုင်" စားပွဲ၊ ကုလားထိုင်၊ ဖွန်း၊ ခက်ရင်းနှင့် စားသည်ပင် တစ်နပ်ငါးမူး (ပြားငါးဆယ်) ကျ၏။ များသောအားဖြင့် ကောလိပ်ကျောင်းသူ ကျောင်းသားများ စားကြ၏။ ယင်းမက်သဒစ်ကျောင်းထောင့်ရှိ ထမင်းဆိုင်တွင် ထမင်းစားပြီး သခင်အောင်ဆန်းက ထမင်းဖိုးပေးပြီးပြီလားဟု မေးရှာ၏။

သူ့အိတ်ထဲတွင်လည်း မည်သည့်အခါမျှပိုက်ဆံမရှိ။ အမြဲတမ်းအဖော်ပါသူက ကြည့်ရှင်းပေးရ၏။ သူကတော့ ဘာမှ သတိပြုဟန်မတူ။ ဆယ်ခါရန် တစ်ခါ၊ ဒီတစ်ခါ စားလို့သိပ်ကောင်းဟု ပြောတတ်သည်မှလွဲ၍ ထမင်းဖိုးပေးပြီး၊ မပြီး၊ မေးလေ့မေးထမရှိ။ ဒီတစ်ကြိမ် ဒီလိုမေး၍ အထူးအဆန်း အံ့အားသင့်ကြရပြန်ပါ၏။

အမျိုးသမီးကလေးကလည်း စောစောက စကားထည့်ထားသည့်အတိုင်း ပေးပြီးပါပြီဟု ပြောရှာ၏။ ဂျပန်ခေတ်တွင် ကျွန်တော် ယင်းအမျိုးသမီးကလေးကို လိုက်ရှာရာတွေ့၏။ ကျွန်တော်တို့ကို ထမင်းနပ်ပေါင်းများစွာ အကြွေးရောင်းတာ ကျေးဇူးတင်ကြောင်း၊ ဘာအကူအညီပေးရမလဲ၊ လိုရင်ပြောပါဟု မေးရာ မလိုပါ၊ ကျွန်မ သခင်တွေကို ကြည်ညိုလေးစားလွန်း၍ ယင်းကဲ့သို့ အကြွေးရောင်းကြောင်း၊ ကြွေးဆုံးလည်း ကျေနပ်ပါတယ်ဟု ပြောရှာ၏။

သခင်အောင်ဆန်းကား ကျွန်တော်နှင့်ထိတွေ့လုပ်ကိုင်နေရသည့် တစ်လျှောက်လုံး သူ့ကိုယ်သူ အနေအထိုင် ဖိမ်ရှိဖို့ ကောင်းကောင်းဝတ်ဖို့ ကောင်းကောင်းစားဖို့ စိတ်ကူးထဲတွင်တောင်မှ စိတ်ကူးတောင့်တမိဟန်မတူ။ ပြောသည့်နေရာ၊ လုပ်သည့်နေရာ ဘယ်လိုပဲကြည့်ကြည့် ဟန်မပါ၊ ဟန်မဆောင် ရိုးရိုးစင်းစင်းကြီးမို့ တစ်ခါတစ်ခါ အလွန်ခွကျသည် ဟု ပြောစမှတ်ပြုယူရသူဖြစ်၏။ မျက်နှာပျော်အပါး အသောက်အစား လုံးဝမရှိ။ ကိုယ်ကျင့်သိက္ခာလည်း စံနမူနာယူလောက်သူဟု အားလုံးက အသိအမှတ်ပြု လေးစားရသူဖြစ်၏။ အချိန်ရှိသရွေ့ လွတ်လပ်ရေးအတွက် လုံးလုံးကိုယ်ကျိုးစွန့်လွှတ်ထားရသည်မှာ အထူးသိသာထင်ရှားလှပါ၏။

သခင်အောင်ဆန်း ကောင်းရာ သုဂတိလားပါစေသား။ ။

[စံပယ်ဖြူမဂ္ဂဇင်း၊ အမှတ် (၄၀)၊ ဧပြီလ၊ ၁၉၈၈]



www.burmeseclassic.com

www.burmeseclassic.com

# ဆာစတက်ဖို့ခရစ်နှင့် သခင်အောင်ဆန်း

## သခင်ဗဟုန်

ဆာစတက်ဖို့ခရစ် မြန်မာပြည်သို့လာမည့်သတင်း ဌာနချုပ်တို့ဗမာအစည်းအရုံး ဆိုင်းမဆင့် ဗုံမဆင့်ဘဲ ရောက်လာပါသည်။

သခင်အောင်ဆန်းက ရန်ကုန်စီရင်စု တို့ဗမာအစည်းအရုံး ဥက္ကဋ္ဌ၊ သခင်ဗရင်ကြီး အထွေထွေအတွင်းရေးမှူး ကျွန်တော်တို့ဌာနချုပ်တည်ရာ အမှတ် ၇၆၊ ရေကျော်လမ်းမှာ ဆွေးနွေးကြပါသည်။

မြန်မာပြည် ဘုရင်ခံသည် ဆာစတက်ဖို့ခရစ် ရန်ကုန်မြို့သို့ရောက်လာသောအခါ ရန်ကုန် မြို့ရှိ ကောင်းပေ့ ညွှန့်ပေဆိုသည့် အလွန်ထည်ဝါ ခံ့ညားလှသော ဂျူဗလီဟော၊ မီးရထားရုံကြီး ဟိုက်ကုတ်၊ အတွင်းဝန်များရုံး၊ ဘီ၊ အိုု၊ စီ မန်နေဂျာနေသော ဂရင်းဘင့်အဆောက်အအုံ ဝင်ဒါမီယား တွင်ရှိသည့် မြန်မာပြည်ကို မင်းလုပ်အုပ်ချုပ်နေကြသော ဘွတ်ဂရေဘီ (အိုင်စီအက်စ်)၊ အိမ် အိမ်ချံခရော (အိုင်စီအက်စ်) စသည်တို့နေသော နေရာများကို လိုက်လံပြသရန် စီစဉ်ထားပါသည်။

တို့ဗမာ အစည်းအရုံးမှလည်း ရန်ကုန်မြို့ရှိ အလွန်ဆင်းရဲမွဲတေ၊ စားရပြန်လည်း တစ်လုတ် တစ်ဆုပ်၊ နေရပြန်လည်း တဲစုတ်-တဲပုတ်တို့နှင့် ပြွတ်သိပ်နေထိုင်ကြရရှာသော ဆင်မလိုက်၊ ဆင်နင်း ကွက်သစ်၊ စက်ဆန်းရပ်ကွက်တို့သို့ လိုက်လံပြသရန် စီစဉ်ရပါသည်။ သခင်အောင်ဆန်း၊ သခင်ဗဟုန် တို့နှင့်အတူ ကျွန်တော်လိုက်ပါသွားသည်။

ပထမဦးစွာ ဆင်မလိုက်သို့ သွားကြပါသည်။ ဆင်မလိုက် တို့ဗမာအစည်းအရုံးဥက္ကဋ္ဌ



သခင်ဘာဘာ (လွိုက် ဘဏ်မန်နေဂျာ၏ပီအေ)နှင့် ကြိုတင်စီစဉ်ထားသည့်အတိုင်း ဆာစတက် ဖို့ခရစ်ကို သခင်ဘာဘာအိမ်သို့ခေါ်သွားပြီး ထိုမှတစ်ဆင့် ဆင်မလိုက်ရှိ အဆင်းရဲဆုံး ပုံပျက်ပန်း ပျက်အနိုင်ဆုံးနေရာများသို့ လိုက်လံပြသပါသည်။

ဆာစတက်ဖို့ခရစ်က အခြေအနေဆိုးလှချည်လားဗျာဟု ညည်းညူရာရာ သခင်ဘာဘာ က ဒီရပ်ကွက်တွေက လမ်းရယ်လို့ သတ်သတ်မှတ်မှတ် မရှိ၊ ကြိုထဲကြားထဲကဖြတ်ရ၊ ကျဉ်းကျဉ်း ကျပ်ကျပ်နဲ့ ခလုတ်ကန်သင်း ချိုင့်ကျင်းတွေနဲ့ ဗွက်ပေါက်၊ အနံ့အသက်ကလည်း ဆိုးလွန်းလို့ လူ မပြောနဲ့ ဆင်တောင်မနေထိုက်ဘူးလို့ တင်စားပြောရတဲ့နေရာပါဟု ပြောလိုက်၍ ဆာစတက်ဖို့ ခရစ်ခမျာလည်း မချိပြုံး ပြုံးရှာပါသည်။

ဒုတိယနေရာအဖြစ် ဆင်နင်းကွက်သစ်သို့ခေါ်သွားပါသည်။ ယင်းအတွက် ဆင်နင်းကွက် သစ် တို့ဗမာ အစည်းအရုံး ဥက္ကဋ္ဌ၊ ရန်ကုန်စီရင်စု အလုပ်အမှုဆောင် အဖွဲ့ဝင်၊ သခင်အောင်ဗလ (အထက်တန်းရှေ့နေ၊ လူပျိုကြီး)နှင့် ကြိုတင်ကျိတ်နယ်တိုင်ပင်ထားပါသည်။

ဆာစတက်ဖို့ခရစ်ကို သခင်အောင်ဗလဆီသို့ ခေါ်သွားပြီး ထိုမှတစ်ဆင့် ဆင်နင်းကွက် သစ်ရှိ အနိဋ္ဌာရုံနှင့် အပြည့်ရှိသောနေရာများသို့ လိုက်လံပြသရာ ဆာစတက်ဖို့ခရစ်က ဒီရပ်ကွက်က လည်း သိပ်ဆင်းရဲတာပဲနော်လို့ ပြောရှာပါသည်။ ရပ်ကွက်နာမည်ကိုက ဆင်နင်းကွက်သစ်ဆိုတော့ စုတ်ပြတ်သတ်ပြီး နင်းပြားဖြစ်နေတာပေါ့ဗျာဟု သခင်အောင်ဗလက ပြောရာ ဆာစတက်ဖို့ခရစ် လည်း စိတ်မချမ်းသာပုံရပါသည်။

ထို့နောက် ဌာနချုပ်တို့ဗမာအစည်းအရုံးသို့ခေါ်သွားပြီး ဆာစတက်ဖို့ခရစ်ကို လက်ဖက် ရည်ပွဲနှင့် တည်ခင်းဧည့်ခံပါသည်။ လက်ဖက်ရည် အချိုမဟုတ်ဘဲ လက်ဖက်ရည်ကြမ်းနှင့် မြန်မာမုန့် များဖြစ်ပါသည်။ ထိုခေတ်က မုန့်ပဲသွားရည်စာ တစ်ပြားဖိုး ဝယ်လို့ရခဲ့ရာ ၁/-(တစ်ကျပ်) ဖိုး (ခြောက်ဆယ့်လေးပြားဖိုး) ဆို အများကြီးရပါသည်။

(၁) ဘူးသီးကြော်၊ (၂) မုန့်စိမ်းပေါင်း၊ (၃) မုန့်ပြားသလက်၊ (၄) မုန့်ဖက်ထုပ်၊ (၅) ကောက်ညှင်းပေါင်း၊ (၆) မုန့်ပေါင်း၊ (၇) မုန့်ဆီကြော်၊ (၈) မုန့်လက်ကောက်၊ (၉) မုန့်ဗိုင်းတောင့်၊ (၁၀) မန္တလေးပဲကြော် တစ်မျိုးတစ်ကျပ်ဖိုးစီဝယ်ရာ ဆယ်မျိုး တစ်ဆယ်ကျပ်ဖိုးချည်းများတောင် ကုန်သွားခဲ့ပါသည်။

မခွေးလေး ဘူးသီးငါးပေါင်းကြော်ဖိုး မပေးရပါ။ မစိန်ညွန့် ဆေးလိပ်ခုံအနီးရှိပွဲဈေးတန်းသို့ မှာဝယ်ပါသည်။ ဆာစတက်ဖို့ခရစ်ကျွေးရန်ဟု သူမကို ကျွန်တော်စည်းရုံးရာ နှစ်ကျပ်၊ သုံးကျပ်ဖိုး အလကားပေးလိုက်ပါသည်။ လန်ချားခ အသွားအပြန် တစ်မူး (ရှစ်ပြား) ပဲကုန်ပါသည်။

ဧည့်ခံပွဲတက်သော ပရိသတ်တွေ စားမကုန်၍ အစည်းအရုံးတွင် ညအိပ်ကြသော သခင် တွေ ညစာထမင်းလွတ် စားကြရပါသည်။

ယင်းဧည့်ခံပွဲတွင် ရွှေညာမောင် (သခင်ချင်းစိန်)က ခေတ်ဆန်းချိန် သီချင်းဖြင့် ဧည့်ခံ ပါသည်။

ဧည့်ခံပွဲအပြီး နေဝင်ရီတရောတွင် တတိယနေရာ စက်ဆန်းသို့ ခေါ်သွားပါသည်။ ယင်း ရပ်ကွက်လည်း စက်ဆန်း တို့ဗမာအစည်းအရုံး ဥက္ကဋ္ဌ သခင်အောင်ကြီး၊ (သခင်အောင်ကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



စက်ဆန်း သခင်အောင်ကြီး)ဟု သခင်တိုင်း သိကြပါသည်။ ဌာနချုပ်မှာရော၊ ရန်ကုန်စီရင်စု တို့ဗမာ အစည်းအရုံး အလုပ်ကြိုးလုပ်သူ ဖြစ်ပါသည်။ သခင်အောင်ဆန်းမှစ၍ ဗိုလ်တေဇ၊ ဗိုလ်ချုပ် အောင်ဆန်းဘဝတစ်လျှောက်လုံး အလွန်ယုံကြည်စိတ်ချစွာ လျှို့ဝှက်လုပ်ငန်း၊ ပြောင်လုပ်ငန်းနှစ်မျိုး စလုံးမှာ အားအထားရဆုံး အကူအညီအပေးဆုံးပုဂ္ဂိုလ် ဖြစ်ပါသည်။) ဒုတိယဥက္ကဋ္ဌ သခင်ညွှန့် (ဥက္ကလာ ဓာတ်ပုံတိုက်ပိုင်ရှင်)၊ အတွင်းရေးမှူး သခင်သောင်းရွှေ (ဌာနချုပ် တို့ဗမာအစည်းအရုံး လက်နှိပ်စက်စာရေး) တို့နှင့် စည်းဝါးရိုက်ထားပါသည်။

လမ်းကတော့ နှစ်တစ်လက်မနှင့် တံတား ဆောက်ထားသော ခနော်နီခနော်နဲ့ လမ်း တံတားအောက်တွင်လည်း ရေစပ်စပ်ကလေးရှိသည်၊ လမ်းတစ်ဖက်တစ်ချက်တွင် ခနိုမိုး ထရံ တဲငယ်ကလေးများ၊ ခနိုတွေကား ဟောင်းနွမ်းနေပြီ ထရံတွေက စုတ်ပြတ်နေပြီ။ အသွားတော့ နေရောင်ကလေးရှိသေး၍ လမ်းလျှောက်ရကောင်းပါသည်။ အပြန်တော့ အတော်မှောင်နေသဖြင့် ကြမ်းပေါက်မကျွံအောင် မနည်းသတိထားသွားရပါသည်။ တမင်လည်း အချိန်ကိုက်ခေါ်ခဲ့ခြင်း ဖြစ် ပါသည်။

တဲတစ်တဲမျှ ဓာတ်မီးမထွန်းနိုင်။ လသာမှန်အိမ်လည်းမရှိ၊ ရေနံဆီမီးခွက်ကလေး ... နေရပါသည်။ ထိုစဉ်ကလည်း ကလီမီးခွက်ဟုလည်း ခေါ်ကြပါသည်။ ရေနံဆီတစ်ပုလင်းမှတစ် ... (တစ်ဆယ့်ခြောက်ပြား) တစ်ပုလင်း မဝယ်နိုင်က တစ်ဝက် တစ်မူးဖိုး၊ တစ်စိတ် တစ်ပဲဖိုး ဝယ်ရ သည်။ တစ်ပြား နှစ်ပြားဖိုး ဝယ်လည်းရပါသည်။

သခင်ညွှန့်ကလည်း ဘယ်လိုမှ ကြည့်မရသော၊ မကောင်းသော၊ ရှုခင်းရှုကွက်တွေ ဓာတ်ပုံရိုက်ပြီး ဆာစတက်ဖို့ခရစ်အား ပေးလိုက်ပါသည်။

ဆာစတက်ဖို့ခရစ်က ဒီအရပ်လည်း ဘယ်လိုခေါ်ပါသလဲ မေးရာ၊ သခင်အောင်ကြီး (စက်ဆန်း) အင်္ဂလိပ်လို တိုက်ရိုက်ဘာသာပြန်ရင်တော့ (ဆန်းသစ်သောစက်) ပေါ့ဟု ပြော ... ဆာစတက်ဖို့ခရစ်က "ဆန်းသစ်သောစက်မို့ တော်သေးတာပေါ့ဗျာ။ ဟောင်းနွမ်းသော စက်ဆိုရင် ကျွန်တော်တို့ အားလုံး တံတားပေါက်ကျွံကုန်ကျမယ်ထင်တယ်"ဟု ပြောရာ အားလုံးရယ်ကြမိသည်။ "ဒီတစ်ခါတော့ သူက စားသွားပြီ"ဟု သခင်အောင်ဆန်းက ပြောပြန်ရာ အားလုံးက ထပ်ဆင့် ... မောကြရပါတော့သည်။

ဆာစတက်ဖို့ခရစ်နှင့်ခွဲပြီး သခင်တွေ အစည်းအရုံးပြန်ကြရာ၊ သခင်အောင်ဆန်းက "ဗျာ ဒီနေ့ပင်ပန်းရကျိုးနပ်တယ်ဗျာ၊ အင်္ဂလိပ်အစိုးရတော့ ဒီတစ်ချီ ရေရေလည်လည် မဟာအရှုံး ... ကွဲသွားတာပဲ"ပြောပြီး တဟားဟားနဲ့ ရယ်ပါတော့သည်။ ။

[စံပယ်ဖြူမဂ္ဂဇင်း၊ အမှတ် ၄၃ ၊ ဇူလိုင်၊ ၁၉ ...

# ကျွန်တော်သိသော သခင်အောင်ဆန်း

ဗိုလ်ခွန်ဖြူ

အချိန်မှာ အင်္ဂလိပ်ခေတ်မပျက်မီ ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဖြစ်သည်။

ရန်ကုန်မြို့ရှိ ရပ်ကွက်အချို့တွင် ကျောက်ရောဂါဖြစ်ပွားနေသဖြင့် ကျန်းမာရေးဌာနမှ ကျောက်ကြီးရောဂါကာကွယ်ဆေးကို ကျောင်းအသီးသီးရှိ ကျောင်းသူ ကျောင်းသားများအား အလျင် အမြန်ထိုးပေးနေရသောအခါလည်း ဖြစ်သည်။

ကျွန်တော်သည် ထိုအချိန်၌ ရန်ကုန်မြို့ ဆရာဖြစ်သင်ကောလိပ် (ပြည်လမ်း)တွင် ဆရာ လောင်းအဖြစ် သင်ကြားနေဆဲဖြစ်သည့်အလျောက် ဆရာ ဆရာမလောင်းများ အားလုံးကျောက်ဆေး ထိုးပြီးကြလင့်ကစား ကျွန်တော်တစ်ယောက်မှာမူ ကံမကောင်း အကြောင်းမလှသဖြင့် ကျောက်ဆေး ထိုးပြီးသည့်ကြားမှ (Chicken Pox) ခေါ် ရေကျောက်ရောဂါ ရုတ်တရက် ကပ်ရောက်လာပါတော့ သည်။

ကျွန်တော့်တစ်ကိုယ်လုံးမှာလည်း ရောဂါအရှိန်ဖြင့် ဖျားသကဲ့သို့ ပူနွေးလျက်ရှိနေသည်ဖြစ် ရာ ကျောင်းမှ အာဏာပိုင်များက ရောဂါပြန့်ပွားကူးစက်မည်စိုးသောကြောင့် ကျွန်တော့်အား ... တော်လေးအနီး ယခုအောင်ဆန်းကွင်း အရှေ့မြောက်ဘက်ကပ်လျက်ရှိ (C.D.H) ခေါ် ကူးစက် ... တတ်သောရောဂါကု ဆေးရုံသို့ လူနာတင်ကားနှင့် ချက်ချင်းပို့လေတော့သည်။

ထိုအချိန်က ထိုဆေးရုံရှိ အခန်းအမှတ် (၂) မှာ ကျောက်ရောဂါသည်များ သတ်သတ်ထား ... သောအခန်းဖြစ်သည့် အားလျော်စွာ ကျွန်တော့်ကို ဆိုင်ရာမှ ထိုအခန်းရှိ လစ်လပ်နေသော ခုတင်

www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးပေါ်သို့ ပို့လိုက်ပါသည်။ ကျွန်တော်လည်း အပူရှိန်ရှိနေသေးသဖြင့် ကိုယ်လက်မအီမသာဖြ
ကာ စောင်ကို ခေါင်းမြီးခြုံ၍သာ မှိန်းနေရပါ၏။

ထိုအချိန်၌ပင် ကျွန်တော်၏ဘယ်ဘက်ဘေးခုတင်တစ်လုံးပေါ်မှ လူတစ်ယောက်သည
'ဝေဝေစီစီ၊ ရွှေငွေ အလီလီ၊ သာကီဇာနည် မင်းလုပ်ခဲ့တဲ့နေပြည်' အစချီသော ဒေဝမ်းရှ
ကုမ္ပဏီမှ ရွှေညာမောင် စပ်ဆိုထားသည့် 'ခေတ်စမ်းချိန်'သီချင်းကို ဂီတမဆန် ကာရံမညီ ဆော
အောင့်ကြီးဖြင့် အားပါးတရ ဟစ်အော်သီဆိုနေရာ ကျွန်တော့်မှာ အလန့်တကြားဖြင့် ခြုံထားသေ
စောင်ကို ရုတ်တရက်ပင့်ကာ ကြည့်လိုက်မိပါသည်။

မြင်ရပုံကား အသက်အစိတ်ခန့်ရှိ လူတစ်ယောက်သည် ခုတင်ပေါ်တွင် ဘယ်ဘက်
ထောင်ထားလျက် ညာဘက်ခြေထောက်က ထောင်ထားသော ဒူးပေါ်တွင်ပြန်ချိတ်ကာ အဆိုပါနိ
ရေးနှင့်စပ်ဆိုင်သောသီချင်းကို လွတ်လပ်စွာ အော်ဆိုနေခြင်းပင် ဖြစ်သတည်း။ ထို့ကြောင့်လ
ဘေးကလူနာအားလုံးမှာ သူ့အား အထူးအဆန်း အရူးအနှမ်းသဖွယ် စိုက်၍ကြည့်နေကြသ
သို့သော် သူက မည်သူ့ကိုမျှ ဂရုစိုက်ပုံမရ။

ကျွန်တော့်မှာလည်း သူ့အား အကဲခတ်ကြည့်ရင်းကပင် ဤပုဂ္ဂိုလ်သည် စိတ်မနှံ့သူ
ယောက်ဖြစ်နေမည်လောဟု သံသယဖြစ်နေသည်။ ထိုအတောအတွင်း သူသည် သီချင်း၏ နေ
ဆုံးအပိုဒ်ဖြစ်သော "အမျိုးသားတွေ၊ နိုးကြားလာကြသည်၊ ကြိုးစားလာကြသည်၊ ကူညီညာ
တို့တိုင်း တို့ပြည်၊ တို့တိုင်းတို့ပြည်၊ သာယာပေတော့မည်" စသည်တို့ကို 'လေ့ကားအဆင်း လင
လွတ်ကျသော အသံမျိုးဖြင့်' သူတစ်ဦးတည်းအရသာခံကာ မြိန်ရေရှက်ရေသီဆို၍ ရပ်ဆိုင်း
တော့သည်။ ကျွန်တော် မှတ်မိသလောက်မှာ ၎င်းသီချင်းသည် နိုင်ငံရေးသီချင်းဖြစ်၍ အင်္ဂ
အစိုးရက ပိတ်ပင်ထားသော သီချင်းများအနက် တစ်ပုဒ်အပါအဝင် ဖြစ်ပေသည်။

သို့နှင့် ကျွန်တော်လည်း သူ့အား စိတ်မနှံ့သူဟု ယူဆထားသည့်အလျောက် ဂရုမစိုက်
ဘဲ မျက်စိကို ဖွတ်မှိတ်၍ တစ်ရေးတမော အိပ်လိုက်ပါသည်။ တစ်ရေးနိုးပြီးချိန် ညနေ ၅ နာရီ
အဖျားမရှိသူများကို ဆေးရုံမှ ထမင်းကျွေးပြီး အပူရှိန်ရှိသူ ကျွန်တော့်ကိုမူ ကာဖီနှင့်ပေါင်မုန့်
လာကျွေးပါသည်။ ထိုသို့ စာသောက်ပြီးသောအခါ ဘန်ကာလီ ကုလားတစ်ယောက်သည် အ
ရောက်လာကာ စိတ်မနှံ့သူဟုထင်ရသော စောစောက ပုဂ္ဂိုလ်နှင့် အင်္ဂလိပ်လို နိုင်ငံရေးဆွေး
သံကိုကြားရလျှင် ကျွန်တော်လည်း ထိုပုဂ္ဂိုလ်အား စိတ်မနှံ့သူဟု ယူဆမိရာမှ သံသယဖြစ်လာ
သူတို့ နှစ်ဦး တစ်နာရီခန့် ဆွေးနွေးပြီးနောက် ဘန်ဂါလီကုလားလည်း ဆေးရုံမှ ပြန်ထွက်သွား
သည်။

ထိုအခါ စိတ်မနှံ့သူဟုထင်ရသော ပုဂ္ဂိုလ်မှာ စာအုပ်တစ်အုပ်ကို ကောက်ကိုင်
ဆေးပြင်းလိပ်သောက်ရင်း စာဖတ်နေသည်။ သူ့ကြည့်ရပုံမှာ သပ်သပ်ရပ်ရပ် နေတတ်
မညှပ်ရသေးသော ဆံပင်ရှည်များကိုလည်း ဖြီးလိမ်းမထား။ စားပွဲပေါ်၌တင်ထားသော ပန
ဖရိုဖရဲဖြင့် ပြန့်ကျဲလျက်နေသည်။ စာအုပ်များမှာ အချို့မှာ မှောက်လျက်၊ အချို့လှန်လျက်၊
စားပွဲပေါ်တွင် စုပုံလျက်ရှိသည်။ ချွတ်ထားသောခုံဖိနပ်မှာ ခြေရင်းတွင် တစ်ဖက်တွေ့ရပြီး
တစ်ဖက်မှာ စားပွဲအနီးတွင်မြင်ရသည်။ ဆေးရုံမှပေးထားသော အင်္ကျီကျားနှင့် ဘောင်းဘီ





သည် ဖားဖားရားရားဖြစ်နေသည့်ပြင် ဝတ်ထားပုံမှာလည်း ကပိုကရိုရှိလှသည်။

ည၈ နာရီအချိန်လောက်ကစပြီး ကျွန်တော် အိပ်လိုက်သည်။ တစ်ရေးနိုးချိန် ၁၁ နာရီ
ခန့်တွင် ဆေးရုံမှမြန်မာအမျိုးသားလက်ထောက်ဆရာဝန်တစ်ဦးနှင့် အဆိုပါပုဂ္ဂိုလ်တို့ နိုင်ငံရေးဆွေး
နွေးနေသံများကြားရပြန်သည်။ ထို့နောက် ဆရာဝန်လည်း ဘယ်အချိန်က ထွက်သွားသည်မသိ။
ကျွန်တော်လည်း ထပ်မံ၍အိပ်လိုက်ပြန်လေသည်။

နောက်တစ်ရက် နေ့လယ်အချိန်လောက်တွင် အသက် (၁၄) နှစ်ခန့်ရှိ ပန်ချာပီကုလား
လေးတစ်ယောက် ရေကျောက်ရောဂါဖြင့် ကျွန်တော်တို့နေသော အခန်းသို့ ရောက်လာသည်။
၎င်းကုလားလေးမှတစ်ပါး တစ်ခန်းလုံးရှိအားလုံးသော လူနာများမှာ လူကြီးများသာ ဖြစ်သည်။

ထိုကပိုကရိုပုဂ္ဂိုလ်သည် တစ်ခန်းလုံးရှိ လူကြီးများကို မည်သူ့ကိုမျှ စကားမပြောဘဲနေခဲ့
ရာက အဆိုပါ ကုလားကလေးကိုမှစတင်၍ "မင်း ကျောင်းနေသလား"ဟု မေးသံကြားရသည်။
ကုလားလေးက နေကြောင်း ရှစ်တန်းရောက်ပြီဖြစ်ကြောင်း ပြန်ပြောသောအခါ. . .

"မင်း ၁၀ တန်းအောင်ပြီးရင် ဘာလုပ်မလဲ"

"ကျွန်တော် ၁၀ တန်းအောင်ပြီး အစိုးရလခစား လုပ်မယ်"

"မင့်အဖေ ဘာလုပ်သလဲ. . ."

"ကျွန်တော့်အဖေ ဈေးဆိုင်ဖွင့်ထားပါတယ်. . ."

"မင့်အဖေလို ဈေးရောင်းပါလားကွ၊ လခစားအလုပ်ကို ဘာလို့လုပ်ချင်တာလဲ"

"လခစားအလုပ်ဟာ စတိုင်ကျတယ်၊ လူများက ဂရုစိုက်တယ်ဗျ"

ထိုအခါ ကပိုကရိုပုဂ္ဂိုလ်သည် ကျွန်တော်တို့ဘက်သို့လှည့်ကာ "ကြည့်ပါဦးဗျာ အင်္ဂလိပ်
အစိုးရ ပညာရေးဟာ လူတိုင်းကို 'Slavish Mentality' ကျွန်စိတ်သွင်းထားတယ်ဗျ။ ဒါကြောင့်လည်း
လူတွေဟာ ယေဘုယျအားဖြင့် ကျောင်းသားအရွယ်ကအစ ကိုယ်ပိုင်အလုပ် မလုပ်ချင်ကြတော့ဘူး"
ဟု ညည်းညူ ပြောဆိုလေသည်။

ထိုအခါ ကျွန်တော်လည်း မနေသာတော့ဘဲ ထိုကပိုကရိုပုဂ္ဂိုလ်အား "နေပါဦး၊ ခင်ဗျားက
ဘာအလုပ်လုပ်သလဲ"ဟု မေးလိုက်မိသည်။

ထိုအခါ ကပိုကရိုပုဂ္ဂိုလ်က "ကျွန်တော်လား နိုင်ငံရေးသမားပါ။ နာမည်က သခင်
အောင်ဆန်းခေါ်တယ်။ ရေကျော်ရပ်ကွက် တို့ဗမာအစည်းအရုံးမှာ အတွင်းရေးမှူးလုပ်နေတယ်။
ခင်ဗျားကော ဘာလုပ်သလဲ"ဟု ကျွန်တော့် အမေးကိုဖြေကာ ကျွန်တော့်ကိုလည်း တုံ့ပြန်မေးခွန်း
ထုတ်ပါတော့သည်။ ထိုအခါကျမှ ကျွန်တော်လည်း သူ့အား ဘစ်ချိန်က နာမည်သာကြားဖူးသည့်
ကျောင်းသားသပိတ်မှောက် ခေါင်းဆောင်ဟောင်း ကိုအောင်ဆန်းဖြစ်သည်ကို သိလိုက် ရသောအခါ
စိတ်က ကြည်ညိုရင်းစွဲရှိသည့်အလျောက် ရင်းနှီးပြီးသားဖြစ်သွားပါသည်။ ထို့ကြောင့်လည်း ကျွန်တော်
က မေးသာအယ်လဲပင် . . .

"ကျွန်တော်က ဆရာဖြစ်သင် ကောလိပ်ကျောင်းသားပါ"

"ခင်ဗျား ကရင်လူမျိုးလား. . ."

"မဟုတ်ပါဘူး၊ ရှမ်းလူမျိုးပါ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ခင်ဗျားကို ကရင်လို့ ထင်မိတယ်။ ရှမ်းဆိုတော့ တောင်ကြီးက ကိုဘ တစ်ယောက် သိမှာပေါ့။ သူ ဘာလုပ်နေသလဲ. . ."

"ကိုဘစံ (တောခိုပြီးကျဆုံး)ဟာ P.H.I. ကျန်းမာရေးအင်စပိတ်တော် သင်တန်းတက်ပြီး အခု ဘာလုပ်နေတယ်ဆိုတာ ကျွန်တော် မသိဘူး။ ၁၉၃၆ ခုနှစ် ကိုအောင်ဆန်းတို့ တက္ကသိုလ် သပိတ်မှောက်တော့ ကိုဘစံကို ကျွန်တော်တို့ ခေါင်းဆောင်တင်ပြီး တောင်ကြီးမြို့ အေ အမ်ကျောင်းက သပိတ်မှောက်ကြပါတယ်။ သူ့ကို ကျွန်တော်တို့ ကိုယ်စားလှယ်အနေနဲ့ ရန်ကုန် တက္ကသိုလ်ကို လွှတ်ခဲ့သေးတာပဲ"

သခင်အောင်ဆန်းသည် တစ်နေရာသို့ ငေးနေပြီး ဆက်ပြောပြန်သည်။

"ဟုတ်ကဲ့ အဲဒီတုန်းကစပြီး သူ့ကို သိပါတယ်။ ရှမ်းပြည်နယ်က ကိုတင်အေးကိုကော သိသလား. ."

"သိပါတယ်။ သူဟာ ညောင်ရွှေကပဲ။ ကျွန်တော်နဲ့တစ်မြို့တည်းသား ဖြစ်ပါတယ်. ."

"ခင်ဗျားတို့ ရှမ်းပြည်နယ်မှာဗျာ၊ အင်္ဂလိပ်တွေဟာ ပုဒ်မ (၁၀)ကို အမြဲတမ်းထုတ်ထား ကျွန်တော်တို့ နိုင်ငံရေး သမားတွေကို ၂၄ နာရီအတွင်း မောင်းထုတ်လေ့ရှိတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ ရှမ်းပြည်နယ်ကို သွားလို့မရ ဖြစ်နေတယ်။ အင်္ဂလိပ်အစိုးရဟာ ခင်ဗျားတို့ သက်သက် မျက်စိမပွင့်အောင် လုပ်ထားတာဗျ. ."

ဤနေရာ၌ ကျွန်တော်သည် သခင်အောင်ဆန်းနှင့် တစ်သဘောတည်း ဖြစ်နေသည် ထို့ကြောင့်. .

"ဟုတ်ကဲ့ မှန်ပါတယ်။ ကျွန်တော်တို့ အခုထက်ထိ နိုင်ငံရေးဆိုတာ ဘာမှန်းတော့ မသိရသေးဘူး။ ခင်ဗျားတော့ နိုင်ငံရေးသမားဆိုတော့ အတော်နားလည်မှာပဲ။ ခင်ဗျားနိုင်ငံရေး လုပ်လာတာ ဘယ်လောက်ကြာပြီလဲ. . ."

"ကျွန်တော် နိုင်ငံရေးကိုစပြီးလေ့လာလိုက်စားတာဟာ အသက် (၁၆) နှစ်သားကတည်းက ပဲ။ ခုကျွန်တော် အသက် (၂၅) နှစ်ရှိပြီ။ ဘီအေအောင်ပြီး ဘီအယ်လ်ကို ဆက်တက်ခဲ့တာ ၁၉၃၉ ခုနှစ် ဘီအယ်လ်ဒုတိယနှစ်မှာ ကျောင်းက သပိတ်ကိစ္စနဲ့ စာမေးပွဲမဖြေနိုင်ဘဲ ထွက်ခဲ့တာ ကျောင်းထွက်ပြီးကတည်းက တို့ဗမာအစည်းအရုံးမှာ သခင်နုတို့နဲ့အတူ နိုင်ငံရေးပဲ ဆက်လုပ်လာ နေတယ်. ."

ထိုအခါ ကျွန်တော်က တိုက်ဆိုင်လာသော အခွင့်အလမ်းကို လက်ကမ်း၍ယူသည့်အနေ ဖြင့်. . .

"ကျွန်တော်တော့ နိုင်ငံရေးသဘောတရားကောင်းကောင်း နားမလည်ဘူး။ ကျွန်တော့် နိုင်ငံရေးတရား ဟောပါဗျာ"ဟု တောင်းပန်ရတော့သည်။

သို့နှင့် သခင်အောင်ဆန်းသည် ထိုနေ့ ညနေ ထမင်းစားပြီးချိန် ၅ နာရီခွဲလောက်က ကမ္ဘာ့သမိုင်းနှင့် စပ်လျဉ်း၍ နိုင်ငံရေးသိပ္ပံကို ဟောလေတော့သည်။ ည ၁၁ နာရီအချိန်ရောက်သော် လည်း တရားဟော၍ မပြီးသေးချေ။ ၅ နာရီခန့်အကြာ ဆက်တိုက်မရပ်မနားပြောနိုင်သည် ကျွန်တော့်မှာ မအံ့သြဘဲမနေနိုင်ပါ။ ကျွန်တော်အတော် အိပ်ချင်ကြောင်းကို သူသိသဖြင့် မျ





"ခင်ဗျား အိပ်ချင်ပြီ။ အိပ်ဦး။ နက်ဖြန်မှဆက်ဟောဦးမယ်"ဟု ပြောပြီး နှစ်ယောက်သား အိပ်လိုက်ကြသည်။

နောက်တစ်နေ့ မနက်ပိုင်း လက်ဖက်ရည်သောက်ပြီး ဆက်ဟောပြန်တော့သည်။ နေ့လယ် အချိန်ကျရောက်မှ ယခု သူဟောသမျှမှာ အခြေခံသာဖြစ်ကြောင်း ပြောပြသည်။ နားထောင်ရသူ ကျွန်တော့်မှာကား မသက်သာလှပါ. .။

ထိုသို့ တရားနာပြီးနောက် သူ့ကိုပိုမို၍ကြည်ညိုလေးစားလာသောစိတ်သည် ကျွန်တော်၏ နှလုံးသားတွင် တဖွားဖွားဖြစ်ပေါ်နေပါတော့သည်။

ထို့ကြောင့်လည်း မည်သည့်ပုဂ္ဂိုလ်မဆို သာမန်လူနှင့်မတူလျှင် ထိုပုဂ္ဂိုလ်သည် ထူးလျှင် လည်း ထူးရမည်။ သို့မဟုတ်လျှင် ရူးလျှင်လည်း ရူးရမည်ဟု ဆိုရိုးစကားရှိသည့်အလျောက် ပထမ သော် တွေ့တွေ့ချင်း သာမန်လူနှင့်မတူ တစ်မူထူးခြားသောကြောင့် ရူးသည်ဟု ကျွန်တော်ထင်မိသော ပုဂ္ဂိုလ်ဖြစ်ကြောင်းကို ထင်ရှားစွာတွေ့ရပါတော့သည်။

နောက်တစ်နေ့ နေ့လယ်အချိန်တွင် ဆေးရုံကြီးမှ (Matron) ခေါ် အင်္ဂလိပ် သူနာပြု ဆရာမကြီးတစ်ယောက်သည် ဦးခေါင်းတွင် အဝတ်ဖြူပေါင်းလျက် ကျွန်တော်တို့အခန်းထဲ ဝင်လာ ပါသည်။

သူသည် လူနာများကို တစ်ယောက်စီ တစ်ယောက်စီ လိုက်လံစစ်ဆေးရာမှ သခင်အောင် ဆန်း ခုတင်နားသို့ ရောက်သောအခါ စားပွဲပေါ်ရှိ ရေသောက်ခွက်ထဲ၌ ထည့်ထားသော ပိုက်ဆံ အကြွေများကိုတွေ့လျှင် အင်္ဂလိပ်ဘာသာဖြင့် "ဘာကြောင့် ပိုက်ဆံကို ရေခွက်ထဲမှာ ထည့်ထား သလဲ၊ လူနာများ ပိုက်ဆံမကိုင်ရဘူးဆိုတာ မသိဘူးလား. . ."

"ခင်ဗျား ဥပဒေထုတ်ထားတာ ကျုပ်မတွေ့ရသေးဘူး။ ဖတ်လည်း မဖတ်ဖူးသေးဘူး။ ဥပဒေက ဘယ်သူ ထုတ်ထားသလဲ. ."

"တို့ ထုတ်ထားတယ်. . ."

"ဥပဒေကို ခင်ဗျားထုတ်တယ်၊ ခင်ဗျားလည်း လူပဲ။ ကျုပ်လည်း လူပဲ။ လူလုပ်တဲ့ ဥပဒေ ကို လူဖျက်တယ်။ ကျုပ်ဖျက်တယ်။ ကျုပ်မှ မဖတ်ရဘဲ။ ဘာတတ်နိုင်မလဲ"ဟု ဘုမှတ်လိုက်ရာ ဆရာမကြီးမှာ ဒေါသအမျက်ခြောင်းခြောင်းထွက်ကာ ရှူးရှူးရှဲရှဲ မြည်တွန်တောက်တီးပြီး မျက်နှာ တစ်ခုလုံး နီမြန်းလျက် ဆောင့်အောင့်ထွက်သွားတော့၏။ နောက်တစ်နေ့တွင်မူ ဆေးရုံမှ ဆရာ ဆရာမများသည် သန့်ရှင်းရေးကို အားကြိုးမာန်တက် လုပ်ကိုင်နေကြသည်ကို ထူးခြားစွာ တွေ့မြင် ရသောကြောင့် စုံစမ်းကြည့်ရာ မြို့တော်ဝန် လာရောက်စစ်ဆေးမည်ဟု သိရပေသည်။

သို့နှင့် မကြာမီ မြို့တော်ဝန်သည် ကူးစက်တတ်သောရောဂါဆေးရုံသို့ စစ်ဆေးရန် ရောက် လာတော့သည်။

မြို့တော်ဝန်သည် ရှိသမျှလူနာခန်းများကိုအကုန်လုံးလိုက်လံစစ်ဆေးပြီးနောက် ကျွန်တော် တို့အခန်းကိုမူ နောက်ဆုံးမှလာရောက်စစ်ဆေးကြည့်ရှုပါသည်။

မြို့တော်ဝန်မှာ အင်္ဂလိပ်ကပြားဖြစ်သည်၊ အခန်းထဲသို့ရောက်ပြီး လူနာများကို တစ် ယောက်ချင်း လိုက်လံကြည့်ရှုသည်။ သခင်အောင်ဆန်းကို တွေ့တွေ့ချင်း "ဟလိုး. . သခင်အောင်

www.burmeseclassic.com



ဆန်း၊ ဂွတ်မောနင်း"ဟု နှုတ်ခွန်းဆက်လေသည်။

သခင်အောင်ဆန်းမှာ အိပ်ရာမှမထ၊ ဒူးတစ်ဖက်ကိုထောင်လျက် အခြားတစ်ဖက် ထောင်ထားသော ဒူးပေါ်တွင် တင်ပျဉ်ချိတ်တင်ကာ မလှုပ်မရှက်နှင့် "ဂွတ်မောနင်း"ဟု ပြန် နှုတ်ဆက်သည်။

ထိုအခါ မြို့တော်ဝန်သည် အင်္ဂလိပ်ဘာသာဖြင့်

"ခင်ဗျား ဆေးရုံမှာနေတာ အစားအသောက် ဆင်းရဲသလား"

သခင်အောင်ဆန်းက အင်္ဂလိပ်လို ပြန်ပြောသည်။

"ခံသာပါတယ်"

"အစားအသောက်နဲ့ပတ်သက်ပြီး ဟင်း၊ ထမင်းတို့မကောင်းရင် ဆရာဝန်ကိုပြောပါ။ သူ ကောင်းအောင် စီစဉ်ပေးဖို့ ကျွန်တော်ပြောခဲ့မယ်"

"ကိစ္စမရှိပါဘူး။ စားနိုင်ပါတယ်။"

"ကောင်းပြီ။ ဒါဖြင့် သွားလိုက်ဦးမယ်"

ထိုသို့ နှုတ်ဆက်ပြီး အခန်းပြင်သို့အထွက်တွင် သခင်အောင်ဆန်းက ကျွန်တော်တို့ဘက် လှည့်ကာ "မြို့တော်ဝန် လာစစ်ဆေးတာ တခြားအကြောင်းကြောင့် မဟုတ်ဘူး။ မနေ့က ဆရာမ ကို ကျွန်တော် ဘုဘောက်ပြောလိုက်တာနဲ့ သူတို့တိုင်တန်းလို့ အကြောင်းရှာပြီးလာတာပါ" မှတ်ချက်ချလိုက်သည်။ သူထင်သည့်အတိုင်းလည်း မှန်ပေသည်။ အဘယ်ကြောင့်ဟူမူ ညအ နိုင်ငံရေးဆွေးနွေးနေကျ လက်ထောက်ဆရာဝန်ထံမှ ထိုအတိုင်းဟုတ်မှန်ကြောင်း ကြားရခြင်းပေ ဖြစ်သည်။

သခင်အောင်ဆန်း၏ စရိုက်မှာ အစဉ်အလိုလို စာဖတ်လျက်နေသည်။ တစ်ခါတ စာရေးနေတတ်သည်။ သူဖတ်သောစာအုပ်များမှာ များသောအားဖြင့် ဒေါက်တာဘမော်ထံ ငှားရမ်းထားသော စာအုပ်များဖြစ်သည်။ တစ်ခါတစ်ရံလည်း ဝါးခမောက်ဆောင်းထားသော သခင်များ သူ့ထံသို့လာပြီး နိုင်ငံရေး ဆွေးနွေးကြ၏။ လွှတ်တော်မှ အမတ်များ မည်သို့မည ဆွေးနွေးကြကြောင်း ပြောကြသည်။ အထူးသဖြင့် ဂဠုန်ဦးစောကို ပြင်းပြင်းထန်ထန် ဝေဖ ကြားရ၏။

ထိုအခါက နန်းရင်းဝန်မှာ ဂဠုန်ဦးစောဖြစ်သည်။ ဝါးခမောက် ဆောင်းထားသေ သခင်များ ပြန်သွားကြပြီးနောက် သခင်အောင်ဆန်းသည် ကျွန်တော့်ဘက်ကိုလှည့်ကာ "ဦးစော ဆင်ကြည့်ကြည့်လေ့ရှိတယ်။ ဒီလူဟာ ဆင်ကြံကြံတတ်တယ်" ဟု လှမ်းပြောလေသည်။

ထိုမှတ်ချက် မည်မျှတိကျ မှန်ကန်သနည်း ဟူမူ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ ဦးစော၏ ဆင်ကြံကြံမှုကြောင့် ကြုံတင်၍ မှတ်ချက်ချထားခဲ့ဖူးသူ ဗိုလ်ချုပ်အောင်ဆန်း (ယခု သခင်အောင်ဆန်း) ကိုယ်တိုင် ရေတိမ်တွင် နစ်ခဲ့ရရှာပေသည်။

သခင်အောင်ဆန်းကား ပြောသလိုလုပ်၍ လုပ်သလို ပြောသူတည်း။ ထိုစဉ်က သူသ ဆေးပြင်းလိပ်သောက်၏။ တစ်နေ့တွင် ဆေးပြင်းလိပ်ကုန်သွားရာ သူ၏ ခုတင်ဘေးမှ လူ တစ်ယောက်ဖြစ်သော ကိုကိုလေးဆိုသူ ပုလိပ်တစ်ယောက်က စီးကရက်တစ်လိပ်ထုတ်ပေးသ





သခင်အောင်ဆန်းက လက်မခံဘဲ "ဟာ. . . သခင်နဲ့စီးကရက် ဘယ်အပ်စပ်မလဲဗျာ၊ မသောက် တော့ပါဘူး"ဟု ဆိုကာ တစ်နေ့လုံး အငတ်ခံ၍နေသည်။ ညနေပိုင်း သူ့နိုင်ငံရေး မိတ်ဆွေများ ရောက်လာတော့မှ ဆေးပြင်းလိပ်ဝယ်ခိုင်းပြီး အားပါးတရ ရှူရှိုက်နေသည်ကို တွေ့ရ၏။

ထို့ပြင်လည်း သူ၏အကြောင်းကို အမှတ်ရခိုက် ရေးလိုက်ရပေဦးမည်။ ထိုအခါက ကျွန်တော်တို့အခန်းတွင် တာဝန်ကျသော အမျိုးသမီး ဆရာဝန်မတစ်ယောက်ရှိသည်။ သူမ၏ အသက်မှာ (၂၅) ခန့်ရှိပြီဖြစ်၍ ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းပြီး သူမ၏မျက်နှာမှာ လက်ခါ ရလောက်အောင်ပင် ချောမောလှပသူဖြစ်၏။ နေ့စဉ် ဇန်ကောက်ထဘီ တစ်ထည်ကျကို ပြောင်း၍ ပြောင်း၍ ဝတ်လာတတ်သေး၏။

တစ်နေ့သောအခါ ကျွန်တော်နှင့် သခင်အောင်ဆန်း ထိုင်၍စကားပြောနေစဉ် အဆိုပါ ဆရာဝန်မသည် အခန်းထဲသို့ လာရောက်စစ်ဆေးပြီးနောက် ပြန်ထွက်သွား၏။ ကျွန်တော်နှင့် သခင်အောင်ဆန်းမှာ ဆရာဝန်မလေးကို အမှတ်မထင် ကြည့်မိရာမှ သခင်အောင်ဆန်းက "အင်း. . ကျုပ်တို့လည်း နောင်တစ်နေ့ မိန်းမယူရင် ဆရာမယူမှ ကောင်းမယ်ထင်တယ်၊ သူတို့မှ လင်သားကို ပြုစုယုယတတ်တယ်"ဟု ရယ်မောသလိုနှင့် မှတ်ချက်ချလိုက်လေသည်။

ထိုသို့ ပြောလိုက်သည့် သခင်အောင်ဆန်း၏ စကားသံကို ကြားယောင်နေသော ကျွန်တော်သည် ဂျပန်ခေတ်တွင် ဗိုလ်ချုပ်အောင်ဆန်းက သူနာပြုဆရာမ ဒေါ်ခင်ကြည်ကို လက်ထပ်လိုက်ကြောင်း ကြားသိရသောအခါ မည်သို့မျှ မအံ့ဩမိတော့ပေ။

ထို့ပြင် မိုးကုတ်မြို့မှ သူဌေးများက သီဟိုဠ်မှ ဘုရားတစ်ဆူအတွက် လှူဒါန်းသောစိန်ဖူးနှင့် ရက်မြတ်နားမှာ ရွှေတိဂုံဘုရားကုန်းတော်ပေါ်၌ သီဟိုဠ်သို့ မပို့မီ ဗုဒ္ဓဘာသာဝင်များအတွက် ပြပယ်လျက်ရှိနေ၏။

ဇင်းစိန်ဖူးကို ရန်ကုန်မြို့တွင်းသို့လည်း ဒေသစာရီလှည့်လည်ရန် စီစဉ်ထား၏။ အကြောင်း အားလျော်စွာ တိုက်ဆိုင်နေသည်မှာ ရေကျော်ရပ်မှ တို့ဗမာအစည်းအရုံးကလည်း ထိုနေ့၌ပင် အင်အားပြလမ်းလျှောက်ရန် စီစဉ်ထားခြင်းပေတည်း။

အင်အားမပြမီ တစ်ရက်၏ညနေပိုင်းတွင် အစည်းအရုံး ဥက္ကဋ္ဌဖြစ်သူ သခင်နု (ယခု နိုင်ငံတော်ဝန်ကြီးချုပ်)သည် ကန်တော်ကလေး ကူးစက်တတ်သော ဆေးရုံ၊ အခန်းအမှတ် ၂ ရှိ သခင်အောင်ဆန်းထံသို့ ရောက်လာသည်။ ထိုစဉ်က သခင်နု၏ ကိုယ်လုံးကိုယ်ပေါက်မှာ မပိန်မဝ၊ ပင်မှာ မတိုမရှည်ညှပ်၍ လမ်းလျှောက်လျှင် အနည်းငယ်ငုံ့လျှောက်တတ်သည်။ မြို့တော်ဝန် လာစဉ်က ဂရုမစိုက်ဘဲ အေးစက်စက်နေခဲ့သော သခင်အောင်ဆန်းသည် သခင်နုလာသောအခါ ခုတင်ပေါ်မှ ဖျက်လတ်စွာဆင်းလျက် သခင်နုကို ဆီးကြိုလေသည်။

သခင်နုက "သခင်အောင်ဆန်း မနက်ဖြန် ကျွန်တော်တို့အစည်းအရုံးက အင်အားပြ လမ်းလျှောက်မလို့၊ ဒါကြောင့် ခင်ဗျားဆေးရုံကဆင်းနိုင်ရင်လဲ ဆင်းဖို့ လာစုံစမ်းတာပါ"

"ကျွန်တော့် ဆင်းရက်တော့ သန်ဘက်ခါပဲ၊ နက်ဖြန်ခါ ကျွန်တော်မပါရင် မပြီးဘူးလား"

"ရတော့ ရတာပဲ။ ဒါပေမဲ့ ကျွန်တော်တို့လူမစုံတော့ အားလျော့တာပေါ့"

"ဆင်းရက်က သန်ဘက်ခါဆိုတော့ တစ်ရက်ကြိုတင်ဆင်းရရင် ဆေးရုံအနေနဲ့ သိပ်

www.burmeseclassic.com



အရေးမကြီးဘူးလို့ ကျွန်တော်ထင်ပါတယ်။ သခင်နုအနေနဲ့ ဆရာဝန်ကြီးဆီ ခွင့်တောင်းကြည့် ကျွန်တော်စောင့်နေမယ်"

ထိုအခါ သခင်နုသည် ဟိုတုန်းက လျှောက်နေကျအတိုင်း ခေါင်းအနည်းငယ်ငုံ့ ဆရာဝန်ကြီးထံသို့ သွားလေသည်။ ဆရာဝန်ကြီးမှာ ကုလားလူမျိုးဖြစ်သည်။ မကြာသေး မေထရွှန်တစ်ဦးကို ဘုဘောက်လုပ်ခဲ့သော သခင်အောင်ဆန်းအား စိတ်မကျေသေး ချက်ကောင်းယူကာ ဆင်းခွင့်မပြုချေ။ သူ့အကြောင်းပြချက်ကို သခင်နုမှတစ်ဆင့် သခင်အောင်ဆ သိရသည်မှာ. . .

လူနာများကို ဆေးရုံမှ ရက်မစေ့ဘဲ လွှတ်လိုက်ခြင်းကြောင့် ရောဂါပြန့်ပွားကူးစက်လာ ဆရာဝန်ကြီး၏ တာဝန်ဖြစ်လိမ့်မည်။ ထို့ကြောင့် သူက ခွင့်မပြုနိုင်ကြောင်းပင် ဖြစ်သည်။

ထိုအခါ သခင်အောင်ဆန်းက ချက်ချင်းပင် သခင်နုကို "ကျွန်တော် လိုက်ဖို့ဆုံးဖြတ်ပြီး ဘာပဲဖြစ်ဖြစ် လိုက်မယ်"ဟု ဖွတ်တရွှတ် ကတိပေးလိုက်၏။

သို့သော် ထိုအချိန်တွင် လူနာများကို သုံးနာရီတစ်ကြိမ်ခန့် လဲလှယ်စောင့်ရှော တာဝန်ကျနေသောဆိုခဲ့ပြီးသည့် အမျိုးသမီးဆရာဝန်မက ထိုအကြောင်းကိုကြားသဖြင့် " အောင်ဆန်း ခုဆင်းသွားရင် ကျွန်မအချိန်အတွင်း ဖြစ်နေပါတယ်။ ကျွန်မမှာ တာဝန်ရှိပါ ဒါကြောင့် ကျွန်မအချိန်က ညနေ ၆ နာရီအထိ ဖြစ်ပါတယ်။ ထွက်သွားချင်ရင် ၆ နာ မှထွက်ဖို့ ကျွန်မတောင်းပန်ပါတယ်"ဟု မေတ္တာရပ်ခံလေရာ သခင်အောင်ဆန်းမှာ မှုန် ခေတ္တမျှ စဉ်းစားနေပြီး. . .

"ကောင်းပြီလေ။ ဗမာအမျိုးသမီးတစ်ယောက် ထိခိုက်နစ်နာမယ်ဆိုရင် ခင်ဗျား အတိုင်း ၆ နာရီအထိ စောင့်မယ်။ ဒါပေမဲ့ ၆ နာရီထိုးပြီးရင်တော့ ထွက်ရလိမ့်မယ်"ဟု လေသည်။

ထို့နောက် သခင်အောင်ဆန်းသည် အခန်းစောင့်ကုလားလေးတစ်ယောက်ကို သိမ်းဆည်းထားသော သူ့အင်္ကျီနှင့်လုံချည်များယူခိုင်းရာ ကုလားလေးမှာ အထက်လူကြီးများ သူ့ကိုအလုပ်ဖြုတ်မည်စိုးသည့်အတွက် မယူပေးဝံ့ကြောင်း တောင်းပန်ခယပြောတော့သည်။

သခင်အောင်ဆန်းလည်း ကုလားလေး၏ အခက်အခဲကို သနားသွားပြီး "ဒါဖြင့် စေ။ ရော့. . မင်းဖို့ ဘောက်ဆူး"ဟုဆိုကာ ရေသောက်ခွက်ထဲရှိ ပိုက်ဆံအကြွေအားလုံးကို သူ့ ပေးလိုက်၏။

ဆေးရုံရောက်ကတည်းက လူနာများဝတ်လာကြသော အရပ်ဝတ်အရပ်စားများကို မှ သိမ်းဆည်းထားပြီး လူနာအမှတ်အသား မြင်းကျားအင်္ကျီ ဘောင်းဘီကိုသာ ပေးဝတ် သခင်အောင်ဆန်းမှာ ဒေါင် ဒေါင် စသည်ဖြင့် ၆ နာရီထိုးသည်နှင့်တစ်ပြိုင်နက် ဆေးရုံမှ အစားများကို ဝတ်မြဲဝတ်လျက်ကပင် ကျန်လူနာအားလုံးကို စတင်နှုတ်ဆက်တော့သည်။

ကျွန်တော်၏လိပ်စာကိုလည်း တောင်းသည်။ ကျွန်တော်ကလည်း ပေးလိုက်၏။ သူ့ ကို တောင်းသောအခါ၌မူ သူက လိပ်စာအတည်တကျမရှိ။ "အောင်ဆန်း မြန်မာပြည်" ဟု မည်။ သူ ဘယ်ထောင်ကြားရောက်ပြီး ဘယ်ထောင်ကျမည်ကိုတောင် မသိသေးဟု ပြောလေသ





ထို့နောက် စာအုပ်များကိုပိုက်လျက် သခင်နုနှင့်အတူ ဂိတ်ပေါက်တူရူသို့ လျှောက်သွားကြသည်။ ဂိတ်ပေါက်စောင့်ကုလားမှာ မြင်းကျားအင်္ကျီနှင့် ဘောင်းဘီကိုဝတ်လာသော သခင်အောင်ဆန်းအား မြင်သည်နှင့်တစ်ပြိုင်နက် လူနာဖြစ်ကြောင်း တပ်အပ်သိသည့်အလျောက် အတင်းတားကာ ဂိတ်ပေါက်ကို ပိတ်ထားလေသည်။

သခင်အောင်ဆန်းမှာလည်းသွားရန် သန္နိဋ္ဌာန်ချထားသည့်အတိုင်း သူ့အားအတင်းအကျပ် ဟန့်တားထားသော ဂိတ်ပေါက်စောင့်ကုလားကို လက်သီးဖြင့် တအားကျုံးထိုးလိုက်ကာ ခပ်တည်တည် ထွက်သွားတော့သည်။ ဂိတ်စောင့်ကုလားမှာ "အပါးပါး"ဟု မချိမဆံ့အော်လျက်သာ ကျန်ရစ်နေခဲ့၏။

နောက် နှစ်ရက်ကြာသောအခါ သခင်အောင်ဆန်းနှင့် နိုင်ငံရေးဆွေးနွေးနေကျဖြစ်သော ဆရာဝန်သည် ကျွန်တော်တို့အခန်းထဲသို့ သတင်းစာတစ်စောင်ကိုကိုင်လျက် ပြုံးပြုံးကြီး ဝင်လာလေသည်။ ထို့နောက် ကျွန်တော်တို့အား "ဖတ်ကြည့်ပါဦး။ တစ်နေ့ညနေက ဂိတ်ပေါက်မှာ ဆူညံညံလုပ်သွားတဲ့ သခင်အောင်ဆန်းရဲ့သတင်းကို"ဟု ပြောလိုက်သဖြင့် ကျွန်တော်တို့ လူနာတစ်စုသတင်းစာကို အလုအယက်ဖတ်ကြရာ လူထုအင်အားကြီးမားလှသော တို့ဗမာအစည်းအရုံး၏ အင်အားပြပွဲ ခတ်ပုံနှင့်တကွ ဗိုလ်တထောင်တရားပွဲ၌ သခင်အောင်ဆန်း တက်ရောက်ဟောပြောသော သတင်းကို ဝမ်းသာအားရ ဖတ်ရှုကြရပေသတည်း။ ။

[မြဝတီမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၆၀]



www.burmeseclassic.com

www.burmeseclassic.com

# စနစ်တကျ နေထိုင်လာသည့် ဗိုလ်ချုပ်အောင်ဆန်း

## နတ်မောက်လင်းရောင်

ကျွန်တော်သည် လွန်ခဲ့သည့် (၁၆)နှစ်က ဗိုလ်ချုပ်ညီမ ဒေါ်ကံဆယ်၊ ကဗျာဆ... (ဆရာ ဦးခင်မောင်သိန်း) တို့၏ ကူညီမှုဖြင့် ၁၉၃၂ ခုနှစ်တွင် ရေးမှတ်သော ဗိုလ်ချုပ်အောင်ဆ... ငယ်စဉ်ကျောင်းသားဘဝမှ ဒိုင်ယာရီအိုကလေးကို လေ့လာဖတ်ရှုမှတ်သားခွင့်ရရှိခဲ့ဖူးပါသည်။

နေရာမှာ နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေထိုင်ခဲ့သောအိမ်မှ ဗိုလ်ချုပ်၏ ကြည့်ခန်းကလေးတွင်ဖြစ်၏။ ဒေါ်ကံဆယ်က မျက်ရည်တွေအဝိုင်းသားနှင့် ဝါညစ်ရီဆွေးနေ... ဒိုင်ယာရီအိုကလေးကို တုန်ယင်နေသည့် လက်များဖြင့် ကမ်းပေးရင်း 'ကြိုက်သလို လေ့လာပါ' ဟု မောဟိုက်နွမ်းနယ်သံသဲ့သဲ့ဖြင့်လည်း စကားဆို၍ ခွင့်ပြုရှာပါသည်။

လေ့လာခွင့်ရရှိခဲ့သောနေ့ကား ၄-၇-၆၃ ဖြစ်၍ အပြင်တွင် ဖွဲလိုင်မိုးတွေ ... ရွာသွန်းစွေနေသည်ကို သတိပြုမိပါသည်။ ပြတင်းပေါက်မှ တစ်ချက် တစ်ချက်၌ ဝင်ရောက်... သော လျှပ်စီးရောင်တွင် ကျွန်တော်၊ ဒေါ်ကံဆယ်နှင့်နီလှိုင်တို့၏ ဝမ်းနည်းကြေကွဲမှု အသွင်ကို... မှာ ဖုံးဖိ၍မရနိုင်အောင် ဖြစ်နေပါသည်။ ထိုစဉ်က မိုးတွေနှင့်အတူ မိုးထစ်ချုန်းသံတွေပါ ပေါ်... နေလိမ့်မည် ထင်ပါသည်။

ကျွန်တော်၏ နားတွင်မူ မိုးသံကိုလည်း မကြားမိ၊ မိုးထစ်ချုန်းသံကိုလည်း သတိမမူ... ကိုအောင်ဆန်း၏ ဒိုင်ယာရီအိုကလေးကို ဖတ်ရှုရင်း ဗိုလ်ချုပ်၏ဘဝ၊ ဗိုလ်ချုပ်၏ စရိုက်၊ ဗိုလ်... ၏အကြောင်း၊ ဗိုလ်ချုပ်၏ဟန်ပန်အသံများကိုသာ ကြားယောင်မြင်ယောင်နေမိပါသည်။ ယ...



ကြားယောင် မြင်ယောင်ဖြစ်ရသည်မှာ စိတ်ဝေဒနာနှင့် ရုပ်ကိုပီသအောင် ဖွင့်ဆိုရပါလျှင် မျက်စိနှင့် နားမှသာမဟုတ်၊ အသည်းနှင့် နှလုံးမှလည်း ကြားယောင် မြင်ယောင်ဖြစ်မိပါသည်ဟု ဆိုရပါမည်။

ဗိုလ်ချုပ်အောင်ဆန်းတွင် ကျောင်းသားလူငယ်တိုင်း လိုက်နာတုယူအပ်သော စရိုက်များ ရှိသည်။ စည်းကမ်းရှိသည်။ အတိုင်းအတာရှိသည်။ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးရှိသည်။ အတ္တစိတ် ကင်းသည်။ ကတိရှိသည်။ စာပေကို မြတ်နိုးမှုရှိသည်။ မျိုးချစ်စိတ် ဇာတိမာန်ရှိသည်။ ဤသည် တို့ကား ၃၂ ခု ဒိုင်ယာရီပါ ဗိုလ်ချုပ်၏စာများက ပြောပြသော ဗိုလ်ချုပ်၏ အကြောင်းများပင် ဖြစ်ပါသည်။

ဗိုလ်ချုပ်ကား ငယ်စဉ်ကျောင်းသားဘဝကပင် စည်းကမ်းရှိသူပီပီ နေ့စဉ်အသုံးစရိတ်ကို စနစ်တကျ ရေးမှတ်ထားတတ်သည် ဖြစ်သည်။ အောက်ပါရေးမှတ်ချက်များကို လေ့လာပါက သိရှိနိုင်ပါသည်။

***၉-၂-၃၂ (တပို့တွဲလဆန်း ၂ ရက်) အင်္ဂါနေ့ ဘချမ်းပေးရန် ကြွေး ၉ ပဲ၊ ၁၀-၂-၃၂ ဘချမ်း ကြွေး ၉ ပြား၊ ၁၀-၂-၃၂ (တပို့တွဲလဆန်း ၄ ရက်) ဘချမ်းကြွေး ၃ ပဲ၊ ၁၂-၂-၃၂ (တပို့တွဲလဆန်း ၅ ရက်) ကြွေး ၅ ပြား၊ ၁၃-၂-၃၂ (တပို့တွဲလဆန်း ၆ ရက်)ကြွေး ၃ ပဲ၊***

ဤကား ဗိုလ်ချုပ်၏ ကျောင်းသားဘဝ၊ စည်းကမ်းနှင့် ကတိကို ထင်ရှားစေသော အမှတ်အသားများဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဝင်ငွေထွက်ငွေနှင့် ပတ်သက်၍လည်း မှတ်သားထားတတ်သည်။

***၂၀-၂-၃၂ ယနေ့ ငွေ ၁၀/- အစ်ကိုကြီးထံမှတောင်း၊ ချော်နီနှင့် လက်ဖက်ရည် သောက်သွား၊ ၂ ယောက် တွက်ပေး ၃ ပဲ၊ ပြီးတော့ ၂၂-၂-၃၂ တွင် မင်အိုးတစ်ဘူးဝယ်၊ ၅ ပဲပေးဝယ်၊ မနေ့က လက်ဖက်ရည်နှင့် မုန့် ၂ ပဲ ပေါင်း ၁၀ ပဲတုန်၊ ကျန် ၆ပဲ၊***

***အောင်ဆန်း (လက်မှတ်ထိုးထားသည်၊)***

***၂၆-၂-၃၂***

***လက်ရှိ ၁၁ပဲ၊ ၁ ပဲကောက်ရသည်၊ ၁၂ပဲ ဝင်ငွေ၊ ၃ပဲ ထွက်ငွေ၊ ၉ ပဲ ကျန်၊ 'ကိုက်၏'***

***အောင်ဆန်း (လက်မှတ်ထိုးထားသည်၊)***

ဤသည်ကား ဝင်ငွေ၊ ထွက်ငွေနှင့် ပဲ၊ မူးစကလေးများကိုပင် စနစ်တကျ ရေးမှတ်ထား တတ်သည့် ဗိုလ်ချုပ်၏ တုယူထိုက်သော စရိုက်ကလေးများ ဖြစ်ပါသည်။ တစ်ဖန် ငွေရေးကြေးရေး အသုံးများနှင့် ပတ်သက်၍ မိမိကိုယ်ကိုမိမိ ဝေဖန်ထားပုံကလေးများကိုလည်း သူ့ဒိုင်ယာရီပါ မှတ်စာတွင် တွေ့ရှိနိုင်ပါသည်။

***၂၃-၂-၃၂***

***ရှစ်ပဲ-ရှစ်ပဲ၊***

***သုံးစရာမရှိတော့ဘူး၊***

***ကျွန်ုပ် ဂရုဝ်စာအုပ် ၅ ပဲတန် ဝယ်စဉ်မှာ မှားသည်၊ နောက်မှ ဈေးလမ်းတွင်***



www.burmeseclassic.com

www.burmeseclassic.com



***သတိရလာသည်။ ယခု ကျောင်း ၇ ရက်သာတက်ရတော့မည်၊ ၇ ရက်လုံး ဤ ၅ ပါတ်နှင့် တွက်လို့တုန်မှာမဟုတ်၊ နောင်နှစ်အတွက်လည်း အသုံးမကျ ဖြစ်ချိမ့်မည်၊ သို့ကြောင့် ကျွန်ုပ်ကိုယ်ကို ကျွန်ုပ် စဉ်းစားညာဏ်နည်းသေး၏တကားဟု အဖြစ်တင်မိသောဟူ၏။***

'ချွေတာကြပါ' ဟု ခေါင်းဆောင်ဘဝတွင် ဆိုဆုံးမခဲ့သော ဗိုလ်ချုပ်သည် ကျောင်း သားဘဝတွင်လည်း လက်တွေ့ချွေတာခဲ့သူဖြစ်ပါသည်။ ၎င်းအပြင် ဗိုလ်ချုပ်သည် အတ္တမဖက် ရဲဘော်စိတ်ကိုသာ ထားတတ်ပုံကို ၂၅-၂-၃၂ တွင် မှတ်သားထားသည့် စာမေးပွဲ ခုံနံပါတ် စာရင်းက သက်သေခံပါသည်။

၁။ ကိုကြည်စိန် ၁၂၈၃
၂။ ကိုကြည်ဝင်း ၁၂၈၄
၃။ ကိုမော်သန်း ၁၂၈၅
၄။ ကိုအေးဘေ ၁၂၈၆
၅။ ကိုရီအေး ၁၂၈၇
၆။ ကိုအောင်ဆန်း ၁၂၈၈
၇။ ကိုမေအောင် ၁၂၈၉
၈။ ကိုမြဒင် ၁၂၉၀

အောက်၌ ရေးမှတ်ထားချက်များမှာ ဝါဆွေးမှေးမှိန်ကုန်သဖြင့် ဤမျှသာ ဖော်ပြနိုင် သည်။ ကျောင်းသား ကိုအောင်ဆန်းတွင် ကျောင်းဆရာများကိုလည်း လေးစားဂရုစိုက် ကြည်ညို တတ်ဟန်ကို သူ့စာတွင် တွေ့ရပါသည်။

***၈-၂-၃၂ နေ့က စ၍ ကျောင်းသား ၁၀ တန်းသားတွေ တက်ရ၊ ၄-ယောက်သာ တက်သည်၊ ပျင်းစရာ ကောင်းလှ၏၊ သို့ရာတွင် ဦးပုကား ပျင်းဟန်မတူ၊ စိတ်ပါ ဖြပေ၏၊ ချီးမွမ်းဖွယ်ပင်၊***

၎င်းအပြင် ဗိုလ်ချုပ်၏ ကျောင်းသားဘဝ နိုင်ငံရေး၊ မျိုးချစ်စိတ်ဓာတ်ကို တစ်စိတ်တစ် သ ဖွင့်လှစ်ပြသထားသည့် ရေးမှတ်ချက်ကလေးများလည်း ရှိပေသေးသည်။ ရှုကြည့်ပါ။

***၁၅-၂-၃၂ မနေ့က ဘချမ်းဆိုင်တွင် ပုလိပ်စာသင်တစ်ယောက်က သူကြီး ခင်ဗျားတို့ အရပ်ထဲမယ် ဘာပြုလို့ ကင်းစောင့်မထားသလဲ၊ ဘာလဲနှင့် ဘာမှမဆိုင်ဘဲ ငေါက်နေတာ မတရားဖူး၊ သည်ကောင်က ဘာလုပ်တုန်း ညာလုပ် တုန်း စသဖြင့် ပြော ကြား၍၊ 'ဩော် . . . ပုလိပ်များက ကြောက်မှတ်လို့၊ ဖြဲခြောက်တာ. . .' ဘာရမ***

လေးစားကြည်ညိုဖွယ် ဗိုလ်ချုပ်ပါတကား၊ တစ်ဖန် စာပေစိတ်နှင့် အမျိုးသားပ သူ့ရေးဟန်ကို လေ့လာကြည့်ပါဦး။

***၂၃-၂-၃၂ (၁၂၉၂ ခု၊ တပို့တွဲလဆုတ်၊ ၂ ရက် အင်္ဂါနေ့) မနေ့က ကျွန်တော် ကျောင်းတွင် မှော်ဘီဆရာသိန်းကြီး လာရောက်တရားဟော၊ ကောင်းပါပေ၏၊ အမျိုးသ ကျောင်းများကြောင့် မြန်မာစာပေထွန်းတားလာမည်ကို မျှော်လင့်'*** ဟု ရေးမှတ်ထားပါသည်။ ၎င်းအပြင် ၁၉၃၂ ခုနှစ် မတ်လ ၁၆ ရက်နေ့ ဗုဒ္ဓဟူးနေ့စွဲဖြင့် 'ထီးဖြူရုံပြာသာဒ်နှင့် မဏ်ပတ်နေ





အစချီ အချုပ်တန်းဆရာဖေ၏တေးထပ်ကိုလည်း ရေးမှတ်ထားသည်ကို တွေ့ရပါသည်။ ရှေးအလီ ၏ လက်ချက်ဖြင့် အသေဆိုးကြုံခဲ့ရသော ရွှေတိဂုံဘုရားထီးတော်ကို အန်တုခဲ့သည့် လှော်ငမေရှိး အား လှော်သရော်၍ မှတ်သားထားဟန်တူပါသည်။

အထက်ဖော်ပြပါ ဒိုင်ယာရီပါ ဗိုလ်ချုပ်၏စာကလေးများမှာ ဗိုလ်ချုပ်၏ဘဝ၊ ဗိုလ်ချုပ်အကြောင်းကို အရှင်းဆုံး ပြောပြနိုင်စွမ်းသော အမြဲတေရတနာကလေးများဖြစ်ကြပါသည်။ ဤသည်တို့မှာ ငယ်စဉ်ကပင် စနစ်တကျ နေထိုင်ခဲ့သည့် အမျိုးသားခေါင်းဆောင်ကြီး၏ အတုယူ ဖွယ်များဖြစ်ပါသည်။ ။

[ဗိုလ်တထောင်သတင်းစာ၊ ၁၇-၇-၁၉၇၉]



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# မိုးသက်မုန်တိုင်းကျသည့်နေ့

ဦးဗဆွေ

### သခွတ်ပင်က မီးတကျိုကျို

ပင်လယ်ထဲတွင် လှိုင်းလေငြိမ်ချက်သားကောင်းနေလျှင် လေပြင်းမုန်တိုင်းဆင်၍ [illegible] ထန်မည့်နိမိတ်ဟုယူဆကြသည်။ မမျှော်လင့်ဘဲ မိုးသက်လေပြင်းကျပြီး လှိုင်းလေထန်ကတ်[illegible] အန္တရာယ်ဖြစ်ပေါ်တတ်သည်ဟု ဆိုလိုသည်။

မြန်မာပြည် နိုင်ငံရေးရာသီဥတုကို ဆန်းစစ်လျှင် ပင်လုံကွန်ဖရင့်အထိ နယ်ခံ[illegible] ခြေရှုပ်မှု၊ ခြေထိုးမှုများ ပြင်းထန်ခဲ့သည်။ နောက်ပိုင်းတွင် အလံနီကွန်မြူနစ်ပါတီက ရိုက်[illegible] သီးစားခတိုက်ပွဲ၊ အမတော်ကြေး မြန်မဆပ်ရေးတိုက်ပွဲများကို ပြောက်ကျားပြောက်ကျား[illegible] လျက်ရှိသည်။ သိန်းသန်းကွန်မြူနစ်ပါတီက တစ်ဖက်တွင် ညီညွတ်ရေးကို ကြွေးကြော်၍ [illegible] ပြုလွှတ်တော်အတွင်း အခြေခံဥပဒေရေးဆွဲရာတွင် အပြုသဘော ပါဝင်သလိုပြုပြီး တစ်ဖက်[illegible] တောခိုလူသတ်လုပ်ငန်းများကို ဟိုနေရာ ဒီနေရာလုပ်လျက်ရှိသည်။ စော-စိန်-မော် ဂိုဏ်း[illegible] တရားပွဲများ ကွက်ကျား-ကွက်ကျားလုပ်၍ (ဖဆပလ) ကို ဆဲရေးပုတ်ခတ်လျက်ရှိသည်။ နယ်[illegible] တိုက်ရိုက်လှုပ်ရှားမှုများကို ကား မမြင်ရ၊ မတွေ့ရ၊ ငြိမ်ချက်သား ကောင်းလျက်ရှိသည်။ မမျှော်[illegible] မိုးသက်မုန်တိုင်းကျမည့် နိမိတ်ပင်လော။



### ရန်သူ့ခြေလှမ်း

ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကြီးသည် နယ်ချဲ့ကို ဆန့်ကျင်၍ လွတ်လပ်ရေးတိုက်ပွဲများကို ပြင်းပြင်းထန်ထန်ဆင်နွှဲ လျက်ရှိသည့်အတိုင်း ရန်သူ၏ ခြေလှမ်းလှုပ်ရှားမှုများကို မျက်ခြည်မပြတ် လေ့လာနိုင်ရန် ကိုယ်ပိုင်ထောက်လှမ်းရေးအဖွဲ့ ထားရှိပါသည်။ ထို့အတူ လက်အောက်ခံအဖွဲ့အစည်းများဖြစ်သော ဆိုရှယ်လစ်ပါတီ၊ ပြည်သူ့ရဲဘော်များကလည်း သီးခြားထောက်လှမ်းရေးအဖွဲ့များ ထားရှိကြပါသည်။ အရေးကြီးသောသတင်းများကို ဖ-ဆ-ပ-လ အဖွဲ့ချုပ်သို့ တင်ပြအစီရင်ခံကြပါသည်၊ ဖ-ဆ-ပ-လ ထောက်လှမ်းရေးအဖွဲ့မှာ နယ်ချဲ့ကိုသာ ဦးတည်၍ထားရှိသော်လည်း ဆိုရှယ်လစ်နှင့် ပြည်သူ့ရဲဘော်တို့ကမူ တခြားနိုင်ငံရေးအဖွဲ့အစည်းများနှင့် အန္တရာယ်ပြုနိုင်မည့် ပုဂ္ဂိုလ်များကိုပါ မျက်ခြည်မပြတ် ထောက်လှမ်းပြုကြပါသည်။

တိုင်းပြည်ပြုလွှတ်တော်ကျင်းပ၍ အလုပ်များနေချိန်တွင် ဆိုရှယ်လစ်ပါတီနှင့် ပြည်သူ့ရဲဘော်များက ဂဠုန်ဦးစောနှင့်ပတ်သက်၍ လှုပ်ရှားမှုများကို အဆက်မပြတ်တင်ပြလာကြသည်။ သတင်းများကို စုပေါင်းဆက်စပ်လိုက်က "ဂဠုန်ဦးစောသည် အင်္ဂလိပ်အရာရှိကြီးတစ်ဦးနှင့် အဆက်အသွယ်ပြုလျက်ရှိသည်။ နယ်မှ မျိုးချစ်လူငယ်များကို ရန်ကုန်သို့ခေါ်ယူ၍ လျှို့ဝှက်လက်နက်သင်တန်း၊ နိုင်ငံရေးသင်တန်းများ ပေးလျက်ရှိသည်။ ပုလိပ်အရာရှိဟောင်း ထိပ်တင်မောင်လေးကလည်း ရဲအဖွဲ့မှ မိမိ၏တပည့်ဟောင်းလူယုံများကို စည်းရုံးလျက်ရှိပါသည်။ "ဖဆပလထိပ်တန်းခေါင်းဆောင်များကို လုပ်ကြံ၍ ဆူပူမှုများဖန်တီးမည့်လက္ခဏာရှိသည်" ဟု ဖော်ပြကြသည်။ ကျွန်တော်လည်း ထိုသတင်းများမှာ အရေးကြီးသည်ဟု ယူဆသည့်အတိုင်း ဗိုလ်ချုပ်ကိုလည်းကောင်း၊ ဦးနုကိုလည်းကောင်း တစ်ဦးချင်းတင်ပြသည်၊ အလုပ်အမှုဆောင်အဖွဲ့တွင်လည်း အစီရင်ခံသည်။ သို့သော် ပုဂ္ဂိုလ်ခပ်များများက အလေးအနက်သဘောမထားကြ။ ယခုလို အချိန်မျိုးတွင် 'ဤသို့ မိုက်ရူးရဲအကြံ၊ မိုက်ရူးရဲအလုပ်မျိုးကို မည်သူမျှ ကြံရဲလုပ်ရဲမည် မဟုတ်၊ အင်္ဂလိပ်ကလည်း လက်ခံမည်မဟုတ်။ အင်္ဂလိပ်က ညစ်ချင်လျှင် သူတို့ပါလီမန်သို့ အခြေခံဥပဒေရောက်မှ ညစ်လိမ့်မယ်'ဟု ပေါ့ပေါ့ယူဆကြသည်၊ ဗိုလ်ချုပ်အောင်ဆန်းကလည်း "ဒီသတင်းတွေဟာ မဖြစ်နိုင်ပါဘူး။ ခင်ဗျားလူတွေ သတင်းမရှိ သတင်းလုပ်ကြံပေးကြတာဖြစ်မှာပဲ" ဟု ခါးခါးသီးသီးဆိုခဲ့သည်။

### မီးကိုရှာရခြင်း

သို့သော် မီးခိုးတွေ့က မီးကိုရှာရမည် မဟုတ်ပါလော။ သတင်းထွက်လာမှ ဟုတ်မဟုတ် မှန်မမှန်ကို အထင်ဖြင့် ဆုံးဖြတ်ခြင်းထက် ရှာကြည့်တိုက်ကြည့်သင့်သည်မဟုတ်ပါလော။ အပြင်မှ လိုက်၍ ထောက်လှမ်းခြင်းထက် အတွင်းသို့ ဝင်က ပို၍ခရီးရောက်၊ ပို၍တိကျသောသတင်းများကို ရနိုင်မည်မဟုတ်ပါလော၊ ထို့ကြောင့် ဟုတ်သည် မဟုတ်သည် အပထား၍ မီးခိုးတွေ့မှ မီးကိုရှာရမည့် ဝတ္တရားအတိုင်း ထောက်လှမ်းရေးအဖွဲ့များကို လည်း ထိုသတင်းကိုဆက်၍ လိုက်ကြရန်ညွှန်ကြားခဲ့သည်။ ကျွန်ုပ်တို့ကိုယ်တိုင်လည်း ထိပ်တင်ဦးမောင်ကလေး၏ လူရင်းများထဲမှ ကျွန်ုပ်တို့အတွက် စိတ်ချယုံကြည်ရသူ ရဲအရာရှိများကို ရှာဖွေ၍ အတွင်းသို့ဝင်နိုင်ရန် စီစဉ်လုံးပန်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



**ဦးစော**

ဤတွင် စာဖတ်သူတို့သိရှိထားရန်လိုသော ဦးစောနှင့်ပတ်သက်သည့် နောက်ကြော ဖြစ်ရပ်တစ်ခုကို တင်ပြဖို့လိုသည်။

ဒေါက်တာ ဘမော်၊ ဂဠုန်ဦးစော၊ သခင်ဗစိန်အစရှိသော အဝေးရောက်နိုင်ငံရေးသ များ၊ လွတ်ငြိမ်းချမ်းသာခွင့်ရ၍ ဗမာပြည်သို့ ပြန်ရောက်လာကြသောအခါ စော-စိန်-မော် ဂိုဏ်း ဖ-ဆ-ပ-လ နှင့် အတိုက်အခံဂိုဏ်းတစ်ခု ပေါ်ခဲ့သည်။ သို့သော် ထိုအဖွဲ့တွင် ဒေါက်တာဘ ဗိုလ်ရန်နိုင်၊ သခင်ဗစိန်တို့သာ ရှေ့တန်းထွက်၍ တရားပွဲများ ကျင်းပခြင်း၊ အတိုက်အခံလုပ်ခြင်း လုပ်ကြသော်လည်း ဂဠုန်ဦးစောမှာ ရှေ့တန်းသို့မထွက်ဘဲ သူရိယသတင်းစာကို ဦးစီး၍ သတင်း မှသာ အတိုက်အခံလုပ်ခဲ့သည်။

ထိုအတောအတွင်း တစ်နေ့သောညနေပိုင်းတွင် ဦးစောသည် သူရိယသတင်းစာတိုက် မိမိနေအိမ်သို့ ကားနှင့်အပြန် ပြည်လမ်းမကြီးပေါ်တွင် နောက်မှ ကားတစ်စီးကလိုက်၍ သေ ဖြင့် ပစ်ခတ်ခံရပါသည်။ ကံအားလျော်စွာ ကားမှန်များတင်ထားသဖြင့် ကျည်ဆန်များမှာ မှန်ကို ထိမှန်ပြီး ထိုမှန်ကွဲအစအနများလွင့်စဉ်၍ မျက်စိတစ်ဖက်ကို ထိခိုက်ခြင်းခံရလေသည်။ လူ ကား ဘာမှထိခိုက်ဒဏ်ရာရမှုမရှိခဲ့ပေ။ ထိုကိစ္စနှင့် ဆေးရုံသို့ တက်ရသည်။ မျက်စိခွဲစိတ်ကု ရသည်။

ထိုသတင်းကို ကြားသိရသောအခါ ဖ-ဆ-ပ-လ ခေါင်းဆောင်များကိုယ်တိုင် သတင်း သည်။ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြတို့ကိုယ်တိုင် ဆေးရုံသို့သွား၍ ကြည့်ရှုကြသည်။ ထိုအချိန် ဖ-ဆ-ပ-လမှာ ဘာအာဏာမှ မရှိသေး။ နယ်ချဲ့တို့နှင့် ပွဲကြီးပွဲကောင်းကို အပြင်းအထန်ဆ နေတုန်းအခါသာ ဖြစ်လေသည်။

နောက်ပိုင်းတွင် ဖ-ဆ-ပ-လ မှ ဘုရင်ခံအမှုဆောင်အဖွဲ့သို့ ဝင်ရောက်သည့်အခါ ဦး နှင့် သခင်ဗစိန်တို့ အစိုးရအဖွဲ့တွင်ထည့်ရန် ဘုရင်ခံက အရေးဆိုသည်ကိုလည်း အသာတကြည် လိုက်လျောခဲ့ကြသည်။ ဘိလပ်သို့ ကိုယ်စားလှယ်လွှတ်သောအခါလည်း ဦးစောနှင့် သခင်ဗ တို့ပါဝင်မှုကို သဘောတူခဲ့ကြသည်။ အောင်ဆန်းအက်တလီစာချုပ်ကို လက်မှတ်ရေးထိုးရာ၌ ၎င်းတို့က အတိုက်အခံလုပ်ခဲ့ကြသဖြင့် နောက်ကြားဖြတ်အမျိုးသားအစိုးရဖွဲ့စည်းရာတွင် ၎င်း ဖြုတ်ထားခဲ့ရလေသည်။

ဂဠုန်ဦးစောကား မိမိအားလုပ်ကြံသူများမှာ ဖ-ဆ-ပ-လမှဖြစ်သည်ဟု စွဲစွဲမြဲမြဲယုံကြ ခဲ့သည်။ ထိုအတွင်း ဖ-ဆ-ပ-လ ခေါင်းဆောင်များနှင့် ဆက်ဆံခြင်းမှာ ဟန်ဆောင်သာဖြစ်သ လက်စားချေရေးအတွက် သဲသဲမဲမဲ အခဲမကျေ အမြဲကြံစည်လျက်ရှိသည်မှာ နောက်ပိုင်းတွင် ထင် လာပါတော့သည်။

**တာဝန်သိသိ**

ကျွန်ုပ်တို့သည် ၁၉၄၇ ခုနှစ် ဧပြီ ၉ ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ ကို ကျင်းပပြီးစီးခဲ့သည်။ သို့သော် ထိုနေ့တွင် တိုင်းပြည်ပြုလွှတ်တော်ဖြစ်ပေါ်လာသည်မဟုတ်



ထိုတိုင်းပြည်ပြုလွှတ်တော်အတွက် ကိုယ်စားလှယ်များရွေးပွဲသာဖြစ်သည်။ ထိုကိုယ်စားလှယ်များ စုံညီ ၁၉၄၇ ခုနှစ် ဇွန် ၁၀ ရက်တွင်စုဝေးပြီးမှ တိုင်းပြည်ပြုလွှတ်တော်ဆိုတာ တရားဝင်ဖြစ် ပေါ်ခဲ့ခြင်းဖြစ်လေသည်။ ယခုအခါ ပထမဆုံးအကြိမ် တိုင်းပြုပြည်ပြုလွှတ်တော်ကို တရားဝင် ကျင်းပ၍ အခြေခံဥပဒေရေးဆွဲရေးအတွက် အရေးကြီးသည့် လမ်းညွှန်မှုကြီးများကို ဆွေးနွေးပြဌာန်း ပြီးဖြစ်ကြသည်။ အခြေခံဥပဒေရေးဆွဲရေးအတွက် ဗဟိုကော်မတီကြီးနှင့် ကော်မတီအသီးသီးကို လည်း ဖွဲ့စည်းပြီးဖြစ်ကြသည်။ ထိုကော်မတီများ အလုပ်လုပ်နေချိန်တွင် လွှတ်တော်ကိုလည်း ခေတ္တ ရွှေ့ဆိုင်းထားချိန် ဖြစ်လေသည်။

ဤသို့ အခိုက်အတန့်ရရှိသောအချိန်ကလေးကိုပင် ဖ-ဆ-ပ-လ သည် အလဟဿအကုန် မခံနိုင်ပေ၊ အံချိန်ကိုလု၍ လုပ်နေကြရသည် မဟုတ်ပါလော။ နောက်ဆုံးအဆင့် နောက်ဆုံးအပိုင်း အတွက်လည်း ပြင်ရဆင်ရပေဦးမည်။ ပြည်သူလူထုသို့လည်း လုပ်ပြီးသမျှ အသိပေးရ၊ အစီရင်ခံရ ပေဦးမည်။ လွတ်လပ်ရေး၏ နောက်ဆုံးအဆင့်အတွက် ပြင်ဆင်သည့်သဘော၊ လမ်းခင်းသည့် သဘောဖြင့် ဦးနုအမှူးပြုသော မိတ်ဆက်အဖွဲ့ကို ဘိလပ်သို့စေလွှတ်ခဲ့သည်။ နယ်ကိုယ်စားလှယ် အမတ်များကိုလည်း မိမိတို့ဆိုင်ရာနယ်ပယ်သို့ တစ်လှည့်စီပြန်၍ အခြေအနေအရပ်ရပ်နှင့် လုပ်ပြီး သမျှ လုပ်ငန်းရပ်များ၊ ရင်ဆိုင်ရမည့်ပြဿနာများကို လူထုသို့အစီရင်ခံရန် ညွှန်ကြားခဲ့သည်။ နယ်ကိုယ်စားလှယ် အသီးသီးတို့လည်း မိမိတို့ဆိုင်ရာ နယ်ပယ်များသို့ပြန်ကာ နိုင်ငံရေးရှင်းလင်းပွဲများ ပြုလျက်ရှိကြသည်။ ဖ-ဆ-ပ-လ အဖွဲ့ချုပ်အနေဖြင့်လည်းကောင်း၊ ရန်ကုန်မှရွေးကောက်ခံရသော ကိုယ်စားလှယ်များအနေဖြင့်လည်းကောင်း တိုင်းပြည်နှင့် ရန်ကုန်လူထုသို့ အစီရင်ခံရန် တာဝန်ကျေ လျက်ရှိသည်။

**နောက်ဆုံးမှာတမ်း**

ထို့ကြောင့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့တော်ခန်းမ၌ ဖ-ဆ-ပ- လ မှ ကြီးမှူး၍ နိုင်ငံရေး ရှင်းလင်းပွဲကြီးတစ်ရပ်ကို ကျင်းပခဲ့လေသည်။ လူထုက ဝက်ဝက်ကွဲမျှ စည်ကားလှသည်။ ထိုတရားပွဲ၌ဗိုလ်ချုပ်အောင်ဆန်းက "ယနေ့ ကျွန်တော်တို့ရဲ့နိုင်ငံရေးရှင်းတမ်းက ဖ-ဆ-ပ-လ အဖွဲ့ချုပ် ဥက္ကဋ္ဌအနေဖြင့်သာမဟုတ်ဘဲနဲ့ ဒီရန်ကုန်မြို့နယ်တစ်နယ်ကနေပြီးတော့ ရွေးကောက်လိုက်တဲ့ တိုင်းပြည်ပြုလွှတ်တော်အမတ်အနေနဲ့ ဒီတိုင်းပြည်ပြုလွှတ်တော်ထဲမှာ ဘာတွေ လုပ်နေလို့ ဘာတွေလုပ်ခဲ့တယ်ဆိုတာတွေကို နယ်သူနယ်သားတွေ ပြန်သိအောင် အစီရင်ခံဖို့ ရည်ရွယ်ချက်က အဓိကရည်ရွယ်ချက်အဖြစ်နဲ့ထားပြီးတော့ကာ ကျွန်တော်အခုစကားပြောဆိုပါ မယ်"ဟု ဆိုခဲ့သော်လည်း တိုင်းပြည်ပြုလွှတ်တော်ရေးရာတစ်ခုတည်းသက်သက်ကိုသာ ရှင်းလင်း သည်မဟုတ်ပေ။ လွတ်လပ်ရေးနှင့် ပတ်သက်သည့်ရေးရာများ၊ လွတ်လပ်ရေးတည်မြဲမှုနှင့် ပတ်သက်သည့်ရေးရာများ၊ နိုင်ငံထူထောင်ရေးနှင့်ပတ်သက်သည့် ရေးရာများကိုပါ အကျယ်တဝင့် ရှင်းပြခဲ့သည်။ ပြည်သူလူထုကိုလည်း လွတ်လပ်ရေးနှင့် ထိုက်တန်သော လူမျိုးပီသရန်၊ စိတ်ဓာတ်နှင့် အကျင့်ပြုပြင်ရေး၊ စည်းကမ်းရှိရေးများကိုလည်း မညှာမတာ ဝေဖန်ညွှန်ကြားခဲ့လေသည်။

ထိုနေ့ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကား အဘက်ဘက်မှ အပြည့်စုံဆုံး ဗမာပြည်နှင့်

www.burmeseclassic.com



မြည်သူတို့အတွက် ဘယ်တော့မှ မရိုးနိုင်ဆုံး မိန့်ခွန်းတစ်ရပ်ဟု ဆိုရပေမည်။ ကျွန်ုပ်တို့အား သင်
စာယူစရာ၊ လိုက်နာကျင့်ကြံစရာ အမြဲညွှန်ကြားနေမည့် မိန့်ခွန်းဖြစ်လေသည်။ ဗမာပြည်
အမြဲမပြတ်သတိပေးနေမည့် မှာတမ်းကြီးလည်းဆိုနိုင်သည်။ ဤမိန့်ခွန်းမှ သိစရာ၊ မှတ်
လိုက်နာကျင့်သုံးစရာများကို ကောက်ချက်ထုတ်လျှင် မကုန်နိုင် မခန်းနိုင် များမြောင်လှသ
ဗမာတွေ စိတ်ဓာတ်ပြုပြင်ရေးနှင့် ပတ်သက်၍ အနည်းငယ်မှ ကောက်နုတ်ပြရသော် -

"ဗမာတွေ စိတ်ထက်သလေးဘာလေးနဲ့ တလွဲဆံပင်ကောင်းနေကြတယ်။ ဗမာ
လွတ်လပ်ရေးရအောင် လုပ်ရမယ့်တိုက်ပွဲမျိုးမှာ အသုံးမချဘူး။ ဗမာပြည်ပြန်လည်ထူထောင်ရေ
အသုံးမချဘူး။ ဗမာချင်းချဖို့မှာ လုပ်ချင်တယ်။ ဒါမျိုးတွေလုပ်ချင်လို့ ဘယ်တော့မှ အကျိုးမရှိ
ဟူ၍၎င်း၊

"ဒီတော့ကာ ခင်ဗျားတို့ဟာ လွတ်လပ်ရေးကိုလိုချင်ရင် လွတ်လပ်ရေးရနိုင်လော
စည်းကမ်းကိုရှိကြပါ။ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးကိုရနိုင်တဲ့ ထူထောင်မှုကိုလုပ်
အဲဒီလိုလုပ်ပြီးတဲ့နောက် ရှေ့ကို လွတ်လပ်ရေးအရသာကို ခံစားစံစားချင်တယ်ဆိုရင် အလုပ်လု
ဖို့၊ စည်းကမ်းရှိကြဖို့ ယခုကတည်းက ခင်ဗျားတို့ ကိုယ့်အကျင့်ဆိုးတွေ၊ အကျင့်ဟောင်း
စောက်ကျင့်တွေကို ပြင်ကြဖို့လိုပြီဆိုတာ ကျွန်တော် ယနေ့ပြောခဲ့ချင်တယ်" ဟူ၍ ၎င်းပြော
ဆိုစရာရှိသည်များကို ဘွင်းဘွင်းရှင်းရှင်း တိတိလင်းလင်းပဲ ဆိုခဲ့လေသည်။

ဤမိန့်ခွန်းကို ကြားနာရစဉ်က မည်သူတစ်ဦးတစ်ယောက်မျှ ဤမိန့်ခွန်းသည် ဗိုလ်
အောင်ဆန်း၏ နောက်ဆုံးမိန့်ခွန်းဖြစ်လိမ့်မည်ဟု မမျှော်လင့်ခဲ့၊ မမှတ်ယူခဲ့။ သို့သော်လည်း
အဖို့ဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံး မိန့်ခွန်းကြီးဖြစ်လျက်ရှိလေသည်။ မိမျှော်
ဗမာပြည်နှင့် ဗမာလူထုအတွက် အဘက်ဘက်မှ ပြည့်စုံလှသော နောက်ဆုံးမှာတမ်းကြီးဖြစ်
လေပြီ။ ကြည်ညိုအပ်သည့်၊ လေးစားအပ်သည့် ပုဂ္ဂိုလ်ကြီးများ၏ နောက်ဆုံးစကား၊ နောက်
ကြားချက်များကို လေးလေးနက်နက်ထား၍ လေးစားကြမြဲဖြစ်သည်။ ဗိုလ်ချုပ်၏ ဤနောက်
မိန့်ခွန်းကို နောက်ဆုံးမှာတမ်းအနေဖြင့် ကျွန်တော်တို့ ဗမာပြည်သူလူထုတစ်ရပ်လုံး အလေး
ထား၍ လေးစားလိုက်နာကျင့်သုံးအပ်လှသည် မဟုတ်ပါလော။

## ဝိပါက်ရယ် ကြမ္မာငင်တော့

လေပြင်းမုန်တိုင်းကျရောက်ပါပြီ။ ယခုဆက်လက်၍ ရင်နာဖွယ်၊ တရားရသံဝေဂယူ
ကောင်းလှသည့် သမိုင်းဖြစ်ရပ်ကြီးတစ်ခုကို တင်ပြရပါတော့မည်။ "သိလျက်ကယ်၊ ဝိပါက်
ကြမ္မာငင်တော့"ဟူသည့် တေးသွားအတိုင်း ယူကျုံးမရဖြစ်ရသည့် ဖြစ်ရပ်ကြီးလည်းဖြစ်သ
ဗမာပြည် တည်သမျှ မေ့မရသည့် ဖြစ်ရပ်ကြီးလည်းဖြစ်သည်။ ကိုယ်တွေ့ကြုံခဲ့ရသူများ ယနေ့
တွေးမိတိုင်း အံကြိတ်ရ၊ မျက်ရည်ကျရသည့် ဖြစ်ရပ်ကြီးလည်း ဖြစ်လေသည်။ လွတ်လပ်
ရောင်ခြည်သန်းချိန်တွင် ပြည်သူ့အသည်းစွဲ၊ တစ်ခေတ်တွင်တစ်ယောက် ရခဲလှသော အမျိုး
ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေါင်းပါ နိုင်ငံ့နောင်တော်ကြီးတချို့ကို လူမ
တစ်စုက ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်လိုက်လေသည်။





ဤဖြစ်ရပ်ကြီးကား လွတ်လပ်ရေးသမိုင်း၊ ဗမာနိုင်ငံရေးသမိုင်းတွင် သီးခြားကဏ္ဍ
တစ်ရပ်အနေဖြင့် ရှိအပ်၊ မှတ်တမ်းတင်အပ်သော ဖြစ်ရပ်ကြီးဖြစ်ပါသည်။ သို့သော် မည်သူမျှ
ယနေ့တိုင် ပြည့်ပြည့်စုံစုံဖြင့် တစ်ကဏ္ဍဖွဲ့၍ မှတ်တမ်းမတင်သေး။ ကျွန်ုပ်လည်း ဤဆောင်းပါးတွင်
တင်ပြနိုင်မည် မဟုတ်ပေ။ ဤဆောင်းပါးမှာ သမိုင်းစစ်သမိုင်းမှန်ကို ကွင်းဆက်မှန်မှန်ဖြင့် ပုံကြမ်း
လွှန်း၊ ပုံကြမ်းလောင်းပေးနေခြင်းသာဖြစ်ရာ ဖော်သင့်သလောက် အနည်းအကျဉ်းသာ ဖော်ပြနိုင်
မည်ဖြစ်လေသည်။ ဤဖြစ်ရပ်နှင့်ပတ်သက်၍ ပြင်ပအမြင်အသိဖြင့် များစွာရေးသားခဲ့ကြပါပြီ။
သင်ခန်းစာယူဖွယ်၊ တရားရဖွယ်အတွင်းမှ မြင်ရသိရပုံကို တိုတိုပဲတင်ပြပါရစေ။

လောကတွင် လူတိုင်းကို မိမိနှင့်နှိုင်း၍ စဉ်းစားခြင်းမှာ မမှန်ပေ။ မိမိမကြံ၊ မလုပ်သည်ကို
ကြံမည့်သူတွေ များစွာရှိလေသည်။ မိမိကိုယ်ကို အထင်ကြီးလွန်း၊ ရန်သူကိုအထင်သေးလွန်းခြင်း
သည် မှားပါသည်။ မိမိကိုယ်ကို အထင်ကြီး၍ ပျက်စီးရခြင်း၊ ရန်သူကို အထင်သေး၍ ဆုံးရှုံးရခြင်း
များစွာသာဓကရှိလေသည်။ ဝဋ်နှင့် ကြမ္မာငင်လာက သိရက်နှင့်မတားနိုင်၊ မဆီးနိုင်ခံလိုက်ရသည့်
ထုံးများလည်း ရာဇဝင်တွင် ဒုနဲ့ဒေး၊ မျက်မြင် လောကတွင်လည်း အမြဲကြုံတွေ့နေရလေသည်။
ဤသင်ခန်းစာများသည် ဤဖြစ်ရပ်ကြီးတွင် တစ်စိတ်တစ်ဒေသအကျုံးဝင်လျက်ရှိလေသည်။

## ဆင်ကြံ ကြံခံရခြင်း

ကျွန်ုပ်တို့သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အချိန်မီပြီးစီးရန် ကြိုးပမ်းရ၊ လွတ်လပ်
ရေးနောက်ဆုံးအဆင့်အတွက် ပြင်ဆင်ရ၊ လမ်းခင်းရနှင့် အချိန်လု၍ အလုပ်ရှုပ်နေချိန်တွင် မသမာ
သူအကြံသမားတစ်စုက ဆင်ကြံ ကြံလျက်ရှိခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင် ဒုတိယပတ်အတွင်း ရဲဌာနချုပ်ပုံရေးဌာန (ဘီအိုဒီ) လက်နက်ဂိုဒေါင်မှ
ဝန်လက်မှတ် အတုဖြင့် ဘရင်းဂန်း ၂၀၀ နှင့် ကျည်ဆန်များ ထုတ်ယူမှုတစ်ခုဖြစ်ခဲ့သည်။ ၁၅-
၇-၄၇ နေ့ထုတ် ဗမာ့ခေတ်သတင်းစာတွင် ထိုသတင်းကို အကျယ်တဝင့်ဖော်ပြခဲ့သည်။ မူလက
ဂဠုန်ဦးစောတို့လူသိုက် အကြံပက်ပက်စက်စက် ကြံစည်နေသည်ဟု သတင်းပေးစဉ်က မယုံမကြည်
ဖါးခါးသီးသီးဖြစ်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းက "ကိုဗဆွေ၊ ခင်ဗျားသတင်းမှန်နေ ပြီထင်တယ်"
ဟု ပြောကြားခဲ့သည်ကို ကြားယောင်မိသေးသည်။

ကျွန်ုပ်တို့သည် ဂဠုန်ဦးစော၏ လျှို့ဝှက်လှုပ်ရှားမှုနှင့်ပတ်သက်၍ သတင်းရရှိသည့်
အချိန်မှစ၍ ရဲအဖွဲ့သို့လည်း မျက်ခြည်မပြတ်စောင့်ကြည့်ရန် ညွှန်ကြားခဲ့သည်။ အတွင်းကျကျသိနိုင်
ရန်လည်း အတွင်းလူသွင်းဖို့ စီစဉ်ခဲ့သည်။ ဦးစောအထိဝင်ရောက်နိုင်အောင် လူယုံမသွင်းနိုင်သော်
လည်း ထိုစဉ်က ဦးစောအတွက် စည်းရုံးရေးလုပ်နေသော ထိပ်တင်ဦးမောင်ကလေး၏ အသိုင်းအဝိုင်း
ကိုကား လူသွင်းထားနိုင်သည့် အဆင့်သို့ရောက်ခဲ့ပါသည်။ အင်္ဂလိပ်အရာရှိကြီးအချို့နှင့် ဆက်
သွယ်၍ အကြံကြီးတစ်ခု ကြံစည်လုပ်ဆောင်နေသည်ကို သေချာသလောက်သိရှိနိုင်ခဲ့သည်။

## အခါတော်ပြီးသော်

ဤအတောအတွင်း ဂဠုန်ဦးစောက ပေဒင်ဆရာခေါ်ပြီး အခါတော်ပေးသည်။ ပေဒင်ဆရာ



www.burmeseclassic.com

www.burmeseclassic.com



က ဇူလိုင်လ ၁၉ ရက် နံနက်ပိုင်း ၁၀ နာရီ မိနစ် ၃၀ နောက်ပိုင်းကို အခါပေးသည်။ ထိုနေ့ထို အချိန်တွင် တစ်ခုခုတော့လုပ်လိမ့်မယ်ဟု အတွင်းရောက်နေသူများက သတင်းပေးကြသည်။ ဤ သတင်းနှင့်ပတ်သက်၍ ဘာဖြစ်နိုင်မည်ကို ဆန်းစစ်ကြသည်။ သတင်းပေးသူရော၊ ဌာနချုပ်မှ ပုဂ္ဂိုလ်အချို့ကပါ ထိုနေ့ထိုအချိန်တွင် အတွင်းဝန်များရုံး၌ အစိုးရအဖွဲ့ဝန်ကြီးများအစည်းအဝေး သဖြင့် လုပ်ကြံမှုတစ်ခုဖြစ်နိုင်သည်ဟု ယူဆကြသည်။ ကျွန်ုပ်သည် ဗိုလ်ချုပ်ဆီသွားပြီး ချက်ချင်း တင်ပြသည်။ ဗိုလ်ချုပ်အောင်ဆန်းက "ဒီလောက်ဖြောင့်ကျ၊ အတင့်ရဲတဲ့အကြံမျိုး အလုပ်မျိုး မကြံ မလုပ်ရဲပါဘူး" ဟု ဆိုခဲ့သည်။

## မိုးမှောင်ကျချိန်ဝယ်

ထိုအချိန်တွင်လည်း ဦးနုတို့ ဘီလပ်က ပြန်ရောက်လာပြီ။ ကံဆိုးချင်၍လားမသိ။ ထိုစဉ်က ပြည်ထဲရေးဝန်ကြီး ဖြစ်သူ ဦးကျော်ငြိမ်းနှင့်အဖွဲ့သည် နောက်ပိုင်းကိစ္စမပြီးပြတ်သေး၍ ကျန်နေခဲ့သည်။ ပျော်ဘွယ်ဦးမြက ပြည်ထဲရေးဌာနကို ယာယီကိုင်ထားရသည်။

၁၉၄၇ ခုနှစ် ဇူလိုင် ၁၈ ရက်က ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ ဖ-ဆ-ပ-လ အဖွဲ့ချုပ် အလုပ်အမှုဆောင် အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပသည်။ ဘီလပ်က ပြန်ရောက်လာသော ဦးနုက မိမိအတွေ့အကြုံနှင့်ဆောင်ရွက်ချက်များကို တင်ပြအစီရင်ခံသည်။ ဦးနု၏အစီရင်ခံချက် များကို ဆွေးနွေးပြီးသောအခါ ကျွန်တော်က အထက်ပါသတင်းကို အလုပ်အမှုဆောင်သို့ တင်ပြ သည်။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ကြိုတင်ကာကွယ်သည်ကား မမှားနိုင်။ ဒါကြောင့် ဇူလိုင်လ ၁၉ ရက်နေ့တွင် အတွင်းဝန်ရုံးတွင် ချိန်းဆိုထားသော ဝန်ကြီးများအစည်းအရုံးကို ဗိုလ်ချုပ် နေအိမ်သို့ ပြောင်း၍ ကျင်းပလျှင် ကောင်း၍ဟု အကြောင်းပြ၍ ရွှေ့ဆိုင်းပါ။ ဒါမှမဟုတ် ဗိုလ်ချုပ်နေအိမ်မှာ ပြောင်း၍လုပ်ပါဟု တိုက်တွန်းခဲ့သည်။ ဗိုလ်ချုပ်က နှစ်ခုစလုံးကို လက်မခံ။ "ခင်ဗျားက ဒီလူတွေကို ဒီလောက် အထင်ကြီးနေသလား။ ဒီလောက်အတင့်ရဲ ဖြောင့်ကျတဲ့အလုပ်မျိုးကို မလုပ်ရဲပါဘူး။ ကျုပ် ခင်ဗျား အကြံပေးသလိုလုပ်ရင် သူတို့ကို ကြောက်ရာကျမှာပေါ့"ဟု ဆိုခဲ့သည်။ ကျန်လူများကလည်း တစ်ယောက်တစ်ပေါက် ပြောကြဆိုကြသေးသော်လည်း မရခဲ့ပေ။

## ကြိုတင်ကာကွယ်ခဲ့သော်လည်း

ဖ-ဆ-ပ-လ အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးပြီးဆုံးသောအခါ ပြည်သူ့ရဲဘော် ခေါင်းဆောင်များနှင့် ကျွန်ုပ်တို့ အမှုဆောင်တချို့ ဆက်ထိုင်ဆွေးနွေးခဲ့ကြသည်။ ဟုတ်ဟုတ် မဟုတ် ဟုတ် ကြိုတင်ကာကွယ်မှုယူထားသင့်သည်ဟု ယူဆကြသည်။ ထို့ကြောင့် (၁) ယာယီပြည်ထဲရေး ဝန်ကြီး ပျော်ဘွယ်ဦးမြက အတွင်းဝန်များရုံးလုံခြုံရေးကို တာဝန်ယူ၍ ရဲဝိုင်ယာလက်ကားကိုခေါ်ထား ရန်၊ (၂) ပြည်သူ့ရဲဘော်ဌာနချုပ်က (က) လက်ရွေးစင် အသေခံရဲဘော်နှစ်ဦးကို ရွေးချယ်၍ ဗိုလ်ချုပ် နှင့်အတူ ထည့်ပေးရန်၊ (ခ) ထိုနေ့ ဝန်ကြီးများအစည်းအဝေးချိန်တွင် အတွင်းဝန်များ ရုံးပတ်ဝန်း ကျင်တွင် အရပ်စားဖြင့် ရဲဘော်များလွှတ်ထားရန် တာဝန်ခွဲယူကြသည်။ (ထိုစဉ်က အတွင်းဝန်များ ရုံးတွင် အတားအဆီးမရှိ။ လူတိုင်း လွတ်လွတ်လပ်လပ် ဝင်ထွက်နိုင်သည်။ ဝန်ကြီးများတွင်လည်း





သက်တော်စောင့်မထား၊ အပါးတော်မြဲ တစ်ယောက်နှင့်သာ သွားလာကြသည်။ ဗိုလ်ချုပ်အောင်ဆန်း မှာ ကိုယ်ရံတော်အစောင့်အရှောက်ရှိသော်လည်း ဘယ်တော့မှ သွားရာကိုခေါ်လေ့မရှိ။ အပါးတော်မြဲ ဗိုလ်ထွန်းလှတစ်ဦးသာ လိုက်ပါရသည်။)

## မမေ့နိုင် ဇူလိုင် ၁၉

ဇူလိုင် ၁၉ ရက်သို့ ရောက်ပါပြီ။ ထိုနေ့ နံနက် ၉ နာရီကျော်လောက်တွင် ဗိုလ်ချုပ် အောင်ဆန်းသည် အတွင်းဝန်များရုံးသို့ ထွက်ခွာရန် အိမ်ပေါ်မှဆင်းလာသည်။ ကားပေါ်တွင် ပြည်သူ့ရဲဘော်ဌာနချုပ်မှလွှတ်ထားသော ရဲဘော်နှစ်ဦးကို တွေ့သော် "မင်းတို့ဘာကောင်တွေလဲ၊ ဘာလာရှုပ်တာလဲ"ဟု ကြိမ်းမောင်းတော့သည်။ ဗိုလ်ထွန်းလှနှင့် ရဲဘော်များက ရှင်းပြသော်လည်း မရ။ "မလိုချင်ဘူး။ ဆင်းခဲ့ကြ"ဆို၍ ဆင်းနေခဲ့ကြရသည်။ အတွင်းဝန်များရုံးသို့ ရောက်လေပြီ။ ရုံးအတက်အဆင်းတွင် ရဲဝိုင်ယာလက်ကားရပ်ထားသည်ကို တွေ့ရသည်။ "ဒီမှာ မင်းတို့အလုပ် မရှိဘူး။ သွားကြ"ဟု နှင်လွှတ်ပြန်သည်။ အစည်းအဝေးခန်းမတွင် ဝန်ကြီးများ စုံစုံညီညီရောက် လျက်ရှိသည်။ ဗိုလ်ချုပ်အောင်ဆန်းရောက်ပြီး မကြာမီမှာပင် စည်းဝေးပွဲလည်းစတင်ပါပြီ။ ပြည်သူ့ရဲဘော်ဌာနချုပ်တွင် စုရုံးထားသော ရဲဘော်များမှာလည်း ကားအခက်အခဲ၊ လူမစုံသေး သည့် အခက်အခဲတို့ဖြင့် အချိန်မီ မရောက်ရှိကြသေး။

ထိုနေ့နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဗမာပြည်နိုင်ငံရေးသမိုင်းတွင် မိုးသက်မုန်တိုင်းကြီး ကျရောက်ခဲ့ရလေပြီ။ မြန်မာပြည်တစ်ပြည်လုံး ယူကျုံးမရဖြစ်ရသည့် ဖြစ်ရပ်ကြီးဖြစ်ပေါ်ခဲ့လေပြီ။ လူမဆန်ရက်စက်ကြမ်းကြုတ်သည့် လူသတ်ကောင် (မောင်စိုး၊ သက်နှင်း၊ စိန်ကြီးနှင့် ရန်ကြီးအောင်) တို့၏ လက်ချက်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်ကြီးများ ရေတိမ်နစ်ခဲ့ကြလေပြီ။ "သိလျက် နှင့် --- ဝိပါက်ရယ် ကြမ္မာငင်ရသည့်ကိန်း" ကြုံခဲ့ရလေပြီ။ ထို့နေ့၊ ထိုအဖြစ်အပျက်၊ ထိုလုပ်ကြံမှု ကြီးနှင့်ပတ်သက်၍ ရေးသူများပြီး လူတိုင်းသိနေပြီဖြစ်၍ မရေးသားလိုတော့။

၁။ ဗိုလ်ချုပ်အောင်ဆန်း ၂။ သခင်မြ ၃။ ဒီးဒုတ်ဦးဘချို ၄။ ဦးဘဝင်း ၅။ မန်းဘခိုင် ၆။ ဦးရာဇတ် ၇။ မိုင်းပွန်စော်ဘွားကြီး ၈။ အတွင်းဝန်ဦးအုန်းမောင် ၉။ ရဲဘော်မောင်ထွေးတို့မှာ ယမသူတစ်စုရဲ့ လုပ်ကြံမှုနဲ့ကျဆုံးခဲ့ရလေသည်။ အစည်းအဝေးပွဲတွင် ရှိနေသူများမှ သေကံ မရောက် သက်မပျောက် ကျန်ခဲ့သူများမှာ ၁။ ဝန်ကြီးဘဂျမ်း ၂။ ဝန်ကြီးပျော်ဘွယ်ဦးမြ ၃။ ဝန်ကြီး ဦးအောင်ဇံဝေ ၄။ အတွင်းဝန် ဦးရွှေဘော် တို့ ဖြစ်ကြလေသည်။ ဝန်ကြီးဦးကျော်ငြိမ်းမှာ နိုင်ငံခြားရောက်နေ၍လည်းကောင်း ဝန်ကြီးဦးဝမ်းကိုဟော၊ ဝန်ကြီးဆမားဒူးဝါးဆင်ဝါးနောင်နှင့် ဝန်ကြီး စောစံဖိုးသင်တို့မှာ နယ်ထွက်နေကြသဖြင့် ကံကောင်းသူများဖြစ်ခဲ့ကြလေသည်။ ဇူလိုင် ၁၉ ရက်ကား မြန်မာပြည်နိုင်ငံရေးသမိုင်းတွင် အမည်းကွက်ကြီးစွန်းထင်းသည့် နေ့၊ မိုးသက်မုန်တိုင်း ကျသည့်နေ့ကြီး ဖြစ်ခဲ့လေပြီ။ ။

[ရွှေတူဂျာနယ်၊ အတွဲ ၁၊ အမှတ် ၂၀၊ ဒီဇင်ဘာ ၁၅၊ ၁၉၇၀]



www.burmeseclassic.com

www.burmeseclassic.com

# ခေါင်းဆောင်ကြီးများ ကျဆုံးရစဉ်က

## ဝန်ကြီးဟောင်း ဦးဗဂျမ်း ၏ မျက်မြင်ကိုယ်တွေ့

ရက်ကား ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်ဖြစ်၍ နေ့ကား စနေနေ့ ဖြစ်ပါသည်။

ထိုအခါက ကျွန်တော်သည် လမ်းပန်းအဆောက်အအုံနှင့် ပြန်လည်ထူထောင်ရေးဌာန အုပ်ချုပ်ရသည်ဖြစ်ရာ ထိုဌာန၏အတွင်းဝန်မှာ အိုင်စီအက်စ် ဦးအုန်းဖြစ်၍ ဒုတိယအတွင်းဝန် အိုင်စီအက်စ် ဦးချမ်းသာဖြစ်သည်။

ကျွန်တော်သည် အမှတ် ၈၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗလစ ဌာနချုပ်တွင်နေထိုင်လျက် ရှိရာ ဟသ်ာတခရိုင်သို့ ခရီးထွက်ခဲ့သည်မှအပြန် အအေးမိ၍ အနည်းငယ်ဖျားလျက်ရှိ၏။

ထိုနေ့တွင် ဝန်ကြီးများ အစည်းအဝေးကျင်းပမည်ဖြစ်ရာ ကျွန်တော်သည် မကောင်းသဖြင့် အကြောင်းထူးသာမရှိခဲ့လျှင် ထိုအစည်းအဝေးသို့ တက်ဖြစ်မည်မဟုတ်ပေ။ ထို ကျင်းပသည့် ဝန်ကြီးများအစည်းအဝေးတွင် ပြောပြသင့်သော သတင်းထူးတစ်ခုကို ကျွန်တော် ထား၏။ သတင်းထူးပုံမှာ စစ်တပ်မှမလိမ့်တပတ်ဖြင့် စက်သေနတ် (ဘရင်းဂန်း) အလက် ထုတ်ယူသွားသူမှာ ဦးစောဖြစ်ကြောင်း၊ ထိုသို့ ထုတ်ယူစဉ်က ဦးစောသည် ရှမ်းဘောင်းဘီ၊ မျက် နက်၊ ဆွယ်တာလက်ပြတ်နှင့်ဖြစ်၍ ထုတ်ယူသွားသော မော်တော်ကား ရှေ့တန်းကား မောင်း ဘေးတွင် ထိုင်လျက်ပါကြောင်းများအပြင် ဦးစောတို့လူစုသည် ကုဒီတား (ခေါ်) 'လက်နက် အာဏာသိမ်းယူရန်' ကြံစည်လျက်ရှိကြကြောင်းတို့ကို သတင်းရရှိထား၏။ သို့သော် သတ်ဖြတ် အထိ အကြံပက်စက်ကြမည်ဟူ၍ကား ထိုအခါက ကျွန်တော် လုံးဝမတွေးတောခဲ့မိပေ။



ရရှိထားသောသတင်းထူးကို ဝန်ကြီးများအစည်းအဝေးတွင် တင်ပြလိုသဖြင့် ကျွန်တော်သည် နေမကောင်းလျက်နှင့်ပင် အဝတ်ထူထူ အထပ်ထပ်ဝတ်၍ အစည်းအဝေးသို့သွား၏။

အစည်းအဝေးကျင်းပမည့်နေရာသည် အတွင်းဝန်များရုံး၊ အလယ်ထပ်၊ ဗိုလ်ချုပ်အောင်ဆန်း၏ ရုံးခန်းတွင် ဖြစ်၍ စမည့်အချိန်မှာ နံနက် ၁၀ နာရီ ဖြစ်၏။

အစည်းအဝေးမစမီ မိနစ်အနည်းငယ်ခန့်အလိုတွင် ဗိုလ်ချုပ်နှင့် ကျွန်တော် အစည်းအဝေးခန်းဝတွင် မျက်နှာချင်းဆိုင်ဆုံမိပြီး အခန်းတွင်းသို့ အတူဝင်သွားကြ၏။ ထိုနေ့တွင် ဗိုလ်ချုပ်သည် ဝတ်နေကျစစ်ဝတ်စစ်စားမဟုတ်ဘဲ ထူးထူးခြားခြား အရပ်ဝတ် အရပ်စားနှင့်လာ၏။ ရွှေပလားရောင် ဗန်ကောက်လုံချည် ပိုးအင်္ကျီတို့နှင့်ဖြစ်၍ ဆံပင်မှာ လည်း ခါတိုင်းကဲ့သို့ ဖုတ်ဖွားဖွားကြီးမဟုတ်ဘဲ ညှပ်ပြီးစဖြစ်၍ သပ်ရပ်၏။

"ဗိုလ်ချုပ်က ဒီလိုတော့ အချောကြီးပဲ. . . "ဟု ကျွန်တော်က ပြောင်၍ပြောလိုက်၏။

"နိုင်ငံရေးသမားတွေဟာ လွတ်လပ်ရေးရပြီးရင် စစ်သားစိတ်ဖျောက်ပြီး အရပ်သားစိတ်မွေးမြူကြဖို့ အရေးကြီးတယ်"ဟု ဗိုလ်ချုပ်က ပြန်ပြော၏။

ဗိုလ်ချုပ်၏အခန်းမှာ အတော်ကျယ်၍ မျက်နှာစာတွင် လူဝင်တံခါးကြီး သုံးပေါက်လည်းကောင်း၊ လက်ယာဘက်ဘေးတွင် ဗိုလ်ချုပ်၏အတွင်းရေး အတွင်းဝန် ဗိုလ်ထွန်းလှ၏ အခန်းသို့ကူးသော တံခါးလည်းကောင်း၊ လက်ဝဲဘက်ဘေးတွင် ဝန်ကြီးများအဖွဲ့ အတွင်းဝန် ဦးရွှေဘော်၏ အခန်းသို့ကူးသော တံခါးသည်လည်းကောင်း ရှိပြီးလျှင်၊ အခန်း၏ ကျောဘက်တွင် ပြတင်းပေါက်သုံးခုရှိ၏။ အခန်းတွင်း အရှေ့မြောက်ထောင့်တွင် ဗိုလ်ချုပ်၏အလုပ်စားပွဲရှိ၍ အခန်း၏ တောင်ဘက်နံရံတွင် ဝန်ကြီးများ အစည်းအဝေးစားပွဲရှိ၏။

ဝန်ကြီးများ အစည်းအဝေးစားပွဲသည် စားပွဲရှည်သုံးခုကို ထောင့်ချိုး(ဂ)ငယ်ပုံ သုံးဖက်ပိတ် တစ်ဖက်ဖွင့်ဆက်၍ ထား၏။ ထိပ်စားပွဲသည် ၁၀ ပေခန့်ရှည်၍ သုံးပေခန့်ကျယ်၏။ ထိုထိပ်စားပွဲ၏ အစွန်းတစ်ဖက်တစ်ချက်တွင် ယှဉ်၍ ဒေါင်လိုက်ဆက်ထားကာ စားပွဲမှာ ၁၈ ပေခန့်ရှည်၍ သုံးပေခန့်ကျယ်၏။

ထိပ်စားပွဲ၏အလယ်တွင် ဗိုလ်ချုပ်ထိုင်၏။ ဗိုလ်ချုပ်၏လက်ဝဲဘက်တွင် ဝန်ကြီးများအဖွဲ့ အတွင်းဝန် ဦးရွှေဘော် ထိုင်၏။ လက်ယာဘက်နံဘေးရှိ စားပွဲရှည်တွင် သခင်မြ၊ ဦးဘချို၊ ဦးရာဇတ်၊ ဘဝင်း၊ မန်းဘခိုင်တို့ တစ်ယောက်ပြီးတစ်ယောက် ယှဉ်၍ထိုင်ကြ၏။ ထိပ်စားပွဲ၏ လက်ဝဲဘက် ဘေးရှိ စားပွဲရှည်တွင် ကျွန်တော်၊ ဦးအောင်ဇံဝေ၊ ပျော်ဘွယ်ဦးမြ၊ မိုင်းပွန်စော်ဘွားကြီးတို့ တစ်ယောက်ပြီးတစ်ယောက် ယှဉ်၍ထိုင်ကြ၏။

အစည်းအဝေးသည် ချိန်းထားသည့်အတိုင်း ၁၀ နာရီမှာ အချိန်မှန်စ၏။ အစဉ်အလာ အတိုင်း အရေးကြီးသောကိစ္စများ စဉ်းစားသောအခါ သက်ဆိုင်ရာဌာန အတွင်းဝန်သည် လိုအပ်က ရောက်၍ ရှင်းလင်းပြောပြရ၏။ ထိုနေ့က ကိစ္စအချို့ စဉ်းစားပြီးသည့်နောက် ၁၀ နာရီခွဲကျော် လောက်တွင် လမ်းပန်းဆက်သွယ်ရေး စီမံကိန်းကို စဉ်းစားရန် အလှည့်ကျသဖြင့် သက်ဆိုင်ရာ ဌာန၏ဒုတိယအတွင်းဝန်ဖြစ်သော အိုင်စီအက်စ်ဦးအုန်းမောင်သည် အစည်းအဝေးသို့ရောက်ရှိ ပြီးလျှင် လက်ယာဘက်စားပွဲထိပ် သခင်မြ၏အနီး၌ကပ်လျက်ထိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖုန်းမောင်ရောက်ရှိပြီး နှစ်မိနစ် သုံးမိနစ်ခန့်အကြာတွင် အစည်းအဝေးခန်းမကြီး၏ မျက်နှာစာရှိ တံခါး သုံးပေါက်အနက်က မြောက်ဆုံးတံခါးပေါက်ကိုတွန်း၍ ဖွင့်ပြီးလျှင် စစ်ဝတ်စုံဝတ်ထားသော လူလေးငါးယောက်သည် တော်မီဂန်း၊ စတင်းဂန်းစသည့် သေနတ်များကို ကိုင်ဆောင်၍ အစည်းအဝေးခန်းမအတွင်းသို့ ဝင်ရောက်လာကြ၏။ ထိုအခါက ကျွန်တော်သည် သူတို့ဝင်လာသည့် တံခါးကို မျက်နှာမူ၍ထိုင်နေသဖြင့် ဝင်လာသည့်အချိန်မှစ၍ ကောင်းစွာ သတိပြုမိ၏။ ဝင်လာသူများသည် တပ်မတော်၏ အဝတ်အစားများကို ဝတ်ဆင်လာကြသဖြင့် တပ်မတော်သားများ ဖြစ်သည်ဟုပင် ထင်မိ၏။ သူတို့သည် အလွန်အရေးကြီး၍ ရုတ်တရက်ဖြစ်ပေါ်သော ကိစ္စတစ်ခုခုကို ဝန်ကြီး အစည်းအဝေးသို့ အစီရင်ခံလိုသဖြင့် လာကြသည်ဟု တွေးမိ၏။ နားမလည်သေး၊ ရိုင်းသေးသဖြင့် သာ တစ်ယောက်တည်းမလာဘဲ လူများစု၍ လာခြင်း၊ သေနတ်များ ကိုင်ဆောင်လာခြင်းတို့ကို ပြုလုပ်ကြသည်ဟု တစ်ဆက်တည်းတွေးကာ နောက်နောင်ဝန်ကြီးအစည်းအဝေးသို့ ကိစ္စရှိ၍လာရောက်လျှင် တပ်မတော်သားတစ်ဦးသည် လက်နက်ကို အပြင်မှာ ထားခဲ့ရန်နှင့် တစ်ယောက်တည်းလာရန် အမိန့်ထုတ်ထားပါဟု ဗိုလ်ချုပ်အား ပြောမည်ဟူ၍ပင် စဉ်းစားမိ၏။

ဝင်လာသူ ယူနီဖောင်းဝတ် လက်နက်ကိုင်တို့သည် အစည်းအဝေးစားပွဲကြီး၏ စားပွဲထိပ် အနီး (၈ပေ) ဝမ်းဗိုက်၏အဝင်ဝသို့လာ၍ သုံးယောက်ခန့် ရှေ့နောက်စီကာရပ်ပြီးလျှင် ရှေ့ဆုံးမှ လာသူသည် "ဟိတ်"ဟု အသံကျယ်စွာ တစ်ခွန်းအော်လိုက်ပြီး ဗိုလ်ချုပ်အား တော်မီဂန်းနှင့်ချိန်၍ ပစ်၏။ ဗိုလ်ချုပ်သည် မတ်တတ်ရပ်လိုက်ကာ သေနတ်ပစ်သူတို့ဘက်သို့ လက်ကာပြပြီးလျှင် တစ်စုံတစ်ခုကို ပြောလိုက်၏။ ဘာပြောသည်ဟူ၍ကား ကျွန်တော် နားမလည်လိုက်ပေ။

ထိုသို့ပစ်လိုက်သည်နှင့်တစ်ပြိုင်နက် ပျော်ဘွယ်ဦးမြနှင့် ဦးရွှေဘော်တို့သည် ရှေ့ရှုဘက်ရှိ ပြတင်းပေါက်မှ ကျော်ထွက်ပြီးလျှင် ပြတင်းပေါက်အောက်ရှိ နှစ်ပေခန့်ကျယ်သော ကြမ်းပြင်ခွင်မှ ကွယ်၍ ဦးရွှေဘော်၏အခန်းသို့ ကူးပြေးကြ၏။ ကျွန်တော်သည် ထိပ်စားပွဲနှင့် အလျားလိုက်ယှဉ်လျက် ကြမ်းပေါ်တွင်မှောက်၍ အိပ်လိုက်၏။ ထိုသို့ အိပ်လိုက်သောအခါ ကျွန်တော်၏လက်ဝဲဘက်တွင်ရှိသော ဦးအောင်ဇံဝေ၏လက်ကိုလည်း ဆွဲ၍ချလိုက်သဖြင့် ဦးအောင်ဇံဝေသည်လည်း ကျွန်တော်နှင့်အတူ အိပ်လိုက်၏။

ထိုသို့ ရန်သူလက်နက်ဖြင့် ကြုံကြိုက်သောအခါ လှဲ၍အိပ်လိုက်ခြင်းသည် ဂျပန်ခေတ်က အတွင်းက ရရှိခဲ့သော အလေ့အကျင့်အမွေ ဖြစ်၏။ ဗုံးကြဲလေယာဉ်ပျံများလာသဖြင့် အာရှလူမျိုး သူနာပြုအဖွဲ့များကို ဗုံးကျရာသို့ စေလွှတ်သောအခါ ကျွန်တော်အမြဲမှာလေ့ရှိသော နောက်ဆုံး စကားများမှာ (ဗုံးကြဲလျှင်၊ စစ်သေနတ်ပစ်လျှင် အမြန်ဆုံးလှဲ၍အိပ်လိုက်)ဟု ဖြစ်နေသည်ကို သတိပြုမိ၏။ ကျွန်တော်သည် သမ္ဗုဒ္ဓေဂါထာ၊ သိရသ္မိံဂါထာနှင့် မေ္တာဂါထာများကို စိတ်အတွင်း အမြဲရွတ်လေ့ရှိသည့်အတိုင်း ထိုသို့ ကြမ်းပေါ်တွင်မှောက်၍နေစဉ် အချိန်တွင်လည်း ရွတ်နေမိ သည်ကို သတိပြုမိ၏။ ဦးအောင်ဇံဝေသည် ၂၄ ပစ္စည်းခေါ် ပဋ္ဌာန်းကျမ်း၏အကျယ်ဖြစ်သော ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော်ကို အနှစ်သုံးဆယ်ကျော်မျှ တစ်နေ့မပြတ် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သဖြင့် အလျောက် ကြမ်းပေါ်သို့လှဲလိုက်သည့် အချိန်မှစ၍ ရန်သူများ ထွက်သွားသည့်အချိန်အထိ စိတ်တွင်အာရုံပြု၍ရွတ်ကြောင်း နောက်မှစုံစမ်းသိရှိရလေသည်။





ထိုသို့မှောက်လျက်ရှိစဉ် ကျွန်တော်၏လက်ဝဲဘက်နံဘေးသည် ပူခနဲဖြစ်သွား၏။ ကျည်ဆန်တစ်ခု ဘေးသို့ရှပ်၍ ဖောက်ဝင်သွားသည်ဟု ထင်မိ၏။ သို့သော် သေနိုင်သောနေရာမဟုတ်ဟု၍လည်း တွေးလိုက်သေး၏။

အိမ်ပြန်ရောက်၍ကြည့်သောအခါ ထိုသို့ ပူခနဲဖြစ်သည့်နေရာ (နံရိုးစွန်းနှင့် တင်ပါးရိုး အကြားအသား)တွင် လက်သန်းဖျားခန့်မည်း၍နေသော အပိုင်းငယ်တစ်ခုကို တွေ့ရ၏။ ထိုနေရာနှင့် တည့်တည့်သက္ကလပ်အပေါ်အင်္ကျီတွင် လက်မဝက်ခန့်ရှည်၍ မန်ကျည်းစေ့ခန့်ကျယ်သော အပေါက်ငယ်တစ်ခုကိုလည်း တွေ့ရ၏။ ထိုသို့ ကျည်ဆန်မှန်သော နေရာတွင် လုံချည်၊ ဘောင်းဘီ၊ ရှပ်အင်္ကျီ၊ စွယ်တာလက်ပြတ်နှစ်ခုစွပ်ကျယ်နှင့် အပေါ်အင်္ကျီပါ အားလုံး ခုနစ်ထပ်ရှိသည်ကို တွေ့ရ၏။

ကျွန်တော်၏ လက်ယာဘက် လက်သူကြွယ်အဖျားတွင် တစ်ချက်ထိမှန်၏။ ကျည်ဆန်သည် လက်ဖျားမှဝင်ပြီး လျှင် အလယ်ဆစ်၏ဘေးမှထွက်၏။ လက်ဖျားဆစ်၏ အတွင်းသားနှင့် အရိုးတစ်ပိုင်းပဲ့ ပါသွားသဖြင့် လက်ဖျားဆစ်တွင် စပါးစေ့တစ်ခြမ်းလောက်မျှသော အရိုးတစ်ပိုင်းနှင့် အပေါ်ရေသာကျန်ရစ်သည်ဖြစ်ရာ အဖူးကို နုတ်ယူထားသည့် ပြောင်းဖူးနှင့်တူ၏။

သူသတ်ယောက်ျားတို့ကား သုံးယောက်ပြိုင်တူ ပစ်ကြ၏။ ပထမရပ်၍ ပစ်ကြ၏။ နောက် ဒူးထောက်၍ ပစ်ကြ၏။ ကျွန်တော်နှင့် ဦးအောင်ဇံဝေတို့ကိုမူကား ကြမ်းပေါ်တွင် မှောက်လျက်ရှိသဖြင့် သေပြီထင်ပြီး မပစ်တန် လက္ခဏာရှိ၏။

အပစ်အခတ်ရပ်စဲပြီး သူသတ်များ ပြန်ထွက်နေစဉ် တံခါးဝလောက်အရောက်မှာ ဦးအောင်ဇံဝေသည် မှောက်နေရာမှထထိုင်ပြီး ဗိုလ်ချုပ်လဲနေသည့်ဘက်ကို လက်ညှိုးထိုး၍ပြပြီးလျှင် "သေကုန်ကြပြီ . . သေကုန်ကြပြီ . . . "ဟု ညည်းတွားလိုက်၏။

ကျွန်တော်က ဦးအောင်ဇံဝေအား ဆွဲ၍လှဲလိုက်ပြီးလျှင် "မထနဲ့ဦး . . . ပြန်ဝင်လာရင် ခင်ဗျားကို ပစ်လိမ့်မယ် . . . "ဟု ပြော၏။ ကျွန်တော်တို့ မိနစ်ဝက်ခန့်ဆက်၍ မှောက်နေကြပြီးလျှင် နှစ်ယောက်အတူ ထကြ၏။ တစ်ခန်းလုံး မီးခိုးဖြင့် မှောင်လျက် ယမ်းငွေ့တထောင်းထောင်းထ လျက်ရှိ၏။ ဗိုလ်ချုပ်ကား ပက်လက်လဲလျက် ရှိ၏။

ဦးအောင်ဇံဝေနှင့် ကျွန်တော်တို့သည် ဦးရွှေဘော်၏ အခန်းဘက်သို့ ကူးသွားပြီးလျှင် တယ်လီဖုန်းဆက်ရန် ကြိုးစား၏။ တယ်လီဖုန်းဆက်၍ မရ၊ ပျက်နေဟန်ရှိ၏။ ကျွန်တော်၏ အခန်းသို့သွားရန် ဦးရွှေဘော်၏ အခန်းပြင်သို့ ထွက်လိုက်ရာ ထိုအချိန်က ရန်ကုန်ပုလိပ်မင်းကြီး ဖြစ်သူ ဦးအောင်ချိန်အား အခန်းဝတွင် တွေ့၏။

"ဘာဖြစ်ကြတာလဲ . . . "ဟု ဦးအောင်ချိန် မေးသောအခါ "လာလာ . . လိုက်သာကြည့် တော့"ဟု ပြောကာ ဦးအောင်ချိန်အား ဦးရွှေဘော်၏ အခန်းကိုဖြတ်၍ အစည်းအဝေးခန်းသို့ ဦးအောင်ဇံဝေနှင့် ကျွန်တော်တို့က ခေါ်သွား၏။ ကျွန်တော်တို့ ပြန်သွားသောအချိန်တွင် ဗိုလ်မှူးပွန်စော်ဘွားကြီးသည် သွေးပေလျက်ရှိသော မေးစေ့နှင့်ပါးစပ်တခြားကို လက်ယာလက်ဝါးဖြင့် အုပ်ကာ ဗိုလ်ထွန်းလှ၏ ဘက်သို့လျှောက်သွား၏။ သို့သော် ဗိုလ်ထွန်းလှ ထွက်လာသဖြင့် လမ်းတွင် ပင် ဆုံမိကြ၏။ ဗိုလ်ထွန်းလှသည် အစည်းအဝေးခန်းသို့ ဝင်လာပြီးလျှင် သူသတ်တို့ထွက်သွားသော လမ်းကိုဖိတ်၍ ချက်ထိုးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ချိန်အား အစည်းအဝေးခန်းတွင်ထားပြီး ဦးအောင်ဇံဝေနှင့် ကျွန်တော်၏အ
သို့ သွားကြ၏။ အခန်းသို့ရောက်လျှင် ဦးအောင်ဇံဝေသည် ကျွန်တော့်လက်တွင်ရသော ဒဏ်
ကိုကြည့်၍ ကျည်ဆန်မှာ အဆိပ်ပျံ့မည် စိုးရသည်။ ချက်ချင်းဆေးထည့်ပါဟု သတိပေး
ကျွန်တော်သည် ကျွန်တော်၏အတွင်းရေးအတွင်းဝန် မောင်သန်းမြင့်အား ဆရာဝန်ခေါ်ခဲ့ရန်
ထားပြီး အိမ်သို့ပြန်၏။ ကုလားဆရာဝန်တစ်ယောက်၊ ဗိုလ်လက်ျာ၏ညီ ဒေါက်တာလှရွှေတို့ ရောက်
ရောက်ပြီးလျှင် လက်ဖျားကိုဆေးထည့် ဂွမ်းဆို့၍ချုပ်ပြီး ဒေါက်တာလှရွှေက လက်ပြာနေ
သဘောမကျ။ အဆိပ်ကြောင့်ဖြစ်ချင်လျှင် ဖြစ်နိုင်သည်ဟုပြောကာ အဆိပ်ဖြေဆေးကို အ
သဖြင့် မောင်သန်းမြင့်ကိုလွှတ်၍ စစ်တပ်တွင် ရှာစေ၏။ ထိုးဆေးရှာနေစဉ်အတွင်း ဆေးရုံကြီး
လိုက်ခဲ့ပါ။ ဆေးရုံကြီးမှာ ကိရိယာစုံသည်ဟု ဒေါက်တာလှရွှေက အကြံပေးသဖြင့် လိုက်သွား

ဆေးရုံကြီးသို့ရောက်သောအခါ ဒေါက်တာဘသန်းနှင့် ဒေါက်တာလှရွှေတို့ တိုင်ပင်ပြီး
ကုသ၍ ဖြစ်နိုင်သောနည်းမျိုးစုံဖြင့် လိုလေသေးမရှိအောင် ကုသကြ၏။ စစ်တပ်တွင် ရှာ
အဆိပ်ဖြေထိုးဆေးလည်း အလွယ်တကူပင် ရရှိလာသဖြင့် ထိုးရ၏။ ဦးဘချို့နှင့် မိုင်းပွန်စော်ဘွား
တို့အား ခွဲစိတ်ကုသရန် ပြင်ဆင်လျက်ရှိကြောင်း၊ ဒဏ်ရာရသူ ကျန်ပုဂ္ဂိုလ်များမှာ အားလုံးသေဆုံး
ပြီဖြစ်ကြောင်း ကျွန်တော် ဆေးရုံမှမပြန်မီ ကြားသိခဲ့ရ၏။

ည ၈ နာရီခန့်တွင် ဒေါက်တာလှရွှေထံမှ စကားပြောကြေးနန်းဖြင့် ဝန်ကြီးများ
အလောင်းကိုညွှန်ကြားချက် တစ်စုံတစ်ရာမရရှိသဖြင့် ရေခဲတိုက်သို့ မပို့ရသေးဘဲ ဆေးရုံမှာပ
သေးကြောင်း ပြောသည်။ ရေခဲတိုက်သို့ ပို့သာပို့ပါ။ ကျွန်တော် လုံးဝတာဝန်ယူပါမည်ဟု အကြော
ပြန်ကြားလိုက်၏။

ယခုကဲ့သို့ ဗိုလ်ချုပ်နှင့်တကွ နိုင်ငံ့မျက်နှာဖုံးခေါင်းဆောင်ကြီးများ ကျဆုံးရခြင်းမှာ ဦး
စေတနာကို မိမိယုံကြည်လွန်းသောကြောင့် ဖြစ်၏။ ထိုသို့မဖြစ်မီအချိန်အတော်ကြာကပင် ဗိုလ်
နှင့်တကွ ဝန်ကြီးများအား သတ်ဖြတ်ရန် ကြံစည်စိုင်းပြင်းလျက်ရှိကြကြောင်း အစီရင်ခံစာ
အကြိမ်ကြိမ်ရရှိခဲ့၏။ ထိုသို့ အစီရင်ခံစာများရရှိ၍ ဆွေးနွေးကြသောအခါတွင် ဗိုလ်ချုပ်
"ကျွန်တော်တို့လို စေတနာသန့်သန့်ရှင်းရှင်းနဲ့ အဘက်ဘက်ကစင်ကြယ်တဲ့လူတွေကို သတ်
ဆိုတာမဟုတ်နိုင်ပါဘူး။ ကျွန်တော်တို့ကိုသတ်ရင် တစ်နိုင်ငံလုံးကအုံကြွပြီး သူတို့ကိုကော မသတ်
နေမလား"ဟုပြောဖူး၏။

ဝန်ကြီးအစည်းအဝေး၊ အခမ်းအနား စသည်တို့တွင် လက်နက်ကိုင် ပုလိပ်အစော
အရှောက်၊ စစ်တပ်အစောင့်အရှောက်တို့ကို ဗိုလ်ထွန်းလှကစီမံလျှင် ဗိုလ်ချုပ်သဘောမကျ။

"တို့က လူထုရဲ့အစိုးရပါ။ လက်နက်ကိုင် အစောင့်အရှောက်မလိုပါဘူး. . ."ဟု ပြော
ရှိ၏။

မြတ်စွာဘုရားသော်မှ ဒေဝဒတ်၊ စိဉ္စမာနစသော ရန်သူများ ရှိနေသေးကြောင်းကို ပ
သော်လည်း သတိဖြစ်ခဲဆိုသောစကားအတိုင်း ကျွန်တော်တို့ မဆင်ခြင်မိဘဲ ပေါ့ပေါ့ဆဆ
လှသဖြင့်သာ ယခုကဲ့သို့ ခေါင်းဆောင်ကြီးများ ရေတိမ်မှာ နစ်ကြရရှာပေသည်။

ဦးစော၏အကြံသည် တစ်ရက်တည်းစောသွားသဖြင့် အောင်မြင်ခဲ့သည်။ စစ်တပ်မှ





ဂန်းအလက် ၂၀၀ ဦးစောလိမ်၍ထုတ်ကြောင်းသတင်းကို သခင်မြတွင်လည်းကောင်း၊ ကျွန်တော့်တွင်
လည်းကောင်း အခိုင်အလုံရရှိထား ကြပြီဖြစ်၍ ထိုနေ့ဝန်ကြီးများ အစည်းအဝေးနောက်ပိုင်း အထွေ
ထွေခန်းတွင် ဦးစောအားဖမ်းရန် ညွှန်ကြားဖို့ ဆုံးဖြတ်ဖွယ်ရှိ၏။

ဦးစောနှင့်အပေါင်းပါတို့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံ့မျက်နှာဖုံး အခြားခေါင်း
ဆောင်ကြီးများအား သတ်လိုက်ခြင်းဖြင့် ထိုပုဂ္ဂိုလ်များအား သေစေသည်မဟုတ်။ နိုင်ငံတစ်ခုလုံး
ကို သေစေသည်မည်၏။

**ကံကောင်းသူ ဝန်ကြီးများ**

ထိုနေ့ အစည်းအဝေးတွင် မတက်ရောက်သဖြင့် ကံကောင်းသောဝန်ကြီးများမှာ ဦးကျော်
ငြိမ်း၊ ဆမားဒူးဝါး၊ စောစံဖိုးသင်နှင့် ဦးဝမ်ကိုဟောတို့ ဖြစ်ကြ၏။ ထိုအခါက ပြည်ထဲရေးဌာန
ဝန်ကြီးဖြစ်သော ဦးကျော်ငြိမ်းမှာ အင်္ဂလန်သို့ သွားနေခိုက်ဖြစ်၍ ပြည်ထဲရေးဌာနကို ပျော်ဘွယ်ဦးမြ
က တပ်ချုပ်လျက် ရှိ၏။ ကျန်ဝန်ကြီးသုံးဦးမှာ နယ်သို့ရောက်ရှိ ခရီးလွန်နေ၍ အစည်းအဝေးမတက်
ဖြစ်ဟု သိရ၏။ ။

[မြဝတီမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၅၃]



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်သိသော ဦးနောင်ချို

ရွှေမိုး

[ ၁ ]

ကျွန်တော်သည် ဦးနောင်ချိုနှင့်ရင်းရင်းနှီးနှီး သိကျွမ်းခဲ့ရလိမ့်မည်။ ဆွေးဆွေးနွေးနွေး ဆက်ဆံခဲ့ရလိမ့်မည်ဟု ဘယ်တုန်းကမျှ မမျှော်လင့်ခဲ့ပေ။

သို့သော် ထိုနေ့တွင် ဦးနောင်ချို၏ရှေ့မှောက်သို့ မမျှော်လင့်ဘဲ ရောက်ခဲ့ရပေ၏။

ကန်တော်ကြီးကိုဖြတ်၍ တိုက်လာသော လေချိုနုသည် ပတ်လမ်းရှိ ဦးနောင်ချို၏ အိမ်ဖြူပြတင်းမှ ဝင်ရောက်ကာ အဖြူနုရောင် စားပွဲခင်းစကို တော့၍ တော့၍ ဆော့နေပေ၏။ စားပွဲပေါ်ရှိ ကော်ဖီပန်းကန်များသည် အေးစက်၍ နေပြီဖြစ်ရာ ကစီနှစ်များပင် တက်နေပေ၏။ နံနက် ၁၁ နာရီမှစ၍ စားပွဲပေါ်သို့ ရောက်လာသော ကော်ဖီပန်းကန်များကို ယခုညနေစောင်း ... နာရီထိအောင် မသောက်ရသေး။ သောက်၍လည်း ကောင်းတော့မည်မဟုတ်။

"အဲဒါပဲကွ. . .။ အလုပ်ကိုနည်းမှန်အောင် လုပ်ကြဖို့ပဲလိုတယ်။ ကမ္ဘာ့အခြေအနေ ... ကောင်းနေပြီ။ ဒီတစ်ခါတော့ တို့ရဲ့ (Revolution) အောင်ရမှာ အမှန်ပဲ။ ကဲ ကော်ဖီသောက်ကြ ဦးကွာ. . ."

လေးနာရီလုံးလုံး မရပ်မနားဘဲ ကြီးစွာသော အာရုံစူးစိုက်ခြင်းဖြင့် ကျွန်တော်တို့ ကွန်မြူနစ်ပါတီဝင် ရဲဘော် တစ်စုအား ကမ္ဘာ့နိုင်ငံရေးနှင့် ဗမာ့နိုင်ငံရေးများကို ရှင်းလင်းပြော... နေသော ဦးနောင်ချိုသည် သူ့ရှေ့မှ ကော်ဖီပန်းကန်ကိုကောက်ယူ၍ သောက်လိုက်ပေ၏။ ထိုအ...



...ကျမှပင် ကျွန်တော်တို့လည်း ကော်ဖီပန်းကန်များကို အသီးသီးကိုင်ယူမိ ကြပေတော့သည်။

ထိုနေ့ကိုကား ဘယ်တော့မျှ မေ့နိုင်တော့မည်မဟုတ်။

အဘယ့်ကြောင့်ဆိုသော် ဦးနောင်ချိုအပေါ်ဝယ် အထင်မြင်မှားဖြစ်လာခဲ့သမျှသည် ထိုနေ့တွင် ပျောက်လွင့်ကုန်သောကြောင့်ပေတည်း။ ဦးနောင်ချိုနှင့်မတွေ့သေးမီက ဦးနောင်ချိုနှင့်ပတ်သက်၍ ဦးထွန်းဝေတို့ လူတစ်သိုက်ထံမှ ကြားသိခဲ့ရသည်တို့မှာ တစ်မျိုးဖြစ်ခဲ့၏။ ဦးနောင်ချို အကြောင်း မကောင်းတာများကိုသာ ကြားနာခဲ့ရ၏။ ဦးနောင်ချိုအပေါ်တွင် အထင်လွဲ အမြင်လွဲ ဖြစ်ခဲ့၏။

ယခုမူကား အထင်အမြင်လွဲမှားခြင်းများသည် မရှိကြတော့ပြီ။ ဦးနောင်ချိုအပေါ်ဝယ် ယုံကြည်အားကိုးသော စိတ်တို့သည် တထောင်းထောင်း ဖြစ်ပေါ်ခဲ့ပေပြီ။ ဦးနောင်ချိုကို အားကိုးရာ ခေါင်းဆောင်ကြီးဟူ၍ တထစ်ချပင် ယူဆလိုက်ပေပြီ။

ထို့ကြောင့် ထိုနေ့ကို မမေ့နိုင်တော့။

[ ၂ ]

မမေ့နိုင်သော ထိုနေ့ကား အခြားမဟုတ်။ ၁၉၄၄ ခုနှစ် အောက်တိုဘာ ၃ ရက်နေ့ပင် ဖြစ်၏။

ဒေးဒရဲမြို့ရှိ ကွန်မြူနစ်ပါတီ (ဗမာပြည်)ဌာနချုပ်တွင် ဆရာကြီးဦးထွန်းဝေထံမှ ပြန် ...ရောက်လာစ ရှိသေး၏။ ဦးထွန်းဝေနှင့် ဒုတိယအကြိမ်မြောက် တွေ့ဆုံဖူးခြင်းလည်း ဖြစ်၏။ ဦးထွန်းဝေ ...ရေးခဲ့သော ဆိုရှယ်လစ်ဝါဒကျမ်းကို ဖတ်ဖူးခဲ့သည့်အချိန်မှစ၍ မာ့က်စ်လီနင်ဝါဒ၏ ကျောင်းတော် ...သားဖြစ်ခဲ့သော ကျွန်တော်သည် ဦးထွန်းဝေကို အဝေးမှကြည်ညို၍ နေခဲ့၏။ ဘုရားရှိခိုးတိုင်းပင် ဦးထွန်းဝေနှင့်တကွ ဆိုရှယ်လစ်ဝါဒအကြောင်းကို ရေးသားဖူးကြသော သခင်ဗဟိန်း၊ သခင်သန်း ...ထွန်း၊ တက်ဘုန်းကြီး ကိုသိန်းဖေ၊ သခင်ဗိုလ်အစရှိသော ပုဂ္ဂိုလ်ကြီးများ အသက်ရာကျော်ရှည်ကြပါ ...စေမည့်ကြောင်း အကြိမ်ကြိမ်ထပ်လောင်း၍ ဆုတောင်းခဲ့ပေ၏။

ဘီအိုင်အေကာလကိုလွန်၍ ဘီဒီအေခေတ်တွင်းသို့ဝင်လာသောအခါ ဆရာကြီးဦးထွန်းဝေ ...ပါဝင်သော ကွန်မြူနစ်ပါတီနှင့် ကျွန်တော်သည် အဆက်အသွယ်ရခဲ့ပေ၏။ ဦးထွန်းဝေ၏ ညာလက် ...ရုံးကြီးဖြစ်သော ဦးတင်မြနှင့် ရှေ့ဦးစွာ တွေ့ဆုံခဲ့ရ၏။ တပ်နီ ဗိုလ်ချုပ်ဟောင်း ဗိုလ်သိန်းတန်က ...ဆက်ပေးခဲ့၏။ နောက်ဆုံးတွင် ကိုတင်မြမှတစ်ဆင့် ဆရာကြီး ဦးထွန်းဝေထံ လူကိုယ်တိုင် ...ရောက်ခဲ့ပေတော့၏။

ဦးထွန်းဝေကို မြင်လျှင်မြင်ချင်း ရင်ဖိုခဲ့၏။ ဦးထွန်းဝေ၏ ဖော်ရွေမှု သဘောတရား စာပေ ...များကို အံ့သြလောက်အောင် ကိုးကား၍ ပြောဆိုနိုင်မှုတို့ကို တွေ့ရသောအခါ ကျွန်တော့်ကိုယ် ...ကျွန်တော် ဦးထွန်းဝေအတွက်ဟူ၍ ရည်စူးကာ လှူထားလိုက်တော့၏။ ဦးထွန်းဝေ၏ပြောစကားကို ...စကားလုံးမကျန် နားထောင်မိ၏။ တရားမင်၍ ပုဂ္ဂိုလ်ကိုခင်လေရာ၊ ထိုမှတစ်ဖန် သူ့တရားကို နက်နဲစွာ ...လိုက်၍ဝင်၍ လာပါလေတော့၏။

သို့ဖြစ်၍ ဦးထွန်းဝေက "သခင်အောင်ဆန်းဟာ စစ်ဝါဒသမားကြီးပါ။ မျက်နှာမြိုးချစ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ယောက်ပါ"ဟုဆိုသောအခါ ကျွန်တော်သည် မစဉ်းစားတော့ဘဲ မျက်စိမှိတ်၍ ယုံခဲ့လေ
သည်။

၁၉၄၄ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့သို့ ရောက်သောအခါမှသာ ကျွန်တော်
ဦးထွန်းဝေ၏ဩဇာမှ လွတ်မြောက်ရန် လူးလွန့်စပြုခဲ့ရလေ၏။

"ကိုယ့်လူကို ဦးနောင်ချိုနဲ့နက်ဖြန်ခါ သွားတွေ့ကြရမယ်၊ မေ့မနေကြနဲ့ဦး. ."

ရဲဘော်ကိုတင်မြက ကျွန်တော်တို့ရဲဘော်တစ်စုအား လိုက်လံ၍ အကြောင်းကြား
ဦးနောင်ချိုအပေါ်ဝယ် အထင်မကြီးလှသော ကျွန်တော်သည် ကိုတင်မြ၏စကားကြောင့်
၍ နေမိ၏။ ဘာကိစ္စကြောင့် ဦးနောင်ချိုနှင့် သွားတွေ့ကြရဦးမှာပါလိမ့်။

ရဲဘော်ဗိုလ်သိန်းတန်ကမူ "ဗိုလ်ချုပ်ကိုလည်း အထင်မသေးနဲ့ဗျာ၊ သူလည်းပဲ
ဝါဒသမားပါပဲ။ သူ့စေတနာဟာ တိုင်းပြည်အတွက်ပါပဲ။ ဒါတော့ သံသယဖြစ်စရာမရှိပါဘူး
မျှတသောအမြင်ဖြင့် ပြောဆိုပါသေးသည်။

သို့သော်လည်း ကျွန်တော်သည် ဆရာကြီးထွန်းဝေဟု အမည်တွင်ခဲ့သော 'ဆရာ
သခင်စိုးနှင့် ကိုတင်မြ၊ ကိုစံညွန့်တို့၏ တစ်ဖက်နားသွင်း စကားများကြောင့် ဗမာ့ကာကွယ်
တပ်မတော်ကြီး၏ ဗိုလ်ချုပ်ကြီးဖြစ်လာသော သခင်အောင်ဆန်းခေါ် ဦးနောင်ချိုအပေါ်ဝယ်
မကြီးနိုင်အောင် ဖြစ်နေပေသေး၏။ ထို့ကြောင့် "ဂျပန်နဲ့ ပေါင်းခဲ့တာဟာ မှားခဲ့တာပဲ မဟုတ်လား"
ပြောခဲ့ပေ၏။

ယခုတော့ ဗိုလ်ချုပ် ဦးနောင်ချိုနဲ့တွေ့၍ ဩဝါဒပေးခြင်းကို ခံရပေဦးတော့မည်။
တွင်ကား လိုက်လိုက်လှဲလှဲ မရှိလှသေး။

ဦးထွန်းဝေဦးစီးသော ကွန်မြူနစ်ပါတီဝင် ရဲဘော်များဖြစ်ကြသည့် ဗိုလ်သိန်း
ဗိုလ်စိုးမောင်၊ ဗိုလ်လှမော် (တောခို ကွယ်လွန်သူ)၊ ကိုထွန်း၊ ကိုစိုးတင့်၊ ကိုစိန်လှိုင်၊ ကို
ကိုတင်မြနှင့် မောင်စန်းငွေခေါ် ကျွန်တော်တို့သည် ကွန်မြူနစ်ပါတီ၏ လုပ်ငန်းများကို ဗမာ့
ကွယ်ရေး တပ်မတော်ထဲတွင် လုပ်ဆောင်ကြတော့မည်ဖြစ်ရာ ကွန်မြူနစ်ပါတီနှင့် နားလည်မှု
ခါစဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ ဗိုလ်ချုပ်နေဝင်းတို့၏
အရေးတော်ပုံပါတီ ခေါင်းဆောင်များနှင့် တိုင်ပင်စီစဉ်ကြရမည်ဖြစ်၏။ စစ်တပ်ထဲတွင်
တန်းပေးကြရမည့် ကျွန်တော်တို့လူစုအား ဦးနောင်ချိုခေါ် ဗိုလ်ချုပ်အောင်ဆန်းနှင့် မိတ်ဆက်
ပေးရန် ကိုတင်မြက စီစဉ်ပေး၏။

လျှို့ဝှက်ရေးကာလ၌ ဗိုလ်ချုပ်အောင်ဆန်းကို ကျွန်တော်တို့က ဦးနောင်ချိုဟူ၍
ကောင်း၊ သခင်စိုးကို ဦးထွန်းဝေ (သို့မဟုတ်) ကိုဦးဟူ၍လည်းကောင်း၊ သခင်သန်းထွန်းကို ဦး
ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးနှုန်းခြင်း ပြုကြရပေ၏။

ဦးနောင်ချို (ခေါ်) ငမိုး (ခေါ်) ဗိုလ်ချုပ်အောင်ဆန်းကို ပထမဆုံးမြင်ဖူးခဲ့သည်မှာ မ
ဒုတိယပတ် ဗိုလ်သင်တန်းကျောင်း ဖွင့်ပွဲတွင်ဖြစ်၏။ ထိုစဉ်က ကျွန်တော်သည် ဒုတိယပ
သင်တန်းကို တက်ရောက်ရန် ပျဉ်းမနားစခန်းရှိ တပ်ရင်း (၃)မှ ရောက်လာခဲ့ခြင်း ဖြစ်၏။

ပေါ်လွင်ခန့်ညားသော စစ်ဝတ်စုံဖြင့် ပထမဆုံးအကြိမ်မြင်ရသော ဗိုလ်ချုပ်အောင်





မျက်စိထဲမြင်ယောင်နေသေး၏။ ထိုစဉ်က "ပညာရှာ ပမာသူဖုန်းစားဆိုတဲ့စကားလို မင်းတို့ သင်ရ
မယ်။ ပညာကို ကောင်းကောင်းတတ်ကျွမ်းအောင်သင်ကြ။ ဒါပဲ ငါပြောချင်တယ်"ဟု တိုတောင်း
ပြောကြားခဲ့သောအခါ သူ့စကားများ၏ အတိမ်အနက်ကို ဝိုးတိုးဝါးတားသာလျှင် ခန့်မှန်းနိုင်ခဲ့
ပေ၏။ ကြည်ကြည်လင်လင်တော့ဖြင့် မထင်မြင်နိုင်ခဲ့။ ထင်မြင်နိုင်စွမ်းလည်း မရှိခဲ့။ မှောင်အတိကျ
နေသော ကာလကြီးပင်ဖြစ်၏။

မင်္ဂလာဒုံမှဆင်းခဲ့၍ ကွန်မြူနစ်များနှင့်လည်းကောင်း ပြည်သူ့အရေးတော်ပုံ ပါတီဝင်
များနှင့်လည်းကောင်း အဆက်ရပြီးသောအခါမှသာ မဟာမိတ်နှင့်ပေါင်း၍ ဖက်ဆစ်ဂျပန်များကို
တော်လှန်ရဦးမှာပါတကားဟူသော အသိဉာဏ်အလင်းရောင်ကို ရရှိခဲ့ပေ၏။ ယခု ထိုအလင်းရောင်
ပို၍ဝင်းပြောင်စေမည့် ပုဂ္ဂိုလ်ကြီး ဦးနောင်ချိုအား တွေ့ရတော့မည် ဖြစ်၏။ စိတ်ထဲတွင်
ကျလှဲမှုမရှိသေးဟုဆိုသော်လည်း မဝေခွဲတတ်သော လှုပ်ရှားမှုကလေးများကိုတော့ ခံစားရပေ
သေး၏။

၁၉၄၄ ခုနှစ် အောက်တိုဘာလ ၃ ရက် နံနက် ၁၀ နာရီလောက်တွင် ဗိုလ်သိန်းတန်
စရှိသော ကျွန်တော်တို့လူစုသည် နှစ်ယောက်စီခွဲ၍ ဦးနောင်ချို၏ အိမ်ဝင်းအတွင်းသို့ ဝင်ရောက်
ဂျပန်ပေတိုင် သူလျှိုတို့ မရိပ်မိဖို့က အရေးကြီး၏။

အိမ်အောက်ထပ်မှ အိမ်ပေါ်သို့ တက်သွားကြရ၏။ လှေကားထိပ်ရှိ ဧည့်ခန်းတွင်
ခင်ကြည်က နေရာထိုင်ခင်းပေးပြီး အိပ်ခန်းထဲရှိ ဗိုလ်ချုပ်ကြီး ဦးနောင်ချိုအား သွားရောက်၍
၏။ ချည်ကြမ်းလုံချည်အဖြူကွက်နှင့် စွပ်ကျယ်လက်တိုကို ဝတ်ဆင်ထားသော ဦးနောင်ချိုသည်
ဝတွင်ပေါ်လာကာ ကျွန်တော်တို့အား တစ်ချက်မျှကြည့်ပြီး ပြတင်းပေါက်အနီးတွင် ထိုင်၏။

"မင်းတို့ ဘယ်တော့သွားကြမှာလဲ. . ."

ဦးနောင်ချိုက ဦးတင်မြနှင့် ဗိုလ်သိန်းတန်ဘက်သို့လှည့်၍ မေးလိုက်၏။

"တစ်ရက်နှစ်ရက်အတွင်း ထွက်ဖြစ်ကြမှာပဲ။ အဲဒါ ဦးနောင်ချိုမှာချင်တာမှာထားဖို့ပဲ. ."

ကိုတင်မြက ပြန်၍ဖြေ၏။ ဦးနောင်ချိုသည် ကျွန်တော်တို့အား တစ်ယောက်စီ ကြည့်လိုက်
သည်။ ဒေါ်ခင်ကြည်၏ ညီမနှင့်တူသည့် အမျိုးသမီးတစ်ဦးသည် ကော်ဖီပန်းကန်များကိုလာ၍
မင်းနေသည်။

ဦးနောင်ချိုသည် ဘာမျှမပြောသေးဘဲ သူ၏အိပ်ခန်းတွင်းသို့ ဝင်သွား၏။ ခဏကြာမှ
ပေသည်။ ဖိုင်တွဲတစ်ခုမှ လက်နှိပ်စက်နှင့်ရိုက်ထားသော စာမူတစ်ခုကို ဆွဲထုတ်ကာ. . .

"ဟောဒီမှာ ညီညွတ်ရေးတပ်ဦးနဲ့ပတ်သက်လို့ ကိုယ်ရေးထားတာ ရှိသေးတယ်။ မပြီးသေး
ပြီးရင် ကိုထွန်းဝေဆီ ပို့ပေးဦးမယ်"ဟု ပြောဆို၏။ စာမူကို အင်္ဂလိပ်လိုရေးထားရာ အရေးကြီး
စာပုဒ်များကို အနည်းငယ် ကောက်နုတ်၍ ဖတ်ပြပေ၏။

"မင်းတို့သင်တန်းတက်တာ ဘယ်လောက်ကြာခဲ့ကြသလဲ. ."

ဦးနောင်ချိုသည် ကျွန်တော်တို့အား အကဲခတ်သော မျက်စိဖြင့်ကြည့်၍ မေးလေသည်။

"တစ်လကျော်ကျော်လောက် ကြာခဲ့ပါတယ်. . ."

"ခု ဘယ်လို **တစီတစဉ်**ရှိထားကြသလဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



ကိုတင်မြက-

"တိုင်းအလိုက်ခွဲပြီး တပ်တွေနဲ့နေပြီး နယ်တွေမှာ စည်းရုံးဖို့ပဲ။ သင်တန်းတွေလဲ ဖို့ပဲ. . . "ဟု ရှင်းပြပေသည်။

"ဒါပေမဲ့ ဒီလိုလုပ်ရုံနဲ့ မပြီးသေးဘူးကွ. . . "

ဦးနောင်ချိုသည် ဘယ်လက်ကို ကုလားထိုင်လက်ရန်းဘောင်တွင်တင်ကာ ညာလက်ကို သူ၏ညာဘက်ဒူးပေါ်တွင် ထောက်၍ သူ၏စကားကို နိဒါန်းပျိုးပါလေတော့သည်။ ကျွန်တော်တို့ သည် သူ့ပါးစပ်မှပေါ်ထွက်လာမည့် စကားများကို နားစွင့်၍နေကြကုန်၏။ သူသည် ခေါင်း တစ်ချက်ဟန့်လိုက်ပြီးလျှင်. .

"မင်းတို့ သင်တန်းပေးထားတဲ့ ကေဒါ (တပ်သား) တွေကို ရွာတိုင်းကိုလွှတ်ပြီး Anti Fascist ကော်မတီတွေ ဖွဲ့ခိုင်းရမယ်။ ဂျပန်ဆန့်ကျင်ရေး အင်အားစုမှန်သမျှကို နေရာတိုင်း စည်းရုံးရမယ်။ ဒီမိထရော့ဖ်ရေးတဲ့ The Working Class Against Fascism စာအုပ်ထဲမှာ ညီညွတ်ရေးတပ်ဦး ဖွဲ့စည်းပုံနည်းလမ်းတွေဟာ အတော်ပဲ ကောင်းတယ်ကွ။ အဲဒါတွေ သေသေ ချာချာလေ့လာကြဦး။ မင်းတို့ချည်းပဲ ရှေ့ရောက်လွန်းရင် လူထုနဲ့ကင်းကွာသွားနိုင်တယ်။ လီနင် ပြော သလို ရှေ့လည်းမရောက်လွန်း၊ နောက်လည်းမကျစေဘဲ ချိတက်နိုင်ရမယ်မဟုတ်လား။ ဒါလည်း သဘောတရားမြင်မှပဲ လုပ်နိုင်ကြမယ်။ စတာလင်ပြောသလို အကာန်းလည်း မဖြစ်စေရဘူး။ လည်း မဖြစ်စေရဘူး။ ဒါကို နားလည်ပြီး Alest (နိုးနိုးကြားကြား) ဖြစ်နေဖို့ လိုတယ်"

ကျွန်တော်တို့သည် ဗိုလ်ချုပ်ကြီး ဦးနောင်ချို၏ စကားလုံးများဝယ် ငြိတွယ်မိကြလေ၏။ ကျွန်တော့်အဖို့မူကား အံ့အားသင့်ခြင်းနှင့် ဝမ်းမြောက်ခြင်းတို့သည် ရောယှက်၍နေတော့သည်။ ကျွန်တော့်၏စိတ်ကို ဦးနောင်ချို၏စကားများက ညှို့သွားလေပြီ။ ကွန်မြူနစ်ပေါက်စဖြစ်သော ကျွန်တော်သည် စာအုပ်ကြီးထဲတွင်ပါသော ကွန်မြူနစ်ဝေါဟာရအသုံး အနှုန်းများတွင် မွေ့လျော် နေတုန်းအခါဖြစ်ပေရာ၊ ဦးနောင်ချို၏လီနင်၊ စတာလင်နှင့် ဒီမိထရော့ဖ်တို့ကို ကိုးကား၍ ပြောသော စကားများကို ကြားနာရသည်တွင် ဖရဏာပီတိ ဝမ်းဆီထိဘိအလား အကျေနပ်ကြီး ကျေနပ် ပါတော့သည်။ ဦးနောင်ချိုသည် မာ့က်စ်ဝါဒအမြင်ကို ဆရာကြီး ဦးထွန်းဝေလောက် ပြောနိုင်မည် မထင်ထားခဲ့။ ယခုတော့ ဦးနောင်ချိုအား စိတ်ဝင်စားလာရပေပြီ။ ဦးနောင်ချိုသည် လက်နှစ်ဖက်ကို လှုပ်ကာယမ်းကာ စိတ်ထက်သန်စွာ ပြောပြနေလေသည်။

"အမှန်ကတော့ သဘောတရားဆိုတာ မရှိလို့မဖြစ်ဘူး။ ဒါကြောင့်မို့ ခုလို မင်းတို့လေ့ လေ့လာခဲ့ကြတာ ကောင်းတာပဲ။ အေး. . . လျှေန်မှားထစ်မယူဖို့ အရေးကြီးတယ်။ Mark နဲ့ Engels က ပြောတာလည်း ရှင်းသားပဲ။ 'Our Theory is not a dogma, But a Guide to Action' ဒီနေရာမှာ ဒီစကားရဲ့အဓိပ္ပာယ်ကို သဘောပေါက်ဖို့လိုတယ်။ ဖြစ်ပျက်နေတဲ့ Phenomena တွေကို သေသေချာချာလေ့လာပြီး အခြေအနေနဲ့ ကိုက်ညီအောင် လုပ်တတ်ဖို့ လိုတယ်။ ပြော တာ ဒါပဲကွ"

ဦးနောင်ချို၏ စကားလုံးတိုင်းသည် ကျွန်တော်၏ ဦးနှောက်ထဲသို့ ဝင်၍ဝင်၍နေတော့ တစ်သက်တွင် မမေ့နိုင်တော့မည့် စကားလုံးများပင် ဖြစ်ပါပေ၏။





သူသည် မမောနိုင်၊ မပန်းနိုင် ဆက်တိုက်ပြောနေပေ၏။ ခေတ်ကြီးများ အတောမသတ် ပြောင်းလဲခဲ့ပုံ၊ စီးပွားရေးစနစ်များ မတည်မြဲကြပုံ၊ အရင်းရှင် ခေတ်သို့ရောက်ခဲ့ရပုံ၊ ကုန်ထုတ်စွမ်း အားစုနှင့် ကုန်လုပ်ဆက်ဆံရေးများ အဆင်မပြေကြသဖြင့် စီးပွားပျက်ကပ်များ၊ စစ်ပွဲကြီးများ ဖြစ်ပွား ကြရပုံ၊ ဖက်ဆစ်ဝါဒ ပေါ်ပေါက်လာပုံ၊ ဒုတိယကမ္ဘာစစ်ကြီး၏ အသွင်အပြင်များ ပြောင်းလဲလာပုံ၊ ကမ္ဘာ့ပြည်သူ့စစ်ပွဲကြီးအသွင်ဆောင်လာပုံ၊ စစ်ပြီးသွားရင် ဗမာ့လွတ်လပ်ရေး အလားအလာ ပွင့် လန်းလာမည့်ပုံ၊ အမျိုးသားညီညွတ်ရေးကို အခြေခိုင်အောင် မည်သို့လုပ်ရပုံ၊ အဓိကလုပ်ငန်း၏ အချိန်အခါကို ရွေးချယ်တတ်ဖို့လိုပုံ. . ။

နံရံမှနာရီသည် သုံးချက်ထိုးသွားလေပြီ။ သို့သော် ဦးနောင်ချို၏ ပြင်းပြသော စိတ်ဓာတ်ရှိန် သည် ပျော့၍မလာသေး။ ကျွန်တော်တို့လည်း နားမညောင်းသေး၊ တစ်ခန်းလုံးတွင် ဦးနောင်ချို၏ ခံ့တန်ခိုးပါသော အသံသည် ဝဲပျံ၍နေပေ၏။

"အရေးကြီးတာက ဒါပဲ၊ တော်လှန်ရေးဆိုတာ လူထုအင်အားနဲ့ လှုပ်ရှားပြီး အခြေခံ ကနေပြီး ပြောင်းလဲနေတာကို ပြောတာပဲ။ ဒါလည်းပဲ (Emotional) စိတ်လိုက်မာန်ပါဖြစ်လို့ မရဘူး။ (Transformation of Quantity into Quality) အရေအတွက် သဘောပြောင်းလဲရာက အရည်အချင်း သဘောကို ကူးပြောင်းရတာပဲ။ ဒါကို နားလည်ပြီး စည်းရုံးတတ်ဖို့ လိုတယ်။ တို့ရဲ့ (Anti Japanese Front) ကိုလည်း ဒီသဘောနဲ့ယှဉ်ပြီး လုပ်သွားရမှာပဲ။ အဲဒါပဲကွ အလုပ်ကို ယုံကြည်မှန်အောင်လုပ်ကြဖို့ပဲ လိုတယ်။ ကမ္ဘာ့အခြေအနေက ကောင်းနေပြီ။ ဒီတစ်ခါတော့ တို့ရဲ့ (Revolution) အောင်ရမှာ အမှန်ပဲ။ ကဲ ကော်ဖီသောက်ကြဦးကွာ. . "

ထိုအခါကျမှပင် ကျွန်တော်တို့၏ အေးစက်၍ကစီနှစ်တက်သော ကော်ဖီပန်းကန်များကို သောက်ကြရတော့သည်။ လေဝင်နေသဖြင့် ကော်ဖီပန်းကန်များတွင် ယင်ကောင်များခိုနားခြင်းမရှိ၍ တော်ပါပေသေး၏။

ကိုတင်မြက. . .

"တပ်ထဲမှာ ကျွန်တော်တို့လုပ်လို့ရအောင် ဆိုင်ရာတပ်မှူးတွေနဲ့ (Understanding) ရအောင်တော့ ဗိုလ်ချုပ်တို့ စီစဉ်ပေးမှပဲ—ထင်တယ်"ဟု ပြောရာ ဦးနောင်ချိုက ကျွန်တော်တို့အား ကြည့်ပြီး. .

"ဒါတော့ တို့ စီစဉ်ပေးပါ့မယ်. . . ။ မင်းတို့ရဲ့ (Initiative) ကိုလည်း သုံးကြရမှာပဲ. . . " ဟု အားပေးလေ၏။

ကျွန်တော်တို့သည် ဦးနောင်ချို၏ ဩဝါဒများကို နာခံကြပြီးနောက် လုပ်ငန်း၏ လက် တွေ့ကိစ္စများကို အနည်းငယ် ဆွေးနွေးကြသည်။ ဦးနောင်ချိုသည် ဘုကျတတ်သည်။ စိတ်တိုတတ် သည်ဆိုသော ကြိုတင်ကြားနာထားရခြင်းများမှာ မှားသည်ဟု ကျွန်တော်ဆိုချင်၏။ ဦးနောင်ချိုသည် ကျွန်တော်တို့ ရဲဘော်များအား စိတ်ရှည်လက်ရှည်ရှင်းလင်း၍ ညွှန်ကြားနေခဲ့ပေ၏။

ဦးနောင်ချိုအိမ်မှ စမ်းချောင်းရှိ တပ်တွင်းသို့ပြန်ရောက်သောအခါ ကျွန်တော်၏ ဦးနောင်ချိုအပေါ်တွင် အထင်အမြင် လွဲမှားခဲ့ခြင်းများသည် လွင့်စဉ်၍ ပျောက်ကွယ်သွားကုန်၏။ ဦးနောင်ချိုနှင့် မတွေ့သေးမီက ဦးနောင်ချိုကို စစ်ဝါဒီကြီးဟု နားလည်ခဲ့၏။ ယခုမူ ဦးနောင်ချို၏



www.burmeseclassic.com

www.burmeseclassic.com



စကားများကို မကြားနာရသေးမီက သူ့အား မာ့က်စ်ဝါဒ၏ ရန်သူကြီးဟူ၍ ထင်ခဲ့၏။ ယ ဦးနော်ချို့သည် တကယ်မှုမှန်သော ဆိုရှယ်လစ်ဝါဒသမားကြီး ဖြစ်သည်ဟု ကြည်ညိုမိလေပြီ

ကျွန်တော်သည် ဆရာကြီး ဦးထွန်းဝေ၏ ဗိုလ်ချုပ်ကြီး ဦးနော်ချို့နှင့်ပတ်သက်သော ထင်မြင်ချက်များအပေါ် ဝယ် သံသယများ ရှိစပြုလာပေတော့သည်။

[ ၃ ]

ဦးနော်ချို့နှင့် တွေ့ဆုံပြီးသည့် နောက်နှစ်ရက်အကြာတွင် ဦးနော်ချို့ထံသို့ ဗိုလ် အောင်နှင့်အတူ သွားရပြန်၏။ သူ့ထံမှစာတစ်စောင်ယူရန် ဖြစ်ပေသည်။ ကျွန်တော်နှင့် ဗိုလ် ရန်အောင် (ယခု တောခို ကွန်မြူနစ်ကြီး)သည် အနောက်တိုင်းစစ်ဌာနချုပ်၏ နယ်ပယ်များ ကွန်မြူနစ်ပါတီနှင့် ဖက်ဆစ်ဆန့်ကျင်ရေး ညီညွှတ်ရေးတပ်ဦးတို့၏ စည်းရုံးရေးနှင့်ဆိုင်သော ကို အတူတူတိုင်ပင်၍ဆောင်ရွက်သွားရန် ပါတီကတာဝန်လွှဲအပ်ခဲ့ပေ၏။ အနောက်တိုင်း စစ်ဌာ ချုပ်၏ လက်အောက်ခံတပ်အသီးသီးတွင် နိုင်ငံရေးသဘောတရား သင်တန်းများကိုပေးကာ ရေးကေဒါ (တပ်သား)များကို ဖွဲ့စည်းရမည်ဖြစ်၏။ ထိုကေဒါများကို တောလက်ကျေးရွာ စေလွှတ်ကာ ဂျပန်ဆန့်ကျင်ရေး လုပ်ငန်းများကို ဆောင်ရွက်စေရန် ဖြစ်၏။

ဦးနော်ချို့သည် ကျွန်တော်၏လုပ်ငန်းတွင် အခက်အခဲမတွေ့ရစေရန် (ယခု သင် ပေးရန်တာဝန်အရ စေလွှတ်ထားသူသည် ငါ၏ ရဲဘော်ဖြစ်၍ ဆိုင်ရာတပ်မှူးများက ကူညီ သည်။ အောင်ဆန်း)ဟူသော စာတိုကလေးတစ်စောင်ကို ကျွန်တော့်အားရေးပေးလိုက်သည်။

အနောက်တိုင်းစစ်ဌာနချုပ်သို့ရောက်သောအခါ ဗိုလ်မှူးရန်အောင်နှင့် ဗိုလ်မှူး (ယခု ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး)၊ ဗိုလ်စိန်မှန်(ကွယ်လွန်သူ) စသော ပုဂ္ဂိုလ်ကြီးများ အကူအညီဖြင့် ကျွန်တော်၏လုပ်ငန်းတာဝန်များကို အခက်အခဲများစွာ မတွေ့လှဘဲ ဆောင်ရွက် ခဲ့ပေသည်။

ထိုအချိန်မှစ၍ ၁၉၄၅ ခုနှစ် မတ်လ ၁၅ ရက်ထိအောင် အနောက်တိုင်း စစ်ဌာနချု တည်ရှိရာ ပြည်မြို့ရွာစခန်းမှသည် ဆရာကြီး ဦးထွန်းဝေ (ခေါ်) သခင်စိုး၏ ဒေးဒရဲဌာနချုပ်စခန်း လည်းကောင်း၊ ဦးထွန်းဝေစခန်းမှသည် ဦးနော်ချို့(ခေါ်) ဗိုလ်ချုပ်အောင်ဆန်း အိမ်စခန်းသို့ ကောင်း၊ ရုံဖန်ရုံခါ ဦးဘမောင် (ခေါ်) သခင်သန်းထွန်းထံသို့လည်းကောင်း ကျွန်တော်သည် အမျိုးမျိုးအတွက် အမျိုးမျိုးအဖုံဖုံလှည့်လည်၍ ကျက်စားခဲ့ရပေ၏။ ထိုသို့ လှည့်လည်၍ နေခဲ့ရစဉ်အတွင်း ကျွန်တော်မောင်စန်းငွေ ခေါ် မောင်ရွှေမိုးဆိုသူ နိုင်ငံရေးသမား ကွန်မြူ ပေါက်စနကလေးသည် ဦးထွန်းဝေ၊ ဦးနော်ချို့၊ ဦးဘမောင် အစရှိသည့် နိုင်ငံရေးခေါင်းဆော ကြီးများနှင့် မမျှော်လင့်ဘဲ ရင်းနှီးခွင့်ရရှိခဲ့ပေ၏။

တစ်နည်းအားဖြင့်ဆိုလျှင် ကျွန်တော်သည် နိုင်ငံရေးနယ်ပယ်သို့ ဝင်လာကတည်း အောက်သက်မကျေခဲ့၊ သို့သော် အထက်သက်ကား အလွန်ပင်ကျေခဲ့ရပေ၏။ နိုင်ငံရေး ခေါ် ဆောင်ဆိုသူများကို နီးကပ်စွာလေ့လာခွင့်ရခဲ့ပေ၏။ ယခုလည်းရနေပေ၏။

အခြားသော ခေါင်းဆောင်များ၏တန်ဖိုးကို ထိခိုက်ရာမရောက်စေရအောင် အထူးကြီး





၍ အထူးသတိထားပြီး ရေးသားဖော်ပြရမည်ဆိုလျှင် -

ဗိုလ်ချုပ်အောင်ဆန်း (သို့မဟုတ်) ဦးနော်ချို့သည် မိမိ၏ကိုယ်ရေးကိုယ်တာကို လုံးဝဂရု မထားသူ နိုင်ငံရေးသတ္တဝါအစစ်ဖြစ်သည်ဟု ဆိုချင်၏။

ဦးနော်ချို့သည် ဗမာပြည်ထောင်စု ပြည်သူလူထုကြီးတစ်ရပ်လုံး၏ အကျိုးစီးပွားကို မိမိ၏အကျိုးနှင့် ထပ်တူထပ်မျှထားသူဖြစ်သည်ဟု ဆိုချင်၏။

ဦးနော်ချို့သည် ယနေ့အချို့သော ကွန်မြူနစ်အမည်ခံများနှင့် အချို့သော ဆိုရှယ်လစ် အမည်ခံများလို ယောင်တောင်တောင်ဖြစ်နေခြင်းထက် တကယ့်ဆိုရှယ်လစ်သဘောတရားများကို နက်ရှိုင်းပိုင်နိုင်စွာသိမြင်နားလည်သူ၊ အခြေအနေကို မှန်ကန်စွာအသုံးချတတ်သူ ဆိုရှယ်လစ်အမြင် ကို ကြည်လင်စွာထားရှိသူ တကယ့်ခေတ်ပြောင်းတော်လှန်ရေးသဘောကို နားလည်သူခေါင်းဆောင် ကြီးဖြစ်သည်ဟု ဆိုချင်၏။

ဦးနော်ချို့နှင့်ပတ်သက်၍ ကျွန်တော် မမေ့နိုင်သော စကားတစ်ခွန်းနှင့် ဟောကိန်းတစ်ခု ကို ဖော်ပြလိုပေသေး၏။

၁၉၄၅ ခုနှစ် ဧပြီလကုန်ခါနီးတွင် သရက်ခရိုင် မင်းတုံး၊ ကာမနယ်၊ သရက်ချောင်း ရွာ ကလေးတွင် စခန်းချနေခိုက် နိုင်ငံရေးသဘောတရားများကို ဆွေးနွေးကြစဉ်၊ ဦးနော်ချို့က ရုတ်တရက်ညာ လက်ကိုမြှောက်ကာ. . .

"ဟေ့. . မော်စီတုံးတို့လည်း ဆိုရှယ်လစ်ဝါဒကို တရုတ်ဇာတ်သွင်းတာပဲ၊ တို့လည်း ဗမာ ဇာတ်သွင်းထားတဲ့ ဆိုရှယ်လစ်ကို လုပ်ကြရမှာပဲ. . ."ဟု ခပ်ကျယ်ကျယ်အော်ပြောလိုက်သည်ကို ဗိုလ်ဗလနှင့်ကျွန်တော်တို့၏ နားဝယ် ကြားယောင်နေမိပေသည်။

တော်လှန်ရေးပြီးစီးပြီးနောက် ပြည်သူ့ရဲဘော်ကိစ္စနှင့် ဗိုလ်ချုပ်ဦးနော်ချို့အိမ်သို့ မကြာ မကြာ ရောက်ရပေသည်။ ထိုအတွင်း ကွန်မြူနစ်ပါတီ၏ ဒုတိယကွန်ဂရက်တွင် ကွန်မြူနစ် ခေါင်း ဆောင်များဖြစ်သော သခင်သန်းထွန်းနှင့် သခင်စိုးတို့က မလိမ့်တပတ်လုပ်၍ သခင်မြ၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်းစသော ပြည်သူ့အရေးတော်ပုံပါတီ ခေါင်းဆောင်များနှင့် ဗိုလ်ချုပ်ဦးနော်ချို့တို့ကို ကွန်မြူနစ်ပါတီဝင်များအဖြစ်မှ ချန်လှပ်ထားခဲ့ကြ၏။ ထိုအချက်ကြောင့် ဦးနော်ချို့သည် ကွန်မြူနစ် အမည်ခံ ခေါင်းဆောင်တို့အပေါ် ဝယ် အတော်ပင်စိတ်နာခဲ့၏။

ကွန်မြူနစ်ပါတီ၏ ကွန်ဂရက်ကျင်းပပြီး ရက်သတ္တတစ်ပတ်ခန့် ကြာလတ်သော် ကျွန်တော် သည် ပဲခူးမှရန်ကုန်သို့ ပြန်ရောက်၏။ ဦးနော်ချို့ထံ သွားတွေ့သောအခါ ဦးနော်ချို့သည် ပါတီ အပေါ် စိတ်နာစကားပြောဆိုနေ၏။ သူသည် ဗမာ့လွတ်လပ်ရေး၏ ရှေ့စခန်းများကို ရှင်းပြပြီး နောက် ရုတ်တရက် စားပွဲကိုထုလိုက်လေသည်။ ကျွန်တော်သည် အံ့အားသင့်သွား၏။

"ဒီလူတွေ ငါ့ကို ပါတီကထုတ်တာ မှားတယ်။ ငါလည်း မာ့က်စ်ဝါဒသမားပါပဲကွ။ ဟေ့ ကြည့်ပါကွာ ငါလည်း မာ့က်စ်အဖွဲ့တစ်ခု ဖွဲ့ပြပါဦးမယ်။ အမျိုးသားညီညွှတ်ရေးကိုသာ အဓိက အသွင်ထားပြီး လုပ်ရင်ရပါတယ်ကွာ။ တစ်နေ့ကျရင် တစ်ပြည်လုံးငါ့နောက်လိုက်ရမယ်။ အဲဒီတော့မှ ငါနဲ့တွေ သူတို့မှားကြောင်း ဝန်ခံမှာပဲ. . ."

ဦးနော်ချို့သည် စိတ်နာသောမျက်နှာဖြင့် ပြောခဲ့ပေ၏။ ယနေ့တိုင် မြင်ယောင်နေပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ယခုမူကား အများပြည်သူတို့ သိကြသည့်အတိုင်းပင် ဗိုလ်ချုပ်ဦးနောင်ချို (ဝါ) ဗိုလ်ချုပ်အောင်ဆန်းနောက်သို့ ဗမာပြည်ထောင်စုကြီးတစ်ခုလုံး လိုက်ပါခဲ့ကြပြီ မဟုတ်ပါလား။

သို့သော် ဦးနောင်ချို၏မူမှန် မှတ်စ်ဝါဒ လက်ဝဲအသင်းကိုကား မမြင်ရနိုင်တော့. .

ဗိုလ်ချုပ်တို့ အစိုးရအဖွဲ့ ဖွဲ့သောအခါ ကျွန်တော်သည် ဇာတိချက်ကြွေ ရပ်ဌာနေသို့ ပြန်ခဲ့လေသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် ညတွင် ကျွန်တော်သည် အဆိုကျော်မေရှင်၏ နန်းကြေး[illegible] သီချင်းကို လေချွန်၍နေစဉ် ကျွန်တော့်အစ်မဖြစ်သူ မမစောသည် မျက်စိပျက် မျက်နှာပျက်[illegible] ရောက်လာ၏။

"ဟဲ့. . နင်ကြားပလား. ."

"ဘာလဲ. . မမ"

"ဗိုလ်ချုပ် သေပြီတဲ့. . ."

"ဘာ. . ."

ကျွန်တော့်ရှေ့တွင် ဗမာပြည်ကြီး သွက်သွက်ခါ၍ ပြိုကျသွားပြီလားဟု ထင်လိုက်မိတော့၏။

ကျွန်တော်၏ 'မျှော်လင့်ချက် တောင်ကြီး' နှင့်တူသော ဦးနောင်ချိုသည် ကျွန်တော်တို့[illegible] အတူ မရှိတော့လေပြီဟူသော အသိတရား၏ ထိုးဆွချက်ကို တွေးမိတိုင်း မချိအောင်ခံစား[illegible] ရပေပြီ။

ကျေးဇူးရှင်ကြီး ဦးနောင်ချို ကောင်းရာသုဂတိလားပါစေသတည်း။ ။

[မြဝတီမဂ္ဂဇင်း၊ ဇူလိုင်၊ [illegible]]

# ဗိုလ်တေဇနှင့် ကျွန်တော်

## ဗိုလ်ဟသ်ာ

အနှစ် ၂၀ ခန့်ရှိခဲ့လေပြီ။ ထိုစဉ်က ကျွန်တော့်အသက်သည် (၂၁) နှစ်မျှသာ ရှိသေးသည်။ ကျောင်းသားဘဝမှ ဘီအိုင်အေတပ်ဖွဲ့သို့ ဝင်ရောက်ရာ အသက်ကလည်းငယ်၊ စစ်ရေးကလည်း မဝသည့်အလျောက် ကျောင်းသားစိတ်ထားသာရှိလေသည်။ ထိုအချိန်တွင် ကျွန်တော်၏ ပြောဆိုဆက်ဆံပုံမှာ ဗိုလ်တေဇ (ဗိုလ်ချုပ်အောင်ဆန်း)ကို စစ်ခေါင်းဆောင်ကဲ့သို့မမြင်၊ ကျောင်းသားခေါင်းဆောင်တစ်ယောက်ကဲ့သို့ မြင်ပြီး ရင်းနှင့် နီးနီးကပ်ကပ် ပြောဆိုဆက်ဆံသလို၊ ညီငယ်က အစ်ကိုကြီးကို ဆက်ဆံသလို ဖြစ်၏။ စစ်မျက်စိနှင့်ကြည့်လျှင် ယခုလို ရင့်ကျက်သော အချိန်ကာလအမြင်နှင့်ဆိုသော် ကျောချမ်းစရာပင်။ ကျွန်တော်၏ရင့်ကျက်မှု မပြည့်စုံသေးချိန်ကာလတွင် ပြောမှားဆိုမှား အနေအထိုင်အပြုအမူနှင့် ပတ်သက်သမျှ မသိနားမလည်၍ မှားယွင်းမှုသာဖြစ်ရာ ခေါင်းဆောင်းပါးဖြင့် ဗိုလ်ချုပ်အား အမှတ်တရ ကန်တော့လိုက်ရပါသည်။

ဗိုလ်တေဇနှင့်ကျွန်တော် စ၍တွေ့ပုံမှာ -

စစ်တောင်းမြစ်တစ်ဖက်ကမ်းသို့ ကျွန်တော်တို့တပ်ဖွဲ့ ရောက်ရှိလာသည်။ ကျွန်တော်တို့၏ တပ်ဖွဲ့ခေါင်းဆောင် ဂျပန်ပြန် ဗိုလ်မိုး (ထူးကြီးတွင်ကျဆုံး)သည် ကျွန်တော်တို့တပ်ဖွဲ့ကို မစ္စတာတိုင်းရား (Taira) အား လွှဲအပ်ပြီး တခြားတပ်ဖွဲ့သို့ ပြောင်းသွား၏။ ဗိုလ်မိုးကိုလည်း ခွဲခွာသည်မှာ နေ့ကပြီး နောက်ဆုံးတွေ့ရှိခြင်းသာ ဖြစ်တော့သည်။

ကျွန်တော်တို့ တပ်ဖွဲ့ကို တပ်ခွဲအဖြစ်နှင့် ပြန်လည်ဖွဲ့စည်းရာတွင် မစ္စတာတိုင်းရားက

www.burmeseclassic.com



တပ်ခွဲမှူး၊ ၎င်းလက်အောက်တွင် တပ်စုမှူးလေးယောက်ရှိရာ ကျွန်တော်က ပထမတပ်စု ယိုးဒယားမှလိုက်လာသော ယိုးဒယားဗမာ ဗိုလ်ဘအောင် (အသက် ၃၀ ကျော် ၄၀ ခန့်ရှိမည်) ဒုတိယတပ်စုမှူး၊ ကျွန်တော့်အရွယ်မျှလောက်သာရှိမည့် ဗမာစကားကောင်းစွာမပြောတတ်သော ယိုးဒယားဗမာတစ်ယောက်က တတိယတပ်စုမှူး၊ ထားဝယ်သား ဗိုလ်အုံးရွှေ (ဗမာ့ တပ်မတော် ဗိုလ်ကြီးအဖြစ် ပြည်တွင်းသောင်းကျန်းမှုတွင် မုတ္တမဘက်၌ ကျဆုံး)က စတုတ္ထတပ်စုမှူးဖြစ် သည်။ မစ္စတာတိုင်းရားပြီးလျှင် ကျွန်တော်က ဝါရင့်တပ်စုမှူးအဖြစ် တာဝန်ယူရသည့်အပြင် မစ္စတာ တိုင်းရား၏ စကားပြန်အနေဖြင့်လည်း ဆောင်ရွက်ခဲ့ရသည်။

တပ်ခွဲအဖြစ်နှင့် ဖွဲ့စည်းပြီးနောက် လက်နက်ပစ်ခတ်နည်း၊ ဖြုတ်နည်း၊ တပ်နည်းသင်တန်း အနည်းငယ်ဆင်းရသည်။ ထိုအချိန်တွင် အင်္ဂလိပ်လေယာဉ်ပျံတို့သည် စစ်တောင်းမြစ်ကမ်းဘက် မကြာခဏပျံသန်းလာပြီး ဗုံးများကြဲချလေ့ရှိသည်။ လေယာဉ်ပျံလာတိုင်း ပြေးလွှားပုန်းအောင်း သည်။

ညနေစောင်း သင်တန်းဖြုတ် အားနေစဉ် ကမ်းနားတွင်ထိုင်ပြီး စစ်တောင်းမြစ် ဒီရေတ ကိုကြည့်ကာ ဒီရေနှင့်အတူ သွေးသံရဲရဲနှင့် မျောပါလာတတ်သော မျက်နှာဖြူအလောင်းများကို အပျင်းပြေကြည့်ရှု အချိန်ဖြုန်းနေမိခဲ့သည်။

တိုက်ပွဲသတင်းများကား ဆက်ကာ ကြားနေရသည်။ စိတ်ကို တုန်လှုပ်ချောက်ချား တက်ကြွလာစေသော သတင်းတစ်ခုမှာ ဘီအိုင်အေတပ်ဖွဲ့တစ်ခုသည် အင်္ဂလိပ်တင့်ကား ချီတက်လာသည်ကို ကန်သင်းရိုး၌အကာအကွယ်ယူပြီး ရိုင်ဖယ်သေနတ်နှင့်ပစ်ခတ်ရာတွင် တင့်ကား များက တက်ရောက်နင်းသည့်အတွက် သေဆုံးကြသည့် သတင်းဖြစ်၏။ တိုက်ပွဲကိုကား တိုက်ခိုက် လိုသည်။ တင့်ကားကိုကား ကြောက်လာသည်။ တင့်ကားဖျက်ဆီးရန် မည်သည့်လက်နက်ဖြင့် အသုံး ပြုရမည်ကို နားမလည်နိုင်အောင် ရှိလေသည်။

တစ်နေ့သောညနေစောင်းတွင် တပ်ခွဲမှူး တိုင်းရားက တပ်ကိုတန်းစီစေသည်။ ထိုးစ်အာ ကျွန်တော့်အား သူပြောသောစကားကို ဘာသာပြန်ခိုင်း၏။

"ငါတို့တပ်ခွဲဟာ အထူးတာဝန်တစ်ရပ်နဲ့ ရှိုးရှိုးချီတက်သော ဘီအိုင်အေတပ်ဖွဲ့နဲ့ မချီတက်ဘဲ သီးခြားခွဲပြီး တစ်နေရာကို သွားရမယ်။ ဒီည ခရီးထွက်မယ်၊ အဆင်သင့်ပြုလုပ်ထား

ကျွန်တော်လည်း ၎င်းကိုဘာသာပြန်ပြီး တပ်ဖြုတ်လိုက်၏။ အသင့်ပြင်ရန်မှာ ကျွန်တော် ဘာမျှမရှိပါ။ ကိုယ်ပေါ်ရှိ ပုဆိုးနှင့်အင်္ကျီ၊ လက်မောင်းပတ်နှင့် လက်နက်ကိုယ်စီသာဖြစ်၏။

ကျွန်တော်တို့တပ်ခွဲသည် ညမှောင်လာသည်နှင့် တစ်ပြိုင်နက် ခရီးစတင်ထွက်ခွာလာ သည်။ ဂျပန်စစ်ဝတ်ဖြင့် ဦးထုပ်နှင့် ဗိုလ်တစ်ယောက်လည်း ကျွန်တော်တို့တပ်ခွဲနှင့်အတူ ခရီး လိုက်သလို ပါလာ၏။ ထိုသူကိုကား ဂျပန်ပြန်မှန်းတော့သိသည်။ မည်သူမည်ဝါဖြစ်သည် မှောင်နေသောကြောင့် မသိရ။ ခရီးသွားစဉ်ဖြစ်သည့်အတွက် စကားပြောခြင်း မရှိ။ တစ်ဦး တစ်ဦးလည်း မမေးမိခဲ့ပေ။

ညဉ့်နက်လာသည်နှင့်အမျှ ခရီးကလည်းရှည်ခဲ့သည်။ ကျွန်တော်တို့တစ်တွေလည်း ပင်ပန်း ၍လာသည်။ အလွန်အမင်းလည်း အိပ်ငိုက်လာသည်။ (သွားရင်းနှင့် အိပ်တတ်သောပညာ





ကစ၍တတ်လာသည်။ မျက်စိပိတ်၊ စိတ်ကို အလုပ်တစ်ခုတည်းသို့ စူးစိုက်မှုမထားနှင့်၊ နားကို ဖွင့်ထား၊ နားသာလျှင် လူတစ်ကိုယ်လုံးလှုပ်ရှားမှုကို အလုပ်လုပ်သွားသည်။) လမ်းခရီးတွင် နားနေ သော ဂျပန်တပ်ဖွဲ့များကိုလည်း တွေ့ရသည်။ ၎င်းတို့သည်လည်း ခရီးပင်ပန်းမှုကြောင့် တုံးလုံး ပက်လက် နားနေကြသည်။ တချို့လည်း အသက်ရှူပြင်းပြင်းနှင့် ကျောပိုးအိတ်လွယ်လျက် သေနတ် ကိုင်ပြီး မြေကြီးပေါ်တွင် အိပ်မောကျနေလေသည်။ ၎င်းတို့ကိုကြည့်ပြီး ၎င်းတို့လိုပင် ဝင်ရောက်ပြီး အိပ်ချင်သောစိတ် တဖွားဖွားပေါ်ပေါက်ခဲ့လေသည်။

တစ်နေရာသို့ ရောက်သောအခါ တပ်ကိုအနားပေးလိုက်သည်။ ကျွန်တော်တို့ တစ်တွေမှာ သွားရမည်ကိုလည်း မကြောက်၊ မည်သို့ဖြစ်မည်ကိုလည်း မစိုးရိမ်၊ အိပ်ချင်နေသဖြင့် အနားပေးလိုက် သည်နှင့် မြေကြီးပေါ်တွင် လှဲ၍ အိပ်လိုက်လေသည်။ ခရီးကြုံလိုက် ဂျပန်ပြန်ဗိုလ်သည်လည်း ကျွန်တော့်ဘေးတွင် လှဲချပြီး မြေကြီးပေါ်တွင် ကျွန်တော့် နည်းတူ အိပ်လိုက်သည်ကိုမူ သတိထား လိုက်မိ၏။ နာရီဝက်ခန့်ကြာမည်ထင်သည်။ ခရီးဆက်လက်ထွက်ရပြန်ပြီး စိတ်ရှိ လက်ရှိ အနည်း ငယ်မှုရသည့်အတွက် ခရီးအတော်သွက်လာသည်။ နံနက် ၄ နာရီလောက်တွင် ကျွန်တော်တို့ တပ်ဖွဲ့ ရှေ့ဘက်ဆီမှ မော်တော်ကားတန်းကြီး တောင်မှမြောက်သို့ မောင်းနှင်လာသည်ကို တွေ့ရ သည်။ ဂျပန်က ဝပ်နေရန် အမိန့်ပေးသည့်အတွက် အားလုံးပြားပြားဝပ်နေကြ၏။ တစ်ယောက်မျှ မလှုပ်ရဲကြ။ ကျွန်တော့်အဖို့ တင့်ကားကို ဦးနှောက်ထဲတွင် စွဲရောက်နေရာ တင့်ကားနှင့်တော့ တွေ့ပြီချရတော့မည်။ သို့သော် ကြောက်စိတ်ကား တစိမျှမရှိ၊ မှောင်လည်း မှောင်၊ တင့်ကားကို ဂျပန်ကမည်သို့ အတိုက်ခိုင်းမည်နည်းဟု စိတ်ထဲတွင် တွေးတောနေမိသည်။ ကားတန်းကျော်သွား သည်နှင့် ဂျပန်က အထခိုင်းပြီး ခရီးဆက်လက် ထွက်ခွာလာရပြန်သည်။ ထိုကားတန်းသည် ရန်ကုန်မှ မန္တလေးသို့ ဆုတ်ခွာစပြုသော ကားတန်းဖြစ်သည်ကို နောင်တွင်မှ စဉ်းစားမိသည်။

အလင်းရောင်မလာမီ မော်တော်ကားလမ်းကို ဖြတ်ကျော်ကြပြီး ပဲခူးရိုးမ တောတောင်ထဲသို့ ကျွန်ုပ်တို့တပ်ဖွဲ့ ဝင်ရောက်သွားမိ၏။ နံနက် ၁၀နာရီအထိ ခရီးပြင်းလျှောက်ပြီး အိမ်ခြေ ဆယ်အိမ် မျှရှိသော ရွာတစ်ရွာသို့ရောက်သောအခါ တပ်ခွဲတစ်ခုလုံး အနားပေးကင်းချပြီး အားရပါးရ အိပ်ကြ သည်။ ထိုရွာတွင် နားသည့်အခါကျမှသာ ထိုဂျပန်ပြန် ဗိုလ်ကို အသေအချာကြည့်ရာတွင် သခင် အောင်ဆန်း(ခေါ်) ဗိုလ်တေဇမှန်း သိရလေသည်။ ထိုသို့ သိရသည်မှာ ၎င်း သတင်းနှင့် ကျောင်းသား ဘဝ၊ သခင်ဘဝ၊ ၎င်း၏ရုပ်ပုံကို သတင်းစာတွင် တွေ့ရှိရသည့်အတွက် သိခြင်းဖြစ်သည်။ ၎င်းက လည်း ကျွန်တော့်ကို မည်သူဟူ၍ ထုတ်မပြော၊ လူကြီးတစ်ယောက်ဟူ၍လည်း အခွင့်အရေးမယူ၊ ထိုရွာတွင် တရေးတမောအနားယူစဉ် ကျွန်တော်တို့ ကောက်ရိုးပုံရှာပြီး အိပ်သကဲ့သို့လည်း ကောက်ရိုး ပုံ၌ ကွေးခဲ့လေသည်။ ညနေ ၃ နာရီတွင် ခရီးထွက်ရန်ပြင်ဆင်ကြသည်။ ပြင်ဆင်သည်ဟု ရေး လိုက်သဖြင့် ကြီးကျယ်သွားသည်ဟု ထင်မိ၏။ ပြင်ဆင်ရန် ဘာမျှမရှိကြ၊ ကျွန်တော့်အဖို့ အင်္ကျီ၊ ပုဆိုးနှင့် ဘီအိုင်အေ လက်မောင်းပတ်သာရှိပြီး အပိုအင်္ကျီ၊ ပုဆိုး၊ စောင်ဟူ၍မရှိ၊ ထို့အတူ အခြား ရဲဘော်များလည်း ထိုနည်းတူစွာပင်။ သို့သော် လူတစ်ကိုယ်လျှင် ဝါးကျည်တောက်နှင့် ရေတော့ ပါကြ၏။

ဗိုလ်တေဇ(ခေါ်) သခင်အောင်ဆန်းမှာ ကျွန်တော်တို့ထက် တစ်ခုကွာခြားသည်။ သူ့တွင်



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်စစ်ဝတ်စုံ ကာကီ ရောင်ဖျော့ဖျော့၊ မြက်ဦးထုပ်၊ လွယ်သော သားရေအိတ်တစ်ခု၊ ဂျပန်ဓားနှင့် ခြောက်လုံးပြူးတစ်ခု ကိုယ်ပေါ်၌ပါရှိသည်။ ၎င်း၏အင်္ကျီတို့မှာ လျှော်ဖွပ်ခြင်းမရှိသည့်အတွက် ညစ်ပတ်ပြီးနေတော့သည်။ ပဲခူးရိုးမတောတောင်ကို ရက်ပေါင်းမည်မျှ ဖြတ်ကျော်သွားသည်ကို မခန့်မှန်းမိတော့။ သို့သော် လွင်ပြင်ကိုဖြတ်ကျော်သကဲ့သို့ ညလျှောက် နေ့နား မဟုတ်တော့ဘဲ နေ့လျှောက် ညနားစနစ်ကို ပြောင်းလိုက်လေသည်။ တစ်ခါတွင် ညစခန်းတစ်ခုသို့ ရောက်သွား၏၊ ရိက္ခာကလည်း မရှိသဖြင့် ရွာမှရသမျှဆန်ကို ချက်ပြုတ်၍ ထမင်းကို လုံးပြီး (တင်းနစ်ဘောလုံး သာသာခန့်ရှိ) ထမင်းလုံးတစ်လုံးကို လူနှစ်ယောက်နှုန်းနှင့် တန်းစီပြီး သွားရောက်ယူငင်စားသောက် ရ၏။ ဗိုလ်တေဇ (ခေါ်) သခင်အောင်ဆန်းသည်လည်း လူကြီးပီပီ တစ်လုံးမယူ၊ ဂျပန်တစ်ယောက် နှင့်တွဲပြီး တစ်လုံးသာယူ၍စားသည်ကိုတွေ့ရ၏။ တစ်ခါတစ်ရံ ရွာသို့ ဝင်ရောက်က တောရွာတို့၏ သဘာဝအလျောက် ရွာသားများ ကြောက်ရွံ့ပြီး ထွက်ပြေးရာ ရွာတွင်းရှိ ဝက်ကိုဖမ်းပြီး သတ်၍ ပြုတ်စားကြရသည်၊ ပိုလျှံသည်ကို ဝါးကျည်တောက်ထဲသို့ ရေလုံ ပြုတ်ထည့်ပြီး ယူဆောင်ရာ နှစ်ရက် သုံးရက်ကြာသော် ထိုဝက်ရေလုံပြုတ်မှာ နံစော်လာ၏။ လွှင့်မပစ်ရက်နိုင်ဘဲ ထိုနံစော်နေ သော ဝက်ရေလုံပြုတ်ကို နှာခေါင်းပိတ်ပြီး စားသောက်ကြရ၏။ ဗိုလ်တေဇ(ခေါ်) သခင်အောင်ဆန်း ကို ကျွန်တော်တို့ ဝေစုမှ ခွဲဝေကျွေးရာ ကျွန်တော်တို့ နည်းတူပင် မညည်းမညူ စားသောက်၏၊ တစ်ခါက ရွာတစ်ရွာတွင် ဆန်လည်းမရှိ၊ ရိက္ခာလည်းမရှိ၊ တစ်ရွာလုံး ပစ္စည်းများကို ဖွက်ပြီး ရှောင် တိမ်းနေရာ သဘော်သီးကိုပြုတ်ပြီး ဗိုလ်တေဇနှင့်အတူ စားသောက်ကြရလေသည်။

ထိုသို့ ချီတက်လာစဉ်ကာလသည် ဧပြီလဖြစ်ရာ သကြံန်မိုးသည် မမျှော်လင့်ဘဲ ပဲခူးရိုးမတွင် အကြီးအကျယ် ရွာလေသည်၊ စခန်းတစ်နေရာတွင် လူတိုင်းအင်္ကျီချွတ်ပြီး မီးကင်နေစဉ် အင်္ဂလိပ် လေယာဉ်တစ်စင်း နိမ့်စွာ ပျံသန်းပြီး ဝဲနေသဖြင့် ကိုယ်တုံးလုံးနှင့် တောကြီးအတွင်းရှိ သစ်ပင်ကြီးများ အောက်သို့ နာရီဝက်မျှ ပြေးလွှားပုန်းအောင်းနေရ၏။ မိမိနေရာကို ရန်သူသိပြီဟု ယူဆသည့် အတွက် အဝတ်စိုစိုနှင့်ပင် ညတွင်းချင်း ခရီးဆက်ထွက်ရလေသည်။ ခရီးကကြမ်း၊ ရာသီဥတုက ဖောက်ပြန်၊ လူကပင်ပန်း၊ တစ်ခါတစ်ရံ ချောင်းဖျားတစ်လျှောက် ရေစပ်စပ်တွင် လျှောက်နေရ ကြောင့် ခြေထောက်များ နူးပြီး ခြေထောက်များနာကျင်၏။ ဗိုလ်တေဇမှာ တုတ်တစ်ချောင်းနှင့် ထောက်ပြီးသွားနေသော်လည်း သူ့မျက်နှာသည်ကား မာကျောနေ၏။ စိတ်ထက်သန်ပုံကို မြင်ရ သည်။

ထိုသို့ချီတက်ရင်းနှင့် ပဲခူးရိုးမတောင်ကိုကျော်ပြီး အင်းစိန်ခရိုင် တိုက်ကြီးမြို့နယ် လိမ္မော်ခြံ သို့ ကျွန်တော်တို့တပ်ရောက်သွားသည်။ ရောက်သောညတွင်း၌ပင် ထိုရွာ၌ ဝက်ပေါင်ခြောက်များနှင့် စားသောက်ရသည့်အတွက် ယခုတိုင် မမေ့နိုင်ဖြစ်ခဲ့ရသည်။

ထိုရွာသို့ ရောက်ရောက်ချင်း ဗိုလ်တေဇနှင့် မစ္စတာတိုင်းရားတို့သည် ထိုရွာမှ လူကြီးအချို့နှင့် စကားပြောပြီး အင်္ဂလိပ်တို့၏လှုပ်ရှားမှုနှင့် ပြည်မော်တော်ကားလမ်းအကြောင်း မေးမြန်းပြီး တိုင်ပင် ကြ၏။ ကျွန်တော့်အနေနှင့်ကား လူငယ် တစ်ယောက်ဖြစ်ရာ မိမိတပ်စု၌ပင် ကင်းချရင်း တာဝန်ကျ ကုန်သွား၏။

ည ၉ နာရီခန့်တွင် ကျွန်တော်နှင့် ဗိုလ်အုံးရွှေကို ခေါ်ပြီး ဗိုလ်တေဇနှင့် မစ္စတာတိုင်းရားတို့က





အထုပ်နှစ်ထုပ်ပေး၏။ တစ်ထုပ်ကို ကျွန်တော့်အားပေးလျက် ကျန်တစ်ထုပ်ကို ဗိုလ်အုံးရွှေကို ယူစေ ပြီး ခရီးထွက်ခဲ့ကြသည်။ ကျွန်တော့်အနေဖြင့် အထုပ်လွယ်ပြီး လိုက်သာသွားရသည်။ ဘယ်သွားမှန်း လည်းမသိ။ ကွင်းပြင်တစ်လျှောက် ထွက်ခဲ့ရာ ရွာအနားနီးလျှင် ခွေးများဟောင်ခြင်း၊ ရွာများမှ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ခြင်းများကို တောက်လျှောက်တွေ့ရသည်။ ခွေးဟောင်တိုင်း ရွာများမှ လက်နှိပ်ဓာတ်မီးရောင်ထွက်လာတိုင်း မြေကြီးပေါ်တွင် ကျွန်တော်တို့လေးဦး ဝပ်နေခဲ့ရသည်၊ ညဉ့်က လည်း မှောင်၊ ခွေးကလည်းဟောင်၊ လက်နှိပ်ဓာတ်မီးရောင်ကလည်း မကြာခဏထွက်ပေါ်လာနှင့် ဟိုရှောင် သည်ရှောင်၊ ဟိုဝပ်သည်ဝပ်နှင့် မစ္စတာတိုင်းရားနှင့် ကျွန်တော်ကတစ်တွဲ၊ ဗိုလ်တေဇနှင့် ဗိုလ်အုံးရွှေကတစ်တွဲ လူစုကွဲသွား၏၊ တစ်တွဲကိုတစ်တွဲ ရှာဖွေသော်လည်း မတွေ့သဖြင့် လက် လျှော့ပြီး မိမိစခန်းရှိရာ လိမ္မော်ခြံသို့ ညဉ့် သုံးချက်တီးမှ ပြန်ရောက်ကြသည်။

စခန်းကိုပြန်ရောက်မှ သိရသည်မှာ တိုက်ကြီးမြို့အဝင်တံတားကို မိုင်းနှင့်ဖောက်ခွဲရန်သွား ရာ မိုင်းထုပ်နှင့် ဖြူးစ်ကြိုးခွေ အထုပ်နှစ်ထုပ်မှာ တစ်ထုပ်က ကျွန်တော်တို့ထံတွင်ရှိပြီး ကျန်တစ် ထုပ်မှာ အခြားတစ်ဖွဲ့တွင်ရှိသည့်အတွက် မည်သို့မျှ မလုပ်ဆောင်နိုင်ခဲ့ကြပါ။ လေးဦးစလုံး စိတ် မကျေပွဲနှဲ့ရန် ထပ်မံထွက်ခဲ့ပြီး နံနက် (၄) နာရီခန့်တွင် တံတားကို အောင်မြင်စွာဖောက်ခွဲပြီး မိမိစခန်းသို့ ပြန်လာနိုင်ခဲ့လေသည်။ တစ်ညလုံး အိပ်ပျက်ပင်ပန်းသည့်အတွက် ပြန်ရောက် လျှင် ရောက်ချင်း ဗိုလ်တေဇမှာ ရွာတွင်း၌ရှိသော ကားဟောင်းအတွင်းဝင်အိပ်ပြီး ကျွန်တော်တို့မှာမူ ထုံးစံအတိုင်း ကားဘေးရှိ ကောက်ရိုးပုံကိုဖွပြီး နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားလေသည်။

နံနက်နေထွက် အိပ်ရာမှနိုးလာပြီး ကြည့်လိုက်ရာ ဗိုလ်တေဇမှာ ဘယ်အချိန်ကထသည် မသိ၊ လူကြီးအချို့နှင့် ကွပ်ပျစ်ပေါ်တွင်ထိုင်ပြီး ဆွေးနွေးနေသည်ကို တွေ့ရသည်။ ကျွန်တော်လည်း မျက်နှာသစ်၊ အင်္ကျီနှင့်သုတ်ပြီး မိမိတပ်စု ရှိရာ ကင်းချထားသောနေရာကို ထွက်သွားသည်။ နံနက် ၉ နာရီခန့်တွင် တပ်စုကင်းစခန်းရွာထိပ်ရောက်၍ မိနစ်အနည်းငယ်မှာပင် ညက တံတားမိုင်းဖြင့် ဖောက်ခွဲလိုက်သည့်အတွက် လိမ္မော်ခြံရွာကို အင်္ဂလိပ်တပ်စိတ်တစ်စိတ် ကင်းထောက်ရန် ရောက်ရှိ လာသည်။ ၎င်းတို့သည် ကျိုးဖြူပိုက်လမ်း မီးရထားသံလမ်းအတိုင်း တက်လာရာ ကုန်းမြင့်နှင့် တောထဲ တွင်ရှိနေသော ကျွန်တော်တို့တပ်စုက အုပ်မနိုင် ထိန်းမရ တောအမဲပစ်သကဲ့သို့ တဒိုင်းဒိုင်းဖြင့် ပစ်ခတ်ကြလေသည်။ ၁၅ မိနစ်မျှ ပစ်ခတ်ပြီး အင်္ဂလိပ်တပ်စိတ်မှ တော်မီဂန်းကိုင် တစ်ယောက်ကျ ကျန်ပြီး နောက်ကြောင်းသို့ ဆုတ်ခွာပြေးလေရာ တိုက်ပွဲပြီးသည်နှင့် ၎င်းအင်္ဂလိပ်စစ်သားအိတ်ထဲမှ စာရွက်စာတမ်းကို ထုတ်ကြည့်၊ ပစ္စည်းများရှာဖွေပြီး နောက်တန်းကို သတင်းပို့ရန် သတိရသည်နှင့် အပြေးအလွှား တပ်ခွဲမှူးမစ္စတာတိုင်းရားထံ သွား၍ သတင်းပို့ရသည်။

လမ်းတစ်ဝက်တွင် သေနတ်သံများကြောင့် စိုးရိမ်ပြီး တစ်ယောက်တည်းလိုက်လာသော ဗိုလ်တေဇကို တွေ့ရလေသည်။ နောက်တန်းနှင့် ရွာထိပ်ကင်းပုန်းစခန်းမှာ တစ်မိုင်မျှ ရှိလိမ့်မည်ဟု ထင်ရပါသည်။ ဗိုလ်တေဇက "ဟေ့ ဗိုလ်ဟသ်ာ၊ မင်းတို့ ဘာဖြစ်ကြသလဲ"ဟု စိုးရိမ်တကြီးနှင့် မေးရာ "အင်္ဂလိပ်တပ်နဲ့ တိုက်ကြတယ်၊ အင်္ဂလိပ်တစ်ယောက်တော့ သေသွားပြီ၊ ခင်ဗျားတစ် ယောက်တည်း မသွားပါနဲ့ဦး၊ ကျွန်တော် ဂျပန်ဗိုလ်ဆီသွားပြီး သတင်းပို့ဦးမယ်" ဟုပြောပြီး နောက် တန်းရှိရာသို့ ပြေးခဲ့သည်။ တပ်ခွဲမှူး မစ္စတာ တိုင်းရားမှာ သေနတ်သံကြားလျှင်ကြားချင်း နောက်



www.burmeseclassic.com

www.burmeseclassic.com



တန်းရှိ တပ်များကို နေရာချပြီး နောက်တန်းတွင် အသင့်ရှိ နေသည်။ ၎င်းကို သတင်းပို့ပြီး ပြန်လာရာ ဗိုလ်တေဇကို စ၍တွေ့သောနေရာ သစ်ပင်ခြေရင်း၌ ထိုင်နေသည်ကို တွေ့၍ သူနှင့်အတူ တိုက်ပွဲ ဖြစ်ပွားရာကို သွားရောက်ကြည့်ရှုပြီး တပ်များကို ဂရုတစိုက်နေရန် မှာကြားလျက် နောက်ပိုင်းသို့ ပြန်ခဲ့လေသည်။

ကျွန်တော်တို့တပ်သည် အထူးတာဝန်တစ်ရပ်ဖြစ်သော ပြည်လမ်း မီးရထားလမ်းနှင့် မော်တော်ကားလမ်းကို ဖျက်ဆီး အနှောင့်အယှက်ပေးပြီးဖြစ်ရာ ရန်ကုန်သို့ ဆက်လက်ချီတက်ရေး အတွက် ထိုညဥ့်ပင် ဂျိုးဖြူပိုက်လမ်းအတိုင်း ဝါးနက်ချောင်းဘက်သို့ ခြေကျင်ခရီး ချီတက်ခဲ့သည်။ ဝါးနက်ချောင်း၌ နေ့ဘက်တွင် ရပ်နားလေသည်။ ထောက်ကြံ့ဘက်တွင် ဂျပန်နှင့် အင်္ဂလိပ်တပ် များ တိုက်ခိုက်နေကြောင်းနှင့် အင်္ဂလိပ်တပ်များ ဆုတ်ခွာနေကြောင်း ကြားသိရလေသည်၊ ရန်ကုန် မြို့၌ အင်္ဂလိပ်များဆုတ်ခွာကုန်ပြီဟု ကြားရပြန်ရာ ဂျပန်တပ်ထက်ဦးရန် ချီတက်မည်ဟု ဆုံးဖြတ်ပြီး ရရာကားကိုရှာဖွေ၍ ဝါးနက်ချောင်းမှ ကားများဖြင့် ညနေစောင်းလောက်တွင် ရန်ကုန်သို့ အပြင်း ချီတက်လေသည်။ ရန်ကုန်မြို့သို့ ဂျပန်ရှေ့ပြေးတပ်နှင့် တစ်နေ့တည်းရောက်သော်လည်း ကျွန်တော် တို့တပ်သည် နာရီပိုင်းမျှ နောက်ကျလေသည်။ သို့သော် ဘီအိုင်အေတပ်ထဲတွင် ကျွန်တော်တို့တပ် သည် အရင်ဆုံး ရန်ကုန်သို့ ရောက်လေသည်။

ကျွန်တော်တို့ တပ်ခွဲသည် ဘုရားလမ်းရှိ ယခု ကာကွယ်ရေးဝန်ကြီးဌာန အဆောက်အအုံသို့ ည ၉ နာရီလောက်တွင် ရောက်ပြီး တပ်များနေရာချထားလိုက်လေသည်။ တစ်မြို့လုံးသည် မှောင်မဲ ပြီး ညစာလည်း မစားရသေးရာ ဗိုလ်တေဇက

"ဟေ့ ဗိုလ်ဟသ်ာ ဆာတယ်ကွာ၊ အနီးအနားအိမ်သွားပြီး အစာရှာစားရအောင်"ဟု ခေါ် သည့်အတွက် သူနှင့်အတူ (ယခု မတ်သဒစ်ကျောင်း ထင်သည်) ထိုအဆောက်အအုံအိမ်ကြီးသို့ ရောက်ပြီး ဖယောင်းတိုင်မီးဖြင့် အိမ်ကြီးတစ်အိမ်လုံးကို မွှေနှောက်ရှာဖွေရာ ဘီစကွတ်မုန့်များ နို့ဆီများတွေ့သဖြင့် ဖောက်ပြီးစားကြသည်၊ စားသောက်ပြီးကြသော် ဗိုလ်တေဇက စားပွဲတစ်လုံး ပေါ်တွင် အိပ်၍ ကျွန်တော်လည်း သူ့အနီးရှိ စားပွဲတစ်လုံးပေါ်တွင် အိပ်လိုက်မိတော့သည်။

ဤသည်ကား၊ ယိုးဒယားနယ်စပ်မှ ရန်ကုန်မြို့အထိ ဘီအိုင်အေတပ် ချီတက်ရာတွင် ဗိုလ်တေဇနှင့် ကျွန်တော် တွေ့ဆုံရသည့် ဘဝတစ်ကွေ့သာဖြစ်ရာ ထိုတွေ့ဆုံရသော ဘဝတစ်ကွေ့ တွင် ၎င်းကို အစ်ကိုကြီးသဖွယ်၊ ကျောင်းသားခေါင်းဆောင်တစ်ယောက်ဟူ၍သာ မြင်သော ဘဝမြင် ၏။ နောင်သောအခါ ၎င်းကို စစ်ခေါင်းဆောင်၊ တော်လှန်ရေးခေါင်းဆောင်အနေနှင့် ဆက်ဆံရသော အခါတွင် ၎င်းကို ကြည့်လိုက်တိုင်း ရန်ကုန်မြို့အဝင် ပထမညဥ့် ဖယောင်းတိုင်ကိုင်ပြီး အိမ်ကြီး တစ်အိမ်ပေါ်၌ ဘီစကွတ်မုန့်နှင့် နို့ဆီဖောက်စားပြီး ပေနေသော စားပွဲတစ်ခုပေါ်တွင် ကွေးကွေး ကလေးအိပ်နေသောအဖြစ်ကိုသာ မြင်ယောင်၍ နေမိပါတော့သည်။

[မြဝတီမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၅၈]



# အောင်ဆန်း = ချာချီ + ဝယ်လင်တန်

စမိုး

[ ၁ ]

မြန်မာနိုင်ငံသမိုင်းတွင် မည်သည့်အခါတွင်မှ နာမည်ကွယ်ပျောက်နိုင်မည် မဟုတ်သော ပုဂ္ဂိုလ်တစ်ဦး၏ ဂုဏ်ပုဒ်တို့ကို ဖော်ထုတ်ချီးကျူးခြင်းသည် ယင်းပုဂ္ဂိုလ်အဖို့ များစွာထူးခြားလှမည် မဟုတ်ပါချေ။ သို့သော် သူ့စွမ်းဆောင်ချက်၊ သူ့အရည်အသွေးတို့ကို မိမိမြင်ရာရှုထောင့်မှ သုံးသပ် ဆင်ခြင်သည့်အခါတွင်ကား မိမိ၏ဇာတိမြေကို ပိုမိုနားလည်လာသော အကျိုးကျေးဇူးကိုရရှိလေ သည်။

ဤဇာတိမြေမှ မွေးဖွားပေးလိုက်သော အာဇာနည်သားကောင်းတို့၏ ထူးကဲသောစွမ်းရည် ကိုလည်းသိမြင်လာ၏။သည်အခါ မိမိကိုယ်တိုင်ပင် တစ်မုဟုတ်ချင်း ခွန်အား၊ ဉာဏ်အားတိုးပွားလာ သည်ဟုပင် ထင်မှတ်မိတော့သည်၊ ဤသို့ဖြင့် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့သော မျိုးချစ်ပုဂ္ဂိုလ်တို့သည် ကွယ်လွန်ပြီးသည်၏နောက်ပိုင်းမှာပင် နိုင်ငံနှင့်လူမျိုး၏အကျိုးကို ဖြည့်စွမ်းလျက်ရှိနေတော့၏။

[ ၂ ]

၁၉၄၅ ခုနှစ် ဇက်တင်ဘာလ ၄၊ ၅ ရက်များက ဖြစ်သည်။

ဗြိတိသျှအာဏာပိုင်တို့၏ ဖိတ်ခေါ်ချက်အရ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော မြန်မာ အဖွဲ့သည် သီဟိုဠ်ကျွန်း ကန္ဒီမြို့၌ မဟာမိတ်စစ်သေနာပတိချုပ်လော့ဒ်မောင့်ဘက်တန်နှင့် တိုင်ပင်

www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးရန် သွားရောက်ခဲ့ကြသည်။ ဆွေးနွေးရန် အဓိကအကြောင်းမှာ ဗမာ့တပ်မတော်ကိစ္စ ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှ စစ်အာဏာပိုင်တို့က သူ့ရဲဘော်များအား ဆက်ဆံရေးနှင့်ပတ်သက်ပြီး များစွာခံပြင်းလျက်ရှိသည်။ ထို့ကြောင့် ဗမာ့တပ်မတော်အား ထိုက်သင့်သော လေးစားမှုဖြင့် ဆက်ဆံရေး၊ ရသင့်သော အခွင့်အရေးများရရှိရေးတို့အတွက် အရေးဆိုရန်လာခဲ့ခြင်း ဖြစ်သည်။ တောင်းဆိုချက်တွေရလျှင်ရ၊ မရလျှင် အညှိတော့မခံ၊ 'ချ'သင့်က 'ချ'မည်ဟူ၍လည်း ဆုံးဖြတ်ပြီးဖြစ်သည်။

သို့နှင့် ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၆ ရက်နှင့် ၇ ရက်နေ့များတွင် မဟာမိတ်စစ်သေနာပတိချုပ် လော့ဒ်မောင့်ဘက်တန်နှင့် မြန်မာနိုင်ငံကိုယ်စားလှယ်များ ဆွေးနွေးကြသည်။ ဆွေးနွေးပွဲအပြီးမှာ 'ကန္ဒီစာချုပ်'ဟူ၍ အောက်ပါသဘောတူညီချက်များ ပါဝင်သောစာချုပ်တစ်ရပ် ထွက်ပေါ်လာခဲ့လေသည်။ [ဦးသန့်၏ ပြည်တော်သာခရီး-ပ]

(က) မျိုးချစ် ဗမာ့တပ်မတော်ကို တကွဲတပြားစီဖျက်သိမ်း၍ တစ်ဦးစီ စစ်တပ်အတွင်းသို့ သိမ်းသွင်းရန် ဟူသော ဗြိတိသျှအစိုးရ၏ မူလရည်ရွယ်ချက်ကို ရုပ်ဆိုင်းထားမည်။

(ခ) ဗမာ့တပ်မတော်အား မြန်မာနိုင်ငံ စစ်တပ်အတွင်းသို့ ပူးပေါင်းလိုက်ရန် သဘောတူသည်။

(ဂ) ဗမာ့တပ်မတော်အတွင်း၌ ဆက်လက်အမှုထမ်းရွက်လိုသူ ကျန်းမာရေးနှင့်ပြည့်စုံသည့် တပ်သား ၅၂၀၀ နှင့်အရာရှိ ၃၀၀၀ ကို လက်ခံရန် သဘောတူသည်။

(ဃ) တပ်မတော် ဗိုလ် ၂၀၀ နှင့် အရန်ဗိုလ် ၂၀၀ ကိုလက်ခံရန် သဘောတူသည်။

(င) တပ်မတော်သားများနှင့်သက်ဆိုင်သော ကိစ္စအဝဝကို စုံစမ်းရန်အတွက် မဟာမိတ်ကိုယ်စားလှယ်၊ တပ်မတော်ကိုယ်စားလှယ်တို့ပူးတွဲကာ အဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်ရန် သဘောတူသည်။

ဤသို့သော လိုလားချက်များကို ရရှိခဲ့ခြင်းမှာ ဗိုလ်ချုပ်အောင်ဆန်းအဖို့ ကြီးမားလှသော အောင်မြင်မှုပင်ဖြစ်သည်။ လိုလားချက်တွေကိုလိုက်လျောရပြီးနောက် လူချင်းခွဲခါနီးတွင် လော့ဒ်မောင့်ဘက်တန်က ဗိုလ်ချုပ်အောင်ဆန်းအား

"ခင်ဗျားအနေနဲ့ ချာချီဖြစ်ချင်သလား၊ ဒါမှမဟုတ် ဝယ်လင်တန်ဖြစ်ချင်သလား ဆိုတာ ဆုံးဖြတ်ရလိမ့်မယ်။ လူတစ်ကိုယ်တည်းက တစ်ချိန်တည်းမှာ စစ်သားရော၊ နိုင်ငံရေးခေါင်းဆောင်ရောမဖြစ်နိုင်ဘူး"ဟု ပြောကြားလိုက်လေသည်။ [ဒေါက်တာမောင်မောင်၏ Aung San of Burma တွင်ပါရှိသောဦးတင်ထွဋ်၏ A Churchill or A Wellington မှ]

မောင့်ဘက်တန်အနေဖြင့် မည်သည်ကို ရည်ရွယ်၍ ပြောလိုက်သည်ကိုမူ သူကိုယ်တိုင်သာ သိပေမည်။ သို့သော် ဤစကားကိုပြောဆိုရာတွင် သူသည် မြန်မာနိုင်ငံ သဘာဝကိုလည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ စွမ်းဆောင်ချက်တို့ကိုလည်းကောင်း မျက်ကွယ်ပြုထားခဲ့သည်ဟု ဆိုနိုင်သည်။





| ၃ |

သမိုင်းကြောင်းတစ်လျှောက် ကြုံတွေ့ခဲ့သောအဖြစ်များကြောင့်လည်းကောင်း၊ နယ်ချဲ့အရင်းရှင်လက်အောက်တွင်နေခဲ့ရ၍လည်းကောင်း၊ မြန်မာနိုင်ငံသည် 'ဖွံ့ဖြိုးဆဲ' နိုင်ငံအဆင့်မှာပင် ရှိနေရသည်။ 'ဖွံ့ဖြိုးဆဲ'နိုင်ငံဆိုသည်ကိုပင် မကြာလှသေးသော နှစ်များကမှ စတင်ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။ လွန်ခဲ့သော ဆယ်နှစ်ကျော်ကဆိုလျှင် မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများစွာတို့ကို 'မဖွံ့ဖြိုးသေးသော' နိုင်ငံများဟု ပေါင်းရုံးသတ်မှတ်ထားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မြန်မာ၊ တရုတ်၊ ယိုးဒယား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ သီဟိုဠ်စသော အာရှနိုင်ငံများပါဝင်သည်။ အမေရိကန်၊ အင်္ဂလန်၊ ဂျာမနီနှင့် ဂျပန်အမှူးပြုသောနိုင်ငံတို့ကို တိုးတက်သော နိုင်ငံများဟု သတ်မှတ်ထားသည်။ ဤသို့သတ်မှတ်ရာတွင် စံချိန်မှာ စီးပွားရေးနှင့် သိပ္ပံပညာတိုးတက်မှုကို အခြေပြုထားလေသည်။

တိုးတက်သောနိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံတို့၏ ခြားနားချက်ကို စီးပွားရေးရှုထောင့်မှကြည့်လျှင် ကုန်ပစ္စည်းထုတ် လုပ်မှုဘက်တွင် ထင်ရှားစွာတွေ့မြင်နိုင်သည်။ အလွယ်ဆုံးပုံစံတစ်ခုမှာတွယ်အပ်ထုတ်လုပ်ခြင်း ဖြစ်သည်။ တိုးတက်သောနိုင်ငံတွင် တွယ်အပ်တစ်ချောင်းအဖြစ်သို့ ရောက်ရှိရေးအတွက် သံအရည်ကျိုခြင်း၊ တွယ်အပ်အရွယ် သံချောင်းများပြုလုပ်ခြင်း၊ ဖြတ်ခြင်း၊ အဖျားချွန်ခြင်း၊ ထိပ်ဖူးပြုလုပ်ခြင်း၊ ငွေရည်အရောင်တင်ခြင်း၊ ဘူးသွတ်ခြင်းစသည့် အဆင့်ဆင့်သော အလုပ်များကို အလုပ်သမားတစ်ဦးစီ၊ သို့မဟုတ် ဌာနတစ်ခုစီက တာဝန်ယူ၍ လုပ်ကိုင်ရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတွင်ကား ဤအလုပ်တွေအားလုံးကို တစ်ဦးတည်း၊ သို့မဟုတ် အများဆုံးနှစ်ဦးလောက်က အစမှအဆုံး လုပ်ကိုင်ကြရသည်။

ဖွံ့ဖြိုးဆဲနိုင်ငံအဖို့တွင် တွယ်အပ်ထုတ်လုပ်ခြင်းကဲ့သို့သော ကာယလုပ်အား၌သာမက ဉာဏလုပ်အားအသုံးပြုရသည့် အလုပ်များ၌ပင် လေးငါးဦးအနည်းဆုံးခွဲ၍ လုပ်ကိုင်ရမည့်အလုပ်ကို တစ်ဦးတည်းက အောက်ခြေမှ ပြီးစီးသည်အထိ တာဝန်ယူရသည်။ စက်မှုတိုးတက်သောနိုင်ငံမှ ဓာတ်စက်ကားမောင်းသူသည် ကားမောင်းကျွမ်းကျင်ရုံမျှဖြင့် အသက်မွေးမှုအတွက် ဖူလုံသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတွင်ကား ကားမောင်းသူများစွာတို့မှာ ကားပျက်လျှင် ပြင်ဆင်တတ်ရန် လိုအပ်နေ၏။ ယခုအခါဘက်တွင် မြန်မာနိုင်ငံ၌လည်း စက်မှုတိုးတက်သော နိုင်ငံများနည်းအတိုင်း ပြောင်းလဲလျက်ရှိသည်ကို ယနေ့တွေ့မြင်နိုင်ပေမယ့်လည်း ဤသည်မှာ မြို့ကြီးများ၌သာ ဖြစ်သေးသည်။ ဉာဏလုပ်အားများစွာပါဝင်သော ပုံစံအားဖြင့် ရုပ်ရှင်လုပ်ငန်းတွင်ကား စက်မှုတိုးတက်နေသော နိုင်ငံမှပုဂ္ဂိုလ်များ လက်ဖျားခါရလောက်အောင်ပင် မြန်မာဒါရိုက်တာ တစ်ဦးတည်းက ဇာတ်လမ်းရေး၊ ဇာတ်ညွှန်းရေး၊ သင်ကြားပြသမှုနှင့် အချို့ဆိုလျှင် ထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းအားလုံးကို တစ်ဦးတည်း ဦးစီး၍ လုပ်ကိုင်ရလေသည်။ ဤသို့နိုင်ငံ၏ သဘာဝအခြေအနေအရ လုပ်ကိုင်ခဲ့ရာတွင် တစ်ခါတစ်ခါ ကမ္ဘာနှင့်ယှဉ်လောက်သော အဆင့်သို့ ရောက်နိုင်ခဲ့သည်။

ထို့ထက် တစ်ဆင့်ကျော်၍ ဆင်ခြင်ကြပါဦးစို့။ အခြားအခြားသော အာရှနိုင်ငံများနည်းတူ မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက်တွင် ကျွန်သပေါက်အဖြစ် နေထိုင်ခဲ့ရသဖြင့် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရာတွင် ကျောင်းသားတို့သည် ကျောင်းစာအုပ်အပြင် နိုင်ငံရေးကိုပါ စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားခဲ့ရသည်။ ကျောင်းသားဘဝနှင့်နယ်ချဲ့အား တိုက်ထုတ်ရေးကို ဆင်နွှဲခဲ့ရသည်။ လယ်သ
အလုပ်သမားတွေလည်း ထို့နည်းတူ၊ ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့စဉ်ကဆိုလျှင် တောင်သူ
သမား ဦးကြီးတွေမှာ တံစဉ်နှင့်မားရှည်ကို ပုးတွဲ၍ လွယ်ထားခဲ့ကြရသည်။ ဤသို့သော
အနေအားလုံးကို ဖြတ်သန်းခဲ့ရပြီး လွတ်လပ်ရေးတိုက်ပွဲ၏ ထိပ်ပိုင်းမှနေခဲ့ရသူ ဗိုလ်ချုပ်အောင်
အဖို့မှာကား ကျောင်းသားခေါင်းဆောင်၊ သခင်အဖွဲ့ဝင်၊ ရဲဘော်သုံးကျိပ်ဝင်၊ ထိုမှသည် ဗိုလ်
ထို့နောက် နိုင်ငံရေးခေါင်းဆောင် စသဖြင့် တစ်ဦးတည်းက တစ်ချိန်တည်းဆောင်ရွက်ခဲ့ရခြင်း
မြန်မာနိုင်ငံ၏ သဘာဝအခြေအနေက ပေးအပ်ခဲ့ခြင်းကြောင့် မဟုတ်လော။

ဗိုလ်ချုပ်အောင်ဆန်းနှင့် သူ့ရဲဘော်များ၏ ဖက်ဆစ်တော်လှန်ရေး၌ စစ်မက်
ကျွမ်းကျင်မှုမှာ ကမ္ဘာ့စစ်ရေးဆိုင်ရာပါရဂူများကအသိအမှတ်ပြုခြင်းကိုခံခဲ့ရပြီးဖြစ်သည်။
မောင့်ဘက်တန်ကိုယ်တိုင် ထုတ်ဖော်ချီးမွမ်းဖူးသည်။

| ၄ |

ဝယ်လင်တန်၏ အမည်အပြည့်အစုံမှာ 'အာသာဝယ်လစ်စလီ ဝယ်လင်တန်' ဖြစ်
သူသည်လည်း စိတ်ဝင်စားဖွယ်၊ အားကျဖွယ် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ၁၉ ရာစုနှစ် ဥရောပ
တွင် များစွာနာမည်ကျော်ကြားခဲ့သည်။ သူသည် ပထမ မြို့စား၊ ထိုမှသည် စစ်ဗိုလ်ချုပ်
နာမည်ကျော် ဝါတာလူး စစ်ပွဲကို ဦးဆောင်ဆင်နွှဲခဲ့သူ တစ်ဦးဖြစ်သည်။ ထိုစစ်ပွဲပြီးသည့် နောက်
တွင် ၁၈၂၈ မှ ၁၈၃၀ ခုနှစ်အထိ ဗြိတိသျှဝန်ကြီးချုပ်ဖြစ်ခဲ့သည်။ ၁၈၄၂ ခုနှစ်မှ ကွယ်လွန်
အထိ စစ်သေနာပတိ ဖြစ်သည်။

'ဆာဝင်စတန် ချာချီ'ကား နိုင်ငံရေး ခေါင်းဆောင်နှင့် ဒုတိယကမ္ဘာစစ်သမိုင်းရေး
အဖြစ် ထင်ရှားခဲ့သည်။ ဝယ်လင်တန်နှင့် ချာချီတို့နှစ်ဦးလုံးမှာ အသက် (၈၀) ကျော်အထိ နေ
ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းကား လုပ်ကြံခံရစဉ်က အသက် (၃၃) နှစ်မျှသာ ရှိသေး
ဤအသက်အရွယ်မျှနှင့်ပင် ဗိုလ်ချုပ်မှာ နိုင်ငံရေးခေါင်းဆောင်၊ စစ်သေနာပတိနှင့် စာ
အတတ်ပညာဘက်တွင် ပြောင်မြောက်ထူးချွန်သော အရည်အသွေးများရှိသည်ကို သူ၏ဆော
ချက်များနှင့် အရေးအသားများက သက်သေပြလျက်ရှိပေသည်။

နိုင်ငံရေးခေါင်းဆောင်မှုဆိုသည်မှာ မိမိနိုင်ငံကို လက်ရှိအခြေမှ ရောက်သင့်၊ ဖြစ်သင့်
အခြေသို့ပို့ဆောင်သော စွမ်းရည်ဖြစ်သည်ဟူ၍ 'အတွေးအခေါ် အဘိဓာန်'တွင် 'ဒဗလျူ
အယ်လဂျာ' ဆိုသူ၏ ရေးသားချက်ကို တွေ့ရသည်။

ဗိုလ်ချုပ်အောင်ဆန်းကား မြန်မာနိုင်ငံကို ကျွန်အဖြစ်မှ လွတ်လပ်သော နိုင်ငံအဖြစ်
ပို့ဆောင်ပေးခဲ့သူတို့၏ ခေါင်းဆောင်ပင်မဟုတ်လော။ ဤသို့ဆိုလျှင် သူ၏နိုင်ငံရေးခေါင်းဆော
အရည်အသွေးမှာ သာမညတော့ မဟုတ် တန်ရာ. . .။

(မြဝတီမဂ္ဂဇင်း၊ ရွှေလိုင်၊






www.burmeseclassic.com

www.burmeseclassic.com





ပါဟော၌ ဗိုလ်ချုပ်အောင်ဆန်းအား လူထုကြီးက
ကြွေးကြော်သံများဖြင့် ကြိုဆိုကြစဉ်။ [အောက်တိုဘာ၊ ၁၉၄၆]



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်-မြန်မာ ချစ်ကြည်ရေးကိုယ်စား
ဝဲ မှ ယာ - ဒေါက်တာဘမော်၊ သခင်မြ၊ ဒေါက်တာသိမ်းမောင်၊ ဗိုလ်ချုပ်




ဗမာနိုင်ငံ ရုပ်ရှင်နှင့်ပြဇာတ်အစည်း
(၂၅) နှစ်မြောက်အထိမ်းအမှတ်ပြပွဲဖွင့်ပွဲတွင် ဗိုလ်ချုပ်
မြန်မာပြည်တရုတ်ဓနဆာဟူးဘတ်ရန်စိန်နှင့်အတူ တွေ့ရစဉ်



www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၁၀၊ ဒေါင်းနင်းလမ်းတွင် ဝန်ကြီးချုပ်မစ္စတာအက်တလီနှင့်
ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ [ဇန်နဝါရီ၊ ၁၉၄၇]
ဝဲ မှ ယာ - ဦးဘဘော၊ သခင်မြ (ဆာစတက်ဖို့ကရစ်နှင့်စကားပြောလျက်)၊ မစ္စတာ အက်တလီ၊ ဗိုလ်ချုပ်အောင်ဆန်း။
ဦးတင်ထွဋ်၊ လော့ပက်သစ်လောရင့်။
(လှေကားပေါ်တွင် ရပ်နေသူများ) - ဦးစော၊ မစ္စတာ အလက်ဇန္ဒား၊ ဗိုလ်စကြာ၊ ဦးဘရင်၊ သခင်ချစ်နှင့် ဦးကျော်ငြိမ်း။



...န်မြို့ ပါသီရုပ်ရှင်ကုမ္ပဏီ စတူဒီယိုခန်းမတွင် သတင်းစာဆရာ ဂျွန်ပါဆင်နှင့် ဗိုလ်ချုပ်အောင်ဆန်း အင်တာဗျူးပြုလုပ်စဉ်။
...နဝါရီ၊ ၁၉၄၇]



သခင်မြ၊ ဗိုလ်ချုပ်အောင်ဆန်း။
လော့ပက်သစ်လောရင့်
[၂၈၊ ဇန်နဝါရီ၊ ၁၉၄၇။
ဒေါ်ချက်စတာဟိုတယ်၊ အင်္ဂလန်]

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန်နိုင်ငံ
လေယာဉ်သင်တန်းကျောင်းတစ်ခုသို့
သွားရောက်လေ့လာစဉ်။
[ဇန်နဝါရီ၊ ၁၉၄၇]
[ဗိုလ်ချုပ်အောင်ဆန်းနှင့်
ဗြိတိသျှလေတပ်ဗိုလ်မှူးကြီးဖင်းဆင့်]





အင်္ဂလန်မှပြန်လာသော
ဗိုလ်ချုပ်အောင်ဆန်းအား
မင်္ဂလာဒုံလေယာဉ်ကွင်းတွင်
တွေ့ရစဉ်။ [ဖေဖော်ဝါရီ၊ ၁၉၄၇]



လွှင့်ရုံမှ ဘီလပ်ပြန်မိန့်ခွန်းပြောကြားနေစဉ်။ [ည ၇း၃၀၊ ၄၊ ဖေဖော်ဝါရီ၊ ၁၉၄၇]



ဗိုလ်ချုပ်အောင်ဆန်း၊ ဖေါ်ခင်ကြည်နှင့် ရဲဘော်များ လွတ်လပ်ရေးအတွက်
မြန်မာပြည်အနှံ့ စည်းရုံးရေးထွက်စဉ်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းကို
သား - အောင်ဆန်းဦး၊
အောင်ဆန်းလင်းတို့နှင့်အတူ
တွေ့ရစဉ်။



ဗိုလ်ချုပ်အောင်ဆန်းနှင့်
မြန်မာပြည်ဘုရင်ခံ
ဆာဟူးဘတ်ရန့်စ်



ရွှေတိဂုံအနောက်ဘက်မုခ်
စက်မှုလက်မှုပြပွဲ ဖွင့်လှစ်စဉ်။



www.burmeseclassic.com

www.burmeseclassic.com



တောင်တန်း-ပြည်မ ညီညွတ်ရေး
ပင်လုံသဘောတူစာချုပ်အား
ဗိုလ်ချုပ်အောင်ဆန်း
လက်မှတ်ရေးထိုးစဉ်။
[၁၂၊ ဖေဖော်ဝါရီ၊ ၁၉၄၇]



ဗိုလ်ချုပ်အောင်ဆန်းနှင့်
ကချင်တိုင်းရင်းသူများ။



ဗိုလ်ချုပ်အောင်ဆန်းနှင့်
သခင်နု
[ရန်ကုန်မြို့တော်ခန်းမ၊
၁၃၊ ဇူလိုင်၊ ၁၉၄၇]

# သဘောကောင်းသူ

## မြဝတီရဲခေါင်

အတိတ်၌ကျန်ရစ်ခဲ့ပြီဖြစ်သော ကမ္ဘာ့နိုင်ငံရေးသမိုင်း အစီအစဉ်တွင် အထူးထူးအပြားပြားသော ဂုဏ်အင်္ဂါများကြောင့် ပြည်သူတို့၏ ချစ်, ကြောက်, ရိုသေခြင်းခံရသော ခေါင်းဆောင်များကား ကမ္ဘာနှင့်အဝန်း တိုင်းပြည်တိုင်း၌ဝင်လျှင် အခြေအနေအရ ပေါ်ထွက်ခဲ့ဖူးကြပြီဖြစ်၏။ ယင်းသို့သော ခေါင်းဆောင်များအနက် အချို့မှာ အပြောကောင်း၏။ အချို့မှာ သဘောကောင်း၏။ အချို့မှာ သတ္တိကောင်း၏။ အချို့မှာ ကိုယ်ကျင့်တရားကောင်း၏။ အချို့မှာ မှတ်ဉာဏ်ကောင်း၏။ အချို့မှာ စာရေးကောင်း၏။ အချို့မှာ အစီအမံကောင်း၏။ အချို့မှာ ပညာဉာဏ်ကြီးကျယ်၏။

ဤသို့လျှင် ကာလ၊ ဒေသ၊ ပယောဂအားလျော်စွာ နှောင်းခေတ်တွင် ပေါ်ထွက်ခဲ့ဖူးသော ခေါင်းဆောင်ထူးများအနက် ယခု ကျွန်တော်ရေးသားလတ္တံ့သော သခင်အောင်ဆန်းခေါ်၊ ငမိုးခေါ်၊ ကိုကိုတခေါ်၊ ဗိုလ်တေဇခေါ်၊ ဦးနောင်ချို ခေါ်၊ ဗိုလ်ချုပ်အောင်ဆန်းသည်လည်း အပါအဝင်ဖြစ်၏။

အခြားသူများအဖို့ ဗိုလ်ချုပ်အောင်ဆန်းအား မည်သို့ရှုမြင်မည်ကို မသိနိုင်သော်လည်း ကျွန်တော်ကမူ တစ်ရံရောအခါက ဗိုလ်ချုပ်အောင်ဆန်းအပေါ်၌ 'သဘောကောင်းသူ'တစ်ဦးအဖြစ် ထူးထူးသားသား မြင်တွေ့သိရှိခဲ့ရဖူးပါ၏။

× × ×

www.burmeseclassic.com



အချိန်ကား ၁၉၄၂ ခုနှစ် ဇွန်လအတွင်း၌ ဖြစ်သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်နှ နိပ္ပန်တပ်မတော်သည် ရန်ကုန်မြေမှ ဗြိတိသျှနယ်ချဲ့စစ်တပ်များအား မောင်းနှင်ထုတ်ပြီးသည့်နော မြို့ပြအုပ်ချုပ်ရေးကို အုတ်မြစ်ချစအချိန်တွင် တပ်မတော်မှ ရဲဘော်သုံးကျိပ်ဝင် ထိပ်တန်းအရာရှိ အချို့နှင့် တို့ဗမာအစည်းအရုံးဝင် အုပ်ချုပ်ရေးဘက်ဆိုင်ရာ တာဝန်ခံအချို့မှာ ရွှေတောင်ကြားလမ်း အတွင်း၌နေထိုင်ကြ၏။

ထိုအခါက (ယခု အလံပြဘုရားလမ်းရှိ အင်္ဂလိပ် မက်သောဒစ်ကျောင်း၌) ဗိုလ်ချုပ်အော ဆန်းကိုယ်တိုင်ရုံးထိုင်သော စစ်သေနာပတိချုပ်ရုံး G.S.O. ဖွင့်လှစ်ထားရာ ထိုရုံးမှနေ၍ ရန်ကုန်မြို တွင်း၌ တပ်စွဲထားသော တပ်အသီးသီးနှင့်တကွ မြန်မာပြည်အနှံ့အပြားသို့ ရောက်ရှိနေသေ ဗမာ့လွတ်လပ်ရေးတပ်မတော်တစ်ခုလုံး၏ စစ်ဆင်ရေးနှင့် တာဝန်ဝတ္တရားများကို ခွဲဝေချမှတ်ပေး၏

ထိုအချိန်၌ပင် ကျွန်တော်အပါအဝင်ဖြစ်သော ယိုးဒယားဗိုလ်လှဖေ ဦးစီးသည့်တပ်သည် မြစ်ဝကျွန်းပေါ်ရှိ သူပုန်သူကန်များအားနှိမ်နင်း၍ ရန်ကုန်မြို့ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း အနားယူနေဆဲဖြစ်ရာ ထိုနေ့က အထက်အမိန့်အရ ထားဝယ်သား ဗိုလ်ကျော်ဒင် (ထိုခေတ် တပ်စိတ်မှူးကို တပ်စိတ်ဗိုလ်ဟုခေါ်သည်) တိုက်ရိုက်အုပ်ချုပ်သော ကျွန်တော်တို့ ကင်းတပ်စိ တစ်စိတ်အား ရွှေတောင်ကြားလမ်းရှိ တပ်မတော်အရာရှိကြီးတစ်ဦးအိမ်၌ စောင့်ရှောက် စေလွှတ်သောကြောင့် ဝတ္တရားအလျောက်နေရင်း တပ်စခန်းမှ ထွက်လာခဲ့ရလေသည်။

အမှန်ကို ဝန်ခံရမည်ဆိုသော် ထိုအချိန်အထိ ကျွန်တော်သည် တပ်သားသစ်တို့အား စိတ်အားတက်ကြွနေချိန်ဖြစ်သောကြောင့် အရာရာ၌ထောင့်မကျိုးသေးဘဲ ဆတ်ကော့ လက်ကော ဖြစ်နေ၏။ စစ်ပညာဟူ၍ သေနတ်ထမ်း၊ သေနတ်ချ၊ အလေးပြု၊ ချီတက်၊ သေနတ်ပစ်မှု ဘာကိုမျှ စနစ်တကျ မည်မည်ရရ မတတ်သေး။ စစ်စည်းကမ်းဆိုသည်မှာလည်း ဝေလာဝေး

ထိုအချိန်က ကျွန်တော်၏ခံယူချက်မှာ အထက်လူကြီးများ တားမြစ်သောအချက်မှန်သမျှ ရှောင်ကြဉ်၍ အထက်လူကြီးများက စေခိုင်း တိုက်တွန်းသောအရာမှန်သမျှကို ဘာပဲဖြစ်ဖြစ် အမ အမှန် ဝေဖန်ရန်မလို၊ အရှုံးအမြတ် တွက်နေရန်မလို၊ ရှေ့ရေး၊ နောက်ရေး တွေးနေရန်မလိုဘဲ တာဝ ကို ကျေပွန်စွာထမ်းဆောင်ရေးသာလျှင်ဖြစ်၏။

ဆိုခဲ့သည့်အတိုင်း ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှသည် ရွှေတောင်ကြားလမ်း ခြေကျင်ချီတက်လာကြရင်း တာဝန်ထမ်းဆောင်ရမည့် နေအိမ်သို့ရောက်သောအခါ ကျွန်တော် သည် ရှိရင်းစွဲတပ်စိတ်နှင့် ကင်းချင်းလဲလှယ်၍ ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ရလေသည်။

ထိုအိမ်ကား 'ဗိုလ်အောင်၊ ခြံအမှတ် - ၅၆'.(ယခု အီတလီသံအမတ်အိမ်နှင့်ကပ်လျက်) ဖြစ်၏။

ကျွန်တော်စောင့်ရမည့်ကင်းအလှည့်သို့ ရောက်သည်ဆိုလျှင်ပင် နေအိမ်အတွင်း ကျွန်ုပ် တို့အတွက် ပေးထားသော သီးသန့်ခန်းမှ အိမ်ဝရှိ ကင်းဂိတ်သို့ထွက်လာခဲ့ရသော ကျွန်တော်၏ တာဝန်ချိန်အတွင်း သက်ပြင်းတချချ ရင်တမမဖြင့် ဆက်ဆံရဦးမည့် ဧည့်သည်အမျိုးမျိုး အကြောင်းကို စဉ်းစား၊ မျှော်တွေး၊ ရင်လေး၍ နေမိပေသည်။

ထိုခေတ်က ဗိုလ်မှူးအောင် (ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဟောင်း) မှာ အိမ်ထောင်မကျသေး





လူပျိုကြီးဖြစ်၏။ ထို့ကြောင့်လည်း အိမ်သို့လာသော ဧည့်သည်များအနက် စစ်ဘက်ဆိုင်ရာ အရာရှိ များ၊ နိုင်ငံရေးသမားများ၊ အုပ်ချုပ်ရေးပိုင်းမှ ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာ ဆွေမျိုး မိတ်ဆွေများနှင့် အမျိုးအစား များပြားလှသော အရပ်သားဧည့်သည်များအပြင် ဆွေမျိုးတော်ချင်သူများလည်း ပါ၏။ လာရောက်သူများကိုကြည့်ပါဦး၊ လေသံအမျိုးမျိုးဖြစ်သည်ကို တွေ့ရမည်။

"ဟေ့ . . မင်းတို့ ဗိုလ်အောင်ရှိလားကွ၊ ငါ သူ့ဦးလေးပဲ၊ သူနဲ့တွေ့ချင်လို့"

ဤသို့ အမျိုးမာန်ဝင့်၍လာသူများ . . ။

"ကျုပ် သခင်စံလှိုင်နဲ့တွေ့ချင်လို့ ကိစ္စအရေးကြီးတယ်"

ဤသို့ ကမူးရှူးထိုးနှင့်လာသူများ . . ။

"ဒီမယ် ဒကာလေး၊ မင်းတို့ဗိုလ်မှူးကို သွားပြောချေစမ်း၊ မန္တလေးက အာဇာနည် အသျှင် မမြဲသရကိုယ်တော် ကြွလာတယ်လို့၊ သွား . . သွား မြန်မြန်သွား၊ ငါသူနဲ့မတွေ့လို့မဖြစ်ဘူး"

ဤသို့ လူမြင်သမျှ ကပ္ပိယကဲ့သို့ သဘောထားသော ဘုန်းဘုန်းများ . . ။

"ဒါ မောင်စံလှိုင်နေတဲ့ အိမ်မဟုတ်လား၊ ပြောလိုက်ပါ၊ ကျုပ်နာမည်က (        ) တဲ့၊ သူ သိပါတယ်"

ဤသို့ အလွန်တရာရင်းနှီးဟန်နှင့် ဘာကောင်မှန်းမသိရသော (ဝါ) လူလော၊ နတ်လော ခွဲခြား၍မရသော သူတို့သည် တစ်နေ့ တစ်နေ့၊ ဝင်၍ ဝင်၍သာ သွားကြပြီး ပြန်ထွက်ကြသည် မရှိသောကြောင့် ဧည့်ခန်းမဆံ့၊ မခံ့မညား ဖြစ်လာသောအခါ ကင်းဗိုလ်ဖြစ်သူမှာ မနေသာတော့ဘဲ ကျွန်တော့်ထံသို့ ပြေးလာ၍ . .

"ဟေ့ . . ရဲခေါင်၊ ကြည့်လည်း လုပ်ပါဦးကွာ . . ၊ မင့်ဥစ္စာကလည်း လူတွေကို အရမ်းမလွှတ် ပါနဲ့ကွ၊ အခု ဟိုမှာ ဧည့်ခန်းမဆံ့တော့ဘူး၊ ဒါကထားဦး . . ၊ ဒို့ဗိုလ်မှူး ခုထက်ထိ ထမင်းမစားရ သေးဘူး၊ ကြည့်စမ်း ဘယ်အချိန်ရှိနေပလဲ၊ ဒီလိုသာ လူတိုင်း လက်ခံစကားပြောရရင် သေးတောင် ပေါက်ရမှာ မဟုတ်ဘူး"ဟု ဆိုပါလေတော့သည်။

ပြောမည်ဆိုလည်း ပြောစရာပင်၊ လာရောက်သော ဧည့်သည်များတွင် အလည်အပတ် သက်သက် သားရေး၊ သမီးရေးကိစ္စနှင့် အချိန်ဖြုန်းတီးရန် လာသူများ၊ အောက်လက်ငယ်သား ပုလိပ်၊ ဆယ်အိမ်ခေါင်းမျှနှင့် ပြီးစီးနိုင်သော ကိစ္စများကိုပင် မြစ်ချောင်းအသွယ်သွယ်၊ မြို့နယ်အစုစု၊ လူမှုအဆင့်ဆင့်ကို ဖြတ်ကျော်၍ တကူးတကန့် ဒုက္ခပေးရန် အတွက် လာသူများ၊ မိမိတို့၏ အရေး ကိစ္စကို တိုတိုတုတ်တုတ်နှင့် လိုရင်းမပြောဘဲ အတိတ်ကိုဆောင်၍ နိပါတ်တော်ခင်းပြီး 'မိုးတလင်း' ပြောမည့်သူများမှာ အဆိုးဆုံး ဖြစ်လေသည်။ ထိုသူများသည် အလိုက်ကန်းဆိုး လုံးဝမသိတတ်သူများ ဖြစ်၍ သူတို့၏ အပြုအမူများကိုလည်း တားမြစ် တိမ်းဖယ် ပြုပြင်ရလွယ်သူများမဟုတ်ကြ။

ထို့ကြောင့် ဧည့်သည်များလာလျှင် ဧည့်သည်၏အရေးကိစ္စကို အမျိုးအစားခွဲခြား၍ ရုံးကိစ္စ ဖြစ်လျှင် ရုံးသို့ စေလွှတ်လိုက်ရန်နှင့် အိမ်ကိစ္စဖြစ်ပါမှလည်း သူ့အား ရှေးဦးစွာ အသိပေး အကြောင်း ကြားရန်မှာထားသောကြောင့် နောင်သောအခါ၌ ကျွန်တော်သည် ဗိုလ်မှူးအောင်နှင့်တွေ့လိုသော ဧည့်သည်များကို တပ်စိတ်ဗိုလ်၏ ဩဝါဒအမိန့် တော်အတိုင်း ဦးထိပ်ရွက်ပန်ဆင်ရန် ဟန်ပြင်ရလေ တော့သည်။

www.burmeseclassic.com



ဤသို့ပြုလုပ်လိုက်ပြန်ပါသော်လည်း ကျွန်တော်၏ တပ်စိတ်ဗိုလ်ခမျာမှာ သက်သာလှသည်တော့မဟုတ်။ ကျွန်တော်တို့က ဘယ်လိုပင် လူဝင်ကန့်သတ်ရေးအတွက် 'မူ'ပြောင်းထားပေမယ့် လာရောက်သောသူများမှာ 'လူ'မပြောင်းသောကြောင့် လာလာသမျှအား အဘိယာစက စကားမြွက်ကြားပြောဆိုနေရသည်ကပင်လျှင် တံတွေးမျိုချိန်မရ၊ တစ်ယောက်ပြီးတစ်ယောက် လူရိပ်မပျောက်အောင် သူတို့ပဲ လာနိုင်လွန်းကြသည်။

ဤတွင် ကျွန်တော်တို့၏ တပ်စိတ်ဗိုလ်မှာ အိမ်ကိစ္စအတွက် လူလာတိုင်း သူပါရသည်ဖြစ်သောကြောင့် မီတာ ၂၀ ခန့်မျှ ဝေးသော အိမ်ဝနှင့်ကင်းဂိတ်ကို တောင်ပြေး မြောက်ပြေး ရွာဆော်ကြီးခွေးကဲ့သို့ လျှာထွက်မတတ် ပြေးရဖန်များသောအခါ ဖဝါးနာပြီး မစားသာသောအခြေသို့ ဆိုက်ရောက်လာလေရကား . . ချမှတ်ပြီးသောလမ်းစဉ်ကို နောက်ထပ် တစ်ဖန် ပြင်ရပြန်၏။

"ကဲ . . ရဲခေါင်ရေ . . ၊ ဒီတစ်ခါတော့ ဒီလိုလုပ်ကြမှထင်တယ်။ အိမ်ကိစ္စနဲ့ လူလာတိုင်းလဲ မင်း ငါ့ကို မခေါ်နဲ့တော့ကွာ။ မင်းဘာသာမင်း လူရိပ်လူကဲကိုကြည့်ပြီး အထဲကို လွှတ်သင့်တယ်ထင်မှ လွှတ်တော့၊ ဟုတ်လား၊ တော်ရုံတန်ရုံတော့ကွာ မင်းသဘောနဲ့ မင်းကြည့်ပြီး ကောင်းသလိုသာ ရှင်းလိုက်ပေတော့ နားလည်လား . ."

"ဟုတ်ကဲ့ ဗိုလ်လေး စိတ်ချပါ။ ဒီလိုဆို ကျွန်တော်ကြည့်လုပ်လိုက်မယ် . ."

× × ×

ထိုသို့ လူဝင်ကန့်သတ်ရေးအတွက် အချုပ်အခြာအာဏာ ကျွန်တော့်လက်သို့ကျွင်းရောက်လာသည်နှင့် တစ်ပြိုင်နက် ကျွန်တော်နှင့် လူ့ခွစာများ၊ လူ့ကတ်ဖွဲ့များ၊ စိတ်ကြီးဝင်နေသောသူများမှာ ခွေးနှင့်ကြောင်ကဲ့သို့ တစောင်စောင် ဖြစ်ရုံမျှမက မီးခဲနှင့် ဖြောက်အိုးကဲ့သို့ ဝင်တိုးတိုင်း မီးပွင့်လေတော့သည်။

နုနုနှင့်ပြောမရသူများကို ခပ်ထန်ထန်ပြောရ၏။ ပြောရင်းက ကဲတက်လာသောသူများကိုလက်မောင်းရင်းကို ဆွဲ၍လည်းကောင်း၊ ရင်ဘတ်ကိုတွန်း၍လည်းကောင်း ထုတ်ရတော့သည်။ ဤသို့မှမလုပ်လျှင်လည်းမရ၊ လူ လူချင်း ဆက်ဆံရသည်မှာလည်း အတော်ခက်လှပေသည်။ လက်နက်ရုံတစ်ရုံကို စောင့်ရှောက်ရခြင်းထက် လူတစ်ယောက်ကို ထိန်းသိမ်းရသည်မှာ အလွန်တာဝန်ကြီးလှပါ၏။ လက်နက်နှင့်လူမှာ ပေါက်ကွဲထိရှပုံချင်းတူသော်လည်း တန်ပြန်ပုံ၌ မတူပေ၊ လူသည် လက်နက်ထက် နည်းပရိယာယ်များ၏။ အချို့သောသူများမှာ အလိုက်လည်းမသိ၊ ကိုယ့်ချင်းစာတရားလည်းမရှိပေ။ ထိုသူများသည် တစ်ဖက်သားအား စကားဖြင့် မခံချင်အောင်ပြော၏။ အမူအရာဖြင့် မသိမသာစော်ကား၏။ ထိုအခါ စစ်သားများက မခံနိုင်လွန်းသဖြင့် စိတ်လိုက်မာန်ပါပြန်၍လုပ်လိုက်သောအခါ ကာလပျက်ခမန်း 'စစ်သားတွေ ကြမ်းသည်။ ရမ်းသည်၊ နိုင်းသည်' ဟု ဆိုရိုးပြုကြတော့သည်။ "ကဲ . . ဒီတော့ မခက်ပါလား"။

သို့နှင့်ပင် ကျွန်တော်၏ ကင်းတာဝန်ချိန် နှစ်နာရီကား ပြီးဆုံးခဲ့ပါပြီ။ ကျွန်တော်သည် စိတ်ရောကိုယ်ပါ အနားရတော့မည်ဖြစ်၍ လေကလေး တချွန်ချွန်ဖြင့် အလွန်ပင်ပျော်နေမိသည်။





သို့ရာတွင် ကျွန်တော်၏ပျော်ရွှင်မှုကား ရေပွက်ပမာ ခဏသာတည်း။ အကြောင်းကိုဆိုသော် . .

"ရဲခေါင်ရေ . . ကျင်မောင်တစ်ယောက်ကွာ အဖျားတက်နေလို့ မင်း သူ့အစား နောက်နှစ်နာရီ စောင့်ပေးလိုက်ပါ ဦးကွာ"

ကျွန်တော်တို့ တပ်စိတ်ဗိုလ်၏ စကားမဆုံးမီပင် ကျွန်တော်သည် လွှတ်ခါနီးမှ နောက်အမှုပေါ်လာသော အကျဉ်းသားနှင့်မခြား စိတ်တွင်းမှ ဘုရားတ၍ သက်ပြင်းကိုသာချလိုက်မိသည်။

"အင်း . . နောက်နှစ်နာရီ၊ နောက်နှစ်နာရီ"

ကျွန်တော်သည် စိတ်ထဲမှ ရေရွတ်ရင်း နောက်နှစ်နာရီအတွင်း ထပ်မံတွေ့ဆုံရဦးမည့် လူသတ္တဝါများအကြောင်းကို တဖြည်းဖြည်းတွေး၍ ရင်လေးနေမိသည်။ သို့သော် ယခုကိစ္စမှာ ကျန်းမကျန်းဖြစ်နေသော ရဲဘော်တစ်ဦးအတွက် ကူညီရမည့်ကိစ္စ ဖြစ်သောကြောင့် (ကမ္ဘာသကာဖြစ်ချင်တိုင်းဖြစ်၊ နစ်ချင်တိုင်းနစ်ကရော၊ စိတ်မညစ်သာပြီဘူး၊ ပဋ္ဌာဝုဓ်၊ မင်းသားထုံးစံ၊ မလွှဲသာ၍ ခံရန်သူတွေ့၊ ခြသေ့ံခံ ခံရအောင်)ဟူသော ဝိဇယပြဇာတ်ထဲမှ ဦးပုညစာချိုးအတိုင်း ကိုယ့်ကိုယ်ကိုယ် ပြန်၍ အားပေးရပါတော့သည်။

× × ×

ကျွန်တော်သည် သေနတ်ကိုပိုက်၍ ထိုမှ ဤမှ လမ်းသလားနေသည်နှင့်အမျှ ကျွန်တော်၏ ခြေထောက်များမှာလည်း ဂနာမငြိမ် ဖြစ်နေသည်။ ကျွန်တော်၏ မျက်စိများမှာမူ ရွှေတောင်ကြားလမ်းမှ လျှောက် နောက်ရောက်မည့် ခွင်နဲ့ကိုသာ စိတ်ထဲမှကျိန်ဆဲရင်း စောင့်မျှော်နေမိ၏။

ထိုအချိန်တွင် လူတစ်ယောက်သည် ချင်းချောင်း အဲဗင်းနယူးဘက်မှသည် ရွှေတောင်ကြားလမ်းအတိုင်း ကျွန်တော်ရှိရာဘက်သို့ နှေးကွေးစွာ လျှောက်လာနေ၏။ အချိန်မှာ ညနေ ၅ နာရီနှင့် ၆ နာရီကြား လူလုံးလှချိန်ဖြစ်သော်လည်း ဝသန်ကာလ၏ သဘာဝစုတ်ချက်များက မီးခိုးရောင်မှုန်းလှုလုံးမှိန်ထားသောကြောင့်လည်းကောင်း၊ မိုးရတုဇာဌေမျှင်များက သူ့ပတ်ဝန်းကျင်တွင် တဖွဲဖွဲကျနေသောကြောင့်တစ်ကြောင်း မည်သူမည်ဝါဖြစ်သည်ကို မသိနိုင်။

သို့သော် တစ်ခုတော့ပြောနိုင်သည်။ ဤသို့ မိုးဖွဲဖွဲရွာနေသည့်ကြားထဲ၌ ထီးမပါ အကာမရှိ ဘယ်ကိုဆို ဘယ်ကိုမျှ မကြည့်ဘဲ ဦးခေါင်းငုံ့ကာ စဉ်းစား၍လာနေသူသည် ကေန္တ စိတ္တဇရောဂါသည်တစ်ဦးသာဖြစ်ရပေမည်။ ဤသို့ ကျွန်တော်က ထင်၏။

သူသည် တဖြည်းဖြည်း ကျွန်တော်နှင့် နီးကပ်လာရာမှ လွန်၍သွား၏။ ထိုအချိန်အထိ သူသည် ဘယ်ကိုမျှ မကြည့်သေး။ လမ်းထိပ်ကွေ့သို့ရောက်သောအခါမှ သူသည် ရုတ်တရက် ဆတ်ရဟန်ဖြင့် ဖျတ်ခနဲခေါင်းထောင်၍ ဗိုလ်မှူးအောင် အိမ်ဘက်သို့ တစ်ချက်မျှော်ကြည့်လိုက်ပြီး နောက်ပြန် ပြုံးကာ ပြန်လှည့်လာပြန်၏။ သို့သော် သူ၏ ခေါင်းမှာမူ ငုံ့မြဲငုံ့လျက် . .။

"ရော . . ဘယ်ကိုများ လာဦးမလို့ပါလိမ့်"

ကျွန်တော်သည် ဤသို့တွေးရင်း သူ့အား ပို၍ပို၍ စိတ်ဝင်စားလာမိသည်။ သူသည် မြို့ပေါက်လမ်းသို့ တန်းတန်းမတ်မတ်ဝင်လာသော်လည်း ဘာကိုမျှဂရုမပြု၊ ဘယ်သူ့ကိုမျှ စပ်မေးခြင်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျွန်တော့်ရှေ့မှဖြတ်၍ တက်ရန်ပြင်လိုက်သည်နှင့်တစ်ပြိုင်နက် လှံစွပ်တပ်ထား သော ကျွန်တော်၏ ရိုင်ဖယ်သေနတ်သည် သူ၏ရင်ဘတ်သို့ ကန့်လန့်ဖြတ်တားထားလိုက်ရပါသော သည်။ ထိုအခါ သူသည် သေနတ်ကို တစ်လှည့် ကျွန်တော့်ကို တစ်လှည့် အေးစက်သောအမူအရာ ဖြင့်ကြည့်ပြီးမှ . . .

"ဪ . . ရဲဘော် ခင်ဗျားကို ကျုပ် မမြင်မိဘူး"

အလို . . ဘုရားရေ . . ၊ လူတစ်ယောက်လုံးရပ်နေတာတောင် မမြင်မိဘူးတဲ့၊ . . ကျွန်တော်က သူ့ကို အံ့သြစွာပင် ကြည့်လိုက်ရင်း စိတ်တွင်းမှလည်း သူ့အပေါ်၌ တစ်မျိုးတစ်မယ် ထင်မှတ်မိပြန်သည်။

"တန်တော့ ဒီလူဟာ ကြောင်တောင်ကန်းများလား . ."

ကျွန်တော်သည် ဤသို့တွေးတောရင်း သူ၏ပုံပန်းသဏ္ဌာန်ကို တစ်ရစ်စီ၊ တစ်ရစ်စီ ခြေဆုံးခေါင်းဆုံးလေ့လာ လိုက်မိ၏။

ကြည့်ပါ၊ ခေါင်းမွေးစုတ်ဖွား မေးရိုးကားကား၊ မျက်ပေါက်ကျဉ်းကျဉ်း၊ စွပ်ကျယ်လက်တို တစ်ပတ်ရစ် ယောပုဆိုး၊ သဲကြိုးနီ လေယာဉ်ပျံဖိနပ်နှင့် ပိန်ကပ်ကပ် မွဲခြောက်ခြောက် လူအား ယောက်။

"ခင်ဗျား ဘယ်ကလဲ၊ ဘယ်သူလဲ၊ ဘယ်သွားမလို့လဲ"

ကျွန်တော်က သူ့အား သိလိုသောမေးခွန်းများကို ဆက်တိုက် တစ်သွန်တည်း မေးချလိုက်၏၊ သို့ရာတွင် သူသည် ကျွန်တော်၏ မေးခွန်းများကို ပြည့်စုံစွာမဖြေ၊ ကျွန်တော်က သူ့ စိတ်ဝင်စားနေသော်လည်း သူက ကျွန်တော့်အား ပြန်လည်၍ စိတ်ဝင်စားဟန်မတူ၊ သူ့ကြည့်ရသည် မှာ ခပ်ကြောင်ကြောင်ပင်ဖြစ်၏။ သူသည် ကျွန်တော့်အားမကြည့်ဘဲ ဗိုလ်မှူးအောင်ရိမ်အား သို့သာကြည့်ရင်း ကျွန်တော့်မေးခွန်းကိုဖြေ၏။

"ဒီကိုပါပဲ၊ ကျုပ်နေတာ ဒီနားမှာပဲ"

ကဲကြည့်၊ ဖြေပုံကိုက ငုံးတိတိနှင့် ဘယ့်လောက်များခွကျသော လူစားထဲကပါလဲ၊ ခွင်နဲ့မျိုးပေါင်းများစွာကို လွန်ခဲ့သောအချိန်များက ကျွန်တော်သည် လက်မောင်းကိုဆွဲ၍ ကောင်း၊ ရင်ဘတ်ကိုတွန်း၍လည်းကောင်း၊ နားရင်းကိုအုပ်၍လည်းကောင်း ထုတ်ခဲ့ဖူးပြီ မဟုတ် လား။ အခုလည်း လာပြန်ပြီတစ်ယောက်၊ ကျွန်တော်သည် စိတ်နောက်နောက်ဖြင့် သူ့အား ကြည့်

"ဒီမှာဗျို့ဆဲရာ . . ခင်ဗျား ဒီကိုလာတဲ့ ကိစ္စပြောစမ်းပါ"

"ကျုပ် ဗိုလ်အောင်နဲ့တွေ့ချင်လို့"

"ရုံးကိစ္စလား၊ အိမ်ကိစ္စလား"

"အိမ်မှာတွေ့ပြီး ပြောမှဖြစ်မယ့် ရုံးကိစ္စပဲ"

"ဟင် . . ."

သူပြောသောစကားကြောင့် ကျွန်တော့်မှာ ကြောင်အမ်းအမ်းဖြင့် ပါးစပ်အဟောင်းသား သွား၏။ ကျွန်တော်က ဘာကိုမျှ ပြန်၍မပြောနိုင်ဖြစ်သွား၏။ ကျွန်တော်က ဘာကိုမျှပြန်၍မပြော မီ သူသည် သူပြောလိုသောစကားများကို ဆက်ပြောသွား၏။





"ကျုပ်အဖို့ရာ အိမ်ဟာလည်းရုံး၊ ရုံးဟာလည်း အိမ်ပဲ၊ အိမ်နဲ့ရုံးကို ခွဲခြားနေဖို့ရာ အချိန်မရဘူး ရဲဘော်။ ဒါ့ကြောင့် အခု ကျုပ် . . ."

သူသည် စကားကိုပင် အဆုံးမသတ်ဘဲ ခြံတွင်းသို့ ပြောပြောဆိုဆိုဖြင့် တစ်လှမ်းချင်းဝင် သွား၏။ ကျွန်တော်သည် စက္ကန့်ပိုင်းမျှ သူ၏အပြုအမူကို အံ့အားသင့်ကာကြည့်နေပြီးမှ ကပျာကယာ သူ၏လက်မောင်းရင်းကိုပြေးကိုင်ပြီး ခြံဝသို့ ဆွဲထုတ်ခဲ့၏။ သူသည် ကျွန်တော်၏လက်တွင်းဝယ် ယက်ကန် ယက်ကန်ဖြင့် ပါလာရင်း ခြံပြင်သို့ရောက်သည်နှင့်တစ်ပြိုင်နက် ကျွန်တော်၏ မာန် ကြီးမောင်းခြင်းကို ခံရရှာတော့သည်။ သို့ရာတွင် သူက အပြုံးမပျက်ပါ။ ထိုသို့ အပြုံးမပျက်လေ လေ ကျွန်တော်က ဒေါပွလေလေ။

"ခင်ဗျား ဘယ်လိုလူလဲဟင်၊ ခင်ဗျား ဘာကောင်လဲ၊ ဒီလို ဗိုလ်မှူးတစ်ယောက်အိမ်ထဲကို အရမ်း ဝင်ချင်တိုင်း ဝင်လို့ရလား၊ ခင်ဗျား တယ်ဖွတ်တရွတ်နိုင်တဲ့လူပါလား၊ ခင်ဗျားကို ဘယ်သူက ခွင့်ပေးလို့လဲ"

ကျွန်တော်က ဒေါပွပွဖြင့် သူ့အား ကြိမ်းမောင်းနေစဉ်ပင် သူသည် ကျွန်တော်ကြိမ်းမောင်း သမျှကို စိတ်ရှည်လက်ရှည် နားထောင်နေပြီးခါမှ စကားတစ်ခွန်းကို လေးကန်စွာပြောလိုက်လေ သည်။

"မဟုတ်ဘူး ရဲဘော်၊ ကျုပ်ဟာ အောင်ဆန်းပဲ၊ ရဲဘော် ကျုပ်ကိုမသိလို့ ဖြစ်ပါလိမ့်မယ်။ ကောင်တို့ ကင်းဗိုလ်ကို ခေါ်လိုက်ပါလေ . . ၊ ကျုပ် သူနဲ့တွေ့ပါ့မယ်"

ထိုအခါကျမှ ကျွန်တော်၏ခေါင်းထဲသို့ အကြောင်းတစ်ရပ်သည် ဖျတ်ခနဲဝင်လာ၏။ (ဗိုလ်တေဇ ခေါ် သခင် အောင်ဆန်း။)

ထိုအတွေးနှင့်အတူပင် ကျွန်တော်၏ပါးစပ်မှာ အဟောင်းသားပွင့်ကာ သူ့အား ခြေဆုံး ခေါင်းဆုံးပြန်၍ စေ့စပ်စွာကြည့်ရင်း မယုံရအခက်၊ ယုံရအခက်ဖြစ်နေ၏။ ဝေခွဲမရသော ကျွန်တော် မျက်လုံးများမှာလည်း သူ့အား အချိန်ကြာမြင့်စွာ တွေဝေငေးငိုင်၍ ကြည့်နေမိသည်။ သူသည် ကျွန်တော်၏ ဝမ်းတွင်းသန္တာန်ကို ဝေဖန်ရိပ်စားမိ၍လားမပြောတတ်။

"ကဲပါလေ ကင်းဗိုလ်ကိုသာ ခေါ်လိုက်ပါ ရဲဘော်၊ ကျုပ် ချမ်းလှပြီ"ဟု ဆိုရှာပါသည်။ သူက ထိုသို့ပြောလိုက်မှ ကျွန်တော်သည် သတိရ၍ ဤကိစ္စတွင် ကျွန်တော့်အနေဖြင့် ဘုမသိ- ဘမသိ ဆုံးဖြတ်လိုက်ခြင်းထက် ကင်းဗိုလ်၏အကူအညီကိုယူ၍ ဆုံးဖြတ်လုပ်ကိုင်ခြင်းသည်သာလျှင် ကျွန်တော့်အဖို့ အကောင်းဆုံးဖြစ်မည်ကို တွေးမိ၏။ ဗိုလ်ကျော်ဒင်မှာ ကျွန်တော့်ထက် စစ်ဝါရင့် သူလည်း ဖြစ်သည်။ တပ်မတော်မှ အရာရှိကြီးများကို အတော်များများ သိမြင်ထားသူလည်း ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်သည် ကင်းဗိုလ်အား ခွန်းဆင့်၍ခေါ်လိုက်ရတော့သည်။ ကျွန်တော်၏ ခေါ်သံကြောင့် ဗိုလ်ကျော်ဒင်သည် ကင်းဂိတ်သို့ ဒရေသောပါးပြေးလာကာ သူ့ကိုယ်သူ 'အောင်ဆန်း'ပါဟုဆိုနေသောလူကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဖျတ်ခနဲ အလေးပြုလိုက်ရင်း

"ဟာ . . . ဗိုလ်ချုပ် ရေတွေစိုလို့ပါလား၊ ကြွပါဗိုလ်ချုပ် အထဲကိုကြွပါ"ဟု ပြောပြောဆိုဆို ရှိုးကြိုပြုပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤဖြစ်ရပ်ကိုမြင်ရသောကျွန်တော့်မှာမူ ကောင်းကင်အတက် ပြဒါးရှင်လုံးထွက်ကျသော ပဋိက္ခယားမင်းသားကဲ့သို့ ထွက်သက် ဝင်သက်တို့သည် ရပ်တန့်ကုန်၏။ ၂၀-ရာစုနှစ် သမီးပျို၏ ၌ တင်၍ မွေ့အပ်သော ဖင်လိမ်ကွင်းကဲ့သို့လည်း မြင်ကွင်း အားလုံးတို့သည် ချာလပတ်လည်နေ ကျွန်တော်၏ နှုတ်ဖျားမှာလည်း ချုပ်ထားသကဲ့သို့ ဖွင့်ဟ၍မရတော့၊ နားထင်နားရင်းများမှာလည် ဒေါက်ဖိနပ်ဖြင့် အရိုက်ခံရသူကဲ့သို့ ထူပူ၍လာ၏။ ကိုင်ထားအပ်သော သေနတ်မှာလည်း အ ဖြတ်ထားသော စာရေးဆရာ၏လက်မှ ဖောင်တိန်ကဲ့သို့ တဆတ်ဆတ်တုန်၏။ ရင်တွင်း၌မူ သ နှင့်တည်မြဲ မဲခွဲသောနေ့က ပြည်သူလူထု၏ နှလုံးသားကို ကျွန်တော်တစ်ဦးတည်း မျိုထားရသကဲ့ စိုးရိမ်ပူပန်မှုများ ပြင်းစွာဖြစ်၏။

“ဩော် . . ငါမှားလေခြင်း၊ ငါမိုက်လေခြင်း”ဟု မသိတတ်သား ဆိုးရွားလှသော ကျွန်တေ ကိုယ်ကိုလည်း ကျွန်တော် ပြန်၍ အပြစ်တင်မဆုံးတော့။

‘ပြောမယုံ ကြုံဘူးမှသိ’ဆိုသကဲ့သို့ နယ်ချဲ့စစ်တပ်များမှ ကြေးစားအရာရှိကြီးမျ လွတ်လပ်ရေးတပ်မတော်မှ မျိုးချစ်အရာရှိကြီးများ၏ ခြားနားမှုကိုလည်း စံပြု၍နှိုင်းယှ တော့သည်။

သူတို့ထွက်သွားပြီးနောက် အချိန်ကား မကြာမြင့်လှပါ။ ဗိုလ်ကျော်ဒင်ခမျာ သုတ် သုတ်ပျာဖြင့် ပြေးလာ၏။ သူ့နောက်၌လည်း ရဲဘော်တစ်ယောက်အပိုပါလာသည်။

“ဟော့ . . ရဲခေါင်၊ မင်း ဗိုလ်ချုပ်ကို ဘာလုပ်လိုက်သလဲ . . ဟင်”

“အာ . . ဗိုလ်ချုပ်မှန်းဘယ်သိမလဲဗျ။ ယူနီဖောင်းမပါ ဘာမပါနဲ့ သူ့ကိုလည်း ကျွန်တော် သိတာမှမဟုတ်ဘဲ၊ နောက်ပြီး သူကလည်း အစက ဘာမှပြောတာမဟုတ်ဘူး၊ အပြင်ကိုဆွဲထုတ်ပြ သူကပြောတာ။ အဲဒီတော့မှ ကျွန်တော်လည်း ဗိုလ်လေးကို ခေါ်လိုက်တာ”

“အဲဒါမှ ခွပဲကွာ . . ၊ အစက ဘာလို့ ငါ့ကိုမပြောတာလဲ ဟကောင်ရ”

“နို့ ဗိုလ်လေးက လူကဲခတ်ပြီး ကြည့်လုပ်ရမယ်ဆို . . ”

“အားပါး . . ကျွတ်ကျွတ် . . ၊ အိုး . . ဟိုး . . ဟိုး . . ”

သူသည် သူ၏နဖူးကို လက်ဝါးဖြင့်ရိုက်၍ ငရုတ်သီးစပ်သကဲ့သို့ စုတ်သပ်ညည်းညူလိုက် ဘာမျှမပြော တော့ချေ။

“ကဲ . . ဒါဖြင့် မင်းလိုက်ခဲ့ဦး၊ ဗိုလ်ချုပ်က မင်းကို ခေါ်ခိုင်းလို့၊ ငါတော့ သေသာ သေ တော့တာပဲ ရဲခေါင်ရာ”

ထို့နောက် ပါလာသော ရဲဘော်အား ကျွန်တော့်နေရာ၌ ခေတ္တအစားထားပြီး ဗိုလ်ချုပ်ရှိ ဧည့်ခန်းသို့ ကျွန်တော်တို့ နှစ်ဦးသား ထွက်ခဲ့ကြပါသည်။ အတွေးမှာ ကိုယ်စီနှင့်။

အိမ်၏ ဘယ်ဘက်အဆောင်ရှိ ဧည့်ခန်းအတွင်း စန္ဒရားခုံကိုဖင်တစ်ဝက်မှေးကာ မတ် ရပ်လက်ပိုက်၍ ခေါင်းငုံ့ရင်း တစ်စုံတစ်ခု စဉ်းစားနေသော သခင်အောင်ဆန်း။

အနီး၌မူ ဗိုလ်မှူးအောင်သည် တည်ငြိမ်သောအပြုံးဖြင့် ဆိုဖာတစ်လုံးပေါ်တွင် ထိုင်နေ လူမှာ ဧည့်ခန်းဝသို့ရောက်နေသော်လည်း အထဲသို့ဝင်ရန် မရှုံ့မရဲဖြင့် ခြေဆွဲ၍နေသူ ကျွန်တော် . . ။





ဗိုလ်ကျော်ဒင်၏ စစ်သံပါပါအော်ကာ ဟစ်ကာ သတင်းပို့လိုက်သောအသံကြောင့် ကျောက် ရုပ်ပမာ ငြိမ်ချက်သား ကောင်းနေသော ဗိုလ်ချုပ်သည် တဖြည်းဖြည်း ခေါင်းမော်လာကာ စောစော က ကျွန်တော် သူ့ကိုကြည့်နည်းမျိုးဖြင့် သူက ကျွန်တော့်ကို ပြန်ကြည့်၏။ ဝဋ်ဟူသည်ကား မသေမီ က လိုက်တတ်သည်ကို ကျွန်တော် ချက်ချင်း နားလည်လိုက်ပါ၏။ ထို့နောက် သူသည် သူ၏မေးဖျား ကို လက်ဖြင့် ပွတ်သပ်နေရင်း . .

“အင်း . . ရဲဘော်နာမည်”

“ရဲခေါင် . . ”

“တပ်ထဲဝင်တာ မကြာသေးဘူးထင်တယ်”

“ဟုတ်ကဲ့”

“အင်း” (သူသည် ရှေ့သို့စကားမဆက်ဘဲ စဉ်းစားနေရာက)

“အေးပေါ့ကွာ . . ရဲဘော်ရဲ့တာဝန်ကျေပွန်မှုကို ချီးကျူးပါတယ် . . ဟုတ်လား၊ စောစောက ကိစ္စကို ဘာမှခေါင်းထဲထည့်ပြီး စဉ်းစားမနေနဲ့ဟုတ်လား၊ ဒီအချိန်မှာ ဒီလိုလုပ်ရမှာပဲ၊ အဲဒါ ရဲဘော် မှန်တယ် ဟုတ်လား၊ ကဲကဲ သွားနိုင်ပါပြီ”

ထိုအချိန်၌ ဗိုလ်ချုပ်ပါးစပ်ဖျားမှ ထွက်လာသောစကားများကို ကျွန်တော့်နားက သံသယ ဖြစ်နေသည်။ ‘ဟုတ်မှ ဟုတ်ပါ့မလား’ဟူ၍လည်း ဝမ်းမသာဝံ့အောင်ဖြစ်နေသေးသည်။ ထို့ကြောင့် လည်း “ခင်ဗျာ”ဟု နားမရှင်းဟန်ဖြင့် ထပ်မေးလိုက်တော့မှ-

“ဩော် . . ရဲဘော်မမှားဘူး အဲဒါကိုပြောတာ၊ ဒီတော့ လုပ်စရာသာ ဆက်လုပ် ဟုတ်လား၊ အေး တစ်ခု သတိထား၊ စိတ်လိုက်မာန်ပါမလုပ်နဲ့ အဲဒါပဲ”

ကျွန်တော်သည် ဗိုလ်ချုပ်စကားဆုံးသည်နှင့်တစ်ပြိုင်နက် မူလတာဝန်ကျရာအရပ်သို့ ကလေးငယ်ပမာ ခုန်ပေါက်မြူးထူးကာ ပြန်လာမိသည်။ စောစောက ရင်တွင်း၌ ပူလောင်လှစွာ ဖရငတ်လွန်းသောဝေဒနာမှာလည်း အဘယ်သို့ ပျောက်သွားသည်မသိ။

ကျွန်တော်၏ ဦးနှောက်တွင်း၌မူ ‘သဘောကောင်းသူ’ ဗိုလ်ချုပ်အောင်ဆန်း၏အကြောင်းကို သာ ထပ်လောင်းခါခါ စဉ်းစား၍ နေမိပါ၏။

ယနေ့မှစ၍ ရက်သတ္တ နှစ်ပတ်ကျော်လျှင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ရှေ့တန်းခေါင်းဆောင်ကြီးများ ကုန်သလောက်နီးနီး ကျဆုံးပြီးသော ဇူလိုင်လ ၁၉ ရက် (အာဇာနည်နေ့)သို့ ရောက်ပြန် လေဦးတော့မည်။

ရှေးအခါကဆိုမူ ကျွန်တော်သည် ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ အာဇာနည်နေ့ အထိမ်း အမှတ်သဘင် ဆင်ယင်ကျင်းပရာ တရားပွဲဥပစာများသို့သွား၍လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်း အကြောင်းသိကောင်းစရာအဖြာဖြာကို ပုဂ္ဂိုလ်အသီးသီးရှာမှီးတင်ပြကြသောသတင်းဆောင်းပါးဖြစ် ရပ်များကိုလည်းကောင်း၊ ကြားနာမှတ်သား ကျေးဇူးပွားခြင်းဖြင့်သာ နေလာခဲ့ရသော်လည်း ယခု အခါ၌ဆိုလျှင် အိမ်ထောင်ရှင်အဖြစ်သို့ ရောက်၍နေသော ကျွန်တော့်ပတ်ဝန်းကျင်တွင် တရားနာ ပုဂ္ဂိုလ်အဖြစ် ကျွန်တော်၏သားငယ်သည် ကျွန်တော်ပြောပြမည့် ‘သဘောကောင်းသူ’ ခေါင်းဆောင် ကြီးတစ်ဦး၏အကြောင်းကို စုတ်သပ်တသသြ နမြောတမ်းတကာ ကြားနာနေရှာပေလိမ့်မည်။ ထိုအခါ၌

www.burmeseclassic.com



ကျွန်တော်သည် -

"သားရေ . . ဟောဒီလောကမှာလေ လူသတ္တဝါတွေရဲ့ အကျိုးအတွက် ပေါ်ထွက်ခဲ့ကြ[တဲ့] ဘာသာရေးဆိုင်ရာ၊ နိုင်ငံရေး ဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ ခေါင်းဆောင်အမျိုးမျိုးအနက် ဖေဖေတို့ ပြည်ထောင်စု မြန်မာနိုင်ငံမှာ တစ်ခါက ပေါ်ထွက်ခဲ့ဖူးတဲ့ ဗိုလ်ချုပ်အောင်ဆန်းဆိုတာဟာလေ ဖေဖေသိရသလောက်တော့ အလွန်ကို သဘောကောင်းတဲ့ ခေါင်းဆောင်ကြီးတစ်ယောက်ပေါ့ကွယ်၊ သူနဲ့ ဖေဖေ စပြီးတွေ့ခဲ့ရတဲ့အချိန်ကတော့ . . "

ဤသို့အစချီကာ ဗမာ့လွတ်လပ်ရေးသမိုင်း၏ ကွေ့တစ်ကွေ့တွင် အမှတ်မထင် ကျွန်တော်နှင့် ရှေးဦးပထမ တိုက်ဆိုင်ဆုံစည်းခဲ့ရသော ဗိုလ်ချုပ်အောင်ဆန်း၏အကြောင်းကို ထပ်လောင်းပြောပြရပေလတ္တံ့။

သို့သော် ထိုဖြစ်ရပ်သည် ကျွန်တော်ငယ်ငယ်က ကျွန်တော့်ဖေဖေပြောပြသည့် 'ရွှေပုဇွန်နှင့်ရွှေကျား' သက်ငယ်ရိတ်သွားသော ဒဏ္ဍာရီ ပုံပြင်စကားမဟုတ်။

စင်စစ် ကျွန်တော်ပြောပြမည့် ရဲဘော်ဝေလေ့ကိုယ်တွေ့ဖြစ်စဉ်များသည် ကျွန်တော့်သားငယ်၏ နှလုံးသားတွင် ရာသက်ပန် စွဲဝင်သွားစေရုံသာမက သူ၏ပတ်ဝန်းကျင်ကစားဖော်များရှေ့တွင်လည်း "အဲဒီ ဗိုလ်ချုပ်အောင်ဆန်းဆိုတာဟာလေ တစ်ခါက ငါတို့ဖေဖေနဲ့တွေ့ခဲ့ရဖူးသတဲ့" ဟူ၍လည်းကောင်း။

သို့မဟုတ် သူ့ပတ်ဝန်းကျင် သူ့သားငယ်များရှေ့တွင်လည်း "အဲဒီ ဗိုလ်ချုပ်အောင်ဆန်းဆိုတာဟာလေ တစ်ခါက သားသားတို့ရဲ့ ဘိုးဘိုးနဲ့တွေ့ခဲ့ရဖူးသတဲ့"ဟူ၍လည်းကောင်း။

ထိုသို့ ထိုသို့ အစချီကာ သားစဉ်မြေးဆက် ဂုဏ်ယူစရာ မှတ်တမ်းတစ်ကွက် ဖြစ်လိမ့်ဦးမည်သာတည်း။ ။

[မြဝတီမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉[...]]

# ကျွန်တော် ဗိုလ်ချုပ်အောင်ဆန်းဖြစ်ခဲ့စဉ်က

## နတ်မောက်တေဇ

ဗိုလ်ချုပ်အောင်ဆန်းမှာ ထိုအချိန်က နတ်မောက်မြို့ ဦးသောဘိတ၏ နဝမတန်းကျောင်းတွင် ဆဋ္ဌမတန်း၌ ပညာသင်ကြားလျက်ရှိရာ ဤစာရေးသူ ကျွန်တော်မှာလည်း ၎င်းနှင့်တစ်တန်းတည်းအတူနေ ငယ်သူငယ်ချင်းဖြစ်ခဲ့သည်။ ထို့နောက် သူသည် ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းသို့ ပြောင်းရွှေ့၍ ပညာသင်ကြားသည်တွင် ကျွန်တော်နှင့် ကွဲကွာသွားခဲ့လေသည်။ ကျွန်တော်နှင့်အတူနေနေစဉ်ကပင် ဗိုလ်ချုပ်အောင်ဆန်းသည် အတန်းထဲတွင် ဘာသာရပ်တိုင်း၌ အထူးချွန်ဆုံး၊ မှတ်ဉာဏ်အကောင်းဆုံးဖြစ်ကြောင်း ကျွန်တော်သိခဲ့ပါသည်။

ရေနံချောင်းမြို့အမျိုးသားအထက်တန်းကျောင်းမှ အင်္ဂလိပ်၊ မြန်မာ ၁၀ တန်းအောင်မြင်ပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည် ရန်ကုန်ယူနီဗာစီတီကောလိပ်၊ ထိုမှတစ်ဆင့် နိုင်ငံရေးနယ်ပယ်ထဲသို့ ဝင်ရောက်လျက် တို့ဗမာအစည်းအရုံးသို့ရောက်သည့်တိုင် သူနှင့်ကျွန်တော်သည် ကွဲကွာသွားခဲ့ပေသည်။ တစ်ခါတစ်ရံ သူ၏မိခင် အမေစုရှိရာ နတ်မောက်မြို့သို့ ပြန်ရောက်လာမှသာလျှင် သူနှင့်ကျွန်တော်မှာ တွေ့ဆုံခွင့်ရခဲ့သည်။

ယင်းသည့်နောက်တွင်ကား ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့လွတ်လပ်ရေးအတွက် ဗြိတိသျှကို တော်လှန်ရန် ရဲဘော်သုံးကျိပ်ကို ဦးဆောင်လျက် ဂျပန်ပြည်သို့ ထွက်ခွာသွားတော့သည်။

ထိုအချိန်မှစ၍ ဘီ-အိုင်-အေ ခေတ်တွင်လည်းကောင်း၊ ဘီ-ဒီ-အေခေတ်တွင်လည်းကောင်း၊ ဂျပန်တော်လှန်ရေးခေတ်တစ်လျှောက်လုံးတွင်လည်းကောင်း၊ ဒုတိယကမ္ဘာစစ်ကြီးပြီး၍

www.burmeseclassic.com

www.burmeseclassic.com



ဖဆပလ ပထမပိုင်းခေတ်တွင်လည်းကောင်း သူနှင့်ကျွန်တော်မှာ လုံးဝမတွေ့ရတော့။ လွတ်လပ်ရေးအတွက် ဘီလပ်သို့သွားရောက်ပြီးနောက် နယ်ချဲ့နှင့်တကွ ၎င်း၏ လက်ပါးစေ ဗမာ့သစ္စာဖောက်တစ်စုတို့၏လုပ်ကြံခြင်းကိုမခံရမီ သူငယ်ချင်း ဗိုလ်ချုပ်အောင်ဆန်းအား ကျွန်တော်သည် တစ်ကြိမ်သာလျှင် တွေ့လိုက်ရတော့ပါသည်။

အချိန်ကား ဗမာ့လွတ်လပ်ရေးကြေညာရန်နှင့် ဗမာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အတည်ပြုရန်အတွက် ပဏာမပြင်ဆင်မှုလွှတ်တော်ရွေးကောက်ပွဲကြီး နီးကပ်ချိန်က ဖြစ်ပါသည်။ ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းသည် ရွေးကောက်ပွဲကြီးတွင် ဖဆပလ အမတ်အများစု အနိုင်ရရှိရေးအတွက် ဗမာနိုင်ငံတစ်ဝန်းလုံးသို့ နေ့မအား၊ ညမအား အပူတပြင်း လှည့်လည်၍ စည်းရုံးရေးဆင်းနေရာ နတ်မောက်မြို့သို့ မကွေးမြို့မှတစ်ဆင့်လာရောက်မည့်အကြောင်း နတ်မောက်မြို့နယ်ဖဆပလသို့ စာရောက်လာပါတော့သည်။

ထိုအချိန်က နတ်မောက်မြို့နယ် ဖဆပလအတွင်းရေးမှူးမှာ ဗိုလ်ဘုန်းကျော် (ယခု တပ်မတော် မော်ကွန်းတိုက်တွင် အလုပ်လုပ်နေသူ) ဖြစ်၍ ကျွန်တော့်မှာကား တွဲဖက်အတွင်းရေးမှူးတာဝန်ယူလျက်ရှိနေပါသည်။ ဗိုလ်ချုပ်အောင်ဆန်းလာမည်ဆိုသဖြင့် တရားပွဲတွင် လူပရိသတ်အမြောက်အမြားတက်ရောက်ရန် ဗိုလ်ဘုန်းကျော်နှင့်တကွ အဖွဲ့ဝင်များသည် အထူးကြိုးပမ်းခဲ့သည်။ ဗမာ့ခေါင်းဆောင်ကြီးလည်းဖြစ်သည်တစ်ကြောင်း၊ မိမိတို့နယ်သားလည်းဖြစ်သည် တစ်ကြောင်းတို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း နတ်မောက်သို့ ရောက်လာ၍ တရားပွဲကျင်းပသည့်အခါ ကြက်ပျံမကျ စည်ကားလှသည်ကို တွေ့မြင်ရပေသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့အဖွဲ့သည် မကွေးမြို့မှတစ်ဆင့် နတ်မောက်သို့ ကားများဖြင့်လာခဲ့ရာ ထိုနေ့မတိုင်မီက ကြိုတင်လျက် မကွေးမြို့သို့ သွားရောက်ကြိုဆိုရန် နတ်မောက်မြို့နယ် ဖဆပလမှ ဤစာရေးသူအပါအဝင် ပွဲစားကြီး ဦးရှန်ငါး၊ ကားပိုင်ဦးဘကြည်တို့အား တာဝန်ပေးခဲ့သည်။ ဗိုလ်ချုပ်နှင့် ကျွန်တော်တို့သုံးဦး မကွေးမြို့တွင် တွေ့ဆုံရေးအတွက် စီစဉ်ပေးပါရန်ကိုလည်း မကွေးဖဆပလသို့ စာဖြင့်အကြောင်းကြားထားခဲ့ပြီးဖြစ်သည်။

သို့သော် ကျွန်တော်တို့အဖွဲ့ မကွေးမြို့သို့ ရောက်သည့်အခါ ထိုစဉ်က မကွေး ဖဆပလမှ အမတ်ရောဂါထနေပြီး အမတ်လောင်းလုနေကြသဖြင့် ဗိုလ်ချုပ်နှင့် ကျွန်တော်တို့အဖွဲ့ တွေ့ဆုံရေးအတွက် တာဝန်ခံစီစဉ်ပေးမည့်သူမရှိဖြစ်နေရာ ကျွန်တော်တို့မှာ အခက်အခဲနှင့် ရင်ဆိုင်နေရတော့သည်။ နောက်တစ်နေ့တွင် ဗိုလ်ချုပ်တို့အဖွဲ့သည် ရေနံချောင်းမှတစ်ဆင့် မကွေးသို့ ဆိုက်ရောက်လာပြီးနောက် တရားပွဲစတော့သည်။ မကွေးနယ်မှ ဗိုလ်ချုပ်တရားပွဲသို့ တက်ရောက်လာသော လူထုကြီးကား တိုးမပေါက်အောင် စည်ကားခဲ့ပါပေ၏။

အမတ်လောင်းရွေးချယ်ရာတွင် အမြို့မြို့အနယ်နယ်တွင် ချောမောခဲ့သလောက် မကွေးကျကာမှ အခက်အခဲနှင့် တွေ့နေရရာ ဗိုလ်ချုပ်သည် သူကိုယ်တိုင်စေ့စပ်သော်လည်း မချောမွေ့သဖြင့် ဒေါသထွက်ပြီးလျှင် တရားပွဲကို ၁၀ မိနစ်ခန့်မျှ ဟောပြောပြီးနောက် ရုပ်သိမ်းသွားသည်။ တရားပွဲသို့ နယ်မှ နောက်ကျပြီး တက်ရောက်လာကြသော လူထုအချို့မှာ တရားလည်း မနာလိုက်ရ၊ လူကိုပင် မမြင်လိုက်ကြရဖြစ်နေကြရာ မမောနိုင်မပန်းနိုင် ချွေးတလုံးလုံးဖြင့် ဗိုလ်





တည်းခိုရာအိမ်သို့ သတင်းစုံစမ်းပြီး လိုက်၍ ကြည့်ကြရသည်။

ကျွန်တော်တို့နတ်မောက်အဖွဲ့မှာလည်း ဗိုလ်ချုပ်နှင့်တွေ့ဆုံပြီးမှသာ နတ်မောက်မြို့က စီစဉ်အစဉ်များကို တင်ပြရမည်ဖြစ်ရာ မကွေး ဖဆပလ၏ စီစဉ်မပေးမှုကြောင့် ဗိုလ်ချုပ်နှင့် မတွေ့ဆုံပါက ကျွန်တော်တို့ ညှိဖျင်းရာကျမည့်အပြင် နတ်မောက် ဖဆပလမှလည်း အပြစ်တင်ခံရပေဦးမည်ဖြစ်၍ ဗိုလ်ချုပ်တည်းခိုရာအိမ်သို့ လိုက်သွားပြီး တွေ့ဆုံခွင့်တောင်းရန် သုံးဦးသားဆုံးဖြတ်ချက်ချလိုက်ပြီးနောက် ဗိုလ်ချုပ်တည်းခိုရာအိမ်သို့ လိုက်ပါသွားရတော့သည်။

ဗိုလ်ချုပ်တို့ တည်းခိုရာအိမ်သို့ အရောက်တွင် ကျွန်တော်တို့သည် ဗိုလ်ချုပ်အောင်ဆန်းမြို့ကဖြစ်၍ သူနှင့်တွေ့ဆုံရန် လာရောက်ကြသူများဖြစ်ပြီး တွေ့ဆုံခွင့်ပြုပါရန် အစောင့်တာဝန်ကျသူတို့ထံ ခွင့်ပန်ရတော့သည်။ အစောင့်တာဝန်ခံများလည်း အလွယ်တကူပင် ခွင့်ပြုလျက် ကျွန်တော်တို့အား အပါးတော်မြဲဗိုလ်ထွန်းလှထံ ပို့ဆောင်ပေးကြသည်။ ကျွန်တော်က ဗိုလ်ထွန်းလှအား အကျိုးအကြောင်းပြောပြသည်တွင် ဗိုလ်ချုပ်မှာ ခရီးပန်းနေသဖြင့် ခေတ္တအိပ်နေကြောင်း၊ အိပ်ရာမှနိုးလျှင်နိုးချင်း တွေ့ဆုံခွင့်ပေးမည်ဖြစ်၍ ခေတ္တစောင့်ဆိုင်းပါရန် ဗိုလ်ထွန်းလှသည် ကျွန်တော်တို့အား ပြောဆိုပြီးနောက် တစ်နေရာတွင် နေရာများချထားပေးခဲ့သည်။

အချိန်ကား မကြာလှ၊ ဗိုလ်ချုပ်ကား အိပ်ရာမှ နိုးခဲ့ပေပြီ။ ကျွန်တော်တို့အဖွဲ့ကား ဗိုလ်ချုပ်အိပ်ရာမှနိုးလျှင်နိုးချင်း ရုတ်တရက်မြင်နိုင်ရန် တစ်နေရာတွင် ကုလားထိုင်များနှင့် ထိုင်လျက်စောင့်နေကြသည်။ ဗိုလ်ချုပ်သည် ရုတ်တရက် ခေါင်းထောင်၍ကြည့်လိုက်ရာ ကျွန်တော်တို့ကိုမြင်သွားပြီ သူက "ဟ-ရောင်ရှိန်ကြီးတို့ (ရောင်ရှိန်ကြီးဆိုသောအမည်မှာ ဤစာရေးသူ၏ ငယ်နာမည်ဖြစ်သည်) ဘာလုပ်လာကြတုံး၊ လာကြလေ"ဟု လှမ်းခေါ်လိုက်သည်။

ထိုစဉ်တွင် ကျွန်တော်သည် ဗိုလ်ချုပ်၏ မှတ်ဉာဏ်ကောင်းကြောင်း၊ ရာထူးဂုဏ်ရှိန်ရှိလင့်ကစား ထည်ဝါခြင်းမရှိကြောင်း ချီးကျူးမိပါသည်။

ထို့နောက် ကျွန်တော်တို့သည် ဗိုလ်ချုပ်ရှိရာသို့ ရောက်သွားကြရာ ဗိုလ်ချုပ်က ဘာလုပ်လာကြတာလဲဟု မေးသည်။ နတ်မောက် ဖဆပလမှ ဗိုလ်ချုပ်ကို အကြိုလွှတ်၍လာကြောင်း၊ သူက ပွဲစားကြီး ဦးရှန်ငါး၊ သူကတော့ ကားပိုင်ဦးဘကြည်ဟု ကျွန်တော်နှင့်ပါလာသူ နှစ်ဦးနှင့် ကျွန်တော်က မိတ်ဆက်ပေးလိုက်ရာ "ငါသိပါတယ်ကွာ၊ သူတို့ကို မိတ်ဆက်ပေးမနေပါနဲ့၊ အလကား ဒုက္ခလာကြိုနေကြတယ်ဗျာ၊ ခင်ဗျားတို့ ကားပါသလား၊ မပါရင် မနက်ဖြန်သဘော်ဆိပ်က စောင့်နေကြ။ ကျုပ်ကားနှင့် လိုက်ခဲ့ကြ"ဟု ဗိုလ်ချုပ်အောင်ဆန်းသည် အပိုမပါ သူ၏ ရိုးသားသော အတွင်းစိတ်အတိုင်း ဖွင့်ဟပြောခဲ့သည်။

ထို့နောက် ဗိုလ်ချုပ်သည် ကျွန်တော့်အား "ဟေ့ ရောင်ရှိန်ကြီး၊ မင်း ဒီမကွေးက ရဲဘော်စစ်သိန်းကို သိသလား၊ သွားခေါ်ပေးစမ်းပါ" ဟု ပြောလိုက်ရာ ကျွန်တော်သည် ရဲဘော်စစ်သိန်းကို မသိသော်လည်း မြို့ထဲမှ ရဲဘော်တစ်ဦးဦးအား စုံစမ်းလျှင် သိနိုင်မည်ယူဆလျက် သိပါသည်ဟု ပြောလိုက်သည်တွင် သူ၏ ကားကလေးကို ပေးလိုက်ရန် ဗိုလ်ထွန်းလှအား အမိန့်ပေးလိုက်သည်။ ထိုစဉ်တွင် ကျွန်တော်နှင့်အတူပါသူ နှစ်ဦးကိုလည်း ကားပေါ်သို့တင်လျက် ရဲဘော် ဗိုလ်စစ်သိန်းအား ရှာဖွေရန် ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မကွေးမြို့ ဈေးအရှေ့မြောက်ထောင့်သို့ ရောက်ခဲ့ပေပြီ။ ထိုနေရာ လမ်းဆုံ၌ ပြည်သူ့ရဲ
တပ်စိတ်တစ်စိတ်သည် ကင်းစောင့်လျက်ရှိသည်ကို တွေ့မြင်ရသည်။ ဗိုလ်စစ်သိန်းအိမ်ကို စုံစမ်း
အတွက် ကားကလေးကို ရပ်စေပြီးနောက် ကျွန်တော်သည် ကားတံခါးကိုဖွင့်လျက် ဆင်းပြီး
လိုက်သည်။ ထိုစဉ် ကင်းတာဝန်ခံလုပ်သူက

"တပ်စိတ်သတိ- ဗိုလ်ချုပ်အောင်ဆန်းကို အလေးပြု" ဟု အမိန့်ပေး၍ ကျွန်တော့်
အလေးပြုပြီးနောက် ကျွန်တော့်ထံသို့ တပ်စိတ်ခေါင်းဆောင်ပြေးလာပြီး စုံရပ်လျက် အလေးပြု
ပြန်သည်။ ပြည်သူ့ရဲဘော်တပ်စိတ်ကား ကျွန်တော့်ကို ဗိုလ်ချုပ်အောင်ဆန်းထင်မှတ်
အလေးပြုခြင်းဖြစ်သည်။ အကြောင်းကား ထိုစဉ်က ပြည်သူ့ရဲဘော် တိုင်းသည် ဗိုလ်ချုပ်အောင်
ကို မမြင်ဖူးကြ။ တော်လှန်ရေးခေတ်က ရဲဘော်များသာလျှင် မြင်ဖူးကြသည်။ ကျွန်တော့်
အထင်မှား၍ အလေးပြုကြသူ ရဲဘော်များကား ဖ-ဆ-ပ-လ ခေတ် ရဲဘော်များဖြစ်ဟန်တူပေသ
ကားကလေးကလည်း ဗိုလ်ချုပ်ကားကလေးပေကိုး. . .။

ကျွန်တော်လည်း ရဲဘော်များရှက်သွားမည်စိုး၍ ဟန်ဆောင်မြဲဆောင်လျက် တပ်စိတ်ခေါ
ဆောင်အား ဗိုလ်စစ်သိန်းအိမ်သို့ လိုက်၍ပြရန် ခေါ်ခဲ့ရလေသည်။ ဗိုလ်စစ်သိန်းအိမ်အ
အရောက်တွင် "ဟိုအိမ်ဟာ ဗိုလ်စစ်သိန်း၏ အိမ်ပါပဲ"ဟု ရဲဘော်က လက်ညှိုးထိုးပြခဲ့သည်။ ထို
ကျွန်တော်သည် ကားကလေးကို တစ်ဖန်ရပ်စေလျက် "ရဲဘော်ပြန်နိုင်ပါပြီ" ဟု ကျွန်တော်က
လိုက်ရာ ရဲဘော်မှာ ထုံးစံအတိုင်းပင် ကျွန်တော့်အား အလေးပြုပြီး ပြန်လှည့်သွားတော့သ
ထိုစဉ်မှ ကျွန်တော်နှင့် အဖော်နှစ်ဦးသည် ရယ်နိုင်ကြတော့သည်။ ။

[မြဝတီမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉



# ရော်ဂျာကေ့စ်နှင့် သခင်အောင်ဆန်း

မောင်ဆွဲ

ဂျာမန်တို့၏စတင်မှုဖြင့် ၁၉၃၉ ခုနှစ် စက်တင်ဘာလတွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွား
လာရပြန်တော့သည်။ ယင်းဒုတိယကမ္ဘာစစ်ကြီးကို အခွင့်ကောင်းယူကာ မြန်မာနိုင်ငံရေးသမားတို့
သည် ဗြိတိသျှနယ်ချဲ့လက်အောက်မှ မြန်မာပြည် လွတ်မြောက်ရေးအတွက် မိမိတို့နှင့် သက်ဆိုင်ရာ
အဖွဲ့အစည်းများအလိုက် ကိုယ့်နည်းကိုယ့်ဟန်နှင့်ကိုယ် အသီးသီးလှုပ်ရှားရုန်းကန်ကြလေတော့
သည်။ ယင်းသို့ လှုပ်ရှားရုန်းကန်ကြသည့် နိုင်ငံရေးအဖွဲ့အစည်း အသီးသီးတို့တွင် ဆရာကြီး သခင်
ကိုယ်တော်မှိုင်း ကြီးမှူးသည့် သခင်အောင်ဆန်းတို့၏ တို့ဗမာအစည်းအရုံးကြီးသည်လည်း ရှေ့တန်းမှ
ပါဝင်ခဲ့လေသည်။

ယင်းအချိန်ကာလကား မြန်မာနိုင်ငံရေးသမားများ၊ မြန်မာနိုင်ငံရေး အဖွဲ့အစည်းများအနေ
ဖြင့် အထူးလှုပ်ရှားရုန်းကန်ဆုံးအချိန်ကာလ၊ မြန်မာပြည် ဗြိတိသျှအစိုးရအား နှလုံးရည်တိုက်ပွဲ
များဖြင့် ပြင်းပြင်းထန်ထန်ဆင်နွှဲသည့် အချိန်ကာလပင် ဖြစ်ပါတော့သည်။

မြန်မာပြည် ဗြိတိသျှအစိုးရတို့ အနေဖြင့်လည်း မြန်မာတိုင်းရင်းသားများ မထရဲ မကြွရဲ
အောင် ခေါင်းမျှပင် မထောင်ရဲအောင် တို့ဗမာသခင်ဟူသမျှ၊ နိုင်ငံရေးသမားဟူသမျှတို့အား
ဖိနှိပ်တတ်နိုင်ဆုံး ဖမ်းဆီးချုပ်နှောင် ထောင်တန်းချခြင်းတို့ဖြင့် အဖိနှိပ်ဆုံးသော အချိန်ကာလပင်ဖြစ်
ပါတော့သည်။

၁၆ နှစ်သားအရွယ်မှစ၍ အမိမြန်မာနိုင်ငံကို ချစ်မြတ်နိုးတတ်လာခြင်း၊ ယူက္ကသိုလ်တွင်

www.burmeseclassic.com

www.burmeseclassic.com



ပညာသင်ကြားနေစဉ် နိုင်ငံရေးစာပေများကို ဖတ်ရှုလေ့လာခြင်း၊ ကျောင်းသားလောက၏ ဗြိတိ
နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းများတွင် ခေါင်းဆောင်ပါဝင်ခြင်း၊ ကျောင်းနေရင်း တို့ဗမာအစည်းအ
ကြီးသို့ ဝင်ရောက်ကာ တစ်ဖက်မှပညာသင်ယူ၍ အခြားတစ်ဖက်မှ နိုင်ငံရေးလုပ်ငန်းများကို ဆော
ရွက်ခြင်း၊ ကျောင်းမှလုံးလုံးလျားလျား ထွက်လိုက်ပြီးနောက် တို့ဗမာအစည်းအရုံးကြီးတွင် နိုင်ငံ
တစ်ခုတည်းကိုသာ ဇောက်ချလုပ်ကိုင်ခြင်း၊ နိုင်ငံရေးစာပေများကို ဆက်လက်ဖတ်ရှုလေ့လာ
ပြည်တွင်းပြည်ပနိုင်ငံရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ကူးလူးဆက်ဆံခဲ့ခြင်းတို့ဖြင့် နိုင်ငံ
အတွေ့အကြုံ၊ အတွေးအခေါ်၊ အရည်အချင်းတို့ ပိုမိုကျယ်ပြန့်ရင့်ကျက် တိုးတက်ခဲ့သော တို့
အစည်းအရုံးကြီး၏ အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းသည်-

လွတ်လပ်ရေးကို တောင်းယူ၍မရ၊ ဗြိတိသျှနယ်ချဲ့တို့က လက်ရုံးအားကိုး၊ လက်
အားကိုးဖြင့် သိမ်းပိုက်ရယူထားသော မြန်မာပြည်အား လက်ရုံးအားကိုး၊ လက်နက်အားကိုးဖြင့်
လွတ်လပ်အောင် ဆောင်ရွက်ရမည်။ လွတ်လပ်ရေးကို တိုက်ယူရမည်ဟု သိရှိလာရုံမျှမက လွတ်လ
ရေးကို တို့ဗမာတိုင်းရင်းသားတွေချည်း ပြည်တွင်းရေးတစ်ခုတည်းအနေဖြင့် တိုက်ယူ၍ရမည်မဟု
'ရောင်တော်ပြန်'နှင့် ရော၍လွတ်ရမည်။ နိုင်ငံခြားတစ်ခုခု၏ အကူအညီကိုရယူ၍ တိုက်ယူရမည်
သည့် အတွေးအခေါ်သစ်၊ အသိအမြင်သစ်များလည်း ထပ်မံ၍ ပေါ်ပေါက်လာခဲ့ပြန်သည်။

ထို့ကြောင့် သခင်အောင်ဆန်းသည် ဗြိတိသျှနယ်ချဲ့၏ လက်အောက်မှ မြန်မာနိုင်ငံ လွ
လပ်ရေးအတွက် နိုင်ငံခြားတစ်ခုခု၏ အကူအညီကိုရယူ၍ ပြန်လည်တိုက်ခိုက်မည်ဟု စိတ်ကို
ဖြတ်ကာ နိုင်ငံခြားတစ်ခုခု၏ အကူအညီရရှိရေးအတွက် နည်းလမ်းများရှာကြံလေတော့သည်။

သခင်အောင်ဆန်းတို့ လူစု ဗမာ့လွတ်လပ်ရေးအတွက် နိုင်ငံခြားတစ်ခုခု၏ အကူအည
ရေးကို နည်းလမ်းများ ရှာကြံရာမှ ပထမတွင် ဝင်ရိုးတန်းနိုင်ငံ တစ်ခုမှ 'သူလျှို'တစ်ဦးနှင့် ဆက်
မိခဲ့သည်။ မြန်မာနိုင်ငံ အနှံ့အပြားတွင် အုပ်ချုပ်ရေး ဖျက်ဆီးမှုများပြုလုပ်ရန် စီစဉ်စိုင်းပြင်းကြသည
အကြံမအောင်ဘဲ ပျက်ပြားခဲ့ရသည်။

နောက်တစ်ဖန် ယင်းကဲ့သို့ နိုင်ငံခြားအဆက်အသွယ်များ ရရှိရေးကို ဆက်လ
ကြံဆောင်ကြပြန်ရာတွင် ဆက်သွယ်ရေး တာဝန်ယူသူ ရဲဘော်များ အဖမ်းအဆီးခံလိုက်ကြရသ
ယင်းအကြံမှာလည်း ပျက်ပြားခဲ့ရပြန်တော့သည်။ ယင်းသို့အားဖြင့် နိုင်ငံခြားတစ်ခုခု၏ အကူအ
ရရှိရေးအတွက် မကြံတတ်၊ မစည်တတ်ဖြစ်နေခဲ့ရာမှ နောက်ဆုံးတွင် သူ ဖတ်ရှုလေ့လာခဲ့ဖူးသ
နိုင်ငံရေးဆိုင်ရာ စာပေများထဲမှ အိုင်းရစ် အမျိုးသားခေါင်းဆောင် ရော်ဂျာကေ့စ်မင့်န် (Ro
Casment) အကြောင်းကို သခင်အောင်ဆန်း ပြန်လည်တွေးတော သတိရလာမိတော့သည်။

## ရော်ဂျာကေ့စ်မင့်န် [၁၈၆၄-၁၉၁၆]

ရော်ဂျာကေ့စ်မင့်န်သည် အင်္ဂလန်နိုင်ငံ အင်္ဂလိပ်အစိုးရ၏ နိုင်ငံခြားရေးဝန်ထမ်းတစ
ဖြစ်သည်။ ယင်းတာဝန်ထမ်းဆောင်စဉ် ဘယ်လ်ဂျီယံ၊ ကွန်ဂို၊ ပီရူးပြည်နယ်များ၌ တိုင်းရင်းသာ
အနေဖြင့် နိုင်ငံခြားသားများ၏ လက်ဝါးကြီးအုပ်မှု ခံနေရပုံများကို ဖော်ထုတ်ခဲ့သည်။

၁၉၁၁ ခုနှစ်တွင် အင်္ဂလိပ်အစိုးရက ချီးမြှင့်သော 'ဆာ'ဘွဲ့ကို ရရှိသည်။ ပထမ ကမ





စစ်ကြီးအတွင်း ၁၉၁၄ ခုနှစ်၌ ဂျာမနီနိုင်ငံသို့ တရားဝင်သွားရောက်ခဲ့သည်။ ယင်းအချိန်ကာလတွင် ဂျာမနီနိုင်ငံ၌ စစ်အကျဉ်းသား (သုံ့ပန်း) များအဖြစ်နှင့် ရှိနေကြသော အိုင်းရစ်လူမျိုးများဖြင့် 'အိုင်းရစ်အဝေးရောက် တပ်မတော်'ကို ဖွဲ့စည်းခဲ့သည်။ ပြီးနောက် သမ္မတနိုင်ငံထူထောင်ရန်အတွက် သူကိုယ်တိုင်ဦးဆောင်၍ အင်္ဂလိပ်အစိုးရကို တော်လှန်သည်။ ဂျာမန်အစိုးရ၏ အကူအညီရရှိရေးကိုလည်း ကြိုးစားသည်။

၁၉၁၆ ခုနှစ်တွင် အင်္ဂလန်သို့ ဂျာမန်ရေငုပ်သင်္ဘောတစ်စင်းဖြင့် တိတ်တဆိတ်ပြန်၍ လာရာ အင်္ဂလိပ်အစိုးရက ဖမ်းဆီးမိသွားသဖြင့် 'နိုင်ငံတော် သစ္စာဖောက်မှုဖြင့်' သေဒဏ်ပေးခံရသည်။ သူ့အား ပေးခဲ့သော 'ဆာ'ဘွဲ့ကိုလည်း ပြန်လည်ရုပ်သိမ်းလိုက်သည်။

အိုင်းရစ်လူမျိုးများကမူ သူတို့၏ အမျိုးသားခေါင်းဆောင်ကြီးအဖြစ် သတ်မှတ်ထားကြသည်။

အထက်ပါအတိုင်း ပြန်လည်တွေးတော ထင်မြင်မိလာသော သခင်အောင်ဆန်းသည် အိုင်းရစ်အမျိုးသားခေါင်းဆောင် ရော်ဂျာကေ့စ်နည်းတူ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် နိုင်ငံခြားအကူအညီရရှိရေးကို အသက်စွန့်၍ ဆောင်ရွက်မည့်သူတစ်ဦး လိုအပ်လျက်ရှိကြောင်း သူ၏စိတ်တွင် သိမြင်၍ လာပြန်တော့သည်။ ယင်းသိမြင်ချက်ဖြင့် မြန်မာပြည် ဗြိတိသျှအစိုးရ၏ ဖမ်းဆီးချုပ်နှောင်ခြင်းကို မခံရဘဲ ထောင်၏အပြင်ဘက်တွင် ကျန်ရှိနေကြသော သခင် အောင်ဆန်းတို့လူတစ်စု ညှိနှိုင်းဆွေးနွေးကြရာမှ အထက်ပါ သခင်အောင်ဆန်း၏ သိမြင်တင်ပြချက်ကို တညီတညွတ်တည်း လက်ခံအတည်ပြုလိုက်ကြတော့သည်။

တစ်ဆက်တည်းမှာပင် ရော်ဂျာကေ့စ်နည်းတူ အသက်စွန့်၍ နိုင်ငံခြားအကူအညီ ရရှိရေးအတွက် ဆောင်ရွက်ရန် လူတစ်ဦးကို အချင်းချင်း ညှိနှိုင်းရှာဖွေရွေးချယ်ကြရာ ရော်ဂျာကေ့စ်ကဲ့သို့ အသက်စွန့်၍ဆောင်ရွက်ရန် သခင်အောင်ဆန်းသည် သူ့ကိုယ်သူဆန္ဒပြုလိုက်လေတော့သည်။ ။

[မြဝတီမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၈၅]



www.burmeseclassic.com

www.burmeseclassic.com

# စကားနည်းသော သခင်အောင်ဆန်း

## သခင်မြသန်း

၁၃၀၀ ပြည့်နှစ်အရေးတော်ပုံကြီးအတွင်းတွင် ခနုဖြူ တို့ဗမာအစည်းအရုံးနှင့် မြို့နယ်လူထုသည် အမျိုးသား လွတ်မြောက်ရေး ၊ နယ်ချဲ့ ဆန့်ကျင်ရေးအတွက်တက်တက် ပါဝင်လှုပ်ရှားခဲ့လေသည်။

၁၃၀၀ ပြည့်နှစ် အရေးတော်ပုံ မပေါ်ပေါက်မီ လူငယ် ၁၀ ဦးခန့်စုစည်းပြီး ကျွန်တော် တစ်တွေ ခနုဖြူတွင် တို့ဗမာအစည်းအရုံး ထူထောင်ခဲ့ကြသည်။ သို့သော် ပုလိပ်က ခြောက် သဖြင့် ထူထောင်ဖွဲ့စည်းပြီးနောက် တစ်ပတ်အတွင်းမှာပင် တို့ဗမာအစည်းအရုံး ပျက်သွား ကျွန်တော် တစ်ယောက်တည်းပင် သခင်လုပ်နေခဲ့ရ၏။

ရေနံမြေ သပိတ်တပ်ကြီး ရန်ကုန်သို့ ချီတက်သောအခါ နယ်ချဲ့အစိုးရက တား ကွပ်သဖြင့် တစ်ဗိုလ်ကျ တစ်ဗိုလ်တက်စနစ်ဖြင့် ဆက်လက်ချီတက်ရန်အတွက် ဌာနချုပ် တို့ အစည်းအရုံးက အသေခံဗိုလ်များစုဆောင်းသောအခါ ကျွန်တော်သည် ခနုဖြူတွင် တစ်ကိုယ် သခင်လုပ်နေရာမှ ဗိုလ်စာရင်းတင်သွင်းလိုက်၏။ ဌာနချုပ်က ကျွန်တော့်ကိုခေါ်သောအခါ ရန်ကုန်သို့လာခဲ့၏။ ရေနံမြေသပိတ်တပ်ကြီးအား နယ်ချဲ့သမားက သေနတ်၊ လှံစွပ် တားဆီးကာ ခေါင်းဆောင်များကို ဖမ်းဆီးချုပ်နှောင် ဖိနှိပ်လျက်ရှိသော်လည်း သပိတ် သည် တစ်ဗိုလ်ကျတစ်ဗိုလ်တက်စနစ်ဖြင့် ဆက်လက်ချီတက်လာလေသည်။

ကျောင်းသားသမဂ္ဂ၏ ဦးဆောင်မှုဖြင့် ကျောင်းသားထုက အတွင်းဝန်ရုံးကို



နှပြသောအခါ နယ်ချဲ့လက်ပါးစေ ပုလိပ်တို့က နံပါတ်တုတ်နှင့် ရိုက်၍လူစုခွဲရာမှ ကျောင်းသား ဗဟနည် ဗိုလ်အောင်ကျော် ကျဆုံးခဲ့ရပြီးလျှင် ကျောင်းသူကျောင်းသားများ အများအပြား ဒဏ်ရာ ရရှိသဖြင့် ပြည်သူလူထုတစ်ရပ်လုံး မခံမရပ်နိုင်ဖြစ်ကာ ရောမအုံကြွမှုကြီးဖြစ်ပေါ်လာလေသည်။

သို့ဖြစ်၍ အဟုန်ကြီးမား ပြင်းထန်သည့် နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုကြီး ဖြစ်ပေါ် လာခဲ့၏။

ကျွန်တော်အနေဖြင့် သပိတ်တပ်ကြီး ချီလာရာသို့ မသွားရတော့ဘဲ ဌာနချုပ် တို့ဗမာ အစည်းအရုံးမှ သခင်သန်းထွန်းနှင့် သခင်လှမောင်တို့၏ တာဝန်ပေးချက်အရ ရန်ကုန်မြို့တွင် အရှိန်အဟုန်ပြင်းစွာ ကူးခတ်ပြန့်ပွားပေါ်ပေါက် လာနေသည့် အထွေထွေ သပိတ်ကြီးအတွင်းတွင် ကိုယ်တတ်နိုင်သမျှ ဝင်ရောက်ဆောင်ရွက်ခဲ့ရ၏။ ရေနံမြေသပိတ်တပ်နှင့် လယ်သမားတပ်များ လုပ်ရန် ခနုဖြူသို့ပြန်ခဲ့၏။

ခနုဖြူပြန်ရောက်သောအခါ လူငယ်တစ်စု စုဝေးတိုင်ပင်ပြီးလျှင် တို့ဗမာအစည်းအရုံးကို ပြန်ထူထောင်လို၏။ သခင်ဘသိန်းကို ဥက္ကဋ္ဌတင်မြှောက်၍ကျွန်တော်က အတွင်းရေးမှူး တာဝန် ယူကာ သခင်လှဖေ၊ သခင်ကျော်စိန်၊ သခင်ကျော်သောင်း၊ သခင်ကြင်မောင်၊ သခင်အေးငြိမ်း ၊ သခင်အုန်းမြင့်၊ သခင်သာရင်ကြီး၊ သခင်မြမောင် စသူတို့က အမှုဆောင်အဖွဲ့ဝင်များအဖြစ် တာဝန် ယူကြ၏။

ဤတစ်ကြိမ်တွင်လည်း ပုလိပ်က ခြောက်လှန့်သေး၏။သို့သော် တော်လှန်ရေး ဒီရေတက် နေမို့ ပုလိပ်ခြောက်လှန့်သော်လည်း မပျက်တော့ဘဲ တစ်နေ့တခြားသာလျှင် အင်အားကြီးထွား လာခဲ့၏။

ကျောင်းသားသပိတ်သာမကဘဲ တို့ဗမာအစည်းအရုံးက ဦးဆောင်သည့် လူထုလှုပ်ရှား မှုများ ပေါ်ပေါက်လာပြီးလျှင် ဈေးသပိတ် စသည်များ၊ ဆန်စက် အလုပ်သမားသပိတ် စသည်များ ပေါ်ပေါက်လာခဲ့၏။

၁၃၀၀ ပြည့်နှစ်အရေးတော်ပုံကြီး ပြီးဆုံးသွားသောအခါတွင်မူကား လူထုလှုပ်ရှားမှုများ ပျပါးသွားလေသည်။

ကျွန်တော်လည်းထောင်မှ လွတ်ခဲ့၏။

တော်လှန်ရေး ဒီရေကျသောအခါတွင် နိုင်ငံရေးလှုပ်ရှားမှုများ မရှိသလောက်ဖြစ်သွား သည့်အတွက် တို့ဗမာ အစည်းအရုံးလည်း ယခင်ကလောက်တက်တက်ကြွကြွမလုပ်နိုင်တော့ချေ။ ၁၃၀၀ ပြည့်နှစ်အရေးတော်ပုံပြီးဆုံးသွားသောအခါ ကျွန်တော်တို့တစ်တွေသည် ကျောင်းဆက်နေ ခြင်းမပြုဘဲ နိုင်ငံရေးကိုသာ ဆက်လုပ်၍လုပ်မည်ဆိုကာ လုပ်လာကြ၏။ ကျွန်တော်တို့တစ်တွေ သည် အလွန်ငယ်ရွယ်သော လူငယ်များဖြစ်ကြသည့်အတိုင်း အစဉ်အမြဲတက်တက်ကြွကြွ လုပ်ကိုင် လိုကြ၏။ သို့သော် နိုင်ငံရေးလှုပ်ရှားမှုများမရှိသောကြောင့် အားမလိုအားမရဖြစ်ကာ ငြီးငွေ့လာ ကြ၏။

တက်တက်ကြွကြွ လုပ်မရသောအခါ ဘာလုပ်ရမည်ဆိုသည်ကို စဉ်းစားလာကြ၏။ သခင်လှဖေနှင့် သခင်ကျော်စိန်တို့က ဗမာပြည်ကို ခြေကျင်လှည့်ပြီး ဝါဒဖြန့်ချိရေး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းလုပ်ဖို့ အကြံပေးလာသဖြင့် ကျွန်တော်တို့ လူငယ်တစ်စု စိတ်တူသဘောတူ ဆုံးဖြတ်လိုက်ကြ၏။

ခရီးစဉ်မှာ ဓနုဖြူမှ ဟင်္သာတ ၊ ဟင်္သာတမှ သာရဝေါကူး၍ မီးရထားလမ်းအတိုင်း လက်ပံတန်း၊ လက်ပံတန်းမှ ရန်ကုန်ထိ ခြေကျင်လျှောက်၊ ရန်ကုန်တွင်နားပြီးနောက် ဌာနချုပ်၏ သဘောတူခွင့်ပြုချက်ကိုယူ၍ တစ်မြို့ပြီးတစ်မြို့ ခြေကျင်ခရီးနှင်ရန်ဖြစ်လေသည်။

သို့ဖြင့်သခင်ကျော်စိန်၊ သခင်လှဖေ၊ သခင်လှမောင်၊ ကျွန်တော်နှင့်တကွ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံပြီးသည့်နောက်တွင် ဓနုဖြူ တို့ဗမာအစည်းအရုံးသို့ဝင်လာသော သခင်တင်မြတို့ ခရီးထွက်ကြလေတော့၏။

ဟင်္သာတရောက်သောအခါ သူ့အိမ်က လိုက်ခေါ်သဖြင့် သခင်တင်မြပြန်သွားပြီး ကျွန်တော်တို့ လေးယောက် ခရီးဆက်ခဲ့ရာ လမ်းခရီးတွင် လက်ပံတန်း သခင်သိန်းမောင်၊ ဥက္ကဋ္ဌ သခင်ဗညွန့်တို့က ဧည့်ခံပြုစုကြပြီးလျှင် ရန်ကုန်ရောက်သောအခါ ရေကျော်လမ်းမှ တို့ဗမာအစည်းအရုံးတွင် တည်းခိုကြလေသည်။

ထိုအချိန်၌ ဌာနချုပ်တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူးမှာ သခင်အောင်ဆန်းဖြစ်၏။

"ခင်ဗျားတို့ တရုတ်ဗမာ နယ်စပ်အထိ ရောက်အောင် သွားကြရင်ကောင်းမယ်" ဟု သခင်အောင်ဆန်းက အကြံပေးသဖြင့် ကျွန်တော်တို့တစ်တွေ အားတက်ခဲ့၏။ ဤအခါက်တွင် သခင်အောင်ဆန်းနှင့် ကျွန်တော်တို့ သိကျွမ်း ခင်မင်ခဲ့ရ၏။ ပိုက်ဆံကြေးငွေပြတ်လပ်သောကြောင့် ထမင်းစားရာတွင် သခင်အောင်ဆန်းတို့သည် တစ်ခါတစ်ရံတွင် အဝစားခြောက်ပြားဆိုင်တွင် စားရပြီးများသောအားဖြင့် ဗယာကြော်နှင့်သာလွေးရသည့် အကြောင်းကိုလည်းသိခဲ့ရ၏။

အိပ်ရာဟူ၍ ကျကျနနမရှိဘဲ စာအုပ်ပုံကို ခေါင်းအုံးအိပ်နေသည့် သခင်အောင်ဆန်း၏ ဘဝကိုလည်း တွေ့ရ ၏။ ကျွန်တော်တို့ဘဝတွေလည်း ဌာနချုပ်တွင် ထိုအတိုင်းပင်အိပ်ခဲ့ကြရ၏။

ကျွန်တော်တို့ ခရီးလှည့်လည်မည့်ကိစ္စကို ဌာနချုပ်အလုပ်အမှုဆောင်များ စဉ်းစားဆွေးနွေးကြပြီးနောက် ဌာနချုပ် အလုပ်အမှုဆောင်များကိုယ်စား သခင်နုက ကျွန်တော့်ကို တွေ့ပြီးလျှင် ခရီးဆက်ခြင်းမပြုဘဲ ကိုယ့်ရပ်ရွာမှာပင် ပြန်၍ လုပ်နိုင်သမျှ စည်းရုံးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေကြပါဟူသော စကားကိုပြောလာ ပါလေသည်။

တော်လှန်ရေး ဒီရေကျချိန်တွင် နိုင်ငံရေးလှုပ်ရှားမှုမရှိသောကြောင့် စိတ်ဓာတ်ပြင်းထန်သည့် လူငယ်များအနေဖြင့် စိတ်ဓာတ်ကျလေ့ရှိကြောင်း လုပ်ငန်းဆောင်တာနည်းပါးမှုကြောင့် စိတ်ကူးပေါက်ရာဆုံးဖြတ်ပြီး ဤသို့ ခရီးလှည့်လည်ခြင်းဖြစ်သည်ဟူ၍ မိမိတို့ယူဆကြောင်း ပြောပြီးလျှင် စိတ်ထားတည်ငြိမ်စွာဖြင့် ကိုယ့်နယ်မှာကိုယ်ပြန်လုပ်ရန် သခင်နုက ပြောဆိုပြန်လွှတ်သဖြင့် ကျွန်တော်တို့တစ်တွေ ခရီးမဆက်ရတော့ဘဲ ကိုယ့်နယ်ပြန်ခဲ့ရလေသည်။

သည်လိုနှင့်ပင် ကျွန်တော်တို့တစ်တွေ အေးအေးမှန်မှန်လုပ်ကိုင်နေထိုင်ခဲ့ရာမှ များမကြာမီမှာပင် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားလာသဖြင့် ဗမာပြည်နိုင်ငံရေး အခြေအနေသည်လည်း လှုပ်ရှားပြန်လေတော့၏။





သာယာဝတီ ညီလာခံကျင်းပသောအခါ ကျွန်တော်တို့တစ်တွေ တက်ရောက်ခဲ့ကြ၏။ ညီလာခံမှအပြန်တွင် နိုင်ငံရေးလုပ်ငန်းများကို တက်တက်ကြွကြွ လုပ်ကိုင်လာကြရ၏။

သာယာဝတီညီလာခံကျင်းပပြီး မကြာမီတွင် ဇလွန်ညီလာခံဖြစ်ပေါ်လာလေသည်။ ၎င်းမှာ ဟင်္သာတခရိုင် တို့ဗမာအစည်းအရုံးညီလာခံကို ဇလွန်မြို့တွင် ကျင်းပပြုလုပ်ခြင်းပင်ဖြစ်ပေသည်။

ဇလွန် ညီလာခံသည် ခရိုင်ညီလာခံထဲတွင် အတော်ပင်ကြီးကျယ်ခမ်းနားသော ညီလာခံဖြစ်၏။

ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ ဖက်ရဲ၊ ထူးကြီး၊ အင်္ဂပူ၊ မယ်ဇလီကုန်း၊ ခန္တီး၊ လေးမျက်နှာ၊ ကိုင်သပြု၊ ယုံသလင်း၊ ခမောက်စု၊ အဖျောက်စသော ဟင်္သာတခရိုင်မြို့များနှင့် ရွာကြီးများမှ သခင်၊ သခင်မများ၊ လယ်သမားများ တက်ရောက်ရုံသာမကဘဲ အိမ်နီးချင်းခရိုင်ဖြစ်သော မအူပင်ခရိုင် ဓနုဖြူ တို့ဗမာအစည်းအရုံးမှ သခင်ကိုယ်စားလှယ်များလည်း တက်ရောက်၍ ဖျာပုံခရိုင် ဒေးဒရဲ တို့ဗမာအစည်းအရုံးမှ သခင်သက်တင်စသော ကိုယ်စားလှယ်များနှင့် ဒေးဒရဲ ဗမာ့လက်ရုံးတပ်တို့ တက်ရောက်ပြီး မြောင်းမြမှ ကျုံမငေးသခင်တင်မောင်၊ သာယာဝတီမှ သခင်ချစ်မောင်နှင့် လယ်သမား တပ်တို့သည်လည်း တက်ရောက်လာကြ၏။

ကျွန်တော်မှုကား ထိုအချိန်၌ ဟင်္သာတခရိုင် တို့ဗမာအစည်းအရုံး အမှုဆောင်အဖွဲ့တွင် တာဝန်ယူဆောင်ရွက်နေသည်ဖြစ်သောကြောင့် သခင်နီ၊ သခင်လေးမြင့်၊ သခင်ကျော်လှိုင်၊ သခင်သန်းမောင်၊ သခင်တိုးမောင်၊ သခင်လှမောင် စသူတို့နှင့်အတူ ဇလွန်ညီလာခံဖြစ်မြောက် အောင်မြင်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်နေပေသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့်တကွ ဌာနချုပ်ကိုယ်စားလှယ်များကိုလည်း ဖိတ်ကြားခဲ့၏။

ဌာနချုပ်တို့ဗမာအစည်းအရုံးမှ အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းသည်လည်း ဇလွန်ညီလာခံသို့ တက်ရောက်လာခဲ့၏။

ညီလာခံကျင်းပနေစဉ် ရက်များအတွင်း၌ ကိုယ်စားလှယ်များတည်းခိုရန် ငှားရမ်းထားသော အိမ်ကြီးတစ်လုံး၏ အပေါ်ထပ်တွင် သခင်အောင်ဆန်းပါ တည်းခိုနေထိုင်ပြီး ညဘက်တွင် ကျွန်တော်တို့တစ်တွေနှင့် နိုင်ငံရေးဆွေးနွေးခြင်း၊ စပ်မိစပ်ရာစကားများပြောဆိုခြင်းပြုပြီး ညဉ့်နက်မှပင် အိပ်လေ့ရှိကြ၏။ တစ်ညတွင် အိမ်အပေါ်ထပ် အခန်းကျယ်တစ်ခုအတွင်း၌ ကျွန်တော်တို့တစ်တွေ ဝိုင်းဖွဲ့ပြီးလျှင် သခင်အောင်ဆန်းက စကားပြောလေသည်။

"ကျွန်တော့်ကို စကားမပြောတဲ့လူ၊ လူတွေနဲ့အကျွမ်းတဝင်ပြောပြောဆိုဆို မနေတဲ့လူလို့ ပြောကြတယ်ဗျာ၊ ဒါပေမဲ့ ကျွန်တော်ပြောချင်တဲ့အခါကျရင် သိပ်ကိုပြော"ဟူ၍ ထိုညတွင် သခင်အောင်ဆန်းက အစချီပါသည်။ >

ဌာနချုပ် တို့ဗမာ့အစည်းအရုံးတွင်နေစဉ် သခင်အောင်ဆန်းသည် အလုပ်လုပ်စရာရှိလျှင် လုပ်နေ၍ စာဖတ်ချင်လျှင်ဖတ်ပြီး အားလပ်သောအချိန်များတွင် စကားမပြောဘဲ တစ်ယောက်တည်း ဘာသိဘာသာနေတတ်သူဖြစ်ဖလသည်။



www.burmeseclassic.com

www.burmeseclassic.com



သခင်အောင်ဆန်းသည် ထိုညတွင် ဤသို့အစချီကာ နိုင်ငံရေးအခြေအနေများ၊ တို့ဗမာအစည်းအရုံး၏လုပ်ငန်းစဉ်များ၊ ကမ္ဘာစစ်အခြေအနေစသည် များကို ရှည်လျားစွာ ပြောဆိုပြီးနောက် လူငယ်လူရွယ်နိုင်ငံရေးသမားတို့၏ အိမ်ထောင်ရေးကိစ္စများပါ စပ်မိစပ်ရာပြောဆိုရင်း မနားတမ်းပင် ဆက်လက်ပြောကြားလေတော့သည်။

စကားပြောရသည်ကို ခံတွင်းတွေ့လာသည့်အတွက် သူသည်အာဝဇ္ဇန်းရွှင်ကာ လေမပြတ် ပြောနေရုံသာမကဘဲ သူ့စကားထဲတွင် အသောအရွှမ်းကလေးတွေပါ ပါလာသဖြင့် တဝါးဝါး တဟားဟားဖြစ်ကာ ပွဲကျနေလေသည်။

"အဲဒီလိုပဲ စကားမပြောဘူး မပြောဘူးနဲ့ ပြောမိပြန်ရင်လည်း ကျွန်တော်မနားတမ်း ပြောတော့တာပဲဗျ။ ဒီကနေ့ည ခင်ဗျားတို့နဲ့ စကားပြောရတာကောင်းတယ်။ ကျွန်တော်ပြောဦးမယ်" ဆိုကာ သူသည် အားရပါးရပင် ဆက်၍ပြော၏။

စကားပြောရင်းမှာပင် ညဉ့်နက်လာခဲ့၏။ ထွန်းထားသော အောက်လင်းဓာတ်မီးငြိမ်း သွားသောအခါ ဖယောင်းတိုင်များ ထွန်းပြီးဆက်၍ပြော၏။ အခြားအခန်းတို့တွင် အိပ်သော ကိုယ်စားလှယ်များ၊ အခန်းပြင်ဘက်တွင် အိပ်သူများ၊ အောက်ထပ်တွင် အိပ်သူများကား အိပ်မောကျ နေကြပြီဖြစ်ပေသည်။

ကျွန်တော်တို့ အခန်းထဲမှာကား သခင်အောင်ဆန်းစကားပြောလျက်ပင် ရှိသေး၏။

ကျွန်တော်တို့ တစ်တွေသည် နေ့စဉ်ရက်ဆက် ပင်ပန်းလာကြသည်တစ်ကြောင်း၊ အိပ်ရေး ပျက်ပေါင်းများပြီဖြစ်သည် တစ်ကြောင်းကြောင့် အိပ်ချင်ကြပြီဖြစ်သော်လည်း စိတ်ပါလက်ပါ ပြောနေသော သူ့စကားတွေက စိတ်ဝင်စားစရာ ကောင်းသည့်အတွက် မအိပ်မနေနားထောင်၍ နေကြပါပေသည်။

အချိန်က ညဉ့်နက်သည်ထက် ညဉ့်နက်လာခဲ့၏။ နားထောင်လို့ကောင်းသော်လည်း အချို့သောရဲဘော်တို့ သန်းဝေလာကြ၏။ အချို့မှာလည်း ငိုက်မျဉ်းလာကြ၏။ သန်းဝေငိုက်မျဉ်း လာကြသော်လည်း သူပြောသည့်စကားကို အင်းလိုက်နေကြပေသေး၏။

ထွန်းထားသော ဖယောင်းတိုင်များ ကုန်သောအခါ နောက်ထပ် ဖယောင်းတိုင်များကို ထွန်းကြ၏။

သူသည်လည်း စကားမပြတ်နိုင်သဖြင့် ဆက်၍ပင်ပြောနေလေတော့၏။ နောက်နားမှ ရဲဘော်အချို့မှာ ငိုက်မျဉ်းစွာ အင်းလိုက်ရင်းက အိပ်ပျော်သွားကြ၏။ သို့သော် အချို့က မငိုက်မဲ ဖွဲ့နပဲကြီးစွာပင် နားထောင်နေသေး၏။ ကျန်လူများသည်လည်း တဖြည်းဖြည်းနှင့်မျက်ခွံများလေး လာပြီး သန်းဝေလာရာက အင်းလိုက်၍ပင်နေကြ၏။

ဖယောင်းတိုင်များ ကုန်လေပြီ၊ နောက်ထပ်ထွန်းညှိစရာ ဖယောင်းတိုင်ရှာမတွေ့တော့သော်လည်း ဇွဲသန်သော ပြောသူ၏စကားကို ငိုက်မျဉ်းရာကနေ ဇွဲသန်စွာနားထောင်နေသူတစ်ဦးက 'မီးမရှိပေမယ့် ဆက်သာပြောပါ'ဟူ၍ တိုက်တွန်းလိုက်လေသည်။

သို့ဖြင့် မှောင်မှောင်မည်းမည်းထဲမှာပင် ပြောသူကဆက်၍ပြောပြန်သည်။ အချို့က မျက်စိ လျှားမှောက်၍နားထောင်နေခြင်းဖြစ်ပြီး အချို့မှာမူခွေလျက်ကာနားထောင်လျက်၊ အချို့မူကားနံရံကိုမှီ၍



နားထောင်နေကြခြင်းဖြစ်ပြီး ပြောသူမူကား ငုတ်တုတ်ထိုင်လျက်ကပင် ပြောလျက်ရှိ၏။

မှောင်လေသောအခါ တစ်ယောက်ပြီးတစ်ယောက် အိပ်ပျော်သွားကြ၏။ အချို့မူကား မှေးခနဲပျော်သွားရာက ပြန်လွန့်လာပြီး အင်းလိုက်ကြသေး၏။ ငိုက်မျဉ်းသူတို့ကလည်း ငိုက်မျဉ်းလျက်က အင်းလိုက်နေကြ၏။

အချိန် ၃ နာရီခွဲရှိပြီ ဆိုခြင်းကိုမူ ကျွန်တော်သတိထားလိုက်မိသေး၏။ ထို့နောက်တွင်ကား ကျွန်တော်လည်း အိပ်မောကျသွားလေတော့၏။ ဟောက်သံနှင့်အင်းလိုက်သံသည် မကွဲမပြား ရောနှောမြည်ဟည်းနေသေး၏။

ပြောသူသည် စိတ်ပါလက်ပါပင် ပြောလျက်ရှိချေသည်။ အင်းလိုက်သံများ တဖြည်းဖြည်း ရပ်စဲသွားသည့်တိုင်အောင်လည်း ငြိမ်သက်စွာနားထောင်နေကြသည်အထင်နှင့် သူသည် စိတ်ပါ လက်ပါဆက်၍သာလျှင် ပြောနေလေတော့သည်။

နံနက် ၇ နာရီခန့်တွင် အားလုံးအိပ်ရာမှ နိုးကြ၏။

"ခင်ဗျားတို့ တော်တော်ဆိုးတဲ့ လူတွေပဲ၊ ကျုပ်ကတော့ ငြိမ်ငြိမ်ကလေး နားထောင်နေကြ တယ်ထင်လို့ ဆက်ပြီး ပြောနေတာ။ တော်တော်ကြီးကြာအောင်ပြောနေပြီးမှ ဘယ်သူ့အသံမှ မကြား ရလို့ ခေါ်ကြည့်တော့ ဘယ်သူမှ ထူးဖော်မရတော့ဘူး။ အားလုံးအိပ်မောကျနေပြီ။ အဲဒီတော့မှ ကျုပ်လဲ အိပ်လိုက်ရတော့တယ်"။

နံနက်အိပ်ရာမှ နိုးသောအခါတွင် သခင်အောင်ဆန်းသည် ဤသို့ပြောကာ သူ့ဘာသာ ရယ်မောပါတော့သည်။

"အင်း. . . ကျုပ်က စကားမပြောတဲ့လူ၊ ပြောမယ့်ပြောတော့လဲ မနားတမ်းပြောတာ" ဟူ၍လည်း ပြောပါသည်။ သို့ဖြင့်ကျွန်တော်တို့တစ်တွေလည်း သူ့ကို အားတုံ့အားနာကြည့်ကာ ပြုံးမိကြပါသည်။

ထိုစဉ်က အတူတကွ နားထောင်ခဲ့ကြသူများထဲတွင် ပါဝင်သူများမှာ ကျွန်တော်မှတ်မိသမျှ ကျုံမငေး သခင်တင်မောင်၊ ဇလွန်သခင်နီ(ကွယ်လွန်)၊ ဟင်္သာတ သခင်သန်းမောင်၊ ကြံခင်း သခင်လေးမြင့်၊ ဟင်္သာတ သခင်ဗထွန်း၊ ဇလွန် သခင်လှမောင်၊ ထူးကြီး သခင်တင်အေးတို့နှင့်တကွ အခြားရဲဘော် လေးငါးခြောက်ယောက်ခန့်ရှိပါပေလိမ့်မည်။

[ဝိတောက်ပွင့်သစ်မဂ္ဂဇင်း၊ ဇက်တင်ဘာ၊ ၂၀၁၀]

www.burmeseclassic.com

# စာရေးဆရာ ဦးအောင်ဆန်း

## မောင်ကျော်သာ

သူ၏မျက်နှာသွင်ပြင်မှာ အပူပိုင်းဒေသ အီကွေတာပေါ်ရှိ ကျွန်းစုများတွင်နေထိုင် [illegible] မွန်ဂိုလီယံအနွယ်တို့၏မျက်နှာနှင့်တူသည်။ သို့မဟုတ် ချင်းတောင်မှ တောင်ပေါ်ချင်း တစ် [illegible] နှင့်လည်းတူပြန်လေသည်ဟု မှတ်တမ်းတင်ကြကုန်၏။

သူသည် လူမှုဆက်ဆံရေး၌လည်း ပြေပြစ်သိမ်မွေ့ခြင်းကင်း၍ နည်း၍ ရိုင်း၏။ ကြမ် [illegible] သူသည် နိုင်ငံရေးကိုသာ တစ်ခုတည်းလုပ်သောသူတစ်ဦးဖြစ်၏။ တစ်ခုတည်းသော ယုံကြည် [illegible] နှင့် တစ်ခုတည်းကိုသာ လုပ်သော နိုင်ငံရေးသမားဖြစ်၏။

သူ့ကိုအများက မှတ်တမ်းတင်ခဲ့ကြသည်။

ယေဘုယျအားဖြင့် ကွယ်လွန်သူ အမျိုးသားလွတ်မြောက်ရေးခေါင်းဆောင် ဦးအောင်ဆ [illegible] ဤသို့မြင်ကြ၏။

သို့သော် ဦးအောင်ဆန်းကမူ ဤသို့ဆို၏။

"လွတ်လပ်ရေးရပြီးရင် . . ငါတော့ နိုင်ငံရေးကထွက်ပြီး စာတွေရေးမယ်၊ နိုင်ငံရေ [illegible] ရာဇဝင်တွေအပြင် အိမ်ထောင်ပြုရေး၊ သားသမီးစောင့်ရှောက်ရေး၊ ပြုပြင်ရေး၊ အချစ်ပြဿ [illegible] လိင်ပြဿနာ (Sex) နဲ့ပတ်သက်လို့ ငါ့အယူအဆသဘောထားတွေကိုပါ စာအုပ်ရေးဦးမှာပဲ . . [illegible]

၁၉၄၇ ခုနှစ် ဧပြီလ မေမြို့ (ယခု ပြင်ဦးလွင်) တွင်အနားယူစဉ်က သူ၏ကိုယ်ရံ [illegible] ဗိုလ်ထွန်းလှ (တက္ကသိုလ် နေဝင်း) အားပြောခဲ့၏။



၁၉၄၅ ခုနှစ် စစ်ပြီးစက တော်လှန်ရေး မျိုးချစ်ဗမာ့တပ်မတော် သေနာပတိ ဂျင်နရယ် အောင်ဆန်းအဖြစ်၌လည်း နိုင်ငံခြားသတင်းစာဆရာများ၊ မဟာမိတ်စစ်ဘက်အရာရှိကြီးများနှင့် တွေ့ဆုံသည့်အခါတိုင်း . .

"ခင်ဗျားရှေ့ကို ဘယ်လိုကြံစည်စိတ်ကူးပါသလဲ၊ စစ်တပ်ကိုပဲ ဆက်လက်ဦးစီးမလား၊ သို့မဟုတ် နိုင်ငံရေးကိုပဲ တစ်ရှိန်တည်း လုပ်သွားမလား" စသည့်အကဲခတ်မေးခွန်းများမေးကြလေသည်။

"ကျုပ်တော့ အခုစစ်လည်းပြီးပြီမို့ စစ်တပ်ကို ဆက်လက်ဦးစီး ရှေ့ဆောင်မလုပ်တော့ပါဘူး။ လွတ်လပ်ရေးအတွက် နိုင်ငံရေးကိုပဲ ထိထိရောက်ရောက်ဝင်လုပ်လိုက်ဦးမယ်၊ လွတ်လပ်ရေးရပြီးရင် နိုင်ငံရေးကထွက်ပြီး အေးအေး ဆေးဆေး စာအုပ်လေးဘာလေး ရေးဖို့ ကြံတာပဲဗျာ . . "စသည့် သူမစိုးပိုင်နိုင်သည့် အနာဂတ်ကာလ စာရေးဆရာဘဝကို တမ်းတမက်မော စိတ်ကူးယဉ်သော အတွေးဖြင့် ဖြေဆိုခဲ့လေ့ရှိပေသည်။

ယေဘုယျအားဖြင့် အများကထင်သလို နိုင်ငံရေးတစ်ခုတည်းကိုသာ လုပ်လိုသူမဟုတ်။

ပြည်ထဲရေးထက် ဝမ်းရေးခက်၏။ ဝမ်းရေးထက် လွမ်းရေးခက်၏။ စာဆိုရှိသည့်အတိုင်း နိုင်ငံရေးထက် နက်နဲသိမ်မွေ့၍ နက်ရှိုင်းကျယ်ပြန့်သော လူမှုရေးရာပြဿနာများကိုပါ လေ့လာဖြေရှင်းပေးချင်သည့်ဆန္ဒဖြင့် စာရေးဆရာဘဝကို တောင့်တမက်မောခဲ့ရှာပေသည်။ ထို့ကြောင့် သူ့ဘဝခရီးလမ်းဝယ် စာရေးဆရာဘဝကို ရယူရန်အတွက် ကြိုးပမ်းချက်များကိုလည်း တွေ့ရှိနိုင်ပေသေးသည်။

သူ့အား လူမှုဆက်ဆံရေး၌ ရိုင်း၏၊ ကြမ်း၏ဟု မှတ်တမ်းတင်သော စာရေးဆရာ ဒဂုန်တာရာ၏ တာရာမဂ္ဂဇင်းကိုပင် မအားလပ်သော နိုင်ငံရေးလှုပ်ရှားမှုများကို ဦးဆောင်နေသည့်ကြားမှ အချိန်ကိုဖဲ့ယူကာ ဖတ်ရှုလေ့လာခဲ့ပေသည်။ ထို့ကြောင့်ပင် ဒဂုန်တာရာ၏ 'အောင်ဆန်း၊ သို့မဟုတ် အရိုင်း' ဆောင်းပါးနှင့် ပတ်သက်ပြီး ကိုယ်ရံတော် ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း)၊ ဇနီး ဒေါ်ခင်ကြည်တို့နှင့် စကားစပ်မိကြရာမှ . .

"ဌေးမြိုင် (ဒဂုန်တာရာ)ကတော့ ငါ့ကို အရိုင်းတဲ့ကွာ၊ ဒါတော့ ကြမ်းလွန်းတယ်ထင်တာပဲ၊ ငါ့မှာ မရိုင်းတဲ့အချက် အလက်တွေလဲ အများကြီးရှိပါသေးတယ်ကွာ၊ မဟုတ်လား (What do you say?) "

ဟူ၍ ဇနီးသည် ဒေါ်ခင်ကြည်ကို အပြုံးနှော၍ အသောကလေးများပင်ဖော်ကာကာ မေးခွန်းထုတ်ခဲ့ဖူးလေသည်။

ဤအချက်များကိုထောက်၍ သူသည် မရိုင်းလှ၊ ချစ်စဖွယ်သော ဟာသရှိပါသေး၏။ စာပေလောကကိုလည်း အလစ်မပေး၊ လေးစားသောသဘောရှိသည်ကိုတွေ့ရ၏။ အမျိုးသား လွတ်မြောက်ရေးပြည်သူ့အရေးတော်ပုံကြီးကို ဦးဆောင်ကြိုးပမ်းထမ်းဆောင်နေရရှာသောကြောင့်သာလျှင် စာပေအနုပညာလောကနှင့် လက်ပွန်းတတီး ရင်းရင်းနှီးနှီးမနေခဲ့ရ၊ ထိုမနေရသည့်ကြားမှပင် ဂျပန်ခေတ် ဗမာ့တပ်မတော်တွင် စစ်ပန်းချီဌာနဟူ၍ သီးခြားဖွင့်လှစ်ကာ ဆရာကြီး ဦးငွေကိုင် စသူတို့ကို ဦးစီးခန့်ထားစေခဲ့သည်များကိုတွေ့ရပြန်သော် သူ၏အနုပညာအပေါ် မြတ်နိုးလေးစားသော သဘော

www.burmeseclassic.com



မှာ စောကြောစစ်ဆေးဖွယ်ရာပင် လိုမည်မထင်မိပေ။

စာပေအနုပညာလောကနှင့် တစ်ဆက်တည်းပေါင်းကူးရောယှက်နေသည့် တေးဂီတ လောကကိုလည်း သူသည် စွဲလမ်းခုံမင်သည်ကို တွေ့ရပြန်လေသည်။ သူသည် ဘိုင်သခင်ဘဝမှ ရုပ်ရှင်မှန်လျှင် မလွတ်တမ်းကြည့်သူဖြစ်၏။ ဂျပန်ခေတ် စစ်ဝန်ကြီးဘဝတွင်လည်း ဗမာပြဇာတ် သရွေ့ ဗိုလ်ချုပ်မကြည့်ဖူးသော ပြဇာတ်ဟူ၍ မရှိသလောက်ဆိုရပေမည်ဟု ရင်းနှီးသူများက ပြော ၏။ ရုပ်ရှင်ပြဇာတ်များ၏ သောကွက်များတွင် ဘေးလူများ ဝိုင်းကြည့်ရသည်အထိ ကျယ်လော ပွင့်လင်းစွာ ရယ်မောတတ်၏။ တေးဂီတ၌ တွယ်တာစွဲလမ်းတတ်ပုံကလေးများ၌လည်း စာရေးဆ အနုပညာသည် ဉာဉ်ဟုပင် တင်စားနိုင်လောက် ပြန်လေသည်။

၁၉၄၇ နှစ်ဆန်းက လွတ်လပ်ရေးအတွက် အရေးဆိုရန်သွားကြသော ဗမာကိုယ်စားလှ အဖွဲ့ဝင်များအား ဆွေးနွေးပွဲများအပြီး ဗမာပြည်မပြန်မီ ညတွင် ဒေါ်ချက်စတာဟိုတယ်၌ညစာစား ကျွေးပဋည့်ခံလေသည်။ ထိုပွဲသို့ ဘိလပ်၌ရောက်ရှိနေထိုင်လျက်ရှိသော ဒိုရာသန်းအေး (ဗမာ ကျော် ဘိလပ်ပြန်သန်း)ပါ တက်ရောက်ဧည့်ခံလေသည်။ ထမင်းစားပွဲအပြီး ထုံးစံအတိုင်း ဒိုရာသ အေးအား သီချင်းဆိုရန် ဝိုင်း၍ ပွဲတောင်းကြလေသည်။ ဒိုရာက သူ၏ ဖေးဖရိတ်သီချင်း ဖြစ်သော (မြပန်းခွေ)×× (မိဖုရားစော) ×× (ဟေဝန်နန်း) တို့ကို သီဆိုပြ၍ ပြီးဆုံး အနားယူမည် သောအခါ ရုတ်တရက် တစ်နေရာမှ အသံဝါကြီးဖြင့် "ဒိုရာ ဟိုသီချင်းဟာလေ ×× မူဝံကြယ် ခကြွေ ×× အဲ-အဲ-သက်ဝေသီချင်း ဆိုစမ်းပါဦး" တိုက်တွန်းပွဲတောင်းသံပေါ်လာသဖြင့် ဒိုရာ သက်ဝေဆိုပြရရှာ၏။ သက်ဝေသီချင်းဆိုရင်း မူဝံကြယ် မြေမှာခကြွေ . . အပိုဒ်သို့ရောက် စောစောက ပွဲတောင်းတိုက်တွန်းသူ အသံဝါကြီးပိုင်ရှင်ကိုယ်တိုင်ပင် မူဝံကြယ်မြေမှာခကြွေ . . သံပြိုင်ဝင်၍ဆိုလေရာ ဗမာ့ကိုယ်စားလှယ်တစ်ဖွဲ့လုံး မပြုံးဘဲမနေနိုင်အောင် ဝါးလုံးကွဲ မောခဲ့ကြရပေသည်။ ထိုအသံဝါကြီး၏ပိုင်ရှင်မှာ သက်ဝေသီချင်းကို အသေအလဲ အသည်း ခြိုက်သည့် ကျွန်တော်တို့ အချစ်တော် စာရေးချင်သူ ဦးအောင်ဆန်းပင်ဖြစ်လေသည်။ ဤ အပျက်သောကွက်, ရွှင်ကွက်ကလေးများသည်ပင်လျှင် သူ၏အတွင်းစိတ်၌ စာရေးဆရာ ဝိညာဉ် အတွယ်အတာကလေးများသည် သူ့အား စိုးမိုးဖုံးလွှမ်းထားသည့် တိုင်းရေးပြည်ရေး ကြားမှ အစဉ်ပေါက်ဖွား ပွင့်လျှံအန်ထွက် ယိုဖိတ်စဉ်ကျရင်း သက်သေသာဓက တင်ခဲ့ကြသည် ဆိုရပါပေမည်။

အတွင်းစိတ်၌ စာပေအနုပညာဝိညာဉ်တွယ်လျက်ရှိသော ဦးအောင်ဆန်း၏ စာရေး ဘဝ စာရေးဆရာဖြစ်ရန် ကြိုးစားနေသောဘဝကလေးများကို သူ၏အတ္ထုပ္ပတ္တိ မှတ်တမ်း ဖတ်ရှု၍လည်းကောင်း၊ သူနှင့် ရင်းနှီးခင်မင် သူများမှလည်းကောင်း၊ ကြားနာစုဆောင်း၍ ကောင်း တွေ့ရှိသိမြင်နိုင်ပြန်လေသည်။ စာရေးချင်သူ အောင်ဆန်းကလေးသည် ကျောင်း ဘဝမှစ၍ အပေါင်းအဖော်သူငယ်ချင်းများနှင့် နေလေ့နေထမရှိလှဘဲ အချိန်အားရလျှင် စာရေး၊ တစ်ကိုယ်တော်အတွေးသမား၊ အငေးသမားကလေးတစ်ယောက်ဖြစ်၏။ ထိုတစ်ကိုယ် အတွေးသမား၊ အငေးသမားအောင်ဆန်းကလေးသည် ၁၉၃၆ ခုနှစ် ကောလိပ်သပိတ် ကြီး မီးခိုးအူခါနီးကာလက တက္ကသိုလ်သမဂ္ဂအသင်း၏ ကြွေးကြော်သံဖြစ်သော အိုးဝေမဂ္ဂဇင်း





အယ်ဒီတာ ကိုအောင်ဆန်းဖြစ်လာလေသည်။ ထိုအချိန်ကာလများအတွင်း ဂန္ထလောကမဂ္ဂဇင်းတွင် အင်္ဂလိပ်ဘာသာဖြင့် သူရေးသားသော ဆောင်းပါးများကို လှူကြိုက်များလျက်ရှိချေပြီ။ ထိုစဉ်ကပင် သူသည် ဗုဒ္ဓဘာသာ တရားတော်နှင့် ပတ်သက်သော ဆောင်းပါးများ၊ ကျောင်းသားများ အဝတ် အစားဝတ်ဆင်ရေးပြဿနာစသည့် ပြုပြင်ရေးစာမျိုးကို ရေးသားခဲ့ပေသည်။

ထို့နောက် ကျောင်းမှထွက်ပြီး ဒဂုန်မဂ္ဂဇင်းတွင် "နိုင်ငံရေးအမျိုးမျိုး"စသော ဆောင်းပါးများ ရေးခဲ့ပေသည်။ တက္ကသိုလ် အိုးဝေမဂ္ဂဇင်း အယ်ဒီတာဘဝသည်ပင် စာရေးချင်သူ အောင်ဆန်းအား နိုင်ငံရေးသမားအောင်ဆန်းဘဝသို့ ပို့ဆောင်လိုက်သည်ဟု ဆိုနိုင်ပါပေသည်။ အဘယ်ကြောင့် ဆိုသော် ကိုအောင်ဆန်းအယ်ဒီတာအဖြစ် တာဝန်ခံထုတ်ဝေသော အိုးဝေမဂ္ဂဇင်းတွင် (Hell Hound at Large) ခေါ် "ခွေးရူးကြီးလွတ်နေသည်"ဆိုသော ဆောင်းပါးတစ်စောင်ပါလာ၏။ ထိုဆောင်းပါး သည် ထိုစဉ်က တက္ကသိုလ်နယ်ပယ်တွင် သိမ့်သိမ့်တုန်ခဲ့၍ ကျောင်းအာဏာပိုင်များက ဆောင်းပါး ရှင်ကို အရေးယူရန် ကိုအောင်ဆန်းအား အကျပ်ကိုင်၏။ တာဝန်ခံစာတည်းဖြစ်သူ ကိုအောင်ဆန်း ကလည်း စာတည်းလုပ်သူတို့ တာဝန်အတိုင်းရေးသူကို ထုတ်ဖော်မပြောဘဲ မှုန်တေတေနှင့်ပင် နေခဲ့၏။ အာဏာပိုင်တို့ကလည်း အလျှော့မပေး၊ သမဂ္ဂနှင့် ကျောင်းအုပ်ကြီးအရေးဆိုပွဲအဆင့်သို့ ရောက်အောင် ပြင်းထန်လာခဲ့ရာမှ ကိုအောင်ဆန်းအား ကျောင်းမှ ထုတ်ပယ်လိုက်၏။ သမဂ္ဂဥက္ကဋ္ဌ ကိုနုကိုလည်း အရေးယူလိုက်၏။ ထိုမှစ၍ မီးပုံကိုဓာတ်ဆီလောင်းလိုက်သည့်အလား ၁၉၃၆ ခုနှစ် သပိတ်ကြီးမှောက်သည်အထိရောက်ခဲ့ကြ၏။ သပိတ်ကြီးမှအစပြု၍ တက္ကသိုလ်ကျောင်းသား အောင်ဆန်း၊ စာရေးချင်သူ ကိုအောင်ဆန်းသည် တို့ဗမာအစည်းအရုံးသို့ ကူးပြောင်း၍ သခင်အောင် ဆန်း ဘဝကိုခံယူကာ အမျိုးသားလွတ်မြောက်ရေးခေါင်းဆောင် ဦးအောင်ဆန်းအဖြစ် ရောက်လာခဲ့ရ ပေသည်။

ဘဝမှပေးအပ်လာသော အခြေအနေအရ တိုင်းပြည်၏ အထွတ်အထိပ်၊ အမျိုးသားခေါင်း ဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအဖြစ်သို့ရောက်ရှိ အောင်မြင်၍လာသည့်တိုင်အောင် သူဖြစ်ချင် သော လိုလားတောင့်တသော စာရေးဆရာ ဦးအောင်ဆန်းဘဝကိုသာ အဘယ်မျှ ခုံမင်တွယ်တာ ကြောင်းသူပြောခဲ့သော "လွတ်လပ်ရေးရပြီးရင် ငါတော့ နိုင်ငံရေးကထွက်ပြီး စာတွေ ရေး မယ်။ နိုင်ငံရေးတွေ ရာဇဝင်တွေအပြင် အိမ်ထောင်ပြုရေး၊ သားသမီးစောင့်ရှောက်ရေး၊ ပြုပြင်ရေး၊ ပြဿနာ၊ လိင်ပြဿနာ (Sex) နဲ့ပတ်သက်လို့ ငါ့အယူအဆသဘောထားတွေကိုပါ စာရေးဦး "ဟူ၍ အံခဲပြီး ကြုံးဝါးပုံကလေးများကိုသာ ထောက်ရှု၍ သိသာနိုင်ပေတော့သည်။

ဆန္ဒသာလျှင်ရှိခဲ့ပြီး အကောင်အထည်ဖော်မသွားနိုင်ရှာသည့် စာရေးဆရာ ဦးအောင်ဆန်း မည့် နိုင်ငံရေး၊ အိမ်ထောင်ရေး၊ အချစ်ရေး၊ သားသမီးပြုပြင်ရေး စာအုပ်များတွင် သူရည်ရွယ် သည့် အကြမ်းဖျင်းမှတ်စုကလေးများဟုပင် တင်စားနိုင်မည့် အိမ်ထောင်ရေး၊ သားသမီးပြုပြင် များအပေါ် သူ့ယူဆထင်မြင်ချက်ကလေးကို တတ်အားသမျှ လက်လှမ်းမီသရွေ့ စုဆောင်း တင်ပြခြင်းဖြင့် စာရေးချင်သူ ဦးအောင်ဆန်းအဖြစ် ထင်ရှားစေလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## သူနှင့်အိမ်ထောင်ရေး

"အဲဒီတုန်းက မိန်းမယူဖို့အရေးကို ဗိုလ်ချုပ်အကြာကြီးစဉ်းစားပြီးမှ ဆုံးဖြတ်လို့ရသလား"

ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ခေါင်းဆောင်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ၁၉၄၆ ခုနှစ် ဒီဇင်ဘာလက ရှမ်းပြည်နယ်သွားရင်း မိတ္ထီလာမှ တောင်ကြီးသွားကားလမ်းတွင် ချစ်ဇနီး ဒေါ်ခင်ကြည်ပါ ခေါ်လာသည့်အခါက် ဗိုလ်ထွန်းလှ (စာရေးဆရာ တက္ကသိုလ်နေဝင်း) က ဗိုလ်ချုပ်အား မေးခွန်းထုတ်နေခြင်းဖြစ်လေသည်။

"ဘယ်ဟုတ်မလဲကွာ၊ ငါက ကျောင်းနေတုန်းကတော့ ကိုယ်ယူမယ့် စံပြမိန်းမလောင်း အကြီးအကျယ်စိတ်ကူးယဉ်ပြီး တွေးခဲ့သားပေါ့၊ ကျန်းမာရမယ်၊ သဘောထားကြီးရမယ်၊ ရုပ်ရည် အသင့်အတင့်ချောမောရမယ်၊ မျိုးရိုးဇာတိ ကောင်းရမယ်၊ ငါ့မိဘဆွေမျိုးများနဲ့ သင့်တင့်မယ့် ဘာညာနဲ့ စုံလို့ပေါ့လေ။ ဒါပေမဲ့ အဲဒီအချိန်ကတော့ ခေါင်းကလည်း ရှုပ်ရှုပ်နဲ့ တခြားလူပျိုကြီးတွေ ဟိုတယ်တွေ တက်လည်းမပျော်ချင်တာတစ်ကြောင်း၊ (ဟယ် တတ်နိုင်ပါဘူး၊ နောင်ခါကျမှ ကွဲ ကွဲရော၊ ခုတော့ မိန်းမယူမှပဲ) ဆိုပြီး ဖွတ်ယူလိုက်တာပါပဲကွာ၊ လူချင်းကြိုက်ပုံကလည်း မင်းတို့ကား တွေလို သံသရာရှည်ကြီး လုပ်နေတာမဟုတ်ဘူး၊ တိုတိုတုတ်တုတ် လိုရင်းသဘောရောက်တဲ့ (W Business like) နည်းပဲကွ"ဟု သူ့လက်ဝဲဘက်ရှိ ချစ်ဇနီး ဒေါ်ခင်ကြည်အား ပြုံးကြည့်ရင်း ပြုံး ယှက်ရေ ပြောပြလေသည်။

၁၉၄၅ ခုနှစ် ဒီဇင်ဘာလ။

ဗိုလ်ချုပ်သည် မဟာမိတ် သေနာပတိချုပ် မောင့်ဘက်တန်ကပေးအပ်သော စစ်ဗိုလ် မင်းကြီးရာထူးကို လက်မခံဘဲ ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ဗမာ့လွတ်လပ်ရေးတပ်ဦးကို ဦး လျက်ရှိလေသည်။ သူ၏ကိုယ်ရံတော် ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း)တို့မှာ ဗိုလ်မှူးအော ဦးဆောင်လျက် ပြည်သူ့ရဲဘော်တပ်ဖွဲ့ကြီးကို တပင်တပန်းတည်ဆောက်နေကြဆဲဖြစ်သည်။ တစ် သော နံနက် ဗိုလ်ထွန်းလှသည် ဗိုလ်ချုပ်အိမ်သို့ ရောက်သွားလေသည်။

"ဟေ့ကောင် . . မင်း ငါ့အိမ်လာနေပါလားကွ"

"မဖြစ်ဖူးထင်တယ် ဗိုလ်ချုပ် . ."

"ဘာဖြစ်လို့လဲ . ."

"ကျွန်တော် အခု မိန်းမရနေပြီ . ."

"ဟေ . . ဟုတ်လား၊ ငါ့လခွေး မင်းဟာက မြန်လှချည်လား၊ ဘယ်တုံးက ရလိုက်တာ တို့တောင်မသိဘူး၊ ဘယ်မှာ လက်ထပ်သလဲ . ."

"လက်ထပ်တာမဟုတ်ဘူး၊ ခိုးပြေးတာ . ."

စင်စစ် ဗိုလ်ထွန်းလှမှာ မိန်းမယူသည့်အတွက် ဗိုလ်ချုပ်က ကြိမ်းမှာကြောက်နေသ လွန်ခဲ့သော ခြောက်လကပင် သာယာဝတီ၊ နတ်တလင်းမြို့ဝယ် ဗိုလ်ချုပ်သည် လူပျိုရဲဘော် မိန်းမ မယူကြသေးဖို့ ပြောခဲ့သည်ဆို၏။

"မင်းအသက် ဘယ်လောက်ရှိပလဲ . ."

"၂၆ နှစ် . ."





"ဟာ ဒါဖြင့် အောရိုက်ပဲ၊ အမှန်ကတော့ စောစောအိမ်ထောင်ပြုတဲ့ (Early Marriage) စနစ်ဟာ ကိုယ့်မှာ အလုပ်အကိုင် အတည်တကျနဲ့ ဝင်ငွေမရှိသေးလို့ ဘိုင်ကျတာကလွဲရင် အဘက် ဘက်က ကောင်းတာချည်းပဲ၊ တို့မြို့ကြီး ပြကြီးတွေမှာသာ ခွကျနေတာ၊ တောအရပ်ဒေသတွေမှာ ဟိုရင်ရှေးစနစ်အတိုင်း စောစောစီးစီး အိမ်ထောင်ပြုကြတာချည်းပဲ။ အဲဒါ သိပ်ပြီး ကျန်းမာသန့်ရှင်း ပြီး အစစအရာရာ ကောင်းတဲ့နည်းပဲကွ။ မြို့ကလူတွေမှာသာ အင်္ဂလိပ်ပညာသင်လို့ အချိန်ကုန်ရတဲ့ အထဲ အလုပ်အကိုင်နေရာကျဖို့စောင့်ရ၊ ဟိုငဲ့ရ၊ ဒီငဲ့ရနဲ့ အချိန်တွေ ကုန်သထက်ကုန်ပြီး လူလည်း ဟိုင်းဆွေးပြီ မဟုတ်တာဖြစ်ချင်တဲ့လူလဲ ဖြစ်ကုန်တော့တာပဲ။ ဒါကြောင့်ပဲ ငါလဲ သိပ်ရှည်ရှည်ဝေး ဝေး စဉ်းစားမနေဘဲ ဖွတ်မိန်းမယူလိုက်တာပဲ၊ ဟား . . ဟား . ."

ရယ်ရယ်မောမောနှင့် ဗိုလ်ချုပ်သည် အိမ်ထောင်ပြုတရားဟောခဲ့လေသည်။

"နောက်ပြီး ငါမကြိုက်တာရှိသေးတယ်၊ ဗမာ့ထုံးစံဆိုပြီး မင်္ဂလာဆောင်အခမ်းအနား အကြီး အကျယ်လုပ်ပြီး ငွေတွေ နင်းကန်ဖြုန်းတာဟာ အပိုပဲ၊ လက်ထပ်တယ်ဆိုရင် ဘယ်သူမှ ရိုးရိုးနဲ့ကျဉ်း ကျဉ်းမလုပ်ချင်ကြဘူး။ ပိုက်ဆံဖြုန်းပြီးမှ လက်ထပ်မှုဟုတ်တယ်ထင်ကြတယ်၊ ဒါကြောင့် ငါတော့ ခိုးယူတာအကောင်းဆုံးပဲလို့ထင်တယ်၊ ဘာမှ သိပ်မကုန်ဘဲ လိုရင်းရောက်တာပဲ မဟုတ်လား . ."

"ဒါတော့ ဟုတ်ပါတယ် ဗိုလ်ချုပ်၊ ဒါပေမဲ့ လူတွေက ဒါလောက် ခေတ်မမီသေးတော့ ခက်တာပါပဲ။ အခု ကျွန်တော် မိန်းကလေးအိမ်ကို လူကြီးများနဲ့ ပြန်အပ်ဖို့ စီစဉ်နေတယ် . ."

"ဟ . . ဒီပြန်အပ်တာလဲ ငါတော့ ပိုတယ်ထင်တာပဲ၊ မိန်းမနဲ့ ယောကျ်ား နှစ်ဦးသဘော တူကြရင် လူသိနတ်ကြား လင်မယားအဖြစ်နေလိုက်ရင် ပြီးရောပေါ့ကွ . ."ဟု ဗိုလ်ချုပ် တအားမှုတ် နေသည်ကို သူ့ချစ်ဇနီး ဒေါ်ခင်ကြည်က ပြုံးရင်း နားထောင်နေခဲ့ရပေသည်။

## သူ၏သားသမီးပြုပြင်ရေး

တစ်ခါသော် တာဝါလိန်းလမ်းရှိ ဦးအောင်ဆန်းအိမ်တွင် သူ၏သားများဖြစ်သည့် အောင် ဆန်းဦးနှင့် အောင်ဆန်းလင်းတို့ တစ်ယောက်နှင့်တစ်ယောက် ဆော့ကစားရာမှ ကစားစရာလုကြရင်း ရှုပ်စွာ ငိုယိုကြသည့်အခါ စိတ်မရှည်နိုင်သော မိခင်တို့ဘာဝ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်က "ဘယ်ဆိုးတဲ့ ကောင်လေးတွေပဲ"ဟု ညည်းမိရာ ခုတင်ပေါ်တွင် လှဲရင်း စာဖတ်နေသော ကလေးများ ဖခင် ဦးအောင်ဆန်းက "ငါ့သားကလေးတွေ ဆိုးချင် ဆိုးပါစေကွာ အရေးကြီးတာက ကလေးဆိုတာ (Character) စိတ်ဓာတ်ကောင်းရှိဖို့ရယ်၊ (Love of Truth) တည်ကြည်ဖြောင့်မတ်ခြင်းလိုလားတဲ့ စိတ်ရှိ ဖို့ရယ်၊ ဒါပဲအရေးကြီးတယ်"ဟူ၍ မိန့်ကြားမှတ်ချက်ချခဲ့သည်ဆို၏။

## သူနှင့်အတတ်ပညာ (Art)

၁၉၄၂ ခုနှစ် စာရေးဆရာ ဒဂုန်တာရာနှင့် ဦးအောင်ဆန်းတို့ တွေ့ကြသည့်အချိန်ကဖြစ်၏။ သူတို့သည် အတတ်ပညာ (Art) အကြောင်း စကားစပ်မိရာမှ ဦးအောင်ဆန်းက သူ၏ ထင်မြင် ယူဆပုံကို ပြော၏။ "အတတ်ပညာဆိုတာ ရှိတာပဲ၊ လင်မယားဘဝမှာလည်း အတတ်ပညာမြောက် အောင်လုပ်ရတာပဲ၊ အတတ်ပညာမဲ့ရင် လင်မယားကွဲမှာပေါ့။ ဒီလိုပဲတော်လှန်ရေးမှာလည်း အတတ်

www.burmeseclassic.com



ပညာရှိတာပဲ၊ အတတ်ပညာမြောက်မှ တော်လှန်ရေးဟာလဲ တကယ့်တော်လှန်ရေးအစစ်ဖြစ်မှာပဲ" ဟူ၍ အတတ်ပညာနှင့် သူ့ထင်မြင်ယူဆပုံကို ဖွင့်ဟခဲ့ပေသည်။

ဤသို့ စာရေးချင်သူ ဦးအောင်ဆန်းရေးမည့် လူမှုရေးရာ ပြဿနာရပ်များအပေါ် ထားသည့် ထင်မြင်ချက်များကို အပြည့်အစုံဖော်ပြရလျှင်ကား မဂ္ဂဇင်းစာမျက်နှာမပေးနိုင်မည်စိုး၍ ကောင်းနိုးရာရာလက်လှမ်းမီသမျှ ဟိုမှသည်မှဆွဲယူစုဆောင်းဖော်ပြရင်း ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့တွင် လက်နက်ကိုင်အာဏာလုသမားတို့ လုပ်ကြံသတ်ဖြတ်မှုကြောင့် ဗမာနိုင်ငံတော်အနေဖြင့် တစ်ခေတ်တစ်ခါမှ ပေါ်လာတတ်သည့် စံပြမျိုးချစ်အာဇာနည်ခေါင်းဆောင်ကြီးတစ်ဦး ဆုံးရှုံးရသည်သာမက စာပေလောကအတွက်လည်း စာရေးဆရာကောင်းဖြစ်မည့် စာရေးဆရာလောင်းတစ်ဦးလည်း ဆုံးရှုံးခဲ့ရချေပြီဟူ၍သာ တမ်းတဝမ်းနည်းစွာဖြင့် မှတ်တမ်းတင်ရပါသတည်း။

[မြဝတီမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၅...]

# ဗိုလ်ချုပ်အောင်ဆန်းနှင့် ဂဠုန်ဦးစော

မြင့်ဆွေ

[ ၁ ]

ဇူလိုင်လ မိုးကောင်းကင်သည် ကြည်ကြည်လင်လင်မရှိပေ။ ငိုတော့မည့်မျက်နှာကဲ့သို့ မသာမယာ ဖြစ်နေသည်။ နံနက်လင်းကတည်းက ၁၀ နာရီထိုးသည့်တိုင်အောင် ထိုအသွင်အပြင်မှ ပြောင်းလဲခြင်းမရှိသေး။ မိုးဖွားကလေးများ တဖွဲဖွဲကျကာ အုံ့မှိုင်းလျက်သာ ရှိသည်။

ထိုနေ့မှာ ဇူလိုင်လ ၁၉ ရက် စနေနေ့ဖြစ်၍ ၁၉၄၇ ခုနှစ်က ဖြစ်သည်။

စက်ပေါ်သို့ ရောက်နေသည့် စာဖောင်ကို နောက်ဆုံးစက်ပရု(ဖ်) ပြင်ပေးလိုက်ပြီးနောက် အချိန်မှာလည်း ၁၀ နာရီထိုးခါနီးနေပြီဖြစ်သဖြင့် ကျွန်တော်သည် တစ်ရေးအိပ်စက်လိုက်မိသည်။ သို့သော် အချိန်ကား သိပ်မကြာလှ၊ တပည့်ကလေးတစ်ယောက်လာနှိုးသဖြင့် ပြန်နိုးလာသည်။

"ဟေ့ ဘာဖြစ်လို့ စက်ရပ်နေသလဲ။ ကာရင့် အောက်သွားလို့လား"

"မဟုတ်ဘူး ဆရာ။ ကာရင့်မအောက်ပါဘူး။ ဗိုလ်ချုပ်တို့ အတွင်းဝန်ရုံးထဲမှာ သေနတ်ပစ်ခံရတယ်တဲ့ ဆရာ"

"ဟေ-ဟုတ်လား၊ ဘယ်သူတွေက ပစ်တာလဲ၊ ဘယ်အချိန်ကလဲ"

အိပ်မှုန်စုံမွှားဖြစ်နေသည့် ကျွန်တော်၏ မျက်လုံးများသည် ပြူးကျယ်သွားကာ ပါးစပ်မှ မေးခွန်းများဆက်တိုက် ထွက်သွားမိသည်။

"ဘယ်သူက ပစ်တယ်ဆိုတာတော့ မသိဘူး။ အခုပဲ ဒီသတင်းကြားလို့ ဆရာ့ကိုလာနှိုးတာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စက်ခန်းတွင်းသို့ ရောက်သွားသောအခါ၌ကား စက်သမားလည်း စက်မရှိ တော့။ စာစီသမားကလည်း လက်ထဲမှစီဆဲတန်းလန်း၊ စတိတ်ကိုချကာ ညှိုးညှိုးငယ်ငယ်ဖြစ်နေသည် ကို တွေ့ရသည်။

အချိန်မှာ နံနက် ၁၁ နာရီခန့် ရှိနေပြီဖြစ်သည်။ လမ်းပေါ်၌ လူများသည် ရုံးစုရုံးစုနှင့် သည်အကြောင်းကိုပဲ ပြောနေကြသည်။ မိုးကလည်း တဖွဲဖွဲနှင့် အမြဲရွာနေဆဲပင်ရှိသည်။ မိုးတိမ် အောက်တွင် ရန်ကုန်မြို့ကြီးသည် တစ်ခဏချင်း ချောက်ချားသွားခဲ့ပေသည်။

သေနတ်ပစ်ခံရသော ခေါင်းဆောင်ကြီးများအနက် မည်သူရှင်၍ မည်သူကျဆုံးသည် ဟူသော သတင်းကို လူတိုင်းသိချင်နေကြသည်။ နားစွင့်နေကြသည်၊ တစ်ဦးနှင့်တစ်ဦး မေးမြန်း နေကြသည်၊

ညနေပိုင်းတွင်ကား ရေဒီယိုမှ ရန်ကုန်အရေးပိုင် ဦးဘသွယ်၏ နေဝင်မီးငြိမ်းအမိန့် ဖတ်ကြားသံကို မကြာခဏ ထပ်ကာထပ်ကာ ကြားလာရသည်။ ထိုအမိန့်များ၏ကြား၌ပင် . . .

"သောတရှင်များကို အထူးအစီရင်ခံလိုတာကတော့ ၇ နာရီ ၁၅ မိနစ်အချိန်မှာ အသံလွှင့်ရုံမှနေ၍ အထူးအရေးကြီးတဲ့ သတင်းတစ်ရပ်ကို အသံလွှင့်ပါလိမ့်မယ်" ဟူသော အသံ ထွက်ပေါ်လာပြန်သည်။

ထိုအသံကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ပြည်သူလူထုကြီးသည် ၇ နာရီ ၁၅ မိနစ် ကို စိတ်စောစောင့်ဆိုင်းနေမိကြသည်။ ၇ နာရီ ၁၅ မိနစ်အချိန်ကား မြန်မာနိုင်ငံ ဘုရင်ခံ ဆာဟူး ဘတ်ရန့်စ်၏ ကြေညာချက်ကို အောက်ပါအတိုင်း ကြားကြရပေသည်။

"တိုင်းသူပြည်သားတို့အား ဝမ်းနည်းစွာဖြင့် ကျွန်ုပ်ကြေညာရမည်မှာ ယနေ့နံနက် ၁၀ နာရီအချိန်တွင် လက်နက်စွဲကိုင်သော လူတစ်စုက ဝန်ကြီးများ အစည်းအဝေးပြုလုပ်နေရာ ဝင်ရောက်တိုက်ခိုက်ရာ ဦးအောင်ဆန်းနှင့်တကွ အခြားဝန်ကြီးငါးဦး သေဆုံးသွားကြောင်း၊ အခြား သေဆုံးသူများမှာ ဘဏ္ဍာရေးဝန်ကြီး သခင်မြ၊ အလုပ်သမားဝန်ကြီး မန်းဘခိုင်၊ သတင်းဖြန့်ချိရေး ဝါဒဖြန့်ဖြူးရေးဝန်ကြီး ဒီးဒုတ်ဦးဘချို၊ ပညာရေးဝန်ကြီး မစ္စတာအပ္ဗဒူရာဇတ်၊ ကူးသန်းရောင်းဝယ် ရေးနှင့် ထောက်ပံ့ရေး၌ာနဝန်ကြီး ဦးဘဝင်းတို့ဖြစ်ကြောင်း"

မြိုင်းပွန်စော်ဘွားကြီးကား နောက်မှကွယ်လွန်သဖြင့် ယင်းကြေညာစဉ်က မပါခဲ့ပေ။

ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးသွားရရှာသော ခေါင်းဆောင်ကြီးများ၏စာရင်းကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် ပြည်သူလူထုကြီးမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားကြသည်။

ကျွန်တော်၏ခေါင်းထဲသို့ အကြံတစ်ခု ဝင်လာသည်။ ယင်းအကြံမှာ ထိုလုပ်ကြံမှုဖြစ် အဓိကတရားခံကို ရှာဖွေကာ ချက်ချင်းစာအုပ်အဖြစ် ရေးသား၍ တိုင်းပြည်သို့တင်ပြရန် ဖြစ်သည်။ ထို့ကြောင့်လည်း 'ဗိုလ်ချုပ်အောင်ဆန်းကို ဘယ်သူသတ်သနည်း"ဟူသော အမည်ဖြင့် စာအုပ် တစ်အုပ်ကို ညတွင်းချင်း အပြီးရေးသားခဲ့ရာ ဗိုလ်ချုပ်တို့ ကျဆုံးပြီး၍ နှစ်ရက်အကြာတွင် ၎င်းစာအုပ် ငယ်ကို ထုတ်ဝေနိုင်ခဲ့သည်။

ယင်းစာအုပ်တွင် ကျွန်တော်သည် ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရခြင်း၌ နယ်ချဲ့သမား ၏ပယောဂသည် အဓိကဖြစ်ကြောင်း လက်ညှိုးထိုး၍ပြထားခဲ့သည်။ ထိုသို့ပြခဲ့ခြင်းမှာလည်း





ထောက်ပြစရာ နိုင်ငံရေးအထောက်အထားများက ရှိနေသောကြောင့် ဖြစ်သည်။

[ ၂ ]

စင်စစ် ဗိုလ်ချုပ်အောင်ဆန်းတို့အား ဤကဲ့သို့ လုပ်ကြံခဲ့ခြင်းမှာ ရှောင်တခင် ဖြစ်ပေါ်လာ ခြင်းမဟုတ်။ နိုင်ငံရေးကွင်းဆက်များကို ဆွဲထုတ်ကြည့်လျှင် နယ်ချဲ့သမား၏ ကြိုတင်ပြင်ဆင်မှု များကို တွေ့နိုင်ကြပေမည်။

မြန်မာနိုင်ငံ ဘုရင်ခံဟောင်း ဆာဒေါ်မန်စမစ်ကိုယ်တိုင် ပြောပြခဲ့သည့် အချက်အလက် အကြောင်းအရာများကို ရေးသားပါသည်ဟု စာရေးသူကိုယ်တိုင် ဝန်ခံထားသည့် (Last & First in Burma) စာအုပ်တွင် မစ္စတာ မောရစ်ကောလစ်က . . .

"ဗြိတိသျှ ဘုရင့်အစိုးရ၏ ညွှန်ကြားချက်မှာ တိကျပေသည်။ အလယ်လမ်းသမားများသာ ပါဝင်သည့် အတိုင်ပင်ခံကောင်စီအဖွဲ့ကိုလည်း မိမိနှင့် တွဲလုပ်ရန် ခန့်အပ်ပြီးလေပြီ။ ၎င်းတို့မှာ လူရွယ်များ မဟုတ်ကြသည့်တိုင်အောင် အသက်ကြီးရင့်ခြင်း၏ အတွေ့အကြုံဗဟုသုတများ ရှိနေကြ သူများဖြစ်သည်။ ထို့ပြင် ၎င်းတို့ကို ထပ်မံအင်အားဖြည့်တင်း၍လည်း ရနိုင်မည်ဖြစ်သည်။ ဥပမာဆို လျှင် မိမိသည် ဦးစောအား ပြန်ခေါ်နိုင်ပေမည်။ အောင်ဆန်း၏ တောင်းဆိုချက်များကို 'တက်စ်' (Test) လုပ်ရန်လူမှာ ဦးစောပင်လျှင် ဖြစ်ပေလိမ့်မည်။ ဤကား ဖဆပလနှင့် တိုက်ပွဲဝင်ရခါနီး အချိန်၌ ဒေါ်မန်စမစ်၏ သဘောထားများပင်တည်း" ဟူ၍ ဖော်ပြထားသည်။

[ ၃ ]

ထိုအချိန်မှာ စစ်ပြီးကာလ စက္ကူဖြူစေတ်ဖြစ်ရာ ဆာပေါ်ထွန်းခေါင်းဆောင်သော အတိုင်ပင်ခံဝန်ကြီးအဖွဲ့နှင့် ဘုရင်ခံဒေါ်မန်စမစ်က တိုင်းပြည်ကို အုပ်ချုပ်နေစဉ် အခြေအနေ ဖြစ်သည်။

ဒေါ်မန်စမစ်၏ အထက်ပါ သဘောထားအတိုင်းဆိုလျှင် ဂျူနီဦးစောကို ယူဂန်ဒါမှ ပြန်ခေါ်ခြင်းသည်လည်းကောင်း၊ ဘုရင်၏အတိုင်ပင်ခံကောင်စီတွင်းသို့ ဦးစောကို ဝန်ကြီး တစ်နေရာအဖြစ်ဖြင့် ထည့်သွင်းခြင်းသည်လည်းကောင်း အဓိပ္ပာယ်ရှိ၍နေပေပြီ။

ဗိုလ်ချုပ်အောင်ဆန်း၏ ထက်မြက်ခြင်းကိုလည်းကောင်း၊ သူ၏နောက်၌ ပြည်သူလူထု ကြီးရှိနေသည်ကိုလည်းကောင်း စစ်တပ်ကလည်း ဗိုလ်ချုပ်အောင်ဆန်း၏ ဩဇာအောက်၌ ရှိခြင်း ကိုလည်းကောင်း၊ နယ်ချဲ့သမားသည်ကောင်းကောင်း သိရှိပြီးဖြစ်သည်။ သို့သော် ထိုကဲ့သို့သော ဗိုလ်ချုပ်လိုလူမျိုးကို 'တက်စ်' (Test) လုပ်နိုင်သူ အနေနှင့်လည်း ဦးစောကို နယ်ချဲ့သမား သည် အသိအမှတ်ပြုထားပြီးဖြစ်နေသည်။ ထို့ကြောင့်လည်း ဦးစောကို အသုံးချရန် နယ်ချဲ့သမား သည် စစ်အပြီး မြန်မာ့မြေကို ပြန်နင်းစကပင် ရည်ရွယ်ခဲ့ခြင်းဖြစ်ပေသည်။

မြန်မာ့နိုင်ငံရေးသမိုင်းကို ပြန်ကြည့်လျှင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဂျူနီဦးစောမှာ ဆိုပ် တိုက်ဝင်လာတိုင်း တစ်ဦးနှင့်တစ်ဦး သဘောတူညီမှုမရှိခဲ့ကြပေ။ ဝါဒရေးရာအရလည်းကောင်း၊ လုပ်ဆောင်ချက်အရလည်းကောင်း၊ မြောက်တစ်လမ်း၊ သံတစ်လမ်းသာ ဖြစ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၀ပြည့်နှစ်က ဗိုလ်ချုပ်အောင်ဆန်းနှင့် ဂဠုန်ဦးစောတို့သည် ရဟန်းပျိုဆရာတော်များ၏ ရှေ့မှောက်တွင် ထိပ်တိုက်ဝင်တိုးခဲ့ကြဖူးသည်။

"မြန်မာပြည်ရှိ ဂိုဏ်းဂဏပါတီ အသီးသီး၊ ခေါင်းဆောင်အသီးသီးတို့သည် အကြိုအကျယ် ကွဲပြား၍လာခဲ့ကြသည်မှာ နှစ်,လအတော်ကြာ၍ လာခဲ့ပေပြီ. . "အစရှိသော ကြေညာစာတမ်းကိုထုတ်ပြန်ကာ မန္တလေးမြို့ ဆရာတော် ဦးကလျာဏ ခေါင်းဆောင်သော ရဟန်းပျိုဆရာတော်များသည် နိုင်ငံရေးခေါင်းဆောင်များ၏ ညီညွတ်ရေးကို ကြိုးစားခဲ့ကြသည်။

ရန်ကုန်မြို့ ရွှေတိဂုံ ဘုရားခြေတော်ရင်း ဖျာပုံ ဦးအုန်းခင်၏ ပိဋကတ်တိုက်၌ ရဟန်းပျိုဆရာတော်များသည် နိုင်ငံရေးပါတီ အသီးသီးမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးကြသည်။ အခြားနိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ တက်ရောက်ဆွေးနွေးကြသကဲ့သို့ တို့ဗမာအစည်းအရုံးမှလည်း ကိုယ်စားလှယ်လွှတ်ကာ တက်ရောက်ဆွေးနွေးသည်။

သခင်အောင်ဆန်း၊ သခင်လှဘော်၊ သခင်ဗအေးတို့ ကိုယ်စားလှယ်အဖြစ် တက်ရောက်ဆွေးနွေးသောနေ့၌ သခင်အောင်ဆန်းက ဗမာပြည်လုံးဝလွတ်လပ်ရေးပြဿနာကို တင်ပြသည်။ ထိုအခါ ဂဠုန်ဦးစော၊ ဆာပေါ်ထွန်း၊ ဦးဘဝင်းစသော ခေါင်းဆောင်များက 'လုံးဝလွတ်လပ်ရေး' ဟူသော စကားကို 'လုံးဝ'ဟူသောစကားကို မထည့်ရန် ကန့်ကွက်သည်။

သခင်အောင်ဆန်းက တစ်ဖက်၊ ဦးစောတို့က တစ်ဖက် 'လုံးဝ'ဟူသော စကားလုံးအတွက် ငြင်းခုံဆွေးနွေးကြရာ မပြီးပြတ်ဘဲ ဖြစ်နေသည်။ နောက်ဆုံးတွင် ဦးစောက 'လုံးဝ'ဟူသော စကားလုံးမသုံးဖို့သာ မကာတော့ဘဲ 'ဗမာပြည်ပြန်ရရေး'ဟု ပြင်ဆင်ရန်ပင် ပြုလုပ်လာပြန်သည်။

ဤတွင် သခင်အောင်ဆန်းနှင့်ဦးစောမှာ ညှိနှိုင်း၍မရအောင် ကွဲလွဲသွားခဲ့ရသည်။ ရဟန်းပျိုဆရာတော်များလည်း ဘာမျှမတတ်နိုင်တော့ပေ။ ဂဠုန်ဦးစောကား သခင်အောင်ဆန်းကို မဲလျှင်ဖြို၍ သခင်အောင်ဆန်းက ဖြိုလျှင်မည်းရန် အသင့်ပြင်ဆင်ထားသလို ဖြစ်၍နေပေသည်။

နယ်ချဲ့သမားအနေနှင့်ကား နိုင်ငံရေးသမိုင်းကြောင်းပေါ်မှ ဤကဲ့သို့သော ဖြစ်ရပ်ကလေးများကို ထုံးတို့မှတ်ထားခဲ့ဟန်တူပေသည်။

အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုသောအခါတုန်းကလည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ဂဠုန်ဦးစောတို့သည် ဘိလပ်နန်းရင်းဝန်အက်တလီ၏ရှေ့၌ ထိပ်တိုက်ဝင်လာခဲ့ကြပြန်သည်။ အောင်ဆန်း-အက်တလီစာချုပ်ကို ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် လက်မှတ်ရေးထိုးကြသောအခါ၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားမြန်မာကိုယ်စားလှယ်များကသာ လက်မှတ်ရေးထိုးကြ၍ ဂဠုန်ဦးစောနှင့် သခင်ဗစိန်တို့မှာ လက်မှတ်မထိုးခဲ့ကြပေ။

ဗိုလ်ချုပ်အောင်ဆန်း အစရှိသော အခြားမြန်မာကိုယ်စားလှယ်များနှင့် လမ်းခွဲကာ ဦးစောသည် နယ်ချဲ့သမားကို အကျိုးပြုလိုက်ခြင်း ဖြစ်သည်။ ထိုအချိန်မှာ လွတ်လပ်ရေးတံခါးသို့ ရောက်နေပြီဖြစ်သည်။ လွတ်လပ်ရေးတံခါးကို ဆွဲဖွင့်နေချိန်၌ပင် ဗိုလ်ချုပ်အောင်ဆန်းက မည်းလျှင် ဂဠုန်ဦးစောသည် ဖြူခဲ့သူပေတည်း။



[ ၄ ]

ဗိုလ်ချုပ်အောင်ဆန်းကို 'တက်စ် (Test)လုပ်ရန် ဦးစောကို အသုံးချနေသော်လည်း နယ်ချဲ့သမားအနေဖြင့် ဦးစောကိုလည်း လုံးဝစိတ်ချယုံကြည်ထားဟန်မတူပေ။ အချက်ထဲကျလျှင် နောက်ကျောကို ဓားနှင့်ထိုးတတ်သူအဖြစ်ဖြင့် ဦးစောကို ယူဆထားဟန်တူသည်။

နယ်ချဲ့သမားအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းကို ရှေ့တည့်တည့်မှ ပြောင်ကျကျ ဓားနှင့်ဝင်ထိုးတတ်သူအဖြစ် သိထားသလို ဦးစောကိုလည်း အလစ်တွင် နောက်ကျောကိုဓားနှင့် ထောက်တတ်သူဖြစ်ကြောင်း နားလည်ထားဟန်တူသည်။

အဘယ့်ကြောင့်ဆိုသော် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖဆပလ တပ်ပေါင်းစုကြီး၏ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ ပြင်းထန်သည်ထက် ပြင်းထန်လာသောအခါ ဘုရင်ခံ ဆာဒေါ်မန်စမစ်သည် ဗြိတိသျှ နန်းရင်းဝန်ကြီး အက်တလီထံသို့ ကြေးနန်းရိုက်ဖူးသည်။ ထိုကြေးနန်းတွင် . . .

ဆာပေါ်ထွန်း၏ တင်ပြချက်အရ ဘုရင်ခံ၏အတိုင်ပင်ခံ ကောင်စီအတွင်းသို့ ဆာပေါ်ထွန်း၊ ဦးစောနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ကို ထည့်သွင်းလျက် ပြင်ဆင်ဖွဲ့စည်းလိုက်ခြင်းဖြင့် ဒီမိုကရေစီတပ်ပေါင်းစုကြီး ဖြစ်လာနိုင်မည်ဖြစ်ကြောင်းပါဝင်ရာ အက်တလီက လက်မခံခဲ့ပေ။ ဒေါ်မန်စမစ်ထံသို့ ဗြိတိသျှ နန်းရင်းဝန်အက်တလီက ပြန်လည်ရိုက်ကြားလိုက်သည့် ကြေးနန်းတွင် . . . .

"နေ့စဉ်လိုလို ဘက်ပြောင်းနေသည့် နိုင်ငံရေးအခြေအနေကို မိမိနားမလည်နိုင်ကြောင်း၊ အောင်ဆန်း၊ ပေါ်ထွန်းနှင့် ဦးစောတို့ သုံးဦးခေါင်းဆောင်သည့် ကောင်စီသည် ညီညွတ်သော ဒီမိုကရေစီတပ်ပေါင်းစုဖြစ်မလာဘဲ ဗြိတိသျှဆန့်ကျင်ရေးတပ်ပေါင်းစုဖြစ်လာနိုင်ကြောင်း" စသည်ဖြင့် အတိအလင်းဖော်ပြထားရာ ဦးစောကိုလည်း ၎င်းတို့၏ အကျိုးအတွက် အသုံးချရုံမှတစ်ပါး လုံးဝယုံကြည်မထားကြောင်း ထင်ရှားနေသည်။

မည်သို့ပင်ဖြစ်စေ ဗိုလ်ချုပ်အောင်ဆန်းတို့အား လုပ်ကြံသည့်လုပ်ကြံမှုကြီး အောင်မြင်သွားခြင်းမှာကား ဗိုလ်ချုပ်အောင်ဆန်းကိုသာမဟုတ် ဦးစောကိုပါ သုတ်သင်ပြီးသားဖြစ်သွားသဖြင့် နယ်ချဲ့သမားအဖို့ တစ်ချက်ခုတ်နှစ်ချက်ပြတ်ဖြစ်ခဲ့သလောက် မြန်မာပြည်သူလူထုကြီးအဖို့မှာ လည်းကြီးမားသည့်နိုင်ငံရေးသင်ခန်းစာကြီးပင်ဖြစ်ပေသည်။ ။

[မြဝတီမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၇၀]

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းရန်ကြံရွယ်ခဲ့စဉ်က

စိုးရိုန်

**စစ်ပြီးစဗြိတိသျှနယ်ချဲ့တို့ ခြေပုန်းခုတ်ကြပုံ**

ဒုတိယကမ္ဘာစစ်ကြီးအပြီး မဟာမိတ်တပ်များ မြန်မာပြည်သို့ ပြန်လည်ဝင်ရောက်လာ သည့်အခါတွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့နှင့် ဗမာ့မျိုးချစ်တပ်မတော်သား များ၏ ဖက်ဆစ်တော်လှန်ရေးအင်အားစုများကို ဗြိတိသျှနယ်ချဲ့သမားတို့ အသိအမှတ်မပြု မနေနိုင်ပေ။ ထို့ကြောင့်ပင်လျှင် အရှေ့တောင်အာရှရှိ မဟာမိတ် တပ်ပေါင်းစု၏ စစ်သေနာပ ချုပ်ဖြစ်သူ မောင့်ဘက်တန်သည် အမှတ် (၁၄) တပ်မှူးဗိုလ်ချုပ်စလင်းနှင့် ဗိုလ်ချုပ်အောင်ဆ တွေ့ဆုံညှိနှိုင်းရန်ကိစ္စကို သဘောတူခွင့်ပြုခဲ့လေသည်။ ဗိုလ်ချုပ်စလင်းနှင့် ဗိုလ်ချုပ်အောင်ဆ တွေ့ဆုံဆွေးနွေးခြင်းမှာ စစ်အောင်နိုင်ရေးအတွက် မဟာမိတ်တို့သည် ဗမာ့တပ်မတော်၏ အ အညီကို ရယူရန်ဖြစ်ပေသည်။ သို့ရာတွင် ပြည်တွင်းမှ ဖက်ဆစ်တော်လှန်ရေး အင်အားစု ကြောင့် ဂျပန်တပ်များခေါင်းမထောင်နိုင်ဘဲ တစ်ဆုတ်တည်း ဆုတ်ရသည်ကို မဟာမိတ်တ အရာရှိကြီးအချို့က ၎င်းတို့၏စွမ်းအားသက်သက်ကြောင့် စစ်အောင်နိုင်သည်ဟု အထင်ရောက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာ့မျိုးချစ်တပ်မတော်၏ အရေးပါလှသောကဏ္ဍကို မှေးမှိန်သော အောင်ပြုလုပ်ရန် ကြံစည်လာတော့သည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းဆီးချုပ်နှော ကာ စစ်ရာဇဝတ်ကောင်အဖြစ် အရေးယူရန် ဆင်ကြံကြံလာလေသည်။

ဗိုလ်ချုပ်အောင်ဆန်းကို အရေးယူရန် စတင်အကြံပေးသူမှာ ထိုစဉ်က မြန်မာပြ



အတွက် မြို့ပြအုပ်ချုပ်ရေး အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသူ မေဂျာဂျင်နရယ် ပီးယားစ် ဆိုသူဖြစ်လေသည်။ မေဂျာဂျင်နရယ်ပီးယားစ်သည် ဗမာ့နိုင်ငံရေးဇာတ်ခုံတွင် မျက်နှာစိမ်းတစ်ဦး မဟုတ်ပေ။ ၁၉၂၀ ပြည့်နှစ်မှစ၍ အိန္ဒိယပဋိညာဉ်ခံ ဝန်ထမ်း (အိုင်စီအက်စ်) တစ်ဦးအဖြစ် အမှုထမ်းခဲ့သူဖြစ်သည်။ ၁၉၃၄ ခုနှစ်တွင် မြန်မာပြည်အစိုးရ အတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၃၉ ခုနှစ်တွင် ဘုရင်ခံအတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၄၁ ခုနှစ်တွင် ရှမ်းတောင်တန်း ဒေသဆိုင်ရာ မင်းကြီးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ဖူးသူဖြစ်သည်။ ၁၉၄၃-၄၅ ခုနှစ်တွင် မြန်မာပြည်ဆိုင်ရာ မြို့ပြအုပ်ချုပ်ရေးအရာရှိချုပ်အဖြစ်လည်းကောင်း၊ ၁၉၄၅-၄၆ ခုနှစ်တွင် မြန်မာပြည်နယ်စပ်တောင်တန်းများဆိုင်ရာ ညွှန်ကြားရေးဝန်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် ဘုရင်ခံ၏အတိုင်ပင်ခံအရာရှိအဖြစ် ဆောင်ရွက်ခဲ့သူ ဖြစ်ပေသည်။

မေဂျာဂျင်နရယ် ပီးယားစ်က ၁၉၄၅ ခုနှစ် မေလ ၉ ရက်နေ့စွဲဖြင့် အရှေ့တောင်အာရှ မဟာမိတ်ကြည်းတပ်ဌာနချုပ်မှနေ၍ အရှေ့တောင်အာရှမဟာမိတ်တပ်ပေါင်းစု၏ စစ်သေနာပတိ ချုပ်ဖြစ်သူ မောင့်ဘက်တန်ထံ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်၍ သံကြိုးဖြင့်-

'ဗိုလ်ချုပ်အောင်ဆန်းသည် မဟာမိတ်များနှင့်ပူးပေါင်းရန် သရက်မြို့သို့ ထွက်ခွာသွားပြီဟု သတင်းရရှိကြောင်း၊ လောလောဆယ်၌မူ အမှတ် (၁၄) တပ်မသည် ညွှန်ကြားချက်နှင့်အညီ ဆိုက်နာဆောင်ရွက်လျက်ရှိနေသော်လည်း ဗိုလ်ချုပ်အောင်ဆန်းအပေါ် ထားရှိရမည့် သဘောထား နှင့်ပတ်သက်၍ စဉ်းစားစရာရှိနေကြောင်း။ ယခင်သတင်းပို့စဉ်က အခြေအနေနှင့် ယခုလောလော ဆယ်အခြေအနေမှာကွာခြားနေ၍ စစ်ရေးအမြင်ဖြင့်ပြောရလျှင် ဗိုလ်ချုပ်အောင်ဆန်း၏ အကူ အညီကို ရယူရန်လိုတော့မည်မထင်ကြောင်း၊ မြို့ပြအုပ်ချုပ်ရေးအရာရှိချုပ်၏ သဘောထားမှာ ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ခံသမိုင်းအရ ၎င်းအား စစ်ရာဇဝတ်ကောင်အဖြစ် သတ်မှတ်ဖမ်းဆီး ရန် လိုအပ်မည်ဖြစ်ကြောင်း'ဟူ၍ သတင်းပေးပို့ကာ ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းဆီးအရေးယူခွင့် တောင်းခဲ့လေသည်။

မောင့်ဘက်တန်၏ အဖြေကမူ ရှင်းလင်းပြတ်သားပေသည်။ ပီးယားစ်ထံမှ သံကြိုးစာရ သည့် ၉-၅-၄၅ နေ့တွင်ပင် ပီးယားစ်ထံသို့ 'မည်သည့်အကြောင်းနှင့်မျှ ဗိုလ်ချုပ်အောင်ဆန်းကို မဖမ်းဆီးရန်' ညွှန်ကြားချက်ထုတ်ပြန်ခဲ့လေသည်။ ၎င်းအပြင် နောင်တွင် ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းဆီးတရားစွဲဆိုရန်လိုအပ်၍ တရားစွဲဆိုခြင်း ပြုလုပ်ခဲ့ပါကလည်း မဟာမိတ်တပ်ပေါင်းစုအား ကူညီခဲ့သည့်အချက်ကို ထည့်သွင်းစဉ်းစားပါမည်ဟု ဗိုလ်ချုပ်အောင်ဆန်းကို ကြိုတင်ပြောထားရန် ကိုပါ အမြော်အမြင်ကြီးစွာဖြင့် ထည့်သွင်းမှာကြားခဲ့ပေသည်။

အမှန်စင်စစ် မောင့်ဘက်တန်သည် စစ်ရေးအမြင်အရ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပူးပေါင်း ရန် အားထုတ်ခဲ့သူဖြစ်လေသည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် ဗမာ့မျိုးချစ်တပ်မတော် ၏ အကူအညီကို ရယူပါက မြန်မာပြည်မှ ဂျပန်တပ်များကို အချိန်တိုတောင်းစွာဖြင့် တိုက်ထုတ် နိုင်ရုံမျှမကဘဲ စင်ကာပူနှင့် မလေးကျွန်းဆွယ်များကို ဆက်လက် သိမ်းယူရေးအတွက်မြန်မာပြည် တွင် တပ်ပေါင်းစုခြေကုပ်ယူနိုင်ရန် ရည်ရွယ်ခဲ့ပေသည်။ ထို့ကြောင့်ပင်လျှင် အထက်အာဏာပိုင်များ ထံမှ ခွင့်ပြုချက်ရယူပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်ပူးပေါင်းရန်ကြံရွယ်ခဲ့ခြင်းဖြစ်ပေသည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ပီးယားစ်ထံမှ သံကြိုးစာရသည့်အခါ ဒေါ်အပွကြီးပွကာ ထိုစဉ်က မြန်မာပြည်ဆိုင်ရာ မြို့ပြအုပ်ချုပ်ရေး ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်နေသူ မေဂျာဂျင်နရယ်ရန့်စ်(နောင်တွင် မြန်မာပြည် ဘုရင်ခံဖြစ်လာသူ)ထံ သံကြိုးရိုက်လိုက်လေသည်။

အဆိုပါ သံကြိုးစာတွင် မောင့်ဘက်တန်က-

'မိမိ၏အမိန့်ကို ဖီဆန်သည်ဟုကြားရ၍ အံ့ဩမိကြောင်း၊ မိမိသည် မြန်မာပြည် စစ်အုပ်ချုပ်ရေးအတွက် လုံးဝတာဝန်ရှိသူတစ်ဦးဖြစ်၍ မိမိ၏ညွှန်ကြားချက်အတိုင်းသာ လိုက်နာဆောင်ရွက်စေလိုကြောင်း၊ မိမိသည် နိုင်ငံရေး ပြစ်မှုကျူးလွန်သူများကို လုံးဝလွတ်ငြိမ်းချမ်းသာခွင့်ပေး မရည်ရွယ်သကဲ့သို့ စည်းမဲ့ကမ်းမဲ့ ပရမ်းပတာဖမ်းဆီးမှု မျိုးကိုလည်းမလိုလားကြောင်း'စသည် ထည့်သွင်းဖော်ပြလိုက်လေသည်။

ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းဆီးအရေးယူရန် ကြံရွယ်သည့်ကိစ္စသည် စစ်အုပ်ချုပ်ရေး ကာလတွင် စစ်သေနာပတိချုပ် မောင့်ဘက်တန်၏ ပြတ်သားသော ညွှန်ကြားချက်ကြောင့် ပြယ်သွားသော်လည်း စစ်အုပ်ချုပ်ရေးမှ မြို့ပြအုပ်ချုပ်ရေးသို့ လွှဲပြောင်းလိုက်သည့်အခါ ပြန်လည်ဆန်းသစ်လာလေသည်။

မြန်မာပြည်၏ စစ်ပြေးဘုရင်ခံဆာဒေါ်မန်စမစ်သည် ၁၆-၁၀-၄၅နေ့တွင် ရန်ကုန်မြို့ ပြန်လည်ရောက်ရှိကာ ၁၈-၁၀-၄၅ နေ့တွင် စစ်အုပ်ချုပ်ရေးမှ မြို့ပြအုပ်ချုပ်ရေးအဖြစ် လွှဲပြောင်း လက်ခံခဲ့လေသည်။ ဘုရင်ခံ၏ အမှုဆောင်ကောင်စီကို အဖွဲ့ဝင် ကိုးဦးဖြင့် ၁၉၄၅ ခုနှစ် နိုဝင်ဘာ ၁ ရက်နေ့တွင် ဖြေညာဖွဲ့စည်းခဲ့ပြီး ၃၁-၁၂-၄၅ နေ့တွင် ဥပဒေပြုလွှတ်တော်အဖွဲ့ဝင်များ ရွေးချယ်ခန့်ထားခဲ့သည်။

မြို့ပြအုပ်ချုပ်ရေးကာလတွင် ဗိုလ်ချုပ်အောင်ဆန်းကို အရေးယူရန်အစဖော်ပေးသူ ဂျူနိုဦးစောဖြစ်သည်ဆိုက မမှားနိုင်ပေ။ ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလအတွင်းတွင် ဂျူနိုဦးစောသည် ဘုရင်ခံ ဆာဒေါ်မန်စမစ်နှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဂျူနိုဦးစောက မြန်မာပြည်အစိုးရသည် ဗိုလ်ချုပ် အောင်ဆန်း သထုံတွင် ကျူးလွန်ခဲ့သည့်ပြစ်မှုကို မည်သည့်အတွက် အရေးမယူသေးကြောင်း ဘုရင်ခံကို မေးမြန်းခဲ့လေသည်။ ဘုရင်ခံက 'အကယ်၍ ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းဆီးအရေးယူ အပြစ်ပေးခဲ့ပါက မည်ကဲ့သို့သော ဂယက်ရိုက်မှု ဖြစ်ပေါ်နိုင်မည် ထင်သနည်း'ဟု ဂျူနိုဦးစော၏ ထင်မြင်ချက်ကို တောင်းခံခဲ့ရာ ဦးစောက 'မည်ကဲ့သို့သော ဂယက်ရိုက်မှုမျိုးမှ ဖြစ်ပေါ်နိုင်မည် မဟုတ်ပါ'ဟု ဖြေကြားခဲ့လေသည်။ သို့ရာတွင် ဘုရင်ခံက 'ဂျူနိုဦးစောသည် ဤနည်းမျိုး ၎င်းနှင့်နိုင်ငံရေးဝါဒမတူသူများကို ဖယ်ရှားတတ်ပေသည်'ဟု ကောက်ချက်ချကာ မြန်မာပြည်ဆိုင် ရာအတွင်းဝန်ချုပ်ထံ ၂၅-၂-၄၆ နေ့တွင် လျှို့ဝှက်စွာ အစီရင်ခံခဲ့လေသည်။

ဘုရင်ခံ၏ အမှုဆောင်ကောင်စီကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းရာတွင် ဗိုလ်ချုပ်အောင်ဆန်း ခေတ်ပြိုင်နိုင်ငံရေး ပုဂ္ဂိုလ်တစ်ဦးလည်း ပါဝင်ပေသည်။ ၎င်းပုဂ္ဂိုလ်က ၁၉၄၆ ခုနှစ် မတ်လ 'ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်ခေတ်အတွင်း သထုံဘက်၌လူသတ်မှုကျူးလွန်ခဲ့သည်ကို မိမိ တွေ့မျက်မြင်ဖြစ်သည်'ဟူ၍ တိုင်းပြုပြည်ပြုလွှတ်တော်အတွင်းတွင် ထုတ်ဖော်စွပ်စွဲခဲ့လေ



ထိုအခါတွင် ဘုရင်ခံဆာဒေါ်မန်စမစ်က လန်ဒန်ရှိ မြန်မာပြည်ဆိုင်ရာအတွင်းဝန်ချုပ် (လော့ဒ်ပက်သစ်လော့ရင့်) ထံ ၂၄-၃-၄၆ နေ့တွင် ထိပ်တန်းလျှို့ဝှက်သံကြိုးစာဖြင့် အစီရင်ခံစာစောင်ပေးပို့ခဲ့လေသည်။

အဆိုပါအစီရင်ခံစာတွင် . . .

'ဗိုလ်ချုပ်အောင်ဆန်း၏ ပြစ်မှုကျူးလွန်ခဲ့ပုံကို တိုင်းပြည်ပြုလွှတ်တော်တွင်( . . . )က ထုတ်ဖော်ပြောသည်။ ထို့ကြောင့် စုံစမ်းစစ်ဆေးပြီး ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းဆီးရန် လိုအပ် လာသည်။ သို့ရာတွင် ၂၇-၃-၄၆ နေ့တွင် ကျင်းပသည့် တော်လှန်ရေးနှစ်ပတ်လည်နေ့တွင် ဘာဘာညာညာဖြစ်မည်ဟု ကောလာဟလသတင်းများထွက်နေ၍ ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းဆီးလိုက်ခြင်းဖြင့် လူထုအုံကြွလာမည်ကို စိုးရိမ်ရသည်။ ထို့ကြောင့် ၂၇-၃-၄၆နေ့ ကျော်လွန်မှ ဖမ်းဆီးမည်။ အကယ်၍ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းဆီးအရေးယူပါက ရန်ကုန်မြို့နှင့်တကွ နယ်များတွင်ပါ ဆူပူအုံကြွလာနိုင်သည်။ သို့ရာတွင် လာမည့်ဘေးကို ပြေးတွေ့ရန်လိုသည်' စသည်ဖြင့် ထည့်သွင်းအစီရင်ခံလိုက်လေသည်။

အဆိုပါ ထိပ်တန်းလျှို့ဝှက်အစီရင်ခံစာသံကြိုးကိုအရှေ့တောင်အာရှမဟာမိတ်တပ်ပေါင်းစု၏ စစ်သေနာပတိချုပ် မောင့်ဘက်တန်ထံသို့လည်း မိတ္တူပေးပို့ခဲ့လေသည်။ ထိုအခါတွင် မောင့်ဘက်တန်က ၂၆-၃-၄၆ နေ့စွဲဖြင့် မြန်မာပြည်ဘုရင်ခံထံသို့ သံကြိုးတစ်စောင်ပေးပို့ခဲ့သည်။ ထိုသံကြိုးစာတွင် မောင့်ဘက်တန်က. . . .

'မိမိသည် မြန်မာပြည်နှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးမဟုတ်တော့ပြီ ဖြစ်သော်လည်း တစ်ချိန်က မြန်မာပြည်၏ စစ်အုပ်ချုပ်ရေးတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သူတစ်ဦးအနေဖြင့် မြန်မာပြည်အရေးအခင်းများကို စိတ်ဝင်စားသူတစ်ဦးဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းဆီးအရေးယူမည်ဟုသိရ၍ များစွာမှ စိတ်မကောင်းဖြစ်မိပါသည်။ ဗိုလ်ချုပ်အောင်ဆန်းအပေါ် စွပ်စွဲထားသောအမှုမှာ လေးနှစ်ကျော်လာပြီဖြစ်၍လည်းကောင်း၊ လူသတ်မှုမြောက်မမြောက် အငြင်းပွားဖွယ်ရာရှိ၍လည်းကောင်း၊ အရေးမယူသင့်ဟု ထင်မြင်မိပါသည်။ သို့ပါ၍ ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းဆီးခဲ့မည်ဆိုလျှင် ဗြိတိသျှအစိုးရနှင့် မြန်မာပြည်တို့၏ အနာဂတ်ကာလ ဆက်ဆံမှုပြေပြစ်ရေးကို အကျိုးပြုဖွယ်ရာရှိမည်မဟုတ်ကြောင်း မှတ်တမ်းတင်ပေးထားပါ'ဟု ဖော်ပြထားလေသည်။

မြန်မာပြည်ဘုရင်ခံ ဆာဒေါ်မန်စမစ်သည် မြန်မာပြည်ဆိုင်ရာ အတွင်းဝန်ချုပ်ထံ သံကြိုးရိုက်ပြီးသည့်နောက် မေမြို့(ယခု ပြင်ဦးလွင်)သို့ထွက်သွားလေသည်။ ဘုရင်ခံမရှိစဉ်အတွင်း ဘုရင်ခံအိမ်တော်၌ ၂၇-၃-၄၆ (တော်လှန်ရေးနှစ်ပတ်လည်နေ့)တွင် စစ်ဘက်နယ်ဘက်ဆိုင်ရာ ထိပ်တန်းအရာရှိကြီးများ၏ အစည်းအဝေးတစ်ရပ်ကို ကျင်းပသည်။ ထိုစဉ်က ဘုရင်ခံ၏ အမှုဆောင်ကောင်စီဝင်တစ်ဦးဖြစ်သူ ဆာဂျွန်ဝိုက်စ်က ဘုရင်ခံကိုယ်စား သဘာပတိအဖြစ် ဆောင်ရွက်လေသည်။

ဆာဂျွန်ဝိုက်စ်က ရှင်းပြရာ၌

'ယနေ့ကျင်းပသည့် အစည်းအဝေးသည် ဗိုလ်ချုပ်အောင်ဆန်းကိုဖမ်းဆီးရေးနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးရန်ဖြစ်ကြောင်း၊ ဘုရင်ခံကမြန်မာပြည်ဆိုင်ရာ အတွင်းဝန်ချုပ်ထံ ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းဆီးနိုင်ရေးအတွက် သံကြိုးစာပေးပို့ထားရာ အရေးမယူလျှင်မဖြစ်သည့် အခြေအနေ

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေ၍ အရေးယူရန် သဘောတူကြောင်း၊ ပြန်ကြားစာကိုရရှိထားကြောင်း၊ သို့ရာတွင် အ အရာရာမသေချာမတိကျဘဲ မလုပ်ရန်နှင့် အလောတကြီး မဖမ်းဆီးရန် ညွှန်ကြားထားကြော ၎င်းအပြင် ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းဆီးပါကလည်း နိုင်ငံရေး လက်စားချေမှုတစ်ရပ်မဟု ကြောင်း ပေါ်လွင်ရန် အရေးကြီးကြောင်း၊ မဟာမိတ်တပ်ပေါင်းစု စစ်သေနာပတိချုပ်ထံမှလည် သံကြိုးစာတစ်စောင် ရရှိထားပြီး ဗိုလ်ချုပ်အောင်ဆန်းအား ဖမ်းဆီးအရေးယူခြင်းကို သဘော ကြောင်းဖြင့် လေးနက်စွာကန့်ကွက်ထားကြောင်း၊ ဘုရင်ခံမနက်ဖြန် ပြန်ရောက်မည်ဖြစ်၍ အ အနေအရပ်ရပ်နှင့်စစ်ဘက်နယ်ဘက်မှသဘောထားများကို တင်ပြရန်လိုအပ်ကြောင်း၊ သို့ ဗိုလ်ချုပ်အောင်ဆန်းကို အရေးယူပါက မည်ကဲ့သို့သော တုံ့ပြန်မှုများ၊ အုံကြွမှုများပေါ် ပေါက်လာ နိုင်သည်ကို ပုလိပ်ဘက်မှအရင်တင်ပြစေလိုကြောင်း'ဖြင့် ရှင်းပြလေသည်။

ထိုအခါ ထိုစဉ်က ပုလိပ်မင်းကြီးအဖြစ် တာဝန်ထမ်းဆောင်နေသူ မစ္စတာ ချက်တ က -

'ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းဆီးအရေးယူမည်ဆိုလျှင် လူထုအုံကြွမည်မှာ သေချာသည် အထူးသဖြင့် တောင်ငူနှင့်သထုံနယ်များတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ရဲဘော်အများအပြားရှိသ ဖြစ်ရာ ဗိုလ်ချုပ်အောင်ဆန်းအား ဖမ်းဆီးသည့်အချက်ကို အကြောင်းပြုပြီး ပုန်ကန်ထကြွနိုင်သ မည်သည့်အတိုင်းအတာအထိ အုံကြွမည်ဆိုသည်ကို မခန့်မှန်းတတ်သော်လည်း ၁၉၃၀-၃၁ လယ်သမားအရေးတော်ပုံကကဲ့သို့ဗြိတိသျှအရာရှိများကို သတ်ဖြတ်မှုများပေါ်ပေါက်လာနိုင်သ လက်နက်ကိုင်တစ်သောင်းခန့်ရှိမည်ဟု ခန့်မှန်းရသည်။ ရန်ကုန်မြို့တော်သို့ လာရောက်တိုက် မည့်အစား နယ်များမှ ဂါတ်တဲများကို ဝင်စီးနိုင်သည်'ဟု ရှင်းပြလေသည်။

ပီးယားစ်က ဗိုလ်ချုပ်အောင်ဆန်းအပေါ် တရားစွဲဆိုနိုင်မည့်သူများရှိမရှိ မေးမြ ပုလိပ်မင်းကြီးချက်တင်လ်က 'ရှိသည်ဟု သိရသည်။ သို့ရာတွင် ယခုအထိ တိုင်ချက်မဖွင့် ကြောင်း' ပြန်လည်ဖြေကြားလေသည်။ ထိုအခါ ဆာဂျွန်ဝိုက်စ်က 'တစ်ယောက်ယော တိုင်ချက်ဖွင့်သင့်သည်။ ထိုသို့တိုင်ချက်ဖွင့်ခဲ့မှသာလျှင် ဥပဒေကြောင်းအရ အရေးယူနိုင်မည် ပြောကြားလေသည်။ ပုလိပ်မင်းကြီးက 'အကယ်၍ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် မည်ဆိုလျှင်လည်း ဗိုလ်ချုပ်အောင်ဆန်းအား အရေးယူရန် ကိစ္စကိုရပ်တန်းက ရပ်သင့်သည်' မှတ်ချက်ချပြန်သည်။ ဤတွင် ဗိုလ်ချုပ်အောင်ဆန်းအပေါ် အမှုဖွင့်ခဲ့လျှင် ထောင်ချနိုင်မ ဗိုလ်ချုပ်အောင်ဆန်းကို မဖမ်းဘဲထားခြင်းအားဖြင့် သက်သေခံမည့်သူ ရနိုင်မရနိုင်အစရှိသည် ကို ဆွေးနွေးကြပြန်သည်။ ပုလိပ်မင်းကြီးကမူ အထောက်အထား မခိုင်လုံမတိကျဘဲနှင့်မဖမ်း ကြောင်း ပြောကြားရာ၊ ဆာဂျွန်ဝိုက်စ်က အလားတူလူသတ်မှုကျူးလွန်ခဲ့သူများကို ဖမ်းဆီးအ သေဒဏ်ပေးခဲ့ပြီးမှ ဗိုလ်ချုပ်အောင်ဆန်းလို ပုဂ္ဂိုလ်မျိုးကျမှဘာမျှ မလုပ်နိုင်ဟုဆိုလျှင် ဝမ်းနည်း ကောင်းသည်ဟု မှတ်ချက်ချပြန်သည်။

ထိုနောက် ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်၍ စစ်ထောက်လှမ်းရေးဘက်မှ ထော လှမ်းရရှိသမျှ အချက်အလက်များကို ဖတ်ပြပြီးဆက်လက်ဆွေးနွေးရာ ဗိုလ်ချုပ်အောင်ဆ အရေးယူရန်ကိစ္စတွင် နိုင်ငံရေးကို ထည့်မစဉ်းစားသင့်ကြောင်းပြောသူကပြော၊ ယခုကိစ္စ





ယမ်းအိုးပေါ် တက်ထိုင်နေရသည်နှင့်တူသည်ဟု မှတ်ချက်ချသူကချပြီး ဘာမျှဆုံးဖြတ်ချက်ချနိုင် ခြင်းမရှိပေ။ ထို့ကြောင့်ဆာဂျွန်ဝိုက်စ်က 'ဤကိစ္စနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်တစ်စုံတစ်ရာ ချမှတ်နိုင်ခြင်းမရှိ၍ နောက်တစ်နေ့ဘုရင်ခံပြန်ရောက်မှ ဘုရင်ခံထံတင်ပြပြီး အကြံဉာဏ်တောင်း တော့မည်'ဟုဆိုကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်လေသည်။

ဤတွင်စစ်ထောက်လှမ်းရေး၏ သုံးသပ်ချက်ကို ဖော်ပြရန်လိုမည်ထင်ပါသည်။ စစ် ထောက်လှမ်းရေး၏သုံးသပ်ချက်မှာ 'စီးပွားရေးအရ မြန်မာပြည်ကို ပြန်လည်ထူထောင်မည်ဆိုပါက ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းလျှင်မှားလိမ့်မည်' ဟူသတည်း။

ဗိုလ်ချုပ်အောင်ဆန်းကို အရေးယူသင့်မယူသင့်ကိစ္စမပြီးပြတ်၍ ဘုရင်ခံက မြန်မာပြည် ဆိုင်ရာအတွင်းဝန်ချုပ်နှင့် ဘုရင်ခံချုပ်ထံသို့ အောက်ပါအတိုင်း အဓိပ္ပာယ်ရှိသော သံကြိုးစာ တစ်စောင်ကို ၁၉၄၆ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ပေးပို့ခဲ့ပြန်သည်။

"စစ်ဘက်ကလည်း ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းဆီးအရေးယူရန်မလိုလားပါ။ ဗိုလ်ချုပ် အောင်ဆန်းကို ဖမ်းဆီး၍ပုန်ကန်ထကြွမှုများပေါ်ပေါက်ခဲ့လျှင် အိန္ဒိယမှတပ်များမှာယူကာ နှိမ် နင်းရန်လည်း ခွင့်ပြုချက်မရှိပါ။ စစ်ဘက်၏အကူအညီကိုမရပါကလည်း မြို့ပြအုပ်ချုပ်ရေး တည်တံ့နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ကျွန်ုပ်အနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းအား ဖမ်းဆီးအရေး ယူရန်ကို ကန့်ကွက်ပါသည်။ သို့ရာတွင် သက်ဆိုင်ရာဆွေမျိုးများက တရားစွဲဆိုခဲ့လျှင်မူ တရား ဥပဒေအရ အရေးယူရမည်သာ ဖြစ်ပါသည်။ "

ဤတွင် အံ့ဩဖွယ်ရာအဖြစ်အပျက်တစ်ခု တိုက်တိုက်ဆိုင်ဆိုင်ပေါ်လာပါသည်။ အထက်ပါသံကြိုးစာကို ၃၀-၃-၄၆ နေ့တွင် ပေးပို့ခဲ့ခြင်းဖြစ်ပါသည်။ ၈-၄-၄၆ နေ့တွင် အသတ်ခံ ရသူ သူကြီး၏ ဇနီးဖြစ်သူ ဒေါ်အမာဆိုသူက ဘုရင်ခံ၏ စစ်အတွင်းဝန်ထံလိပ်မူပြီး ဗိုလ်ချုပ် အောင်ဆန်းအား သူမ၏ခင်ပွန်းသူကြီးကို စစ်အတွင်းက သတ်ပစ်မှုဖြင့် အရေးယူပေးပါရန် အသနားခံစာတင်ခဲ့လေသည်။

ထို့ကြောင့် ဘုရင်ခံဆာဒေါ်မန်စမစ်သည် အထက်ဖော်ပြပါ သံကြိုးစာနှင့်အဓိပ္ပာယ် ဆန့်ကျင်သော သံကြိုးစာတစ်စောင်ကို မြန်မာပြည်ဆိုင်ရာအတွင်းဝန်ချုပ်ထံ ၁၃-၄-၄၆ နေ့ တွင် ထပ်မံပေးပို့ပြန်လေသည်။ သံကြိုးစာတွင် အောက်ပါအတိုင်းဖော်ပြထားလေသည်။

"ကျွန်ုပ်ထံ အသတ်ခံရသူ၏ ဇနီးက လျှောက်လွှာတင်သည်။ ထို့ကြောင့် တရားဥပဒေ အရ အရေးယူသင့်သည်။ ဝိုက်စ်နှင့်ဘရစ်(စစ်ဦးစီးချုပ်တို့ကလည်း သဘောတူသည်။ မြန်မာပြည် တွင်တရားဥပဒေစိုးမိုးမှု စံပြဖြစ်သင့်သည်။ အကယ်၍ ဗိုလ်ချုပ်အောင်ဆန်းကို လူသတ်မှုအတွက် အရေးယူခဲ့လျှင် (နိုင်ငံရေးပြစ်မှုမဟုတ်၍) လွတ်လပ်ရေးတိုက်ပွဲအတွက် ပုန်ကန်ထကြွရန် အကြောင်းပြချက်လည်း ပေါ်လာနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းဆီး အရေးယူသင့်ပါသည်"။

အဆိုပါ သံကြိုးစာရသည့်အခါတွင် မြန်မာပြည်ဆိုင်ရာ အတွင်းဝန်ချုပ်ကလည်း 'ဗိုလ်ချုပ် အောင်ဆန်းကို တရားဥပဒေအရ အရေးယူမည်ဆိုလျှင် သဘောတူသည်။ နန်းရင်းဝန်ကလည်း သဘောတူသည်' စသည်ဖြင့် ၁၅-၄-၄၆ နေ့တွင် အကြောင်းပြန်ကြားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၂၆-၄-၄၆ နေ့တွင်မူ ဘုရင်ခံဆာဒေါ်မန်စမစ်က အိန္ဒိယနှင့်မြန်မာပြည်ဆိုင်ရာ လက်ထောက်ပါလီမန်အတွင်းဝန်မစ္စတာဟင်ဒါဆင်ထံသို့-

'ဗိုလ်ချုပ်အောင်ဆန်းကို အရေးယူရန်ကိစ္စတွင် ပုလိပ်ဘက်က စေ့စေ့စပ်စပ်စုံစမ်း ဥပဒေအကြံပေးအရာရှိများနှင့် တိုင်ပင်မည်ဆိုလျှင် ရက်ပေါင်းများစွာကြာမြင့်မည်ဖြစ်ပါသည် သေသူ၏ဇနီးတင်သွင်းသော လျှောက်လွှာကို လက်ခံစဉ်းစားမည်ဆိုပါက ဗိုလ်ချုပ်အောင်ဆန်း ရက်သတ္တပတ် သို့မဟုတ် ၁၀ ရက်အတွင်းဖမ်းဆီးအရေးယူနိုင်မည်ဖြစ်ပါသည်'ဟု အစီရင်ခံ ပေးပို့ခဲ့သည်။

ထိုအခါမြန်မာပြည်ဆိုင်ရာအတွင်းဝန်ချုပ်က ဘုရင်ခံထံသို့ 'သင်၏အစီရင်ခံစာမှာ ပါ။ ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းဆီးအရေးယူရန် အချိန်ကြာမြင့်မည်ဟုလည်းဆိုသည်။ ရပ်သ ၁၀ ရက်အတွင်းအရေးယူနိုင်မည်ဟုလည်း ဖော်ပြထားသည်။ ထို့ကြောင့် ရှေ့နောက် စကား ညွှတ်သဖြင့် ပြန်လည်ဖြေရှင်းပါ'ဟူသော သံကြိုးစာကို ၁၉၄၆ ခုနှစ် ဧပြီလ ၃၀ ရက်နေ့ ပြန်လည်ပေးပို့ခဲ့သည်။

ဖော်ပြပါ သံကြိုးစာအသွားအလာများအရ ဗိုလ်ချုပ်ကိုဖမ်းဆီးအရေးယူရန် ကိစ္စ လိပ်ခဲတည်းလည်းဖြစ်နေရာမှ အရေးယူရန်ဘက်ကအလေးသာ သွားပြန်သည်။ အင်္ဂလိ နန်းရင်းဝန်မစ္စတာ အက်တလီကလည်း မြန်မာပြည်ဆိုင်ရာ အတွင်းဝန်ချုပ်လော့ဒ်ပက်သ ရင့်ထံသို့ ၃-၅-၄၆ နေ့တွင် သံကြိုးစာနှစ်စောင်ပေးပို့ခဲ့သည်။ ပထမသံကြိုးစာတွင် 'ဘုရင်ခံ ဒေါ်မန်စမစ်ကို ဗိုလ်ချုပ်အောင်ဆန်းအား အရေးယူရန် ခွင့်ပြုသင့်သည်'ဟု ပါရှိပြီး ဒုတိ သံကြိုးစာတွင်မူ 'ဗိုလ်ချုပ်အောင်ဆန်းကို အရေးယူရန်မှာ အထောက်အထားမပြည့်စုံသေး သိရသည်။ သို့ရာတွင် လက်ရှိစုံစမ်းသိရှိထားသမျှအထောက်အထားများအရ အရေးယူမည် လျှင် ဆက်လက်ဆောင်ရွက်ပါ။ သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းကို မဖမ်းဆီးမီ မြန်မာပြည်မှ များကို ပြောင်းရွှေ့နေရာချထားရန်လိုအပ်မည်' စသည်ဖြင့် ဖော်ပြထားလေသည်။ ၂၂-၅- နေ့တွင်မူ ဘုရင်ခံက မြန်မာပြည်ဆိုင်ရာ အတွင်းဝန်ချုပ်ထံသို့ 'နောက်ထပ်အမိန့် တစ်စုံတစ် မရမချင်း ဗိုလ်ချုပ်အောင်ဆန်းကို မဖမ်းဆီးသေးပါ'ဟု အစီရင်ခံခဲ့လေသည်။

ဤတွင် အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ တုံ့ပြန်ချက်ကိုလည်း ဖော်ပြလိုပါသည်။ ဗိုလ်ချုပ်သည် မိမိအပေါ် နိုင်ငံရေးသမားတစ်ဦးက အတိအလင်းစွပ်စွဲထား အရလည်းကောင်း၊ ဘုရင်ခံနှင့်တကွ အပေါင်းပါများက ဖမ်းဆီးအရေးယူရန် ကြံရွယ်သည် တစ်ဆင့်စကားဖြင့် ကြားသိဟန်တူ၍လည်းကောင်း ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့လေသည်

ဗိုလ်ချုပ်၏ ကြေညာချက်မှာ ၆-၄-၄၆ နေ့စွဲတပ်ထားပြီး သတင်းစုံဂျာနယ်တွင် ၁၉၄၆ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင်လည်းကောင်း၊ ပြည်သူ့သတင်းစာတွင် ၁၉၄၆ ခုနှစ် ဧပြီလ ရက် နေ့တွင်လည်းကောင်း အပြည့်အစုံဖော်ပြပါရှိလေသည်။ သတင်းစုံဂျာနယ်က ကြေညာချက် 'ကျွန်ုပ်၏လိပ်ပြာမှာ အမြဲသန့်ရှင်းလျက်'ဟု ခေါင်းစီးတပ်ပြီး ပြည်သူ့သတင်းစာကမူ 'သမာ မတ်ကြားခုံတွင်စစ်မှတရားလမ်းမှန် ပေါ်လာနိုင်မည်'ဟု ခေါင်းစီးတပ်ထားပေသည်။

ဗိုလ်ချုပ်၏ ကြေညာချက်တွင် "လူသတ်မှုဆိုသော အမှုတစ်မှုမှလွဲလျှင် အခြားအမှု





မှာ ကျွန်ုပ်နှင့်မဆိုင်။ ရွာတစ်ရွာမှ သူကြီးမှာ ရွာသူရွာသားများအပေါ် အလွန်ဆိုးသွမ်းပြီးရက်စက် ညှဉ်းပန်းခဲ့ခြင်းကြောင့် ၁၉၄၂ ခုနှစ်ဦးပိုင်းတွင် ဗြိတိသျှအစိုးရတို့ တနင်္သာရီနယ်မှ ဆုတ်ခွာသွား သောအခါ သူ့အား ရွာသားများက ဖမ်းဆီး၍ သထုံခရိုင်သို့ရှေးဦးစွာ ရောက်လာသော ဘီအိုင်အေ အားအပ်နှံကြောင်း၊ တရားခံ၏ကျူးလွန်ချက်များအရ သူ့အားသေဒဏ်အပြစ်ပေးရမှုဖြစ်မည့် အကြောင်းကိုလည်း ကျွန်ုပ်အား အစီရင်ခံလေသည်။ ကျွန်ုပ်က ဤသို့ဖြစ်လျှင် သူ့ကိုသတ်ပစ်ရ မည်ဟု ပြောလိုက်ပြီးနောက် တရားစီရင်လိုက်လေသည်"စသည်ဖြင့် ဖော်ပြပါရှိလေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ လူသိရှင်ကြားကြေညာချက်တွင် အမှုနှင့်ပတ်သက်၍ငြင်းဆို ကွယ်ဝှက်ခြင်းမရှိ၊ ထိုစဉ်က တိုင်းပြည်၏စစ်အတွင်းကာလအ ခြေအနေနှင့်ဖြစ်မှုများအရ တရား စီရင်လိုက်ရကြောင်း ဝန်ခံဖော်ပြထားပေသည်။ ထိုသို့ဗိုလ်ချုပ်အောင်ဆန်းက မိမိအပေါ် စွပ်စွဲထား ချက်ကိုမငြင်းကွယ်ဘဲ အမှန်တရားကို ထုတ်ဖော်ကြေညာလိုက်သည့်အခါတွင် ဗိုလ်ချုပ်အောင် ဆန်းကို အရေးယူရန်ကြံရွယ်သူများ ဗျာများသွားတော့သည်။ ၎င်းအပြင် ဗိုလ်ချုပ်သည် ဘုရင်ခံနှင့် တွေ့ဆုံရာ၌လည်း အမှုအတွက် မငြင်းကွယ်ဘဲ ဟုတ်မှန်ကြောင်းဝန်ခံပြီး စစ်အတွင်းစစ်အုပ်ချုပ် ရေးအဖွဲ့အနေဖြင့်အရေးယူခဲ့ရကြောင်း ပြောဆိုခဲ့ပေသည်။ ထို့ကြောင့်ပင်လျှင် ဘုရင်ခံဆာဒေါ်မန် စမစ်သည် မြန်မာပြည်ဆိုင်ရာအတွင်းဝန်ချုပ်ထံသို့ ၁၉၄၆ ခုနှစ် မေလ ၂၄ ရက်နေ့စွဲဖြင့် အစီရင်ခံ ရာ၌-

"၂၃ ရက်နေ့ ညနေတွင်ဗိုလ်ချုပ်အောင်ဆန်းလာရောက်တွေ့ဆုံသည်။ မြန်မာပြည်၏ နိုင်ငံရေး စစ်ရေးအုပ်ချုပ်ရေးကိစ္စရပ်များကို ဆွေးနွေးပြီးနောက် ဗိုလ်ချုပ်အောင်ဆန်း၏ အမှုကိစ္စကို ဆွေးနွေးသည်။ ဗိုလ်ချုပ်က ဗြိတိသျှအစိုးရတို့ ကြားသိထားသောအမှုမှာ မှန်ကန်ကြောင်းဝန်ခံ သည်။ ထိုအချိန်က တရားရုံးမရှိ အုပ်ချုပ်ရေးမရှိဘဲ တိုင်းပြည်ပျက်နေချိန်ဖြစ်၍ မင်းမဲ့တိုင်းပြည် မဟုတ်ကြောင်း သိသာရန်ရွာသားများအပေါ် ဗိုလ်ကျခဲ့သော သူကြီးကိုသေဒဏ်ချမှတ်ခဲ့ ခြင်းသာ ဖြစ်ကြောင်းပြောကြားသည်။ ၎င်းအမှုကိစ္စနှင့်ပတ်သက်၍ (မိမိတို့က)မည်သို့မည်ပုံအရေးယူမည် နည်းဆိုသည်ကိုမူ လုံးဝမစုံစမ်းချေ။ အကယ်၍ဗိုလ်ချုပ်အောင်ဆန်းသာ မိမိတို့အစိုးရအဖွဲ့ထဲ ဝင်လာနိုင်မည်ဆိုလျှင် ပြဿနာအရပ်ရပ်ပြေလည်သွားမည်ဖြစ်သည်။ သို့ရာတွင် ဗိုလ်ချုပ် အောင်ဆန်းကို အရေးယူမည်ဆိုသည့်ကိစ္စကြောင့် မိမိတို့အစိုးရအဖွဲ့ထဲ ဗိုလ်ချုပ်အောင်ဆန်းပါ ဝင်လာရေးတွင် အဟန့်အတားဖြစ်နေသည်။ ၎င်းအပြင်ပုလိပ်ဘက်မှ စုံစမ်းချက်များမှာလည်း မရေမရာဖြစ်ကောင်းဖြစ်နိုင်ပေသည်"ဟူ၍ ဖော်ပြခဲ့လေသည်။

ထိုသို့ ဗိုလ်ချုပ်အောင်ဆန်းကို အရေးယူရန်ကြံစည်ဆဲမှာပင် ဘုရင်ခံဆာဒေါ်မန်စမစ် ကျန်းမာရေးချို့ယွင်း၍ဟု အကြောင်းပြကာ ၁၉၄၆ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင် မြန်မာပြည်မှ အင်္ဂလန် ပြည်သို့ ပြန်သွားသည်။ ဘုရင်ခံရာထူးကို ယာယီအဖြစ် ဆာဟင်နရီနိုက်က ဆာဒေါ်မန်စမစ်ထံမှ ဇွန်လ ၁၁ ရက်နေ့တွင် လွှဲပြောင်းလက်ခံခဲ့လေသည်။

ဗိုလ်ချုပ်အောင်ဆန်းအပေါ် အရေးယူရန် သင့်မသင့်ဆွေးနွေးကြရာတွင် ထိုစဉ်က ယာယီတရားဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်နေသူမစ္စတာဒန်ကလေက 'ဗိုလ်ချုပ်အောင်ဆန်းကို တရားစွဲဆိုသင့်သည်။ ပြီးမှ အချက်အလက်များ အပေါ် မူတည်ပြီး အပြစ်မရှိဟုစီရင်ချက်ချကာ



www.burmeseclassic.com

www.burmeseclassic.com



လွှတ်သင့်သည်'ဟု အကြံပြုလေသည်။

မြန်မာပြည်ဆိုင်ရာ အတွင်းဝန်ချုပ်ဖြစ်သူ လော့ဒ်ပက်သစ်လောရင့်ကမူ 'ဗိုလ်ချု အောင်ဆန်းသည် ဗြိတိသျှအစိုးရကို အန်တုတော်လှန်ခဲ့သူဖြစ်သော်လည်း ဗြိတိသျှအစိုး အရေးမယူခဲ့ပေ။ မဟာမိတ်တပ်ပေါင်းစု၏ စစ်သေနာပတိချုပ်ကလည်း ဗိုလ်ချုပ်ကိုတော်လှ ရေးခေါင်းဆောင်တစ်ဦးအဖြစ် အသိအမှတ်ပြုခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ အကူအညီကို ရယူ သည်။ ဤကဲ့သို့ တော်လှန်ရေးခေါင်းဆောင်အဖြစ် အသိအမှတ်ပြုပြီး အကူအညီရယူပြီးက လူသတ်မှုနှင့်အရေးယူရမည်ဆိုသည်မှာ ယုတ္တိမတန်ဟုထင်မြင်မိသည်။ ၎င်းအပြင် ဖြစ်မှု ကျူးလွန်ချိန်တွင် ဗြိတိသျှအုပ်ချုပ်ရေးလည်းမရှိ၊ အုပ်ချုပ်ရေးအသစ်လည်း မရောက်သေး စစ်ကာလဖြစ်၍ ၎င်း၏ဆောင်ရွက်ချက်မှာ တရားမျှတမှုရှိကြောင်း ပေါ်လွင်လာနိုင်သည် ကျူးလွန်ခဲ့သည်ဆိုသော အမှုမှာ ကြာမြင့်ခဲ့ပြီဖြစ်၍လည်း အထောက်အထားခိုင်လုံစွာရရှိ ခက်ခဲလိမ့်မည်။ ထို့ကြောင့် ၎င်းပြစ်မှုကိုမည်သည့်နည်းဖြင့် လျှော်ပစ်နိုင်သည်ကို အကြံပြု လိုသည်။ ကျွန်ုပ်၏ဆန္ဒမှာ ဗိုလ်ချုပ်ကို တရားခွင်မတင်ဘဲလျှော်ပစ်စေချင်သည်'ဟူ၍ ထိုစဉ် ယာယီဘုရင်ခံဖြစ်သူ ဆာဟင်နရီနိုက်ထံ ၁၁-၇-၄၆ နေ့တွင် အကြောင်းကြားခဲ့သည်။ ယာ ဘုရင်ခံဖြစ်သူ ဆာဟင်နရီနိုက်ကား ခေသူမဟုတ်။ ဗြိတိသျှတို့၏ ကိုလိုနီအုပ်ချုပ်ရေးယန္တရား ဝါရင့်သူတစ်ဦးဖြစ်ပေသည်။ ၎င်းက မိမိသည် ယာယီဘုရင်ခံတစ်ဦးအနေဖြင့် လွတ်ငြိမ်းချမ်းသာ ခွင့်ဥပဒေကို ထုတ်ပြန်ခွင့်ရှိသူတစ်ဦးဖြစ်ပါသည်ဟု အကြောင်းပြန်ကာ ၁၆-၇-၄၆ နေ့ မြန်မာပြည်ဆိုင်ရာ အတွင်းဝန်ချုပ်ထံ 'စစ်အတွင်း ပြစ်မှုကျူးလွန်သူများ လွတ်ငြိမ်းချမ်းသာ ဥပဒေ(၁၉၄၆) မူကြမ်း'ကို ရေးဆွဲတင်ပြခဲ့သည်။ ဤဥပဒေကြမ်းကို သဘောတူအတည်ပြုပါ ဗိုလ်ချုပ်ကိုတရားစွဲအရေးယူခြင်းမပြုနိုင်ရန် ဥပဒေတစ်ရပ်အဖြစ် အမြန်ဆုံးထုတ်ပြန်မည်။ ယာ တရားဝန်ကြီးချုပ်ကလည်း သဘောတူပါသည်ဟု အကြောင်းပြန်ကြားခဲ့လေသည်။

ထိုအခါ မြန်မာပြည်ဆိုင်ရာ အတွင်းဝန်ချုပ်က ၂၂-၇-၄၆ နေ့စွဲဖြင့် ယာယီဘုရင်ခံ သို့ 'တင်ပြသော ဥပဒေမူကြမ်းကို နန်းရင်းဝန်ကလည်းသဘောတူသည်။ သင်၏အစီရင်ခံစာ ယာယီတရားဝန်ကြီးချုပ်နှင့် အခြားဥပဒေအကြံပေးအရာရှိများကလည်း သဘောတူကြောင်း သိရသည်။ အစီရင်ခံစာပါအတိုင်း ဆက်လက်ဆောင်ရွက်ပါ'ဟု ပြန်လည်ညွှန်ကြားခဲ့လေသည်။

အထက်ပါ ဥပဒေမူကြမ်းကို ဥပဒေတစ်ရပ်အဖြစ် အတည်ပြုကြေညာလိုက်ခြင်းဖြင့် ဗိုလ်ချုပ်အောင်ဆန်းကို အရေးယူရန်ကိစ္စမှာလည်းပပျောက်သွားတော့သည်။ (မည်သည့်နေ့ ဥပဒေထုတ်ပြန်ခဲ့သည်ကိုမူ ရှာဖွေ၍မတွေ့ရှိပါ)

၁၉၄၆ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင် မြန်မာပြည်ဘုရင်ခံဆာဒေါ်မန်စမစ်ရာထူး နုတ်ထွက်ကြောင်း ကြေညာပြီးနောက် မြန်မာပြည်ဘုရင်ခံအဖြစ် ဆာဟူးဘတ်ရန့်စ်ကို ခန့်ထား ကြောင်းတစ်ပါတည်း ကြေညာသည်။ ဘုရင်ခံဆာဟူးဘတ်ရန့်စ်သည် ယာယီဘုရင်ခံ နိုက်ထံမှ တာဝန်ကို ၃၁-၈-၄၆ နေ့တွင် လက်ခံလွှဲပြောင်းယူလေသည်။ ဆာဟူးဘတ်ရန့်စ်သည် နိုင်ငံ အခြေအနေအရ ဗိုလ်ချုပ်အောင်ဆန်းနှင့်ဆွေးနွေးကာ ဖဆပလအဖွဲ့အား အုပ်ချုပ်ရေးအာဏာ အပ်နှင်းရန်စိုင်းပြင်းရလေတော့သည်။ ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် ဗိုလ်ချုပ်





အောင်ဆန်း ဒုတိယဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်သည့်ဘုရင်ခံ၏ အမှုဆောင်ကောင်စီပေါ် ပေါက်လာခဲ့လေသည်။

အထက်ပါအကြောင်းအရာများကို ခြုံ၍ကြည့်လျှင် ဗမာသစ္စာဖောက်များနှင့် ဗြိတိသျှ ဗျူရိုကရေစီယန္တရားမှ ပုဂ္ဂိုလ်အချို့သည် ဗိုလ်ချုပ်အောင်ဆန်းကိုအရေးယူရန် ကြံစည်ခဲ့သော်လည်း မြန်မာပြည်၏နိုးကြားသော နိုင်ငံရေးအခြေအနေအရလည်းကောင်း၊ နိုင်ငံရေးအမြော်အမြင်ရှိသူပုဂ္ဂိုလ်များကြောင့်လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းကို အရေးမယူခဲ့သည်သာမက ဘုရင်ခံ၏အမှုဆောင်ကောင်စီ၌ပင်ပါဝင်စေခဲ့ကြောင်း ထင်ရှားလေတော့သည်။ ။

[ဝန်ခံချက်။ ။အထက်ပါ အကြောင်းအရာအချက်အလက်များကို ၁၉၈၃ခုနှစ်တွင် Her Majesty's Stationery Office က ထုတ်ဝေပြီး၊ Hugh Tinker တည်းဖြတ်သည့် Burma:the Struggle for Independence, 1944-48 စာအုပ်မှ ကောက်နုတ်ဘာသာပြန်ထားခြင်းဖြစ်ပါသည်။ ဤဆောင်းပါးဖြစ်မြောက်ရေးအတွက် ကူညီသည့် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူးဦးသော်ကောင်းကို အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။]

[စာမော်ကွန်းမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၈၈]



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိစာအုပ်များ

**စိုးရှိန်**

ဗိုလ်ချုပ်အောင်ဆန်း ရေတိမ်နစ်ခဲ့သည်မှာ ၂၀ နှစ်ရှိပြီဖြစ်သော်လည်း ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိဟူ၍ ခိုင်ခိုင်မာမာခံ့ခံ့ညားညား မရှိသေးချေ။ ဗိုလ်ချုပ်၏ မိတ်ဆွေများ ရဲဘော်များက မိမိတို့တွေ့ရာမြင်ရာ ရှုထောင့်များမှ ရေးသားထားချက်များကို စုစည်းရိုက်နှိပ်ထားသည့် စာအုပ်များသာ ပေါ်ထွက်ခဲ့ပါသည်။ သို့ရာတွင် အဆိုးထဲမှ အကောင်းကို ရှာရစ်မြဲဖြစ်ရာ လုံးဝမရှိသေးသည်နှင့်စာလျှင် တော်သေးသည်ဟုသာ နှစ်သိမ့်ရတော့သည်။

ယနေ့အထိ ထုတ်ဝေပြီးသည့်စာအုပ်များအနက် ပထမဆုံး ဖော်ပြလိုသည့်စာအုပ်မှာ ဗိုလ်အေးမောင်ရေးသည့် **ဗိုလ်ချုပ်အောင်ဆန်း** စာအုပ်ဖြစ်ပါသည်။ ယင်းစာအုပ်ကို ၁၉၅၁ ခုနှစ်တွင် စာပေဗိမာန်မှ ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။ ဤစာအုပ်ငယ်တွင် ဗိုလ်ချုပ်၏အတ္ထုပ္ပတ္တိကို တိုတိုတုတ်တုတ်နှင့် လိုရင်းကိုသာရေးထားသည်ကို တွေ့ရပေသည်။ စာပေ ဗိမာန်မှ ပြည်တော်သာ စာစဉ်အဖြစ် ထုတ်ဝေခြင်းဖြစ်၍ မြန်မာစာဖတ်သူတိုင်း ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ထုတ်ဝေဟန်တူပါသည်။ စာပေဗိမာန်၏ ရည်ရွယ်ချက်မှာ ထမြောက်အောင်မြင်သည်ဟု ဆိုနိုင်ပေသည်။ ဤစာအုပ်ငယ်ကို ဖတ်နိုင်လောက်အောင် 'စာသွား' သူသည် ဗိုလ်ချုပ်အတ္ထုပ္ပတ္တိကို လွယ်လွယ်ကူကူနှင့် သိရှိသဘောပေါက်နိုင်မည်ဖြစ်သည်။ ဗိုလ်ချုပ်အတ္ထုပ္ပတ္တိသံခိပ်ဟု ခေါ်နိုင်ပါသည်။

နောက်တစ်အုပ်မှာ တက္ကသိုလ်နေဝင်း အမည်ခံ ဗိုလ်ထွန်းလှရေးသည့် **'ဗိုလ်ချုပ်အောင်**



**ဆန်း (ဗမာ့လွတ်လပ်ရေး ဗိသုကာ)'** စာအုပ်ဖြစ်ပါသည်။ ၁၉၅၅ ခုနှစ်တွင် သမာမိတ္တမှ ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။ ဗိုလ်ထွန်းလှသည် တော်လှန်ရေးပြီးသည်မှစ၍ ဗိုလ်ချုပ် ကျဆုံးသည့်အချိန်အထိ ဗိုလ်ချုပ်၏အပါးတော်မြဲအဖြစ် အမှုထမ်းခဲ့သူဖြစ်သည်။ ဗမာပြည်အတွင်း ဗိုလ်ချုပ်ခရီးထွက်လေရာတွင် လိုက်ပါခဲ့သူ ဖြစ်ရုံမျှမက ၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် ဗိုလ်ချုပ် ဘိလပ်သို့သွားစဉ်ကလည်း အတူလိုက်ပါသွားရသူဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေါင်းပါ ဝန်ကြီးများ လုပ်ကြံခံရစဉ်က ကပ်လျက်ရှိသည့် အခန်းတွင်ရှိနေပြီး လူသတ်သမားများ ထွက်ခွာ သွားပြီးနောက် ဗိုလ်ချုပ်တို့ကျဆုံးရာ အခန်းတွင်းသို့ ပထမဆုံးရောက်ရှိသွားသူလည်း ဖြစ်သည်။ ဗိုလ်ထွန်းလှသည် ဤစာအုပ်ကို ရေးရာ၌အကွက်ချ၍ ရေးထားသည်ကို တွေ့ရသည်။ အခန်း ပေါင်း (၂၀) ခွဲထားပြီး မျိုးရိုးဇာတိ၊ နိုင်ငံရေးဗီဇ၊ စစ်သူကြီးဗိုလ်ချုပ်အောင်ဆန်း၊ လူကိုလေ့လာခြင်း စသဖြင့် ကဏ္ဍအလိုက် ခွဲခြားထားသည်မှာ စာဖတ်သူများအတွက် စိတ်ဝင်စားဖွယ်ရာ ဖြစ်ပါသည်။ ၎င်းအပြင် ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝမှတ်တမ်းမှ ဖြစ်ရပ်အချို့ကို ရွေးချယ်ဖတ်လိုသူများ အဖို့ လွယ်ကူစေပါသည်။ ဤစာအုပ်တွင် အတ္ထုပ္ပတ္တိသက်သက်ကို ဖော်ပြရုံမကဘဲ လိုအပ်သည့် နေရာများတွင် စာရေးသူ၏ မှတ်ချက်များပါ ထည့်ထားသည်ကို တွေ့ရသည်။ နိဂုံးတွင် ဗိုလ်ချုပ် အောင်ဆန်း၏ အတွေးအခေါ်၊ မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်များကိုပါ လေ့လာထားသည်ကို တွေ့ရပါသည်။ ဗိုလ်ထွန်းလှသည် ဖက်ဆစ်တော်လှန်ရေးပြီးချိန်လောက်မှစ၍ ဗိုလ်ချုပ်အောင်ဆန်းကို နီးနီးကပ်ကပ်လေ့လာခွင့်ရသူ တစ်ဦးဖြစ်ပေသည်။ ဤစာအုပ်တွင် ဗိုလ်ချုပ်၏ဘဝကို ပီပီပြင်ပြင်ပေါ်လွင်ရန် အားထုတ်ထားသည်ကို တွေ့ရပေသည်။ သူ၏အားထုတ်ချက်မှာ အောင်မြင်သင့်သလောက် အောင်မြင်သည်ဟုဆိုရပေမည်။ သို့ရာတွင် နောက်အလျဉ်းသင့်၍ ထပ်မံထုတ်ဝေပါမူ အချို့သော အချက်အလက်များကို ပြန်လည်စိစစ်ရန်သင့်သည်ဟု ထင်ပါသည်။

ဥပမာပြရလျှင် အများသိထားသည့် ဗိုလ်ချုပ်အောင်ဆန်းလက်ထပ်သည့်နေ့မှာ ၁၉၄၂ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့ဖြစ်ပါသည်။ သို့ရာတွင် ဤစာအုပ်မှစာမျက်နှာ ၇၃ တွင် "၁၉၄၂ ခုနှစ် မေလ မိုးပေါက်ကလေးတွေ တဖွဲဖွဲရွာခါစ ဝသန်ဦးရာသီ" ဟူ၍ဖော်ပြထားပါသည်။ အသေးအမွှားဟုခေါ်ဆိုနိုင်စေကာမူလည်း ဗိုလ်ချုပ်အကြောင်းလေ့လာလိုသူများအတွက် အမှတ်အသားလွဲသွားနိုင်စရာအကြောင်းရှိပါသည်။ ဗိုလ်ချုပ်တို့ ကျဆုံးခြင်းနှင့်ပတ်သက်၍ ဗိုလ်ထွန်းလှ၏ ဖော်ပြချက်သည် အပြည့်စုံဆုံး၊ အခိုင်မာဆုံးဟုဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ဗိုလ်ထွန်းလှသည် တာဝန်အရဗိုလ်ချုပ်တို့ကျဆုံးသည့်အခန်းတွင်းသို့ ပထမဆုံးရောက်ရှိခဲ့သူဖြစ်၍ပင်တည်း။

သမာမိတ္တမှထုတ်သည့် စာအုပ်မှာ ယခုအခါတွင် ဝယ်ယူ၍မရနိုင်အောင် ရှားပါးနေပါသည်။ ၁၉၆၇ ခုနှစ်တွင် မော်မော်ဝင်း စာပေတိုက်မှ ထုတ်ဝေသည့် **အောင်ဆန်းဦးတို့အဖေ** စာအုပ်မှာ ယင်းစာအုပ်ကို အမည်သစ်ဖြင့် ပြန်လည်ထုတ်ဝေထားခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

နောက်တစ်အုပ်မှာ စာရေးဆရာ မောင်ထင် (ဦးထင်ဖတ်) ရေးသားပြုစုသည့် **ဗမာ့နိုင်ငံရေးသုခမိန်**စာအုပ်ပင် ဖြစ်ပါသည်။ ဤစာအုပ်ကို ၁၉၆၅ ခုနှစ်တွင် နှလုံးလှမှ ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။ ဤစာအုပ်မှာ ယခင်က ရှုမဝ၊ သွေးသောက်၊ ပေဖူးလွှာနှင့်မြဝတီမဂ္ဂဇင်းများတွင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးထင်ဖတ် ရေးသားခဲ့သည့်ဆောင်းပါးများကို ပြန်လည်စုရုံး ရိုက်နှိပ်ထားခြင်းဖြစ်ပါသ ဤစာအုပ်တွင် ဆောင်းပါးပေါင်း ၁၅ ပုဒ်ပါရှိသော်လည်း ဗိုလ်ချုပ်အကြောင်းရေးထား ဆောင်းပါးမှာ ရှစ်ပုဒ်မျှသာ ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏စရိုက်၊ ဗိုလ်ချုပ်အောင်ဆန်း၏ နှင့် ဗိုလ်ချုပ်၏အရည်အသွေးများကို ဖော်ပြအကဲဖြတ်ထားသော ဆောင်းပါးများဖြစ် ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိသက်သက်မဟုတ်ဘဲ ဗိုလ်ချုပ်၏စေတနာနှင့်စေတ အဘယ်ပုံရှိခဲ့သည်တို ဖော်ပြထားခြင်းဖြစ်၍ သုတေတီများအတွက် အလွန်တန်ဖိုးရှိသည့် ဆော ပါးများဖြစ်ပါသည်။ ဤကဲ့သို့ ဗိုလ်ချုပ်၏စေတနာနှင့် စေတသိက်ကို ပေါ်လွင်အောင်ဖော်ပြနို မှာလည်း ဆရာဦးထင်ဖတ်သည် ဗိုလ်ချုပ်၏ ငယ်ပေါင်းမဟုတ်သော်လည်း ကြီးဖော် တစ်ဦး ဖြင့် တက္ကသိုလ်တွင်လည်းကောင်း၊ အစိုးရဝန်ထမ်းအနေဖြင့်လည်းကောင်း ဗိုလ်ချုပ်ကို ကပ်ကပ်လေ့လာခွင့်ရခဲ့၍ပင်ဖြစ်ပါသည်။ ဗိုလ်ချုပ်နှင့် နီးနီးကပ်ကပ်နေခဲ့ရသူ အများ ပင်ရှိသော်လည်း ဂရုမထားမိ၍သော်လည်းကောင်း၊ ကလောင်မနိုင်၍သော်လည်းကောင်း ဗိုလ်ချုပ်၏ ရုပ်လုံးပေါ်အောင် ဖော်နိုင်စွမ်းရှိသူ နည်းပါးခဲ့ပါသည်။

ဆရာဦးထင်ဖတ်မှာမူ မြင်တွေ့ကြားသိရသမျှကိုပြန်၍ ဖောက်သည်ချရုံမျှမက ဗိုလ် သည် (၂၀) ရာစုနှစ် ဗမာ့နိုင်ငံရေးသုခမိန်ဟူသော ဘွဲ့ထူးနှင့်တန်မတန်ကိုပါ ဝေဖန်အကဲ သူတစ်ဦးဖြစ်ပေသည်။ ထို့ကြောင့် **ဗမာ့နိုင်ငံရေးသုခမိန်**သည်လည်း ဗိုလ်ချုပ်အကြောင်း သု သနပြုလိုသူများအတွက် စာအုပ်ကောင်းတစ်အုပ်ဖြစ်လာပေသည်။ ဤစာအုပ်၏အခြား ကောင်းတစ်ရပ်မှာ ယခင်ကရေးသားခဲ့သည့် ဆောင်းပါးများကို မည်သည့်နှစ်က မည် မဂ္ဂဇင်းတွင် ဖော်ပြပြီးဖြစ်သည်ကို "စာပြီးနှစ်" ဟူသော ခေါင်းစဉ်ဖြင့်ဖော်ပြထားခြင်း ဖြစ်ပါသ သုတေသီများအတွက် အဖိုးတန်သည့် ဖော်ပြချက်တစ်ရပ်ဖြစ်ပါသည်။

၁၉၆၅ ခုနှစ်တွင် ပုဂံစာအုပ်တိုက်မှလည်း **အောင်ဆန်း** ဟူသောအမည်ဖြင့် စာ တစ်အုပ်ထုတ်ဝေခဲ့ပါသည်။ စာရေးသူမှာ ဗိုလ်ချုပ်အောင်ဆန်း၏အစ်ကို ဦးအောင်သ ပါသည်။ ဤစာအုပ်ထွက်တော့မည်ဟုကြေညာသည့်အခါတွင် ဗိုလ်ချုပ်အောင်ဆန်းအကြော စိတ်ပါဝင်စားသူများနှင့် လေ့လာသူများအားလုံးပင် မျှော်လင့်ချက်တစ်ရပ်ထားခဲ့ပါသည်။ ဗိုလ် အောင်ဆန်း၏ လူမသိသေးသည့်စရိုက်များ၊ လူထဲကလူဆန်သည့် ဖြစ်စဉ်များကို ဖတ်ရတော့ ဟူသော မျှော်လင့်ချက်ပင်ဖြစ်ပါသည်။ သို့ရာတွင် ဤစာအုပ်မှာ ဗိုလ်ချုပ်အတ္ထုပ္ပတ္တိကို သမ အတိုင်း ရေးသားသည်ကို တွေ့ရပါသည်။ အကယ်၍သမားရိုးကျအတိုင်းမဟုတ်မူဘဲ အစ်ကို ကညီငယ်တစ်ဦးကို မြင်သည့် အမြင်မျိုးဖြင့် လူမသိသေးသည့် ဗိုလ်ချုပ်၏ပင်ကိုစရိုက်နှင့် ဝီ များကို ဖော်ထုတ်ရေးသားခဲ့ပါလျှင် ဤစာအုပ်သည် သုတေသီများအတွက် အထောက် အကူရ အခြားသောဗိုလ်ချုပ်အတ္ထုပ္ပတ္တိစာအုပ်များနှင့် ကွဲပြားသွားနိုင်ဖွယ်ရာအကြောင်း ရှိပါသည်။ ယ အတ္ထုပ္ပတ္တိစာအုပ်များထဲမှ အတ္ထုပ္ပတ္တိစာအုပ်တစ်အုပ်သာဖြစ်နေပါသည်။

ထပ်မံဖော်ပြလိုသည့် စာအုပ်မှာ ၁၉၆၆ ခုနှစ်တွင် ကံ့ပျော်စာပေမှ ထုတ်ဝေ **မေ့ပျောက်မရသော အောင်ဆန်း** စာအုပ်ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီး နောက် ဗိုလ်ချုပ်အကြောင်းကို စာနယ်ဇင်းများတွင် ရေးသားကြသည်။ ရေးသားကြသူများ





ဗိုလ်ချုပ်နှင့်ရင်းနှီးခဲ့သူများ၊ ခေတ္တခဏမျှသိကျွမ်းခဲ့သူများ၊ စစ်ရေးနိုင်ငံရေးတွင် အတူလက်တွဲ၍ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့သူများ အစရှိသဖြင့် လူမျိုးစုံပါဝင်သည်။ အဆုံးစွန်အနေဖြင့် ဗိုလ်ချုပ်တို့နှင့်အတူ လုပ်ကြံခံခဲ့ရပြီး အသက်ဘေးမှ လွတ်မြောက်ခဲ့သူဝန်ကြီးတစ်ဦးပင်ပါဝင်သည်။ ဤမျှ လူစုံတက်စုံရေးသားခဲ့သည့် ဆောင်းပါးပေါင်းမှာ ၁၂၀ ကျော်မျှရှိသည်။ မေ့ပျောက်မရသော အောင်ဆန်းသည် ထိုဆောင်းပါးများအနက်မှ လက်လှမ်းမီရာဆောင်းပါး ၂၀ ပုဒ်နှင့် ကဗျာတစ်ပုဒ်ကို စုပေါင်းရိုက်နှိပ်ထားဟန်တူပါသည်။ ထိုစာအုပ်ပါဆောင်းပါးများကို ရေးသူများမှာ ဗိုလ်ချုပ်နှင့် နီးနီးကပ်ကပ်နေခဲ့ရသူများ၊ သို့မဟုတ် ဆုံစည်းခဲ့သူများဖြစ်ကြပါသည်။ ထိုသူများက မိမိတို့ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြန်လည်ရေးသားခြင်းဖြစ်၍ ဆောင်းပါးတိုင်း လိုလိုပင် စိတ်ဝင်စားဖွယ်ရာကောင်းပြီး ဗိုလ်ချုပ်အတ္ထုပ္ပတ္တိသုတေသနပြုလိုသူများအတွက် အထောက်အကူ ရစေနိုင်မည့်ဆောင်းပါးများဖြစ်ပါသည်။ ဤဆောင်းပါးများကိုဖတ်လျှင် ဗိုလ်ချုပ်၏စိတ်နေစိတ် ထားများကို ခန့်မှန်းနိုင်မည်ဖြစ်ပါသည်။

နောက်တစ်အုပ်မှာ **ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ** စာအုပ်ဖြစ်ပါသည်။ ၁၉၅၁ ခုနှစ် တွင်ရဲဘော်စာအုပ်တိုက်မှ ထုတ်ဝေခြင်းဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ ဆောင်းပါးနှင့်တကွ စာရေးဆရာ ရဲဘော်၊ သခင်နှင့်ကျောင်းနေဖက်များ စုပေါင်းရေးသားခြင်း ဖြစ်ပါသည်။ ရှာဖွေစုဆောင်းထုတ်ဝေသူမှာ ဗိုလ်သိမ်းဆွေ (ယခုရှင်သာသနဝိသုဒ္ဓိ) ဖြစ်ပါသည်။ ဗိုလ်ချုပ်ကျဆုံးပြီးသည့်နောက် ပထမဆုံးထုတ်ဝေသည့် စာအုပ်ဖြစ်သည်သာမက၊ စာရေးဆရာ ပေါင်းစုံရေးသည့်စာအုပ်လည်းဖြစ်ပါသည်။ အထူးသဖြင့် နိုင်ငံရေးနှင့်စာပေနယ်တွင် ထင်ရှား သည့် ပုဂ္ဂိုလ်များရေးသားသည့်ဆောင်းပါးများပါဝင်ပါသည်။ ပုဂ္ဂိုလ်တစ်ဦး၏အကြောင်းကို ရှုထောင့် အမျိုးမျိုးမှ ရေးထားသည့်ဆောင်းပါးပဒေသာစာအုပ်ဟုဆိုကဆိုနိုင်ပါသည်။ သို့ရာတွင် မိမိတို့တွေ့ ကြုံရသည့်ကဏ္ဍများကိုသာ ရေးထားခြင်းဖြစ်ရာ ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝဖြစ်စဉ်ကို အမျှင် မပြတ်ဖတ်လိုသူများကို မချင့်မရဲ ဖြစ်စေပါသည်။ ဆောင်းပါးတိုင်းမှာမူ အဖိုးတန်ဆောင်းပါးများ ဖြစ်ပါသည်။

ဗိုလ်ချုပ်အတ္ထုပ္ပတ္တိစာအုပ်စာရင်းထဲတွင် ထည့်သွင်းနိုင်သည့်နောက်စာအုပ်မှာ ဦးပု ကလေးရေးသည့် **ငါတို့ ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ** စာအုပ်ဖြစ်ပါသည်။ ၁၉၄၇ ခုနှစ်တွင် အောင်ရီကထုတ်ဝေခဲ့ပြီး သုံးတွဲထွက်ခဲ့ပါသည်။ (၁၉၆၇ ခုနှစ်တွင် နေစိုးရှိန်စာပေမှ သုံးတွဲလုံး ပေါင်း၍ **ငါတို့ ဗိုလ်ချုပ်**အမည်ဖြင့် ပြန်လည်ရိုက်နှိပ်ပါသည်) ဦးပုကလေးမှာ ၁၉၄၆ ခုနှစ်မှစ၍ ဗိုလ်ချုပ်ခရီးထွက်လေရာတွင် လိုက်ပါရသည့်သတင်းစာဆရာတစ်ဦးဖြစ်ပါသည်။ ထို့ကြောင့် ဗိုလ်ချုပ်၏ စစ်ပြီးခေတ်လုပ်ဆောင်ချက်များကို နေ့စွဲများနှင့်တကွ မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ၁၉၄၆-၄၇ ခုနှစ်အတွင်း ဗိုလ်ချုပ်၏ခရီးစဉ်များ၊ ဟောပြောချက်များကို **နေ့စွဲအတိအကျ**ဖြင့် သိလိုသူများအဖို့အသုံးဝင်သည့် စာအုပ်ဖြစ်ပါသည်။

ဖော်ပြပါ စာအုပ်များမှာ မြန်မာဘာသာဖြင့် ရေးသားထားသည့် စာအုပ်များဖြစ်ပါသည်။ ဗိုလ်ချုပ်အတ္ထုပ္ပတ္တိကို အင်္ဂလိပ်ဘာသာဖြင့် ရေးသား ပြုစုထုတ်ဝေသည့် စာအုပ်လည်းရှိပါသည်။ စာအုပ်အမည်မှာ **ဗမာ့အောင်ဆန်း Aung San of Burma** ဖြစ်ပြီး ပြုစုသူမှာ ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင် ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို နိုင်ငံခြားသားများက ရေးသားထား သည့်များကို စုစည်းထားပြီး ဗမာစာရေးဆရာများ ရေးသားထားသည်များကိုပါ ဘာသာပြန် ထားခြင်းဖြစ်ပါသည်။ ဤစာအုပ်ကို ၁၉၆၁ ခုနှစ်တွင် အမေရိကန်ပြည်၌ရှိစဉ်က ပြုစုထားခြင်းဖြစ် ပါသည်။ ဗမာ့လွတ်လပ်ရေး ဗီသုကာတစ်ဦး၏အကြောင်းကို အင်္ဂလိပ်ဘာသာဖြင့် ဗမာတစ်ဦးက ပြုစုဘာသာပြန်ဆိုထားသည့်စာအုပ်မှာ ဤတစ်အုပ်သာလျှင်ရှိသည်ဟု ဆိုနိုင်ဖွယ်ရာရှိပါသည်။ ယေဘုယျအားဖြင့် ဤစာအုပ်သည် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း လေ့လာလိုသူနိုင်ငံခြားသား များအတွက်သာ တန်ဖိုးရှိသည်ဟု ယူဆဖွယ်ရာရှိပါသည်။ သို့ရာတွင် ဤစာအုပ်၏ ထူးခြားချက် တစ်ရပ်မှာ အနောက်နိုင်ငံသားများအဖို့ ဖတ်ရှုရန် မလွယ်ကူသည့်မြန်မာဆောင်းပါးများကို အင်္ဂလိပ်ဘာသာပြန်ဆိုထားခြင်းနှင့် မြန်မာစာဖတ် ပရိသတ်အဖို့အလွယ်တကူ ရှာဖွေမတွေ့ နိုင်သည့် အင်္ဂလိပ်ဘာသာဆောင်းပါးအချို့ ပါဝင်ခြင်းပင်ဖြစ်သည်။ ထို့အပြင် ဗိုလ်ချုပ်၏ ရင်းနှီးသူမြန်မာပုဂ္ဂိုလ်အချို့ကလည်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့်ဆောင်းပါးများ ပါသည်။ ထို့ကြောင့် နိုင်ငံခြားပရိသတ်များသာမက အင်္ဂလိပ်စာတတ်မြန်မာစာဖတ်ပရိသတ် အတွက်ပါ အကျိုးဖြစ်ထွန်းစေမည့် စာအုပ်ဖြစ်ပါသည်။

နောက်ဆုံးဖော်ပြလိုသည့် စာအုပ်မှာ ရုရှားဘာသာဖြင့် ထုတ်ဝေသည့် **အောင်ဆန်း** အမည်ရှိသည့် စာအုပ် ဖြစ်ပါသည်။ စာရေးသူမှာ သွားပါမောက္ခ အူးဇီးယားနော့ပ်ဆိုသူဖြစ်ပါသည်။ ရုရှားဘာသာဖြင့် ရေးထားခြင်းဖြစ်၍ အတိအကျမသိရသော်လည်း စာမျက်နှာ (၃၁)မျက်နှာရှိသည့် အင်္ဂလိပ်စာတန်း အကျဉ်းချုပ်အရ ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်နေသဘောထား၊ သူ၏ပါဝင် လုပ်ဆောင်ချက်အစရှိသည်များကို အကဲဖြတ်ဝေဖန်ထားသည့် စာအုပ်ဖြစ်ပါသည်။ ယခုအခါတွင် မြန်မာလူမျိုးများထဲမှ ရုရှားဘာသာနှင့်စာပေတတ်မြောက်သူများရှိရာ ထိုသူများက အထက်ပါ စာအုပ်ကို မြန်မာဘာသာသို့ပြန်ဆိုရေးသားမည်ဆိုလျှင် မြန်မာ့ခေါင်းဆောင်တစ်ဦးအပေါ် နိုင်ငံခြားသားများက မည်ကဲ့သို့ မြင်သည်ကို အသေးစိတ်သိလာနိုင်ဖွယ်ရာအကြောင်း ရှိပါသည်။

အထက်ဖော်ပြပါ စာအုပ်များမှာ ထုတ်ဝေခဲ့သမျှ ဗိုလ်ချုပ်အတ္ထုပ္ပတ္တိစာအုပ်များဖြစ်ပါ သည်။ ခံ့ညားစုံလင်သည့် ဗိုလ်ချုပ်အတ္ထုပ္ပတ္တိစာအုပ်တစ်အုပ်ပေါ်ထွက်ရန် အချိန်သင့်ပါပြီ။ ခံ့ညားစုံလင်သည့် ဗိုလ်ချုပ်အတ္ထုပ္ပတ္တိမထွက်မီကာလတွင် ဖော်ပြပါ စာအုပ်များသည်လည်း သူ့နေရာနှင့်သူ၊ သူ့အတိုင်းအတွာနှင့်သူ အသုံးကျသည်သာဖြစ်ပါသည်။ သို့ပါသော်လည်း ဤမျှ ရောင့်ရဲတင်းတိမ်မနေဘဲ တာဝန်ရှိသူများက ခံ့ညားထည်ဝါသည့် ဗိုလ်ချုပ်အတ္ထုပ္ပတ္တိ တစ်စောင် တစ်ဖွဲ့ကို ပြုစုရေးသားရန် ကြိုးပမ်းသင့်ပြီဟု ထင်မြင်မိပါသည်။ ။

[ငွေတာရီမဂ္ဂဇင်း၊ အမှတ် ၉၇၊ ဇူလိုင်၊ ၁၉၆၈]

# ကဗ္ဗည်းမထိုးရသေးသော အဖြစ်အပျက်တစ်ခု

ရဲဘော်ခင်မြ

**"စခန်းရှိ ရဲဘော်အားလုံး ညနေ ၅ နာရီမှာ တန်းစီကြရမယ် . . ."**

အထက်ပါအမိန့်သည် သရက်မြို့အနောက်ဘက် အနောက်ရိုးမတောင်ခြေရှိ "သရက် ချောင်းရွာ" တွင် စခန်းချလျက်ရှိကြသော ဗိုလ်ခင်မောင်လေး ဦးစီးသည့် စစ်ဦးစီးရုံးအဖွဲ့တွင်လည်း ကောင်း၊ ဗိုလ်ရှိန်းဦးစီးသော အချက်ပြ ဆက်သွယ်ရေးဌာနချုပ်တွင်လည်းကောင်း၊ ဗိုလ်ထိန်ဝင်း ဦးစီးသည့် ဗိုလ်ချုပ်၏ကင်းတပ်တွင်လည်းကောင်း၊ ဗိုလ်တင် ဦးစီးသည့် စစ်ရိက္ခာထောက်ပံ့ရေး တွင်လည်းကောင်း တစ်မုဟုတ်ချင်းပျံ့နှံ့သွားပါသည်။

အဘယ်ကြောင့်ပါနည်း။ နေ့စဉ်နေ့တိုင်း တန်းစီနေကျပင်ဖြစ်ပါသည်။ သို့ရာတွင် ထိုနေ့ များတွင်မူကား သာမန်အားဖြင့် ဌာနအလိုက်သော်လည်းကောင်း၊ တပ်အလိုက်သော်လည်း ကောင်း၊ တန်းစီ-လူစစ်-တိုင်းပြည်ကို အလေးပြု၍ အစီရင်ခံဆိုခြင်းမျှသာ ဖြစ်ပါသည်။ ယခုမူ ဗိုလ်ချုပ်အမိန့်တွင် 'စခန်းရှိ ရဲဘော် အားလုံး' ဟုပါလာသဖြင့် တာဝန်ကျ ရဲဘော်များမှအပ ကျန်စခန်းတွင်းရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအားလုံး သူ့ထံသို့ သွားရောက်တန်းစီကြရ မည်ဖြစ်ရာ သို့လော- သို့လော- တွေးတောပူပင်ကြလျက် တစ်ယောက်တစ်မျိုး ထင်မြင်ချက် အသီးသီးပေးကြကာ စိုးရိမ်မကင်းဖြစ်နေကြပါသည်။

"သရက်ချောင်းရွာ"

ကျွန်တော်တို့ စခန်းချလျက်ရှိသော သရက်ချောင်းရွာကလေးအကြောင်း ပြောပြပါဦး



www.burmeseclassic.com

www.burmeseclassic.com



မည်။ ထိုရွာကလေးမှာ သရက်ခရိုင်၊ ကာမမြို့အပိုင်ဖြစ်ပါသည်။ အိမ်ခြေငါးဆယ်ကျော်မျှရှိပြီး အနောက်ရိုးမတောင်ခြေတွင် ကပ်လျက် ခိုလျက်ရှိပါသည်။ ရွာမှာလည်း ရွာတန်းရှည်ဖြစ်လျက် တောင်နှင့် မြောက်သွယ်တန်း၍နေသည့်အလျောက် အနောက်ရိုးမတောင်နှင့်ဆိုသော် မျဉ်းပြိုင်ကဲ့သို့ ယှဉ်လျက်ရှိပါသည်။

အနောက်ရိုးမတောင်ကြီးပေါ်မှ တွန့်လိမ်စီးဆင်းလာသော ပနီချောင်းမကြီး၏ ချောင်းလက်တက်ငယ်ကလေးတစ်ခုသည် ရွာ၏တောင်ဘက်စူးစူးသို့ ဦးတိုက်စီးဆင်းလာပြီးလျှင် ရွာ၏ လက်ယာရစ်ပတ်ကာ အရှေ့ဘက်မှကပ်လျက် ဆက်လက်စီးဆင်းသွားသောကြောင့် ရွာ၏တောင် ဘက်နှင့် အရှေ့ဘက်တို့မှ ချောင်းခံလျက်ရှိနေပါသည်။

ရွာ၏မြောက်ဘက်စွန်းတွင်မူ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် ထိုကျောင်းဝိုင်း အတွင်းတွင် မြေစိုက်စေတီဖြူဖြူဖွေးဖွေးကလေးတစ်ဆူ သပ္ပာယ်စွာ တည်ရှိနေပါသည်။

ကျောင်းဝန်းမှာကား ကျယ်ကျယ်ပြန့်ပြန့် သပ်သပ်ရပ်ရပ်နှင့် သရက်ပင်၊ ပိန္နဲပင်တို့ဖြင့် ပြည့်နှက်စိုပြည်လျက် ရှိပါသည်။

တသွင်သွင် တလွန့်လွန့် စီးဆင်းလျက်ရှိသော ချောင်း၊ ထိုချောင်းနဖူးတွင် ရှိသောရွာ၊ ထိုရွာမြောက်စွန်းတွင်ရှိ သော ကျောင်း၊ ထိုကျောင်းအတွင်းရှိသော စေတီ၊ ထိုစေတီကို အုပ်မိုး ကာကွယ်လျက်ရှိသော ရိုးမတောင်တို့မှာ ရှုမငြီး-အံ့မခန်းနိုင်လောက်အောင်ပင် ဆန်းကြယ်လှပါ သည်။

ကာမမြို့ဘက်မှလည်းကောင်း၊ သရက်မြို့ဘက်မှလည်းကောင်း၊ ကွေ့ကောက်ဦးခိုက်လာ ကြသော လှည်းလမ်းတို့မှာလည်း ဤရွာကလေးမှာပင် အဆုံးပြလျက် ရခိုင်ပြည်နယ်ဘက်သို့ သွားလိုကူးလိုသူများသည် လှည်းကိုအသုံးမပြုနိုင်ကြတော့ဘဲ ခြေကျင်လူသွားလမ်းတစ်ခုတည်း ကိုသာ အသုံးပြုနိုင်ကြပါသည်။

ဤရွာကလေးသည်ကား ဆိုခဲ့ပြီးသည့်အတိုင်း လမ်းဆုံးလည်းကျ၊ ချောင်းလည်းကျသည့်ပြင် ဂျပန်စစ်တပ်များ၏ ဆုတ်လမ်းဖြစ်သော 'တွန်လမ်း' နှင့်လည်း ဝေးသည်ကတစ်ကြောင်း၊ ရခိုင်ပြည် နယ်၊ မြစ်ဝကျွန်းပေါ်၊ တောင်ငုတ်လမ်း၊ အလယ်ပိုင်း ဗမာပြည်၊ အထက်ပိုင်း ဗမာပြည်အစရှိသည် တို့နှင့်လည်းဆက်သွယ်အမိန့်ပေးညွှန်ကြားရန် အလယ်ဗဟိုဖြစ်သည်ကတစ်ကြောင်း၊ ဤအကြောင်း များကြောင့် အနောက်တိုင်းမှူးကြီး ဗိုလ်မှူးအောင်က ဗိုလ်ချုပ်အတွက် ဌာနချုပ်စခန်းလုပ်၍ ရွေးချယ်လိုက်သည်ဟု ယူဆမိပါသည်။

ရွာ၏ တောင်ဘက်ချောင်းကလေးကို ဖြတ်ကျော်လိုက်ပါက သရက်တောတစ်ခုကို တွေ့ ရပါမည်။ ထိုသရက်တောအတွင်း၌ ဗိုလ်ချုပ်၏ ကိုယ်ရံတော်ကင်းတပ်စု၊ စစ်ဦးစီးရုံးအဖွဲ့၊ ကျွန်တော်တို့၏ အချက်ပြဆက်သွယ်ရေး ဌာနချုပ်တို့ စခန်းချလျက်ရှိပါသည်။ ထိုသရက်တော အတွင်း၌ပင်လျှင်လည်း ဗိုလ်ချုပ်၊ ဗိုလ်မင်းခေါင်၊ ဆေးမှူးချုပ် - ဗိုလ်မှူးမောင်မောင်နှင့် ဗိုလ်မှူး လှအောင်တို့ တဲတစ်ခုထိုး၍ စုပေါင်းနေထိုင်ကြပါသည်။ ဗိုလ်တင် ဦးစီးသော စစ်ရိက္ခာ ထောက်ပံ့ ရေးဌာနနှင့် ဗိုလ်ထိန်ဝင်းဦးစီးသော ကင်းတပ်တို့မှာမူ သရက်ချောင်းရွာတွင်း၌ပင် စခန်းချလျက် ရှိပါသည်။





၁၉၄၅ ခုနှစ် မေလဆန်း ၁၀ ရက်နေ့။

ညနေ ၅ နာရီ မထိုးမီပင် ဗိုလ်မှူး၊ ဗိုလ်ကြီး၊ ဗိုလ်၊ အကြပ်၊ ရဲဘော်အားလုံး ရွာတောင်ဘက်ထိပ်ချောင်း သောင်ခုံပေါ်တွင် ကိုယ့်အစုနှင့်ကိုယ် ပိုင်းဖွဲ့ထိုင်ကြလျက် ဗိုလ်ချုပ်က မည်သည့်အတွက် ခေါ်ယူကြောင်းစသည်ဖြင့် ထင်မြင်ချက်အမျိုးမျိုးပေးကြသည်။

ကျွန်တော်တို့ တန်းစီရမည့်နေရာမှာ ဗိုလ်ချုပ်နေသော တဲနှင့်ဆိုပါက ဝါး ၄-၅-၆ ပြန်လောက်ပင် ဝေးမည်မထင်ပါ။ ထိုနေရာသို့ တန်းစီရန် ရောက်ရှိလာကြသည့် ရဲဘော်အားလုံးကို ကြည့်မည်ဆိုပါလျှင် လူတိုင်းလိုလိုပင် အရပ်ဝတ်အရပ်စားနှင့် ဖြစ်ပါသည်။ ထိုအရပ်ဝတ်အရပ်စားများမှာ များသောအားဖြင့် စုတ်ပြတ်ပေါက်ပြဲလျက်နေလေပြီ။ သို့ရာတွင် ထိုအစုတ်အပြတ်အပေါက်အပြဲများဖြင့်ပြီးသော အရပ်ဝတ်အရပ်စားကိုပင် ရဲဘော်တိုင်း-ရဲဘော်တိုင်းက သပ်ရပ်စွာ ဝတ်ဆင်လျက်ရှိကြပါသည်။ ဆံပင်၊ မုတ်ဆိတ်၊ နှုတ်ခမ်းမွေးဆိုလျှင်လည်း လိုသည်ထက်ပိုမိုအောင် မည်သူတစ်ဦးတစ်ယောက်မျှ မထားကြပါ။ အထူးသဖြင့်ကား ကျွန်တော်တို့ အားလုံးတွင် ခက်ထန်ရိုင်းပြသော အမူအရာရုပ်လက္ခဏာများ ကင်းစင်လျက်ရှိခြင်းပင်ဖြစ်ပါသည်။ ရဲဘော်အားလုံးမှာ လက်ရှိရင်ဆိုင်နေရသောဘဝကို ပျော်ရွှင် လိုလားလျက်ရှိပုံရပါသည်။

အတန်ကြာသော် ဗိုလ်မင်းခေါင် ဆင်းလာပါသည်။ ထိုအခါ အသီးသီးပင် ဌာနအလိုက်၊ တပ်အလိုက် ရုတ်ခြည်း တန်းစီပြီးဖြစ်လျက် သတင်းပို့ကြပါသည်။

ထိုနေ့ ထိုအချိန်တွင် တန်းစီလျက် ဗိုလ်ချုပ်အမိန့်ကိုနာခံရန် အသင့်ရှိကြသော ရဲဘော်ရဲဘက်အပေါင်းတွင် ကျွန်တော်မှတ်မိသမျှ ယခုပြန်လည်ထူထောင်ရေးဝန်ကြီး ဗိုလ်မင်းခေါင်ပါသည်။ ယခုပြည်ထဲရေးဝန်ကြီး ဗိုလ်ခင်မောင်လေးပါသည်။ ယခု စစ်မြေပြင်သူနာပြု တပ်ရင်း (၁) မှ ဒု-ဗိုလ်မှူးကြီးမောင်မောင်ပါသည်။ ယခု စစ်တက္ကသိုလ်မှ ဒု-ဗိုလ်မှူးကြီးလှအောင် ပါသည်။ ယခုအချက်ပြ ဆက်သွယ်ရေးအရာရှိချုပ် ဒု-ဗိုလ်မှူးကြီးရှိန်းပါသည်။ ယခု ဩစတြေးလျ ပြည်တွင်း စစ်ကျောင်းတက်နေသော ဒု-ဗိုလ်မှူးကြီးဝင်းပါသည်။ ယခု ယူဂိုဆလပ်စစ်သံ ဗိုလ်မှူး တင်ပါသည်။ အခြားဗိုလ်များ၊ အကြပ်များ၊ ရဲဘော်များနှင့်သော် စုစုပေါင်း ၃၀၀ ခန့် ရှိပါသည်။

အားလုံးအသင့်ဖြစ်သောအခါတွင် ဗိုလ်ချုပ်ဆင်းလာသည်။ နောက် ကျွန်တော်တို့ တန်းစီလျက်ရှိသည့် ရှေ့တည့်တည့် ဝါးတစ်ရိုက်ခွဲလောက်တွင် မားမားမတ်မတ်လာ၍ ရပ်ပါသည်။ ထိုအခါ ဗိုလ်မင်းခေါင်က ရဲဘော်များအား ဗိုလ်ချုပ်ကိုအလေးပြုရန် အမိန့်ပေးပြီး ရဲဘော်မည်မျှ တန်းစီပြီး အသင့်ရှိကြောင်း သတင်းပို့ကာ ကျွန်တော်တို့ တန်းစီလျက်ရှိသော ရဲဘော်များနှင့်အတူ သူ့ကိုယ်ကိုပါ ဗိုလ်ချုပ်သို့ အပ်လိုက်၏။

ဗိုလ်ချုပ်သည် ဗိုလ်မင်းခေါင်က တပ်အပ်လိုက်ပြီးသည့်နောက် တန်းစီထားသော ရဲဘော်များအား ခေတ္တခဏမျှ စုံစေ့အောင်ကြည့်လိုက်ပြီးလျှင် ပြီးချင်း အသံပြကြီးဖြင့် "သက် . . . . . သာ" ဟူသော စစ်မိန့်ကို ပေးလိုက်ကာ . . . .။

**ရဲဘော်တို့ -**

**ဒီနေ့ ရဲဘော်တို့ကို ဘာလို့ တန်းစီခိုင်းရသလဲဆိုရင် အားလုံး ရဲဘော်တွေရော၊ ဗိုလ်ကြီးတွေ၊ ဗိုလ်မှူးတွေဆိုတဲ့ ခေါင်းဆောင်ပိုင်းကပါ တာဝန်ယူထမ်းဆောင်ကြတဲ့ နေရာမှာ**



www.burmeseclassic.com

www.burmeseclassic.com



တော်တော့်ကို ပေါ့ဆဆလုပ်နေကြတာကို တွေ့ရ မြင်ရ ကြားရလို့ပဲ။

ပွဲဦးထွက် တော်လှန်ရေး အောင်ပွဲလေးတွေကိုရခဲ့ပြီး အဲဒီအောင်ပွဲလေးတွေကို ဆင်နွှဲခဲ့နိုင်တာလောက်ကို တကယ့်အောင်ပွဲကြီးတွေ လို့ထင်ပြီး၊ အဲဒီအောင်ပွဲတွေအပေါ်မှာ မိန်းမောနေတာတွေ့ရတယ်။ ကိုယ့်ကိုယ်ကိုယ် ကိုယ်အထင်ကြီးပြီး ဘဝင်မြင့်နေတာ တွေ့ရတယ်၊ ရဲဘော်တို့ ဒီလိုမိန်းမောနေရင်၊ အထင်ကြီးနေရင် မှားမယ်လို့ ရဲဘော်တို့ကို တိတိကျကျပြောရဲတယ်။

တချို့ကလဲ ဒီတော်လှန်ရေးပြီးရင် 'ပြီးပြီ' လို့ ထင်တဲ့ လူတွေက ထင်သေးတယ်။ ဒါတင်မကသေးဘူး။ အင်္ဂလိပ်စစ်တပ်တို့၊ အင်္ဂလိပ် အုပ်ချုပ်ရေးတို့လာရင် ဗိုလ်တွေက ဗိုလ်ကြီး၊ ဗိုလ်ကြီးတွေက ဗိုလ်မှူး၊ ဗိုလ်မှူးတွေကလည်း ဗိုလ်မှူးကြီးတွေဖြစ်ပြီး ရာထူးတွေ အဆင့်အတန်းတွေ တိုးလာတော့မယ်လို့ ထင်ကြပြီး တစ်ယောက်နဲ့ တစ်ယောက် ခြေမှာ တိုင်းနေကြတယ်။ ဒါတွေကို ကျုပ်သိတာ တော်တော်ကြာပြီ။ ဒါပေမဲ့ ကျုပ်မပြောချင်သေးလို့ မသိချင်ယောင်ဆောင်နေခဲ့တယ်၊ စောင့်ကြည့်ကြသေးတာပေါ့။ ရဲဘော်တို့ထင်သလို အင်္ဂလိပ်လာရင် ရာထူးပဲတိုးကြမလား။ သေနတ်မောင်းပဲ ထပ်ချိုးကြရမလားဆိုတာ ဟိုအခါကျတော့ သိကြပါလိမ့်မယ်။

ဘယ်လောက်ထိ တာဝန်မဲ့လုပ်နေသလဲဆိုရင် ဗိုလ်ဇေယျကိုကြည့်။ ကျုပ်က တာဝန်နဲ့လွှတ်လိုက်တယ်။ ခုထိ ပြန်မလာသေးဘူး။ သူ့မယားရှိတဲ့ ဆားတွင်းတက်သွားတယ်လို့ ကြားရတယ်။ အဲဒါသာကြည့်တော့၊ ဟိုတစ်နေ့ကလည်း ဗိုလ်ဝင်းတစ်ယောက်က ရဲဘော် သုံးလေးယောက်နဲ့ အမဲထွက်ပစ်တယ်၊ သူတို့ ဘုစ်တွေဟာ ပျော်ပွဲစားထွက်သွားတယ်လို့များထင်နေသလားမသိဘူး။ အဲဒါလောက်ထိအောင် ရဲဘော်တွေဟာ တာဝန်ထမ်းဆောင်တဲ့ နေရာမှာ ပေါ့ပေါ့ဆဆဖြစ်လာတာ တွေ့ရတယ်၊ ရန်သူကို အထင်မကြီးသော်လည်း အထင်မသေးသင့်ဘူးဆိုတာ အစဉ်သတိချပ်စေချင်တယ်။ အင်္ဂလိပ်အုပ်ချုပ်ရေးကို မျှော်ပြီး၊ အတွေးလွန်မနေကြနဲ့။ နားအလည်လွယ်ဆုံးပြောလိုက်မယ်။ 'အခု ဂျပန်က ကျုပ်တို့တစ်တွေနဲ့ တိုင်းရင်းသားအား လုံးကို ချသွားပေမယ့် ဆီဆွတ်လို့ တော်သေးတယ်။ အင်္ဂလိပ်လာရင် ဆီမဆွတ်ဘဲ ချလိမ့်မယ်'။ ဒါပဲ ကျုပ် ပြောခဲ့မယ်။

ထို့နောက် ဗိုလ်ချုပ်သည် ဗိုလ်မင်းခေါင်ဘက်သို့လှည့်၍ 'တန်းဖြုတ်' ဟု ပြောလိုက်ပါသည်။

ထိုအခါ ဗိုလ်မင်းခေါင်က ရဲဘော်အပေါင်းအား ဗိုလ်ချုပ်ကို အလေးပြုစေပြီး တန်းဖြုတ်လိုက်ပါသည်။

ဗိုလ်ချုပ်မှာမူ ချောင်းသောင်ခုံကလေးပေါ်မှ ချောင်းကမ်းနဖူးသို့တက်ကာ တဲဘက်သို့ ဖြည်းညင်းစွာပင် ရောက်သွားပါတော့သည်။

ရိုးသားလွန်း၍ တိတိကျကျပြောတတ်သော ကျွန်တော်တို့ ဗိုလ်ချုပ်သည် သူ့ရဲဘော်အားလုံးကို ခေါ်ယူပြီး ကျောသား ရင်သား မခွဲခြားဘဲ အပြစ်ရှိသူကိုရှိသည့်အလျောက် ရှင်းရှင်းနှင့်ဘွင်းဘွင်းပင်ပြောသည်။ ထို့ပြင် ဂျပန်တော်လှန်ရေးပြီးပြန်သောအချိန်တွင် နောင်လာမည့်



အင်္ဂလိပ်ကိုပါ ဆက်လက်တော်လှန်ရေး တစ်ဆက်တည်းလုပ်ရန် သူ့စိတ်တွင်း၌ရှိသည့်အတိုင်းလည်း နားအလည်လွယ်ဆုံး၊ အရှင်းဆုံးစကားဖြင့် ရှင်းရှင်းနှင့်ဘွင်းဘွင်းပင်ပြောသည်။ သူ့စိတ်အတွင်း၌ မည်သူပင်လာလာ လွတ်လပ်ရေးမရမချင်း လက်နက်စွဲကိုင်ကာ တိုက်ထုတ်ရန် အမြဲအသင့်ရှိနေသကဲ့သို့ ရဲဘော် တိုင်းအားလည်း ဤစိတ်မျိုးကို အမြဲအသင့်ရှိနေစေလိုသည်။

ဗိုလ်ချုပ်သည်ကား ဂျပန်တော်လှန်ရေးသက် ၃၃-ရက်မျှသာ ရှိသေးသော ထို ၁၉၄၅-ခုနှစ် ဇွန်လ ၁၀ ရက်နေ့ကတည်းကပင် လာမည့်အင်္ဂလိပ်အား လက်နက်စွဲကိုင်၍ လွတ်လပ်ရေးကို မရအရတောင်းဆိုရန် ကြံရွယ်ထားကြောင်း ကျွန်တော်တို့အား ရှင်းရှင်းနှင့် ဘွင်းဘွင်းပင်ပြောသဖြင့် သိကြရပေပြီ။

ထိုအချိန်တွင် ရဲဘော်ကြီး သခင်သန်းထွန်းမှာမူကား - (မတ်လထုတ် 'မြဝတီ' မဂ္ဂဇင်း၊ အတွဲ-၂၊ အမှတ်-၅ တွင် ဗိုလ်မှူးကြီးအောင်ကြီးက 'ကမ္ဘည်းမထိုးရသေးသော အဖြစ်အပျက်တစ်ခု' ဟူသော ဆောင်းပါးဖြင့် တင်ပြထားသည့် အတိုင်း) ဗမာပြည် ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူးအဖြစ်ဖြင့် 'ကက်စဘီ' ခေါ် အင်္ဂလိပ်စစ်အုပ်ချုပ်ရေးသို့ ဗမာ့တပ်မတော်အား လက်နက်ချစေရန် အမိန့်စာကို ထုတ်ဆင့်ခဲ့လေသည်။ ရက်စွဲကား ဇွန်လ ၁၁ ရက်နေ့ဖြစ်ပါ၏။ သရက်ချောင်းရွာကလေးတွင် ဗိုလ်ချုပ်ကလာမည့် အင်္ဂလိပ်တို့ကို ဆက်လက်တော်လှန်နိုင်ရေးအတွက် အမြဲအသင့်ရှိစေရန် အဲထက်ပါအမိန့်ကို ထုတ်ပြန်လိုက်ပြီးသည့်နောက် တစ်လတိတိအတွင်းမှာပင် အင်္ဂလိပ်တို့ထံလက်နက်ချရေးအတွက် ရဲဘော်ကြီး သခင်သန်းထွန်းက အမိန့်စာထုတ်ဆင့်လိုက်ခြင်းဖြစ်ပေသည်။ ရဲဘော်ကြီး သခင်သန်းထွန်းသည် ဗိုလ်ချုပ်၏သတိပေးစကား မြွက်ကြားမိန်မှာပင် ဗမာတစ်မျိုးလုံးကို အင်္ဂလိပ်လက်အောက်သို့ ဝ-ကွက်၍အပ်ရန် ကြံစည်စိတ်ကူးလျက်ရှိနေပြီဖြစ်ကြောင်းကိုမူကား အထူးရှင်းစရာလိုတော့မည်မထင်ပါ။

နောက် ၁၉၄၈ ခုနှစ်တွင် ဗိုလ်ချုပ်အမှူးပြုသော ဗမာ့ခေါင်းဆောင်ကြီးများနှင့် ဗမာပြည်သူလူထု၏ အင်အားဖြင့် လွတ်လပ်ရေးရခဲ့ပါသည်။ သို့ရာတွင် လွတ်လပ်ရေးကို အတားအဆီးဖြစ်စေမည့် ရန်သူအားလုံးအား ချေမှုန်းတိုက်ဖျက်ရန်အတွက် 'သေနတ်မောင်းပဲ ထပ်ချိုးရမလား' ဟူသော ဗိုလ်ချုပ်၏ စေတနာနှင့် သခင်သန်းထွန်းက လွတ်လပ်ရေးရပြီးမှ သေနတ်ကိုမောင်းထပ်ချိုးပြီး တိုင်းရင်းသားအချင်းချင်းမျက်နှာကို အိုးမဲသုတ်ကာ တိုက်ခိုက်စေသည့် လမ်းစဉ်ကား ကွာခြားလှပါဘိတောင်း။ ။

[မြဝတီမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၅၄]



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း သဘောထားကြီးလွန်းမိ၍လော

သာဂဒိုး

ကျွန်တော်သည် သံသယတစ်ခုရှိခဲ့သည်။ ကျွန်တော်တို့ ခေါင်းဆောင်ဗိုလ်ချု
အောင်ဆန်းအပေါ် သံသယတစ်ခုရှိခဲ့မိသည်။

ထိုသံသယကား 'ငါတို့ဗိုလ်ချုပ်သည် သဘောထားကြီးသင့်ကြီးထိုက်သည်ထက် ကြ
လွန်းခဲ့လေသလော။ သို့သဘောထားကြီးလွန်းမှုဒဏ် ဗိုလ်ချုပ်ခံရလေသလော' ဟူသည့် သံသ
ပါပေတည်း။

ဗိုလ်ချုပ်အောင်ဆန်းက နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များအား ပြောလေ့ရှိသော စကား
တစ်ခုသည်ရှိလေ၏။ ယင်းသည်မှာ "နိုင်ငံရေးမှာ အခြေအနေကို စောင့်နိုင်တဲ့သတ္တိရှိရတယ်
ပြီးတော့ သဘောထားကြီးနိုင်တဲ့ သတ္တိလည်း ရှိရတယ်။ စိတ်ရှည်နိုင်တဲ့ သတ္တိလည်းရှိရတယ်"
ဟူသော သတ္တိသုံးမျိုးကို ပြောလေ့ရှိခြင်းပင်ဖြစ်၏။

ထိုသို့ပြောချိန်ကား အင်္ဂလိပ်ဘုရင်ခံနှင့် နိုင်ငံရေး စစ်ပြိုင်ချိန်ပါတည်း။

မှန်၏။ ဘုရင်ခံနှင့် နိုင်ငံရေး စစ်ပြိုင်ချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် အဘက်ဘ
က ချုပ်တည်း၍ 'စောင့်နိုင်သောသတ္တိ' ရှိသောကြောင့် အောင်နိုင်ခဲ့ပေ၏။ နိုင်ငံရေးသမားဟော
ကြီးများအပေါ်လည်း 'သဘောထားကြီးနိုင်သောသတ္တိ' ရှိသောကြောင့် စည်းရုံးနိုင်ခဲ့ပေ၏။ လူ
ဆန္ဒပြည့်ခဲ့ပေ၏။ ပရိယာယ်မျိုးစုံ အတိုက်ခံခဲ့ရခြင်းကိုလည်း ဗိုလ်ချုပ်သည် 'စိတ်ရှည်နိုင်
သတ္တိ' ရှိသောကြောင့် အောင်ပန်းဆွတ်ကာ လွတ်လပ်ရေးကို အရယူနိုင်ခဲ့ပေ၏။ သို့သော်



လောကဦ အဘယ်ကိစ္စ အဘယ်အကြောင်းအရာတွင်မဆို အကန့်အသတ်ဟူသည် ရှိမြဲဟု ကျွန်တော်ထင်သည်။ ဗိုလ်ချုပ်သည် သဘောထားကြီးသည့်နေရာတွင် သဘောထားကြီးသင့်သည်ထက် ကြီးလွန်းခဲ့သလော၊ ထိုသို့သဘောထားကြီးလွန်းခြင်း ဒဏ်ကိုပင် ငါတို့ ဗိုလ်ချုပ်ခံလိုက်ရလေသလော။ ကျွန်တော်တော့ သံသယရှိနေပြီ။

ဗိုလ်ချုပ်ကို ဘယ်သူသတ်သနည်း။ ဂဠုန်ဦးစော သတ်သည်။ ထိုဂဠုန်ဦးစောခေါ်ရာသို့ ဗိုလ်ချုပ်အောင်ဆန်းသည် အလွန်သဘောထားကြီးစွာဖြင့် သွားရောက်ခဲ့ပြီး ဂဠုန်ဦးစော ပြုမူသမျှကိုလည်းကောင်း၊ ဂဠုန်ဦးစော မိန့်ခွန်းရှည်ကြီး ချွေသမျှကိုလည်းကောင်း အလွန်သဘောထားကြီးစွာ သည်းခံနားထောင်ပေးခဲ့ခြင်းသည်ပင် 'အကွက်ပျောက်နေသေးသော သမိုင်းတစ်ကွက်'ပဲ ဖြစ်ပါတော့သည်။

ထိုနေ့ကား မိုးရွာလေသလော၊ နေပူသလော၊ မိုးအုံ့သလော၊ လေထန်သလော ကျွန်တော်တော့ ကောင်းစွာ မမှတ်မိချေပြီ။ သို့အားဖြင့် မိုးကောင်းကင်၏ ရာသီဥတုကို ကောင်းစွာ မမှတ်မိတော့လင့်ကစား နိုင်ငံရေးရာသီဥတုကိုကား ကျွန်တော်ကောင်းစွာ မှတ်မိသေးသည်။

ထိုအချိန်မှာ ကြုံခဲ့ရဘီသော နိုင်ငံရေး၊ မိုးဦးလေဦး အချိန်အခါပင် ဖြစ်လေ၏။ အချိန်မရွေး ရာသီမရွေး နိုင်ငံရေး ရာသီအခြေအနေ ပြောင်းနိုင်နေပေ၏။ စစ်ကြီးပြီးစဖြစ်၏။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ခေါင်းဆောင်သော ပထမ-ဖဆပလ (ညီညွတ်သော ဖဆပလ) အချိန်ဖြစ်ပေ၏။ နိုင်ငံရေးသမားဟောင်းကြီးတို့ နယ်ချဲ့အင်္ဂလိပ်ရာထူးနှံ့ကြောင့် အင်မတန်လှုပ်ရှားသော အချိန်လည်းဖြစ်ပေ၏။ မြန်မာ့မြေပေါ်တွင် အင်္ဂလိပ်တပ်၊ အမေရိကန်တပ်၊ ကုလားတပ်၊ ကပ္ပလီတပ်၊ ဩစတြေးယားတပ်စသည်အားဖြင့် နိုင်ငံခြားတပ်အစုံလည်း စုံချင်တိုင်းစုံနေသော အချိန်လည်းဖြစ်ပေ၏။

တစ်နိုင်ငံလုံးရှိ ပြည်သူလူထုကား စစ်ဒဏ်ကြောင့် မွဲချင်တိုင်း၊ မွဲပြာကျချင်တိုင်း ကျနေသည့်ဘဝတွင် လွတ်လပ်ရေးမျှော်လင့်ချက်ဖြင့် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ညီညွတ်သော ဖဆပလကြီးကို ကျိတ်ကျိတ်သဲသဲ တစ်ခဲနက် ထောက်ခံနေ၏။ ဗိုလ်ချုပ်အောင်ဆန်းက လက်ညှိုးထောင်လိုက်လျှင် တစ်နိုင်ငံလုံး သိမ့်သိမ့်တုန်အောင် လှုပ်ရှားသောခေတ်ဖြစ်၏။ ဗိုလ်ချုပ်နောက်တွင် မျိုးချစ်တော်လှန်ရေးတပ်သား အင်အားစုကြီးကလည်း သိပ်သိပ်သည်းသည်းကြီး တည်ရှိနေ၏။

ထိုအချိန်တွင်မှ ဂဠုန်ဦးစော (စစ်ပြီးမှ ယူဂန္ဓာ အကျယ်ချုပ်မှ လွတ်လာခဲ့သော ဂဠုန်ဦးစော)က "ကျုပ်အောင်ဆန်းကို တွေ့ချင်တယ်၊ စကားပြောချင်တယ်။ ကျုပ်အိမ်ကို ကျုပ်နဲ့တွေ့ရန်လာခဲ့ပါ"ဟု ဗိုလ်ချုပ်အောင်ဆန်းထံ အထက်စီးဖြင့် စကားပို့လိုက်လေသည်။

သဘောထားကြီးသည့်နေရာတွင် သတ္တိရှိရမည်ဟု လုပ်ဖော်ကိုင်ဖက်များကို မိန့်ကြားလေ့ရှိသော ဗိုလ်ချုပ်အောင်ဆန်းသည် ထိုစကားကို ကြားလျှင် ပွင့်လင်းသော အပြုံးနှင့် ပြုံးလိုက်လေသည်။ 'ဘယ်သူမှ မသိအောင် လျှို့ဝှက်စွာ ဆွေးနွေးမည်။ မြန်မာပြည်၏ ရှေ့ရေးအတွက် လုပ်ငန်းစဉ်များကို ဆွေးနွေးမည်။ ဦးစော၏ဆန္ဒအတိုင်း ဦးစောအိမ်သို့ပင် လာရောက်ဆွေးနွေးမည်' ဟု စကားပြန်လိုက်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည်သို့ ဦးစောထံ သွားဆွေးနွေးမည်ကို



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖော်ကိုင်ဖက်များအား ဖွင့်ပြောကြားလျှင် အားလုံးက သည်းသည်းထန်ထန်ကန့်ကွက်ကြမည်ကို ဗိုလ်ချုပ်ကောင်းစွာသိသည်။

ထို့ကြောင့် ဗိုလ်ချုပ်သည် ဟသ်ာတ ဦးမြ (ဦးစော၏ မျိုးချစ်ပါတီ ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့သော ဟသ်ာတဦးမြ။ ထိုအချိန်က ဗိုလ်ချုပ်ကိုလည်း အလွန်ကြည်ညိုပြီး ဦးစောအပေါ်၌လည်း သံယောဇဉ်မကင်းနိုင်သေးသော ဟသ်ာတဦးမြ) တစ်ဦးတည်းကိုသာအဖော်ခေါ်၍ ဦးစောအိမ်သို့ ထွက်ခွာသွားခဲ့လေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဘယ်ကြောင့် ဦးစောနှင့် ဆွေးနွေးဖို့ လက်ခံသဘောတူသနည်း။ ဦးစောလည်း ဘယ်သို့သော စိတ်ကူးကြံစည်ချက်ဖြင့် ဗိုလ်ချုပ်ကို တွေ့ဆုံဖို့ ချိန်းဆိုသနည်း။ သို့ချိန်းဆိုရာ၌လည်း အဘယ်ကြောင့် သူ၏အိမ်ကိုမှ လာရောက်ရန် 'ဆို'သနည်း။ ဦးစော၏ စိတ်ကူးကြံရည်ရွယ်ချက်ကို ဦးစောကိုယ်တိုင်သာလျှင် သိပါ ချိမ့်အံ့ဖြစ်သည်။ ဗိုလ်ချုပ်ကား စိတ်ရှင်းရှင်းနှင့် ဟသ်ာတဦးမြကို အဖော်ပြု၍ ထွက်ခွာသွားချေပြီ။

(ထိုအချိန်အခါမှာ နိုင်ငံရေးအားဖြင့် အကြောင်းခံတွေ ရှိနေ၏။ မြန်မာပြည် ဘုရင်ခံဆာဒေါ်မန်စမစ်သည် ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၁၆ ရက်တွင် တရားဝင်အခမ်းအနားဖြင့် မြန်မာပြည်သို့ ပြန်လာသည်။ ထိုသို့မလာမီ ဘုရင်ခံ ဆာဒေါ်မန်စမစ်သည် ၁၉၄၅ ခုနှစ် ဇွန်လ ၂၀ ရက် တွင် တရားမဝင်သောနည်းဖြင့် ခေတ္တမြန်မာပြည်သို့ လာရောက်ခဲ့သေးသည်။ သို့ ပထမအကြိမ် ခေတ္တလာရောက်စဉ်တွင် ဘုရင်ခံသည် ရန်ကုန်မြစ်တွင်း၌ ဆိုက်ကပ်ထားသော အင်္ဂလိပ်စစ်သင်္ဘော ကမ်ဘာလင် (H.M.S Cumber land) ပေါ်တွင် မြန်မာပြည် နိုင်ငံရေးခေါင်းဆောင်များအား ခေါ်ယူတွေ့ဆုံပြီး စိတ်ဆန္ဒများကို တီးခေါက်သည်။ ယင်းသို့ ခေါ်ယူတွေ့ဆုံရာ၌ ဗိုလ်ချုပ်အောင်ဆန်းပါ ပါဝင်လျက် ဘုရင်ခံက 'ခင်ဗျားတို့ကသာ စိတ်ဆန္ဒတစ်ခုတည်း တညီတညွတ်တည်း သဘောရှိနိုင်ကြမယ်ဆိုရင်. . . ကျုပ်တို့က (ဗြိတိသျှ ဘက်က) ထိုဆန္ဒအတိုင်း သဘောတူလိုက်လျောဖို့ ဖြစ်နိုင်ပါတယ်'ဟု ပြောကြားသည်။ ထိုပြောကြားချက်ကို ဗိုလ်ချုပ်က အလေးအနက်ထား စဉ်းစားသည်။ နိုင်ငံရေးသမားတို့ ကစဉ့်ကလျားမပြုကြဘဲ တညီတညွတ်တည်း အင်္ဂလိပ်ကို ရင်ဆိုင်ဖို့ အရေးကြီးကြောင်း ဗိုလ်ချုပ်တွက်သည်။ ထို့ကြောင့် ဗိုလ်ချုပ်သည် ပြည်သူလူထုကို စည်းရုံးခြင်းနှင့်အတူ နိုင်ငံရေးသမားများ၊ အထူးသဖြင့် ရှေးနိုင်ငံရေးသမားဟောင်းကြီးများကို စည်းရုံးသည်။ နိုင်ငံရေးသမားဟောင်းကြီးများအား ဌာနချုပ်သို့ ဖိတ်ကြားကာ မိမိတို့ ညီညွတ်စွာ တစ်သံတည်းထွက်ကြလျှင် လွတ်လပ်ရေး လျင်မြန်စွာရနိုင်ပုံ၊ ဘုရင်ခံက တစ်ဦးချင်း လူခွဲခေါ်ပြီး ရာထူးပေးပေး၊ နေရာပေးပေး လက်မခံကြစတမ်း ဆုံးဖြတ်လုပ်ကိုင်ဖို့ အရေးကြီးလာပုံ၊ သူတို့ ဆွဲဆောင်ရာပါသွားကြလျှင် လွတ်လပ်ရေးဝေးနိုင်ပုံ စသည်များကို ဗိုလ်ချုပ်က ကိုယ်တိုင်တွေ့ဆုံပြီး ဆွေးနွေးပြောကြားခဲ့သည်။ (ဂဠုန်ဦးစောကား အသို့နည်း. . .)

ဗိုလ်ချုပ်အောင်ဆန်းသည် ဦးစောနှင့်ဆွေးနွေးရန် ဦးစောချိန်းဆိုရာသို့ လာခဲ့ချေပြီ။ ဦးစော၏ အိမ်သည် အေဒီလမ်း (ဆိတ်ငြိမ်လှပ၍ အေးမြသော အင်းလျားကန်စောင်း)တွင် တည်ရှိ၏။

ဗိုလ်ချုပ်တို့ စီးနင်းလာသော ကားသည် ဦးစော ခြံဝရောက်သည်နှင့် တစ်ပြိုင်နက်





ဗိုလ်ချုပ်သည် အနည်းငယ်စဉ်းစားရခက်သောမျက်နှာ ဖြစ်သွားသည်။ ဦးစော၏ ခြံတွင်းတွင် သစ်လွင်သော မော်တော်ကားကြီးများ အများအပြားကို တွေ့နေရချေပကော။

ဦးစောနှင့် ဗိုလ်ချုပ်သည် လျှို့လျှို့ဝှက်ဝှက် ဆွေးနွေးကြမည်ဟု ဗိုလ်ချုပ်က နားလည်ထား၏။ ယခုမူ ကားသစ်ကြီးများ အများအပြားရောက်နေသည်ကို မြင်ရ၏။ ဦးစောအိမ်သို့ ရောက်နေသည်များမှာ မျက်နှာဖြူဧည့်သည်များချည်း ဖြစ်နေ၍ သာ၍ အံ့ဩသွားရပြန်လေ၏။ ဗိုလ်ချုပ်ကား ဣန္ဒြေမပျက်သော်လည်း ဟသ်ာတဦးမြကမူ ထိုမြင်ကွင်းအတွက် မျက်နှာတွင် ချက်ချင်းသွေးဆုတ်သလို ဖြစ်သွားကာ ချက်ချင်းချွေးဖြိုင်ဖြိုင်ယိုချေပြီ။ ဗိုလ်ချုပ်နှင့် ဦးစော တွေ့ဆုံရေးကို ကြားမှဆောင်ရွက်သူမှာ ဟသ်ာတဦးမြပင်ဖြစ်သည်။

အိမ်ဝရောက်လာသော ဗိုလ်ချုပ်နှင့် ဦးမြတို့ကို ဦးစော၏ အိမ်သားတစ်ဦးက အခန်းတစ်ခုတွင် သီးခြားနေရာချထားလေသည်။ 'အင်္ဂလိပ်နှင့် အမေရိကန် အရာရှိကြီးများ ရောက်ရှိနေ၍ ခေတ္တစောင့်ဆိုင်းပါ'ဟု ဆိုသည်။ ဗိုလ်ချုပ်ကား အေးဆေးပင် ထိုင်ချလိုက်သည်။ ဦးမြကမူ ကတုန်ကယင် ဖြစ်လောက်အောင် စိတ်လှုပ်ရှားနေတော့သည်။

ဦးမြ စိတ်လှုပ်ရှားမည်ဆိုလည်း လှုပ်ရှားလောက်သည်။ မျက်နှာဖြူဧည့်သည်ကြီးများသည် ဗိုလ်ချုပ် ကားဝင်လာကတည်းက မယုံနိုင်သော မျက်စိဖြင့် ပြတင်းဝမှ ဗိုလ်ချုပ်ကို လှမ်းကြည့်ကြသည်။ ဣန္ဒြေပျက်ယွင်းလောက်အောင် အံ့ဩနေကြသည်။ မြန်မာပြည်တွင် နံပါတ်တစ်ဖြစ်သော၊ ပြည်သူလူထု အကြည်ညိုဆုံးဖြစ်သော၊ တော်လှန်ရေး ခေါင်းဆောင်ကြီးလည်းဖြစ်သော၊ တော်လှန်ရေးအင်အားစုများ၏ ဗိုလ်ချုပ်လည်းဖြစ်သော၊ ကမ္ဘာကျော် ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်နေသော၊ လက်ရှိမြန်မာပြည်တွင် အင်အားအရှိဆုံးပုဂ္ဂိုလ်လည်းဖြစ်နေသော ထိုဗိုလ်ချုပ်အောင်ဆန်းက ဦးစောအိမ်သို့ ဦးစောနှင့်တွေ့ဆုံရန် အဘယ်ကြောင့်များလာရသနည်း။ ဤသို့အံ့အားသင့်ပုံသည် သူတို့၏မျက်နှာတွင် အုန်းအုန်းကျွက်ကျွက်မြည်သံထွက်လောက်အောင် ပေါ်နေသည်။ ဦးစောသည် ဘယ်မျှအရေးကြီးသူနည်း၊ ဘယ်မျှ အရေးကြီးသူဖြစ်၍ အောင်ဆန်းလာရသနည်း။

ဤအတွက် ဤအချိုးပေါ်အောင် တမင်တကာ ချိုးလိုက်သောအချိုး။ ဤကား မတော်တဆတိုက်ဆိုင်သော အခြေအနေမဟုတ်တန်ရာ။ တမင်ချိုးယူသော အချိုး၊ သို့လျှင် ဟသ်ာတဦးမြ 'တွက်'ပြီး အလွန်အနေရကျပ်ဟန်ဖြင့် ချောက်ချောက်ချားချားကြီး ဖြစ်နေလေတော့ပြီ။

ဦးစောသည် ဗိုလ်ချုပ်၏ စိတ်သဘောထားကြီးမှုကို အလွဲသုံးစားလုပ်ပြီ။ ဦးစောသည် ဗိုလ်ချုပ်ကို အမှန်မမြင် အမှန်မကြည့်တတ်၊ အထင်တသေးနှင့် ဒီအချိုးချိုးကာ အလွဲသုံးစားပြီ။ သို့ ဦးမြက တထစ်ချ တွက်မိတော့သည်။

ဗိုလ်ချုပ်ကမူ ဘာမျှအထူးစဉ်းစားနေပုံမပေါ်။ နီးရာသတင်းစာ တစ်စောင်ကိုယူ၍ မပ်အေးအေး ဖတ်နေလိုက်သည်။ ဦးစော၏ အသံသည် တစ်ဖက်စီမှ စီခနဲ စီခနဲ တက်တက်လာသည်။ ဦးစောသည် အားရပါးရ ရှည်ရှည်လျားလျားပါပဲ မျက်နှာဖြူဧည့်ကြီးများနှင့် စကားပြောကြားနေသည်။

ဗိုလ်ချုပ်အောင်ဆန်းက ထိုင်စောင့်နေရ၏။ မျက်နှာဖြူဧည့်သည်ကြီးများ၏ မျက်မြင်မျက်တွေ့ပင် ဗိုလ်ချုပ်အောင်ဆန်းက ထိုင်စောင့်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



၁၅ မိနစ်။ မပြီးသေး. . .။

၂၅ မိနစ်။ ဘာမှမထူးသေး. . .။

၃၅ မိနစ်။ ဦးစောအသံမပြတ်. .။

ဦးမြသည် ဗိုလ်ချုပ်ကို အားနာလွန်းလို့ အရည်ပျော်လုနေချေတော့ပြီ။

၄၅ မိနစ်၊ တစ်ဖက်တွင် ဦးစော စကားသံကို ကြားနေရဆဲ. . .။

အဲ - မိနစ် ၆၀ ကျော်ကျော် (ဝါ) ဗိုလ်ချုပ်တို့ စောင့်ချိန်တစ်နာရီကျော်ကျော်ကြာတော့ တစ်ဖက်တွင် ဦးစော၏ အသံရပ်သွားလေသည်။ ဗိုလ်ချုပ်အပေါ် အားနာလွန်း၍ ဦးမြသည် မြေကြီးထဲ ဝင်သွားမတတ် ခေါင်းငုံ့နေတော့သည်။

သို့သော် ဦးစောကား ပေါ်မလာသေး။ ဝင်မလာပြန်သေးချေ။

နောက်ထပ်၍ ၁၅ မိနစ်။

ထပ်၍ ၂၀ မိနစ်။

ဒီတွင်တော့ ဦးမြသည် မျက်နှာကြီးတစ်ခွင်လုံး နီရဲလာတော့ကာ နှုတ်က တစ်စုံတစ် ပြောသလို တရွရွဖြစ်လာသည်။

'ဗိုလ်. . . ဗိုလ်ချုပ်. . . ကျွန်တော်တို့ ပြန်ကြစို့. . .'

ဦးမြက တိုတိုကြီး ပြောထွက်လိုက်သည်။ ဗိုလ်ချုပ်က အံ့အားသင့်ဟန်ဖြင့် မျက် လှမ်းကြည့်ရင်း

'ဟာ. . . ဦးကြီးမြကလဲ. . .' ဒါပဲ ပြောသည်။

ဟော လာချေပါပြီ။ ဦးစောသည် နောက်ထပ် နာရီဝက်လောက်တွင်မှ အခန်းတွင်း ပြည့်ပြည့်ဝဝပြုံးထားသော အပြုံးဖြင့်ဝင်လာသည်။ ဦးစောသည် အဝတ်သစ်များ ထပ်မံလဲ သည်ကို ဦးမြက သတိပြုလိုက်မိသည်။ စောစောက အဝတ်မဟုတ်တော့ပြီ။

ဦးစောက ခါးကိုညွတ်၍ လက်ဆွဲနှုတ်ဆက်ရင်း 'ကျွန်တော့်ကို ခုလို စောင့်ဆိုင်းနေရ အတွက် ကျွန်တော် အင်မတန်ဝမ်းနည်းပါတယ်။. . .။ ဒီလိုစောင့်ဆိုင်းနေရခြင်းအတွက် တော ပန်ပါတယ်. . . ခွင့်လွှတ်ပါ'ဟု သိမ်မွေ့လှစွာ အင်္ဂလိပ်ဘာသာဖြင့် တောင်းပန်စကားဆို ဗိုလ်ချုပ်က. . .

'အို. . . ကိစ္စမရှိပါဘူး ဦးစော၊ ကိစ္စမရှိပါဘူး. . .'

(မြန်မာလို ပြန်ပြောသည်။)

ထို့နောက်ကား တိုတိုဆိုရပါသော်

ဂျူနီယာဦးစောက မိန့်ခွန်းရှည်ကြီး ချွေတော့ခြင်းပေတည်း။

ဗိုလ်ချုပ်ကို ဘာမျှထူးထူးထွေထွေ မမေး။ ဗမာပြည်အတွက် သူ ဘယ်လိုလုပ် အင်္ဂလိပ်ကို ဘယ်သို့အရေးဆိုမည်။ စစ်ဒဏ်ခံစားထားရသော ဗမာပြည်ကြီးကို အင်္ဂလိပ်အ သုံး၍ပင် ဘယ်လိုပြန်လည်ထူထောင်မည်။ အင်္ဂလိပ်တို့သည် သူ့သဘောကို သိလိုခြင်းကြော နေ့စဉ်နှင့်အမျှ လာရောက်မေးမြန်းတီးခေါက်နေကြသည်။ စောစောက လာရောက်သော သည်များမှာ ဘယ်အင်္ဂလိပ်ဗိုလ်ချုပ်နှင့် ဘယ်အရာရှိကြီးများ ဖြစ်သည်။ အမေရိကန်များ





ယ်သူတွေလာသည်၊ ဘယ်လို အဆင့်အတန်းလာသည်။ ဗမာပြည်ရှေ့ရေးသည် ဘယ်လိုလုပ် ဖြစ်မည်။ စီးပွားရေးအရ လုပ်ရန်အချက်၊ နိုင်ငံရေးအရ လုပ်ရန်အချက်က ဘာတွေရှိသည်။ မျိုးချစ်ပါတီကြီးကို ပြန်ထူထောင်ရမည်။ ထို့နောက်. . . ထို့နောက်. . . ထို့နောက်. . .

ဗိုလ်ချုပ်က နားထောင်နေသည်။ ဦးစောက သူ့အမြင် သူ့လုပ်ငန်းစဉ်များကို ဆက်တိုက် ပြောသွားလိုက်သည်မှာ တစ်နာရီလောက် ကြာသည်။

ဦးမြကား အားနာရန်ပင် အားကုန်သွားပါချေပြီ။ နောက်ဆုံး ပြန်လာချိန်အထိ ဗိုလ်ချုပ်၏ အင်ဆန္ဒများ ဗိုလ်ချုပ်က ဘာမျှမပြောခဲ့ရသည်ကို ဦးမြသည် အတော်အံ့သြနေသည်။

ထို့နောက် နိုင်ငံရေးအကွက်တွင် ဘာတွေဆက်ဖြစ်သနည်း။ လူထုအလိုကို ဆန့်ကျင်၊ လ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်အင်အားစုကို ဆန့်ကျင်လုပ်ကိုင်ခဲ့သော ဘုရင်ခံ ဆာဒေါ်မန် မစ်သည် ၁၉၄၆ ခုနှစ် ဇွန်လတွင် ဘိလပ်သို့ ပြန်သွားရပြီး ဆာဟူးဘတ်ရန့်စ် ဘုရင်ခံသစ် လာသည်။ ထိုဘုရင်ခံ ရောက်လာပြီး မကြာမီ ဗိုလ်ချုပ်ခေါင်းဆောင်၍ အစိုးရဖွဲ့သည်။ သော် အစိုးရအဖွဲ့ထဲ၌ ဗိုလ်ချုပ်တို့ကို 'မဲတင်း၍' ဂျူနီယာ ဦးစောအား အင်္ဂလိပ်က အစိုးရအဖွဲ့ဝင် ဖြစ် ထည့်သွင်းသည်။ သခင်ဗစိန်လည်း ပါသည်။ အစိုးရအဖွဲ့တွင် ဗိုလ်ချုပ်နှင့် ဦးစောသည် န့်ကျင်ဘက်ဖြစ်နေသည်။ အောင်ဆန်း-အက်တလီစာချုပ်ကို ဦးစော ပြင်းထန်စွာကန့်ကွက် န့်ကျင်သည်။ သို့ ကန့်ကွက်ပြီး မကြာမီပင် ဦးစော ရာထူးမှထွက်ရသည်။ ရာထူးထွက်၍ ဘာကြာ ည်း။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးအဖွဲ့ကို ဦးစော လုပ်ကြံသတ်ဖြတ်လိုက်လေသည်။ ထိုနေ့ ။ အများပြည်သူတို့ သိကြသည့်အတိုင်း ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်ပင်ဖြစ်တော့သည်။

ကျွန်တော်သည် နှစ် ၂၀ လုံးလုံး ဖုံးကွယ်ထားခဲ့သော သမိုင်းတင်သင့်သည့် အကွက် ဖာစ်ကွက်ကို ယခုဖွင့်ပြလိုက်ပါပြီ။ တစ်စုံတစ်ဦးသော ပုဂ္ဂိုလ်၏ကျပ်ကျပ်တည်းတည်း ောင်းပန်မေတ္တာရပ်ခံချက်အရ ကျွန်တော် နှစ် ၂၀ တာမျှ မျိုသိပ်ထားခဲ့မိသော်လည်း ယခုမူ နိုင်ခဲ့ပြီ။

"နိုင်ငံရေးမှာ အခြေအနေစောင့်နိုင်တဲ့ သတ္တိရှိရမယ်။ ပြီးတော့ သဘောထားကြီးနိုင်တဲ့ တ္တိရှိရမယ်။ စိတ်ရှည်နိုင်တဲ့သတ္တိရှိရမယ်"ဟူ၍ ဗိုလ်ချုပ်က သတ္တိသုံးမျိုးကို လုပ်ဖော်ကိုင်ဖက် ားအား ပြောလေ့ရှိခဲ့၏။

သို့သော် ဗိုလ်ချုပ်သည် သဘောထားကြီးသင့်သည်ထက်ကြီးခဲ့လေသလော။ ဦးစော ည် ဗိုလ်ချုပ်၏သဘောထားကြီးမှုကို အလွဲသုံးခဲ့သူဖြစ်ရုံမက အထင်အမြင်တွေလည်း လမ်းလွဲ ခဲ့လေသလော။ ဗိုလ်ချုပ်၏ သဘောထားကြီးမှုကိုပင် ဦးစောအထင်သေးလွန်းသွား၍ လမ်း များသို့ ရောက်ခဲ့စေလေသလော။ ကျွန်တော့်တွင် တမြမြသံသယတွေ ဖြစ်နေခဲ့မိ၏။

ဤစာကို ဖတ်မိသူမိတ်ဆွေကော အသို့လျှင် ထင်မြင်မိပါအံ့နည်း။ ။

[ENVOYဂျာနယ်၊ ၁၇-၆-၂၀၁၀]



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားသားများမြင်သော ဗိုလ်ချုပ်

သိန်းအောင်

ဤဆောင်းပါးသည် ဗိုလ်ချုပ်အောင်ဆန်းအပေါ် နိုင်ငံခြားသားများ၏အမြင်တို့ စုဆောင်းဘာသာပြန်တင်ပြချက်ဖြစ်ပါသည်။ တင်ပြရာ၌ အစအဆုံးမဟုတ်ပါ။ သင့်ရာတို့ကို ကောက်နုတ်တင်ပြခြင်းသာဖြစ်ပါသည်။ သို့တင်ပြရာ၌ ကျွန်တော်၏ ထင်မြင်ယူဆချက်များကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ထားပါသည်။

ဗိုလ်ချုပ်အောင်ဆန်းဘဝမှာ ဗမာ့လွတ်လပ်ရေးတိုက်ပွဲသမိုင်းနှင့် ခွဲခြား၍ မရကောင်းရကား ဗမာ့လွတ်လပ်ရေးတိုက်ပွဲသမိုင်းကြောင်းတွေ အများအပြားပါနေသည်မှာလည်း အထင်အရှားဖြစ်ပါသည်။

ဤဆောင်းပါးရေးရန်အတွက် စာအုပ်စာတမ်းများကို ရှာဖွေရာတွင် ဦးဆောင်ကောင်းနှင့် ဦးမောင်မောင် (တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်) တရားသူကြီးချုပ် ဒေါက်တာမောင်မောင်နှင့် ဦးလှသောင်း (တရားရုံးချုပ်)၊ ဦးစိန်လှိုင် (ကုန်သွယ်ရေး) တို့က အထူးအကူအညီပေးကြပါသဖြင့် ထိုပုဂ္ဂိုလ်တို့ကို ကျေးဇူးဥပကာရတင်ရှိပါသည်။

[သိန်းအောင်]

## ဗိုလ်မိုးကြိုး၏ အမြင်

ဗမာ့လွတ်လပ်ရေးတပ်မတော်၏ သေနာပတိဖြစ်သူ ဗိုလ်မိုးကြိုး (မစ္စတာမိနာမီ ခေါ်



ကေအိဂျိစုဇူကီး)ထံသို့ တရားရုံးချုပ်တရားသူကြီးချုပ် ဒေါက်တာမောင်မောင်သည် ၁၉၅၉ ခုနှစ် ခရစ္စမတ်အခါတွင် ရောက်ရှိခဲ့သည်။ ဗိုလ်မိုးကြိုး၏ ပြောပြချက်များကို မှတ်သားလာခဲ့ပြီး ဒေါက်တာမောင်မောင်သည် သူပြုစုသည့် "မြန်မာပြည်၏ အောင်ဆန်း" စာအုပ်တွင် ဖော်ပြထားသည်။ ယင်းဖော်ပြချက်မှ စာပိုဒ်နှစ်ပိုဒ်ကို အောက်တွင် ဘာသာပြန် ဖော်ပြလိုက်ပါသည်။

"အောင်ဆန်းသည် လုံးဝဥဿုံရိုးသားဖြောင့်မတ်သည်။ သူသည် စစ်ခေါင်းဆောင်ကောင်းတစ်ယောက်လည်းဖြစ်ပြီး ယူရသတ္တိရှိသည်၊ ကျွမ်းကျင်လိမ္မာမှုရှိသည်။ သူသည် မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးဖြစ်၏။ သူ၏မျိုးချစ်စိတ်နှင့် ရိုးသားဖြောင့်မတ်မှုကြောင့် ဂျပန်ပြည်ရှိ ကျွန်ုပ်တို့အားလုံးကလည်းကောင်း၊ ချီတက်ရာလမ်းတစ်လျှောက်လုံးတွင်လည်းကောင်း သူ့ကိုလေးစားကြသည်။ တိုကျိုတွင် သူနှင့် ကျွန်ုပ်တို့ နိုင်ငံရေးဆွေးနွေးစဉ်တွင် သူသည် နိုင်ငံရေးတွေးခေါ်မှုတွင် ထိုစဉ်က မရင့်သန်လှသေးဟု၍ ကျွန်ုပ်ထင်ခဲ့၏။ သို့သော် သူ၏ရိုးသားဖြောင့်မတ်မှုနှင့် မျိုးချစ်စိတ်တို့ကြောင့် ထေမိရုံထက် ကျော်လွန်သွားလေသည်။ ရန်ကုန်ကို ကျွန်ုပ်တို့ဝင်မိသည်တွင် အောင်ပွဲရစစ်ရေးပြအခမ်းအနားတစ်ရပ်လုပ်ပြီး ဗမာပြည်၏လွတ်လပ်ရေးကို ကြေညာသင့်ကြောင်း ကျွန်ုပ်ကအကြံပေးသည်။ ဂျပန်တပ်မတော်သည် ဗမာတို့၏ယုံကြည်မှုကို သစ္စာဖောက်ခဲ့သည်ဟု ကျွန်ုပ်စိတ်တွင်ခံစားရသည်။ ကျွန်ုပ်တို့သည် သူတို့ကို လွတ်လပ်ရေးရအောင် ကူညီမည်ဟူ၍ ကတိပေးခဲ့၏။ သို့သော် ကျွန်ုပ်တို့သည် သူတို့ဆိုင်းပြည်ကို သိမ်းပိုက်ပြီးဖြစ်ကာ ကျွန်ုပ်တို့ပေးခဲ့သည့် ကတိကိုမေ့သွားလေပြီ။ ဗိုလ်ချုပ်ကြီးအီးဒါးထံ ကျွန်ုပ်သွားပြီး ဗမာ့လွတ်လပ်ရေးကို ကြေညာရန် ကျွန်ုပ်ရည်ရွယ်ကြောင်းပြောပြသည်။ တိုကျိုမှ အမိန့်စောင့်ပါဦးဟု သူကဆိုသည်။ စစ်ဦးစီးချုပ်ရုံးမှ ဒုဗိုလ်ချုပ်ကြီး မူးတိုးသည် မြန်မာပြည်သို့ ရောက်ရှိလာကာ ဗမာ့လွတ်လပ်ရေးကို ကျွန်ုပ်က ကြေညာလိုသည်ဆိုခြင်းမှာ ဟုတ်မှန်ပါသလားဟု ကျွန်ုပ်အား မေးသည်။ ဟုတ်မှန်ကြောင်း ကျွန်ုပ်ပြောပြသည်တွင် စောလိမ့်ဦးမည်ဖြစ်ကြောင်း သူက ပြန်ပြောသည်။ စစ်အပြီးတွင် မူးတိုးမှာ စစ်ရာဇဝတ်ကောင်အဖြစ် ကြိုးပေးခံရသည်။ တစ်ခါတွင် ဖြစ်ချင်တာဖြစ်ဟူသော စိတ်မျိုး အလွန်အမင်း ဝင်လာရကား ကျွန်ုပ်သည် ကျွန်ုပ်၏ဂျပန်အရာရှိများကိုခေါ်ပြီး ဂျပန်ကိုပြန်တိုက်ရင် မင်းတို့ငါ့နောက်လိုက်မလားဟု မေးသည်။ အောင်ဆန်းနှင့် သူ့လုပ်ဖော်ကိုင်ဖက်များနှင့်လည်းတွေ့ရှိကာ ဂျပန်ကိုပုန်ကန်ခြားနားရန် တိုက်တွန်းသည်။ ကျွန်ုပ်ထိုနေရာတွင်ရှိနေသရွေ့ ထိုသို့ပြုရန် သူတို့စိတ်ကူးမည်မဟုတ်ကြောင်း အောင်ဆန်းကပြောသည်။"

"နောက်ဆုံးတွင် လွတ်လာသည်မှန်သော်လည်း စစ်အပြီးတွင် ကျွန်ုပ်သည် ရုံးတင်စစ်ဆေးခြင်းခံရသည်။ အမှုစစ်ဆေးရန် စောင့်နေရန်အတွက် ကျွန်ုပ်ကို ရန်ကုန်ထောင်သို့ပို့သည်။ ထိုအချိန်မှာ မြန်မာပြည်လွတ်လပ်ရေးရခါနီးဖြစ်ပြီး အောင်ဆန်းမှာ အစိုးရအဖွဲ့ခေါင်းဆောင်ဖြစ်နေသည်။ ကျွန်ုပ်ထောင်ထဲတွင်ရှိနေကြောင်း သူကြားသွားသည်။ သူသည် ကျွန်ုပ်ထံ ကြင်ကြင်နာနာစာတွေ ပေးရှာသည်။ ထောင်ထဲတွင် ကျွန်ုပ်အနေအထိုင် ကျပ်တည်းမှု မရှိစေရန်လည်း စီစဉ်ရှာသည်။ သူကျွန်ုပ်ကိုလာတွေ့ပါဦးမည်ဟုလည်းဆိုကာ ရက်ချိန်းလိုက်သည်။ ကျွန်ုပ်သည် အမျှော်ကြီး မျှော်ခဲ့သည်။ သို့သော် ထိုနေ့သာ ကုန်သွားသည်။ အောင်ဆန်းကားပေါ်မလာ။ ကျွန်ုပ်သည် စိတ်ပျက်သွားပြီး နားမလည်နိုင်အောင်လဲ ဖြစ်ရသည်။ အကြောင်းသော်ကား အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



သည် သူ့စကားကို ဖျက်တတ်သူမဟုတ်သောကြောင့်တည်း။ အောင်ဆန်းသည် သူ့ရှေ့တစ်ယောက် အသတ်ကိုခံသွားရရှာပြီဟု တစ်ရက်၊ နှစ်ရက်အကြာတွင် ကြားလိုက်ရတော့၏"။

## အူးဇီးယားနော့ဗ်၏အမြင်

ဆိုဗီယက်ယူနီယံမှ အေ-အူးဇီးယားနော့ဗ်ဆိုသူ ပုဂ္ဂိုလ်က မြန်မာပြည်တွင် အချိန် လေ့လာဖတ်မှတ်ပြီးနောက် "အောင်ဆန်း" အမည်ရှိ စာအုပ်တစ်အုပ်ကို ရေးထားသည်။ ထို အုပ်ထဲမှသင့်နိုးရာရာအပိုင်းကလေးများကို ထုတ်နုတ်၍အောက်တွင် ဘာသာပြန်ဖော်ပြ ပါသည်။

လူအချင်းချင်းခေါင်းပုံဖြတ် ခြယ်လှယ်သည့်စနစ်အဖြစ်လည်းကောင်း၊ အကျပ်အတည် များနှင့် စစ်ဖြစ်ပွားစေခြင်းအကြောင်းတရားအဖြစ်လည်းကောင်း၊ အောင်ဆန်းသည် မနေရှင်စနစ် နစ်နစ်နာနာဝေဖန်ခဲ့သည်။ လူအဖွဲ့အစည်းကို မနေရှင်မဟုတ်သော ဖြစ်ပေါ်တိုးတက်ရေး ကြောင်းအတိုင်း ပြောင်းလဲသွားရန် တောင်းဆိုခဲ့သည်။ ထို့ပြင် သူသည်လုပ်သား ပြည်သူ အကျိုးစီးပွားဘက်မှ တစ်သမတ်တည်း ပြောဆိုခဲ့သည်။

"နိုင်ငံရေးလွတ်လပ်မှုရရှိရုံမျှနှင့် နယ်ချဲ့နှင့် ကိုလိုနီဆန့်ကျင်ရေးတိုက်ပွဲသည် ပြီးဆုံး မဟုတ်ဘဲ တိုက်ပွဲအသွင်များ၊ တိုက်ပွဲနည်းလမ်းများသာ ပြောင်းလဲသွားကြောင်းကို အောင်ဆန်း သည် သိရှိခဲ့၏။

"မစေ့စပ်တမ်းနယ်ချဲ့ဆန့်ကျင်သူလည်းဖြစ်သော၊ သွေးစုပ်ခြယ်လှယ်မှုဟူသမျှ ရန်သူလည်းဖြစ်သော အောင်ဆန်းသည် ကိုလိုနီစနစ်နှင့် နယ်ချဲ့စနစ်တို့သည် အတွင်းဆက် မှုရှိကြောင်းကိုမြင်ခဲ့သည်။ မြန်မာပြည်သူတို့၏ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲကို ယေဘုယျ သွေးစုပ်မှုစနစ်ကို ဆန့်ကျင်ရေးတိုက်ပွဲနှင့် ခွဲခြား၍မရနိုင်သည်ကိုမြင်သည်။ မနေရှင်စနစ် နေသရွေ့ကာလပတ်လုံး တိုင်းပြည်တစ်ပြည်က အခြားတိုင်းပြည်တစ်ပြည်ကို ဖိနှိပ်ချုပ် နယ် စနစ်ဖြစ်သော နယ်ချဲ့စနစ်နှင့် ကိုလိုနီစနစ်တို့လည်း တည်ရှိနေလိမ့်ဦးမည်ဖြစ်သည်ကို သူသ ပေါက်သည်။

"သူ၏ နိုင်ငံရေးလုပ်ငန်းစတင်စဉ်ကတည်းကပင် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲနှင့် မျို ပဒေသရာဇ်ဆန့်ကျင်ရေးတိုက်ပွဲတို့ကို ပေါင်းစည်းပေးရန် ဆော်ဩခဲ့ပေသည်။ တောရပ်ဒေသ မြေရှင်ပဒေသရာဇ်ဆက်ဆံရေးများကို နယ်ချဲ့စနစ်က အသက်ဆက်ထားသည်။ နယ်ချဲ့စနစ် တိုင်းပြည်ကို လွှမ်းမိုးထားသည်။ ယင်းနယ်ချဲ့စနစ်နှင့်အတူ မြေရှင်ပဒေသရာဇ်သွေးစုပ်မှုစနစ် များကို ဖျက်သိမ်းပစ်ရန် လိုအပ်သည်ဟု သူ ယူဆသည်။

"အောင်ဆန်းသည် မြန်မာပြည်ရှိ ပစ္စည်းမဲ့အစိတ်အပိုင်းများကို အမျိုးသားလွတ်မြောက် ရေးလှုပ်ရှားမှုအတွင်း၌ ကြီးစွာသောအခန်းကဏ္ဍတစ်ရပ်တွင် ထားရှိခဲ့၏။

"သူသည် အမျိုးသားရေးပြဿနာကို များစွာအာရုံစိုက်ခဲ့သည်။ ဤပြဿနာနှင့် သက်သော သူ၏ အယူသည် ဘက်ပေါင်းများစွာတွင် မာ့က်စ်အမြင်နှင့် နီးစပ်သည်။

"သူ့ကိုယ်သူ အမျိုးသားရေးသမားအဖြစ် အောင်ဆန်းက မကြာခဏညွှန်းဆိုခဲ့၏။ သူ





သူ၏အမျိုးသားရေးဝါဒမှာ ကျဉ်းမြောင်းသော မနေရှင်အမျိုးသားရေးဝါဒနှင့်လည်းကောင်း၊ ငါ့လူမျိုးမှ ငါ့လူမျိုးဝါဒနှင့်လည်းကောင်း ဘယ်ဘက်ကမျှမတူချေ။ ငါ့လူမျိုးမှ ငါ့လူမျိုးဝါဒမှာ နိုင်ငံချင်း လူမျိုးချင်းကို ရန်တိုက်ပေးသည်။

"တိုင်းရင်းသား လူနည်းစုများနေထိုင်ကြသော ဒေသများကို မြန်မာပြည်မမှ ခွဲထုတ်ပစ်ရန် ရှေးရှုသောခွဲရေး ပဒေသရာဇ် အင်အားစုများ၏ လမ်းစဉ်ကိုအောင်ဆန်းသည် စိတ်ပြဋ္ဌာန်းချက်ဖြင့် ရှုတ်ချခဲ့၏။

"အောင်ဆန်း၏အမျိုးသားရေးဝါဒသည် အဖိနှိပ်ခံနိုင်ငံ၏ ဒီမိုကရေစီစိတ်ဓာတ်ကို ဖော်ပြကာ လူမျိုးစုံချစ်ကြည်ရေးဝါဒနှင့် ဖီလာမဖြစ်ချေ။ အမှန်မှာ သူသည် အမျိုးသားရေးသမား လည်းဖြစ် လူမျိုးစုံသွေးစည်းရေးသမားလည်းဖြစ်ကြောင်း သူကိုယ်တိုင်ထပ်ဖန်တလဲလဲ ပြောကြား ခဲ့၏။

"ထို့ပြင်တဝ မြန်မာပြည်ရှိ ပြည်သူများနှင့် အခြားနိုင်ငံများရှိ တိုက်ပွဲဝင်ပြည်သူများ တက်တက်ကြွကြွပူးပေါင်း ဆောင်ရွက်ကြဖို့ အောင်ဆန်းသည်ဆော်ဩပေးခဲ့သည်။

"အောင်ဆန်းသည် ဆိုဗီယက်ပြည်သူတို့၏ မိတ်ဆွေကြီးဖြစ်သည်။ ဆိုဗီယက်ယူနီယံနှင့် မိတ်ဆွေအဖြစ်ဆက်ဆံရေးများကို တိုးချဲ့ရန် သူ့ပြည်သူများကို ပန်ကြားခဲ့သည်။ မြန်မာနိုင်ငံနှင့် ဆိုဗီယက်ယူနီယံတို့ သံတမန်ဆက်ဆံရေးများ ထူထောင်ရန် စတင်ဆောင်ရွက်သည်မှာ သူပင်ဖြစ် သည်။ သံတမန်ဆက်ဆံရေးများထူထောင်ရန် ဗြိတိန်ရှိ ဆိုဗီယက်ကိုယ်စားလှယ်နှင့် သူသည် ၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် ဆွေးနွေးစေ့စပ်ခဲ့သည်။

"ဆိုဗီယက်ယူနီယံ၏ စီးပွားရေးနှင့် ယဉ်ကျေးမှုတိုးတက်ရေးစီမံကိန်းကို စိတ်အဝင် စားကြီးဝင်စားကြောင်း အောင်ဆန်းသည် ပြသခဲ့၏။

မြန်မာပြည်အဖို့ အောင်ဆန်းသည် မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်၏။ ထင်ရှားသည့် တော် လှန်ရေးဒီမိုကရေစီသမားတစ်ယောက်ဖြစ်၏။ ကိုလိုနီစနစ်၊ မြေရှင်ပဒေသရာဇ်စနစ်နှင့် မနေရှင် စနစ်တို့ကို တိုက်ဖျက်ရန် ရဲဝံ့စွာ စိန်ခေါ်ခဲ့သူ၊ သွေးစုပ်ခြယ်လှယ်ရေးအသွင်အားလုံးကို ဖျက်သိမ်း မှုအတွက် တိုက်ခဲ့သူ အမျိုးသားခေါင်းဆောင်တစ်ယောက်ဖြစ်၏။ သူ၏ ဆောင်ရွက်ချက်များနှင့် ထားရစ်ခဲ့သည့် စိတ်ဓာတ်အမွေအနှစ်ကဆိုခဲ့သည့် အချက်များကို ပြသနေပေသည်။

အောင်ဆန်းထားရစ်ခဲ့သည့် စိတ်ဓာတ်အမွေအနှစ်ကား အဖိုးတန်ပေစွ၊ မျက်မှောက် ခေတ်မြန်မာနိုင်ငံအဖို့ ယင်းအမွေအနှစ်သည် အသိအမြင်ဘက်တွင်ရော၊ ထို့ထက်ပို၍ လက် တွေ့အခန်းတွင်ပါ အရေးပါပေသည်။ မြန်မာနိုင်ငံအဖို့သာလည်းမကပါပေ။

## တွမ်ဒရိုင်းဘတ်၏အမြင်

တွမ်ဒရိုင်ဘတ်မှာ ဗြိတိသျှပါလီမန်အောက်လွှတ်တော်တွင် လေဘာပါတီအမတ်ဖြစ် သည်။ စစ်ပြီးစအချိန်၌က မြန်မာပြည်သို့ရောက်ရှိခဲ့ဖူးပြီး မြန်မာဘက်မှ ရပ်တည်ခဲ့သူဖြစ်သည်။

"မြန်မာပြည်ရှိ လူငယ်နိုင်ငံရေးသမားသစ်များနှင့်ပတ်သက်၍ မျှော်လင့်စရာ အကောင်း ဆုံးဖြစ်ရသည့် အချက်တစ်ချက်မှာ သူတို့သည် ဖျက်ဆီး၍ရမည့်သူများ လုံးဝမဟုတ်ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ပြင်းထန်သူများဖြစ်ကောင်းဖြစ်မည်၊ အမျိုးသားစိတ်ကလည်းပြင်းသည်၊ သို့ေ ရိုးသားဖြောင့်မတ်ကြ၏။ ပြင်သစ်၊ ယူဂိုဆလားဗီးယားစသော ဥရောပတိုင်းပြည်အမျိုးမျိုး ဖြစ်ခဲ့သလိုအတိအကျမဟုတ်စေကာမူ ခပ်ဆင်ဆင်ပင် ဤနိုင်ငံရေးသမားများ ထွက်ပေါ် ပေသည်။ သူတို့၏ လှုပ်ရှားမှုသည် ဂျပန်ကိုခုခံခြင်းမှ ပေါက်ဖွားလာခဲ့သည်။ သူတို့သည် နံပါတ်တပ်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

"အထူးသဖြင့် ဗမာ့မျိုးချစ်တပ်မတော်ကို တည်ထောင်သူ ခေါင်းဆောင် ဗိုလ်ချုပ်အော ဆန်းကို ဖော်ပြလိုပါသည်။ အမှန်မှာ သူသည် မြန်မာပြည်၏ တီးတိုးဟုခေါ်ထိုက်သူဖြစ် သူသည် ၃၁ နှစ်၊ ၃၂ နှစ်ခန့်သာ ရှိသေးသော လူငယ်တစ်ဦးဖြစ်ပြီး စစ်ရေးရော နိုင်ငံရေးအ တွင်ပါ အသိဉာဏ်ကြီးမားသည်။ ၎င်းပြင်သူသည် ယခုပစ္စုပ္ပန်ခေတ် မြန်မာပြည်ရှိ လူ အပေါင်း၏ သူရဲကောင်းဖြစ်သည်မှာ သေချာသည်။ ဤသို့ ပြောနိုင်ခြင်းမှာ လွန်ခဲ့သည့် နှစ်လက ကျွန်ုပ်သည် မြန်မာပြည်ရောက်ရှိခဲ့ပြီး သူ့ကို တိုင်းပြည်၏ အနှံ့အပြားတွင် တွေ့ရှိခဲ့ ပြည်သူများက သူ့ကို ဘယ်လိုသဘောထားသည်ကို မြင်ခဲ့ရသောကြောင့်ဖြစ်၏။

## ဘုန်းတော်ကြီး ဂျီအက်ပဲလတန်၏ အမြင်

လန်ဒန်မြို့မှ ၁၉၄၈ ခုနှစ် ဇူလိုင်လတွင် ထုတ်ဝေသော 'သည်အေရှားထစ်ရိ မဂ္ဂဇင်းတွင် ဘုန်းတော်ကြီး ဂျီအက်ပဲလတန်၏ 'မြန်မာ့ရှုထောင့်' အမည်ရှိ ဆောင်းပါးပါရှိခဲ့သ ယင်းဆောင်းပါးမှ စာပိုဒ်နှစ်ပိုဒ်ကို ဘာသာပြန် ဖော်ပြလိုက်ပါသည်။

ဘုန်းတော်ကြီး ဂျီအက်ပဲလတန်မှာ စစ်ပြီးစကာလက ပြန်ကြားရေးဌာနညွှန်ကြား အဖြစ် ဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်ဖြစ်သည်။

'အောင်ဆန်းသည် မြန်မာတို့အတွင်းတွင် စစ်စိတ်စစ်သွေးကို နှိုးဆွပေးခဲ့သည်၊ လူ များသည် သူ့ကို သစ္စာရှိလှစွာ လေးစားကြကုန်သည်။ မျိုးချစ်စိတ်သစ်၊ သူရဲကောင်းကိုးကွ အသစ်တို့ကြောင့် သူတို့သည် စည်းကမ်းကို လိုက်နာရန်လည်းကောင်း၊ ပင်ပင်ပန်းပန်း အလု ရန်လည်းကောင်း အသင့်ရှိကြသည်။ ရှေးကဆိုလျှင် ဤတာဝန် ဝတ္တရားနှစ်ရပ်ကို သူတို့ သည်ဟူ၍ အစွပ်စွဲခံခဲ့ကြရသည်။

'အောင်ဆန်းသည် မြင့်မြတ်သည့်မူများရှိသူ တကယ့်ခေါင်းဆောင်တစ်ယောက်ဖြ အစုအဝေးတစ်ခုတွင် သူပြောသည်ကို ကျွန်ုပ်ကြားခဲ့သည်။ လုပ်သင့်လုပ်ထိုက်သည်ဟု သူယ သောကိစ္စအချို့ကို လူထုပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ သူလုပ်မည်ဟုဆိုသည်။ ၁၉၄၆ ဇန်နဝါရီလအတွင်းက ရွှေတိဂုံဘုရားတွင် လူထုအစည်းအဝေးကြီးတစ်ရပ်ကျင်းပသည်၊ သူ့ စကားကို နားထောင်ရန်အလို့ငှာ ကျွန်ုပ်အပါအဝင် လူထု ၂၀,၀၀၀၀ တက်ရောက်ခဲ့သ ခေါင်းဆောင်ကြီးဝင်လာရေးအတွက် အာဏာရှင်ပုံစံအတိုင်း စေ့စေ့စပ်စပ်စီစဉ်၍ အချိန်သတ် ထားပုံရသည်။ သို့သော် အချိန်ကျလာသောအခါတွင် အောင်ဆန်းသည် လူတွေကြား ဖြတ်သွားသည်မှာ မသိလိုက်ကြရသလောက် ဖြစ်သည်။ ဖြတ်သွားပြီးနောက် စင်မြင့်ဆီသို့ ကာ သူ့မိန့်ခွန်းကို အေးအေးသက်သာပင် အစပျိုးလိုက်သည်။ ဟိတ်တွေ ဟန်တွေမရှိ၊ ဗာဟီ





ားသည့် ဩဘာမျိုးမရှိ။ သူ့မိန့်ခွန်းမှာ သုံးနာရီခွဲကြာသည်။ မိန့်ခွန်း၏အများစုကြီးကို သူသည် ာမှန်နှင့် မြန်မြန်ဖတ်သည်။ ထိုအထဲတွင် ရာဇဝင်ကို ရှုကြည့်ဆင်ခြင်ချက်တွေပါသည်။ မျိုးချစ်စိတ် ာက်ကြွသည့် အပိုင်းတွေပါသည်။ ပြင်းထန်စူးရှသော စကားတွေပါသည်။ ဆိုရှယ်လစ်နှင့် မာ့က်စ် ပြဝါဒတွေပါသည်။ အကြောင်းသော်ကား စာမူမှာ စုပေါင်းစပ်ပေါင်းစာမူဖြစ်သောကြောင့်တည်း။ မှန်ရံခါ အောင်ဆန်းသည် သူ့စာမူကိုဘေးချထားကာ ဒေါ်မာန်ပါပါလည်းကောင်း၊ ဟာသပါပါ လည်းကောင်း ပြောသွားတော့သည်။

## အက်တလီအမြင်

စစ်ပြီးခေတ်တွင် ဗြိတိန်တွင်လေဘာအစိုးရတက်လာသည်။ ထိုလေဘာအစိုးရတွင် ၀န်ကြီးချုပ်ဖြစ်သူမှာ ကလီးမင့်ရစ်ချတ်အက်တလီဖြစ်သည်။ ဗမာပြည်လွတ်လပ်ရေးရချိန်တွင် အက်တလီဝန်ကြီးချုပ်ဖြစ်နေဆဲပင်။ သူရေးသည့် 'ဖြစ်သမျှအကြောင်း'ဟူသည့် စာအုပ်မှ စာပုဒ်တစ်ပိုဒ်ကို ဘာသာပြန်လိုက်ပါသည်။

"ကျွန်ုပ်အမြင်တွင် အောင်ဆန်းသည် လုပ်ရည်ကိုင်ရည်နှင့် ဉာဏ်အမြော်အမြင် အတော်ပင်ရှိသည့် နိုင်ငံ့ခေါင်းဆောင်တစ်ဦးဖြစ်သည်။ လူနည်းစုအသိုင်းအဝိုင်းများနှင့် ဆက်ဆံ ရာတွင် သဘောထားကြီး၍ ရက်ရောသည့် လမ်းစဉ်အရဖြစ်စေကြောင်း သူ၏အဆိုပြုချက်များက သူ၏ လုပ်ရည်ကိုင်ရည်ရှိမှုနှင့် ဉာဏ်အမြော်အမြင်ကြီးမှုကို သက်သေထူပေသည်"

## ဖီးမာရှယ်စလင်းအမြင်

ဖီးမာရှယ် (ထိုအချိန်ကဗိုလ်ချုပ်ကြီး) စလင်းမှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မြန်မာ ပြည်ကို ပြန်သိမ်းသည့် ၁၄ နံပါတ်တပ် စစ်သေနာပတိချုပ်ဖြစ်သည်။ သူရေးသော 'အရှုံးမှ အနိုင်သို့' အမည်ရှိစာအုပ်တွင် ဖော်ပြထားသည်မှာ

"ကျွန်ုပ်သည် အောင်ဆန်းကို သဘောကျသွားသည်။ သူသည် ကျွန်ုပ်မျှော်လင့်ခဲ့သလို ထွန်းပေါက်လို၍ ထောက်ထားမှုကင်းမဲ့သော ပြောက်ကျားခေါင်းဆောင်တစ်ဦးမဟုတ်ချေ။ ထွန်း ပေါက်လိုစိတ်ရှိသည်မှာ မှန်ပါသည်။ စစ်ပြီးခေတ်မြန်မာပြည်တွင် သူ့အဖို့ ဦးစီးဦးကိုင်နေရာကို ရယူလိုပါသည်။ သို့သော် ကျွန်ုပ်အကဲဖြတ်မိသည်မှာ သူသည်မျိုးချစ်ပုဂ္ဂိုလ်အစစ်ဖြစ်၏။ အမြင် အချိန်အဆညီညီဘဝနှင့် ဟပ်မိသူဖြစ်၏။ ဤအမှုအရာများမှာ အမြဲတမ်း တွဲလျက်သား တွေ့ရသည်မဟုတ်ပေ။ ဂျပန်နှင့်ပတ်သက်သောအတွေ့အကြုံကြောင့် ဗြိတိသျှတို့အပေါ် သူ့အမြင် မှာ ပိုမိုချိန်သားကိုက်လာခဲ့သည်။ မြန်မာပြည်ကို ကယ်တင်ရေးနှင့် ပြန်လည်ထူ ထောင်ရေးတွင် ကိုယ်တိုင် ကျွန်ုပ်တို့နှင့် ပူးပေါင်းရန်အသင့်ရှိပေသည်။ ၎င်းပြင် ထို့နောက်လည်း ဆက်လက်ပူး ပေါင်းဆောင်ရွက်တန်ရာသည်ဟူ၍ ကျွန်ုပ်ယူဆခဲ့၏။ သူ့တွင် ကျွန်ုပ်သဘောအကျဆုံးမှာ ရိုးသား ဖြောင့်မတ်မှုဖြစ်၏။ သူသည် ပေါ့ပေါ့တန်တန်ကတိပေးတတ်သူမဟုတ်ချေ။ တစ်ခုခုကို တာဝန်ယူရ မည်ဆိုလျှင် ဆုတ်ဆိုင်းဆိုင်းရှိသည်။ သို့သော် တစ်စုံတစ်ရာကို သဘောတူမိလျှင် စကားဖျက်မည့် သူမဟုတ်ဟု ကျွန်ုပ်ထင်မြင်သည်။ အောင်ဆန်းနှင့် ကျွန်ုပ်အလုပ်လုပ်၍ ဖြစ်မည်"



www.burmeseclassic.com

www.burmeseclassic.com



**မောရစ်ကောလစ်၏အမြင်**

မြန်မာစာဖတ်ပရိသတ်များ အသိအကျွမ်းဆုံး အင်္ဂလိပ်စာရေးဆရာကြီး တစ်ဦးဖြစ်သူ မောရစ်ကောလစ်က "မြန်မာပြည်တွင် နောက်ဆုံးနှင့်အဦးဆုံး" ဟူသော စာအုပ်ကို အစပျိုးထားပုံမှာ -

"ဤစာအုပ်တွင် ကျွန်ုပ်တို့မြန်မာပြည်ကို ဆုံးရှုံးရပုံကို ပြောပြထားပါသည်။ နောက်ပြီး မြန်မာတွေ မြန်မာပြည်ကို ပြန်ရယူပုံကိုလည်း ပြောပြထားပါသည်။ ၁၉၄၁ ခုနှစ်တွင် ဆာရယ်ဂီနယ် ဒေါ်မန်စမစ်သည် ဆာအာချီဘော်ကော့ကရိန်းကို ဆက်ခံကာဘုရင်ခံဖြစ်လာခဲ့သည်။ ၁၉၄၆ ခုနှစ် ဇန်နဝါရီလတွင် ထိုစဉ်က ဘုရင်ခံဖြစ်သူ ဆာဟူးဘတ်ရန့်စ်က မြန်မာ့သမ္မတနိုင်ငံ၏ ဝန်ကြီးများလက်သို့ အာဏာလွှဲပြောင်းပေးလိုက်သည်။ ဤခြောက်နှစ်ခွဲသော ကာလတွင် မြန်မာ့သမိုင်းတွင် အရေးအကြီးဆုံးကာလဖြစ်တန်ရာပေသည်။ ထိုခြောက်နှစ်ခွဲအတွင်းတွင် ၁၉၄၂ ခုနှစ်၌ ဂျပန်က တိုင်းပြည်ကို သိမ်းပိုက်သွားသည်။ ဗြိတိသျှစစ်တပ်နှင့် အုပ်ချုပ်ရေးသည် တောင်ကြီးများကို ဖြတ်ကျော်ပြီး အိန္ဒိယသို့ ဆုတ်ခွာသွားသည်။ ၁၉၄၅ ခုနှစ်တွင် ဂျပန်စစ်ရှုံးသွားသည်။ သူ့တိုင်းပြည်ကို ကယ်တင်နိုင်ခဲ့သူ ဗမာ့အမျိုးသားခေါင်းဆောင်အောင်ဆန်း ပေါ်ထွက်လာသည်။"

၎င်းနောက် စာအုပ်နောက်ပိုင်းတွင် မောရစ်ကောလစ်က ရေးသားထားသည်မှာ -

"ဤ ၁၉၄၄ ခုနှစ်တွင် သူသည်အသက် (၂၈) နှစ်မျှသာ ရှိသေးသည်။ သူသည် လူသေးသေး ပေါဟောဒိုင်းဒိုင်းသမားဖြစ်သည်။ စိတ်ဓာတ်ပြင်းပြ၍ စကားနည်းသည်။ ပိုင်ပိုင် နိုင်နိုင်ရှိ၍ လျှင်မြန်ဖျတ်လတ်သည်။ ရုပ်ရည်မှာ ကြည့်ပျော်၍ သူငယ်တစ်ယောက်၏ အမူအရာမျိုးရှိသည်။ သူ့မျက်လုံးများမှာ တောက်ပပြီး၊ မျှော်လင့်နေ၏သို့ ရှိသည်။ သို့သော် စဉ်းစားပြီး မကောင်းဖြစ်နေဟန်သန်းနေသည်။ သူသည် အလွန်ဆိတ်ငြိမ်အလွန်အဆိုအမိန့်နည်းရကား ဂျပန်များသည် သူ့ကို ဘယ်တုန်းကမျှ မယုံသင်္ကာမဖြစ်ခဲ့ဘူးချေ"။ ။

[ငွေတာရီမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၆၆]

# ဂျူနီဦးစော၏ လုပ်ကြံမှုကြီး

မြဝတီစာတည်းအဖွဲ့

အောက်ပါဆောင်းပါးမှာ ၁၉၄၇ ခုနှစ် ပြည်သူ့ဟစ်တိုင်သတင်းစာများတွင် ဖော်ပြပါရှိသော 'ဂျူနီဦးစော၏လုပ်ကြံမှုသတင်းများ'ကိုအတိုချုံး၍ ကောက်နုတ်ဖော်ပြချက်ပင်ဖြစ်ပါသည်။ ဤသို့ဖော်ပြရာ၌ သတင်းစာတွင်ပါသော 'အကြောင်းအချက်'များကို အနည်းငယ်မျှပြင်ဆင်ပြောင်းလဲခြင်းမပြုဘဲ ရေးပုံရေးဟန်ကိုသာ သင့်လျော်သလို ပြင်ဆင်ပြောင်းလဲထားပါသည်။

'ဂျူနီဦးစော၏ လုပ်ကြံမှုသတင်းများ'ပါရှိသည့်သတင်းစာများကို စုဆောင်းရှာဖွေပေးပို့သော ရန်ကုန်မြို့ ၉ လမ်း၊ အိမ်နံပါတ် ၄၅ မှ ကိုဖိုးကြူကိုလည်း မြဝတီက ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

[စာတည်းအဖွဲ့]

**၁၉၄၆ ခုနှစ်**

အချိန်မှာ ကမ္ဘာ၌ မပေါ်ပေါက်ဖူးသေးသော အလုပ်သမားနှင့် စာရေးစာချီလခစားများ၏ အထွေထွေသပိတ်ကြီး ဗမာပြည်၌ အင်အားကြီးမားစွာပေါ်ပေါက်နေသောအချိန်အခါဖြစ်ပေသည်။

ထိုအချိန်တွင် ဗမာပြည်သို့ ပြန်လည်ရောက်လာသော ဘုရင်ခံ ဆာဟူးဘတ်ရန့်(စ်)သည်



www.burmeseclassic.com

www.burmeseclassic.com



ဖဆပလအဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌ ဦးအောင်ဆန်းနှင့် အစိုးရအဖွဲ့သစ် ဖွဲ့စည်းရေးအတွက် လုံးပ နေချိန်လည်းဖြစ်၍ ထိုအချိန်မှာပင် ဂဠုန်ဦးစော သေနတ်ပစ်ခံရသည်ဆိုသောသတင်းမှာလည်း တစ်နေ့သောနံနက်တွင် သတင်းစာအသီးသီးတွင် စီကာပတ်ကုံး ပါရှိလာခဲ့လေသည်။

ဦးစောသည် ဂျစ်ကားစိမ်းတစ်စီးတွင် စီးလာသော အမည်မသိလူတစ်စုက သူ့အား သေနတ်ဖြင့် ချောင်းမြောင်း ပစ်ခတ်သွားသည်ကို ခံရသည့်အချိန်ကစ၍ သူ့အား ဤသို့လုပ်ကြံခြင်းမှာ ဦးအောင်ဆန်း၏ညွှန်ကြားချက်အရသာဖြစ်ရမည်ဟု တထစ်ချစွပ်စွဲယူဆလိုက်ပြီး ဦးအောင်ဆန်း အပေါ်တွင် ရန်ငြိုးဖွဲ့လေသည်။

ဖဆပလက အစိုးရဖွဲ့ရန်သေချာသွားသည့်နောက်၌ ဘုရင်ခံသည် ကျန်နိုင်ငံရေးပါတီ အဖွဲ့များမှလည်း ပါဝင်ရန် စကားဆိုသည့်အခါ ဦးစောသည် ပညာရေးဝန်ကြီးရာထူးကို ယူခဲ့ သည်။ ဦးစောပညာရေးဝန်ကြီးရာထူးကို ယူပင်ယူထားစေကာမူ အတွင်းဝန်ရုံးသို့သွား၍ [illegible] ခြင်းမပြုဘဲ အိမ်တွင်နေခဲ့လေသည်။

ဦးစောသည် သေနတ်ပစ်ခံရပြီးသည့်အချိန်မှစ၍ (၁) နန်းရင်းဝန်ရာထူးရရှိရန်နှင့် (၂) သူက ရန်သူဟု သတ်မှတ်ထားသော ဦးအောင်ဆန်းအား လက်စားချေရန် အကြံကို ကြံစည်ခဲ့၏။

ထို့ကြောင့် ရာထူးရရှိသောနေ့မှစ၍ ကြည့်မြင်တိုင်မှ မိုက်ဂုဏ်နှင့်နေသော မောင်သန်း ကြီးနှင့် မောင်ရင်ဖေတို့ကို ရာဇဝတ်အုပ်အဖြစ်ခန့်အပ်ကာ သူ၏ သက်တော်စောင့်များအဖြစ်ထား ရှိခဲ့၏။ ကလဲ့စားချေရန်အတွက်လည်း သတ်ရဲ ခုတ်ရဲသော လူမိုက်များ စ၍စုဆောင်းတော့သည်။

ဦးစောသည် ချောင်းမြောင်းပစ်ခတ်ခြင်းခံရသဖြင့် မျက်စိတွင်ရရှိသောဒဏ်ရာကို ရန်ကုန် တွင် ကုသပြီးနောက် ဒဏ်ရာရှင်းရှင်းမပျောက်သေးသဖြင့် အိန္ဒိယသို့ သွားရောက်ကုသခဲ့၏။ ထိုသို့ ဦးစော အိန္ဒိယတွင်ရှိနေစဉ် ဖ-ဆ-ပ-လအစိုးရအား လွတ်လပ်ရေးအတွက် ဆွေးနွေး ဘိလပ်အစိုးရက ဖိတ်ခေါ်သောကိစ္စ ပေါ်ပေါက်လာလေသည်။ ဦးစောသည် ဘိလပ်သို့ လိုက်ပါ ဦးအောင်ဆန်းတို့အား ကပ်ဖဲ့လုပ်ကာ လူထုနှင့်လှည့်၍တိုက်ပေးပြီး အစိုးရအဖြစ်မှ ဖြုတ်ချ အကြံဖြင့် သူလည်း ဘိလပ်သို့ လိုက်လာမည်ဟု အိန္ဒိယမှနေ၍ ဘုရင်ခံထံ အကြောင်းကြား လေသည်။

ဘိလပ်သို့ ကိုယ်စားလှယ်တော်ကြီးများအတွက် လေယာဉ်ပျံစီးရန် စီစဉ်သောအခါ အားလုံးသော ကိုယ်စားလှယ်တော်များ လေယာဉ်ပျံတစ်စင်းတည်းနှင့်သွားရန် အစီအစဉ် [illegible] ဦးစောက ငြင်းပယ်၍ သူ့အတွက် လေယာဉ်ပျံတစ်စင်း သတ်သတ်ရမှ ဘိလပ်သို့လိုက်မည် ဘုရင်ခံထံအကြောင်းကြားခဲ့သည်။ ဤသို့ အကြောင်းကြားခြင်းမှာ မျက်နှာချင်းမဆိုင်လို၍ ဖြစ် သည်။

ဘိလပ်တွင် ဦးအောင်ဆန်းတို့ကို အမျိုးမျိုးကပ်ဖဲ့လုပ်ပုံနှင့် ရန်ကုန်ရောက်သောအခါ ဦးစော သခင်ဗစိန်၊ ဒေါက်တာဘမော်တို့ အောင်ဆန်း-အက်တလီစာချုပ်ကို အကြောင်းပြု၍ ဦးအောင် ဆန်းအစိုးရပြုတ်ကျစေရန် ဝါဒဖြန့်လှုံ့ဆော်ပုံတို့မှာ တိုင်းပြည်က သိရှိခဲ့ပြီးဖြစ်ပြီး အထူးဖော်ပြရန် မလိုတော့ပေ။ သို့သော် ဦးစော၏အကြံမှာ သဲထဲရေသွန်သကဲ့သို့ရှိခဲ့သဖြင့် နောက်ဆုံးတွင် ဦးအောင် ဆန်းတို့ကို သတ်ဖြတ်လုပ်ကြံနိုင်မှသာ တိုင်းပြည်လူထုဖရိုဖရဲဖြစ်ပြီး ထိန်းမနိုင် သိမ်းမရဖြစ်နေ





သောအချိန်၌ သူသည် အစိုးရခေါင်းဆောင်အဖြစ် တက်ရောက်နိုင်မည်ဟု အကြံသစ်ဖြစ်ပေါ်လာ သည်။

## လုပ်ကြံမှုကြီး စ၍စီမံပြီ

ထိုကိစ္စကိုကြံမိသည်နှင့်တစ်ပြိုင်နက် ကြံစည်ချက်များ ပေါက်ကြားသွားမည်ကို ကြိုတင်ကာကွယ်သောအားဖြင့် သူ၏ ခုနစ်မိုင် အေဒီလမ်းနေအိမ်တွင် ဇနီး၏တူ ခင်မောင်ရင်၊ သက်တော်စောင့် မောင်သန်းကြီး၊ မောင်ရင်ဖေနှင့် အခြား လိုအပ်သူအချို့ကိုသာထားရှိပြီး ၎င်း၏ ဇနီးနှင့် သမီးတို့ကိုမူ အင်းစိန်တွင် သွားရောက်နေထိုင်စေ၏။ ထို့နောက် နယ်ရှိ မျိုးချစ်နှင့် ဂဠုန် အဖွဲ့ဝင်များထံ လူသတ်ရဲသောလူငယ်များကို သူ့ထံအမြန်ဆုံးပို့ရန် အကြောင်းကြားလေ သည်။ သူ၏အိမ်ဝင်းကိုလည်း အထူးစီမံချက်များပြုလုပ်၍ တိုက်အိမ်ဘေး ရေစပ်နားရှိ အဆောက်အအုံ ကို နယ်ဆက်သွယ်ရေးဌာနဟူ၍လည်းကောင်း၊ သူ့ဝင်းအတွင်းရှိ တိုက်ဖြူကလေးကို ဂဠုန်ဗိုလ် များနေထိုင်ရာဌာနဟူ၍လည်းကောင်း၊ သူ၏ တိုက်အိမ်ရှေ့တဲအိမ်ငယ်ကို လျှို့ဝှက်စိစစ်ရေးဌာန ဟူ၍လည်းကောင်း စီမံထားသည်။

များမကြာမီ ရက်အတွင်း နယ်မှပို့လိုက်သော လူငယ်များရောက်လာရာ သတ်ရဲသည် ဆင်ရသော လူငယ်လေးယောက်ကို မထမဆုံးအကြိမ် ရွေးချယ်လိုက်သည်။ ထိုလူငယ်များမှာ ရန်ကြီးအောင်တို့လူစု လုံးဝမပါသော ပထမအစုသာ ဖြစ်သည်။ တစ်နေ့သောအခါ ဦးစောနှင့် ခင်မောင်ရင်တို့သည် ထိုလူငယ်လေးယောက်ကိုခေါ်၍ အင်းလျားကန် လူမရှိသောနေရာသို့ ရောက်သောအခါ ဦးစောက အကယ်၍ သူဟာ နန်းရင်းဝန်ဖြစ်ခဲ့လျှင် ထိုလူငယ်များကို မစ ချီးမြှင့်နိုင်ကြောင်းနှင့် သူ့အကြံကိုအစပျိုးတော့သည်။ ဦးစောက လူငယ်များကိုပခုံးဖက်ပြီး ဦးအောင်ဆန်းမှာ သူ၏ရန်သူ ဖြစ်ကြောင်း၊ သူ့ကို သေနတ်နှင့်ပစ်သည်မှာလည်း ဦးအောင်ဆန်း အကြံပင်ဖြစ်ကြောင်း၊ သူ နန်းရင်းဝန်ဖြစ်ရေးမှာလည်း ဦးအောင်ဆန်းရှိနေသမျှ မဖြစ်နိုင်ကြောင်း၊ သို့ဖြစ်၍ ဦးအောင်ဆန်းကို သတ်ရန် လိုနေကြောင်း၊ ထို့အတွက် ဦးအောင်ဆန်းကို သတ်ပေး မည်လားဟု မေးသည်ဆိုကြောင်း။ လူငယ်များကလည်း ဦးစော၏ စကားကို နားဝင်ကာ သတ်ပေး ပါမည်ဟု ဝန်ခံကြလေသည်။ နေအိမ်သို့ရောက်သောအခါ ဦးစောသည် လူငယ်များအား အကြံ အစည် မပေါက်ကြားစေရန် သစ္စာရေတိုက်လေသည်။ ဦးစောသည် ခင်မောင်ရင်နှင့်အတူ လူငယ် များကို အထက်ပါ အင်းလျားကန်နေရာသို့ အကြိမ်ကြိမ်ခေါ်ဆောင်သွားပြီးနောက် စတင်းဂန်း၊ တော်မီဂန်း၊ ရိုင်ဖယ်၊ ခြောက်လုံးပြူးနှင့် လက်ပစ်ဗုံးပစ်နည်းများကို သူကိုယ်တိုင်သင်ကြားပေးလေ သည်။ ထိုအချိန်ထိ ဦးစောမှာ ပညာရေးအတိုင်ပင်ခံဝန်ကြီးရာထူးဖြင့် နေထိုင်ဆဲပင်ဖြစ်သည်။

## ပထမလုပ်ကြံမှုကြီး

တစ်နေ့တွင် အစိုးရအဖွဲ့ဝင်များအား ကျွေးမွေးသည့် ညစာ ထမင်းစားပွဲတစ်ခုရှိရာ ထိုထမင်းစားပွဲမှအပြန်တွင် ဦးအောင်ဆန်းအား လုပ်ကြံရန် လူငယ်လေးဦးအား ခိုင်းစေ၏။ လူငယ်လေးယောက်တို့သည် ရိုးရိုးအဝတ်အစားနှင့်ပင် လက်နက်အပြည့်အစုံယူ၍ ထမင်းစားပွဲ



www.burmeseclassic.com

www.burmeseclassic.com



မြို့လုပ်သည့်နေရာသို့ သွားကြသော်လည်း ဦးအောင်ဆန်းစီးလာသည့် မော်တော်ကားနံပါတ်ကို ရှာမတွေ့သဖြင့် လက်လျှော့ပြီး ပြန်ခဲ့ကြရလေသည်။ ဦးစောသည် အကြံမအောင်သဖြင့် နယ်သို့ ထွက်ကာ နောက်ထပ်၍ လူများ စုဆောင်းပြန်၏။ နယ်မှပြန်လာသောအချိန်တွင် ဦးစောမှာ အတိုင်ပင်ခံဝန်ကြီးရာထူးမှပြုတ်သဖြင့် သူ၏သက်တော်စောင့် လူယုံတော်ရင်ဖေနှင့်မောင်သန်းငြိမ် တို့မှာလည်း ရာဇဝတ်အုပ်ဘဝမှ လျှော့ကျသွားလေသည်။ များမကြာမီ နယ်အသီးသီးမှ ပို့လိုက် သော လူငယ်ပေါင်း ၃၀ ခန့် ဦးစောထံရောက်လာကြ၏။ ထိုအထဲတွင် အင်္ဂလိပ်စာ ဆယ်တန်း အထိတတ်သူများကို ဂဠုန်ဗိုလ်အဖြစ် ရွေးချယ်လိုက်၏။ 'သက်နှင်း'နှင့် 'စိုးကြီး'တို့ကို လူယုံ သက်တော်စောင့် အဖြစ်ခန့်ထား၍ အခြားသူများထက် အခွင့်အရေးပေးထား၏။ ဦးစော လူငယ်များအား လောကဥ် သူမှတစ်ပါး အခြားကြောက်စရာမရှိ၊ မကြာမီပင် သူ၏ဂဠု တပ်မတော်ကြီးသည် အင်္ဂလိပ်လက်က လွတ်လပ်ရေးကို တိုက်ယူကြမည်၊ ဂဠုန်များသာ ဗမာပြည်ကို အုပ်စိုးရမည်ဟု စကားသိမ်းသွင်းခဲ့ရာ လူငယ်များကလည်း ယုံကြည်ခဲ့ကြ

**လက်နက်ရရှိရေး**

ဤသို့ လူငယ်များရရှိပြီးနောက် လက်နက်ရရှိရေးကို လုံးပန်းခဲ့ပြန်သည်။ မျက်နှာဖြူ ရာဇဝတ်ဝန်တစ်ဦး၏ အကြံပေးချက်အရ စစ်တပ်မှ လက်နက်ထုတ်ယူရေးအတွက် လူငယ်များ ရွေးချယ်ပြန်ရာ သာယာဝတီခရိုင် 'အိုးသည်ကုန်း' မြို့မှ ဘညွန့်ကို တွေ့လေသည်။ ရန်ကုန်မြို့ 'အေ-အို-ဒီ'စစ်တပ်မှ လက်နက်ထုတ်ယူရေးမှာ မလွယ်ကူသည့်အတိုင်း မျက်နှာဖြူရာဇဝတ်ဝန် ဘညွန့်တို့ကို 'အေ-အို-ဒီ'သို့ ခေါ်သွားပြီး လက်နက်ထုတ်ပုံကို လက်တွေ့သင်ကြားပြသသည် ထို့နောက် မျက်နှာဖြူရာဇဝတ်ဝန်သည် လက်နက်ထုတ်ပုံကို လက်တွေ့သင်ကြားပြသသည် ထို့နောက် မျက်နှာဖြူရာဇဝတ်ဝန်သည် လက်နက်ထုတ်ရန်အတွက် လိုအပ်သောပုံစံစာရွက် အပြည့်အစုံအပြင် ပုလိပ်လက်နက်ရိက္ခာ ထောက်ပံ့ရေးဌာန၏ တံဆိပ်တုံးများကိုပါ စီစဉ်ပေး လိုက်လေသည်။ ထို့ကြောင့် ၂၁-၆-၄၇ ရက်နေ့က ဘညွန့်သည် တောင်ပိုင်း စစ်ဌာနချုပ်သို့သွား၍ လက်နက်ထုတ်ပေးရန် အမိန့်စာများကိုယူခဲ့ရာ ချောမောအောင်မြင်ခဲ့လေသည်။

**လက်နက်ထုတ်ပုံ**

၁၉၄၇ ခုနှစ် ဇွန်လ ၂၄ ရက်နေ့သို့ရောက်လျှင် ဘညွန့်အား ဦးစောကိုယ်တိုင် ပုလိပ် အင်စပက်တော်အဝတ်အစားနှင့် တံဆိပ်များကို ဆင်ပေးလေသည်။ ဘညွန့်က အင်စပက်တော် ဘစိန်ယောင်ဆောင်ပြီး ကျန်တပည့်ခြောက်ယောက်တို့က ပုလိပ်အမှုထမ်းယောင်ဆောင်ကြ သည်၊ လက်နက်တင်ရန်အတွက် ကြို့ပင်ကောက်မှ မှာယူသော မော်တော်ကားကြီးကို နံပါတ်မှား လိမ်၍တပ်ထားကြ၏။ ဘညွန့်တို့လူစုသည် နံနက် ၈ နာရီခန့်မှစပြီး မှင်သေသေနှင့် အေ-အို-ဒီ စစ်တပ်သို့ဝင်သွားကြရာ စစ်ဘက်က မည်သူမျှမရိပ်မိဘဲ ရှိခဲ့လေသည်။ ထို့ကြောင့်သည် လိုအပ်သော လက်နက်ပစ္စည်းများကို ကားပေါ်အရောက်တင်ပေးကြ၏။ ဘညွန့်တို့သည် ဘရင်း ဂန်း ၂၀၀ ဘရင်းဂန်းပြောင်း အပို ၈၀၀ နှင့် ယမ်းတောင့်များရယူခဲ့သဖြင့် ဦးစော၏ မှာကြားမှု





အတိုင်း ထိုလက်နက်များကို ရေမဝင်နိုင်သော ပီပါကြီးများထဲသို့ ခွဲထည့်၍ ဦးစော အိမ်ရှေ့ရှိ ရေစပ်တွင် မြှုပ်နှံထားကြသည်။ အချို့သော လက်နက်များကိုမူ နယ်ရှိ ဂဠုန်များထံသို့ ခွဲဝေပေး ပို့လေသည်။

အေ-အို-ဒီမှ လက်နက်များထုတ်ယူပြီးနောက် ၁၆ ရက်အကြာတွင် ၁၆ မိုင်ရှိ စစ်တပ်မှ ဒသမ ၃၀၃ ယမ်းတောင့် တစ်သိန်းကို ထုတ်ယူပြန်လေသည်။ ထိုသို့ ထုတ်ယူပြီးနောက် ဦးစောမှာ အတော်ပင် ရွှေရင်အေး၍ သူ၏လုပ်ငန်းကို ဆက်လက်ကြံစည်လုပ်ကိုင်လေသည်။

**လက်နက်နှင့်လူပြည့်စုံပြီ**

ဦးစောသည် သူ၏ ဝင်းခြံတစ်နေရာ၌ လူငယ်များအား သေနတ်ပစ်လေ့ကျင့်နိုင်းပြီး သူကိုယ်တိုင်လည်း သင်ကြားပြသခဲ့သည်။ ယခုအချိန်တွင်မူ လက်နက်ကလည်း ပြည့်စုံ၊ လူက လည်း လုံလောက်နေပြီဖြစ်၍ လုပ်ကြံမှုကြီးကို အသေးစိတ်စီမံရန်သာ ကျန်တော့သည်။

**၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်**

မျက်နှာဖြူများ အုပ်ချုပ်သည့် 'အေ-အို-ဒီ' စစ်တပ်မှ ဘရင်းဂန်း ၂၀၀ ပျောက်ဆုံးသွားပြီး လိမ်သူများကလည်း နေ့လယ် ကြောင်တောင် ပိရိစွာလိမ်၍ ထုတ်ယူသွားသည်ဟု သိရသည်နှင့် တစ်ပြိုင်နက် ရန်ကုန်ပုလိပ်အဖွဲ့ကြီးနှင့် မြန်မာပြည် စုံထောက်အဖွဲ့တစ်ခုလုံးရှိ သက်ဆိုင်ရာ အာဏာပိုင်များမှာ လက်နက်လိမ်လည်ထုတ်ယူမှုအတွက် မနေမနား စုံစမ်းထောက်လှမ်းခဲ့ကြလေ သည်။ မသင်္ကာသော နိုင်ငံရေးအသင်းအဖွဲ့များ၏ ခေါင်းဆောင်များ၏ အရိပ်အခြည်ကိုလည်း မပြတ်စောင့်ကြည့်၍ အလုပ်များနေခဲ့ရာ ဗမာတစ်မျိုးလုံးအတွက် ယူကျုံးမရဖြစ်ရမည့် ၁၉-၇-၄၇ ရက်နေ့သို့ ရောက်မှန်းမသိ ရောက်လာခဲ့၏။

ဇူလိုင်လ ၁၉ ရက်နေ့နံနက် မိုးလင်းသည်ဆိုလျှင်ပင် ဦးစောသည် သူ၏တူတော်မောင် ခင်မောင်ရင်၊ ကိုယ်ရံတော်သက်တော်စောင့်နှစ်ဦးတို့နှင့်အတူ အခြားတပည့်များကို ခေါ်ယူစုရုံး ပြီးနောက် လူများစုံလင်သောအခါ "ကဲ . . မင်းတို့သတ္တိ ဘယ်လောက်ရှိသလဲဆိုတာ ဒီနေ့သိရ တော့မယ်။ သတ္တိတွေ သွေးထားကြ"ဟုပြောရင်း လက်ရွေးစင်များနှင့် အားလုံးသောတပည့်များကို အရက်တစ်ခွက်စီတိုက်သည်။ ထို့နောက် သေနတ်များကို တိုက်ချွတ်ခြင်း၊ လိုအပ်သော ယမ်း တောင့်များကို ရွေးချယ်ထည့်ပေးခြင်း၊ လူသတ်သမားများ ဝတ်ဆင်ရသည့် ၁၂ နံပါတ် ခြသေ့်စစ်တပ် ယူနီဖောင်းများကို ပြင်ဆင်ပေးခြင်း၊ ဂျစ်ကားကိုထုတ်၍ အဆင်သင့်ထားခြင်းစသော ကိစ္စအဝဝ ကို သက်ဆိုင်သူများက လုပ်ကိုင်ကြရ၏။

ဦးစောအဖို့မူ ထိုနေ့၌ ဦးအောင်ဆန်းတို့၏ ဝန်ကြီးအစည်းအဝေးရှိသည်ဆိုသော ကြေညာချက်ကို တွေ့လင့်ကစား အသေအချာ ရှိမရှိကို သိရန်လိုသည်ဟု ယူဆပြီး အထောက် တော်တစ်ဦးကို အစည်းအဝေး ရှိမရှိ သွားရောက်ကြည့်နိုင်းသေးသည်။

www.burmeseclassic.com



**အရေးစိတ်အစီအစဉ်**

ဦးအောင်ဆန်းတို့အား သတ်ဖြတ်ရေးအတွက် ဦးစောသည် အောက်ပါအတိုင်း အစီ စိတ်စီမံခဲ့၏။

(၁) ထိုနေ့၌ အစည်းအဝေးဖြစ် မဖြစ်၊ ဖြစ်ခဲ့သော် ဝန်ကြီးများ မည်မျှတက်ရောက်သ

(၂) အတွင်းဝန်ရုံး၌ ရန်တုံ့ပြန်မည့်သူ ရှင်းလင်းသည့်အချိန်။ ထိုအချိန်ကို ထောက်အဖွဲ့က ဦးစောထံသို့ အချိန်မီ သတင်းပို့ရန်။

(၃) ထိုသို့ အချိန်ကိုသိရသည်နှင့်တစ်ပြိုင်နက် လူသတ်သမားများသည် နံပါတ် တပ်ထားသော ဂျစ်ကားဖြင့် ပုလိပ်ရှင်းသောလမ်းအတိုင်း အတွင်းဝန်ရုံး သွားရန်။

(၄) အတွင်းဝန်ရုံးရှိ ကင်းများက လူသတ်သမားများစီးသော ဂျစ်ကားအတွက် ရန်ကာ နေရာအနှံ့အပြား၌ ရုပ်ဖျက်လက်နက်ဝှက်၍ စောင့်ပေးကြရန်။

(၅) သတ်ဖြတ်နေချိန်၌ နှောင့်ယှက်မည့်သူလာလျှင် ရုပ်ဖျက်ထားသောအစောင့်များ ပစ်သတ်ရန်။

(၆) ထိုတစ်ချိန်တည်း၌ သခင်နုရုံးခန်းအနီး တာဝန်ကျသူက သခင်နုကိုပါ ပစ်သတ်

(၇) သတ်ဖြတ်ပြီး၍ ထွက်ပြေးကြစဉ် အကယ်၍ ခုခံသူများ လိုက်လာပါက ပစ်ခတ်ရန်။

(၈) လူသတ်သမားများစီးလာသော ဂျစ်ကားပျက်ခဲ့သော် ကင်းထောက် ပေါ်သို့ အပြေးအလွှား တက်ရန်။

(၉) ဦးစောခြံဝင်းရှိ တံခါးမှူးအား အိမ်သို့ပြန်အဝင် အိမ်မှထွက်သွားသော တစ်ပါး အခြားအပိုကားများ လိုက်လာလျှင် ခုခံပစ်ခတ်ရန်။

(၁၀) အိမ်ရောက်ပြီးသည်နှင့်တစ်ပြိုင်နက် ကားနံပါတ်များကို ချက်ချင်းပြောင်း စသော အသေးစိတ် အစီအမံများပင်ဖြစ်သည်။

**ဦးအောင်ဆန်းနှင့် ဝန်ကြီးများ**

ဇူလိုင်လ ၁၉ ရက်နေ့သည် ကြမ္မာဆိုးဝင်မည့်နေ့-ရက်အချိန်နာရီဖြစ်သည်ဟု ကြသော ဦးအောင်ဆန်းနှင့် ဝန်ကြီးအဖွဲ့ဝင်များသည် တိုင်းရေး ပြည်ရေးအတွက် စိတ်မအေး အတွင်းဝန်ရုံးရှိ ဦးအောင်ဆန်းအခန်းသို့ အလျှိုလျှို ရောက်လာကြ၏။

၇ မိုင်အေဒီလမ်းရှိ ဦးစော၏အိမ်သို့ လှမ်းမျှော်၍ကြည့်လိုက်ပြန်လျှင်လည်း ၁၂ ခြသေ့ စစ်တပ်သားသဏ္ဍာန်ဝတ်ဆင်ထားသူ ငါးယောက်တို့သည် ဦးစော၏ရှေ့မှောက်တွင် ကြသည်ကို တွေ့ရမည်ဖြစ်၏။ ဦးစောက . .

"မင်းတို့ကတော့ ဗိုလ်ချုပ်အောင်ဆန်းကို မြင်ဖူးတာမဟုတ်ဘူး၊ ဟောဒီက မောင်စိုး နောက်ကိုသာ မင်းတို့ကလိုက်ပစ်ရမယ်။ ငါလိုချင်တာကတော့ အစည်းအဝေးခန်းမကြီးထဲမှာ သမျှလူအားလုံးတစ်ယောက်မှ မကျန်ရဘူး။ အကုန်ပစ်သတ်ရမယ်။ နောက်ပြီး ဘညွန့်ကို





ကိုးပေးဦး၊ သခင်နုကို မလွတ်စေနဲ့"စသည်ဖြင့်အမိန့်ပေးညွှန်ကြားနေသည်ကို ကြားရမည်ဖြစ်၏။

ထိုသို့ ဩဝါဒအမျိုးမျိုးပေးနေစဉ် "ယနေ့အစည်းအဝေးရှိသည်"ဆိုသော သတင်းရောက် ဟသဖြင့် ဦးစောသည် သူအလို ရှိသောအချိန်သို့ရောက်အောင် ခဏမျှစောင့်ဆိုင်းနေပြီးနောက် ဂါတပည့်များ အောင်ပါစေကွာ"ဟုပြောကာ ဂျစ်ကားပေါ်သို့ တက်နိုင်းသဖြင့် လူသတ်သမား ငါးယောက်တို့သည်လည်း ဂျစ်ကားပေါ်တွင် ထိုင်မိကြသည်နှင့် ဂျစ်ကားသည် အရှိန်ပြင်းစွာဖြင့် အတွင်းဝန်ရုံးရှိရာသို့ မောင်းထွက်ခဲ့လေသည်။

**အတွင်းဝန်ရုံးတွင်**

လူသတ်သမားများသည် လမ်းခရီးစပ်ကြား၌ ပုလိပ်အနှောင့်အယှက်ဆို၍ ဘာမျှမတွေ့ရဘဲ အတွင်းဝန်ရုံးကြီးသို့ ရှောရှောရှုရှု ဆိုက်ရောက်လာကြ၏။ ကြိုတင်ရောက်ရှိနေသော ကင်းထောက် ဗုဒ်ကားကြီးကိုလည်း အားတက်ဖွယ်ရာ တွေ့ရလေသည်။ အတွင်းဝန်ရုံးတံခါးပေါက်မှစ၍ လူသတ်သမားများအား အကူအညီပေးမည့် တာဝန်ကျသူများကိုလည်း အစီအစဉ်အတိုင်း တစ်ယောက်ပြီးတစ်ယောက်တွေ့ရသောကြောင့် အခြေအနေမှာ ဖြောင့်ဖြူးလျက်ရှိလေသည်။ သို့နှင့် ရွေ့ရွေ့လာခဲ့ရာက နောက်ဆုံး ဦးအောင်ဆန်းတို့ စည်းဝေးရာခန်းမဆောင်ကြီးသို့တက်ရမည့် လှေကားရင်းသို့ ဆိုက်ရောက်လာခဲ့ကြလေသည်။ လူသတ်သမားများသည် စတင်းဂန်းနှင့် တော်မီ ဂန်းသေနတ်များကို ကိုယ်စီမောင်းတင်၍ ကားပေါ်မှ ခုန်ဆင်းကြ၏။ လူသတ်သမားငါးဦးအနက် အထူးစိတ်ပါဝင်စားနေသူက . .

"ဟေ့ . . ကားကိုကွေ့ပြီး ဒီအနားမှာရပ်ထား၊ စက်ကိုနှိုးပြီး အဆင်သင့်နေ၊ တို့ ခုပဲဆင်း လာခဲ့မယ်" စသည်ဖြင့် အမိန့်ပေးရင်း "ကဲ . . လာကြ၊ အပေါ်တက်ရအောင်"ဟုဆို၍ ၎င်းက ဦးဆောင်ပြီး အပေါ်သို့တက်သွားကြ၏။ အပေါ်သို့တက်လာစဉ်တွင်လည်း ကြိုတင်၍ တာဝန် ထားသော ၎င်းတို့၏ အရပ်ဝတ်အရပ်စားနှင့် လက်နက်ကိုင်လူများကို နေရာအနှံ့အပြား၌ တွေ့ရပြန်သည်။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းတို့၏ အစည်းအဝေးခန်းမအနီးရှိ လူက ဖိုအခန်းကို မေးငေါ့ပြ၍ အချက်ပေးလိုက်၏။

**သခင်နု**

ထိုသို့ လူသတ်သမားများအပေါ်တက်သွားချိန်မှာပင် ဦးစောပေးလိုက်သော တာဝန်အရ ညွန့်သည် သခင်နု၏ ရုံးခန်းအနီးသို့ မယောင်မလည်ကပ်သွားလေသည်။ ရုံးခန်းထဲ၌ကား မျက်နှာယ်လစ်ဦးကျော်မြင့်ကလေးမှာ အယ်ပတ်ကား အပေါ်အင်္ကျီအနက်ကိုဝတ်၍ထိုင်ပြီး စာရေး နေ၏။ ဘညွန့်၏စိတ်ထဲ၌ ဦးကျော်မြင့်ကလေးကိုပင် သခင်နုဟု ထင်မြင်ယူဆလေသည်။ ဘညွန့် သည် သခင်နုနှင့် ကျောင်းသားသပိတ်အရေးတော်ပုံတုန်းကပင် သိကျွမ်းခဲ့ဖူးရုံမက သခင်နုအား အထူးလေးစားသောအချက်မှာ ဖြောင့်မှန်တည်ကြည်၍ စိပ်ပုတီးအမြဲကိုင်သောသူဖြစ် သဖြင့် ဤလိုပုဂ္ဂိုလ်ကြီးမျိုးကို မပစ်ရက်၊ မသတ်ရက်ရှိသည့်အတိုင်း နောက်မှပင် ဖြစ်လိုရာဖြစ်စေ ဟု သဘောထား၍ ပြန်လှည့်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



**ဗိုလ်ချုပ်ရုံးခန်း**

ဗိုလ်ချုပ်အောင်ဆန်း၏ ရုံးခန်းအဝတွင်လည်း မင်းစေကလေးတစ်ယောက်က စောင့်နေ လူသတ်သမားများက အစည်းအဝေးအခန်းတံခါးဝကို တွန်းဖွင့်ရန်ပြုလုပ်မည်လုပ်သဖြင့် "မဖွင့်ပါ နဲ့ဗျ၊ အထဲမှာ အစည်းအဝေးလုပ်နေတယ်"ဟု မင်းစေကလေးက တောင်းပန်တားမြစ်ရာ "မင်း ဘာပြုလဲ၊ မင်းအသာနေစမ်း"ဟု ကြိမ်းမောင်းလျက် ဘေးသို့တွန်းပစ်လိုက်၏။ ထို့နောက် တံခါးကိုဖွင့်၍ အထဲသို့ခေါင်းပြူကြည့်လိုက်စဉ် အစည်းအဝေးလုပ်နေသော ဝန်ကြီးများက လူသတ်သမားများဘက်သို့ လှည့်၍ ကြည့်ကြလေသည်။

**သွေးချောင်းစီးချိန်**

ဦးစော၏ပက်စက်သောအကြံကို အထူးနှစ်လိုလှသောသူက ခေါင်းဆောင်ပြီး "လာ အထဲဝင်ကြစို့"ဟု ဆိုရင်း စတင်းဂန်းသမားနှင့်အတူ ဦးအောင်ဆန်းတို့ အခန်းတွင်းသို့ ပြေး သွားရာ ဦးအောင်ဆန်းမှာ လူသတ်သမားများ ကိုမြင်လျှင်မြင်ချင်း ၎င်းအား သတ်ရန်လာသူများ တထစ်ချယူဆပုံရသည့်အတိုင်း ထိုင်ရာမှထ၍ လူသတ်သမားများဘက်သို့ လက်ကာလျက် "နေကြပါဦး ကျုပ်"ဟု တစ်ခုခုကိုရှင်းပြမည့်ဟန် တွေ့ရလင့်ကစား သွေးကြွနေသော ဦးစော၏ တပည့်က စတင်းဂန်းနှင့်စတင်၍ ပစ်ခတ်တော့သည်။ ထိုသို့ ပစ်ခတ်သည်နှင့်တစ်ပြိုင်နက် ကျန် များကလည်း ထပ်မံပစ်ခတ်ကြရာ ဝန်ကြီးတစ်စုမှာ မိုးပေါက်ပမာ ဖြာထွက်လာသည့် ကျည်ဆန် များအကြား၌ ဗလုံးဗထွေး လဲပြိုသွားကြရလေသည်။

ဗိုလ်ချုပ်အောင်ဆန်းမှာ ပထမဦးဆုံး လူသတ်သမား၏လက်ချက်ဖြင့် သုံးလေးချက်ခန့် ကျည်ဆန်သင့်သွားသော်လည်း ရုတ်တရက်ထိုင်ချလိုက်ကာ စားပွဲနှင့် ၎င်း၏ကိုယ်ကိုအကာအကွယ် ယူပါသေး၏။ သို့ရာတွင် လူသတ်သမားက စားပွဲများအောက်သို့ပင်ဒူးထောက်၍ သဲသဲမဲမဲကျည်ဆန် မစဲအောင် ပစ်သွင်းပြန်ရာ ဗိုလ်ချုပ်အောင်ဆန်းမှာ တစ်ကိုယ်လုံးထိမှန်၍ အသက်နှင့်ကိုယ် ကွဲပြား ကြီးကွဲရသောအဆင့်သို့ရောက်ရှာလေသည်။

အခြားဝန်ကြီးများဖြစ်သော ဝန်ကြီး သခင်မြ၊ ဦးဘချို၊ မန်းဘခိုင်၊ ဗိုလ်ချုပ်အစ်ကို ဦးဘဝင်း ဆရာကြီးဦးရာဇတ်တို့မှာလည်း ရင်မှ သွေးပွက်ပွက်ဆူလျက် လူသတ်သမားတို့၏ ယဇ်ပူဇော်ခြင်း ဖြင့် လမ်းဆုံးသို့ရောက်ရှာသည်။ မိုင်းပွန်စော်ဘွားကြီးတို့ဘက်ရှိ ဝန်ကြီးများအနက် အလွန် ကောင်းသော ဝန်ကြီးဦးအောင်ဇံဝေနှင့် ဝန်ကြီး ပျော်ဘွယ်ဦးမြတို့သည် လူသတ်သမားများ၏ အရိပ်ကိုမြင်သည့်အချိန်ကစ၍ ကြမ်းပေါ်သို့ ချက်ချင်းဝပ်လိုက်ကာ တဒိုင်းဒိုင်းပစ်ခတ်နေသော အချိန်တွင်းမှ အိုင်စီအက်စ် ဦးရွှေဘော်၏ အခန်းတွင်းသို့ရောက်အောင် လိမ့်၍ထွက်ပြေးသဖြင့် အသက်ဘေးမှ လွတ်မြောက်သွားကြရသည်။ သို့ရာတွင် မိုင်းပွန်စော်ဘွားကြီးကိုကား လူသတ် သမားများက တွေ့လျှင်တွေ့ချင်း ပစ်ခတ်သောကြောင့် နောက်ဆုံး ကော်ဇောလိပ်ကြီးအနီးသို့ ပြေးရင်းလွှားရင်း လဲပြိုကျသွားရလေသည်။ I.C.S. ဦးအုံးမောင်၊ ဝန်ကြီးဦးရာဇတ်၏ ကိုယ်ရံတော် ကိုထွေးမှာလည်း လူသတ်သမားများ၏ဆက်လက်ပစ်ခတ်ခြင်းကို ခံရရှာလေသည်။ ။

[မြဝတီမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၅၆]

တို က်

# ဇူလိုင် ၁၉ ၏ မှတ်တမ်းတစ်ခု

ဘီလူးကျွန်းချစ်ငွေ

(၁)

၁၉၄၇ ခုနှစ်အတွင်းက ဖြစ်ပါသည်။ ထိုနှစ်ကာလမှ ယနေ့အထိဆိုသော် နှစ်ပေါင်း ၁၁ နှစ်တည်းဟူသော ခရီးမှတ်တိုင်များကို ကျော်လွန်ခဲ့ပြီဖြစ်သော်လည်း ထိုစဉ်က ထိတွေ့ခံစားခဲ့ရ သော အဖြစ်အပျက်တစ်ရပ်သည် ကျွန်တော်၏ ဒိုင်ယာရီမှတ်တမ်းစာအုပ်ထဲတွင် မပျောက်ပျက်နိုင် သည်နှင့် ကျွန်တော်၏ ဦးနှောက်ထဲတွင်လည်း ယနေ့တိုင်မမေ့ပျောက်နိုင်ခဲ့သေးပါ။ ယခု၍အဖြစ် အပျက်ကို ကျွန်တော်၏ မှတ်တမ်းစာအုပ်မှတစ်ဆင့် တင်ပြနေချိန်၌ ဇူလိုင်လ ၁၉ ရက်သည် မကြာသေးမီကပင် ကျော်လွန်သွားခဲ့ပေပြီ။ သို့သော်လည်း ကျွန်တော်၏ တစ်သက်တာအဖို့ မည်သည့်ကာလတွင်မှ ကုန်ဆုံးနိုင်မည်မဟုတ်သေးသော နောက်လာမည့် ဇူလိုင်လ ၁၉ ရက်နေ့များ နှင့် ပြက္ခဒိန် နှစ်ပြောင်းတိုင်း ပြောင်းတိုင်း ထပ်ခါတလဲလဲ ကြုံတွေ့နေရဦးမည်ဖြစ်သကဲ့သို့ ဤအဖြစ် အပျက်ကိုလည်း ကျွန်တော်၏ တစ်သက်တာတွင် မည်သည့်ကာလမျှ မေ့ပျောက်၍ရနိုင်မည် မဟုတ်ဘဲ ထပ်ကာတလဲလဲ သတိရ၍ နေရဦးမည်ပင် ဖြစ်ပါသည်။

ထိုအချိန်သည်ကား မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်သော အချုပ်အခြာ အာဏာပိုင် လွတ်လပ်ရေးကိုမရသေးမီ စပ်ကူးမပ်ကူးကြားကာလပင်ဖြစ်၏။ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်တွင် ဖက်ဆစ်ဂျပန်များအား ဗမာ့မျိုးချစ်တပ်မတော်သားများနှင့် ဗမာလူထုတစ်ရပ်လုံးအုံကြွတော်လှန်ခဲ့ ကြပြီးနောက် ဖ-ဆ-ပ-လ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား ပြည်သူလူထု

www.burmeseclassic.com



အပေါင်းက သောင်းသောင်းဖြဖြ ထောက်ခံအားပေးကြ၍ မြန်မာနိုင်ငံတော်သမိုင်းတွင် မကြုံစဖူး ထူးကဲလှသည့် အမျိုးသားစည်းလုံးညီညွတ်မှုကြီးကိုရရှိနေကာ ဖ-ဆ-ပ-လ အဖွဲ့ကြီးမှာလည်း အမျိုးသားညီညွတ်ရေးတပ်ဦးအဖြစ် မားမားမတ်မတ်ရပ်တည်လျက်ရှိသော အချိန်အခါသမယပင် ဖြစ်ပေသည်။ ထိုစဉ်က ဂျပန့်လက်မှ မဟာမိတ်တပ်များ ပြန်လည်သိမ်းပိုက်၍ မြန်မာနိုင်ငံကို အုပ်ချုပ်လျက်ရှိသော ဘုရင်ခံ ဆာဒေါ်မန်စမစ်ပြန်ပြီးနောက် ဆာဟူးဘတ်ရန့်စ် ရောက်ရှိနေသည်။ ၁၉၄၆ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဆာပေါ်ထွန်း အစိုးရနုတ်ထွက်ပြီးနောက် ဗိုလ်ချုပ်ဦးစီးသည့် ဖဆပလကြားဖြတ်အစိုးရတက်လျက်ရှိပါသည်။ ထိုစဉ်က မဟာမိတ်တပ်များသည် ဗမာ့မြေပေါ်မှ လုံးဝထွက်ခွာသွားကြခြင်းမရှိသေးသော်လည်း ဗိုလ်ချုပ်ဦးစီးသည့် ဖဆပလကြားဖြတ် အစိုးရသည် ဘိလပ်သို့ သွားရောက်အရေးဆိုကာ အင်္ဂလိပ်နယ်ချဲ့တို့လက်မှ တစ်နှစ်အတွင်း လွတ်လပ်ရေး ရရမည်ဟူသော ကြွေးကြော်သံကြီးဖြင့် တိုင်းပြည်အား ရဲရဲဝံ့ဝံ့ ကတိပေးကြေညာနေသော အခါ သမယပေတည်း။

## အရေးကြီးသော စာတစ်စောင်

ကန္ဒီစာချုပ်အရ ဗမာ့မျိုးချစ်တပ်မတော်ကြီးအား ဖျက်သိမ်း၍ တပ်သား ၅၅၀၀ သာ ကန့်သတ်ထားရှိရန် သဘောတူခဲ့ရသဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် ကျန်ရဲဘော်ရဲဘက်နှင့် လူထု တော်လှန်ရေး အင်အားစုများအား ပြည်သူ့ရဲဘော် (P.V.O) ဟူသော အပျော်တမ်းတပ်ဖွဲ့အသွင်သို့ ပြောင်းလဲဖွဲ့စည်းလိုက်သည့်အလျောက် ကျွန်တော်တို့ ဘီလူးကျွန်းတွင်လည်း ရဲဘော်ဟောင်းများ ဦးစီး၍ ဘီလူးကျွန်း ပြည်သူ့ရဲဘော်တပ်ဖွဲ့ကြီး ဖွဲ့စည်းခဲ့ကြလေသည်။ ထိုစဉ်က ဘီလူးကျွန်း ပြည်သူ့ရဲဘော်များသည် ခရိုက်သစ်ကျေးရွာတွင် ချောင်းဆုံမြို့နယ် ပြည်သူ့ရဲဘော်ဌာနချုပ်အဖြစ် ထားရှိပြီး တစ်ကျွန်းလုံးရှိ ကျေးရွာပေါင်း ၆၄ ရွာကျော်တွင် ကျေးရွာပြည်သူ့ရဲဘော်တပ်ဖွဲ့များ ဖွဲ့ စည်းထားလျက် စစ်ပညာသင်တန်းများ ပေးခြင်း၊ နယ်ချဲ့တော်လှန်ရေး သဘောတရားများ သင်တန်း ပေးခြင်းဖြင့် လူငယ်လူရွယ်များ၏ စစ်စိတ်စစ်သွေးကို ပြောင်မြောက်တက်ကြွလာအောင် တိုက်ချွတ် ကြိုးပမ်းလျက်ရှိကြသည်။ ထိုစဉ်က ကျွန်တော်သည် ဘီလူးကျွန်းတောင်ပိုင်းကျေးရွာများကို ချောင်းဆုံ မြို့နယ် ပြည်သူ့ရဲဘော်ဌာနချုပ်၏ တာဝန်ပေးချက်အရ ဆောင်ရွက်လျက်ရှိရာ မကြာခဏဆိုသလို ပင် ကျေးရွာခေါင်းဆောင်များနှင့်တွေ့ဆုံကာ စည်းရုံးရေးတရားပွဲများကို ကျင်းပရင်း ခရီးထွက်ခဲ့ရ လေသည်။ ထိုသို့ခရီးထွက်၍ စည်းရုံးရေးနှင့်လေ့ကျင့်ရေး တာဝန်များ ဘီလူးကျွန်းတောင်ပိုင်းရှိ ကျေးရွာကြီး တစ်ရွာဖြစ်သော မူးရစ်ကလေးကျေးရွာတွင် ဆောင်ရွက်လျက်ရှိစဉ် ဇူလိုင်လ ၁၉ ရက်နေ့ည သန်းခေါင်အချိန်၌ ရဲဘော်ဆက်သားတစ်ဦးဖြင့် ချောင်းဆုံမြို့နယ် ပြည်သူ့ရဲဘော်ဌာန ချုပ်မှ ကျွန်တော့်ထံသို့ အရေးတကြီးပေးပို့လိုက်သော စာတစ်စောင်ကို ရုတ်တရက် မမျှော်လင့်ဘဲ ရရှိခဲ့လေသည်။

**ရဲဘော်တို့ . . . .**

**ငါတို့၏ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်ထကွ ခေါင်းဆောင်ကြီးများသည် ယနေ့ ဇူလိုင်လ ၁၉ ရက်နေ့ နံနက်ပိုင်း ၉ နာရီအချိန်၌ ရန်ကုန်မြို့ အတွင်းဝန်များရုံး၏ ရုံးခန်းအတွင်း၌ စည်းဝေးတိုင်ပင်လျက်ရှိကြစဉ် မသမာ လူသတ်ကောင်များ၏ လက်ချက် ဖြင့် ရက်ရက်စက်စက် စတင်းဂန်းလက်နက် စသည်တို့နှင့် လုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက် ကြရလေပြီ။ ဤအရေးသည် တစ်မျိုးသားလုံးဆုံးရှုံးမှုကြီးဖြစ်သည်သာမက ငါတို့၏ ကြီးစွာ သော ဆုံးရှုံးမှုကြီးတစ်ရပ်လည်း ဖြစ်သည်။ သို့အတွက် မနက်ဖြန် ဇူလိုင်လ ၂၀ ရက်နေ့ တွင် ကျေးရွာအသီးသီးမှရဲဘော်များ (ရဲမေများအပါအဝင်)အားလုံး မြို့နယ်တပ်ဖွဲ့ ရုံး သို့ နံနက် ၈ နာရီတိတိ အရောက်ချီတက်၍ စုရုံးကြရမည်။ ဤသို့ ချီတက်လာရာတွင် မိမိတို့ကျေးရွာအသီးသီးမှ ကာကွယ်ရေးသေနတ်များ သူကြီးသေနတ်များကိုပါ တောင်းယူ ၍ ရဲဘော်တို့နှင့်အတူယူဆောင်လာကြရမည်၊ ကျဆုံးလေပြီးသောဗိုလ်ချုပ်နှင့်တကွခေါင်း ဆောင်ကြီးများအား တစ်ပြိုင်နက်တည်း သေနတ်ဖောက်အလေးပြုရန် အတွက်ဟု အကြောင်းပြ၍ အသာတကြည် တောင်းယူခဲ့ကြရမည်၊ အဓမ္မနည်းဖြင့် တောင်းယူခြင်း မပြုရ။**

**အရေးတော်ပုံ အောင်ရမည်**
**မြို့နယ်စစ်ခေါင်းဆောင်**



ထိုစာကိုရရှိ၍ အစမှအဆုံး ဖတ်ပြီးသွားသည်နှင့်တစ်ပြိုင်နက် ကျွန်တော့်မှာ ရုတ်တရက် သွေးလွှတ်ကြောမျာ‌း ရပ်ဆိုင်းသွားသကဲ့သို့ ငိုင်နေမိသည်။ ဘာလုပ်ရမှန်းမသိအောင်လည်း ကယောင်ချောက်ချား ဖြစ်မိလေသည်။ ကျွန်တော့် လက်ထဲမှ စာရွက်ကို ကျွန်တော်သည် ကြေမွ သွားသည်အထိ တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်လိုက်မိကာ “ဒါဟာ အင်္ဂလိပ်နယ်ချဲ့ရဲ့ ပယောဂ မကင်းဘူး၊ ဒင်းတို့လက်ချက်ပဲ”ဟူ၍လည်း နှုတ်မှ ကယောင်ကတမ်းရေရွတ်မိကာ တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်နေမိလေသည်။ သို့သော်လည်း ရှေ့တွင်ကျရောက်လာသော တာဝန်ဝတ္တရား များကို မလစ်ဟင်းစေရန်အတွက် ထိုညချင်းတွင်ပင် ဘီလူးကျွန်းတောင်ပိုင်းရှိ ကျေးရွာပြည်သူ့ ရဲဘော်တပ်ဖွဲ့အသီးသီးသို့ ဆက်သားများလွှတ်၍ ထိုသတင်းကို အပူတပြင်း စီစဉ်ပေးပို့ခဲ့ရလေ တော့သည်။

## နယ်ချဲ့သစ္စာတော်ခံ ရွာသူကြီး

နောက်တစ်နေ့ ဇူလိုင်လ ၂၀ ရက်နေ့ နံနက်စောစောတွင်ကား ကျွန်တော်နှင့်အတူ မူးရစ်ကလေးကျေးရွာ စစ်ခေါင်းဆောင် ရဲဘော်ကိုသာဇံ ကျေးရွာအတွင်းရေးမှူး ရဲဘော်ကိုအောင်ဖေ တို့သည် ပထမဦးဆုံး ကျေးရွာသူကြီး၏ အိမ်သို့ ၎င်း၏ရိုင်ဖယ်သေနတ်တစ်လက်ကို တောင်းယူရန် အတွက် သွားရောက်ခဲ့ကြလေသည်။ ကျွန်တော်တို့ လူစု သူကြီးအိမ်ပေါ်သို့ ရောက်လျှင်ရောက်ချင်း သူကြီးသည် အံ့အားသင့်နေသော အမူအရာဖြင့် အိမ်တွင်းမှ ထွက်၍လာကာ ဧည့်ခန်းတွင် နေရာ ထိုင်ခင်းပေးရင်း မည်သည့်ကိစ္စနှင့် လာကြောင်းကို မေးမြန်းလေသည်။ ထိုအခါ ရဲဘော် ကိုသာဇံက “ယနေ့ ချောင်းဆုံမြို့နယ် ပြည်သူ့ရဲဘော် တပ်ဖွဲ့ဌာနချုပ်တွင် ဘီလူးကျွန်းတစ်ကျွန်းလုံးမှ ကျွန်းလုံး ကျွတ်ရဲဘော်ရဲမေများ စုပေါင်းပြီး ကျဆုံးလေပြီးသော ဗိုလ်ချုပ်နှင့်တကွ ခေါင်းဆောင်ကြီးများအား



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက်တည်း သေနတ်ဖောက်အလေးပြုကြရမည်ဖြစ်သဖြင့် သူကြီး၏သေနတ်ကို ခေတ္တငှားရ လိုကြောင်း၊ အလေးပြုခြင်းကိစ္စပြီးလျှင် သေနတ်ကို တစ်စုံတစ်ရာမချွတ်မယွင်းစေရဘဲ ပြန်လည်ပေး အပ်မည်ဖြစ်ကြောင်း၊ သေနတ်နှင့်အတူ ယမ်းတောင့်ကတ်တစ်ကတ်ကိုပါ ပေးလိုက်စေလိုကြောင်း ရှင်းလင်းပြောပြကာ သူကြီး၏သေနတ်ကို တောင်းယူလေသည်။ ထိုစဉ်က သူကြီးလုပ်သူမှာ အင်္ဂလိပ်နယ်ချဲ့အစိုးရခေတ်တစ်လျှောက်လုံးသူကြီး မျိုးရိုးမှဆင်းသက်လာသူ အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ သစ္စာတော်ခံဗျူရိုကရက်ခေတ် ဘုရားထူးခေတ်၏ခဲလောင်းရိပ်အောက်တွင် သူကြီးဖြစ်လာရ သောသူ ဖြစ်သဖြင့် ရဲဘော်ကိုသာဇံ၏စကားကို ကြားလိုက်လျှင်ပင် မျက်စိမျက်နှာပျက်၍သွားကာ -

"ဟာ ဦးရဲ့သေနတ်ကိုတော့ မောင်ရင်တို့ကိုပေးလိုက်လို့မဖြစ်ဘူးထင်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဦးရဲ့သေနတ်ဟာ မနေ့တစ်နေ့ကပဲ မြို့ပိုင်ရုံးက အသစ်လဲပြီး ထုတ်လာခဲ့တဲ့ သေနတ်ပါ ပူပူနွေးနွေးကလေးပဲ ရှိသေးတယ်ကွယ့်။ မောင်ရင်တို့က ဘယ်လိုပဲ တာဝန်ယူပါတယ်ဆိုပေမယ့် မတော်တဆ မြို့ပိုင်မင်းနား ပေါက်ကြားသွားတော့ဦးမှာ အပြစ်မကင်းဘဲ ဖြစ်နေပါဦးမယ်ကွယ် ဦး မောင်ရင်တို့ကို တောင်းပန်ပါတယ်"ဟု တစ်စုံတစ်ရာကို စိုးရိမ်ထိတ်လန့်နေသော အမူအရာဖြင့် ပြန်ပြောလေတော့သည်။ ဘယ့်ကလောက်များ အမျိုးသားစိတ်ခေါင်းပါးလိုက်သနည်း။ ဘယ့် ကလောက်များ အင်္ဂလိပ်နယ်ချဲ့ သစ္စာတော်ခံ ပီသနေလိုက်ပါသနည်း။ အမျိုးသားခေါင်းဆောင်ကြီး များအား အလေးပြုရန်အတွက်ဟု ပြောပါလျက်နှင့် အပြစ်မကင်းဖြစ်နေပါဦးမယ်ကွယ်ဟု ပြောရ သည်မှာ အသည်းနာစရာလည်းကောင်း၊ မသိမိုက်မဲခြင်းအတွက် သနားစရာလည်း ကောင်းလှ သည်။ သို့သော်လည်း ထိုသေနတ်ကို မရလျှင် ရအောင်အနုနည်းနှင့် တောင်းယူရမည့်တာဝန်မှာ ကျွန်တော်တို့၏ တာဝန်ဖြစ်နေသည့်အလျောက်

"ဒါကတော့ ဦးရယ်၊ မိုးပြိုမှာကို တွေးကြောက်နေရင်တော့ ဘယ်ဖြစ်မလဲ၊ အခုကိစ္စ ကတော့ တစ်မျိုးသားလုံးရဲ့ ခေါင်းဆောင်ကြီးတွေ အရေးမို့ ဦးမှာ ဘာမှအပြစ်ရောက်စရာမရှိပါဘူး မြို့ပိုင်ဆိုတာကလဲ ကိုယ့်အမျိုးသားထဲကပဲမဟုတ်လား။ ဒါလောက် တွေးကြောက်စရာမလိုပါဘူး" ဟု ကျွန်တော်က ဝန်ထောက်လိုက်ပါသည်။ ထိုအခါ သူကြီးသည် မိမိ၏သေနတ်ကိုပေးလိုက်ရ မပေးလိုက်ရသင့် စဉ်းစားချင့်ချိန်နေလိုက်ပြီးနောက် ခေါင်းကိုကုပ်လိုက် ဟိုဟိုဒီဒီကြည့်လိုက်နှင့် စိတ်တည်ငြိမ်ရာမရသလို ဖြစ်နေရာက

"ဦးသဘောကတော့ မောင်ရင်တို့ကိစ္စကို အားပေးချင်ပါတယ်။ ကူညီချင်ပါတယ်။ ဒါပေမယ့် ဦးကို တာဝန်ပေးအပ်ထားတဲ့ အထက်အရာရှိကို မလွန်ဆန်ဝံ့လို့သာ မပေးချင်တာပါ။ ဒီသေနတ်ဟာ အစိုးရပစ္စည်းဖြစ်နေတော့ ဦးသဘောအတိုင်း ပေးပိုင်ခွင့် မရှိဘူးပေါ့။ ဦးပိုင်တဲ့ပစ္စည်းထဲကဆိုရင် ဦးပေးနိုင်တဲ့ ပစ္စည်းဆိုရင် တောင်းကြပါ။ ဦးက ရွှေရွှေရွှရွှ ပေးလိုက်မှာပါပဲ။ မဟုတ်ဘူးလား ဦးပြောတာ"ဟုပြောရင်း ငြင်းဆန်နေလိုက်ပြန်လေသည်။ ကျွန်တော့်အနီးတွင် ထိုင်နေသော ရဲဘော်ကိုသာဇံကား တိုတိုနှင့်ပြော၍မရလျှင် ဆက်၍မပြောစေလိုတော့ပါ။ စိတ်မြန်သူ လူငယ် တစ်ဦးဖြစ်သဖြင့် အကြမ်းဖက်လိုစိတ်ပေါက်လာသကဲ့သို့ သူကြီးဖြစ်သူအား မျက်လုံးပြူး မျက်ဆံ ပြူးကြီးနှင့်ကြည့်ကာ အစိမ်းလိုက် ဝါးစားတော့မည်ကဲ့သို့ ဖြစ်နေပေပြီ။ ကျွန်တော်ကပင် ဒေါသ မပျက်စေရန် လက်ကုတ်သတိပေးလိုက်ပြီးနောက် ဆက်လက်၍. .





"ဒီမှာဦး ကျွန်တော် နည်းနည်းလောက်ပြောပါရစေ။ ဦးကို ဆရာလုပ်တယ်လို့လဲ မအောက်မေ့ပါနဲ့နော်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဦးက အကြောက်လွန်ပြီး အတွေးခေါင်နေလို့ပါ။ အခု အချိန်ဟာ ကျွန်တော်တို့အရင်ခေတ်ဟောင်းတုန်းကလို မဟုတ်တော့ပါဘူး။ အခြေအနေတွေဟာ အားလုံး ပြောင်းလဲနေပါပြီ။ ဗမာတစ်ပြည်လုံးမှာရှိတဲ့ တိုင်းရင်းသားမှန်သမျှ ကျောချင်းကပ် ရင်ချင်းအပ်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးအင်အားဟာ ဒီရေလို တစ်ဟုန်ထိုး တိုးတက်နေတဲ့ အချိန်ပါ။ ဒီလို အချိန်ကောင်းမှာ ကျွန်တော်တို့ဟာ အင်္ဂလိပ်နယ်ချဲ့အစိုးရလို အကြမ်းမဖက်ဘဲ ဒီအမျိုးသား ညီညွတ်ရေးအင်အားကိုပြုပြီး လွတ်လပ်ရေးကို မရ အရယူဖို့ ပရိယာယ်စစ်ပွဲဆင်နေကြပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ဟာ စစ်ဒဏ် နှစ်ကြိမ်တိုင်တိုင်ခံခဲ့ရလို့ တိုင်းပြည်နောက်ထပ် မနစ်နာသင့်ဘဲ မနစ်နာရအောင် တိုင်းပြည်ခေါင်းဆောင်ကြီးတွေကလည်း အနုနည်းနဲ့သာ လွတ်လပ်ရေးကိုအရယူဖို့ သန္နိဋ္ဌာန်ချထားကြပါတယ်။ အခုအချိန်အခါမှာဆိုရင် ကျွန်တော်တို့တိုင်းပြည်ကို နှစ် ၁၀၀ ကျော် ကျွန်ဘဝမှာ ဖိနှိပ်ချုပ်ချယ်ခဲ့တဲ့ အင်္ဂလိပ်နယ်ချဲ့အစိုးရဟာ မျက်လုံးပြူးနေပါပြီ။ သူတို့ဟာ အခု ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာ အရိုးနဲ့အရေပဲကျန်ပါတော့တယ် ဦးရဲ့။ သူတို့ဆီမှာခံရတဲ့ စစ်ပွဲ ကြီးဟာ ကျွန်တော်တို့ဆီမှာ ခံရတာထက် အဆပေါင်းများစွာကြီးမားပါတယ်။ သူတို့ဆီမှာ စီးပွားရေး အကျပ်ရိုက်မှုတွေနဲ့ ကြုံနေရပြီး သူတို့ရဲ့ နေမဝင်အင်ပါယာကိုလည်း ထင်သလိုမအုပ်စီးနိုင်တော့ ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ ဖဆပလနဲ့ ဖဆပလ အလံတော်အောက်မှာရှိတဲ့ တော်လှန်ရေးအင်အားစုတွေကိုပြုပြီး အင်္ဂလိပ်နယ်ချဲ့လက်က တစ်နှစ် အတွင်း လွတ်လပ်ရေးရမယ်ဆိုတဲ့ ကြွေးကြော်သံနဲ့ ကတိပေးခဲ့တာကိုလည်း ဦးသိပြီးဖြစ်ပါလိမ့်မယ်။

အဲဒီလို ကျွန်တော်တို့ ခေါင်းဆောင်ကြီးတွေ ကတိပေးပြီးကြိုးပမ်းနေဆဲမှာ လုပ်ကြံသတ် ဖြတ်ခြင်းခံလိုက်ရတဲ့အတွက် တစ်မျိုးသားလုံး ဆုံးရှုံးမှုကြီးအဖြစ် ကျွန်တော်တို့တစ်တွေ ယူကျုံး မရဖြစ်နေရခြင်းပါပဲ။ ဦးလည်းပဲ အမျိုးသားတစ်ယောက်ပါ။ ဒီလို တစ်မျိုးသားလုံးနဲ့ဆိုင်တဲ့ ကိစ္စမျိုးမှာမှ ဦး မကူညီနိုင် မကူညီဝံ့ဘူးဆိုရင် ဦးဟာ အမျိုးသားမပီသရာ ကျနေတော့မှာပေါ့။ ဒီသေနတ်ကို ဦးကပေးချင်ရင် ဖြစ်ပါတယ်။ အင်္ဂလိပ်တွေနဲ့ သူတို့ရဲ့ဘက်တော်သား အထက် အရာရှိတွေကို ဒီလောက်တောင် တွေးကြောက်နေစရာ မလိုတော့ပါဘူး။ နို့ပြီး ဒီသေနတ်ကို ကျွန်တော်တို့က အပိုင် [illegible] မှာလည်း မဟုတ်ပါဘူး။ ကျွန်တော်တို့ကိစ္စပြီးပြီးချင်း ပြန်ပေးမှာပါ။ ကဲ ဘယ်နှယ့်လဲ။ ဒါ [illegible] ဦးသဘောပေါက်ပြီး ကျေနပ်လောက်ပြီးလို့ ထင်ပါတယ်"

တတ်သမျှ မှ [illegible] ချဲ့ဆန့်ကျင်ရေး တရားများဟောရင်း သူကြီး၏ သေနတ် တစ်လက်ကို ရရှိရေးအတွက် စိတ်ရှည်လက်ရှည်တောင်းဆိုလိုက်ရလေသည်။ သို့သော်လည်း မည်သို့ပင် အာပေါက်လုမတတ် ပြောဟောသိမ်းသွင်းနေ စေကာမူ သူကြီးမှာ ၎င်း၏သေနတ်ကို မပေးချင်သည့် အမူအရာကိုသာ ပြလျက်ရှိပြီး မည်ကဲ့သို့ငြင်းဆန်ခြင်းပြုရမည်ကိုသာ စကားစရှာ နေသည့်အလား မျက်မှောင်ကုတ်၍နေသဖြင့် ကျွန်တော်တို့မှာ မတတ်သာသည့်အဆုံး သူကြီးအား တိုတိုတုတ်တုတ်ပင်နှုတ်ဆက်၍ သူကြီးအိမ်မှ စိတ်ပျက်ပျက်နှင့် ဆင်းခဲ့ကြရလေတော့သည်။

ထိုအချိန်ကား နံနက် ၆ နာရီခွဲခန့်ရှိပြီဖြစ်လေသည်။ မြို့နယ် စစ်ခေါင်းဆောင်၏ အမိန့် ဖြင့် ဘီလူးကျွန်းတောင်ပိုင်းရှိ ကျေးရွာအသီးသီးမှ အခြားလိုင်စင်ရသေနတ်များကို သိမ်းကျုံးယူ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်၍ နံနက် ၈ နာရီတိတိတွင် မြို့နယ်တပ်ဖွဲ့ရုံးသို့ အားလုံးရောက်ကြရမည်ဖြစ်ရာ နောက်
တစ်နာရီခွဲအတွင်း ကိစ္စအားလုံးပြီးအောင် ဆောင်ရွက်ရတော့မည်ဖြစ်၏။ ကျွန်တော်တို့သည် သူကြီး
၏ သေနတ်ကို ပထမဦးဆုံးရရှိပါမှ ကျန်ရှိသော ကျေးရွာကော်မီတီလူကြီးများ၏ သေနတ်များ
လယ်ပိုင်ရှင်အချို့၏ လိုင်စင်ရသေနတ်များ၊ ကာကွယ်ရေးသေနတ်များကိုပါ အားလုံးလွယ်လင့်တကူ
ရရှိနိုင်မည်ဖြစ်ရာ ဟိုသူကြီး၏သေနတ်ကို ရရှိရေးအတွက် မည်ကဲ့သို့ ကြံဖန်ရမည်ကို ဆက်လက်
ဆွေးနွေးရင်း အကြံအိုက်နေကြလေသည်။ ထိုသို့ကျွန်တော်တို့တစ်တွေ အကြံအိုက်လျက်ရှိစဉ် ဘီလူး
ကျွန်းတောင်ပိုင်း ကျေးရွာများမှ ကျွန်တော်တို့ တင်ကြိုအကြောင်းကြားထားချက်အရ ရဲဘော်များ
အားလုံး မိမိတို့ကျေးရွာရှိ သေနတ်များကိုသိမ်း၍ တပ်စုအလိုက် စည်းကမ်းတကျ စုရုံးချီတက်လာ
သဖြင့် ကျွန်တော်တို့မှာ တအားတက်၍သွားကာ အခက်အခဲကိုဖြေရှင်းရန် အကြံတစ်ခုကိုလည်း
ရလိုက်ကြလေတော့သည်။

ထိုအကြံကား ကျွန်တော်တို့သည် လက်နက်ကိုယ်စီနှင့်ဖြစ်နေသော ရဲဘော်တပ်စုနှစ်စု
သူကြီးအိမ်သို့ ချက်ခြင်းခေါ်ယူသွားကြပြီး သူကြီးအိမ်ရှေ့ မြေနီလမ်းမကြီးပေါ်တွင် သူကြီးမြင်သာ
အောင် တန်းစီ၍ ရပ်ထားကြသည်။ ထို့ကြောင့် ကျွန်တော်နှင့်ရဲဘော် ကိုသာဇံသည် သူကြီးအိမ်ပေါ်
သို့ တက်သွားကြပြီး သူကြီး၏သေနတ်ကို တောင်းယူကြပြန်သည်။ ပထမတွင် သူကြီးသည် ရွာ
တင်းနှင့် အိမ်ထဲမှထွက်၍လာသော်လည်း မိမိအိမ်ရှေ့ မြေနီလမ်းမပေါ်တွင် ရိုင်ဖယ်သေနတ်
ကိုယ်စီနှင့် တန်းစီထားသော ရဲဘော်တပ်စိတ် နှစ်စိတ်ကို မြင်လိုက်တော့မှ မျက်လုံးပြူးသွား
ဘာမပြောညာမပြော ချာခနဲအိမ်ထဲသို့ လှည့်ဝင်၍သွားပြီး ၎င်း၏သေနတ်ကို ပျာပျာသလဲထုတ်ပေး
လေတော့သည်။ ကျွန်တော်တို့သည် သူကြီး၏အမူအရာကိုကြည့်ရင်း ရယ်ချင်ကြသော်လည်း
အိန္ဒြေဆောင်၍နေကြကာ သူကြီး၏အမည်၊ သေနတ် နံပါတ်နှင့်ယမ်းတောင့် အရေအတွက်များ
ရေးမှတ်ပြီး ဝမ်းသာအားရနှင့် သူကြီးအိမ်ပေါ်မှ ဆင်းခဲ့ကြလေသည်။ ထိုအခါမှ ရွာတွင်းရှိ အခြား
ကာကွယ်ရေးသေနတ်များ၊ လယ်ပိုင်ရှင်အချို့၏ လိုင်စင်နှင့်ကိုင်သော သေနတ်များကိုပါ လိုက်လံ
တောင်းယူနိုင်ကြတော့ကာ ဘီလူးကျွန်းတောင်ပိုင်း ကျေးရွာအသီးသီးမှ ရောက်ရှိလာကြသော
ရဲဘော်များနှင့်အတူ အချိန်မီ ချီတက်၍ မြို့နယ်တပ်ဖွဲ့ရုံးသို့ ထွက်ခွာသွားနိုင်ကြလေတော့သည်။

## သေဆု (သို့မဟုတ်) လွတ်လပ်ရေးဆု

ကျွန်တော်တို့ ရဲဘော်များအားလုံး မြို့နယ်တပ်ဖွဲ့ရုံးသို့ ရောက်ရှိကြသောအခါ အခြား
ကျေးရွာအသီးသီးမှ ရဲဘော်ရဲမေများလည်း စုံစုံညီညီရောက်ရှိစုရုံးနေကြပြီဖြစ်သဖြင့် ကျွန်တော်
လူစုအား ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်ကြကာ "အံရေးတော်ပုံ အောင်ရမည်' ဟူသော ကြွေး
ကြော်သံများလွှမ်း၍ သွားလေတော့သည်။

ထိုစဉ်က အမှန်ကိုဝန်ခံရလျှင် ကျွန်တော်နှင့်တကွ ရဲဘော်များအားလုံး မြို့နယ်တပ်ဖွဲ့ရုံး
သို့ စုရုံး၍သာရောက်လာကြရသော်လည်း ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများအား ဖသ
ဖောက် အလေးပြုရန်ဟူသော မူလညွှန်ကြားချက်မှတစ်ပါး ရှေ့ဆက်၍ ဘာလုပ်ရမည်ကို လုံးဝမ
ကြသေးပေ။ ထိုနေ့နံနက်က မြို့နယ်တပ်ဖွဲ့ရုံးရှေ့တွင် စုရုံးရောက်ရှိနေကြသော ရဲဘော်များအား





ရန်ကုန်ပြည်သူ့ရဲဘော် အဖွဲ့ချုပ်မှ ဘီလူးကျွန်း ပြည်သူ့ရဲဘော်များအား စစ်ပညာ သင်တန်းပေးရေး
အတွက် ခေတ္တတာဝန်ဖြင့် စေလွှတ်ထားသော (ဘီအိုင်အေ၊ ဘီဒီအေ) ဗိုလ်ဟောင်းတစ်ဦးဖြစ်သည့်
ဗိုလ်စိုးတင့်က ရဲရဲတောက်မိန့်ခွန်းတစ်ခုကိုပေးတော့မှပင် ရဲဘော်များ ဘာတွေလုပ်ပြီးပြီနှင့် ရှေ့တွင်
ဘာဆက်လုပ်ရမည်တို့ကို ပွင့်ပွင့်လင်းလင်း သိရှိကြရလေတော့သည်။

ဘီလူးကျွန်းသည် သံလွင်မြစ်ဝရှိ ရေပတ်လည်ဝိုင်းလျက်ရှိသော အလျား ၂၄ မိုင် အနံ
၁၂ မိုင်ခန့်ရှိ ကျွန်းတစ်ကျွန်းဖြစ်၍ ကျေးရွာကြီးပေါင်း ၆၄ ရွာကျော်မျှရှိပြီး မြို့ပိုင်ရုံးစိုက်သော
ချောင်းဆုံမြို့တစ်မြို့ရှိသည်ဖြစ်ရာ ထိုကျေးရွာပေါင်း ၆၄ ရွာကျော်တို့မှ လက်ရွေးစင် ရဲဘော်များ
တစ်ပြိုင်နက်တည်း လက်နက်ကိုယ်စီဖြင့် မြို့နယ်တပ်ဖွဲ့ရုံးသို့ စုရုံးလာကြသဖြင့် အတော်အင်အား
တောင့်သော စစ်တပ်ကြီးတစ်တပ်ကဲ့သို့ ဖြစ်နေလေသည်။ လက်နက်မပါသော ရဲဘော်များနှင့်
လက်ရွေးစင် ရဲမေ ၂၀ ခန့် အပါအဝင် စုစုပေါင်း ရဲဘော်အင်အား ၆၀၀ ခန့်ရှိလေသည်။ ထိုအချိန်
အခါက ရဲဘော်များမှာ လူစေ့တက်စေ့ ယူနီဖောင်း မပြည့်စုံကြ။ အချို့သော ကျေးရွာမှ ရဲဘော်ကြီး
များမှာ ပေါင်တွင် ထိုးကွင်းမင်ကြောင်နှင့် ခါးတောင်းကျိုက်ထားကြသော လူကြီးများ၊ ခမောက်တို
[illegible]လေးများကိုဆောင်း၍ အင်္ဂလိပ်ရိုင်ဖယ် သေနတ်ကြီးများကို လွယ်ထားကြသော လယ်သမားကြီး
များပင် ပါဝင်၍လာကြပေသည်။ ဤအချက်ကို ထောက်ရှုခြင်းအားဖြင့် ထိုစဉ်က ဗိုလ်ချုပ်နှင့်တကွ
ခေါင်းဆောင်ကြီးများအပေါ် ဗမာ့ကျောမွဲလူတန်းစားတစ်ရပ်လုံး အဘယ်မျှအထိ ကြည်ညိုလေးစား
ကြခြင်းနှင့် အဘယ်မျှအထိ တော်လှန်ရေးစိတ်ဓာတ်ပြင်းထန်လျက်ရှိကြပုံကို သိရှိနိုင်ပေသည်။

ထိုစဉ်က ဗိုလ်စိုးတင့်သည် စုရုံးရောက်ရှိနေကြသော ရဲဘော်များအား လက်သီးလက်
မောင်းတန်း၍ ပြင်းထန်မာကျောသော အသံကြီးဖြင့် . .

"ရဲဘော်တို့၊ ဒီကနေ့ ဒီအချိန်ဒီနေရာမှာ ရဲဘော်တို့အားလုံး ကျွန်းမှာရှိတဲ့ သူကြီးသေနတ်
တွေနဲ့ ကာကွယ်ရေး သေနတ်တွေကို တောင်းယူလာကြပြီး စုရုံးလာကြဖို့ အမိန့်ထုတ်လိုက်တာဟာ
ဘာအဓိပ္ပာယ်လဲ။ ဘာလုပ်ဖို့လဲဆိုတာ ခပ်ရှင်းရှင်းပြောရင် ကျဆုံးလေပြီးတဲ့ ဗိုလ်ချုပ်နဲ့တကွ
ခေါင်းဆောင်ကြီးများကို သေနတ်[illegible]အလေးပြုကြဖို့ မဟုတ်ဘူး။ ဗိုလ်ချုပ်နဲ့တကွ ခေါင်းဆောင်
ကြီးတွေ ကြိုးပမ်းသွားတဲ့ လွတ်လ[illegible]က်အစတေးခံသွားကြရတဲ့ လွတ်လပ်ရေးကို မရမချင်း
တိုက်စွန့်တိုက်ယူဖို့အတွက် ဒီ[illegible]ပရိယာယ်သုံးပြီး ရဲဘော်တွေလက်ထဲ သိမ်းပိုက်
လိုက်တာဖြစ်တယ်။ ဒါထက် ခပ်ရှင်းရှင်း[illegible]ရင် ငါတို့ဟာ ဒီကနေ့ကစပြီး ဗမာ့လွတ်လပ်ရေးကို
ရတဲ့အထိ အင်္ဂလိပ်နယ်ချဲ့ကို အမြစ်ပါမကျန် တော်လှန်တိုက်ခိုက်ကြဖို့ပဲဖြစ်တယ်။ ဒီကနေ့ မနက်
ဝေလီဝေလင်းအချိန်မှာပဲ မြို့နယ်တပ်ဖွဲ့ရုံးမှာ ရှိသမျှရဲဘော်တွေနဲ့ ချောင်းဆုံမြို့နဲ့ဂါတ်ကိုပါ ငါတို့စီး
ပြီး ငွေတိုက်ကိုလည်း သိမ်းပြီးပြီ။ ဘာကြောင့် ဒီလို ရုတ်တရက်သိမ်းပိုက်လိုက်ရသလဲဆိုတာကို
ဘာ့ အထူးပြောနေဖို့ လိုမယ်မထင်ပါဘူး။ ငါတို့ရဲ့ ဖခင်ကြီးသဖွယ်ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်း
နဲ့တကွ ခေါင်းဆောင်ကြီးတွေဟာ နယ်ချဲ့ပယောဂကြောင့် လူမသမာရဲ့လက်ချက်နဲ့ မရှုမလှကျဆုံး
ခဲ့ရပြီ။ ဒါကို ငါတို့တစ်တွေက ဒီအတိုင်း လက်ပိုက်ကြည့်နေ ကြရတော့မှာလား။ ဘယ်နည်းနဲ့မှ
ကြည့်နိုင်ဘူး။ ဒီနယ်ချဲ့မကောင်းဆိုးရွားတွေကို ဗမာ့မြေပေါ်က ငါတို့ မောင်းထုတ်ကြရမယ်။
[illegible]ဒီလို မောင်းထုတ်တယ်ဆိုတာဟာ လွယ်လွယ်နဲ့ပြီးမယ့် ကိစ္စမဟုတ်ဘူး။"



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ရဲဘော်တွေဟာ တစ်မျိုးသားလုံးရဲ့ တပ်ဦးကနေပြီး တိုက်ကြရမယ်ဆိုတာ ကြပ်ကြပ်ကြီး နားလည်ထားကြစေချင်တယ်။ သူရဲဘောနည်းတဲ့ လူတွေ မိန်းမလျာတွေကို မလိုချင်ဘူး။ နောက်ဆုတ်ချင်တဲ့လူရှိရင် အခုကတည်းက ကိုယ့်အိမ်ကိုယ် ပြန်သွားကြပါ။ နောက်မှ သူများ ဖောက်ပြီးထွက်ပြေးရင် ပစ်သတ်ခံရမှာပဲ။ တော်လှန်ရေးကို ပြတ်ပြတ်သားသားလုပ်ရမှာဖြစ်တဲ့ အတွက် ဘယ်သူ့ကိုမှ မညှာနိုင်ဘူး။ ငါတို့ဟာ ဒီနေရာကနေပြီး တောထဲတောင်ထဲ ကို ရောက်ရ ရောက်သွားကြမယ်။ ထမင်းငတ်ချင် ငတ်မယ်။ နောက်ဆုံး သေချင်သေမယ်။ ငါတို့ရဲ့ နောက်ဆုံး ဆုလာဘ်ကြီးဟာ သေဆု၊ သို့မဟုတ် လွတ်လပ်ရေး ဆုကြီးပဲဖြစ်မယ်'ဟု စိတ်တက်ကြွဖွယ်ရာ ရဲရဲတောက်မိန့်ခွန်းကိုပြောရင်းက ဖြန့်ထားသောသူ၏ ညာဘက်လက်ဝါးတစ်ဖက်ကို ရုတ်တရက် အပေါ်သို့ မြှောက်၍ပြလိုက်ပြီးနောက်

"ဟောဒီ ဖြန့်ထားတဲ့လက်ဝါးကို ကြည့်ကြစမ်းပါ။ ဘာလုပ်လို့ရသလဲ ဖြန့်ထားတဲ့ လက် ချောင်းကလေးတွေကို တစ်ချောင်းစီ ချိုးဖွဲ့ပစ်လိုက်ရင် အကုန်ကျိုးသွားမှာပဲ။ ဟော အခုလို လက်သီး ဆုပ်လိုက်တော့ ဘာဖြစ်သွားသလဲ သံလက်သီးဖြစ်သွားတယ်မဟုတ်လား။ လက်ချောင်းကလေး တွေကို ချိုးလို့မရတဲ့အပြင် ချိုးတဲ့သူကို ဒီသံလက်သီးနဲ့တောင် ပြန်ပြီး အလဲထိုးနိုင်တယ်မဟုတ်လား။ ဒါကြောင့် ရဲဘော်တို့ဟာ အခုအချိန်မှာ သံလက်သီးလို စည်းလုံးမှုအင်အားယူပြီး ဒီနယ်ချဲ့ပဒေသာ ကောင်တွေကိုအလဲထိုးရမယ့်အချိန်ရောက်လာပြီဆိုတာမြဲမြဲကြီးမှတ်ထားလိုက်ကြပါ။ ဒီလို အလဲထိုး ရ ယ့်ပွဲမှာ နောက်ဆုံးရမယ့်ဆုကတော့ ခုတင်ကပြောခဲ့ပြီးတဲ့ သေဆုနဲ့ လွတ်လပ်ရေးဆု ဒီနှစ်ခုရှိ အတွက် တစ်ခုခုကို ရွေးချယ်ဖို့အတွက် ဒီကနေ့ ဒီအချိန် ဒီနေရာကနေပြီး သစ္စာအဓိဋ္ဌာန်ပြုကြ ပါစို့လို့ နိဂုံးချုပ်အနေနဲ့ တိုတိုပဲ ပြောလိုက်ချင်ပါတယ်"ဟု နောက်ဆုံးတွင် လက်ဝါးနှင့်သံလက်သီး ဥပမာဆောင်၍ အဆုံးသတ်လိုက်ရာ ရဲဘော်များထဲမှ လက်ခုပ်သံတဖြောင်းဖြောင်းနှင့် "ချမယ်. . . တိုက်မယ်. . . အရေးတော်ပုံအောင်ရမည်"ဟူသော တစ်ခဲနက်အသံကြီး ပွဲတင်ထပ်၍ သွားလေ တော့သည်။

## ပြည်သူ့လွတ်မြောက်ရေးတပ်မတော်

နောက်တစ်နေ့နံနက်တွင်ကား ဘီလူးကျွန်း ကျွန်းသူကျွန်းသားများမှာ ရုတ်တရက် မမျှော်လင့်ဘဲ ဘီလူးကျွန်းကို ပြည်သူ့ရဲဘော်များက သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း ကြေညာချက် ထုတ်ပြန်လိုက်သဖြင့် အံ့အားသင့်ကြရလေသည်။ ထိုစဉ်က ကျွန်တော်သည် မြို့နယ်စစ်ခေါင်း ဆောင်ကိုင်ဆောင်၏ တာဝန်ပေးချက်အရ မြို့နယ် တွဲဖက်အတွင်းရေးမှူးနှင့် ဝါဒဖြန့်ချိရေး တာဝန်ကို ရဲဘော်သောင်းတင် (ရဲဖြူဗိုလ်ယက္ခ၊ ယခုလက်နက်ချပြီးသူ)၏ နေရာတွင် ချက်ချင်း ဝင်ရောက်ဆောင်ရွက်ခဲ့ရလေသည်။ ကျွန်တော်တို့သည် တစ်ကျွန်းလုံးအနှံ့အပြား လူစည်ကားရာ လမ်းဆုံလမ်းခွများ၊ ဈေးများ၊ လမ်းဘေးသစ်ပင်ကြီးများပေါ်တွင် နံရံကပ်ပိုစတာကြီးများဖြင့် နယ်ချဲ့ဆန့်ကျင်ရေးဝါဒဖြန့်ချိရေး ရုပ်ပြကြေညာ စာတန်းများရေးဆွဲ၍ လိုက်လံကပ်ထားကြသည်။ ထိုရုပ်ပြ ကြေညာစာတန်းများတွင် ဆွဲထားသည့်ပုံမှာ ရဲဘော်တစ်ဦးသည် အင်္ဂလိပ်ယူနီဖောင်း အလံကို စစ်ဖိနပ်စီးထားသော ခြေတစ်ဖက်ဖြင့်နင်းလျက် လက်ထဲမှ လှံစွပ်တပ်သေနတ်တစ်လက်





ကိုကိုင်ကာ နယ်ချဲ့ရန်သူကို တအားထိုးနေပုံဖြစ်သည့်ပြင် 'နယ်ချဲ့မိစ္ဆာကောင်များအား မောင်းထုတ် ကြလော့' 'လွတ်လပ်ရေးချက်ချင်းပေး' နယ်ချဲ့အလိုမရှိ' စသော ကြွေးကြော်သံစာတန်းများကိုလည်း ရေးထားကြသည်။ ထိုနံရံကပ်ပိုစတာကြီးများ၏ အောက်နားတွင်ကား ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ဟု ကမ္ပည်းထိုးထားကြ၏။

ထိုစဉ်အခါက မော်လမြိုင်တွင် အင်္ဂလိပ်တပ်များ တပ်စွဲလျက်ရှိသေးရာ အင်္ဂလိပ်စစ်ဗိုလ် အချို့သည် ဘီလူးကျွန်းကို ကျွန်တော်တို့ သိမ်းပိုက်လိုက်ခြင်းအတွက် များစွာခံပြင်းလျက်ရှိပြီး ကျွန်တော်တို့အား တိုက်ခိုက်ချေမှုန်း လိုကြောင်းသိရှိရရာ အကယ်၍ ၎င်းတို့ ရုတ်တရက်ဝင်ရောက် တိုက်ခိုက်မည်ဆိုပါက ခုခံတိုက်ခိုက်နိုင်ရန် ကျွန်တော်တို့ကလည်း ဘီလူးကျွန်းကမ်းခြေတစ်လျှောက် ရှိ ဆိပ်ကမ်းဟူသမျှတွင် ကမ်းခြေစောင့် ကင်းတပ်များ ချက်ချင်းစေလွှတ်ချထားခဲ့ကြပေသည်။ ထိုစဉ်က ကျွန်တော်တို့အထဲတွင် ပြည်သူ့ရဲဘော်များအား ချက်ပြုတ်ကျွေးမွေးရေးတာဝန်ကို ယူထား ကြသော လက်ရွေးစင် ရဲမေ ၂၀ ခန့်ပါဝင်ရာ ၎င်းရဲမေများမှာ အကယ်၍ ကျွန်တော်တို့တစ်တွေ အခြေအနေအရ တောထဲတောင်ထဲသို့ ထွက်ခွာသွားကြရလျှင်လည်း ကျွန်တော်တို့နှင့်အတူ သေ မကွဲရှင်မကွာလိုက်ပါ၍ နယ်ချဲ့အားတိုက်ထုတ်ကြမည့်ရဲမေများဖြစ်ကြ၏။ အချို့ရဲမေများမှာ လယ် ပိုင်ရှင်များ ငွေရှင်ကြေးရှင်ကြီးများ၏သမီးများ ပါဝင်လျက်ရှိသည်ကိုတွေ့ရရာ ထိုစဉ်က အမျိုးသား စိတ်နှင့် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် အဘယ်မျှပြင်းထန်ခဲ့ကြကြောင်း ခန့်မှန်းနိုင်ပေသည်။

ကျွန်တော်တို့သည် ဇူလိုင်လ ၂၂ ရက်နေ့ နေ့လည် ၁၂ နာရီအချိန်၌ ဘုရားကြီးကုန်း အောင်မင်္ဂလာရုပ်ရှင်ရုံကြီးတွင် လူထုတရားပွဲတစ်ရပ်ကျင်းပ၍ ဘီလူးကျွန်းကို အဘယ့်ကြောင့် သိမ်းပိုက်လိုက်ရသည်ကို ရှင်းလင်းကြသည်။ ယခုအချိန်သည် ဗမာတစ်ပြည်လုံးရှိ ပြည်သူ့တော်လှန် ရေး အင်အားစုများအား ပြည်သူ့ ရဲဘော်များက ဦးဆောင်၍ ဗမာ့မြေပေါ်မှ အင်္ဂလိပ်နယ်ချဲ့တို့အား အပြီးအပိုင်မောင်းထုတ်ရန် အချိန်ကျရောက်ပြီဖြစ်ကြောင်း၊ ဤကဲ့သို့ မောင်းထုတ်နိုင်မှသာလျှင် ဗမာပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေကြသည့် လွတ်လပ်ရေးကို ရနိုင်တော့မည်ဖြစ်ကြောင်း အနုနည်းဖြင့် လုပ်နေပါက နောက်ထပ်၍ နယ်ချဲ့ဘီလူးကြီးသည် ဗမာ့ခေါင်းဆောင်ကြီးများအား ဝါးမျိုသတ်ဖြတ်ဦးမည်ကို စိုး[illegible]ကြောင်း၊ ထို့ကြောင့် ကျွန်တော်တို့ ပြည်သူ့ရဲဘော်များက လက်နက် ကိုင်တော်လှန်ရန်အတွက် [illegible]ကြောင်း ဤကဲ့သို့ လက်နက်ကိုင်တော်လှန်ရာ၌ လက်နက် အတွက် ရန်ပုံငွေများ၊ စားနပ်[illegible] နောက်ပိုင်းမှနေ၍စုဆောင်းပေးရန်လိုကြောင်း စသည်ဖြင့် ဟောပြောကြရာ ၎င်းတရားပွဲအပြီး[illegible]န်စက်ပိုင်ရှင်ကြီးများ လယ်ပိုင်ရှင်ကြီးများသည် မိမိတို့ လှူဒါန်းလိုသည့် ပစ္စည်းစားနပ်ရိက္ခာများကို ချက်ချင်းပင် စာရင်းပေးသွင်းကြလေသည်။

ထိုနေ့ညနေပိုင်း ၃ နာရီခန့်တွင်ကား တပ်ဖွဲ့ရုံးသို့ ဘီလူးကျွန်း ချောင်းဆုံမြို့ပိုင် ဦးသိန်း သန်းနှင့် ကျွန်းအုပ်ချုပ်ရေးဘက်ဆိုင်ရာ အရာရှိအချို့ ရောက်ရှိလာကြကာ မြို့မိမြို့ဖအချို့အား ဖိတ်ခေါ်၍ ရှင်းလင်းပွဲတစ်ရပ် ကျင်းပလိုကြောင်း ပြောဆိုသဖြင့် တပ်ဖွဲ့ရုံးခန်းအတွင်းမှာပင် မြို့ပိုင် ဦးသိန်းသန်း၏ ရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပပေးရပြန်လေသည်။ ထိုရှင်းလင်းပွဲတွင် မြို့ပိုင် ဦးသိန်းသန်းက ပြည်သူ့ရဲဘော်များ ယခုကဲ့သို့ ရုတ်တရက် ကျွန်းကို သိမ်းပိုက်လိုက်ခြင်းအတွက် မှားသည်မှန်သည်ကို မိမိတနေဖြင့် မည်သို့မျှမဝေဖန်လိုကြောင်း၊ မိမိမှာ အစိုးရအရာရှိတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသဖြင့် သာမန်မျက်စိဖြင့်ကြည့်လျှင် ယခုရဲဘော်တို့၏အပြုအမူနှင့် ဆန့်ကျင်ဘက်အနေ ရောက်ရှိနေသော်လည်း တိုင်းရင်းသားအချင်းချင်း အိမ်ကြက်ချင်း အိုးမဲသုတ်၍ တစ်ဦးနှင့်တစ် နားလည်မှုကင်းလွတ်ခြင်းကို မိမိကမလိုလားပါကြောင်း၊ မိမိမှာလည်း အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းကို အလွန်ကြည်ညိုလေးစားသူ ဗမာအမျိုးသားတစ်ဦးပင်ဖြစ်သဖြင့် တစ် ကြည့်လျှင်လည်း တစ်မျိုးသားလုံး ဆုံးရှုံးနစ်နာမှုကြီးအတွက်များစွာ စိတ်ထိခိုက်မိပါကြော စသည်ဖြင့် ရဲဘော်များနှင့် ကျွန်းလူထုက မိမိအပေါ် သံသယမကင်းမဖြစ်စေရန် အကျယ် ရှင်းလင်းဟောပြောသွားခဲ့လေသည်။

ထိုနေ့မှစ၍ ဘီလူးကျွန်းကို ပြည်သူ့ရဲဘော်များ သိမ်းပိုက်လိုက်ခြင်းသတင်းကား တစ်ပြည်လုံး ဂယက်ရိုက်၍ လှုပ်ရှားသွားခဲ့သည်နှင့်အမျှ ဘီလူးကျွန်း ပြည်သူ့ရဲဘော်များ၏ ပိုစတာများနှင့်အတူ 'ပြည်သူ့လွတ်မြောက်ရေး တပ်မတော်'ဟူသော အမည်မှာလည်း ဘီလူးကျွ တစ်ကျွန်းလုံးပေါ်တွင် ပလူပျံသကဲ့သို့ ရှိခဲ့လေသတည်း။

**စည်းကမ်းသေဝပ်စွာ လက်နက်ချကြခြင်း**

ဤသို့ဖြင့် ကျွန်တော်တို့သည် ဘီလူးကျွန်းအား ဆက်လက်သိမ်းပိုက်ထားကြပြီး လေးရက်ခန့်ကြာသောအခါ မော်လမြိုင်ခရိုင် ပြည်သူ့ရဲဘော်စစ်ခေါင်းဆောင် ဗိုလ်ရဲနိုင်၊ မှူးနှင့် ဝါဒဖြန့်ချိရေးမှူး ဗိုလ်ကျော်သန်း (ယခင်ပြည်သူ့လွှတ်တော်အမတ် ယခုသူပုန်အ သူ)တို့ ရောက်ရှိလာကြပြီး ကျွန်တော်တို့အား အထက်မှအမိန့် တစ်စုံတစ်ရာမရရှိဘဲ ယခု အကြမ်းဖက်မှုမျိုးကို မပြုလုပ်စေလိုကြောင်း၊ အခြေအနေအရ လက်နက်ချသင့်ကြောင်း ဆွေးနွေးကြသည်။ သို့သော်လည်း ဗိုလ်စိုးတင့်နှင့် ကျွန်တော်တို့ရဲဘော်များက လက်န မလိုလားသည့်အပြင် ရန်ကုန်ဌာနချုပ်မှ အမိန့်ရရှိမှသာ လက်နက်ချနိုင်မည်ဟု တင်းမာ သဖြင့် ထိုလက်နက်ချအပ်ရေးဆွေးနွေးပွဲမှာ ပျက်ပြားသွားခဲ့ရလေသည်။

သို့သော်လည်း ခရိုင်ခေါင်းဆောင်များသည် စိတ်အားမလျှော့ကြဘဲ လေယာ ရန်ကုန်ဌာနချုပ်သို့ အရေးတကြီးသွားရောက်ကြကာ ဌာနချုပ်မှ ဗိုလ်စိန်မှန် (မကျဆုံးမီ)၏ အမိ တစ်စောင်ကို ဇူလိုင်လ ၂၄ ရက်နေ့ ညနေဘက်တွင် ကျွန်တော်တို့ထံသို့ ယူဆောင်လာကြ သည်။ ကျွန်တော်တို့သည် ထိုနေ့ညချင်းပင် တံခါးပိတ်ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပပြုလုပ်ကြ သည်။ ထိုဆွေးနွေးပွဲတွင် ခရိုင်ခေါင်းဆောင်များက ခေါင်းဆောင်ကြီး သခင်နု (ယခု ဦးနု) ဦးစီး ဖဆပလအစိုးရအဖွဲ့သစ်ကို ဗိုလ်ချုပ်တို့ ကျဆုံးသွားသည်နှင့်တစ်ပြိုင်နက် တစ်ဗိုလ်ကျ တစ် တက်စနစ်ဖြင့် ချက်ချင်းဖွဲ့စည်းထားပြီးဖြစ်သဖြင့် လက်နက်ကိုင်တော်လှန်ရေးကိုပြုလုပ်ရန် အပ်သေးကြောင်း၊ ဖဆပလ အစိုးရအဖွဲ့သစ်သည် ဗိုလ်ချုပ်တို့ချမှတ်သွားသည့် လမ်းစဉ် လွတ်လပ်ရေးကို တစ်နှစ်အတွင်း ရရှိအောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ အကယ်၍ ရဲဘော် လက်နက်မချဘဲ တောခိုသွားကြမည်ဆိုပါက ခေါင်းဆောင် ကြီးများ ချမှတ်သွားသော လမ်း ဖျက်ဆီးပစ်ရာကျသွားမည့်အပြင် လွတ်လပ်ရေးပန်းတိုင်သို့လည်း ချောချောမောမောနှင့် ရော နိုင်တော့မည်မဟုတ်ကြောင်း၊ ယခုအခါ လွတ်လပ်ရေးရရန် လက်တစ်ကမ်းသာလိုတော့





အခြေအနေအရ လက်နက်ချကြစေလိုကြောင်း စသည်ဖြင့် အမျိုးမျိုး ဖျောင်းဖျပြောဆိုဆွေးနွေး ကြရာ နောက်ဆုံးတွင် အားလုံးသဘောတူညီချက်ရရှိသွားကြကာ နောက်တစ်နေ့ ဇူလိုင်လ ၂၅ ရက်နေ့တွင် ဘီလူးကျွန်းပြည်သူ့ရဲဘော်များ လက်နက်ချပြီဖြစ်ကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်ကြပြီး ချောင်းဆုံငွေတိုက်မှ သိမ်းယူထားကြသော ငွေတစ်သိန်းကျော်နှင့် ချောင်းဆုံ ရဲဌာနမှ လက်နက်များကို ပြန်၍အပ်လိုက်ကြသည့်အပြင် ကျေးရွာအသီးသီးမှ ရဲဘော်များ ယူဆောင် လာခဲ့ကြသည့် ကာကွယ်ရေးသေနတ်များ၊ သူကြီးသေနတ်များကိုပါ သက်ဆိုင်ရာ ကျေးရွာအသီး သီးမှ ကာကွယ်ရေးလူကြီးများ၊ သူကြီးများအား ဆင့်ခေါ်၍ ပြန်လည်ပေးအပ်လိုက်ကြလေသည်။

ထိုကဲ့သို့ ကျေနပ်မှုရရှိကြ၍ ကျွန်တော်တို့ရဲဘော်များ လက်နက်ချအပ်သည့် ဇူလိုင်လ ၂၅ ရက်နေ့နှင့် တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုစဉ်က ဖဆပလ ကြားဖြတ်အစိုးရအဖွဲ့သစ်တွင် ပညာရေး ဝန်ကြီးအဖြစ် ဆောင်ရွက်နေသော စောစံဖိုးသင် ဘီလူးကျွန်းသို့ ရောက်ရှိလာသဖြင့် ကျွန်းလူထုနှင့် ရဲဘော်များ ပူးပေါင်း၍ ပညာရေးဝန်ကြီးအား သောင်းသောင်းဖြဖြ ကြိုဆိုလိုက်ကြပြီးနောက် ရဲဘော်များအားလုံး စည်းကမ်းသေဝပ်စွာ မိမိတို့ ကျေးရွာအသီးသီးသို့ တပ်ခေါက်၍ ပြန်သွားကြရ လေတော့သတည်း။ ။

[မြဝတီမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၆၀]



www.burmeseclassic.com

www.burmeseclassic.com

# နှစ်လေးဆယ်ကြာခဲ့ပေမယ့်  ယနေ့တိုင် မမေ့နိုင်

ရဲဘော်ထွန်းမြိုင်

မည်းမှောင်နေသော မိုးသားတိမ်လိပ်များသည် ရွှေတိဂုံစေတီတော်ကြီး၏ ဖောင်းရစ်ကြ လန်မှ ထီးတော်အထိ အထက်ပိုင်းကိုအုပ်ဆိုင်းလျက်ရှိပြီး တိမ်မည်းညိုလိပ်များမှာ လေနှေ တရွေ့ရွေ့ တလိမ့်လိမ့်လွင့်ဝဲနေပုံကို ငေးမောဖူးမြော်နေမိပါသည်။ မိုးများကလည်း တ နေရာမှ တဖြုန်းဖြုန်းရွာလိုက်၊ တဖြောက်ဖြောက်ရွာလိုက် မိုးစဲသွားလိုက်ဖြင့် နာရီပိုင်းအတွ အမျိုးမျိုးအဖုံဖုံ ပြောင်းလဲရွာသွန်းလျက်ရှိနေပါသည်။

ထိုနေ့ နံနက်. . .၊ ကျွန်တော်သည် ရွှေတိဂုံဘုရား အနောက်ဘက်မုခ် ခြေတော်ရ ဦးဝိစာရလမ်းအနောက်ဘက်တွင် ကပ်လျက်ရှိနေသော စစ်မြေစခန်းတွင် တာဝန်မှူးကြီးတာဝ ပါသည်။ တပ်ရင်းတွင်ဥပဒေသင်တန်းပေးနေသဖြင့် တပ်ဗိုလ်တပ်သားများမှာ သင်တန်းဆရာမ ၏ ပို့ချချက်များကို မှတ်သားလျက်ရှိနေသည့်အပြင် မိုးသံလေသံအဟုန်ကြောင့် တပ်စခန် တစ်ခုလုံးမှာ ငြိမ်သက်နေသယောင်ရှိနေပါသည်။ ထိုနေ့က တာဝန်ကြပ် ဆာဂျင်မောင် တာဝန်ကျစာရေး မောင်ကျော်တို့က တာဝန်မှူးရုံးခန်းတွင် ထိုင်၍အလုပ်လုပ်နေစဉ် တာဝန်မှူးဖြ ကျွန်တော်ကရုံးခန်း အပြင်ဘက်ကုလားထိုင်တစ်လုံးတွင်ထိုင်ကာ ရွှေတိဂုံစေတီတော်၏ရှု မျက်နှာမူလျက်ငေးမောတွေးတောနေပါသည်။



## ခေါင်းတွေ ပြုတ်ကုန်ပြီ

နံနက် ၁၀ နာရီလောက်တွင် ဗိုလ်ကြီးဘကျော် ဒေါ့ဂျစ်တစ်စီးဖြင့် ရောက်ရှိလာပြီး သတင်းပို့ပါသည်။

"တာဝန်မှူးကြီး၊ ကျွန်တော်ပဲခူးကို မီးရထားနဲ့သွားမယ်။ ကိစ္စက သုံးလေးရက်ကြာမယ်။ ဒါပေမဲ့ အင်ကေ့စ် အော့အီမာဂျင်စီ (In Case of Emergency) အရေးပေါ်အကြောင်းရှိရင် ပဲခူးဂါတ်တဲကို ဖုန်းဆက်လိုက်ပါ။ ဒါပဲသွားမယ်"

"အဘရာ. . . ခင်ဗျားအင်ကေ့စ်တွေ အမာဂျင်စီတွေ လုပ်မနေစမ်းပါနဲ့၊ နိမိတ်မရှိ နမာမရှိ။ အေးအေးသာသာ သွားစမ်းပါဗျာ"

ကျွန်တော်ကပြောလိုက်ပါသည်။

ဗိုလ်ကြီးဘကျော်က "ကောင်းပြီသွားမယ်"ဆိုပြီး ဒေါ့ဂျစ်နှင့် ဘူတာကြီးသို့ ထွက်ခွာသွားပါသည်။ သူ၏ သတင်းပို့ချက်ကို မှတ်တမ်းတင်ရာတွင် ထိုနေ့သည် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ဖြစ်ပါသည်။

၁၀ နာရီ မိနစ် ၅၀ ခန့်တွင် ဗိုလ်ကြီးဘကျော် ဒေါ့ဂျစ်ဖြင့်ပြန်ရောက်လာပါသည်။ မောမောပန်းပန်း မျက်ရည်တွေကျလျက် ကားပေါ်မှဆင်းပြေးလာပြီး သတင်းပို့ပြန်ပါသည်။

"ဗိုလ်ကြီးရေ. . . ကျုပ်တို့မှာ ခေါင်းမရှိတော့ဘူး၊ ခေါင်းတွေပြုတ်ကုန်ပြီဗျ၊ ကျုပ်လည်း ပဲခူးကို မသွားတော့ဘဲ ပြန်လာခဲ့ပြီဗျ၊ ခရီးသည်တွေလဲ ငိုယိုပြီး အိမ်ပြန်တဲ့လူတွေပြန်ကုန်ပြီ၊ မီးရထားလဲ မထွက်ဘူးပြောတယ်။ ကျုပ်လဲ သတင်းရတာနဲ့ ချက်ချင်းပြန်လာခဲ့တာ၊ အဲဒါ သတင်းပို့တာဗျို့" ဆိုပြီး တဟီးဟီးနှင့် ငိုနေပါသည်။

"ဘယ်လိုဖြစ်တာလဲ အဘရဲ့၊ ဘူတာကြီးမှာ မီးရထားခေါင်းတွဲတွေ အများကြီးရှိတာ။ ရှိတဲ့ခေါင်းနဲ့ မီးရထားကို ဆွဲသွားရင် ရတာပဲဟာ။ ဘာဖြစ်လို့ မထွက်နိုင်တာလဲ အဘရဲ့" ဟု ကျွန်တော်က မေးပါသည်။

ဗိုလ်ကြီးဘကျော်က မျက်ရည်တွေကို သုတ်ပစ်ပြီး စိတ်ဆိုးမျက်နှာနှင့်ကျွန်တော့်ကို ဟောက်ပါတော့သည်။

"ဗိုလ်ကြီး ခင်ဗျား နောက်မနေပါနဲ့၊ ဒါအင်ကေ့စ်အော့အီမာဂျင်စီဗျ"

"အဘရယ်. . . ခင်[redacted]မီးရထားခေါင်းပြုတ်တာနဲ့ ခင်ဗျားအင်ကေ့စ်အော့အီမာဂျင်စီနဲ့ ဘာဆိုင်လို့လဲ၊ ဘာဖြစ်လို့ ငို[redacted]ဗျ။ ဒါနဲ့များ ငိုနေရသလားဗျာ" ဟု ကျွန်တော်က ဆက်ပြန်ပါသည်။

"ဗိုလ်ကြီး. . . ခင်[redacted]န်မှူးဗျ၊ ဒီလိုတာဝန်မဲ့စကားမပြောပါနဲ့။ ကျုပ်ပြောတာ မီးရထားခေါင်းပြုတ်တာပြောနေ[redacted]မဟုတ်ဘူး။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ဝန်ကြီးတွေကို ခွေးတွေ ကိုက်သတ်လို့သေကုန်ပြီ၊ ခင်ဗျားသတင်း မရသေးဘူးလား၊ အဲဒီကျုပ်တို့ခေါင်းတွေ ပြုတ်တာ ပြောတာ၊ ရှင်းပြီလား"ဟု ဗိုလ်ကြီးဘကျော်က ကျယ်လောင်စူးရှသော အသံဖြင့် အော်၍ပြောသည်မှာ တပ်အဆောက်အအုံကြီးတစ်ခုလုံး ဟိန်း၍သွားပါတော့သည်။ အနီးတစ်ဝိုက်ရှိ ဗိုလ်ကြီးဘကျော်၏ အော်သံကြားသူများလည်း ကျွန်တော်တို့ အနီးသို့ပြေးလာကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကြောင်သွားပါသည်။

"အဘိုးကြီး ဘာတွေပြောနေပါလိမ့်"

ဗိုလ်ကြီးဘကျော်မှာအသက် (၇၀) ကျော်ပြီဖြစ်ပါသည်။ ကျန်းမာရေးကောင်းသည့် လူငယ်များထက်ပင် သွက်လက်သေးသည်။

ထိုသို့ ပြောနေကြစဉ် တာဝန်ကြပ်မောင်ပုအပြေးအလွှားရောက်လာပြီး သတင်းပို့ပါသည်။

"တယ်လီဖုန်း လာတယ်ဗိုလ်ကြီး၊ ပုလိပ်ရုံးကြီးကလို့ပြောတယ်။ အခု ၁၀ နာရီ မိနစ်က အတွင်းဝန်ရုံးမှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ဝန်ကြီးတွေကို စက်သေနတ်တွေနဲ့ ပစ်သတ်သွား တယ်တဲ့။ ဘယ်သူတွေက ပစ်သတ်သွားမှန်းလဲ မသိသေးဘူးတဲ့။ ကျွန်တော်က ဆက်မေး လုပ်တုန်းမှာ ဖုန်းဆက်တဲ့လူက ဖုန်းကိုချသွားတယ်။"

တစ်ချိန်တည်းမှာပင် ဆာဂျင်တင်မြင့်ရောက်လာပြီး ကျွန်တော့်ကို သတင်းပို့ပါသည်။

"ဗိုလ်ကြီး၊ တပ်ရင်းမှူးဗိုလ်မှူးအေးငွေနဲ့ ဒုတပ်ရင်းမှူးဗိုလ်မှူးထွန်းတင်ရော ဗိုလ် လှမောင်တို့ပါ စစ်ရုံးကဖုန်းဆက်လို့ ကတိုက်ကရိုက်သွားကြတယ်။ တပ်ခွဲမှူးတွေကို တပ်ရင်း ရုံးခန်းမှာ စုထားဆိုလို့ တပ်ရင်းမှူးရုံးခန်းမှာ လူစုံ ရောက်နေကြပါပြီ။ ဗိုလ်ကြီးကိုတော့ လိုတာကြ ပြီး စီစဉ်ထားလို့မှာသွားပါတယ်။ ဘာကိစ္စမှန်းတော့ မသိဘူး။"

ထိုသို့ပြောနေစဉ် တပ်ခွဲမှူးများဖြစ်သော ဗိုလ်မောင်မောင် (ကျောက်ဆည်မောင်မော) ဗိုလ်ကျော်၊ ဗိုလ်ကြီးမြင့်၊ ဗိုလ်သိန်းဟန်တို့အဖွဲ့ ကျွန်တော့်အနီးသို့ ဝိုင်းအုံရောက်ရှိလာပါသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့သတင်းကို ကျွန်တော်သိသရွေ့ပြောပြပါသည်။ တပ်ဗိုလ်တပ်သားများမှ ကြက်သေသေနေကြရာမှ တံခါးကို လက်သီးနှင့်ထိုးသူထိုး၊ ထရံကိုခြေနှင့်ကန်သူကန်၊ တိုင်နှင့်ခေါင်း နှင့်တိုက်သူတိုက်၊ ငိုသူကငိုဖြင့် အော်ဟစ်ကြိမ်းမောင်းဆူပူနေရာမှ "ဒီတော့ ဘာလုပ်ကြမလဲ" ဆိုသည်ကို စဉ်းစားမိကြပါသည်။ တပ်ခွဲတွေ အားလုံးတိုက်ပွဲဝတ်စုံနဲ့ ခရီးထွက်ရန်လက်နက် ရိက္ခာနဲ့ငွေပါ အဆင်သင့်အမြန်ဆုံးစတင်းဘိုင်လုပ်ထားရန်၊ မော်တော်ယာဉ်များကို ဓာတ်ဆီ အပြည့် နှင့် အဆင်သင့်ရှိရန် ကျွန်တော်က တာဝန်မှူးအနေဖြင့် ဆုံးဖြတ်ချက်ပေးလိုက်ပါသည်။ ရန်သူ လက်စားချေချင်သောဇောဖြင့် ရဲဘော်များမှာ နာရီဝက်အတွင်းစစ်ချီတက်ရန် အသင့်ဖြစ်နေကြပါ သည်။

နေ့လယ် ၁၂ နာရီခန့်တွင် တပ်ရင်းမှူး ဗိုလ်မှူးအေးငွေနှင့် အဖွဲ့၊ တပ်မတော်စစ်ဦးစီးချုပ် ဗိုလ်မှူးကြီး ဗိုလ်မှူးများပါ တပ်ဝင်းအတွင်းသို့ ဂျစ်ကားများဖြင့် ရောက်ရှိလာပါသည်။ ဆွေးနွေး လုံခြုံသောနေရာရွေးရာတွင် မော်တော်ယာဉ်ရုံးသည်သီးခြားအဆောက်အအုံဖြစ်၍ လုံခြုံစွာဆွေးနွေး နိုင်သဖြင့် မော်တော်ယာဉ်ရုံးထဲတွင် လူကြီးများတိုင်ပင်ဆွေးနွေးကြသည်။ မွန်းလွဲ ၁ နာရီခွဲလော တွင် လူစုခွဲကြပါသည်။ ကျွန်တော်တို့တပ်ရင်းမှ ရဲဘော်အပေါင်းမှာ စစ်တိုက်ရန် အသင့်ရှိနေကြ သော်လည်း လူကြီးများအစီအစဉ်ရေးဆွဲနေစဉ် အမိန့်ကို စောင့်ဆိုင်း၍နေကြပါသည်။

မွန်းလွဲ ၂ နာရီလောက်တွင် တပ်ရင်းမှူးတို့အဖွဲ့နှင့် တပ်ရင်းမှ ဗိုလ်အားလုံးတို့သည် တပ်ရင်းမှူး၏ရုံးခန်းတွင် စုဝေးကြပါသည်။ တပ်ရင်းမှူးမှအမိန့်ပေးပါသည်။

"ဒုတပ်ရင်းမှူး ဗိုလ်မှူးလှမောင်က ဗိုလ်မောင်မောင်နဲ့ဗိုလ်ထွန်းမြိုင်တပ်ခွဲကို ဦးဆော





မယ်။ ခရီးထွက်စစ်ဆင်ရန် မော်တော်ယာဉ်များနှင့်အတူ တပ်တွင်းမှာ အဆင်သင့်ရှိရမယ်။ ဗိုလ်မှူး ထွန်းတင်က ကျန်တပ်ခွဲများကို အုပ်စီးပြီး တပ်ရင်းမှာ အဆင်သင့်ရှိရမယ်။ ကျုပ်နဲ့အတူ ဗိုလ် သိန်းဟန် တပ်ခွဲအခုချက်ချင်း ခရီးထွက်ကြမယ်။ ကျန်တပ်ခွဲတွေ အမိန့်စောင့်။ ဗိုလ်မှူးထွန်းတင်က လိုသောအချိန်မှာ အမိန့်ပေးလိမ့်မယ်။ ဒါပဲဆက်လုပ်"

ဗိုလ်မှူးအေးငွေက ဤသို့အမိန့်ပေးပြီး ဗိုလ်သိန်းဟန်တပ်ခွဲနှင့်အတူ ကားများနှင့်ထွက်ခွာ သွားကြပါသည်။ ကျွန်တော်တို့လည်း ဤမျှသာ သိသေးသည်။ ဘာတွေဆက်လုပ်ရမည်ဟု မည်မည် ရရ မသိသေးပါ။

ညနေ ၄ နာရီခွဲလောက်တွင် တပ်သို့ ယာဉ်မောင်း ဖိုးသင်းပြန်လာပါသည်။ သူကပြောပြ သည်။ ဗိုလ်သိန်းဟန် တို့တပ်ခွဲမှာ အင်းလျားကန်စောင်းရှိ ဦးစောအိမ်ကို ဝိုင်းကြသည်။ ဦးစော၏ အိမ်ရှေ့တံခါးပေါက်အရောက်တွင် အိမ်ထဲမှသေနတ်နှင့်လှမ်း၍ပစ်ရာ ယာဉ်မောင်းမောင်သီးက တောင်ဂန်းနှင့် ပြန်ပစ်သဖြင့် ပစ်သူ၏လက်ကိုမှန်ပြီး သေနတ်လွတ်ကျသည်။ ဗိုလ်သိန်းဟန်က "ဦးစောအိမ်ကို တို့တပ်တွေ ဝိုင်းထားပြီ။ မလှုပ်ကြနဲ့"ဟုအော်ပြီး ရဲဘော်များ အိမ်ဝင်းအတွင်းသို့ ဝင်ကြသည်။ ဦးစောပါ တရားခံများအားလုံးကို ဖမ်းမိသည်။ လက်နက်များလည်းရသည်။ အင်းလျား ကန်စောင်းရေထဲတွင် လက်နက်တွေကို သံစည်ပိုင်းများတွင် ထည့်၍မြှုပ်ထားသည်ဟုသိရ၍ ရေငုပ် သမားများနှင့် ရှာနေကြသည်တဲ့။ သူလည်း ရဲဘော်များအတွက် ထမင်းလာယူခြင်းဖြစ်ကြောင်း ယာဉ်မောင်းဖိုးသင်းက သတင်းပို့ပါသည်။ ထိုအခါမှ ကျွန်တော်တို့က " ဒီလိုကိုး"ဟု သက်ပြင်းချမိပါ တော့သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် ၁၀ နာရီ ၃၅ မိနစ်တွင် တရားခံများကို ထိုနေ့ညနေ ၄ နာရီကျော်တွင် ဖမ်းဆီးရမိခြင်းဖြစ်ပါသည်။

ထိုနေ့ ညနေ ၆ နာရီတွင် တာဝန်မှူး တာဝန်ကို ဗိုလ်သန်းမောင်သို့ လွှဲလှယ်ပြီးနောက် ချက်ချင်းပင် ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကို ဦးအောင်သန်းအိမ်သို့ တပ်စိတ်တစ်စိတ်နှင့်အတူ များရောက်ပါသည်။ ဦးအောင်သန်းအိမ်မှာ တက္ကသိုလ်ရိပ်သာလမ်းရှိ ကုန်းစောင်းပေါ်တွင်ရှိသည် ဟု မသဲမကွဲမှတ်မိပါသည်။ ဦးအောင်သန်းက ရောက်လျှင် ရောက်ချင်း. . .

**သေချင်သေပါစေ၊ မစောင့်ရှောက်ကြပါနဲ့**

"ဗိုလ်ကြီးရေ. . . ကျုပ်တော့ သေချင်နေပြီ။ ညီလေးကိုအောင်ဆန်းနဲ့ အစ်ကို ဦးဘဝင်းပါ ကျဆုံးမှုဖြင့် ကျုပ်လည်း လောကမှာမနေချင်တော့ဘူး။ ဗိုလ်ကြီးတို့ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်လည်း သေချင်နေတော့ ဗိုလ် ကျွန်တော့်ကို စောင့်ရှောက်ဖို့ မလိုဘူး။ ပြန်ကြပါ။ ကျွန်တော့်ကိုလည်း သတ်ချင်သတ် "

ဟုပြောပြောဆိုဆို ရှိုက်ကြီး ည်။ နောက်ထပ်သုံးလေးကြိမ် ကျွန်တော်တို့ကို နှင်နိုင်းနေပါသည်။ ကျွန်တော့်မှာ ပြန်ရ မပြန်လျှင်လည်း တစ်ဒုက္ခ၊ ဘာလုပ်ရမည်မသိ၊ ကြောင်တမ်းအမ်းဖြစ်နေပါသည်။ ဦးအောင်သန်းကို အတန်ကြာအောင် နှစ်သိမ့်စကားပြောကြပြီးမှ လုံခြုံရေးတာဝန်များချထားခွင့်ရပါသည်။ ဦးအောင် သန်း၏တပည့်တစ်ဦးက ယမကာပုလင်းချ၍ ကျွေးပါသည်။ ကျွန်တော်တို့နှစ်ဦး စကားစမြည်ထိုင်၍ပြောနေကြသည်မှာ ည ၁ နာရီထိုးသွားပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကင်းရဲဘော်များအား စစ်ဆေးပြီး စနစ်တကျ ကင်းစောင့်စေပါသည်။

ထိုနေ့ ဇူလိုင် ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တပ်ရင်းမှ ဗိုလ်မှူးလှမောင် ဦးဆောင်လျက် ကျွန်တော်၏တပ်ခွဲနှင့်ဗိုလ်မောင်မောင်၏ တပ်ခွဲပါ သာယာဝတီသို့ မော်တော်ယာဉ်များနှင့်ချီတက်ခဲ့ကြရာ ညနေ ၅ နာရီခွဲတွင် ရောက်ပါသည်။ ချိန်းဆိုထားသော နယ်ခေါင်းဆောင်များကို စောင့်ကြပါသည်။ နောက်နေ့ ဇူလိုင်လ ၂၁ ရက်တွင် ရန်ကုန်အဖွဲ့ချုပ်မှ လွှတ်လိုက်သော သခင်ထွန်းအုံ၊ အိုးသည်ကုန်းမှ ဦးအေးမောင်ပါ နောက်လိုက်များနှင့်အတူ အိုးသည်ကုန်းသို့ ထွက်ခွာခဲ့ပါသည်။ အိုးသည်ကုန်းသို့ ရောက်လျှင်ရောက်ချင်း အိုးသည်ကုန်းမြို့အတွင်း ၁၃ နေရာ ဖြန့်ခွဲ၍ လက်နက်များရှာဖွေပါသည်။ ကျွန်တော်တို့ရှာဖွေသော လက်နက်များမှာ အခြားမဟုတ် လွန်ခဲ့သော ဇွန်လက ဦးစော၏ အဖွဲ့မှ (ဘီအိုဒီ) စစ်ပစ္စည်း သိုလှောင်ရေးအဖွဲ့မှ စစ်ဘက်အရာရှိများ လက်မှတ်တုဖြင့် လိမ်ထုတ်သွားသော ဘရင်းဂန်း ၂၀၀ ကို ရှာဖွေနေကြခြင်းဖြစ်ပါသည်။ ဗိုလ်မှူးလှမောင်နှင့် ဗိုလ်မောင်မောင်၏တပ်ခွဲမှာ အုတ်ဖိုဘက်သို့ ပိုက်စိပ်တိုက်ရှာဖွေရန် ထွက်ခွာကျပါသည်။

## နှင့်အသက်တစ်ခါလွှတ်၊ ငါ့အသက်ဆယ်ခါလွှတ်

ဇူလိုင်လ ၂၄ ရက်နေ့အထိ အိုးသည်ကုန်းဘက်တွင် တရားခံအချို့နှင့်အတူ ဘရင်းဂန်း ၁၆ လက်၊ ရိုင်ဖယ် သုံးလက် ဖမ်းဆီးရမိပြီး ထိုနေ့မှာပင် သာရဝေါသို့ ထွက်ခွာခဲ့ရာ ညနေ ၅ နာရီခွဲတွင် ရောက်ရှိပါသည်။ ၂၅ ရက်နေ့တွင် အဖွဲ့ငါးဖွဲ့ခွဲ၍ သာရဝေါနှင့် လိပ်ကုန်းတစ်ဝိုက်တွင် ရှာဖွေစစ်ဆေးပါသည်။

၂၇ ရက်နေ့ နံနက်ပိုင်းတွင် ဦးစော၏ ညာလက်ရုံးဖြစ်သော ကိုဘညွန့်နှင့်ဇနီးတို့ သာရဝေါရွာအစွန် အိမ်တစ်အိမ်တွင် ပုန်းအောင်းနေကြသည်ဟု သတင်းရလျှင်ရချင်း တော်မီဂန်းကိုင် လက်ရွေးစင် ရဲဘော်ငါးယောက်ကို ကျွန်တော်ဦးဆောင်၍ သတင်းပေးသူနှင့်အတူ ကိုဘညွန့်တို့ရှိရာသို့ အပြေးအလွှားသွား၍ ဝိုင်းပါသည်။

"ကိုဘညွန့် ခင်ဗျားအိမ်ကို ကျုပ်တို့ဝိုင်းထားပြီ။ လက်မြှောက်ပြီး ဆင်းခဲ့" ဟု ကျွန်တော်က အမိန့်ပေးပါသည်။ အိမ်ရှေ့တံခါးပေါက် လှေကားရှိရာသို့ ကျွန်တော်နှင့်ရဲဘော်လှကြည်တို့က တော်မီဂန်းနှင့်ချိန်ထားကြပါသည်။ ကိုဘညွန့်နှင့်ဇနီးတို့ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ဆင်းလာကြပါသည်။ ရဲဘော်များ အိမ်ပေါ်တက်၍ ရှာကြသည်။ ဘာမျှထူးထူးခြားခြားမတွေ့ပါ။

ကိုဘညွန့်ဇနီးမောင်နှံကို လက်မြှောက်ထားရာမှ လက်ကိုပြန်၍ချခိုင်းပါသည်။ ကိုဘညွန့်က-

"ဗိုလ်ကြီးခင်ဗျား၊ ကျွန်တော်ဟာ အိုးသည်ကုန်းက ဘညွန့်တော့ ဟုတ်ပါတယ်။ နိုင်ငံရေးအရှုပ်အယှက်ထဲမှာပါတဲ့ ဘညွန့်တော့ မဟုတ်ပါဘူး။ အဲဒီဘညွန့်က တစ်ယောက်ပါ။ ကျွန်တော်နဲ့သူဟာ အိုးသည်ကုန်းမှာ မွေးတာလည်း အတူတူပဲ။ ကျောင်းနေပြန်တော့လည်း တစ်ကျောင်းတည်း တစ်တန်းတည်း နေခဲ့ကြပါတယ်။ ကျောင်းမှာဆိုလျှင် ဘညွန့်ဝမ်း၊ ဘညွန့်တုးလို့ ခွဲပြီးခေါ်ပါတယ်။ မိန်းမယူတော့လည်း မိန်းမတွေရဲ့နာမည်ဟာ ခပ်ဆင်ဆင်ဖြစ်နေပါသေးတယ်။ ကျွန်တော်





ဟာ အမှုကိစ္စထဲမှာ မပါတာတော့အမှန်ပါ။ ကျွန်တော် အိုးသည်ကုန်းမှာနေရင် မှားပြီး ဖမ်းမှာစိုးလို့ သာရဝေါကို လာပြီးပုန်းနေတာပါခင်ဗျာ"ဟု ကြွေ့မပျက်ပြောနေပါသည်။

"ဒီလိုပတ်လို့ ဘယ်ရပါ့မလဲ ကိုဘညွန့်ရယ်။ သူခိုးက ခိုးတယ်လို့ပြောပါ့မလား။ ခင်ဗျားကလဲ ပညာတတ်ဆိုတော့ လူရည်လည်း လည်တာပေါ့ဗျာ။ ကျုပ်တို့နဲ့တော့ခင်ဗျား ဘယ်လွတ်နိုင်ပါ့မလဲဗျာ-ဟား-ဟား-ဟား"ဟု ကျွန်တော်က စုံထောက်မောင်စံရှားဂိုက်မျိုးဖြင့် ရယ်ပြုံးပြုံးလျက် ပြောလိုက်ပါသည်။ ကျွန်တော်ကဆက်၍-

"ခင်ဗျားတို့လင်မယားဟာ၊ ကျုပ်ကလက်မြှောက်ခဲ့ဆိုတုန်းက သာသာကြည်ကြည်နဲ့ အဖမ်းခံတဲ့အတွက်၊ ကျုပ်က ကြိုးနဲ့လည်းမတုပ်ဘူး။ လက်ထိတ်လည်း မခတ်ဘူး။ ထွက်ပြေးမယ်တော့မကြံနဲ့။ ကျည်ဆန်တွေထိပ်မှာ ခင်ဗျားတို့အသက်ကပ်ပါသွားမယ်"ဟုပြောပြီး တပ်စခန်းသို့ခေါ်လာကာ စခန်းအနီးရှိ အိမ်တစ်အိမ်တွင်အပ်ထားပြီး အစောင့်ချထားပါသည်။

ထိုနေ့မှာပင် သာယာဝတီက ဆက်သားလာပါသည်။ တပ်ရင်းမှူး ဗိုလ်မှူးအေးငွေနှင့် ဒုတပ်ရင်မှူး ဗိုလ်မှူးလှမောင်တို့ နက်ဖြန်တွင် လက်ပံတန်းသို့လာမည်ဟု သိရှိရသည်။

"တပ်ရင်းမှူးလာတာနဲ့ ငါဘညွန့်ကို ဖမ်းမိထားတာနဲ့အတော်ပဲ။ တပ်ရင်းမှူးတို့ကတော့ သိပ်ပြီးသဘောကျတော့မယ်"ဟု တွေးပြီး သဘောခွေ့နေမိပါသည်။ နောက်နေ့ ၂၈ ရက်နေ့တွင် ကိုဘညွန့်တို့ကိုပါ ခေါ်ခဲ့ပြီး လက်ပံတန်းသို့ သွားပါသည်။ လက်ပံတန်းရဲဌာနတွင် တပ်ရင်းမှူးတို့ ရောက်နေပြီကို သိရသဖြင့် လိုက်သွားကြပါသည်။ တပ်ရင်းမှူးနှင့် တွေ့သောအခါ ကျွန်တော်က ဘညွန့်ကို မည်သို့မည်ပုံဖမ်းဆီးခဲ့ပုံကို အစချီပြီး အားပါးတရသတင်းပို့နေစဉ် ဗိုလ်မှူးလှမောင်က-

'ဟေ့ ဗိုလ်ထွန်းမြိုင် အိုးသည်ကုန်းက ဘညွန့်အစစ်က ဖမ်းမိထားပြီ။ ခင်ဗျား လူမှားပြီး ဖမ်းလာပြီဗျ၊ ဒုက္ခပါပဲ'ဟု ပြောပါသည်။ ကျွန်တော်၏ နားထဲမှာဖြင့် သေများသေချင့်ဖွယ်ကောင်းလေတည့်မှဆိုသည့် သီချင်းသံဝင်လာပြီး 'ဟောဗျ မှားခြင်းကြီး ငါးပါးနဲ့ မှားပြန်ပေါ့' ဟု ပါးစပ်မှထွက်သွားပါတော့သည်။ ကိုဘညွန့်တို့ဇနီးမောင်နှံတို့ကိုလည်း ချော့မော့တောင်းပန်ကာ 'နှင့်အသက်တစ်ခါလွှတ် ငါ့အသက်ဆယ်ခါလွှတ်'ဟု စိတ်ထဲမှဆုတောင်းပြီး ပြန်လွှတ်လိုက်ရပါ သည်။ မျက်နှာပူသည်ဆိုသည်မှာ ဤသို့ပါလားဟုလည်း ခံစားမိပါသည်။ ၂၉ ရက်နေ့တွင် တပ်ရင်းမှူးနှင့်အဖွဲ့ ပြန်လည်ထွက်ခွာသွားသည်။

ဗိုလ်မောင်မောင်တို့တပ်ခွဲမှာ အုတ်ဖိုနယ်တစ်ဝိုက်တွင် ကျွန်တော်တို့ကဲ့သို့ပင် အဖွဲ့ငယ်များဖွဲ့၍ မြို့နယ်နိုင်ငံရေးခေါင်းဆောင်များနှင့်အတူ ဦးစောအဖွဲ့ဝင်များအား ဖမ်းဆီးစစ်ဆေးပြီး ရှာဖွေခဲ့ရာ ဘရင်းဂန်းသေနတ်များ ခုနစ်လ ... င်းရှူးသေတ္တာကြီးများထဲတွင်ထည့်၍ ဝှက်ထားသည်များကိုဖော်ထုတ်ရရှိသည်ဟု သတင်း ... ကုန်မှရောက်လာသော ကျွန်တော်တို့ တပ်ရင်းမှ တပ်ခွဲနှစ်ခွဲနှင့် ပူးပေါင်းပြီး သာယာဝတီန ... ည်ကြားရှိ ရွာကြီးရွာငယ်များတွင် ဆက်လက်၍ရှာဖွေဖမ်းဆီးရာ ကျွန်တော်ရန်ကုန်သို့ ပြန ... ဩဂုတ်လ ၁ ရက်နေ့တွင် တရားခံများနှင့်တကွ ဘရင်းဂန်းစုစုပေါင်း ၉၃ လက်နှင့် လက်နက်မျိုးစုံ ၁၅ လက် ကျည်ဆန်များနှင့်အတူ ရမိပြီဟုသိရှိရပါသည်။ ကျွန်တော်နှင့် ကျွန်တော်၏တပ်ခွဲမှာ ရန်ကုန်သို့ ဩဂုတ်လ ၁ ရက်နေ့ ညနေ ၆ နာရီခန့်တွင် ပြန်လည်ရောက်ရှိကြပါသည်။ ဗိုလ်မောင်မောင်တပ်ခွဲနှင့် တပ်ခွဲနှစ်ခွဲမှာ စစ်ဆဝ်ရေး



www.burmeseclassic.com

www.burmeseclassic.com



များ ဆက်လက်ဆင်နွှဲလျက်ရှိသေးကြောင်း သိရှိရပါသည်။

ကျွန်တော်တို့တပ်ရင်းမှာ ဗိုလ်မှူးအေးငွေ ဦးဆောင်သော တော်လှန်ရေးရဲဘော်တော်များ အများဆုံးပါဝင်၍ ၁၉၄၇ ခုနှစ် ဧပြီလအတွင်းက စတင်ဖွဲ့စည်းခဲ့သော သောင်းကျန်းသူနှိမ်နင်းရေး တပ်ရင်း ၁ ဖြစ်ပါသည်။ နောက်ပိုင်းတွင် စစ်ရဲတပ်ရင်း (၄) အဖြစ် အသွင်ပြောင်းခဲ့သည်။ ယခု အခါတွင် အခြားစစ်ရဲတပ်ရင်းများနည်းတူ မိခင်တပ်မတော်ကြီးတွင် ခြေလျင်တပ်ရင်းတစ်ခုအဖြစ် တည်ရှိနေပါသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့က လူသတ်သမားများ၏ လက်ချက်ဖြင့် ကျဆုံးခဲ့သော ခေါင်းဆောင်ကြီးများမှာ ဗိုလ်ချုပ်အောင်ဆန်း၊ ဒီးဒုတ်ဦးဘချို၊ ဗိုလ်ချုပ်အောင်ဆန်းအစ်ကို ဦးဘဝင်း၊ သခင်မြ၊ ဦးရာဇတ်၊ မန်းဘခိုင်နှင့် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းပါ ခုနစ်ဦး ဖြစ်ပါသည်။ ၎င်းတို့ အပြင် အတွင်းဝန် ဦးအုန်းမောင်နှင့် အပါးတော်မြဲ ရဲဘော်ထွေးတို့လည်း ကျဆုံးခဲ့ကြရသည်။

၁၉၄၈ ခု၊ မေလ ၈ ရက်နေ့တွင်ဖြင့် လုပ်ကြံမှုကြီး၏ ခေါင်းဆောင်တရားခံ ဦးစောနှင့် အတူ မှုကြီးနှင့် လူသတ်သမားများဖြစ်သော စိန်ကြီး၊ မောင်စိုး၊ ရန်ကြီးအောင်နှင့် သက်နှင်းတို့ကို ရန်ကုန်ထောင်နှင့် အင်းစိန်ထောင်တို့တွင် ကြိုးပေး၍ အဆုံးစီရင်လိုက်သည်။ အခြားကြံရာပါများ ဖြစ်ကြသော မောင်နီ၊ သုခနှင့် ခင်မောင်ရင်တို့သုံးဦးကို သေဒဏ်မှ လွတ်ငြိမ်းခွင့်ရပြီး တစ်သက် တစ်ကျွန်းအဖြစ် ပြောင်းလဲအပြစ်ပေးခြင်းခံရသည်။ လုပ်ကြံမှုကြီးအကြောင်းကို အစမှအဆုံး တိတိကျကျ ဖြောင့်ချက်ပေးသော ကိုဘညွန့် (ဖော်ကောင်ဘညွန့်) မှာ အပြစ်မှ ချမ်းသာခွင့်ရရှိခဲ့ သည်။

ကျဆုံးခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများမှာ နိုင်ငံတော်ကို တိုင်း တစ်ပါး လူမျိုးခြားတို့၏ ခြေဖဝါးအောက်မှ လွတ်မြောက်အောင် ကြိုးပမ်းခဲ့ရာတွင် အောင်မြင်သော အဆင့်သို့ပင်ရောက်ခဲ့လေပြီ။ ဤအခါမျိုးတွင် ဤမျှမွန်မြတ်လှသော ပုဂ္ဂိုလ်ကြီးများအား ရက်ရက် စက်စက်သတ်ဖြတ်ခြင်းမှာ နိုင်ငံတော်အတွက် တစ်စုံတစ်ရာ အကျိုးမပြုဖူးသည့် အာဏာမူး တဖောက်ကန်းတို့၏ လူမဆန်သော လုပ်ကြံမှုကြီးမျှသာ ဖြစ်ပါတော့သတည်း။ ။

**[စစ်ပြန်မဂ္ဂဇင်း၊ အမှတ်(၁၀၆)၊ ဇူလိုင်၊ ၁၉၈၅]**



# အိပ်မက်သာဖြစ်လိုက်ပါတော့

မွဝံ

[ ၁ ]

နှစ်ပေါင်း လေးဆယ်ကြာညောင်းခဲ့ပြီ ဖြစ်သော်လည်း မနေ့တစ်နေ့ကမှ ဓွဝံကြုံတွေ့ခဲ့ရ သကဲ့သို့ မှတ်ထင်နေဆဲဖြစ်ပါသည်။

ရံဖန်ရံခါတွင်မူ ထိုဖြစ်ရပ်မှာ တကယ့်ဖြစ်ရပ်မှန် ဟုတ်ပါ၏လော၊ အိပ်မက်မက်ခြင်း ဖြစ်လေသလောဟူ၍ပင် မှတ်ထင်မိပါသည်။

ယုံနိုင်ဖွယ်ရာမရှိသည့် ဖြစ်ရပ်ဖြစ်သဖြင့် အိပ်မက်မက်နေခြင်း ဖြစ်လေသလောဟု [illegible]ယဖြစ်ခဲ့မိခြင်း ဖြစ်ပါသည်။ အိပ်မက်မက်တာပဲ ဖြစ်လိုက်ပါတော့ဆိုပြီး ကြိတ်မနိုင်ခဲမရ [illegible]ညှုတမ်းတမိပါသည်။

သို့သော် . . . .

အိပ်မက် မက်နေခြင်းမဟုတ်၊ တိုတောင်းလှသည့်အချိန်အတွင်း မျက်စိအောက်တွင် [illegible]မှတ်ဘဲ တွေ့ကြုံခဲ့ရသည့် ဝမ်းနည်းစရာ၊ ကြေကွဲစရာ၊ ခါးခါးသီးသီး နာကြည်းစရာဒေါသ [illegible]က်စရာ၊ ကြိတ်မနိုင်[illegible]ရ ဖြစ်စရာ၊ ဖြေဆည်၍ မရနိုင်စရာ ဖြစ်ရပ်တစ်ခု ဖြစ်ပေသည်။

[ ၂ ]

ကျွန်[illegible]၍မရသည် တစ်သက်တာ မေ့ပျောက်၍ မရနိုင်သောနေ့

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့နံနက် မတိုင်မီသုံးရက်ခန့်မှစ၍ ရန်ကုန်မြို့၌ မိုးစွေနေသည်။ နေလုံးကြီးကို လုံး... မမြင်ရ။ မိုးသားမည်းကြီးများ ထူထပ်စွာ ဖုံးကွယ်ထားသည်။ မိုးဖွဲဖွဲရွာလိုက်၊ တိတ်သွားလိုက် ... သဲလာလိုက်နှင့် နေ့ရောညပါ စွေ၍ စွေ၍ နေပေသည်။

ထိုနေ့ နံနက်သို့ ရောက်လာပါပြီ။

ထိုနေ့ဆိုသည်မှာ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့။ ထိုနေ့ နံနက် ၈ နာရီခွဲ အချိန်... တွင် ရန်ကုန်မြို့ အရှေ့ပိုင်း လမ်း ၅၀ ထိပ်ရှိ ပြန်ကြားရေးဝန်ကြီး ဦးဘချို (ဒီးဒုတ်) ၏ နေအိမ်... ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ ပြည်သူ့ဆက်ဆံရေး (ရုပ်ရှင်)ဌာန၊ ညွှန်ကြားရေးမှူး... စာရေးဆရာ ဦးဉာဏနှင့်အတူ ကျွန်တော်တို့နှစ်ဦး ရောက်ရှိလာပါသည်။

ထိုစဉ်က ပြန်ကြားရေးဝန်ကြီး ဦးဘချို၏ တာဝန်ပေးချက်အရ စာရေးဆရာ ဦးဉာဏ... ပြည်သူ့ဆက်ဆံရေး (ရုပ်ရှင်)ဌာန ညွှန်ကြားရေးမှူးအဖြစ် တာဝန်ယူလျက်ရှိပြီး ကျွန်တော်မှာ... ဒုတိယညွှန်ကြားရေးမှူး ဖြစ်ပါသည်။

အခါကာလမှာ လွတ်လပ်ရေးအတွက် တိုင်းပြည်ပြုလွှတ်တော်မှ အချုပ်အခြာအာဏာ... လွတ်လပ်သော မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲနေသည့်အခါ သ... တစ်နည်းအားဖြင့်ဆိုသော် လွတ်လပ်ရေးဗိမာန်တည်ဆောက်ရေးအတွက် အုတ်မြစ်ချနေသော... ဖြစ်ပေသည်။

လွတ်လပ်ရေးဗိမာန်ကြီးတည်ဆောက်ရာတွင် ပြည်သူလူထုတစ်ရပ်လုံး၏ စည်းလုံး... ညွတ်သည့်ခွန်အားစွမ်းပကားကိုရယူရန် ရုပ်ရှင်တည်းဟူသော လူထုဆက်သွယ်ရေး လက်နက်... မှန်ကန်သော အသိပညာပေးပြီး မှန်ကန်သော စည်းရုံးမှုဖြင့် စည်းရုံးလှုံ့ဆော်သွားရန်အတွက် ဝန်... ဦးဘချို၏ ဩဝါဒခံယူရန် ဦးဉာဏနှင့် ကျွန်တော်တို့ရောက်ရှိ လာခဲ့ကြခြင်း ဖြစ်ပေသည်။

ယခင်နေ့များကလည်း အချိန်ရလျှင်ရသလို ဝန်ကြီး ဦးဘချို၏လမ်းညွှန်မှုကိုရယူ... ဝန်ကြီး၏နေအိမ်သို့ ရောက်ရှိခဲ့သော်လည်း ထိုနေ့ကမူ ခါတိုင်းနှင့်မတူဘဲ ပတ်ဝန်းကျင်ခပ်... ဓာတ်တစ်ခုလုံး အုံ့ဆိုင်း ညိုမှိုင်းထုံထိုင်းနေသည်ဟု မှတ်ထင်မိပါသည်။

ထိုနေ့က ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများနှင့်ပတ်သက်၍ လမ်းညွှန်ချက်များကို ဝန်... ဦးဘချိုက ချမှတ်ပေးပါသည်။ ကျွန်တော်က စာဖြင့် ရေးပြီး မှတ်သားထားပါသည်။

ထိုနောက်. . . .

"လက်နက်တွေ ပျောက်နေတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဘာသတင်းထူးသေးသလဲ. . ."

ဝန်ကြီးဦးဘချိုက ကျွန်တော့်အားမေးပါသည်။ ထိုအချိန်မတိုင်မီကပင် ဗြိတိသျှ... လက်နက်သိုလှောင်ရေးဂိုဒေါင်မှ လက်နက်များပျောက်ဆုံးသည့် သတင်းများထွက်ပေါ်လာ... ထိုသတင်းကို သတင်းစာများက ဖော်ပြခဲ့ကြသည်။ ထိုစဉ်အခါက ကျွန်တော့်မှာ မြန်မာ... သတင်းစာ အယ်ဒီတာချုပ်အဖြစ် တာဝန်ထမ်းရွက်လျက်ရှိသဖြင့် ဤကိစ္စနှင့်ပတ်သက်... သတင်းဦး သတင်းထူးများကို ဝန်ကြီးဦးဘချိုထံ သွားရောက်အစီရင်ခံလေ့ရှိပါသည်။

အထက်ပါဝန်ကြီး ဦးဘချို၏ မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်နောက်ဆုံး ကြာ... ခဲ့ရသည့် သတင်းများကို အစီရင်ခံပါသည်။





"ဒီလက်နက်တွေဟာ ဆရာတို့ကို သတ်မယ့် လက်နက်တွေပဲ"

ဝန်ကြီး ဦးဘချို နိမိတ်ဖတ်လိုက်ပါသည်။ ဝန်ကြီးဦးဘချိုပြောလိုက်သည့်စကားကို ကြားရသောအခါ ကျွန်တော့်ရင်ထဲတွင် နင့်ခနဲ ဖြစ်သွားပါသည်။

"ကြိုတင်ကာကွယ်ရေးတွေ လုပ်မထားဘူးလား" ဦးဉာဏက ပြန်မေးပါသည်။

"ငမိုးကို ပြောလို့မရဘူး။ သူ့ကိုယ်သူ သိပ်ယုံကြည်တာ၊ သူဟာ တိုင်းပြည်အတွက် အသက် ...ပေးပြီး အလုပ်လုပ်နေသူဖြစ်တဲ့အတွက် သူ့ကို တစ်နိုင်ငံလုံးက ချစ်ကြောင်း၊ မုန်းသူဟူ၍မရှိကြောင်း၊ သူ့ကို ဘယ်သူမှလုပ်ကြံမှာ မဟုတ်ကြောင်း ပြန်ပြောတယ်၊ အတွင်းဝန်များရုံး လုံခြုံရေးအတွက် လက်နက်ကိုင်အစောင့်တွေချထားဖို့ စီစဉ်တာတောင် လက်မခံဘူး"

ဝန်ကြီးဦးဘချို၏ ညည်းညူသံကို ယနေ့ထက်တိုင် ကျွန်တော်၏ နားအာရုံတွင် ကြား...ယောင်နေပါသေးသည်။ [ငမိုးဆိုသည်မှာ ဗိုလ်ချုပ်အောင်ဆန်းအား ချစ်စနိုးခေါ်လိုက်ခြင်းပင်ဖြစ် ...ပါသည်။]

နံနက် ၉ နာရီခွဲ အချိန်ခန့်တွင် ဝန်ကြီးဦးဘချို နံနက်စာ စားသုံးပါသည်။ ဝန်ကြီး၏ ထမင်းစားပွဲကို ကြည့်ပါဦး။

ဝက်သားကြော်တစ်ပန်းကန်၊ ငါးပိနှင့်တို့စရာသာ ရှိပါသည်။ ဟင်းချိုပင်မပါ။

ထမင်းစားပွဲသို့ ကျွန်တော်တို့ကို ဖိတ်ခေါ်ပြီး သူနှင့်အတူ ဝင်စားဖို့ပြောပါသည်။ ကျွန်တော်တို့ နံနက်စာ စားလာခဲ့ကြပြီဖြစ်ကြောင်းပြောပြီး ရုံးတက်ချိန်ရောက်ပြီဖြစ်၍ ဝန်ကြီး ဦးဘချိုအားခွင့်ပန်၍ ပြန်မည်အပြုတွင် ဝန်ကြီးက ကျွန်တော်တို့အား ပြန်ခွင့်မပြုသေးဘဲ ထမင်းစား ...ဝွင် ဝင်ထိုင်ရန် ပြောသည်။ ထို့နောက် နံနက်စာစားသုံးရင်း ကျွန်တော်တို့အား လက်ငင်းလုပ် ...ဆောင်ရမည့် ပညာပေးနှင့်စည်းရုံးရေးလုပ်ငန်းများနှင့်ပတ်သက်၍ မှာကြားစရာရှိသည်တို့ကို မှာ ကြားနေပြန်ပါသည်။

၁၀ နာရီထိုးရန် ၁၅ မိနစ်ခန့်အလိုတွင် ကျွန်တော်တို့သည် ဝန်ကြီးထံခွင့်ပန်ပြီး အမှတ် ၂၂-၂၄ ပန်းဆိုးတန်း၊ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ပြည်သူ့ဆက်ဆံရေး (ရုပ်ရှင်) ဌာနသို့ ပြန်လာခဲ့ကြပါသည်။

[၄]

ပန်းဆိုးတန်းရုံးသို့ ရောက်သောအခါ ဤနေ့အတွက် လုပ်ငန်းစဉ်များ ချမှတ်ပေးရန် ရုပ်ရှင်အရာရှိများနှင့် ပြည်သူ့ဆက်ဆံရေးအရာရှိများကို ကျွန်တော့်ရုံးခန်းသို့ခေါ်ပြီး ညွှန်ကြားချက် များပေးနေစဉ် တယ်လီဖုန်းခေါ်င်းလောင်းသံကြားသဖြင့် ကောက်ကိုင်လိုက်ပါသည်။

တစ်ဖက်မှ စကားပြောနေသူ၏အသံမှာ တုန်ယင်နေပါသည်။ ငိုသံလည်းပါနေသည်။ ...ရှင်မှာ ဗိုလ်ချုပ်အောင်ဆန်း၏ကိုယ်ရံတော် ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း) ၏ အသံ ဖြစ်နေပါသည်။

"[illegible] လုပ်ကြံခံရတယ်"

[illegible] တစ်ဆင့် ကြားလိုက်ရသောအခါ ကျွန်တော် မိုးကြိုးထိမှန်သူပမာ တစ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လုံး တုန်လှုပ်သွားပါသည်။ တယ်လီဖုန်းကိုင်ထားသော ကျွန်တော်၏လက်မှာလည်း တဆတ်ဆ... တုန်နေပါသည်။ ကျွန်တော် ဘာပြန်ပြောရမှန်းမသိ။ ဘာပြန်မေးရမှန်းမသိ။

"ကက်ဘိနက် (ဝန်ကြီးများအဖွဲ့) စည်းဝေးခန်းထဲဝင်ပြီး မောင်းပြန်သေနတ်တွေနဲ့ ... တယ်"

နောက်ဆက်တွဲ ကြားလိုက်ရသည့် သတင်းကြောင့် ခံပြင်းသည့်စိတ်၊ နာကြည်း... စိတ်များ ဖြစ်ပေါ်လာသည်။ ယုတ်မာရိုင်းပျလွန်းလှချည်လားဟူ၍ စိတ်ထဲမှ ကျိတ်၍ ... လိုက်မိသည်။

[ ၅ ]

ဗိုလ်ချုပ်တို့ လုပ်ကြံခံရပြီ။

ကျွန်တော်ကတစ်ဆင့် ဖောက်သည်ချလိုက်ရာ ရုံးသားအားလုံး ငြိမ်ကျသွားသည်။ ... သည့်အသံကိုပင် ကြားရလောက်အောင် တိတ်ဆိတ်သွားသည်။ ကျွန်တော့်အခန်းသို့ ရုံးသူရုံး... များ စုရုံးရောက်ရှိလာကြသည်။ မည်သူမျှ စကားမပြောနိုင်။ အားလုံးငိုင်နေကြသည်။ ... တောက်ခေါက်သံကြားရသည်။ ရှိုက်သံတစ်ချက်လည်း ကြားလိုက်ရသည်။

ချက်ချင်းပင် ဦးဉာဏနှင့် ကျွန်တော်တို့သည် ရုံးမှမော်တော်ကားဖြင့် အတွင်းဝန်များ... လိုက်ပါသွားကြသည်။ ထိုအချိန်၌ အတွင်းဝန်များရုံးဝင်းတံခါးတွင် အစောင့်များချထားပြီး ... အထွက် စစ်ဆေးနေသည်။ သူခိုးပြေးမှ ထိုးကွင်းထ,နေသည်ဟု ကျွန်တော်ရေရွတ်ခဲ့မိသည်။

ကျွန်တော်တို့ စီးနင်းလိုက်ပါလာသောကားနှစ်စီးကို အတွင်းဝန်များရုံး၏ မျက်နှာချင်း... ရှိ Bryan Smith ကုမ္ပဏီရှေ့တွင် ရပ်ထားခဲ့ပြီး အတွင်းဝန်များရုံး ဝင်းတံခါးအနီးသို့ ချဉ်းကပ်လာ... သည်။

မကြာမီမှာပင် အတွင်းဝန်များရုံးအတွင်းမှ ဗိုလ်ချုပ်အောင်ဆန်းကို တင်ဆောင်လာ... မော်တော်ကားထွက်လာသည်။ ကျွန်တော်က ဗိုလ်ထွန်းလှအားလှမ်း၍ အခြေအနေကို မေးလို... သည်။

"မသေသေးဘူး။ မျှော်လင့်ချက်အများကြီးရှိတယ်"

ဗိုလ်ထွန်းလှ၏ အဖြေကြောင့် ကျွန်တော်၏ ရင်ထဲတွင် အေးသွားသည်။ အသက်မ... သေးဘဲ ကျန်ရှိနေသေးသည့်ဝန်ကြီးဦးဘချို့နှင့်၊ ဝန်ကြီးစဝ်စံထွန်း (မိုင်းပွန်စော်ဘွား) တို့အား ... သို့ အမြန်ဆုံး ပို့ဆောင်ပေးသည်ကိုလည်း တွေ့ရသည်။

ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကျည်ဆန်ထိမှန်ထားသော ဝန်ကြီးအဖွဲ့ဝင်များအား ... မော်တော်ကားကြီးများဖြင့် ထုတ်ယူလာသည်ကို မြင်ရသည်။

[ ၆ ]

ဗိုလ်ချုပ်တို့ လုပ်ကြံခံရပြီ။

ထိုသတင်းမှာ တောမီးပမာ ရန်ကုန်တစ်မြို့လုံးသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားပါတော့...





ထိုသတင်းကို ကြားရသူတိုင်း စကားတစ်ခွန်းမျှ မပြောနိုင်။ ငိုင်ကျသွားသည်ကို တွေ့မြင်ခဲ့ရသည်။ အမျိုးသမီးအချို့ ငိုကြသည်၊ အိမ်မှုမိခင်များငိုသည်ကို မြင်ရသောအခါ ကလေးများပါ ...ဝစ်အော်ငိုကြွေးကြသည်။

လက်ဖက်ရည်ဆိုင်များတွင် လူစည်ကားသော အချိန်ဖြစ်ပေသည်။

ထိုသတင်းကြားရသည်နှင့် တစ်ပြိုင်နက် လက်ပံပင်ဆက်ရက်ကျသလို ဆူညံနေသော လက်ဖက်ရည်ဆိုင်များမှာ တိတ်ဆိတ်သွားသည်။ လက်ဖက်ရည်သောက်နေသူများပင် လက်ဖက်...ရည်မသောက်နိုင်။ လက်ဖက်ရည်ပန်းကန်များကို ကြည့်ပြီးငိုင်နေကြသည်။

လက်သီးဆုပ်သူဆုပ်၊ အံကြိတ်သူကြိတ်၊ မျက်ရည်ကျသူကျ။ ထိုကြားထဲမှ တောက်ခေါက်...၊ ဟင်းချသံများ ကြားရသည်။

ရန်ကုန်မြို့ လမ်းကြီးများပေါ်တွင် ပြေးဆွဲနေကြသော မော်တော်ကားများရပ်တန့်သွား...သည်။ လူသွားလူလာမရှိသလောက် တိတ်ဆိတ်ခြောက်သွေ့သွားသည်။

ဗိုလ်ချုပ်မရှိတော့ဘူး။

တစ်ဆင့်စကား တစ်ဆင့်ကြားရသော ဈေးသူဈေးသားများမှာ ငါတို့တစ်တွေ အားကိုးရာမဲ့...ချပြီဆိုပြီး ဆိုင်ပေါ်တွင် ငိုသူက ငို၊ ဆိုင်ပိတ်ပြီး အိမ်ပြန်သူကပြန်။ နေ့လယ် ၁၂ နာရီအချိန်တွင် ...ရန်ကုန်တစ်မြို့လုံး သုသာန်တစပြင်ပမာ တိတ်ဆိတ်သွားပေတော့သည်။

မခံမရပ်နိုင် ဒေါသထွက်နေကြသော ပြည်သူ့ရဲဘော်များနှင့် လူငယ်လူရွယ်များမှာ ဓားဆွဲ...တုတ်ဆွဲပြီး အိမ်ထဲမှ ထွက်လာကြသည်။ သို့ရာတွင် ရန်သူကို ရှာမတွေ့သဖြင့် ကြိတ်မနိုင်ခဲမရဖြစ်...နေကြသည်။

အကယ်၍သာ. . .

ထိုအချိန်ထိုအခါက ဗိုလ်ချုပ်တို့အား လုပ်ကြံသူများမှာ ဂဠုန်ဦးစောနှင့် အပေါင်းပါများ ...ဖြစ်ကြောင်း သိမည်ဆိုပါက ဦးစောနှင့်အပေါင်းပါများမှာ ပြည်သူလူထု၏ လက်တုံ့ပြန်မှုဖြင့် စိစိ...ညက်ညက်ကြေသွားနိုင်သည်ကို ကျွန်တော်ခန့်မှန်းမိသည်။

မိုးကလေးဖွဲဖွဲရွာလိုက်၊ ပြန်တိတ်သွားလိုက်၊ မိုးသက်လေ တိုက်ခတ်ပြီး မိုးပေါက်ကြီးများ ...ကျလာလိုက်နှင့် ရာသီဥတုအခြေအနေမှာ အေးစိမ့်နေပေသည်။

ပြည်သူလူထု၏ အတွင်းသန္တာန်တွင်မူကား ပူလောင်လျက်သာ ရှိနေပေသည်တကား။

|စစ်ပြန်မဂ္ဂဇင်း၊ အမှတ် (၁၀၆)၊ ဇူလိုင်၊ ၁၉၈၇|



www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်းအိမ်သို့

## မင်းယုဝေ

ရန်ကုန်မြို့၊ တာဝါလိန်း၊ အမှတ် (၂၅) ရှိ ဗိုလ်ချုပ်အောင်ဆန်းနေထိုင်ခဲ့သော ယဉ်ကျေးမှုဌာနက "ဗိုလ်ချုပ်အောင်ဆန်း" ပြတိုက်အဖြစ် ဖွင့်လှစ်ထားသည်။

ထို့ကြောင့် ရုံးအားရက်တစ်ရက်တွင် ကျွန်တော်သည် ဗိုလ်ချုပ်အိမ်သို့ သွားရောက် ရှုမိသည်။

ဗိုလ်ချုပ်အိမ်သည် ကျယ်ဝန်းသော ဥယျာဉ်ခြံထဲရှိ တောင်ကုန်းငယ်ပေါ်တွင်တည်ရှိ ခြံဥယျာဉ်သည် သစ်ပင် ပန်းမန်များဖြင့် ဝေဝေဆာဆာရှိသည်။ အိမ်မှာလည်း ခံ့ညားလှ ဗိုလ်ချုပ်သာ အသက်ထင်ရှားရှိလျှင် သည်ခြံသည်အိမ်ကိုကြည့်ရသည်မှာပျော်ရွှင်ချမ်းမြေ့ ကောင်းပေမည်။ ယခုကား လွမ်းစဖွယ်ကောင်းနေပေတော့သည်။

သည်အိမ်တွင် ဗိုလ်ချုပ်သည် ဇနီး၊ သားသမီးများနှင့် အတူ နှစ်နှစ်ကျော်နေထိုင်ခဲ့ ၁၉၄၅ ခုနှစ် မေလမှ ၁၉၄၇ ခုနှစ် ဇူလိုင်လ ကွယ်လွန်ချိန်အထိနေခဲ့သည်။ အိမ်သည် နှစ် ဖြစ်သည်။ အောက်ထပ်တွင် ဧည့်ခန်းနှင့် ထမင်းစားခန်းရှိသည်။ အထက်ထပ်တွင် ကလေး အထူးစည်းဝေးခန်း၊ စာဖတ်ခန်း၊ အိပ်ခန်း၊ ဘုရားရှိခိုးခန်းတို့ရှိသည်။ သည်အခန်းတို့ကို ဗို နေထိုင်စဉ်ကအတိုင်းပင် အိမ်ထောင်ပရိဘောဂပစ္စည်းပစ္စယအစုံအလင်ဖြင့် လက်ရာမြေ ထားရှိပေသည်။

ရှေ့ဦးစွာအောက်ထပ်ရှိ ထမင်းစားခန်းကို ကျွန်တော်ဝင်ကြည့်သည်။ အခန်းအ

ဖရှင်ကင်းမဲ့နေသော စားပွဲရှည်တစ်လုံးနှင့် ကုလားထိုင်များကိုတွေ့ရသည်။ သည်စားပွဲတွင် တစ်ခါက ဗိုလ်ချုပ်သည် ဇနီး၊ သားသမီးစုံစုံလင်လင်ဖြင့် စားသောက်ခဲ့ပေသည်တကား။

သည်စားပွဲကို တွေ့ရသောအခါ ထမင်းစားပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်ပြောစကားကို ကြားယောင်မိသည်။ ဂျပန်ခေတ်တွင် မြန်မာ့လွတ်လပ်ရေးအတွက် အရေးဆိုရန် ဗိုလ်ချုပ် အောင်ဆန်း၊ ဒေါက်တာဘမော်၊ သခင်မြတို့ ဂျပန်ပြည်သို့သွားခဲ့ကြသည်။ မြန်မာနိုင်ငံသို့ပြန် အရောက်တွင် သူတို့ကို ကုန်သည်ကြီးများအသင်းက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းကျွေးမွေးကြ သည်။ ထိုအခါ ဗိုလ်ချုပ်အောင်ဆန်းက"ကျွန်တော် ထမင်းစားပွဲ၊ ဧည့်ခံပွဲများကိုတက်ရန် ဝါသနာမပါခဲ့ပါဘူး၊ အခုမနေသာလို့ တက်ရောက်ခဲ့ပါတယ်။ ကျွန်တော် ဒီထမင်းကို မစားသင့်ဘူး၊ ဒီထမင်းကိုစားလောက်အောင် မြန်မာပြည်အတွက်ရော၊ မြန်မာလူမျိုးအတွက်ရော ကျွန်တော်ဘာမှ မလုပ်နိုင်ခဲ့သေးဘူး"ဟု ပြောခဲ့သည်။

ထို့ပြင် ကျွန်တော်သည် အစားအသောက်နှင့်ပတ်သက်၍ ရိုးသားလှသော သူ့စိတ်ဓာတ်ကို ဖော်ပြသည့် စာကလေး တစ်စောင်ကိုလည်း အမှတ်ရမိသည်။ ထိုစာမှာ ဗိုလ်ချုပ်က ဇနီးဖြစ်သူ ပေါ်ခင်ကြည်ထံပေးသောစာဖြစ်သည်။ စာထဲတွင်"ကြည် ပဲပြုတ်နှင့် နံပြားရရင် စားချင်တယ်" ဟု ရေးထားလေသည်။

ထို့နောက် ဧည့်ခန်းကို ကျွန်တော်ဝင်ကြည့်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး၏ ခေါင်းဆောင်ကြီးဖြစ်သည့်အပြင် ကမ္ဘာသိခေါင်းဆောင်လည်းဖြစ်သည်။ သို့ရာ တွင် သူ့အိမ်ဧည့်ခန်းကား ဝင့်ကြွားထည်ဝါခြင်းမရှိ၊ သူလိုငါလို လူတန်းစားတစ်ဦး၏ ဧည့်ခန်းမျိုး ပင် ဖြစ်သည်။

ဧည့်ခန်းတွင် ဗိုလ်ချုပ်၏ဓာတ်ပုံကြီးများကို ချိတ်ဆွဲထား၏။ ယင်းတို့အထဲတွင် ဂျင်းဖော အပတ်အစားဖြင့် ဗိုလ်ချုပ်ပုံသည်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများနှင့် တွဲရိုက်ထားသော ဗိုလ်ချုပ်ပုံသည်လည်းကောင်း အပေါ်လွင်ဆုံးဖြစ်သည်။ သည်ပုံများကိုမြင်ရသောအခါ တိုင်းရင်း သားစည်းလုံးညီညွတ်ရေးကို ဦးစားပေး၍ကြိုးပမ်းဆောင်ရွက်ခဲ့သော သူ၏ကြိုးပမ်းမှုတို့ကို ပြန်လည် တွေ့ရမိ၏။ "မြန်မာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်း၊ ရခိုင်တို့က တခြား၊ အကွဲကွဲ အပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့် မှသာ အကျိုးရှိကြောင်းသိနိုင်တယ်"ဟူ၍ သူပြောခဲ့သည့်စကားတို့ကို ကြားယောင်မိလေသည်။

အောက်ထပ်ကိုကြည့်ရှုပြီးသောအခါ အထက်ထပ်ကို ကျွန်တော်တက်ကြည့်သည်။ ရှေ့ဦးစွာ အထူးအစည်းအဝေးခန်းကို ဝင်ကြည့်သည်။ သည်အခန်းကား ရာဇဝင်တွင်မည့် အခန်းတည်း။ ဗိုလ်ချုပ်သည် လုပ်ဖော်ကိုင်ဖက်များနှင့်အတူ သည်အခန်းတွင်း၌ ခေါင်းချင်းဆိုင်လျက် မြန်မာ့ လွတ်လပ်ရေးအတွက် ဆောင်ရွက်ရန် လျှို့ဝှက်သော ကိစ္စများကိုတိုင်ပင်ခဲ့သည်။ အရေးကြီးသော ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့သည်။

သည်အစည်းအဝေးခန်းနှင့် ကပ်လျက်ရှိသောအခန်းကား ကလေးများအိပ်ခန်း၊ ထိုအခန်း ထဲတွင် ကလေးခုတင်သုံးလုံး စီတန်းထားသည်ကို တွေ့ရသည်။ ဗိုလ်ချုပ်၏သားနှစ်ယောက် နှင့် သမီးငယ်တို့ အိပ်စက်ကြဲသော ခုတင်များဖြစ်သည်။ သားသမီးသုံးဦးအနက် ယခုအခါ နှစ်ဦးသာ

www.burmeseclassic.com



ကျွန်တော့သည်။ ဒုတိယသား အောင်ဆန်းလင်းသည် ၁၉၅၃ ခုတွင် အိမ်ရှေ့ရှိ ရေကန်ယေ... ရေနစ်ကွယ်လွန်ခဲ့ရှာလေပြီ။

ကလေးငယ်များ၏ ခုတင်ကလေးများကိုကြည့်ကာ ကျွန်တော်သည် ဗိုလ်ချုပ်၏အဖေ... တွေးတောမိသည်။ သူသည် နိုင်ငံ့လွတ်လပ်ရေးအတွက်သာ လုံးပန်းနေရသဖြင့် မိသားစုအရေး... မကြည့်နိုင်ရှာခဲ့ပေ။ မကွယ်လွန်မီ သုံးလခန့်က အပါးတော်မြဲ ဗိုလ်ထွန်းလှအား ဗိုလ်ချုပ်က "လွတ်လပ်ရေးရပြီးရင် နိုင်ငံရေးကထွက်မယ်၊ ခပ်အေးအေး စာကလေးရေးစားရင်း ငါ့အိမ်ထော... နောင်ရေးအတွက် ဂရုစိုက်စီစဉ်ရဦးမယ်"ဟု ပြောပြခဲ့လေသည်။ သို့သော်သူကား သူ့အိမ်ထော... နောင်ရေးအတွက် မဆောင်ရွက်နိုင်မီ ကွယ်လွန်ခဲ့ရှာသည်တကား။

ထို့နောက် ကျွန်တော်သည် ကလေးအိပ်ခန်းမှ ထွက်ခွာလျက် ဗိုလ်ချုပ်နှင့် ဇနီးဒေါ်ခင်ကြည် တို့၏ အိပ်ခန်းသို့ ဝင်ကြည့်ခဲ့သည်။

နိုင်ငံအထွတ်အထိပ် ခေါင်းဆောင်ကြီး၏ အိပ်ခန်းဆိုသော်လည်း ပိုးဖဲ၊ ကတ္တီပါ အဖိုးတ... များဖြင့် တခမ်းတနား ခင်းကျင်းထားသည်မဟုတ်။ ရိုးရိုးနေ၊ ရိုးရိုးထိုင်၊ ရိုးရိုးစားသော သာမန်... မောင်နှံနှစ်ဦး၏ အခန်းမျိုးသာဖြစ်သည်။ အရှင်မဲ့နေသော နှစ်ယောက်အိပ်ခုတင်တစ်လုံး... အဝတ်ဗီရိုနှစ်လုံးသည် ငြိမ်ဆိတ်လျက်ရှိသည်။ ဗီရိုနှစ်လုံးထဲ၌ ဗိုလ်ချုပ်၏ အဝတ်အစား... ငယ်ကိုသာတွေ့ရသည်။ စင်စစ် ထို့ထက်ပို၍လည်း အဝတ်အစားများမရှိရှာပေ။ ထိုအိပ်ခန်း... အထက်ထပ် အထပ်ခိုးတွင် ဘုရားစင်ထားသည်ကို တွေ့ရသည်။ ဗိုလ်ချုပ်သည် ဘာသာရေး... ပစ်ပယ်သူမဟုတ်၊ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ကြောင်း ဖော်ပြသကဲ့သို့ ရှိနေသည်။

အိပ်ခန်းနှင့် ကပ်လျက်ရှိသောအခန်းကား ဗိုလ်ချုပ်၏စာကြည့်ခန်းတည်း။ စာအုပ်ဗီရိုများ... ထဲတွင် စွယ်စုံကျမ်းများ၊ စစ်သမိုင်းများ၊ ဘောဂဗေဒကျမ်းများ စသည်ဖြင့် စာအုပ်မျိုးစုံကို တွေ့... သည်။ ဗိုလ်ချုပ်ကား စာအလွန်ဖတ်သူဖြစ်သည်။ ဆောင်းပါး ဝတ္ထု ကျမ်းအမျိုးမျိုးအပြင် ကဗျာများ... ကိုပါ အထူးလေ့လာဖတ်ရှုသူဖြစ်သည်။ ဖတ်ရှုသော ကဗျာများအနက် အင်္ဂလိပ်ကဗျာဆ... ဟင်နလေ၏ ကဗျာတစ်ပုဒ်ကို သူအလွန်စွဲမက်သည်။ ထိုကဗျာကို မကြာခဏဖတ်ရွတ်သည်။ ကျွန်တော်သည် သူ့စာအုပ်များကို ကြည့်ရာမှ နှစ်သက်သည့် ထိုကဗျာပါ အောက်ပါစာပိုဒ်ကလေး... အထူး သတိရနေမိသည်။

"ကံတရား၏ ရိုက်ပုတ်ခြင်းဒဏ်ချက်တို့ကြောင့် ငါ့ဦးခေါင်းသည် သွေးသံတို့ဖြင့် ရဲရဲနီ... သို့သော် ညွတ်ကား မညွတ်"-

ထို့ပြင် ကျွန်တော်သည် စာဖတ်ခြင်းနှင့်ပတ်သက်၍ ဗိုလ်ချုပ်၏အမြင်ကို ဆင်ခြင်မိ... သည်။ ဗိုလ်ချုပ်က သူ့ဆောင်းပါးတစ်စောင်တွင် "ယခု ကမ္ဘာပေါ်မှာရှိသည့် စာအုပ်အားလုံး... အရင်းစစ်လျှင် လောက၏အကြောင်း အမျိုးမျိုး မှတ်သားချက်များသာဖြစ်ပေသည်။ ထိုမှတ်ချက်များ... ကို ရေးသူများ၏ အာဘော်၊ ၎င်းတို့ရေးရာဒေသ၊ ရေးသည့်အချိန်ကာလစသည်တို့ကို ကြည့်၍ဖေ... ပြီးလျှင် လောကအလုပ်ဝတ္တရားတွင် သုံးစွဲတတ်မှသာ စာတတ်အမှန်ဖြစ်ပေသည်"ဟူ၍ ရေးသား ခဲ့ဖူးလေသည်။

စာအုပ် ဗီရိုများအနီးတွင် ဗိုလ်ချုပ်၏ စာရေးစားပွဲလည်းရှိသည်။ ဗိုလ်ချုပ်သည် စာ...





ဝါသနာပါသည့်နည်းတူ စာရေးလည်း အလွန်ဝါသနာပါသည်။ စာရေးရာ၌ အင်္ဂလိပ်ဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာဖြင့်ဖြစ်စေ ထိမိပိုင်နိုင်စွာ ရေးသားနိုင်သည်။ မြန်မာပိုင် အင်္ဂလိပ်သတင်းစာ 'နယူးဘားမား'တွင် အချိန်ပိုင်း အယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်စဉ်ကရေးခဲ့သော ခေါင်းကြီး များမှာ ထင်ရှားသည်။ ဒဂုန်မဂ္ဂဇင်း၌ ရေးခဲ့သော ဆောင်းပါးများမှာလည်း အထူးထင်ရှားလှသည်။

ဤသို့လျှင် ကျွန်တော်သည် ဗိုလ်ချုပ်အိမ်ရှိ အခန်းစုံကို တစ်ခန်းဝင်တစ်ခန်းထွက်ကြည့်ရင်း ဗိုလ်ချုပ်အကြောင်းကို အမျိုးမျိုးတွေးတော အောက်မေ့မိသည်။ နေစောင်းလာသောအခါ ကျွန်တော် သည် ဗိုလ်ချုပ်အိမ်မှ ဆင်းသက်ထွက်ခွာလာခဲ့သည်။ ထွက်ခွာလာစဉ် ဗိုလ်ချုပ်၏စေတနာကို ပြတ်နိုးမိသည်။ ဗိုလ်ချုပ်၏ ကြိုးပမ်းမှုကို ချီးကျူးမိသည်။ ရိုးသားလှသော ဗိုလ်ချုပ်၏အနေအထိုင် တမူအရာကို လေးစားမိသည်။ ဗိုလ်ချုပ်၏ စိတ်ဓာတ်ကို အားကျမိသည်။ ဗိုလ်ချုပ်၏ ဂုဏ်ကျေးဇူးကို အောက်မေ့မိသည်။ ကောင်းလေစွ။ ။

[အလယ်တန်း မြန်မာစကားပြေ လက်ရွေးစင်၊ ၁၉၆၇]



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းဘွဲ့ကဗျာများ

## သမိန်သော

လူသားတိုင်းသည် စည်းစိမ်ချမ်းသာကို အလိုရှိ၏။ ဆင်းရဲဒုက္ခမှ ကင်းဝေးလို၏၊ ... မြှောက်ပင့်မှုကို ခံယူလို၏။ ကဲ့ရဲ့ရှုတ်ချခံရခြင်းမှ လွတ်ကင်းလို၏၊ သူတထူး အကျိုးထက် မိမိအ... ကိုသာ ပိုမို၍လိုလား၏။ ဤသဘောထားသည် သာမန်လူသားတိုင်းတွင်ရှိတတ်သော သဘော... ဖြစ်သည်။

သာမန်လူအဆင့်မှကျော်လွန်၍ စည်းစိမ်ချမ်းသာကို မမက်မောသူ၊ ဆင်းရဲဒုက္ခ... မွေးမြူသူ၊ မြှောက်၍ မမြှောက်၊ ချောက်၍မကြောက်သူ၊ ကိုယ်ကျိုးစွန့်၍ အများအကျိုးဆောင်... ထိုပုဂ္ဂိုလ်တို့သည် ဤလောက၌ တကယ်ရှိသည်ဆိုအံ့။ စံတင်ထိုက်သူ၊ ထူးချွန်သူ၊ မော်ကွန်း... ထိုက်သူများ ဖြစ်ရပေမည်။ ဤသို့ မော်ကွန်းတင်ထိုက်သူပုဂ္ဂိုလ်များထဲတွင် ဗိုလ်ချုပ်အောင်... သည်လည်း တစ်ဦးအပါအဝင်ဖြစ်ပေသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို အတ္ထုပ္ပတ္တိရေးသူများက ရေးကြသ... ဇာတ်လမ်းဆင်ကာ ဝတ္ထုဖွဲ့သူတို့က ဖွဲ့ကြသည်။ ကဗျာဆရာအများကလည်း ကဗျာစပ်၍ မှတ်... တင်ခဲ့ကြပေသည်။

ဤသို့ မှတ်တမ်းတင်ခဲ့ကြသော ကဗျာဆရာများထဲတွင် ဆရာဇော်ဂျီသည်လည်း ပါဝ... ပေသည်။ ဆရာဇော်ဂျီ ဖွဲ့ဆိုသော ကဗျာမှာ 'ပြောလိုက်ပါဘိ ဟောပါဘိ' ကဗျာဖြစ်သည်။ ... ခုနှစ် အာဇာနည်အထိမ်းအမှတ်အဖြစ်ထုတ်ဝေသော 'ဗိုလ်ချုပ်အောင်ဆန်း ကဗျာများ' စာစု...



...ရေးသားစပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဆရာဇော်ဂျီသည် ထိုကဗျာ၌ ဖွဲ့ဆိုထားသည်မှာ ဗိုလ်ချုပ်တို့လုပ်ကြံခံရသောသတင်းသည် ...ကြိုးခွင်းသံနှယ် တုန်လှုပ်ဖွယ်ကြားရ၍ မချင့်မရဲ ဝမ်းနည်းခံခက်ဖြစ်ကြပုံ၊ သုံးနှစ်သားကလေး ...ငယ်ပင် ကစားစရာအရုပ်ချ၍ ဖခင်ရင်ခွင်အတွင်း ပြေးချင်းဝင်ကပ်လာပုံ၊ တစ်တိုင်းပြည်လုံး ယူကျုံး ...မရဖြစ်ပုံ၊ ကျီးငှက်အုတ်အော မသာမယာဖြစ်ပုံများကို တင်ပြသည်။ ထိုမှတစ်ဖန်. . . ဗိုလ်ချုပ် ...အောင်ဆန်းကျဆုံးချိန်က နွားရုပ်ချ၍ ပြေးလွှားခဲ့သော ကလေးငယ်သည် သက်နှစ်ဆယ်ရောက် ...လူလားမြောက်ခဲ့ပြီ။ ထိုကလေးကို ဗိုလ်ချုပ်အောင်ဆန်းလို တိုင်းပြည်အတွက် လူတော်လူကောင်း ကလေး ဖြစ်စေချင်သည်။

ထို့ကြောင့် အချိန်အခါ အခြေအနေအလိုက်ပြုသင့်ပြုထိုက်သော **အမှုကို** မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်စွမ်းသော စွမ်းရည်သတ္တိ၊ ထိုဆုံးဖြတ်ချက်ကို မဆုတ်မနစ် မဖြစ်မနေ သေသေကျေကျေ လုပ်ဝံ့သော ရဲစွမ်းသတ္တိ၊ ထိုသတ္တိသွေးကို မွေးမြူခဲ့သော **ဆန်း၏သတ္တိ၊** လောကဓံတရားတို့ကို ...တ်အားသမျှ ကြံ့ကြံ့ခံနိုင်အောင် ကြိုးစားသွားသော **ဆန်း၏သမာဓိ၊** တွေးတွေးခေါ်ခေါ်ကြံ့ကြံ့ ...ဆဖြင့် ဦးဆောင်ညွှန်ပြသွားသော **ဆန်း၏ပညာ**တို့ကို မြင်သမျှကြားသမျှ ပြောပြပါ ဟောပြ ...ပါဟုတိုက်တွန်းထားသည်။

ဆရာဇော်ဂျီသည် အနာဂတ်သားကောင်းများအတွက် အဘယ်မျှ မျှော်လင့်ချက်ထား ...သည်ကိုလည်းကောင်း၊ ဗိုလ်ချုပ်အပေါ် မည်မျှကိုးစားသည်ကိုလည်းကောင်း ဤကဗျာဖြင့်သိနိုင်ပါ ...သည်။

ငှက်ညိုပြောင်ဝင်း၊ မောင်သစ်ဆင်း  
မင်း၏သက်လှယ်၊ မင့်သားငယ်သည်  
သက်နှစ်ဆယ်ပင် ပြည့်ခဲ့ပြီ။  
သုံးနှစ်သူသား၊ ဖော်ချင်းများနှင့်  
အူယားဖားယား  
ကစားရာမှ၊ နွားရုပ်ချ၍  
နတ်ကျသည့်သွင်၊ မင်းရင်ခွင်သို့  
ပြေးဝင်ပုန်းလာ၊ သူ့မူရာကို  
ငါမြင်ခဲ့၏၊ မှတ်မိ၏။  
မိုးကစိုစို၊ ကျီးအုပ်ပြို၍  
ထိုမှဤမှ၊ တို့လမ်းမတွင်  
ပျံကြဲဝဲကြ၊ ငရဲထသို့  
အုံ့ကြွမြည်အာ၊ မသာယာကို  
ငါကြားခဲ့၏၊ မှတ်မိ၏။  
ထိုနေ့၌ပင်၊ ထိုချိန်ထင်၏  
သခင်အောင်ဆန်း၊ ပြည်သူ့ပန်းသည်

www.burmeseclassic.com



ပွင့်လန်းခါစ၊ ကြွေလိုက်ရ၏
မြေခသတင်း၊ မိုးကြိုးခွင်းသို့
အိမ်တွင်းအိမ်ပြင်၊ ဒို့လမ်းခွင်၌
မချင့်မရဲ၊ ဝမ်းနဲခံခက်
မျက်စိမျက်နှာ၊ ညှိုးကြရှာသည်
ရွာဦးပိုင်းမှ၊ သချိုင်းထိ။
ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ နှစ်ဆယ်သက်စစ်
သူတို့ခေတ်၌၊ တိုင်းချစ်ပြည်ခင်
မြတ်စေချင်၏၊ မင်းမြင်ငါကြား
စကားဥဒါန်း၊ ဆန်း၏သတ္တိ
ဆန်း၏သမာဓိ၊ ဆန်း၏ပညာ
ဆန်းမှာဆုံပေါင်း၊ ယောကျ်ားကောင်းတို့
ခေါင်းဆောင်သဘော၊ မင့်သားချော့ကို
ပြောလိုက်ပါဘိ ယောပါတိ။ ။

× × ×

လူတိုင်းလူတိုင်းတွင် အကျင့်စရိုက်တစ်မျိုးစီရှိကြ၏။ အစစအရာရာတွင် မည်သူ... နည်းနှင့်မျှတစ်ဦးနှင့်တစ်ဦး မတူနိုင်ကြချေ။ မိမိနှစ်သက်သော အကျင့်စရိုက်နှင့်မတူက အပြစ်... ပြောတတ်ကြသည်မှာလည်း လူတို့၏သဘောပင် ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည်လည်း... လူတစ်ယောက်ပင် ဖြစ်သည်။ ထို့ကြောင့် သူလည်းသူနှစ်သက်သော အကျင့်စရိုက်ရှိရပေမည်... ထိုအကျင့်စရိုက်ကိုပင် အပြစ်မြင်သူက မြင်ကြသည်။ ဘုကျသည်၊ ရှုသိုးသိုး နိုင်သည်။ နိုင်းသည်... ကြမ်းတမ်းသည်။ တစ်ဖွတ်ထိုးနိုင်သည် . . . ဟူ၍။

ထိုသို့သောအမြင်ကို ဆရာမင်းသုဝဏ်က ဗိုလ်ချုပ်အောင်ဆန်းဘက်မှ ကဗျာဖြင့်... ထားသည်။ ၎င်းပြင် ဗိုလ်ချုပ်အောင်ဆန်းသည် ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေဟု... လူသေသော်လည်း ဝိညာဉ်မသေပါဟု ဆက်လက် တင်စားဖွဲ့ဆိုထားသည်။ ထိုကဗျာမှာ 'ဗိုလ်ချုပ် အောင်ဆန်း (အတိတ်နှင့်ပစ္စုပ္ပန်)' ဖြစ်သည်။ ၁၉၆၄ ခုနှစ် အာဇာနည်အထိမ်းအမှတ်အဖြစ်ထုတ် ဝေသော 'ဗိုလ်ချုပ်အောင်ဆန်းကဗျာများ' စာအုပ်၌ ပါဝင်သောကဗျာ ဖြစ်သည်။

မသိ၍ဆို၊ မလို၍ပြော။
သူ့စိတ်မှာ အလွန်ယဉ်လို့
သူ့ဉာဉ်မှာ အလွန်သန့်တယ်
ထူးချွန်သဘော။
မသိ၍ထင်-မမြင်၍ပြော။





သူ့ဝိညာဉ် မသေပျောက်ပါဘူး
မိုးပေါက်လို အစဉ်ကြည်လို့
နေခြည်လို အစဉ်လန်းကာ
ဖျန်းဆွတ်စိတ်စော။

× × ×

ကဗျာဆရာမ နုယဉ်ကလည်း "ဇာနည်ဖွား" ကဗျာဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ကျေးဇူးကို ချီးကျူးဖွဲ့ဆိုပေသည်။ ထိုကဗျာ၌ . . . ဗိုလ်ချုပ်အောင်ဆန်းသည် တစ်ပြည်ပေါက် တစ်ယောက် ထွန်းသော ဇာနည်ဖွားဖြစ်သည်။ ကလေးဘဝ အများတစ်တွေ ဆော့ကစားနေချိန်မှာ သူကအတွေး နက်နေတတ်သည်။ အများတစ်တွေ ပညာရှာဖွေချိန်မှာ သူက ဇာတိမာန်ရဲသွေးကြွနေသည်။ အသက်သုံးဆယ်အရွယ်စက, ဟုဆိုသော်လည်း သူကခေါင်းဆောင်ဖြစ်နေပြီ။ တိုင်းပြည်အပေါ် ထားရှိသောမေတ္တာကလည်း ကြီးမားလှသည်။ ဘေးရန်ကြောင့် မတွန့်မရွံ့ဘဲ သေသည်ထိ ဇာနည် သတ္တိဖြင့် ဆောင်ရွက်သွားသည်. . . ဟု ဖွဲ့ဆိုထားသည်။ ၁၉၆၄ ခုနှစ် အာဇာနည်နေ့ အထိမ်း အမှတ်အဖြစ် ထုတ်ဝေသော 'ဗိုလ်ချုပ်အောင်ဆန်း ကဗျာများ' စာအုပ်တွင် ရေးသားစပ်ဆိုခဲ့ ခြင်းဖြစ်သည်။

အမိမြေမှ၊ ဆင့်ဆင့်ကြရာ
သူကထူးခြား၊ ဇာနည်ဖွား၏။
သူငယ်ဘဝ၊ ဆော့မြူးကြလျှင်
သူကငေးကာ၊ တစ်နေရာမှ
မျက်လွှာမယှက်၊ အတွေးနက်၏။
ကျောင်းသားတကာ၊ ဖွေရှာသိပ္ပ
ဆည်းပူးကြခိုက်၊ သူကထူးချွန်
ဇာတိမာန်ဖြင့်၊ ထက်သန်လှုံ့လ
ရဲသွေးကြွ၏။
အသက်သုံးဆယ်၊ ဝန်းကျင်ဝယ်၌
အရွယ် စက၊ ခေါင်းတုံ့ကြလည်း
သူကသတ္တိ၊ ရဲရဲငြိလျက်
အမိမြန်မာ၊ ရတနာသား
ဇာနည်ဖွားဟု၊ ထင်ရှားပီပီ
ရှေ့သို့ချီ၏။
ဩော်. . . ဇာနည်သတ္တိ၊ တိုင်းမရှိ၍
သူ၏မေတ္တာ၊ တထုမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်းရာမရ၊ ကြီးမားစွာကို
ကြုံရဘေးရန်၊ အတန်တန်၌
နောက်ပြန်မတွန့်၊ ရဲရဲဝံ့သည်
သက်စွန့်ခန္ဓာကြွေသည့်တိုင်။

× × ×

ကဗျာဆရာ ဗန်းမော်ညိုနွဲ့ကလည်း. . . ဗိုလ်ချုပ်အောင်ဆန်းသည် ငါဆောင်၍ အောင်
သည်ဟုလည်း ကိုယ်ရည်မသွေး၊ ငါကြိုးစား၍ အာဏာရသည်ဟုလည်း မာနမတက်၊ ဤအချ
များကြောင့် လူထုက ယုံကြည်ကိုးစားကြသည်။ ကမ္ဘာကြွေသော်လည်း ဗိုလ်ချုပ်အောင်ဆန်း မသေ
ဟု တင်စားဖွဲ့ဆိုထားသည်။ ၁၉၆၆ ခုနှစ် ဇူလိုင်လထုတ် မြဝတီမဂ္ဂဇင်းတွင် ရေးသားဖွဲ့ဆိုသည်
ကဗျာ၏အမည်မှာ 'ခေါင်းဆောင်ကောင်း' ဖြစ်ပါသည်။

ငါလုပ်ဆောင်၍
အောင်ပွဲထပ်ထပ်၊ ဆင့်ဆင့်ဖြတ်ကာ
လွတ်လပ်ရေးရ၊ တိုင်းပြည်လှပဟု
ကြုံးပဟစ်ကြွေး၊ ကိုယ်ရည်သွေးသည်
ခွင့်ရေးမယူခဲ့ဘူးချေ။
ငါကြိုးစား၍
ငါ့ခါးဖွေးဖွေး၊ သူမြတ်လေးတည့်
သွေးရေးသမိုင်း၊ ဤသည့်တိုင်းဝယ်
နှိုင်းမရှိရာ၊ ငါမှငါဟု
အာဏာလက်ရ၊ စုန့်စုန့်ကြွသည်
မာနမတက်ခဲ့ဘူးချေ။
ဤချင်းရည်တွက်
ချစ်ကြည်လေးမြတ်၊ တိုင်းလုံးအပ်၍
ရပ်ရာတည်ရာ၊ သူ့နောက်ပါကြ။
ကိုးကွယ်ရာဖြစ်၊ ခေါင်းဆောင်စစ်ဖို့
ခေတ်ကြောင့်မတိမ်၊ တထိန်ထိန်တည့်
ဂုဏ်သိရ်ပွင့်လန်း၊ ကမ္ဘာကန်းစေ
အောင်ဆန်းမသေနိုင်တဲ့ ပါပြီတည်း။

× × ×





ကဗျာဆရာ ထွဏ်းနေနွယ်ကလည်း 'သူ' ဟု အမည်တပ်၍ ဗိုလ်ချုပ်အောင်ဆန်း၏ ဂုဏ်ဒြပ်ကို ရေးစပ်ဖွဲ့ဆိုထားသည်။ ထိုကဗျာ၌. . . သူသေသည်မှာ အမှန်ဖြစ်သော်လည်း သူမသေဟု ယုံကြည်နေပါသည်။ သူ့ဖွဲ့ သူ့မာန်၊ သူ့အကြံနှင့် စွမ်းဆောင်ချက်တို့မှာလည်း တစ်သက်တစ်ဘဝမှာ မေ့ရနိုင်ဖွယ်မမြင်ပါ။ သူ့ယုံကြည်ချက်၊ ရည်ရွယ်ချက်၊ ဦးတည်ချက်တို့သည် ယနေ့အထိ ပြည်မြန်မာတွင် သာယာဆန်းသစ်နေသည့်အတွက် သူမသေဟု ယုံကြည်နေခြင်းဖြစ်ပါသည်ဟူ၍ ဖွဲ့ဆိုထားပေသည်။ ၁၉၆၆ ခုနှစ် ဇူလိုင်လထုတ် မြဝတီမဂ္ဂဇင်းတွင် ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

သူသေသည်မှာ၊ အမှန်ပါတည့်
သေချာသိထား၊ ရှိသော်ငြားလည်း
သူကားမသေ၊ တို့ယုံနေသည်
တို့ပြေ-တို့မြေတဝှမ်းတည်း။
သူ့ဖွဲ့သူ့မာန်၊ သူ့အကြံနှင့်
ရည်သန်ပြည်တွက်၊ ထမ်းဆောင်ချက်လည်း
တသက်-တဘဝ၊ မေ့မရတည့်။
ဦးတည်ရာထား၊ မိန့်စကားနှင့်
ပြတ်သားမယွင်း၊ စွမ်းဆောင်ခြင်းလည်း
ပြည်တွင်းပြည်ပ၊ ကျော်ကြားလှ၏။
သူ့ယုံကြည်ချက်၊ စည်းရုံးဖက်၍
တို့တွက်ယူပေး၊ လွတ်လပ်ရေးလည်း
သက်သွေးပမာ၊ ရခဲ့ပါ၏။
သူပင်သေသွား၊ မှန်လေငြားလည်း
မိန့်ကြားသူမြွက်၊ ချက်အလက်နှင့်
လိုက်ဖက်လမ်းစဉ်၊ သူ့လိုအပ်မှု
တသွင်ပြောင်းလာ၊ ပြည်မြန်မာ၏
သာယာဆန်းသစ်၊ မျက်မှောက်ခေတ်ထိ
တည်ရစ်ခိုင်မာ၊ မငြင်းသာမို့
သေကာသူသွား၊ မှန်ပေငြားမင့်
သူကားမသေ၊ တို့ယုံနေသည်
တို့ပြေ တို့မြေ တဝှမ်းတည်း။

× × ×

ကဗျာဆရာ မင်းယုဝေကလည်း ဗိုလ်ချုပ်အောင်ဆန်းသည် ကိုယ်ကျိုးအတ္တ မငဲ့ကွက် တိုင်းပြည်ကောင်းစေကောင်းသာ စွမ်းဆောင်သူဖြစ်သည်။ စေတနာရှိရုံမက စေတနာအရာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်အောင် မျှော်ထောက်တွေးဆတတ်သော ဉာဏ်ပညာလည်း ရှိသူဖြစ်သည်။ စိတ်ဓာတ်ကောင်း သလောက် သတ္တိကောင်းရှိသူလည်း ဖြစ်သည်။ စည်းစိမ်မမက်၊ မာန်မာနမတက်ဘဲ ပြည်သား ပြည်သူနှင့် အေးအတူ ပူအမျှ နေပြသူလည်းဖြစ်သည်။ ဤဂုဏ်သိက္ခာတို့ကြောင့် ပြည်သူက ကြည်ဖြူချစ်ခင်သည်။ ထို့ကြောင့် အပွဲပွဲနွှဲသမျှ အောင်နိုင်ခဲ့ရသည်။ ခေါင်းဆောင်ပီသသူတစ် ယောက်ဖြစ်သည်။ ယခုအခါ ဗိုလ်ချုပ်ကွယ်လွန်သည်မှာကြာပြီဖြစ်သော်လည်း ဗိုလ်ချုပ်အကြောင်း ကိုပင် ပြန်ပြောင်းပြောဆို ကြည်ညိုတသမဆုံး ဖြစ်နေပါသည်. . . ဟု ဖွဲ့ဆိုထားသည်။ ထိုကဗျာမှာ 'ဗိုလ်ချုပ်အောင်ဆန်းသို့' ကဗျာဖြစ်ပါသည်။ ၁၉၆၇ ခု၊ အောက်တိုဘာလထုတ် ငွေတာရီမဂ္ဂဇင်း၌ ဖွဲ့ဆိုခြင်းဖြစ်သည်။

သင့်ကိုယ်ကျိုးတွက်၊ ငဲ့မကွက်ဘဲ
ပြည်တွက်ကောင်းအောင်
ကြိုးစားဆောင်သည်
ခေါင်းဆောင်အသင် ပီသည်တကား။

စေတနာလည်းရှိ၊ ဉာဏ်လည်းရှိ၍
သတ္တိလည်းကောင်း
စိတ်ဓာတ်ကောင်းသည်
ခေါင်းဆောင်အသင် ပီသည်တကား။

စည်းစိမ်မမက်၊ မာန်မတက်ဘဲ
လက်တွဲပြည်သူ၊ များရှင်လူနှင့်
အေးတူပူမျှ၊ သင်နေပြ၍
လောကကောင်းအောင်
ပြည်ကျိုးဆောင်သည်
ခေါင်းဆောင်အသင် ပီသည်တကား။

ထို့ကြောင့် ပြည်သူ၊ များရှင်လူတို့
ကြည်ဖြူချစ်ခင်၊ မေတ္တာဝင်၍
သင်သွားလေရာ၊ အတူပါလျက်
ညီညာလက်တွဲ၊ အပွဲပွဲကို
ဆင်နွှဲအောင်ခဲ့သည်တကား။

ယခုခါတွင်
အသင်ကွယ်ပြီ၊ ကာလရှည်လည်း





ပြည်သူအပေါင်း၊ သင့်အကြောင်းကို
ပြန်ပြောင်းပြောဆို၊ ချစ်ကြည်ညိုလျက်
သင့်ကိုလွမ်းရ၊ တသသနှင့်
တမ်းတမဆုံး ရှိသည်တကား။

ကဗျာဆရာ တင်မိုးကလည်း 'အောင်ဆန်းစသော မျိုးချစ်သူရဲကောင်းများသို့' ကဗျာတွင် ဤသို့ ဖွဲ့ဆိုထားပေသည်။ ဗိုလ်ချုပ်အောင်ဆန်းသာရှိလျှင် ဗမာပြည်၏ ကြမ္မာကံကို စီမံဖန်တီး နေဦးမည်ဟု ယုံကြည်သည်။ ဆင်းရဲသား နင်းပြားတို့၏ စားဝတ်နေမှုအစုစုကို ဂရုပြုစောင့်ရှောက်နေ ဦးမည်ဟု ယုံကြည်သည်။ သူ၏ ဉာဏ်စွမ်းကိုယ်စွမ်းတို့သည် သူ့ဝမ်း၊ သူ့ခါး၊ သူ့သား၊ သူ့မယား အတွက် မဟုတ်မူ၍ ပြည်သူအတွက်ပေးထားဦးမည်ဟု ယုံကြည်သည်။ သူ့ပြည်ကို စော်ကားလျှင် လည်း အသားအသွေးပေး၍ ကာကွယ်မည်ဟု ယုံကြည်သည်။ သူ၏ ပြည်တွင်း စစ်ခင်းနေကြသည် ကိုလည်း ညီနောင်စိတ်ဖြင့် ပွဲတိတ်စေမည်ဟု ယုံကြည်သည်။ ဗမာပြည်၏ ကံကြမ္မာ အရှက်တက် အခါတွင် သူ့စိတ်ထားက ညွှန်ကြားဦးဆောင်နေဦးမည်ဟု ပြည်သူတိုင်းက ယုံကြည်ကြသည်. . . ဤသို့ဖွဲ့ဆိုထားပေသည်။ ထိုကဗျာကို ၁၉၆၇ ခုနှစ်ထုတ် 'ပန်းဈေးခင်း' စာအုပ်တွင် ထည့်သွင်းစပ် ဆိုခဲ့ခြင်း ဖြစ်သည်။

သူသာရှိလျှင်
သူ၏နိုင်ငံ၊ ကြမ္မာကံကို
စီမံလိမ့်မည်၊ ဖန်တီးမည်ဟု
ပြည်သူတိုင်းက၊ ယုံကြည်ကြ၏။

သူသာရှိလျှင်
သူ၏ပြည်ဖွား၊ ဆင်းရဲသားတို့
ဝတ်စားနေမှု၊ ကျန်းမာမှုနှင့်
သိမှုတတ်မှု၊ ယဉ်ကျေးမှုကို
ဂရုစိုက်မည်၊ စောင့်ရှောက်မည်ဟု
ပြည်သူတိုင်းက၊ ယုံကြည်ကြ၏။
သူသာရှိလျှင်
သူ၏ဉာဏ်စွမ်း၊ ကိုယ့်အစွမ်းသည်
သူ့ဝမ်းသူ့ခါး၊ သူ့မယားနှင့်
သူ့သားတွက်ပေ၊ မဟုတ်လေဘဲ
သူနေထိုင်သည်၊ သူ့တိုင်းပြည်တွက်
သူ့ပြည်နေရာ၊ သူ့ကမ္ဘာတွက်
မေတ္တာဓာတ်ခံ၊ အပင်သန်လျက်



www.burmeseclassic.com

www.burmeseclassic.com



ဗအားမာန်ထုတ်မည်၊ ဦးဆောင်မည်ဟု
ပြည်သူတိုင်းက၊ ယုံကြည်ကြ၏။

သူသာရှိလျှင်
သူ၏ပြည်အား၊ ကျူးစော်ကားက
အသားအသွေး၊ သက်စတေးလျက်
ပြည်ရေးဆောင်မည်၊ ကာကွယ်မည်ဟု
ပြည်သူတိုင်းကို၊ ယုံကြည်ကြ၏။

သူသာရှိလျှင်
သူ၏ပြည်တွင်း၊ တသွေးချင်းတို့
စစ်ခင်းသည့်ပွဲ၊ ငြိမ်းပြတ်စဲတို့
လက်တွဲလက်ချိတ်၊ ညီနောင်စိတ်ဖြင့်
ပွဲတိတ်စေမည်၊ ဖြေရှင်းမည်ဟု
ပြည်သူတိုင်းက၊ ယုံကြည်ကြ၏။

အရေးဏ်တက်တွင်၊ တိုက်ပွဲဝင်ခိုက်
သူလျှင်ကျဆုံး၊ တပြည်လုံးက
ယူကျုံးမရ၊ ဖြစ်ခဲ့ရလည်း
သူကရှေ့ဆောင်၊ မီးတန်ဆောင်သည်
ထွန်းပြောင်နေဘိ၊ လင်းတုန်းရှိ၍
သူ၏ကိုယ်စား၊ သူ့စိတ်ထားက
ညွှန်ကြားလိမ့်မည်၊ ခေါင်းဆောင်မည်ဟု
ပြည်သူတိုင်းက၊ ယုံကြည်ကြ၏။

ကဗျာဆရာများ၏ ကဗျာစုကို ခြုံ၍ကြည့်လျှင် ဗိုလ်ချုပ်အောင်ဆန်း၏ စေတနာ၊ ဇွဲသတ္တိ၊ သမာဓိ၊ ပညာတို့ကို ချီးကျူးတမ်းတထားကြသည်သာ တွေ့ရပါမည်။ ဗိုလ်ချုပ်အောင်ဆန်းကား အသက်ထင်ရှားမရှိတော့ပြီ။ အဘယ်မျှ ချီးကျူးဖွဲ့ဆို တမ်းတကြသော်လည်း ဗမာပြည်၏ ကြမ္မာကို မည်သို့မျှပြန်လည် ဖန်တီးနိုင်မည်မဟုတ်ပေ။ ဤအချက်ကို သိပါလျက် စာဆိုများ တမ်းတဖွဲ့ဆိုနေကြသည်မှာ ဗိုလ်ချုပ်၏ စေတနာမေတ္တာများ ကူးစက်စေလိုသောကြောင့် လည်းကောင်း၊ စံတင်တုယူစေလိုသောကြောင့်လည်းကောင်း ဤရည်ရွယ်ချက်များသာ ကဗျာဆရာများ၏ 'စေတနာ' ဖြစ်လိမ့်မည်ဟု ခံယူမိပါသည်။ ။

[ငွေတာရီမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၆၈]

# ဗိုလ်ချုပ်အောင်ဆန်းပုံဖြင့် အသုံးပြုခဲ့သော မြန်မာအကြွေနှင့် ငွေစက္ကူများ









www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်အောင်ဆန်းပုံဖြင့် အသုံးပြုခဲ့သော မြန်မာငွေစက္ကူများ






လ်ချုပ်အောင်ဆန်းပုံဖြင့် အသုံးပြုခဲ့သော မြန်မာငွေစက္ကူများ







www.burmeseclassic.com

www.burmeseclassic.com















www.burmeseclassic.com

www.burmeseclassic.com
















www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်အောင်ဆန်းပုံဖြင့် အသုံးပြုခဲ့သော မြန်မာငွေစက္ကူများ







# အတန်းတင်စာမေးပွဲ၊လူ့အရည်အချင်းနှင့် အောင်မြင်ကျော်ကြားမှု

မြဟန်

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၏ "ဟောပြောပွဲ အတွေ့အကြုံ (၁၄)" (The voice Weekly vol 5.No.3,19-25 January 2008) ပါဆောင်းပါးကို ဖတ်မိရာမှ ဤဆောင်းပါးကို ရေးဖြစ်ပါသည်။ ဆောင်းပါးတွင်ပါသည့် "သမီးတက်နေတဲ့ ကျောင်းကတစ်နှစ်တစ်ခါစစ်တဲ့စာမေးပွဲစနစ်ကို မသုံးဘဲ စဉ်ဆက်မပြတ် ဆန်းစစ်ချက် Continuous Assement ကိုလုပ်တော့ သမီးအတွေ့အကြုံမရှိသေးဘူး" ဆိုသည့်အကြောင်းဖတ်မိသောအခါ လူတစ်ယောက်၏ အရည်အချင်း၊ အောင်မြင်မှုနှင့်ကျော်ကြားမှုတို့ကို အတန်းတင်စာမေးပွဲစနစ်နှင့် ဆုံးဖြတ်၍မရနိုင်ပုံကို ဗိုလ်ချုပ်အောင်ဆန်း တက္ကသိုလ်ကျောင်းသားဘဝက ရေးခဲ့သည့်" ကျောင်းသားဝတ္တရား" ဆောင်းပါးကို သွားသတိရပါသည်။

သူ့ဆောင်းပါးတွင် ဗိုလ်ချုပ်အောင်ဆန်းက ကျောင်းသားဝတ္တရားမှာ အတန်းစာကျက်၍စာမေးပွဲအောင်မြင်ရုံမျှသာဟု ယူဆလျှင် ထိုအယူအဆသည် ခေတ်အောက်ကျပြီး နက်နဲမှုမရှိသည့်အယူအဆဖြစ်သည်ဟုဆိုပါသည်။ အတန်းစာအောင်မြင်ရုံမျှနှင့် လောကစစ်ပွဲကို အောင်မြင်မည့်အရည်အချင်းရှိသည်ဟု တထစ်ချ မယူဆအပ်ဟု လည်းဆိုပါသည်။ စာမေးပွဲစနစ်သည် လူတစ်ဦးတစ်ယောက်၏ အရည်အချင်းကိုဖော်ပြနိုင်သည့် ပြီးပြည့်စုံသောစနစ် မဟုတ်ပုံကိုလည်း အောက်ပါအတိုင်း ဝေဖန်စိစစ်တင်ပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲတစ်ခု၏ အဖြေစာရွက်များကို စာစစ်သူ အမျိုးမျိုးအားစစ်ဆေးစေလျှင် အဖြေ တစ်ခုတည်းကိုပင် အမှတ်ပေးပုံချင်းမတူသည်ကို တွေ့ရမည်။ ထို့ပြင် စာစစ်တစ်ဦးကိုပင် လွန်ခဲ့ သည့် တစ်နှစ်ခန့်က ၎င်းစစ်ဆေးခဲ့သည့် အဖြေလွှာကို နောက်ထပ်စစ်ဆေးစေသည့်အခါ နောက် ထပ် တစ်ခါ အမှတ်ပေးပုံမတူကြောင်း စာမေးပွဲများ၏ အကျိုးအပြစ်ကို စစ်ဆေးသောစာအုပ်တွင် ဖတ်ဖူးကြောင်းရေးသားထားသည်။

ကမ္ဘာကျော် ပြဇာတ်ရေးဆရာကြီး ဘားနတ်ရှောကလည်း တစ်ချိန်က အတန်းထဲတွင် ထိပ်တန်းကျသော ကျောင်းသားလည်းလောကတွင် အောက်ဆုံးသို့ရောက်တတ်သည်ဟု ရေးဖူး၏။ သို့သော် ထိုသို့ကမ္ဘာ့ကျော်စာရေး ဆရာကြီး၏ အဆိုအမိန့်ဖြစ်၍ ယုံကြည်ရမည်ဟု မဆိုလိုသော် လည်း ကမ္ဘာ့ရာဇဝင်ကိုကြည့်မည်ဆိုလျှင် ကမ္ဘာ့ထိပ်တန်းရောက်သော ပုဂ္ဂိုလ်တို့သည် အတန်း စာမေးပွဲများတွင် ထိပ်တန်းကျသူချည်းမဟုတ်ကြောင်း အောက်ပါဥပမာများဖြင့် တင်ပြဆွေးနွေးထား သည်။

ဗိုလ်ချုပ်အောင်ဆန်းက ဆောင်းပါးတွင် ကမ္ဘာ့ထိပ်တန်းစားရင်းဝင် ဟစ်တလာနှင့် မူဆိုလိုနီတို့သည် ငယ်စဉ်ကကျောင်းပင် ကောင်းစွာမနေခဲ့ရသူများဖြစ်သည်ဟု ရေးထားသည်။ ထို့အတူ မဟတ္တမဂန္ဓီသည်လည်း ကောလိပ်ကျောင်းရောက်ဖူးရုံသာရှိသူဖြစ်သည်။ ပန်ဒစ်ဂျ ဟာလာနေရူးမှာလည်း အင်္ဂလန်ရှိ နာမည်ကျော် တက္ကသိုလ်တစ်ခုတွင် တက်ရောက်စဉ်က ထူးချွန် လှသည်မဟုတ်ဘဲ ဘီအေဂုဏ်ထူးတန်းတွင် ဒုတိယအဆင့်ဖြင့် အောင်မြင်သူသာ ဖြစ်သည်။ သို့သော် ထိုစဉ်ကဂုဏ်အထက်ပထမရခဲ့သောသူတစ်ဦးမှာ ရန်ကုန်တက္ကသိုလ်တွင် ပါမောက္ခတစ်ဦးသာဖြစ်၍ နေရူးလောက် ကျော်ကြားခြင်းမရှိပါ။ အင်္ဂလိပ်စာရေးဆရာများဖြစ်ကြသော ဂိုလ်းစမစ်နှင့် ဆာဝါလတာကော့စသည့် ပုဂ္ဂိုလ်များမှာလည်း ကျောင်းနေစဉ်က ထူးချွန်သူများမဟုတ်ပေ။ ဆာဝါလ တာစကော့ဆိုလျှင် သူ့ဆရာက "လူ့ငနွား"ဟုပင် အခေါ်ခံခဲ့ရသူဖြစ်သည်။ ဤသည်မှာ သူ့အတွေး အမြင်ကို တင်ပြထားသည်။

ဤဆောင်းပါးရေးရန် စဉ်းစားနေစဉ်မှာပင် ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်တွင် MRTV-4 က ထုတ်လွှင့်သည် {Sunday Talk} အစီအစဉ်ကို ကြည့်လိုက်ရသည်။ ထိုအစီ အစဉ်မှာ ဂန္ထဝင်တေးရေးဆရာသုံးဦးဖြစ်သော ဆရာမြို့မငြိမ်း၊ ဆရာရွှေပြည်အေးနှင့် ဆရာ တိုင်ညွန့်တို့၏ နှစ် (၁၀၀) ပြည့်အထိမ်းအမှတ်အဖြစ် ဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးမောင်မောင်လတ် နှင့် ဦးမျိုးမြတ်သူတို့၏ဆွေးနွေးခန်းဖြစ်သည်။ ထိုဆွေးနွေးခန်းတွင် ဂန္ထဝင်စာဆိုသုံးဦးစလုံးသည် အခြေခံပညာအဆင့်ထိသာ ပညာသင်ယူနိုင်ခဲ့သူများဖြစ်သည်ဟု ကြားလိုက်ရသည်။ ထိုအချက် ကလည်း လူ့အရည်အချင်းနှင့် အောင်မြင်မှုဆိုသည်မှာ အတန်းပညာတစ်ခုတည်းဖြင့်ဆုံးဖြတ်၍ မရနိုင်ကြောင်း သာဓကတစ်ခုဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း၏အတွေးအမြင်ကို ထောက်ခံနေသကဲ့သို့ ဖြစ်နေသည်ဟုတွေးမိပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိတွင်လည်း ပညာနှင့်ပတ်သက်၍

ပညာဆိုသည်မှာ စာအုပ်စာတမ်းဖတ်၍
သိသမျှကို ပညာဟု မဆိုပေ။ ပညာသည်





အတိုင်းအဆမထင် အလွန်ကျယ်ပြော နက်နဲ
လှပေသည်။ ပညာအားလုံးကို လောကပြင်
ကျယ်တည်းဟူသော အကြီးဆုံး ကျောင်း၌
သာတွေ့ရှိနိုင်လေသည်။

ဟုရေးသားခဲ့သည်။ ပညာဆိုသည်မှာ အတန်းအောင်ရုံ ဘွဲ့ရရုံဖြင့် ပညာစုံနိုင်ပြီဟု မဆိုဘဲ လောက အကြောင်း အစဉ်လေ့လာဆည်းပူးနေမှ ပညာနှင့်အရည်အချင်း ပြည့်စုံသည်ထက် ပြည့်စုံလာမည် သဘောရေးသားထားသည်။ ထို့ကြောင့် ယနေ့ ခေတ်စားနေသည့် "စဉ်ဆက်မပြတ် ပညာရေး" ဆိုသည့်အတွေးအခေါ်မျိုးကို လွန်ခဲ့သည့် နှစ်ပေါင်း ၆၀၊ ၇၀ ခန့်ကပင် ဗိုလ်ချုပ်အောင်ဆန်းသည် အကြောင်းအရာတစ်ခုကို ကျယ်ကျယ်ပြန့်ပြန့်နှင့် နက်နက်ရှိုင်းရှိုင်း စဉ်းစားတွေးခေါ်တတ်သူ ဖြစ်ကြောင်း သူ့စာပေလက်ရာများက ဖော်ပြနေသည်ဟု အတွေးနယ်ချဲ့မိပါသည်။

**စာကိုး ။**

**မြဟန်၊ ဗိုလ်ချုပ်အောင်ဆန်း၏စာပေလက်ရာ၊**
**ရန်ကုန်။ အင်းဝစာပေတိုက်၊ ရန်ကုန်**

**[ရန့်သစ်မဂ္ဂဇင်း၊ ဇူလိုင်၊ ၂၀၀၉]**



www.burmeseclassic.com

www.burmeseclassic.com

# ယုံကြည်မှုတည်ဆောက်ကြသည်ဆိုရာဝယ်

မြဟန်

၂၀၀၉ ခုနှစ် အောက်တိုဘာ ၁၄ ရက်ထုတ်၊ မြန်မာပို့စ်တွင်ဖော်ပြထားသော နိုင်ငံရေး အပြောင်းအလဲနှင့် ယုံကြည်မှုဆောင်းပါးပါ ဗိုလ်ချုပ်အောင်ဆန်းနှင့် စောစံဖိုးသင်တို့တွေ့ဆုံမှု အကြောင်း ဖတ်မိရာမှ ဤဆောင်းပါးကိုရေးဖြစ်ပါသည်။ မြန်မာပို့စ်ပါဆောင်းပါးမှာ ဗိုလ်ချုပ် အောင်ဆန်းနှင့် စောစံဖိုးသင်တို့ တစ်နည်းအားဖြင့်ဆိုလျှင် ကရင်ဗမာချစ်ကြည်ရေးအတွက် ယုံကြည် မှုတည်ဆောက်ခဲ့သည့် သမိုင်းဖြစ်ရပ်တစ်ခုဟု မြင်မိပါသည်။

ထို့နောက် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းစဉ်တွင် အထက်ပါသာကေကဲ့သို့ ယုံကြည်မှုတည်ဆောက်သည့် ဖြစ်ရပ်တစ်ခုကို သွားသတိရပါသည်။ ထိုဖြစ်ရပ်မှာ ဗိုလ်ချုပ် အောင်ဆန်းနှင့် ဗြိတိသျှ ဗိုလ်ချုပ်ကြီးဆလင်း (Field -Marshal Sir William Silim) တို့၁၉၄၅ ခုနှစ် မေလ ၁၆ ရက်က မိတ္ထီလာ၌ တွေ့ဆုံဆွေးနွေးကြသည့်ဖြစ်ရပ်ဖြစ်ပါသည်။

ထိုတွေ့ဆုံပွဲမှာ ဖက်ဆစ်တော်လှန်ရေးကာလအတွင်း ဗမာ့တပ်မတော်နှင့် မဟာမိတ်တပ် များ ပူးပေါင်းတိုက်ခိုက်မှုကြောင့် ဖက်ဆစ်ဂျပန်တပ်များ မြန်မာနိုင်ငံမှ ဆုတ်ခွာနေရချိန်ဖြစ်သည်။ ထိုတွေ့ဆုံဆွေးနွေးပွဲ ဖြစ်မြောက်ရေးအတွက် ဗြိတိသျှတို့ဘက်မှ ထောက်လှမ်းရေးတပ်ဖွဲ့ Force 136 က တာဝန်ယူဆောင်ရွက်ပေးသည်။ အကယ်၍ ဆွေးနွေးပွဲ အဆင်မပြေလျှင်လည်း ဗိုလ်ချုပ် အောင်ဆန်းကို ချောချောမောမော ပြန်ပို့ပေးမည်ဟု ဗြိတိသျှတို့ဘက်မှ ကတိပေးသည်။ ထို့ကြောင့် သရက်ချောင်းရွာ၌ ဌာနချုပ်ဖွင့်၍ ဖက်ဆစ်တော်လှန်ရေးကို ဦးဆောင်နေသော ဗိုလ်ချုပ်အောင်



ဆန်းသည် ဗိုလ်မှူးကြီးလှအောင်နှင့်အတူ သရက်ချောင်းမှ အောင်လံသို့သွားကြသည်။ အောင်လံ ရောက်နေသော ဗိုလ်ချုပ်အောင်ဆန်းတို့ကို ဗြိတိသျှတပ်မှလေယာဉ်ပျံဖြင့် မိတ္ထီလာသို့ခေါ်သွား သည်။

တွေ့ဆုံပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက သူသည် မြန်မာတိုင်းရင်းသားများကို ကိုယ်စားပြု၍ ဖွဲ့ထားသော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့၏ စစ်ဘက်ကိုယ်စားလှယ်အဖြစ် လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးနှင့် စစ်ရေးကိစ္စများကို သူတစ်ဦးတည်း ဆုံးဖြတ်နိုင်ခွင့်မရှိ ကြောင်း၊ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့၏ဝါဒသဘောထားမှာ နိုင်ငံသား အားလုံး နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုအခွင့်အရေးများအပြည့်အဝရရှိမည့် ဒီမိုကရေစီအုပ်ချုပ် ရေးမျိုးတည်ထောင်ရန်ဖြစ်ကြောင်း၊ မဟာမိတ်တပ်များနှင့်လက်တွဲ၍ ဂျပန်တပ်များကို တိုက်ထုတ်ရာ တွင် ဂျပန်တပ်များ မြန်မာ့မြေပေါ်မှ ထွက်ခွာသွားသည်အထိ ဆက်လက်ကူညီသွားမည်ဖြစ်၍ သူ့ကိုမဟာမိတ်တပ်များ၏ တပ်မှူးတစ်ဦးအဖြစ် အသိအမှတ်ပြုကာ တန်းတူရည်တူဆက်ဆံရန် တင်ပြသည်။ ထိုသို့တင်ပြချက်နှင့်ပတ်သတ်၍ ဗိုလ်ချုပ်အောင်ဆန်းသည် စကားပြောယဉ်ကျေး သော်လည်း အပေါ်စီးဖြင့် စပြောသည်ဟု ဗိုလ်ချုပ်ကြီးဆလင်းက မှတ်ချက်ချခဲ့သည်။

ဆွေးနွေးပွဲမအောင်မြင်လျှင် ဗိုလ်ချုပ်အောင်ဆန်းကို ချောချောမောမော ပြန်ပို့မည်ဆို သည်မှာ ကြားလူဖြင့် တစ်ဆင့်ပြောသည့် နှုတ်ကတိသာရှိသည့် အခြေအနေတွင် ဗိုလ်ချုပ် အောင်ဆန်းက ယခုလိုအပေါ်စီးဖြင့် လာပြောသည်မှာ အန္တရာယ်များသည်ဟုမထင်မိဘူးလားဟု ဗိုလ်ချုပ်ကြီးဆလင်းက မေးသောအခါ ဗိုလ်ချုပ်အောင်ဆန်းက "မထင်ပါဘူး" ဟုပြန်ဖြေသည်။

ဗိုလ်ချုပ်ကြီးဆလင်းက "ဘာဖြစ်လို့မထင်တာလဲ"ဟု ဆက်မေးသောအခါ ဗိုလ်ချုပ် အောင်ဆန်းက "ခင်ဗျားက ဗြိတိသျှအရာရှိ တစ်ယောက်ဖြစ်နေလို့ပေါ့" ဟုဖြေသည်။ ဗိုလ်ချုပ် အောင်ဆန်းက ထိုသို့ဖြေလိုက်သည့်အတွက် "ဤ တစ်ကြိမ်တွင်မူ ဗိုလ်ချုပ်အောင်ဆန်းက ကျွန်တော့် ကို အနိုင်ရသွားပြီ"ဟုဗိုလ်ချုပ်ကြီးဆလင်းက ဝန်ခံရေးသားထားသည်။ ထို့နောက် ဗိုလ်ချုပ်ကြီး ဆလင်းက "ခင်ဗျား ဗြိတိသျှတွေအပေါ် ဒီလိုသဘောထားပါလျက်နဲ့ဘာဖြစ်လို့ ဗြိတိသျှတွေကို ကိုက်ထုတ်ချင်ရတာလဲ"ဟု ဆက်မေးမြန်းရာ ဗိုလ်ချုပ်အောင်ဆန်းက "ကျွန်တော်က ဗြိတိသျှလူမျိုး ကို မုန်းတာမှ မဟုတ်ဘဲ။ ကျွန်တော့်နိုင်ငံကို စိုးမိုးချုပ်ချယ်တဲ့ တိုင်းတစ်ပါးသားမှန်သမျှ ဗြိတိသျှ ရော ဂျပန်ပါမကျန် ဘယ်သူ့ကိုမှ မကြိုက်ပါဘူး"ဟုပြန်ဖြေသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးရမည်ထင်၍ ဂျပန်နှင့် ပူးပေါင်းခဲ့သော် လည်း လက်တွေ့တွင် ဂျပန်တို့က ဖက်ဆစ်စနစ်ကျင့်သုံးလာသည်က တစ်ကြောင်း၊ မဟာမိတ်၏ စကားကိုယုံ၍တစ်ကြောင်း မဟာမိတ်တပ်များနှင့်လက်တွဲ၍ ဖက်ဆစ်တော်လှန်ရေးဆင်နွှဲရပုံ ဆက်ပြောသည်။ ထိုအခါ ဗိုလ်ချုပ်ကြီးဆလင်းက "ပြောစမ်းပါ အောင်ဆန်းရာ၊ တို့အနိုင်ရလို့ ခင်ဗျားတို့ဘက်ကူးလာတာမဟုတ်လား"ဟု ခနဲ့မေးမေးရာ ဗိုလ်ချုပ်အောင်ဆန်းကလည်း ခင်ဗျားတို့ အနိုင်မရဘဲ ခင်ဗျားတို့ဘက်ကူးလာရင် ဘာအကျိုးရှိမှာလဲဟု ရိုးသားစွာ ပြန်ဖြေလိုက်သောကြောင့် "ဒုတိယအကြိမ် ဗိုလ်ချုပ်အောင်ဆန်းက ကျွန်တော့်အပေါ် အနိုင်ရသွားပြန်ပြီ" ဟုဗိုလ်ချုပ်ကြီး ဆလင်းက ရေးထားရှိမက ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားမှုကိုရော ဗိုလ်ချုပ်အောင်ဆန်းကိုပါ

www.burmeseclassic.com

www.burmeseclassic.com



သဘောကျသွားပြီဟု မှတ်တမ်းတင်ထားသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးပြီးသောအခါ ဗိုလ်ချုပ်အောင်ဆန်းအပေါ် သူ၏အမြင်ကို ဗိုလ်ချုပ်ကြီးဆလင်းက သူရေးသည့် Defeat into Victory စာအုပ်တွင် အောက်ပါအတိုင်းတင်ပြထားသည်။

"ဗိုလ်ချုပ်အောင်ဆန်းကို ကျွန်တော်အထင်ကြီးသည်။ သူသည် စစ်ပြီးခေတ် မြန်မာနိုင်ငံတွင် ခေါင်းဆောင် တစ်နေရာမှန်းထားသော်လည်း ကောက်ကျစ်စဉ်းလဲသည့်နည်းဖြင့် ကြီးမွားလိုသည့် ပြောက်ကျားခေါင်းဆောင်မျိုးကား မဟုတ်။ သူသည် တကယ့်မျိုးချစ်ပုဂ္ဂိုလ်အစစ်ဖြစ်သည်။ အရာရာကို ချင့်ချင့်ချိန်ချိန်နှိုင်းနှိုင်းဆဆဖြင့် ဆောင်ရွက်တတ်သည်။ သူကဲ့သို့ ဤသို့အရည်အချင်းနှစ်မျိုးစလုံးပိုင်သူရှားသည်။ သူသည် ကတိကိုလွယ်လွယ်ပေးတတ်သူမဟုတ်။ ကတိပေးပြီးလျှင်လည်း ကတိတည်မည့်သူဟုထင်ရသည်။ သူ့ကို ကျွန်တော်အကြိုက်ဆုံးမှာ သူ၏ရိုးသားတည်ကြည်မှုပင်ဖြစ်သည်။ ထို့ကြောင့် သူနှင့်အလုပ်လုပ်၍ဖြစ်မည်ဟု ကျွန်တော်ယုံကြည်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်ကြီးဆလင်းတို့၏ တွေ့ဆုံဆွေးနွေးပွဲကို လေ့လာကြည့်သောအခါ ယုံကြည်မှုတည်ဆောက်ရေးအတွက် လိုအပ်သည့် ပွင့်လင်းမှု၊ တရားမျှတမှု၊ ခံစားမှု၊ ယုံကြည်မှု အမှန်ကိုပြောရဲသည့် သတ္တိရှိမှု၊ စွမ်းရည်ရှိမှု၊ ကတိကဝတ်ထားရှိမှုဆိုသည့် မြန်မာပို့စ်၏ အာဘော်နှင့်ထပ်တူထပ်မျှဖြစ်နေ၍ အောင်မြင်သည့် ဆွေးနွေးပွဲအဖြစ် လေ့လာတွေ့ရှိရသည်။ အချုပ်အားဖြင့်ဆိုလျှင် ယုံကြည်မှုတည်ဆောက်ရာတွင် ရိုးသားတည်ကြည် ဖြောင့်မတ်မှန်ကန်မှု (Sincere) ဖြစ်ဖို့လိုသည်မှာ အမှန်ဖြစ်ကြောင်း မြန်မာပို့စ်၏ အာဘော်ကိုထောက်ခံတင်ပြရေးသားလိုက်ရပါသည်။ ။

[မြန်မာပို့စ်ဂျာနယ်၊ အတွဲ ၁၊ အမှတ် ၂၂၊ ၂၀၁၂]



# "အနိုင်မခံ"နောက်ဆက်တွဲ

ခင်နှင်းဦး

ဗိုလ်ချုပ်အောင်ဆန်းသည် ဝီလျံအားနက်စ် ဟင်နလေ၏ Invictus ကဗျာကိုမှီး၍ "အနိုင်မခံ"ကဗျာကို ရေးသားကြောင်း အသေးစိတ်တင်ပြထားသည့် ဆရာကြီး မြကေတု၏ ဆောင်းပါးကို ကျွန်ုပ်တို့၏ Popular News ဂျာနယ်တွင် ရက်သတ္တနှစ်ပတ်ဆက်တိုက်ဖော်ပြပြီးနောက် နှစ်ရက်ခန့်အကြာတွင်မှ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်တွင် တာဝန်ထမ်းဆောင်နေသော ဆရာမဒေါ်ခင်နှင်းဦးထံမှ ယင်းကဗျာနှင့်ပတ်သက်သည့် စာမူတစ်ပုဒ် ရောက်လာပါသည်။

စာမူနှင့်အတူ ဆရာဦးညိုမြ၏ လက်ရေးမူမိတ္တူတစ်ခုပါ အထောက်အထားအဖြစ်တွဲဖက်ပါရှိလေ၏။ ဆရာ ဦးညိုမြ၏ လက်ရေးမူဝယ် သူလက်မှတ်ထိုးထားသောနေ့စွဲမှာ ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့ဖြစ်ကြောင်းတွေ့ရပါသည်။ ဆရာကြီး မြကေတု၏ ဆောင်းပါးမှာမူ ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီလထုတ် စစ်ပြန်မဂ္ဂဇင်းတွင် ဖော်ပြခြင်းခံရသော ဆောင်းပါးဖြစ်သဖြင့် ဦးညိုမြ၏ လက်ရေးမူက နှစ်နှစ်ခန့်ပိုစောသည်။

ဆရာဦးညိုမြက ၁၉၈၅ ခုနှစ် စက်တင်ဘာ ၂၉ ရက်နေ့တွင်ကွယ်လွန်ပြီး ဆရာကြီး မြကေတုမှာမူ ၁၉၉၇ ခုနှစ် ဇန်နဝါရီ ၂၄ ရက်နေ့တွင်မှ ကွယ်လွန်ခဲ့ခြင်းဖြစ်ရာ သူတို့ မကွယ်လွန်ကြသေးမီတွင် နှစ်ဦးသား ဆုံမိကြပါလျှင်သော်လည်းကောင်း၊ ဆရာကြီးမြကေတု၏ ဆောင်းပါးကို ဆရာဦးညိုမြဖတ်မိလျှင်သော်လည်းကောင်း၊ မြန်မာ့

www.burmeseclassic.com



**သမိုင်းအတွက် ယခုထက် ပိုမိုအကျိုးထူးပေလိမ့်မည်ဟု တွေးမိသော်လည်း ဆရာကြီးနှစ်ဦးမှာမူ ဆုံမိခဲ့ကြပုံမရဘဲ ကွယ်လွန်သွားကြရှာလေပြီ။**

**ဆရာမ ဒေါ်ခင်နှင်းဦး၏ဆောင်းပါးနှင့် ဆရာဦးညိုမြ၏လက်ရေးမူကို သာဆက်လက်လေ့လာဖတ်ရှုကြပါတုန်။**

**အယ်ဒီတာ**

| ၁ |

လူသားတို့ ဘာသာစကားစတင်တတ်မြောက်ခဲ့သည်မှစ၍ စာ၊ ကဗျာ၊ မှတ်တမ်း မှတ်ရာများကို ခေတ် အဆက်ဆက် ရေးသားလာခဲ့သည်မှာ ယနေ့ထိတိုင်ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် စာ၊ ကဗျာများမရေတွက်နိုင်သည်အထိ များပြားလာသဖြင့် ခေတ်အဆက်ဆက်ရေးသားခဲ့သမျှစာများအနက် တင်ကျန်သည့်စာလည်းရှိ၊ လူထုကြားတွင် ပျောက်ကွယ်သွားသည်လည်းရှိပါသည်။

သမိုင်းဆိုင်ရာ စာပေအထောက်အထားများကိုမူ သမိုင်းတန်ဖိုးပေါ်မူတည်၍ သက်ဆိုင်ရာနိုင်ငံ၊ သက်ဆိုင်ရာ လူမျိုးက နိုင်ငံတည်သရွေ့ တည်မြဲနေစေရန် ထိန်းသိမ်းစောင့်ရှောက်ကြပါသည်။

မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် သမိုင်းကြောင်းများအနက် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့် ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် လုံး၀ချန်လှပ်၍မရသော အမျိုးသားရေးခေါင်းဆောင်ကား ဗိုလ်ချုပ်အောင်ဆန်းဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း တက္ကသိုလ်ကျောင်းသားဘ၀မှ လုပ်ကြံခံရချိန်အထိ ဗိုလ်ချုပ်၏ နိုင်ငံရေး၊ စစ်ရေးဆောင်ရွက်ချက်များနှင့် ပုဂ္ဂလိကဘ၀သည် ယနေ့ထိတိုင် မြန်မာပြည်သူလူထုကြားတွင် ရှင်သန်လျက်ရှိပါသည်။ ဗိုလ်ချုပ်နှင့် ယှဉ်တွဲလာသော စာပေအရေးများကိုလည်း မြန်မာများ တန်ဖိုးထားကြပါသည်။ ထို့ကြောင့် 'အနိုင်မခံ' ကဗျာအား အခက်အခဲနှင့် ရင်ဆိုင်ရလျှင် ကြံ့ကြံ့ခိုင်ရေးအတွက် မကြာခဏကိုးကားရေးသားကြပါသည်။ ထိုကဗျာသည်ပင် ဗိုလ်ချုပ်၏ စိတ်ဓာတ်အဖြစ် ဖော်ကျူးခဲ့ကြသည်မှာ ယနေ့ထိတိုင်ဖြစ်ပါသည်။

ယနေ့ မြန်မာစာပေလောကတွင် 'အနိုင်မခံ'ကဗျာကို ဗိုလ်ချုပ်ရေးမရေး အသံကျယ်လောင်လျက်ရှိပါသည်။

ဆရာမြကေတု ရေးသားခဲ့ပြီး စစ်ပြန်မဂ္ဂဇင်း၊ ၁၉၈၁ ခုနှစ် ဖေဖော်၀ါရီလထုတ်တွင် ဖော်ပြခဲ့သည့် 'သခင်အောင်ဆန်းနှင့် သူ့ကဗျာ၊ သူ့နိမိတ်'ဆောင်းပါးကို ပေါ်ပြူလာနယူးစ်ဂျာနယ်က အတွဲ-၂၊ အမှတ် ၁၉-၂၀တွင် နှစ်ပတ်ဆက်တိုက် (၂၀-၅-၂၀၁၀ နှင့် ၂၇-၅-၂၀၁၀) ပြန်လည်ဖော်ပြခဲ့ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်နှင့် မြန်မာပြည်သူလူထု၏ အမျိုးသားခေါင်းဆောင်တစ်ဦးဖြစ်သည့်အား လျော်စွာ ဗိုလ်ချုပ်နှင့် ဆက်စပ်လာလျှင် သမိုင်းမှတ်တမ်းမှန်ကန်ရန် လိုအပ်သည်။ ဗိုလ်ချုပ်၏ ထူးခြားချက်ကလည်း ရိုးသားဖြောင့်မှန်၊ ဖြောင့်မတ်လွန်းခြင်းဖြစ်သဖြင့် ဗိုလ်ချုပ်နှင့် စပ်လျဉ်းပါက အကြောင်းအချက် တိကျမှန်ကန်ခိုင်လုံရန် လိုအပ်ပါသည်။





| ၂ |

စာရေးဆရာတိုက်စိုး၏အမည်ရင်းမှာ ဦးသန်းထွတ်ဖြစ်ပါသည်။ ၁၉၄၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ၀ိဇ္ဇာဘွဲ့ရရှိခဲ့ပြီး ထိုနှစ်မှာပင် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန၌ နည်းပြလုပ်ခဲ့ပါသည်။ ၁၉၄၇-၁၉၄၉ ထိ အင်္ဂလန်တွင် စာကြည့်တိုက်ပညာသင်ကြားခဲ့ပြီး ၁၉၄၉ တွင် အင်္ဂလိပ်စာဌာန၏စာကြည့်တိုက်မှူးအဖြစ်ဆောင်ရွက်ခဲ့ပါသည်။

ထို့နောက် ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၅ အထိ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်တွင် ဆရာဇော်ဂျီ၏ လက်ထောက်စာကြည့်တိုက်တွင် ဆရာဇော်ဂျီ၏ လက်ထောက်စာကြည့်တိုက်မှူးအဖြစ်လုပ်ကိုင်ခဲ့ပါသည်။ ၁၉၅၅ ခုနှစ်၌ပင် အမျိုးသားစာကြည့်တိုက် အထူးအရာရှိဖြစ်လာပြီး ၁၉၆၀ ပြည့်နှစ်တွင် ယဉ်ကျေးမှုဝိမာန်ဦးစီးဌာန၏ ညွှန်ကြားရေးဝန် (ယခုအခေါ် ညွှန်ကြားရေးမှူးချုပ်) အဖြစ် တာ၀န်ယူခဲ့သူဖြစ်ပါသည်။

၁၉၈၂ ခုနှစ်တွင် အငြိမ်းစားယူပြီးနောက် ကွယ်လွန်ချိန်အထိ တက္ကသိုလ်များ သမိုင်းသုတေသနဌာနတွင် သမိုင်းသုတေသီအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ဆရာတိုက်စိုးသည် ၁၉၃၇ ခုနှစ်တွင် စာပေ စတင်ရေးသားခဲ့ပါသည်။ ဆရာရေးသားခဲ့သည့် စာအများစုမှာ သုတေသနဆိုင်ရာဆောင်းပါးများဖြစ်ပါသည်။

ဆရာတိုက်စိုးသည် မည်သည့်သုတေသနစာပေကို ရေးသားသည်ဖြစ်စေ အကြောင်းအရာမခိုင်လုံဘဲမရေးဟု ပညာရှင်အသိုင်းအဝိုင်းနှင့် သာမန်စာဖတ်ပရိသတ်နှစ်မျိုးစလုံးက ယုံကြည်လက်ခံမှုကို ခံယူရသူဖြစ်ပါသည်။

ရေးသားခဲ့သည့် အင်္ဂလိပ်ကဗျာဆရာ W.E. Henley ၏ "Invictus" ကဗျာအား မှီးလျက်ရေးသားခဲ့သည့် 'အနိုင်မခံ ခေါင်းစဉ်ဖြင့် ၁၉၃၆ ခုနှစ်ထုတ် အိုးဝေမဂ္ဂဇင်းပါ ခေါင်းကြီးနှင့် စပ်လျဉ်း၍ ထိုစဉ်က ကိုယ်တိုင်ပါ၀င်ခဲ့သူ စာရေးဆရာညိုမြအား ဆရာတိုက်စိုးက မေးမြန်းခဲ့ပါသည်။

ဆရာတိုက်စိုး၏အမေးကို ဦးညိုမြက စာတိုလေးရေးလျက် ပြန်ကြားခဲ့ပါသည်။ ၎င်းတွင် ဆရာတိုက်စိုးက 'အနိုင်မခံစာ' ဟူသောခေါင်းစဉ်ဖြင့် ထိုခေါင်းကြီးကို ဗိုလ်ချုပ်အောင်ဆန်းမရေးသားကြောင်း ဒီဇင်ဘာ၊ ၁၉၈၁ ခုနှစ်ထုတ် စာပေလုပ်သားမဂ္ဂဇင်းတွင် ရေးသားခဲ့ပါသည်။ ဆရာတိုက်စိုး (၄-၅-၂၀၀၃) တွင် ကွယ်လွန်ခဲ့ပါသည်။

ဆရာတိုက်စိုးကွယ်လွန်ပြီးနောက် ဆရာ တစ်သက်တာစုဆောင်းခဲ့သော စာအုပ်စာတမ်းများကို အမျိုးသား စာကြည့်တိုက်က ထိန်းသိမ်းထားပါသည်။ ဆရာစုဆောင်းခဲ့သော စာရွက်စာတမ်းတချို့ကို ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကရရှိခဲ့ရာ ဆရာညိုမြ၏ 'အနိုင်မခံ'နှင့်ပတ်သက်သည့် စာလည်းပါ၀င်ပါသည်။ ဆရာညိုမြ၏လက်ရေးဖြင့် ရေးသားရှင်းလင်းချက်အား ပူးတွဲဖော်ပြပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်သော အနိုင်မခံစာသမိုင်းမှန်အား ဆုံးဖြတ်ရန် စာဖတ်သူများ၏ တာ၀န်ဖြစ်ပါသည်။ ။

[ပေါ်ပြူလာနယူးစ်ဂျာနယ်၊ ၃-၆-၂၀၁၀]

www.burmeseclassic.com

www.burmeseclassic.com

(အရှုံးမပေး) နှင့်ပတ်သက်၍

၁၉၇၆-ခု တက္ကသိုလ် [illegible]
[illegible] ပြီး နောက် ၁၉၇၇ ခုနှစ်
တွင် ထုတ်ဝေသည့် တက္ကသိုလ် [illegible] မဂ္ဂဇင်း
([illegible]) ကို တာဝန်ခံ အယ်ဒီတာ အဖြစ် ကို
[illegible] ([illegible]) [illegible] ခဲ့ပါသည်။
[illegible] (အရှုံးမပေး)
ဟူသော ခေါင်းစဉ်ဖြင့် ရေးသား [illegible]
မှာ W. E. Henley ၏ အင်္ဂလိပ် [illegible]
[illegible] Invictus ဟူသော [illegible]
ရေးသားခဲ့ခြင်းဖြစ်သည်။ [illegible]
သည့် တက္ကသိုလ် [illegible]
[illegible]
([illegible] လည်းပါသည်) [illegible]
ခဲ့ရာ [illegible]
[illegible] ခဲ့ပါသည်။

[illegible]
Feb 5/79

# သုတေသနနှင့် စိတ်ခံစားမှု

ခင်နှင်းဦး

[ ၁ ]

မည်သည့်ပညာရပ်နယ်ပယ်ဖြစ်စေ၊ သုတေသနမရှိပါက မတိုးတက်ဟု ဆိုရိုးစကားရှိပါသည်။ ပညာရပ်နယ်ပယ်အသီးသီးတွင် သုတေသီများက ဆိုင်ရာပညာရပ်အတွက် သုတေသနများ ပြုကြပါသည်။ သုတေသနတွေ့ရှိချက် ခိုင်မာပါက၊ ပညာရှင်များက လက်ခံပါက ယခင်က သိခဲ့မှတ်ခဲ့သည်များနှင့် ပြောင်းပြန်ဖြစ်ကုန်သော ရလဒ်များလည်းရှိပါသည်။

ဥပမာ - ရာဇကုမာရ်သည် ကျန်စစ်သားမင်းကြီး၏ သားမဟုတ်၊ ကျန်စစ်သားမင်းကြီးကြည့်ရှုမစောင့်ရှောက်ခဲ့သော အမတ်သာဖြစ်သည်ဟု ဘာသာစကားရှုထောင့်၊ သမိုင်းရှုထောင့်အရ အခိုင်အမာသုတေသနတွေ့ရှိချက်များ ၁၉၇၀ မှ ၂၀၀၃ ကြား ပေါ်ထွက်ခဲ့ပါသည်။ အများစုက လက်မခံနိုင်ကြပါ။ သမိုင်းခေါက်ရိုးကျိုးကာ သားဟုသာ စိတ်ခံစားချက်အရ လက်ခံနေကြဆဲဖြစ်ပါသည်။

[ ၂ ]

၁၉၃၆ ခုနှစ် အိုးဝေမဂ္ဂဇင်း၏စာတည်းမှာ မောင်ညိုမြ။ အယ်ဒီတာအဖွဲ့ကား မောင်ညိုမြ၊ မန်နေဂျာ မောင်ညိုထွန်းနှင့် အတွင်းရေးမှူး မောင်ဆုမြိုင်တို့ဖြစ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

တက္ကသိုလ်များ သမိုင်းသုတေသနဌာနသည် ၁၉၅၅ ခုနှစ်က စတင်တည်ထောင်ခဲ့သည့် သမိုင်းကော်မရှင်အဖွဲ့မှ မြစ်ဖျားခံပေါက်ဖွားခဲ့သည့် သမိုင်းသုတေသနအဖွဲ့ဖြစ်ပါသည်။ ဦးမြဟန် သည်ထိုဌာနမှသုတေသနမှူးတစ်ဦးဖြစ်ပါသည်။

တက္ကသိုလ်များ သမိုင်းသုတေသနဌာနရှိ သမိုင်းသုတေသီများသည် မြန်မာ့သမိုင်းကို ခေတ် အလိုက် ပိုင်းခြားတာဝန်ယူသုတေသနပြုခြင်း၊ မြန်မာနိုင်ငံ၏အရေးကြီးသော လူပုဂ္ဂိုလ်၊ သမိုင်းဖြစ် ရပ်များအား သုတေသနပြုခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

၁၉၉၇ ခုနှစ်တွင် အထက်ပါဌာနက နှစ် (၅၀) ပြည့် မြန်မာ့လွတ်လပ်ရေးရွှေရတုအထိမ်း အမှတ်အဖြစ် 'ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာ'အမည်ဖြင့် ဗိုလ်ချုပ်အောင်ဆန်း ရေးသား သော စာများအကြောင်း၊ သုတေသနပြု၍ထုတ်ဝေခဲ့ပါသည်။ သုတေသီကား ဆရာဦးမြဟန်ဖြစ်ပါ သည်။

ထိုစာအုပ်တွင် ဗိုလ်ချုပ်ရေးသားခဲ့သော စာများကိုသာမက ဗိုလ်ချုပ်နှင့်ပတ်သက်၍ လူသိ နည်းသော ဖြစ်ရပ်တချို့ကိုပါ ပြန်လည်ဖော်ပြခဲ့ပါသည်။ ဥပမာ - ၁ ဩဂုတ် ၁၉၄၃ ရက်နေ့ထုတ် ဗမာ့ခေတ်သတင်းစာတွင် ဖော်ပြခဲ့သော 'ဗမာ့လွတ်လပ်ရေး အရေးတော်ပုံ'ဆောင်းပါးဖြစ်ပါသည်။ စာအုပ်တွင် ဖော်ပြခဲ့သော ဗိုလ်ချုပ်၏လက်ရာများမှာ -

၁။ Burma and Buddhism
၂။ Freedom of Dress in Schools
၃။ မင်းကြီးဦးမင်းရောင်
၄။ လောကဝိဟာ
၅။ ကျောင်းသားဝတ္တရား
၆။ နိုင်ငံရေးအမျိုးမျိုး
၇။ ကမ္ဘာစစ်နှင့် ဗမာ
၈။ ဗမာ့လွတ်လပ်ရေးအရေးတော်ပုံ
၉။ ကိုယ်ရေးအတ္ထုပ္ပတ္တိ
၁၀။ ဗိုလ်ချုပ်နှင့်စာပေ
၁၁။ Life Sketch of the Author, Burma's Challenge တို့ဖြစ်ကြပါသည်။

ဗိုလ်ချုပ်အမှာစာရေးပေးခဲ့သည့်စာအုပ်များမှာ -

၁။ သေနင်္ဗျူဟာစစ်သမိုင်း
၂။ တိုင်း (၆) စာစောင်
၃။ မြန်မာ့သူရဲကောင်း ဗိုလ်မှူးကြီးဗထူး
၄။ ဇဝနဂျာနယ်
၅။ ဒီးဒုတ်ဂျာနယ်တို့ ဖြစ်ကြပါသည်။

ထိုစာအုပ်များကို တက္ကသိုလ်များ၊ သမိုင်းသုတေသနဌာနမှ အချိန်ပိုင်းသုတေသီ ဦးသ





ထွန်း (အငြိမ်းစား သံအမတ်ကြီး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့ပါသည်။ အင်္ဂလိပ်ဘာသာဖြင့် စာအုပ်ကို သီးခြားထုတ်ဝေခဲ့ပါသည်။

ဖေဖော်ဝါရီ ၂၀၁၀ တွင် ဆရာဦးမြဟန်၏ မြန်မာဘာသာဖြင့်ရေးသားချက်နှင့် ဆရာကြီး ဦးသက်ထွန်း အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသည်များ ပူးတွဲလျက် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ (Bilingual) ဖြင့် ဒုတိယအကြိမ် ထပ်မံပုံနှိပ်ခဲ့ပါသည်။ ပထမအကြိမ် ပုံနှိပ်ခြင်းကို တက္ကသိုလ်များ သမိုင်းသုတေသနဌာနအတွက် အင်းဝစာအုပ်တိုက်က ပုံနှိပ်ပေးခဲ့ပါသည်။ အားမာန်သစ်စာပေက ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

| ၄ |

Aung San of Burma စာအုပ်ကို ဒေါက်တာမောင်မောင်က စုစည်းပြီး ယေးလ်တက္ကသိုလ်၊ အရှေ့တောင်အာရှ လေ့လာရေးဌာနက အင်္ဂလိပ်ဘာသာဖြင့် ၁၉၆၂ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့ပါ သည်။ ထိုစာအုပ်တွင် အခန်း (၅) ခန်း ပါဝင်ပါသည်။

အခန်း (၁) အောင်ဆန်း၏ပုံရိပ်လွှာ၊ အခန်း (၂) စစ်နှင့် ခုခံကာကွယ်ရေး၊ အခန်း (၃) ကြိုးပမ်းအောင်မြင်မှုများ၊ အခန်း (၄) အောင်ဆန်း၏ ဉာဏ်ပညာအမြော်အမြင်၊ အခန်း (၅) အောင်ဆန်းအကြောင်း ချီးကျူးရေးသားချက်များဖြစ်ပါသည်။

အခန်း (၁)၊ (၂)၊ (၃)နှင့် (၅)ပါ ရေးသားချက်များသည် ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို ထိုစဉ်က မြန်မာနိုင်ငံရှိ ထင်ရှားကျော်ဇောနေသူများ၊ ထိပ်သီးများက ဝိုင်းဝန်းရေးသားကြခြင်းဖြစ်ပါ သည်။ အခန်း (၄)ပါ စာများမှာ ဗိုလ်ချုပ်အောင်ဆန်း၏မိန့်ခွန်းနှင့် ရေးသားချက်များမှ ကောက်နုတ် ဖော်ပြချက်များဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးသားကြသူများမှာ ပြည်တွင်းပြည်ပနှစ်ဌာနမှမြန်မာများ နှင့် နိုင်ငံခြားသားများဖြစ်ကြပါသည်။ ခြွင်းချက်အနေဖြင့် အခန်း (၁) ခေါင်းစဉ်လာ 'Self-Portrait' သည် ဗိုလ်ချုပ်၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းအကြောင်း သုတေသနပြုလိုသူများအတွက် အထောက်အကူပြုနိုင်ရန် [illegible]ရွယ်ရေးသားပါသည်။ ။

[ပေါ်ပြူလာနယူးစ်ဂျာနယ်၊ ၂၄-၆-၂၀၁၀]



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းကျောင်းသားဘဝက ရေးခဲ့သော ဆောင်းပါးတစ်ပုဒ်

မြင့်ဆွေဦး

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကျဆုံးခဲ့သည်မှာ နှစ်ပေါင်း ၆၄ နှစ်ရှိ လေပြီ။ တိုင်းပြည်က အလွန်ချစ်မြတ်နိုးခဲ့သော ဗိုလ်ချုပ်ကို ယနေ့တိုင် တသသနှင့်မေ့မရနိုင်သေး မြန်မာ့လွတ်လပ်ရေးရအောင်လည်း သူဆောင်ကြဉ်းပေးခဲ့သည်။ သည့်အပြင် သူ့အပြော သူ့အရေးအသားများဖြင့် တိုင်းပြည်ကို အမွေပေးထားရစ်ခဲ့လေသည်။

ယင်းတို့အနက် နိုင်ငံရေးအမျိုးမျိုး၊သေနင်္ဗျူဟာစစ်ပညာ၊ လောကဝိဟာရနှင့် ကျော သားဝတ္တရားစသော ဆောင်းပါးများကို ကျွန်တော်တို့ဖတ်ရှုခဲ့ရပြီးဖြစ်သည်။ အခါအားလျော်စွာ စာစောင်မဂ္ဂဇင်းများ၌ ပြန်လည်ဖော်ပြခဲ့ကြသည်။

ဗိုလ်ချုပ်သည် မြန်မာနိုင်ငံကို နယ်ချဲ့လက်အောက်မှ လွတ်မြောက်စေချင်သည့် ကြောင့်သာ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ၌ ဦးဆောင်ဦးရွက်ပါဝင်နေခြင်းဖြစ်သည်။ တ ဝါသနာမှာကား စာရေးချင်သူတစ်ယောက်၊ စာရေးဆရာတစ်ယောက်ဖြစ်ချင်သူဖြစ်သည်။

ထို့ကြောင့်လည်း ကျောင်းသားဘဝတွင် တစ်ဖက်က နိုင်ငံရေးလုပ်ရင်း၊ တစ်ဖက်က လပ်ချိန်ရလျှင်ရသလို ဆောင်းပါးများရေးခဲ့သည်။ ထိုဆောင်းပါးများရေးသားရာတွင် ဂန္ထလော အင်္ဂလိပ်လိုရေးသားခဲ့ပြီး ဒီးဒုတ်ဂျာနယ်၊ ဒဂုန်မဂ္ဂဇင်း၊ သူရိယနှင့် မျိုးညွန့်မဂ္ဂဇင်းတို့တွင် မြန် ဘာသာဖြင့် ရေးသားခဲ့သည်။



ဗိုလ်ချုပ်အောင်ဆန်းသည် တကယ်တော့ စာရေးဆရာအဖြစ်ကို ပို၍ ခုံမင်သူဖြစ်သည်။ ဖက်ဆစ်တော်လှန်ရေးအပြီး ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌ ဘဝနှင့် အင်္ဂလိပ်အစိုးရအတိုင်ပင်ခံ အစိုးရ အဖွဲ့တွင် ပါဝင်ဆောင်ရွက်ရင်း၊ လွတ်လပ်ရေးအတွက် အရေးဆိုနေစဉ် လွတ်လပ်ရေးရလျှင် နိုင်ငံရေးက အနားယူပြီး စာရေးမည်ဖြစ်ကြောင်း ကြုံလျှင် ကြုံသလို ဖွင့်ဟပြောဆိုခဲ့ဖူးသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသွားခဲ့သည်မှာ အမျိုးသားခေါင်းဆောင်ကြီးတစ်ဦး အနေဖြင့်သာမကဘဲ စာရေးဆရာတစ်ယောက်အဖြစ်နှင့်ပါ တိုင်းပြည်က လက်လွှတ်ဆုံးရှုံးသွားခြင်း ဖြစ်လေသည်။

ယခုဖော်ပြသည့် ဆောင်းပါးမှာ ဗိုလ်ချုပ်အောင်ဆန်းကျောင်းသားဘဝက ဒီးဒုတ်သတင်း စာတွင် ရေးသားခဲ့သော "အမျိုးသားစိတ်ဆိုင်ရာအကြောင်း" ဖြစ်လေသည်။ ယင်းဆောင်းပါးကို ဒီးဒုတ်သတင်းစာအတွဲ ၁၁ အမှတ် ၃၉ (ဇူလိုင် ၁၃၊ ၁၉၃၅) နှင့် အတွဲ (၁၁) အမှတ် (၄၁) (ဇူလိုင် ၂၇၊ ၁၉၃၅) တို့တွင် နှစ်ပတ်ဆက်၍ ရေးသားခဲ့ခြင်းဖြစ်သည်။ ဤဆောင်းပါးသည် ဗိုလ်ချုပ်အောင် ဆန်း မြန်မာဘာသာဖြင့် ရေးသားခဲ့သော ဆောင်းပါးများအနက် ယခုတွေ့သမျှတွင် အစောဆုံး ဆောင်းပါးဖြစ်သည်။ ထို့ကြောင့် ထိုဆောင်းပါးကို မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

## အမျိုးသားစိတ်ဆိုင်ရာအကြောင်း ရှင်းလင်းချက်များ

**ရေးသူ- မောင်အောင်ဆန်း**

အမျိုးသားစိတ်ဓာတ်ဆိုတာ ဘာလဲ။တိုင်းရင်းသားလူမျိုး (Nation) ဆိုတာဘာလဲ။ လူမျိုးသီးခြား (Nationality) ဆိုတာဘာလဲ။ ဤကဲ့သို့ ကျွန်တော်မေးခွန်းထုတ်လိုက်သည်တွင် နာမည်နောက် အမြီးပါသောလူများ။ အမြီးပါ ဓာနီးလူများလက်ထက်မှ ရှုပ်ပွေဆန်းပြားလာပေတော့ သည်ဟု အချို့က ကဲ့ရဲ့ပြစ်တင်သဂြိုဟ်ချင်ကြပေလိမ့်မည်။ အချို့ကလည်း သည်လောက်တော့ ကလေးသူငယ်များပင် သိစရာအကြောင်း ရှိကြောင်း၊ အပ်သည် အဖျားချွန်၏ စသဖြင့် ကျွန်ပညာကို ရှာကြရှာသော ခွေသမားတွေကျမှပဲ သူများထက်ကဲလာတော့တယ်ဟု ရယ်သွမ်းသွေးကောင်း ပွားကြပေလိမ့်မည်။ သို့ရာတွင် ဤကဲ့သို့ မေးခွန်းထွက်ဆိုခြင်းသည် သရုပ် (Defination) ဖော်ပြ ရန်အတွက်ဖြစ်ကြောင်း၊ အကြောင်းအရာ-လူ၊ ဝတ္ထုတစ်ခုခု၏ သရုပ်သကန်ကို ပထမဦးစွာ စင်စစ် ပြီးအပ်သည်မှာ ဗုဒ္ဓဘာသာစာပေကျမ်းဂန်ကို ကြည့်ရှုက နားလည်နိုင်ပေသည်။ ဘယ်သို့သိရမည် နည်းဟုစောဒကတက်က အတ္တဟူသော စကား၏ အနက်အဓိပ္ပာယ်အကျယ်အဝန်း၊ ဗြဟ္မာဟူသော စကား၏ အနက်အဓိပ္ပာယ် အကျယ်အဝန်း၊ ဗုဒ္ဓဟူသော စကား၏ အဓိပ္ပာယ်အကျယ်အဝန်း၊ ဟာက လူ၊ တိရစ္ဆာန်စသောစကားရပ်များ၏ အကျယ်အဝန်း၊ ထိုကဲ့သို့ စကားမျိုးများကို ထောက်၍ ဆိုလိုက်ပေသည်ဟု ဖြေလိုက်ပါ၏။ ဝိဂြိုဟ်ပြုပုံတစ်မျိုး၊ လူကလည်း ဆိုနိုင်ပါ၏။ သို့ရာတွင် ထင်ရာ မြင်ရာ မှောက်လှန်ကုန်စင်အောင် အဓိပ္ပာယ်နှိုက်တွေးခြင်း၊ စူးစမ်းခြင်းမရှိဘဲ ပါးစပ်ဆော့၍ ပြုလုပ် သော ဝိဂြိုဟ်မျိုးမဟုတ်ဘဲ အများသတ်မှတ် အတည်ပြုသည့် တသီးတရပ် ဝိဂြိုဟ်များကို ဆိုလို လည်း။ ထိုသို့ရှိမှသာ တသီးတခြား အကြောင်းအရာတစ်ခုအတွက် ထင်းခနဲ ကွက်ခနဲ မြင်လောက် အောင် ပြင်းကွက်မတွေ့ရစေအောင် ဖြစ်နိုင်စေလေသည်။ ကျွန်တော်သိသလောက် ကျွန်တော်တို့

www.burmeseclassic.com



မြန်မာစာပေတွင် ပို့ကဗျာများတွင် ခွဲထားဟူ၍ သံတူကြောင်းကွဲ အဓိပ္ပာယ်ခွဲခြင်းနှင့် မြန်မာသဒ္ဒါ ဥပဒေရပ်များမှ တစ်ပါးအခြားသီးခြား ဘာသာရပ်များတွင် သရုပ်အနက်အဓိပ္ပာယ်ရှင်းလင်းအောင် ဖော်ပြချက်များ မရှိသလောက်ရှားပေ၏။ ဥပမာ-ကျွန်တော်တို့ နိုင်ငံကြီးတွင် မှီတင်းနေကြသော ရှမ်းလူမျိုး၊ ကရင်လူမျိုးစသည်ဖြင့် လူမျိုး ( Race) အားဖြင့်ကား ခွဲခြားထားပေ၏။ သို့ရာတွင် အမျိုးဆိုတာ စကားကိုကား ခွဲခြားခြင်းမရှိချေ။ အမျိုးဆိုတာ ဘာလဲ။ ဘယ်အမျိုးအတွက် ကျွန်ုပ်တို့ ကြိုးစားရမည်နည်းဟု တစ်ဦးတစ်ယောက်က မေးငြားအံ့။ ကျွန်ုပ်တို့အဖို့ တူညီသော အဖြေကို ပေးမည်နည်း။ မြန်မာလူမျိုးအတွက် ကြိုးစားမည်ဟူသည်ကို ခွဲခြားရန်လိုလေသည်။ သို့ဖြစ်ရကား ရေးသားမည်စီစဉ်သောဥယျောဇဉ်နှင့် သက်ဆိုင်ရာ သက်ဆိုင်ကြောင်းတို့ကို ရှေးဦးအစ စကားပလ္လင် အဖြစ် ရှင်းလင်းပြီးနောက်မှ ရေးသားမှသာလျှင် ထိုအကြောင်းအရာကို ဖတ်ပြီးသည်၏ အဆုံးတွင် စာဖတ်သူသည် ရှုပ်ရှုပ်နှင့်ပင် နားမလည်ဘဲ ရှင်းနိုင်သမျှ ရှင်းလင်းနိုင်သမျှ ရှင်းလင်းလေရာသည်။ သို့ ရှင်းလင်းရာ၌ အရှင်အချီးပလ္လင်ခံတွင် အနောက်နိုင်ငံ နိုင်ငံရေးပညာရှိများပင်လျှင် အမျိုးမျိုး တွေး အမျိုးမျိုးရှာဖွေ စိစစ်ကြသည်ပင်လျှင် ဂနစ္စာမတွေ့သေး။ ယခုအချိန်အခါကို အများဆုံး သဘောတူညီသည့်စကားများကိုသာ မှီငြမ်းပြု၍ ကျွန်တော်၏ ထင်မြင်ယူဆချက်များကိုပါ ကျွန်တော်၏ အနည်းငယ်မျှသော အသိဉာဏ်အတိုင်း ရေးသားဖော်ပြပေအံ့။

ယင်းသို့ တပြီးကား အမျိုးသားစိတ်ဆိုသော စကား၏ နယ်နိမိတ်၊ သီးခြားလူမျိုး၊ လူမျိုး ချည်းဟုမဆိုလို (မဆိုသာ)အစိုးရပြည်ပိုင် တိုင်းသားအမျိုး (ဝါ) အမျိုး (အတိုကောက် ဤသို့ခေါ်ကြ ပါစို့) ဟူသောစကားရပ်များ၏ နယ်နိမိတ်များကို စိစစ်ဖွေရှာကြပေအံ့။

အင်္ဂလိပ်စာဖတ်သူများအတွက် စာအုပ်ညွှန်းများ

1.History of Political Thought by Raymond Gettell.

2.Principles of political Science by R.N Gilchrist.

3. Elements of Political Science by S. Leacock.

4. An Introduction to Political Science by E.F Bowman.

5. Political Ideals by De lisle Burns.

(ဆက်ရန်ရှိသေးသည်)

ဒီးဒုတ်သတင်းစာ၊ ဧကဒသမတွဲ၊ နံပါတ် ၃၉၁၂၉၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်၊ အတွဲ၁၁၊ အမှတ် ၃၉ (ဇူလိုင် ၁၃၊ ၁၉၃၅)

စာ ၂၃-၂၄။

## အမျိုးသားဆိုင်ရာအကြောင်း

(ယခင်တစ်ပတ်မှအဆက် )

အမျိုးသားရေးစိတ်သည် မိမိအမျိုးကိုသာသိ၍ အခြားအမျိုးများကို ညှဉ်းပန်းတိုက်ခိုက်လို သော စိတ်ဖြစ်သည်ဟု ဘေစီဟက်ဆိုသူပုဂ္ဂိုလ်ကဆို၏။ ကိုလံဘီယာတက္ကသိုလ် ပါမောက္ခများ အရကား အမျိုးသားစိတ်သည် တိုင်းပြည်ချစ်ခင်ခြင်းဖြစ်သည်လည်း မှန်ပါ၏။ သို့ရာတွင် တိုင်း





ပြည် ချစ်ခြင်းအပြင် အခြားရှိသေး၏။ အမျိုးသားစိတ်သည် အခြားအမျိုးများကို ရန်ငြိုးထားကာ နှိပ်စက်ကလူပြုချင်သည့် မိမိတိုင်းပြည်အကြောင်းကို ဝင့်ဝါကြွားလွှားတတ်သော စိတ်ဝသီမျိုးဖြစ် လေသည်ဟူသည်ပင်ဖြစ်ပေ၏။ ရန်ကုန်တက္ကသိုလ်ကျောင်းတွင် ပါမောက္ခလူအဖြစ်မှ ထွက်သွား သော ဒေါက်တာဟော တစ်ရံရောအခါတွင် ဟောပြောချက်တွင်လည်းမဂ္ဂိမခေတ်အခါက အမျိုးသား စိတ် နိုးကြားခြင်းမှာ အဘိဇ္ဈာစိတ်မှ ဖြစ်ပေါ်လာခဲ့သည်ဟု ဆို၏။

အီတလီပြည် မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့သော လှိုထက်ဟက်၏ ဇနီးကမူကား အမျိုးသား စိတ်သည် မိမိအမျိုးအတွက် ကြိုးစားရာတွင် ကမ္ဘာတစ်ဝန်းလုံး၏ အကျိုးပါထင်အောင် ပြုခြင်းဖြစ် သည်ဟုဆိုပေ၏။ ပြင်သစ်ပြည် အနာတို ဖရန့်ဟူသော နိုဘယ်ဆုရဖူးသူ ပုဂ္ဂိုလ်ကြီးက မူကား ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အမျိုးကိုချစ်ခင်ကြနိုင်ပါ၏။ သို့ရာတွင် အခြားအမျိုးတို့ကို အပြစ်မတင် ဘဲ အချစ်ဝင်ရာ၏။ ဤသို့အမျိုးသားစိတ်၏ သဘာဝများကိုဖော်ကြပေ၏။ ဤတွင် အမျိုးသား စိတ်၏ သဘောတရားများကိုသာ ဖော်ပြခြင်းဖြစ်၍ အမျိုးသားစိတ် မည်ကဲ့သို့ဖြစ်ပေါ်လာသည် ဟူသည်ကို ဖော်ပြခြင်းမဟုတ်ပေ။

သို့ရာတွင် အမျိုးသားစိတ်ဖြစ်ပေါ်ရာ အမှီသဟဲပြုရာ Nationailty (သီးခြားလူမျိုး အထိမ်းအမှတ်) အကြောင်းကို စိစစ်ကြစို့။ ပရိုဖက်ဆာဂစ်ထခရိုက်၏ Priciples of Political Science စာအုပ်တွင် (Nation) အမျိုးဟူသော စကားမှာ နိုင်ငံရေး ဥပစာလုံးလုံးဖြစ်၍ Nationality (လူမျိုးသီးခြားဝါဒ) ဟူသည်မှာ နိုင်ငံရေး ဥပစာနိမိတ်ရှိသော်လည်း အခြေခံဇာတိမျိုးရိုးနှင့် ဆက်နွယ်ရာ အကြောင်းများမှ ဖြစ်ပေါ်လာကြောင်း များသောအားဖြင့် လူမျိုးတူ ဘာသာစာပေ ခြင်းအတူတူ၊ အယူဝါဒခြင်းအတူတူ၊ ထုံးစံတံတွာ ရာဇဝင်စကားခြင်းအတူတူ၊ နေရာအရပ်လည်း အတူတူ၊ အကျိုးစီးပွားခြင်းလည်းအတူတူဖြစ်၍ ကျောသားရင်သားမခြား၊ သာနာညီမျှ နိုင်ငံအုပ်ချုပ် ရေးအသင်း (ဝါ) အစိုးရရှိ၍ နိုင်ငံစည်း လုံးညီညွတ်ရေးရှိလာရန် ဆန္ဒစိတ်ကူးများမှ အမျိုးသားစိတ် ဖြစ်ပေါ်လာသည်ဟု ဆိုပေ၏။

သို့ရာတွင် ဤဖော်ပြချက်အင်္ဂါအားလုံးတို့မှလည်းကောင်း၊ အချို့မှလည်းကောင်း၊ တစ်ခုတည်းမှသော်လည်းကောင်း၊ အမျိုးသားစိတ်ဖြစ်ပေါ်ချင်မှဖြစ်ပေါ်လိမ့်မည်။ အကြောင်းမူကား အမျိုးသားစိတ်သည် ဝိဉာဉ်စိတ်ဓာတ်နှင့်သာ ဆိုင်၍ကိုယ်ပိုင်အုပ်ချုပ်ရေးတစ်နည်းနည်းကိုအမြဲ များဖွနေသောစိတ်ဖြစ်လေသည်။ သို့ရာတွင်မည်သည့်သီးခြားလူမျိုးတွင် မဆိုဖော်ပြီးခဲ့သောအင်္ဂါ များထဲမှအချို့ကိုတွေ့မြင်ရပေကြောင်းစသည်ဖြင့်လည်း ပရိုဖက်ဆာဂစ်ထခရိုက်ကဆိုထားပေ၏။

အီးအက်ဖ်ဘိုးမင်း၏ An Introduction to Political Science ဟူသောစာအုပ်တွင်ကား အမျိုးသားစိတ်သည် တဖြည်းဖြည်းအားယူလာ၍ အကျပ်အတည်းအရေးပေါ်လာသောအခါ ပွက်ပေါ်လာတတ်၍ လူပုဂ္ဂိုလ်တွင် တွေ့နိုင်သော ဝင့်ဝါပလွှားခြင်း စိတ်ဆတ်ခြင်း၊ သဘောပြောင်း လွယ်ပြောင်းလဲတတ်ခြင်းရှိ၍အမျိုးမျိုးသော ဌာနတွင် ထထကြွကြွဖြစ်စေနိုင်သော သတ္တိရှိလေသည်ဟု ဆိုထား ပေ၏။

ပရိုဖက်ဆာ Zimmern ဇင်းမန်း၏ Nationality and Government ဟူသောစာအုပ် တွင်ကား အမြင်ကျယ်သောမျက်စိနှင့် ထောက်ဆကြည့်ရှု၍ ပြောပါမူ လူစုတစ်စုသည် (အမျိုး)



www.burmeseclassic.com

www.burmeseclassic.com



ဟူသောစိတ်ဆန္ဒရှိပါက အမျိုးဖြစ်လာပေသည်ဟုမည်သူမဆိုပြောနိုင်ပေ၏။ ဤသို့ဖော်ပြထား ၏။ ပရိုဖက်ဆာမက်အိုင်ဗာရေးသော Modern State ဟူသောကျမ်းတွင်ကား အမျိုးသားစိတ် ဟူသည်မှာ ပေါင်းစုနေသော လူစုစိတ်ဖြစ်၍ ရာဇဝင်အချိန် တစ်ရပ်ရပ်တွင် တိုင်းနိုင်ငံနှင့် အစိုးရ ညီညွတ်ရေးကို ဖြစ်ခဲ့စေ၍ ယခုလည်းဖြစ်နေစေသော စိတ်ကို ခေါ်လေသည်ဟု ဆိုထားပြန်၏။ ဤသို့လျှင် သရုပ်အမျိုးမျိုးအားဖြင့် နိုင်ငံရေးဆရာများပေးကြသည်များကို ဆန်းစစ်ကြည့်၍ အမျိုးသားစိတ်သည် အစုလိုက်နေသောလူအပေါင်းတို့တွင် အတူတူစိတ်ကူး ဆန္ဒရှိ၍ စိတ်ခြင်း တတ်ခြင်း တူရှိပြီးလျှင် အတူနေလိုသည့် စိတ်ဖြစ်သည်ဟူသော သရုပ်ကိုရရှိလေသည်။ ဒီလစ်ဆ ဘန်းရေးသော Political Ideas စာအုပ်တွင် သွေးတူခြင်းထက် စိတ်ကူးတူခြင်း ရှေးဟောင်းနော ခေတ်တွင် ဒိုးတူပေါင်ဖက်ပြုခဲ့ဖူးသည်များကို မှတ်မိခြင်းတို့က အမျိုးသားစိတ်ကို ပိုမိုဖန်တီး သည်။ A common Memory and a common idea - these, more than a comm bloodmuck a nation .

ဤဆုံးဖြတ်ချက် မှန်မမှန်စစ်ဆေးရပေမည်။ ဤသရုပ်အရဆိုသော် လူမျိုးတူခြင်း ဘာသာတူခြင်း၊ အယူဝါဒတူခြင်း၊ အစရှိသော အင်္ဂါရပ်များမှာ အမျိုးတိုင်းတွင်လည်းကော သို့မဟုတ် လူမျိုးသီးခြားတိုင်းတွင်လည်းကောင်း မရှိမဖြစ်ဟူသောအခြေသို့ရောက်လောက်အော လိုအပ်သော အရာများမဟုတ်ပေ။ ထိုသို့မဟုတ်သည်မှာ အဘယ်အကြောင်းအရာ ရာဇဝ အထောက်အထားများ ကြည့်၍သိရသည်။ ။

မောင်အောင်ဆန်း

[ဒီးဒုတ်သတင်းစာ ဇေတဒသမတွဲ၊ နံပါတ် ၄၁၊ (ဇူလိုင်၊ ၂၇၊ ၁၉၃၅) စာ ၅-၆]

[ပြည်သူ့ခေတ်၊ အတွဲ ၁၊ အမှတ် ၁၁၊ ၂...]

# လွတ်လပ်ရေးရှေ့သားမီးတိုင်နှင့် ကိုလိုနီခေတ်ကာလ ၂၀ ရာစု၏အလယ်ပိုင်းနှစ်များ

မင်းကိုခါး (ကွမ်းခြံကုန်း)

BURMESE CLASSIC

အသက် (၃၂) နှစ်သာရှိသေးသော လူငယ်တစ်ဦးသည် တစ်တိုင်းတစ်ပြည်လုံးကို ကတိပေး ထားသည်။ ၁၉၄၇ ခုနှစ်။ ထိုလူငယ်၏ကတိကိုလည်း တစ်တိုင်းတစ်ပြည်လုံးက ယုံကြည်ကိုးစား ၍ကြားတက်ကြွနေကြသည်။ သူ၏ကတိမှာ “တစ်နှစ်အတွင်း လုံးဝလွတ်လပ်ရေးရစေရမယ်”ဟူ၍ ဖြစ်သည်။ ကတိပေးသူ လူငယ်ကား . . .

× × ×

သူ့ခေတ်သည် ကျွန်ဘဝကိုလိုနီခေတ်နှင့် ထိုကိုလိုနီခေတ်မှ လွတ်မြောက်ရန် “လွတ်လပ် ရေး” ကြိုးပမ်းမှုခေတ် ကာလဖြစ်သည်။ သူဖြတ်သန်းရသော အချိန်အားလုံးသည် ထိုခေတ်ကြီး ၏ဖြစ်အပျက်များနှင့်သာ လုံးထွေးရောပြွမ်း နေခဲ့ရလေသည်။ လွတ်လပ်ရေးရရှိချိန်ကိုကား သူမတွေ့မမြင်ခဲ့ရပေ။

သူ့အဖို့ တစ်သက်တာကား အကျပ်အတည်းများကို ကျောခိုင်းနောက်လှည့်၍ ရှောင်လွှဲသွား ရန် လမ်းကြောင်းများမရှိပေ။ အဘယ့်ကြောင့်နည်း။ သူသည် ကိုလိုနီဆန့်ကျင်ရေး၊ အမျိုးသား လွတ်လပ်ရေး တော်လှန်ရေးသမားတစ်ယောက် ဖြစ်သောကြောင့်ပင်။ “လွတ်လပ်ရေး” “နိုင်ငံ၏ ဖွံ့ဖြိုးသစ်” နေ့တိုင်းပင် သူစိတ်ကူးမျှော်မှန်းခဲ့သည်။ သူ့ခေတ်က မြန်မာအမျိုးသားစာဆို ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ပြောခဲ့သည်။ ကျွန်ခေတ်မှာ လူရာမဝင်ချင်ဘူးတဲ့။ ကိုအောင်ဆန်း (ဒဗိုလ် အောင်ဆန်း၊ ဗိုလ်ချုပ်အောင်ဆန်း)သည် ထိုလူစားဖြစ်သည်။ သူ့ခေတ်ပြိုင်များက ဆန်းစစ်တွေ့ရှိ ရသော လူငယ်ကိုအောင်ဆန်းသည် ကိုလိုနီကျွန်ခေတ်တွင် လူရာဝင်ရေးအတွက် အပေါင်းအသင်း

www.burmeseclassic.com

www.burmeseclassic.com



အဆက်ဖာသွယ် အခွင့်အလမ်းတက်လမ်းတွေ လိုက်ရှာဖွေသူမဟုတ်။ တစ်ကိုယ်ရေကောင်းစား ကြီးပွားရေးအတွေးအခေါ်တွေ သူ့မှာမရှိ။

သူ့အတွေးက နိုင်ငံနှင့်ချီ၍ "လွတ်မြောက်မှု"။

ကိုလိုနီ သူ့ကျွန်ဘဝတွင် ပြည်သူလူထုက "ဘုရား ကျွန်တော်မျိုး"ဟု လက်အုပ်ချီ၍ "မှန်ပါ့ဘုရား"ဟု နယ်ချဲ့အုပ်စိုးသူ လူမျိုးခြားကို ဘုရားထူး ဒူးထောက်ခဲ့ရ၊ နိမ့်ကျညှိုးငယ်၊ ဒုက္ခ အသွယ်သွယ်က ၁၉၃၀ ပြည့်လွန်နှစ်များတွင် လူငယ်တစ်ဦးသာဖြစ်သော ကိုအောင်ဆန်းကို ဒုက္ခ ရှရှ နာကြည်းထန်ပြင်းစေခဲ့ပြီးပြီ။ ဘုရင်ခံတဲ့။ ကိုလိုနီယန္တရားကြီးကား ပဒေသရာဇ်ခေတ် နယ်စား မြို့စားအုပ်ချုပ်ရေးပုံစံနှင့်မဝေးလှသော ဝတ်ရုံဟောင်းကြီးကို ခပ်တင်းတင်းလွှမ်းခြုံလျက်။ နိုင်ငံကို ကျွန်ပြုစိုးမိုးထားသော ကိုလိုနီနယ်ချဲ့နှင့် နယ်ချဲ့အလိုတော်ရိများက နန်းရင်းဝန်ကြီး၊ အမတ်ချုပ်ကြီး ဝတ်လုံတော်ရကြီး၊ တိုင်းမင်းကြီး၊ ခရိုင်ဝန်၊ အရေးပိုင်၊ နယ်ပိုင်၊ မြို့ပိုင်၊ မြို့အုပ်၊ သူကြီး "ဓမ တစ်လုံးပိုင်၊ အာဏာဖောင်းထက်မြ၊ ဘုရင်ခံချုပ်၊ ဘုရင်ခံဆိုသူတွေ မပြောနှင့် ဗြိတိသျှ နေမဝင်အင် ပါယာ ယန္တရားကြီးရဲ့ အောက်ဆုံးအဆင့် သူကြီးဆိုသည့်လူကပင် မြန်မာနိုင်ငံမှာ "ဘုရား" ထူးခံရ၊ အမိန့်တော်မြတ်ချမှတ်ချင် . . ။

**အို . . သင်တို့ကို ငါ ငြင်းဆိုလိုက်တယ်။**

**"ဗမာပြည်တစ်ဝန်း အကုန်**

**ဒို့အိမ်မှတ်ပါ ဒို့ယာမှတ်ပါ**

**အဲဒါ ဒို့ဗမာ"**

**"နောင် ဥဒါန်းဘယ်မကျေစရာ ရာဇဝင်တင်ထား မျိုးရိုးနွယ်လာ၊ ကမ္ဘာတစ်ခွင်မှာ ဖြင့်၊ ဗမာအထင်အရှား တို့ခေတ်တွင်မှ ညံ့ကြတော့မှာလား"**

အမျိုးအစားသစ် နယ်ချဲ့ဆန့်ကျင်ရေး မြန်မာပြည်လွတ်လပ်ရေးအရေးတော်ပုံ နိုင်ငံရေး အင်အားစုများက ကိုလိုနီဖိနှိပ်စိုးမိုးသူတို့ဆန္ဒနှင့် သီးခြားကင်းလွတ်စွာ ဖူးပွင့်လာကြပုံမှာ အိပ်မက် မဟုတ်။ အိပ်ပျော်နေသောနိုင်ငံကို လှုပ်နှိုးရန်။ သမိုင်း၏ဖြစ်ပေါ်တိုးတက်မှုအရှိတရားက ငယ် မိုးဦးတစ်ဖြိုက်ရွာလိုက်တဲ့အခါ စိန်ပန်းတွေ ရဲခနဲ လင်းခနဲ လန်းဆတ်တောက်ပ ပွင့်ဖူးလိုက် သလိုပဲ။ မြန်မာစာဆိုများ၊ ဂီတအနုပညာရှင်များကပင် ကျောခိုင်းနေ၍မရ။ မျက်နှာမူ မြတ်မြတ်နိုးနိုး စာဖွဲ့လွှမ်းပွေ့လိုက်ချင်စရာ။

သမိုင်းရဲ့အကွေ့။

နိုင်ငံကို စစ်ပွဲကြီးသုံးကြိမ်ပြုပြီး သိမ်းပိုက်အုပ်စိုးခဲ့သော နယ်ချဲ့ကိုလိုနီအာဏာရှင်များ အရှင်သခင်မဟုတ်ပါ။ ဒါ . . ဒို့မြေ၊ ဒို့ရေ . . ဒို့ကိုယ်တိုင် အရှင်သခင်၊ သူတို့နာမည်ရှေ့မှာ "သခင်"ဘွဲ့ကို မြင့်မြတ်ခြင်းနိမိတ်ပုံလို တပ်ဆင်လိုက်ကြသည်။

ယုံလိုက်ကြ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်လိုက်ကြ။

ကိုယ်သာအရှင်၊ ကိုယ်သာ သခင်။

ကိုလိုနီသမိုင်းခေတ် ၁၉၃၀ ပြည့်နှစ် ဆရာစံတောင်သူလယ်သမားအရေးတော်ပုံကြီး ပြင်းထန်သော ကိုလိုနီ ဆန့်ကျင်ရေးပုန်ကန်မှုက ထို ၁၉၃၀ ပြည့်လွန်နှစ်များ၏ အလယ်ပိုင်းကာလ





များတွင် လွတ်လပ်ရေးတိုက်ပွဲဝင် နိုင်ငံရေး အင်အားစုများဖြစ်လာကြတော့မည့် ကိုအောင်ဆန်းတို့ကို ပေါက်ကွဲအားမြှင့်ပေးသော စွမ်းအားပြည့် မြန်မာ့သမိုင်း ဒီရေဖြစ်ခဲ့သည်။

× × ×

"စံရှားခေါ် ဆရာစံ။ အထက်စွပ်စွဲချက်များကြောင့် သင့်အပေါ်မှာအပြစ်ရှိကြောင်း။ ဤရုံးတော်ကတွေ့ရှိကြောင်း။ ၎င်းအပြင် ဗြိတိသျှနေမဝင်အင်ပါယာ၏ ရှင်ဘုရင်နှင့် ဘုရင်၏ အစိုးရတို့အား အသင်က ပုန်စားပုန်ကန်ပြုလုပ်ကြောင်း ထင်ရှား၏။ ဤသို့ပြုလုပ်ခြင်းကြောင့် တိုင်းပြည်တွင် လူအမြောက်အမြားသေကျေပြီးလျှင် ဥစ္စာစီးပွားလည်း ပျက်ပြားကြောင်း။ သို့သော် ဤသို့ ပျက်ပြားသော်လည်း သင်သည် ဝမ်းနည်းခြင်းမရှိ။ ဝမ်းနည်းသည့်လက္ခဏာလည်း မပြခဲ့ချေ။

ထို့ကြောင့် သင့်လည်ပင်းကို ကြိုးတပ်၍ မသေမချင်း အသင့်ကို သတ်စေရန် အမိန့်ချမှတ်လိုက်ကြောင်း"။

လယ်သမားသူပုန်ကြီး ဆရာစံကမူ "မှန်ပါ့ဘုရား"ဟု လက်အုပ်မချီ။ ဘုရားမထူး။ မတရား ဗိုလ်ကျအုပ်စိုးသူတို့ကို တော်လှန်ပုန်ကန်ခြင်း အမှန်တရားအား စွန့်လွှတ်ရန် လုံးဝမစဉ်းစားခဲ့။ ကျွန်ခေတ်မှာ လူရာမဝင်ချင်ဘူး။

ဆရာစံကို ကိုလိုနီကြိုးစင်ပေါ်သို့ ဆွဲခေါ်လာကြသည်။ အို . . . လူမျိုးခြားဖိနှိပ်သူတို့ . . မြန်မာ့ရာဇဝင်ထဲ တရားမဝင် ကျူးကျော်ခုန်တက်လာစနှစ်များကပင် သင်တို့ကို ငါ ငြင်းဆိုလိုက် တယ်။ လက်ထိတ်ခတ်လျက်။ ငေးကြည့်နေသူများက "ဆရာစံ တုန်လှုပ်လေမလား" စူးစမ်းလျက်။ ကျွန်ဖြစ်ရတာထက် သေရတာမြတ်တယ်။ မင်းတို့ မလိုပါဘူး။ ဖယ်ကြစမ်း။ ငါ့ဘာသာတက်နိုင် တယ်။ တွဲခေါ်လာသူများကို ကြိုးစင်ရှေ့မှာ တွန်းဖယ်ထားပစ်ခဲ့လိုက်လေရဲ့။ ပထမခြေတစ်လှမ်း။ အမျိုးအတွက်။ ဒုတိယ ခြေတစ်လှမ်း။ ဘာသာအတွက်။ တတိယခြေတစ်လှမ်း။ သာသနာအတွက်။ ဆရာစံ၏ရုပ်ပုံလွှာက သူချစ်လှစွာသောနိုင်ငံကို မြတ်မြတ်နိုးနိုးလှုပ်နှိုးပစ်ခဲ့သည့် နိမိတ်ပုံ။ ဘယ် သော ခါမှ မမေ့နိုင်ဖွယ်ရာ တည်ကြည်လေးနက်စွာ ဦးခေါင်းကို မတ်ထားသည့် မြန်မာ့သူရဲကောင်း။ ငါ ပြန်လာမယ်။ တစ်နေ့ပြန်လာမယ်။ သန်းနဲ့ ချီပြီး ပြန်လာခဲ့မယ်။ ကြီးမြတ်သော သုပဏ္ဏက ဂဠုန်ရာဇာ မြန်မာကြီးသည် ကြိုးစင်ထက် မယိမ်းမယိုင်တက်သွားနေသည်။ သူ့နောက်ကျောမှာ ကိုလိုနီခေတ် သူ့ကျွန်ဘဝ မြန်မာနိုင်ငံအနှံ့ဆီ သာယာဝတီထောင် ကိုလိုနီအုတ်ရိုးတွေကို ထွင်း ဖောက်ပြီး ယုံကြည်မှုအရောင်တလွင့်လွင့် တောက်ပထွက်ပေါ်သွားတော့သည်။

အဲဒီယုံကြည်မှုအရောင်တွေသည် ၁၉၃၅-၃၆ ခုနှစ်က ကိုအောင်ဆန်းတို့မျိုးဆက်ရဲ့ ရင်ဘတ်တွေထဲဆီ စူးရှမြုပ်ဝင်ပဲ့တင်နေကြသည်။

ကိုလိုနီဘဝကြီးကို တို့ငြင်းဆိုခဲ့ကြတယ်။ ကျွန်ခေတ်သမိုင်းရဲ့ အမှောင်အင်အားစုတွေကို တို့ ရွံ့မုန်းခဲ့ကြတယ်။

"*. . . သက်သေသာကေတို့သည် နွေဦးပေါက်လှုပ်ရှားသော သစ်ရွက်များကဲ့သို့ ငါတို့၏ ရင်ပြင်းဝယ် ဆတက်ထမ်းပိုးတိုးကာ တဖျပ်ဖျပ် တလူလူ လွင့်ခတ်၍နေပါအံ့။*

*ဤနေရာဝယ်အနှစ်တစ်ထောင်ကာလပတ်လုံး ရှပ်တိုက်၍နေသော ခြေရာအပေါင်းတို့သည် ။ သင်တို့၏ သွေးကွက်များကို ချေဖျက်နိုင်မည်မဟုတ်။*



www.burmeseclassic.com

www.burmeseclassic.com



*ဤ တိတ်ဆိတ်ခြင်းကို ရေတွက်ခြင်းငှာ မစွမ်းနိုင်သော အသံဗလံများသည် ရေပွက်ပမာ ထပွက်သော်ငြားလည်း သင်တို့၏ မြတ်သော သေခြင်းကို ထောမနာပြုသော ခေါင်းလောင်းသံသာ သည်ကား ပဲ့တင်ထပ်၍နေမည်သာတည်း"။*

**ချီလီကဗျာဆရာကြီး ပါဘလိုနီရူဒါ (ဒဂုန်တာရာ မြန်မာပြန်)**
**[တာရာမဂ္ဂဇင်း၊ ၁၉၄၆ ခုနှစ်]**

× × ×

ကိုအောင်ဆန်းသည် တွေးနေသည်။ သူ့အဘိုး ဗိုလ်မင်းရောင်သည်လည်း အရေးတော်ပုံတွင် ခေါင်းဖြတ်ခံခဲ့ရသည်။ ဆရာစံ၏ လယ်သမား သူပုန်ရဲဘော်ကြီးများသည်လည်း ဦးခေါင်းတွေ ဖြတ်ခံခဲ့ရသည်။ (၁၉၃၅-၃၆) နှစ်ကာလက သူ၏ခေတ်ပြိုင်များသည် ကိုအောင်ဆန်းကို မှုန်ဆိုင်းသော လူငယ်တစ်ယောက်အဖြစ် စတင်တွေ့ရှိကြရသည်။ စာသင်ခန်းထဲမှာလည်း တွေးသည်။ အင်းလျားကန်ကြီးဘေး လမ်းလျှောက်ရင်းမှာလည်း တွေးသည်။ ပဲခူးဆောင် အပေါ်ထပ်မှ ဆံပင် စုတ်ဖွားနှင့် လေ့ကားထစ်များကို နင်း၍ နင်း၍ဆင်းလာနေရင်းမှာပင် တွေးမိနေသေးသည်။ "သူက လည်းအစဉ်လိုလို နိုင်ငံ့အရေးကိုသာ တွေးနေဟန်တူ၏"။ "တက္ကသိုလ်တွင်ရှိစဉ်က ကိုအောင်ဆန်း သည် ပြုံးသောမျက်နှာကိုထားခဲ၏"တဲ့၊ ကဗျာအနုပညာရှင် ဒဂုန်တာရာက သူတွေ့ရှိသော ကိုအောင်ဆန်းကို ရုပ်ပုံလွှာတွင် ဖွဲ့နွဲ့သည်။ သူ၏ခေတ်ပြိုင်များကမူ ထိုပုံရိပ်တွေကို နှောင်းသော အခါ လွမ်းမောဖွယ်တွေအဖြစ် ပြန်လည်အောက်မေ့ သတိရခဲ့ကြရသည်။

၁၉၃၆ ခုနှစ်က တိုင်းပြည်သည် "အောင်ဆန်း"ဆိုသောအမည်ကို ထိုခေတ်သတင်းစာများ တွင် စတင်တွေ့ရှိ လိုက်ကြရချိန်မှာ ထိုလုလင်၏ရင်အုပ်ထဲတွင် သူတို့ခေတ်တစ်ခုလုံး၏အလွမ်းများ အပြည့်အနင့်သယ်ဆောင်ထားသည်ကို လူတို့က အပြည့်အဝမသိနိုင်ကြသေး။ အချိန်က တိုလှသေး ၏။ သူ့မှာတော့ ၁၉၃၆ ခုနှစ်မတိုင်မီ သူ့နာမည်တိုင်းပြည်နှင့် စတင်မိတ်ဆက်ခြင်းမပြုရသေးမီကမှ ပင် ရင်ထဲ၌ တိုင်းပြည်မနိုးခင် "ချစ်လှစွာသော ကျွန်ဘဝ အမိမြန်မာပြည်ရဲ့ နောက်တစ်မနက် မနက်ခင်းဂုဏ်တောက်စွာ လင်းခဲ့ဖို့ အရုဏ်ဦးကို နှလုံးသွေးနဲ့ သယ်ဆောင်နေခဲ့ရပြီ"လေ။ သူ့ခေတ် တွင် မြန်မာပြည်၌ ဆယ်စုတစ်ခု၊ နှစ်ခုမက အချိန်မှစ၍ ကိုလိုနီခေတ်ကိုယ်ကျိုးရှာ ဝါရင့် နိုင်ငံရေး သမားဟောင်းကြီးများကရှိနေခဲ့ပြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ကဗျာထဲကအတိုင်း "ငါးဆော် အသပြာစား မာန်ရယ်နဲ့ မာန်ဖီဖီပွား၊ မယားတောင်ညာခံနှင့် စံသည်တကား" အမည်ထိုက်သော ပုဂ္ဂိုလ်တွေလည်း မြန်မာနိုင်ငံရေး ပွဲဦးပွဲကူးထဲမှာ အုတ်အရောရော ကျောက်အရောရော ပါဝင် ၁၉၃၆ ခုနှစ်တွင်ပေါ်လာသော ကိုအောင်ဆန်းတို့လို အသက် ၂၁ နှစ်အရွယ် လူငယ်များ၏ အမျိုးအစားသစ် အမျိုးသားရေးနိုင်ငံရေး လွတ်လပ်ရေးရည်မှန်းချက်ကို စိမ်းရိုင်းလတ်ဆတ်မှု ထိတ်ခနဲ တွေ့ကြရသည်။ မည်သို့ အကဲဖြတ်မလဲ။ သမိုင်းခေတ်ကလာနေပြီ။ ၁၉၃၆၊ အသက် ၂၁ နှစ်။ သူ ပြောပြောနေသော လုံးဝလွတ်လပ်ရေး။ မင်းငယ်ပါသေးတယ်။ ဗြိတိသျှအလိုတော် ခေတ်အဆက်ဆက် သော့ကိုင်ထားလိုသူ မင်းတိုင်ပင် နိုင်ငံရေးသမားဟောင်းကြီးတွေရဲ့ မျက်ခုံး ကြိုတ်ပြုံး၊ မလိုတမာအပြုံးတွေနဲ့ နဖူးတွန့်မျက်စချီအကြည့်တွေကလည်း အဲဒီခေတ်ထဲမှာ အပြည့်။

သို့သော် ထိုလုလင်များက အမှန်တရားကို ရှာပုံတော်ဖွင့်နေကြပြီ။





တစ်လက်မမှ နောက်ပြန်ဆုတ်ပေးလို့ မရတော့။

ခေါင်းမှာ ဆံပင် ပွရောင်းရောင်း။ မျက်နှာက မှုန်ကုပ်ကုပ်။ သပ်ရပ်ချောမွေ့မှုမရှိ။ ကိုလိုနီ ယန္တရားအကြိုက် အိုင်စီအက်စ်အရာရှိကြီးတွေရဲ့ ရွှေတော်ပြေးပုံရိပ်ဖြစ်ရမည့် ပညာတတ်တက္ကသိုလ် ကျောင်းသားအသွင်အပြင်တွေကို သူ့ထံမှာ တွေ့မြင်ရန် ခက်ခဲလှသည်။ ၁၉၃၆ က ရွှေတောင်ပိုး ယုံချည်နှင့် ပြည်တွင်းဖြစ် ဖျင်ကြမ်းဝတ်ဆင်ပြီး စင်မြင့်ပေါ်၌ စကားပြောသော သူ့ကို ဂျူဗလီ ဟောလ်တွင် ထိုခေတ်လူငယ်အများက တွေ့မြင်ဖူးကြသည်။ သူ့မှာ လူလတ်တန်းစား ပညာတတ် စရိုက်ဟန်တွေ မတွေ့ရ။ သူ့ကိုယ်သူ အတင်းယဉ်ကျေးအောင် သူက ဟန်ဆောင်မလုပ်။ ဒါကဖြင့် နာမည်ကျော် ပညာတတ်လူငယ် အိုးဝေမဂ္ဂဇင်းအယ်ဒီတာပါပဲလေ။ သာမန်လူထဲက လူ . . လမ်း ပေါ်မှာ နေရာတကာ တွေ့မြင်နိုင်တဲ့ ပုံသွင်ပါပဲလေ။ ဒါပေမဲ့ အဲ့ဒီ ရာဇဝင်ခေတ်ကြီးရဲ့ သွေးခုန်သံ များအားလုံးကို သူဝတ်ဆင်၊ သူ့ခေတ်မျိုးဆက်များရဲ့ ပေါင်းရုံးထားတဲ့ စိတ်ဓာတ်စွမ်းအင်များနဲ့ မျက်နှာက ပိုင်းဖြတ်မှုအပြည့်။

လွတ်လပ်ရေးအတွေးတွေ ထမ်းလို့ သူ လျှောက်လှမ်းသွားတဲ့ ခြေရာများ
နောက်ရာစုထိ နစ်ကျွံသွားခဲ့တာပါပဲ။
ဒီခြေရာတွေကို ဘယ်အုပ်စိုးသူ ကိုလိုနီမျိုးဆက်ကမှ မဖျက်နိုင်။
သူ့ခေတ်ပြိုင်ရဲ့ အကောင်းဆုံးတေးသံတွေကို သူ့နှလုံးအိမ်ရဲ့နံရံမှာ ကမ္ဗာတည်ထွင်းထုထား တယ်။
သူ့ကိုယ်ပေါ် သူ့ခေတ်ရဲ့အောက်မေ့ဖွယ်တွေက တဖွဲဖွဲဆွတ်ပျံ့ စိမ်းပျံ့ စီးကျလို့ပ . . .။
စိတ်မရှည်နိုင်
လွတ်လပ်ရေးကို ဒီလုလင်က သူတစ်ယောက်တည်း ထမ်းသယ်တော့မယ့်အတိုင်း။
ကိုယ်ရေးကိုယ်တာ နာကျင်မှုတွေကိုမှ သတိမရနိုင်
သူ့ရင်အုပ်ရဲ့ အတွင်းဘက်အမှောင်ထဲမှာ အသက်ရှင်စွမ်းနေတဲ့အရာ
အခြားသူတွေရဲ့ ရင်အုပ်ထဲမှာ
ပြာဖုံးမီးခဲတွေ . . မီးလျှံအလင်းထွန်းညှိဖို့
သူလိုက်လို့သာရှာခဲ့။
လေကောင်းလေသန့်တွေ မြန်မာပြည်အနှံ့
ရင်အုပ်တွေထဲဆီ သူအရောက်ပို့ဖို့
ဒုက္ခတရားကိုသာ ဘဝနဲ့စစ်ခံယူပြီး
ရွှေလို ပြန်သန့်စင်ခဲ့လေပေါ့။
ဒါဟာ ကိုအောင်ဆန်းပေါ့။

၁၉၃၆ ခုနှစ် ကိုယ်တိုင်ပင်လျှင် အဲဒီ (၂၁) နှစ်အရွယ် လုလင်ရဲ့ သမိုင်းဆန်တဲ့ သွေးခုန်သံ မလျှော့ဆိက လှုပခမ်းနားမှုတွေ ပြန်ရခဲ့ပေါ့။ Hell Hound at large (ငရဲခွေးကြီးလွတ်နေပြီ)။ နှစ်ဦး ကာလ အိုးဝေမဂ္ဂဇင်းရဲ့ ငရဲခွေးဆောင်းပါးက ကိုလိုနီစိုးမိုးသူ အင်္ဂလိပ်အာဏာပိုင်တွေဆီ ခလေးပြောင်း ကလေးခတ်ပုံက သူတို့တုန်လှုပ်စရာ။ မဂ္ဂဇင်းစာတည်းမည်သူလဲ။ ကိုအောင်ဆန်းပေါ့။ ဝီမအောင်ပါး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူရေးသလဲ။ မင်း . . ပြောပါ။ သူ့အဖို့ အကျပ်အတည်းများကို ကျောခိုင်း နောက်လှည့်
ရှောင်လွှဲသွားရန် နဂိုကတည်းကပင် သူ မကြိုးစားခဲ့။ အဲဒီအညာသား မြန်မာလူငယ်က ငယ်
ကတည်းကပင် ဒါမျိုးမကြိုးစားခဲ့။ နောင်သောအခါ အကြိမ်ကြိမ်ပြန်လည်တသဖို့ ဖြစ်လာခဲ့
ပါပဲ။ အားလုံးအကြိုက် ရိုးရိုးစင်းစင်းပါပဲလေ။ ၁၉၃၆ ခုနှစ်က သူ့အဖြေ။

"မပြောနိုင်ဘူး"

ကိုလိုနီခေတ်ရဲ့ တက္ကသိုလ်မျက်နှာဖြူအာဏာပိုင်တွေက ကိုအောင်ဆန်းကို တက္ကသိုလ်မှ
ထုတ်ပယ်ကြောင်း ကြေညာ။ ၁၉၂၀ ပထမကျောင်းသားသပိတ်မှ ၁၆ နှစ်အကြာ ကိုလိုနီဆန့်ကျင်
ရေးဒုတိယကျောင်းသား သပိတ်ကြီးမွေးဖွားလာပုံအစရဲ့ မဟာသွေးစီးသံသည် သူ၏ရင်ဘတ်တွင်
ပထမ, စပေါက်ကွဲခဲ့တာပါပဲ . . ။

ပဲခူးဆောင်အလယ်ထပ် သူ့အခန်းမှနေ၍ သူသည် အောက်ထပ်သို့ အတွေးဖြင့် ဆင်း
တတ်၏။ (၁၉၃၇-၃၈) ခုနှစ်က သူ၏ကျောင်းနေဖက်များသည် သူ၏ သပ်ရပ်မှုမရှိ၊ သို့သော်
စာအုပ်များ ပြည့်နှက်ရှုပ်ပွနေသော သူ့ အခန်းကို ပဲခူးဆောင်တွင် တွေ့ဖူးကြသည်မှာ ပြန်တွေး
ရာဇဝင်ကျော် သူရဲကောင်းလုလင်ရဲ့ လွမ်းမောဖွယ်ရာ ကားချပ်တစ်ခုပါ။ ကံ့ကော်တွေက
ဆွတ်ပျံ့စိမ်းပြာ အင်းလျားရွှေကန်တော်။ မြူမှုန်တွေက ပြာရီရီ။ သက်ငြိမ်ရှု မျှော်ခင်းအလှ
၁၉၃၈ ခုနှစ် နှစ်လယ်မှာတော့ အိပ်ရာလိပ်ထမ်းပြီး မြန်မာ့သမိုင်းမှန်တိုင်းထဲဆီ ဇာတ်ဝင်ခန်း
လို ရေကျော်ရှိ တို့ဗမာအစည်းအရုံးသို့ သူထွက်ခွာလာခဲ့လေသည်။ မိုးစက်တွေကကျလို့ မဖြိုးရ
သော ဆံပင်။ အကျီလျှော့ရဲ ကြေမွကိုလည်း မပြင်ဆင်ရသေး။ မြန်မာပြည်ရဲ့ ကိုလိုနီမြေအရိုင်း
ရင်ဘတ်နဲ့ ထွန်ယက်ဖို့ ဆင်းလာတဲ့ အတိုင်းပါပဲလေ။

အဲဒီခေတ် ဗြိတိသျှကိုလိုနီဥပဒေပြု လွှတ်တော်ထဲမှာတော့ ရာထူးရာခံနှင့် မြန်မာ
ကျွန်ခေတ်မှာ လူရာဝင်ရေး ကိုယ်ကျိုးရှာကုလားထိုင်လုပွဲမှာ စီးကရက်မီးခိုးငွေ့များ၊ ယမကာ
များဖြင့် ယစ်ဝေကောင်းဆဲပင်ရှိနေသည်။

**နောင် . . ဥဒါန်းဘယ်မကြေစရာ၊ ရာဇဝင်တင်ထား မျိုးရိုးနွယ်လာ၊ ကမ္ဘာတစ်ခွင်မှာ**
**ဗမာအထင်အရှား၊ တို့ခေတ်တွင်မှ ညှုံးကြတော့မှာလား . . .**

**. . . . . . . . . . . . . . . . . . . . . . . . . .**

**အမျိုးသားရေးကြိုးပမ်းကြပါ၊ အရှေ့ နေဝန်းထွက်သည့်ပမာ၊ ဒိုခေတ်ကိုရောက်ရမည်မှာ**
**မလွဲပါ၊**

**တို့ဗမာဟေ့ . . . တို့ဗမာ . . . ဗမာပြည်တစ်ဝှမ်းအကုန် တို့အိမ်မှတ်ပါ . . . တို့**
**မှတ်ပါ . . .**

**အဲဒါ ဒို့ဗမာ . . .**

သမိုင်းခေတ်များရဲ့ အကွေ့အချိုးတွေက မာယာများတဲ့မြစ်တွေလို မြစ်ကျဉ်းတွေ၊
ကွေ့တွေ၊ မှုတ်ဝဲ၊ စုပ်ဝဲတွေ၊ ကျောက်ဆောင်တွေ၊ သောင်တွေ၊ အမိုက်တွေ၊ ဒိုက်တွေကလည်း
ပါပေ့။ သို့သော် ထူးဆန်းသည်မှာ မြစ်တွေက မြစ်ဝှမ်းမှာနေကြသည့် လူထုရဲ့ဘဝတွေနဲ့ ပေါင်း
ထွေပြားကာ အတိုင်းအဆမဲ့ ပိုလို့နက်ရှိုင်းသွားတတ်ကြသေးသည်။ သမိုင်းခေတ်နဲ့ သူ့လူထု





ကိုအောင်ဆန်းက မြစ်ကို ဖြတ်ကူးသွားသူမဟုတ်။ မြစ်ကို အလျားလိုက်စုန်သွားသူ။ သူ့တမ်းချင်း
တွေကို အဲဒီရာဇဝင်မြစ်ရိုးကြီးအတိုင်း သီဆိုသွားသည်။ မြန်မာပြည်သူတွေက နေ့နေ့ညည ကြားနေ
ကြရပြီး စိတ်ထိခိုက်ကာ တမ်းချင်းရှင်ကို ရှာဖွေကြသည်။ သို့သော် ရှာစရာ မလိုပါ။ တမ်းချင်းရှင်က
သူတို့ရင်အုပ်တွေထဲဆီအထိ သူ့တမ်းချင်းတွေကို ဇက်ဇက်ထိလာဆိုလေသည်။

သူ့နာမည်ရှေ့မှာ
မြန်မာပြည်ရာဇဝင်ခေတ်ရဲ့ ဂုဏ်ရှိန်မြင့်သည့် "သခင်"ဘွဲ့ကို
တော်လှန်ရေးအနုပညာရဲ့ သင်္ကေတလို တပ်ဆင်လို့ . . .
မြင့်မြတ်မှုနဲ့ရိုးဖြောင့်မှု
သူ့ကိုယ်ပေါ် အရောင်တလွင့်လွင့် . . . ။
အခက်အခဲအကျပ်အတည်းဆိုတာတဲ့လား
လွတ်လပ်ရေးကြိုးပမ်းမှုဖြစ်စဉ်မှာ မလွှဲမရှောင်သာ
တွေ့ရမယ့်
ဖြစ်ရိုးဖြစ်စဉ် သမားရိုးကျကိစ္စတစ်ရပ်သာ
သူ ယုံကြည်လေရဲ့။
နယ်ချဲ့သံဖနောင့်အင်ပါယာကြီး
အင်အားကြီးမားတယ်ထင်ရပေမယ့်
ဟောင်းနွမ်းဆုတ်ဆိုင်းနေတဲ့ ကိုလိုနီတရား။
လွတ်လပ်ရေးကြိုးပမ်းခြင်း အင်အားကတော့
နုပျိုပွင့်လန်းတိုးထွက်စ။ သေးငယ်တယ်ထင်ရပေမယ့် သေးငယ်ရာက ရှင်သန်ဖွံ့ထွား
လောကဖြစ်စဉ်တရား။
ဒါ ဒို့မြေ . . ဒို့ရေ . . ဒို့ကိုယ်တိုင် အရှင်သခင်။
ကိုယ်ကျိုးရှာ ကိုလိုနီကျွန်ပြုသူတွေရဲ့ သံကြိုးကွင်းတွေ
တုန်ခါနေ။
တဆတ်ဆတ်တုန်ခါ . . .
မြန်မာတစ်မျိုးသားလုံး သခင်မျိုးဟေ့လို့
လက်ရုံးဆန့်တန်းကျူးရင့်စေဖို့
အသည်းနှလုံးကို မြေပေါ်ထွန်းညှိစိုက်ချ
အဲဒီ ရွှေသရဖူအလင်းတိုင်ဘေး ညထဲ မတ်မတ်ရပ်
"လွတ်လပ်ရေး"သူ ကျူးရင့်ပုံ . . .
သူ့ဘေးမှာ မဟာရောဝတီက တလက်လက်စီးလိုက်လို့ . . .
ဒီလုလင်ရဲ့ရင်ဘတ်နဲ့
ကျွန်ဘဝထဲ မသေဆုံးတဲ့ မြန်မာပြည်
လွတ်လပ်ရေးအိပ်မက်တို့

www.burmeseclassic.com



ရာဇဝင်မြောက် သွေးခုန်ပွင့်ဖူးခဲ့ချေသမို့
စိတ်ချလိုက်။

အခက်အခဲများရှေ့တွင် ကျောခိုင်းပြီး နောက်ပြန်လှည့်မည့် လူမျိုးလည်းမဟုတ်ပေ။

I hope for the best but I am prepared for the worst.

အကောင်းဆုံးဖြစ်လိမ့်မယ်လို့ ကျွန်တော်မျှော်လင့်တယ်။ ဒါပေမဲ့ အဆိုးဆုံးကိုရင်ဆိုင်ဖို့လည်း အသင့်ပဲ။

|နယူးဒေလီလေဆိပ်၊ ၁၉၄၇ ခုနှစ်|

၁၉၄၇ ခုနှစ် သူကွယ်လွန်ခါနီးနေရပေပြီ။ ခုနစ်လသာကျန်တော့သည်။ ထိုနှစ် ဇန်နဝါရီလသည် ခိုက်ခိုက်တုန်ချမ်းစိမ့်နေပေသည်။ သူသည် ကမ္ဘာ့အနောက်ခြမ်း (အင်္ဂလန်)သို့ ခရီးစတင်ထွက်လာခဲ့သည်။ အသက် (၃၂) နှစ်သာရှိသေးသော ဦးအောင်ဆန်းသည် တိုင်းပြည်ကို တစ်နှစ်အတွင်း လုံးဝလွတ်လပ်ရေးရစေမယ်ဟုကတိပေးထားသည်။ အသက် (၃၂) နှစ်အရွယ် လူငယ်တစ်ဦး၏ ကတိကို (ထိုခေတ်) သူ၏တိုင်းပြည်ကလည်း မြတ်နိုးမှုတွေအပြည့်နှင့် ယုံကြည်စွဲလမ်းနေကြသည်၊ အသက်နှင့် မတိုင်းတာ။ သူ၏ဖြတ်သန်းမှု၊ သူ၏စိတ်ဓာတ်၊ ရိုးသားမှု၊ သူ၏စွန့်လွှတ်မှု၊ သူ၏သတ္တိ၊ သူ၏သမာဓိ၊ သူ၏ပြည်သူကို ချစ်မြတ်နိုးမှု၊ သူ၏ကိုလိုနီဆန့်ကျင်မှု၊ သူ၏ပြင်းပြစွဲမြဲသော လွတ်လပ်ရေးအသက်ဓာတ်။ အမေအိုများက သူတို့သားငယ်လေးဟု ထင်သည်၊ သူ့ခေတ်ပြိုင်မျိုးဆက်များက သူတို့ရဲ့သေတူရှင်မကွာ သွေးသောက်ရဲဘော်ဟု တဟုန်းဟုန်းကြွနေသော နိုင်ငံချစ်စိတ်နှင့်ယှဉ်သည့် ကြည်နူးပီတိများ တလှိုက်လှိုက်ဖြစ်ကြရသည်။ လူထုက သူတို့ခေါင်းဆောင်ဟု၊ ရာဇဝင်က မွေးဖွားပေးတာဟု နားလည်နေကြပြီ။ လူထုကြီးက သူတို့ရင်ထဲမှာ ကမ္ပည်းထိုးပြီး ခံစားပြီး ဖြစ်သွားကြရပြီ။ ခိုင်မာသွားပြီ။ "လွတ်လပ်ရေးဗိသုကာ"ဆိုသော စကားလုံးသည် သမိုင်းခေတ်တွင် နောက်မှပေါ်လာသည်။ သူ့ကို အကဲဖြတ်လို့ရသွားပြီ။ "နိုင်ငံရေးသုခမိန်"ဆိုသော တန်ဖိုးကို သူကျဆုံး ကွယ်လွန်ပြီး ၁၉၅၀ ပြည့်နှစ်များတွင်မှ ပညာရှင်များက ကမ္ပည်းတင်ကြသည်၊ ကနဦးအစတွင် ပြည်သူတို့ကသာ သူတို့ရင်ထဲမှာ တလှိုက်လှိုက် အလျှင်စောစွာ စတင်တွေ့ရှိခံစား ကမ္ပည်းတင်ခဲ့ရခြင်း။

၁၉၄၇ ခုနှစ်မှပြန်ငဲ့စောင်းကြည့်မိသောအခါ သူသည် သူ (၂၁) နှစ်အရွယ် ၁၉၃၆ ခုနှစ်က အဖြစ်များကို ပကတိပြန်တွေးလွမ်းဆွတ်ရသည်။ အိုးဝေမဂ္ဂဇင်းအယ်ဒီတာ။ ၁၉၃၈ ခုနှစ်က တက္ကသိုလ်ကျောင်းတိုက် ပဲခူးဆောင်မှ သူအိပ်ရာလိပ်နဲ့ထွက်လာပြီး တို့ဗမာအစည်းအရုံးသို့ ရှေ့ထွက်ခွာခဲ့ပုံကို ပြန်ခံစားရသည်။ သူ ကိုလိုနီခေတ်ကြီးထဲမှာ ထန်ပြင်းရိုင်းစိုင်းမာကျောနေသလား။ ပင်လယ်ဝါမှာ ခုတ်မောင်းသွားတဲ့ ဟိုင်လီသင်္ဘောကြီးပေါ်မှာရုပ်ဖျက်ပုန်းအောင်းပြီးချစ်လှတဲ့ တိုင်းပြည်နဲ့ဝေးရာဆီ လျှို့ဝှက်ထွက်ခွာသွားခဲ့ရတာတွေကကော။ ထိုသို့ထွက်ခွာခဲ့ရပုံကို "အရှေ့သို့ ကျွန်ုပ်ထွက်ခွာလာခဲ့ရသည်မှာ အမှောင်တိုက်တွင်းသို့ သက်ဆင်းလာခဲ့ရသည်နှင့်တူ၏" ဟု နောင်အခါ ပြန်ရေးခဲ့၏။ လူက မှုန်ဆန်ထန်ပြင်းနေမိရပေမယ့် တိုင်းပြည်ပေါ် ချစ်စိတ်ကိုတော့ ရင်ထဲမှာ နူးရှုညံ့ညံ့ယုယစွာထိန်းလို့။ သူ့သစ္စာကို အသက်နဲ့ရင်းပြီး စောင့်ခဲ့တယ်။ သူ့မေတ္တာတရားရဲ့ ချိုမြတဲ့ သင်္ကေတကိုဖော်ပြဖို့တော့ ထွေထွေရာရာ သူ့ဘဝတစ်ခုလုံးကိုပဲ အဆုံးတိုင်ပုံပေးထားခဲ့လေရဲ့ . . . ၊





အလှည့်အပြောင်းတွေကများလှရဲ့။ ထိုအတွင်း သူ့သူငယ်ချင်း ကိုအောင်ကျော် (ဗိုလ်အောင်ကျော်)လည်း ဆုံးခဲ့ပြီ။ အဲဒီတုန်းက ၁၉၃၈ ခုနှစ် အမှောင်တိုက်ထဲမှာ။ ကိုအောင်ကျော်လည်း ငယ်ရွယ်လွန်းလှပါသေးသည်။ ၂၃ နှစ်။ သူ့ချစ်မိတ်ဆွေ ကိုဗဟိန်း (သခင်ဗဟိန်း)လည်း ၁၉၄၆ ခုနှစ်က မန္တလေးတွင် ကွယ်လွန်ခဲ့ပြီ။ သူသည် လဲလျောင်းငြိမ်သက်နေသော သခင်ဗဟိန်း၏ ရုပ်ကလာပ်ဘေးတွင် စိမ်းစိမ်းမြမြအောက်မေ့စွာ မိနစ်များစွာ ရပ်တန့်ငေးငိုင် သက်ငြိမ်ရပ်တု သဖွယ်နေခဲ့မိသည်။ သူတို့မျိုးဆက်တွေက ကြွေပွင့်တွေလား။ သူ့စိတ်ထဲမှာတော့ သူ့ရဲဘော်များသည် ကြွေလွင့်ကာမှပင် ပိုလို့မွေးမြလာပြန်ရဲ့။ အချိန်တွေက ကြာသလား။ တိုတောင်းသလား။ ထိုအတွင်း ဂျပန်ဖက်ဆစ်တော်လှန်ရေးကြီးကိုပင် ခေါင်းဆောင်အဖြစ်နှင့် ဖြတ်သန်းခဲ့ရပြီးပြီ။ တမြမြ အောက်မေ့ဖွယ်တွေက များလှပါဘိသည်။ သူစာရေးချင်သည်။ လွတ်လပ်ရေးရပြီးလျှင် စာရေးဆရာအဖြစ်နှင့်ပင် သူနေတော့မည်ဟု မိတ်ဆွေများကို အကြိမ်များစွာပြောမိလေသည်။

အချိန်တွေက သိပ်မရှိတော့ဟု သူထင်နေသည်။ အဆက်မပြတ် သူလှုပ်ရှားခဲ့သည်။ သမိုင်းမြစ်နဒီကို အလျားလိုက် စုန်ဆန်တုန်း။

ရပ်ကြည့်နေသူတွေ၊ မဲ့သူတွေ၊ ၁၉၃၆ ခုနှစ်ကလို မလောက်လေးမလောက်စား သူငယ်လေးလို့ မြင်နေကြဆဲ ဝါရင့် အလိုတော်ရိကြီးတွေကတော့ အထင်သေး၊ အမြင်သေး မာတာစိတ်ဓာတ်အညံ့စားတွေနဲ့ ဆန္ဒစွဲရှုမြင်ကြတုန်း။

အခွင့်သာတာနဲ့ သမိုင်းဘီးကို နောက်ပြန်လှည့်ရန်။

သို့သော် ၁၉၃၆ ခုနှစ်၊ ၁၉၃၇ ခုနှစ်မဟုတ်တော့။ ၁၉၄၇ ခုနှစ်ရောက်နေပြီ။ ၁၀ နှစ်အတွင်း လူထုက လုလင်ကို သူတို့ရဲ့သူရဲကောင်းအဖြစ် ရာဇဝင်မြောက်မွေးဖွားသန့်စင်မှုကို ဘယ်တော့မှ မမေ့နိုင်ဘဲ ပွေ့ပိုက်ခဲ့ကြရပြီ။

အို . . သူတို့ မယုံနိုင်ကြသေးဘူးလား။

ကိုအောင်ဆန်း၊ သခင်အောင်ဆန်း၊ ဗိုလ်ချုပ်အောင်ဆန်း (သို့မဟုတ်) ကိုလိုနီခေတ်ကတည်းက မြန်မာ့နိုင်ငံရေးဂန္ထဝင်ရဲ့ ပုံရိပ်သစ်။

× × ×

၁၉၄၇ ခုနှစ် ဇန်နဝါရီလ။

နယူးဒေလီမြို့ "ဝယ်လင်တန်" လေဆိပ်တွင် ဦးအောင်ဆန်းသည် လောင်းကွတ်ရှည်ကြီးကို ဝတ်ထားရသည်။ ဆောင်းလေတွေက အရိုးကွဲအောင် တစိမ့်စိမ့်တိုက်ခတ်နေသည်။ နှင်းတွေက တဖွေးဖွေးကျနေသည်။ သူသည် အင်္ဂလန်သို့ မြန်မာ့လွတ်လပ်ရေးအတွက် ခရီးထွက်ခဲ့ခြင်း။ လုံးဝလွတ်လပ်ရေး . . ။ တိုင်းပြည်ကိုလည်း သူကတိပေးခဲ့ပြီ။

အာရှတိုက်ကြီးကို ဝက်ဝံလက်သည်းဆောင်းရာသီက စူးစူးနစ်နစ် ကုတ်ခြစ်နေသည်။ မြောက်ပြန်လေသည် ကတုန်ကယင်။

ကင်မရာမီးတွေက တဖျပ်ဖျပ်ပွင့်နေသည်။ လေဆိပ်တွင် သတင်းစာဆရာများ၊ သတင်းထောက်များက မေးခွန်းတွေ အများအပြားမေးကြသည်။ ဦးအောင်ဆန်းကမူ ၁၉၄၇ ခုနှစ်အတွက် ဖြေဆိုရန် စိတ်ထဲမှာ တွေတွေဝေဝေ စဉ်းစားရန်မရှိ။ ရှင်းလင်းပြီးသားဖြစ်သည်။ တရားသူထောင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သူသည် အနှစ်တစ်ရာကျော် ကျွန်ပြုအုပ်စိုးမှုကို အဆုံးသတ်ရန် ရာဇဝင် အလှည့်အပြောင်းများကို ထိုင်စောင့်နေသူမဟုတ်ဘဲ ကိုယ်တိုင်ရှာဖွေခဲ့သူ၊ ပြုစုခဲ့သူ၊ ဖန်တီးခဲ့သူ။ တိုက်ပွဲဝင်တော်လှန်ရေးသမား။

အကောင်းဆုံးဖြစ်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်တယ်။ ဒါပေမဲ့ အဆိုးဆုံးကို ရင်ဆိုင်ဖို့လည်း အသင့်ပဲ။

အကျပ်အတည်းများဆီ သူသွားခဲ့တာလား။ အကျပ်အတည်းတွေက သူ့ဆီလာလေတာလား။

သူက သမိုင်းဖြစ်ပေါ်လှုပ်ရှားမှုဆီ မယိမ်းမယိုင်လာသည်။ သမိုင်းခေတ်က သူ့ကို စူးစူးမက်မက် ပြန်ရှာဖွေလေသည်။

သူသည် သမိုင်းခေတ်ကို သယ်ဆောင်သွားသူဖြစ်နေပြန်လေသည်။

သူ့အာရုံထဲမှာ တစ်ခုတည်းသာရှိသည်။ သူ လုလင်ကျောင်းသားဘဝကတည်းက ပွဲတင်တင်အောင် အကြိမ်ကြိမ် အော်ကြီး ဟစ်ကျယ်ပြောခဲ့ရသောစကား။ လွတ်လပ်ရေး။ လုံးဝလွတ်လပ်ရေး၊ ချစ်လှတဲ့ မြန်မာပြည်လွတ်လပ်ရေး။

သူ့ခေတ်မျိုးဆက်များရဲ့ ဘဝတွေအားလုံး ပေါင်းရုံးထွေးယှက်ပြီး သူ့ရင်အုပ်ထဲမှာ သိမ်းလိုက်တယ်။ လုံးဝလွတ်လပ်ရေး။ ဒါကဖြင့် မိုးသောက်ရင် သင်ပိုပြီးလှလာလိမ့်မယ်လို့ သူ့တိုင်းပြည်ကို သူလွမ်းဆွတ်ဖွယ် ယုံကြည်မျှော်လင့်ခဲ့ခြင်းပင် ဖြစ်ပေသည်။

[မှတ်ချက် ။ ။ ကွယ်လွန်သူ ပညာရှင်ဆရာတိုက်စိုး၏ သုတေသီစာသမားဘဝကို လေးစားအားကျ ပညာရှာ ဦးခိုက်သော အားဖြင့် ဤမြန်မာစကားပြေရသစာတမ်းကို ရေးဖွဲ့ပါကြောင်း။]

စာကိုး - ဦးဘခိုင်(ဖေဘီယန်) - * မြန်မာပြည်နိုင်ငံရေးရာဇဝင်
ဒဂုန်တာရာ - * ရုပ်ပုံလွှာ
ဒဂုန်တာရာ - * အယ်ဒီတာစားပွဲ၊ စာပေအနုပညာဝေဖန်ရေးနှင့် ပန်းနုရောင်ဖို
ဒဂုန်တာရာ - * ဒို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါ
မောင်ထင် - * ဗမာ့နိုင်ငံရေးသုခမိန်
ဗိုလ်မှူးဘသောင်း - * ဗမာ့တော်လှန်ရေးသမိုင်း
တက္ကသိုလ်နေဝင်း - * ပြည်ထောင်စုဗိသုကာ
တက္ကသိုလ်နေဝင်း - * အမှတ်တရ ဗိုလ်ချုပ်အောင်ဆန်း
သုတေသီမြင့်ထွန်း - * အမွှိုင်သို့ လျှို့ဝှက်ခရီး၊ * ဗိုလ်ချုပ်မိန့်ခွန်းများ

[စံပယ်ဖြူမဂ္ဂဇင်း၊ ဇူလိုင်၊ ၂၀၀၅]




တိုးမြစ်စာအုပ်တိုက်



ယနေ့ ... ပြည်သူတို့ အလိုအပ်ဆုံးကား ညီညွတ်ရေး၊ ငြိမ်းချမ်းရေးပင် ဖြစ်သည်။ ငြိမ်းချမ်းရေးရှိမှသာလျှင် ပြည်သူတို့၏စွမ်းအားကို အကုန်အသုံးပြုခွင့် ရှိသည်။
ထို့ကြောင့် ငြိမ်းချမ်းရေးသည် နိုင်ငံရေးယဉ်ကျေးမှု

# ဒဂုန်တာရာ
# နိုင်ငံရေးယဉ်ကျေးမှု